ပညာဘုံဗိတက္ကသိုလ်

၂၀၂၆ခုနှစ် ပထမ(၆)လပတ် သုတဓမ္မစာမေးပွဲ

FEEDBACK REPORT

27TH - 28TH JUNE 2026

မာတိကာ

၁။ Feedback ဖြေဆိုသူစာရင်းချုပ် 2

၂။ စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်းတိုးတက်လာသည့်အသိဉာဏ်များ၊ အချက်အလက်များ၊ ဆရာတော်ကြီးထံ လျှောက်ထားချက်များ 4

(၂.၁) (Level-1)စာဖြေသူများ၏ လျှောက်ထားချက်များ 4

(၂.၂) (Level-2)စာဖြေသူများ၏ လျှောက်ထားချက်များ 121

(၂.၃) (Level-3) စာဖြေသူများ၏ လျှောက်ထားချက်များ 188

(၂.၄) (BA Part-1) စာဖြေသူများ၏ လျှောက်ထားချက်များ 264

(၂.၅) (BA Part-2) စာဖြေသူများ၏ လျှောက်ထားချက်များ 327

(၂.၆) (BA Part-3) စာဖြေသူများ၏ လျှောက်ထားချက်များ 365

၃။ သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်း နှင့် B.A တန်းနှင့်ပတ်သက်၍ အတွေ့အကြုံ/ မှတ်ချက်/ အကြံပြုချက်များ 407

(၃.၁) (Level-1)စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ..... 407

(၃.၂)(Level-2)စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ..... 439

(၃.၃) (Level-3) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ..... 454

(၃.၄) (BA Part-1) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ..... 472

(၃.၅) (BA Part-2) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ..... 477

(၃.၆) (BA Part-3) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ..... 493

၄။ ဓာတ်ပုံကဏ္ဍ 521

၁။ Feedback ဖြေဆိုသူ စာရင်းချုပ်

ပညာဘူမိတက္ကသိုလ် သုတဓမ္မဒီပလိုမာ စာမေးပွဲများနှင့်စပ်လျဉ်း၍ စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့် အချက်အလက်များ၊ အသိဉာဏ်များ၊ ဆရာတော်ကြီးထံ လျှောက်ထားလိုသည်များနှင့် သုတဓမ္မ(B.A)(Part-1,2,3)နှင့် Level အလိုက် သုတဓမ္မဒီပလိုမာ စာမေးပွဲများနှင့်ပတ်သက်၍ ပိုမို ကောင်းမွန်သည်ထက် ကောင်းအောင် ဆောင်ရွက်နိုင်ရန် အလို့ငှာ ဖြေဆိုသူများ၊ ဖြေဆိုရန် ပြင်ဆင်နေသူများမှ အတွေ့အကြုံ/ မှတ်ချက်/ အကြံပြုချက်များအား တင်ပြအပ်ပါသည် ဘုရား။ စာမေးပွဲဖြေဆိုသူစာရင်းနှင့် Feedback ဖြေဆိုသူ စာရင်းချုပ်အား အောက်ပါအတိုင်း တင်ပြအပ်ပါတယ် ဘုရား။

Exam ဖြေဆိုသူ စုစုပေါင်း			Feedback ဖြေဆိုသူ စုစုပေါင်း	
BA (Part-1)	၅,၀၉၈	၁၀,၄၃၀	၃၀၃	၆၂၁
BA (Part-2)	၃,၈၈၂		၁၆၄	
BA (Part-3)	၃,၄၅၀		၁၅၄	
Level (1)	၁၃,၇၃၆	၂၅,၃၀၁	၁၃၉	၃၄၅
Level (2)	၆,၁၇၇		၉၄	
Level (3)	၅,၃၈၈		၁၁၂	
စုစုပေါင်း		**၃၅,၇၃၁**	**၉၆၆**	

ခြေတော်အစုံဦးခိုက်လျှက်

ရိုသေမှုဖြင့်

ရှိန်းသူအောင် (၁/ဓ/၂၀၂၆)

“ စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း
တိုးတက်လာသည့် အသိဉာဏ်များ၊
အချက်အလက်များ၊ ဆရာတော်ကြီးထံ
လျှောက်ထားချက်များ ”

၂။ စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်းတိုးတက်လာသည့်အသိဉာဏ်များ၊ အချက်အလက်များ၊ ဆရာတော်ကြီးထံ လျှောက်ထားချက်များ

(၂.၁) (Level-1)စာဖြေသူများ၏ လျှောက်ထားချက်များ

ကိုသက်နိုင် (Level-1)

ဘုရားဟောကြားခဲ့တဲ့ တရားတော်များကို ဥဿံထဲအထိရောက်အောင် ရှင်းလင်းဟောကြားတော်မူခဲ့တဲ့ ပါချုပ်ဆရာတော်ကြီးကျေးဇူးကြောင်း တရားတော်များ ပိုမို လေ့လာချင် စိတ်ဖြစ်လာပါတယ်ဘုရား။ ၅နှစ်အထက် ကလေးငယ်များအတွက်လည်း စာမေးပွဲတွေ လုပ်ပေးစေချင် ပါတယ်ဘုရား။

စုဇာခြည် (Level- 1)

ဗုဒ္ဓစာပေများသည်လောကီလောကုတ္တရာနှစ်ဖြာအတွက်အရေးပါမှုကိုသိရှိလာရပါသည်။

မထက်ထက်အောင် (Level-1)

တပည့်တော်ကတော့ ကိုယ့်စိတ်ကလေးကို ပြန်သတိထားတတ်မိသွားပါတယ် ဘုရား။ စာမေးပွဲဖြေခါနီးမှာ တပည့်တော် ဖိအားတွေများသလိုခံစားရပါတယ်ဘုရား စာကျက်ချင်တယ်။ အလုပ်တွေက လုပ်စရာရှိတော့ တပည့်တော် စိတ်တိုချင်လာပါတယ်ဘုရား။ ဒါပေမယ့်တပည့်တော် သတိကလေး ကပ်မိတယ်ဘုရား။ အားလုံးကို အေးအေးဆေးဆေး ဖြတ်ကျော်နိုင်ခဲ့ပါတယ်ဘုရား တပည့်တော် ကျေနပ်မိပါတယ်ဘုရား။

Hnin Wit Yee (Level-1)

တရားသဘောတွေကို အဓိပ္ပါယ်နှင့်တကွ တိတိကျကျ ရှင်းရှင်းလင်းလင်း နားလည်လာတယ်၊ ဝိပဿနာကျင့်တယ်ဆို တရားထိုင်ရုံတင်တစ်ခုတည်း မဟုတ်ဖူးဆိုတာကို ပိုပြီးနားလည်လာတယ်။ စိတ်ဖြူစင်အောင်လုပ်ဖို့၊ စိတ်ထားတက်ဖို့၊ စိတ်လေ့ကျင့်ခန်းလုပ်ဖို့ အဲ့ဒါမှ ပေါက်ပေါက်မြောက်မြောက် တရားအားထုတ်နိုင်မယ်ဆိုတာကို ပိုပြီးနားလည်လာပါတယ်။

ဝါဝါမွန် (Level-1)

စာမေးပွဲဖြေဆိုရန် အကြောင်းပြု၍ တရားတော်များအား သေချာနာယူ မှတ်သားမိခြင်း၊ စေ့စေ့စပ်စပ် လေ့လာမိခြင်းကြောင့် အကျိုးများခဲ့ပါသည် ဘုရား။

ဒေါ်ဝင်းဝင်းမြင့် (Level-1)

မသိရသေးသောဓမ္မအသိညဏ်များပိုသိပိုမြင်လာရပါသည်ဘုရား။ ဆရာတော် ဘုရားကြီးအား ဦးခိုက်ပူဇော်ပါသည်ဘုရား။

မနှင်းနှင်းဝေ (Level-1)

သုတဓမ္မစာမေးပွဲရှိတာသိတာတော့ ကြာပါပြီ ဒီနှစ်မှစပြီး ဖြေဖို့ဖောင်တင်ပြီး ဖြေဖြစ်တာပါရှင်။ စာမေးပွဲအတွက် ဆရာတော်ကြီးဟောကြားထားတဲ့ တရား(၅)ပုဒ်နာကြားရင်းကုသိုလ်စိတ်ကလေးတွေ အများကြီးရသလို စိတ်တွေလဲ အေးချမ်းခဲ့ရပါတယ်။ အရင်ကမသိခဲ့တဲ့ဘာသာရေးအကြောင်းအရာတွေ အများကြီးသိခဲ့ရပါတယ်။ ကိုယ့်ဆီမှာရှိနေတဲ့လောဘ ဒေါသ မောဟတရားတွေ အတတ်နိုင်ဆုံးလျော့ချခဲ့ပါတယ်။ စိတ်ကိုလဲ အတတ်

နိုင်ဆုံး ဖြူစင်အောင်ထားပြီး ကိုယ့်ဆီမှာရှိနေတဲ့ စိတ်အညစ်အကြေးတွေလဲ နည်း နိုင်သမျှ နည်းအောင် ဖယ်ရှားနေပါတယ်ရှင်။ အရင်က မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်တဲ့ အဆင့်ကနေ ခုတော့ တတ်နိုင်သမျှ မေတ္တာဘာဝနာပွားများတတ်လာပါတယ်။ အရင်က အဓိဋ္ဌာန်တွေဝင် ပုတီးတွေပဲ စိပ်နေခဲ့ပင်မယ့် ခုချိန်မှာ သမထ၊ ကမ္မဋ္ဌာန်းကြိုးစား အားထုတ်ရမယ်ဆိုတာ ပိုသိလာခဲ့ရပါတယ်။ ဆရာတော်ကြီးဟောကြားခဲ့တဲ့ တရားတော်တွေ ထဲကလို အခုဘဝကောင်းဖို့လုပ်ရင်း နောင်သံသရာ အတွက်ပါ ကောင်းမွန်ဖို့ ကြိုးစားနေပါတယ်ရှင်။

ဒေါ်ဝါဝါထွန်း (Level-1)

အမှန်တရားကို ရှာဖွေရာတွင် ကိုယ်တိုင်လက်တွေ့သိသောအသိဉာဏ်ကိုသာ အခြေခံရမည်။ ဗုဒ္ဓဝါဒသည် အမှန်တရားကို အခြေခံသော ဝါဒ realism ဖြစ်သည်။ ယခုဘဝ နောင်ဘဝ ကောင်းစားရေး တရာများ၊ ခိုင်မာသော မေတ္တာကို မည်သို့ထားရမည်၊ သမထနှင့် ဝိပဿနာကျင့်စဉ်များတွင် မဂ်ဉာဏ်၊ ဖိုဉာဏ်ရပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပုံ အသေးစိတ်များ စသည့် အသိဉာဏ်များ တိုးတက်ရရှိပါသည် ဘုရား။

ဒေါ်စံပယ်ဦး (Level-1)

စာမေးပွဲ အတွက် စာကြိုးစားကျက်မှတ်ရင်း ဘဝမသိခဲ့ရသေးတဲ့ ဘာသာရေးနှင့်အသိတွေ အများကြီး သိခဲ့ရပါတယ်ဘုရား တပည့်တော်တို့ ထင်ထားတာထက် အရမ်းနက်နဲပြီး တပည့်တော် ဘဝမှာ မဖြစ်မနေသိထားရမဲ့ အသိတွေဘသိလာရတယ် ခံစားရပါတယ် ဘုရား။ တပည့်တော်တို့ level (1)နှင့်တင် သိခဲ့ရတဲ့ အသိတွေကို စဉ်းစားပြီး ကျေနပ်ရတယ် ပီတိဖြစ်ရတယ်။ ပါဠိစာတွေ နည်းနည်း သိခွင့်ရတာလည်း အရမ်းကျေနပ်

ခဲ့ပါတယ် တပည့်တော်တို့က ဗုဒ္ဓဘာသာဖြစ်ပြီး ပါဠိစာတွေနှင့် အရမ်းဝေးနေခဲ့တာ ဆရာတော်ကြီး ရဲ့စာမေးပွဲကိုဝင်ဖြေခဲ့လို့ သိခွင့်ရခဲ့ပါတယ်။ အရမ်းကျေးဇူး ကြီးမားလှပါ တယ်ဘုရား။ တပည့်တော်တို့ ဆက်ကြိုးစားမယ် စဉ်းစားထားပါတယ်ဘုရား။ သာဓု သာဓု သာဓုပါဘုရား။ ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်ပါစေဘုရား။ သာသနာ အကျိုးဆောင်ရွက်နေရတာ ကျေးဇူးကြီးမားလှပါတယ်ဘုရား။

မအိန်ဦး (Level-1)

ဘုန်းဘုန်းဘုရားရဲ့ ကျေးဇူးကြောင့် တပည့်တော်မမှာတရားတော်တစ်ပုဒ်နာရင် အသိ တစ်ခု လာပါတယ်ဘုရား။ ကျေးဇူးတင်ပါတယ်ဘုရား။

မဇောဇောအေး (Level-1)

နေ့စဉ်နေထိုင်မူလေးကအစ ပြောင်းလဲလာပါတယ်ဘုရား တပည့်တော်က စိတ်ဆတ်တယ် ဘုရား ကိုယ်ကိုတခွန်းမကောင်းတာပြောရင်ပြန်ပြောတတ်ပါတယ်ဘုရား ။ အခုဆို မနက် ကစ သတိလေးနဲ့နေထိုင်တတ်လာတဲ့အပြင် စကားကိုလဲ ထိန်းပြောတတ်နေပါပြီးဘုရား ။ အကျိုးများစွာက ပြောမကုန်ပါ အရင်ထဲက မမ္မစာပေတွေကို အဓိပ္ပါယ်တွေကို နားလည် ချင်တာ ပရိတ်ဆိုလဲ ပရိတ် ပဋ္ဌာန်းဆိုလဲအဲလို လေးအဓိပ္ပါယ်သိချင်တာ အခု level1မှာ မေတ္တာသုတ်သိရပြီး အကျိုးတွေက ပြောမကုန်ပါဘုရား။ ကျေးဇူးတော်ကြီးလှ ပါတယ် ဘုရား။ အပြင်မှာ ကိုယ်တိုင်လဲဖူးခွင့်ရချင်ပါတယ်ဘုရား။ အသက်ရှည် ကျန်းမာပါစေ ဘုရား။ စာဖြေတာက တပည့်တော်အတွက်က စာရွက်ပါ အရမ်းချောလွန်းနေတော့ ရေးရတာ လက်ရေးကမလှပါဘုရား။ ရေးရင်လဲအထိန်းမရှိ သလိုခံစားရပါတယ် ဘုရား။

ဒေါ်သင်းသင်းယု(Level-1)

အသိပညာဗဟုသုတတွေတရားတွေအများကြီးနာဖြစ်သွားတဲ့အတွက် အရှင်ဘုရားကို ကျေးဇူးတင်စွာဖြင့် ဦးတင်ပါ၏ဘုရား။

ဆရာလပြည့် (Level-1)

တရားဟောတာရယ်နားထောင်ပြီ ဗဟုသုတလဲရတယ် ဒီစာမေးပွဲကိုလဲ ပူဇော်နိုင်ဖို့ ကြိုးစားနေပါတယ်။

ဒေါ်မို့မို့ဆန်း (Level-1)

ကင်ဆာဆေးသွင်းနေရင်း တရားတော်များကို ကြိုး စားစွာ ဖြေဆိုခဲ့ပါသည်။ ဆရာတော် တရားများကို နာပြီး ဖြေဆိုခဲ့ပါသည်။သဘောကျ၍ ယခုထိလည်း နာယူနေပါသည်။

တင်တင်ကြွယ် (Level-1)

ကြိုးစားပြီးလေ့လာနေတုန်းပါဘုရား။ ပါဠိလိုမေးတာများတော့ မေးခွန်းတွေကို နားမလည်ပါဘူး ဘုရား။မေးခွန်းတွေကိုအဖြေတိုက်ကြည့်တော့ ကိုယ်သိတာတွေပါဘဲ နားမလည်တော့မဖြေနိုင်ဘူး။အဘိဓမ္မာသင်တန်းလည်းမတက်ထားတော့ပါဠိလိုမေးထားတာတွေက ခက်ပါတယ်ဘုရားအခုမှလေ့လာပြီးဖြေတာပါဘုရား။

လွင်မိမိတင် (Level-1)

ဓမ္မအသိရလာတယ် စီးပွားရှာရာတွေမှာ ဘဝနေထိုင်ရေးတွေမှာ မြတ်စွာဘုရားဟောကြား ပြသခဲ့တာတွေ ရှိတယ်ဆိုတာ သိရှိလာရပါတယ်။ လက်တွေ့ဘဝ ဖြတ်သန်းနေတာတွေ ကို နှိုင်းယှဉ်ဆင်ခြင်မိလာပါတယ်။

မြတ်မူယာ (Level-1)

ဆရာတော်ကြီးကျေးဇူးကြောင့် ထဲထဲဝင်ဝင်သိလာပါတယ်ဘုရား ။ L1 မအောင်ခဲ့လဲ L2 ကို သေသေချာချာ စာအုပ်နဲ့တွဲပြီး ဘဝခရီးလမ်းအတွက် ဆက်လက် နာယူကျင့်သုံး လိုက်နာ ပါမည်။ မဖြေရသေးတဲ့သူတွေကိုလဲ ဖြေသင့်ကြောင်း တိုက်တွန်းမိပါသည်။

ထွန်းထွန်းဦး (Level-1)

စာမေးပွဲအတွက် စာကျက်ရင်း ဓမ္မအသိများ ရင့်ကျက် လာရပါသည်။ ဘဝခရီးဝယ် ရွေးချယ်ရမည့် ခရီးလမ်းတရားကို လေ့လာရသဖြင့် မိမိတို့ လူ့ဘဝခရီးအတွက် မှန်ကန်သောလမ်းကို ရွေးချယ်တတ်စေရန် လမ်းညွှန်မှု ပေးပါသည်။ မြတ်ဗုဒ္ဓသာသနာနှင့် ယနေ့ကမ္ဘာတရားမှာလည်း မျက်မှောက်ဘဝ ချမ်းသာသုခနှင့် ပြည့်စုံရေးသာမကပဲ သံသရာလည်တဲ့ အခါမှာလည်း ဆင်းရဲဒုက္ခ နည်းနိုင်သမျှနည်းပြီး ချမ်းချမ်းသာသာရှိဖို့ အများကြီး အထောက်အပံ့ဖြစ်ပါသည်။ နောက်ဆုံး သံသရာဝဋ်ဆင်းရဲမှ လုံးဝ လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာ ရောက်စေနိုင်သည့် နည်းလမ်းတွေ သိရှိရပါသဖြင့် အဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများ ရရှိပါသည်။

မွန်မွန်ခိုင် (Level-1)

ဆရာတော်ဘုရားရဲ့ တရားတော်တွေကို ဟိုးအရင်ထဲက နာဖြစ်ပေမယ့် အပေါ်ယံမျှသာ သိနားလည်ပါတယ်ဘုရား။ အခု စာမေးပွဲ ဝင်ဖြေဖို့ ဆုံးဖြတ်လိုက်တဲ့အခါမှသာ သေသေချာချာ နာကြားပူဇော်မိပါတယ်ဘုရား။ စာမေးပွဲလည်း ဖြေနိုင်သလို တရားတော်တွေကိုလည်း လက်တွေ့ဘဝမှာ ကျင့်သုံးနေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်ဘုရား။ တပည့်တော်အတွက် သံသရာမှာ အလွန်အကျိုးရှိတဲ့ တရားတွေကို နာကြားမှတ်သားပူဇော်ခွင့်ရတဲ့အတွက် ဆရာတော်ဘုရားကြီးကို လက်အုပ်ချီမိုး ရှိခိုးကန်တော့ လိုက်ရပါတယ်ဘုရား"။

မဟေမာလွင် (Level-1)

လောဘ ဒေါသ မောဟ နဲ့ပက်သက်၍ သေချာနားလည်ပြီး လက်ရှိမျက်မှောက်မှာ ဒေါသဖြစ်လာပါက တရားတော်ကိုနှလုံးသွင်းမိပါသည် အရှင်ဘုရား။

ချယ်ရီပိုင် (Level-1)

တရားအသိ သတိပညာဖြင့် ဘဝခရီးအတွက် အကျိုးကြီးသောကြောင့် ဆရာတော်ဘုရားကြီးရဲ့ မေတ္တာကရုဏာ ကို လေးစာစကြည်ညိုမိပါသည်။ ပညာဖြင့် ကျေးဇူး ဆပ်ချင်မိပါသည်။ ဆရာတော်ဘုရားကြီး ကျန်းမာစွာ သာသနာပြုနိုင်ပါစေ။ ဆရာတော်ကြီးရဲ့ တပည့်ဆရာတော်များ အကျိုးတော်ဆောင်ပေးကြသူများ အလှုရှင်များကို ကျေးဇူး အများကြီးတင်ပါတယ် ။

မအေးမြတ်သူ (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တရားအသိများရပါသည်ဘုရား၊ အကြောင်းတစ်စုံတစ်ရာ တိုက်ဆိုင်တိုင်းဆရာတော်ကြီးဟောကြားသော တရားများနှင့် အသိ/သတိနဲ့ပြောတတ်လာပါတယ်ဘုရား၊ ဆင်ခြင်ပြီး နေနိုင်လာပါတယ်ဘုရား၊ ကုသိုလ် ကောင်းမှုများ ကို အရင်ကထက်ပိုလုပ်ပါမယ်ဘုရား၊ ကံ၊ ကံ၏ အကျိုးကိုလဲ ယုံပါတယ်ဘုရား၊ ကိုယ်လုပ်ရင်ကိုယ်ခံရမယ်၊ ကိုယ်ကောင်းရင်ကိုယ်စံရမယ်ဆိုတဲ့ ဆရာတော်ကြီး၏ အဆုံးအမ အတိုင်း လိုက်နာပါမည်ဘုရား။ ဆရာတော်ဘုရား သက်ရှည် ကျန်းမာပါစေဘုရား။

မေမျိုးအေး (Level-1)

စာမေးပွဲတွင် ဗုဒ္ဓနုဿတိ နှင့်ပါတ်သက်၍ မေးခွန်း သဘောတရားအရ သမထ ဟု ဖြေခဲ့သော်လည်း ဆရာတော်ကြီး တရားအရ သမထဟုပြောရန် ခက်သည်ဟု နားလည်ထားပါသည်။ တပည့်တော်သည် ငယ်စဉ်ကတည်းက ဘုရားဂုဏ်တော် ပုတီးစိပ်ခြင်း အလေ့ရှိပါသဖြင့် ရှင်းလင်းစွာ သိခွင့်ပေးပါဘုရား။ လျှောက်တင်အပ်ပါသည်ဘုရား။

မအေးစန္ဒာမွန် (Level-1)

စိတ်တိုလွယ် ဒေါသကြီးလွယ် အတွယ်တာကြီးသော တပည့်တော်အတွက် လောကမှာ ဘယ်လိုနေထိုင်ပြုမူရမည်များ မှန်ကန်သောလမ်းရွေးချယ်တတ်စေရန် စစ်မှန်သော အသိဉာဏ်များရရှိခဲ့ပြီး စိတ်အေးချမ်းခြင်းများ ရရှိခဲ့ပါသည်။ ဆရာတော် ဘုရားကြီး၏ တပည့်ဖြစ်ခွင့်ရခဲ့ပြီး ဓမ္မအသိများဖြင့် ပညာဘူမိ တက္ကသိုလ်ကျောင်းသူ ဖြစ်ခွင့်ရတဲ့အတွက် ပီတိဖြစ်မိပါသည်။စာမေးပွဲဖြေရန် အချိန်ကာလ ၃လတာအလိုမှာ စပြီး လေ့လာ

ခွင့်ရခဲ့ပေမယ့် တပည့်တော်မ၏ ကိုယ်စိတ်အမူအရာ အများကြီး ပြောင်းလဲပြီး အကျိုး ကျေးဇူးများစွာရရှိလာခဲ့တာမို့ စာမေးပွဲ အောင်ခြင်းကျခြင်းဆိုတာထက် အများပိုခဲ့ ရပါတယ် ဘုရား။ရှေ့ဆက်လည်း ဓမ္မအသိဖြင့်ကြိုးစားနေထိုင်သွားပါမည်ဘုရား။

ဦးအေးမင်းဦး(Level-1)

လောဘတွေ နည်းသွားပါတယ်.ဒေါသတွေ လျော့သွားပါတယ်..မှား မှန်တွေလဲ ရွေးချယ် တတ်လာပါတယ်..အကောင်းမြင်ပြီး စိတ်ထားတတ်လာပါတယ်။ စာမေးပွဲဖြေဆို လေ့လာ ရခြင်းကြောင့် ကိုယ်နှုတ်စိတ် ၃ပါးလုံး ကောင်းတဲ့ဘက်က တိုးတက်လာ ပါတယ်အရှင် ဘုရား ။

ဦးနိုင်ဝင်း (Level-1)

ရတာတွေကိုကျက်မှတ်ပူဇော်ခဲ့ ပါတယ်ဘုရား။ စာမေးပွဲဖြေဆိုခဲ့.ရတဲ့ အတွက်အရင်က မသိခဲ့တာတွေကိုလဲယခုပိုမိုသိရှိခဲ့ရပါတယ်။ စာတွေကရပေမဲ့ လဲမေးခွန်း နားမလည်တဲ့ အတွက်၂ခွဖြစ်ပြီးလွဲခဲ့ တာတွေလဲရှိပါတယ်။ ဆရာတော် အေးချမ်းပြီး သာသနာ ကို ဆထက် တိုး ထမ်းဆောင်နိုင်ပါစေ ဘုရား။

ဦးဇော်မင်းထွေး(Level-1)

လူမှုရေးနယ်ပယ်တွင် လိုက်နာကျင့်သုံးနေသည့် အမှုကိစ္စများသည် ဗုဒ္ဓမြတ်စွာ ဘုရားဟိုး ယခင်ကတည်းကဟောပြောခဲ့သည့် ဟုလည်းကောင်း ပိဋိကတ်တော်များသည် လူမှုရေး နယ်ပယ်များအတွက် အခြေခံကစပြီး ဟောပြောခဲ့သောတရားတွေဖြစ်ကြောင်းနှင့် တရား

စာပေများ၏နက်နဲမှုများအား ဆက်လက်လေ့လာချင်စိတ်များ နှင့် ပါဠိစာပေများ အား လေ့လာချင်သည့်စိတ်များ ကိန်းအောင်းလာသည့်အကျိုးကျေးဇူးများရလာပါသည်။

ဒေါ်ကြည်ကြည်စမ်း (Level-1)

ပထမဆုံး တရားဓမ္မကို ပူဇော်ရလို့ စိတ်တေလှုပ်ရှားပြီး တုန်တုန်ချိုချို ဖြေဆိုခဲ့ရလို့ အပြင်မှာ လက်ရေးလှအောင်ရေးနိုင်ပေမဲ့ စာမေးပွဲမှာ လက်ရေးများ ပဲပင်ပေါက်သဖွယ် မလှမပရေးပူဇော်ခဲမိ၍ စိတ်မကောင်းဖြစ်မိပါတယ်ဘုရား။ Level(1) စာအုပ်ကို ဖတ်တရား နာရခြင်းဖြင့်အသိဉာဏ်များပိုမိုတောက်ပြောင်လာပါတယ်ဘုရား။ အရင်က မေတ္တာသုတ် အလွတ်ရလို့ ရွတ်ဖတ်ပူဇော်နေပေမဲ့ အဓိပ္ပါယ်များကို လေးလေးနက်နက် မတွေးတော မမှတ်ယူခဲ့မိပါဘူးဘုရား ။

ယခုတစ်လုံးချင်းအဓိပ္ပါယ်များကို သေသေချာချာလေးလေးနက်နက် နှလုံးသားထဲစွဲမြဲနေအောင် တရားနာ ပြဋ္ဌာန်းစာအုပ်ဖတ် သုတမယပညာ ရရှိပူဇော်ခဲ့ရပါပီဘုရား။ ဘာဝနာမယ ပညာ ဆက်လက်လုပ်ဆောင်ဖို့ ကြိုးစားအားထုတ်ပါမည်ဘုရား။ သမထ ဝိပဿနာ ကို ခွဲခွဲခြားခြား လေးနက်စွာသိခွင့်ရခဲ့ပါပီဘုရား။ နဟိဇာတုဂ္ဂဟာသေယျ (ပဋိသန္ဓေတည် မိခင်ဝမ်းတွင်းပြန်လည်မရောက်ရှိတော့တဲ့ထိ) ကြိုးစားချင်စိတ်များ ဖြစ်ပေါ်ပေမယ့်ဒဿနေနသမန္နာထိရနိုင်မယ်ထင်ပါတယ်ဘုန်းဘုန်းဘုရား။ဆရာတော်ဘုရားသက်ရှည်ကျန်းမာစိတ်ချမ်းသာပါစေဘုန်းဘုန်းဘုရား။

ကေသွယ်ဝင်း(Level-1)

ဓမ္မအသိတွေပိုမိုလေးလေးနက်နက်သိရှိလာပါသည်။ လက်တွေ့ဘဝမှာ အသုံးချလာနိုင်ပါသည်။ အရင်ကထက်ပိုပြီးများစွာ စိတ်ထားတတ်လာပါတယ် ဘုရား သမီးလေး (၂)

ယောက်ကို ဆုံးမရာတွင်လည်း ပိုပြီးအကြောင်းအကျိုးနဲ့ ပိုသင်ပြ ဆုံးမလာနိုင်ပါသည်။ အကျိုးကျေးဇူးများလှပါသည်။

ဒေါ်ဝေဝေအောင်ပို (Level-1)

ဗုဒ္ဓဘာသာရဲ့အနှစ်သာရတွေကို သိခွင့်ရလို့ ပီတိဖြစ်ရပါတယ်ဘုရာ။ ခုလို စာမေးပွဲလေးကျင်းပပေးတဲ့အတွက် တပည့်တော်တို့ မသိတာတွေအများကြီးရှိသေးပါလားဆိုတဲ့ အသိသတိတွေရစေပါတယ်ဘုရား။

ညီညီကျော်သက် (Level-1)

ကိုယ်တိုင်လက်တွေ့သိသော ဉာဏ်ကို ပိုပို အသုံးချလာနိုင်ပါသြဖင့် မိမိစိတ်တွင် စိတ်ညစ်ညမ်းစေသောအရာများကိုဆင်ခြင်လျှော့ချနိုင်ခဲ့ပါသည်။မေတ္တာပွားနိုင်ဖို့အတွက်လည်းကြိုးစားလျက်ရှိပါသည်ဘုရား။ ဝိပဿနာကိုလည်း ကြိုးစားကျင့်ကြံ နေပါသည်။

ဒေါ်ခိုင်ဇင် (Level-1)

အဘိဓမ္မာကိုသင်ယူမှတ်သားဖြေဆိုခဲ့စဉ်က မြတ်စွာဘုရား၏ ဥာဏ်တော်ကို အံ့သြစွာခံစားသိရှိပြီး၊ဘုရားနဲ့တွေ့လိုက်ရသလို ကြည်ညိုသဒ္ဓါပွားခဲ့ရပါသည်၊ အဘိဓမ္မာကို သင်ယူခွင့်ရလိုက်မှ လူဖြစ်ရကျိုးနပ်တာပါလားလို့ ပီတိခံစားခဲ့ရပါသည်၊ လူတိုင်းအဘိဓမ္မာသင်ယူခွင့်ရစေချင်ခဲ့ပါသည်။ ယခု သုတဓမ္မာဒီပလိုမာ level (1)ကို လေ့လာ မှတ်သားသည့်အချိန်တွင်လည်း အဘိဓမ္မာလေ့လာထားတဲ့သူတွေက ဆရာတော်ကြီးဟောတရား ရဲ့အရသာကိုပိုနားလည်မယ်၊ သုတဓမ္မမဖြေဆိုခင် သို့မဟုတ် ဖြေဆိုဖို့ပြင်ဆင်ရင်း တဘက်မှာ အဘိဓမ္မာလေ့လာကြရင်ကောင်းမယ်လို့ အတွေးဖြစ်မိပါသည်။ ကိုယ်တိုင်တော့

သုတဓမ္မဒီပလိုမာ level (1)ကို မှတ်သားရင်း ဘဝရဲ့ကျန်နေတဲ့ အချိန်တွေမှာ သိထားရုံ မဟုတ်ပဲ လက်တွေ့စိတ်ဖြူစင်အောင်ပိုသတိထားဖို့၊ သောက်ဆေးကိုလိမ်းဆေးလုပ် နေမိတာတွေပြင်ဖို့၊ ရှူတဲ့လေကိုအလကားအဖြစ်မခံပဲ ဝိပဿနာလမ်းကြောင်းပေါ်ရောက် အောင်ကြိုးစားဖို့ သတိဝင်မိပါသည်။

မောင်အောင်ခန့်ဝိုင် (Level-1)

ပထမဦးစွာ ဆရာတော်ကြီးနှင့်တကွ စာမေးပွဲ စီစဉ်ကြီးကြပ်သူများ အားလုံးကို ကျေးဇူးတင်ဂါရဝပြုပါသည်ဘုရား။ သုတဓမ္မဒီပလိုမာlevel(1) ကို ဖြေဆိုခဲ့သူဖြစ်ပြီး မြတ်ဗုဒ္ဓ၏ တရားတော်များသည် သံသရာမှလွတ်မြောက်ရေးအတွက် သာမက သံသရာ ကျင်လည်ရာ ခရီးတစ်လျှောက်တွင်လည်း ဒုက္ခဆင်းရဲနည်းပါး၍ ကောင်းကျိုး ချမ်းသာ ရရေးအတွက် လိုက်နာကျင့်သုံးရမည့် တရားတော်များဖြစ်ကြောင်း ပိုမိုသိရှိနားလည်ခဲ့ ရပါသည်ဘုရား။ အယူဝါဒရေးရာ၊ ဓလေ့စဉ်လာများနှင့်ပတ်သက်၍လည်း မိမိကိုယ်တိုင် လက်တွေ့ အသိဉာဏ်နှင့်သာ ဆုံးဖြတ်လက်ခံသင့်သည်ကို တွေ့ရှိခဲ့ရပါတယ်ဘုရား။ နောက်ဘဝ ရှိခြင်းမရှိခြင်းနှင့် ပတ်သက်၍လည်း ယခုဘဝတွင် အကောင်းဆုံး ကျင့်ကြံ နေထိုင် ခြင်းသည် နောက်ဘဝရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အကျိုးမယုတ်စေခြင်းကို မှတ်သားဖွယ်တွေ့ရှိခဲ့ရပါတယ်ဘုရား။သမထနှင့်ဝိပဿနာကိုလည်းပိုမိုကွဲပြားစွာသိရှိခဲ့ရ ပြီး မည်သို့မည်ပုံစိတ်အစဉ်ဖြစ်၍ ဉာဏ်စဉ်များဖြစ်ပေါ်လာပုံကိုသိရှိခဲ့ရပါတယ်ဘုရား။ မေတ္တာသုတ်နှင့်ပတ်သက်၍လည်း ရွတ်ဆိုရုံသာမဟုတ် ကျင့်သုံးရမည့်အပြင် မည့်သို့မည်ပုံ ကျင့်သုံးရမည်ကိုပါ ပိုမိုနားလည်သဘောပေါက်ခဲ့ရပါသည်ဘုရား။ ဗုဒ္ဓဘာသာ ဖြစ်ခြင်း ကြောင့် မတိုးတက်ခြင်းဟူသော အယူအဆကိုလည်း ရှောင်ကြဉ်ရမည့် အရာတွေ ရှေ့တန်းတင်ပြီးဆောင်ရွက်ကျင့်သုံးရမှာတွေမေ့ထားလို့၊မကျင့်သုံးမလိုက်နာလို့ဟူ၍ရှင်း လင်းဖော်ပြထားသဖြင့် သတိပြုဆင်ခြင်မိပါတယ်ဘုရား။ ဗုဒ္ဓမြတ်စွာ၏ ဒေသနာ

တော်များကို စိတ်တစ်ပိုင်းပို မိုနားလည်သဘောပေါက်ခဲ့ရပါတယ် ဘုရား။ လက်တွေ့ နေ့စဉ် ဘဝဌ်များစွာအထောက်အကူပြုသောတ ရားတော်များဖြစ်ကြောင်း သိရှိခဲ့ရပါ တယ်ဘုရား။ မိမိ၏စိတ်ကိုလဲပြန်ဆင်ခြင်မိပါတယ်ဘုရား။ ဗုဒ္ဓတရားတော်များကို လူ အများ လက်လှမ်းမှီသိရှိစေနိုင်သည့် ပုံစံဖြင့် စာမေးပွဲများကျင်းပပြုလုပ်ပေးပါသော ဆရာတော်ကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ဂါရဝပြုပါသည် ဘုရား။

ဒေါ်တင်ဇာဝင်း (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တပည့်တော်အနေဖြင့် အသိဉာဏ်များစွာ တိုးတက် လာပါတယ်ဘုရား။ လက်ရှိဘဝကို ဘယ်လိုနေထိုင်သင့်တယ်။ ဘယ်လို ဖြတ်သန်းရမယ်ဆိုတာလဲသိလာရပါတယ် ဘုရား။ နောင်သံသရာအတွက်လဲ ဘယ်လို နေထိုင် ကျင့်ကြံရမလဲဆိုတာလဲသိလာရပါတယ်ဘုရား၊ဆရာတော်ကြီး ကျန်းမာသက်ရှည် ပါစေလို့ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ဘုရား။

မသီသီခိုင် (Level-1)

စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း တရားအသိ၊ ဘဝအသိများ ပိုမိုသိနားလည်ခွင့် ရခဲ့သည့်အတွက် အလွန်အကျိုးများခဲ့ပါသည်။ ဖြေပြီးချိန်မှာလည်း ပီတိသာဖြစ်ရပြီး ဆရာတော်ကြီးအားလည်း အလွန်အင်မတန်ကျေးဇူးတင်မိပါသည်။

တင်မူဌေး (Level-1)

BA တန်းသို့ ရောက်လာသည်နှင့်အမျှ သင်ယူလေ့လာရသောစာများသာမက စာမေးပွဲ ဖြေရတာပါ ပို၍အဆင့်မြင့်လာသည်ဟု ခံစားမိပါသည်ဘုရား ။

မေမြတ်မွန် (Level-1)

ဆရာတော်ဘုရားကြီးကိုအရင်ဆုံးရှိခိုးပါ၏ဘုရား။ စာမေးပွဲဆိုတာထက် တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်တွေသိထားသင့်တဲ့ တရားဓမ္မတွေဖြစ်ပါတယ်ဘုရား ဒီစာမေးပွဲ ဆိုတာသာ မရှိခဲ့ရင် တပည့်တော်တို့အနေနဲ့ဒီ တရားတွေနာဖြစ်ဖို့ဆိုတာ ခဲယဉ်းပါတယ်ဘုရား အစက သူများတွေတောင် လေ့လာပြီး အောင်မြင်သေးတာပဲ ငါလည်းအောင်မြင်ချင်တယ်ဆိုပြီး လေ့လာရာမှာ လေ့လာရင်းနဲ့ တဖြည်းဖြည်း 4ခုမြောက်ပြီး 5ခုမြောက် သမထနှင့် ဝိပဿနာ ဖတ်ပြီးတဲ့အချိန် အောင်မြင်ချင်တယ်ဆိုတာထက် တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် တွေ အရမ်းအဖိုးတန်တဲ့ အနှစ်သာရဆိုတာ သိလာရတဲ့အတွက် ဆရာတော် ဘုရားကြီးကို ကျေးဇူးတင်ကြောင်းနှင့် တပည့်တော်ရဲ့မ သိသေးသော သူငယ်ချင်းများကိုလည်း ဖြေဆိုပူဇော်ရန်လမ်းညွှန်ပေးပါဦးမည်ဘုရားတပည့်တော်လည်း ဆက်လက်ဖြေ ဆိုပူဇော်ပါမည်။ ဆရာတော်ဘုရားကြီးလည်း သက်တော်ရာကျော်ရှည်ကာ သာသနာ့အကျိုး ဒီထက်မက ဆောင်ရွက်နိုင်ပါစေဘုရား။

ဥူး သုမန (ခေါ်) ဦးဟိန်းသူမြင့်အောင် (Level-1)

ဆရာတော်အရှင်ဘုရား စာမေးပွဲဖြေဆိုရခြင်း၏ အကြောင်းရင်းမှာ တပည့်တော်၏ တရားကျင့်ကြင့် အားထုတ်နေသော် သာသနာ့ပြုနေသော် ကုသိုလ်ရခြင်းသော်ကြောင့် ပါချုပ်ဆရာတော် ဘုရား၏ တရားတော်များကို ညတိုင်းနေစဉ် နားကြားရ၍ ဓမ္မအသိဉာဏ်များ ပွင့်လာခြင်း သဘာဝတရားကြီး၏ အသိကိုမြင်ရခြင်း အမှန်မသိမှု မောဟ အဝိဇ္ဇာ နဲ့ တဏှာကို သိမြင်လာခြင်း မဂ္ဂင်ရှစ်ပါး၏ မိရထားသဖွယ် ခေါင်းဆောင်ကြီးဖြစ်သော် သမ္မာ ဒိဋ္ဌိ (အမှန်မြင်ခြင်း)သီလ သမာဓိ ပညာ များရရှိလာခြင်း သံသရာ မှ လွတ်မြောက်လို့လားခြင်းစသည့် မိမိ၏ ခန္ဓာကိုယ့်မှာ ကိန်းဝပ်ပြီး အေးချမ်းလာရပါ၏ အရှင်ဘုရား တပည့်တော်သည့် လောဘ ဒေါသ မောဟ ကိလေသာများ လည်းနည်းပါးခြင်း ပပျောက်ခြင်း စသည့် အနုသာယကိလေသာ ဖြစ်အောင် ပြုလုပ်လာပါ၏။

ကိလေသာဝဟါး ဖြစ်သောကြောင့် ကျန်ကိလေသာများကိုလည်း ဝိပဿနာ့တရား ကျင့်ကြံ အားထုတ်ခြင်း စသည့်ဖြင့် ပြုလုပ်နေပါ၏ ဆရာတော် အရှင်ဘုရားအား ရိုသေစွာ ရှိခိုးဦးခိုက်ကန်တော့၍ လျှောက်ထားပါ၏ အရှင်ဘုရား။

ဦးအောင်နိုင်ဝင်း (Level-1)

တရားဓမ္မနှင့်ပတ်သက်ပြီး ဘာမှ မသိတဲ့ အခြေကနေ တစ်ဆင့်တက်ပြီး အသိတွေ တိုးရပါတယ်၊ အများနဲ့ဆက်ဆံနေထိုင်ရာမှာ စိတ်တွေထားတတ်လာပါတယ်၊ ကိုယ်နှုတ် ခြောက်ပါး ကနေ အကုသိုလ်တရားတွေ မဖြစ်ပွားရအောင် သတိနဲ့ပိတ်ဆို့ပြီး အသိနဲ့ နေနိုင်အောင် ကြိုးစားနေပါပြီအရှင်ဘုရား။

Carie @ Carolynn(Level-1)

"သင်ရိုးညွှန်းတမ်းနှင့် မေးခွန်းပုံစံများ အလွန်ကောင်းမွန်၍၊ ဓမ္မဗဟုသုတနှင့် အသိဉာဏ်ကို ထိရောက်စွာ လေ့လာခွင့်ရသည့်အတွက် အလွန်ကျေနပ်အားရမိပါသည်။ စာမေးပွဲ ကျင်းပပေးတာကို အထူးကျေးဇူးတင်ပါသည်။"

မောင်ချွန်းရွှေမောင် (Level-1)

"ဆရာတော်ဘုရားတပည့်တော်သည်Level1ဖြေဆိုဖို့၂၀၂၃ကတည်းကစိတ် မှာရည်သန်ခဲ့ပါသည်ဘုရားအကြောင်းအမျိုးမျိုးကြောင့်မဖြေဆိုဖြစ်ခဲ့ပါ ယခုနှစ်စာမေးပွဲ level1ကို ဖြေဆိုခဲ့ပါပြီဘုရား။ ကောင်းမွန်စွာဖြေဆိုခဲ့နိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါတယ်ဘုရား။ငယ်ငယ်ကတည်းကစာမေးပွဲဆိုဖြေရမှာကြောက်ခဲ့ပါတယ်ဘုရား။
ဒါပေမဲ့ ဓမ္မအရသာတွေသိရှိဖို့ သုတဓမ္မဒီပလိုမာLevel1ဖြေဆိုပူဇော်ခဲ့ရာမှာ ဖြေဆိုခဲ့နိုင်လို နောက်ထပ်နောက်ထပ်စာမေးပွဲတွေဖြေဆိုဖို့ခွန်အားတွေရှိလာပါတယ်ဘုရား ဘုန်းဘုန်း

ဟောတဲ့တရားတွေနာယူရုံတင်မဟုတ်ဘဲလက်တွေ့ဘဝမှာ လက်တွေ့ လိုက်နာကျင့်သုံးဖြစ်တဲ့အတွက်ကြောင့်အမှန်တကယ်ကိုစိတ်အေးချမ်းသာဖြစ်ရပါတယ်ဘုရား။ ဘုန်းဘုန်းကျန်းမာချမ်းသာစွာဖြင့်သာသနာ့အလုပ်အားထုတ်နိုင်ပါစေဘုရား။

မမေဇင်အောင် (Level-1)

တပည့်တော်သည် တပည့်တော်အစ်မ၏ လမ်းညွှန်မှုနှင့် ဝင်ရောက်ဖြေဆို ပူဇော်ခဲ့သူဖြစ်ပါသည်။ တပည့်တော်တရားတော်များအား ဖြေဆိုမည့်နှစ်ပတ်အလိုမှသေချာစွာဖတ်ဖြစ်ခဲ့ပါသည်ဘုရား၊ လေ့လာကျက်မှတ်ရင်း တပည့်တော်ဒီအရာတွေကို နောက်ကျမှလုပ်မိလေးချင်းဟု နောင်တရမိပါသည်။ တန်းဖိုးရှိလှသည့် အရာတွေကို စောစီးစွာမလုပ်ခဲ့မိလို့ နောင်တရခဲ့ပါသည်။ တပည့်တော်လေ့လာကျက်မှတ်နေရင်း တပည့်တော်၏ စိတ်တွေအေးချမ်းပြီး ရင်ထဲကအပူများသောကများ လျော့လာသည်ကို သတိထားမိခဲ့ပါသည်။ တပည့်တော်သည်တွယ်တာမှုကြီးခဲ့သောကြောင့် နေ့စဉ်နေ့တိုင်း သောကရောက်ခဲ့ရပါသည်ဘုရား၊ level1 မှာပါသောဆရာတော်ကြီး၏ တရားတော်များအားဖတ်ပြီး နာယူပြီးသည့်အခါ တပည့်တော်၏ စိတ်များအေးချမ်းခဲ့ရပါသည် ဘုရား၊ တပည့်တော် အလွန်မှပီတိဖြစ်ခဲ့သည်မို့ စာမေးပွဲတိုင်းကိုဝင်ရောက်ဖြေဆိုမည်ဟု ဆုံးဖြတ်ခဲ့ပါသည်ဘုရား။

သက်နန္ဒာအောင် (Level-1)

မေတ္တာသုတ်ပရိတ်တော်သည် လိုက်နာကျင့်သုံးရမယ်အရည်အချင်းရှိဖို့ ကြိုးစားရမယ်ဆိုတာတွေ သိရပါတယ်ဘုရား။ တရားတော်၅ပုဒ်လုံးအကြိမ်များစွာ နာယူမှတ်သားပြီးဖြေဆိုခဲ့ပါတယ် ဘုရား။ တရားအသိတွေရခဲ့သလို လက်တွေ့ဘဝမှာလည်း လိုက်နာ

ကျင့်သုံးပါမယ်လို့ ကတိပြုပါတယ် ဘုရား။ ဆရာတော်ကြီးများ ကျန်းမာချမ်းသာကြပါစေ ဘုရား။

ဒေါ်နုနုဝင်း(Level-1)

မေတ္တာသုတ်ကို သင်ပီးနောက်တပည့်တော်ဒေါ်သဖြစ်မိတဲ့အခါသတိလေးနည်းနည်းကပ် မိ ပါတယ်ဘုရား။ မလုပ်သင့်တာလုပ်ရင် မှားတယ်လို့ပဲ တပည့်တော် သိခဲ့တာ ဆရာတော် မိန့်မှ လုပ်သင့်တာ မလုပ်ရင်နောင်တရမယ်လို့ တပည့်တော် မှတ်သားမိပါတယ် ဘုရား။

ဦးထွန်းကျော်(Level-1)

အမှားအမှန်ခွဲခြားရာမှာ မာ ၁၀ ချက်အရ လူမှုဆက်ဆံရေးရာများတိုးတက်စေနိုင်ခြင်း၊ အလုပ်တဖက်နှင့် ဘာသာရေး သီးသန့်မလုပ်နိုင်သူများအတွက် အသင့်တော်ဆုံးဖြစ်ခြင်း၊ ခေတ်ကာလ အရ ဘာသာရေးအမြင်များလည်းတိုးတက်စေနိုင်ခြင်း စသည်တို့ အကျိုး ဖြစ်ထွန်း နိုင်ပါတယ်ဘုရား။

မိုးသူဇာ (Level-1)

ယခုလုပ်ကိုင်နေသည့်လုပ်ငန်းတွင်မေတ္တာစိတ် အခြေခံ၍ ဆောင်ရွက်ဖြစ်ပါတယ်ဘုရား ။ဘဝနေထိုင်နည်းများစွာကို သိရှိရပြီး ငါးပါးသီလ ကို အလေးထား စောင်ထိန်း နိုင်ခဲ့ ပါတယ် ဘုရား။ တပည့်တော် ပတ်ဝန်းကျင်ရှိ မိတ်ဆွေများကို တိုက်တွန်းသော်လည်း မဖြေကြပါဘုရား။ ဆက်လက် တိုက်တွန်းနေမည်သာပါဘုရား။

ဒေါ်သန္တာ (Level-1)

အရင်ကပြဌာန်းစာမလေ့လာခဲ့တဲ့အချိန်ကတပည့်တော်မကဥဒ္ဒစ္စကုက္ကုစ္စတွေအရမ်းများခဲ့ပါတယ် ဘုရား။level1တရားငါးပုဒ်လုံးကို လေ့လာပြီးတဲ့ နောက်မှာတပည့်တော်တရားအသိဥာဏ်တွေအများကြီးရရှိပြီးစိတ်နေစိတ်ထားတွေအသိတွေအများကြီးရရှိခဲ့ပြီးမို့သုတမမှခရီးကိုဆက်လျှောက်ဖို့အားအများကြီးရှိနေပါပြီးအရှင်ဘုရား။ဆရာတော်ဘုရားကြီးကိုလည်းအများကြီးကျေးဇူးတင်ပါတယ်ဘုရား။ သံဃာပူဇေမိပါဘုရား။ စာမလေ့လာခဲ့တဲ့အချိန်နဲ့စာလေ့လာပြီးတဲ့နောက်မှာစိတ်တွေကကောင်းမှုကုသိုလ်ဘက်မှာအပြည့်ဝရရှိပါပြီးဘုရား။

ဟေမာန်သော် (Level-1)

ဘုရားတရားဆိုတာဘာမှန်းမသိခဲ့တဲ့သမီးကအပြင်းစားသွေးကင်ဆာဝေဒနာကိုခံစားနေခဲ့ရစဉ်ဆေးရုံပေါ်မှာစိတ်၏အညစ်အကြေးများကိုပယ်ရှားခြင်းတရားရဲ့အပိုင်းအစတစ်ခုကိုနာကြားမိခဲ့ရာမှ ယခုအသက်ရှင်ခွင့်ရ နေချိန်အတွင်း တရားတော်တွေကိုသိမှတ်ခွင့်ရပြီးစိတ်ကိုအေးချမ်းစေရန် ထားတတ်ခဲ့ရုံမျှမက ဖြေဆိုပူဇော်ခွင့်ပါ ရရှိခဲ့သည့်အတွက် ဆရာတော်ကြီးကို ကျေးဇူးတင်ရှိရပါတယ်ရှင့် ဓမ္မအသိနဲ့သတိကိုကပ်လို့ ဆေးသွင်းကာလတွေ ဖြတ်ကျော်ပြီး ဆက်လက်ဖြေဆိုခွင့်ရဖို့ ဆုပန်မိပါတယ်အရှင်ဘုရား။

နှင်းဖြူဖွေး (Level-1)

တပည့်တော် စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တရားနာဖြစ်ပါတယ်။ အသိဉာဏ်တိုးတက်မှု များစွာ ရရှိပါတယ်။ တပည့်တော်သည် အရင်က စိတ်တိုဒေါသ ဖြစ်လွယ်ပြီးစိတ်အလိုမကျတတ်သူ တစ်ဦးပါ။ ယခု တရားနာရင်းဖြင့် ဗျာပါဒကို ဘယ်လို ဖယ်ရှားရမယ် ဆိုတာ သိသွားလို့ ယခင်ကထက် အများကြီး စိတ်ပူလောင်မှု တကယ် လျော့လာ

ပါတယ် ဘုရား။ စာမေးပွဲကို ကောင်းစွာပူဇော်ဖြေဆိုခဲ့ပေမယ့် ကိုယ်တိုင် ကျေကျေလည်လည် နားလည်ရန်လိုအပ်သေးသော တရားများ ကျန်ရှိနေသေးသည်ကိုလည်း သိရှိလိုက် ရပါပြီဘုရား။ တရားအသိဉာဏ်များ ထပ်မံတိုးပွားစေရန် လေ့လာမှတ်သား သွားပါမည်ဘုရား။ တရားအသိများကို လိုက်နာကျင့်သုံးနှလုံးသွင်းရန်လည်း ကြိုးစားပါ့မယ် ဘုရား။ ဦးခိုက်ကန်တော့ပါတယ်ဘုရား။

ဒေါ်ဝေလွင်ထိုက် (Level-1)

အရင်ကဆို တရားနာရင် ဒီအတိုင်း ရိုးရိုးရှင်းရှင်းပဲ နာဖြစ်ပါတယ် ဘုရား၊ တပည့်တော်မ ရဲ့မိခင်ဆုံးပါးပြီး မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ပြီး စိတ်တွေ အလဲလဲအပြိုပြိုဖြစ်နေတဲ့အချိန် ဘုန်းဘုန်းတစ်ပါးရဲ့ ဘာသာရေးဟာအသုံးချခံဖြစ်နေပါစေဦး ဘာသာရေးလုပ်ပါလို့ မိန့်တဲ့အတွက် သုတမမွှကို လေ့လာသင်ယူရင်း ဖြေခဲ့ပါတယ်။ လေ့လာသင်ယူရင်း မသိသေးတာတွေ မေ့နေခဲ့တာတွေပြန်ပြီးအသိဝင် အမှတ်ရတဲ့အတွက် ဆရာတော်ဘုရားကြီးအားများစွာကျေးဇူးတင်ရှိရင်း ဦးတင်ပါရစေ ဘုရား။

Aye Aye Phyu (Level-1)

တပည့်တော်အရင်က သိခဲ့တာက မဂ် ဖိုလ် နိဗ္ဗန်ဆိုတာ တဆင့်ချင်းရနိုင်တယ်ဆို သိပေမဲ့ တစ်ဆင့်နဲ့တစ်ဆင့်ကြားမှာလဲ စူးစိုက်စွာ အာရုံနိမိတ်တွေကို ဆကိမှတ်ဖို့လိုတယ် အဲ့လိုအဖန်ဖန် ဆက်ရှုမှုရနိုင်တယ်ဆိုတာ သိလာရပါတယ်ဘုရား။ ဝိပဿနာဉာဏ်ဆိုရင်လဲ တခါထဲတန်းရတာထင်ခဲ့ပြီးအဆင့်ဆင့်ဉာဏ်တွေပေါ်တယ်ဆိုတာလဲ မသိခဲ့ပါ ဘုရား။ ခုတော့ ဝိပဿနာ ဉာဏ်အဆင့်ဆင့်ကို စာတွေ့အကျင့်ချုပ် သိလိုက်ရတာတွေးမိ တိုင်း စိတ်ထဲအရမ်းကို ကျေနပ်ပီတိ ဖြစ်ရပါတယ်အရှင်ဘုရား။ ဒုတိယတခုကတော့ တပည့်တော်တို့အိမ်က မြတ်စွာဘုရားကို လေးလေးစားစား ယုံကြည် သက်ဝင်ကြသလို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဓုပါးသီတင်း သီလဆောက်တည်ချင်း မနက်တည်း တပါးမပျက်ကြွသမျှ ကိုယ်တော်တိုင်းကို ဆွမ်းလှူချင်း အစရှိတာတွေကို တပည့်တော်

သိသလောက်ဆို နှစ်ပေါင်း၃၀ကျော်မက အမြဲမပြတ်လှူဒါန်း ပေးကမ်း ဆည်းကပ်ပူဇော်ကြပေမဲ့ အများအမြင်မှာတော့ တပည့်တော်တို့က မချမ်းသာဘဲ ရှိသမျှ လှူချင်နေကြတဲ့သူအနေနဲ့ဘဲမြ ငဲကြပါတယ်ဘုရား တပည့်တော် ကိုယ်တိုင်ကလဲ ငါတို့လှူနေရက်နဲ့ ဘာလို့ မချမ်းသာတာလဲဆိုတာတွေးမိပါတယ်ဘုရား။ (ချမ်းသာဖို့ ချမ်းသာချင်လို့ လှူတာမျိုးမဟုတိဘဲ လှူရင်ချမ်းသာတယ်ဆိုတာ နာဖူးကြားဖူးလို့ တွေးမိရုံပါဘုရား) ဒါပေမဲ့တပည့် lvl 1မှာ မြတ်ဗုဒ္ဓ နှင့် ယနေ့ခေတ်သာသနာဆိုတဲ့ တရားမှာ ဘာကြောင့်ဆိုတဲ့အဖြေကို တပည့်တော် စမြင်လာပါတယ် ဘုရား။ အခြား ပြဋ္ဌာန်းစာအုပ်ထဲမပါပေမဲ့လဲ လူလောကထဲ နေနည်းကစလို့ လောကီ လောကုတ် မျှမျှတတသွားနိုင်ဖို့ တပည့်တော်ထပ် လေ့လာချင်ပါတယ်ဘုရား။ ဘယ်က လေ့လာရမလဲဆိုတာ သိရရင်မိန့် ကြားပေးပါဦး ဘုရား။ မကောင်းမှုဆိုတာဘာလဲ အကုသိုလ်ဆိုတာဘာလဲဆိုတာကို တပည့်တော် ကိုယ်တိုင် ဒါတော့ကုသိုလိအကုသိုလိ ခွဲနိုင်ပေမဲ့ ၁၀နှစ်မပြည့်သေးတဲ့ အငယ်ကလေးလေးတွေကိုဆုံးမ ပြောပြချင်တဲ့အခါ ဘယ်လိုရှင်းပြ ရမလဲ မသိဖစ်ရပါတယ်ဘုရား အခုတော့ မကောင်းမှုဟာ ဘယ်လိုအကျိုးဆက်တွေကြောင့် မကောင်းမှုဖြစ်တယ် အစရှိတာတွေကို သူတို့ နားလည်မဲ့ ပုံစံလေးနဲ့ သေချာ ရှင်းပြပေးနိုင်လာပါပြီ ဘုရား။ အခြားအများကြီးရှိသေးပေမဲ့ ဒီအထက်ပါ (၃)ခုကတော့ တကယ့်စိတ်ထဲ နှစ်နှစ်ကာကာ ဆုံးဖြတ်ချက်မှန်ကန်ခြင်း လမ်းမှန်လိုက်လေခြင်းဆိုပြီး ပြန်တွေးတိုင်း ပါမောဇ္ဇ၊ ပီတိ၊ ပဿတိ၊ သုခကို ချက်ချင်း လက်ငင်း ခံစားရတာလေးတွေမျှဝေချင်လာလို့ လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား ပါချုပ်ဆရာတော် Dr နန္ဒမာလာဘိဝံသ မှအစထား၍ လက်ရှိပါချုပ်ဆရာတော်အပါအဝင် ဆက်စပ်သမျှရဟန်းသံဃာတို့အား လက်တင် ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။"

တင်မာမာဦး (Level-1)

"အသိဉာဏ်များ တိုးတက်လာရပါတယ် ဆက်လက်ဖြေဆိုချင်ပေမယ့် အလုပ်ကကော့သောင်း ပြောင်းရမှာဖြစ်နေလို့ပါဘုရား။"

မအေးမြသူ (Level-1)

လေ့လာကျက်မှတ်ရင် ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ ပညာကိုကြည်ညိုသောအားဖြင့် ကြိုးစားခဲ့ပါတယ်ဘုရား။ အပြင်မှာလဲဖူးမြော်ခွင့်ရချင်ပါတယ်ဘုရား။

ဒေါ်လှလှသိန်း (Level-1)

သမထနှင့်ဝိပဿနာတရားကို သင်ယူနာကြားရခြင်းကြောင့် တန်ဖိုးမဖြတ် နိုင်သော တရားများရရှိရ၍ဆရာတော်ဘုရား ကျေးဇူးကြီးမားလှပါသည်။ ဆရာတော်ကြီး ကျေးဇူးနဲ့ တပည့်တော် စာမေးပွဲကို ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါတယ်ဘုရား။ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ မသိတာတွေ အများကြီး ရှိနေသေးတာတွေ လေ့လာ မှတ်သားရပြီး ဆရာတော်ကြီး ဆိုဆုံးမသည့်အတိုင်းလည်း လိုက်နာ ကျင့်သုံးပါ့မယ်ဘုရား။ ဆက်လက်ပြီးတော့လည်း ကြိုးစား သင်ယူ မှတ်သားပါ့မယ် ဘုရား ။

သိုက်စိုးထွန်း (Level-1)

ယခုမှ သုတဓမ္မဒီပလိုမာ Level (1) ကို စတင်လေ့လာဖြေဆိုခဲ့ခြင်းဖြစ်သော်လည်း စိတ်အေးချမ်းမှု၊ စိတ်ငြိမ်းချမ်းမှုအကျိုးကျေးဇူးများ ခံစားလာရပါသည်ဘုရား။

ဒေါ်ယဉ်မင်းသန့် (Level-1)

ဓမ္မ အသိ ပိုမိုတိုးတက်လာခဲ့ပါသည်ဘုရား။ ဆက်လက်ပြီး နာယူလေ့လာ လျက်ပါဘုရား။

လက်တွေ့ဘဝမှာလည်း ဆင်ခြင်ပြင်ဆင်နေထိုင်နေပါတယ်ဘုရား။"

နန်းဆုဝေဖြိုး (Level-1)

တိုးတက်လာသည့်အသိညာဏ်မှာ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း နှင့် စိတ်ဖြူစင်ခြင်းက ဘဝရဲ့ တည်ဆောက်ပြုပြင်ရာမှာ ဘယ်လောက်အရေးပါလဲဆိုတာပိုပိုပြီးသိလာပါတယ်။ ဒီထက်ပိုပြီးခါးဝတ်မြဲသက့ဲသို့ ကျင့်သုံးသွားမည်ဖြစ်ကြောင်း။ မေတ္တာသုတ်ဆိုတာ နဂိုက ရွတ်တာတစ်ခုဘဲသိနေပြီး ခုတော့ သမာဓိထူထောင်နိုင်ရုံမက သမထထိပါ ဆိုက်ရောက်နိုင်ကြောင်း ရှင်းလင်းစွာ သိရကြောင်း။ ဝိပဿနာ၏အခြေခံတွေကို နားလည်သဘောပေါက် သွားကြောင်း ပါရှင့်။

ဒေါ်လွင်လွင်ထွေး (Level-1)

ဆရာတော်ကြီး၏ ကျေးဇူးတရားကြီးများလှပါသည်။ တရားများနာယူ ကျက်မှတ်ရင်း ယခင်ကထက် အသိညာဏ်များ ပိုတိုးတက်လာပါသည်။ ဆရာတော်ကြီး သက်တော်ရာကျော်ရှည် ပါစေဘုရား။ အပြင်မှာလည်း လက်တွေ့ဖူးမျှော် တရားနာချင် ပါသေးသည် ဘုရား။

ဒေါ်စိုးဇင်မာထက် (Level-1)

အများကြီးတိုးတက်လာပါတယ် မသိတာတွေသိလာတယ်။ အမှားနဲ့အမှန် ဆုံးဖြတ်ဖို့ခက်နေရင် ကိုယ်ပိုင်အသိညာဏ်သုံးရမယ်။ သုံးပြီးပြဿနာဖြစ်နေရင် နှစ်ဦးနှစ်ဖက်ကောင်းတဲ့လမ်းကိုရွေးရမယ်။ မေတ္တာသုတ်အနှစ်ချုပ်မှာဆိုရင်လည်း မေတ္တာသုတ်ရွတ်ဖတ်ရင် လိုက်နာရမည့်အချက် ကိုယ့်မှာရှိရမဲ့အရည်အချင်းတွေသိခဲ့ရပါတယ် ။ ရွတ်ဖတ်ယုံမဟုတ် ပွားများအားထုတ်ရင် သောတပန် အနာဂါမ် ရဟန္တာ အဓိဝမ်းတွင်းတဖန်ပြန် မမွေးဖွားနိုင်တော့တဲ့ အထိ ဖြစ်နိုင်ပုံတွေ သိရှိလာရပါတယ်၊ စိတ်ကိုဖြူစင်အောင် ထားရမယ်

မေတ္တာ၊ဂရုဏာ၊မုဒိတာ၊ဥပေက္ခာ တရားထားနိုင်ဖို့ အသိတရားတွေ အများကြီး အများကြီး သိခဲ့ရပါတယ်ဆရာတော်ဘုရားကြီးကိုကန်တော့ပါတယ်။

ဦးထွန်းအောင်သာ (Level-1)

မေတ္တာသုတ်တော် ကို အနက်အဓိပါယ် ကိုကောင်းမွန်စွာသိခဲ့ရခြင်း။ သမထ၊ ဝိပဿနာ ချိတ်ဆက်ကူးပြောင်းပြီး ဝိပဿနာ လက်တွေ့ရှုပွားရာမှာ များစွာ အထောက်အကူ ပြုခြင်း။ နီဝရဏတရား၊ နီဝရဏ တရားကိုဘယ်လိုဖယ်ရှားခြင်း၊ စိတ်စင်ကြယ်အောင် နေထိုင်ခြင်း၊ စသည့်တရားတော်များကို လေ့လာစည်းပူးခွင့် ရရှိခံခြင်းကြောင့် များစွာ ကျေနပ်ပီတိဖြစ်ရပါတယ်။ဆရာတော်ဘုရားကြီး ကျန်းမာပါစေ။ သက်တော်ဝါတော် ရာကျော်ရှည်ပါစေ။ သာသနာ့ဝန် ခန္ဓာ့ဝန်ကို လွယ်ကူစိတ်ချမ်းသာစွာ ရွက်ဆောင် နိုင်ပါ စေ။

မောင်ပြည့်ဖြိုးမင်း (Level-1)

သားအသက်က ၁၄နှစ်ပါ။ မသိတာတွေအများကြီးသိခဲ့ရပါတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ဖို့ စိတ်ထားဖြူစင်အောင်ထားဖို့ ထားသင့်တဲ့မာနနဲ့ မထားသင်တဲ့မာန စီးပွားရေး အမြင်နဲ့ မမှအမြင်ကြိုးစားအားထုတ်မှုအတွက်လိုအပ်တဲ့အချက် မေတ္တာပွား နည်း ၁၁နည်း ရွတ်ဖတ်ရင် လိုက်နာရမဲ့အချက် ရွတ်ဖတ်ယုံမက ပွားများအားထုတ်ဖို့ မေတ္တာ၊ ဂရုဏာ၊မုဒိတာ၊ဥပေက္ခာ အကြောင်းတရားတွေ နှင့် လက်တွေ့ဘဝတွေမှာ ပါအသုံးဝင်ကြောင်း စသည်ဖြင့်အများကြီးသိခဲ့ရပါတယ်။ ဆရာတော်ဘုရား ကျန်းမာပါစေ ချမ်းသာပါစေ ကန်တော့ပါတယ် ဘုရား ။"

ဒေါ်သဲအိ(Level-1)

စာမေးပွဲအနွက် လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့် အသိဉာဏ်များမှာ-ကုသိုလ် အကုသိုလ်များ၏ အကျိုးအပြစ်တွေကို ခွဲခွဲခြားခြားသိမြင်လာခြင်း၊ လုပ်ရမည့်အရာ မလုပ်ရမည့်အရာများကိုပိုမိုသိမြင်လာခြင်း၊ လူသတ္တဝါ အားလုံးတို့အပေါ် ထားရှိရမည့် မေတ္တာသဘောတရားများကိုသိမြင်လာပြီးလူ့ဘဝရလာသောအခိုက်အတန့်မှာဆင်းရဲခြင်း ကင်းပြီးအေးချမ်းသာယာတဲ့နိဗ္ဗာန်ရောက်ကြောင်းတရားများအားကျင့်ကြံပွားများနေထိုင် ရမည်ဆိုသောအသိ သတိတရားများကိုရရှိလာပါသည်ဘုရား။

ဝိုးဇာဖြူ (Level-1)

လူသားများအတွက် သင့်တော်ကောင်းမွန်ပါသည်။ သိသည်များ သေချာသိသွားပြီး မသိသည်များကိုလည်း မှတ်သားရပါသည်။ ဆရာတော်၏ မေတ္တာတရားကိုလည်း ခံစား မိပါသည်။ ဦးတော်ပါဘုရား။

ဒေါက်တာခိုင်ကြည်ဟန် (Level-1)

လောကီရေးရာ ကျင်လည်ရာတွင် ထားသင့်သည့်စိတ်ထားများ၊ စီးပွါးဥစ္စာရှာဖွေရာတွင် ပြည့်စုံရမည့်အချက်များ လိုက်နာဆောင်ရွက်သင့်သည်များ၊ မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်နာကြားရုံသာမကဘဲ ကျင့်ကြံပွါးများအားထုတ်ရမည်ကို တရားတော်ပူများအား ပူဇော်နာယူရင်း မှတ်သားရပါသည်။

ယဉ်ယဉ်ကြည် (Level-1)"

တရားများကိုမြန်မာလို နားလည်သဘောပေါက်သော်လည်း ပါဠိလိုရေးသားရန် အားနည်း ပါ၍ ဘုန်းဘုန်းကိုအားနာရပါသည်။ "

ကျော်ဇင်ဝင်း (Level-1)

ယခုမှ ဝင်ရောက်ဖြေဆိုခြင်း ဖြစ်ပါ၍ မေးခွန်း နားမလည်ခြင်းများ ရှိပါသည်။

ဒေါ်နှင်းဦးခိုင် (Level-1)

"အရင်ကလည်း အားရင်အားသလိုတရားတွေနာပေမဲ့ စာမေးပွဲဖြေရမယ်ဆိုတဲ့ အသိနဲ့ရိုးရိုး တရားနာတာနဲ့က အတော်လေးကွာပါတယ် စာမေးပွဲဖြေရမယ်ဆိုလို့ တရားငါးပုဒ်ကိုပဲ သေသေချာချာ ထပ်ခါထပ်ခါဖတ်ဖြစ်တာက စာမေးပွဲရှိတာရဲ့ အားသာချက်လို့ မြင်ပါတယ်။ batch 5 က တင်ပြီး မဖြေဖြစ်ခဲ့ပါဘူး အဲ့ကတည်းက တရားနာစာလုပ်ပေမဲ့ တကယ်ဖြေတဲ့ batch 7 ဖြေမဲ့ညကျမှစာတွေကျက်ရင်း သမထနဲ့ ဝိပဿနာ တရားရဲ့ နောက်ဆုံးပိုင်းတွေကို သေချာဖတ်နေရင်းနဲ့ တရားထိုင်ပြီး အဲ့လို ဘုန်းဘုန်း ဟောထားသလို အဆင့်တွေတက်အောင်ကြိုးစားချင်စိတ်တွေ လက်တွေ့သိချင်စိတ်တွေ တဖွားဖွားပေါ်လာပါတယ်။ ဖြေတဲ့အခါမှာလည်း အရမ်းပဲစိတ်ကျေနပ်ခဲ့ရပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကိုလည်း ဓမ္မအသိလေးရှိအောင်ဖြေဖို့တိုက်တွန်းဖြစ်ပါတယ် BA မတက်ဖြစ်ရင်တောင် level3 ထိတော့ရောက်အောင်ဖြေပြီး အဘိဓမ္မာတက်ဖို့ စဉ်းစားထားတာ batch 7 က နံပါတ်လေး အဘိဓမ္မာပိုင်းမေးခွန်းလှည့်ထားတာတွေ့တော့ ပိုပြီး တက်ဖို့သေချာသွားပါတယ် အဘိဓမ္မာသာတက်ထားရင် ဖြေနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ စာမေးပွဲဖြေဆိုရတဲ့ နောက်ရည်ရွယ်ချက်တစ်ခုကတော့ ဆရာတော်ကြီးရဲ့ တရားတော်တွေကို နာရတာရှင်းလင်းနားလည်ပြီးတော့ ဆရာတော်ကြီး ကိုယ်တိုင် ချီးမြှင့်တဲ့ diploma ကို ရယူပြီး ဆရာတော်ကြီးကို အနီးကပ်ဖူးချင်လို့ပါ။"

ဒေါ်သန္တာဖြူ (Level-1)

ယခင်ကထက်တရားနှလုံးသွင်းတတ်လာပါတယ်။ ဘာလုပ်လုပ်သတိနဲ့ဆင်ခြင်ပြီး ပညာနဲ့ဆုံးဖြတ်တတ်လာတယ်။ အရာအားလုံးသည် မတည်မြဲဘူး ဖြစ်/ပျက်။။ ကိုယ်ပိုင်တာမရှိ၊ ဖြစ်ချင်တာဖြစ်ခွင့်ရနေချိန်တော့ ဘဝဟာ ချမ်းသာတယ်လို့ထင်မိတယ်။ အတိတ်အကြောင်းတရားတွေကြောင့် ယခုဘဝမှာ အကျိုးဖြစ်ရတာ။ တွယ်တာမှုတွေ ကိုတတ်နိုင်သမျှ လျှော့ပြီး အကြောင်းတရားေတွပြတ်အောင် ရွေးချယ်ရမယ့် လမ်းအမှန်ကို သိရတာ အကျိုးများလှပါတယ် ဘုရား

ဒေါ်နုနုမေ (Level-1)

ဆရာတော်ဘုရားကြီးအား ရိုသေစွာ လျောက်ထားပါသည် ဘုရား။ ဆရာတော်ဘုရားကြီး၏ တရားများစွာကို နာကြားဘူးပါသည်။ နာကြားသည့်အခါ သိရှိ သဘော ပေါက် နားလည်သော်လည်း ပြန်လည် မှေ့လျော့သွားပါသည် ဘုရား။ ယခု သုတမမ္မ ဒီပလိုမာ level(1)အား ဖြေဆိုရန် ကျက်မှတ်သည့်အခါ အလွန်တရာ တန်ဖိုးမဖြတ်နိုင်သော တရားများကို စိတ်တွင်သေချာစွာ စွဲမြဲမှတ်သား နိုင်ခဲ့ပါသည်ဘုရား။ တွယ်တာမှုကို မလျော့ပါက သောကကို လျော့နိုင်မည် မဟုတ်ကြောင်း လေးလေးနက်နက် သိလာပါသည်ဘုရား။ မျက်စိ(၂)မျိုး မပြုလုပ်ရမည့် ဝါရိတ္တာနှင့်ပြုလုပ်ရမည့် စာရိတ္တများ၊ အခြေအနေကောင်း ရရှိရန် ကျင့်ကြံရမည့်အချက် ရှစ်ချက် နီဝရဏ ငါးပါး တို့ကို သေချာ သဘောပေါက် နားလည်ခဲ့ပါသည် ဘုရား။ မေတ္တာသုတ်ကို အမြဲရွတ်ဆို နေသော်လည်း ပွါးများရမည့် တရားဖြစ်ခြင်း မေတ္တာ၊ ကမ္မဋ္ဌာန်းမှ ဝိပဿနာကို ကူးပုံများကို ယခု စာမေးပွဲဖြေဆိုသည့်အခါမှ သေချာစွာသဘောပေါက် နားလည်ခဲ့ပါသည်ဘုရား။ သမထ နှင့်ဝိပဿနာ ကို ရှင်းရှင်းလင်းလင်း သဘောပေါက်လာပါသည်ဘုရား။ ထွက်လေ ဝင်လေ ကိုအခြေပြု၍ ကုသိုလ် တရားပွါးများရန် လူဖွာလ မဖြစ်ရန် ကြိုးစား အားထုတ်ပါမည်

ဘုရား။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးများကို အာရုံပြု၍ ရိုသေစွာရှိခိုး ကန်တော့ပါသည်ဘုရား။

ဦးချမ်းငြိမ်းအောင် (Level-1)

အတွေ့အကြုံလဲ အများကြီးရတယ် လေ့လာဖို့လိုအပ်သေးတယ် စာကြည့်ချိန်က ၂လနဲ့ လိုင်းပေါ်က ဆရာမ ဒေါ်ခင်လှတင်ရဲ့ video ဖိုင်တွေဒေါင်းကြည့် လေ့လာရတယ် ရွာကဆိုတော့ မြို့တွေမှာလိုသင်တန်းက မတက်နိုင်အသက်က 30နား ဝန်ကြားဆိုတော့ မြို့ပေါ်ကို မလာရဲဘူး ဖြစ်ချင်တော့ ကျနော်က အရာတော်နယ်က မအေးချမ်းဘူး ပေါ်တာက ဆွဲမှာကြောက် ပြီးတော့ ရွာကစာသင်ကျောင်း အစိုးရကျောင်းမဟုတ် အဲ့တော့ NUGလက်အောက်ခံကျောင်းပေါ့ နိုင်ငံရေးတော့ အများကြီးနားမလည်ပါဘူး ကလေးတွေ ကိုဗစ်စစ်တွေကြောင့်မို့ အချိန်တွေကြာသွားတာပေါ့ လုပ်အားပေးဆရာလုပ် သိသလောက် တက်သလောက် သင်ကြားတာပေါ့ စာလာဖြေဖို့အခက်အခဲက ခုမှစတာ ကျနော်က NUGလက်အောက်ခံ စာသင်နေတော့ မြို့နယ် ပညာရေးအဖွဲ့ ကျနော့်ကို စာဖြေခွင့် မရှိဘူးတဲ့ ဘာလို့ဆို သုတစာမေးပွဲ စကစ လက်အောက်မို့တဲ့ဗျာ စိတ်တော်တော် ညစ်သွားတယ် အဲ့လောက်ကြီး ဘာသာရေး အစွန်းရောက်တဲ့ အဖွဲတွေကြောင့်။ ခုစာသွားဖြေတာလဲ မုံရွာကိုအလည်ဆိုပြီး သွားဖြေရတယ် သိမှာစိုးလို့ ကျနော့်ခံစားချက်ပါ ဖြေဖြစ်အောင်လဲဖြေမှာ ခိုးပြီးဆက်လက်ကြိုးစားပါဦးမယ် ဘုရား။

မကူသလ (Level-1)

စိတ်အညစ်အကြေးတွေ ဖြစ်လာတိုင်း တရားထဲကအတိုင်း (ဇာဂရိယာ နုယောဂ) သတိနှင့် ပိတ်ဆို့လာနိုင်ပြီး အသိဉာဏ်နဲ့ ဖယ်ရှားနိုင်ခဲ့တာ ကတော့ တရားလေ့လာရင်း တပည့်တော်မ သုတမယကို ပြန်အသုံးချနိုင်ခဲ့လို့ဝမ်းမြောက်ရပါတယ် ဘုရား။ အကုသိုလ်

မပယ်နိုင်သေးပေမယ့် ဒီဂရီလျော့ချနိုင်သွားပါတယ် ဘုရား။ ဆက်လက် ကြိုးစားသွားပါမည် ဘုရား။ ဓမ္မအသိဉာဏ် တိုးပွားလာစေလို့ ရာတော်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်ကို ရိုသေစွာ ရှိခိုးကန်တော့အပ်ပါတယ် ဘုရား။

Daw Kyu Kyu Htwe (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်းကို လေ့လာခြင်းဖြင့်တဦးတည်းနေတဲ့အခါ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆုံးဖြတ် နေထိုင်သင့်ပုံ၊ အများနဲ့ မိသားစုနဲ့ နေထိုင်သည့်အခါ မေတ္တာ ဂရုဏာ မုဒိတာဥပေက္ခာတရား နဲ့နေထိုင်သင့်ပုံ ကိုလေ့လာမှတ်သား ခဲ့ရပါသည်။ ထိုအတိုင်းလည်း လက်တွေ့ ကျင့်သုံး နေထိုင်သွားဖို့ ကြိုးစားအားထုတ်ပါမည် အရှင်ဘုရား။မြတ်ဗုဒ္ဓ ဒေသနာနှင့် ယနေ့ကမ္ဘာတရားတော် နာယူခြင်းဖြင့် ကိုယ်ကျင့်သီလ စင်ကျယ်ဖို့ရန် အရေးကြီးကြောင်း ကိုယ်ကျင့်တရားရဲ့ အနီးကပ်ဆုံး ဖြစ်တဲ့ ဟိရီ ဩတ္တပ္ပ တရား မိမိရင်ထဲမှာ ရှိသင့်ကြောင်း ဟိရီ ဩတ္တပ္ပ တရား ဆိုတာ အကုသိုလ် ကိုရှက်ရမှာ ကြောက်ရမှာဖြစ်ကြောင်း သေချာနားလည်ခဲ့ပါတယ် အရှင်ဘုရား ။ စိတ်အညစ်အကြေးများဖယ်ရှားခြင်း တရားတော် နာယူခြင်းဖြင့်လည်း ကာမစ္ဆန္ဒ (အဘိဇ္ဈာ) ၊ဗျာပါဒ၊ ထိန မိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ နီဝရဏ (၅) ပါး ဖယ်ရှားသင့်ကြောင်း စိတ်ရဲ့အညစ်အကြေးများအကြောင်းနဲ့ ဖယ်ရှားပုံ ဖယ်ရှားရမည့်နည်းလမ်းပါ သေချာ လေ့လာခဲ့ရပါသည် အရှင်ဘုရား။ မေတ္တာသုတ် အနှစ်ချုပ်အား လေ့လာခဲ့ရာတွင်ယခင်က မေတ္တာသုတ်ကို ရလို့သာရွတ်နေတာ ရင်ထဲနှလုံးထဲအဓိပ္ပာယ် နားလည်ဖို့ ၊မေတ္တာသုတ် လာအတိုင်း လိုက်နာဖို့ ရင်ထဲမေတ္တာဓာတ်ကိန်းဖို့လိုတယ် ဆိုတာမျိုး ချက်ကျ လက်ကျ မသိခဲ့ပါဘုရား သိအောင်လုပ်ဖို့ လိုတယ်ဆိုတာ သိပေမဲ့လည်း လောကီအလုပ်အာရုံများကြား အချိန်မပေးခဲ့မိပါဘုရား ယခုဘဝသက်တမ်း ၃၅ နှစ်ရောက်တဲ့အခါမှာ ဘဝဆိုတာ နောင်ဘဝများရှိခဲ့မယ်ဆိုရင်လည်း

ယခုဘဝမှာပြင်ဆင်စရာရှိတာ ပြင်ဆင်ထားဖို့လိုပီလို့တွေးမိတာက တကြောင်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင် မဟုတ်ဘဲ ဗုဒ္ဓတရားကို ထဲထဲဝင်ဝင် သိလိုချင်တဲ့စိတ် လေ့လာချင်တဲ့စိတ်နဲ့ ဆရာတော် တရားတွေ နာယူပြီး Level (1) ဝင်ဖြေခဲ့ခြင်းဖြစ်ပါတယ် အရှင်ဘုရား။ ယခုဆိုလျှင် မေတ္တာသုတ် ပါဠို အဓိပ္ပာယ်ကို ဂဃနဏာ သိခဲ့ပြီပဲဖြစ်ပါတယ် အရှင်ဘုရား။ သမထနဲ့ဝိပဿနာတရားတော် နာယူခြင်းဖြင့်လည်း ရုပ်တရား နာမ်တရား အကြောင်း ဝင်ထွက်နေသည့်လေကို အသက်ရှူရုံသာရှူပြီး ကမ္မဋ္ဌာန်း ဘာဝနာအဖြစ်အသုံး မချ နိုင်တဲ့သူဟာ ဗာလ လူမိုက်နဲ့တူကြောင်း။ သမထကမ္မဋ္ဌာန်း က သတ္တဝါ ပညတ်ပေါ် အခြေပြုသော်လည်း ဝိပဿနာ က ရုပ်/နာမ် သာရှိတယ်လို့ သာရှုမှတ် ရမည်ဖြစ်ကြောင်း သမထ /ဝိပဿနာ တရားအားထုတ်ခြင်းဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ရောက်နိုင်ကြောင်း မှတ်သား သိရှိရပါတယ် အရှင်ဘုရား။

မပုန်းညက်ခိုင်မင်း (Level-1)

ဘဝမှာ အခက်အခဲ စိတ်ညစ်စရာ တစ်စုံတစ်ရာများပေါ်လာခဲ့ရင် အရင်ကလို စိတ်ဓါတ်ကျ မလွယ်တော့ပဲ အနိစ္စ ဒုက္ခ အနတ္တ သဘောကို သိသွားတော့ စိတ်ပြေလွယ်သွား ပါတယ်ရှင့်.....နောက်ပြီး ဘဝမှာ နေရတာ ဒီစာမေးပွဲလေး ဖြေဖြစ်တယ် ဓမ္မတွေကို ပူ ဇော်ခွင့်ရနေတယ်ဆိုတဲ့ အသိနဲ့တင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးပိုရှိလာတယ်လို့ မြင်လာ တယ် အချိန်တွေကို မဟုတ်တဲ့နေရာမှာ မဖြုန်းမိတော့ပဲ အကျိုးရှိတဲ့နေရာမှာ သုံးတတ် လာတော့ ကိုယ့်အချိန်တွေက တန်ဖိုးရှိလာသလို ခံစားရလာတယ် ဆရာတော်ကြီး ကိုလည်း ကျေးဇူးတင်ရင်း တင်မိပါတော့တယ် ....ခက်ခဲတဲ့ လောကုတ္တရာ စာတွေလို့ မမြင်ရစေပဲ လွယ်လွယ်ကူကူနဲ့ သံသရာကိုဖြတ်သန်းဖို့ ခွန်အားတွေ လမ်းမှန်ရောက် စေတဲ့ ဆုံးဖြတ်ချက်တွေ ရ ရပါတယ် အရှင်ဘုရား ။ဆရာတော်ဘုရားကြီး ဒီ့ထက်ပိုပြီး သတ္တဝါတွေကို ကယ်တင်နိုင်ပါစေ ကျန်းမာရေးများ ကောင်းပါစေလို့ တပည့်တော် မက ဆုမွန်ကောင်း တောင်းရင်း ရှိခိုး ဦးချ ကန်တော့လိုက်ပါတယ် ဘုရား ။

Daw Aye Myat Mon (Level-1)

လောဘက ကိုယ့်ကိုရှာကျွေးတာမဟုတ်ဘူး ကံ၊ ဉာဏ်၊ ဝီရိယက သာရှာပေးတာ ဆိုတဲ့စကားကိုအရမ်းနှစ်သက်ပါတယ်။ အသက်၃၀မှ ဆရာတော်ကြီး တရားတွေ နာခွင့် ရပေမယ့် အကြောင်းတိုက်ဆိုင်မှ အကျိုးပေးတဲ့သဘော ကိုနားလည်နေပြီမို့ နောင်တ မရပါဘူးရှင့်။စာမေးပွဲကို ငွေမရှိတဲ့အခြေအနေကနေ **၇၀,၀၀၀** ကျော် ကုန်တဲ့ခရီးကို ဖြတ်သန်းပြီး ဖြေဆိုခဲ့ပါတယ်။ဂဝေသီ မမဖြူသန့်လေးကဦးဆောင်ပြီး**၄၇၀,၀၀၀** ကျပ် ကို ပညာဘူမိ မောင်နှမတွေကကူညီပေးခဲ့လို့ ဝမ်းသာမိပါတယ်။ဆရာတော်ကြီးရဲ့ တရားတွေ ထဲမှ အကြိုက်ဆုံးကတော့ ပညာ၊ဥစ္စာ၊ တရားတစ်ခုတော့ရအောင် လုပ်နိုင်ရမယ်တဲ့ သတ္တဝါတွေအားလုံးအပေါ် မေတ္တာတရားထားပေးတဲ့ ဆရာတော်ကြီးကို ဓမ္မနဲ့ ကျေးဇူး ဆပ်ခွင့်ရအောင် ရှေ့ဆက်ပြီးကြိုးစားပါ့မယ်လို့ ကတိပြုပါတယ်ဘုရား။

အေးမိုးအောင် (Level-1)

ဆရာတော်ကြီး၏ တရား ငါးပုဒ်ကိုနာယူဖြစ်ပါသည်။ခြောက်လ အတွင်း တရား ငါးပုဒ် ကို အထပ်ထပ်နာယူ သောကြောင့် အခြေခံအသိများ ကို ရရှိပါသည် ဘုရား။ ယခင်က တရားတစ်ပုဒ် တစ်ခေါက်သာ နာယူ ခြင်းနှင့် တစ်ပုဒ် ကို အထပ်ထပ် နာယူ ရာမှ ရသော ဗဟုသုတ မည်သို့မျှနိုင်းယှဉ်မရအောင် တရားနာနည်းပါ သိရပါသည်။ စာစစ် ဆရာတော်များ စာဖြေသူအများ အတွက် ဆောင်ရွက်ပေးရသည်မှာ အပင်ပန်းခံ ပြုလုပ်ပေး နေသည်မှာ ကျေးဇူးများလှပါသည် ဘုရား။မေတ္တာသုတ် အနှစ်ချုပ်ကို လေ့လာရသဖြင့် အနက် အဓိပ္ပါယ် ကိုသိပြီး ပွားများရသည်မှာပို၍ တန်ဖိုးရှိပါသည်ဘုရား။

ဒေါ်တင်ဇာနွယ် (Level-1)

တရားတွေနာရင်း လေ့လာကျက်မှတ်ရင်းနဲ့ လူဖြစ်ရကျိုးနပ်လိုက်တာဆိုတဲ့ခံစားချက်က ကြက်သီးဖြန်းဖြန်းကို ထလို့ ဘုရား။ level2 စာအုပ်လေး ထပ်ပြီ ဖတ်ကြည့်လိုက်တဲ့ အချိန်မှာ လည်း ကျေနပ်လိုက်တာဘုရား အဲ့ပီတိက ဘာနဲ့မှ မလဲနိုင်ပါဘူးဘုရား ဆရာတော် ဘုရား ကျမ်းမာချမ်းသာပါစေ ဆုတောင်းမေတ္တာပို့သပါတယ်ဘုရား"

ဦးမြင့်ဦး (Level-1)

အဘိဓမ္မာ အောင်ထားပြီး သမထ၊ဝိပဿနာပိုင်းတွင် စျာန်နှင့်ပတ်သက်သည့် အပိုင်းများ ပိုမို ရှင်းလင်းလာပါသည်ဘုရား။ နီဝရဏာ အပိုင်းတွင်လည်း အလားတူ ရှင်းလင်း လာပါသည် ဘုရား။တရား ၅ ပုဒ်တွင်ပါသော အကြောင်းအရာများကို ယခင်က သိရုံသာ သိပြီး ယခုမူပိုပြီးရှင်းပြတ်သားစွာ သိမြင်လာသည့် ကောင်းကျိုးကိုရရှိပြီး သံသရာအတွက် ပညာပါရမီမျိုးစေ့များ ရရှိစေပါသည် အရှင်ဘုရား။

ဒေါ်စန္ဒာဝင်း (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း အရင်ထက် လောဘ ဒေါသ မောဟများ ထိန်းနိုင်လာပါသည်။ နေ့စဉ် လှုပ်ရှားမှုများတွင် ပိုမိုသတိကပ်လာပြီး ဘဝနေနည်းများ လည်း ပိုမိုသိရှိလာပါသည် ဘုရား။

Daw Aye Aye Khin (Level-1)

မိမိ၏ ကိုယ်ပိုင်ဉာဏ်နဲ့ ဝီရိယအားကို လက်တွေ့ကျကျ အသုံးချတတ်စေခြင်း၊ ဗုဒ္ဓ တရားတော်များအား လောကီ လောကုတ္တရာ နှစ်ဖြာလုံး အသုံးဝင်ပုံများအား သိရှိ

စေခြင်း၊ စိတ်အညစ်အကြေးများ ဖြစ်လာပါက ဖြူစင်စေမည့်နည်း လမ်းများအား သိရှိစေခြင်း၊ သောက်ဆေးအား လိမ်းဆေး လုပ်နေမိသူ တပည့်တော်အား မေတ္တာသုတ် အဓိပ္ပါယ် ယခုမှ အမှန်တကယ် သဘောပေါက်စေခြင်း ၊ သထမနှင့်ဝိပဿနာ ကွဲပြားစွာ နားလည်သဘောပေါက်စေခြင်း၊ စာသိသာမကပဲ တပည့်တော်တို့ လက်တွေ့ဘဝတိုင် ဘုရားအဆုံးအမများအား လိုက်နာကျင့်သုံးရမည်ကို ပိုမိုသိရှိစေလာခြင်း များစွာသော အကျိုးကျေးဇူးများ၊ရရှိစေပါသည်ရှင့်။

ဒေါ်အေးအေးမြတ်ဝင်း (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း ဗုဒ္ဓအဆုံးအမတွေ ရင်ထဲအထိ ရောက်လာပါတယ် ဘုရား။ စာကို ကျက်တာထက်ဆရာတော်ကြီးရဲ့တရားတွေကို အထပ်ထပ် အခါခါ နာမိပြီး အရင်တုန်းက ကိုယ့်ရဲ့ဘဝဖြစ်တည်မှု ပေါ် အလိုမကျမှု တွေ၊ ပူပင်သောကတွေ အားလုံးဟာ တစ်စတစ်စ လျော့နည်းလာပါတယ် ဘုရား တပည့်တော်စစ်မှန်တဲ့ လမ်းတစ်ခုကို ရွေးချယ်ခွင့်ရ လိုက်သလို၊ စာဖြေခန်းထဲမှာလည်း မေးခွန်းတော်တော်များများကိုလည်း နားလည် သဘောပေါက်ပြီး ဖြေနိုင်ခဲ့လို့ ပီတိဖြစ်ရပါတယ်ဘုရား။

ဒေါ်သဥ္ဇာစော (Level-1)

ကောင်းမွန်တဲ့ ဘဝနေထိုင်နည်း၊ ထားရှိရမည့် စိတ်ထား၊ လိုက်နာကျင့်သုံးရမည့် လမ်းညွှန်မှု တွေကို မှတ်သားနာယူရင်း ဆရာတော်ကြီး အား အထူးကြည်ညိုု ပူဇော်မိပါသည်။ တစ်ပုဒ် ဖတ် မှတ် လေ့လာပြီးတိုင်း ဆရာတော်ကြီးအား ရှိခိုးပူဇော်မိပါသည်။

အိအိခိုင် (Level-1)

သုတဓမ္မကို အမ တစ်ယောက်ကစဖြေဖြစ်ရင်းနဲ့ စသိခဲ့ရပါတယ်။လွန်ခဲ့တဲ့ တစ်နှစ် ကျော်ကပါ။ ဒါပေမဲ့အခဲတုန်းကလေ့လာဖို့စိတ်မရှိခဲ့ပါဘူး။ ၂၀၂၅နှစ် လယ်လောက်မှာ နိုင်ငံခြားထွက်ဖို့ဆိုပြီး အလုပ်ပါထွက်ခဲ့ပေမဲ့ အဆင်မပြေခဲ့ပါဖူး။ ၉/၂၀၂၅ မှာ ၁၀ ရက် တရားစခန်းဝင်ခဲ့ပါတယ်။ အဲ့ဒီတုန်းကထင်တာက ဝိပဿနာအလုပ်လေး လုပ်နေခဲ့ တယ်ပေါ့။ တရားစခန်းကထွက်လာပြီး ကိုယ့်စိတ်ကိုပိုသိချင်လို့ အဘိဓမ္မာ စလေ့လာခဲ့ ပါတယ်။ ၂၀၂၆ မှာတော့ သုတဓမ္မကိုလည်း လေ့လာဦးမယ်ဆိုပြီး စတင်ခဲ့ပါတယ်။ ဆရာတော် ဘုရားရဲ့ တရားငါးပုဒ်ကိုလေ့လာခဲ့တာ တန်ဖိုးမဖြတ်နိုင်တဲ့ အသိတရား အသစ်တွေ ရခဲ့ပါတယ်။ မေတ္တာသုတ်က ပွားများရမဲ့တရား၊ တရားစခန်း ဝင်တုန်းက ကြုံခဲ့ရတဲ့ အတွေ့ကြုံလေးတွေက သမာဓိတက်လာလို့ကြုံခဲ့ရတာ၊တရားစခန်းဝင်တုန်းက ဝိပဿနာလုပ်ငန်းစဉ်လို့ထင်နေခဲ့ပေမဲ့ အခုသိသွားတာက သမထလုပ်ငန်းပဲ ဖြစ်နေခဲ့ သေးတာ စတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အသိပညာလေးတွေရခဲ့ပါတယ်။ တန်ဖိုး ကြီးလွန်းပါ တယ်။ ဆရာတော်ကြီးကိုလည်းဦးတင်ပါတယ်။

ဒေါက်တာမူမူမြင့် (Level-1)

တရားတော်များအားလုံး များစွာအကျိုးရှိပါတယ်။ မေတ္တာသုတ်အနက်အဓိပ္ပါယ်ကို သိရှိရ သဖြင့် ရွတ်ဆိုပူဇော်ရာတွင်များစွာ အကျိုးကျေးဇူးကိုရရှိပါတယ် သမထနှင့် ဝိပဿနာ ယခင်က တရားထိုင်ရင် ထွက်လေဝင်လေနဲ့ ရှေ့ဆက်မထိုင်တတ်တော့ပါ ယခု ကောင်းစွာ နားလည် သဘောပေါက်သွားပါပြီ တန်ဖိုး မဖြတ်နိုင်တဲ့ တရားတော်များကို နာယူ ဖြေဆို ခွင့်ရခဲ့ပါတယ်ဘုရား။

ဒေါ်အေးမမ (Level-1)

မိမိကိုယ်တိုင်လည်း မသက်ဆိုင်ဟု ထင်ထားခဲ့သည့်အရာများ၊ အမှန်ဟု တွေးထင်မိခဲ့သည်များကို မီးမောင်းထိုးပြသကဲ့သို့ ကွက်ကွက်ကွင်းကွင်း နားလည်ရှင်းလင်း သိမြင်သင်ကြား လေ့လာခဲ့ရပါသည်။ မေတ္တာသုတ်ကို ငယ်ရွယ်စဉ်မှစ၍ နှုတ်တိုက်သာ ရွတ်ဆိုခဲ့သော်လည်း ပါဠိနှင့် အဓိပ္ပာယ်ကို ကောင်းစွာ မသိမြင်ခဲ့ပါ။ ယခုမူ ကောင်းမွန်စွာ နားလည်၍ အဓိပ္ပာယ် ကိုသိရှိကာ ရွတ်ဖတ်ပါတော့မည်ဘုရား။ ကျေးဇူးတော် ကြီးမားလှပါတယ်။ ယခု level (1)ကိုလည်းအကောင်းဆုံး ပူဇော်ခဲ့ပြီးဖြစ်သလို ဆက်လက်၍ level 2,3, B.A, M.A, Ph.D ထိရောက်အောင် အသက်နှင့် ခန္ဓာ တွဲသ၍ ရုပ်နှင့်နာမ်ရှိသ၍ ဆက်လက်ပူဇော်ပါမည်ဘုရား။

U Sai Thi Ha Oo (Level-1)

"ဆရာတော်ဘုရားကြီးထံ ရိုသေစွာ လျှောက်ထားလွှာ အရှင်ဘုရား... တပည့်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဖြစ်မှ စစ်မှန်သော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လိုခဲ့သည်မှာ ကြာမြင့်လှပါပြီဘုရား။ ယခုအခါ သုတမမ္မဒီပလိုမာ စာမေးပွဲအတွက် အစွမ်းကုန် လုံ့လပြု ကျင့်ကြံခဲ့ရသဖြင့် ဓမ္မအသိဉာဏ်များကို နက်နဲစွာ နာကြားခွင့်ရပြီး၊ မိမိကိုယ်ကို "စစ်မှန်သော ဗုဒ္ဓဘာသာဝင်တစ်ဦး"" အဖြစ် အပြည့်အဝ ခံစားမိလာပါသည်ဘုရား။ ယခင်က မိဘများ ဘုရားဝတ်ပြုခြင်း၊ တရားရိပ်သာသွား၍ ဘာဝနာပွားများခြင်းတို့ကို တဖြည်းဖြည်း သဘောကျမိရာမှ... တပည့်တော်ကိုယ်တိုင်လည်း လိုက်လံ လုပ်ဆောင်လိုစိတ်များ ပြင်းပြခဲ့ပါသည်ဘုရား။ သို့သော်လည်း "ငါးပါးသီလကို မည်သို့စောင့်ထိန်းရမည်နည်း" "သမထကျင့်စဉ်ကို အဘယ်သို့ စနစ်တကျ ကျင့်ကြံရမည်နည်း""ဟူသော မေးခွန်းများကို မိဘများကို မေးမြန်းရန် ရက်လှသဖြင့် မိမိရွာရှိ ဘုန်းတော်ကြီး ကျောင်းများ သို့ သွားရောက်လျှောက်ထားလိုသော်လည်း၊ ယနေ့ခေတ် သာမန် ဘုန်းတော်ကြီးများသည် ၎င်းတို့၏ ဝေယျာဝစ္စ အလုပ်များနှင့် ရှုပ်နေကြသဖြင့် မေးမြန်းလျှောက်ထားခွင့်

မရရှိခဲ့ပါဘုရား။ ဉာဏ်အလင်းရခြင်းနှင့် လက်ရှိကျင့်စဉ် တပည့်တော်၏ ယနေ့အချိန်ထိ တစ်ဦးတည်းသော အားကိုးရာမှာ... အရှင်ဘုရား ဟောကြားတော်မူသော တရားတော်များကို တစ်နေ့လျှင် မိနစ်၂၀ခန့် ဖြည်းဖြည်းချင်း နာယူရင်း ရင်ထဲ၌ ဓမ္မအသိဉာဏ်များ ကိန်းအောင်းလာအောင် ကြိုးစားခဲ့ရခြင်း ဖြစ်ပါသည်ဘုရား။ တပည့်တော်၏ ဘဝရည်ရွယ်ချက်မှာ "ဓမ္မအသိဉာဏ်ဖြင့် ဗလငါးတန် ပြည့်စုံသူ" ဖြစ်အောင် အားထုတ် လိုခြင်းဖြစ်သည့်အတွက်...ဤဒီပလိုမာအတန်းများသည် တပည့်တော်အတွက် အင်မတန် အခြေအနေကောင်းများ ဖြစ်ခဲ့ပါသည်ဘုရား။အကျိုးရလဒ်အနေဖြင့်... မိမိ၌ မြင့်မြတ်သော ရည်မှန်းချက်လည်းရှိ၊ ထိုရည်မှန်းချက်သို့ ရောက်စေမည့် ဓမ္မနည်းလမ်းများကိုလည်း ဆည်းပူးခွင့်ရရှိသည့်အတွက် တပည့်တော် လူဖြစ်ရကျိုး အင်မတန် နပ်လှပါပြီဘုရား။ ဟု ဝမ်းမြောက်မိပါသည်ဘုရား။ အရှင်ဘုရားအပေါ် ထားရှိသော ကိုယ်စိတ်နှလုံး တပည့်တော်သည် အရှင်ဘုရားကို မိမိ၏ ဘဝပြောင်းလဲပေးသော ""ဆရာအရင်းပမာ"" စိတ်၌ အခိုင်အမာ ကိုးကွယ်ဆည်းကပ်ခဲ့သည်မှာ ယခုဆိုလျှင် (၃) နှစ်ကျော် ကာလပင် ရှိခဲ့ပါပြီဘုရား။ အရှင်ဘုရားထံ သွားရောက်၍ လူကိုယ်တိုင် ဖူးမြော်လိုစိတ် ပြင်းပြသော်လည်း...အရှင်ဘုရား ဟောကြားတော်မူသော၊ မြတ်စွာဘုရားရှင် ကိုယ်စား တစ်ဆင့်ပါးသည့် ဓမ္မအသိဉာဏ်များကို ကိုယ်တိုင် လိုက်နာကျင့်ဆောင် ပူဇော်ခြင်းသည်ပင်လျှင်... အမြတ်ဆုံးသော ဖူးမြော်ခြင်းမည်ပါသည်" ဟု နှလုံးသွင်း ကမ္ဘည်းတင်ထားသူ ဖြစ်ပါသည်ဘုရား။ အရှင်ဘုရား၏ တရားဒေသနာများအတိုင်း ဘဝနှင့်ထပ်တူ ဆက်လက် ကျင့်ကြံပူဇော်သွားပါမည်ဘုရား။ (ရိုသေစွာဖြင့် လျှောက်ထားသူ – တပည့်တော် စိုင်းသီဟဦး)"

ဒေါ်မေသူဝင်း (Level-1)

မေတ္တာအသိဖြင့်နေထိုင်းခြင်း၊ မကောင်းမှု၏အပြစ်ကိုပိုသိပြီး သတိလွတ်လျှင် မကောင်းမှုဝင် သည်ကိုနားလည်လာခြင်း၊ ဝိပဿနာအဆင့်တွေကို ရှင်းလင်းစွာ သိမြင်ပြီ အားထုတ်သည့်အခါပိုလွယ်ကူလာခြင်း၊ အလုပ်လုပ်ရာတွင် ဓမ္မအမြင်နှင့် စီးပွားရေးအမြင်နှစ်မျိုးဖြင့်

ချိန်ညှိလာနိုင်ခြင်း၊ စိတ်ဖိစီးမှုများလာသည့်အခါ စိတ်၏အညစ်အကြေးဟူသော သင်ခန်းစာဖြင့် သုံးသပ်ဆင်ခြင်လာနိုင်ခြင်းတို့ဖြစ်ပါသည်။

ဒေါ်အိအိဆွေ (Level-1)

စာမေးပွဲ အတွက် လေ့လာကျက်မှတ်ရင်းဘာသာရေးနှင့်ပက်သက်သောအသိအမြင် ပစ္စုပ္ပန်မှာကောင်းအောင်နေထိုင်ဖို့အသိအမြင် စီးပွားရေး လူမှုဆက်ဆံရေးနှင့် ပတ်သက်သော အတွေးအမြင်များ၊ စိတ်ဖြူစင်အောင်ထားတတ်ဖို့ သတ္တဝါတွေအပေါ် မေတ္တာထား တတ်ဖို့၊ သမထ၊ ဝိပဿနာနှင့် ပက်သက်ပြီး ကြိုးစားအားထုတ်ပုံများ လေ့လာသိရှိရ ပါ သည်။

မောင်နောင်ထက်အောင် (Level-1)

မိမိတစ်ယောက်တည်းနေထိုင်လျှင် ကျင့်ရမည့်တရားနှင့် အများနှင့်အတူ နေထိုင်လျှင် ကျင့်ကြံရမည့်တရားများကိုသိရှိကာ နေထိုင်လျက်ရှိပါသည်။ ထိုသို့နေထိုင်ရာတွင် သတ္တဝါအားလုံးအပေါ် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ များနှင့်အတူ ကြိုးစား နေထိုင်ရာတွင် ကျွန်သည် ဒေါသအရမ်းကြီးသူဖြစ်သည် ထို့ကြောင့် ဒေါသကို ဖြေလျော့သော်လည်း ယခုမိမိတွင် တစ်ခုခုကိုမကျေနပ်ပါက စိတ်ဆိုး၍ အခြားသူများကို စကားမပြောခြင်း(ကျဒေါသ)ရှိပါသေးသည်။သို့ဖြစ်ပါ၍ ဗျာပါဒ နီဝရဏ တရားကို ဖျောက်ရာတွင် သတ္တဝါတိုင်းသည့် ကံသာလျှင် ကိုယ်ပိုင်ရှိသည်ဟု ရှုပါလို့ဆိုသော်လည်း မကျင့်ကြံနိုင်သေးပါ။ ထို့ကြောင့် ကျဒေါသကို ဖြေလျော့ရန် နည်းလမ်းအချို့ လမ်းညွှန်တော်မူပါဘုရား။

ဒေါ်ဇာလီမော် (Level-1)

စာကျက်မှတ်လေ့လာရင်း ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို ပူဇော်ပါသည် ဘုရား.. သင်ချပေးပါသော သင်တန်းမျူး ဆရာတော်များနှင့် လူပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင် ပူဇော်ကန်တော့ပါသည်. တရားတော်တွေ နာယူရင်း လေ့လာရင်း ချမှတ် လေ့လာရင်း အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

ဒေါ်သီတာသန်း (Level-1)

ဘဝတွင် မိမိ ဘက်မှ ထားရှိရမည့် စိတ်ထား ကို ပို၍ နားလည် သိမြင်လာပါသည်။ မိမိ နိစ္စဒူဝ ပြုမူ ဆောင်ရွက်နေမှုများသည် မည်သည့် ကုသိုလ်တရားများ နှင့် ကိုက်ညီ နေသည်၊ လွဲချော်နေသည် ကိုလည်း သိမြင်လာရပါသည် ။ မြတ်စွာဘုရားရှင်၏ လမ်းညွှန် ချက် ဖြစ်သော သမထ ကျင့်စဉ်၊ ဝိပဿနာ ကျင့်စဉ် ကျင့်ကြံနည်း အသေးစိတ် ကို နာယူ မှတ်သားရသည်မှာ အလွန် တန်ဖိုး ကြီးမားလှပါသည် ဘုရား။

မောင်ဘိုဘို (Level-1)

ယခုကဲ့သို့ သုတမမ္မ စာမေးပွဲကျင်းပပေးသော ဆရာတော်ဘုရားကြီး အားလုံးနှင့် ဦးဆောင်သူ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်ခင်ဗျာ။ ခုမှ level (1) စဖြေတာမို့လို့ တရားနှင့်ပတ်သတ်သော အသိတရားစတင်ရလာပါတယ်။ ဆက်လက်ပြီး Level အဆင့် ဆင့် ပူဇော်ပါမည် ဘုရား။ တရားဘက်မှာ ပိုပြီး တိုးတက်လာပါတယ်။ ပိုပြီးသိချင်လာ ပါတယ်။

ဒေါက်တာဥမ္မာဝင်း (Level-1)

ငါးပါးသီလကို အထူးလုံခြုံသွားပါသည်ဘုရား။ ဒေါသတရားများလျော့သွားပြီး သည်းခံနိုင်မှု စွမ်းအားပိုလာပြီး စိတ်သန္တာန်ဝယ် မေတ္တာတရားများပိုထားနိုင်လာပါသည် အရှင်ဘုရား။

Phyu Phyu Khaing (Level-1)

ဘာသာတရား၏အနှစ်သာရကိုတိတိပပ သိရှိလေ့လာခွင့် ရရှိခဲ့ပါသည်၊ စာမေးပွဲ ဆိုသည့် အသိ ရှိနေသည့်အတွက် ယခင် တရားနာလျှင်ရင်ထဲသို့ သိပ် မရောက်ရှိခဲ့ ပါသော်လည်း စာမေးပွဲ စီစဉ်ပေးပါသော ဆရာတော်ဘုရား၏ မေတ္တာတော်တို့ကြောင့် တရားများသည် ရင်ထဲတွင် စွဲစွဲမြဲမြဲမှတ်မိ သွားစေပါသည်။ အမှန်တကယ် လိုက်နာကျင့်သုံးရမည် လက်တွေ့ အသုံးချရမည်ဆိုသော အသိဥာဏ်လည်း ပွင့်လန်းသွားပါသည်။ ဆရာတော် ဘုရား သက်တော်ရာကျော်ရှည်ပါစေ၊ သာသနာတော်အခွန့်ရှည်ပါစေ **

Linn Yadanar Thant (Level-1)

စာသင်လိုက်တော့ မလုပ်သင့်တာ လုပ်သင့်တာတွေ သိလာတယ် လူတစ်ယောက်ရဲ့ အပြုအမူကို ကြည့်လိုက်တာနဲ့ သူက လောဘ မောဟ ဒေါသ ဒီ ၃ခုထဲက တခုခု ရှိနေလားဆိုတာကို သိလာပါတယ် ဘုရား ။

ဒေါ်နွယ်နွယ်ဝင်း (Level-1)

အရင်ကအခုလိုသုတမမ္မစာမေးပွဲတွေရှိတယ်ဆိုတာ မသိခဲ့ပါဘူးဘုရား fbမှာ စာအုပ်တွေ လှူနေတာတွေ့မှစာမေးပွဲဖြေရတယ်။ အသက်အရွယ်မရွေး ဖြေလို့ရတယ်ဆိုတာ သိရ

လို့ တရားဓမ္မအသိတွေရမှာပဲ အကျိုးကျေးဇူးတွေ တော်တော်များများလည်း ရမယ် ကုသိုလ်တွေ လည်းရမယ်ဆိုပြီး ဝင်ဖြေဖြစ်တာပါဘုရား ဝင်ဖြေဖြစ်တာ တော်တော် မှန်ပါတယ်ဘုရား။ လူမှုဆက်ဆံရေး စိတ်နေစိတ်ထားဘယ်လိုထားရမယ် သီလ ဘာဝနာ အကြောင်းတွေ အများကြီးသိခဲ့ရပါတယ် ဘုရား။ စာမေးပွဲဝင်မဖြေဘဲ ဒီတိုင်း လေ့လာရင် စိတ်ကပေါ့နေ့ရင် သိပ်ပြီး ထဲထဲဝင်ဝင် သိမှာမဟုတ်ပါဘူးဘုရား။ အခုလို စာမေးပွဲ ဖြေရတော့ ပိုမှတ်မိပိုသိပါတယ်ဘုရား။ ဆရာတော်ဘုရားတို့၏ ကျေးဇူးတော် အလွန် ကြီးမားပါတယ်ဘုရား။ အခုလည်း အောင်စာရင်း မထွက်သေးပေမဲ့ တပည့်တော် Level-2 တရားတွေ စနာနေပါပြီဘုရား level(1)လည်း အောင်မှတ်လောက်တော့ ရမယ်လို့ ထင်ရ ပါတယ်ဘုရားအောင်ချင်ပါတယ်ဘုရား ။

ဒေါ်ခင်ဟံသာ (Level-1)

အရှင်ဘုရား.. တရားနာ၊ စာလေ့လာ၊ စာကျက်ချိန်များတွင် အကုသိုလ်တရားများ အတန်ကြာကင်းပျောက်ခွင့်ရပြီး ဓမ္မအနှစ်သာရများကို ဆင်ခြင်စဉ်းစားရတဲ့ ကုသိုလ် တရားများလည်း တိုးပွားရပါတယ်ဘုရား။ တပည့်တော်မက စာကို အပေါ်ယံ မလေ့လာဘဲ မှတ်စုသေချာထုတ်ပြီး ဟောပြောသမျှ တရားများအားလုံးကို မှတ်မိအောင်ကြိုးစားပြီး ကျက်မှတ်ခဲ့တာကြောင့် level (1) တစ်ခုနဲ့တင် အခြေခံ အကြောင်း တရားများ အကုန်သိ အောင် ဟောကြားဆုံးမပေးတတ်သော ဆရာတော်ဘုရား၏ ကြီးစွာသော ဂုဏ်ကျေးဇူး ကိုလည်း မပြတ် ဆင်ခြင်မိပြီး ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရပါတယ် ဘုရား။ အရှင်ဘုရား ဟောကြားဆုံးမသော မြတ်စွာဘုရား၏ ဘုရားဖြစ်ရန်ထားသော မာနတရား ဟူသည့် တရားပိုဒ်ကို ဥမမာထားပြီး သူများတွေ ပေါက်မြောက်အောင်မြင်သလို ငါလည်း ပေါက်မြောက်အောင်မြင်ရမည်ဟု ဆင်ခြင်ပြီး သုတမမ္မ ခရီးကို ဆုံးခန်းတိုင်အောင် လျှောက်ဖို့ ကြိုးစားပါမယ်ဟု လျှောက်ထားလျက် ဦးတင်ပါတယ်ဘုရား။

Than Dar Htay (Level-1)

ဆရာတော်ကြီးနဲ့တကွ အားလုံးသော သံဃာ့ဆရာတော်ကြီးများကို ရှေးဦးစွာ ကန်တော့ပါတယ်ဘုရား။ တပည့်တော်မက ခရစ်ယာန်ပါ ခင်ပွန်းသည်ကိုချစ်လွန်းလို့ ဘာသာမတူရင် ယူလို့ မရဘူးဆိုလို့ တပည့်တော်မ ဗုဒ္ဓဘာသာဝင်ခဲ့ပါတယ်ဘုရား ဝင်တယ်ဆိုရုံပဲ မဟုတ်ပဲ လေ့လာခဲ့ပါတယ် တော်တော်လေးသဘောကျခဲ့တယ် ဆိုရမှာပါ အရင်က အပြစ်တွေလုပ်ပြီး ဘုရားသခင်ဆီ ဝန်ချလိုက်ရင်ပြေပျောက်ပီလို့ ဆရာတွေဟောတာကို အမြဲ သံသယဝင်ခဲ့ပါတယ် ဒါပေမဲ့ ငယ်ကတည်းက ကိုးကွယ်လာတဲ့အရာ ဆိုတော့ မေးခွန်းမမေးခဲ့ပါဘူး သံသယကတော့ စိတ်ထဲမှာ အမြဲကိန်းအောင်းနေခဲ့ပါတယ်။ ငါဒီလို အပြင်လုပ်တာ ခွင့်လွတ်နိုင်စရာမှမဟုတ်တာ တကယ်ရော ခွင့်လွတ်ပါ့မလား နောက်ဘဝ သေပြီးမှ ငရဲကျရင် ဘယ်လိုလုပ်မလဲ ဆိုပြီး အမြဲ စိုးရိမ်ခဲ့ပါတယ် အခုတော့ ဒီသံသယတွေ လုံးဝကင်းရှားရပါပြီ သုတဓမ္မတရားတော်တွေ လေ့လာခွင့်ရခဲ့တာ တပည့်တော်မအတွက် အင်မတန်မှ ဟိတသုခနဲ့ပြည့်စုံရပါပီ ရွှေချယ်ရမယ့် လမ်းကိုလဲ သိရပါပီ မှန်မှန်ကန်ကန် ရွှေချယ်ခဲ့ရလို့ ဝမ်းသာပီတိ ခံစားနေရပါပီ ဘဝခရီးဝယ် ရွှေချယ်ရမဲ့လမ်း တရားတော်က တပည့်တော်မရဲ့ အမှောင်ဖုံးနေတဲ့ အမှန်မသိခြင်းတွေကို ပညာအလင်းအမှန်ကို မြင်စေခဲ့ပါပီ တပည့်တော်မှ ကျေးဇူးအင်မတန်တင်စွာ ဖြင့် ဦးညွတ်ကန်တော့ပါတယ် ဘုရား ။

မမြင့်မြင့်သန်း (Level-1)

စာမေးပွဲအတွက် လေ့လာကျင့်မှတ်ရင်း ယခင်က ထက် အသိဉာဏ်များစွာတိုးတက်လာပါသည်။ ပထမ တရားတော်ဖြစ်သည့် ဘဝခရီးဝယ် ရွှေချယ်သင့်သည့်လမ်း တရားကို လေ့လာနာယူခြင်းဖြင့် လိုက်နာသင့်သည့် ကိုယ်ပိုင်အသိဉာဏ်နဲ့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ထားရမယ့် စံ စိတ်ထားတွေကို သိရှိခဲ့ရပါသည်။ ဒုတိယ တရားတော်ဖြစ်သည့်

မြတ်ဗုဒ္ဓ သာသနာနှင့် ယနေ့ကမ္ဘာ တရားတော်ကို လေ့လာနာယူရသည့်အခါ ပစ္စုပ္ပန် သံသရာ ကောင်းစားရေးအတွက် စီးပွားရေးနဲ့ ပတ်သက်ပြီး ကျင့်ဆောင်ရမည့်အချက်များ သိရှိခွင့်ရခဲ့ပါသည်။ ကိုယ်ကျင့်တရား ကောင်းဖို့လိုအပ်ကြောင်း နားလည်ခဲ့ရပါသည်။ တတိယတရားတော်လေ့လာရခြင်းအားဖြင့် ရုပ်နဲ့စိတ်တွင် စိတ်ကို အဓိကပြင်ဆင်သင့်ပုံ နှင့် စိတ်အညစ်အကြေးများကို သိရှိရကာ ဖယ်ရှားရမည့် အချက်အလက် ဗဟုသုတများ ရရှိခဲ့ပါသည်။ စတုတ္ထတရားတော် မေတ္တာသုတ် ပရိတ်တော်ကို နာကြားရသည့်အခါ ဒီပရိတ် တရားတော်ရဲ့ အဓိပ္ပါယ်တွေကို နှံ့နှံ့စပ်စပ် သိရှိခွင့်ရရှိကာ အရမ်းပီတိ ဖြစ်ရပါသည်။ နောက်ဆုံးတရားတော် အနေဖြင့် သမထနှင့်ဝိပဿနာ တရားတော်ကို လေ့လာရသည့်အခါ ပို၍ စိတ်ကြည်လင် ငြိမ်းချမ်းရပြီး ယခင်က နားမလည်ခဲ့သည့် ဈာန်နှင့်ဝိသနာ ရုပ်နာမ်တွေ အကြောင်း ပိုပြီးရှင်းရှင်းလင်းလင်း သိမြင်ခဲ့ရသဖြင့် စိတ်အေးချမ်းမှု ပီတိများဖြစ်ပေါ်ခဲ့ရပါသည်။ တန်ဖိုးမဖြတ်နိုင်သည့် မြတ်စွာဘုရားနဲ့ဆရာတော်ကြီးရဲ့ ကျေးဇူးတရားကို သိမြင်ခဲ့ရပါသည်။ အချုပ်အားဖြင့်ဆိုရသော် စာမေးပွဲအတွက် စာကျက်ရသည့် စိတ်မျိုးနှင့်မဟုတ်ပဲဗဟုသုတရရှိရေး၊ ကုသိုလ်ရရေးအတွက် လေ့လာလျှင် လွန်စွာမှ အကျိုးသက်ရောက်မှုရှိပါသည်ဟု ထင်မြင်မိပါသည်။

မကြည်ကြည်သွင် (Level-1)

"တပည့်တော်မ သည် တရား ၅ ပုဒ်မှ လေ့လာမှတ်သားစာများ ဘဝမှာ နေထိုင်နည်း စံစနစ်များ မရွေးချယ်သင့်သည့် အချက်များ လေ့လာရင်း တပည့်တော်တို့ ခုချိန်မတိုင်ထိ ဖြစ်နေခဲ့တဲ့ အတွေးမှားတွေကို လမ်းပြပေးတော်မူပါတယ် ဘုရား။ မေတ္တာသုတ်တော်မှ ပါဠို စာပေတွေကို တပည့်တော်မတို့က မြန်မာအသံထွက်နဲ့ ငယ်စဉ်ကတည်းက ရွတ်ဖတ်လာတဲ့အတွက် ခုချိန်မှာ အရိုးစွဲသလို ဖြစ်နေတဲ့အတွက် စာလုံးပေါင်းများ မှားယွင်းခဲ့ပါတယ် ဘုရား။

စိတ်ဖြူစင်ဖို့ ကောင်းမှု မကောင်းမှု အကျိုးပေးတွေသိရှိလေ့လာခဲ့ရပါတယ်ဘုရား သမထ ဝိပဿနာ အားထုတ်တဲ့အခါ ပန်းတိုင်ကို မသိခဲ့ပေမယ့် စိတ်အေးချမ်းဖို့အဓိကလို့ ယခု အသက်ရွယ်ထိ လွဲမှားတဲ့အတွေးတွေဟာ ယခုဆို ရှင်းလင်းသွားပါပြီ ဘုရား။"

မဇ္ဈာနည်ထွေး (Level-1)

ဆရာတော်ကြီးတရားတော်များကိုနာကြားတဲ့အခါ နားလည်သဘောပေါက်လွယ်လာခြင်း၊ မသိသေးတဲ့ဗုဒ္ဓစာပေများ၊ မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်များကို ပိုမို သိကြား ခွင့်ရလာခြင်း၊ လက်တွေ့ကျင့်ကြံနိုင်ဖို့အတွက် အသိပညာများ ရရှိလာခြင်း ကြောင့် ဒီလိုစာမေးပွဲတွေဖြေဖြစ်အောင်စီစဉ်ပေးသော ဆရာတော်ဘုရာကြီးနှင့်တကွ အားလုံးသောမြင်ဆရာ၊ ကြားဆရာများကို ကျေးဇူးများကြီးတင်ရှိပြီး ဦးခိုက်ပူဇော် ပါတယ် ဘုရား။

ဒေါ်ပပခင် (Level-1)

လေ့လာကျက်မှတ်မှုများအရ မရရှိသေးသည့် အသိညာဉ်အများကြီးတိုးပွားပါသည်။ လက်ရှိ မျက်မှောက်ဘဝတွင်လည်းနေ့စဉ် လက်တွေ့အသုံးဝင်ပါသည်။

Ms.Myat Kay Thi (Level-1)

အရှင်ဘုရား ဘုရားတပည့်တော်၏ စိတ်ပိုင်းဆိုင်ရာ အဆင့်ဆင့်ပြောင်းလဲ လာမှုကို တင်ပြပါရစေ။ ၂၀၁၉တပည့်တော် အသက်၂၇လောက်ထိဘဝမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကိုလက်တွေ့မကြုံတွေ့ခဲ့ရဖူးပါဘူး ဘုရား။ စတင် တပည့်တော် ဘဝမှာ ကြီးကြီးမားမား စကြုံလိုက်ရတာ ကိုဗစ်ရောဂါနဲ့ပါဘုရား။ ကိုယ့်ရဲ့ အသိတွေ၊ အရမ်း

ကျေးဇူးရှိခဲ့ဖူးတဲ့ဆရာနှင့်တကွ မိတ်ဆွေတွေ တယောက်ပြီးတယောက်ဆုံးပါးမှု ကို မြင်လိုက်ရတဲ့အခါ တပည့်တော် ရင်ထဲ စတင်ဖြောင်းဆန် ကုန်ပါတယ် ဘုရား။ စားမဝင်အိမ်မပျော် မျက်လုံးထဲက အလိုလိုမျက်ရည်တွေ ကျသည်အထိ စိတ်မကောင်း

ဖြစ်ရပါသည်ဘုရား။တပည့်တော်က ငယ်စဉ်ကတည်းက ဘုရားတရားကို သေချာ ဆောင်ရွက်တဲ့ ထဲပါတာတောင် တပည့်တော် စိတ်ကိုမနိုင်တာ စတင်သိရှိ လိုက်ရပါ တယ် ဘုရား။ ဒုတိယအနေဖြင့် နိုင်ငံရေးတွေစဖြစ်တော့ နိုင်ငံသူနိုင်ငံသား အချင်းချင်း လူတွေအချင်းချင်း သတ်ကြ၊ပုတ်ကြ၊ပစ်ကြခတ်ကြ အချင်းချင်းပုတ်ခတ်အပြစ်တင်ကြ တာ မြင်တော့လည်းတပည့်တော်စိတ် ဒုတိယအကြိမ် တုန်လှုပ်မှုဖြစ်သွားတာကိုမြင်ရပါ တယ်ဘုရား။ တတိယအနေဖြင့် မန္တလေးငလျင်မှာ လူတွေရာပေါင်းများစွာ သေဆုံး ကြတာမြင်တော့လည်း ဝမ်းနည်းပြီး ငိုမိပါတယ်ဘုရား။ တတိယအကြိမ်စိတ်မနိုင် ဖြစ်ခြင်းကို ထင်ထင်ရှားရှားကို မြင်လိုက်ရပါတယ် ဘုရား။ အခဲအချိန်မှာ တပည့်တော် ခေါင်းထဲ အတွေးတစ်ခုပေါ်လာပါတယ်ဘုရား။ ဘုရားစာကို ပုံမှန်ရွတ် ဆိုပွါးများပြီး တရားအနှစ်ကိုမသိလို့သာ ငါလောကမံတွေတွေ့တုန်လှုပ်ကြောက်ရွံ့ရတာ ဖြစ်တယ်။ အရာရာတိုင်းမှာ အဖြေရှိပြီးသား ငါတွေ့အောင်ရှာမယ် လို့တွေးနေစဉ် ပညာဘူမိ တက္ကသိုလ် ကို စတင်တွေ့ရှိခဲ့ပါတယ်ဘုရား။ တပည့်တော်က ဘယ်အရာ လုပ်လုပ် စည်းစနစ်ကျကျနဲ့ တဆင့်ချင်း တက်ရတာကိုကြိုက်နှစ်သက်ပါတယ် ဘုရား။ တကယ် အဆင်ပြေနိုင်၏မနိုင်၏ ဦးစွာတပည့်တော် ပြဋ္ဌာန်းစာအုပ်ကို အရင်ဆုံးဝယ်လိုက်ပြီး ဖတ် ပါတယ်ဘုရား။(တပည့်တော်က နားထောင်ရတာထက် စာကို ဖတ်မှသာ ခေါင်းထဲ ပိုစွဲ သူပါဘုရား) အခဲအချိန်မှာ တပည့်တော်စိတ်ကို တရားအပုဒ်တိုင်း သင်ကြားပေးနေသလို ဆွဲဆောင်နိုင်လွန်းလှပါတယ်ဘုရား။တပည့်တော်ဘဝနဲ့ယှဉ်၍ ချပြပါရစေ။ တပည့်တော်မ သည်စီးပွါးရေးလုပ်ငန်းတွေ ဦးဆောင်လုပ်ကိုင်ရာမှာ လောဘ၊ ဒေါသဆိုတဲ့အရာတွေက ဖြစ်ပေါ်လာတတ်ပါတယ် ဘုရား။ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း တရားတော်ကိုဖတ် လိုက်တဲ့အချိန်မှာ ဒီလိုတွေဖြစ်ပေါ်လာရင် ဘယ်လိုတွေ ထိန်းရမယ်၊ အမှန်ကို သိဖို့ ဘာတွေလိုအပ်တယ်ဆိုတာတွေ သိလာရပါတယ်ဘုရား။ အရင်ကရော မသိဖူးလား ဆို ဝါးတားတား လမ်းလျှောက်နေရသလိုပါ ဘုရား မရှင်းလင်းပါဘူး။ EQစစ်ဆေးပေးတဲ့ ဆရာ က တပည့်တော်ကို ပြောဖူးပါတယ်။ အစ်မက ကိုယ့်ဘာသာ အင်မတန်ကို ထိန်းနိုင်စွမ်း တော်အောင် လုပ်နိုင်စွမ်းမြင့်မားလွန်းနေပြီး၊ အများနဲ့ကျ နေထိုင်

ပေါင်းသင်းစေဖို့အချက်က တပည့်တော်မှာ errorပြနေပါတယ် ဘုရား။ ပထမဆုံး တရားကတပည့်တော် ကြုံတွေ့နေရတဲ့ ပြဿနာအတွက်လည်း ဖြေရှင်း ပေးလိုက် သလိုပါပဲဘုရား။အများနှင့် ပေါင်းသင်းဆက်ဆံရာမှာ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ ဥပေက္ခာ တရားတွေ နဲ့ နေထိုင်လို့ ဆရာတော်ကြီးက ဟောကြားတော်မူတော့ တပည့်တော်ကို လမ်းကြောင်းမှန်ကို ပြသပေးလိုက်သလိုပါပဲ ဘုရား။ တပည့်တော်မဟာ အသက်၂၄နှစ် မှာ Heavy Machinery, Forklift, Excavator ရောင်းဝယ် ဌားရမ်းတဲ့ ကိုယ်ပိုင် စီးပွါးရေး ထဲ ဝင်ရောက်ခဲ့ပြီး ဥစ္စာပစ္စည်းတွေရခဲ့ပါတယ်ဘုရား။ငွေတွေအင်မတန် ရှာနေပြီး ဥစ္စာ ပစ္စည်းတွေ ရရှိလာတော့လည်း တပည့်တော်မှာ ဒါတွေကို ဘယ်လို တိုးပွါးလာအောင် လုပ်ဆောင်ရမလဲ၊ တိုးတက်လာတဲ့ နည်းပညာနဲ့အညီ ဘယ်လိုတွေ လိုက်ပါဆောင်ရွက် ရမလဲ ဆိုတာလည်း နေ့စဉ်နဲ့အမျှ စဉ်းစားနေရတာပါဘုရား။

အဲ့အချိန်မှာ ဒုတိယ တရားတော် က မျက်မှောက်ဘဝ ကောင်းအောင်၊ တမလွန်ဘဝ ကောင်းအောင် ဘယ်လိုအချက်တွေ လိုက်နာဆိုပြီး ဒီဃဇာဏုမင်းသားက တပည့်တော် တို့အတွက်များမြတ်စွာဘုရားကို မေးပေးခဲ့လေသလောဟုထင်ရလောက်အောင် တရား ကို ဖတ်ရှုပြီး ဉာဏ်ပွင့်ခဲ့ရပါသည် ဘုရား။ လုပ်ငန်းတွေလုပ်တော့ တပည့်တော်က ကံပဲကောင်းတယ် ပြောရမလား တော်တော်များများဟာကိုဗစ်နဲ့နိုင်ငံရေးမှာ ချိတ်ပိတ် သွားကြတဲ့ လုပ်ငန်းမနည်းဖြစ်နေတဲ့အချိန်မှာ တပည့်တော်ဟာအခက်အခဲတွေကြားမှာ စိတ်ကိုသေချာတိုက်ပွဲဝင်ဖို့ ပြင်ထားခဲ့ပါတယ် ဘုရား။ သူတစ်ပါးဆိုင်ဌားဖြစ်နေရာကနေ တပည့်တော် ဒီအကျပ်အတည်းထဲမှာ ဆိုင်ဌားခ ရေရှည်မပေးနိုင်လောက်ဘူး။ တတ်နိုင် တဲ့ နေရာမှာတင် ကိုယ်ပိုင်ဖွင့်မယ်ဆိုပြီး တပည့်တော်ဟာ လူသူသွားလာနည်းပေမယ့် သီလဝါကိုတန်းပေါက်တဲ့ လမ်းမတန်းပေါ်မှာ နေရာဝယ် ဆိုင်ဖွင့်ခဲ့ပါတယ်။ လုပ်ကွက် တွေနဲ့ ပတ်သက်၍လည်း ဒီလုပ်ငန်းလုပ်ကွက် ကရေရှည် အဆင်မပြေလောက်ဘူး။ နောက်တမျိုး ပြောင်းမယ် ဆိုပြီး တပည့်တော် ရုံးခန်းထဲထိုင်ပြီး စိတ်ကိုတည်ငြိမ်အောင် ထားရင် ဆုံးဖြတ်ခဲ့မှုတွေကြောင့် ယခုထိ ရပ်တည်နိုင်ခဲ့ပါတယ်ဘုရား။ လုပ်ငန်း လုပ်ရင်း တွေ့လာရတဲ့ ရန်သူများများကိုလည်း တပည့်တော် တတ်နိုင်သရွေ့ မေတ္တာပဲ ထားလိုက်

ပါတယ်ဘုရား။ (ထိုစဉ်တုန်းကမေတ္တာသုတ်ကို နားမလည်ခဲ့သေးပါဘူး)ယခု သုတ္တဓမ္မ ကို ဖြေဆိုမှာသာ တပည့်တော် မေတ္တာ၏ သဘောသဘာဝတွေ၊ ဥပေက္ခာတရားတွေ ကို ရှင်းရှင်း လင်းလင်း သိလာရတာပါဘုရား။ နေထိုင်ရင်း လူသားတွေမို့ လောကဓံ လှိုင်းပိုးနဲ့ တွေ့ကြုံခဲ့ရတာမနည်းပါဘူးဘုရား။ ကိုယ့်ကျင့်တရားကောင်းမွန်စွာဖြင့် ကျော်ဖြတ် ရမှာက တပည့်တော်တို့တာဝန်ဖြစ်တာကြောင့် ဘယ်လိုကျော်ဖြတ်ကြမလဲ တွေးလိုက် သော်အခါ စိတ်သာအဓိကကျတယ်ဆိုတဲ့ အဖြေထွက်လာပါတယ်ဘုရား။ စိတ်သာမကျ သရွေ့တပည့်တော်ဟာ အရာရာအောင်မြင်နိုင်တယ်လို့ တွေးထားပါတယ် ဘုရား။ တပည့်တော်ဟာဆိုရင် ဒီLevel1 အဆင့်မှာတင် လူတွေနဲ့ ဘယ်လိုပေါင်းသင်း ဆက်ဆံ ရမလဲဆိုတာရယ်၊ စိတ်ကိုဖြူအောင်ထားဖို့၊ စိတ်အညစ်အကြေး တွေကို ဘယ်လို ဖယ်ရှားရမလဲ၊ ယောက်ယက်ခတ်နေတဲ့ စိတ်နဲ့ ကြုံလာရရင် ဘယ်လို ရင်ဆိုင် ဖြေရှင်း ရမလဲဆိုတာတွေ၊ အာနပါနကမ္မဋ္ဌာန်း၊ ဝိပဿနာတရားများ၏အခြေခံသဘောတရားတွေ ကို ဒီအသက်အရွယ်များ စတင် မိတ်ဆက်သိရှိလိုက် ရတာဟာ တပည့်တော်အတွက် ထီဆုကြီး ပေါက်လိုက်ရသလိုပါပဲ။ နိဂုံးအားဖြင့်ဆိုရသော် တပည့်တော်သည် ဆရာတော်ကြီး ချမှတ်ထားသော လမ်းစဉ်အတိုင်း တသွေမတိမ်း တပည့်တော် လိုက်နာ ပါ မည်ဘုရား။ လမ်းဆုံးရင် ရွာတွေ့ဆိုသလို တပည့်တော်အတွက် ဒီlevel (1) အဆင့် က ဒီလောက်အကျိုးများများ ရနိုင်မယ်ဆို BAပြီးရင်တပည့်တော် ဗဟုသုတတွေတော်တော် ရနေလောက်ပါပြီဘုရား။ တပည့်တော်မဟာ အလုပ်တခုလုပ်ရင် ရေဆုံး မြေဆုံး လုပ်တတ် သူမို့ တပည့်တော်ဟာ အသက်ရှင်၍ နေထိုင်နေသရွေ့ ဆရာတော်ကြီး မျှော်မှန်းထားတဲ့ ရှေးဟောင်းပါဠိကျမ်းတွေ တည်းဖြတ်ချင်တဲ့အထိ စိတ်ဆန္ဒများ ဖြစ်ပေါ်နေလျက် ရှိကြောင်း ရိုသေမြတ်နိုးလက်စုံမိုး၍ လျှောက်ထားလိုက်ရပါတယ် ဘုရား။ "

ဒေါ်ခိုင်မိမိလွင် (Level-1)

တပည့်တော် အသက် ၁၆ နှစ်လောက်မှ စ၍ မေတာ သုတ်ကို စရပြီး ရွတ်ပါတယ် ဘုရား ။ အခု အသက် ၃၇ level (1) ဖြေဖို့ စာဖတ်မှ နားလည်ပါတယ် ဘုရား။ တရား ၅ ပုဒ်လုံး အရမ်းကောင်းပါတယ် ဘုရား။ တပည့်တော်အတွက် အသိဉာဏ်များလဲ တိုးတက်လာပါတယ်ဘုရား တပည့်တော်က ဒေါသထွက်လွယ်တဲ့သူပါ ဘုရား။ အခု တရားတွေ ဖတ်ပြီးတဲ့ အချိန် အတော်လေး ထိန်းချုပ် လာနိုင်ပါတယ်ဘုရား။ အချိန်မရသည့်အတွက် ပြဋ္ဌာန်း စာအုပ် တစ်မျိုးတည်း အိမ်မှာ self study လုပ်ရင်း တောင် အရမ်းတိုးတက် အကျိုး ရှိပါတူတယ် ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါတယ်။ တပည့်တော် ပတ်ဝန်းကျင်က သူတွေကိုလဲ ပြန်လည် ဝေမျှထားပါတယ် ဘုရား။

ခင်ထွေး (Level-1)

၂၇-၆-၂၀၂၆နေ့တွင် ဒုတိယအကြိမ်မြောက် သုတမမ္မဒီပလိုမာ level(1)ကို ဒုတိယ အကြိမ်မြောက် ဖြေဆိုခြင်းဖြစ်ပါသည်ဘုရား။ ၂၉-၁၁-၂၀၂၅ နေ့က ပထမအကြိမ် ဖြေဆို ခြင်းမှာ အောင်မြင်မှု မရခဲ့ပါဘုရား။ ဖြေဆိုပြီးချိန်မှာလည်း အဖြေမတိုက်ရဲခဲ့ပါဘုရား။ စာမေးပွဲ အောင်စာရင်းထွက်တော့ကြည့်တော့ ကြည့်ဖြစ်ခဲ့ပါတယ် ဘုရား။ စာမေးပွဲ မှာ မအောင်မြင်ရတဲ့အကြောင်းရင်းကတော့ တပည့်တော်မသည် စာမေးပွဲဖြေဖို့ တစ်လ အလိုမှ စာတွေကို နူတ်တိုက်ကျက်ခဲ့သောကြောင့် တရားသဘောကို နားမလည်ဘဲနှင့် ဖြေဆိုမိသောကြောင့် အောင်မှတ်ထိတောင် မရခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ ယခုနှစ် ဒုတိယ အကြိမ်မြောက်မှာတော့ ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ပါသည် ဘုရား။ ဂုဏ်ထူးမှတ် တော့ မရခဲ့ပါ ဘုရား။မတ်လထဲမှာ ကျန်းမာရေး မကောင်းလို့ ဆေးရုံတက်ရောက်ကုသခဲ့ ရတော့စာမေးပွဲမဖြေတော့ဘူးလို့ အတွေးဝင်ခဲ့မိပါသေးတယ် ဘုရား။ သို့သော်လည်း တပည့်တော်မ သေမယ့် အချိန်က ဘယ်တော့ရောက်လာမယ်ဆိုတာ ကြိုတင်မသိနိုင်

တော့ စာမေးပွဲဖြေဖို့ကိုပဲ ရွေးချယ်ဆုံးဖြတ်ခဲ့ဖြစ်ပါတယ်ဘုရား။ ဘဝခရီးဝယ် ရွေးချယ်ရမည့် လမ်း တရားတော်မှ ဘုရားတပည့်တော်မအတွက် ဘဝအတွက် နေတတ် ထိုင်တတ်ဖို့ လမ်းညွှန်ပေးပြီး ဗုဒ္ဓဘာသာကို အရင်ကထက် ပိုပြီး သက်ဝင် ယုံကြည်စေမိပါသည်ဘုရား။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ တရားတော်မှ ဘဝ အတွက် ဝါရိတ္တသီလနဲ့ စာရိတ္တသီလကို ခွဲခြားတတ်ပြီး အဓိကနဲ့သာမညကို ခွဲခြားတတ်လာပါသည်ဘုရား။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း တရားတော်မှ ဗြဟ္မစိုရ်တရားလေးပါးကို နားလည်ပြီး စိတ်ထားဖြူစင်အောင် ကြိုးစားနေထိုင်ဖြစ်ပါသည် ဘုရား။ မေတ္တာသုတ် အနှစ်ချုပ်တရားတော်မှ မေတ္တာဘယ်လိုပွားများရမယ်ဆိုတာ နားလည်လာခဲ့ပါသည်ဘုရား။ သမထနှင့်ဝိပဿနာတရားတော်မှ တပည့်တော်မ နားလည်နိုင်အောင် ကြိုးစားလေ့လာနေဆဲပါဘုရား။ သမထနှင့် ဝိပဿနာတော့ ကွဲသွားပါပြီ ဘုရား။ တပည့်တော့ဘဝမှာ ဘာသာရေး အဆုံးအမနှင့်နေထိုင်ဖို့ ဆုံးဖြတ်ချက်ပြတ်သားစွာ ချမိသည်အတွက် သုတမမှ ဒီပလိုမာစာမေးပွဲ ကျင်းပခြင်းတွေကို အထူးပင် လေးစားကြည်ညိုမိပါသည်။

မန္တေးအိအိကျော်ဇင် (Level-1)

ဘုရားတပည့်တော်မသုတမမှ'ကို စတင်လေ့လာသင်ယူလာတာ ခုဆို(၇)ထဲ ရှိပါပြီဘုရား။ စတင်လေ့လာထဲက ဆရာတော်ကြီးရဲ့ ဒါကာ/မတွေအပေါ် ထားရှိတဲ့မေတ္တာကရုဏာ၊ တရားတော်ကိုနာယူခြင်း သင်ယူခြင်းမှ ရင်ထဲစွဲစေရန် စာမေးပွဲပြုလုပ်ဖြေဆိုစေချင်တဲ့ စေတနာ အပြည့်အဝခံစားတွေ့ရှိရပါတယ်။ အထူးသဖြင့် *ဆင်းရဲချမ်းသာမရွေး* လူတိုင်းဖြေဆိုနိုင်စေရန်လည်း သင်ယူချိန်တွင်လည်း ဓမ္မဒါနအဖြစ် စာအုပ်လှူဒါန်းခြင်း၊ Online မှ ဓမ္မဒါနအဖြစ်သင်ကြားပေးခြင်း၊ ဖောင်တင်ချိန်တွင်လည်း၍ လာရောက်လျှောက်ထားရန် ခက်ခဲသူများအတွက် လွယ်ကူစေရန် Online form များထားရှိပေးခြင်း စာဖြေဆိုရက်သတ်မှတ်ရာတွင်လဲ အများသူငှာ ပိတ်ရက်ကိုရွေးချယ်ပေးခြင်း တရားဓမ္မများ ဖြေဆို

ပူဇော်ချင်သူတိုင်းကို မြန်မာစာရေးတတ်ဖတ်တတ်ရုံမှအစ ဝတ်စုံ မသတ်မှတ်ခြင်း အထိ မည်သူမဆို ဘောပင်တစ်ချောင်းရှိရုံနှင့် အခက်အခဲမရှိ ဖြေဆိုပူဇော်နိုင်ရန် ခွင့်ပြုပေး ခြင်းတို့ဖြင့် ဆရာတော်ဘုရားကြီးနှင့်တကွ ပညာဘူမိဆရာတော်ကြီးများ၏ စေတနာ မေတ္တာ ကရုဏာများကို လက်တွေ့ခံစားရပါတယ်။ ငွေကြေးမရှိသောသူတွေလဲ လွယ်လင့် တကူဖြေဆိုနိုင်စေခြင်းအပေါ် ထိုသူများ ကိုယ်စားအလွန်ကျေးဇူးတင်မိ ပါကြောင်း လျှောက်ထားအပ်ပါသည်။"

မဇ္ဈဝေါင်း (Level-1)

စာမေးပွဲအတွက် စာတွေကျက်မှတ်ရင်း ကိုယ်သိထားတာတွေသည် အမှန်တကယ် သိနားလည်ထားတာမဟုတ်၊ တချို့ကို မှားယွင်း သိထားတာတွေ ဖြစ်နေဆိုတာကို ကွဲကွဲ ပြားပြား သိရှိပြီး အသိတရား၊ အမှန်မြင်မှုရရှိလာပြီး၊ မြတ်စွာဘုရားတရားတော်တွေ ပေါ်မှာ ပိုမိုယုံကြည်လာပါသည်။ ဘုန်းဘုန်းကြီးကို လျှောက်ထားလိုသည်မှာ မိတ်ဆွေ တစ်ဦးကို တရားစာသင်ကြားဖို့ တိုက်တွန်းတဲ့အခါ သူက လက်ရှိမှာ တရားတွေနာတယ် သူတပါးအပေါ် မကောင်းတာ မလုပ်ဘူး၊ အတတ်နိုင်ဆုံးကောင်းအောင်နေတယ်၊ တရား စာသင်မှ မဟုတ်ဘူး၊တရားနာရင်လည်း ရတယ်လို့ပြောတယ်။ အဲလိုနဲ့ သူကိုတရား စာသင် ဖို့ တိုက်တွန်းလို့မရပါဘူး ဘုရား၊ တပည့်တော် ကွဲကွဲပြားပြား သိလိုသည်မှာ အဲလို နားလည်သူနဲ့ တရားစာကို သင်ယူတတ်မြောက်သည့်သူ ကွာခြားချက် ကို သိလိုပါသည် ဘုရား။

သန္တာဌေး (Level-1)

ဆရာတော်ကြီးဘုရား တပည့်တော်မ ရှေးဦးစွာ ကန်တော့ပါတယ်ဘုရား။ တပည့်တော်မ က အရင်က ခရစ်ယာန်ဘာသာ ကိုးကွယ်ပါတယ်ဘုရား ခင်ပွန်းသည်နဲ့တွေ့တော့

သူ့ကိုချစ်လွန်းလို့ ဘာသာပြောင်းခဲ့ပါတယ် မိဘတွေက အဖေ ဗုဒ္ဓ အမေ ခရစ်ယာန် ဘာသာကိုးကွယ်တာပါဘုရား ငယ်ကတည်းကိုးကွယ်ခဲ့တဲ့ဘာသာဖြစ်ပေမဲ့ အပြစ်လုပ်လို့ ဘုရားရှင်ဆီ ဝန်ချတောင်းပန်လိုက်ရင် တကယ်ရောခွင့်လွတ်တာဟုတ်ရဲ့လားဆိုပြီး အမြဲသံသယရှိခဲ့ပါတယ်ဘုရား ငါသေရင် ငရဲရောက်ရင်ဘယ်လိုလုပ်မလဲ စိုးရိမ်ခဲ့ရပါတယ် ခင်ပွန်းသည်နဲ့ယူပြီးပေမဲ့ ပေါ့ပေါ့တန်တန်ပဲသဘောထားပြီး ဘုရားသွား ကျောင်းတက် ဘုန်းကြီးရှိခိုးတာလောက်ပဲ စိတ်က ငါ့ယောကျ်ားး သေသွားရင် ငါ ခရစ်ယာန်ဘာသာထဲ ပြန်ဝင်မိမလား ဘယ်တရားက အမှန်လဲစဉ်းစားမိတာ ခဏခဏပါပဲ အခုတော့ အဲ့သံသယ တွေ လုံးဝရှင်းသွားပါပီဘုရား ဘဝခရီးဝယ်ရွေးချယ်ရမဲ့ မှန်ကန်တဲ့လမ်းကို တပည့်တော်မ တွေ့ရှိလို့ လက်တွေ့ကျင့်သုံးနေပါပီဘုရား မိမိကိုယ်တိုင်သာမက မိမိမိသားစုကိုပါ အထွက်သလ သူတွေဖြစ်အောင် နေထိုင်တတ်ဖို့သွန်သင်နိုင်တဲ့သူ ဖြစ်နေပါပီဘုရား ဆရာတော်ကြီးရဲ့ ဒီ သုတမမ္မစာမေးပွဲဟာ တပည့်တော်မရဲ့ ဘဝအတွက် အကောင်းဆုံး လမ်းညွှန်ချက်မြားလေးပါ အရှင်ဘုရား တကယ်လို့ တပည့်တော်မ အရင် တပည့်တော်မ အမျိုးသား မရှိခဲ့ရင်တောင် တပည့်နော်မရဲ့ ရင်ထဲက ဘာသာ တရား ဟာ အုတ်မြစ်ခိုင် သွားပါပီဘုရား အရှင်ဘုရားကိုလဲ အပြင်မှာ ၂ကြိမ်တောင်ဖူးခွင့် ရခဲ့လို့ အမြဲပီတိဖြစ်ရ ပါတယ်ဘုရား ပြင်ဦးလွင် လာလည်တိုင်းဆရာတော်ဘုရားကို လာရောက် ဖူးမျှော်ပါ့မယ် ဘုရား ကျေးဇူးတင်ပါတယ်အရှင်ဘုရား အရှင်းဘုရား သက်တော် ရာကျော်ရှည် ပါစေလို့ ဆုတောင်းနေပါ့မယ် ဘုရား "

ဒေါ်ခင်မာဇင် (Level-1)

ကိုယ့်ထက် အသက်ကြီးသူ ငယ်သူမရွေး ဖြေဆိုနေတာတွေ တွေ့နေပေမယ့်လည်း အမှုမဲ့အမှတ်မဲ့နေလာရင်း မှ ပြီးခဲ့သော ဘွဲ့နှင်းသဘင်ကိုကြည့်ပြီး ပူဇော်ကြည်ညိုစိတ် ဖြစ်လာသောကြောင့် စလေ့လာဖြစ်ပြီး ဝင်ရောက်ပူဇော်ခဲ့ပါသည် ဘုရားး စာပေထဲတွင် မှတ်သားရသည်များကို အမှတ်ရရုံအတွေးမှလွန်၍ လက်တွေ့လိုက်နာကျင့်သုံး ကြိုးစား

ရမည်ဟူသော အသိဉာဏ်တံခါးတွေ ပွင့်လာခဲ့သည့်အတွက် လောကုတ္တရာ ရေးရာတွင် အဖိုးမဖြတ်နိုင်သော အမြတ်တစ်ခု တိုးပွါးလာရသည့်အတွက် ပညာဘူမိ တက္ကသိုလ်ကြီးသည် တပည့်တော်တို့အတွက် ရှေ့ဆောင်လမ်းပြ မီးရှူးတိုင်သဖွယ် ဖြစ်ရပါ သည် ဘုရား။

Myo Myo Thinn (Level-1)

level(1)မှာ သမထနှင့်ဝိပဿနာကို နာရင်း စိတ်ဝင်စားမိပါတယ်။ တရားနာပြီး တရားထိုင် ဖြစ်တဲ့အခါအရင်နဲ့ လုံးဝမတူတာ သတိထားမိပါတယ်။ ဆရာတော် ဘုရား အား ကျေးဇူးလွန်စွာတင်ပါတယ်ဘုရား။အစကတော့ အမေ စိတ်ချမ်းသာအောင်ဖြေမယ် စိတ်ကူးပေမယ့် အခုကတော့ ရှေ့ဆက်level များကို ဆက်လက်လေ့လာပူဇော်ပါမယ် ဘုရား။

ဒေါ်လေးရွှေဇာင်ဦး (Level-1)

သွားရင်း လာရင်း အတိုချုပ် မေတ္တာပို့သည့် အလေ့အထ ရလာပါသည်၊ ဉာဏ်စဉ် အဆင့်ဆင့် ပိုမိုမှတ်မိသွားပါသည်။ ဒုစရိုက် ၁၀ ပါးကို မကျူးလွန်မိအောင် လွန်ကဲတဲ့ မာန မထားမိအောင် ကြိုးစားရန် သတိထားဆင်ခြင်သည့် အလေ့အထ ရလာပါသည်။ ဆရာတော်ကြီး၏ တရားတော် ၅ပုဒ် သေချာနားထောင်ပြီး မေးခွန်း ၁၀ ပုဒ် ကောင်းစွာ နားလည်ဖြေဆိုနိုင်ခဲ့သောကြောင့် မိမိ၏ နားလည်သဘောပေါက်မှုကို ကျေနပ် အားရမိ ပါသည်။ နောက်အဆင့်များ ဖြေဆိုရန် ဆန္ဒရှိပါသည်။ အောင်ခြင်း ကျခြင်းထက် သဒ္ဓါဖြင့် ဖြေဆိုပူဇော်ခြင်းဖြစ်ပါသည်၊ ဒီပလိုမာ ရချင်တဲ့ လောဘရှိကြောင်း ဝန်ခံအပ်ပါသည်။

ဒေါ်နဒီလှိုင်း (Level-1)

အရှင်ဘုရား တပည့်တော်မက ငယ်ငယ်ထဲက အရမ်း အမှတ်အတေး ကြီးတဲ့သူ တစ်ယောက်ပါ။ ဒေါသလဲ အလွယ်တကူဖြစ်တတ်ပါတယ် ဘုရား။ခေတ်ကာလ အခြေအနေဆိုး တွေအောက်မှာ စိတ်ပိုင်းဆိုင်ရာအတော် ထိခိုက်ကျဆင်းခဲ့သူ တစ်ယောက်ပါ။ မကြာခဏဆိုသလို အခက်အခဲတွေကြားမှာ စိတ်ဓာတ်တွေကျပြီး မျက်ရည်အလွယ်တကူ ကျခဲ့တဲ့အထိပါပဲ ဘုရား။ သုတဓမ္မ ဝင်ဖြေဖို့ ဆုံးဖြတ်ခဲ့တဲ့ အချိန်မှာ ဆရာတော်ဘုရားရဲ့ တရားတော်တွေကို နာယူရင်း ဒေါသရဲ့ အပြစ်တွေ စိတ်ကိုပူလောင်မှုပေးတဲ့အရာတွေကို သိမြင်နားလည်လာပါတယ်ဘုရား။

(၁)ဒေါသမဖြစ်ခင်နဲ့ ဒေါသဖြစ်ပြီး စိတ်ရဲ့အခြေအနေကိုအတော်လေး သတိထား မိလာပါတယ်ဘုရား။ နောက်တော့ ဒေါသကြောင့်ပူလောင်တဲ့ခံစားမှုကို မကြိုက် နှစ်သက် တော့ပါဘူးဘုရား။ ဒေါသလုံးဝမထွက်အောင် မနေနိုင်သေးပေမဲ့ တပည့်တော်မ ဒေါသထွက် ချိန်တိုတောင်းသွားပါပြီဘုရား။ အလွယ်တကူ ဒေါသမထွက်တော့ပါဘူး ဘုရား။ (တပည့်တော်မ လုံးဝ ဒေါသမထွက် တတ်တော့တဲ့အထိ ဖြစ်အောင် ဆက် ကြိုးစား ပါဦးမယ်ဘုရား။)

(၂) တပည့်တော်မ စိတ်ထိခိုက်စရာတွေကြားရ မြင်ရင်ရတောင် အလွယ်တကူ မျက်ရည်မကျတော့ပါဘူး ဘုရား။ ရင်ဆိုင်နေရတဲ့ ပြဿနာတွေအပေါ်မှာ "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်တယ်လို့"" သိမြင်လာပြီး မကောင်းမှုဆိုတဲ့ အကုသိုလ်တရားအသစ်တွေ မိမိစိတ်သန္တန်မှာ တက်နိုင်သမျှထပ်မဖြစ်တော့အောင် အကောင်းဘက် ကိုလှည့်တွေး တတ်လာပါပြီဘုရား။

(၃) တပည့်မတော်အပေါ် ကောင်းစွာဆက်ဆံပြောဆိုသည်ဖြစ်စေ မကောင်းပြောဆိုသည် ဖြစ်စေ အဒီလူကိုလျစ်လျူမရှု ၊ သူ့ရဲ့အပြုအမူကိုသာ လျစ်လျူရှုပြီး တပည့်တော်မ လုပ်သင့်တယ်ထင်တာတွေကို ဆက်လုပ်ပေးပါတယ် ဘုရား။ "တပည့်တော်မ မေတ္တာ နဲ့

ဥပေက္ခာကို အတော်လေးနှလုံးသွင်း လာနိုင်ပါပြီဘုရား" ကျေးဇူးကြီးမားလှပါတယ် အရှင်ဘုရား။"

မဆွေဆွေနိုင် (Level-1)

ဆရာတော် ဘုရားကြီး မေတ္တာတော် အနန္တကိုလည်းတွေ့ရှိ၍ ကျေးဇူး ဥပကာရ အထူး တင်ရှိပါသည်။ နေ့စဉ်ဘဝတွင် သတိဖြင့် ဉာဏ်မျက်စိ နှစ်မျိုးဖြင့် နေထိုင်ဖြစ် ခဲ့ပါသည်။ အလုပ်မအား၍ မဖြေဖြစ်မည်ဟု ထင်ခဲ့သော်လည်း မိတ်ဆွေများ၏ စာအုပ်များပေး၍ ပူဇော်ဖြစ်အောင် ပေးခဲ့သည့် အတွက် ဖြေဖြစ်အောင်ဖြေမည် ကိုယ်ရဲ့ အသိဉာဏ် ဘယ်လောက်ထိရှိပြီလဲ ကိုယ်ဘာသာကိုလည်း စမ်းစစ်ချင်ပါသည်။ ဘုန်ကြီးကျောင်း သွားမှ၊ တရားစခန်းဝင်မှ ဆရာတော်ဘုရားကြီးသိစေလိုသော အသိများကို သိရမည် ဆိုလျှင် ဒီဘဝတွင်လည်း မသိဘဲ သေရမည်ကို ကြောက်မိလာပါသည်။ ဉာဏ်မျက်စိ နှစ်မျိုးဖြင့် သိပြီးသေတာက အကျိုးပိုရှိသည်ဟုလျောက်ထားအပ်ပါသည် အရှင်ဘုရား...

ဒေါ်မေသက်ဇွန် (Level-1)

ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး ဒေါက်တာနန္ဒမာလာဘိဝံသ အား ရှစ်ခိုးကန်တော့ပါ၏ဘုရား.... တပည့်တော်မသည် level2 အတွက် ဓမ္မအသိဖြင့် အကျိုးရှိရှိ နေမည် ဆိုတဲ့ တရားကို နာကြားရင် feed back ရေးသားလိုက်ပါသည်ဘုရား။လူဆိုတာ သေမျိုးဖြစ်သည့်အတွက် ဇကန်မုချတစ်နေ့သေရမယ်ဆိုတာ ဆင်ခြင်နှလုံးသွင်းထား သည့် အတွက် အသေတက်ချင်ပါသည်ဘုရား။ အသေတက်ဖို့အတွက် ဘယ်က စရမလဲ ဘာတွေသင်ယူရမလဲဆိုတာ တပည့်တော်မ မသိပါဘူးဘုရား။ facebook သုံးရင်း ဆရာတော်ကြီး ဦးစီးတည်ထောင်ထားတဲ့ သုတဓမ္မစာမေးပွဲကို တပည့်တော်မ တွေ့လိုက်

ပါတယ်ဘုရား။ အသေတက်ဖို့အတွက် ဒီစာမေးပွဲတွေကပဲ အစပြုသင့်တယ်ထင်ပြီး စာမေးပွဲဝင် ဖြေပါသည်ဘုရား။level(1) အတွက်တရား၅ပုဒ်နာကြားရသည့်အချိန်မှ စပြီး တပည့်တော်စိတ်သည် အေးချမ်းနေပါသည်။ ထမင်းချက်နေတဲ့အချိန်၊ အလုပ်နားနေသည့် အချိန်၊မီးပူတိုက်နေသည့်အချိန်ကအစ အိပ်မပျော်သေးခင်အထိ ဆရာတော်ကြီး တရား များကို နာယူခဲ့ပါသည်ဘုရား။စိတ်ထဲမှာ နေ့စဉ်လုပ်ရသည့် အိမ်မှုကိစ္စ လူ့ရဲ့ လုပ်ငန်း တာဝန်ကလွဲပြီး ဆရာတော်ကြီးရဲ့ တရာတော်အသံနဲ့ တရားစာအုပ်ပဲ စိတ်နှလုံးထဲမှာ ကိန်းအောင်းနေပါသည်ဘုရား။ level(1) ဖြေဆိုပြီးသည့် အချိန်မှာလည်း နောက် တစ်ဆင့် အတွက် တရားနာဖို့ စာအုပ်ဖတ်ဖို့အတွက် အစဉ်သင့် ဖြစ်နေပါသည် ဘုရား။ တရားတော် များကို နှလုံးသွင်းနေရသည့်အတွက် တစ်ခြား အကုသိုလ် စိတ်များ တစိုးတစ်စမှ မဝင်ရောက်ပါဘူးဘုရား။ တပည့်တော်သည် ဆရာတော်ဘုရား၏တရားတော်များ နာကြား ရင်း စိတ်အေးချမ်းကာ တရားဓမ္မနဲ့ ပျော်မွေ့နေပါသည် ဘုရား။ ဘဝကို level (1) မှ စတင် ပြီး ဘဝနေဝင်ချိန်ထိ တရားဓွနဲ့ပဲပျော်မွေ့ဖြစ်တော့မည် ဖြစ်ပါတယ်။ တရားဓမ္မရဲ့ အရသာ အစစ်ကို တွေ့ရှိရပါသည်။ဆရာတော်ဘုရားကြီး သက်တော်ရာကျော် ရှည်ပါစေ လို့ ဆုတောင်း မေတ္တာ ပို့သလျက်...."

Chitmyothu (Level-1)

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများအား ဦးစွာပဏာမ ကန်တော့ လက်အုပ် ချီလျက် ရှိခိုးဦးညွတ် ဂရဝ ပြုအပ်ပါသည် ဘုရား။ ခေါင်းစဉ် က စာမေးပွဲအတွက်လေ့လာ ကျက်မှတ်ရင်း တိုးတက်လာသည့် အသိဉာဏ်များ၊ အချက်လက်များကို သေချာ တွေးတော သုံးသပ် ကြံရွယ်မိပါလျှင်၊ တပည့်တော်သည် ဗုဒ္ဓဘာသာဝင် တယောက် ဖြစ်သော်လည်း အမှန်စင်စစ် ဝန်ခံရလျှင် မိရိုးဖလာ ဗုဒ္ဓ ဘာသာ သာဖြစ်ခဲ့ပါသည်ဘုရား။ အကြောင်းဖန်လာတော့ သုတမမှ ဒီပလိုမာ စာမေးပွဲကို တပည့်တော် G 11 အရွယ်မှာ

စတင်၍ ဆရာမ တဦးထံမှ သိခဲ့ရပါသည်ဘုရား၊ G-12 ပြီးမြောက်ရင် ဖြေဆိုမည်ဟု ရည်ရွယ်ချက် ထားခဲ့ပါသည်ဘုရား၊ ၂၇.၆.၂၀၂၆ သုတဓမ္မဒီပလိုမာ level (1) ဖြေဆိုခဲ့ပါသည် ဘုရား။ တရားတွင် ဘဝခရီးဝယ်ရွေးချယ်ဖို့ရာ မှာ ဟောကြားခဲ့သည့် တရားထဲတွင် တပည့်တော် လွန်စွာ သိချင်နေသော အကြောင်းအရာများ ပါလှပါသည် ဘုရား၊ မိမိလုပ်ချင်တာလုပ်ပြီး ဘုရားရှေ့ထူးထောက်ဖြောင့်ချက်ပေးရုံဖြင့် အပြစ်မှာ မပြေပျောက်နိုင်သည် ဆိုသော အချက်အား။တပည့်တော် ကောင်းစွာ နားလည်၍၊ ဗုဒ္ဓမြတ်စွာ၏ သေချာသောလမ်း ကို တပည့်တော် သိခဲ့ရပါသည်ဘုရား၊ ဤအချက်ကြောင့် ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ အင်မတန်မှ ဂုဏ်ယူဖွယ် ဖြစ်လှပါသည်ဘုရား။ မြတ်ဗုဒ္ဓနှင့် ယနေ့ကမ္ဘာတရားတော်တွင် ဟိတသုခ အခြေနေကောင်းတွေနှင့် လက်ရှိစီးပွားရှာနည်း ၊ ဒိဌဓမ္မဟိတ၊ သမ္ပရာယဟိတသုခ အကြောင်းအရာများကြောင့်၊ မြတ်ဗုဒ္ဓ ဟောကြား မိန့်တော် မူခဲ့သော ပြည့်စုံသည့်လူလား ဖြစ်အောင် လက်တွေ့ကြိုးစားကျင့်ကြံမည်ဟု့ ဓိဌာန်ပြုထားပါတယ်ဘုရား။ စိတ်၏ အညစ်အကြေးများကို ဖယ်ရှားခြင်း တရားတော် တွင်၊ မဟာအဿပူရသုတ်တော် အရ စိတ်ဖြူစင်ဖို့ရာ ကြိုးစားသင့်သည့် အချက်(၈) ချက်အား ၊ အမှန်ဧကန် ယခု့ ဖြေဆိုမှ သိရပါတယ်ဘုရား ၊ နိဝရဏ တရားငါးပါးမှ လွန်စွာမှ ထိုးနက်သော ကောင်းမွန်သော လူငယ်ဘဝနှင့် ဆက်စပ်လျှက် ရှိသော အကြောင်းအရာ များအား လက်တွေ့ကျကျ သိခွင့်ကြုံခွင့် ရလိုက်ပါသည်ဘုရား။ မေတ္တသုတ်အနှစ်ချုပ် တရားတော်အရ တပည့်တော်တို့သည် မေတ္တသုတ်ကို ရွတ်ဖတ်ရသည်ဟု့ ရှေးရိုးအစွဲမှာ တရားမလေ့လာမီအထိ ထက်တိုင် ကျင့်သုံးနေပါသည်ဘုရား မေတ္တာ ဆိုတာ ရွတ်ဖတ်ရုံ နာရုံမျှ မဟုတ်ဘဲ၊ ဘာဝေတဗ္ဗ ပွားများရမည့် တရားဟု့၊သိခွင့်ရလိုက်ပါသည်ဘုရား ထို့အပြင် မေတ္တာ ပွါးပုံ မေတ္တာအကျိုး များကို မလွှဲဧကန် အမှန် အဓိပ္ပာယ်ပေါက်ရောက်၍ မေတ္တာ ပွားနေသည့် အခိုက်ဝယ် စိတ်ထားအား ထားရမည့်ပုံကို သိခွင့်ရလိုက် ပါသည် ဘုရား။ သမထနှင့်ဝိပဿနာ ဆိုသော။တရားတွင် တပည့်တော်နှင့် အလှမ်းကမ္ဘာဝေး၍ အသိခက် အမြင်ခက် ဖြစ်နေပါတယ်ဘုရား ၊ တပည့်တော်သည် သေချာ ခက်ခဲသည်ဟု့

ထင်၍ လေ့လာရာတွင် ပိုမို အားစိုက်ထုတ်လျက် လေ့လာပါသည်ဘုရား။။တပည့်တော်သိသော စျာန်မှာ မိုးပေါ်ပျံရသော စျာန်တမျိုးသာ သိရသော်လည်း တရားတော်မှ စျာန်အကြောင်းကို၊ ဌာန်းကတိုင်းကျကျ ရှင်းပြ၍ သမထနှင့် ဝိပဿနာ ကြိုးစား အားထုတ်နည်းပါ၍ တပည့်တော် လေ့ကျင့်ဖို့ရာ စာတွေ့ကို လေ့လာခွင့် ရရှိခဲ့ပါ သည်ဘုရား။ တပည့်တော်သည် ဆရာတော်ဘုရားကြီးအား ကြည်ညိုု၍ ယခု ရရှိခဲ့သော အတွေးထင်ကို ပြေးမြင်၍ ရေးထင် လိုက်ပါသည်ဘုရား၊ ပြောမှားဆိုမှားရေးမှား ရှိခဲ့ပါက ဆရာတော်ကြီးများဘုရား ကရုဏာ ရှေ့ထား၍ ခွင့်လွတ်တော်မူပါဘုရား။

ဒေါ်တင်နွဲ့ (Level-1)

စာမေးပွဲအတွေ့အကြုံ နည်းသေးသဖြင့် မေးခွန်းကိုသေချာနားမလည်ဖြစ်ပါသည် သေချာလေ့ကျင့်လျှင် အဆင်ပြေသွားမည်ဖြစ်ပါ၍ လာမည့်အတန်းများတွင် တရားတော်များအား သေသေချာချာနာကြားပါမည်မေးခွန်းနှင့်အနီးစပ်ဆုံးကိုစဉ်းစား၍ဖြေပါမည်သေချာတရားနာလျှင်အဆင်ပြေသွားမည်ဖြစ်ပါသည်။ တရားနာရုံအဆင့်မဟုတ်ဘဲ ရင်ထဲနှလုံးသားထဲစွဲမြဲစွာ နားကြားသဖြင့်ကြားပျောက်မဖြစ်တော့ပါ ယခုဆိုလျှင် မြင်လိုက်ကြားလိုက်တာ တရားတော်ပါ အချက်အလက်များနှင့်တိုက်ဆိုင်ပါက စဉ်းစားတွေးခေါ်ဆင်ခြင်ဆုံးဖြတ်လာနိုင်ပါသည် အရာရာကိုခပ်ပေါ့ပေါ့မတွေးတော့ဘဲ တရားတော်နှင့်အညီတွေးခေါ်ပြောဆိုလုပ်ကိုင်လိုစိတ်ဖြစ်လာပါသည်အကျိုးများလှပါသည်ဘုရား။

မပန်းအိဖြူ (Level-1)

စိတ်ထားလေး အရမ်းထားတတ်လာပါတယ် လောဘ ဒေါသ မောဟ တွေနည်းနိုင်သမျှနည်းအောင် နေတတ်လာပါတယ်ဘုရား။ ဘဝခရီးအတွက် ရွေးချယ်ရမဲ့လမ်း အတွက်လည်း ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆုံးဖြတ်ရမယ် မျက်မှောက်ဘဝမှာလည်း ချမ်းသာသုခတွေရရှိဖို့ သံသရာအတွက်လည်း ချမ်းသာသုခ ရရှိစေဖို့လည်း အသိတွေ လိုက်နာ

ကျင့်သုံးရမှာတွေ ရခဲ့ပါတယ်ဘုရား။ စိတ်ထားဖြူစင်အောင်ထားရမယ် ဆိုတာ လည်း သိခွင့်ရခဲ့ပါတယ် ဘုရား။ မေတ္တာသုတ် ဆိုလည်း ရွတ်ဖတ်ရမယ်လို့သိထားခဲ့ရပြီး ပွားများရမဲ့ တရား ဖြစ်တယ်ဆိုတာ လည်းသိခွင့်ရခဲ့ပါတယ်ဘုရား။ သမထနဲ့ ဘာဝနာ မှာဆိုလည်း ဘယ်လမ်းစဥ်နဲ့ ပွားများမလဲ ရွေးချယ်လို့ရနေတာလည်း သိခွင့်ရခဲ့ ရပါတယ် ဘုရား။ နောက်ဆုံးမှာ ရုပ် နာမ်တွေအကြောင်း ခွဲခြားသိမြင်ပြီး ဝိပဿနာ ဉာဏ်စဥ် တွေ လည်း သိခွင့်ရခဲ့ပြီး အနည်းဆုံးတော့ စူဠ သောတာပန် အဆင့်လောက်တော့ လူ့ဘဝရောက်တုန်းမှာ ကျင့်ကြံပွားများအားထုတ်သင့်ကြောင်း လေ့လာသင်ယူခဲ့ရပါတယ် ဘုရား။ဆရာတော် ဘုန်းဘုန်း ပါချုပ် ကိုလည်း အကြိမ်ကြိမ် ဦးတိုက် ရိုခိုးမိပါတယ် ဘုရား။

ဒေါ်စိုးစိုးလွင် (Level-1)

ဘုရား တရား သံဃာ မိဘ ဆရာသမားများကို လက်ဆယ်ဖြာထိပ်မှာမိုး၍ ရိုခိုး ကတော့ ပါ၏၊ ဘုရား။ ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်ပါစေ။ သုတမမ္မ စာမေးပွဲကို social media နှင့် သူငယ်ချင်းတွေဆီမှ တဆင့်သိခဲ့ရပါတယ်ဘုရား၊ အသိနောက်ကျ လေခြင်းလို့ ခံစားရပါတယ်၊ ပထမအကြိမ် သိစမှာ တရားနှင့် စာ ကိုဘယ်လို လေ့လာ ဖြေဆိုရမယ်မသိခဲ့ပါဘူး၊ အဲ့ဒါနှင့် သူငယ်ချင်းရဲ့ အဒေါ် တရားနည်းပြဆရာမမှ တစ်ရက် ခေါ်ပြီးသင်ပြ ဖတ်ပြမှ နားလည်သွားပါတယ်၊ ဒါပေမယ့် အနီးကပ်စာကြည့်ချိန် နဲသွား သဖြင့် ပထမအကြိမ် သုတမမ္မစာမေးပွဲ 6 batch မှာ စာမေးပွဲကျပါတယ်ဘုရား၊ မေးခွန်း နားမလည်တာရယ် စာမကျည်တာရယ်ကြောင့်ပါဘုရား ။ အဲ့ဒါကြောင့် ဒုတိယအကြိမ် 7 Batch မှာ သေသေချာချာ ကြိုးစားပြီးဖြေနိုင်ခဲ့ပါတယ် အရှင်ဘုရား။ ထပ်ပြီးနားလည် သိရှိလိုက်တာက ဒီစာမေးပွဲဟာ သေသေချာချာ အသွေးအသားထဲမှ နားလည် တတ်ကျွမ်းပြီး လိုက်နာကျင့်သုံးဖို့ အဓိကဆိုလိုရင်းဖြစ်ကြောင်း စာမေးပွဲမေးခွန်းတွေအရ သိရှိလိုက်ရပါတယ် အရှင်ဘုရား

ဒေါ်ထွေးထွေးမွန် (Level-1)

ဘဝခရီးဝယ်လျှောက်လမ်းရမည့်လမ်း လေ့လာကျက်မှတ်ရင်း အရင်က ဆရာ့စကား၊ အစဉ်အလာ ယုံကြည်ချက်၊ မှတ်သားထိုက်သည်၊ ကိုယ်အကြိုက်အယူအဆနှင့် ကိုက်သည် စသည်တို့ဖြင့်သာ အလွယ်လက်ခံ လုပ်လေ့ရှိသည်များကို ယခုက ကိုယ်ပိုင်ဉာဏ်အသိဖြင့် စဉ်းစားဆုံးဖြတ်ပြီး ပြင်ဆင်ကျင့်သုံးရန်အသိရရှိပါသည်။မြတ်ဗုဒ္ဓဒေသနာနှင့်ယနေ့ကမ္ဘာတွင် စီးပွားရှာရာတွင် မျက်စိတစ်လုံးကွယ်နေသော ပုဂ္ဂိုလ် မဖြစ်စေရန် သတိပြုဖွယ်ရာအပြင် နောင်ဘဝ အနာဂတ်အတွက် ပြင်ဆင်ဖွယ်ရာများကို သင်ခန်းစာရရှိပါသည်။ စိတ်အညစ်အကြေးဖယ်ရှားခြင်း သင်ခန်းစာတွင် "အဘိဏှံ လောကေ ပဟာယ"သည် စိတ်တွင်အစွဲဆုံးဖြစ်ပါသည်။ ပတ်ဝန်းကျင်ကောင်းလို့ ကောင်းခြင်း ထက်အဆိုးထဲကောင်းအောင်နေဖို့ တွေးမိပြီး လက်တွေ့လိုက်နာကျင့်သုံးရန် နည်းလမ်းကို ရရှိပါသည်။ မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ရာတွင် သာမာန်အသိထက် ခုအခါ အဓိပ္ပာယ်ပြည့်ပြည့်ဝဝသိရှိ အကျိုးကိုရရှိပြီး မိမိစိတ်တွင် မေတ္တာစိတ်ဓာတ်လေး အမြဲထား နိုင်အောင် သတိပြုနေထိုင်ရန် ကြိုးစားလျှက်ရှိပါသည်။ မိမိအားထုတ်နေသော သမထနှင့် ဝိပဿနာ ကမ္မဋ္ဌာန်း ၂မျိုးကို စာပေအသိအဖြင့် သေသေချာချာနားလည်လာပြီး တရားအားထုတ်ရာတွင် အကျိုးကျေးဇူးများစွာ ရရှိပါသည်။"

ဝိုဝိုမြင့်လွင် (Level-1)

Level1 အတွက်တရားငါးပုဒ်ကို Self Study အနေနဲ့ ဆရာတော်ကြီး တရားတော်တွေနာရင်း၊စာအုပ်ဖတ်ရင်း၊ လေ့လာကျက်မှတ်ခဲ့တယ်၊ အရင်ကဆိုတရားနာရင် ရင်ထဲ ထိစွဲမကျန်ဖူး၊ အခုကျ သေချာလေ့လာကျက်မှတ်နာတော့ ပိုပြီးသိလာရမြင်လာရတယ်၊ အဓိကအချက်အနေနဲ့ ကိုယ်မသိသေးတဲ့ ဗဟုသုတတွေ အများကြီး သိလိုက် ရပါတယ်၊ ဗုဒ္ဓရဲ့တရားတော်တွေကို ရင်ထဲကနှစ်နှစ်ကာကာ ပူဇော်ရလို့ကြည်နူးမိတယ်၊ ဗုဒ္ဓ

ဘာသာဝင်တစ်ယောက်အနေဖြင့် သုတဓမ္မဒီပလိုမာကို ပါဝင်ပူဇော်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးနဲ့ ကျေးဇူးရှင် ဆရာတော်ကြီးများ အားလုံးကို လက်ဆက်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပူဇော် ကျေးဇူးတင်ရပါ တယ်ရှင့်။

မဂျူးမြတ်စန္ဒီ (Level-1)

မဖြေမီလေ့လာနာယူမှတ်သားနေချိန်မှာရော၊ ဖြေဆိုနေချိန်မှာပါ တန်ဖိုးရှိသည့် ဗဟုသုတ များစွာ ရရှိခဲ့ပါသည်။ တပည့်တော်မသည် 6လပိုင်း 22ရက်နေ့တွင် 22နှစ် ပြည့် ခဲ့ပါသည်။ 22နှစ်တာကာလအတွင်း ဝေခွဲမရ ဆုံးဖြတ်ရခက်ခဲ့သည့် ကိစ္စ များစွာ ရှိခဲ့သည်။ဘယ်လမ်း ရွေးရမလဲဆုံးဖြတ်ရခက်သည့်လမ်းဆုံများကို ကျော်ဖြတ်ခဲ့ရဖူး ပါသည်။ သုတဓမ္မ level(1) စာမေးပွဲဖြေဖို့လေ့လာရင်း ဘဝခရီးဝယ် ရွေးချယ်ရမည့် လမ်း တရားတော် ကိုနာယူပြီး သည့် အချိန်တွင် တပည့်တော်မ နှစ်ဘက်သေချာသော လမ်းကိုသာ ရွေးချယ် တတ်လာ ခဲ့ပါသည်။ ယခုတပည့်တော်မသည် တိုင်းဒေသကြီး ပညာရေးမှူးရုံး (ပဲခူးအနောက်) တွင် တာဝန်ထမ်းဆောင်နေသဖြင့် ကိုယ်ပိုင်ဝင်ငွေ ဝန်ထမ်းလစာဖြင့် ရပ်တည်ရသည့်အခါ မြတ်ဗုဒ္ဓဒေသနာနှင့်ယနေ့ကမ္ဘာ တရားထဲမှ အသိများကြောင့် အဆင်ပြေလာခဲ့ပါသည်။ ဝင်ငွေထွက်ငွေ မျှတလာပြီး သမ္မာအာဇီဝ အလုပ်ကိုသာ တန်ဖိုးထားမိလာပါသည်။ အကြောင်းအမျိုးမျိုးကြောင့် စိတ်မကြည်လင် လာသည့် အခါစိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်းတရားအရ စိတ်ကို အေးချမ်း ဖြူစင်အောင် ထားတတ်လာပါသည်။ မေတ္တာသုတ်ကိုရွတ်ဖတ်ပူဇော်ခြင်းပဲ လုပ်လာခဲ့ သော်လည်း မေတ္တာသုတ်အနှစ်ချုပ် တရားနာယူပြီးချိန်တွင် ပွားများရမည့် တရား ဖြစ်ကြောင်း သိလာခဲ့ပါသည်။ သတ္တဝါများ အပေါ်ပို၍ မေတ္တာထားမိလာပါသည်။ တရားစခန်းဝင်ပြီး သမထနှင့် ဝိပဿနာကို လေ့လာဖူးသော်လည်း ယခုထိတပည့်တော်မ သေချာ နားမလည်သေးသည်များကို သိလာ

ရပါသည်။ အလွန်တန်ဖိုးရှိသော တရားအသိ လောကီ အသိများစွာ ရရှိခဲ့ရပါသည် အရှင်ဘုရား။

ဒေါ်နှင်းလဲ့ရည် (Level-1)

အလွန် အကျိုးကြီးမားသော စာမေးပွဲ ဖြစ်ပါတယ် ဘုရား။ စာမေးပွဲ ဖြေရတဲ့ အတွက် သာမန်ကာလျှံကာ တရားနာတာမျိုး မဟုတ်ဘဲ စိတ်နှစ်ပြီး အထပ်ထပ် နာယူဖြစ် ပါတယ်။ ကိုယ့်ရဲ့စိတ်တွေကို ကိုယ် ပြန်ပြန် သုံးသပ်ဖြစ်သွားပါတယ်။ဂုဏ်တော်ပွားတာ မေတ္တာ သုတ်ရွတ်တဲ့ အခါတွေမှာလဲ မြန်မာပြန်နဲ့တကွ ပူဇော်ဖြစ်ပါတယ်။ သမာထကိုလည်း မဖြစ်မနေ နေ့စဉ် လုပ်ရမယ့် အရာလို့ သိမြင်လာပါတယ်။ ဗုဒ္ဓဘာသာ ဖြစ်ရတာကို လူဖြစ်ကျိုးနပ်လေခြင်းလို့ ခံစားရစေပါတယ် ဘုရား။"

ပပထွန်း (Level-1)

လေ့လာရင်းနဲ့သိလာရတာကတော့ တပည့်တော်မတို့ မသိသေးတဲ့ တရားအသိတွေ သိတယ်လို့ ထင်နေတဲ့ အရာတွေကမမှန်ဘူးဆိုရယ် ကိုသိလာရပါတယ်။ တပည့်မ အတွက်ကတော့ နှစ်ဖက်ကောင်းတဲ့လမ်းကို ရွေးရမယ်ဆိုတာသိရှိရပြီး နောက်ပိုင်း တစ်စုံတစ်ဦးရဲ့ ကြားစကားတွေ သူများရဲ့ လွှမ်းမိုးမှုတွေကို ဆင်ခြင်နိုင်ခဲ့တယ်။ ဆရာတော်ကြီးရဲ့ကျေးဇူးကြောင့် အသိတွေတိုးလာလို့ အရမ်းကို ကျေးဇူးတင်ပါတယ်။ အခုချိန်အထိတော့ ဘာဝနာမယဖြစ်အောင်ကြိုးစားနေပါတယ်။

မခိုင်ထက်ဝေ(Level-1)

ဗုဒ္ဓအဆုံးအမ လမ်းညွှန်ချက် တရားတော်များကို ဆရာတော်ကြီးမှ လူတိုင်းနားလည် လွယ်အောင် မြန်မာစကားပြေ ရိုးရိုးဖြင့် ဟောကြားထားသည့်အတွက် နည်းနည်းပိုသိ

ပိုနားလည်လာပါတယ်။ ပိုနားလည်လေ ပိုလိုက်နာလေ ကိုယ့်အတွက် ပိုအကျိုးရှိလေ ဆိုတာ သဘောပေါက်လာပါတယ်။

မောင်နေဆန်း (Level-1)

အတွေ့အကြုံ အသစ်တွေရသလို တရားရဲ့စွဲအားကြောင့် ထပ်ခါထပ်ခါဖြေချင်မိတယ် အခုလို ရွေးချယ်လိုက်ချင်းဖြင့်အမြဲလို တရားတွေနဲ့နီးစပ်နေတယ် တရားလုပ်နေရတဲ့ စိတ်အေးချမ်းရတယ် ဒေါသထွက်တော့မယ်ဆိုတောင် တရားနဲ့မွေ့လျော်နေတဲ့အတွက် စိတ်ကိုထိန်းချုပ်နိုင်တယ် နောက် Level တွေလဲ ကြိုးစားဆက်လက်ပူဇော်ပါဦးမည်။

ဒေါ်ခင်သန်းနွယ် (Level-1)

အရှင်ဘုရား တပည့်တော် level(1) ကြိုးစားပူဇော်ခဲ့ပါတယ်ဘုရား တပည့်တော် အရင်က ဆို သူများစကားနားရောင်တက်တယ်ဘုရား အခု စကားတခွန်းကြားရင်တောင် ကိုယ်ပိုင် ဉာဏ်နဲ့ စဉ်းစာပြီးမှဆိုးဖြက်တက်လာတယ်ဘုရား စိတ်လဲ အရင်ကထက် တည်ငြိမ် လာပါတယ် သတ္တဝါ တွေအပေါ် မေတ္တာ ထားပုံလဲသီလာပါတယ် ဖြူစင်တဲ့စိတ် မြင့်မြတ် တဲ့ သဘောထာဆိုတာ ဘယ်လိုမျိုးကိုပြောတာလဲဆိုတာနားလည်သွားပါတယ် ဘုရား တပည့်တော် နောက်Level တွေလဲကြိုးစားသွားမယ်ဘုရား ဆရာတော်ကြီး သက်တော်ရာ ကျော်ရှည်ပါစေ ရှစ်ခိုး ဦတင်ပါတယ်ဘုရား။

မနှင်းဒေလီလှိုင်(Level-1)

level (1)အတန်းတွင် သင်ခဲ့ရသော တရားများထဲမှ နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံး သင့်သော ဓမ္မအသိများကို ရရှိပါသည်။ မျက်စိနှစ်လုံးဖြစ်သော စီးပွါးရေးအမြင် နှင့်

ဓမ္မအမြင် ဆိုသော ဓမ္မ အသိသည် မိမိ၏ နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးရမည်ဆိုသော အသိကို ရရှိပါသည်။ ယခုကဲ့သို့ သင်ကြားရန် စီစဉ်တွေးတောခဲ့သော ဆရာတော် ဘုရားကြီးအား ရှိခိုးပူဇော်ပါသည်ရှင့်။

U Naing Win Hlaing (Level-1)

၁။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တို့၏ သဘာဝများကို ပိုမို ရှင်းလင်းစွာ သိခဲ့ရပါသည်။

၂။ လူအများနှင့် ဆက်ဆံရာ၌လည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တို့နှင့် ဆက်ဆံနေထိုင်ရမည်ကို လည်းကောင်း၊ ဥပေက္ခာ၏ သဘောကိုလည်း ရှင်းလင်းစွာ နာလည်ခဲ့ပါသည်။

၃။ မြတ်စွာဘုရားဟောကြားခဲ့သော ပိဋကတ်သုံပုံ၊ နိကယ်၅ရပ်၊ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်းတို့သည် မြတ်စွာဘာရားတွေ့ရှိခဲ့သော သဘာဝတရားများ ဖြစ်သည် ကိုလည်း သိရှိခဲ့ရပါသည်။

၄။ သံသရာကျင်လည်ချိန်တွင် သမာအာဇီဝဖြင့် စီးပွားရေး၊ လူမှုရေးဆက်ဆံရေးတို့ တိုးတက်အောင်မြင်စေသော နည်းလမ်းများကိုလည်း သိရှိခဲ့ရပါသည်။

၅။ အဝိဇ္ဇာကြောင့် ဘဝတစ်ခု ဖြစ်နိုင်ကြောင်း၊ သဘာဝကို ရှင်းရှင်းလင်းလင်း သိမြင်မှသာ တည်မြဲတဲ့ချမ်းသာသုခကို ရနိုင်ကြောင်း၊ သဘာဝတရားကိုရှင်းရှင်းမြင်ရန် စိတ်ဖြူစင် ရမည်ဖြစ်ပြီး စိတ်အညစ်ကြေး (နီဝရဏ) များကို ဖယ်ရှားရန် နည်းလမ်းများကိုလည်း သိရှိခဲ့ရပါသည်။

၆။ မေတ္တာပွားရာ၌ မိမိတွင်ရှိရမည့် အရည်ချင်းများနှင့် မေတ္တာပွားပုံကိုလည်း ရှင်းရှင်း လင်းလင်း နာလည်ခဲ့ပါသည်။

၇။ ကမ္မဋ္ဌာန်းဘာဝနာတရားများဖြစ်ကြသော သမထနှင့် ဝိပဿနာတို့၏ အဓိပ္ပါယ်၊ ဦးတည်ရာ အာရုံ၊ ကျင့်စဉ် နှင့် ရရှိနိုင်သော အကျိုးတို့ကိုလည်း စတင်သိရှိခဲ့ရပါသည်။

လွဲလွဲစန်း(Level-1)

စာမေးပွဲအတွက် စာလေ့လာရင်း စိတ်ထဲမှာဖြစ်ပေါ်တဲ့ကြည်နူးမှုကဘာနဲ့မှ ဘယ်လို ကြည်နူးမှုမျိုးနဲ့မှမတူတဲ့ ကြည်နူးမှုလေးခံစားရပါတယ် ဘုရား တရားစာပေတွေ လေ့လာ ခွင်ရလိုလည်း ပျော်မိပါတယ်။ ဗုဒ္ဓဘာသာအကြောင်းပိုသိလာရပါတယ် ပိုသိလာလေလေ အရင်အရင်တွေကထက် ပိုပြီး ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်မိပါတယ် စာမေးပွဲဖြေပြီး ကိုယ်ကိုပို ဆင်ခြင်လာတတ်တယ် ပုထုဇဉ်လူသားမလို တစ်ခါတလေစိတ်စိုး ဒေါသထွက် မိပေမဲ့ ကိုယ်ကို အတတ်နိုင်ဆုံးပြန်ထိန်းတတ်လာပါတယ်ဘုရား။

ဇာခြည်ဝင်း (Level-1)

စာတွေ လေ့လာရင်း ဆရာတော်ကြီး အပေါ် ပိုပြီး ကြည်ညိုတဲ့စိတ် ဦးစွာ ဖြစ်မိပါတယ် ဘုရား။ ဒီလို တရားတွေ သိခွင့်ရလို့ ဝမ်းသာကြည်နူးမိပါတယ် ဘုရား။ အရင်က ဝိပဿနာ တရားစခန်းတွေ ဝင်ခဲ့ဖူးပေမယ့် အခုလိုစာတွေ့သိရတော့ တရားထိုင်တဲ့အခါ ပိုပြီး အထောက်အကူ ဖြစ်မယ် ထင်ပါတယ် ဘုရား။ တရားမထိုင်မီ စိတ်ဖြူစင်ဖို့ လို အပ် ကြောင်းတွေ သိလာရပါတယ်။ေမတ္တာသုတ် အကျဉ်းချုပ်ထဲမှာပါတဲ့ တချို့ အချက် အလက်တွေက တပည့်တော် အမျိုးသားနဲ့ သမီးလေး ကို ပြန်ပြီး ဆုံးမသွန်သင်ပေးလို့ ရလာပါတယ် ဘုရား။ စီးပွါးရှာတဲ့ အခါမှာလည်း လုပ်သင့်တဲ့အရာတွေ သိလာရတာ အကျိုးအများကြီး ရှိပါတယ် ဘုရား။ နောက် level များ ဆက်လက် ပူဇော်ပါမယ်ဘုရား။ level1 ကတော့ ဖြေနိုင်ခဲ့တော့ အောင်မယ်ဆိုတာ ယုံကြည်ပါတယ် ဘုရား။ Level (1)

သုတမမ္မ အဆင့် ၁ တွင် မှတ်သားလေ့လာရသောခေါင်းစဉ်ငါးမျိုးသည် တစ်ခုနဲ့ တစ်ခု ဆက်စပ်မှုလည်းရှိသည်။ ဘဝနဲ့လည်းကိုက်ညီသည်။ မှတ်သားစရာများစွာလည်း ပါဝင်သည်။ အတုယူစရာများအားကျစရာများလည်းပါရှိသည်။ မိမိက လုပ်နိုင်ရင်၊ အားထုတ်နိုင်ရင်၊ စွမ်းသလောက်အကျိုးများစွာရပါသည်။ စိတ်နေ စိတ်ထား ကနဂိုထက်ကိုပို၍ယဉ်ကျေးသိမ်မွေ့သွားပါသည်။ မိမိတွင် လိုတာများလည်းများစွာ ရှိနေ ပါသေးသည်။ များစွာပင်ကြိုးစားရမည်ဖြစ်သည်။ လောကအသိကော၊ ဓမ္မအသိ တရားတော် ပါများဖြစ်၍ လေးနက်ပြီး၊ မှတ်သားထိုက်၊ လေ့ကျင့် ထိုက်ပြီး၊ လက်တွေ့ လုပ်ဆောင်မှုများဖြစ်စေသည့်ပထမခြေလှမ်းများကိုယခုရရှိလာပါသည်။ အရင်ကတော့ သိသောအရာများသည် လေးနက်မှုမရှိသေးပါ။ ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်ပေမယ့်လည်း ဘာသာတရားဖြစ်တည်မှု၊ လောကနေထိုင်ရေး ကုသိုလ်၊ အကုသိုလ် ဆိုး/ကောင်းများ ကိုတော့ မိမိတက်နိုင်သလောက်တော့ ထိန်းသိမ်းစောင့်ရှောက်ပါသည်။ အခုကတော့ ရှင်းရှင်းလင်းလင်းသိပါသည်။ အကျိုးအမြတ် များစွာရရှိပါသည်။ မေတ္တာသုတ်ကို အလွတ် နှင့်အဓိပ္ပါယ်တွဲ၍ ရခြင်းက ဘာနဲ့မှလဲလို့မရပါ။ တန်ဖိုးကြီးလှပါပြီ၊ များစွာမှ ပီသိသုခ ဖြစ်ရပါသည်အရှင်ဘုရား။

နိဒါန်း (Level-1)

စာမေးပွဲဖြေဆိုခြင်းထက် ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘာသာဝင်တို့ အတွက် ထားရှိ သော စေတနာသည် သင်ရိုးစာအုပ်ကို လေ့လာ သင်ယူနေစဉ်မှာပင် အတိုင်းမသိ လေးစားကြည်ညိုရပါသည်ဘုရား ငယ်စဉ်ကစနစ်တကျမသင်ကြားခဲ့ရသော

1. နေ့စဉ်ဘဝအတွက်အခြေခံလိုက်နာရန်အချက်များ

2.ရွတ်ဖတ်ရန်အတွက်သာကျင့်သုံးခဲ့သည်များကို လိုက်နာရန်အဆင့်သို့ တိုးတက်လာ ရခြင်း

3.သမထနှင့် ဝိပဿနာရောထွေးနေခြင်းအား အနီးကပ်သင်းကြားပေးသလို သိမြင်လာရခြင်း ဤသို့ သင်ကြားခွင့်ရရန်အတွက် အဖက်ဖက်မှကူညီထောက်ပံ့သူ အားလုံးကို ဦးတင်ပါသည်ဘုရား"

မခင်ဆွေသက် (Level-1)

လေ့လာကျက်မှတ်ရင်း သိရှိလာရခြင်းက ကိုယ်မပိုင်တဲ့အရာကို ကိုယ်ပိုင်တယ်ထင်ပြီး အတ္တတွေ မာနတွေ မောဟဆိုတဲ့ အရာတွေဖုံးလွှမ်းပီ မလုပ်သင့်တာလုပ် လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ခြင်းကြောင့် ဆုံးရှုံးနစ်နာခဲ့ရပါတယ်ဘုရား။ လေ့လာကျက်မှတ်ရင်း ပူဇော်ရင်း နှလုံးသွင်းမိတဲ့ အချက်တွေကတော့ သိရုံပဲသိထားရုံနဲ့ မပြီးလိုက်နာကျင့်သုံးရမယ်ဆိုတဲ့ အချက်ကိုသတိထားဆင်ခြင်မိပါတယ် ဘုရား။ ဘယ်ဟာကုသိုလ် ဘယ်ဟာက အကုသိုလ်ဆိုတာလည်း အတိုင်းသားသိမြင်ခွင့်ရခဲ့ပါတယ် ဘုရား သမထနဲ့ ဝိပဿနာကိုလည်းခွဲခြားသိခွင့်ရခဲ့ပါတယ် တရား၅ပုဒ်လုံးကို စာအုပ်ဖတ်ခြင်းဖြင့်သာ ပူဇော်ခဲ့ပါတယ် ဘုရား။ တရားအားလုံးလေ့လာ ပြီး ပူဇော်ဖြေဆိုပြီးတဲ့ အချိန်မှာ ကြည်နူးမှု ဝမ်းမြောက်မှု ဖြစ်မိပါတယ် ရှင်သန်လာသမျှ တလျောက်လုံး ကိုယ့်ကို ကိုယ်လူဖြစ်ရကျိုးနပ်တယ်လို့ထင်ပါတယ် ကိုယ့်ကိုကိုယ် ဆင်ခြင်မိတာကတော့ ကိုယ် အမူအရာတွေနုတ်အမူရာတွေ မကောင်းတဲ့စိတ်ထဲကအတွေးတွေ မလုပ်မိအောင် သတိထား ဆင်ခြင်တတ်လာပါတယ် ဘုရား နောက်ထပ်သော တရားများကိုလည်း လေ့လာခွင့်ဆည်းပူးခွင့်ရအောင် ကြိုးစားပါမယ် ဘုရား။

ဒေါ်စန်းသီရိအေး (Level-1)

ဘဝခရီးတရားတော်ကို နာယူသင်ကြားရသည့်အတွက်ကောင်းမှု မကောင်းမှုတွေကို ပိုမိုသိရှိလာရပါတယ်။ မြတ်ဗုဒ္ဓဒေသနာတရားတော်ကြောင့် ဗုဒ္ဓဘာသာနဲ့ ပတ်သတ်ပြီး

အဆိုးမြင်နေသူများကို ပြန်လည်ရှင်းပြနိုင်သော အသိရရှိလာပါတယ်။စိတ်အညစ်အကြေး တရားကြောင့် မိမိမသိခဲ့သည့် စိတ်အညစ်အကြေးများနှင့်တကွ ဖယ်ရှားနည်းများကိုလည်း လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ မေတ္တာသုတ်တရားကြောင့် ရွတ်ဖတ်ယုံသာသိခဲ့သမျှ ယခု အခါ အဓိ ပ္ပါယ်များ ပါနားလည်သိရှိခဲ့ရပြီး ပွားများရမည် ဆိုထာကိုပါ မှတ်သားနာယူ ရပါတယ်။ သမထနဲ့ဝိပဿနာ တရားကြောင့် သမထ အဓိပ္ပါယ်နှင့်တကွစျာန်အကြောင်း များ ဝိပဿနာဥာဏ်များ အကြောင်းကိုလဲ လေ့လာ သိရှိခွင့်ရခဲ့ပါသည်။ ဆရာတော်ရဲ့ နားလည်စေချင် ဥာဏ်ရောက် စေချင်တဲ့စိတ်စေတနာမေတ္တာကရုဏာကြီးမားပုံ တွေကိုလဲ တွေ့မြင်ရပါတယ် ရှင့်။

မဝင်းသီရိမေ (Level-1)

သုတမမ္မစာပေ လေ့လာတဲ့ အခါမှာ လူအများနဲ့ဆက်ဆံတဲ့အခါ ဘယ်လို စိတ်ထား ရမယ်။ စီးပွားရှာတဲ့ အခါ ငွေရရုံမဟုတ်ဘဲ ဘယ်လို စိတ်ထားရမယ်ဆိုတာတွေ သိလာ ရပါတယ်။ ပရိတ်တရားတွေ ရွတ်ရင်လည်း ရွတ်ဖတ်ရုံမဟုတ်ဘဲ အဓိပ္ပါယ်ကို နား လည်ပြီးမှ ရွတ်ဆိုသင့်တာကို သိရပါတယ်ဘုရား တပည်တော်မအတွက် အကျိုး ရှိဆုံး ကတော့ တပည့်တော် အသက်၄၅နှစ်ရှိပါပြီ ဘုရား ဒီအရွယ်ထိ ဝါတွင်းကာလ ဂုဏ်တော် ပုတီး ၉ပတ်စိတ်တာကလွဲရင် တရားအားမထုတ်ဘူးသလိုတရားစခန်းလည်း မဝင်ဖူးပါ ဘုရား။ အခုတော့ သမတနှင့်ဝိပဿနာ တရာကို ဘုန်းဘုန်းရဲ့တရားသံရယ် ပြဋ္ဌာန်း စာအုပ်ကို ဖတ်ရင်း တပည့်တော် ဝင်လေထွက်လေ ရွှမှတ်ပုံ စတာတွေသိရပါတယ် ဘုရား တပည်တော်လည်း အခုကစပြီးအိမ်မှာ ကျင့်ကြံအားထုတ်ပါ့မယ် ဘုရား ။

ဒေါ်နန္ဒာအောင် (Level-1)

ဆရာတော်ကြီးရဲ့ တရားတော်တွေကို အရင်ကတော့ တစ်ပုဒ်ပြီး တစ်ပုဒ် နာယူခဲ့ပါတယ် ဘုရား။ သို့သော် အခုလို သုတမမ္မ စာမေး ပွဲဖြေဖို့ စာတွေသင်ယူလေ့လာကျက်မှတ်ရတဲ့အခါမှ တကယ်ကို စိတ်နှစ်ပြီး လုပ်ဆောင်ရပါတယ်ဘုရား။ ထူးခြားသိသာတာ ကတော့ တရားငါးပုဒ်စလုံး သာမန်ခါ လျှံခါထက် လေးလေးနက်နက် နားထဲစိတ်နှလုံးသားထဲထိ အသိဉာဏ်တွေ ပွင့်ပြီးတရားတော်အတိုင်း ယခုလက်ရှိဘဝမှ နောင် သံသရာအတွက်ပါ လိုက်နာကျင်းသုံးဖို့ နည်းလမ်းကောင်းများအတွက် မြတ်ဗုဒ္ဓ၏ကျေးဇူး ဆရာတော်ကြီး၏ ကျေးဇူးတော်များအပေါ် ပို၍ ကြည်ညိုလေးစား မိပါတယ် ဘုရား level (1) မှာတင် ဆရာတော်ကြီးရဲ့ စာမေးပွဲကို ဖြေကြားရတာ ဒါန သီလ ဝိပဿနာ လုပ်ငန်းစဉ်အထိ သင်ကြားနာယူခွင့်ရတဲ့အတွက် ဆရာတော်ကြီးအား ကျေးဇူး အထူးတင်လျက် ရှိခိုးဦးတင်ပါတယ်ဘုရား။ နောက်အဆင့်များကိုလဲ ဆက်၍ လေ့လာသင်ယူ မှတ်သားကျင့်ကြံအားထုတ်ပါမည် ဘုရား။

မအိမွန်ဖြိုး (Level-1)

ကျောင်းသူတစ်ယောက်ဖြစ်ပြီး ကျောင်းစာကိုအချိန်ပြည့် လုပ်နေရသည့်အတွက် ဆယ်တန်း ကတည်းက ဥပုလ်ကျောင်းကိုတောင် အပတ်တိုင်းမလိုက်သွားဖြစ်ခဲ့ပါ။ ငယ်ငယ် ကတည်းကလည်း ကျောင်းဒုလပိတ်ရင်မိဘတွေရှိတဲ့ဆီပြန်နေကြမို့ အဲ့မှာ ယဉ်ကျေးမှု သင်တာမျိုးတွေ မရှိတာကြောင့် တစ်ခါမှလည်း မတက်ခဲ့ဖူးပါ။ ဘုရားစာတွေ အလွတ် ရချင်ရင် ကိုယ့်ဘာသာပဲ လေ့လာပြီး ရအောင်ကျက်ခဲ့ရတဲ့သူပါ။ အခုလို စာမေးပွဲတွေကိုဖန်တီးပေးသည့်အတွက်လည်းအလွန်ပင်ကျေးဇူးတင်ရှိကြောင်းပြောပါရစေဘုရား။ မဟုတ်ရင် ပုံမှန်ဝတ်ပြုတာကလွဲလို့ ဘုရားတရားနဲ့ အမှန်ပင်ဝေးကွာ နေပါတယ်။သင်တန်းမတက်ဘဲလဲ ကိုယ့်ဘာသာ လေ့လာပြီး ဖြေလို့ ရတာမို့ပို သဘောကျ

မိပါတယ်ဘုရား။ မအားတဲ့ကြားက ရတဲ့အချိန်လေးကို ဘုရားစာလုပ်ဖို့ ခွဲဝေပေးဖြစ်တဲ့ အတွက် စိတ်ချမ်းသာရပါတယ်ဘုရား။ အလုပ်က stress တွေလည်းလျော့သလို ခံစားရပါတယ်။ အသက်အရွယ်မရွေး ဘုရားတရား လုပ်ဖြစ်အောင် ဖန်တီးပေးတာ ကြောင့်လည်း လူတိုင်းအတွက်အကျိုးရှိပါတယ်။ စာဖတ်နေရင်းလည်း ကိုယ်လုပ်နေတဲ့ လုပ်ရပ်တွေနဲ့ယှဉ်ပြီး တွေးကြည့် မိတတ်လာပါတယ်။ သည်းခံတတ်ဖို့ကိုလည်း ငယ်ငယ်ကတည်းက မိဘတွေလည်း သွန်သင်ခဲ့တာမို့ ဘုရားစာတွေ ဖတ်ရင်းနဲ့ယှဉ်ကြည့်မိတာပိုလုပ် ဖြစ်သွားဖို့ရှိပါတယ်။ဗုဒ္ဓဘာသာဝင်တွေကို ဘုရားတရားနဲ့ မဝေးအောင် ဖန်တီးလုပ်ဆောင်ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆရာတော်ဘုရားများ အားလုံးနှင့်တကွ သံဃာတော် အရှင်သူမြတ်များ နေကောင်းကျန်းမာပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ဘုရား။ 🍀

ဦးချမ်းမြေစော (Level-1)

ရှိသေစွာလျောက်ထားအပ်ပါသည်အရှင်ဘုရား.. တပည့်တော် Bath 7 တွင် level (1) စဖြေဖြစ်ပါသည်ဘုရား၊လက်ရှိ အဘိဓမ္မာရိုးရိုး ဒုတိယအဆင့်အောင်မြင်ထားပါတယ်ဘုရား။ သုတဓမ္မစာမေးပွဲဝင်ဖြေဖြစ်တော့ အရှင်ဘုရား တရားများ နာကြားရသည်မှာ အဘိဓမ္မာ တရားတော်များနှင့် ချိတ်ဆက် သိရှိရသဖြင့် တရားအရသာကို ကောင်းကောင်း ခံစားရပါတယ်ဘုရား။ ယခင်က တရား နာကြားရာတွင် သာမာန်ပဲနာယူခဲ့ပြီး ယခု စာမေးပွဲ ဖြေဆိုပူဇော်ရမည်ဟူသော အသိဖြင့် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပဲ သေချာလေးကို အကြိမ်ကြိမ် အားစိုက်နားထောင်ခြင်း၊ ရေးမှတ်သားခြင်း၊ ပါဠိများ အဓိပ္ပါယ်နှင့်တကွ အခေါက်ခေါက်ရေးမှတ်ခြင်းများ ပြုလုပ်ရသဖြင့် တရားတော်အား တစ်ကြိမ်နှင့်တစ်ကြိမ်နားထောင်ရာတွင် မတူညီပဲ တစ်ကြိမ်ပြီးတစ်ကြိမ် နားထောင်လေ အသိပညာပိုရလေဖြစ်ရပါတယ်ဘုရား၊ယခင်က မေတ္တာသုတ် အကြောင်းကြားသိရာတွင် သံဃာ ၅၀၀ မှ မေတ္တာသုတ်ဖြင့် ရဟန္တာအထိ ဖြစ်ကြသည်ကြားရသည်မှာ

ဘာကြောင့်ဖြစ်ရသလဲ စဉ်းစားမိပါတယ်ဘုရား အရှင်ဘုရား၏ မေတ္တာသုတ် အနှစ်ချုပ်ကို နာကြားရမှ ရဟန္တာအထိအဆင်ဆင့်ဆင့် ဖြစ်ရပုံကို သိရပါတယ်ဘုရား၊ အကျိုးများပါ တယ်ဘုရား၊ သမထနှင့်ဝိပဿနာတရားတော်တွက်လည်း အခြေခံ ကျင့်ကြံပုံမှစ၍ နိဗိတ်ရပုံ ဝိပဿနာကူးပြောင်းပုံများ သိရသဖြင့် တပည့်တော်တို့ ကျင့်ကြံအားထုတ်ရာမှာ အကျိုးများလှပါကြောင်း ကျေးဇူးကြီးမား လျောက်ထားအပ်ပါသည် ဘုရား။

ဒေါ်သန္တာအုန်း (Level-1)

"ဆရာတော်ဘုရားကြီးနှ င့်တကွ ပညာဘူမိတက္ကသိုလ်ကိုဦးဆောင်၍ ကြိုးပမ်းနေကြ သောဆရာတော်ဘုရားများအားရှိခိုးပါ၏ဘုရား။ တပည့်တော်မသည် L1 စတင်သင်ယူ ချိန်မှစ၍ နေ့စဉ်နေထိုင်သော ဘဝတွင် ပြုမူမှားယွင်းနေသောအချက်များကို များစွာ တွေ့ရှိခဲ့ရပါသည်ဘုရား။ မေတ္တာသုတ်ကို အဓိပ္ပါယ်မသိရှိဘဲ ရွတ်ရုံသာ ရွတ်ခဲ့ ပါသည် ဘုရား ။ယခုမှာတော့အဓိပ္ပါယ် သိရှိ၍ ရွတ်ဆိုခြင်းသည် ရင်ထဲကရသော ပီတိမှာ မှန်းဆ မရနိုင်အောင်ပါ ဘုရား။ မေတ္တာဘယ်လိုထားရမယ် ဘယ်လောက်ထိ ရောက် အောင် ထားရမယ်အထိလဲ သိခဲ့ရပါတယ်။မိခင်ရဲ့ ရင်သွေးပေါ် ထားသောစိတ်လောက် မထားနိုင်သေးပေမဲ့ မျှတသောအတွေးများကိုတော့တွေးနိုင်ခဲ့ပါတယ်ဘုရား။ စိတ်ထား ဖြောင့်မတ်မှုသည်လဲ။ ဘဝရဲ့အရေးကြီးဆုံးကိုလဲသိခဲ့ရပါတယ်ဘုရား။ ယခင်ကသိသော ဟိရီ ဩတ္တပသည်လဲ တလွဲဆိုတာ သိရပြန်ပါတယ်။ ထို့အတူ ယခင်သိခဲ့သော ဥပေက္ခာသည်လဲ တက်တက်စင်လွဲခဲ့ပြန်ပါတယ်ဘုရား။ ဝိပဿနာတရားကို အားထုတ်ချင် စိတ်ရှိခဲ့သော်လည် သမထနဲ့ ဝိပဿနာ မကွဲခဲ့ပါ ထိုနည်းတူ ရုပ်နာမ်ခွဲခြား သိခဲ့ခြင်း သည်လည်း ဝိပဿနာ ဆက်အားထုတ်ဖို့အတွက်အခြေ အနေကောင်းဖြစ်ခဲ့ရပါတယ် ဘုရား။ L1စာမေးပွဲပြီး၍ ပထမ ဝါဆိုလပြည့်နေ့မှာ တပည့်တော်ဥပုဒ်စောင့်ရင်း L2 တရားတော် မှ ဥပုဥဒ်စောင့်ခြင်းတရားနာယူသောအခါတပည့်တော် ကိုယ့်ရဲ့ အပြုအမူ

ဟာ နွားကျောင်းသားဥပုဒ်ဆိုတာကိုနာယူခဲ့ရ၍ တပည့်တော်၏မြောက်များစွာသော အမှားကိုပြင်ဆင်နိုင်ရန် တပည့်တော်ဆက်လက်၍ ကြိုးစားသင်ယူပါမည်ဘုရား။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား တပည့်တော်အပြင်မှာ ဖူးတွေ့လိုပါ၏ အရှင်ဘုရား။ အရှင်ဘုရားတပည့်တော်မတို့ကို အသိညာဏ်ပညာများ ဆက်လက်၍ဆုံးမမှုပြုနိုင်ရန် အတွက် ကျမ်းမာစွာရှိပေးပါဘုရား။ ဖူးတွေ့ရပါလို၏ဘုရား။

ခင်ချောစုစံ (Level-1)

level (1)တွင် လေ့လာမှတ်သားခဲ့ရသော တရားတော်များသည် လက်ရှိ နေထိုင်ပုံ အပြုအမူ၊ အတွေးအခေါ်တို့အား အများကြီး ပြောင်းလဲ အမြင်ပွင့်စေခဲ့ပါသည်။ ချစ်ခင်တွယ်တာမှုတွေကြောင့် သောကဆိုတဲ့ အကုသိုလ် ဖြစ်ပေါ်လာကြောင်း သတိကပ်မိပြီး စိတ်အား သတိကပ်၍ နေထိုင်ရမည် ဖြစ်ကြောင်း မှတ်သားရပါသည်။ ယခုလို တန်ဖိုးရှိလှသော မြတ်စွာဘုရား၏ တရားတော်တွေကို ကျယ်ပြန့်ထွန်းကားအောင် ပြုလုပ်ပေးတဲ့ ဆရာတော်ကြီးနှင့်တကွ မြေပြင်မှာ ဖြစ်မြောက်အောင် လုပ်ဆောင်ပေးသော သက်ဆိုင်ရာ ရဟန်းပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးအထူးတင်ရှိကြောင်း တင်ပြအပ်ပါသည်။

မြတ်မွန်မွန် (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်းဖြင့် ယခင်က မိမိသိခဲ့သော ဥပေက္ခာအဓိပ္ပာယ်မှာ လွဲမှားနေပုံ, ယခုဘဝ နောင်ဘဝအတွက် နေနည်းများ၊ စိတ်ဖြူစင်ရန် လိုအပ်ချက်များ၊ မေတ္တာသုတ်ရွက်ဆိုရာတွင် လိုက်နာရန်အချက်များ၊ သမထနှင့် ဝိပဿနာ ကျင့်စဉ်များ အကြောင်း ရှင်းလင်း ပြတ်သားစွာ သိခဲ့ရပါသည်။ တပည့်တော်သည် မိုက်မဲသည့် အလျောက်၊ တွေဝေသည့်အလျောက် မေ့လျော့စွာ နေထိုင်မိပါတယ်ဘုရား။ အရှင်ဘုရား

၏ စာပေများကို လေ့လာခွင့်ရသည့်အတွက် အသိ အမြင် အတွေး အခေါ်များ ပြောင်းလဲခဲ့ရပါတယ်ဘုရား။ လွန်စွာ ကျေးဇူးကြီးမားပါတယ်ဘုရား။ ဆရာတော် သက်ရှည် ကျန်းမာစွာဖြင့် ခန္ဓဝန်ကို သာသနာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ ဘုရား။

ဒေါ်ဌေးဌေးလှိုင် (Level-1)

သုတမမ္မစာမေးပွဲကို ပထမဆုံး ဖြေဆိုခြင်းဖြစ်ပါသည်။ ဆရာတော်ကြီး၏ တရားများကို သေချာနာကြား ဖတ်ရှုပြီး စာမေးပွဲဖြေဆိုရသည့်နေ့တွင် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ဆက်လက်ပြီး levelအလိုက် ကြိုးစားပြီး ဖြေဆိုသွားပါမည်။ ဆရာတော်ကြီး တရားများကို လိုက်နာကျင့်သုံး၍ နေထိုင်သွားပါမည်။

မအေးချမ်းမြင့် (Level-1)

တပည့်တော် သုတမမ္မ ဖြေဆိုချင်ခဲ့သော ရည်ရွယ်ချက်က ဆရာတော် ဘုရားကြီးကို ဘွဲ့နှင်း သဘင်ကြရင်ဖူးမျော်ချင်သောကြောင့် ဖြေဖို့လုပ်ခဲ့တာပါ။ ၂၀၂၅ဖောင် တင်ပြီးမဖြေ ဖြစ်ခဲ့ပါ။ ဒီနှစ်လည်း ဖြေခါနီး တစ်လလောက်မှ စာအုပ်ကောက်ခိုင်းပြီး စာမေးပွဲ ဖြေဖို့ပဲ စာကြည့်ရုံပါဘုရား။စာအုပ်ဖတ်တရားတေနာကြည့်တော့မှ တပည့်တော် တရား အသိတေသိရပြီး စာမေးပွဲအတွက်လုပ်တာ မဟုတ်ပဲ သိလာသည့်အတိုင်း နေထိုင့် ကျင့်ကြံရမည်ဆိုတာနားလည်လာပြီး ပူဇော်ချင်လာပါတယ် ဘုရား။ စာတွေလည်း သေချာမရသေးပါဘူးဘုရား။ ဒါပေမဲ့ ရသလောက် ပူဇော်ခဲ့ပါတယ်။ ဖြေဆိုခဲ့ပါတယ်ဘုရား။ဖြေပြီးကတည်းက တပည့်တော် L1ကိုပြန်ဖတ်ပြန် ပူဇော်နေပါတယ်။ ဘုရား။ ကျခဲ့လျှင် ပြန်ပူဇော်လို့ရသလို မသိသေးတာတွေလည်းသိအောင်လက်တွေ့ကျင့်သုံးနိုင်အောင်ပါဘုရား။ကျေးဇူးတင်ပါတယ်ဘုရား ။ တပည့်တော် ဆရာတော်ကြီးကို ကြည်ညိုစိတ်ဖြင့် သာ ပူဇော်ချင်ခဲ့ရကနေ ဆရာတော်ဘုရားအပေါ် ကြည်ညိုစိတ်

ကြောင့်သာခုလို စာပေတွေ သင်ယူခွင့်ရတော့မှာမို့ အရှင်ဘုရားအား လက်ဆယ်ဖျာ ထိပ်မှာမိုး ရှိခိုးပူဇော်လျက်ပါဘုရား။

ဒေါ်ပြည့်ဖြိုးဖြိုးအိ (Level-1)

စာအုပ်ကို ဖတ်နေတာက တစ်နှစ်ကျော်ပါပြီ စာမေးပွဲကို ဝင်ဖြေမည်ဟုဆုံးဖြတ်ပြီးမှ စာအုပ်ကိုသေချာနားလည်အောင် ဖတ်ပြီးလေ့လာခဲ့ပါသည်။ အရင်ကမေတ္တာသုတ်ကို နှုတ်တိုက်အဓိပ္ပာယ်နားမလည်ပဲရွတ်ခဲ့မိခဲ့ပါသည်။အခုစာကိုလေ့လာမှသာ အနက်အဓိပ္ပာယ်ကိုသိခဲ့ရပါသည်။

မရတနာမိုးဆွေ (Level-1)

ဆရာတော်ဘုရားကြီးရှင့် တန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းတွေရထားဘိသကဲ့သို အဖိုးထိုက်တန်သောပြီးပညာအလင်းအပြင်တရားဓမ္မအလင်းတွေပါပေါ်ထွန်းလာအောင် လုပ်ဆောင်ပေးနေတာ ဂုဏ်ယူစရာပါပဲရှင်.. ဝမ်းသာပီတိဂွမ်းဆီထိမိ ပါတယ်ရှင်... တပည့်တော်မ အတွက်တော့ ရွှေထုပ်တွေထက်အဖိုးမဖြတ်နိုင်သော ပန်းခင်းသိုက် ရတနာသိုက်ကိုရရှိလိုက်ခြင်းပါပဲ.. တရားတော်တွေမှာ ဘဝမှာဘယ်လိုနေထိုင်သင့်သလဲ.. အလကားနေဒေါသ မာန တရားတွေထားနေမဲ့အစား မွန်မြတ်သောတရားဓမ္မ အဆုံး အမတွေသိခွင့်ရပြီး။ ဘယ်လိုရှေ့ဆက်ရမလဲ ယုံကြည်ချက်နဲ့အတူ ပျော်ရွှင်ခွင့်ရရှိခဲ့တာ ပဲ မြတ်ဗုဒ္ဓရဲ့ရန်သူကိုလဲ မေတ္တာတရားနဲ့အတူ အောင်မြင်မှု အတုသဖွယ်ရန်သူမိတ်ဆွေ မခွဲခြားဘဲ အတုယူသင့်တဲ့ ဘဝရဲ့အတွက်နာမူနာ ယူစရာအတွေးအသိတွေ ရရှိခဲ့ပါတယ်.. နှမြောစရာကောင်း(၅)လုံးကြိုးစားကျက်မှတ်လေလ့ာခဲ့ပေမယ့်စာမေးပွဲဖြေမယ့်နေ့မှာအာ ရုဏ်ကြောထိပြီးခေါင်းတွေကိုက်ခဲ့ပြီမရအရသွားဖြေခဲ့ပေမယ့်ပြန်လဲဆေးသွင်းဒရစ်ချိတ်

တဲ့အထိဖြစ်သွားခဲ့ရတော့အားရစွာဖြေဆိုတော်မမူခဲ့ရတဲ့တပည့်တော့ဝမ်နည်းမဆုံးဖြစ်နေရဆဲ့ပါဘုရား ဒီလိုအခက်အခဲတွေကြားက အောင်မြင်မှုပန်းတိုင်လေး တနေ့လှမ်းကိုင်ခွင့်ရရှိချင်မိပါတယ် အရှင်ဘုရား။"

Daw Aye Myat Mon (Level-1)

ဆရာတော်ကြီးက တပည့်တော်ရဲ့ဘဝတိုးတက်ရေးအတွက် ကလျာမိတ္တာပါဘုရား။ အပြင်မှာ ဖူးခွင့်မရသေးပေမယ့် တပည့်တော်ရဲ့နှလုံးသားထဲမှာ ဆရာတော်ရဲ့ တရားတွေ ကိန်းနေအောင်ကြိုးစားပြီးနေထိုင်ပါတယ်ဘုရား။

ဒေါ်နွေးနွေးထွန်း (Level-1)

မေတ္တာသုတ်ကို အရင်ကရွတ်သာရွတ်နေတာ ခုမှရွတ်တိုင်း အဓိပ္ပါယ်ကိုသိပြီး နှလုံးသားထဲရှင်းနေတော့ မေတ္တာပို့တဲ့အခါ ပိုပြီးစိတ်ချမ်းသာမှုဖြစ်လာပါတယ် ပါဠိလိုရေးကျက်ပြီးပူဇော်ရတာ ကျေနပ်ပီတိဖြစ်ရပါတယ်။ သမထနဲ့ဝိပဿနာ တရားကို သင်ယူရတာ စာအတွက်ရောလက်တွေ့ဘဝမှာပါအသုံးချနိုင်လို့ ကျေးဇူးကြီးလှပါတယ်ဘုရား။

ဒေါ်အေးမြကျော့ (Level-1)

ဗုဒ္ဓဘာသာ ကံ ကံ၏အကျိုး ကောင်းတာလုပ်လျင် ကောင်းတာစံစားရ၍ မကောင်း တာလုပ်လျှင်မကောင်းကျိုးခံစားရမည်ဆိုသည့် လက်တွေ့ကျသော ဗုဒ္ဓလမ်းစဉ် နှင့် ကိုယ်တိုင်အသိညဏ်ဖြင့် လက်တွေ့သိရမှုကို အခြေခံပြီး အမှန်အမှားကို ဆုံးဖြတ်ရည်၊ လူ့အဖွဲ့အစည်းမှာနေလျှင် မေတ္တာ ကရုဏာ မုဒိတာ ဥပက္ခာစသည့် ဗြဟ္မဝိဟာရ တရားများနှင့်

နေထိုင်ရမည်၊ ဒုက္ခချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကိုရောက်ဘို့ရာ မိမိကိုယ်တိုင် ဝိပဿနာ တရားကို ကိုယ်တိုင်အားထုတ်ရမည်စသည်တို့ကို သိရှိနားလည်လာရ၍ မိရိုးဖလာ ဗုဒ္ဓဘာသာ ကိုးကွယ်ခြင်းမှ လက်တွေ့ကျကျ အားကိုးထိုက်သည့် ယုံကြည်ထိုက်သည့် ကိုးကွယ်ထိုက်သည့် ဘာသာအစစ်အမှန်ဖြစ်ကြောင်း ပို၍သိရှိလာရခြင်းနှင့် ဗုဒ္ဓ ဘာသာဝင်ဖြစ်ရခြင်းအား များစွာကျေနပ်ရပါသဖြင့် ဤသို့ သက်ယူခွင့်သင်ကြားခွင့် ရပြီး ဆရာတော်ကြီးအား ပူဇော်ခွင့်ရသည့်အတွက် ကျေးဇူးအထူးတင်မိပါကြောင်း လျောက် ထားအပ်ပါသည်။

မဆုမြတ်နိုးဦး (Level-1)

စိတ်ထဲမှာမထားသင့်သည့်အရာများ၊ ဘဝအတွက် လိုအပ်သည့်အရာများ ပိုပြီး သိရှိ နားလည် လာပါတယ်ဘုရား။ အရင်က တပည့်တော် မေတ္တာသုတ်ကို ရွတ်ဖတ် ပူဇော်ရုံပဲ ပူဇော်မိပြီး မေတ္တာသုတ် အနှစ်ချုပ် လေ့လာကျက်မှတ်ပြီး နောက်ပိုင်း တပည့်တော် နေ့တိုင်းသတိတရ မေတ္တာသုတ်လာ မေတ္တာပို့သရမည့်သူများကို သတိတရ မေတ္တာ ပို့သ ဖြစ် ပါတယ် ဘုရား။ မေတ္တာပို့မို့၊ မေတ္တာရမို့ နေထိုင်ရမည် ၁၅ချက်အတိုင်း တပည့်တော်မ ပြည့်စုံအောင် နေထိုင်မည်ဟုရော စိတ်ချမှတ်လိုက်ပါတယ်ဘုရား။ ဆရာတော် ဘုရားကို အပြင်မှာ ဖူးတွေ့ချင်စိတ်ကြောင့် တပည့်တော်မ စာဝင်ဖြေရာကနေ မသိခဲ့ရတယ့် အသိတွေ ရလာပါတယ် အရှင်ဘုရား။ ဆရာတော်ဘုရားကိုလည်း ဤနေရာမှ ဦးခိုက် ရှိခိုးပါတယ် ဘုရား။

ဒေါက်တာဆုဝေနှင်း (Level-1)

၁. အရာရာကို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ရမယ် ဆိုတာကို နားလည် သဘောပေါက် လာတယ်။

၂. ဒီဘဝမှာချမ်းသာသုခရဖို့ နောက်ဘဝမှာချမ်းသာသုခရဖို့ ဘယ်လိုလုပ်ဆောင်ရမယ် ဆိုတာ သိလာတယ်။

၃. နိဝရဏတရားတွေကို ဘယ်လိုဖယ်ရှားရမယ်ဆိုတာ သိလာတယ်။

၄.မေတ္တာသုတ်ရဲ့အနက်အဓိပ္ပါယ်ကိုသိလာတယ်။

၅.သမထနဲ့ဝိပဿနာရဲ့ကျင့်ရမဲ့ နည်းလမ်းတွေ သိလာပါတယ်။ တရားထိုင်ဖို့ရာ ဝင်လေထွက်လေနဲ့ ပါတ်သက်ပြီး ရှုပုံရှုနည်းကို သိလာခြင်း စသည့်အကျိုးကျေးဇူးတွေရရှိပါသည်။

ဒေါ်စုရည်လှိုင် (Level-1)

တပည့်တော်မသည် ဝိစိကိစ္ဆာနိဝရဏဲ့ အရမ်းခင်နွယ်နေသူပါဘုရား...အခုတော့ဆရာတော်ဘုရားရဲ့ စိတ်အညစ်အကြေးများတရားကို နာယူပြီးနောက်ပိုင်းမှာ သတိလေးနဲ့ ပြန်ထိန်းနိုင်အောင်ကြိုးစား နေပါတယ်ဘုရား.. လူအများနဲ့ဆက်ဆံတဲ့အခါမှာလည်း ကိုယ့်အမှားမျိုး မဖြစ်အောင် ပစီကံစိတ်မနောကံစိတ်ကိုလည်း ထိန်းနိုင်အောင်ကြိုးစားနေပါပြီဘုရား..သားသမီးကိုဆုံးမတဲ့အချိန်မှာအရင်ဆိုနားမထောင်ရကောင်းလားဆိုဒေါသတွေကြီးပါတယ်ဘုရား အခုနောက်ပိုင်း သတိထားမိလာတာ သူတို့လေးတွေကို ပါးစပ်ကသာ ဆူပြောနေပေမဲ့တပည့်တော်မရဲ့စိတ်မှာမပူလောင်တော့ပါဘူးဘုရား။ ဆရာတော်ဘုရားကြီး၏ ကျေးဇူးသင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ကျေးဇူးကြောင့်ပါဘုရား။

မရွက်နုဝေ (Level-1)

နားလည်သလိုလိုဖြစ်ခဲ့သော အကြောင်းအရာများကို ဂဃနဏာ သိရှိလာရပါသည်။ ထပ်မံသိလိုသောစိတ် နာယူလိုစိတ်များ ရှိလာသည်က အဖိုးမဖြတ်နိုင်ပါ။ ဆရာတော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချစ်သာကြပါစေ။

ဒေါ်ဟေမာကျော် (Level-1)

"Level-1မှတရားငါးပုဒ်အား နာကြားလေ့လာပြီးသည့်နောက်တွင် ဓမ္မနှင့်ပတ်သက်၍ ဗဟုသုတများစွာရရှိပါတယ်ဘုရား။လောကီရေးရာနဲ့ပတ်သက်ပြီးလည်း လိုက်နာ ကျင့်သုံးရမည့်အချက်များစွာ သိခွင့်ရလိုက်ပါတယ်ဘုရား။ မိမိသန္တာန်မှာလည်း ဟိရီ၊ ဩတ္တပ္ပတရားများ ပိုမိုခိုင်မာလာပြီး လောဘ၊ ဒေါသ၊ မောဟများ နည်းပါလာပါတယ် ဘုရား။ မေတ္တာသုတ်ဆိုရင်လည်း ရွတ်ရုံသာရွတ်နေပြီး မည်သို့ပွါးများရမည်ဆိုတာကို သေချာမသိခဲ့ပါဘူး ဘုရား။ ခုလိုသိသွားတဲ့အခါမှာ ရွတ်ချင်တဲစိတ်မဖြစ်တော့ဘဲ ပွါးများချင်တဲ့အသိစိတ်လေး ဖြစ်လာပါတယ်ဘုရား။ တပည့်တော်က သမထ၊ ဝိပဿနာနဲ့ ပတ်သက်ပြီးလည်း လေ့လာအားထုတ်နေသူတစ်ယောက်ပါဘုရား။ တပည့်တော်ကျင့်တဲ့ ကျင့်စဉ်က သမထကနေ ဝိပဿနာကို တိုက်ရိုက်ကျင့်တဲ့ ကျင့်စဉ်နဲ့ ကျင့်ပါတယ် ဘုရား။ ခုလိုသုတ ဓမ္မစာပေတွေလေ့လာလိုက်တဲ့ အကျိုးကျေးဇူးကြောင့် သမထနှင့် ဝိပဿနာကို ရှင်းရှင်းလင်းလင်းသိခွင့်ရလိုက်ပါတယ်ဘုရား။ အများကြီးလည်း ကြိုးစား အားထုတ် ရပါဦးမယ် ဘုရား။ ခုလို ဓမ္မစာပေတွေ သိခွင့်၊ဆည်းပူးခွင့်ရအောင် ပညာဘူမိ တက္ကသိုလ်ကြီးကိုတည်ထောင်ပေးသော ဆရာတော်ဘုရားကြီး၏မေတ္တာ၊စေတနာတို့အား ကြည်ညိုလေးစား ဦးခိုက်ပါတယ်ဘုရား။ တပည့်တော် သုတဓမ္မစာမေးပွဲကို သိတာကြာ ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် လေ့လာမှာ နောက်ကျခဲ့ပါတယ်ဘုရား။ ဆရာတော် ဘုရား သက်တော်ရှည်၍ကျန်းမာပါစေဘုရား။ဆရာတော်ဘုရားအား အပြင်မှာအနီးကပ် ဖူးမျှော်

လျှဒါန်းနိုင်ခွင့်ရပါစေဘုရား။ဆရာတော်ဘုရားနဲ့ဆုံခွင့်ရတာ ဘုရားနဲ့ ဆုံတွေ့ ရသလို ခံစားရပါတယ် ဘုရား။ တပည့်တော်ပတ်ဝန်းကျင်မှာဆို ပါချုပ် ဆရာတော်ကြီး ကြည့်ရတာ ဘုရားလက်ထက်က ပညာအရာမှာထူးချွန်တဲ့ ရှင်သာရိပုတ္တရာနှင့် ဆုံတွေ့ နေရသလိုပဲလို့ အမြဲပြောဖြစ်ပါတယ်ဘရား။ဆရာတော်ဘုရား ဘုရားဆုပန်ထားလား ဆိုတာလည်းအရမ်းသိချင်ခဲ့ပါတယ်ဘုရား။ တိုက်တိုက်ဆိုင်ဆိုင်ပဲ စာမေးပွဲအပြီးTikTok မှာဆရာတော် ဘုရားဖြေထားတာလေးတွေ့လိုက်တော့ ဝမ်းသာသွားပါတယ်ဘုရား။ ဆရာတော် ဘုရားက အဲဒီမေးခွန်းကိုဘယ်သူမှမမေးဖူးဘူးပြောပေမယ့် တပည့်တော် မေးချင်တဲ့စိတ်အပြည့်ရှိခဲ့ပါတယ်ဘုရား။ ဆရာတော်ဘုရားနဲ့ ဆုံခွင့်မကြုံသေးလို့ မေးခွင့်မရခဲ့တာပါဘုရား။ဆရာတော်ဘုရား သက်တော်ရှည်ပါစေဘုရား။စာမေးပွဲရလဒ်ကတော့ အောင်မှတ်တော့ရမယ်ထင်ပါတယ်ဘုရား။ အများကြီးကြိုးစားရပါမယ်ဘုရား။"

ဒေါ်မေသန္တာအောင် (Level-1)

Level (1) ကို တပည့်တော် မဖြေခင်တုန်းကတော့ ဖြေရမှာ အတော် ကြောက်နေမိပါတယ် ဘုရား။တကယ်တမ်း level (1)စာမေးပွဲ ဝင်ဖြေကြည့်လိုက်တဲ့အခါ ကိုယ်လေ့လာ သင်ယူထားသော မြတ်စွာဘုရား တရားတော်တွေကို စာဖြင့် ဖြေကြားခွင့် ပူဇော်ခွင့်ရတဲ့ အတွက် စာဖြေနေရင်းနဲ့ စိတ်ထဲမှာ ကြည်နူးဝမ်းသာ ဖြစ်လာရပါတယ်ဘုရား။ မြတ်စွာ ဘုရား ရဲ့ တရားတော်တွေကို ပါချုပ် ဆရာတော်ကြီး ကျေးဇူးကြောင့် နာကြားခွင့် လေ့လာ ကျက်မှတ်ပြီး ဖြေဆိုပူဇော်ခွင့်ရတာကိုလည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ပါချုပ် ဆရာတော်ကြီး၏ ပညာဘူမိတက္ကသိုလ်ကြီးကြောင့် ဗုဒ္ဓစာပေတရားတော်တွေကို လူကြီး လူငယ် အယုတ်အလတ်မရွေး ပြည်တွင်းပြည်ပ မကျန် အားလုံး လေ့လာ သင်ကြား ခွင့်ရအောင် ဘာသာတရားတွေ ပို့ပွားတိုးတက်လာအောင် ဆောင်ရွက်ပေးတဲ့အတွက် ပါချုပ် ဆရာတော်ကြီးနှင့် ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပေးကြသော ဆရာတော်များ

ကိုလည်း ကျေးဇူးအထူး တင်ရှိပါတယ် ဘုရား...သုတမမှ စာမေးပွဲတွေ အချိန်ပေးပြီး စစ်ဆေးပေးတာကြောင့် တပည့်တော်တို့ အနေနဲ့ သုတမမှ တရားတွေ နာကြား သိရှိလာပြီးတဲ့ နောက်ပိုင်း အရင်ကထက် ဖယ်ရှားရမယ့် နီဝရဏတရားနဲ့ ဆောင်ထား ရမယ့် ပဓာနိယင်္ဂတရားတွေ၊ အသိဉာဏ်တွေ ပိုမို၍ တိုးတက်လာပါတယ်ဘုရား။ကုသိုလ် အကုသိုလ် တရားတွေ၊ဘဝ နေထိုင်နည်းတွေ၊ လူအများနဲ့ နေထိုင်တတ်အောင် ပိုမို သိရှိလာရပါတယ် ဘုရား...အကုသိုလ်တွေ မဖြစ်အောင် စိတ်ထိန်းနိုင်လာပြီး ကုသိုလ် တရားတွေ ပို၍ နုလုံးသွင်းတတ်လာပါတယ် ဘုရား။ မေတ္တာသုတ် အနက် သိရှိပြီး နောက် အားလုံးအပေါ် အရင်ကထက် မေတ္တာတရား ပိုထား နိုင်လာ ပါတယ် ဘုရား။ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားတွေကို ကိုယ့် စိတ်ထဲမှာ နုလုံးသွင်းပြီး နေထိုင်တတ်လာပါတယ် ဘုရား။

တရားတွေ နာကြားခြင်းကြောင့် စိတ်ကလည်း ပိုမို နူးညံ့လာပြီး အရင်ကထက် ပိုမို အေးချမ်းလာပါတယ် ဘုရား။ လူ့ဘဝမှာ ဒီလိုတရားတွေကို နာကြားဖြေဆိုခွင့်ရတာ တပည့်တော်တို့အတွက် ကံကောင်းလိုက်တာ ကုသိုလ်ထူးလိုက်တာဆိုပြီး တွေးမိတိုင်း စိတ်ကြည်နူးရပါတယ်။ အတတ်နိုင်ဆုံး မိမိ စိတ်ကို ဖြူစင်အောင် ထားပြီး အားလုံး အတွက် အကျိုးပြုနိုင်တဲ့သူ အများအတွက် အထောက်အပံ့ကောင်းတွေ ပေးနိုင်တဲ့သူ ဖြစ်အောင် ကြိုးစားပါ့မယ် ဘုရား။

ဒေါ်အေမာတင်မောင်အေး (Level-1)

ဆရာတော်ကြီးဘုရားတပည့်တော်သည်ခုအသက်၄၃နှစ်ရှိပါပြီ။အသက်၂၃နှစ်ဘွဲ့ရပြီးက တည်းကစာမကျက်ဖြစ်တာအနှစ်၂၀ရှိပါပြီဘုရား။ စာနဲ့လည်းအလှမ်းဝေး နေပါပြီ ဘုရား။အိမ်အလုပ်၊ရုံးအလုပ်၊ကလေးအလုပ်တွေနဲ့ဆိုတော့ အားချိန် သိပ်မရှိပါဘူးဘုရား။ ဘုရားရှိခိုး၊ ပန်းလဲရေချမ်းကပ်တာလောက်ဘဲ ပုံမှန်လုပ်ဖြစ်ပါတယ်။ ခုလိုသုတမမှ

စာမေးပွဲရှိမှန်းလည်းမသိပါဘူးဘုရား။တပြည့်တော်တို့ရုံးကအမတစ်ယောက်နဲ့ဆက်စပ်မိ မှသူကစာမေးပွဲလေးဖြေကြည့်ပါလားလို့ပြောပါတယ်။ အစပိုင်းတော့ ဘုရားစာတွေ၊ ပါဠိတွေ မကျက်နိုင်လောက်ဘူးလို့ ထင်တာပေါ့ဘုရား။ စာနဲ့ကလည်းဝေးနေတာ အနှစ်၂၀ ရှိပြီဆိုတော့ ကိုယ့်ကိုယ်ကိုယုံကြည်မှုမရှိခဲ့ပါဘူး။ အိမ်ရှင်မဆိုတော့ စာကျက်ချိန် လည်း ရမယ်မထင်ဘူးဘုရား။ရုံးကအမကလည်းရတယ်။လုပ်သာလုပ်ကြည့်။လုပ်နိုင်ပါလိမ့်မယ် လို့တိုက်တွန်းတာနဲ့ ဖောင်တင်လိုက်ပါတယ်ဘုရား။ စာအုပ်တွေကလည်းဟိုလူပေး၊ ဒီလူပေးနဲ့ပါ ဘုရား။ဒါနဲ့ဘဲတရားတွေ နားထောင်၊ပြဋ္ဌာန်းစာအုပ်ဖတ်၊ Noteထုတ်ပြီး စလေ့လာခဲ့ပါတယ်။ တရားကထမင်းချက်ရင်းလည်းနာ၊ အဝတ်လျှော်ရင်းလည်းနာ၊ အိမ် အလုပ်လုပ်ရင်းနာဖြစ်ခဲ့ပါတယ်။အဲ့ဒီလိုနာရင်းနာရင်းနဲ့တရားထဲစိတ်ပါပြီးစာကျက်ရတာ လည်းအဆင်ပြေသွားပါတယ်ဘုရား။ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်းတရားကိုနာပြီးတဲ့ အခါမာတကယ့်ဗုဒ္ဓဘာသာဖြစ်ခဲ့ပြီလို့ခံယူမိပါတယ်ဘုရား။အရင်ကဘုရားရှိခိုးတာသာမန် ပါဘဲဘုရား။မိရိုးဖလာပါဘုရား။အခုမှဘဲတကယ်ကိုလေးလေးနက်နက်လုပ်ဖြစ်ပါတယ်။ တပြည့်တော်တို့အများစုဟာ အမှန်တရားနဲ့ ပတ်သက်ပြီး မာ(၁၀)ချက်ထဲက အတိုင်း လက်ခံယုံကြည်နေကြပါတယ်။ ခုလိုလေ့လာမှဘဲရှင်းရှင်းကြီးသိသွားပါတယ်။ ဒေါသ၊ လောဘ၊ မောဟဆိုတာလည်း အခုမှရှင်းရှင်းမြင်ပါတယ်ဘုရား။ အရင်ကသိပေမဲ့ မမြင်ဘူးဘုရား။ ဒေါသဆိုလည်းမထိန်းနိုင်ဘူးဘုရား။ ဒေါသက အရှုင်ဘုရားဟောသလို တကယ်ကိုပူလောင်ပါတယ်ဘုရား။ တပည့်တော်ဆိုရင် ဒေါသတွေ၊ လောဘတွေ ကြားမှာနေခဲ့ရတာနှစ်ကို အကြာကြီးဘုရား။ ဒီလိုဓမ္မစာပေတွေနဲ့ မတွေ့ခဲ့၊ တရားတွေနဲ့ မနာခဲ့ရတာကြောင့် ခုလိုပူလောင်ခဲ့ရတာပါဘုရား။ သားသမီးနဲ့ ပတ်သက်တဲ့ သောက တွေနဲ့ လည်းပူလောင်ရပါတယ်ဘုရား။ သားသမီးကလည်း ကိုယ်ဖြစ်စေချင်သလို မဖြစ်ခဲ့ပါဘူး။ ခုတော့လည်းသူ့ကံနဲ့ သူလာတာလို့ဖြေနိုင်ပါပြီး။ တွယ်တာမှုလျှော့ချပြီး သောကကင်းအောင်ဘဲနေပါတော့မယ်ဘုရား။အများနဲ့နေတဲ့အခါမှာလည်းဖြဟ္မစိုတရား၄ ပါးအညီနေနိုင်အောင် ကြိုးစားပါ့မယ်ဘုရား။ ၃ပါးတော့ရပေမဲ့ဥပေက္ခာတော့ သိပ်

မရသေးဘူး ဘုရား။ နောက်ဘဝကောင်းဖို့လည်း ကြိုးစာရမယ်ဆိုတဲ့ အသိလေးလည်း ရလိုက်ပါတယ်ဘုရား။မြတ်ဗုဒ္ဓနဲ့ယနေ့ကမ္ဘာမှာလည်း အသိဉာဏ် မျက်စိနှစ်လုံး ရှိရမယ် ဆိုတဲ့အချက်ကလည်း အလွန်ကောင်းပါတယ်။ တပည့်တော်တို့ညဏ်မျက်စိနှစ်လုံးမရှိလို့ တိုးတက်သင့်သလောက်မတိုးတက်တာပါဘုရား။ မေတ္တာသုတ်ဆိုရင်လည်း ငယ်ငယ်လေး ကတည်းကရွတ်ခဲ့တာ ခုမှအဓိပ္ပါယ်သိတာပါဘုရား။ အဓိပ္ပါယ်သိပြီးရွတ်မှ တော်တော် လေးကို စိတ်ကြည်နူးလာပါတယ်ဘုရား။ အသမ္မာဓံဆိုတဲ့အဓိပ္ပါယ်ကို တော်တော်လေး ကြိုက်ပါတယ်။တပြည့်တော်တို့မှာခွဲခြားဆက်ဆံတာတွေကအများကြီးပါဘုရား။ အဝေး ရန်တွေလည်းများပါတယ်ဘုရား။ ဒီအချက်တွေကိုဆင်ခြင်ရမှာပါဘုရား။ သမထနဲ့ ဝိပဿနာ ကတော့အခုမှသိတာပါဘုရား။ တပည့်တော်တရားမထိုင်ဖူးပါဘူး။ ခုမှ စသိတာ ဆိုတော့ကြိုးစာရအုံးမှာဘုရား။ စာကျက်တဲ့အထဲမှာတော့ သမထနဲ့ဝိပဿနာ ကျက်ရတာ အကောင်းဆုံးဘဲဘုရား။နောက်ဆုံးတော့လည်းစာမေးပွဲကိုကောင်မွန်စွာဖြေနိုင်ခဲ့ပါတယ်။ ရာနှုန်းပြည့်မဟုတ်ပေမဲ့ ဖြေနိုင်ပါတယ်။ နံပါတ်၄ကလွဲရင် အကုန်ဖြေနိုင်ပါတယ်။ နောက်ဆုံးကိုယ်လုပ်နိုင်ခဲ့ပြီဆိုပြီးမျက်ရည်တောင်ကျပါတယ်ဘုရား။level2အတွက်လည်း လေ့လာဖို့အားတွေရှိနေပါပြီဘုရား။မြတ်စွာဘုရားရဲ့အဆုံအမဒေသနာတွေနာကြားခွင့်ရ လို့ဆရာတော်ကြီးအား အထူးကျေးဇူးတင် ရှိပါတယ်ဘုရား။ ဆရာတော်ကြီး သက်တော်ရာ ကျော်ရှည်ပါစေ။

ဒေါ်ကေဇင်မြတ်မွန် (Level-1)

ဓမ္မအသိများ တိုးပွားလာပြီး လုပ်ငန်းခွင်မှာ ဆရာတော်ကြီး လမ်းညွှန်တဲ့ အတိုင်း လိုက်နာပြီး စိတ်ကို ပြုပြင်နေသည့်အတွက် စိတ်နှလုံးအေးချမ်းပြီး လုပ်သင့် လုပ်ထိုက် သည်များ ကို တွေ့မြင်လာခဲ့ပါသည်။

မအိအိခိုင်ဇံ (Level-1)

မြတ်စွာဘုရားရှင်နှင့် ဆရာတော် ဘုရားကြီးတို့အား တရားဖြင့် ပူဇော်လိုသောစိတ်ဖြင့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ပါသည်ဘုရား။ယခင်ကတည်းက ဆရာတော်ကြီး၏ တရားများကို နာကြားခဲ့သည်ဖြစ်သော်လည်း နာပြီးလျှင် မေ့သွားတတ်ပါသည်။ ယခု အချိန်တွင် တရားများကို သေချာစွာမှတ်သားနာယူရင်းဖြင့် တရားစာများကို တဆင့်ထက် တဆင့် ပိုပြီး လေ့လာပူဇော်လိုသောစိတ်များ ပေါ်ပေါက်လာပါတယ်ဘုရား။ တပည့်တော်တို့အား ယခုကဲ့သို့ တရားအသိများတိုးပွားအောင် စာမေးပွဲများကျင်းပပေးသော ဆရာတော်ကြီး နှင့် သုတမမ္မကျောင်းတော်ကြီးမှ ဆရာတော်သံဃာတော်များ ဆရာကြီးများ ဆရာမကြီးများ အားလုံးကို ရှိခိုးဦးတင် ပူဇော်ကန်တော့ ကျေးဇူးတင်ပါတယ်ဘုရား။

ဒေါ်မြမြသင်း (Level-1)

ဥပေက္ခာတရားအကြောင်း၊မေတ္တာသုတ်ကုရွတ်ဖတ်ယုံသာမကဘာဝနာအလုပ်ဖြစ်ကြောင်းထင်ရှားစွာသိမြင်ရပါတယ်ဘုရား။

ဒေါ်စန်းစန်းနွယ် (Level-1)

"ဘုရားတပည့်တော်မသည် စာမေးပွဲအတွက် တရားတော်များ စတင်နာယူပူဇော်သည့် အချိန် မှစပြီးယခင်ကရှိခဲ့ဘူးသော လောဘဒေါသမောဟတရားများ ပျောက်ကွယ်ပြီး ခွင့်လွှတ်သီးခံစိတ်များဖြင့် မေတ္တာစိတ်များကိန်းအောင်းလာပါသည်ဘုရား။ တခါတရံ ဒေါသ ထွက်စရာကြုံလို့ ဒေါသထွက်မိတဲ့အခါများတွင်လည်း သူ့လိုလိုစိတ်က သတိတရဖြစ်လာပြီး ချက်ချင်းဒေါသများပပျောက်သွားပါတယ်ဘုရား တပည့်တော်ရုံး အလုပ်တဖက်နဲ့အချိန်လုပြီးတရားများပူဇော်ရပေမယ့်တရားပူဇော်ကျက်မှတ်နေရရင် ပျော်နေပါတယ်ဘုရား။ တရားအသိနဲ့ လိုက်နာကျင့်ကြံရမည်များကို အသိဉာဏ်များ တိုးပွားနာယူမှတ်သားရပါသည်ဘုရား တပည့်တော်မ မလျှောက်တင်တတ်ပေမယ့်

ရင်ထဲနှလုံးထဲမှာသုတဓမ္မသင်ယူရသည့်အတွက်များစွာသော စိတ်ငြိမ်းချမ်းမှုရရှိပါတယ် ဘုရား တရားတော်များကိုလည်း ဆက်လက်ပူဇော်ပါမည်။ သုတဓမ္မပညာကိုလည်း မှတ်နိုင်စွမ်းရည်ရှိတဲ့အချိန်ထိတစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းပူဇော်ပါမည်ဘုရား။"

Zaw Myo Win (Level-1)

ဆရာတော်ကြီးရဲ့ တရားငါးပုဒ်လေ့လာရတာ အရမ်းဗဟုသုတတွေလည်းရပါတယ်။ မသိတာတွေလည်းသိရပါတယ်။

ဒေါ်ကေရီစိုး (Level-1)

"ဆရာတော်ကြီးတရားစာအုပ်ကို စလေ့လာတဲ့အခါ ပထမဆုံးဖတ်မိတဲ့အကြောင်းလေးက “တွယ်တာမှု”ကြောင့် “သောက” ဖြစ်ရတယ်ဆိုတာလေးက အသိဝင်လာစေပါတယ်။ ဆရာတော်ကြီးတရားတွေကို စလေ့လာဖြစ်တာကလည်း မိမိကိုးကွယ်တဲ့ ဘာသာနဲ့ ပတ်သက်ပြီး မိရိုးဖလာမဟုတ်ပဲ ကိုယ်တိုင် သေချာသိနားလည်ချင်လို့ဖြစ်ပါတယ်.. အဲဒီလို လေ့လာချင်တဲ့စိတ်တွေဖြစ်အောင် တွန်းပို့ပေးတာကတော့ သမီးလေးကို ချစ်တဲ့ စိတ်ဖြစ်ပါတယ်ဘုရား.. ဘာသာရေးနဲ့ပတ်သက်ပြီး သမီးလေးကိုပြောပြချင်တဲ့အခါ ကိုယ်တိုင်က သေချာမသိတော့ အမှားတွေပြောမိမှာ ကြောက်တာကြောင့် သေချာလေ့လာဖို့ ဆုံးဖြတ် မိတာပါ ဘုရား.. တပည့်တော် သမီးလေးကတော့ အသက် (၉) နှစ်ရှိပါပြီ ဘုရား.. တပည့်တော်က အသက် (၄၃) နှစ်ပါဘုရား.. ၄၃ နှစ်မှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ခွင့်ရခဲ့ပါတယ် ဘုရား.. အသက် (၄၃) နှစ်အထိ လောကီပညာတွေ၊ ဘွဲ့ဒီဂရီတွေနဲ့ စီးပွားရှာရင်း အချိန်ကုန်ခဲ့ရတယ် ဘုရား။ ဆရာတော်ဘုရားရဲ့ စာပေတွေလေ့လာပြီးတဲ့အခါမှာ ဒေါသကြောင့်ဖြစ်လာတဲ့ ဆိုးကျိုးတွေကို ကွက်ကွက်ကွင်းကွင်း မြင်လာတဲ့အတွက် ဒေါသမဖြစ်အောင် ထိန်းချုပ်နိုင်တဲ့အဆင့် မရောက်သေးပေမယ့် ဒေါသထွက်တဲ့အခါ ဒေါသစိတ်ကြာရှည်မဖြစ်အောင် ထိန်းထားနိုင်ခဲ့ပါတယ်ဘုရား။ မေတ္တာထားရမယ့်

ဥပမာကို ပြတဲ့အခါမှာလည်း သေချာနားလည်ခဲ့ပါတယ်ဘုရား.. တပည့်တော်မမှာ သားသမီးတစ်ဦးတည်းရှိတဲ့အတွက် သမီးလေးကိုချစ်တဲ့စိတ်မျိုး လူတိုင်းအပေါ်ထား ရမှာပါလားလို့ နားလည်မိပါတယ်ဘုရား။

မေတ္တာပွားမည့်သူ လိုက်နာရမည့် အချက်တွေကို လေ့လာရတဲ့အခါမှာလည်း တပည့်တော်မှာ အခြေအနေအရ အိမ် (၃)ခု (မိခင်အိမ်၊ သမီးလေးနှင့်နေသောအိမ်၊ အမျိုးသားရှိရာအိမ်) တို့ကို ကူးလူးသွားလာနေရသောကြောင့် အပွကိစ္စော စ (အမှုကိစ္စ နည်းပါးခြင်း)၊ သလ္လဟုကဝုတ္တိ စ (ပေါ့ပါးသော နေထိုင်မှုရှိခြင်း) ချို့တဲ့မှုရှိတယ်လို့ ခံစားရပါတယ် ဘုရား။ ထီထိုးတာ.. ဘောလုံးပွဲလောင်းတာတွေကလည်း ရောင့်ရဲခြင်းနှင့် ဆန့်ကျင်ခြင်း၊ ဣန္ဒြေငြိမ်သက်ခြင်းနှင့်ဆန့်ကျင်ခြင်း အနိုင်အရှုံးနဲ့ပတ်သက်ပြီး ခန့်မှန်း ရခြင်းကြောင့် အမှုကိစ္စနည်းခြင်းတို့နဲ့ ဆန့်ကျင်တယ်လို့ သိမြင်ရပါတယ်ဘုရား.. စီးပွားရေးလုပ်တဲ့အခါမှာလည်းပဲ မြတ်စွာဘုရားဟောကြားထားတာတွေက လက်တွေ့ အသုံးဝင်တဲ့တရားတွေပါလားလို့ ဆင်ခြင်မိပါတယ်..တပည့်တော်က ဖိနပ်ဆိုင်လေး ဖွင့်ထားတော့ ဆိုင်တဆိုင်ဟာ ဘယ်လောက်ပဲရောင်းကောင်းကောင်း stock လက်ကျန်မှန်ဘူးဆိုရင်တော့ မိမိရောင်းကုန်ပစ္စည်းကို ကောင်းစွာထားသိုမှုမရှိရင် အာရက္ခ သမ္ပဒါ ချို့တဲ့တာပဲလို့မြင်လာပါတယ်ဘုရား.. မိသားစုတွေက ရောင်းရတဲ့ငွေထဲက နှိုက်သုံးနေကြမယ်ဆိုရင်လည်း သမဇီဝိတာ သမ္ပဒါချို့တဲ့တာ ပါလားလို့မြင်မိပါတယ် ဘုရား။ တခါ လုပ်ငန်းချဲ့ထွင်ဖို့အတွက် အဆက်အသွယ်ရှာတဲ့အခါမှာလည်းပဲ ကလျာဏ မိတ္တတာ ဟာ အရေးကြီးပါလားလို့မြင်လာမိပါတယ်ဘုရား.. ဥဌာနသမ္ပဒါဖြစ်ဖို့အတွက် ဒက္ခ၊ အနလသ၊ ဥပါယဝီမံသာတို့ရှိဖို့လည်းလိုအပ်တယ်ဆိုတာသိလာရပါတယ် ဘုရား.. အရောင်းဆိုင် တဆိုင်အတွက်ဆို ဥပါယဝီမံသာသည် POS software, digital marketing, internet လို့မြင်မိပါတယ် ဘုရား.. ဆိုင်ကို ဘယ်လိုပြင်ဆင်ရမယ်.. ပစ္စည်းကိုဝယ်သူ သဘောကျအောင် ဘယ်လိုခင်းကျင်းရမယ်။ ဘယ်ပစ္စည်းမျိုးတင်ရမယ်.. ဝယ်သူကို ဘယ်လို ရှင်းပြပြီး ဝန်ဆောင်မှုပေးရမယ်ဆိုတာတွေကတော့ ဥဌာနသမ္ပဒါထဲမှာ ပါတယ်လို့ ဆင်ခြင်မိပါတယ်ဘုရား။

ဒေါ်သင်းသင်းလှိုင် (Level-1)

"ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်းတွင် ကိုယ်တိုင်လက်တွေ့သိသည့် အသိဉာဏ်ဖြင့် အမှားအမှန်ရွေးချယ် ဆုံးဖြတ်တက်စေခြင်း။ အများနှင့်နေသည့်အခါ ထားရမည့် တရားလေးပါး တို့ကိုလေ့လာကျက်မှတ်ရင်း လက်တွေ့ဘဝတွင်ကျင့်သုံး နေထိုင်ရန်အသိ ဝင်လာခြင်း။ မြတ်ဗုဒ္ဓဒေသနာနှင့်ယနေ့ကမ္ဘာတွင် ယခုဘဝချမ်းသာအောင် နေနည်း နောင်ဘဝ ကောင်းရာသုဂတိရောက်စေနည်းများကို လေ့လာရသည့်အတွက် ယခုလက်ရှိ ဘဝအားမြတ်ဗုဒ္ဓတရားတော်အတိုင်း လိုက်နာကျင့်သုံးမည်ဟူသောအတွေးများ ဝင်လာ ခြင်း။အတက်နိုင်ဆုံးလိုက်နာကျင့်သုံးခြင်း။ စိတ်၏အညစ်အကြေးများကိုဖယ်ရှားခြင်းတွင် စိတ်ဖြူစင်ဖို့အတွက်အခြေခံကျင့်စဉ်၈ပါးအားလေ့လာကျက်မှတ်ရခြင်းကြောင့်အကုသိုလ် ဒုစရိုက်တွေမိမိမှာဖြစ်ပေါ်လာတဲ့ခါသတိထားမိလြာပြီးဖယ်ရှားရန်ကြိုးစားခြင်း။
နိဝရဏတရား၅ပါးဖယ်ရှားနည်းကိုလေ့လာရသဖြင့်မိမိမှာနိဝရဏတွေ ဖြစ်ပေါ်လာတဲ့ခါ ဖယ်ရှားနည်းများကို ဆင်ခြင်စဉ်းစား၍လက်တွေ့အသုံးချခြင်း။ မေတ္တာသုတ် အနှစ်ချုပ် ကိုလေ့လာရသဖြင့် မေတ္တာဘာဝနာပွားများသူတို့ထားရှိရမည့် စိတ်ထား၁၅ချက်မှာ ဘဝမဇော အလွန်တန်ဖိုးရှိလှ ပါသည်။ ယခင်ကမေတ္တာပို့နေသော်လည်း စိတ်ထားများ မှန်ကန်မှုမရှိခဲ့ပါ။ ဖဒါသတွေဖြစ်လာရင်အတွင်းရန်ပဲ သံသရာတစ်လျှောက်လုံး ဒုက္ခပေးမှာလို့တွေးမိလာပြီး ဒေါသတွေလျော့လာပါသည်။ မေတ္တာကနေဝိပဿနာ ကျင့်စဉ်ကူး ပြောင်းပုံ လေ့လာရသဖြင့် ရုပ်နဲ့နာမ်ပဲရှိတယ်ဆိုတဲ့ အတွေးများရရှိပါသည်။ အမေပျောက်ရှာရတဲ့ဒုက္ခမှ လွတ်တယ်ရန္တာဖြစ်သွားတယ်ဆိုတာ အကြိုက်ဆုံး ဖြစ်မိပါသည်။ ငယ်ငယ်ကအမေအလုပ်သွားစေးသွားရင်တောင် မခွဲချင်တဲ့ဝမ်းနည်းမှု။ တနေရာရာ ကပြန်လာရင် အမေ့တွေ့ရမှပျော်ရွှင်မှု။ မတွေ့ရရင်ဝမ်းနည်းမှုတွေကို ဝိပဿနာတရားကသာ ကုစားပေးနိုင်မှာဖြစ်ကြောင်း ခံစားသိရပါသည်။ သမထနှင့် ဝိပဿနာကိုလေ့လာရသဖြင့် သမထဆိုတာ မကျင့်ကောင်းဘူး ဝိပဿနာကမှ ကျင့်ကောင်းတယ်ဆိုတဲ့ အတွေးများပျောက်သွားပါသည်။ သီလပြည့်စုံခြင်း၏ အကျိုးများ

ကို မြင်မိလာပါသည်။ ဝိပဿနာတိုက်ရိုက်ကျင့်နည်းမှ ထွက်လေဝင်လေကို ဝိပဿနာနည်းဖြင့်ရှုမှတ်ပုံ လေ့လာရင်းဖြင့်ရုပ်နဲ့နာမ်ခွဲခြားသိလာပါသည်။"

Daw Khaing Sandi Wai (Level-1)

"စိတ်ထားဖြူစင်အောင်ထားပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် အရာရာစဉ်းစား၍မှားတာကို ချက်ချင်းစွန့်ပြီး မှန်လျှင် လက်ခံကျင့်သုံးနေထိုင်တက်သော အသိဉာဏ် တိုးတက်လာပါသည် ဘုရား"

ဒေါ်အေးအေးသွင် (Level-1)

စာမေးပွဲအတွက် ရည်ရွယ် လေ့လာကျက်မှတ်ပေမဲ့ ဆရာတော်ဘုရားကြီး၏ လိုက်နာကျင့်ကြံရမည့် တရားဒေသနာတော်များသည် ဒေါသကိုထိန်းနိုင်သွားပြီး အလုပ်ကိုလည်း ကြိုးစားချင်စိတ်ရှိသွားပါသည်ဘုရား တပည့်တော်မ သမီးလေးလည်း သတ္တမတန်း တက်ရင်း ကြိုးစားပြီး စာဝင်ဖြေပါသည် မောဟစိတ်လေးတွေလျော့သွားပြီး မှန်မှန်ကန်ကန် တွေးတတ်လာလို့ ဝမ်းသာရပါသည်ဘုရား လောဘကရှိနေတော့ စာမေးပွဲနဲ့ပတ်သက်လာရင် စိတ်လှုပ်ရှားတာတွေထိန်းနိုင်အောင် တရားစာပေက အထောက်အကူပြု ပါသည်ဘုရား ဦးတင်ရှိခိုးပါသည်ဘုရား

Daw Myint MyintSein (Level-1)

"စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း ဆရာတော်ဘုရားကြီး၏စေတနာနှင့် ရည်ရွယ်ချက် အား ကျေးဇူးအခါခါတင်ရင်း ဦးချကန်တော့လိုက်ပါသည်ဘုရား ၊နောက်ထပ် level များ အဆင့်ဆင့်အောင်မြင်အောင် ဖြေဆိုသွားပါမည် သုတမယပညာမှသည် ဘာဝနာမယပညာအထိတိုးတက် လာသည်အထိ ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်လက်တွေ့

ကျင့်သုံးသွားမည့် အသိများတိုးပါသည် ဆရာတော်ဘုရား သက်တော်ရာကျော်ရှည်ပါစေ အဖက်ဖက်မှ ပံ့ပိုးကူညီ သင်ကြားပေးကြသည့် သင်ဆရာ မြင်ဆရာ ကြားဆရာများ အားလည်းကျေးဇူးတင်ရပါသည်။"

ဒေါ်သန်းသန်းဆင့် (Level-1)

ပေါင်းသင်းဆက်ဆံတဲ့အခါ မေတ္တာ ကရုဏာ မုဒိတာ ဥပက္ခာနှင့် နေပြီး ဆင်းရဲတာလည်း သူ့ကံနှင့်သူချမ်းသာတာလည်း သူ့ကံနှင့်သူဆိုပြီး လိုက်နာကျင့်သုံးမိပါတယ်ဘုရား အချိန်အားတာနဲ့ စာမေးပွဲဖြေရမယ် စာဖတ်ရမယ်ဆိုတဲ့စိတ်နဲ့ ဖတ်ဖြစ်ပါတယ်ဘုရား ငါဘယ်လိုနေရမယ် ဘာလုပ်ရင် ကုသိုလ် အကုသိုလ်ဆိုတာ ပိုပြီး ခွဲခြားသိသွားပါတယ်ဘုရား။

ဒေါ်ငြိမ်းငြိမ်းအေး (Level-1)

အရှင်ဘုရားတပည့်တော် ဒီစာမေးပွဲဖြေခွင့်ရတာ အရမ်းကြည်နူးမိပါသည် ဘုရား၊ အခုတပည့်တော်စာမေးပွဲဖြေရင်းမြင်ရသလောက်ကတော့အသက်အရွယ်မျိုးစုံ၊ကျန်းမာမကောင်းသူများ၊အထူးသဖြင့်ကင်ဆာအဆင့်၃၊မျက်လုံးမကောင်းတဲ့သူ တပည့်တော် အနေနဲ့ လျောက်ရရင် စာမေးပွဲဖြေသူတိုင်း အောင်ချင်ကြပါတယ်ဘုရား၊ ဒါမှငါစာမေးပွဲ အောင်တယ် ဆိုပြီးကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက် ရှိလာပြီး အားငယ် စိတ်မဖြစ်တော့မှာ ပါဘုရား၊ စာမေးပွဲဖြေတဲ့သူတိုင်းကြောက်ကြတာပါ ဘုရား၊တပည့်တော်ဆို ၄မေးခွန်း ဖတ်ပြီးခေါင်းထဲကချွေးတွေထွက်လာလို့ခဏနားရပါတယ်ဘုရား၊မေးခွန်းလှည့်တာအဆင် မပြေရင်ဖြေတဲ့သူမှာပိုဆိုးပါတယ်ဘုရား။

မေဝင်းနွယ် (Level-1)

"စာဖြေခန်းမှာ အခန်းစောင့်ကြီးကြပ်သူများမှ မိုက်ဖြင့် မေးခွန်းဖတ်ပြတာ မပြုလုပ်စေချင်ပါရှင့် ပြီးလျှင်စာဖြေချိန်တနာရီခွဲကျော်ထွက် ခွင့်ပြုချိန်တွင်လဲ ကြီးကြပ်သူများမှ မိုက်ဖြင်ဆူညံသောကြောင့် စာဖြေသူများ အာရုံပျံလွင့်၍ စိတ်အနှောက်အယှက် ဖြစ်ခဲ့ရပါသည့်ဘုရား။ စာဖြေဌာန YGN 07ပါ ဆရာတော်ဘုရားး အပြစ်တင်တာ မဟုတ်ရပါရှင့်။ အကြံပြုတာပါရှင့် အမှားပါလျှင် သီးခံခွင့်လွှတ်ပါ ဆရာတော်ဘုရား။"

ဒေါ်သီတာအောင် (Level-1)

မေတ္တာသုတ် ရွတ်ဖတ်ရုံမက အဓိပ္ပါယ်ပါသိရှိလာ၊ ဓမ္မနှင့်ပတ်သက်၍ ပိုသိချင်လာလေ့လာချင်လာပါသည်။

မလွဲလွဲနိုင် (Level-1)

တပည့်တော်သည် မိအို ဖအို များနှင် မိသားစုများကို စောင့်ရှောက်ရင်း ရာထူးကြီးတခုကိုလည်း တာဝန်ယူနေရင်း စာမေးပွဲ ဖြေဆိုနိုင်ဖို့ ကြိုးစားခဲ့ပါသည်ဘုရား။ စာမေးပွဲဖြေတဲ့နေ့မှာ မဖြေခင် နမောတသ ၃ကြိမ်ရွတ်ပြီး သာဓုခေါ်ချိန်မှာ မျက်ရည်မကျအောင်ထိန်းခဲ့ရပါတယ်။ ၃နာရီအချိန်မှာ ကြိုးစားထားသမျှနဲ့ ပူဇော်မယ်ဆိုတဲ့စိတ်ဖြစ်ခဲ့ရပါတယ်။ စာမေးပွဲဖြေပြီးတည်းက မနက် အိပ်ယာနိုးတာနဲ့ ဝင်လေထွက်လေ မှတ်တတ်တဲ့အကျင့်လေးစ ဖြစ်လာပါတယ်။ စိတ်တိုစရာတွေတွေ့တဲ့အခါ အရင်လို ဒေါသထွက်မပြင်းထန်တော့ပဲ ထိန်းနိုင်သွားပါတယ်ဘုရား။ တွယ်တာမှုက သောကဖြစ်စေတယ်ဆိုတဲ့သဘောကိုလည်း ပိုမိုနားလည်သွားပါတယ်ဘုရား"

ခင်မြတ်နိုးအောင် (Level-1)

တပည့်တော် နှလုံးသွင်းကျက်မှတ်ရသည့် စာများသည်နေ့စဉ် ဘဝ အတွက် အများကြီးအထောက်အကူ ဖြစ်ရပါတယ်ဘုရား။ စိတ် အဆင်မပြေတဲ့ အချိန်၊ ဆုံးဖြတ်ချက်များ နှင့်

ပတ်သက်ပြီး တွေ့ဝေစရာဖြစ်လာရင်လည်း စာအုပ်ထဲက Theory တွေက အတွေးထဲပေါ်လာပြီး ကိုယ့်စိတ်ကိုကိုယ် အရင်ကထက် Awareness ပိုရှိလာကာ ဘာလုပ် ရမယ် ဆိုတဲ့ ဆုံးဖြတ်ချက် ပိုခိုင်မာလာပါတယ် ဘုရား။ တပည့်တော်ရဲ့ ကိစ္စတစ်ခုအပေါ် အတွေး အခေါ်များလည်း အရင်ကထက် ပိုပြီး တိုးတက်လာကာ ယခင်မြင်သော ရှုထောင့် များထက် ပို၍မြင်တတ်လာကာ အကြောင်းအကျိုးအပေါ် လက်ခံလွယ် လာပါ တယ် ဘုရား။ တရားတော်များ လေ့လာခြင်းက တပည့်တော် အပေါ်အကျိုးများလှပါသည် ဘုရား။ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားများကို နှလုံးသွင်းက တစ်ရက်ထက်တစ်ရက် အသိဉာဏ်တိုးတက်အောင် ကြိုးစားအားထုတ်ပါ့မည်ဘုရား။"

Ma Khaing Shwe Zin (Level-1)

တပည့်တော်မ အရင်ကဆိုရင် တရားတွေနာဖြစ်ပေမယ့် နာပြီးရင် နည်းနည်းပဲမှတ်မိပြီး မေ့မေ့သွားပါတယ်ဘုရား နာထားတဲ့တရားတွေသာ များပြီး တကယ်တမ်းတရားအသိမှာ သိပ်မရှိခဲ့ပါဘူးဘုရား။ အခုလိုမျိုး စာမေးပွဲအတွက်မှတ်ရတဲ့အခါမှာ ပိုပြီးမှတ်မိပြီး ရင်ထဲစွဲကာ လက်တွေ့မှာလည်း တကယ်ကို အသုံးချဖြစ်ပါတယ်ဘုရား အရင်က တပည့်တော်မ တရားနာရင် တစ်ချို့တရားတွေက ဟောပြောချက်တွေမြင့်ပြီး နားမလည် တဲ့ အပိုင်းတွေရှိလို့ တရားနာဖို့အတွက် ဉာဏ်အသိမကိုက်ညီခဲ့ဘူးလို့ ထင်ခဲ့ဖူးပါသည် ဘုရား။ သုတမမ္မဖြေတော့ အခြေခံကနေ စပြီး ဘာသာတရားကိုလည်း ပိုမိုယုံကြည်သက်ဝင်လာမိသလို မမ္မနဲ့ဆိုင်တဲ့အခေါ်အဝေါ်အသိပညာတွေလည်း တိုးတက်လာ တာကြောင့် တရားတော်တော်များများကို ဆက်လက်နာယူတဲ့အခါ အရင်ကထပ်များစွာ ပိုပြီး နားလည်သဘောပေါက်လာပါတယ်ဘုရား စိတ်ကိုလည်း ဖြူစင်အောင် အရင်က ထပ်ပိုပြီး လုပ်လာနိုင်တာကို တွေ့ရပါတယ်ဘုရား။ အရင်ကဆို တပည့်တော်မရဲ့ စိတ်က လောဘ ဒေါသတွေ အရမ်းများခဲ့ပါတယ်ဘုရား။ လောဘ ဒေါသဖြစ်နေတာ သိပေမယ့်

လျော့နည်းအောင် ဘယ်လိုလုပ်ရမယ်ဆိုတာမသိခဲ့ပါဘူးဘုရား အခုအခါ မှာတော့ ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးမေတ္တာတွေကြောင့် ဓမ္မအသိတွေတိုးလာပြီး အတိုင်း အတာတစ်ခုအထိ ဆင်ခြင်နိုင်နေပါတယ်ဘုရား။ သုတဓမ္မကြောင့်တိုးပွါးလာတဲ့ အသိတွေကိုပြောပြရရင် ကုန်တော့မယ်မထင်ပါဘူးဘုရား အိမ်က မိဘတွေနဲ့ အသိ မိတ်ဆွေတွေကိုလည်း ဖြေဖို့တိုက်တွန်းဖြစ်ပါတယ်ဘုရား တကယ်ကို အဖိုးတန်လွန်းတဲ့ အရာဖြစ်တဲ့အတွက် ဖြေဆိုလေ့လာခွင့်ရအောင် စွမ်းဆောင်ပေးသော ဆရာတော် ဘုရားကြီး အခြားသောပုဂ္ဂိုလ်များအားလုံးကိုလည်း ကျေးဇူးတင် တင်ရပါတယ်ဘုရား နောက်ထပ်levelကိုလည်း ဆက်လက်လက် လေ့လာပူဇော်သွားပြီး တရားအသိဉာဏ်တွေ ဆက်လက်တိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးစားသွား ပါဦးမယ် ဘုရား။"

ဥမ္မာခိုင် (Level-1)

မေတ္တာသုတ် အနက်အဓိပ္ပယ်ကို မသိခဲ့ဘဲ ရွတ်ဖတ်ရုံရွတ်ဖတ်ပူေဇာ်ခဲ့ပြီး သုတဓမ္မ level (1) လေ့လာဖြေဆိုတဲ့အခါမှသာ မေတ္တာသုတ်အနက်အဓိပ္ပါယ်ကို သိရှိ နားလည်ခဲ့ပါ တယ်။ ဗုဒ္ဓတရားတော်များနှင့်ပတ်သက်ပြီး အများကြီး လေ့လာသိရှိခဲ့ပြီး စိတ်ကိုလည်း ဘယ်လိုပြုပြင်နေထိုင်ရမလဲဆိုတာ သိရှိခဲ့ရပါတယ်။ အရင်ထက်စာလျှင် အများကြီး သိရှိ တိုးတက် နားလည်ခဲ့ပါတယ်ရှင့်။

ချောစုဝေ(Level-1)

"စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့် အသိဉာဏ်များကို လျှောက် ထား ပါမည်ဘုရား။

1.တပည့်တော်သည် အလုပ်တစ်ခုခုလုပ်နေလျှင်သော်လည်းကောင်း၊ ထမင်းစားနေစဉ်၊ Internet အသုံးပြုနေစဉ်၊ TV ကြည့်နေစဉ်စသည့် နေ့တဓူဝကိစ္စများ လုပ်ဆောင်ချိန်

အခါများတွင် လောဘ၊ ဒေါသ၊ မောဟနှင့်ပတ်သက်ပြီး သရုပ်ခွဲကာ အသိဝင်လာပါသည်။ တခါတလေတွင် သတိလွတ်လက်လွတ်ဖြစ်သွားလျှင် လုပ်ပြီးသည့်နောက်တွင် သြော်... ငါ လောဘတွေဖြစ်နေတာပါလား၊ ဒေါသကြောင့် ခုလိုတွေခံစားနေရတာပါလား၊ မောဟ မဖြစ်အောင် တရားတွေများများနာပြီး စာများများဖတ်မှပဲဆိုတဲ့ အသိဥာဏ်များ ဖြစ်ပေါ်လာပါသည်။ ထို့အပြင် "မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ" ဖတ်ပြီးသည့် အချိန်တွင် တပည့်တော် သန္တာန်တွင် ဝိစိကိစ္ဆာများကိန်းနေကြောင်း သုံးသပ် ဆင်ခြင် မိပါတယ်ဘုရား။

2. ဘုရားရှိခိုးကန်တော့သည့်အချိန် မေတ္တာသုတ်ရွတ်ဖတ်ပွားများ စဉ်တွင် ပါဠိလို ပူဇော်နေပေမယ့် စိတ်ထဲမှာအလိုလိုမြန်မာဘာသာပြန်နေမိပါတယ်ဘုရား။ စာမေးပွဲပြီး ချိန်ကစလို့ ခုချိန်ထိပြင်းပြနေတဲ့စိတ်က တရားစခန်းဝင်ပြီး သမထ နဲ့ဝိပဿနာကို သေသေ ချာချာကွဲကွဲပြားပြားသိကာ တရားအားထုတ်ချင်ပါတယ်ဘုရား။ "

Daw Myat Lay Win (Level-1)

Level(1)သုတဓမ္မစာမေးပွဲဖြေဆိုရင်းတိုးတက်လာသောအသိဥာဏ်များ မှာကျွန်မအတွက် ၅ခုထက်မနည်းရှိပါတယ်။ ထိုထဲမှ တခုသာရေးသားပါမယ်။ မာန ၂မျိုးမှာထားသင့် သောမာနနဲ့မထားသင့်သော မာနဟူ၍ရှိတယ်။ သုမေဓါရှင်ရသေ့ ဥပမာပေးထား၍ အံ့သြ စွာ မှတ်သားရပါတယ်။ သဘောကျနှစ်ခြိုက်မိခဲ့ပါတယ်။ မိမိက မာနဆိုရင် ဘာ မာန မှ၏ မထားသင့်ဘူးဟု ထင်မှတ်ထားသော်လည်း ပညာရေး၊စီးပွားရေး၊ဘာသာ သာသနာရေး မှာ သူတို့တောင်လုပ်နိုင်သေးတာပဲ။ငါ ဘာလို့မလုပ်နိုင်ရမှာလဲ-ဟု ဆရာတော်ကြီးဟောပြ သောအခါ ....မှတ်သားထားပါတယ်။ ကျွန်မမှာ လူမှုရေး၊စီးပွားရေး၊ခရီးသွားရန်အလုပ်ရှုပ် နေသောအခါ ဒီစာမေးပွဲကို ငါလက်လျော့လိုက်တော့မယ်...ဟု စိတ်လျော့မိပါတယ်။ ဖြေရန် တစ်လအလို အင်းလျားရိပ်သာမှာ စာဖြေကဒ်သွားထုတ်ပါတယ်။ အဲဒီအချိန်ထိ ဇဝေဇဝါနဲ့ ဖြေဖြစ်ပါ့မလားဟု။ မိမိရှေ့ကအသက်၇၀ကျော်ခန်း အဘကိုတွေ့မိသောအခါ ...ထားသင့်သောမာန ကထောင်လွှားလာသည်။ ဒီအရွယ်အဘိုးတွေတောင် စာဖြေနိုင် သေးတာ ငါလဲရအောင်လုပ်မယ်ဟု...ညစဉ် ၂နာရီအထိစာလုပ်ခဲ့ပါတယ်။ Level1စာက

ခက်သလားဆိုတော့မခက်ဘူး။ မခက်ဘူးလားဆိုတော့ အချက်အလက်တွေ၊ ပါဠိတွေ ကျက်ရလို့ခက်တယ်။ ဖြေခါနီး၂ပတ်အလို လည်ပင်းခွဲစိတ်ရသေးသည်။ သို့သော် ထားသင့်မာနတခုကြောင့်ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့ကြောင်း..ဆရာတော်ကြီး ကျန်းမာစွာ သာသနာပြုနိုင်ပါစေရန်မေတ္တာပို့သအပ်ပါတယ်။ "

နှင်းနွယ်အေး (Level-1)

ဓမ္မ အသိများ များစွာ သိရပြီး လောကီနေ့စဉ်ဘဝ အတွက် နှင့်သံသရာ အတွက်ပါ မည်သို့ကျင့်ကြံနေထိုင်ရမည်ကို အသိ သတိ ပညာများအတွက် ပါမောက္ခချုပ် ဆရာ တော်ဘုရားကြီးအား အလွန်ကျေးဇူးဥပကာရ တင်ရှိပါသည် ဘုရား။

ဒေါ်နန္ဒာအောင်(Level-1)

"ပါချုပ်ဆရာတော်ကြီးအား ဦးတင်ရှိခိုးကန်တော့ပါ၏ဘုရား။ 2016 အောက်တိုဘာလ 2-3 ရက်နေ့ ပါချုပ်ဆရာတော်ကြီး၏ တရားပွဲကို ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့မှာမိသားစု တို့မှ ဓမ္မပူဇော်ခွင့်ရခဲ့ပါတယ်ဘုရား ဆရာတော်ကြီးရဲ့ တရားတော်တွေ နာယူရင်း ပညာဘူမိ တက္ကသိုလ်ရဲ့ သုတဓမ္မစာမေးပွဲကို ဖြေဆိုဖို့ ပြဌားစာအုပ်ဖတ် တရားနာယူရင်း အသိဉာဏ် ပွင့်လာခြင်းက ကိုယ်တိုင်ခံစားခွင့်ရပါတယ်ဘုရား သုတဓမ္မ level1 မှာတင် လက်ရှိဘဝ နောင်သံသရာ နိဗ္ဗန်ရသည့်တိုင်အောင် လူမှုရေး ကျန်းမာရေး စီးပွားရေး ဘာသာရေး ကို အသေးစိတ်နာယူခဲ့ရပါတယ်ဘုရား ဘဝခရီးမှာ ဆောင်ရန် ရှောင်ရန် စိတ်ထားဖြူစင်အောင် ဟိရီ ဩတပ္ပ တရား မေတ္တာသုတ်သည် ရွတ်ရမည်မဟုတ်ပဲ ပွားများရမည့်ကမ္မဋ္ဌာန်းတရား မေတ္တာ ကမ္မဋ္ဌာန်းမှသည် သမထ ဝိပဿနာ ကမ္မဋ္ဌာန်း ထိတိုင်အောင် ကိုယ်ပိုင်အသိဉာဏ်ဖြင့် လက်တွေ့ လိုက်နာကျင့်ကြံ ကြိုးစား ရရှိခံစား နိုင်ကြောင်း အသိဉာဏ်ပိုပို ပွင့်လင်းခဲ့ပါတယ်ဘုရား အတန်းပညာများကိုလဲ ဆက်ပြီး သင်ယူပါ့မည်ဘုရား "

Thae Mar Htay (Level-1)

တပည့်တော်က သုတမမ္မ ဒီပလိုမာစာမေးပွဲ ပြဋ္ဌာန်းစာအုပ်ဖတ်ပြီး လူ့ဘဝလူ့လောက မှာ နေထိုင်ပြောဆိုဆံတာတွေ အရင်နဲ့မတူဘဲ ပိုသိလာရပါတယ်ဘုရား။ တကယ်တမ်း အရင်က အလုပ်လုပ်ရင် ကံပေါ့ ကံပေါ့ဆိုပြီး ကံကိုဘဲပုံချတတ်တာ ဒီစာအုပ်ဖတ်ပြီးနောက်ပိုင်း ကံဆိုတာ ကိုယ်လုပ်လိုက်တဲ့ အလုပ်ဆိုတာ ပိုသိလာတယ် အရင်က ဓမ္မနဲ့ ပတ်သက်ရင် အပေါ်ယံလောက်သာ သိခဲ့တာပါဘုရား တပည့်တော်က ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ ရဲ့တရားတွေကို တစ်ပတ်ကို 4ပုဒ် အမြဲနာဖြစ်ပါတယ်ဘုရား။ တပည့်တော် ဘဝအတွက် ပထမဆုံး ဓမ္မလမ်းကို လျှောက်နိုင်ဖို့ အဓိက ညွှန်ပြ လမ်းပြပေးတာတော့ ဆရာတော်ဘုရားရဲ့ တရားတော်တွေပါဘဲ ဘုရား ကျေးဇူးတင်ပါတယ်ဘုရား အခုလို တရားတော်တွေ ကြားခွင့် နာခွင့်ရတဲ့ ဘဝကို သုတမမ္မကို ဖြေခွင့်ရတဲ့ အတွက်လည်း ပီတိဖြစ်မိပါတယ်ဘုရားတပည့်တော် တောင်းဆုတစ်ခုပါဘဲဘုရား တပည့်တော်သည် သစ္စာလေးပါး မြတ်တရားကို လွယ်ကူစွာသိမြင်နိုင် ကျင့်ကြံနိုင်ရပါလို၏ဘုရား။"

မဖူးပြည့်ပြည့်စံ (Level-1)

တပည့်တော်မက စစက စာသာလုပ်ပေမယ့် စိတ်ထဲမပါခဲ့ပါဘူး။ ဘုရား တရား ၂ပုဒ် မြောက် ကျော်လာချိန်မှာတော့ စာလုပ်ရပျော်လာပါတယ် အရင်ကမသိဖူး မကြား ဖူးတဲ့ အရာတွေကို သိလာပြီး ပြန်လည်မျှဝေပြောဆိုနိုင်လာတဲ့အခါမှာ ရတဲ့ပီတိက ဘာနဲ့မှ မလဲနိုင် ပါဘူးဘုရား စစစာလုပ်ချင်းက ဒါပဲနောက် levelဆက်မဖြေဘူး။ စဉ်းစားတာ ဘုရား ခုတော့ ဆက်ဖြေမှာပါဘုရား အပြီးထိဖြေပါမယ်ဘုရား။

မကေခိုင်ဝင်းဆွေ (Level-1)

သုတမမွ Level1အတွက် တရားတော်တွေကို လေ့လာကျက်မှတ်တဲ့အခါ အတွေ့ ကုသလ ဆိုတဲ့ အကြောင်းအရာလေး ကနေကိုယ့် ကိုယ်ကို ပြန်သုံးသပ်မိပါတယ် ဘုရား၊ တပည့်တော် လုပ်နေတဲ့အလုပ်တွေက တံတိုင်းစီနေတာလား၊ တွင်းတူးနေတာလား၊ စာမေးပွဲဖြေခါနီး ဖုန်းပဲကြည့်နေမိရင်တွင်းတူး နေမိပြီဆိုပြီး သုံးသပ်မိပါတယ်ဘုရား။ မေတ္တာပွါး မည့်သူတွေမှာရှိ သင့်တဲ့အရည်အချင်း (၁၅)ချက်နဲ့ ပြည့်စုံအောင်လည်း ကြိုးစားနေပါတယ်ဘုရား။ ဘဝခရီးဝယ် ရွေးချယ်ရမယ့်လမ်း အနှစ်ချုပ် စံ(၅)ချက်အတိုင်း လည်းသုံးသပ်ကြိုးစားနေထိုင်နေပါတယ်ဘုရား။လောကမှာမြတ်စွာဘုရားရှင်ပွင့်ထွန်းလာ ရခြင်းက သတ္တဝါတွေ ဟိတ၊သုခ ရရှိဖို့၊ ဘုရားရှင်ဟောကြားထားတဲ့ တရားတော်တွေက လောကီအတွက်ရော လောကုတ္တရာအကျိုးအတွက် ပါဟောကြားထားတယ်။ လိုက်နာ ကျင့်သုံးရင် ဒီဘဝရောနောင်ဘဝအတွက်ပါ အခြေနေကောင်းတွေရပြီး ချမ်းသားသုခ ရနိုင်တာမို့ စီးပွါးမျက်စိနဲ့ ဓမ္မမျက်စိနှစ်မျိုးစလုံးနဲ့ ပြည့်စုံအောင်လည်း ကြိုးစားနေထိုင် သွားပါ့မယ်ဘုရား။ မဟာအသယူရသုတ်တော်လာ စိတ်ဖြူစင်စေရန် ကျင့်ရမယ့် အချက် ၈ချက် အတိုင်းလည်း ကြိုးစားနေထိုင်ပါ့မယ် ဘုရား။နိဝရဏတရား ၅ပါး ကင်းအောင် လည်း ကြိုးစားပါ့မယ်ဘုရား။ သမထနဲ့ဝိပဿနာတရားတော်ကို နာယူပူဇော်ရတဲ့အတွက် တရားအားထုတ်တဲ့အခါမှာ သုတမယအနေနဲ့အထောက်အကူဖြစ်ပါတယ် ဘုရား။ သုတ မမွ မဖြေခင်ကစိတ်ကသတိသိပ်မရှိပါဘုရား၊ အခုဆိုစိတ်ကသတိ ပိုကပ်လာပြီးပိုလည်း အေးချမ်းလာပါတယ်ဘုရား။မှတ်ဥာဏ်တွေလည်းပိုကောင်းလာပြီးကိုယ့်ကိုယ်ကိုလည်းယုံ ကြည်မှုပိုရှိလာပါတယ်ဘုရား။ သုတမမွဒီပလိုမာ Level 3ခုစလုံးကြိုးစား ပူဇော် သွားပါ့ မယ်ဘုရား။ ဆရာတော်ဘုရား သက်ရှည်ကျန်းမာဘေးရန်ကွာ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ သာသနာ့ဝန်ကို ခန္ဓာဝန်ကိုလွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား။ စာမေးပွဲတွေ ကျင်းပ ပေးတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်ဘုရား 🍀 🌷

ဒေါ်တင့်တင့်ထွန်း (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့်အသိဉာဏ်များမှာ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း တရားတော်ကို နာယူလေ့လာရခြင်းအားဖြင့် ယခင်က မသိရှိခဲ့သော အချက်များအား နာယူလေ့လာသင်ယူပြီးသောအခါမှာဗုဒ္ဓဘာသာက ကံ၊ကံ၏အကျိုးကို အခြေခံသဖြင့် ကောင်းတာလုပ်လျှင်ကောင်းတဲ့အကျိုးကို စံစားရခြင်း မကောင်းတာလုပ်လျှင် မကောင်းကျိုးကို ခံစားရခြင်း သိရှိလာပြီး ကောင်းတယ်၊ မကောင်းဘူးဆိုတာကို မိမိ၏ ကိုယ်ပိုင်ဉာဏ်နှင့်ဆုံးဖြတ်၍ ကိုယ်တိုင် သိအောင်လုပ် ရမည်ဟု သိရှိလာပြီး မိမိ၏ ဘဝခရီးကို လျှောက်လှမ်းသည့်အခါမှာဘုရားရွေးပေးတဲ့လမ်းကရဲ့ဝံ့ပြတ်သားစွာ လျှောက်ရမည်ဖြစ်ကြောင်းကို ကောင်းစွာနားလည်သဘောပေါက်သိရှိလာရပါသည်။ လောဘ၊ဒေါသ၊မောဟ ရှိခြင်းကမကောင်းဘူး။ အလောဘ၊အဒေါသ၊အမောဟများဖြစ်အောင် နေထိုင် ခြင်းမှာ ကောင်းသည်ဟုသိရှိလာပါသည်။ ကိုယ်တစ်ယောက်တည်း နေတဲ့အခါမှာ မိမိ၏အပြုအမူ၊စိတ်သန္တာန်၌ မကောင်းဘူးလို့သိရင် ချက်ခြင်း စွန့်လွှတ် ကောင်းတယ်လို့သိရင် နှောင့်နှေးမနေဘဲ လက်ခံကျင့်သုံးရမည်ဟု သိရှိပြီး အများနဲ့နေသောအခါမှာ မေတ္တာ၊ဂရုဏာ၊မုဒိတာ၊ ဥပေက္ခာဟုခေါ်သော ဗြဟ္မဝိဟာရ တရားလေး ပါးနှင့်အညီ နေထိုင်ရမည်ဟု သိရှိလာပါသည်။ မိမိရဲ့ သန္တာန်၌ အဂတိတရားလေးပါး မဖြစ်အောင်လည်းနေထိုင်ကျင့်သုံးရမည်ကိုလည်း ထင်ထင် ရှားရှားသိမြင်လာသည့်အတွက် တန်ဖိုးဖြတ်မရသော အကျိုးကျေးဇူးများစွာ သိရှိလာရပါသည်။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ တရားတော်ကိုနာယူလေ့လာခြင်းအားဖြင့်လည်း ဟိတသုခဆိုသော အကြောင်းတရားရှိမှ အကျိုးတရားများ ဖြစ်နိုင်သည်ကို သိရှိလာပါသည်။ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာခြင်း အကျိုးတရားများကို သိရှိလာပြီး ဗုဒ္ဓဟောကြားသည့် တရားတော်များဟာ သတ္တဝါတွေရဲ့ အကျိုးအတွက် သတ္တဝါတွေရဲ့ အခြေအနေကောင်းတွေ့ရင် လာပါ သည်။ဗုဒ္ဓမြတ်စွာကလောကမှာရှိတဲ့သတ္တဝါတွေ သံသရာဝဋ်ကလွတ်ပြီး အိုခြင်း ၊နာခြင်း၊ သေခြင်းလိုဆိုတဲ့ ဆင်းရဲဒုက္ခများမှ လွတ်မြောက်စေသော ထာဝရငြိမ်းချမ်းခြင်းနှင့် နိဗ္ဗာန် ချမ်းသာကို လည်းရောက်ရှိ စေသော တရားတော်များကို

ဟောကြားထားသည်ကိုလည်း သိရှိလာ ပါသည်။ အသိဉာဏ်မျက်စိ နှစ်မျိုး ဖြစ်သော (စီးပွားရေးမျက်စိနှင့်ဓမ္မမျက်စိ) ရှိရမည်ဟုလည်း သိရှိလာပြီး လိုက်နာ ကျင့်သုံးလျှင် အကျိုးဖြစ်ထွန်းစေမည်ကိုလည်း သိရှိလာပါသည်။ လူတွေမှာ ဘဝသံသရာ ဆိုတာ ရှိနေသည့် အတွက် ယခုဘဝအတွက် ရှိရမည့် သမ္မဒါတရားလေးပါး၊ နောင်ဘဝအတွက် ရှိရမည့် သမ္မဒါတရားလေးပါးကိုလည်း သိရှိလာပါသည်။ မြတ်ဗုဒ္ဓဟောကြားခဲ့သော သီလနှစ်မျိုးကိုလည်း သိရှိပြီး၊ စာရိတ္တသီလ ဆောင်ထားရမည့်သီလကိုလည်း မြဲမြံစွာ တည်ဆောက်ပြီး၊ ဝါရိတ္တသီလ ရှောင်ကျဉ်ရမည့် သီလလည်း ရှောင်ကျဉ်နိုင် အောင် တည်ဆောက်ရမည်ဟုလည်းသိရှိလာပါသည်။ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ မဂ္ဂင်ငါးပါး ဦးဆောင်ပြီး လုပ်သွားလို့ရှိရင် မှန်ကန်စွာသိလာပြီး ကိလေသာဆိုတဲ့ အဆိုးတရားများကို ဖယ်ရှားနိုင်မည်ဖြစ်ကြောင်း၊ ကိလေသာများကို ဖယ်ရှားခြင်းဖြင့်လည်း ကောင်းကံ ဆိုးကံများလည်းအကျိုးမပေးနိုင်တော့ဘဲ အကြောင်းတရားပြတ်သွားပြီး ဒုက္ခ အားလုံး ချုပ်ငြိမ်းသွားမည်ကိုလည်းသိရှိလာပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟု ဆိုသော ဒုက္ခမှ လွတ်မြောက်လိုလျှင် လွတ်မြောက်ကြောင်းဖြစ်တဲ့မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်သုံး မှသာလျှင် လောကၠရှိသော ပြဿနာမျိုးစုံ လုံးဝချုပ်ငြိမ်းပြီး ဒုက္ခ မှလွတ်မြောက်မည် ဖြစ်ပါသည်ဟု သိရှိနားလည်လာပါသည်။

စိတ်အညစ်အကြေးများကို ဖယ်ရှားခြင်း တရားတော်ကို နာယူလေ့လာခြင်းအားဖြင့်လည်း စိတ်သာအရှိ တရားမဟုတ် စိတ်ကို ပြုပြင်ရမည်ဟုသိရှိလာပါသည်။ *စိတ္တ သံကိလိ ဒုဂ္ဂတိ ပါကခ်ီ စိတ်ညစ်နွမ်းရင် အပါယ်ဆင်းရဲဖြစ်သော ဘဝဒုဂ္ဂတိနှင့် မကောင်းသော အကျင့်ဟု ဆိုအပ်သော ပဋိပတ္တိဒုဂ္ဂတိကြောင့် ဒုက္ခကိုသာရရှိသည်ဟု သိရှိလာ ပါသည်။စိတ္တေ အသံ ကိလိဋ္ဌေ သုဂတိ ပါဋိကခ်ီ စိတ်စင်ကြယ်သန့်ရှင်းလျှင် ဘဝသုဂတိနှင့် ပဋိပတ္တိသုဂတိ ကြောင့် ချမ်းသာသုခ ရနိုင်သည်ဟု သိရှိနားလည်လာပါသည်။ -ရူပံနိေတ္တဇံ ရုပ်ချည်း သက်သက် ချည်းသက်သက် ပါဝါမရှိဘူး၊ နာမမွိနိတ္တေဇံ- နာမ်ချည်းသက်သက်လည်း ပါဝါမ ရှိဘူး ရုပ်နှင့်နာမ်ပေါင်း စပ်လိုက်မှသာလျှင် ရုပ်သည်လှုပ်ရှားမှု ဖြစ်ပေါ်လာပါသည်။ -မြတ်စွာဘုရား၏ တရားတော်များသည် သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်နိုင်သော တရား

ဖြစ်ပါသည်။ အဝိဇ္ဇာ ဆိုတဲ့ ကိလေသာ၊သခ်ၤါရဆိုတဲ့ ကံ၊ ကံနှင့် ကိလေသာ ပေါင်းစပ်မှ ဝိညာဏဆိုတဲ့ ဘဝအသစ် တစ်ခုဖြစ်ပေါ်လာသည်ကိုလည်း သိရှိလာပါသည်။ စိတ် စင်ကြယ် စေဖို့အတွက် အခြေခံအချက်(၈)ချက် ကိုသိရှိပြီး လိုက်နာကျင့်သုံးရမည်ကို လည်း သိရှိလာပါသည်။ နိဝရဏတရားငါးပါးကိုလည်း သိရှိလာပြီး မိမိသန္တန်၌ နီဝရဏ တရားငါးပါး ဖြစ်ပေါ်လာပါက ဖယ်ရှားနည်း များကိုလည်း သေချာစွာသိရှိပြီး ဖယ်ရှား နိုင်အောင် ကြိုးစားအားထုတ် ရမည်ဖြစ်ကြောင်းကိုလည်း သေချာစွာ နားလည်သဘော ပေါက် သိရှိလာရပါသည်။လူအများ နားလည်လွယ်အောင် နီဝရဏ တရားငါးပါးအား ဥပမာများနှင့် ဟောကြားထားသောကြောင့်အသိဉာဏ်ပွင့်လင်းပြီး ဖယ်ရှားနိုင်မည် ဖြစ်သည်ဟု သိရှိလာပါသည်။ စိတ်ညစ်နွမ်းနေလျှင် ကြည်ကြည်လင်လင်မရှိ ပီပီပြင်ပြင် မြင်ဖို့ မဖြစ်နိုင်သောကြောင့်စိတ်ကို ကြည် လင်ဖြူစင်အောင်ပြုပြင်ရမည်ဟု သိရှိလာပါ သည်။ ကုသိုလ်ကောင်းမှုများကို တားမြစ်ပိတ်ပင်သော စိတ်၏ စွမ်းဆောင်ချက်များကို ကျဆင်းသွား စေသော နီဝရဏတရားများကို မိမိသန္တာန်၌ ဖယ်ရှားနိုင်အောင် ကြိုးစား ရမည်ဟု သိရှိလာပါသည်။ ထိုအရာများကို မဖယ်ရှားနိုင်ပါက သစ္စာလေးပါးကို မသိနိုင် နိဗ္ဗာန်ကိုလည်း ရောက်နိုင်မည် မဟုတ်ဟု သိရှိလာပါသည်။

ဖယ်ရှားသော နည်းစနစ်များကို မှတ်သားပြီး ကုန်စင်အောင် မဖယ်ရှားနိုင်သေးပါက တဖြည်းဖြည်းအား ပျော့သွားအောင် နည်းပါးသွားအောင် ပြုလုပ်အားထုတ်ရမည်ဟု သိရှိရ ပါသည်။မေတ္တာသုတ်အနှစ်ချုပ် တရားတော်ကို နာယူလေ့လာခြင်းအားဖြင့် ယခင်က မေတ္တာသုတ်ကို နာယူရင် အန္တရာယ်ကင်းတယ်၊ရွတ်ဖတ်ရင် အန္တရာယ်ကင်းသည်ဟုသာ သိရှိခဲ့သော်လည်း၊(တကယ့် မေတ္တာသုတ်ရဲ့ အနက်အဓိပ္ပါယ်ကို မသိခဲ့ပါ ဆရာတော် ဘုရားကြီး၏ တရားကို နာယူပူဇော်မှသာလျှင် မေတ္တာသုတ်၏ အနက်အဓိပ္ပါယ်ကို တိတိကျကျသိရှိလာပါသည်။)မေတ္တာသုတ်တော်၏အစွမ်းတန်ခိုးကြောင့်နတ်တွေကပဲဖြစ် စေ၊ဘီလူးတွေကပဲဖြစ်စေ၊ ဘယ်ပုဂ္ဂိုလ်တွေ ကပဲဖြစ်စေ ကြောက်စရာလန့်စရာများကို မပြဝံ့ မခြောက်လှန့်ကြဘဲ စောင့်ရှောက်တယ်ဆို တာကို သိရှိလာပါသည်။ သတ္တဝါတွေ

အပေါ် မေတ္တာပွားခြင်းကြောင့် ပွားများသူဟာ မေတ္တာ အကျိုး (၁၁)မျိုးကို ရရှိနိုင်သည်ဟု သိရှိလာပါသည်။မေတ္တာသုတ်ကို ရွတ်ဖတ်ရာတွင်လည်း အဓိပ္ပါယ်ကိုနားလည်းခြင်း၊ လမ်းညွှန်ချက်များကို လိုက်နာကျင့်သုံးခြင်ဒမိမိ၏ နှလုံးသားထဲ၌ မေတ္တာစိတ် ကိန်းဝပ်နေစေခြင်းစသည့် အချက်များကိုလည်း မေတ္တာသုတ်ရွတ်ဖတ်သူ၌ ရှိနေရမည့် အချက်များကိုလည်းသိရှိလာပါသည်။ မေတ္တာပွားမည့်သူဟာ ပဝါနိယင်္ဂတရား၅ပါးနှင့် ပြည့်စုံရမည်ဟု သိရှိလာပါသည်။ (ယုံကြည်ကျန်းမာ၊ဖြောင့်စင်းစွာ ၊ဝီရိယနှင့် အသိပညာ စွမ်းနိုင်သူတို့ လိုအပ်တာ) မေတ္တာပွားမည့်သူဟာ (သင်္ကာ မှ နစခုဒ္ဒမာစရေက်၌ ယေနဝိညူပရေ ဥပဝဒေယျံ အထိ)မှာရှိသင့်သည့်အရည်အချင်း(၁၅)ချက်နှင့် ပြည့်စုံ ရမည် ဖြစ်ပြီး၊ထိုအချက်များထဲမှ (၁၂)ချက်သည် လုပ်ဆောင်ရ မည့် အချက်များဖြစ်ပြီး (၃)ချက်သည်မလုပ်ဆောင်ရမည့် အချက်များဖြစ် သည်ဟု သိရှိလာပါသည်။

မေတ္တာပွား ပုံအကျဉ်းကိုလည်း သိရှိလာပြီး၊မေတ္တာပွားနည်းအကျယ် (ပုဂ္ဂိုလ်၁၄ဦး) တို့ကိုလည်း သိရှိလာ ပါသည်။ “မာတာ ယထာ နိယံပုတ္တ၊မာယုသာ ဧကပုတ္တ မနုရက္ခေ၊ ဧဝမ္ပိ သဗ္ဗဘူတေသု ၊မာနသံ ဘာဝယေ အပရိမာဏံ"" သားသမီး တစ်ဦးတည်း ထွန်းကားသော မိခင်သည် ထိုသားသမီးကို သူ၏အသက်ပေးပြီး အစဉ်စောင့်ရှောက် သကဲ့သို့ သတ္တဝါအားလုံးရဲ့ အပေါ် မှာ အဲ့ဒီမိခင်စိတ်မာတ်မေတ္တာမျိုးထားနိုင်အောင် လုပ်ပါ၊ မဖြစ် ဖြစ်အောင်လုပ်ပါ။ (အကြိုက်ဆုံးအပိုဒ်ကို မှ မှားဖြေခဲ့ပါသည် ဘုရား ဤအပိုဒ်လေးသည် အကြိုက်ဆုံးအပိုဒ်ဖြစ်ပါသည်ဘုရား။ မေတ္တာဘာဝနာကို အခြေခံပြီး ဈာန်ရအောင်ပွားနည်းနှင့် ကုသိုလ်ရရုံပွား နည်းများကိုလည်းသိရှိလာပါ သည်။ ဝိပဿနာ တရား အားထုတ်တော့မည်ဆိုလျင် ကိုယ်ကျင့်သီလကို ဆောက်တည်ပြီး ယထာ ဉာဏ ဒဿနဉာဏ်ကိုလည်းရရှိနိုင်သည်ကို သိရှိလာပါသည်။ ဒိဋ္ဌိ၌ အနုပဂ္ဂမ္မ ဝိပဿနာဉာဏ် ဖြစ်ပုံကို သိရှိရပါသည်။ 3/4ဒဿနေန သမ္မန္နော-သောတာပန်ဖြစ်ပုံကို သိရှိရပါသည်။ ကာမေသု ဝိနေယျ ဂ ကာမဂုံအာရုံတွေမှာ တပ်မက်တဲ့တဏှာကို ဖယ်ရှားနိုင်တဲ့ အနာဂါမ် ဖြစ်ပုံ၊အဆင့်မြင့်လိုက်လျင် သကဒါဂါမ်ဖြစ်ပုံကို သိရှိလာပါသည်။ နဟိ ဧဝတုဂ္ဂဿသေယျ

ပုနရေတိ ကာမဂုဏ်အာရုံတွေအပေါ်မှာ တပ်မက်တဲ့ တဏှာကင်းသွားပြီး ဝိပဿနာ အရှိန်မြင့်လိုက်လျင် ဘဝတစ်ခုမှာ ဘယ်တော့မှ မိခင်ဝမ်းတွင်းမှာ ပြန်လည်မွေးဖွားခြင်း မရှိတော့ သည့် ရဟန္တာဖြစ်ပုံကို သိရှိလာပါသည်။ သမထနှင့် ဝိပဿနာ တရားတော်ကို နာယူပူဇော်ခြင်းအားဖြင့် ကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်၊ကမ္မဋ္ဌာန်း အားထုတ်ခြင်း၏ ရည်ရွယ်ချက် ၊ကမ္မဋ္ဌာန်း(၂)မျိုး၊ သမထကမ္မဋ္ဌာန်းအာရုံများ၊ သမတကျင့်စဉ်များ၊ ကသိုဏ်း ပညတ်၊ ကမ္မဋ္ဌာန်း ကျင့်စဉ်ဖြင့်ရရှိသော သမာဓိ(၂)မျိုး၊ ဝင်လေထွက်လေ၏ တန်ဖိုး၊ ဝင်လေ ထွက်လေကို အသုံးချနည်း၊ကမ္မဋ္ဌာန်းအားထုတ်တော့မည်ဆိုလျှင် ခင်ပွန်းကြီး ဆယ်ပါး အား ဝန်ချတောင်းပန်ရမည် ဟုသိရှိလာပါသည်။ကမ္မဋ္ဌာန်းအားထုတ်လျှင် ဣရိယာ ပုတ်မရွေး အားထုတ်နိုင်ပြီး အကောင်းဆုံးဣရိယာ ပုတ်ကိုလည်း မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။ ပလက် အာဘုဇိတွာ” တင်ပလ္လင်ခွေထိုင်ပါ၊ ဥစုံ ကာ ပဏိဓာယ ခါးအထက်ခန္ဓာကိုယ်ကို မတ်မတ် ကလေးထား၊“ပဋိမုခံ သတ် ဥပဋ္ဌပေတွာ အာရုံဘက် စိတ်ကို လွှတ်ပြီး ထွက်လေဝင်လေရယ်ကို လေထိတဲ့နေရာရယ်၊ တီမှန်းသိတဲ့ စိတ်ရယ် ကျင့်မည်ဆိုလျှင် နိမိတ်(၃)ပါးပေါ်လာပြီး ကိုယ့်သန္တာန် မှာ နီဝရဏတရားတွေ ငြိမ်းလာပြီး ဈာန် အင်္ဂါ(၅)ပါး တညီတညွတ်တည်း အလုပ်လုပ်နေပြီဆိုလျှင် ပထမဈာန်ကို ရရှိမည် ဖြစ်သည်ဟု သိရှိလာပါသည်။ ထို့ကြောင့် ဘုရား ရဟန္တာများသည် “ဒိဋ္ဌဓမ္မ သုခ ဝိဟာရ” မျက်မှောက်ဘဝမှ ချမ်းသာစွာနေဖို့ အကွက် ဈာန်ဝင်စာ ဝင်းစားကြသည်ကို သိရှိလာပါ သည်။ သမထကျင့်စဉ်မှ ဝိပဿနာကျင့်စဉ်ကို ပြောင်းမည်ဆိုလျှင် အာရုံနိမိတ်များ ပေါ်တွင် ဈာန်ဝင်စားပြီး ဈာန်မှပြန်ထလိုက်သောအခါ ဖြစ်ပြီးရာန်စီ၊ ဝန်စိတ်များကို အာရုံအဖြစ်အသုံးချကာ ဝိပဿနာကို ရှုရမည်ဖြစ်ကြောင်း ရှုမှတ်ပုံနည်းအဆင့်ဆင့်အား သေချာစွာ သိရှိနားလည်ရပါသည်။ သဘာဝလက္ခဏာနှင့် သာမည လက္ခဏာများကို သိရှိလာပြီး ရုပ်တရား၊နာမ်တရားခွဲခြားသိတာကို "နာမ ရူပ ပရိစ္ဆေဒဉာဏ်” ထိုရုပ် နာမ်တွေ ဖြစ်ပေါ်လာသည့် အကြောင်းတရားကို သိတာ ပစ္စယ ပရိဂ္ဂဟဉာဏ်”၊ အနိစ္စ၊ဒုက္ခ၊အနတ္တလို့ဆိုတဲ့ ဖြစ်ပျက်မှုကို အထပ်ထပ် သုံးသပ်သိမြင်တာ “သမ္မသန

ဉာဏ်” ရုပ်နာမ် တရား တို့၏ ပျက်စီးခြင်းကို သိမြင်သော ဘင်္ဂဉာဏ်” ရုပ်နာမ်တရားတို့ကို ကြောက်စရာလို့ မြင် လာသော “ဘယဉာဏ်” ရုပ်နာမ်တရားတို့အပေါ် ငြီးငွေ့လာသော နိဗ္ဗိဒါဉာဏ်”၊ရုပ်နာမ်တရားတို့ အပေါ် စွန့်လွှတ် ချင်လာသော မုစ္စိတုကမျတာဉာဏ်” လွတ်ရာလွတ်ကြောင်းထွက်ပေါက်ရှာသော “ပဋိသင်္ခါဉာဏ်”၊ ထွက်ပေါက်ရှာလာသော သင်္ခါရ တရားတို့အပေါ် စိတ်တည်ငြိမ်မှု ပြန်ရလာသော “သင်္ခါရုပေက္ခာဉာဏ်” ဉာဏ် စဉ်(၁၀)ပါး ရှိသည်ဟုလည်း သိရှိလာပါသည်။ သမထရဲ့ လမ်းဆုံးမှာ အဘိညာဉ်၊ သေ လျှင် ဖြဟ္မာဘုံသို့ ရောက်ရှိနိုင်ကြောင်းနှင့် -ဝိပဿနာ၏ လမ်းဆုံးမှာ မဂ်၊ဖိုလ်၊ နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြောင်းကို သေချာစွာ သိရှိလာရပါသည်။ မြတ်စွာဘုရား၏ သာသနာနှင့် ကြုံခိုက် ပြုမူနေထိုင်ပုံများ၊သမထကျင့်စဉ်နှင့် ဝိပဿနာကျင့်စဉ် များ အား အသေးစိတ် သိရှိနားလည်လာသဖြင့် အနည်းဆုံး စူဠသောတာပန်အဆင့်ရောက်အောင် ကြိုးစား အားထုတ်သင့်သည်ဟု ခံစားနားလည်မိပါသည်။အထက်တွင် ပူဇော်ဖော်ပြခဲ့သော သိရှိ နားလည်မှုများသည် သုတ ဓမ္မဒီပလိုမာLevel-1 တွင်ပါရှိ တိုးတက်လာသည့် အချက် အလက်များ၊ အသိဉာဏ်များ ဖြစ်ပါသည်ဘုရား။ ဆရာတော်ဘုရားကြီး၏ တရားတော် ငါးပုဒ်အား စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း

ဆရာတော်ဘုရားကြီး၏ တရား(၅)ပုဒ် ကို နာယူပူဇော်ရာတွင် သမထနှင့် ဝိပဿနာ တရားတော် ကို အကြိုက်ဆုံးပင်ဖြစ်ပါသည်။ စိတ်ကောင်းဘယ်လောက်ရှိ၊ကိုယ်ကျင့် သီလနှင့် ဘယ်လောက် ပင် ပြည့်စုံ စေကာမူ ဝိပဿနာအကျင့်ကို ကျင့်ကြံကျိုးကုတ် အားထုတ်မှု မရှိဘူး ဆိုလျှင်သံသရာမှ လွတ်မြောက်နိုင်မည်မဟုတ်၍ နိဗ္ဗာန်ကိုလည်း ရောက်ရှိနိုင်မည်မဟုတ်ပါ။ဝိပဿနာကျင့်စဉ်ကို ကျင့်ကြံကျိုးကုတ် အားထုတ်မည် ဆိုလျှင် ရုပ်တရား နာမ်တရားများကို ခွဲခြားသိမြင်သောဉာဏ်စဉ်များကို သိရှိ၍ မိမိ၏စိတ် အခြေအနေ ရုပ်အခြေအနေများကို သေးများကို သေသေချာချာ ခွဲခြား သိမြင်ပြီး သံသရာမှလွတ်မြောက် နိုင်ရေးကို ကျင့်ကြံနိုင်မည် ဖြစ်ပါသည်။ “ရုပ်တရားဟာ ရုပ်ခု အစုဖြစ်သလို နာမ်တရားဟာလည်း အနည်းဆုံးရုပ်မျိုး များ စုပေါင်းပြီးဖြစ်နေတဲ့ အရာ

သာဖြစ်တယ်” ဟူသော စကားဌ္ဌ ရှစ်ခုနှင့်ရှစ်မျိုးကို သိသာရုံ ညွှန်ပြနိုင်ဖို့အတွက် အလွန်သိမ်မွေ့နက်နဲသော အဘိဓမ္မာတရားတော်များ ကိုလည်း လေ့လာသင်ယူရမည်ဟု သိရှိနားလည်ခဲ့ပါသည်။သုတဓမ္မစာမေးပွဲသည် ဗုဒ္ဓဘာသာဝင်များနှင့် တပည့်တော်မအတွက် တကယ့်ကို လေ့လာ ဆည်းပူး သင့်သော စာမေးပွဲ ဖြစ်ပါသည်။ တရားတော်များကို နာယူပူဇော်ရင်း ဆရာတော်ဘုရားကြီး ချီးမြှင့်သော ဘွဲ့ဒီဂရီကိုလည်း ရရှိစေသော အခွင့်ကောင်းများကိုလည်း ရရှိမည်ဖြစ်ပါသည်။ တပည့်တော်မအတွက် လည်း သိသင့်သိထိုက်တဲ့ ဘာသာရေးအသိကိုရရှိပြီး လိုက်နာကျင့်ကြံမည်ဆိုလျှင်လည်း အကျိုးထူးစေ မည်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာရဲ့ အဆီအနှစ် ကို လေ့လာခံစားခွင့်ရရှိသော စာမေးပွဲဖြစ်လို့ အသက်အရွယ် မရွေး၊ လူကြီး၊ လူငယ်၊ လူရွယ်၊အရွယ်စုံ ဝင်ရောက် ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါသည်ရှင့်။ ဆုတောင်း ဘုရားတပည့်တော်မသည် တရားဓမ္မ အသိအမြင်များကို ဒီထက်မက ကြွားနာသိရှိခွင့်ရပြီတရား ဘာဝနာများ ကျင့်ကြံကျိုးကုတ် ပွားများအားထုတ် နိုင်ရပါလို၏ ဘုရား။ မြတ်ဗုဒ္ဓ၏ သားတော်များသည် သက်ရှည် ကျန်းမာစိတ်ချမ်းသာ၍ သာသနာတော်မြတ်ကြီးကို အဓွန့် ရှည်တည်တံ့အောင် သာသနာပြုနိုင်ကြပါစေဘုရား။ (ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု)

မသူသူအောင် (Level-1)

ဆရာတော်ဘုရားအားရှိခိုးဦးချပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးဖြစ်နေပါလျက် ဘုရားရှိခိုးတတ်ရုံဆိုရုံမျှဖြင့်ဗုဒ္ဓဘာသာဖြစ်ပီလို့ ထင်မှတ်မှားခဲ့မိပါတယ်။ ဆရာတော်ဘုရား ၏ ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်းတရားကိုနာကြားပြီးနောက် ဘာသာတရား၏ အတိမ်အနက်နဲ့ ဘယ်ဟာကအမှန်လဲ ဆိုတာ ကိုယ်ပိုင် ဥာဏ်ဖြင့် ရှာဖွေရမည်ဆိုတာရယ် မှားရင်ချက်ချင်း စွန့်ပယ်ရမယ်ဆို တဲ့အသိတရားရရှိခဲ့ပြီးဘဝတစ်လျောက် အကောင်းဆုံးနေထိုင်နည်းအပြင် လက်ရှိဘဝနဲ့ နောင်သံသရာ အတွက်ပါ ဓမ္မအသိများရရှိ ခဲ့ပါတယ် ဘုရား။ စိတ်ကအလွန် ကြောက်စရာကောင်းပြီး အညစ်အကြေးတွေ အလွန်များ

နေတာကိုလည်း တရားနာရင်း သိရှိခွင့်ရလို့ လိုက်နာကျင့်သုံး နိုင်ရန်လည်း အလွန်ကြိုးစား ရပါမယ်ဘုရား မေတ္တာသုတ် ကိုလည်း ရွတ်ရုံသာတတ်လို့ တရားကို ပူဇော်ရင်း အဓိပ္ပာယ် ကိုပါသိရတော့ အင်မတန်မှ အကျိုး ထူးပါတယ် နိဗ္ဗာန်ဆိုတာ ဝေးလွန်ပါတယ် လိုထင်ရာက သမထနဲ့ ဝိပသနာ တရားကို နာယူရင်း လူတိုင်း နားလည်ကျင့်ကြံ နိုင်အောင် ရေးသားပေးတဲ့ ဆရာတော် ဘုရားကို ကျေးဇူးတင်မိပါတယ်ဘုရား။"

ဒေါက်တာအိအိကျော် (Level-1)

ဘဝနေထိုင်ရှင်သန်ရေးအတွက် အရေးပါလှပြီး သံသရာအတွက်ပြင်သင့်တဲ့အချက်တွေ၊ သိသင့်တာတွေကို စာမေးပွဲ ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တစ်နိုင်ငံလုံး အတွက် ကျေးဇူးများလှပါတယ်။ စာမေးပွဲပြီးသွားရင်တောင် အဆုံးအမတွေဟာ ရင်ထဲစွဲကျန်ရစ်ပါတယ်။ (ဆရာတော်ရဲ့ တရားတော်တွေ အပြင် တခြားသင်တန်းတွေလည်း YouTube မှာ နာဖူးပါတယ်။) ပရိတ်တရားတော်ထဲက တစ်ခုကို တစ်ဆင့်စီမှာ ထည့်ပေးတာရယ်၊ သိလည်းသိ ကျင့်လည်းကျင့်ရမယ့် အခြေခံအချက်တွေ၊ မစွဲကိုင် / မလုပ်သင့်တဲ့ အကျင့်မှား အယူမှား မကောင်းမှုတွေကို ရှောင်ကြဉ်ဖို့ နည်းလမ်း၊ ပြီးတော့ သမထ,ဝိပဿနာကမ္မဋ္ဌာန်း သင်ခန်းစာ ထည့်ထားတာလည်း လက်တွေ့အဆင်ပြေ အကျိုးရှိ လှပါတယ်။ ဆရာတော့်စကား ရိုသေစွာနာယူပြီး လူတော်လူကောင်းဖြစ်ရန် ကြိုးစားနေပါမည်။ ရဟန်းသံဃာအများ နေ့ရက်တိုင်းမှာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ၊ ဘေးဘယာကင်း၍ အေးချမ်းသာယာရှိပါစေ။ ပါချုပ်ဘုန်းဘုန်းလေးလည်း ဤဘဝဖြည့်အပ်တဲ့ ပါရမီတွေကြောင့် သံသရာတစ်လျှောက်မှာ အတိုက်အခံ၊ အလွဲအမှား နည်းပါစေ, အခက်အခဲ တွေ့လာရင်လည်း လွယ်ကူအောင်မြင်ပါစေ။ သဗ္ဗညုတဉာဏ် လျင်စွာရပါစေ။

ဦးစိုးသိဟထွန်း(Level-1)

သမထနဲ့ဝိပဿနာ တရားတော်တွင် လေ့လာကျက်မှတ်ရင်း ကိုယ်တိုင် ကျင့်ခဲ့ဖူးသည့် တရားနဲ့ တိုက်ဆိုင်ကြည့်စဉ်မှာ တကယ်ပင် ထူးခြားမှန်ကန်မှုရှိလှပါသည် ကြည်နူးဝိတိဖြစ်မိပါသည် တရားတော်များကို တစ်ပုဒ်ပြီးတစ်ပုဒ် လေ့လာကျက်မှတ်ရင်း ကွင်းဆက် သဖွယ် ဖြစ်နေသည်ကို အသိဥာဏ်တွင် ပေါ်လွင်ထင်ရှားစွာမြင်ရပြီး ကြက်သီးများပင် ထကာ ကျွန်တော်တို့ အားလုံးအတွက် ဘဝအတွက် သံသရာအတွက် တကယ် အကျိုးရှိသော တရားတော်များ ဖြစ်ပါသည်။

Phyu phyu myint(a)phyu wai lwin (Level-1)

သုတမဓ္မဒီပလိုမာ level(1)တရားတော်များကို စာမေးပွဲဖြေဆိုရန် ရည်ရွယ်ချက်ဖြင့် သေချာအာရုံစူးစိုက်၍ နာယူမှတ်သားခဲ့ခြင်း အကျိုးကြောင့် အရင်ကသိခဲ့တဲ့ ဆောင်ရန်ကုသိုလ်အကြောင်းတရားများရှောင်ရန် အကုသိုလ်အကြောင်းတရားများသည်အပေါ်ယံသိသည့်များသာ ဖြစ်နေကြောင်း သိမြင်လာရပါသည်။ ဆရာတော်ကြီး၏ တရားတော်များကို နာယူနေရင်းဖြင့် ဟောကြားချက်ထဲမှ မိမိကျင့်သုံးနေသော အတွေးအမြင် အပြုအမူများ မှန်ကန်အကြောင်းသိရတဲ့အခါ ဝိတိဖြစ်မိသလို -မမှန်ကန်တဲ့ အကြောင်းနာယူရတဲ့အခါမှာလည်းပြုပြင်နေထိုင်ရန်စိတ်ကို ဆုံးမ ဆင်ခြင်မိပါတယ်။

ကိုယ်မသိသေးသော ဘုရား။ အဆုံးအမတရားတော်များကိုလည်း သိရှိလာပြီး လိုက်နာကျင့်သုံးဖို့ စိတ်ဆန္ဒဖြစ်ပေါ်လာသလို နောက်ထပ် Level 2 မှတဆင့်ခြင်း တရားတော်များကို နာယူလိုက်နာ ကျင့်သုံး လေ့လာကျက်မှတ်ဖို့ စိတ်အားတက်ရပါတယ်။ ဆရာတော်ကြီး၏ လူအများပေါ် ထားရှိတဲ့မေတ္တာကြောင့် ဓမ္မအသိများ သိလာရသည့်အတွက် ဓမ္မအသိ တိုးပွားအောင် ဆောင်ရွက်ပေးကြပါသော ဆရာတော်ကြီးနှင့်တကွ သံဃာတော်များ လူပုဂ္ဂိုလ်များ အားလုံးကို အလေးအနက် ကျေးဇူးတင်ပါကြောင်း ပြောချင်ပါတယ်ရှင့်။

U Myo Maung Maung (Level-1)

ကျွန်တော်သည် တရားတော် ငါးပုဒ်လုံးကို ဖြေဆိုရန် ကျက်မှတ် လေ့လာချိန်တွင် အမှောင်ထဲမှ အလင်းရှိရာ ရောက်သက့ဲသို့ ဥာဏ်အလင်းပွင့် လာခဲ့ပါသည်။ အင်မတန်မှ တန်ဖိုးမဖြတ်နိုင်သော အသိတရားများ တိုးတက်လာခဲ့ရပါသည်။ ဘဝခရီးဝယ် ရွေးချယ် ရမည့် လမ်း တရားတော်တွင် ကိုယ်ပိုင်ဥာဏ် အသိဖြင့်သာ အမှားအမှန်ကို ဆုံးဖြတ် ရမည် ဖြစ်ကြောင်း၊ မြတ်ဗုဒ္ဓ ဒေသနာ နှင့်ယနေ့ကမ္ဘာတွင် ဟိတ သုခ အဓိပ္ပါယ်များ စိတ်၏အညစ်အကြေးများ ကို ဖယ်ရှားခြင်းတွင် စိတ်ဖြူစင်နေမှ ကုသိုလ်တရားများ ဖြစ်လာနိုင်ကြောင်း၊မေတ္တာသုတ်အနှစ်ချုပ်တွင် မေတ္တာပွားများသူ၏ လိုအပ်ချက်များ မေတ္တာ တရား၏ ကြီးမြတ်ခြင်း မုဒိတာ ကရုဏာတရားများ ဥပေက္ခာတရား၏ တည်ငြိမ် မှုများ၊ သမထနှင့် ဝိပဿနာတွင် သမထ ဘာဝနာတွင် အပွနာ သမာဓိ အထိ ရရှိရန် လိုအပ်ချက်များ အာနာပါန ကမ္မဋ္ဌာန်း ၏ နိမိတ် ၃ပါး ဝိပဿနာအားထုတ်ခြင်းဖြင့် နိဗ္ဗာန်ချမ်းသာအထိ ရရှိနိုင်ခြင်းတို့ကို သိရှိခဲ့ရပါသည်။ ဆရာတော်ဘုရားကြီးအား လျှောက်ထားလိုသည်မှာ တပည့်တော်သည် ဆရာတော်၏ အဆုံးအမဖြစ်သော စာမေးပွဲ ဖြေခြင်းသည်စွဲမြဲစေဆိုသော အသိသတိဖြင့် ဖြေဆိုခဲ့ပါသည် ဘုရား။ တပည့်တော် စာမေးပွဲ ဖြေဆိုချိန်တွင် ဆရာတော်၏ တပည့်တော်တို့အပေါ် ထားရှိသော တရား တွင် မွေ့လျော်စေပါစေ ဟူသော စေတနာ သိရှိနားနားလည်စေ ဟူသော စိတ်စေတနာ အပြည့်ဖြင့် ဤစာမေးပွဲများအား လုပ်ဆောင်ပေးမှုကို ကျေးဇူးအထူးပင်တင်ရှိမိပါကြောင်း လျှောက်ထားလိုပါသည်။ ဆရာတော်ကြီး ကျန်းမာပါစေ ချမ်းသာပါစေ သာသနာ့ဝန် ခန္ဓာ ဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ ဟု မေတ္တာပို့ပါရစေ။ သာဓု သာဓု သာဓု ပါဘုရား။

ဒေါ်နှင်းဝင့်ရည်ဖြိုး (Level-1)

ပထမဦးစွာ ခင်ပွန်းကြီးဘဝပါးကို ဦးထိပ်တင်ပါတယ် ဘုရား၊ တပည့်တော်က ပညာရေး ဒီဂရီကောလိပ်မှာ သင်ပြနေတဲ့ Teacher Educator တစ်ယောက်ပါဘုရား၊ ဘာသာရေးကို ပုံမှန်ပြုလုပ်ဖြစ်သော်လည်း အလုပ်တာဝန်များပြား၍ လစ်ဟင်းခဲ့သည်များလည်း ရှိပါ

တယ် ဘုရား၊ ဗုဒ္ဓတရားတော်များ၊ ဆရာတော်ကြီးရဲ့ တရားများကို အလျဉ်းသင့် သလို နာယူမှတ်သား နားထောင်မိသော်လည်း စာဖတ်အားနည်းပါတယ် ဘုရား၊Fb pageနှင့် မိတ်ဆွေ အပေါင်းအသင်းများ တိုက်တွန်းချက်ကြောင့် စာမေးပွဲဖြေဆိုဖို့ စိတ်ပါခဲ့ ပါတယ် ဘုရား၊ ဖြေပြီးသည့်နောက်မှာ အသိဉာဏ်အလင်းဟာ နဂိုထက်ပိုပြီး ပွင့်လင်းကာ မြတ်ဗုဒ္ဓကို ကြည်ညိုစိတ်၊ တရားတော်များကိုနာယူလိုစိတ်များပို တိုးပွားလာပါတယ်။ ဘုရား၊ ဆရာလောင်းများကို မွေးထုတ်ပေးနေရတဲ့ တပည့်တော်တို့အတွက် လက်တွေ့ နယ်ပယ်မှာ ထားရှိရမည့် စိတ်နေစိတ်ထား၊ လူ့ကျင့်ဝတ်များကို ပိုမိုသိရှိ အသုံးချနိုင်တဲ့ အကျိုးကျေးဇူးများရရှိသည့်အတွက် ဆရာတော်ဘုရား အပါအဝင် အဖွဲ့အစည်းတစ်ခုလုံး မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ဦးခိုက်ပါတယ်ဘုရား။

ဒေါ်အေးမာကျော် (Level-1)

တပည့်တော်ရဲ့ စိတ်ထားကို အရင်ကထက် ပိုပြီး ဂရုတစိုက်နဲ့ စောင့်ကြည့်ပြီး အ ကုသိုလ် စိတ်များ ကင်းအောင် နေထိုင် နေပါတယ်ဘုရား။ ဆုံးဖြတ်စရာကိစ္စရပ်များ ကိုလည်း မိမိ ကိုယ်ပိုင်အသိဉာဏ်နဲ့ အသေအချာ စဉ်းစားတတ်လာပါတယ် ဘုရား။ မေတ္တာသုတ် တရားတော်ကို နာယူပြီး မေတ္တာဘာဝနာ ပွားများနိုင်အောင်လည်း ကြိုးစားလေ့ကျင့် နေပါတယ် ဘုရား။"

ဒေါ်လွင်မာအောင် (Level-1)

တပည့်တော်မသည် သုတမမ္မ ဒီပလိုမာ level(1)၊စာမေးပွဲကို ဖြေဆိုထားသူ တစ်ယောက် ဖြစ်ပါတယ် အရှင်ဘုရား ။တပည့်တော်မသည် ဆရာတော်ကြီး၏ တရား၅ပုဒ်ကို နာယူ မှတ်သားခွင့် ရပြီးသည့်နောက်တွင် ယခင်က ဝေဝေဝါးဝါး သိနေခဲ့သော တရား စာပေများကို ယခုအခါ အနက်အဓိပ္ပာယ်တွေနဲ့ တကွ ရှင်းရှင်းလင်းလင်း သိမြင်ခွင့်

ရရှိခဲ့ပါသည် ဘုရား..... လောဘ၊ဒေါသ၊မောဟ တရားများ၏ ဆိုးကျိုးများ၊ အလောဘ၊ အဒေါသ၊ အမောဟ တရားများ၏ကောင်းကျိုးများကိုလည်း သေချာ သိရှိနားလည်သွား ခဲ့ရပါ သည် ဘုရား... . မိသားစုနှင့် သားတွေအပေါ် တွယ်တာမှုအား ကြီးလွန်းသော တပည့်တော်မ အတွက် စိုးရိမ်ပူပန်မှု သောကကို ဘယ်လိုဖယ်ရှားပစ်ရမည်ဆိုသော အသိတရား၊ သတိထားစရာတွေကို သိရှိခွင့်ရခဲ့တာက တန်ဖိုးကြီးမားလွန်းလှပါသည် ဘုရား။ စိတ်ထားဖြူစင်သန့်ရှင်းရန် အခြေခံ လိုက်နာကျင့်သုံးရမည့်အချက်များကို သိရှိခွင့် ရခဲ့သလို စိတ်၏အညစ်အကြေး နီဝရဏတရားတွေဆိုတာ ဘာတွေကို ပြောတာ၊ ဘယ်လို ဖယ်ရှားရမယ် ဆိုတာတွေကိုလည်း သိရှိခဲ့ရပါသည် ဘုရား။မေတ္တာသုတ်ကို ရွတ်ဖတ် ပူဇော်ရုံ၊ သံဃာတော်များထံမှ နာကြားရုံသာ ရှိခဲ့သော တပည့်တော်မအတွက် ယခုအခါ ပါဠိစကားလုံးများ၏အဓိပ္ပာယ်ကို သေချာသိရှိပူဇော်ခွင့် သွား ပြီဖြစ်သည့်အတွက်လည်း အတိုင်းမသိ ကြည်နူးဝီတိ ဖြစ်မိပါတယ်ဘုရား.....မေတ္တာဘာဝနာပွားများမည့် သူများမှာ ပြည့်စုံရမည့်အင်္ဂါရပ်များကိုလည်း မှတ်သားနာယူရသည့်အတွက် တပည့်တော်မ အတတ် နိုင်ဆုံး လိုက်နာ ကျင့်သုံးနေထိုင်သွားပါမည် ဘုရား။ သမထနှင့် ဝိပဿနာကို ငယ်စဉ် ကတည်းက ကြားဖူးခဲ့ပေမယ့် ယခုမှ အဓိပ္ပာယ်တွေကို သေချာသိရှိ နားလည် သဘောပေါက် သွားရပါသည် ဘုရား..... သမထနှင့် ဝိပဿနာတရားကျင့်ကြံပုံများ၊ အာရုံ ပြုရှုမှတ်ရမည့် တရားများ၊ စျာန် ရအောင် ကျင့်ကြံပုံများနှင့် ဝိပဿနာ ဉာဏ်စဉ် အဆင့်ဆင့်ကိုလည်း သိရှိပူဇော်ခွင့်ရခဲ့၍ အကျိုးကျေးဇူးကြီးမားလှပါသည် ဘုရား။ တပည့်တော်တို့ကို တရားအရသာ ဓမ္မဝီတိများ ရရှိခံစားနိုင်အောင်၊ တရားတော်များကို အာရုံစိုက် မှတ်သားနာယူဖြစ်အောင် မေတ္တာ ကရုဏာကြီးမားစွာဖြင့် ဟောကြား လမ်းညွှန် ပေးခဲ့သော ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော် အနန္တအား လက်ဆုံမိုး၍ ရှိခိုးဦးခိုက် လိုက်ပါသည်အရှင်ဘုရား။ ဆရာတော်ကြီးအား ကိုယ်တိုင်ကိုယ်ကျ အနီးကပ် ဖူးမြော်ခွင့် ရရှိနိုင်အောင် တပည့်တော်မ စာမေးပွဲများကို အဆင့်ဆင့် ဖြေဆိုသွားပါမည်၊ တရားတော် များကို ပိုမိုနားလည်သိရှိအောင် ကြိုးစားရင်း ရှိသေစွာဖြင့် ဆက်လက် ပူဇော်သွားပါမည် အရှင်ဘုရား။

ထက်ထက်အောင် (Level-1)

စာမေးပွဲအတွက် မလေ့လာခင်က မိမိစိတ်ကို မထိန်းနိုင်သည်က များပါသည် ဘုရား မိမိ တစ်ယောက်ထဲ နေချင်သည်က များသည် စိတ်ရှုပ်မခံနိုင်ပါ ဘုရား လေ့လာနေတုန်းမှာလဲ မိသားစု တစ်ဦးနှင့်တစ်ဦး အဆင်မပြေသည့်အချိန် ဖြစ်နေပါတယ် ဘုရား တပည့်တော်မ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း တရားတော်ကို နာပြီး လေ့လာပြီးသည့်အချိန်မှစ၍ လူဆိုတာ တစ်ယောက်တည်း မနေသင့်ဘူး ပတ်ဝန်းကျင်နဲ့ ဆက်ဆံရမယ် နေထိုင် သည့်အခါလဲ ဘယ်လိုနေထိုင်ရမယ် ဆိုတာ သိလာရပါတယ်ဘုရား တပည့်တော်မ ဖြစ်နေတဲ့ ပြဿနာတိုင်းကိုလဲ မေတ္တာ ကရုဏာ မုဒိတာ ပွားပြီး သည်းခံလိုစိတ် အများကြီး ရှိလာပါတယ် မိမိအပေါ် အမြဲရန်လို မကောင်းမြင်နေတဲ့သူအပေါ်လဲ တပည့်တော်မ မေတ္တာ ထားနိုင်သောကြောင့် တပည့်တော်မ စိတ်အေးချမ်းရပါတယ် ဘုရား ဥပေက္ခာ ဆိုတဲ့သဘောတရားအမှန်ကို သိလာရသည့်နောက်ပိုင်း တပည့်တော်မကို အမြင်မကြည် မလိုသူများ အပေါ်မှာလဲ ဥပေက္ခာ သဘောတရားအမှန်ဖြင့် နေထိုင်လိုက်သောကြောင့် တပည့်တော်မ မပူလောင်ရတော့ပါဘု ရား မေတ္တာတရားဖြင့် အနိုင်ယူ လိုက်နိုင်ပါတယ် ဘုရား။ စိတ်အဆင်မပြေမှုများကို ပထမ တရားတစ်ပုဒ်မှာတင် တပည့်တော် စိတ်အလုံးစုံ လျော့ချနိုင်ခဲ့ပြီး နေထိုင်သည့်အခါလည်း စိတ်အေးချမ်းရပါတယ် ဘုရား စိတ် အညစ်အကြေးများကို ဖယ်ရှားခြင်း တရားနာပြီး လေ့လာလိုက်သည့်အခါလဲ စိတ်ကို အမြဲစင်ကြယ်အောင်ထားပြီး နေထိုင်နိုင်ပါတယ်ဘုရား။ လေ့လာသည့်အချိန်မှာလဲ အချိန်ပေး မလေ့လာဖြစ်ပါဘုရား။ ကျောင်းဖွင့်သည့်အချိန် ဖြစ်သောကြောင့် ရုံးအလုပ် တစ်ဖက် နှင့် လေ့လာရသောကြောင့် အလုံးစုံ မလေ့လာဖြစ်ပါဘုရား တပည့်တော် နားလည် သလောက် ဝင်ရောက်ဖြေဆိုထားပါတယ် ဘုရား။ စာမေးပွဲအောင်ခြင်း မအောင် ခြင်း ထက် တပည့်တော်မ ရလိုက်သည့် လောကကို အနိုင်ယူနိုင်သည့် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တရားကို တပည့်တော်မ ကျင့်သုံးနိုင်သည့်အတွက် အရာရာ အေးချမ်းစွာဖြင့် နေလိုက်နိုင်ပါတယ် ဘုရား ။

တပည့်တော်အပေါ် မနာလို ဝန်တို မုန်းတီးသည့်သူက အမြဲစိတ်မချမ်းမြေ့အောင် နှောင့်ယှက်တိုင်းလဲ တပည့်တော်မ ဥပေက္ခာသဘော အမှန်ဖြင့် နေထိုင်နိုင်အောင် ဆက်လက်ကြိုးစားပါမည်။ ဘဝအတွက်ကြိုးစားသည့်အခါမှာလဲ စီးပွားမျက်စိရှိရမယ် ဓမ္မမျက်စိရှိရမယ်လို့ သိရသည့်အခါမှာလဲ ဟောကြားသည့်အတိုင်း တပည့်တော်မ လျှောက်လှန်းနေပါသည်ဘုရား။ တပည့်တော်မ level-1 တရား ငါးပုဒ်မှာတင် အရာရာ ပြောင်းလဲပြီး ဘဝအတွက် သင်ခန်းစာအများကြီး ရလိုက်ပါတယ် ဘုရား။ ဒေါသ ကို မေတ္တာတရားဖြင့် ထိန်းလိုက်နိုင်ပါတယ် ဘုရား လေ့လာခြင်းအားဖြင့်လဲ အသိစိတ်များ ပိုတိုးပြီး ဗဟုသုတအများကြီး ရရှိနိုင်လိုက်လို့ ဆရာတော်ဘုရားကြီးကိုလဲ ကျေးဇူး အများကြီး တင်မိပါတယ် ဘုရား တရားနာလိုက်သည့်အခါလဲ စိတ် အေးချမ်းရပါသည် ဘုရား။တခါတလေ မလိုသူ ကိုယ့်အပေါ်မကောင်းသည့်သူ၏ အပြုအမူကြောင့် စိတ် အနှောင့်အယှက် ဖြစ်မိပါတယ်ဘုရား အတတ်နိုင်ဆုံးတော့ မေတ္တာပွားပြီး နေထိုင်နိုင် အောင် ကြိုးစားပါမည် ဘုရား။စာမေးပွဲအောင်ခြင်း မအောင်ခြင်း ထက် ရရှိလိုက်သော အသိဥာဏ်နှင့် ပြောင်းလဲသွားသည့် မိမိကိုယ်ကိုအတွက် ဝမ်းသာ ပီတိဖြစ်လို့ လျှောက်တင် ရခြင်း ဖြစ်ပါတယ် ဘုရား။

မောင်ရဲမြတ်အောင် (Level-1)

"သုတဓမ္မစာမေးပွဲ ဒီပလိုမာ level-1အတန်းအတွက် လေ့လာ ကျက်မှတ်ရင်းဖြင့် တပည့်တော် အနေဖြင့် အင်မတန်တန်ဖိုးရှိသောဓမ္မ အသိများကို ရရှိခဲ့ရပါသည်။ တရား ငါးပုဒ်ကိုလေ့လာရာတွင် တရားတော်များသည် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော သုတ္တန်များကို ဆရာတော်ဘုရားကြီးသည် လူအများ နားလည် သဘောပေါက်စေရန် ရှင်းလင်း ဟောကြားထားသည်ကို တွေ့ရပါသောကြောင့် ဆရာတော်ဘုရား၏ မေတ္တာ ၊ကရုဏာ ကြီးမားပုံကို မြင်တွေ့ရပါသည်။ ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်း တရားတော် ကို လေ့လာပြီးနောက် တပည့်တော်သည် မည်သည်က ကောင်းသည်၊ ဆိုးသည်ကို

ကောင်းစွာ ခွဲခြားတတ်လာသည်။ ထို့ပြင် တပည့်တော်ကဲ့သို့ ဆယ်ကျော်သက်များ အနေဖြင့် ဘဝခရီးရွေးချယ် လျှောက်လမ်းရာမှာ လမ်းမှားကို ရောက်ဖို့ရန် အလွန်လွန် ကူပါသည်၊သို့သော် တပည့်တော်သည် ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်း တရားတော်ကို လေ့လာပြီးနောက် မကောင်းမှုတွေကိုပို၍ရှောင်နိုင်လာသလို၊ ကောင်းမှုများ ကိုလည်း ပိုမို ပြုလုပ်ဖြစ်လာပါသည်။ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍လည်း အမှန်တရား ကိုအဖြေထုတ်တတ်လာသလို တပည့်တော်၏ မကောင်းသည့် အကျင့်ဆိုးများကိုလည်း သတိ၊ ပညာတို့ဖြင့် တဖြည်းဖြည်း ဖယ်ရှားနိုင်လာပါသည်။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ ကမ္ဘာ တရားတော်ကို လေ့လာပြီး နောက်မှာလည်း၊" "အော်၊ တို့ဗုဒ္ဓမြတ်စွာဟာ လောက ထွက်မြောက်ကြောင်း တွေ သာမက လောကၠ ကျင်လည်နေစဉ် စီးပွားဘယ်လို ရှာမယ် ကိုယ်ကျင့်တရားကောင်းအောင် ဘယ်လိုနေထိုင်ရမယ် ဆိုတာတွေပါ ဟောကြားခဲ့ပါလား "ဟု သိမြင်လာသည့် အပြင် သမ္မာဒိဋ္ဌိဖြစ်အောင် ဦးဆောင်ရမည့် မဂ္ဂင်ငါးပါး အကြောင်း ကိုလည်း သိရှိလာခဲ့ပါသည်။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း တရားတော်ကို လေ့လာပြီးနောက် စိတ်အညစ်အကြေးဖယ်ရှားရန် ကျင့်ကြံရမည့် မဟာအသုပူရသုတ် ကျင့်စဉ်ရှစ်ချက် အကြောင်းနှင့် နီဝရဏ တရားများကို ဖယ်ရှားပုံတွေကို သိရှိနားလည်လာ ရကာ နေ့စဉ်ဘဝတွင် စိတ်ကို ယခင်ကထက် ပိုမို အေးချမ်းအောင်ထား နိုင်လာသည်။ မေတ္တာသုတ် အနှစ်ချုပ် တရားတော်ကို လေ့လာပြီးနောက် အများချမ်းသာကြစေရန် မေတ္တာ မပွား များမီကျင့်ရမည့် ကျင့်စဉ်၁၅ချက်ကိုသိရှိလာသောကြောင့် တပည့်တော် ၏ နေ့စဉ်ဘဝတွင် လက်တွေ့ ကျင့်ကြံလာနိုင်သည်။ ထို့ပြင် မေတ္တာပွားပုံအမျိုးမျိုးကို သိရှိကာ မေတ္တာသုတ်ကို ရွတ်ဖတ်တိုင်း အဓိပ္ပါယ်များကို ပြန်လည်အောက်မေ့ နေစေပြီး စိတ်နှလုံး ရွှင်ကြည်စေပါသည်။ သမထနှင့်ဝိပဿနာ တရားတော်သည်လည်း တပည့်တော် ဘဝတွင် အင်မတန် ပြောင်းလဲပေးနိုင်ခဲ့သည့် တရားတော်မြတ် ဖြစ်ပါသည်။ သမထအကြောင်း ဝိပဿနာအကြောင်းကိုကွဲကွဲပြားပြားသိရှိလာပြီး လက်တွေ့ ကျင့်ကြံ လိုစိတ်များ လည်း ဖြစ်ပေါ်လာရသည်။ ထို့ပြင်""ငါမသေခင်စူဠသောတာပန် အနည်းဆုံး

တည်အောင် ကြိုးစား အားထုတ်မယ်"ဆိုတဲ့ ရည်ရွယ်ချက်တွေ ဖြစ်ပေါ်လာပါသည်။ တကယ့်နေ့စဉ် ဘဝတွင်လည်း သမထ/ဝိပဿနာထိုင်လာ ဖြစ်ပြီးစိတ်ငြိမ်သက်မှုကို ယခင်ကထက်ပိုမိုရရှိလာပါသည်။ တပည့်တော် လေ့လာခဲ့ရသော တရားတော် အားလုံးသည် လက်တွေ့ဘဝအတွက် များစွာ အထောက်အကူပြုပြီး တပည့်တော်အတွက် ကျောင်းပညာအပြင် ဘဝပညာ ကိုပါရရှိစေခဲ့ပါသည်။ဗုဒ္ဓ၏ သာသနာ ကိုလည်း ပိုမို သိရှိနားလည်လာပါသည်။ ထို့ကြောင့် ဤပညာဘူမိတက္ကသိုလ်ကြီးကိုတည်ထောင်၍ သုတမမ္မစာမေးပွဲများ ကျင်းပပေးတော်မူသော ကျေးဇူးတော်ရှင် အဓိပတိ ဆရာတော်ဘုရားကြီးအား အာရုံရည်မှန်းရှိခိုးပါသည်ဘုရား။

ဒေါ်ညိုညို၀င်း(Level-1)

ကျေးဇူးရှင် ဆရာတော် ဘုရားကြီးအား ရိုသေလေးမြတ်စွာ ရှိခိုး ကန်တော့ပါသည် ဘုရား။ ဆရာတော် ဘုရားကြီး ကျန်းမာပါစေ၊ သက်တော် ရာကျော် ရှည်ပါစေ ဘုရား။ သောက မဖြစ်စေဖို့ တွယ်တာမှု မှန်သမျှ လျှော့ချဖို့ ကြိုးစားနေပါသည်ဘုရား။"

ဒေါ်ဝိသုဒ္ဓါစာရီ(Level-1)

နည်းပညာ၏ အကျိုးကျေးဇူးကြောင့် ဆရာတော်ကြီး၏ တရားတော်များကို နှစ်ပေါင်းများစွာ နာယူနိုင်ခဲ့သော်လည်း နေ့စဉ်ဘဝတွင် မိမိအသုံးပြုနိုင်သေးမည့် အချက်အလက်အချို့ကိုသာ မှတ်သားလိုက်နာနိုင်ခဲ့ပါသည် ဘုရား။ သာသနာ့နွယ်ဝင် သီလရှင်အဖြစ် ခံယူခဲ့ပြီးနောက် မိမိမှတ်သားသိရှိထားသည့် လောကီဗဟုသုတ အနည်းငယ် ဖြင့် သာသနာတော်ကို ကူညီခွင့် ရရှိပြန်သောကြောင့် တာဝန်များအရ လည်းကောင်း၊ စာကျက်၍စာမေးပွဲဖြေရန် ဝန်ထုပ်ဝန်ပိုးအဖြစ် ခံစားရသည် ဖြစ်၍လည်းကောင်း အခြားသူများ ဖြေဆိုမှုကို ဝမ်းမြောက် ဝမ်းသာဖြင့် သာဓုခေါ်နေခဲ့ပါသည်ဘုရား။ ယခုအခါတွင်

ဆရာလေးအဖြစ် လေးဝါ ဖြစ်လာတော့မည် ဖြစ်ပြီး၊ အတန်းတက်-ဂုဏ်ထူးထွက်သည် အသာထား၍ အချိန်မရွေး စွန့်ခွာရနိုင်သည့် လူ့ဘဝ ရခိုက် မြတ်စွာဘုရား၏ တရားတော်များကို ပိုမိုမှတ်မိ ပူဇော်လိုပါသဖြင့် ရသမျှအချိန်ကို ဆွဲထုတ်၍ နာယူ ပူဇော်ခဲ့ပါသည် ဘုရား။ အကျိုးကျေးဇူးမှာ မှတ်မိလိုသောစိတ်ကြောင့် ဂရုပြု နာယူသဖြင့် တရားတော်များ၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပိုပိုသိရှိလာရုံ မျှမက ပိုမိုသိချင် ပူဇော်ချင်သည့် စိတ်အားတက်မှုများ ဖြစ်ပေါ်လာသည့် အတွက် ကျေးဇူးတော်ရှင် ဆရာတော်ကြီးနှင့် ဗုဒ္ဓဘုရားရှင်အပေါ်၌ ပိုပိုကြည်ညိုသည့် သဒ္ဓါတရားများ ဖြစ်ပေါ်လာ ပါသည်ဘုရား။

ဒေါ်လွင်မာစိုး(Level-1)

တရားတပုဒ်ချင်းစီကို နာယူရင်း လွဲမှားနေတဲ့ အချက်တွေကိုသေချာရှာ တွေ့ခဲ့ပါတယ် ဘုရား ။။ ဥပမာ-တရားစခန်းဝင်စဉ်က တခြားသော ယောဂီတချို့ရဲ့လွဲမှားတဲ့ အမူအကျင့် တွေကြောင့် စိတ်အနှောက်အယှက် ဖြစ်ခဲ့ရပါတယ် ဘုရား။ တပြည့်တော်မ အဲဒီလိုစိတ် ဖြစ်ခဲ့တာကို အပြစ်ရှိ သွားတယ် အပြစ်မကင်း ဖြစ်သွားတယ်လို့မသိခဲ့ပါဘူး ဘုရား။ ကုသိုလ် စိတ်မဖြစ်ပဲ လွဲမှားတဲ့မာနလေး ကပ်သွားတယ်ဆိုတာ ဆရာတော်ဘုရားရဲ့ တရားတွေ ကြောင့် သေချာ သိခဲ့ရပါတယ်ဘုရား။ ဣန္ဒြေယသု ဂုတ္တဒွါရ ဆိုတဲ့ ထိန်းသိမ်းရမည့် အရာ အကုသိုလ် စိတ်မဝင်အောင် တားမြစ်ရမည့် ထိန်းသိမ်းရမည့် တရား တွေ ကို သေချာ သိခွင့်ရခဲ့ပါတယ်ဘုရား တပည့်တော် ကြိုးစားပြင်ဆင်ပါ့မယ် ဘုရား ဆရာတော်ဘုရား ရဲ့ ကျေးဇူးကြီးမားလှပါတယ် ဘုရား။ ဆရာတော် ဘုရား ကျန်းမာပါစေဘုရား။

အဏ္ဍဝါမေလင်းမောင် (Level-1)

ဆရာတော်ဘုရားကြီးအား ဦးတင်ရှိခိုးပါတယ်ဘုရား။ တပည့်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ပါဘုရား။ မွေးရာပါ နှလုံးရောဂါရှိပြီး မိခင်ကြီး ကွယ်လွန်ထားသူ၊ စိတ် အားငယ် မျက်ရည်လွယ်တတ်သူပါ ဘုရား။ ဘုန်းဘုန်းဦးစီးကျင်းပပြုလုပ်နေတဲ့ သုတဓမ္မ စာမေးပွဲရှိကြောင်းသိရတော့ တရားတွေ အများကြီးထဲကမှ မေတ္တာ၊ စေတနာ၊ ဥာဏ်ပညာ နဲ့ ဘုန်းဘုန်း ရွေးချယ် ပြဋ္ဌာန်းပေးထားတဲ့ သင်ရိုးကို ယုံကြည်၊ အားကိုး၊ လေးစားလို့ စတင်ပူဇော်ခဲ့တာပါ ဘုရား။ နေ့စဉ်ဘဝမှာ သီလလုံအောင်၊ နှလုံးသွင်း မှန်ကန်အောင် ကြိုးစားရင်း မိမိစိတ်ကို သတိထား စောင့်ကြည့်ပြီး ထိန်းသိမ်းပြုပြင်နေပါပြီ ဘုရား။ ရှောင်ရမယ့်၊ မလုပ်သင့်တဲ့အချက်တွေကို ဂရုတစိုက် ရှောင်ကျဉ်ပြီး လုပ်ရမယ့် အချက်တွေကို ကြိုးစား လုပ်ဆောင် နေပါတယ်ဘုရား။လုပ်သင့်၊ မလုပ်သင့်ကို ကိုယ်တိုင် ဆုံးဖြတ်နိုင်အောင် ဥာဏ်ပညာ အလင်းဖွင့် ပေးပါသော၊ သမထ၊ ဝိပဿနာ အားထုတ်ဖို့ လမ်းစဉ်အဆင့်ဆင့်ကို ရှင်းလင်း၊ ညွှန်ကြား၊ ဟောပြပေးပါသော၊မြတ်ဗုဒ္ဓ၏ တရားဓမ္မကို လူတိုင်း အလွယ်တကူ နားလည် ကျင့်သုံးနိုင်အောင် ရှင်းပြ ဟောကြားတော်မူပါသော ဆရာတော် ဘုရားကြီး၏ မေတ္တာ ဂရုဏာ ဂုဏ်ကို ရှိခိုးဦးတင်ပါတယ်ဘုရား။ ဆရာတော်ဘုရားကြီး သက်တော်ရာကျော် ရှည်ပါစေ၊ သာသနာ့ဝန်ကို ခန္ဓာ့ဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ ဘုရား။"

ဒေါ်ခင်သန္တာဦး(Level-1)

တပည့်တော်မအနေဖြင့် ယခင်ကတည်းက ဘာသာရေးကိုလေ့လာခဲ့မှုရှိပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာ အဖြစ်မှ အမှန်တကယ် သိရှိ၍ လက်တွေ့ လိုက်နာ ကျင့်သုံးခဲ့ပါသည်။ လောကဓံတရားများကို အံကြိတ်ခံရခြင်း မဟုတ်ဘဲ သဘာဝတရားများ ဟု နှလုံးသွင်း ဆင်ခြင်မိခြင်းကြောင့် အလွန်အမင်း တုန်လှုပ်ခြင်းမရှိ ခံနိုင်လာခဲ့ပါသည်။ ပြောမကုန်

အံ့မကုန်မှုများကို ကြုံတွေ့ခဲ့ရပါသည်။ သံသရာလည်ရခြင်းမှ လွတ်မြောက်ရန် အတွက် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော် အဆုံးအမ ကလွဲ၍ မှတစ်ပါးအခြားမရှိဟု ကောင်းစွာ သိရှိခဲ့ရပါသည်။ သို့သော်လည်း ပရိတ်တရားတော်များ၏ အနက်အဓိပ္ပါယ်ကိုသေချာ ကျနစွာ မသိပဲရွတ် ဖတ်နာကြားခဲ့ပါသည်။ ယခုအခါ သုတမန္တကို ဖြေကြားရန် လေ့လာရသောကြောင့် အနက်အဓိပ္ပါယ် နှင့်တကွ လိုက်နာရမည့် တရား၊ မကြာခဏ သတိပြု၍ ပါယ်ရမည့်တရား၊ဆုတောင်းယူရမည်မဟုတ် ကျင့်သုံးမှုရမည့် တရား စသည်ဖြင့် ကွဲပြားခြားနားစွာ သိရှိလာရပါသည်။ ယခင်က မိမိသိရှိ ထင်မြင်မှတ်ယူဆ ထားချက်များသည် မှန်ကန်ကြောင်း ပိုမို၍ အခိုင်အမာ သိရှိစေခဲ့ပါသည်။ ထို့အပြင် သုတမန္တကို ဖြေဆိုရန်မပြုခဲ့ပါက သင်ခန်းစာပါ တရားတော်များကို လေ့လာ နာကြား ခြင်းပြုမိမည် မဟုတ်ပါ။ ကြုံသလိုသာ အခြားတရားတော်များကို နာကြားနေမိပြီး အဓိက သိရမည့် အချက်များကို ယခု သင်ခန်းစာတရားတော်များက မီးမောင်းထိုးပြသကဲ့သို့ ခံစားရပါကြောင်း နှင့်မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ ပိုမို လေ့လာသင်ယူသင့်သည့် တရားတော်များဖြစ်ကြောင်းလျှောက်ထားအပ်ပါသည် ဘုရား။

ဒေါ်အေးအေးအောင် (Level-1)

ဆရာတော်ကြီးတရားများကိုအထပ်ထပ်နာခဲ့ပါတယ်။ပြဋ္ဌာန်းစာအုပ်ကို ကျေညက်စွာ မဖတ် မိခဲ့ပါ။ တရားများများ နာခဲ့ရသည့်အတွက် ဘဝနေထိုင်မှုပိုငြိမ်းချမ်းလာပါတယ်။ စာရိတ္တသီလနှင့် ဝါရိတ္တသီလ အကြောင်းသိခဲ့ရ၍ နေထိုင်မှုမှာ ပိုအကျိုး ရှိတယ်လို့ ခံစားရပါတယ်။

ဒေါ်သင်းသင်းအေး (Level-1)

လောကမှာ နေထိုင်ရန်၊ စိတ်ထားတတ်ရန် နောက်သံသရာအတွက်သာမက အသိပညာ ဉာဏ်ပညာများ ပိုမိုတိုးတတ်လာပါတယ်ဘုရား အသိဉာဏ်များ ပွင့်လာပြီး အလွန်အေးချမ်းပါတယ်ဘုရား။

ဒေါ်နန္ဒာအောင်(Level-1)

"ပါချုပ်ဆရာတော်ကြီးအား ဦးဆုံးရိုသေစွာဖြင့် ဦးတင်ကန်တော့ပါ၏ အရှင်ဘုရား။ 2016အောက်တိုဘာလက ရှမ်းပြည်မြောင်ပိုင်း သီပေါမြို့မှာ တပည့်တော်မတို့မိသားစု တို့ ပါချုပ်ဆရာတော်ကြီး ၏ တရားပွဲ ကျင်းပခဲ့ဖူးပါတယ် ဘုရား အဲ့အချိန် ကစပြီး ဆရာတော်ရဲ့ တရားတွေ နာယူခဲ့ပါတယ် ဘုရား သာမာန် နာယူထက် အခုလို သုတမမ္မာမေးပွဲ ဖြေဆိုဖို့အတွက် ပြဋ္ဌာန်းစာအုပ်ဖတ် တရားတော်ကို တပြိုင်နက် နာယူခြင်းကို ပိုပြီး လေးလေးနက်နဲ့ အားစိုက်ခဲ့ရပါတယ်ဘုရား။ အခုလက်ရှိဘဝမှ နောင်သံသရာ တလျှောက်လုံးအထိ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးမကျန် နောင်သံသရာ ကျွတ်လွတ်ရာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ကုသိုလ် အကုသိုလ်တို့ကို မိမိကိုယ်ပိုင် ဉာဏ်ဖြင့် အကြောင်းအကျိုး ဆုံးဖြတ်နိုင်အောင် စိတ်ထားဖြူစင်အောင် ပယ်ရမည့် တရား ဟိရီ ဩတပ္ပ တရား မေတ္တာသုတ်သည် ရွတ်ရမည်မဟုတ် ပွားများရမည့် ကမ္မဋ္ဌာန်း မေတ္တာတရားမှသည် သမထ ၊ သမထအကျင့်မှ နောက်ဆုံး ဝိပဿနာ ကျင့်စဉ်ထိ ဝင်လေထွက်လေ ရှုမှတ်ခြင်းသည် သောတာပန်မှ ရဟန္တာ အဆင့်ထိ ဆိုသည့် အချက်အလက်များမှာ အသိဉာဏ်ပွင့်လာခဲ့သည့် အကျိုးများ စိတ်ထဲရင်ထဲ စွဲမြဲစွာ မှတ်ယူနိုင်ခဲ့ပါတယ်ဘုရား။

ဒေါ်အေးသိန်း(Level-1)

တရားတော် များကို နာယူရင်း မိမိဘဝအတွက် နေထိုင်ရမည် နည်းလမ်းများ၊ လောဘ ဒေါသ၊ မောဟ ဖြစ်ပေါ်နေမှုကို သတိဖြင့် ထိန်းချုပ်တတ် လာခြင်း၊ ပရိတ်တရားတော် များကို ရွတ်ဖတ်ရုံမျှမဟုတ်ဘဲ။ တကယ် လက်တွေ့ အနက်အဓိပ္ပါယ်ကို သေချာစွာ ဖတ်ရှုလေ့လာပြီး ပူဇော်ရမယ် ဆိုတာ နားလည်လာခြင်း၊ အထူးသဖြင့် မေတ္တာသုတ် ပရိတ်တော် ကို အနက်အဓိပ္ပါယ် လေးနက်စွာဖြင့် ပူဇော်တတ်လာခြင်း၊ ကိုယ့်ကျင့် သီလကို သတိဖြင့်စောင့်ထိန်း၍ စိတ်သဘောထားဖြူစင်အောင် နေထိုင်ဖို့ သတိဖြင့် နေထိုင်လာတတ်ခြင်း ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာ ပါစေ သက်တော်ရာကျော်ရှည်ပါစေ ဘုရား ။

ဒေါ်လဲ့လဲ့နိုင် (Level-1)

စာလေ့လာရင်း၊ စာကျက်ရင်းဖြင့် စာတစ်လုံးသိ တစ်ခါ အကျိုးရှိသဖြင့် များစွာ ဝမ်း မြောက် ပီတိဖြစ်ရပါသည်။

ဒေါ်ခင်မာဦး (Level-1)

အရင် လောကုတ္တရာတရားများ အားထုတ်ရင် လောကီ စီးပွားမဖြစ်မနေ လုပ်နေရခြင်း အတွက် အပြစ်ရှိသလို ခံစားနေမိပါတယ်ဘုရား တကယ်တော့ မြတ်စွာ ဘုရားရှင်က လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် မည်ကဲ့သို့ လုပ်ကိုင် ဆောင်ရွက်နိုင်သည်ကို စနစ်တကျ လမ်းညွှန်ဟောကြားဆုံးမခဲ့လို့ အပြစ်ရှိသလို ခံစားနေရခြင်းမှ စိတ်သက်သာရာရခဲ့ရပါတယ်။

ယခင်က နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရား အားထုတ်နေသူ တစ်ယောက် ဖြစ်သော တပည့်တော်အနေဖြင့် မိသားစု စားဝတ်နေရေးအတွက် စီးပွားရှာ နေရခြင်း အား လောဘ၊ ဒေါသ မောဟများမစင်မကြယ်ဖြစ်နေသဖြင့် အပြစ်ရှိသလို ခံစားနေရပါ

တယ် ဘုရား။ Level(1)အတွက် ပါချုပ်ဆရာတော်ဘုရား တရားများနာရင်း လေ့လာရင်းနဲ့ မြတ်စွာဘုရားရှင်က လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို အသိပညာ၊ သတိတရားဖြင့် ဆောင်ရွက်လို့ရကြောင်း ရှင်းလင်းစွာ သိလိုက်ရပါသဖြင့် အပြစ် ရှိသလိုခံစားရတာ သက်သာလွတ်မြောက်သွားခဲ့ရပါတယ် တရားအားထုတ်ရင်း မိသားစုတာဝန်များကိုအပြစ်ကင်းစွာ ဆောင်ရွက်လို့ရတယ်ဆိုတာ သိရပါတယ်ဘုရား၊

အေးအေးမွန် (Level-1)

သုတမဓမ္မဒီပလိုမာ level (1) သင်ယူ ကျက်မှတ်ပြီး ဆရာတော် ကျေးဇူးတရားများကို ပိုမို သိမြင်ပြီး ကျေးဇူးတင်စွာ ဦးတင်ပါတယ် ဘုရား။

ကိုကျော်ဇင်ထွန်း (Level-1)

ဆရာတော်ကြီး၏ ပြဋ္ဌာန်းစာအုပ်များ level (1) .2.3 BA Part .1 အထိဖတ်ဖြစ်ပါတယ် ဘုရား။အခုနှစ်မှ အိမ်သူနှင့်အဖော်ရပြီး ပါရမီမြောက်အောင် level.1ဖြေဖြစ်ပါသည်။ တရား ၅ ပုဒ်စလုံး အကြောင်းအကျိုးညီညွတ်စွာ အစဉ်အတိုင်းစီပြီး ပြဋ္ဌာန်းထားခြင်းသည် ဘဝနေထိုင်တတ်ခြင်းနဲ့ ဘာဝနာ ပွါးများနိုင်တဲ့အထိ အကျိုးကျေးဇူးကြီးမားပါသည်။ ကျန်စာအုပ်များလည်း ထိုနည်းအတိုင်းခံစားရသည့်အတွက် အလွန်ကျေးဇူးကြီးမား လှပါသည် ဘုရား။ တပည့်တော် ဆရာတော်ဘုရားကြီး၏ တရားတော်များကို လေ့လာနာယူပွားများရင်း M.A တန်းထိ ရောက်အောင် ကြိုးစားပါမည်ဘုရား။

မေဘယ်(လ်)ညွန့် (Level-1)

လောကီအတွက် သာမက လောကုတ္တရာအတွက် နေနည်းထိုင်နည်းများပါ တိုးတက်သိရှိ လာရသဖြင့် ဆရာတော်ကြီးအား ကျေးဇူးတင်စွာဖြင့် ဦးခိုက်ကန်တော့ပါသည်။

မဆုဆုပိုင် (Level-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း အသိတရားတွေအများကြီး တိုးပါတယ်ဘုရား။ အရင်ကသိထားတာတွေ မှားနေတာမျိုး၊ ဇဝေဇဝါ ဖြစ်နေတာမျိုးတွေကအစ ရှင်းရှင်းကြီး သိမြင်လာရပါတယ် ဘုရား။ ကိုယ့်လုပ်ရပ်တွေ သတိမထားမိခင် အမှားဖြစ်မိတာမျိုး၊ စိတ်နေစိတ်ထားကအစသ တိလေးထားတတ်လာပါပြီ ဘုရား။ တပည့်တော်အတွက်တော့ စာမေးပွဲအောင်ခြင်း၊ ကျခြင်းထက် အကျိုးများစွာ ဖြစ်ထွန်းပါတယ်ဘုရား။

မမြတ်မြတ်စု (Level-1)

အဓိကကတော့ဒေါသကို မပြီးစီးနိုင်အောင်ကြီးတဲ့ကျွန်မက ဒေါသအပြစ်နဲ့ တော်တော် ထိန်းနိုင်သွားတာပါ။ တရားအားထုတ်တာကတော့ တပည့်တော် သေချာ ထဲထဲ ဝင်ဝင် သိဖို့ ကြိုးစားရမှာပါ ဘုရား။ ကိုယ်တိုင် လေ့လာနိုင်အောင်လမ်းညွှန်ထားတဲ့ ဒီစာမေးပွဲ တွေ အကောင်အထည်ပေါ်လာတာကို ဆရာတော်ဘုရားများကို အလွန်ကျေးဇူးတင် ကြောင်း ရှိခိုးဦးတင်ပြောကြားပါရစေဘုရား။ဒီအချိန်ထိတော့ အမေး နွားကျောင်းသား အဆင့် မို့ ဆရာတော်ကြီးဆီ မေးစရာမပေါ်နိုင်သေးပါဘုရား။"

ဒေါ်ဝင့်ရီဇော် (Level-1)

ဘဝတွင် လူကောင်းဖြစ်ရန် ဘယ်လိုနေရန်၊ ကောင်းသည့် ဘဝရောက်ရန် ဘယ်လို နေထိုင်ရန် ၊ ဓမ္မအသိတွေ တိုးတက်ရရှိပါသည်။

ဒေါ်နီနီရွှေဝင်း (Level-1)

တရားတော်များ နာယူရပါသဖြင့် အသိပညာများ တိုးပွားလာရလို့ ကျေးဇူးအထူး တင်ပါသည် အရှင်ဘုရား။

မဝါဝါဖြိုး (Level-1)

အသိပညာများစွာတိုးပွားလာပါသည်းဘာသာရေးပိုလုပ်ဖြစ်လာပါသည်။စိတ်ဖြူစင်မှုပို ထားလာနိုင်ပါသည်။

ခင်မာဆွေ (Level-1)

စိတ် အင်မတန်မှ အေးချမ်းမှုရလာပါတယ်ဘုရားလိုက်နာကျင့်သုံးရမည့်အရာတွေလည်း သိရှိနားလည်လိုက်ပါသည် ဘုရား ။

မမြင့်မြင့်မော်(Level-1)

ဆရာတော်ကြီး တရားတွေကို နာကြားခွင့်ရလို့ မှန်ကန်သော အသိဉာဏ်တွေ တိုးတက်လာပြီး ဘဝမှာ ဆုံးဖြတ်ချက်တွေ ပိုခိုင်မာလာပါတယ်။

ဒေါ်မာမာဆွေ (Level-1)

BApart1တွင် တရားအားထုတ်ရာတွင် များစွာသော အထောက်အကူများဖြစ်ပါသည်။

သံသယကင်းပါတယ်။

မဝါဝါစိုး (Level-1)

ဆရာတော်ဘုရားကြီးကိုဦးစွာရှစ်ခိုးကန်တော့ပါတယ်ဘုရား။ဆရာတော်ဘုရားကြီးတရားတော်တွေ နာယူပြီနော်။ ကိုယ်စိတ် အေးချမ်းလာပါတယ်ဘုရား.။

ဦးမျိုးမင်းနိုင် (Level-1)

အတွေး လွန်တဲ့ သူမို့ ဆရာတော်ကြီး တရားတွေကြောင့် စိတ်သက်သာရခဲ့တာပါ။ အမည် ဖြေဆိုခဲ့သည့် စာမေးပွဲအတန်းကို ရွေးချယ်ပါ။ သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်း နှင့် B.A တန်းနှင့်ပတ်သက်၍ အတွေ့အကြုံ/မှတ်ချက်/ အကြံပြုချက်များရှိပါက ပေးပို့နိုင်ပါသည်။

(၂.၂) (Level-2)စာဖြေသူများ၏ လျှောက်ထားချက်များ

မမေအိမ်သူ (Level-2)

ဆရာတော် အရှင်ဘုရား.... တပည့်တော်မ ရေးသားလျှောက်ထားသော အကြောင်း အရာများတွင် အမှားများ တစုံတရာပါရှိခဲ့ပါက ရှိသေစွာ တောင်းပန် ဝန်ချ ကန်တော့ပါတယ်ဘုရား။ တပည့်တော်မ သည် အရှင်ဘုရားအားရိုသေစွာ လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရိုသေစွာ ကန်တော့ပါသည် ဘုရား။ တပည့်တော်မသည် ယခုအချိန်တွင် သုတမမ္မ ဒီပလိုမာ (Level-2) ကို စတင် လေ့လာဖို့ ရာအတွက် တရားတော်များ နာယူနေပြီ ဖြစ်ပါသည် အရှင်ဘုရား။ (Level-1) ကိုလည်း ဂုဏ်ထူးဖြင့် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ပါပြီ ဘုရား။ နောက်ထပ် ရှိလာမည့် Level တိုင်းကိုလည်း ထူးချွန်စွာ ဖြေဆိုပြီး၊ တရားစာပေမှ ရရှိခဲ့သော ဗဟုသုတ၊ အသိပညာ၊ လိုက်နာကျင့်သုံးရမည့် အချက်များကို နားလည်အောင် အရင်လုပ်မည်။ နားလည်သည့်အတိုင်း ရင်ထဲ နှလုံးသားထဲ သို့ ရောက်ဖို့ရာ နှလုံးသွင်းမည်။ ပြီးလျှင် ထိုနားလည်သည့်အတိုင်း လက်တွေ့ လိုက်နာ ကျင့်သုံးပါမည်။
တပည့်တော်မတို့ကို ယခုကဲ့သို့ သုတမမ္မ အသိပညာများကို သိရှိနားလည်စေဖို့ရာအတွက် ဉာဏ်အမြော်အမြင် ကြီးစွာဖြင့် ဖန်တီးပေးခဲ့သော -ဆရာတော် ဘုရားကြီး ကို အင်မတန် မှပင် ကျေးဇူး အနန္တ တင်ရှိ ပါသည်ဘုရား။ သုတမမ္မ စာပေ များကို လေ့လာနေရင်း ရရှိ ခဲ့သည့် အသိပညာများ၊ ဗဟုသုတများသည် မည်သည့် အရာနှင့်မျှ လဲယူ၍ မရသော “ရတနာ သိုက်ကြီး” တစ်ခုအဖြစ် အမြဲတည်ရှိနေမှာပါဘုရား။ မည်သူမျှ ခိုးယူ၍ မရနိုင်သော ရတနာသိုက်တစ်ခုပင် ဖြစ်ပါသည်။ ရင်ထဲမှာ တည်ထားသော ရတနာသိုက် ပါဘုရား။ အရှင်ဘုရား၏ ဉာဏ်အမြော် အမြင် ကြီးမှုကြောင့် တပည့်တော်တို့ စာဖြေသူ အားလုံး လူတန်းစားမရွေး၊ လူပုဂ္ဂိုလ် မရွေး၊ ဘာသာမရွေး အတူတကွ တန်းတူညီမျှ/ ဘာသာညီမျှ ဖြေဆိုနေကြပါသည်။ စာမေးပွဲ ဖြစ်မြောက်ရေး ကော်မတီများ ကလည်း အဆင်ပြေ လွယ်ကူစေရန် အာရုံတစိုက် ကူညီဆောင်ရွက် ကြပါသည်။ တပည့်တော်မ သုတမမ္မ (Level-1) Gate-1 သို့ ဝင်ရောက်ပြီးချိန်တွင် ရရှိခဲ့တာ စွမ်းအားတစ်ခု ရှိပါသည်။ ထိုစွမ်းအားမှာ “ငါ အဖေမွေး၊ တုန်းကလို၊ အဖေမွေး၊ တုန်းကလို မီရိုးဖလာ ဗုဒ္ဓဘာသာ

မဟုတ်တော့ပါလား။ ငါ ကိုယ်တိုင် နားလည်နေပြီး၊ ငါ ဗုဒ္ဓဘာသာဝင် စစ်စစ် တစ်ယောက်ဖြစ်ပြီ လို့ ထင်မြင် မိသော စိတ်စွမ်းအား တစ်ခုပင် ဖြစ်ပါသည်။ ငါသည် ဗုဒ္ဓဘာသာဝင် တစ်ဦး လို့ ခေါ်ဆို အပ်ပြီ ဟု တထပ်တည်း ယုံကြည်မိ ရပါတော့သည် အရှင်ဘုရား။ တပည့်တော်မ၏ အရင်အချိန်များတွင် ရှိခဲ့ဖူးသော စိတ်အညစ် အကြေးများ ကို ယခုအချိန်တွင်ပင် "ဒါက ဘာကြောင့်ဖြစ်တာလဲ၊ ငိုစရာက တရားတွေပါလား? အသိပညာတွေကို မွေးဖွားစေတာပါလား? စိတ်ကို အေးချမ်းစေတတ်တဲ့ အရာတွေပါလား လို့ သိမြင်လာပြီး၊ ထိုစိတ်အညစ်အကြေးများကို တားဆီးနိုင်သော တရား ဆေးဝါးများ ကိုလည်း တပည့်တော်မတို့ သိရှိနားလည်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအချိန်တွင် အရာရာကို ချိန်ဆ၊ ဆင့်ချိန်ကာ မိမိ၏ ကိုယ်ပိုင်အသိဖြင့်သာ ဆုံးဖြတ်နေပြီ ဖြစ်ပါသည်။ တပည့်တော်မ ၏ ဆုံးရှုံး လွဲမှားသော အချိန်များကို နောက်ပြန် ဆုတ်လို့ ရရင် ထိုကဲ့သို့ မလွဲမှားမိဘဲ၊ ထို အခြေအနေများထက် ပိုကောင်းအောင် လုပ်ခဲ့၊ တွေးခဲ့၊ ပြောခဲ့ မိချင်ပါ သည်။ သို့သော် မပြောင်းလဲနိုင်ချေ။ နောင်လာမည့် အချိန်နှင့် ယခု လက်ရှိ ပစ္စုပ္ပန် အချိန်များတွင် ဆရာတော် ဘုရားကြီး၏ အဆုံးအမ၊ ဩဝါဒ၊ တရားတော်များ ၏ အဆုံးအမများဖြင့်သာ ကုန်ဆုံး လိုက်နာ နေထိုင်သွားပါတော့မည် အရှင်ဘုရား။

U Kyaw Myint Ko (Level-2)

ဥပုလ်အကြောင်းတွေကို ကောင်းကောင်းကြီး သိခွင့်ရခဲ့ပါသည်။ စိတ်၏အတွေးတွေ ကိုလည်း သေချာ နားလည်လာခဲ့ရပါသည်။ စာမေးပွဲလုပ်တဲ့အတွက် တရားနာရ စာကျက်ရတော့ တရားတွေက စိတ်ထဲမှာ စွဲကျန်ရစ်ခဲ့ပါသည်။

ဒေါ်ဝါဝါနှင်းလွင် (Level-2)

ဆရာတော်ဘုရားကြီး တရားများကို နာယူမှတ်သားရင်း အသိပညာများ များစွာ တိုးတက် ရပါသည်ရှင့်။ လေ့လာမှတ်သားထားသည်များ ရောထွေးနေတာမျိုးလည်း ရှိပါသည် သေသေချာချာ ထပ်မံလေ့လာပါမည်အရှင်ဘုရား။ ယခုလို စာမေးပွဲများ ရှိနေ၍လည်း လေ့လာဖြစ်ပါသည်ဘုရား။ ယခုလို ဆရာတော်ဘုရားကြီး၏ တရားများကို နာကြား

မှတ်ယူရသည့်အတွက်လည်း များစွာ ကျေနပ်ဂုဏ်ယူရပါသည် အရှင်ဘုရား။ တကယ့် အသိနှင့်သာ အောင်ချင်သည်မို့ အသန့်ရှင်းဆုံး ဖြေဆိုခဲ့ပါသည်ရှင့်။ အောင်လျှင် နောက်levelတစ်ခုကို အသစ်လေ့လာဖြေဆိုမည်ဖြစ်ပြီး မအောင်ခဲ့ရင်လည်း ယခု level ကိုပဲ ထပ်မံလေ့လာ နာယူဖြေဆိုပါမည်အရှင်ဘုရား။ ဆရာတော် ဘုရားကြီးအား ရှိသေစွာ ရှိခိုးကန်တော့ပါသည်အရှင်ဘုရား။

မဗိုးဇာခြည်အောင် (Level-2)

တပည့်တော်သည် Electronic Engineering PhD ဘွဲ့အတွက် Research လုပ်နေရင်း သုတဓမ္မဒီပလိုမာစာမေးပွဲကို ဝင်ဖြေခဲ့ခြင်းဖြစ်ပါတယ်ဘုရား။ Level1ကစပြီး လေ့လာခဲ့သမျှ တရားတော်များသည် တပည့်တော်မရဲ့ဘဝအတွက်အကျိုးပြုရုံမကဘဲ Research နယ်ပယ်အတွက် စဉ်းစားဆုံးဖြတ်တဲ့အခါမှာ အသိညာဏ်များ ပွင့်လင်း လာစေပါတယ် ဘုရား။ ယခင်က ဒီပလိုမာအတွက် တရားတော်များကို စာမေးပွဲဖြေရန်မဟုတ်ဘဲ နာခဲ့ဘူးပါသော်လည်း သိပ်မမှတ်မိပါ။ထို့နောက်စာမေးပွဲဖြေမည်ဟုဆုံးဖြတ်ကာ သေချာလေ့လာကျက်မှတ်သောအခါမှသာ ခေါင်းထဲတွင်စွဲမြဲစွာ မှတ်မိလာပြီး အသိညာဏ်များ ပွင့်လင်းလာပါတယ်ဘုရား။ ထို့ကြောင့် ဆရာတော်ဘုရား၏ စာမေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကိုလဲ နက်နက်ရှိုင်းရှိုင်း သဘောပေါက်နားလည်လာ ရပါတယ်ဘုရား။ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတော်တို့သည် အလွန်ကြီးမားလှပါသည်ဘုရား။ ဆရာတော်ဘုရား စိတ်ဆင်းရဲခြင်းကင်းပါစေ၊ ကိုယ်ဆင်းရဲခြင်းကင်းပါစေ၊ သာသနာ့ဝန်ကို ခန္ဓာဝန်ကိုကောင်းစွာ ဆောက်တည်နိုင်ပါစေဟု မေတ္တာပို့သအပ်ပါတယ် အရှင်မြတ် ဘုရား။

အရှင် လောကာနန္ဒ (Level-2)

အရင်ကဆို တန်ခိုးအလွန်ကြီးတဲ့နတ်မင်းဖြစ်ဖို့သာ ကုသိုလ်ပြုတာ နတ်မင်းဘဝနဲ့ တရားထူး ရချင်တာ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်လေ့လာပြီးတဲ့အခါ မတော်တဲ့အတွေးပဲ လို့စဉ်းစားမိတယ်။

Myo Thuzar Hlaing (Level-2)

ယခင်က ပရိတ်များကို ရွတ်ဖတ်ပူဇော်သာနေတာပါဘုရားအနက်အဓိပ္ပါယ် လုံးဝ မသိခဲ့ ရာကနေ ဆရာတော်ဘုရားကြီးကျေးဇူးဖြင့် တရားတွေသင်ယူနားကြားရင် သိခွင့်ရလာလို့ အကျိုးကျေးဇူးကြီးမြတ်လှပါတယ် ဘုရား။

ဆုဆန်းဦး (Level-2)

အလှမ်းဝေးတဲ့ တရားဓမ္မတွေကို ဆရာတော်ဘုရားကြီးကျေးဇူးကြောင့်လေ့လာခွင့်ရလို့ ရှိသေစွာရှိခိုးကန်တော့ပါတယ် အရှင်ဘုရား။ တရားဓမ္မတွေကို ပိုပြီးသိချင်လာတဲ့အတွက် ပါဠိနဲ့ အဘိဓမ္မာပြဋ္ဌာန်းစာအုပ်များနဲ့ စာမေးပွဲများ ပြုလုပ်ပေးစေလိုပါတယ် အရှင်ဘုရား။

မစန်းသန္တာဦး (Level-2)

ဆရာတော်ကြီးရဲ့တရားတော်များကို စလေ့လာစဉ်က စာမေးပွဲဖြေဆိုဖို့ ရည်ရွယ်သော်လည်း နောက်ပိုင်းမှာ တရားနာပြီးတိုင်း ဆင်ခြင်ဖြစ်ကာ လက်တွေ့ဘဝမှာ ကျင့်သုံးဖြစ်နေပါသည်။ စိတ်အမှန်တကယ် အေးချမ်းရပါတယ် အရှင်ဘုရား။

မတင်ဇာခြည်ကျော် (Level-2)

ဆရာတော်ဘုရားအား အရင်ဦးစွာကန်တော့ချင်ပါတယ်ဘုရား။ဆရာတော်ကြီး တရားတွေကို နာကြားချင်အားဖြင့် ဘဝမှာ နေတတ်ထိုင်တတ် မိရိုးဖလာ ဗုဒ္ဓဘာသာမဟုတ်ပဲ စစ်မှန်သော ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာရတယ်။ကျန်းမာရေးချို့ယွင်းနေသဖြင့် တရားတွေသာနာခဲ့ရပြီး ကြိုးစားဖြေဆိုခဲ့ပါတယ်ဘုရား အောင်ခြင်းကျခြင်းကို အဓိကမထားပဲ ကြိုးစားပူဇော်ခဲ့ရလို့ကျေနပ်ပါတယ်ဘုရား စာမေးပွဲဖြေဆိုချိန်မှာ တပည့်တော်မမျက်စိဝေဒနာကြီးမားစွာခံစားနေတာပါဘုရား။

Thinzar Soe (Level-2)

စာမေးပွဲမတိုင်ခင် ဆရာတော်ဘုရားကိုယ်တိုင်သော်ငင်း တာဝန်ရှိဆရာတော် တစ်ပါးပါးမှ စာမေးပွဲနှင့်ပတ်သတ်ပြီး သိသင့်သည်များ စိတ်ထားနဲ့ခံယူချက်များ မမှားစေရန် ဩဝါဒစကားအား Social media မှတဆင့် လွှင့်ပေးစေချင်ပါတယ်ရှင့်။ ခွန်အား ယုံကြည်မှု သဒ္ဓါတရားများတိုးပွါးစေရန် ဖြစ်ပါတယ် အရှင်ဘုရား။

မောင်ရဲရင့်ပြည့်အောင် (Level-2)

မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များသည် ဘုရားတပည့်တော်တို့၏ ဘဝ၌ လက်တွေ့အသုံးချနိုင်သည့် နေနည်းများဟု Level 1 မဖြေဆိုမီ ငယ်စဉ်အခါကတည်းက အဘွား၊ အမေ၊ အဖေတို့၏ ပြောပြချက်ကြောင့် သိရှိခဲ့ရပါသည်။ သုတမဓ္မဒီပလိုမာ Level 1 ဖြေဆိုရန် ဆရာတော်ဘုရား၏ တရားဒေသနာများကို နာယူသည့်အခါ မိမိ၏ယူဆမိထားသော အတွေးမှားများကို နားလည်လွယ်အောင်နှင့်၊ နေ့စဉ် လူနေထိုင်မှုဘဝတွင် မိမိ၏ အချိန်တို့ကို ဖြတ်သန်းရာ၌ ကောင်းမွန်စွာ အသုံးချနိုင်သည့် အတွက်ကြောင့် ကျေးဇူးတော်ကြီးမားမှုကို ဦးခိုက်ပါ၏ ဘုရား။ ဘုရားတပည့်တော်သည်

ကာယကံ၊ ဝစီကံများကို ထိန်းချုပ်နိုင်သော်လည်း မနောကံမှုကိုမူ မထိန်းချုပ်နိုင်ပါဘုရား။ level1 တွင်ပါရှိခဲ့သည့် မဟာအဿပူရသုတ် တွင်ပါခဲ့သည့် အချက်များ နီဝရဏာ တရားများကို ဖယ်ရှာနည်းဖြင့် စမ်းသပ်ကြည့်သည်မှာ အလုပ်ဖြစ်သဖြင့် အလွန် ဝမ်းမြောက်ခဲ့ပါသည်ဘုရား။ level 2 တွင်ပါရှိသည့် ဝိတက္ကသဏ္ဌာနသုတ် ရှိ စိတ်၏ အတွေးများကို ထိန်းချုပ်နည်း တို့သည် ဘုရားတပည့်တော်ကို အထူးစိတ် ကျေနပ်စေမိ သည့်အတွက် တင်ပြအပ်ပါသည်ဘုရား။ အခြားတရားတော် ရှစ်ပုဒ်မှာလည်း ဘုရား တပည့်တော်၏ အသိဉာဏ်ကို ပွင့်စေခဲ့သဖြင့် မိတ်ဆွေများကို ပြန်လည်ဝေမျှခြင်း ပြုလုပ်ပါသည်။ သုတမမ္မဒီပလိုမာ ဖြေဆိုရန်လည်း တိုက်တွန်းခဲ့ပါသည်ဘုရား။ သုတမမ္မ စာမေးပွဲသည် ဘုရားတပည့်တော်အတွက် လွန်စွာ အကျိုးရှိသည့်အတွက် ကျေးဇူးတော် ဂုဏ်ကို ဦးခိုက်ပါ၏၊ ဘုရား။

ဒေါ်ခင်နွယ်ဦး (Level-2)

"ရှေးဦးစွာ ဆရာတော်ကြီးအား ရှိခိုးကန်တော့ပါ၏၊ ဘုရား သုတမမ္မကို fb ပေါ်မှ တွေ့ရှိပြီး စိတ်ဝင်စား၍ ပညာဘူမိတက္ကသိုလ် page ထဲကို ဝင်ရောက်လေ့လာရင်း 2025 Nov မှာ Level 1 ကို ဖြေဆိုခဲ့ပါတယ် ဖြေတဲ့အချိန်မှာ အားမရခဲ့ပါဘူး အောင်စာရင်း ထွက်တဲ့နေ့မှာ အောင်မြင်ခဲ့လို့ အတိုင်းမသိ ဝမ်းသာခဲ့ပါတယ်။အခုလဲ Level 2 ကို ဆက်လက် ပူဇော် ထားပါတယ် အခက်အခဲ မအားတဲ့ကြားကနေ အလုပ်လုပ်ရင်းတရားနာပြီး ပူဇော်ခဲ့ပါတယ် ဘုရား။ အမှန်တကယ်တော့ တပည့်တော်တို့သည် မိရိုးဖလာဗုဒ္ဓဘာသာများသာ ဖြစ်နေခဲ့ရပါတယ် ဘုရား အခုလို ဖြေဖို့ လေ့လာရင်း တရားအသိ ဓမ္မ အသိတွေ အများကြီး တိုးပွားလာပါတယ် ဘုရား။ စာမေးပွဲ အောင်ခြင်း မအောင်ခြင်းထက် ဆရာတော်ကြီး၏ ရည်ရွယ်ချက်နဲ့အတူ ရင်ထဲမှာ ဘုရားတည်နိုင်အောင် ကြိုးစားနေပါသည် ဘုရား။ မိမိ နဲ့အတူ သားသမီးတွေကိုပါ တရားအသိတွေ ရှိလာစေဖို့ တွဲခေါ်ခဲ့ပါသည်ဘုရား။ အခု စာမေးပွဲမှာ သားသား G7 က Level 1 ကိုဝင်ရောက်ဖြေဆိုထားပါတယ် ဘုရား။ အခုလို အခြေအနေမျိုးမှာ ကိုယ်ချင်းစာတရား အရှက်အကြောက်တွေ ကင်းမဲ့နေတဲ့အချိန်

ဖြစ်နေတယ် ကိုယ့်သားသမီးတွေကိုရော လူငယ်တွေကိုပါ လမ်းမှားတွေ မသိမသာ ရောက်မသွားစေချင်ဘူး ဘုရား။အဲဒါကြောင့် ကိုယ်တိုင် အရင်လေ့လာဖြေဆိုပြီး သူတို့တွေလဲ ဖြေနိုင်တယ်ဆိုတာသိရလို့ ရအောင်ဆွဲခေါ်ပေးခဲ့ပါတယ် ဘုရား။ ဆရာတော်ကြီး ကို ရင်ထဲကနေ ကျေးဇူးအများကြီးတင်နေသလို ဆက်လက်ပြီးလဲ ရင်ထဲနှလုံးသားထဲထိ ရောက်အောင် ပူဇော်ဖြေဆိုသွားပါ့မယ်ဘုရား။ဆရာတော်ကြီး သက်တော်ရာကျော်ရှည်ပြီး သာသနာ့ဝန်ကို ခန္ဓာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ ဘုရား။

ဦးဇာနည်လှိုင် (Level-2)

ဓမ္မအသိများ သိသိသာသာ တိုးပွားလာပါသည်။ ယခင်က မသိ မတွေးတတ်သော အရာများကို နားလည်လာရပါသည်။ နှစ်သက်သည့် အချက်များမှာ အမှန်တရားလို့ ဆုံးဖြတ်ခြင်း၊ မသေချာသော အခြေနေတွင် မည်သို့ပြုရမည်၊ စီးပွားဥစ္စာရှာဖွေရာမှာ ပြည့်စုံရမည့်အရာများ၊ အရိယာတို့ စောင့်သော ဥပုလ်အကြောင်း၊ အတွေးများကို ထိန်းချုပ်နည်း စတာတွေပါ။ အကုန်လုံး မှတ်သားလိုက်နာကျင့်ကြံသင့် သော်လည်း မိမိပို၍ နှစ်သက်မိသော တရားများပါ။ လက်တွေ့လုပ်ဖြစ်တာတော့ ဒီနှစ်မှာ ခုကတည်းက ပဋိဇာဂရဥပုလ် စောင့်နေပါပြီ။ ကိုယ့်သီလကို ကြည်နူးမိပါတယ်။

ဒေါ်ရီရီမွန် (Level-2)

"တပည့်တော် ဆရာတော်ကြီးရဲ့ ဉာဏ်ကို ကြည်ညိုလေးစားမိပါတယ်ဘုရား။ တရားတပုဒ် ချင်းစီကနေ ဝိပဿနာလမ်းကြောင်းကို ရောက်အောင် သူ့နေရာနဲ့သူ လိုအပ်တဲ့ ဥပမာလေးတွေကိုလည်း သုတ်တွေနဲ့ ချိတ်ဆက်ပြီး အချက်အဆက်မိမိနဲ့ နိဗ္ဗာန် ရောက်တဲ့လမ်းဆီ ဦးတည်အောင် ညွှန်ပြနိုင်ပါတယ်ဘုရား။ တပည့်တော်လည်း တရားတော်တွေကို အချိတ်အဆက်မိမိနဲ့ စဉ်းစားဉာဏ်ရှိပြီး ဉာဏ်ပွင့်သူ ဖြစ်ချင်ပါတယ် ဘုရား။ "

မစုမြတ်မူ (Level-2)

ဆရာတော်ကြီး၏တရားများကို လေ့လာမှတ်သားနာယူရတာ အကျိုးများစွာရှိပါသည်။ ဆရာတော်ကြီး၏ ကျေးဇူးမှာကြီးမားလှပါသည် တပည့်တော်ကိုယ်တိုင်ဖြေဆိုပူဇော်ရံသာမက တပည့်တော့်၏ မိခင်နဲ့ အစ်မလည်း မဖြေပေမယ့် တရားများနာယူမှတ်သားပြီး တရားဓမ္မများ ရရှိပါသည် ဆရာတော်ဘုရား ကျန်းမာပါစေ။

မချမ်းအေးစံ (Level-2)

ယခု level 2 တွင်သင်ရသော စိတ်၏အတွေးများကို သင်ကြားပြီး နေ့စဉ်ဘဝ အလုပ်ခွင်မှာ ကြုံတွေ့ရတဲ့ ဒေါသ အတွေးကို ဖယ်ရှားလာနိုင်ပါသည်။ level 1 တုန်းက ဒေါသ၏ ဆိုးကျိုးများကို လေ့လာခဲ့ရပြီး ယခု ဒေါသကိုဘယ်လိုဖယ်ရှားရမည်ကို ထပ်ပြီးလေ့လာခွင့်ရသောကြောင့် တပည့်တော်တို့အတွက်အလွန် အကျိုးကျေးဇူးများလှပါတယ်ဘုရား။ ဥပုလ်စောင့်ခြင်းကိုလဲ သေသေချာချာ သင်ကြားရသောကြောင့် မသိသေးသည်များကို သိရှိရသောကြောင့် ဥပုလ်စောင့်ခြင်း အဓိပ္ပါယ်များ အကျိုးကျေးဇူးများကို သိခွင့်ရပါသည်။ ယခင်ထက်ပိုပြီး ဥပုလ်စောင့်သုံးလျှင် သေသေချာချာစောင့်နိုင်လာပါသည်။ အလုပ် သွားခါနီး မိတိကပ်ပေါင်ဒါများ လိမ်းနေရင်းတောင် မိမိသည် မတင့်တယ်ခြင်းများကို ပြင်ဆင်နေပြီး လောဘဖြစ်စေသည်ဟု တွေးမိပါသည်ဘုရား။ နောက်ထပ်လဲ ကြိုးစားလေ့လာပြီး လိုက်နာနိုင်အောင်ကြိုးစားသွားပါမည် ဘုရား။ တပည့်တော်၏ညစ်နွမ်းနေသောစိတ်ကို ကြိုးစားပြီး ပြုပြင်သွားပါမည်ဘုရား။

ဖြိုးမင်းဟိန်း (Level-2)

သုတဓမ္မဒီပလိုမာ Level 1,2 ဖြေပြီးပါပြီ။ တရားဓမ္မအနှစ်သာရတွေ သိခဲ့ရပြီး တကယ်လဲ လက်တွေ့ကျင့်သုံးနေထိုင်ပြီး နေ့စဉ်ကောင်းမှုပြုကာ အရာရာကို ပြောင်းလဲနိုင်ခဲ့ပြီ။ ရလာသော တရားတန်ဖိုးတွေကို ကမ္ဘာပေါ်က ဘယ်အရာနဲ့မှ မနှိုင်းယှဉ်နိုင်ဘူး။ ဆရာတော်ဘုရားကို ပူဇော်ခွင့်ရလိုသော စွမ်းအားကြီးမားတာကြောင့် ဤစာမေးပွဲ ကိုဖြေဆိုခဲ့ပါတယ်။ ဆရာတော်ဘုရား အသက်ရာကျော်ရှည်ပါစေ။

U Aung Kyaw Moe (Level-2)

လက်ရှိ နာကြားခဲ့ရသော တရား ၁၀ပုဒ် (Level 1= ၅ ပုဒ် + Level 2= ၅ ပုဒ်) ကို သေသေချာချာ နာကြားရသည့် အတွက် တရားဓမ္မ အသိများ ကျင့်သုံးလိုက်နာ ရသည်များ ရှောင်ကျဉ်ရသည်များကို သိရှိခွင့်ရသည့်အတွက် ကြည်နူးပီတိ ဖြစ်ရပါတယ်။ ဆရာတော် ချီးမြှင့် မယ့်အမြင့်ဆုံး ဘွဲ့ အတန်းထိ ကြိုးစားဖြေဆိုသွားပါမယ် ဘုရား။

ဒေါ်သည်းရည်ဦး (Level-2)

မသိတာတွေကိုသိခွင့်ရလာခဲ့တဲ့ သုတမယညာဏ်၊ သိရှိလာတဲ့အသိတွေကို လက်တွေ့ ကျင့်သုံးဖြစ်အောင် ဆုံးမပေးခဲ့တဲ့ ဘာဝနာမယညာဏ်၊ မျက်စိနှစ်လုံးကို ပြည့်စုံအောင် ဖွင့်ပြီး မှန်ကန်စွာရှင်သန် အသုံးချတတ်စေခဲ့တဲ့ တန်ဖိုးရှိလှတဲ့ အဖိုးမဖြတ်နိုင်တဲ့ အသိပညာ သုတဓမ္မတွေ အားလုံးအားလုံးအတွက် ကျေးဇူးတော် အာနန္ဒကို ရိုသေ မြတ်နိုး ရှိခိုးဦးခိုက်ပါတယ်။ ဆရာတော်ကြီးဘုရား။ တပည့်တော်ဟာ (၂၈.၆.၂၆)မှာ Level2ဖြေဆိုထားပြီးဆက်လက်၍လည်း မြတ်ဗုဒ္ဓ၏ တရားဓမ္မတွေကို ဆရာတော် ဘုရားကြီး၏ ထပ်ဆင့် လမ်းပြမှုတွေအတိုင်း လေ့လာကျက်မှတ် ဖြေဆိုကျင့်ကြံ နေထိုင်သွားပါမည် အရှင်ဘုရား။ ပတ်ဝန်းကျင်က သူတွေကိုလည်း ဓမ္မအသိတွေကို လာ မြည်းစမ်းဖို့ရာ တိုက်တွန်းအားပေးပါမည်ဘုရား။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်မှ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ဦး အဖြစ် ဘုရားတပည့်တော် တဖြည်းဖြည်း ပြောင်းလဲ၍ ငြိမ်းအေးလာပြီး လွတ်မြောက်ရာ လမ်းကြောင်းပေါ်ကို ရောက်အောင် ဆက်လက်အားထုတ်ပါမယ်လို့လည်း ဆုံးဖြတ်ထားပါတယ်အရှင်ဘုရား။ အခုဆိုဘဝဟာ ပိုပိုပြီး ရှင်သန်ရတာ အဓိပ္ပါယ်ရှိလာပါတယ်။ တွယ်တာမှုထက် ဉာဏ်ပညာနဲ့ ရှင်သန်ရခြင်းကို ဆိုလိုပါတယ်ဘုရား... ကျေးဇူးတော်ရှင်ဆရာတော် ဘုရားကြီးကို တပည့်တော် အပြင်မှာခြေအစုံကို ဦးခိုက်ဖူးမြော်ခွင့်ရအောင် စာတွေကြိုးစားနေပါတယ်ဘုရား...

ဆရာတော်ဘုရားကျန်းကျန်းမာမာနဲ့သက်တော်ရာကျော်ရှည်ပြီးစိတ်သွားတိုင်းကိုယ်ပါလို
ရာဆန္ဒတွေပြည့်ဝပါစေကြောင်း...မြိတ်မြို့မှသုတမမွေကျောင်းသူတစ်ဦးဖြစ်သည့်တပည့်
တော်သည်းရည်ဦးမှဆုတောင်းမေတ္တာပို့သအပ်ပါတယ်ဘုရား."

ဒေါ်ရွှေဇင်ထွန်း (Level-2)

ဆရာတော်ဘုရား၏ တရားတော်များကို ပူဇော်ခွင့်ရလို့ ဝမ်းသာရပါသည်ဘုရား၊
တပည့်တော်၏ စိတ်အညစ်အကြေးတွေကို ဖြေရှင်းဖို့နည်းများရရှိပါသည်၊ တပည့်တော်
သည် ဒေါသကြီးသူဖြစ်နေပါသည်၊ ထိုဒေါသကိုဆရာတော်ဘုရား၏ စိတ်နှင့် အတွေးများမှ
ပါသောထိန်းချုပ်နည်း(၅) နည်းဖြင့်ထိန်း၍ရနိုင်ကောင်းသိရလို့ ဝမ်းမြောက်ရပါသည်၊
တပည့်တော်အမှန်လည်းကြိုးစားပါသည်အရှင်ဘုရား။ တပည့်တော်၏ ဆရာတော်ဘုရား
အားအလွန်လည်း ကြည်ညိုပါသည် ကျေးဇူးလည်းအထူးတင်ရပါသည် အရှင်ဘုရား
ဆရာတော်ဘုရားအား တပည့်တော်တစ်ခု တောင်းဆိုလျောက်ထားအပ်ပါသည်
အရှင်ဘုရား၊ တပည့်တော်၏ပတ်ဝန်းကျင်မှ အဘိဓမ္မာသင်တန်းတက်ကြသည်သူများမှာ
အများဆုံးသည့် အဘိဓမ္မာစာမေးပွဲဖြေပြီလျှင်သော်လည်းကောင်း၊ သုတမမွစာမေးပွဲ
ဖြေပြီးလျှင် သော်လည်းကောင်း သူတို့တအားပင်ပန်းသွားပြီပေါ့ စာမေးပွဲပြီးလျှင်
ခရီးထွက်ဖို့သီချင်းသွားဆိုဖို့လုပ်ကြပါသည်ဘုရား၊ထိုသို့ပြုလုပ်သည်ကိုတပည့်တော်အနေ
နှင့်မှားသည်ဟု ယူဆမိပါသည်ဘုရား၊ တရားအလုပ်သည်ပင်ပန်းသည့်အလုပ်မဟုတ်ပါ၊
ဘဝကိုငရဲမကျအောင်ဒုက္ခအပေါင်းမှလွတ်အောင်၊နိဗ္ဗာန်ရောက်အောင်မနေမနားကြိုးစား
ရမည့်အလုပ်ဟုတပည့်တော်စိတ်မှာဆွဲပြီးပြုလုပ်ပါသည်၊သူတို့သည်ငါးပါးသီလကိုအသေး
စိတ်မသိပါဘုရား၊အထူးသဖြင့် ကာမေသုမိစ္ဆာစာရကံကို ရယ်သလိုမောသလို ကျူးလွန်
နေကြပါသည်အရှင်ဘုရား၊ထိုကံ၏အသေးစိတ်အပြစ်ကြီးပုံကိုအထူးဟောပြောပို့ချပေးပါ
ရန်တောင်းဆို လျောက်ထားအပ်ပါသည် အရှင်ဘုရားဆရာတော်ဘုရားကြီးအား

ဦးချကန်တော့လျက်ပါဘုရား၊ တပည့်တော်မအားအမှားပါလျှင် ခွင့်လွှတ်တော်မူပါ အရှင်ဘုရား။

ဒေါ်မိုးမိုးမြင့် (Level-2)

ဓမ္မအသိဖြင်းအကျိုးရှိရှိနေမည် တရားတော်တွင် ယောနိသောမသိကာရ မထားတက်လျှင် ကုသိုလ်လုပ်နေ တောင်မှ ကုသိုလ်မရဘဲဖြစ်တက်သည် ဆိုတဲ့ချက်က တပည်တော်တို့ အတွက် အထူးမှတ်သားစရာပါ စိတ်ကမကောင်းတဲ့ ရောက်သွားတဲ့အခါ မှတ်သား ထားတဲ့တရားတွေနဲ့အတက်နိုင်ဆုံးဆင်ခြင်နိုင်အောင်ကြိုးစားနေပါတယ် ဘုရားစိတ်၏ အတွေးများမမှားဖို့က အမှန်လုပ်ဖို့ထက်ပိုအရေးကြီး ဆိုတဲ့အချက်က လူငယ်တွေ အတွက်အရေးကြီးပါသည်။ အပေါင်း အသင်းကိုရွေးချယ်မပေါင်းသင်နိုင်ပါက ဘဝပျက်တဲ့ အထိဖြစ်နိုင်သောကြောင့် မိတ်ဆွေအပေါင်းအသင်း ရွေချယ်ပေါင်းသင်တက် လာပါတယ် ဘုရား။ ဥပုလ်စောင့်ခြင်းအဓိပ္ပယ် တပည်တော်တို့ အညာဒေသတော ဘက်မှာဆို ဥပုလ်စောင့်ပြီးနေ့ခင်းဘက်ဆို အိပ် ညနေဘက်မှ ပရိတ်ရွတ်အသင်း ပရိတ်ရွတ် အခုက ဥပုလ်စောင့်တဲ့အချိန် ကျင့်သုံးလိုက်နာရမည့်အချက် ကိုနည်းစနစ်ကျကျ သိလိုက်ရတဲ့ အတွက် ကျေးဇူးကြီးမားလှပါတယ်ဘုရား ခန္ဓသုတ် အနှစ်ချုပ် ခန္ဓသုတ် ပရိတ်တော် စွမ်းရည်သတ္တိနဲ့ မြန်မာပြန်ကို သိရှိနားလည်တဲ့အတွက် ရွတ်ဖတ်ပူဇော်တဲ့အခါပိုပြီး ကျေနပ်မိပါတယ်ဘုရားလူတိုင်းကျင့်ရန်သတိပဋ္ဌာန်၊ သတိပဋ္ဌာန်တရားကို နေ့စဉ်နာရီဝက် လောက် ထိုင်နိုင်အောင် ကြိုးစားနေပါတယ် ဘုရား။

နိုင်သဥာစိုး (Level-2)

ဆရာတော်ဘုရားကြီးအား ဦးတင်ပါတယ်ဘုရား တရားတော်များ နာယူရင်း ကျက်မှတ် ရင်း အသိပညာတွေ ဘဝနေနည်းတွေကို မှန်စွာသိမြင်လာရပါတယ်။ နေ့စဉ် လေ့လာဖတ် မှတ်ရင်း မိမိရော မိမိ မိသားစုရော ဓမ္မအလင်းတွေ ရလာခဲ့ရပါတယ်။ စာမေးပွဲဖြေရင်း

ပီတများနှင့် သုခချမ်းသာရခဲ့ပါတယ် ။ပညာဘူမိတက္ကသိုလ်ကြီး အခွန်ရှည်တည်ပါစေ ဘုရား။ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့လင်းပါစေ ။

ဒေါ်မျိုးသော်ဇင် (Level-2)

တိုးတက်လာသည့် အသိဉာဏ်လေးတခုရှိပါသည် ဘုရား။ခမ္မအသိနဲ့အကျိုးရှိရှိနေမည် တရားကို ထပ်ခါထပ်ခါ နာယူပြီးနောက် မနက်အိပ်ယာထချိန် ဘုရားရှိခိုးပြီးမှ မနက်စာစားဖြစ်သွားတာပါ ဆရာတော်ဘုရားကြီး ပေးတဲ့ ခမ္မအသိက တပည့်တော် အတွက်တန်ဖိုးအရမ်းရှိပါတယ် ဘုရားဥပုလ်စောင့်တဲ့အချိန်မှာလဲ အရင်ကလို မဟုတ်တော့ပဲ စည်းစနစ်တကျ စောင့်ဖြစ်လာပါတယ် ဘုရား။ စိတ်အတွေးတွေကိုလဲ သေချာခွဲခြားသိမြင်နားလည်လာပါတယ် တပည့်တော်က ဒေါသထွက်ရင်မထိန်းနိုင်ပါဘူး စိတ်အတွေးတွေအကြောင်းသိနားလည်ပြီးနောက် ဒေါသထွက်လာရင် ဘာကို ဒေါသထွက်တာလဲဆို သေချာခွဲခြားသိရှိနားလည်လာပြီး အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်ဖို့ ကြိုးစားပါ့မယ် သတိပဋ္ဌာန်ကိုလဲ နေ့တိုင်းတရားထိုင်ဖြစ်အောင်ကြိုးစားပါတယ် ထိုင်လဲထိုင်ပါတယ် ခန္ဓသုတ်ကိုလဲ အရင်က ပုံမှန်ပဲရွတ်ပါတယ် level(2) တရားတော်တွေကို နေ့တိုင်းနာယူပြီးနောက်တော့ ခန္ဓာသုတ်က လူတိုင်းအတွက် သိပ်တန်ဖိုးရှိတဲ့ တရားမှန်းသိရှိနားလည်လာရတာမို့ ဒီတရားတော်တွေကို ဟောကြားပေးခဲ့တဲ့ ဆရာတော်ဘုရားကြီး ဂုဏ်ကျေးဇူးတော်ကို သိရှိနားလည်ပြီး နောက်ထပ် အများကြီးကြိုးစားပြီး နာယူလေ့လာပါ့မည် စာမေးပွဲများကိုလဲဆက်လက်ဖြေဆိုကာ တရားတော်များကို ပူဇော်ပါ့မည်။

ကျော်ဇင်ထွန်း (Level-2)

သုတခမ္မ level2 ၌လေ့လာကျက်မှတ်ရသော တရား၅ပုဒ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေခြင်း ၁..လောက၌လူရယ်လို့ ဖြစ်လာသောအခါ စီးပွားလဲရှာ တရားလဲရှာ ရမည် ဖြစ်ပါသည်...ဒုတိယ တရားအနေနှင့် မကောင်းသောအတွေးအကြံများ အယူအဆ

အမှားများ မဖြစ်ပေါ်စေရန်နှင့် မိမိတို့အနေနဲ့ ရိုင်းစိုင်း ကြမ်းတမ်း ခက်ထန်နေသော စိတ်ရိုင်းများကိုယဉ်ကျေးအောင်ပြုပြင်ရမည်ဟု သုံးသပ်မိပါသည်..တတိယ တရားတစ်ပုဒ် အနေနှင့် ဥပုလ်ဆိုသည်မှာ ဘယ်လိုဖြစ်သည်။ ကိုယ်ကျင့်တရားတွေကို ဘယ်လို စနစ်တကျ လိုက်နာထိန်းသိမ်းစောင့်ရှောက်ရမည်..ကိုယ်ထိန်းသိမ်းစောင့်ရှောက်သော ကိုယ်ကျင့်တရားနှင့်အတူ ဗုဒ္ဓါနုဿတိစသော ဘာဝနာများကိုလဲ ညွှန်ပြသည်ဟု မြင်မိပါသည်။ စတုတ္ထ ခန္ဓသုတ်အနေနှင့် အဆိပ်ရှိသော မြွေအစရှိသော သတ္တဝါတို့ရဲ့ ဘေးတို့မှ လည်းကောင်း..မိမိတို့ရဲ့အတွင်းသန္တာန်မှာကိန်းဝပ်နေသော လောဘအစရှိသော မကောင်းသော တရားတို့ကိုလည်းကောင်း ပယ်ဖျောက်စေရန် ရည်ရွယ်သည်ဟု မြင်မိပါသည်။

ဦးအောင်ဖြိုးမြင့် (Level-2)

မနေ့က Level-2 စာမေးပွဲအား ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့ပြီး Level-3 သို့ တက်လှမ်းနိုင်ဖို့ မိမိကိုယ်ကို ခိုင်မာစွာ ယုံကြည်သည့်အလျှောက် ယနေ့မှစ၍ Level-3 တရားတော်များ စတင်ပူဇော်ခဲ့ရာတရားအမှတ်စဉ်(၂)ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက် တရားတော်မှ "ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိက" တို့၏ အမေး/ အဖြေကို နာယူမှတ်သားရာမှ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက် အစစ်အမှန်ဟာ မသိသေးတာတွေသိဖို့, အမှန်တရားတွေကိုသိဖို့ ဘာသာတရားလိုက်နာခြင်းသာဖြစ်တယ် ကံတရားတွေကို အပြောင်းအလဲလုပ်ဖို့ ဘာသာတရားကိုလိုက်နာတာ မဟုတ်ဘူး ဆိုသည့် တန်ဖိုးရှိသည့် အသိဉာဏ် တစ်ခုရရှိခဲ့ပါသည် ဘုရား။

ဒေါ်မေဝင်းမော်(Level-2)

"ဆရာတော်ကြီးဘုရား ရှေးဦးစွာမနောကံဖြင့် ရည်မှန်းပူဇော်ကန်တော့ပါအပ်ပါသည် ဘုရား" တပည့်တော်တော်သည် အမြင်အာရုံအားနည်းသော်လည်းL2တရားတော်များကို ကြိုးစားကျက်မှတ်ဖြေဆိုခဲ့ပါသည်။ ဘုရား၊ ရှေးဦးစွာတစ်နှစ်ထက် တစ်နှစ်မေးခွန်း

မထပ်အောင်သွယ် ဝက်ဝုတိ လက်ာမြောက် မေးတတ်သော ဆရာတော်ကြီးများ၏ ပညာစွမ်းအားချီးမွမ်းပူဇော်အပ်ပါသည်ဘုရား။တပည့်တော်မသည် L2မေးခွန်းများကိုကိုယ်နားလည်သလောက်၊ ကျက်မှတ်ထားသည့် ဥဏှ်အသိများဖြင့် ဖြေဆိုပူဇော်ခဲ့ရာမှားယွင်းဖြေဆိုမှုများ၊ ရှိခဲ့ပါသည်ဘုရားအဘယ်ကြောင့်ဆိုသော် မိမိ၏ပါဠိမကျည်က်မှု၊ ဖြလဆိုသော ကာလသည်အချိန် အများကြီးဟုယူဆပြီးပေါ့ဆသော ဝီရိယဖြင့် ရေးကျက်မှုအားနည်းခဲ့သိအတွက် မေးခွန်းကိုသေချာဖတ်ပြီး စဉ်းစားရမည်ကို အချိန်မလောက်မှာ စိုးသဖြင့်မဖတ်ခဲ့မိခြင်း၊ စာအမြန်ရေးသောကြောင့် လက်ရေးလက်သားညံ့ဖျင်းနေခြင်းစသော နောင်တများရခဲ့မိပါသည်ဘုရား။ တစ်ချိန်တည်းမှာလည်း ဒီအမြင်အာရုံနဲ့ရှေ့ဆက်နိုင်ပါဦးမလားဟုလည်း အားငယ်စိတ်များဝင်မိပါသည် ဘုရား။ သို့သော် အားသာချက်မှာ တရားစာပေများဖတ်ရှုခြင်း၊ ဆရာတော်ဘုရားကြီး၏ တရားတော်များနာယူရသည့်အချိန်မှစ၍ စိတ်နှလုံးအေးချမ်းမှုများ ရရှိလာခဲ့ပါသည်ဘုရား၊ L1မှBA3ထိစာများ၊တရားများ လေ့လာနာကြားပြီး နောက်အဆုံးသတ်ဟာ နိဗ္ဗာန်သို့ဦးတည်ကြောင်း၊ ဝိပဿနာလမ်းကြောင်းတစ်ခုတည်းသာဘဝဆက်ပြတ်နိုင်သည်ဆိုသောအသိဉာဏ်ကိုရခဲ့ပါပြီဘုရား။ ထို့ကြောင့်တပည်ဘတော်မသည် ဒီဘဝတွင်သောတပန်အဆင့်လောက်တော့ရောက်ချင်ပါသည်၊ နောင်တမလွန်ဘဝတိုင်းတွင် ဆရာတော်ဘုရားတို့ကဲ့သို့ မြင့်မြတ်သော ရဟန်းဘဝဖြင့် ရဟန္တာဖြစ်သည်အထိကျင့်ကြံအားထုတ် နိုင်ရပါလို၏ဟု ဆုတောင်းပါသည် ဘုရား။ ဆရာတော်ဘုရားကြီးနှင့်တကွ အဖြေလွှာစစ်သော၊ မစစ်သော ဆရာတော်ကြီးများအား စိတ်မှရည်မှန်းဦးတင်ပါသည်၊ မေတ္တာပို့သအပ်ပါသည်ဘုရား။"

ဒေါ်သီသီမာ (Level-2)

Level 2 ဖြေဆိုခဲ့ပြီးသည့်နောက် နေ့စဉ်လူ့ဘဝတအသိနဲ့ အကျိုးရှိရှိ ဘယ်လိုနေထိုင်ရမလဲ မကောင်းတဲ့အတွေးများထိန်းချုပ်ပြီး ကောင်းသောအတွေးများ အားကောင်းလာစေရန် ပြုလုပ်ပြီး အတွေးဆိုးများဖယ်ရှားရန် နည်းစနစ်များကို သိရှိခဲ့ရသည့်အတွက်များစွာ အကျိုးကျေးဇူးများလှပါသည်ဘုရား။ တလျှောက်လုံး ဂေါပါလဥပုလ်နဲ့ ဖြတ်သန်း

လာခဲ့သဖြင့် တရားနာပြီးသည့်အခါကျ ရုက်မိပါသည်ဘုရား ဥပုလ်သည် တယောက်ထား ရမည့် စိတ်ထား ရည်ရွယ်ချက်နဲ့ နေထိုင်နည်းများကိုလည်းသိရှိခဲ့သည့်အတွက် ဝမ်းသာ ပီတိ ဂုဏ်ယူမဆုံး ဖြစ်ရပါသည်ဘုရား။ အခုဆို တရားနာရခြင်း တရားစာများ ဖတ်ရှု ရခြင်း စာမေးပွဲဖြေဆိုရခြင်းကြောင့် ရင်ထဲမာ အားတစ်ခုအဖြစ်ရှိနေခဲ့ပြီး တော်ရုံ လောကဓံကို မမှုတော့ပါဘူးဘုရား ပိုက်ဆံအပြည့်နဲ့ ကုန်တိုက်ဝင်တဲ့ လူတယောက်လို ဘာပစ္စည်းဝယ်ချင်ဝယ်ချင်ငါ့မှာ ငွေကြေး အလုံအလောက် ရှိတယ်ဆိုတဲ့ ယုံကြည်မှု မျိုးရ နေပါပြီဘုရား ကုသိုလ်တွေ အလုံအလောက်ရှိနေပြီဆိုတဲ့ ယုံကြည်ချက်တွေနဲ့ ဘာမဆိုကြောက်စိတ် တော်ရုံမဝင်တော့ပါဘူးဘုရား။ ငါ့မှာအားကိုးစရာ ကုသိုလ်တွေ ရှိနေပြီဆိုတဲ့စိတ်မျိုးပါဘုရား။ တပည့်တော်မ၏ အသိဉာဏ်ကို ပွင့်လင်းစေခဲ့သော ဆရာတော် ဘုရားကြီး၏ ကျေးဇူး လွန်စွာကြီးမားလှပါသည်ဘုရား။ ဉာဏ် အမျှော်အမြင် လွန်စွာကြီးမားသော ဆရာတော်ဘုရားကြီး ကျန်းမာချမ်းသာဘေးရန်ကွာပြီးခန္ဓာဝန် သာသနာ့ဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပါစေ အသက်ရာကျော်ရှည်ပါစေဘုရား။

Daw Ywe Ywe Tun (Level-2)

ဘဝတွင် နေနည်းထိုင်နည်းများနှင့် တရားအသိများတိုးပွါးလာရသဖြင့် ဆရာတော် ဘုရားကြီး နှင့် ပညာဘူမိတက္ကသိုလ်မှ ဆရာတော်များ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ကြည်နူးဝမ်းမြောက်စွာ ရိုသေစွာ ရှိခိုးအပ်ပါသည်ဘုရား။ ဖြေဆိုခွင့်ရသည့်အတွက်လည်း အလွန်ဝမ်းမြောက်ရပါသည်။ တပည့်တော် တက်စွမ်းသ၍ ဆက်လက်ကြိုးစား ဖြေဆို ပူဇော် သွားပါမည်ဘုရား။

မစောမြတ်မွန် (Level-2)

အရှင်ဘုရား တပည့်တော်မသည် ဗုဒ္ဓဘာသာပေမဲ့လို့ ဥပုလ်စောင့်တာရဲ့ အဓိပ္ပါယ်ကို မသိခဲ့ရိုး အမှန်ပါဘုရား။ ပြီးတော့ တရားနာရတယ် ဆိုတာဟာ တရားပွဲ ရှိလို့

ဆရာတော်တွေ ကြွပြီး ဟောတဲ့ အခါမှသာ နာရတယ်လို့ပဲထင်ထားခဲ့တာပါ တပည့်တော် အသက် ယခု (၃၄)နှစ်ရှိပါပြီ။တပည့်တော်မရဲ့ ဘဝမှာ ငါးပါးသီလ လုံအောင်တော့ အမြဲ တတ်နိုင်သလောက် စောင့်ထိန်းခဲ့ပါတယ်။ဒါပေမဲ့ အပေါင်းအသင်းကောင်းများနဲ့ စတင် ပတ်သက်မိပြီးတဲ့ အခါမှာ ဆရာတော်ကြီးရဲ့ စာမေးပွဲတွေ ရှိမှန်း သိခဲ့ပြီး စတင်လေ့လာ ခဲ့ရာမှ အခု Level 2 ကို ရောက်ခဲ့ပါပြီ။တစ်ခါတစ်လေ အသိနောက်ကျ လေခြင်းလို့ နောင်တ ရမိတဲ့ အခါလည်း ရှိသလို သိခွင့်ရလို့ သိရတဲ့ အချိန်ဟာလည်း အကောင်းဆုံးလို့ တွေးပြီး ပီတိဖြစ်မိတာလည်း ရှိပါတယ် ဘုရား။ အခု Level 2 မှာ ပါတဲ့ ဥပုလ်စောင့်ခြင်း အဓိပ္ပါယ်ဆိုတဲ့ တရားလေး ဖတ်ပြီးတဲ့ အခါမှ အင်မတန် အကျိုးရှိပြီး ကောင်းစွာ သိရှိနားလည်ခဲ့ရပါတယ်။တရားဆိုတာလည်း အခွင့်ရှိတိုင်း နာရမယ် ဆိုတာ နားလည် သဘောပေါက်လာခဲ့ပါတယ်။ကျန်တဲ့ တရားတွေကလည်း အနှစ်တွေ ဆိုပေမဲ့ တပည့်တော်မ အဖို့ ဥပုလ် ဘာကြောင့် စောင့်ရတယ် ဘယ်လိုသဘောထားပြီး စောင့်ရ တယ်ဆိုတာ သိရတဲ့ အတွက် ဒီတစ်ပုဒ်နဲ့တင် တော်တော်ကို အားရကျေနပ်မိပါတယ် ဘုရား ။ ဒီအတွက်လည်း ဒီစာမေးပွဲကို ဖြေဖြစ်အောင် လက်တွဲ ခေါ်ခဲ့တဲ့ သူငယ်ချင်း မိတ်ဆွေများနဲ့ ဒီလို အသိဉာဏ်တိုးပွါးအောင် တရားတွေနာပြီး စာမေးပွဲ ဖြေဖြစ်အောင် စီစဉ်ပေးတဲ့ဆရာတော်ကြီးရဲ့ မေတ္တာစေတနာတွေကို သိရှိနားလည် ခံစားရပြီး ကျေးဇူးတင်မိပါတယ် ဘုရား။ ထပ်ပြီးတော့လည်း နိုင်သလောက် ဆက်လေ့လာ ပူဇော် သွားပါ့မယ် ဘုရား ။

မစောမြတ်မွန် (Level-2)

အရှင်ဘုရား တပည့်တော်မသည် ဗုဒ္ဓဘာသာပေမဲ့လို့ ဥပုလ်စောင့်တာရဲ့ အဓိပ္ပါယ်ကို မသိခဲ့ရိုး အမှန်ပါဘုရား ပြီးတော့ တရားနာရတယ် ဆိုတာဟာ တရားပွဲ ရှိလို့ ဆရာတော်တွေကြွပြီး ဟောတဲ့ အခါမှသာ နာရတယ်လို့ပဲထင်ထားခဲ့တာပါ။တပည့်တော် အသက် ယခု (၃၄)နှစ်ရှိပါပြီ။ တပည့်တော်မရဲ့ ဘဝမှာ ငါးပါးသီလ လုံအောင်တော့ အမြဲ တတ်နိုင်သလောက် စောင့်ထိန်းခဲ့ပါတယ်။ ဒါပေမဲ့ အပေါင်းအသင်းကောင်းများနဲ့ စတင်ပတ်သက်မိပြီးတဲ့အခါမှာ ဆရာတော်ကြီးရဲ့ စာမေးပွဲတွေ ရှိမှန်း သိခဲ့ပြီး စတင်

လေ့လာခဲ့ရာမှ အခု Level 2 ကို ရောက်ခဲ့ပါပြီ။တစ်ခါတစ်လေ အသိနောက်ကျ လေခြင်းလို့ နောင်တ ရမိတဲ့ အခါလည်း ရှိသလို သိခွင့်ရလို့ သိရတဲ့ အချိန်ဟာလည်း အကောင်းဆုံးလို့ တွေးပြီး ပီတိဖြစ်မိတာလည်း ရှိပါတယ် ဘုရား။အခု Level 2 မှာ ပါတဲ့ ဥပုလ်စောင့်ခြင်း အဓိပ္ပါယ်ဆိုတဲ့ တရားလေး ဖတ်ပြီးတဲ့ အခါမှ အင်မတန် အကျိုးရှိပြီး ကောင်းစွာ သိရှိနားလည်ခဲ့ရပါတယ်။တရားဆိုတာလည်း အခွင့်ရှိတိုင်း နာရမယ် ဆိုတာ နားလည် သဘောပေါက်လာခဲ့ပါတယ်။ကျန်တဲ့ တရားတွေကလည်း အနှစ်တွေ ဆိုပေမဲ့ တပည့်တော်မ အဖို့ ဥပုလ် ဘာကြောင့် စောင့်ရတယ် ဘယ်လိုသဘောထားပြီး စောင့်ရတယ်ဆိုတာ သိရတဲ့အတွက် ဒီတစ်ပုဒ်နဲ့တင် တော်တော်ကို အားရ ကျေနပ်မိပါတယ် ဘုရား။ဒီအတွက်လည်း ဒီစာမေးပွဲကို ဖြေဖြစ်အောင် လက်တွဲ ခေါ်ခဲ့တဲ့ သူငယ်ချင်း မိတ်ဆွေများနဲ့ ဒီလို အသိဉာဏ်တိုးပွါးအောင် တရားတွေနာပြီး စာမေးပွဲ ဖြေဖြစ်အောင် စီစဉ်ပေးတဲ့ဆရာတော်ကြီး ရဲ့ မေတ္တာစေတနာတွေကို သိရှိနားလည် ခံစားရပြီး ကျေးဇူးတင်မိပါတယ် ဘုရား။ ထပ်ပြီးတော့လည်း နိုင်သလောက် ဆက်လေ့လာ ပူဇော် သွားပါ့မယ် ဘုရား။

မယဉ်မင်းမြင့်ဆွေ (Level-2)

နေ့စဉ် ဓမ္မအသိလေးဖြင့် နေ့တတ်လာပါတယ် ငါးပါးသီလကိုလည်း ယခင်သိခဲ့ရတဲ့ အသိထက် ပိုသိပြီး သိလာ မကျူးလွန်လောင် အသိလေးနဲ့ သိထားထိန်း လာတတ် ပါတယ်ဘုရား။

မနှင်းသဇင်အောင် (Level-2)

အတွေးဆိုးတွေကိုဘယ်လိုထိန်းချုပ်ရမလဲ၊အတွေးကောင်းတွေကိုအမြဲတွေးနိုင်ဖို့ဘယ်လို အားထုတ်ရမလဲသိလာရပါတယ်ဘုရား။ဘဝမှာဒွိစကွဲနဲ့ပြည့်စုံအောင်နေနိုင်ဖို့နဲ့ကိုယ်ကျင့် သီလကိုပိုပြီးဖြူစင်အောင်ထိန်းသိမ်းနိုင်ဖို့လည်းအသိတရားတွေတိုးပွားရပါတယ်ဘုရား။ အခြေခံမဂ္ဂင်အကျင့်ကနေအဆင့်မြင့်ထိကျင့်နိုင်ဖို့နည်းလမ်းတွေလည်းသိရှိခဲ့ရပါတယ်ဘု

ရား။တနေ့တာလုပ်ငန်းဆောင်တာတွေမစခင်မေတ္တာကိုရင်ထဲကနေနှစ်နှစ်ကာကာနဲ့ကိုပို့တတ်နေပါပြီဘုရား။မေတ္တာပို့တဲ့အချိန်ရင်ထဲနှလုံးထဲမှာအေးချမ်းမှုကိုထင်ထင်ရှားရှားခံစားမိတဲ့အထိတပည့်တော်ပို့ဖြစ်ပါတယ်ဘုရား။အရင်ကဒေါသကြီးတတ်တဲ့စိတ်အနေအထားကနေဒေါသတရားကိုတပည့်တော်ရင်ထဲမှာအဖြစ်မခံစေရဘူးဆိုပြီးအမြဲသတိနဲ့ထိန်းချုပ်လေ့ကျင့်တတ်နေပါပြီဘုရား။

မသိမ့်ဟန်စုကျော် (Level-2)

ဓမ္မ မျက်စိအပြင် စီးပွားရေးမျက်စိပါ ရှိရမည်ဟု ဟောကြားထားသဖြင့် ဓမ္မိယလဒ္ဓ ဖြစ်အောင်ကြိုးစားပါ့မည့်ဘုရား။ ကောင်းကျိုးချမ်းသာရဖို့ အချက်၄ချက်နှင့် အညီ တပည့်တော်ရဲ့ စိတ်ကိုလေ့ကျင့်ပေးပါမည်။ ရတနာသုတ်ကိုသာ သစ္စာပြုပရိတ်ဟု သိထားပြီး ခန္ဓာသုတ်က ပိုအစွမ်းထက်ကြောင်း သိရသဖြင့် အနက်အဓိပ္ပါယ်ကို အလွတ် အာဂုံရသဖြင့်နေ့စဉ် ပူဇော်ပါမည်ဘုရား။ သတိပဋ္ဌာန်တရားကိုလည်း နေ့စဉ် အားထုတ်နိုင်အောင် ကြိုးစားမည့်အပြင် ဥပုလ်သီတင်းဆောက်တည်ခြင်းကိုလည်း တန်ဖိုးရှိသော ပကတိဥပုလ်ဖြစ်ရန် ကြိုးစားပါ့မည်ဘုရား။ သက်ရှိအပေါ် တွယ်တာမှု လောဘ ဖြစ်လာလျှင်လည်း အသုဘကမ္မဋ္ဌာန်းနှင့် အတတ်နိုင်ဆုံး ပွားများနေပါမည်ဘုရား။ တပည့်တော် Japan မှာကျောင်းတက်ခဲ့ချိန် ၂၀၂၁ဖေဖော်ဝါရီလမှစ၍စိတ်ဆင်းရဲမှုနှင့် ကြောက်ရွံ့ထိတ်လန့်မှုအပေါင်းကို Youtubeမှ အရှင်ဘုရား၏တရားတော်များအား နာကြားခြင်းဖြင့်သာ စိတ်ပူလောင်မှုများအေးချမ်းအောင် နေ နိုင်ခဲ့သဖြင့် ကျေးဇူးကြီးလှကြောင်းပါဘုရား။ အရှင်ဘုရားသာသနာဝန်၊ ခန္ဓာဝန်ကို ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်းနှင့် အခါအခွင့်သင့်ပါကအရှင်ဘုရားထံ လာရောက်ဖူးမျှော်ခွင့် ရပါစေကြောင်း ဆုတောင်းပါသည် ဘုရား။

မောင်နိုင်စွမ်းထက် (Level-2)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း ဗုဒ္ဓ၏ အဆုံးအမများ၊ သီလ၊ သမာဓိ၊ ပညာတို့၏ အရေးပါမှုကို ယခင်ထက် ပိုမိုနားလည်သဘောပေါက်လာခဲ့ပါသည်။ ထို့ပြင် မိမိ၏ နေ့စဉ်ဘဝတွင် ကောင်းမှုကုသိုလ်များကို တတ်နိုင်သမျှ ပြုလုပ်ရန်၊ မကောင်းမှုကို ရှောင်ကြဉ်ရန်နှင့် သတိတရားဖြင့် နေထိုင်ရန် အရေးကြီးကြောင်းကိုလည်း သင်ယူ ရရှိခဲ့ပါသည်။

ဒေါ်ဇာလီမိုး (Level-2)

ဆရာတော်ဘုရားကြီးအား ဦးတင်ပါ၏ဘုရား ။ဘုရား တပည့်တော်မသည် အိမ်ထောင်ရှင်/ရုံးဝန်ထမ်းတစ်ဦးဖြစ်ပါသည်ဘုရား။ ဘာသာရေးနှင့်ပတ်သက်၍ မိရိုးဖလာအတိုင်း ဘုရားကန်တော့ခြင်း/နေ့စဉ်ဆွမ်းလောင်းခြင်း/ဝါတွင်းကာလမှသာ ဥပုလ်စောင့်ခြင်းရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ တရားတော်များ online ပေါ်တွင် နာယူရင်း သုတမမှ စာမေးပွဲအား ဖြေဆိုခြင်စိတ်ဖြစ်ပေါ်လာပါသည်။ တပည့်တော်မ တို့၏ မြို့တွင် စာဖြေဌာန မရှိသေးပါ။ သို့သော် သင်္ခါတရားပွားများလာကာ Level1 အား မည်သည့် နေရာတွင်ဖြေရ ဖြေရ ဖြေမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ Level1အား ပခုက္ကူမြို့တွင် ဖြေဆိုခဲ့ပါသည်။ပခုက္ကူမှ တာဝန်ရှိသူများက အဆင်ပြေစွာ ဆောင်ရွက် ပေးပါသည် ဘုရား။ Level 1 ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပါသည်။ထိုစဉ်က တပည့်တော်မတို့မြို့ အနေနှင့် သွားလာရ ခက်ခဲပါသည်။ ယခုအခါ ဆရာတော်ဘုရားကြီးတို့၏ ကျေးဇူးကြောင့် တပည့်တော်မတို့ မြင်းခြံမြို့တွင် စာဖြေဌာန ရရှိခဲ့ပြီး ကိုယ့်မြို့မှာပင် အဆင်ပြေစွာ ဖြေဆိုနိုင်ခဲ့ ပါပြီဘုရား။ တရားတော်များထဲမှအတိုင်း ဘဝကိုအကျိုးရှိရှိနေနိုင်ရန် ကြိုးစားနေပြီး ဘာလုပ်လုပ် အသိ/သတိထားတက်နေပါပြီဘုရား။ ယခုဝါတွင်းကာလ ဥပုလ်စောင့်ရာတွင် အဓိပ္ပါယ်ရှိစွာစောင့်သုံးရပါမည်။ ဆရာတော်ဘုရား သက်ရှည်ကျန်းမာစွာနဲ့ သာသနာ့ဝန် ကိုလွယ်ကူစွာဆောင်ရွက်နိုင်ပါစေဘုရား။"

မအိသန္တာဦး (Level-2)

အလုပ်တစ်ဖက်၊ မိသားစုတစ်ဖက်နဲ့မို့ စာမေးပွဲဖြေဖို့ တော်တော်ကြိုးစားရပါ တယ်ဘုရား။ ဒါပေမဲ့ ဆရာတော်ကြီးဟောပြောထားတဲ့တရားထဲကအတိုင်း လောကီအရေးသာမက သံသရာအရေးပါ ကြိုးစားချင်တာမို့ စွမ်းနိုင်သလောက်တော့ ဖြေဆိုခဲ့ပါတယ်ဘုရား။ စာမေးပွဲဖြေဖို့စာတွေဖတ်ရင်း ကာယကံ၊ ဝစီကံမှုတွေကို ထိန်း ဖြစ်သွား ပါတယ်ဘုရား။ BA ထိရောက်အောင် ဆက်လက်ကြိုးစားသွားပါမယ်ဘုရား။

အိငုံဖူး (Level-2)

စိတ်၏အတွေးများ တရားတော်မှာလဲ မှားယွင်းသော အတွေးတွေကို မတွေးမိဖို့ တွေးမိ ပါကလဲ မှန်ကန်သော အတွေးများနဲ့ မည်သို့အစားထိုးရမလဲဆိုတာကိုလဲ သိခွင့်မှတ်သား ခွင့် ရခဲ့ပါတယ်ဘုရား။မကောင်းသော အတွေးတွေကိုလဲ နည်းလမ်းငါးသွယ်ဖြင့် ဖယ်ရှား ရမည်ကိုလဲ လေ့လာခဲ့ရပါတယ်ဘုရား။ ဥပုလ်စောင့်ခြင်းအဓိပ္ပါယ် တရားတော်ကို နာယူမှတ်သားပြီးတော့လဲ ဂေါပါလကုပေါသထ ဥပုလ် သည် ဘုရားတပည့်တော်တို့ ငယ်ငယ်က လူကြီးမိဘများနဲ့အတူ အပျော်သွားရောက် စောင့်သုံးခဲ့တဲ့ ဥပုလ်နဲ့တူ နေကြောင်းသတိပြုမိခဲ့ပါတယ်။ဥပုလ်စောင့်သွားကာနီး အစားသောက်ကို ကြိုတင် စီစဉ်ပြီး ပြုလုပ်ဆောင်ရွက်တာဟာ အကျိုးမရှိမှန်း သိခွင့်ရခဲ့ပါတယ်ဘုရား ။ဝိကာလဘောဇနာ ဆိုတဲ့ အရိယာသူတော်စင်တွေ နေ့လွဲညစာ မစားရခြင်း အကြောင်း အရင်း မှန်ကိုလဲ မှတ်သားနာယူခွင့်ရခဲ့ပါတယ်ဘုရား။ ခန္ဓသုတ်အနှစ်ချုပ် တရားတော်ကို နာယူ လေ့လာခြင်းဖြင့်လဲ ခန္ဓသုတ်တော်တွင်ပါရှိသော (ယခင်ကရွတ်တော့ ရွတ်တယ်) အဓိပ္ပါယ်ကို ကောင်းကောင်း မသိခဲ့ပါဘုရား။သိအောင်လဲ မကြိုးစားခဲ့ပါဘူး။ ယခု တရားတော်ကို နာယူခဲ့ရသည့်အခါမှ ပြည့်စုံစွာ သိခွင့်ရခဲ့လို့ များစွာအကျိုးထူး ခဲ့ပါတယ် ဘုရား။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန် တရားတော်မှာလဲ လူတိုင်းသတိပဋ္ဌာန် ကျင့်လို့

ရကြောင်း သတိပဋ္ဌာန်တရားကျင့်ရင် မည်သည့်အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ကြောင်း လေ့လာနာယူခဲ့ရပါတယ်ဘုရား။"

ဦးမျိုးနိုင် (Level-2)

ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများစွာကို သိခွင့်ရခဲ့ပါသဖြင့် ဘဝအတွက် အဖိုးဖြတ်၍ မရသော အသိပညာများရရှိခဲ့ပါတယ်ဘုရား။

အရှင်အစ္စရိယ(Level-2)

ဖြေဆုိ ပူဇော်ပြီး level 1.2တို့တွင် ပါရှိသော မေတ္တာသုတ် ခန္ဓသုတ်များသည် ရဟန်းသံဃာများအတွက် ထိတွေ့မှု အားကောင်းခဲ့သော်လည်း ရှင်းလင်းသော လက်တွေ့ ကျင့်ဆောင်ဖွယ်များပါရှိခဲ့သည်ကို ယခုမှသာ လက်တွေ့ သိမြင်ကာ ဆရာတော်ကြီး၏ စေတနာ နှင့် အနာဂတ် သာသနာတော်အတွက် မျှော်မြင်မှု အားကောင်းခဲ့မှုများကို ဖြေဆို ပူဇော်ပြီးသော Level 1.2 ပရိတ်သတ် အရေအတွက်ကို မှန်းဆကာ ဆရာတော်ကြီးအား အဝေးနယ်မှ ဦးခိုက်ပူဇော်မိပါသည်ဘုရား။

စောဆာဂေးဒို (Level-2)

မိရိုးဖလာအတိုင်းအသိနဲ့တုန်းက ကမ္မဋ္ဌာန်းအားထုတ်ဖို့ကြိုးစားခဲ့ဖူးပါတယ်။ အဲဒီတုန်းက အနှိပ်စက်ခံခဲ့ရတဲ့ နီဝရဏသဘောတရားတွေကို Level 1 စတင်လေ့လာကတည်းက၊ “ငါကြုံခဲ့တဲ့အရာတွေပါလား” ဆိုပြီး သဘောပေါက်သွားပါတယ်။ ဓမ္မစာပေဆိုတာ သင်ကြားသိထားဖို့ လိုအပ်ကြောင်းကိုလည်း လက်တွေ့ သဘောပေါက်လာပါတယ်။ ဆရာတော်ဘုရားရဲ့ သွန်သင်ဆုံးမမှုများနဲ့ စာတွေ့လေ့လာရင်း လက်တွေ့ကျင့်ကြံနိုင်ရန် နေရာများလည်း များများရှိရင်ကောင်းမှာပဲလို့ စိတ်ကူးမိပါတယ်။

မောင်လင်းသစ် (Level-2)

ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ ပညာဘူမိ တက္ကသိုလ်မှ ကြီးမှူးကျင်းပသော သုတဓမ္မဒီပလိုမာတန်းစာမေးပွဲများနှင့် သုတဓမ္မဂဝေသီ စာမေးပွဲများတွင် တပည့်တော်အနေဖြင့် ဝမ်းမြောက်စွာ ပါဝင် ဝင်ရောက်ဖြေဆိုခွင့် ရသည့်အတွက် စာမေးပွဲများအား စီစဉ်ပေးသောကျေးဇူးရှင် ဆရာတော်ဘုရားများ၊ လူပုဂ္ဂိုလ်များ နှင့် စာဖြေသူများအဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်စေရန် စီစဉ်သူ ရဟန်းရှင်လူပုဂ္ဂိုလ်အပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား လက်ဆယ်ဖြာထိပ်မှာမိုး၍ ရိုသေစွာဖြင့် ရှိခိုးပူဇော်ပါကြောင်း ဦးစွာပထမလျှောက်ထားလိုပါသည် ဘုရား။ သုတဓမ္မဒီပလိုမာlevel2 ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သော တရား၅ပုဒ်ဖြစ်သည့် (၁)ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်၊ (၂)စိတ်၏ အတွေးများ ၊(၃)ဥပုလ်စောင့်ခြင်း အဓိပ္ပာယ် ၊(၄) ခန္ဓသုတ်အနှစ်ချုပ် ၊(၅) လူတိုင်းကျင့်ရန် သတိပဋ္ဌာန်စသည့် တရားများသည် ဖြေဆိုဖတ်ရှုသူတိုင်းအတွက် အကျိုးများစွာရှိလှသော တရားတော်များပင်ဖြစ်ပါသည်။

(၁)ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်ဆိုသည့် တရားတော်သည် ဘဝတစ်ခုရရှိလာသည့်အခါ နေ့စဉ်ဖြတ်သန်းရမည့်နေ့ရက်များကို မည်ကဲ့သို့ အကျိုးရှိစွာနေရမည်ကို မြတ်စွာဘုရား ဟောကြားထားသော အန္ဓသုတ်နှင့် မဟာနာမသုတ်တော်လာ အဆင့်မြင့်မြင့် နေနည်းများကို သိရှိပြီး လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများစွာကို ပေးစွမ်းနိုင်သည့် တရားတော်ပင်ဖြစ်ပါသည်။ ထို့ပြင် မိမိ၏တစ်နေ့တာ ကုန်ဆုံးပုံကို မြတ်စွာဘုရားက ကတံ ဘူတသာ မေ ရတ္တိဒိဝါ ဝီတိဝတ္တန္တိ "" မိမိတွင် နေ့ရက်တွေ မည်သို့ကုန်ဆုံးနေသလဲ ဟု မိမိကိုယ်ကိုဆင်ခြင်ရမည့် အချက်ကို ညွှန်ပြထားခြင်းကြောင့် မိမိကိုယ်ကို အမြဲဆင်ခြင်ကာ ပစ္စုပ္ပန် သံသရာ(လောကီလောကုတ္တရာ) နှစ်ဖြာလုံးအတွက် အကျိုးရှိစွာ အသုံးချနေထိုင်ရမည်ဆိုသော တရားအသိကို သိရှိနားလည်ခဲ့ရပါသည်။

(၂)စိတ်၏ အတွေးများတရားတော်တွင် မိစ္ဆာဝိတတ်(မတွေးသင့်/မှားယွင်းသောအတွေး)ဉမျိုးနှင့် သမ္မာဝိတတ် (တွေးသင့်/မှန်ကန်သောအတွေး)ဉမျိုးကို သိရှိနားလည်ခဲ့ပါသည်။ မကောင်းသောအတွေးများတွေးမိပါက ""ပညာယ ဒုဗ္ဘလီကရဏော"" ဆိုသည့် အသိပညာ အားနည်းစေခြင်း/အားပျော့သွားစေခြင်းဖြစ်သည်ဆိုသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထို့ပြင် မကောင်းသောအတွေး/ မတွေးသင့်သောအတွေးများဖြစ်ပေါ်လာပါက ကာမဝိတတ် ကို နေကွမဝိတတ်၊ ဗျာပါဒဝိတတ်အား အဗျာပါဒဝိတတ်၊ ဝိဟိသာဝိတတ်ကို အဝိဟိသာဝိတတ်အား အစားထိုးရမည်ဖြစ်ကြောင်းနှင့် မြတ်စွာဘုရား ဟောကြားထားသော သက်ရှိ/သက်မဲ့များအပေါ် မကောင်းသော/မတွေးသင့်သောအတွေးများဝင်ရောက်လာပါက ဖယ်ရှားရန်နည်းလမ်း၅သွယ်နှင့် လုပ်သင့် မလုပ်သင့် မောဟအတွေးကိုဖယ်ရှားရန် အဋ္ဌာကထာဆရာများ ညွှန်ကြားထားသော ပညာတိုးတတ်ကြောင်းနည်းလမ်း ၅သွယ် ကို သိရှိပြီး လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိသန္တန်ဝယ် မကောင်းသောအတွေးများကို ဖယ်ရှားနိုင်ပြီး ထိုသို့ဖယ်ရှားနိုင်ခြင်းကြောင့် မာန၊ သံယောဇဉ်စသည့် တွယ်တာမှုများကင်းစင်သွားနိုင်ပြီး နောက်ဆုံးသံသရာ ဒုက္ခဆင်းရဲများစွာလည်း လွတ်ကင်း နိုင်မည်ဆိုသော တရားအသိကို သိရှိနားလည်ခဲ့ရပါသည်။

(၃)ဥပုလ်စောင့်ခြင်း အဓိပ္ပာယ် တရားတော်တွင် မိမိသန္တန်ဝယ် လောဘ၊ ဒေါသ၊ မောဟ အစရှိသည့် အကုသိုလ်အဆိုးတရားများ လျော့နည်းကင်းစင်ပြီး အလောဘ၊ အဒေါသ၊ အမောဟအစရှိသည့် ကုသိုလ်အကောင်းတရားများဘက်မှ တိုးပွားလာစေရန်နှင့် နည်းစနစ်မှန်ကန်ပြီး အဂၤါစပါးပါဝင်သည့် သီလများကို ရဟန္တာများစောင့်သုံးသကဲ့သို့ မွန်မြတ်သောစိတ်ထားဖြင့် စောင့်သုံးပြီး ဝိကာလဘောဇနဟုဆိုအပ်သော သိက္ခာပုဒ်တော်၏ ညစာမစားရခြင်းရည်ရွယ်ချက်အမှန်ဖြစ်သော "ပဋိဇာဂတု မေဝသာ"" သူတော်စင်ပုဂ္ဂိုလ်တို့သည် ညအခါတိတ်ဆိတ်အေးချမ်းလှသောအချိန်တွင် မိမိ သန္တန်ဝယ် အကုသိုလ်တရားများကင်းအောင်၊ ကိလေသာတရားများမှ လွတ်မြောက်အောင် ကြိုးစားအားထုတ်ရန်အချိန်ကောင်းဖြစ်သောကြောင့် ညစာမစားခြင်းဟူသော ရည်ရွယ်ချက်အစစ်မှန်ကို ယခုသိရှိနားလည်ခဲ့ရပါသည်။ ထို့ပြင် သီလဆိုသည်မှာ ကာယကံနှင့် ဝစီကံကို

အဓိကထိန်းသိမ်းစောင့်သုံးခြင်းဖြစ်ပြီး မနောက်ထိန်းသိမ်းရန်အလို့ငှာ မြင့်မြတ်သော ဥပေါသထ၅ပါးကို စောင့်သုံးရမည်ဆိုသော တရားအသိကို လည်း သိရှိနားလည် ခဲ့ရပါသည်။

(၄)ခန္ဓသုတ်အနှစ်ချုပ်တရားတော်တွင် ခန္ဓသုတ်တွင်ညွှန်ပြထားသည့်အတိုင်း အပြင် အန္တရာယ်ကာကွယ်ရာတွင် မြွေလေးမျိုးအား မိတ်ဆွေဖွဲ့ပုံ၊ သွားလာသော ကိုယ်ခန္ဓာ အလိုက် မေတ္တာပွားပုံနှင့် မိတ်ဆွေဖွဲ့ပုံ၊ မိမိဆန္ဒကိုထုတ်ဖော်ကာကွယ်ပုံနှင့် အပွမာဏ အတိုင်းအတာ အနှိုင်းအဆမရှိသောဘုရား၊ တရား၊ သံဃာဂုဏ်တော်များအား အာရုံပြုခြင်း သည်လည်း အန္တရာယ်ကာကွယ်နည်းစနစ်တစ်ခုဖြစ်ပုံကို လက်တွေ့လိုက်နာကျင့်သုံးရန် သိရှိနားလည်ခဲ့ပြီး အပြင်အန္တရာယ်ထက် သံသရာတစ်လျှောက် ဒုက္ခပေးတတ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ကလေသာ၊ မစ္ဆရိယအစရှိသည့် အတွင်းအန္တရာယ်များကို ဖြေရှင်းကာကွယ်နိုင်ရန်အတွက် မဂ္ဂင်၈ပါးတရားတော်များကို လက်တွေ့ လိုက်နာကျင့်သုံး ခြင်းဖြင့် လွတ်မြောက်နိုင်ကြောင်းကို လိုက်တွေ့လိုက်နာကျင့်သုံးရန် တရားအသိ များစွာကို သိရှိနားလည်ခဲ့ရပါသည်။

(၅)လူတိုင်းကျင့်ရန်သတိပဋ္ဌာန်တရားဒေသနာတော်တွင် သံယုတ္တနိကာယ်၊ သတိပဋ္ဌာန သံယုတ်တွင်ပါရှိသည့် လောကမှလွတ်မြောက်နိုင်ကြောင်းလမ်းစဉ်သည် သတိပဋ္ဌာန် တရားပွားများရမည်ဖြစ်ကြောင်း၊ နာလန္ဒသုတ်နှင့် ဥတ္တိယသုတ်တွင်ပါရှိသည့် မြတ်စွာ ဘုရားထံ ရှင်သာရိပုတ္တရာနှင့် ရှင်အာနန္ဒာ၏ လျှောက်ထားချက်၊ ပဒေသသုတ်ရှိ ရှင်သာရိ ပုတ္တရာနှင့် ရှင်အနုရုဒ္ဓါတို့၏ သတိပဋ္ဌာန်ကျင့်စဉ်နှင့်ပတ်သတ်သည့် သေက္ခ၊ အသေက္ခ ပုဂ္ဂိုလ်တို့၏ အမေးအဖြေအကြောင်း၊ သာလသုတ်တွင်ပါရှိသော မြတ်စွာဘုရား ပုထုဇဉ်တိုင်း၊ သေက္ခပုဂ္ဂိုလ်တိုင်း(သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်) ၊ အသေက္ခ ပုဂ္ဂိုလ်တိုင်း(ရဟန္တာ) ပွားများရမည်ဟု တိုက်တွန်းထားပုံကို ကြည့်ရှုခြင်းအားဖြင့် မည်သူ သာ ပွားများရမည်ဟု ကန့်သတ်မထားဘဲ လူတိုင်းပွားများ နိုင်ကြောင်း တိုက်တွန်းထား သည်ကို သိရှိခဲ့ရပါသည်။ ထို့ပြင် အင်္ဂုတ္တရနိကာယ်၊ သတိပဋ္ဌာန၀ဂ္ဂတော့ငင် ဟောကြား ထားသော သုတ်တော်ပေါင်း၁၀သုတ်တွင်လည်း သတိပဋ္ဌာန်ကျင့်ရမည့် အကြောင်း

တရားများကို သိရှိနားလည်သဘောပေါက်ခဲ့ပြီး ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်မှလာသည့် မဟာသတိပဋ္ဌာန်သုတ်တွင် သတိပဋ္ဌာန်ပွားများခြင်းဖြင့် ""one practice for seven advantages""ဆိုသည့် အကျိုးကိုရရှိနိုင်မည်ဖြစ်ကြောင်းကို လက်တွေ့ လိုက်နာကျင့်သုံးရန်ဖို့ မြတ်ဗုဒ္ဓ၏ဓမ္မတရားအသိများစွာကို နားလည်သဘောပေါက်စွာ သိရှိနားလည်ခဲ့ရပါသည်။ ထို့ကြောင့် သုတဓမ္မစာမေးပွဲများတွင် ပြဋ္ဌာန်းထားသည့် တရားတော်များသည် လောကီလောကုတ္တရာ(ပစ္စုပ္ပန်သံသရာ) နှစ်ဖြာသော ကောင်းကျိုးချမ်းသာများ ရရှိစေနိုင်ရန် စွမ်းဆောင်ပေးနိုင်သည့် တရားများဖြစ်သည့်အပြင် ယခုအခါ ရဟန်းရှင်လူ၊ လူကြီးလူငယ် ၊ အသက်အရွယ်မရွေး အားထက်သရော ပါဝင်ဖြေဆိုမှု တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကိုတွေ့ရှိရသည်မှာ မြတ်စွာဘုရား၏သာသနာတော် ပြန့်ပွားအခွန့်ရှည်၍ နေလိုလလိုထွန်းလင်းတောက်ပနေပုံကို ထင်ဟပ်ပြသနေခြင်းဖြစ်ပြီး ပညာဘူမိတက္ကသိုလ်မှ ကြီးမှူးကျင်းပသောစာမေးပွဲများသည် စာတွေ့ပူဇော်ရာမှတစ်ဆင့် လက်တွေ့ဘဝတွင် လိုက်နာကျင့်သုံးခြင်း အားဖြင့် ရဟန်းရှင်လူသာမက လူငယ်တို့၏ ရင်ဝယ်နှလုံးသား၌လည်း ဗုဒ္ဓဝါဒီသာသနာတော်စွဲ၍ တည်မြဲစေနိုင်ပြီး "ဝိသမဂတာယ ပဇာယ သမပတ္တော ဝိဟရာမိ"" မငြိမ်းချမ်းသည့်သတ္တဝါများ အကြားတွင် နေထိုင်နိုင်ပြီး ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာ များစွာကို ပေးစွမ်းနိုင်သည့် အပြင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုလည်း ရရှိနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည် ဘုရား။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ရှိသေစွာဖြင့် ဦးခိုက်ရှိခိုးပူဇော်လျက်။

မအိဇင်ဖြိုး (Level-2)

တပည့်တော်မသည် ယခင်အချိန်တွေများ၌ ဥပုလ် စောင့်သည့်အချိန်တွင် ကုသိုလ်ရမည်ဆိုတာကိုပဲ သိပြီး အတွင်းကျကျ မသိခဲ့ပါဘုရား။ level2 ပြဋ္ဌာန်းစာအုပ်ကို ဖတ်ပြီးမှသာ ဥပုလ်စောင့်ပုံစောင့်နည်းများ လေ့လာခွင့်ရခဲ့ပါသည်ဘုရား။ဘုရားတပည့်တော်မသည် ဂေါပါလကုပေါသထ ဖြစ်လေ့ရှိပါတယ်ဘုရား ။ ယခုနှစ် ဝါတွင်း ဥပုလ်စောင့်သည့်အခါ

စိတ်ကို ဆင်ခြင် ဆောင်ရွက်ပါမည်ဘုရား ။ဒီလိုအသိညာဏ်များ တိုးတက်ခြင်းသည် သုတမမ္မစာမေးပွဲများ ဖြေဆိုခြင်း နှင့် စာကျက်ခြင်းများကြောင့်ဖြစ်ပါသည် အရှင်ဘုရား။ ဆရာတော်ဘုရားကြီး သက်ရှည်ကျန်းမာစွာဖြင့် သာသနာတော်ကြီးမှာ ကြာရှည်စွာ တည်ရှိနေပါစေဘုရား။

ဒေါ်မေပြည့်စုံ (Level-2)

တပည့်တော်မသည် L2 တွင်တရားငါးပုဒ်လေ့လာကျက်မှတ်နာယူခဲ့ရာတွင် ပထမဆုံး တရားတော် ဓမ္မအသိဖြင့်အကျိုးရှိရှိနေမည်တရားတော်ထဲမှ ကုသိုလ်အားလုံး အခြေခံ ဖြစ်သော ယောနိသောမနသိကာရ ဖြင့်အသိသတိထားကာ အကုသိုလ် တရားတရားများ ဖြစ်စေသောတရားများကို ဆင်ခြင်နိုင်ခဲ့ပါသည်ဘုရား။ စိတ်ရဲ့ အတွေးများ တရားတော် နာယူသင်ကြားခြင်းအားဖြင့် မကောင်းသောအတွေးများ စိတ်ကို ပူလောင်စေတတ်သော

အတွေးစိတ်တသိက်များကို နည်းလမ်းငါးမျိုးဖြင့် လျော့ချ လာနိုင်ခဲ့ပါသည် ဘုရား။ဥပုလ်တရားတော်ကို နာကြားသင်ယူရသောကြောင့် တပည့်တော် တို့ စောင့်သုံး မိခဲ့သော ဂေါပါလကုဥပုလ်ကို ရှောင်ရှား၍ အရိယာဥပုလ်ဖြစ်အောင် စောင့်သုံးနေထိုင်ရန် အသိသတိရရှိခဲ့ပါသည်ဘုရား။ ခန္ဓသုတ်ကို သင်ကြားနာယူရသောကြောင့် အပြင် အန္တရာယ်နှင့် အတွင်းအန္တရာယ်များ ဖယ်ရှားနည်းသိရှိသွားသောကြောင့် လိုက်နာ ကျင့်သုံး နေထိုင်ပါမည် ဘုရား။ လူတိုင်းကျင့်ရန်သတိပဋ္ဌာန်တရား နာကြားသင်ယူ ရသောကြောင့် တစ်ချက်ခုတ် ခုနှစ်ချက်ပြတ်ဆိုသကဲ့သို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် သတိပဋ္ဌာန်တရားပွါးများ ကျင့်သုံးရမည်ဖြစ်သောကြောင့် ကြိုးစား ကျင့်သုံး ရန် အသိရရှိခဲ့ ပါသည်ဘုရား။

မေလွင်ဦး (Level-2)

ဆရာတော်ဘုရားကြီးအား ကျေးဇူးတင် ရိုသေစွာရှိခိုပါ၏ဘူရား။သက်ရှည်ကျန်းမာပါစေ ဘုရား။ တပည့်တော် စာမေးပွဲကို သီလလုံခြုံစွာဖြင့် မှတ်မိသမျှ ဖြေဆိုပူဇော် ခဲ့ပါတယ် ဘုရား။ ဓမ္မအသိဖြင့် ဘဝကို အကျိုးရှိစွာ အသုံးချပြီး နောက်အဆင့်တွေကို ဆက်လက် လေ့လာပူဇော်ပါမည်ဘုရား။ တရားအသိ ဗဟုသုတများစွာ လေ့လာသင် စာယူခွင့်ရလို့ ကျေးဇူးတင်ဝမ်းမြောက်ရပါတယ်။ ဒီစာမေးပွဲနဲ့ပတ်သတ်ပြီး သင်ဆရာ မြင်ဆရာ ကြား ဆရာများနှင့် ဝေယျဝစ္စ ကုသိုလ်ရှင်များ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအထူး တင်ပါတယ်ဘုရား။

ဒေါ်ရည်ရည်မြင့် (Level-2)

"တပည့်တော် ဆရာတော်ဘုရားနဲ့ သံဃာတော်အရှင်မြတ်အပေါင်းကို နေ့စဉ်မေတ္တာပို့၊ ကျေးဇူးတင်စိတ်နဲ့နေခဲ့တာ ကြာပါဘီဘုရား၊ သည်စာမေးပွဲကိုလည်း ကြားသိရပြီး အတော်ကြာမှ ဝင်ဖြေခဲ့ပါတယ်၊ အမှန်တော့ တပည့်တော် စာတွေကျက်မှတ်ရ၊ ပါဠိဘာသာမှတ်ရတာကို အတော်ခက်ခဲခဲ့ပါတယ်၊ သည်အပတ်ဆို ထင်ထားသလို တပည့်တော်သည် မေးခွန်းကို နားလည်အောင်မဖတ်နိုင်၍ မိမိသိထားကြေညက် ထားသည်များကိုတောင် မဖြေပဲ တလွဲဖြေခဲ့မိပါတယ်၊ အတော်လည်း မချိတင်ကဲ ဝမ်းနည်းမှုဖြစ်ခဲ့ပါတယ်၊ တပည့်တော်ရဲ့အားနည်းချက်များကို အရှင်ဘုရားတရား ဟောကြားထားသည်များကို ပြန်အောင်းမေ့၍ ဖြေပါတယ်ဘုရား၊ ဒါကလဲ တရားများကို ပြန်လည် apply ဖြစ်အောင် သတိပေးသလို ခံစားသက်ဝင်ပါတယ်ဘုရား၊ နောင်ကို မိမိစိတ် ငြိမ်သက်အေးချမ်းအောင် ပိုတရားကျင့်ပါမယ်ဘုရား၊ ဂုဏ်တော်အပေါင်းကိုလဲ ကျေးဇူးတင်ကိုးကွယ်စိတ်နဲ့နေပြီး၊ ဗုဒ္ဓတရားစာပေများကို ပိုမိုလေ့လာပါ့မယ်ဘုရား၊ ပါချုပ်ဆရာတော်ကြီးနဲ့ သံဃာတော်အရှင်မြတ်အပေါင်းကို လက်အုပ်ရှင်ခိုးဦးခိုက် ပါတယ်ဘုရား။

ဒေါ်ထားထားအေး (Level-2)

တရားဓမ္မ အသိဉာဏ်တွေ သိမြင်ခဲ့ရပါသည်ဘုရား။ စိတ်၏အတွေးများမှ မကောင်းတဲ့ အတွေးကို ကောင်းတဲ့အတွေးနဲ့ အစားထိုးနိုင်ခဲ့လို့ ကျေနပ်ပီတိဖြစ်ရပါတယ်ဘုရား။ ဆရာတော်ဘုရား၏ တရားတော်များကို နာရ ကြားရသဖြင့် ၇ ရက်သား/သမီးများ တက်ကြွစွာ လာရောက်စာမေးပွဲဖြေတာကိုမြင်ရသိရလို့လည်း ဆရာတော်ဘုရား၏ သံဃာဂုဏ်ကို လေးစားကြည်ညိုရပါတယ်ဘုရား။ စာမေးပွဲတွေကိုလည်း ဆက်လက် ဖြေဆိုပါ့မည်လို့ ကတိပေးပါတယ်ဘုရား။ ဆရာတော်ဘုရားနှင့်တကွ စာစစ် /ကြီးကြပ် ဆရာတော်များအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာကြပါစေဘုရား။

ဒေါ်စိုးစိုး (Level-2)

ယခင်ကနှုတ်ဖြင့်သာ ရွတ်ဆိုဖူးသော ပရိတ်ပါဠိများကို အဓိပ္ပာယ်နှင့်တကွ သိရှိပြီ နက်နက်နဲနဲ သဘောပေါက်ကာ ကြည်ညိုသဒ္ဓါပိုး၍ ဖြစ်ရပါသည်။ယခင် ကြားဖူးရုံသာ ရှိသော တရားများကို ပိုမိုရှင်းလင်း နားလည်စွာ သိရပါသည်။ မိမိထက် ကြီးသော သူများ မိမိထက် ငယ်သောသူများ၊ များစွာ တက်ကြွစွာ ဖြေဆိုရန် အားထုတ် နေသည်များ ကို တွေ့ရ၍ဂုဏ်း၊ တရားတော်၏ လေးနက်မှုများကို ပိုပိုကြည်ညို၍ ဂုဏ်းနောက်တစ်ဆင့် လေ့လာရန် ၊ဖြေဆိုရန် အင်အားများဖြစ်လာရပါသည်။

နန်းနီလာထွေး (Level-2)

ဥပုလ်ဆောက်တည်ခြင်း အနှစ်သာရကို မိရိုးဖလာပဲသိခဲ့ပြီး အခုမှ သေချာနားလည် တန်ဖိုးသိရပါတယ်။ နောင်လဲ အဓိပ္ပါယ်ရှိတဲ့ တန်ဖိုးရှိတဲ့ ဥပုလ်မျိုးပဲ ဆောက်တည်ပါတော့ မယ်။

သီရိမြတ် (Level-2)

ဦးစွာ ဘုန်းဘုန်းအား ကျေးဇူးတင်ဦးခိုက်ပါတယ်။ ဓမ္မအသိတွေ တိုးပြီး မကောင်းတဲ့ အတွေးတွေ ဝင်လာရင်လည်းဘယ်လိုဖျောက်ရမလဲသိလာပါတယ်။ ဘဝအတွက် တကယ် အသုံးဝင် အရာတွေ ပိုသိနားလည်လာလို့ အကျိုးရှိရှိနေနိုင် လာပါတယ်။

Daw Myat Myat Htwe (Level-2)

အဓိပ္ပါယ်ရှိသောဥပုလ်ကြောင့် ပိုပြီး သီလလုံ၊ ခန္ဓာသုတ် ကျင့်စဉ်အတိုင်း မေတ္တာပွါး၊ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်အတိုင်း နေ့စဉ်ကျင့်ကြံအားထုတ်ပြီးအပြစ်မရှိ သုခါဝိပါက ရအောင်ဓမ္မအသိဖြင့်အဆင့်မြင့်မြင့် အကျိုးရှိရှိနေထိုင်ပါမည်ဟု ဆရာတော်ထံ လျှောက်ထား ပါသည်။ အလွန် အကျိုးကျေးဇူးကြီးမားလှပါတယ်။

မနှင်းဝတ်ရည် (Level-2)

အရင်က ဥပုလ်စောင့်တယ်ဆိုတာ သီလတွေမကျိုးပေါက်အောင် ထိန်းသိမ်း စောင့်ရှောက်တာလောက်ပဲ သိပါတယ်ဘုရား။ Level-2 မှာ ဥပုလ်စောင့်ခြင်းအဓိပ္ပာယ်ကို သင်ယူလေ့လာမိတဲ့အခါကျမှ မနေ့ကစောင့်ဖြစ်ခဲ့တဲ့ ပထမဝါဆိုလပြည့်နေ့ဥပုလ်ဟာ တကယ့်ကို အဓိပ္ပာယ်ရှိခဲ့တဲ့ ဥပုလ်တစ်ခုဖြစ်လာပါတယ်ဘုရား။ ကိုယ့်ရဲ့သီလကိုဆင်ခြင်ပြီးတော့ လည်း ဝမ်းမြောက်ကြည်နူးရပါတယ်ဘုရား။ လမ်းကြောင်းမှန်အောင် ညွှန်ကြား ပြသပေးခဲ့ပါသော ဆရာတော်ဘုရားကြီးအား ရှိခိုးဦးတင်ပူဇော်အပ်ပါတယ်ဘုရား။

ဒေါ်ဝါဝါ (Level-2)

စာမေးပွဲဖြေဆိုခွင့်ရသည့်အတွက် ဗုဒ္ဓဘာသာဝင်တွေအတွက် ဖြစ်သင့်ဖြစ်ထိုက် သိသင့်သိထိုက်တာတွေ ဖြေဆိုခွင့်ရတဲ့အတွက် ကျေးဇူးကြီးမားလှပါသည် အရှင်ဘုရား ။ အသိနှင့် အကျင့်ထပ်တူကျအောင် တပည့်တော်မ ကြိုးစားကျင့်ကြံ ရှင်သန်နေထိုင် သွားပါ့မည် အရှင်ဘုရား။

မမျိုးဝင်းနွယ် (Level-2)

လူ့လောကတွေ ဓမ္မအသိဖြင့်နေထိုင်ရန်သိရှိခဲ့ပါသည် ဘုရား။ ဥပုလ်စောင့်ခြင်း အကြောင်းကို ကောင်းကောင်းသိရှိပြီးတော့ လူ့လောကတွင် ဥပုလ်စောင့်ခြင်းဖြင့် နေထိုင်ရန် သိရှိရပါသည်ဘုရား။ သတ္တဝါများကိုလည်း သနား၊ဂရုဏာ၊ မေတ္တာများ ထားရှိရပါမည် ဘုရား။

မဆုဆုသွယ် (Level-2)

ဘုရားတရားသံဃာအပေါ် သံသယဖြစ်မှုများကင်းစင်လာ၍ ကုသုလ်နဲ့ အမြဲနေနိုင်အောင် စိတ်ကို ထားတတ်လာပါတယ် ဘုရား။ မကောင်းသော အတွေးများကိုလည်း အတော်သင့် ထိန်းချုပ်လာနိုင်ပြီး လောကဓံကိုလဲ ပို၍ ခံနိုင်ရည်ရှိလာပါတယ် ဘုရား။

မမျိုးမျိုးခိုင် (Level-2)

ဦးစွာပမာဏ သက်ဆိုင်ရာ ဆရာတော်ဘုရားကြီးများအား ရိုသေစွာ ရှစ်ခိုးအပ်ပါသည် ဘုရား။သုတမမ္မ စာမေးပွဲ သည် ကျမအတွက် အလွန်တန်ဖိုးကြီးလှပါသည်။စာမေးပွဲကို ဦးတည်တဲ့အတွက် စာတွေသည် မဖြစ်မနေဖတ်နေရသည့်အတွက် အသိ စိတ်ထဲတွင်

စာတွေသည် အချိန်ပြည့်နီးပါးရှိနေပါသည်။ယခုဖြေဆိုသည့် level2စာတွင်ပါရှိသော အချိန်တွေကို တန်ဖိုးရှိအောင် ဘယ်လိုကုန်ဆုံးသလဲဆိုသလို ဓမ္မအသိဖြင့် အကျိုး ရှိစွာ ကုန်နေရသဖြင့် လွန်စွာ ကျေနပ်ပိတ်ဖြစ်မိပါတယ်။အတွေး တစ်ခုဝင်လာတာနဲ့ ချက်ခြင်း ဆင်ခြင်နိုင်ပြီး ကုသိုလ် အတွေး အကုသိုလ်အတွေးခွဲခြားနိုင်ပြီး အတွေးတွေကိုလည်း ရပ်ပစ်နိုင်ပါတယ် ဘုရား။ စာမေးပွဲ အတွက် ဆိုပေမဲ့ များစွာပင် အသိပညာတွေ၊လူ့ လောကမှာနေထိုင်နည်းတွေ၊ ကျင့်ကြံနေထိုင်ရမှာတွေ များစွာ သိရတဲ့အတွက် လွန်စွာပင်အကျိုးကျေးဇူးများရပါတယ်။ ယခုစာမေးပွဲ ကျင်းပပေးတဲ့ ဆရာတော်များ၊ ကူညီပေးကြပါသော လူပုဂ္ဂိုလ်များအား များစွားပင်ကျေးဇူးတင်ပါကြောင်းနှင့် သက်ရှည် အနာရောဂါကင်းပြီး ကျန်းမာကြပါစေရှင့်။ Level. 3 ဖြေဆိုရန်လည်း စာများအား စတင်ဖတ်ရှုနေပါသည်ဘုရား။

ဒေါ်ခင်နှင်းနွယ် (Level-2)

ဆရာတော်ဘုရှ့ တပည့်တော်မ ရိုသေလေးစာစွာ လျှောက်ထားပါ၏ဘုရား။ တပည့်တော်မ သုတဓမ္မဒီပလိုမာ Level.2ကို မွန်စာဖြေဌာန (၃) သံဖြူဇရပ်မြို့၊ မြသိမ် ပရိယတ္တိစာသင်တိုက်မှာ ဖြေဆိုပူဇော်ခဲ့ပါ၏ဘုရား။ တပည့်တော်မတို့ ကရုပ္ပိရွာ၊ သံဖြူ ဇရပ်မြို့နယ်၊ မှာနေထိုင်ပါတယ်ဘုရှ့။ တပည့်တော်တို့ရွာမှာ စုစုပေါင်းဖြေဆိုသူ နှစ်ဦးပဲ ရှိပါတယ်ဘုရှ့။ Level.3 ဖြေဆိုသူနှင့် တပည့်တော်မ Level.2 ဖြေဆိုသူ နှစ်ဦးပါဘုရှ့။ တပည့်တော်မတို့ နှစ်ဦးသည် Online မှာ ဆရာတော်ဘုရားများပို့ချသည့် သင်တန်းများ၊ ဆရာတော်ကြီး၏ ပြဋ္ဌာန်းစာအုပ်များကို လေ့လာသင်ယူ ပူဇော်ခဲ့ပါသည် ဘုရား၊ အချိန်အားသည့်အခါ ကိုယ်ဘာသာပြန်လည်၍ လေ့လာပူဇော်ခဲ့ကြပါတယ်ဘုရှ့။ တပည့်တော်တို့သည် အချိန်ကို အကျိုးမဲ့ကုန်ဆုံးနေခဲ့သည်ဆိုတာ သတိမထားမိခဲ့ပါဘူး ဘုရား၊ ကုသိုလ်စိတ်အမြဲတမ်းဖြစ်အောင် လေ့ကျင့်ပေးရမည်ဆိုတာတွေကိုလည်း မေ့နေခဲ့ပါဘုရား၊ အဓိ ကတစ်ချက်က ""ယောနိသော မနသိကာရ""ပါဘုရား။ တပည့်တော်မ တို့ ဆရာတော်ဘုရားကြီး ဖွင့်လှစ်သင်ကြားနေသည့် ပညာဘူမိတက္ကသိုလ်

ကို တတ်ရောက်ခွင့်မရခဲ့လျှင် သာသနာတော်နှင့်ကြုံတွေ့နေရသော်လည်း အသိဉာဏ်ကင်းမဲ့ သည့် လူသားတစ်ယောက်အနေဖြင့် ဘဝတစ်ခုကို အဆုံးသတ် သွားကြရတော့ပါမည် ဘုရား။

ဒေါ်ပုလဲမြင့် (Level-2)

ဆရာတော်ဘုရားကို ဦးတင်ပါသည်ဘုရား။ တပည့်တော် ယခင်ကဒေါသကြီး ပါတယ် ဘုရား။ သုတမမ္မ အတွက် တရားလေ့လာရင်း တရားလေ့လာနေသည့်အချိန်တွင် တပည့်တော်ရဲ့စိတ်မှာ လောဘ၊ ဒေါသ ငြိမ်းပါတယ်ဘုရား။ သာမန်အချိန်လည်း ဒေါသ နည်းအောင် အတက်နိုင်ဆုံး ထိန်းချုပ်နေပါတယ်ဘုရား။ ဒါကြောင့် ဆက်လက်ပြီး တရားမမ္မ လေ့လာရန်လည်း ကြိုးစာပါမည်ဘုရား။ ဆရာတော် ဘုရားရဲ့ ကျေးဇူးကြီး ပါတယ်ဘုရား။

ခိုင်သီတာမိုးထွန်း (Level-2)

တရားမမ္မ တွေကို ပို သိလာရပါတယ်။ မြတစွာဘုရားသည် သတ္တဝါတွေအပေါ် ထားသော အလွန် ကြီးမားတဲ့ ကရုဏာ ကို ကြည်ညိုု မိ ဘုရားနှင့်ပိုနီးစပ်သလို ဖြစ်မိ နေ့စဉ် မိမိစိတ် ကို အမြဲ သတိထားမိလာပါသည် တရားမမ္မ တွေရဲ့ကောင်းကျိုးတွေခံစား မိလာသည် ကုသိုလ်အကုသိုလ်တွေကိုခွဲတတ်လာ ပါသည် ပြောပြစရာ အလွန်များ စွာ ရှိပါသည်။"

ဖြိုးဝင့်ဇော် (Level-2)

တပည့်တော်မှ ဦးစွာ ဆရာတော် ဘုရားကြီးအား ကန်တော့အပ်ပါသည် ဘုရား။ ဆရာတော် ဘုရားကြီး ၏ ကျေးဇူးတော် များကြောင့် များစွာသော အသိဉာဏ်ထူးများ ရရှိပါသည်။လက်တွေ့ ကျင့်သုံးဖို့ လည် ကြိုးစားပါမည် ဘုရား။

ဦးဝင်းနိုင် (Level-2)

Level (1) ဆရာတော်ဘုရားကြီးရဲ့ သုတဓမ္မလေ့လာချိန်စာအုပ် ဖတ်ပြီး ဝမ်းသာလိုက်တာ ဘုရား ဇရပ်တစ်ခုမှာ လူစုံနေချိန် ဘာသာရေးဆရာတွေ တွေ့ပြီး ဆွေးနွေးနေချိန် ဘာသာတရားက တစ်ခုနဲ့တစ်ခု မတူကြဲ ယုံကြည်ချက်တွေ မတူကြဘူး ကွဲပြားခြားနားနေတယ် ဘာသာတစ်ခုကအမှန်လို့ ပြောနေချိန်မှာ အခြားဘာသာတစ်ခုက အမှားဖြစ်နေတယ်။ အမှားနဲ့အမှန် ရွေးချယ်ဖို့ရန် ဆရာတော် ဘုရားကြီး ဟောကြားတဲ့တရားကိုနာပြီး တပည့်တော်တောင် ဘုရားလက်ထက်ထဲ ရောက်သွားသလို ကိုယ်ကိုတိုင်ခံစားရပြီး ဝမ်းနည်းလာတယ်။ ဟား ငါနောက်ကြသွားပါလားဆိုပြီး နောင်တ ရမိတယ်။တချိန်က ကြမ်းတမ်းတဲ့စိတ်တွေရှိတယ် အခုတော့မရှိတော့ပါဘူး တခါတလေတော့ စိတ်တိုတိုလာတယ် LeveL(1-2-3) အားလုံးကြည့်ပြီး Level(3)က ပုဏ္ဏောဝါဒသုတ္တန် လာ လက်တုန့်ပြန်မှု မရှိသေ ရှင်ပုဏ္ဏ၏ စိတ်နေစိတ်ထားကိုကြည့်ပြီး အကောင်းဘက်ကိုသာ ရှုမြင်တတ်သည့် စိတ်နေစိတ်ထား(သူတော်ကောင်းတို့၏ စိတ်နေစိတ်ထားစိတ်နေသဘောထားတို့လို့ တပည့်တော်လည်း ကောင်းသည်ထက် ကောင်းအောင် ကြိုးစားအားထုတ်ပါမည်ဘုရား။

ဒေါ်စန်းစန်းမြင့် (Level-2)

နေ့စဉ်တရားနာယူခြင်း တရားကိုနားလည်မှ စာအုပ်ကိုဖတ်ခြင်း၊ နေ့စဉ်လက်တွေ့ ဘဝတွင် ယခင်ကထက်ပို၍အသုံးချနိုင်ပါသည်။ အမှန်တကယ်ဓမ္မအသိဖြင့်အကျိုးရှိရှိ နေထိုင်နိုင်အောင်ကြိုးစားသွားပါမည်။ မကောင်းတာတွေ မလုပ်မိအောင် နေ့စဉ် သတိထား ရှောင်ကြဉ်ရင်း ကောင်းတာတွေ ပိုလုပ်နိုင်သောအလေ့အကျင့်ကို ပျိုးထောင်လာနိုင်ပါသည်။ ယခုလို အသိဉာဏ်တွေရအောင် အခွင့်အလမ်း ပြုလုပ်ပေးပါသော်

ဆရာတော်ကြီးနှင့်တကွ ပညာဘူမိတက္ကသိုက်မှ တာဝန်ရှိသော ရဟန်းရှင်လူပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါတယ်။ ဆရာတော်ကြီး သက်တော်ရာကျော် ရှည်ပါစေဘုရား။"

Daw Khin Thu Zar (Level-2)

အရှင်ဘုရား ရှိသေစွာရှိခိုးပါသည်။ တပည့်တော်မသည် ယခင်က မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တယောက်အဖြစ်နေနဲ့သာ ၅ပါးသီလကို စောင့်ထိမ်းခဲ့ပါသည်။ အလုပ်ပင်ပန်း စိတ်ရှုပ်စရာများ ရရှိလျှင်၎င်း ၊အလုပ်နှင့် ပတ်သည့် တွေ့စုံပွဲများတွင်လည်း အရက်သေစာ (သုရာမေရ)ကံကိုသိသိနဲ့ အမှတ်တမဲ့ ကျူးလွန်နေမိပါသည်။ ထိုမှ စပြီး ဘားသွားပြီး တွေ့စုံပွဲနေမှတဆင့် လူနေမှုအဆင့်အတန်းတခုအနေဖြင့် အိမ်အသစ်ဆောက်ရာတွင် ဘားကောင်တာထားပြီး တန်အဖိုးကြီးအရက်ပုလင်းများစွာကို နိုင်ငံခြားမှသော်၎င်း၊ ပြည်တွင်းမှသော်၎င်း၊ဂုဏ်ယူစွာ ထားရှိအလှဆင်ခဲ့ပါသည်။ ယခုအခါ တပည့်တော်မသည် ဆရာတော် ဘုရားကြီးရဲ့ သုတဓမ္မ ဒီပလိုမာ Level1 ကိုစဖြေ ခွင့်ရပြီးကတည်းက ဆရာတော်ဘုရားရဲ့ တရားတွေနာပြီး သောက်နေတာမဟုတ်သေးပါဘူးဆိုပြီး အရက်သေစာကို ဧည့်ခံ ပွဲမှာတောင် အားနာပြီး လုံးဝ ရှောင်ကျဉ်ခဲ့သည်မှာ တနှစ်ခန့်ရှိပါပြီ။ယခု နှစ်တွင် Level 2 တရားများကို စတင် သင်ကြားနာယူခွင့်ရပြီး သောအခါ ၅ပါးသီလ ရဲ့ အကျိုးအပြစ်ကို ကြောက်မိပြီး ငါးပါ သီလ လုံအောင် သက်ထက်ဆုံးရှောင်ကျဉ်ပါမည်လို့ အဓိဋ္ဌာန်ပြုထားပါသည်။ နောက်အိမ် အသစ်ဆောက်ခဲ့ရင်လည်း ဘားကောင်တာမထည့်တော့ပါဘူးဘုရား။ တပည့်တော်မ တရားတော်များ ကိုလည်း ပိုသိခြင်လာပြီး တပည့်တော်မ စာများကိုကြိုးစား ပူဇော်ပါမယ်၊ ဆရာတော်ဘုရား ပေးမဲ့ညဒီပလိုမာကို ရယူနိုင်အောင်ကျိုးစားပါမယ်၊ ဆရာတော်ဘုရားလည်း အသက်ရှည်ပြီး သာသနာပြုနိုင်ပါစေလို့ လက်စုံမိုးပြီးကတော့ပါသည် ဘုရား။

AYE MYAT SU KYI Level (2)

စာမေးပွဲ အတွက် လေ့လာကျက်မှတ်ရင်းဖြင့် စိတ်ထဲ နှလုံးသားထဲ၌ လောဘ ဖြစ်လာခဲ့ရင် ဖြစ်မှန်း မငြိမ်းချမ်းသော ပူလောင်သော ဒေါသစိတ်ကလေး ဖြစ်ရင် ဖြစ်မှန်း အစက ဖြစ်ပြီး မှ သတိထားဖမ်းမိသော်လည်း ယခုနှစ်တွင် တဖြည်းဖြည်းနှင့် သတိထားမိ ဖမ်းမိ လာပါသည်။ ဝိသမဂတာယ ပဇာယ' စသော မငြိမ်းချမ်းတဲ့ သတ္တဝါထဲမှာ ငါဟာ ငြိမ်းချမ်းအောင်နေနိုင်တယ်။ ဆင်းရဲဒုက္ခရောက်နေကြတဲ့ သတ္တဝါထဲမှာ ငါဟာချမ်းသာစွာ နေနိုင်တယ် ဆိုသော စာကြောင်း အား စိတ်ထဲ ၌ အခါခါ နှလုံးသွင်း နေမိတတ် ပါသည်ဘုရား ...အကုသိုလ်တရားများဖြစ်လာချိန်တွင်လည်း စိတ်၏ အတွေးများထဲမှ တစ်နည်းနည်းဖြင့် ဖယ်ရှားလာနိုင်ပါသည်ဘုရား, တစ်လလေးသီတင်းဥပုလ်အားလည်း ဖေဖေမေမေ တပည်တော်ရယ် ကြိုးစားစောင့်တည်လာကြတာ Level1 စတက် ကတည်းက တစ်နှစ်ကျော်လာပါပြီဘုရား ခန္ဓသုတ်အားလည်း ယုံယုံကြည်ကြည် လေးလေးနက်နက် မေတ္တာပို့ ပွားပြီး ရွတ်ဖတ်လာနိုင်ပါတယ်ဘုရား မနက်တစ်ကြိမ် ညတစ်ကြိမ် ရွတ်ဖတ်ပွားများပါတယ်ဘုရား သမထနဲ့ဝိပဿနာ အားလည်း Level1 မှစ လေ့လာကတည်းက အသိနှင့် အကျင့်ပါအောင် ၁၀ မိနစ်မှ စ တိုးတုံး ထိုင်ထိုင်လာ၍ ယခု ၁နာရီ ကြိုးစား ထိုင်ပါသည်။ ထမင်းစားခြင်းထက် အရေးပါဆုံး တစ်နေ့တာတွက် အရေးကြီးဆုံးအလုပ်ဟု သတ်မှတ်ထားပြီး မရရအောင် ကြိုးစားပြီး မနက်တစ်ကြိမ် ညတစ်ကြိမ် အနည်းဆုံး နာရီဝက် အများဆုံး တစ်နာရီ ရအောင် ထိုင်ပါတယ်ဘုရား ပါချုပ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော် အနန္တအား ရိုသေလေး မြတ်စွာရှိခိုးပါတယ် ဘုရား ပညာဘူမိမှ ဆရာတော် အားလုံးကိုလည်း လေးစားစွာ ရှိခိုးကန်တော့ ပါတယ်ဘုရား။

မအေးမြသန္တာ (Level-2)

ဘုရား တရား သံဃာ ဆရာ မိဘကို အရင်ဆုံး လက်အုပ်ချီမိုး ရှစ်ခိုးပါတယ် ဘုရား။ တပည့်တော်မ သုတမမွှ Level 2 သင်တန်းဖြေဆိုပြီးပါပြီဘုရား တစ်ဆင့်ပြီးတစ်ဆင့် ဓမ္မအသိဉာဏ်တွေ ရရှိခဲ့ပါတယ်ဘုရား၊ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည် ကိုလေ့လာခြင်း အားဖြင့် ယောနိသောမနသိကာရ နှလုံးသွင်းမှန်ကန်စွာ ထားတတ်ဖို့ ဘဝအတွက် အဆင့်မြင့်မြင့်နေထိုင်ဖို့အရည်အချင်များ နှင့် ဓမ္မအသိဖြင့် နှလုံးသွင်းရမည့် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တော်များ ၊ကိုယ်ကျင့်သီလအပေါ်အာရုံပြုပုံ ဒေဝတာနတ်တို့ အရည်အချင်းများကို အရင်က ပါဠို လိုပဲသိခဲ့တာ အခုအနက်အဓိပ္ပါယ်ပါ သိရှိတော့ ပိုပြီးတန်ဖိုးမဖြတ်နိုင်အောင် ကြည်နူးဝမ်းသာရပါတယ် ဘုရား။ စိတ်၏အတွေးများ ခေါင်းစဉ်ကိုလေ့လာသင်ယူခြင်းဖြင့် မှန်ကန်တဲ့အတွေး မှားယွင်းတဲ့အတွေးများ ကို အစားထိုးဖယ်ရှားပုံများ လောဘအတွေး ဒေါသအတွေ မောဟ အတွေးတွေထဲမှာ မောဟ အတွေးကအန္တရာယ်ရှိတဲ့အတွေးနှင့် ဖယ်ရှားနည်း များကိုပါ ဓမ္မအသိတွေ တိုးစေပါတယ် ဘုရား။ ဥပုလ်စောင့်ခြင်း ကိုသင်ယူခြင်းဖြင့် ဥပုလ်အဓိပ္ပါယ် ဥပုလ်စောင့်ခြင်း ရည်ရွယ်ချက် ဥပုလ် ၃မျိုးမှာ အရိယာဥပုလ် က သူတော်စင် ရဟန်းများစောင့်သုံးတဲ့ဥပုလ် စိတ်အညစ်အကြေးကို ဆေးကြောပေးပြီး ရှစ်ပါးသီလကိုခံယူဆောက်တည်ရတဲ့ဥပုလ်ဟု သိရှိခဲ့ရပါတယ် ယခင် ရှစ်ပါးသီလအဓိပ္ပါယ်မသိခဲ့ပါ အခုအနက် အဓိပ္ပါယ်ပါ သိခဲ့ရပါပြီ ဘုရား ဥပုလ်တန်ဖိုးက နတ်ပြည်အားလုံးကိုရောက်စေနိုင်ပြီး သိကြားမင်း ပြောသော ဥပုလ်နှင့် မြတ်ဗုဒ္ဓ ပြောတဲ့ ရဟန္တာစောင့်ချင်ဥပုလ်စောင့်ဆိုသည့်အတိုင်း အကျိုးများ ပုံတွေပါ လေ့လာခွင့်ရခဲ့ပါသော် ဘုရား။ ခန္ဓာသုတ် ပါဠိလိုပိုရွှတ်ဖတ်ပြီး အနက်အဓိပ္ပါယ် ကိုမသိခဲ့ပါ ယခု မြွေအာလုံးရဲ့ပြင်းထန်သောအဆိပ်သာမက အခြားအဆိပ် ရှိသော သတ္တဝါ တွေရဲ့ အန္တရာယ်လောကမှာကြုံတွေ့နေရတဲ့ဘေးအန္တရာယ်များကို ကာကွယ် နိုင်သည့် အစွမ်းအထက်ဆုံးသုတ် ဟုသိခဲ့ရပါပြီဘုရား အပြင်အန္တရာယ်ထက် အတွင်း အန္တရာယ် ကို ကာကွယ်ဖို့ မဂ္ဂင်ရှစ်ပါးတရား ကို ကြိုးစားအားထုတ်ဖို့ပါ လေ့လာမှတ်သား ရပါ တယ် ဘုရား။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန် မှာ သောတပန် သကဒါဂန် အနာဂန်

ရဟန္တာများ သာကျင့်ရတာမဟုတ်ဘဲ လူတိုင်းကျင့်ရန် လိုအပ်ကြောင်း၊ ဘာကြောင့် ကျင့်သင့်တာလဲ ဘယ်အရာတွေပယ်ရှားရမယ်ဆိုတာ ဒီဋ္ဌသတ်လည်းသတ်တယ် တဏှာလည်း သတ်ရုံမက ကိလေသာမှန်သမျှပယ်သတ်တယ်ဆိုတဲ့အကြောင်း၊ အဆိုး တရား (၄)ပါး အကောင်းတရား၃ပါး သတိပဋ္ဌာန် အကျိုး၇မျိုး၊ နိဗ္ဗာန် ရောက်စေတဲ့ အကြောင်းတရားဖြစ်ပြီး ထုတ်လုပ်ပေးတာ မဟုတ်ကြောင်း ဓမ္မအသိတွေ များစွာ ရရှိခဲ့ပါတယ် ။

နိုးနိုးမြတ်ကျော် Level (2)

မိမိရဲ့လုပ်ရပ် မိမိရဲ့ အပြုအမူ အပြောအဆို အတွေးအခေါ်တွေကို သေချာမြင်တတ် လာပါတယ်ဘုရား။ လူတွေကို ခွဲခြားသိမြင်လာနိုင်သလို့ မိမိလုပ်ရပ်တွေ အပြုအမူ တွေပေါ်မှာလည်း ကောင်း ဆိုး တွေကို ပိုမိုခွဲခြားလာနိုင်ပါတယ် ဘုရား။

ဒေါ်ဝေဇင်နောင်း (Level-2)

ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေကို ပူဇော်ရင်းနဲ့ အတွေးအခေါ်တွေ အသိဉာဏ်တွေဟာ တိုးတက်လာပါတယ်။ ဘယ်လောက်ထိတိုးတက်လာသလဲဆိုရင် ဒေါသစိတ်လေး ဖြစ်ရင်ချက်ချင်းထိန်းနိုင်သလို အားငယ်ဝမ်းနည်းစိတ် တွေကြုံလာတဲ့ အခါ မှာလည်း စိတ်ကိုဘာနဲ့အစားထိုးဖြေဖျောက်ရမလဲဆိုတဲ့ ကောင်းမွန်ပြီး လက်တွေ့ကျတဲ့ နည်းလမ်းတွေအပြင် စိတ်ရဲ့အညစ်အကြေးတွေဖြစ်တဲ့ နီဝရဏ တရားများကို အခြေခံထားလို့ သတိပဋ္ဌာန်လေးပါးကို ပွားများကျင့်ကြံမယ်ဆိုရင်ဖြင့် လောကမှာ ကြုံတွေ့နေရတဲ့ သောကအပူတွေ နည်းသထက်နည်းလို့ စိတ်ကို အေးချမ်း စေတဲ့ ဘဝပိုင်ရှင်တွေဖြစ်နိုင်ကြလို့ ဒီတရားတော်တွေကို လူတိုင်းလူတိုင်း နာယူ ပူဇော်သင့်ပါတယ်လို့ရေးသားရင်း ဆရာတော်ဘုရားကြီးသက်ရှည်ကျန်းမာစွာ သာသနာ ပြု နိုင်ပါစေ လို့ ဆုတောင်းပေးလိုက်ပါသည်ဘုရား။

ဇေယျာအောင်(Level-2)

ဆရာတော်ကြီး၏ တရားတော်များကို သေချာနာယူခဲ့သောကြောင့် ယခုစာမေးပွဲတွင် ပိုမိုဖြေဆိုနိုင်ခဲ့ပါသည်ဘုရား။ အရင်ကထက် လောဘဒေါသများနည်းလာပါတယ်ဘုရား ပြုလုပ်သင့်သည်များကိုပြုလုပ်နိုင်လာပြီး မပြုလုပ်သင့်သည်များကိုလည်း တတ်နိုင်သမျှ နည်းအောင် လုပ်လာနိုင်ပါသည်ဘုရား။ ဆရာတော်ကြီး၏ တရားတော်များကို စိတ်တွင်စွဲနေအောင်နာယူနိုင်ပါက ပိုအကျိုးထူးနိုင်မည်ဟု ထင်မိပါတယ်။

မောင်ခန့်ဇေယျမင်း (Level-2)

ကျေးဇူးတော်ရှင် ပါမောက္ခချုပ်မဟာထေရ်ရှင်သူမြတ်ကြီးဘုရား။ ဘုရားတပည့်တော် ခြေတော်စုံ ဦးခိုက်ဝပ်ဆင်းခယ ရှိခိုးပူဇော်အပ်ပါသည်ဘုရား။ ဘုရားတပည့်တော် ငယ်ရွယ်စဉ် ငါးနှစ်သား အရွယ်ကစ၍ ယဉ်ကျေးလိမ္မာ သင်တန်းများ ဓမ္မစကူးလ် သင်တန်းများ ပေါ်ပေါက်လာချိန်မှာလည်း ဘုရားတပည့်တော် သင်ယူ လေ့လာခဲ့ပါတယ် ဘုရား။ ငယ်ရွယ်သော အချိန်ကပင် ဘာသာရေးနှင့် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်အကြောင်းအရာများ နှင့်ရင်းနှီးကျွမ်းဝင်သိရှိခဲ့ပြီး ပရဟိတနှင့် သာသနာ့ အကျိုးဆောင်အဖွဲ့များမှာ ဝင်ရောက် ပြီး ပါဝင်ကူညီဆောင်ရွက်ခဲ့ပါတယ်ဘုရား။ အသက်အားဖြင့် 15နှစ်အရွယ်လောက်မှာ အဘိဓမ္မာ အခြေခံသုံးဆင့်ကို တက်ရောက်ခဲ့ပြီးဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ပါသည်။ ဆိုင်ရာဘွဲ့တံဆိပ်များလည်းအပ်နှင်းခြင်းခံခဲ့ရပါသည်ဘုရား။ ဤကဲ့သို့ ဘာသာရေးနှင့် ဗုဒ္ဓစာပေ ဗဟုသုတများမှာ ရင်းနှီးကျွမ်းဝင်လေ့လာဖတ်ရှုခြင်းဆောင်ရွက်ခြင်းတို့ကြောင့် လူလေးစားခံခဲ့ရပြီး အရေးပါအရာရောက်ခဲ့ပါသည်ဘုရား။သို့သော် ဘုရားတပည့်တော် သည် သွားရင်းသွားရင်း လမ်းလွဲသကဲ့သို့ ငါ့အသက်အရွယ် ငါ့လိုလူငယ်တွေမှာ ငါ့လို ဗုဒ္ဓစာပေလေ့လာသူတွေရှိသလား ငါ့လိုသိနိုင်ပါ့မလား ငါပြောပြရင်လည်း ဒီလူတွေ နားလည်မှာမဟုတ်ပါဘူးဟု အတွင်းစိတ်သဏ္ဌာန်မှာ စိတ်မထားတတ်ဘဲ မာနနှင့် မကောင်းသောအတွေးအထင်များကို အဟုတ်ဟုထင်မှတ်ပြီး ရင်ဝယ်ပိုက်ခဲ့ မိပါသည်

ဘုရား။ အပြင်ဆက်ဆံမှု ပုံစံမှာ ချိုချိုသာသာ ဖော်ဖော်ရွေရွေ ရှိနေသော်လည်း အတွင်း စိတ်ထဲ မှာတော့ မကောင်းသည့် အတွေးအထင်အမြင်တွေကို ရင်ဖယ်ပိုက်၍ ထိုနီဝရဏာ တရားများ၏ တားဆီးပိတ်ဆို့မှုကြောင့် ဘုရားတပည့်တော်ဆက်လက်၍ ဓမ္မစာပေနှင့် ဗုဒ္ဓမြတ်စွာ၏ သဘာဝဓမ္မကို လေ့လာကျင့်ကြံခြင်း မရှိနိုင်ခဲ့ပါဘူး ဘုရား။တစ်နေ့သော အခါမှာ ဘုရားတပည့်တော် သုတဓမ္မဒီပလိုမာ ဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပနေသည့် ပွဲအခမ်းအနားများနှင့် ဆရာတော်ဘုရားကြီး၏ ဓမ္မစာမေးပွဲများနှင့်ပက်သက်ပြီး မိန့်ကြားတော်မူခဲ့သည့် ဩဝါဒကထာကို ဖတ်ရှုနာကြားရပြီးနောက် ဘုရားတပည့်ရဲ့ စိတ်အစဉ်မှာဖြစ်နေတဲ့ ရင်ဖယ်ပိုက်မိထားသော မကောင်းသည့်အတွေး အထင်အမြင် များကို သတိထားမိ၍ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာအတိုင်း စာမေးပွဲ အောင်မြင်ခြင်း မအောင်မြင်ခြင်းထက် ဓမ္မအသိရရှိဖို့ ဓမ္မကိုကျင့်သုံးနိုင်ဖို့ ဓမ္မကိုပူဇော်နိုင်ဖို့ ဓမ္မကိုလက်ကမ်း၍မှီနေသမျှဖြန့်ဝေနိုင်ဖို့ ရည်ရွယ်ချက်များဖြင့် သုတဓမ္မဒီပလိုမာ L.1ကို ဖြေဆိုပူဇော်ဖို့ စာရင်းပေးသွင်း၍ လေ့လာဖတ်ရှုမှတ်သားခဲ့ရပါတယ်ဘုရား သုတဓမ္မ ဒီပလိုမာ L.1 ကနေ အမှန်တရားဆိုသည့်အရာကို မိမိဉာဏ်ဖြင့် စဉ်းစားသုံးသပ် ရမည့်ဆိုသည့် ဓမ္မအသိများ မေတ္တာ၏ အနှစ်သာရ ဓမ္မအသိများ အပြင် နက်နဲလှပါသော အဘိဓမ္မာဒေသနာတော်မြတ်ကြီးကို ဖြေဆိုပူဇော်အောင်မြင်ထားလင့်ကစား ကမ္မည်း ပေါင်း များစွာတို့အား နှိုးနှောမိပြီး မရှင်းလင်းနိုင်သည့် သမထ ဝိပဿနာ အကြောင်းကို ထင်ရှားစွာ သိမြင်ခဲ့ရပါသည်ဘုရား။ ဤကဲ့သို့ဖြင့် ဘုရားတပည့်တော် Level 1စာမေးပွဲ အားကောင်းစွာဖြေဆိုပူဇော်အောင်မြင်ခဲ့ပြီး မှန်ကန်သော စိတ်အစဉ်ကအထောက်အပံ့ ပေးမှုကြောင့် Level 2 ကို စောစီးစွာလေ့လာပူဇော်ခဲ့ပါတယ်ဘုရား။ Level 2 တွင်ပြဋ္ဌာန်းအပ်သော "ဓမ္မအသိဖြင့်အကျိုးရှိရှိနေမည် ""တရားတော်ကို လေ့လာပြီး သည့်အခါ တွင် ဘုရားတပည့်တော်၏ စိတ်ကိုဘယ်ကဲ့သို့ ထားရမည် ကိုကောင်းစွာ သိရှိရှင်းလင်းခဲ့ရပါသည်ဘုရား။ "" စိတ်၏အတွေးများ" "တရားတော်ကို လေ့လာပြီးတဲ့ အခါမှာ ပီတိသောမနဿကြောင့် မျက်ရည်များပင် ဝဲခဲ့ရပါတယ်ဘုရား တပည့်တော် က မကောင်းသည့်အတွေးအထင်အမြင်ကို ရင်ဖယ်ပြီး အဟုတ်မှတ်နေခဲ့သည့်အတွက်

ဒီအတွေးတွေ ဖိစီးနှိပ်စက်သည့်ဒဏ်ကို အမှန်ပင် ဤတရားကို ဖတ်ရှုလေ့လာပြီး ကြိုးစားကျင့်သုံးသည့်အခါ တကယ်ပင် စိတ်ပေါ့ပါးလန်းဆန်းပြီး ငြိမ်သိမ်မှုကို ခံစားရပါသည်ဘုရား။ ဥပုလ်စောင့်ခြင်း၏ အဓိပ္ပာယ် တရားတော်မြတ်ကို ဖတ်ရှုလေ့လာပြီးသည့် အချိန်တွင် တစ်သက်တာလုံး ဒွိဟဖြစ်ခဲ့ရသည့် ဝိကာလဘောဇနာသီ အကြောင်းကို ဘုရားတပည့်တော် ထင်ရှားစွာ သိရှိနားလည်ခဲ့ရပါသည် ဘုရား။ ခန္ဓသုတ် အနှစ်ချုပ်ကို ဖတ်ရှုလေ့လာပြီးသည့်အချိန် တွင် မြတ်ဗုဒ္ဓ၏ ပရိတ်ဒေသနာ နှုတ်ကပါတ်တော်များ အပေါ်မှာ ပိုမိုရှု ယုံကြည်ချက်တွေ ခိုင်မာလာခဲ့ရပါသည်ဘုရား။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန် တရားတော်အားလေ့လာဖတ်ရှုခဲ့ပြီးသည့်အချိန်တွင် သင်ခဲ့သမျှ ဓမ္မစာပေတွေ အကုန် ရောနှော၍ ကသိုဏ်းတွေ ကမ္မဋ္ဌာန်းတွေ ဘာဝနာတွေ ဘာကိုရှုလို့ရှုရမှန်း တိတိပပမသိခဲ့ပဲ အကုန်လေ့လာခဲ့သည့်စိတ်ကဝင်၍ ဘယ်အကျင့်ကကောင်းလည်း ဒီအကျင့်က ကောင်းမယ်ဆိုပြီး ယောင်ဝါးဝါးဖြစ်နေသော ဘုရားတပည့်တော် ဘယ် အကျင့်က နိဗ္ဗာန်ကိုရောက်နိုင်သလည်းဆိုတာ ကောင်းစွာသိရှိ သွားခဲ့ရပါသည်ဘုရား။ ဘုရားတပည့်အတွက် ပါမောက္ခချုပ်အရှင်သူမြတ်ကြီးသည် အမိုက်တိုက်ကို ဖြုခွင်း၍ တစ်ထောင်သောရောင်ခြည်ဖြင့် တန်ဆာဆင်အပ်သောသူရိန်နေမင်းကဲ့သို့ ဘုရား တပည့်တော်၏ မီးရှူးတန်ဆောင်းကြီးဖြစ်ပါတော့သည်ဘုရား။ ဆရာတော်ဘုရားကြီးအား ဦးရေဆံမျှင်ရှိသမျှ အကြိမ်ကုဋေကုဋ္ဌာမက ရှိခိုးဦးခိုက်အပ်ပါသည် အရှင်သူမြတ်ကြီး ဘုရား။ သာသနာ့ဝန်၊ ခန္ဓာ့ဝန်ကို လွယ်ကူစွာဆောင်တော်မူ၍ဘုရားရဟန္တာ အရိယာနွယ် လောင်း အရှင်သူမြတ်ကောင်းတို့၏ သိအပ်သော အရိယာမဂ်ဖိုလ်ကို ဒီထက်မက ညွှန်ကြားပြသ ဆိုဆုံးမလမ်းညွှန်တော်မူနိုင်ပါစေဘုရား။

မသဉ္ဉာအိအိဇင် (Level-2)

တရားတော် ၅ ပုဒ်စလုံးက ဘဝအသိတိုးတက်စေပါသည်။ တပည့်တော်မအတွက် စိတ်၏ အတွေးများ တရားတော်ကတော့ အားအရဆုံး တရားတော်ဖြစ်ခဲ့ပါတယ်၊ အဘိဓမ္မာ မသင်ယူဖူးတဲ့တပည့်တော်မ အဖို့ စိတ်နဲ့အတွေး (ဝိတက်) ကို မကွဲပြားတဲ့ ဒိဋ္ဌအမြင်

ရှိခဲ့ပါတယ်။ သုတမမွေလေ့လာမှ ကွဲကွဲပြားပြားသိရှိရ၍ ပြောမပြတတ်အောင် စိတ်ကြည်နူး ရပါတယ်ဘုရား။ သုတမယ မှ ဘာဝနာမယသို့ ကျင့်နိုင်အောင်လည်း ကြိုးစားနေပါတယ် ဘုရား။

Mya Theingi (Level-2)

ဆရာတော်ဘုရားကြီးအား အလွန်ကျေးဇူးတင်မိပါသည်။တပည့်တော် အရင်ကဆို အလွန်ပြောလွယ်ဆိုလွယ်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေတစ်ပုဒ် နာယူပြီးတိုင်း အသိတရားတစ်ခု တိုးရပါတယ်ဘုရား အပြောအဆိုတွေ ဆင်ခြင်တတ် လာတယ် ကိုယ့်စိတ်ကို သတိထားတတ်လာတယ်၊ ကိုယ့်အတွေးတွေကိုလည်း သတိထား တတ်လာပါတယ် ၊တရားတော်တွေ နာယူပြီးတိုင်းလည်း ဒီလောက်ကောင်းတဲ့ လက်တွေ့ဘဝအတွက်ချက်ချင်းအသုံးဝင်စေတဲ့ တရားတွေဖြစ်လို့ ဆရာတော် ဘုရားကြီး ကို အကြိမ်ကြိမ်ကျေးဇူးတင်မိပါတယ်ဘုရား ဆရာတော်များ သက်ရှည် ကျန်းမာကြ ပါစေ။

မိုးငံမာအောင်(Level-2)

တပည့်တော်မအထက်တန်းပြဆရာမ တစ်ယောက်ပါဘုရား။ ဆရာတော်ဘုရားကြီးကို 2009တုန်းက။ ပါမောက္ခဒေါက်တာဒေါ်ခင်တင့် ကနေ ဝါဆိုသင်္ကန်းကပ်ပွဲမှာ ဆရာတော် ဘုရားကြီးကိုပင့်ပြီ တရားပွဲကျင်းပခဲ့တုန်းက ဆရာတော်ဘုရားကြီးကို တပည့်တော်မ တစ်ခေါက်ဖူးခွင့်ရခဲ့ပါတယ်။ အဲချိန်ကစပြီ နောက်တစ်ခေါက်ဆရာတော် ဘုရားကြီးကို ဖူးခွင့်ရပါစေလို့ အမြဲတမ်း ဆုတောင်းနေမိတယ်။ လိုင်းသုံးရင်းနဲ့ 2024ခုနှစ်မှာ ဆရာတော်ကြီး ပညာဘူမိတက္ကသိုလ် တည်ထောင်ထားတာတွေ့တော့ သုတမမွေဒီပလိုမာ Level(1ကိုကိုယ့် self-study နဲ့ ဆရာတော်ဘုရားကြီးရဲ့ တရားကို နာရင်းစဖြေခဲ့ပါတယ်။ အခုဆို တရားအသိတွေ အများကြီးရသလို လက်တွေ့မှာလည်း ကျင့်သုံးနေပါတယ်။

တရားတော် အကုန်လုံး တပည့်တော်မ အရမ်းကြိုက်သလို တရားတော်ထဲမှာပါတဲ့ ဆောင်ရန်ရှောင်ရန် အချက်ကိုလည်း မှတ်သားတယ်။ တပည့်တော်က overthinking သမားဆိုတော့ ဆရာတော်ဟောတဲ့စိတ်၏ အတွေးများစိတ်၏ အညစ်အကြေးများ ထဲက တရားတွေ တပည့်တော်မအတွက် အဖိုးမဖြတ်နိုင်ပါဘူး။ အခုဆို တပည့်တော်မ မကောင်းတဲ့ အတွေးကို အများကြီး လျှော့တွေးတတ်နေပြီ။ လူတွေအပေါ်လည်း ယောနိသောမနသိကာရ ထားတတ်နေပါပြီ။ အရင်ကဆိုကိုယ်ကတစ်ယောက်ယောက်ကို ကူညီပေးထားဖူးရင် အဲဒီလူကတပည့်တော်မကို ပြန်ပြီး အကူညီ ပြန်ပေးရမှ ကျေနပ်တဲ့ လူမျိုး။ အခုဆို ဆရာတော်တရားကို နာပြီးတဲ့ချိန်ကစပြီး အဲဒီစိတ်တွေ လုံးဝမရှိတော့ဘူး ကိုယ်ကူညီပေးဖူးတဲ့လူဆီကနေ ဘာအကူညီမှ မမျှော်တော်ဘူး ငါလုပ်ထားလို့ သူတို့ အဆင်ပြေ သွားပြီ သူတို့ဆီကပြန်ရလိုချင်လည်း မရှိတော့ဘူး။ အခုဆို တပည့်တော်မ ဆရာတော်ဘုရားရဲ့ တရားတွေ နေ့တိုင်းမနာရရင် စိတ်ထဲမှာ တစ်ခုခုလိုနေသလို။ တရားစာတွေ လေ့လာရင်းနဲ့လည်း စိတ်ထဲမှာ ဝိတိဝမ်းသာစိတ်တွေ ဖြစ်ပေါ်လာတယ် ဆက်ပြီတော့လည်း တရားအသိတွေ ထပ်ခါထပ်ခါ သိချင်လာတယ်။ ဒါကြောင့် တပည့်တော်မ BAထိတက်လှမ်းပြီး တရားတော်ထဲမှာပါတဲ့အတိုင်း လိုက်နာ ကျင့်သုံးရင်း နဲ့ ဆရာတော်ဘုရားကြီး ကိုလည်း နောက်တခေါက် ဖူးခွင့်ရပါစေ တပည့်တော်မ ဆုတောင်းလိုက်ပါတယ်။

ဒေါ်မြင့်မြင့်သီ (Level-2)

တပည့်တော်သည် သုတမမ္မစာမေးပွဲက ဘယ်လိုဟာပါလဲဆိုပြီး လေ့လာဖတ်ရှုရင်း ဆရာတော်ဘုရား၏ ဟောတရားများကို နာကြားခဲ့ပါသည်။ Level-1ကို စလေ့လာစဉ် က ဒီတရားတွေ တော်တော်ခက်ပါလား၊ ငါမလုပ်နိုင်လောက်ဘူးဟု စိတ်ဓာတ်ကျခဲ့ပါ သည်။ စာမေးပွဲဖြေရမဲ့ရက် သိရတဲ့အချိန်မှာ ငါရအောင်ကျိုးစားမယ်၊ ခလေးအရွယ်တွေ၊ အသက်အရွယ်ကြီးတဲ့ သူတွေတောင် ဖြေနေကြတာ ငါရအောင်လုပ်ရမယ် ဆိုပြီး

ကြိုးစား လိုက်တာ တရားတွေဖတ်ရူလေ့လာ နာကြားရင်း၊အကုသိုလ်တရားများ ကင်းပြီး ငြိမ်းချမ်းတဲ့အသိတွေ ခံစားရပါတယ်ဘုရား၊Level-1 ဖြေပြီးရင် တော်ဘီလို့ဆုံးဖြတ်ထား တာတွေ နောက်ဆုတ်သွားပါတယ် ဘုရား။ ကျန်းမာရေး ကောင်းနေသ၍ အသက် မသေသေးရင် ရသလောက် ဆက်လက်ဖြေဆိုသွားမယ်လို့ ဆုံးဖြတ်ထားပါတယ် ဘုရား၊

ဆရာတော်ဘုရားကျန်းမာချမ်းသာပါစေဘုရား။

ဒေါ်မွေးမွေး (Level-2)

စာမေးပွဲဖြေဆိုခြင်း သက်သက်မဟုတ်ဘဲ ဆရာတော်ကြီး ဟောကြားထားသော တရားတော်များကို အမြဲမပြတ် နာကြားခဲ့ပါသည်ဘုရား။ တရားဦးဓမ္မစကြာ် လောကသား တို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်၊စသည့် တရားတော်များအား နာယူ လေ့လာခွင့် ရသဖြင့် ဆရာတော်ဘုရားကြီးအား ကျေးဇူးတင်ကြည်ညိုလှပါသည်ဘုရား။
ဆရာတော်ကြီး နှင့်တကွ စီစဉ်ဆောင်ရွက်ပေးကြသော ရဟန်းတော်များ အားလုံး၏ သာသနာပြုလုပ်ငန်း ပိုမိုအောင်မြင်ပြီး လူသားအားလုံး၏ နှလုံးသားတွင် မြတ်ဗုဒ္ဓ၏ အဆုံးအမ ကိန်းအောင်း နိုင်ပါစေကြောင်း ဆုတောင်းပါသည်ဘုရား။

မဝင်းဝင်းခိုင် (Level-2)

Levelတဆင့်မှတဆင့်လေ့လာမှတ်သား ပူဇော်ရသော ဓမ္မအသိများသည် မိမိအတွက် ကြုံတွေ့နေရသော ယခုအချိန်အတွက် များစွာအကျိုးရှိပါသည်ဘုရား။ မြတ်ဗုဒ္ဓ၏ ဓမ္မအသိများဖြင့် လောကီလူ့ဘဝမှာ နေထိုင်ရသည်မှာ တန်ဖိုးဖြတ်မရပါဘုရား ဓမ္မရေးရာဘက်တွင်လည်း များစွာအကျိုးရှိပါသည်ဘုရား။ သစ္စာတရားများကိုသိသည့် ဥာဏ်တွေလည်း တိုးတက်လာတယ်ဘုရား။ ကြုံတွေ့နေရသောယခုလို အချိန် ကာလတွင် မိမိစိတ်ကလေးကို ကောင်းမွန်စွာဖြင့် အေးချမ်းအောင် နေတတ်အောင်လည်း သတိလေးဖြင့် ထိန်းကျောင်း တတ်လာပါတယ်ဘုရား။ ဆရာတော်ဘုရားနှင့်တကွ သံဃာတော် အရှင်သူမြတ်များ အားလုံးသက်ရှည်ကျန်းမာကြပါစေဘုရား။

ဦးထွန်းတေဇောအောင် (Level-2)

သုတဓမ္မဒီပလိုမာlevel1/2 စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း အသိညာဏ်တွေ များစွာ တိုးတက်လာပါကြောင်း၊ အရင်ထဲက ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ချင်စိတ်ကိုပိုမိုခိုင်မာ လာပါကြောင်း၊ စာနဲ့ရင် များစွာကုန်မည် မဟုတ်ပါကြောင်း၊ ဘုရားဟော နဲ့အညီ ဆရာတော်ဘုရားကြီး ချမှတ်ပေးထားသော နည်းလမ်းအတိုင်း သင်ထားသော ပညာရပ်များကို အတတ်နိုင်ဆုံး အပြင်လက်တွေ့ဘဝတွင် လိုက်နာလျှက်ဆက်လက် ကြိုးစားသွားပါမည်။ ဆရာတော်ကြီးထံ လျှောက်လိုသည်က ဆရာတော်ဘုရား ကျန်းမာစွာဖြင့် အသက်ရာကျော်ထိ နေစေချင်ပါကြောင်း စိတ်ထဲက အစစ်အမှန် မေတ္တာ ပို့သပေးပါကြောင်း၊ ဆရာတော်ဘုရားအားလည်း ဖူးတွေ့ခွင့် ရပါစေကြောင်း ဆုတောင်းပြီး မေတ္တာပို့သပေးပါသည်။"

ဦးအောင်ဖြိုးမြင့် (Level-2)

Level-2 တရားတော်များအနက် တရားအမှတ်စဉ်(၂) ဥပုလ်စောင့်ခြင်းအဓိပ္ပာယ် တရားတော် အားနာယူရာမှ အရိယာပုဂ္ဂိုလ်တို့၏ အရိယုပေါသထ ဥပုလ်အား ဝါတွင်း ကာလတစ်တွင်းလုံးဥပုလ်စောင့်သုံးခဲ့ပါသည် ပဋိဇာဂရ ဥပုလ်စောင့်သုံးရန်လည်း ထိုစဉ်ကတည်း စိတ်အားထက်သန်ခဲ့ပါသည် ဘုရား။ ထို့ကြောင့် Level-2 တရားတော်များ စတင်ပူဇော်ခဲ့သည့် ၂၀၂၆-ခုနှစ် နှစ်စမှစတင်ကာ ဝါပကာလ ဥပုလ်သီလပါ တပည့်တော်၏ သက်တော်ထင်ရှား ဘုရားနှစ်ဆူဖြစ်သည့် မိဘနှစ်ပါးနှင့်အတူ သီတင်းလေးပတ် (၄)ရက် ဆောက်တည်ခဲ့ကာ ဥပုလ်စောင့်ခြင်းအဓိပ္ပာယ်တရားတော်အား နေ့စဉ်ပူဇော်ရာမှ ရှေးသူတော်စဉ်များ စောင့်သုံးကြသည့် ပဋိဇာဂရ ဥပုလ်အား စာမေးပွဲလဖြစ်သည့် ဇွန်လအတွင်းဆောက်တည်နိုင်ခဲ့ကာ စာမေးပွဲဖြေဆိုသည့် ၂၈-၆-၂၀၂၆ ရက်နေ့သည် ပထမဝါဆိုလဆန်း(၁၄)ရက်နေ့သည် ပဋိဇာဂရဥပုလ်၏ အကြိုစောင့်သုံးခဲ့ရာ ဆရာတော် ဘုရားကြီး၏ ကျေးဇူးတော်ကြောင့် တရားတော်များအား အင်္ဂါရုစ်ပါးနှင့်ပြည့်စုံသော

ဥပုလ်သီလ ဆောက်တည်ရင်း တရားတော်များအားဖြေဆိုခဲ့ရာ ပိုမို အဓိပ္ပာယ် ပြည့်စုံခဲ့ရပါသည် အရှင်ဘုရား ၂၈-၆-၂၀၂၆ ရက်နေ့ Level-2 စာမေးပွဲအား ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ပြီး Level-3 သို့ တက်လှမ်းနိုင်ဖို့ မိမိကိုယ်ကို ခိုင်မာစွာ ယုံကြည်သည့် အလျောက် ယနေ့မှစ၍ Level-3 တရားတော်များ စတင်ပူဇော်ခဲ့ရာ တရားအမှတ်စဉ်(၂) ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက် တရားတော်မှ ""ရှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိက"" တို့၏ အမေး/ အဖြေကိုနာယူမှတ်သားရာမှ ဘာသာတရား လိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက် အစစ်အမှန်ဟာ မသိသေးတာတွေသိဖို့, အမှန်တရားတွေကိုသိဖို့ ဘာသာတရားလိုက်နာခြင်းသာဖြစ်တယ် ကံတရားတွေကို အပြောင်းအလဲလုပ်ဖို့ ဘာသာတရားကိုလိုက်နာတာ မဟုတ်ဘူး "" ဆိုသည့် တန်ဖိုးရှိသည့် အသိဉာဏ် တစ်ခုရရှိခဲ့ပါသည် ဘုရား။

ဒေါက်တာရွှေစင်အိ (Level-2)

ဓမ္မအသိဖြင့်အကျိုးရှိအောင်နေနည်း၊ စိတ်နဲ့အတွေးမတူပုံစိတ်ထားနည်း၊ ခန္ဓသုတ်ရဲ့ အစွမ်းများ ရွတ်ဖတ်ပုံနဲ့ စိတ်ထားနည်း၊ ဥပုလ်သီလဆောက်တည်ပုံနှင့် အဓိပ္ပါယ် အကျယ်များ၊ သတိပဋ္ဌာန်ကျင့်ခြင်းအကျိုးများကို သိမှတ်လေ့လာရပါသည်။ ခေတ်ကာလ မကောင်းသည့် အခြေအနေကြားတွင် အသက်မွေးနေရသော သူတစ်ဦးဖြစ်ပြီး ငွေကြေးအရအဆင်ပြေသော်လည်း လူသားတစ်ဦးဖြစ်သည့်အတွက်လောကဓံကို ရင်ဆိုင်ကျော်ဖြတ် နေရပါသည်။ မလိုသူ၊လိုသူများရှိတတ်သည့်သဘာဝအရ မလိုသူများဟု ယူဆရသူများနှင့် တွေ့ဆုံစဉ်ဝယ် အရင်ထက် ရင့်ကျက်လာသည်ဟုထင်မိပါသည်။ စိတ်နှလုံးသည် လောဘ ဒေါသ မောဟ များအတတ်နိုင်ဆုံး ထိန်းထားနိုင်ပြီး ထိုသူတို့ အမြင်ကိုတောင်ပြောင်းလာနိုင်စေခဲ့ပါသည်။ မိမိစိတ်သည်လည်း ယခုရင်ဆိုင်နေရသည်များ သည် စီးပွားတူသူ အထက်လူကြီး၏ မလိုမုန်းထား စနက်များအနေနှင့်သာ ရိပ်မိနေသဖြင့် ထိုသူတို့ မက်မောနေသောလောကစည်းစိမ်များငွေကြေးများသည်အထက်ဘုံတွေရဲ့စည်းစိမ် သက်တမ်းနှင့်ယှဉ်လျှင် နှိုင်းယှဉ်လို့မရလောက်အောင်ကို သေးငယ်

နေသည်များကိုသိရှိခဲ့ပြီးဖြစ်၍ အရင်လိုမတုန်လှုပ်တော့ပါ ကိုယ့်ကိုယ်ပိတ်ပင်၍သူတို့ပို၍ လာဘ်လာဘ ရမည်ဟုထင်၍လုပ်နေလျှင်တောင် သူတို့ရကြပါစေ ဒီအရာတွေက အနိစ္စ မမြဲသောအရာတွေပါလားဟုသိလာရ၍ ဟိန်းဟောက်ပြောဆို ရန်မူလည်းမတုန်လှုပ်တော့ပါ လာဘ်လာဘကို မျှော်ကိုးပြီးတောင်းနေလည်းပေးလိုက်ပါသည်။ သူမကောင်းတာလုပ်နေလျှင် သူ့အကုသိုလ်နှင့်သူသွားမည်ဟုတွေးလိုက်ပါသည်။ နိုင်ငံရေးခံယူချက်အရယခုလိုကိစ္စများဖြစ်နေခြင်းဖြစ်ပါသည်။ တပည့်တော်နေထိုင်ရာ ရပ်ဝန်း အထူးသဖြင့် နိုင်ငံကို အင်မတန် ငြိမ်းချမ်းစေချင်သောစိတ်ဆန္ဒရှိနေပါသည်။ မငြိမ်းချမ်းသော ရပ်ဝန်းတွင် ဆရာတော်၏တရားတော်များကြောင့် ငြိမ်းချမ်းနေပါသည်။ ဆရာတော်ကြီးများနှင့်အကျိုးတော်ဆောင်ပေးပါသော ဆရာတော်သံဃာတော်များ လူပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ပါသည်။ဆရာတော်သံဃာတော်များအားရှိခိုးကန်တော့ပါသည် ဘုရား။

ဒေါ်ကြည်ဝင်း (Level-2)

ဆရာတော်ကြီး၏ စကားလုံးတိုင်းသည် အဓိပ္ပါယ်ရှိကြောင်း တွေ့ရသည်။ စကားလုံးတိုင်းကို အာရုံစူးစိုက် နားထောင်တတ် ကြည့်တတ်လာပါသည်။ ပြဋ္ဌာန်းထားသော တရားတော်များသည် အချိတ် အဆက်မိပြီး လက်တွေ့ဘဝတွင် အလွန်အသုံးဝင်သော တရားတော်များဖြစ်ပါသည်။"

ဒေါ်ပန်းနုသွယ် (Level-2)

ဆရာတော်ကြီးဘုရား တပည့်တော်သည် စာမေးပွဲ အတွက်လေ့လာကျက်မှတ်ရင်းယခင်ကထက်အချိန်ကို စီမံခန့်ခွဲ အကျိုးရှိရှိအသုံးချတတ်လာခြင်း၊ လုပ်သင့် မလုပ်သင့် မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်းရှိလာခြင်း၊ အတွေးဆိုးတွေကို ဘယ်လို ဖယ်ရှားရမလဲ ဆိုတာ လက်တွေ့ကျင့်သုံးလိုက်နာတတ်လာပါသည် ဆရာတော်ဘုရား။

မဆုထူးလင်း (Level-2)

အရင်ကမသိခဲ့သောတရား ဓမ္မရေးရာများနားလည်ခဲ့ပါသည်။ Level2 စာအုပ်လေ့လာပြီး သည်းခံစွမ်းအားပိုမိုတိုးတက်လာခဲ့ပါသည်။ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ အကြောင်း အရာများဖြင့် တရားအလင်း မျှဝေ ပေးချင်သည့်အတွက် အဆုံးထိ တက်ရောက် မည်ဟုဆုံးဖြတ်ထားပါသည်။ ပညာအလင်း ဓမ္မအလင်းများ ဖြန့်ဝေပေးပါသော ပါချုပ် ဆရာတော် ဘုရားကြီးနှင့် စာမေးပွဲဖြေစဉ် လိုအပ်ချက်မရှိအောင် ကူညီစောင့်ရှောက်ပေး ပါသော စာမေးပွဲအခန်းစောင့်ဆရာ၊ ဆရာမများ၊ စာစစ်ပေးပါသော ဆရာတော် ဘုရားများနှင့် Level2စာကို အခမဲ့သင်ပေးပါသော မန္တလေးမြို့မှ ဓမ္မအလင်း ဆရာတော် ဘုရားကို ကျေးဇူး အထူးတင်ရှိပါသည်။

ဒေါ်ခင်စုစုအောင် (Level-2)

မသိသေးသည့်အရာများကို သိလာရပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်မှာ သည်းခံ တတ်လာ ပါသည်။ မသိသေးသည့်အရာများ တော်တော်များ နေသေးပါလားဆိုပြီး တရားတော်များကို ပူဇော်လေ့လာရန် စိတ်များဖြစ်ပေါ်လာပါသည်။ သို့အတွက်ကြောင့် ဆရာတော် ဘုရားကြီးကို ကျေးဇူးအထူးတင်မိပါသည်။ ဆက်လက်ပြီး ပူဇော်ဖြေဆိုပါ မည်။

မသိမ့်သိမ့်အေး (Level-2)

တပည့်တော်မက. သင်တန်း တက်ဖို့ အဆင်မပြေတဲ့အတွက် ဆရာတော်ကြီးဟောထားတဲ့ တရားနာ မေးခွန်းဟောင်းလေးတွေ လေ့လာပြီး ကျက်မှတ်ဖြေဆိုခဲ့ပါတယ်ဘုရား ပါဠိ စာတွေတော့ အခက်အခဲ ရှိခဲ့ပါတယ် ဒါပေမယ့်မှတ်မိသမျှ ကြိုးစားဖြေခဲ့ပါတယ် ဘုရား ဘဝအတွက်ပြောင်းလဲ မှုတွေ အများကြီးရှိခဲ့ပါတယ်ဘုရား ကိုယ့်ကိုယ်ကို ယုံကြည်မှု

ရှိခဲ့ပါတယ် အမြင်မတူတာလေးတွေ အတွက် လဲ နေတတ်ခဲ့ပါတယ်ဘုရား သည်းခံစိတ်တွေ ပိုရှိလာပါတယ်ဘုရား ဒိအတွက် ဆရာတော်ဘုရားကြီးအား ကျေးဇူးအထူးတင်လျက် ရှိခိုးကန်တော့၍လျှောက်ထားအပ်ပါသည်ဘုရား။

မစုရွှေစင် (Level-2)

သုတဒီပလိုမာ စာမေးပွဲ level 1 ဖြေဆိုခဲ့စဉ်က အဘ၏ တိုက်တွန်းမှုဖြင့် နေ့စဉ် တရားနှလုံးသွင်းဖြစ်စေရန် ဖြေဆိုခဲ့ပါသည်။ ဖြေဆိုပြီးနောက် ယခင်က သူများအပေါ် အေးချမ်းအောင် တွေးမပေးတတ် မိမိဘာသာ အေးချမ်းအောင်နေတတ်ရာမှ သူတစ်ပါး အေးချမ်းအောင် သတိထား ၍ ဝစီကံမနောကံ ကို ထိန်းသိမ်း လာပါသည်၊ ငါးပါးသီလ လုံးဝ လုံခြုံသွားပါ သည်။ Level 2 ပြီးချိန်တွင် သတိပဋ္ဌာန် တရား ၄ ပါးကို သိရှိအောင် ကြိုးစားလိုစိတ်ဖြစ်ပါတယ်။တပည့်တော်မလို လောဘကြီး မောဟကြီး လွန်းသူ အတွက် တရားအသိထူးတွေ ရရှိစေတဲ့အတွက် ကျေးဇူးကြီးပါတယ်ဘုရား။"

မခြူးရတီမောင် (Level-2)

ရှေးဦးစွာ ဘုရား တရား သံဃာ တို့၏ ဂုဏ်တော်တို့ကိုရှိခိုးဦးခိုက်ပါတယ်ဘုရား၊ ဆရာတော် ဘုရားကြီး၏ အသံတော် ညဏ်တော်အားလည်းရည်မှန်းပြီး ရှိခိုးဦးခိုက်ပါတယ်ဘုရား။ ယခုသုတမမ္မ Level 2 ဖြေပြီးတဲ့အချိန်မှာ Level 1 နာကြား လေ့လာတုန်းကထက် အဆများစွာ ဓမ္မအသိဉာဏ်ပိုတိုးတက်ခဲ့ပါတယ်။ level အလိုက် တရားတော်တွေရဲ့ ဆက်စပ်ပုံ၊ ဆရာတော်ဘုရားရဲ့တရားအစဉ်အလိုက် ပြဋ္ဌာန်း စာအုပ်မှာ စီစဉ်ထားပုံက ဆရာတော်ကြီးရဲ့ ဉာဏ်တော်ကို သာဓုအကြိမ်ကြိမ် ခေါ်ရ လောက်အောင် တကယ့်ကို အစဉ်ကျလွန်းလှပါတယ်ဘုရား။ level1 မှာ သမထနဲ့ ဝိပဿနာကို သေချာရှင်းလင်းအောင် ဟောပြည့ွန်ကြားခဲ့သလို level2 လူတိုင်းကျင့်ရန် သတိပဋ္ဌာန် တရားတော်မှာ သတိပဋ္ဌာန်တရားပွားများပုံကို အသေးစိတ်လေ့လာ နာယူခဲ့ ရပါတယ်။ ဥပုလ်စောင့်ခြင်း

အဓိပ္ပာယ် မှာလည်း အရိယာ သူတော်စင်များ စောင့်ထိန်း သောအဂ်ါဓပါးနဲ့ ပြည့်စုံတဲ့ အကျင့်နဲ့ဥပုလ်စောင့်နိုင်သူဖြစ်အောင် လမ်းညွှန်ထားတာတွေ လည်း မှတ်သားနာယူခဲ့ရလို့ ယခင်ဥပုလ်စောင့်စဥ် မှားယွင်းစွာနေမိခဲ့တဲ့ ပေါ့ပေါ့တန်တန် တွေးခဲ့မိတဲ့ အပြုအမူတွေကို ပြုပြင်နိုင် အောင် ကြိုးစားပါမယ်ဘုရား။ စိတ်၏အတွေးများ တရားတော်ကို နာယူခဲ့ရတဲ့အတွက် မိမိစိတ်ကိုမိမိ စောင့်ကြည့်တတ်လာပါတယ်၊ အတွေးတွေကို စောင့်ကြည့်တတ်လာပါတယ် ကောင်းတဲ့အတွေးတွေပဲဝင်အောင် မကောင်းတဲ့ အတွေးမဝင်အောင် ဝင်လာရင်လည်းထပ်မဝင်နိုင်အောင် အာရုံတွေ ပယ်ဖျောက်ပြီး နေတတ်လာပါတယ်။ စိတ်ထားတတ်လာပါတယ်။ ခန္ဓသုတ်ပရိတ်တော်ရဲ့ မေတ္တာပွားပုံကို လည်း အသေးစိတ်နာယူ သဘောပေါက်ခဲ့ပါတယ်။ စီးပွားရေး အသိဉာဏ် မျက်စိ နဲ့ဓမ္မရေးရာအသိဉာဏ်မျက်စိ နှစ်လုံးစလုံး မျှတအောင်ထိန်းညှိနေထိုင်ရင်း ဘဝတစ် လျောက်မှာ ဓမ္မအသိနှင့်အကျိုးရှိစွာနေထိုင်နိုင်ဖို့လည်း နှလုံးသွင်း အားထုတ် ကြိုးစားပါ့မယ်။levelတွေဆုံးခန်း တိုင်သည်အထိ ပူဇော်ဖြေဆိုမှာပါ ဘုရား။ Level တွေ အလိုက်စီစဉ်ထားသော တရားတော်၅ပုဒ်လုံးက အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးလှ ပါတယ်ဘုရား။ရှေ့ဆက်ပြီးလည်း တရားတော်တွေကို ဆက်လက် ပူဇော်သွားပါ့မယ် နာတဲ့အတိုင်းလည်းသိ သိတဲ့အတိုင်းလည်း ကျင့်ကြံအားထုတ်နေ ထိုင်နိုင်အောင် ကိုယ်တိုင် ကြိုးစားအားထုတ်ပါ့မယ်ဘုရား။ စာမေးပွဲကျင်းပမှုမှာလည်း ဘယ်နေရာမှ လိုလေသေးမရှိအောင် ပြည့်စုံခဲ့ပါတယ်။ စာမေးပွဲဖြေပြီးတဲ့ အချိန်မှာလည်းသဒ္ဓါ၊သုခနဲ့ ပီတိကို ကိုယ်တိုင်ခံစားခဲ့ရပါတယ် ဘုရား။

ဆရာတော်ဘုရားကြီးနှင့်တကွ သုတတမ္မစာမေးပွဲကို ဦးစီးကျင်းပသူ သံဃာတော် အရှင်မြတ်များ နှင့်တကွ လူပုဂ္ဂိုလ်ဆရာဆရာမများ၊ ဝေယျာဝစ္စ ကုသိုလ်ရှင်များစိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ သက်ရှည်ကျန်းမာပြီး သာသနာ တော်၏ အကျိုးစီးပွားကို ဆထက်တန်ဖိုးဆောင်ရွက်နိုင်ကြပါစေ ဘုရား။

မဇ္ဈိမပိုးထည် Level (2)

၁။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်ဆိုတဲ့ အထဲမှာတော့ အဆင့်မြင့်မြင့်နေချင်ရင် ဘာတွေလုပ်ရမလဲဆိုတာကို သေချာသိပြီး ဘုရားဂုဏ်တော်တွေကို အားလပ်တာနဲ့ ပွားများမိပါတယ် ဘုရား။

၂။ စိတ်၏အတွေးများဆိုတဲ့ ခေါင်းစဉ်ကို လေ့လာတဲ့အချိန်မှာတော့ တွေးသင့်တဲ့ အတွေးတွေ မတွေးသင့်တဲ့ အတွေးတွေကို သေသေချာချာသိရှိပြီး ကိုယ့်စိတ်ထဲမှာ ဘာတွေတွေးနေတာလဲ ဆိုတာကို ပြန်စမ်းစစ်ကြည့်မိပါတယ်ဘုရား။ အတွေး ဆိုးတွေ ဆိုရင် ကြာရှည်မဖြစ်အောင်လို့ ပထမဆုံးနည်းလမ်းဖြစ်တဲ့ အာရုံပြောင်းတဲ့ နည်းနဲ့ တင် အဆင်ပြေပါတယ်ဘုရား။ တပည့်တော်က တွေဝေတတ်ပြီး စိတ်နှစ်ခွ ဖြစ်တဲ့သူဆိုတော့ မောဟကို ပယ်ဖျောက်ရမည့်နည်းလမ်း (၅)သွယ်ကို သိခဲ့ရတာလည်း တကယ်ကို အဖိုးတန်ပါတယ်ဘုရား။

၃။ ဥပုလ်စောင့်ခြင်းရဲ့ အဓိပ္ပာယ်ကို လေ့လာတဲ့အခါမှာတော့ ဘယ်လိုစောင့်ရင် အကျိုးများတယ်၊ ဘယ်လိုစောင့်ရင်တော့ဖြင့် အကျိုးမများဘူးဆိုတာကို သေသေချာချာသိပြီး ဘေးနားက သူငယ်ချင်းတွေကိုပါ ပြန်လည် မျှဝေဖြစ်ပါတယ် ဘုရား။

၄။ခန္ဓသုတ်အဓိပ္ပာယ်ကို သေချာစွာသိရှိသွားပါတယ်ဘုရား၊ တပည့်တော်က မြွေကြောက်တဲ့ သူဆိုတော့ လေ့လာနေရင်းနဲ့ မြွေပုံတွေ မျက်စိထဲပေါ်လာပြီး အနည်းငယ်တော့ ကြောက်မိပါတယ်ဘုရား၊ ဒါပေမယ့် မှတ်ပါများ လေ့လာပါများလာတဲ့အခါမှာ တကယ်ကို မေတ္တာထားနိုင်ခဲ့ပါတယ် ဘုရား၊ အခုဆို အရင်ကလောက် မကြောက်တော့ပဲ မေတ္တာဝင်မိပါတယ်ဘုရား။ ခန္ဓသုတ်တော်ကိုလေ့လာရင်း ၂၈ဆူသော ဘုရားရှင်တွေရဲ့ ဘွဲ့တော်တွေကိုပါ လေ့လာမိတဲ့အတွက် အတိုင်းမသိ စိတ်ထဲမှာ ကြည်နူးပီတိဖြစ်မိပါတယ် ဘုရား။ စာတွေလေ့လာနေရင်း လက်ငင်းကောင်းကျိုးဖြစ်တဲ့ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ချမ်းသာခြင်းနဲ့ စိတ်တည်ငြိမ်ခြင်းတွေကို စာအုပ်ထဲမှာ ပါတဲ့အတိုင်း တကယ် ကို လက်တွေ့ ခံစားခွင့်ရခဲ့ပါတယ် ဘုရား။

၅။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန် ကိုလေ့လာတဲ့အချိန်မှာတော့ ဘယ်သုတ်တော်တွေမှာ ဘာကိုဟောကြားခဲ့လဲဆိုတာ သိရှိခဲ့ရပါတယ်ဘုရား။ သတိပဋ္ဌာန်ကျင့်ရခြင်းရဲ့ အကြောင်းအရင်းတွေကိုလည်း သေချာစွာ သိရှိခဲ့ရပြီး မစ္ဆရိယ (၅)ပါးကိုလည်း လေ့လာခဲ့ရပါတယ် ဘုရား၊ ဓမ္မမစ္ဆရိယက အဆိုးဆုံးဆိုတာကိုလည်း မှတ်သားမိတာကြောင့် ဒီလို မကောင်းတဲ့ စိတ်မျိုး ကိုယ့်စိတ်ထဲမှာ မဖြစ်ပေါ်အောင်လို့ သေသေချာချာ သတိထားရမယ် ဆိုတာကိုလည်း မှတ်သားမိပါတယ် ဘုရား။

တပည့်တော်ရဲ့ အကြီးမားဆုံးအကျိုး အမြတ်ကတော့ ငါးပါးသီလကို မကျိုးမပေါက်အောင် စောင့်ထိန်းနေခြင်းပါ ဘုရား။ အရင်ကဆို ခြင်တွေလာကိုက်ရင် စိတ်မထိန်းနိုင်ဘဲ ရိုက်မိပါတယ် ဘုရား။ အခုဆိုရင်တော့ လုံးဝမရိုက်မိအောင် ကြိုးစားရှောင်ရှားပြီး လာကိုက်လို့ ဒီအတိုင်းမောင်းထုတ်နိုင်ရင်ကို စိတ်ထဲကနေ ပါဏာတိပါတ ကိုတော့ ရှောင်လိုက်နိုင်ပြီ ဆိုပြီးကြည်နူးမိပါတယ် ဘုရား။"

ဒေါ်အိအိမွန် (Level-2)

ဓမ္မအသိများပိုမိုသိရှိခဲ့သဖြင့် လက်တွေ့နယ်ပယ်တွင် နေထိုင်စီးပွားရှာရာတွင် စီးပွားရေးအသိဉာဏ်နှင့် ဓမ္မရေးရာ အသိဉာဏ်ဖြင့် စီးပွားရှာသင့်ကြောင်း၊ မည်သည့် အလုပ်ကို လုပ်လုပ် ယောနိသောမနသိကာရဖြင့် လုပ်ဆောင်သင့်ကြောင်း၊ မိမိစိတ်ထဲမှာ ဖြစ်နေသော နီဝရဏတရားများကို ဖယ်ရှားပြီး နေ့စဉ်ဘဝမှာ ကုသိုလ်တွေ ရရှိအောင် လုပ်ဆောင်သင့်ကြောင်း အသိပညာများရရှိခဲ့ပါသည်။ ထိုသို့ရရှိလာသော အသိပညာများဖြင့် နေထိုင်ကျင့်သုံးပြီး အကျိုးကျေးဇူးများကို ရရှိအောင်ကြိုးစားပါမည် အရှင်ဘုရား။

ဒေါ်သီရိအောင် (Level-2)

စာမေးပွဲနဲ့ပတ်သက်ပြီး တကူးတက ကျက်တာမျိုးမဟုတ်ဘဲ ဆရာတော်ကြီး တရားတွေ နာရင်း အနှစ်ချုပ်ကြည့်ပြီး မှတ်တာများပါတယ်ဘုရား။ level 1 မှာတုန်းက ဥပေက္ခာ ဆိုတာ လူကိုဥပေက္ခာပြုရမှာမဟုတ်ဘူး အဲ့ဒီလူရဲ့လုပ်ရပ်ကိုပဲ ဥပေက္ခာပြုရတာပါလို့ ဟောခဲ့တဲ့တရားကို နားလည်ခဲ့ပြီး ဘဝမှာရွေးချယ်ရမည့်လမ်း ဆိုတာလည်း ကောင်းကောင်း သိခဲ့ပါတယ်ဘုရား level 2 မှာလည်းစာမေးပွဲအတွက် မှတ်ရင်းနဲ့ သိရှိသွားတဲ့ ပညာတွေဖြစ်တဲ့ စိတ်စွမ်းအားရဖို့ စိတ်အညစ်အကြေးတွေဖယ်ရှားဖို့ဆိုတဲ့ တရားသည်လည်း အလွန်အနှစ်သာရရှိပါသည်ဘုရား။ ပုတုဇဉ်ဖြစ်တဲ့အလျောက် တချို့အရာတွေကို မထိန်းချုပ်နိုင်သေးပေမဲ့ ဆရာတော်ကြီးတရားတွေထဲမှာ ဘယ်လိုပြုမူ နေထိုင်ရမယ်ဆိုတာကို သိတဲ့အသိလေးရှိလာပြီဖြစ်တဲ့အတွက် မိမိကိုယ်ကို ဆင်ခြင်ပြီးနေထိုင်ပါတယ်။ ဘုရား တစ်နေ့တာ ဘယ်လိုဘယ်နည်းတွေနဲ့ နေထိုင်ရမလဲဆိုတာကို လမ်းညွှန်ပေးခဲ့တဲ့ ကထံ ဘူတသာ မေရတ္တိဒါဝါ ဝိတိ ဝတ္တန္တိ ဆိုတဲ့ လောကီအတွက် အချိန်ကုန်နေတာလား လောကုတ္တရာအတွက် အချိန်ကုန်နေတာလားဆိုတာ အမြဲပြန်လည် ဆန်းစစ်လေ့ရှိပါတယ်ဘုရား။ စိတ်ရဲ့အတွေးများသည်လည်း ယခင်က ထက်ပိုပြီး ဖြူစင်အောင်ထားနိုင်သွားပါတယ်ဘုရား။ အရှင်ဘုရား ဟောပြောပြသခဲ့တဲ့ ယောနိသော မနသိကာရ နှလုံးသွင်းဆင်ခြင်ရမည့်တရားတော် ဥပမာအရ လက်တွေ့အပြင်မှာလည်း အလုပ်ကိုစေ့စပ်အောင်လုပ်တတ်သူမို့ သူများထက်ပိုပင်ပန်းတဲ့အခါ ငါကြည့်ဘဲ လုပ်နေရတာ သူတို့က ဘာမှမလုပ်ဘူးဆိုပြီး အကုသိုလ်ဖြစ်ခဲ့မိပါတယ်ဘုရား အရှင်ဘုရားဆုံးမတဲ့လမ်းအတိုင်း ငါလုပ်ပေးလိုက်ရတဲ့အတွက် သူတို့ အဆင်ပြေပြေသက်တောင့်သက်သာနေနိုင်တာပဲဟု နှလုံးသွင်းကာ ဒီထက်မက ဆရာတော်ဘုရား တရားတော်တွေကို လိုက်နာရင်း အကျိုးရှိရှိ ဖြတ်သန်းသွားပါမည်ဘုရား ယခုစာမေးပွဲကို ဝင်ရောက်လေ့လာခြင်းအားဖြင့် ယခုဘဝမှာလည်း အေးချမ်းမှုရစေပြီး နောင်ဘဝအတွက်ပါအကျိုးရှိစေတာဖြစ်လို့ များစွာအကျိုးရှိလှပေသည်။ ပါချုပ်ဆရာတော်ဘုရား

အသက်ရာကျော်ရှည်ပါစေ စိတ်ဆင်းရဲခြင်း ကင်းပါစေ ကိုယ်ဆင်းရဲခြင်း ကင်းပါစေ သာသနာ့ ဝန် ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား။"

မိမေဖြူဖြူစင် (Level-2)

"တပည့်တော်သည် ငယ်စဉ်က မဟာစည်ရိပ်သာနှင့် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာတို့တွင် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းများ သင်ယူခဲ့ရသော်လည်း မိသားစု အရေး, အခြားသော အရေးကိစ္စများနှင့် ဓမ္မရေးရာအတွက် အချိန်ပေးခြင်း နည်းခဲ့ပါသည် ဘုရား၊Level 2 ဖြေဆိုရန် ကျက်မှတ်လေ့လာခဲ့ရသည့်အတွက် မိမိ၏ အချိန် မည်သို့ ကုန်ဆုံးနေသည်ကို ပြန်တွေးဆင်ခြင်မိပါသည်ဘုရား။ မိမိအနေဖြင့် ဓမ္မအသိဖြင့် အချိန်ကို ကောင်းစွာ အသုံးချနိုင်ရန် ကြိုးစားဖို့ လိုအပ်နေကြောင်းလည်း သတိပြုမိလာပါသည်။ အတွေးကိုလည်း ကောင်းတဲ့ဘက်ကို လှည့်တွေးတတ်အောင် ကြိုးစားလျက်ရှိပါသည် ဘုရား။ ခန္ဓသုတ်တော်ကိုလည်း ပါဠိမြန်မာ အလွတ်ရသွားပါသည်။ ဥပုလ်စောင့်လျှင် ထားရမည့် စိတ်ထား၊ ရည်ရွယ်ချက်တို့ကို ပိုမိုနားလည်သွားပါသည်။ သတိပဋ္ဌာန် တရားကို လည်း ကြိုးစားအားထုတ်ပါမည် ဘုရား။

မဆုသဇင် (Level-2)

တပည့်တော် Level 2ရောက်လာတဲ့အခါမှာ ဓမ္မအသိတွေပိုတိုးလာခဲ့ပါတယ်ဘုရား။ ဘုရား၊တရား၊သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတွေကိုလည်း ပို၍လေးလေး နက်နက်သိမြင်ခဲ့ရပါတယ်ဘုရား။ ပရိတ်တရားတော်တွေရဲ့ အနက်အဓိပ္ပါယ်တွေကိုလည်း လေ့လာခဲ့ရတဲ့အတွက် သဒ္ဓါတရားအပြင် ပညာနဲ့ပါပူဇော်နိုင်ခဲ့ပါတယ်ဘုရား။ ငါးပါး သီလကို လည်းလုံခြုံအောင်သတိထား ဆင်ခြင်နိုင်ခဲ့ပါတယ်ဘုရား။ တပည့်တော် အရင်က ဆို တခြားသတ္တဝါတွေတော့ မသတ်မိပါဘူးဘုရား။ ဒါပေမယ့်ခြင်ကိုက်ရင်တော့ ရိုက် ချင်ပါတယ်ဘုရား။ အခုဆို ဆရာတော်ကြီးရဲ့အဆုံးအမတွေနာယူပြီး ခြင်ကိုက်လည်း

မသတ်ဖြစ်တော့ပါဘူး ဘုရား။ မောင်းပဲထုတ်ပါတယ်ဘုရား။ ကိုက်တာကသူ့အလုပ် မသတ်မိအောင်ထိန်းနိုင်ဖို့က ကိုယ့်အလုပ်ဟု နှလုံးသွင်းပြီး သီလကိုလုံခြုံအောင်ထိန်း နိုင်ခဲ့ပါတယ်ဘုရား။ အခုဆို စာမေးပွဲဖြေရမယ်ဆိုတဲ့အသိရှိနေတဲ့အတွက် ငါဒီနေ့ တရားနာရအုံးမှာ၊ တရားစာဖတ်ရအုံးမှာဟု သတိထားပြီး နေ့စဉ်ဘဝမှာ ကုသိုလ်တွေနဲ့ သာ အကျိုးရှိရှိဖြတ်သန်းနိုင်ခဲ့ပါတယ်ဘုရား။ ဒါဟာလည်း ဆရာတော်ကြီးရဲ့ တပည့် တော်တို့အပေါ် ထားရှိတဲ့ စေတနာ၊ မေတ္တာ၊ ကရုဏာတွေပဲလို့ ထင်မြင်မိပါတယ်ဘုရား။

မနှင်းနဝေ (Level-2)

စာမေးပွဲဖြေဖို့ တရားတော်နားနေစဉ်အတွင်း အသိတစ်ချို့ရခဲ့ပါသည်။ တပည့်တော် ငယ်စဉ်က ပင်ပန်းဆင်းရဲစွာ ရုန်းကန်ခဲ့ရတဲ့အတွက် မိဘအသိုင်းဝိုင်း၏ ပံ့ပိုးမှု ညံ့ဖျင်း သောကြောင့်ဟု မှားယွင်းစွာ ထင်မြင်မိခဲ့ပါ သည်။ တကယ်တော့ တကယ့်တရားခံဟာ တပည့်တော်ရဲ့အတိတ်ဘဝက ပြုခဲ့သော အကုသိုလ်ကံ အကျိုးပေးကြောင့်ဆိုတာကို ဆရာတော်ကြီးဟောထားတဲ့ အမှောင်ထဲကလာသောသူ ဆိုတဲ့ နေရာကနေ ပြန်လည် ဆင်ခြင်သုံးသပ်မိပါတယ်။ လက်ရှိ ဘဝမှာ တပည့်တော် နားလည်သိတတ်စအရွယ်မှာပင် မိသားစု, ဆွေမျိုးသားချင်းအပေါမှာ မိမိတတ်နိုင်သည့်ဘက်မှ အမြဲတစေ ကူညီမှု, စာနာမှုများ ပြုလုပ်ပေးပါသည်။ အရွယ်ရောက်သည့်အခါမှာလည်း လုပ်ဖော် ကိုင်ဖက်များ အပေါ် စေတနာအပြည့်အဝထား၍ ကူညီပေးဖူးပါသည်။ သို့သော် လူတော်တော်များထံမှ တန်ပြန်မေတ္တာမရရှိခဲ့ဖူးပါ။ထို့အတွက် စိတ်ဆင်းရဲခဲ့သည်။ ဒီအချိန်ဆရာတော်ဘုရား ဟောထားတဲ့ သူများကိုယ့်အပေါ် မကောင်းပေမယ့် ကိုယ်က သူများအပေါ် ကောင်းတာ ဘုရားလောင်း၏ စိတ်ဓာတ် ဟု ဆိုသောကြောင့် ကိုယ့်စိတ်ကို အချိန်မီ ပြန်လည် ထိန်းချုပ်နိုင်ခဲ့မိပါသည်။"

မမေမြတ်သဇ္ဇာဝင်း (Level-2)

Level 1ထပ်ပို၍ အသိဉာဏ်များပိုမိုရရှိခဲ့ပါတယ်ဘုရား။ တရားထိုင်တာမှမဟုတ်ဘဲ ဘာပဲလုပ်လုပ် စိတ်ဖြူစင်အောင်ထားပြီး ကိုယ်ကျင့်သီလ လုံခြုံအောင် အရင်လုပ်ရမယ်လို့ နားလည်လာပါတယ်ဘုရား။ လောဘ ဒေါသထွက်မိသော်လည်း အဲ့စိတ်ရဲ့ နောက်မှာ ဒီစိတ်တွေဟာ မကောင်းဘူးစိတ်ကို ညစ်နွမ်းတတ်စေတယ်ဆိုတာ သိထားတော့ အတန်အသင့် ထိန်းလာတတ်ပါတယ် ဘုရား။ မိရိုးဖလာဥပုလ်သည် ဘဝက လွတ်ပါပြီ ဘုရား။ ဥပုလ်ရဲ့တကယ့်တန်ဖိုးကိုသိလို့ စိတ်ထားတတ်ခဲ့ပါပြီ ဘုရား။ အတွေးတွေကို ဖြူစင်အောင် ထိန်းပြီး တန်ဖိုးရှိတဲ့နေနည်းနဲ့ နေတတ်အောင် ဆက်လက် ကြိုးစားပါမယ်ဘုရား။"

ဒီပမာလာ (Level-2)

ဦးတင်ပါတယ်ဘုန်းဘုန်းဘုရား တပည့်တော် Level2 အတန်းမှ ရရှိလာသည့် တပည့်တော် အတွက် တန်ဖိုးမဖြတ်နိုင်သည့် အချက်များအား လျှောက်ထားလိုပါသည်ဘုရား။
မလျှောက် ထားခင် တပည့်တော်အကြောင်းအနည်းငယ် လျှောက်ထားလိုပါသည်ဘုရား ။ တပည့်တော် ယခင်က တရားအားထုတ်ခြင်းအလုပ်ကို အခါအားလျော်စွာ လုပ်ဆောင်ခဲ့ပါသည်ဘုရား။တပည့်တော်အနေဖြင့် ဒေါသဖြစ်စရာဆိုလည်း ဖြစ်ပါတယ်ဘုရား လောဘလည်း ဖြစ်ပါတယ်ဘုရား။ တပည့်တော်ဟာ မောဟ စရိုက်ရှိသူလို့ ထင်ပါတယ်ဘုရား။မလုပ်သင့်တဲ့ အလုပ် လုပ်သင့်တဲ့အလုပ် မသိလို့ လွန်ခဲ့သောအတိတ်ကာလ လောင်းကစား တွေ ချဲထီထိုးတာတွေ ထိုင်းထီရောင်းတာတွေလည်း လုပ်ခဲ့ဘူးပါတယ် ဘုရား။ ဘုန်းဘုန်းရဲ့ ကျေးဇူးကြောင့် တပည့်တော် ဗောဓိဆာယာမှာ သီလရှင်ဝတ် ဖြစ်ခဲ့ပါတယ်ဘုရား။ ဆရာတော်ဘုရားနဲ့ အရိယာမဂ္ဂင်ဆရာတော်တို့ ဆွေးနွေးတဲ့ဖိုင်လေး နာကြားပြီး အဘိဓမ္မာအရေးကြီးကြောင်းပြောလို့ ဗောဓိဆာယာဆရာကြီးဘုရားထံ သီလရှင်ဝတ်ခဲ့ပါတယ်ဘုရား ။ ထူးခြားစွာ တရားအသိများ တိုးတက်ခဲ့ပါတယ်

ဘုရား။ သီလရှင်အပြီးဝတ်ပြီး သုတဒီပလိုမာ စာမေးပွဲဖြေဖို့ နေပြည်တော် တောရ ကျောင်းမှ ဆရာလေးတွေနဲ့ တကာမကြီးတဦးမှပြောပြ၍ ဖြေဆိုပူဇော်ဖြစ်ခဲ့ပါတယ် ဘုရား။ အခု Level 2 အခန်းမှ တပည့်တော်အတွက် ရရှိခဲ့တဲ့ သင်ခန်းစာတွေဟာ တန်ဖိုးမဖြတ်နိုင်ပါဘုရား။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေဖို့ ဘဝထဲမှာ နေ့စဉ် သတိနဲ့ အကုသိုလ် စိတ်တွေ မဖြစ်စေဘဲ ကုသိုလ်စိတ်တွေသာ ဖြစ်နေစေဖို့ ကျင့်သုံးနေထိုင် တတ်နေပါပြီးဘုရား။ထိုအခန်းထဲမှ လက်တွေ့ ဘဝနဲ့ ကိုက်ညီတာကတော့ စီးပွားရေး မျက်စိ ဓမ္မမျက်စိ မျက်စိနှစ်လုံးအကြောင်း Level 1 ထဲက သိခဲ့ရပါတယ်ဘုရား။ စီးပွားရေးမျက်စိတပည့်တော်မှာ မရှိတာပါဘဲ ဓမ္မရေးနဲ့ပတ်သက်ပြီးဘဲ တပည့်တော် အားသန်ခဲ့ပါတယ်ဘုရား။ ကျန်းမာရေးမကောင်းတဲ့သူလည်း ဖြစ်နေပါတယ်ဘုရား။ ကျန်းမာရေး မကောင်းတော့ ခန္ဓာက ပြင်းထန်တဲ့ဝေဒနာတွေတက်တော့ ဓမ္မဘက်ကိုဘဲ အချိန်ပေးခဲ့မိပါတယ်ဘုရား။ လွတ်မြောက်ချင်သောစိတ်ကြောင့်ပါဘုရား။ မိမိရဲ့ အားနည်းချက် အားသာချက်တွေကို သုတဓမ္မသင်ကြားချိန် Level 1 မှာကတည်းက သိရှိခဲ့ရပါတယ်ဘုရား။ လုပ်သင့်တာ မလုပ်သင့်တာ မသိတဲ့သူ မောဟသမားတွေဟာ အလွန်ဘဲကြောက်စရာကောင်းပါတယ်ဘုရား။ အသိဦးပြီး ဉာဏ်ဦးဖို့ ကြိုးစားပါ့မယ် ဘုရား။ စိတ်၏အတွေးများအခန်းမှ ရရှိခြင်းဓမ္မအသိ တပည့်တော်သည် အတွေးများ သူလည်းဖြစ်ပါသည်ဘုရား ခုနောက်ပိုင်း အလုပ်တခု လုပ်ဖို့ လုပ်သင့်မလုပ်သင့်ကို ဝေဖန် ပိုင်းခြားတဲ့အခါ ကုသိုလ်လား အကုသိုလ်လား ခွဲပါတယ် လုပ်သင့်တယ်လို့ အဖြေထွက် သော်လည်း တခြား တဘက်က မလုပ်သင့်လို့ အဖြေထွက်တာတွေ ဝေခွဲမရတာတွေ အကြိမ်ကြိမ်ဖြစ်နေဆဲပါဘုရား။ တပည့်တော်တို့ဟာ ဘာမဟုတ်တဲ့ သစ်ရွက် ကြွေတာကို လေတိုက်တာ မိုးရွာတာ ဒါတွေကို စိတ်တို ဒေါသ ဖြစ်နေကြတယ်ဆိုတာ အရမ်းကို မှန်ကန်ပါတယ်ဘုရား ခုဆို တရားတော်ထဲကအတိုင်း ဓာတုမနသိကာရ နဲ့ လက်တွေ့ နှလုံးသွင်းကာ ဒေါသတွေကို ဖျောက်တတ်နေပါပြီဘုရား အခြားသူကို ဒေါသဖြစ်တဲ့အခါ စိတ်ကို စိတ်နဲ့ တောက်ခေါက်ပြီး မရရအောင်ဖျောက်ရမယ်ဆိုတာ တကယ်ကို မှန်ပါတယ် တခါတခါ မရတဲ့အဆုံး အဲ့ဒီနည်းက အသုံးဝင်ဆုံးဖြစ်နေတတ်ပါတယ်ဘုရား။မေတ္တာပို့

ဆိုသော်လည်း တပည့်တော်တို့ရဲ့ မုန်းနေတဲ့သူတွေအပေါ်ကျ မေတ္တာပို့ဖို့ဟာ တကယ်ကို မလွယ်ပါဘူးဘုရား နေ့စဉ် မေတ္တာပို့တဲ့အခါ အားလုံးအပေါ်ပို့သတဲ့အခါ စိတ်လေးဟာ အေးချမ်းတည်ငြိမ်ပြီး လုံးဝ နှလုံးသားမှာရော စိတ်မှာရော အေးချမ်းနေပါသော်လည်း မိမိ မုန်းတဲ့သူအပေါ် မေတ္တာပို့သည့်အခါ နှလုံးတွေဟာ တုန်နေတာ တွေ့ရပါတယ်။ ဒါဟာ ဘာကိုပြသလည်းဆို မေတ္တာသက်ဝင်ဖို့လိုနေပါသေးလားလို့ သိလိုက်ပါတယ် ဘုရား။

ခုတော့ တဖြည်းဖြည်းနဲ့ ပို့လို့ရလာခဲ့ပါတယ်ဘုရား သူလည်းသူ့ကံနဲ့သူ ငါလည်းငါ့ကံနဲ့ငါဆိုတဲ့ နှလုံးသွင်းလိုက်ခြင်းဟာလည်း အကောင်းဆုံးတရားပါဘဲဘုရား။

ဥပုလ်စောင့်ထိန်းခြင်းမှာလည်း စားရေးသောက်တာတွေကို စဉ်းစားပြီး လုပ်လေ့ ရှိပါတယ်ဘုရား။ နေ့လည်ဆိုလည်း လုပ်ငန်းတွေ အိမ်အလုပ်တွေလုပ်ရင်း အချိန်ကုန် ကြတာတွေဟာလည်း ခုတော့ တရားနာမယ် ဗုဒ္ဓနုဿသတိပွားကာ မိမိရဲ့ သီလ ကို မကျိုးမပေါက်အောင် စောင့်ရှောက်တတ်နေပါပြီဘုရား။ ခန္ဓသုတ်ကို ယခင်က အသေးစိတ် မသိခဲ့ပါဘုရား ရွတ်လည်းမရွတ်ပါဘူးဘုရား တခါတရံသာရွတ် ဖြစ်ပါတယ် ဘုရား။ တပည့်တော် အနက်တွေကိုမသိဘဲ မကျက်တတ်တော့ဘူးဖြစ်သွားပါတယ်။ အသေးစိတ်အနက်လေးတွေကိုလည်း လေ့လာတတ်နေပါပြီဘုရား ဥပမာ သဗ္ဗာသီဝိသ ဆိုရင် သဗ္ဗ နဲ့ အာသီဝိသ နဲ့ပေါင်းထားတယ်ဆိုတာမျိုး ပါဠိဘာသာကိုပါ လေ့လာချင် မိလာပါတယ်ဘုရား။ဆရာတော်ဘုရားအနေနဲ့ သုတ်တစ်ခုပြီးတိုင်း နောက်ဆုံးဟာ တပည့်တော်တို့ရဲ့ ပန်းတိုင် မဂ္ဂင်ရှစ်ပါး အကျင့်တရားနဲ့ နိဗ္ဗာန်မျက်မှောက်ပြုဖို့ မြတ်စွာဘုရားဟောကြားခဲ့တာတွေဟာ အန္တရာယ်ကင်းဖို့ရော နိဗ္ဗာန်ကို ဦးတည်တယ် ဆိုတာလေးတွေဟာ နောက်ဆုံးမှာပါတာမို့ ဘဝထဲနေစဉ် အန္တရာယ်ကင်းဖို့အတွက် မေတ္တာဟာ သတ္တဝါအချင်းချင်း အဆိပ်ရှိသူ အဆိပ်မရှိသူ လူ တိရစ္ဆာန် ဘယ်လို သတ္တဝါမျိုးမဆို လောကထဲ နေကြတဲ့သူတွေ အားလုံးအပေါ် မိတ္တသ ဧသာ မေတ္တာ ဆိုသလို တပည့်တော်တို့ မေတ္တာနဲ့ နေမှသာ အေးချမ်းမဇာ ဖြစ်တယ်ဆိုတာ နှလုံးသွင်းမိပါတယ်ဘုရား။

လူတိုင်းကျင့်ရန် သတိပဋ္ဌာန်ကိုတော့ ပိုပြီး နာယူဖြစ်ပါတယ်ဘုရား အထပ်ထပ် နာယူခဲ့တဲ့အထဲက ဘုရားတပည့်တော် မှတ်သားမိတဲ့ အချက်တခုကတော့ မှန်မှန်ကန်ကန်သိဖို့ ယထာဘူတ သိဖို့နဲ့ ပိုင်းပိုင်းခြားခြားသိဖို့ ကျင့်ရမယ်ဆိုတာလေး တပည့်တော် သတိထားမိသွားပါတယ် ဘုရား။ သောတာပန် သကဒါဂမ် အနာဂမ်တွေဟာလည်း သတိပဋ္ဌာန်ဘဲ ကျင့်ရတာဘဲ ဘာကြောင့် ကျင့်ရတာလည်း ပိုင်းပိုင်းခြားခြားသိဖို့ ဆိုတဲ့အချက်ဟာ တပည့်တော်ကို အသိတွေပိုမိုတိုးစေပါတယ် တပည့်တော်တို့ဟာ အပေါ်ယံဘဲသိနေပြီး အတော်သိနေပြီလို့ ထင်ခဲ့ပါတယ်ဘုရား တရားတော်တွေကို သင်ယူရ ကျက်မှတ်ရတဲ့ အခါမှ တပည့်တော် တို့သိတာ သေးသေးလေးအပေါ်ယံလောက်သာ သိနေသေးတာ ပါလားလို့ သိခဲ့ပါတယ် ဘုရား။ လမ်းဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကိုရဖို့ တပည့်တော်တို့တတွေ ပိုင်းပိုင်းခြားခြား သိဖို့ လိုအပ်နေသေးသည်မို့ ရှေ့ဆက်ပြီး သုတမမ္မစာပေများကို ကြိုးစားလေ့လာသင်ယူ ကျက်မှတ်ရင်း မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဘဝထဲမှာရော သံသရာအတွက်ပါ လက်တွေ့ကျင့်ကြံနေထိုင်သွားပါမယ်ဘုရား။ ဆရာတော်ဘုရား၏ ရည်ရွယ်ချက်များကို တပည့်တော်တို့မှ တစ်ဆင့်ပြန်လည်ကာ ဓမ္မအသိဖြင့် နေထိုင်တတ်ဖို့ မျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းမျှဝေသွားပါမယ်ဘုရား။ ဆရာတော်ဘုရား ကျန်းမာ ချမ်းသာ သက်ရှည်စွာဖြင့် သာသနာ့ဝန်ကို ခန္ဓာ့ဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား။

ဒေါ်နီလာနေဝင်း (Level-2)

မထားသင့်တဲ့ လောဘ၊ဒေါသ၊မောဟ အကြောင်းများ၊ တပည့်တော်အတွက် တစ်ခါတစ်ရံ ဒေါသ ကြီးတတ်တာနဲ့ပတ်သက်ပြီး စိတ်ကိုထိန်းချုပ်ရမယ့်တရားတွေနာ၊ဖတ်၊လေ့လာခွင့်ရခဲ့လို့ တပည့်တော် ဝမ်းသာအားရကျေနပ်မိပါတယ်။ဘာလို့စာမေးပွဲဝင်ဖြေတာလဲ? ဘာဖြစ်မှာလဲ? ပြီးရင်ဘာဆက်လုပ်မှာလဲ? တရားပေါက်တော့မှာလား? တောထွက်မှာမို့လို့လား? ပတ်ဝန်းကျင်ကစကားသံတွေ၊မေးခွန်းတွေပါဘုရား။ တပည့်တော် တစ်ခွန်းထဲပဲ

ဖြေပေးပါတယ်။ ဓမ္မအသိနဲ့ နေနိုင်ရင်ကိုပဲ အကျိုးထူးပါတယ်လို့ ဖြေရင်း ဆရာတော်ကြီး ရဲ့သုတဓမ္မစာမေးပွဲဝင်ရောက်ဖြေဆိုဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

ဦးစိုးမြင့်ထွန်း (Level-2)

သောတာပန်အဆင့် မရောက်သေးသော်လည်း ဘဝမှာ မည်သို့ အကောင်းဆုံး နေထိုင်နိုင်ရန်နှင့် လူတိုင်း ကျင့်အပ်သော သတိပဋ္ဌာန်တရားကို ကောင်းစွာသိမြင်တိုးတက်လာသည့် အသိဥာဏ်များစွာရရှိလာရပါသည် ဘုရား။

မခင်မင်းမင်းမြတ် (Level-2)

Level2ကို လေ့လာနာယူ ကျက်မှတ်ပြီးချိန်တွင် ဓမ္မအသိနှင့်ယှဉ်တွဲနေထိုင်ရင်း ကောင်းသော အတွေးများကိုသာ တွေးပြီး အရိယဥူပေါသထ ဥပုလ်သီလကို အမြဲဆောက်တည်ရင်း ဘေးအနရာယ်များမှ ကာကွယ်ပေးသည့် သုတ်တော်များကိုပွားများ၍ နေထိုင်ရမည်ဟု သိရှိသွားခဲ့ပါသည်။အဓိက သံသရာမှလွတ်မြောက်ရာ နိဝရဏ၅ပါး ပယ်ရှားရင်း သတိပဋ္ဌာန်တရား၄ပါးကျင့်ကြံ၍ ဗောဇျင်၇ပါးပွားများရင်း ကြိုးစား အားထုတ်သွားရမည်ကို သေချာသိရှိသွားပြီး စတင်၍ကိုယ်တိုင် ကျင့်ကြံအားထုတ် နေပါပြီဘုရား။

ဒေါ်နီလာအောင် (Level-2)

သုတဓမ္မဒီပလိုမာlevel(2) တွင် နာကြားပူဇော်ရသည့် တရားတော်များ၏ အကျိုး ကျေးဇူးများမှာ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချတတ်စေခြင်း၊ မိမိ၏ စိတ်သန္တာန်တွင် ကုသိုလ် စိတ်များအမြဲမပြတ်ဖြစ်နေစေရန် သတိထားတတ်လာခြင်း၊ နှစ်ဘဝစလုံး ကောင်းကျိုး ခံစားရစေရန် အတွက် ကုသိုလ်များများဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊

တရားမျှတသောစိတ်ဓါတ် စိတ်ထားဖြူစင်စွာဖြင့် လုပ်ငန်းများကို လုပ်ကိုင်တတ် စေခြင်း၊ မိမိဆောင်ရွက်ရသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှန်မှန်ကန်ကန် နှလုံးသွင်းတတ် စေခြင်း၊ အခြားသူများအပေါ် မေတ္တာစိတ်ထားတတ်လာခြင်း မိမိရဲ့စိတ်ကလေး ကောင်းတဲ့ ဘက် ရောက်အောင် သတိထားကြိုးစားဆောင်ရွက်လာနိုင်ခြင်း အကျိုးရှိရှိ နေနည်းထိုင်နည်းများနှင့် အဆင့်မြင့်မြင့်နေနည်းအကြောင်းကိုသိရှိစေခြင်း၊ ငါးပါးသီလ မလုံခြင်း၏အပြစ်ကိုကောင်းစွာသိရှိပြီး လုံခြုံအောင်ထိန်းသိမ်းနိုင်ရန် ကြိုးစားခြင်း၊ နေ့စဉ်နဲ့အမျှအဆင့်မြင့်မြင့်နေနိုင်ရန်နှလုံးသွင်းရမည့်အရာများကိုသိရှိစေခြင်း၊အဆင့်မြင့် မြင့်နေနိုင်ရန်လိုအပ်သည့်အရည်အချင်းများကိုသိရှိစေခြင်း၊မှန်ကန်သောအတွေး၊မှားယွင်း သောအတွေး၊ မှားယွင်းသောအတွေး၏ အကျိုးအပြစ်များ၊မှန်ကန်သောအတွေး၏ ကောင်းကျိုးများကိုကောင်းစွာသိရှိခြင်း၊ ပညာတိုးတက်စေရန် နည်းလမ်းများ၊ မှားယွင်း သော အတွေးကိုပယ်ဖျောက်ရန်နည်းလမ်းများ သိရှိပြီး လိုက်နာကျင့်သုံး တတ်စေခြင်း၊ နေ့စဉ်လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် နှလုံးသွင်းမှန်ကန်စွာဖြင့် ဆောင်ရွက်တတ် စေခြင်း၊ မိမိ၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင်လည်းကောင်း၊ မိသားစုအရေးကိစ္စ ဆောင်ရွက်ရာတွင်လည်းကောင်း ကောင်းသည့် ဘက်မှတွေးပြီး ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်တတ်စေခြင်း၊ အပြစ်ရှိသောအတွေးကို တွေးမိသည်နှင့်တပြိုင်နက် ထိုအတွေး၏ အပြစ်ဆိုးကျိုးကို သိရှိသဖြင့် ဆက်မတွေးတော့ရန် သတိဖြင့် ထိန်းနိုင်ခြင်း၊ ၊ ဥပုသ်စောင့်ခြင်းအဓိပ္ပါယ်နှင့် ဥပုသ်စောင့်ခြင်းအကျိုးကျေးဇူးများကို သိရှိစေခြင်း၊ ယခင်က ဥပုသ်စောင့်ခဲ့သည်များမှာ ဂေါပါလကုပေါသထ ဖြစ်နေ၍ ယခုချိန်မှစပြီး ဥပုသ်စောင့်သည့်အခါ အရိယုပေါသထ ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်တတ်စေခြင်း၊ သူတော်စင်များညစာမသုံးဆောင်ခြင်း၏ ရည်ရွယ်ချက် အကျိုးရှိအောင် ဆောင်ရွက်ပုံ တို့ကို သိရှိစေပြီး လိုက်နာကျင့်သုံးတတ်စေခြင်း၊ ဥပုသ်စောင့်သည့်အခါ အာရုံပြုရမည့် အရာများကို သိရှိရသဖြင့် လိုက်နာကျင့်သုံးတတ်စေခြင်း၊ ခန္ဓသုတ်ပရိတ်တရားတော်၏ မြန်မာပြန် အနက်အဓိပ္ပါယ်ကို ကောင်းစွားသိရှိရသည့်အပြင် ထိုပရိတ်တရားတော်၏ အကျိုးကျေးဇူးကို သိရှိစေခြင်း၊ အဆိပ်ရှိသောမြွေ၊ အဆိပ်ရှိသော သတ္တဝါ နှင့် အခြားသော

သတ္တဝါတို့အပေါ် မေတ္တာထားတတ်စေပြီမေတ္တာပွားတတ်ထားခြင်း၊ ဘုရား၊ တရား၊ သံဃာ တို့၏ ဂုဏ်ကျေးဇူးကြီးမားပုံ၊ အတိုင်းအတာအကန့်အသတ်မရှိပုံ၊ ပရိတ် တရားတော် တန်ခိုးအာဏာတည်ရှိပုံနှံ့ရာကို သိရှိစေခြင်း၊ သတ္တာဝါအားလုံး ကောင်းတာ ကြံတွေ့ပါစေ၊ မကောင်းတာမကြံတွေ့ပါစေနဲ့ဆိုသည့် မေတ္တာပို့ တတ်သည့် စိတ်ကလေး ရင်ထဲအမြဲကိန်းဝပ်နေစေခြင်း၊ လောကကြီးထွက်မြောက်နိုင်သော လမ်းကြောင်း၊ စိတ်၏ခလုတ်ကန်သင်း (စေတာခိလ ငါးပါး) ၊ ဂတိငါးပါး၊ ကာမစ္ဆန္ဒနီဝရဏာ ငါးပါး၊ ကာမရာဂ၊ ကာမဂုဏ်အာရုံငါးပါး၊ မစ္ဆရိယငါးပါး၊ ဂတိငါးပါး၊ စေတောနိဝိဇန္ဓငါးပါး၊ ဩရမ္ဘာဂိယ ငါးပါး (အောက်ပိုင်းချည်နှောင်သည့် သံယောဇဉ်ငါးပါး) ဥဓမ္ဘာဂိယ (အထက်ပိုင်း ချည်နှောင်သည့် သံယောဇဉ် ငါးပါး) စသည် တို့အား သိရှိစေခြင်း၊ သတိ ပဋ္ဌာန် ၄ပါး အဓိပ္ပါယ်၊ ပွားများရခြင်း၏ရည်ရွယ်ချက်၊ ပွားများခြင်း၏ အကျိုး ကျေးဇူးများကို ကောင်းစွာ သိရှိစေပြီး လိုက်နာကျင့်သုံးနိုင်အောင် ကြိုးစား ဆောင်ရွက် လာခြင်းတို့ခြစ်ပါသည်။ ဆရာတော်ကြီး၏ Level -1၊ Level -2 ပြဋ္ဌာန်းချက်ပါ တရားတော် များအား နာကြားပြီး ဆရာတော်ကြီး မေးမြန်းသော မေးခွန်းများအား ရေးသားဖြေဆို၍ ပူဇော်ခွင့်ရရှိသည့်အတွက် များစွာဝမ်းသာပိတိဖြစ်ရ၍ ဆရာတော်ကြီးအား ကျေးဇူး အထူးတင်ရှိပါကြောင်း၊ ။ တရားတော်များ နာယူပြီးသည့် အခါတိုင်း ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံပြု၍ မေတ္တာပွားများလျက်ရှိပါကြောင်း၊ နေ့စဉ် နံနက် အိပ်ယာမှ နိုးသည်နှင့် တပြိုင်နက် မိမိကိုယ်တိုင်အပါအဝင် မိသားစု၊ ပတ်ဝန်းကျင်နှင့်တကွ သတ္တဝါများ အပေါ် မေတ္တာပို့တတ်သည့် အလေ့အကျင့် ဖြစ်နေပါကြောင်း၊ နေ့စဉ် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင်လည်း ဆရာတော်ကြီး ဟောကြား တော်မူသည့် တရားတော်များနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း လျှောက်ထား လိုပါသည်ဘုရား။ ဘုရား၊ တရား၊ သံဃာ ၊ မိဘ၊ ဆရာ အနန္တောအနန္တ ငါးပါးနှင့် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို ရိုသေစွာဖြင့် ရှိခိုးဦးတင်ပါသည်ဘုရား။

ဒေါ်ကြည်ကြည်ခိုင် (Level-2)

၁။တွယ်တာမှု က သောက ကို ဖြစ်စေခြင်း။

၂။မေတ္တာ တရား လက်ကိုင်ထားနိုင်လျှင် ရန်သူ နည်းပါးနိုင်ခြင်း။

၃။အတွင်းရန်၊အပြင်ရန်ခွဲခြားသိလာခြင်း။

၄။မိမိ၏အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ရန်။

၅။မိမိရလာသည့်စီးပွားဥစ္စာကို စီမံခန့်ခွဲတတ်ရန်။

၆။မိမိစိတ်ကို သတိနဲ့ စောင့်ကြည့်တတ်ရန်။

၇။မိမိနှင့် ပက်သက်သူမှန်သမျှကို မိမိတတ်နိုင်သမျှ ကူညီနိုင်ရန်။

Ma Phu Pwint Zon (Level-2)

ဆရာတော်ဘုရားကို ဦးတင်ပါတယ် ဘုရား တပည့်တော် အရင်တုန်းက လောဘ ဒေါသ မောဟများပြီး စိတ်ထဲကအဆင်မပြေတာတွေကို ဘယ်လို ပြေပျောက်အောင်လုပ်ရမလဲ ဆိုတာ မသိခဲ့ပါဘူး ဘုရား။ ဆရာတော်ဘုရား၏ စာပေတွေ လေ့လာသင်ယူရင် လောဘ ဒေါသ မောဟလည်း နည်း စိတ်သောက စိတ်အဆင်မပြေတာတွေလည်း ဖြေဖျောက်နိုင်သွားပါတယ် ဘုရား ပိုပြီး ကိုယ့်ကိုကိုယ် ကောင်းအောင် ကြိုးစားနေပါတယ်ဆရာ။ တပည့်တော် ဝမ်းအသာဆုံးကတော့ ထစ်ခနဲရှိ ဒေါသထွက်တဲ့ တပည့်တော်စိတ်က အခုဆို တော်ရုံ မဖြစ်တော့ပါဘူးဘုရား အသိဉာဏ်တွေလည်း အများကြီး ရပါတယ် ဘုရား။ ဆရာတော်ဘုရား၏ မေတ္တာ တရားဂုဏ်ကျေးဇူးကတော့ ဆပ်လို့တောင် မကုန်ပါဘူး ဘုရား။ ဒီဘဝတင်မက နောင်သံသရာအထိ လမ်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုရား။ ဆရာတော်သက်ရှည်ကျန်းမာပြီး ဘေးဘယာကင်းဝေးပါစေ။

ဒေါ်ဝါဝါနိုင် (Level-2)

ဆရာတော်ဘုရားကြီး၏စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည့်အတွက် တပည့်တော်မှာ ဓမ္မအသိဥာဏ်များ များစွာတိုးပွားလာပါသည်။ ဆရာတော်ဘုရားကြီးသည် တပည့် သာဝကများ ကိုအပါယ်ငရဲမှ နတ်ပြည်သို့ဆွဲတင်နေသည် ဟု စိတ်ထဲမှာ ပီတိဝမ်းမြောက်ရပါသည်ရှင်ဘုရား၊ ဥပုသ်ကိုလည်းအကျိုးရှိအောင် စည်းစနစ်ကျအောင်လည်း စောင့်တတ်ပါပြီ အရှင်ဘုရား၊ အရင်ကအမြဲစိတ်ထဲမှာမကောင်းသောအတွေးတွေ တွေးနေမိတာပို သတိမထားမိပါဘုရား ၊ ဆရာတော်ဘုရား၏ စိတ်၏အတွေးများတရားကိုနာမှ ငါဟာမကောင်းတဲ့အတွေးတွေ တွေးနေတာကြည်လှပြီ မသိခဲ့ဘူး အရမ်း ကြောက်စရာကောင်းပါလားဆိုပြီး သတိပဋ္ဌာန်တရား၏အကျိုးကြီးမားပုံတွေကိုသတိလည် ရသည့် အတွက် နေ့စဉ်ကြိုးစားအားထုတ်ပါသည်။ အရှင်ဘုရား။ အကျိုးကျေးဇူးများကတော့ ရေးမကုန်နိုင်ပါဘုရား၊ တပည့်တော်လူဖြစ်ကျိုးနပ်ပါပြီဘုရား။

ဦးမြင့်လွင် (Level-2)

တက်လာသော အသိဉာဏ်များကတော့ အများအပြားပါ၊ တရားတော်များကို နာရင်းဖြင့် ကုသိုလ်ရပါသည်၊ ငယ်စဉ်ကနေယခုအထိ ပရိတ်ကြီး(၁၁)သုတ်ကို အလျဉ်းသင့် သလို ပူဇော် ပါသည်၊ ယခုအခါမှသာ တရားတော်တွေ၏ နက်နဲမှုကို အနဲအကျဉ်း ပိုမိုသိရှိလာပါသည်ဘုရား၊ သို့သော်ငြားလည်း အ,ကုသိုလ်မဖြစ်ရန် လောဘနှင့် ဒေါသကို အနဲငယ် သတိထားမိလာရုံသာဖြစ်ပြီး မထိမ်းနိုင်သေးပါ။

မဇာနည်ဝင်း (Level-2)

စိတ်၏အတွေးများ တရားတော်သည်တပည့်တော်လတ်တလော ကြုံတွေ့ပြီး၊ ဖြေရှင်းဖို့ရန် ခက်ခဲနေခဲ့သော အတွေးများအတွက် မှန်ကန်သောလမ်းကို ဖွင့်ပေးခဲ့ပါတယ်

အရှင်ဘုရား ပြီးတော့ တပည့်တော် ဒီစာမေးပွဲစဖြေကတည်းက ကိုယ့်ကိုယ်ကို ပိုပြီး သတိထား နေဖြစ်ပါတယ်ဘုရား အရင်တုန်းကပေါ့ပေါ့တန်တန်နေခဲ့မိပေမယ့် အခုတော့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို လေ့လာနေတဲ့ငါက ဒါမျိုးမလုပ်သင့်ဘူး၊ ဒါမျိုး မတွေးသင့်ဘူး စသည်ဖြင့် ပြန်ထိန်းမိပါတယ်အရှင်ဘုရား။ စိတ်အားတွေ လျော့ကျလာတဲ့ အချိန်တိုင်းနေ့ရက်တွေကို အကျိုးရှိရှိ ဖြတ်သန်းရမယ်လို့ ကိုယ့်ကိုယ်ကို ပြန်သတိပေးမိ ပါတယ်အရှင်ဘုရား။ ကျေးဇူးကြီးလှပါတယ်အရှင်ဘုရား။

ဦးမျိုးမင်းအောင် (Level-2)

ဥပုလ်သီလ သေချာ စောင့်ထိန်းတတ်သွားပါသည်ဘုရား။ သတိပဋ္ဌာန်တရား ကျင့်ကြံ အားထုတ်ရန် ပိုမိုနားလည်သွားပါသည် ဘုရား။

ဝင်းပပ (Level-2)

ရှေးဦးစွာ တက္ကသိုလ်မှ သဘာပတိ၊ ပါချုပ်၊ ဒုပါချုပ်ဆရာတော်ဘုရားကြီးများနှင့်တကွ စာစစ်ပေးပါသောဆရာတော်များနှင့် စာသင်ပေးပါသော ဆရာတော်၊ ဆရာမကြီး၊ သင်ဆရာ၊ မြင်ဆရာ၊ကြားဆရာများအား တပည့်တော်သည် ဘုရားရှိခိုးပြီးတိုင်း နေ့စဉ် မေတ္တာများပို့သပါသည်အရှင်ဘုရား။ ကံ၃ ပါးနှင့် ပြစ်မှားခဲ့မိသည်ရှိသော် ဝန်ချတောင်းပန် အပ်ပါသည်ဘုရား။ တပည့်တော်သည် ယခင်က သူများထံမှမေတ္တာကိုသာလိုခြင်ခဲ့ပြီး ကိုယ်ကစတင်၍ မေတ္တာထားပို့သရမည်ကို သင်ယူသိရှိရသည့်အချိန်မှ၍ တတ်နိုင်သမျှ ကျင့်သုံးခဲ့ပါသည်။ တစ်ခါတစ်ရံတွင်လည်း စိတ်မထိန်းနိုင်ဘဲ သတိလက်လွတ်၍ ဒေါသထွက်၊ စိတ်ဆိုးခြင်းများဖြစ်ခဲ့ပါသည်။ သတိဝင်လာသည့်အချိန်တွင် ပြန်ထိန်း သော်လည်းစိတ်ငြိမ်အောင်၊ဒေါသစိတ်ပြေပျောက်အောင်အချိန်တော်တော်ကြာပြန်လည် ထိန်းရပါသည်။ဒေါသသည်မိမိအတွက်မကောင်းမှန်း၊အကျိုးမရှိသည်များကိုသင်ယူသည့် စာများခေါင်းထဲပြန်ပေါ်လာလျှင်ကြိုးစားဖြေဖျောက်ပါသည်။ ဓမ္မအသိဖြင့် အကျိုးရှိစွာ

နေနိုင်အောင် တနေ့တာအချိန်အတွင်းမှာ ဥစ္စာမရှာနိုင် သော်လည်း တပည့်တော် အတွက်ကုသိုလ်နှင်ပညာရအောင်၊မိသားစုတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးရသည့် အရာများတွင်စေတနာပိုထား၍လုပ်ပေးနိုင်ခဲ့ပါသည်။ ထို စိတ်မျိုးထားနိုင်လာခြင်းသည် မိမိ၏အတွေးများကို ပြောင်းလဲနိုင်ခြင်းနှင့် ယောနိသောမနသိကာရတို့ ပေါင်းစပ်ခဲ့ နိုင်ခြင်းဟုခံစားသိရှိရပါသည်။အပြစ်ရှိပြီးကောင်းကျိုးမပေးသည့်အတွေးများတွေးနေမိလျှ ငဒီအတွေး သည် မကောင်းမှန်း သိသည်အချိန်တွင် ေကာင်းသည့်စိတ် ပြန်ကပ်နိုင်အောင် ကြိုးစားခဲ့ပါသည်။ ဘဝပေးအခြေအနေအရ မိမိဘဝရှေ့ရေးအတွက် အမြဲတွေးတောပြီး ရုန်းကန်ခဲ့ရသဖြင့် အတွေးတစ်ခုတွေးမိလျှင် တော်တော်နှင့်မရပ်နိုင်သည် တပည့်တော် သည် သတိရတိုင်း အနည်းငယ်ဆင်ခြင်နိုင်လာပါသည်။ ဥပုသ်စောင့်သုံးခြင်း အဓိပ္ပါယ်ကို သေသေချာချာသင်ယူနာကြားခဲ့ရသဖြင့်ယခုအချိန်မှစ၍စောင့်သောဥပုလ်သည်တန်ဖိုးရှိ သောဥပုလ်ဖြစ်အောင်စောင့်သုံးပါမည်အရှင်ဘုရား။ Level(1)တွင် မေတ္တာသုတ်၊ Level2 တွင်ခန္ဓသုတ်တို့သင်ယူကျက်မှတ်ရသဖြင့် တပည့်တော်ဘုရားရှိခိုး ပရိတ်ရွတ် သည့် အချိန်တွင် ပရိတ်ေတာ်တို့၏တန်ခိုးေတာ်၊အနက်အဓိပ္ပါယ်၊ လိုက်နာကျင့် သုံးရသည် ကို သိရှိပြီး ရွတ်ဆိုပူဇော်နိုင်လာပါသည်။သမထနှင့်ဝိပဿနာ၊ လူတိုင်းကျင့်ရန် သတိပဋ္ဌာန် တရားတော်များ ပူဇော်သင်ယူပြီးသည့်အချိန်တွင် အသက်၁၈နှစ်မှ ယခု၅၅နှစ် အရွယ်အထိ မဟာစည်၊ ဂုရုကြီးဦးဂိုအင်ကာ၊ထေရီမတို့ရွာ တရားစခန်းတို့တွင် စုစုပေါင်း ၇ကြိမ်ခန့်ဝင်ခဲ့ဖူးသော တပည့်တော်သည် ထိုစခန်းတွေဝင်ခဲ့စဉ်က သေသေချာချာ မရှုမှတ်နိုင်သည့် မိမိအားနည်းချက်များကို ပြန်လည်သိမြင်ခဲ့ရပါသည်။ ယခုအချိန် အတွင်းတော့ အိမ်မှာနေစဉ် အိမ်မှုကိစ္စလုပ်ကိုင်ဆောင်ရွက်နေရင်း သတိကပ်နိုင်အောင် ကြိုးစားရင်းကပ်နိုင်သည့်အချိန်တွင်မိမိစိတ်တွင် ဘာဖြစ်နေသည်ကိုဘဲ စောင့်ကြည့်ပါ သည်။ ထို့အတွက်အရှင်ဘုရားတို့၏ကျေးဇူးကြီးမားလှပါသည်ဘုရား။တပည့်တော်သည် အိမ်အလုပ်တွေနှင် အတူမနေသည့် မိခင်အား တစ်ပတ်၃ရက် သွားရောက် ပြုစုရပါသဖြင့် အိမ်အလုပ်လုပ်ရင်းတရားနာ၊သင်ကြားပို့ချမှု့များနားထောင်၊ကားပေါ်တွင်ပြဋ္ဌာန်းစာအုပ် များကိုဖတ်ရှုလေ့လာရပါသည်အရှင်ဘုရား။ တစ်ခါသား နေ့လည်ဘက် တပည့်တော်

အိမ်တွင် တံမျက်စည်းလှည်းရင်း လူတိုင်းကျင့်ရန် သတိပဋ္ဌာန်တရားနာနေချိန် ဆယ်မိနစ်ခန့် စိတ်သည် ဘယ်မှမပြေးတော့ဘဲ တရားကိုသာ အာရုံစိုက်ပြီး နာမိနေချိန်တွင် ကိုယ့်ကိုကိုယ် သတိထားမိလာသည်က ရင်ထဲမှာ အေးမြလန်းဆန်းပြီး၊ နှလုံးလေးငြိမ်သက်နေသည် ကိုခံစားလာရပါသည်။ ထိုနှလုံးငြိမ်သက်မှုကို တံမျက်စည်းကိုင်ပြီးကြည့်နေမိသလို ဖြစ်ခဲ့ပါသည်။ တဖန် တံမျက်စည်းလှည်းနေသည့်ဘက်ကို စိတ်ကပြန်ရောက် သွား၍ထိုစိတ်လေးပျောက် သွားပါသည်။ ခဏတာလေး ခံစားခဲ့တာတောင်ကြက်သီးတဖြန်းဖြန်းထခဲ့ပါသည်ဘုရား။စာမေးပွဲဖြေရသည်ဖြစ်၍တရားနာ၊ပြဋ္ဌာန်းဖတ်၊ စာကျက်သည့်အချိန်များသည်တပည့်တော်အတွက်ငါဘယ်လိုနည်းနဲ့နေ့တွေရက်တွေကို ကုန်လွန်ရမလဲဆိုသည့်အကြောင်းကိုဆင်ခြင်နိုင်ခဲ့ပါသည်။ နေ့စဉ်လည်း လောဘ၊ဒေါသ၊ မောဟစိတ် ၊ဝန်တိုစိတ်၊ မစ္ဆရိယစိတ်၊ မနာလိုစိတ်များ နည်းသထက် နည်းအောင်၊ အချိန်တိုင်း သတိကပ်နိုင်အောင်၊ လူတိုင်းအပေါ်မှာလည်း မေတ္တာထားနိုင်အောင် ကြိုးစားနေထိုင်ပါမည် အရှင်ဘုရား။ စာမေးပွဲကိုတပည့်တော်အစွမ်းရှိသလောက် ကြိုးစားဖြေဆိုပူဇော်ခဲ့ပါသည်အရှင်ဘုရား။ စာတွေကျက်ပြီး စာမေးပွဲတွင်အပြည့်အဝ မပူဇော်နိုင်ပါသော်လည်း လက်တွေ့ဘဝတွင် ကြုံတွေ့ရသည့် ကိစ္စများအတွက် တပည့်တော် နာယူပူဇော်ခဲ့သည့်တရားတော်များ ခေါင်းထဲမှာပြန်ပေါ်လာချိန်တွင် မိမိကိုယ်ကို ဆုံးမနိုင်ခဲ့ပါသည်။ ယခုရေးသားပူဇော်ချိန်လည်း တပည့်တော်စိတ်ချမ်း ပါသည်ဘုရား။ အမြဲတမ်း စိတ်ချမ်းသာသာရှိအောင်ကြိုးစားနေထိုင်ပါမည် အရှင်ဘုရား။ ဆရာတော် ဘုရားကြီး နှင့်တကွ ဆရာတော် သံဃာတော်အရှင်သူမြတ်များ သက်ရှည်၊ ကျန်းမာစိတ်ချမ်းသာတော်မူကြပါစေဘုရား။"

ဒေါ်နွဲ့နွဲ့အောင်(Level-2)

"ဘုရားတပည့်တော်သည် ကုသိုလ်ဖြစ်စေရန်အတွက် စိတ်ကိုကောင်းသည့်ဘက်ကို ညွတ်နေစေနိုင်လာပါတယ်ဘုရား။ နံနက်အိမ်ယာထ မျက်နှာသစ်ပြီးသည်နှင့် ဘုရားရှိခိုးခြင်း အမှုကိုစွဲမြဲစွာဆောင်ရွက်နိုင်ပါပြီ။ တပည့်တော်တတ်နိုင်တဲ့လုပ်အားဖြင့် မိသားစုကို

စိတ်ချမ်းသာစေပါတယ်ဘုရား။ ဝတ္တရားအမှုတို့ကို ပြုနေစဉ်မှာလည်း နှုတ်မှ ဘုရား ဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးကို အနက် အဓိပ္ပါယ်နှင့်တကွ ရွတ်ဆိုပူဇော်ပါတယ်ဘုရား။ မဟာသရဏဂုံတော်ကြီးကိုလည်း တဆက်တည်း ရွတ်ဆိုပူဇော်ပါတယ်ဘုရား။ သမီးနှင့်မြေးကို ကျောင်းပို့၊ ရုံးပို့ရန် ကားမောင်း နေစဉ်တစ်လျှောက် ပူဇော်ခြင်းဖြစ်ပါတယ်ဘုရား အိမ်ပြန် ရောက်တာနဲ့ တပြိုင်နက် ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ခြင်းပြုပါတယ် ဘုရား။ ပါဠိများကို လည်း ပိုမိုကျက်မှတ်ပါတယ်ဘုရား။ နိဂဏ္ဌရဟန်များရဲ့ ဥပုလ်စောင့်ခြင်း ပါဠိစာသား ကိုတော့ ချန်လှပ်ထားခဲ့မိပါတယ်ဘုရား။ Level3ကိုဖြေဆိုရန်အတွက် ပြဋ္ဌာန်စာများကို စတင်လေ့လာနေပါပြီဘုရား မည်သည့်ပါဠိစာသားကိုမှမချန်လှပ်ဘဲ အထူးကျက်မှတ် လေ့လာပါမယ်ဘုရား။ နေ့တစ်နေ့ရဲအချိန်များကို အကျိုးရှိရှိအသုံးချခွင့်ရလို့ ဝမ်းမြောက် ပီတိ ဖြစ်ရပါတယ် ဘုရား။

(၂.၃) (Level-3) စာဖြေသူများ၏ လျှောက်ထားချက်များ

ဒေါ်သက်ထက်အေးငြိမ်း (Level-3)

သုတဓမ္မ diplomaနောက်ဆုံး level ဖြေဆိုခဲ့ပါပြီဘုရား။ တပည့်တော် က စိတ် အလွန်ဆတ် တဲ့ သူထဲမှာ ပါပါတယ် ဘုရား၊ ဒေါသလည်း ဖြစ်လွယ်ပါတယ်။ သုတဓမ္မ စာပေတွေကို လေ့လာပြီးတဲ့နောက်မှာ စိတ်ကို ပြုပြင်တတ်လာပါတယ်ဘုရား။ ထွက်ပေါက်အမှန်ကို တွေးပြီး စိတ်ကိုဦးလှည့်ပေးတတ်လာပါတယ်။ အမှတ်တမဲ့ ဖြစ်မိရင်တောင် သတိထားပြီး စိတ်ကိုပြုပြင်ပါတယ်။ စာမေးပွဲ ဖြေခါနီးတိုင်း အနှောင့် အယှက် ကိစ္စလေးတွေ ကြုံရလေ့ရှိပါတယ် ဘုရား။ ဒါတွေကလည်း ကိုယ်ပြုခဲ့တဲ့ ကံအတိုင်း ပါပဲ လို့သာ နှလုံးသွင်းယူပါတယ် ဘုရား။ မကျေနပ်တဲ့စိတ်မဖြစ်အောင် တွေးပြီး စာမေးပွဲ ဝေးနေစဉ်ကတည်းက စာတွေကို ကြိုပြီး ဖတ်မှတ်ပါတယ်။ အကောင်း ဘက်က ကြည့်ရင် စာမေးပွဲနီးတဲ့အခါ ကိစ္စအမျိုးမျိုးပေါ်ပေမယ့် စာတွေ အထိုက်အလျောက်ရပြီးဖြစ်တဲ့အတွက် သောကအရမ်းမဖြစ်တော့ပါဘူး ဘုရား။ ဒီလိုမျိုး သုတဓမ္မစာပေကို လေ့လာရင်း အချိန်ကုန်ရတဲ့အတွက် အချိန်တော်တော်များများ ကုသိုလ်နဲ့ နေရသလိုဖြစ်ပါတယ်ဘုရား။

ဒေါက်တာနှင်းနှင်းဝင်း (Level-3)

"ကျေးဇူးတော် အလွန်ကြီးမားပါသည်။ သုတဓမ္မစာပေများကိုလေ့လာမှတ်သားနာယူရင်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဖြစ်မှသည် ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်များ၏ အနှစ်သာရကို တဖြည်းဖြည်းပိုမို သဘောပေါက်လာပါသည်။ နေ့စဉ်လက်တွေ့ဘဝနှင့် ဆက်စပ်ကျင့်သုံးလျက် ဆက်လက်လေ့လာဆည်းပူးနာယူပါမည်။ စိတ်နှလုံးငြိမ်းချမ်းမှု ပိုမိုရရှိလာပါသည်။

ဒေါ်ဇင်ဇင်ဇော် (Level-3)

"Level 3 ဖြေပြီးသွားတဲ့အချိန်ထိ ပြောင်းလဲလာသည့်အဓိကအချက်ကတော့

၁.အဆိုးလောကဓံကိုရင်ဆိုင်ဖြတ်ကျော်လာနိုင်ပါတယ်ဘုရား။

၂.ဥပေက္ခာတရား ဒီနှစ်ပိုင်းတွေမှာသိသိသာသာကြုံတွေ့ရတဲ့ကိစ္စတစ်ခုက ယောကျ္ဃမတွေနဲ့ ပတ်သတ်တာပါဘုရား။ ယောကျ္ဃမတွေကို ငွေကြေးထောက်ပံ့တာ အစားအသောက်ပံ့ပိုးပေးတာ လစဉ်ဆေးခန်းပြဆေးဝယ် စတဲ့ကိစ္စအားလုံးကို ယောကျ်ားရဲ့ တိုက်တွန်းချက်မပါဘဲ ကိုယ်ကိုယ်တိုင်ရဲ့ စိတ်နဲ့ပဲအကုန်လုပ်ပေးခဲ့ပါတယ် ဘုရား။ အဲ့ဒါကို ယောကျ္ဃမတွေ က အမြဲတမ်းစကားပြောရင် သားကြီးလုပ်ပေးတာ သားကြီးလာပို့တာလို့ပဲပြောပါတယ်။ကျွန်မက ကျွန်မစိတ်နဲ့လုပ်ပေးတာမို့လို့ ဇင်ဇင်လုပ်ပေးတာပါဆိုပြီး ပြောပေးပါလို့ပြောလဲ အခုထိမပြောပေးပါဘူး။အဲ့ဒီအခါ စိတ်တိုပြီး မလုပ်ပေးတော့ဘူးဆိုတဲ့ စိတ်တွေဖြစ်လာပါတယ်။အဲ့ဒီစိတ်တွေဖြစ်လာရင် ဆရာတော်ကြီး သင်ကြားပေးထားတဲ့ တရားတော်တွေထဲက သူတို့ရဲ့ action ကိုအာရုံမစိုက်ဘဲ ကိုယ်လုပ်ပေးရမယ့် ဝတ္တရားကြေအောင် လုပ်ပေးရမယ်ဆိုပြီး ဥပေက္ခာတရားကို ပြန်ပြန်နှလုံးသွင်းပြီး မလုပ်ပေးချင် တော့ဘူးဆိုတဲ့စိတ်ကိုမဖြစ်အောင် ကြိုးစားအားထုတ်နေပါတယ်ဘုရား။

၃.မုဒိတာတရား အရင်ကကိုယ့်ထပ် အဆင်ပြေနေတဲ့ သူတွေတွေ့ရင် သူတို့က ငါ့ထပ်ပိုအဆင်ပြေနေတယ်ဆိုပြီးစိတ်နှလုံးမသာယာမှုတွေခံစားရပါတယ်။ အခု နောက်ပိုင်း Facebookကြည့်ရင်း ကိုယ့်ထက်အဆင်ပြေချမ်းသာနေတဲ့သူတွေတွေ့ရင် သတိကပ်ပြီး မုဒိတာတရားကိုကြိုးစားပွားများအားထုတ်နေပါတယ်ဘုရား။

၄.မရဏာနုဿတိ ဘဝတစ်ခုရထား သူတိုင်း တစ်ဖြည်းဖြည်းအို နာရပြီး နောက်ဆုံးသေရမည်ဆိုတဲ့ တရားကိုလဲနေ့စဉ် ဆင်ခြင်ပွားများ အားထုတ်နေပါတယ်ဘုရား။

၅.ငါးပါးသီလကိုလဲမကျိုးပေါက်အောင်သတိကပ်ရင်းကြိုးစားအားထုတ်နေပါတယ်ဘုရား။

၆.Level 1,2,3 စာမေးပွဲသုံးခုလုံးကိုလဲ သစ္စာဆိုနိုင်အောင် သီလလုံခြုံစွာ ဖြေဆိုခဲ့ပါတယ်ဘုရား။

၇။ပါမောက္ခချုပ်ဆရာတော်ကြီး၏ ကြီးမားလှစွာသော သီလ သမာဓိ ပညာဂုဏ်များနှင့် ကျေးဇူးတော်အနန္တတို့အား ဦးထိပ်ထား၍ရှိသေစွာရှိခိုးကန်တော့ပါ၏ဘုရား 🙏🙏🙏

၈.အသက်ရှင် ကျန်းမာနေသရွေ့ ဘုရားရှင်ဟောကြားခဲ့သော တရားများကို သင်ယူလေ့လာကြိုးစား အားထုတ်သွားပါမယ်ဘုရား"

ဒေါ်သန္တာဆွေ (Level-3)

သုတမမ္မအတွက် တရားများကိုနာယူမှတ်သားခဲ့သည့်အချိန်မှစ၍ ရှေးဦးစွာ ဆင်ခြင်မိတဲ့ အသိတရားက ဒေါသရဲ့အပြစ်ကိုပါဘုရား။နောက်ပြီး ကိုယ့်ရဲ့စိတ်ထဲမှာ ဖြစ်နေတဲ့ မာန တရားကို ပါသိရှိဆင်ခြင်ရမှန်းသိလာပါတယ်ဘုရား။တပည့်တော်က ဘယ်ကိစ္စပဲဖြစ်ဖြစ် ငါလုပ်နိုင်တယ်ဆိုတဲ့မာနရှိပါတယ်ဘုရား။ အဲဒီမာနတရားနဲ့ စိတ်တိုလွယ်တဲ့ ဒေါသ အကြောင်းနဲ့ အပြစ်တွေ ဆိုးကျိုးတွေကို level1 စသင်လာတော့သိလာရတဲ့အတွက် တပည့်တော် ဆင်ခြင်လာနိုင်ပါတယ်ဘုရား။ ကိုယ့်ရဲ့လွန်ကဲတဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ မာနတရားကို တရားတွေနာကြားရင်းလက်တွေ့ ကျင့်ခြင်းများဖြင့် လျော့ချ နေပါတယ်ဘုရား။ ဘုရားတပည့်တော်တို့လို အိမ်မှာနေတဲ့ဒကာမတွေ အိမ်ထဲမှာ နေရင်းဘုရားအဆုံးအမတွေကို သင်ကြားခွင့်သင်ယူခွင့် ကျင့်သုံးခွင့်ရရှိသည့်အတွက် ဆရာတော်ဘုရားကြီးနဲ့တကွ ပညာဘူမိတက္ကသိုလ်နဲ့ ဆက်စပ်သမျှသော ရဟန်းရှင် လူအပေါင်းအား ကျေးဇူးတင်ရှိပါတယ်ဘုရား။

Tin Soe Soe Than (Level-3)

တက်ခဲ့သည့် Level တိုင်းမှာ မိမိကိုယ်တိုင်ထားရမည့် စိတ်နေသဘောထား ပတ်ဝန်းကျင် အပေါ်ထားရမည့် စိတ်နေသဘောထား ယခုဘဝတွင်သာမက ဘဝပေါင်းများစွာ အကျိုး

ရရှိမည့် လေ့လာရမည့်နည်းလမ်းများကိုသိရသည့်အပြင် မိမိခံစားနေရသည့် စိတ်ဖိစီးမှုများအတွက် ထွက်ပေါက်များပါ သိရှိရသည့်အတွက် ကျေးဇူးကြီးလှကြောင်း ရိုသေစွာကန်တော့လျှောက်ထားအပ်ပါတယ်ဘုရား။

မိုးမြင့်စန္ဒာ (Level-3)

ရတနာသုတ် အနက်အဓိပ္ပါယ် တွေအကုန်လုံး နားလည်ခဲ့ရပါတယ်။ မှန်ကန်တဲ့ သစ္စာစကား၏ အကျိုးတန်ဖိုးများလည်း သိရှိခဲ့ရပါတယ်။

Ma Yu Nandar Aung (Level-3)

ဗုဒ္ဓဘာသာတစ်ယောက် သိသင့်သည့် တရားဓမ္မများကို သိရှိခွင့်ရခဲ့ခြင်းနှင့် မိမိကိုယ်ကိုကိုယ် ပြန်လည်ဆင်ခြင်နိုင်စွမ်းရှိခဲ့ပါသည်။

ဒေါ်ရီရီဝင်း (Level-3)

"သူတော်ကောင်းတို၏ စိတ်နေသဘောထားတရားကို လေ့လာမှတ်သားရတဲ့အခါ နေ့စဉ်လူနေမှုဘဝမှာလူတွေနဲ့ဆက်ဆံတဲ့အခါ အကောင်းဘက်ကနေကြည့် တတ်လာတယ် အရာရာ ကိုသည်းခံလာနိုင်တယ် ဒေါသတွေလည်းထိန်းလာနိုင်တယ် ပြဿနာတွေ ကင်းပြီး စိတ်ကလေးကအေးချမ်းလာပါတယ်"

ဒေါ်နှင်းအိကျော် (Level-3)

တဖြေးဖြေးနဲ့မသိသေးတာတွေကို ပိုသိချင်လာမိပါသည်။

ဒေါ်စောစန္ဒာစိမ့် (Level-3)

အကောင်းမြင်စိတ်ကြောင့် ဒေါသကိုထိန်းနိုင်သည်ကို သေချာသိ၍မစ္ဆရိယတရား၊ ဥပက္ခာတရား၊ဦးဇွေ့တယ်ဆိုတာတွေကိုစာမေးပွဲဖြေဖို့ကျက်မှတ်ရင်းနဲ့သေချာမှတ်မိသွားပါတယ်ဘုရား။

မအင်ကြင်းသက် (Level-3)

တပည့်တော်မသည် ထစ်ခနဲရှိ ဒေါသထွက်တတ်၊ မဟုတ်မခံလိုသော စိတ် နှင့် အမှား အယွင်းများအပေါ်သည်းမခံနိုင်သောစိတ်များ ရှိသည်ကို သတိထားမိပါသည်။ ယခုထိ ထိန်းသိမ်းရန် ပြုပြင်ရန် ခက်ခဲနေသော်လည်း ယခင်က ပြုပြင်လိုစိတ် မရှိခဲ့ပဲ မာန ပဲရှေ့တန်းတင်မိပါသည်။ယခုမှာ ယင်းစိတ်ထားများ ရှိနေသည့်အပေါ် သတိဝင်ရှက်တတ်လာသော်လည်း မထိန်းချုပ်နိုင်သေးပါ။ စာမေးပွဲ ကို ဝင်ရောက်ဖြေဆိုဖို့ ဖြစ်ပြီးနောက်ပိုင်း ယခင် ဓမ္မပူဆာ ချင်လို့ စာဖတ်ခဲ့သည့် သဒ္ဒါမှတဆင့် မိမိ၏အခြေအနေများကိုသုံးသပ်မိလာသည့်အတွက် ကျေးဇူးအနန္တကြီးသော ဘုန်းဘုန်းကြီးကို အကြိမ်ကြိမ်ကန်တော့မိပါသည်။ပြုပြင်လိုစိတ်မရှိခဲ့သော စိတ်နေစိတ်ထားများကို ယခုအခါ ပြုပြင်နိုင်အောင်ကြိုးစားလျက်ရှိပါသည်။ကရုဏာဖြင့် ဟောပြောသင်ကြားပေးသော ဘုန်းဘုန်းကြီးကို လက်ဆယ်ဖြာ ရှိခိုးကန်တော့ပါ၏ဘုရား။

ဦးအောင်ငြိမ်းဦး (Level-3)

အောင်ခြင်းကျခြင်းထက် ဓမ္မကို ပူဇော်သည့် စာမေးပွဲ ဖြစ်ကြောင်းကို ဆရာတော်ကြီး၏ဩဝါဒကို စာဖြေသူတွေထံ ယခုထက်ပိုပြီး နှလုံးသွင်းစေရန် အလေးပေးသင့်ပါသည်။ တစ်ချို့သော စာဖြေသူများဟာ အောင်ခြင်းကျခြင်း ဂုဏ်ထူးရဖို့ ပိုမို အားသန်နေတာကို တွေ့ရပါသည်။ ထို့အတွက်ကြောင့် ယခုထက်ပို အသိပေးရန် လိုအပ်ကြောင်းဘုရားတပည့်တော် လေးစားစွာ လျှောက်ထားအပ်ပါသည်။

ဒေါ်ဆူစီ (Level-3)

ရတနာသုတ်ကိုအဓိပ္ပာယ်မသိဘဲ ရွတ်ဖတ်ခဲ့မိတာ ခုတော့ဘယ်စာပိုဒ်က ဘာအဓိပ္ပာယ်ဆိုတာကို သိခဲ့ရပြီ အရှင်အာနန္ဒာအကြောင်းလည်းသိရ တရားအသိတွေ တစ်နှစ်ပြီး တစ်နှစ်တိုးလာခဲ့ပါတယ် ဒါကြောင့်ဒီအသက်မသေမရွေ့ ရှေ့ဆက်တစ်တန်းပြီး တစ်တန်း တက်နေအုံးမှာပါရှင့် ဆရာတော်ကိုလည်းအမြဲကျေးဇူးတင်မေတ္တာပို့သလျက်ပါရှင့်။

DAW CHO CHO SOE (Level-3)

သုတမမွှ ဒီပလိုမာသင်တန်းစာပေများသည် ဘဝအတွက် အမတန်မှအထောက်အပံ့ကောင်းသော ဘာသာရပ်တစ်ရပ်ဖြစ်ပါသည်။ ပါချုပ်ဆရာဆရာတော်ဘုရားကြီး၏ တရားတော်မြတ်များကိုနာယူမှတ်သားရင်း သုတမယဉာဏ်များ ပို၍တိုးပွားစေခဲ့ပါသည် တစ်ဘာသာလျှင် တရားတော်(၅)ပုဒ်နာယူခဲ့ရသည်မှာ မွန်မြတ်သော တရားများကို နာယူခဲ့ရပါသည်ဘဝတွင် တစ်ခါမှမသိရှိဖူးသေးသော အသိဉာဏ်များ တိုးပွားစေခဲ့တော်မူပါသည် တရားစာပေ(၅)ပုဒ် ဖတ်ယူမှတ်သားရင်းဗုဒ္ဓစာပေများကိုပိုမို၍ ကြည်ညိုစွာဖြင့် ပူဇော်ခဲ့ပါသည် #Level(1)& Level (2)& Level (3)တရားစာပေများကို ပူဇော်ရင်း ဘဝအတွက် ဆင်ခြင်ရမည့် တရားများ ကိုမွန်မြတ်စွာ ဆင်ခြင်နိုင်ခဲ့သည်☘ ပါချုပ်ဆရာတော် ဘုရားကြီးနှင့်တကွသဘာပတိဆရာတော်များအား ကျေးဇူးအထူးတင်ရှိတော်မူရင်း ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးဦးတင်တော်မူပါတယ်ဘုရား။

🙏☘🙏☘🙏☘

မသီရိမြတ် (Level-3)

မြတ်စွာဘုရားဟောကြားသည့် တရားတော်များ၏ အနှစ်သာရကို သိရှိရသည့်အတွက် ဘုရား၊ တရား၊ သံဃာတော်များ၏ဂုဏ်ကို ပို၍ချီးမွမ်းပူဇော်မိပါသည်။

U Kyi Myint (Level-3)

ကျေးဇူးတော်ရှင် ဆရာတော်ကြီးအား အထူးကျေးဇူးတင်အပ်ပါသည် တပည့်တော် သုတဓမ္မ ဒီပလိုမာ level3ဖြေဆိုပြီးသည့် အချိန်တွင် သစ္စာလေးပါးမဂ္ဂင်၈ပါးတရားများကို ပိုမိုသိရှိခွင့်ရရှိခဲ့ပြီး ဝိပဿနာလမ်းကြောင်းပေါ်သို့ လက်တွေ့အားထုတ်နိုင်ရန် စိတ်အာရုံ ပိုမိုထက်သန်လျှက်ရှိပါသည်ဘုရား ဆရာတော်ဘုရားကြီးအသက်ရာကျော်ရှည်ပါစေ။

ကလျာချို(Level-3)

သုတဓမ္မဒီပလိုမာ Level 1 မှ စတင်ခဲ့သည်မှာ Level 3 ရောက်ချိန်တွင် တရားတော်များမှာ ပိုလေးနက်လာပြီး တရားတော်၏ အရသာကိုလည်း ပိုသိမြင် နားလည်လာရပါသည် ဘုရား။ ဆရာတော်ဘုရားကြီး ၏ မေတ္တာ ဂရုဏာများကို ခံစားမိ၍ ကျေးဇူးတင်ဦးခိုက် လိုက်ရပါတယ်ဘုရား။ 🙏🙏🙏

ဒေါ်အေးမျိုးစု(Level-3)

"လေ့လာကျက်မှတ်ရင်း မိမိစိတ်ကို ဆင်ခြင်သုံးသပ်တတ်လာပါသည် အကြောင်း အကျိုးဆင်ခြင်တတ်လာပါသည်။"

ဒေါ်အေးသီတာဟန် (Level-3)

"တပည့်တော်မတို့ ဘဝခရီးကိုလျှောက်လှမ်းရာမှာ ရှောင်သင့်တာ ဆောင်သင့်တာများ ကို သင်ကြားခွင့် သင်ယူခွင့်ရလို့ ဆရာတော်ကြီးရဲ့ဂုဏ်ကျေးဇူးကို ထပ်ခါထပ်ခါ ပူဇော်ပါတယ် အရှင်ဘုရား။ ဆရာတော်ကြီး သက်တော်ရှည်ပါစေ။"

မအိကလျာ (Level-3)

"စာမေးပွဲအဆင့်ဆင့် ကြိုးစားဖြေဆိုခဲ့ပါသည်ဘုရား။ မြတ်စွာဘုရား၏ ဓမ္မအသိပညာများစွာသင်ယူရသည် အမှတ်သညာမှရရှိတယ် မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ကို ကျင့်ကြံကြိုးစားတဲ့ အလေ့အကျင့်ကောင်းများကျင့်တတ်လာပြီး လောကအလယ် တင့်တယ်ခန့်ညားလာပါသည်ဘုရား 🙏🙏🙏"

ဒေါ်သူဇာမြင့် (Level-3)

တရားအသိပိုတိုးလာပါတယ်။ စိတ်လဲထားတတ်လာပါတယ်။ လွန်စွာအကျိုးများ တဲ့စာမေးပွဲပါ။ ဆရာတော်ကြီးရဲ့ဉာဏ်ပညာကိုလဲပိုပြီးကြည်ညိုလေးစားမိပါတယ်။ စာမေးပွဲဖြစ်မြောက် အောင်ပါဝင်ကြိုးပမ်းပေးသူအားလုံးကိုကျေးဇူးအထူးတင်ပါတယ်။

ဒေါ်ကြွယ်ကြွယ်ဝင်း (Level-3)

"လူဘဝ၏ တန်ဘိုးရှိသော အချိန်များအား တရားတော်များသင်ယူခြင်းဖြင့် ကုသိုလ်တရား တိုးပွားရပါသည်ဘုရား။ သတိနှင့်နေတတ်အောင် လမ်းပြပေးတော်မူသော ဆရာတော် ဘုရားကြီး ကျန်းမာပါစေ သက်တော်ရာကျော်ရှည်ပါစေဘုရား။"

နန္ဒာအောင် (Level-3)

ပိုမိုသက်ဝင်ယုံကြည်လာပါသည်။

Yee mon thaw (Level-3)

ဝိပဿနာ အခြေခံသဘောတရားကို သိရှိနားလည်ရပါသည်။

ဒေါ်မေစိုးဦး (Level-3)

"ဒေါသ၏ အပြစ်များကို သေချာသိခွင့်ရ၍ ဒေါသကို ကြာရှည်မဖြစ်အောင် ထိန်းဖို့ မိမိကိုယ် အမြဲ သတိပေးဖြစ်ပါသည်။ စိတ်ရဲ့ မှန်ကန်တဲ့ ထွက်ပေါက်တွေ သိခွင့်ရခြင်း၊ သူတော်ကောင်းကို ခွဲခြားနည်း၊ ဘာသာတရားကျင့်သုံးရခြင်း၏ မှန်ကန်တဲ့ရည်ရွယ်ချက် သိခွင့်ရ၍ များစွာအကျိုးထူးလှပါသည်။ ဝိပဿနာ ရှုရန်အတွက် နည်းလမ်းအမှန် အများကြီး သိခွင့်ရပါတယ်။ "

ဒေါ်ခိုင်ဇေယျာသန့် (Level-3)

"လွန်ခဲ့တဲ့ ၂ နှစ် တပည့်တော်မှာသောက အပူတွေနဲ့လောင်နေတာ ခုပြန်တွေးကြည့် ခု ကြောက်စရာကောင်းပါတယ်၊ အဲ့ ၂ နှစ်ရဲ့ အရှေ့ ရှေ့နှစ်များစွာမှာလည်း လောဘတွေ ဒေါသတွေကြားထဲ ပူခဲ့လောင်ခဲ့တာ၊ သောကတွေ ဗျာပါဒတွေနဲ့ကြား ပျော်စရာတွေလို့ တွေးထင်ခဲ့ပြီး လောဘဇောတွေတက်ခဲ့တာ သံသရာအတွက် တပည့်တော် ကံတွေပြု ခဲ့တာ ဆိုးလိုက်တာပါလားလို့ ပြန်တွေးမိတော့ ကြောက်စိတ်ဝင်မိတယ် အဲ့စိတ်နဲ့ သေရင် ကောင်းတဲ့ဘဝကို ပြန်ရတော့မှာမဟုတ်ဘူး၊ အခုလို တရားစာပေလေ့လာခွင့်လည်း ရှိတော့မှာမဟုတ်ဘူးလို့ တွေးမိတော့ မသိတဲ့ မောဟကနေ ဖြစ်လာတဲ့ ကိုယ့်ကိုကိုယ် တွေးထင်စိတ်တွေဟာ တစ်ကယ်တော့ ကောင်းသလိုထင်ပြီး (လောကီလူ့ဘဝ) မကောင်းတဲ့ အကုသိုလ် (သံသရာအတွက်) တွေပြုခဲ့မိတာ မိသားစုအတွက်လို့ ခေါင်းစဉ်တပ်ပြီး ကိုယ့်သန္တာန်က ဖြစ်လာတဲ့လောဘနောက်ကို ကောက်ကောက် ပါအောင် လိုက်ခဲ့တာ ၊ တစ်ကယ်တော့ အဲ့ကံတွေရဲ့ တန်ပြန်အကျိုးကို ကိုယ်တစ်ယောက် တည်း သံသရာမှာ ဆပ်ရမှာ တန်လို့လားလို့ ပြန်မေးကြည့်မိတော့ အရမ်းဝမ်းနည်း သွားတယ်၊ “ငါ့သား ငါ့လင်ဆိုတာတွေ ငါ့မိဘ ငါ့အသိုင်းအဝိုင်း ဆိုတာတွေ အတွက်” အချိန်တွေအများကြီးကုန်ခဲ့တာပဲ ၊ တစ်ကယ်တမ်း “ငါ”ဆိုတာမရှိပါလားလို့တွေးမိတယ်။ ဒီလောကကြီးထဲ ခေါ်ယူလာ လူဖြစ်ခွင့်ပေးတဲ့ အဖေနဲ့အမေကို ကျေးဇူးဆပ်ပြီး ကိုယ်ခေါ်

လို့ ရောက်လာတဲ့ ကလေး ၂ ယောက်အတွက် တာဝန်တစ်ခုပြီးဆုံးချိန်တန်ပြီလို့ ကိုယ်သတ်မှတ်ထားတဲ့အချိန် ကိုယ့်အတွက် ကုံယ်ဇောက်ချ လုပ်တော့မယ်လို့ ဆုံးဖြတ်ထား ပါတယ် ဘုရား။ ဒီစာမေးပွဲပြီးရင် အစက တပည့်တော်ဘာသာစကားတစ်ခု ထပ်သင်မယ် ၊ နောက်ထပ်ဘွဲ့တစ်ခုယူမယ်စဉ်းစားမိတယ်။ မနေ့က စာဖြေပြီး ပြန်အလာမှာတော့ တပည့်တော်အတွေးပြောင်းသွားတယ် BA Part 1 ကိုဆက်တက်မယ် ရသလောက် ဝင်ဖြေပါမယ် ဘုရားတရားတော်တွေ ပို့ချပေးတဲ့ဆရာတော်ကြီးတွေရှိတုန်း၊ ဆရာ ဆရာမတွေရှိတုန်း ဒီအခွင့်အရေးကြီးကို ဘာလို့မယူရမှာလဲလို့ တွေးမိတယ် ၊ လောကီဘက် က ပညာတွေက ဒီခန္ဓာပြီးတာနဲ့ ထားခဲ့ရမှာ၊ ဘုရားတရားတော်တွေက လေ့လာရင်း တရားတွေနာရင်း တရားစာတွေလည်းရမယ် သံသရာအတွက်လည်း အကောင်းဆုံး အထောက်အပံ့ဖြစ်မယ်လို့ တွေးမိပြီး လောကီဘက်က မပြည့်နိုင်တဲ့ဆန္ဒတွေကို ကိုယ်ဖြည့်ဖို့ မကြိုးစားတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်ဘုရား။ ကုသိုလ်ကံကောင်းစွာနဲ့ တရားတွေ နာယူခွင့် သင်ယူခွင့်ရှိတုန်း မလုပ်ရင် ငါသည် မိုက်မဲတဲ့လူဖြစ်တော့မယ် ၊ မြတ်စွာဘုရားရှင်ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေဟာ လူသားတွေအတွက် အကောင်းဆုံး တရားမြတ်ကို ပေးခဲ့တာ ဘာလို့ မယူရမှာလဲလို့ တွေးမိပြီး တပည့်တော် BA Part 1 ခရီးကို ရင်ထဲက သဒ္ဓါတရားအပြည့်နဲ့ ခရီးဆက်ပါမယ် ဘုရား။ သံသရာမှာ ဘယ်သူနဲ့မှ ပြန်မဆုံချင်တော့ပဲ သံယောဇဉ်တွေကိုဖယ်ခွါနိုင်သူပဲဖြစ်ချင်တယ်။

မြတ်စွာဘုရားကျေးဇူး၊ ဆရာတော်ဘုရားကြီးကျေးဇူး၊ မိဘ (၂)ပါးကျေးဇူးကို တရားတော်တွေနဲ့ကျေးဇူးဆပ်ချင်ပါတယ် 🙏🙏🙏 ဆရာတော်ဘုရားနှင့်တစ်ကွ ပညာဘူမိ တက္ကသိုလ်ရှိ ဆရာတော်ဘုန်းဘုန်းများ၊ ဆရာ ဆရာမများအပင်ပန်းခံမှုကြောင့် တရားအသိတွေ တိုးလာခဲ့ရလို့ ကျေးဇူးတင်ရှိခိုးဦးခိုက်ပါတယ် ဘုရား 🙏🙏🙏"

Chan Myae Maung (Level-3)

"ပညာဘူမိတက္ကသိုလ် သုတဓမ္မစာမေးပွဲ Feedback စာဖြေဌာန - YGN-07-L3-072

အတန်း/အဆင့် - Level 3

၁။ စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့် အသိဉာဏ်များနှင့် လျှောက်ထားလွှာ သုတဓမ္မသင်တန်းမှ တရားတော်များကို စနစ်တကျ လေ့လာခွင့် ရသည်မှာ ဘဝအတွက် အလွန်ပင် အဖိုးတန်လှပါသည်။ စာမေးပွဲအတွက် လေ့လာ ကျက်မှတ်ရင်း ""ဖသ"" နှင့် ""ဝေဒနာ"" တို့၏ သဘောတရားများကို ပိုမိုတွေးတော နားလည်ခွင့် ရရှိခဲ့ပါသည်။ စာမေးပွဲမေးခွန်းများမှာလည်း အဆင့်အတန်းမြင့်မားပြီး လွန်စွာ ခက်ခဲလွန်းခြင်း၊ လွယ်ကူလွန်းခြင်းမရှိဘဲ သင့်တင့်မျှတမှုရှိသောကြောင့် အလွန် အားရကျေနပ်မှု ရှိရပါသည်။ ယနေ့မှစတင်၍ စာစစ်ဆရာတော်ကြီးများကိုလည်း မေတ္တာဘာဝနာပွားများ စပို့သပါပြီဘုရား။

၂။ စာမေးပွဲဖြေဆိုစဉ် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် အဆင်ပြေသည့်အချက်များ စာမေးပွဲ မစတင်မီ မိုက် (Mic) ဖြင့် စာမေးပွဲစည်းကမ်းချက်များကို ရှင်းလင်းစွာဖတ်ကြား ပေးခြင်းသည် အလွန်ကောင်းမွန်ပြီး လက်ခံနိုင်ပါသဖြင့် ကျေးဇူးတင်ရှိပါသည်။
ယေဘုယျအားဖြင့် စာမေးပွဲကျင်းပပုံ အစီအစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့မှု ရှိပါသည်။

၃။ ပိုမိုကောင်းမွန်လာစေရန် အကြံပြုချက်များ (Feedback)

အသံစနစ်ဆိုင်ရာ အခက်အခဲ - စာမေးပွဲမေးခွန်း (၂) စုံလုံးကို မိုက် (Mic) ဖြင့် အကျယ်ကြီး ဖတ်ပြသည့်အခါ ဆူညံမှုဖြစ်ပြီး စာစဉ်းစားရာတွင် အာရုံစိုက်ရခက်ခဲမှု ရှိခဲ့ပါသည်။ ထို့အပြင် Sound Box အသံချဲ့စက်မှလည်း Error တက်ကာ အသံ ""ဂျီးဂျီး"" ဟု မြည်နေသဖြင့် ပို၍အဆင်မပြေဖြစ်ခဲ့ရပါသည်။ နောက်နောင်တွင် မေးခွန်း ဖတ်ပြမည့် အစား စာဖြေသူများ ကိုယ်တိုင်အာရုံစိုက် ဖတ်ရှုဖြေဆိုနိုင်ရန် စီစဉ်ပေးနိုင်ပါက ပိုမို အဆင်ပြေ နိုင်မည်ဟု ထင်မြင်မိပါသည်။ လမ်းညွှန်ဆိုင်းဘုတ် (Signage) လိုအပ်ချက် - လူအများစု ဖြေဆိုကြသည့် (၂) ခန်းတွဲစာဖြေဆောင်အတွက် လမ်းညွှန် ဆိုင်းဘုတ်

(Signage) များ ထားရှိပေးစေချင်ပါသည်။ အပေါ်ဆောင်နှင့် အောက်ဆောင်ကို အချို့သူများ မှားယွင်းတက်မိကြသဖြင့် ရှင်းလင်းသော လမ်းညွှန်ဆိုင်းဘုတ်များရှိပါက အခြားသူများကို လိုက်လံမေးမြန်းနေစရာမလိုဘဲ ပိုမိုစနစ်တကျနှင့် အဆင်ပြေသွားမည် ဖြစ်ပါသည်။ သုတမမ္မစာမေးပွဲကြီး ယခုထက်မက ပိုမိုအောင်မြင် စနစ်ကျပါစေကြောင်း ဆုတောင်းလျက်။ ဦးတင်လျှက်CMM 🙏"

ဒေါ်နွယ်နွယ်လှိုင် (Level-3)

အရမ်းကို ကိုယ့်ကိုယ်ကို ကျေနပ်မှုရှိသည့်အပြင် ဆရာတော်ကြီးဟောကြားထားသော ဗုဒ္ဓရဲ့ တရားတော်များကို ကိုယ်တိုင်တစ်နိုင်တစ်ပိုင် သာသနာပြုခွင့်ရသည့်အတွက် ကျေနပ်မိပါသည်။တရားငါးပုဒ်လုံးဟာ မတူညီသော အသိဉာဏ်ထူးများကို ရရှိပါသည်။ Level 3 ဖြေပြီးပြီဖြစ်သည့်အတွက် တရား ၁၅ ပုဒ်လုံးကို လေ့လာခွင့် နာယူကျက်မှတ်ခဲ့ရလို့ အသိထူး ဉာဏ်ထူးများအရင်ကထက် တိုးတက်လာခဲ့ပါသည်။

အရှင်သုမန (Level-3)

"စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်းနဲ့ ဓမ္မအသိများ ပိုပြီးတိုးတတ်လာပါတယ်ဘုရား

ဗုဒ္ဓရဲ့ အဆုံးအမများလည်း ပိုပြီးတော့ သိရှိလာရပါတယ်ဘုရား။ ဓမ္မအသိများ ပိုပြီးတော့ သိလာရသည်နှင့်အမျှ နေမှု၊ ထိုင်မှု၊ ပြောဆိုမှုများလည်း ပိုပြီးတော့ တိုးတတ်လာ ရပါသည် ဘုရား။ ဗုဒ္ဓဘာသာဝင်များကိုလည်း မိရိုးဖလာမှ တကယ့် ဗုဒ္ဓဘာဝင်ဖြစ်ရန်အတွက်လည်း အများကြီး အထောက်အကူဖြစ်ရပါတယ်ဘုရား။ ဒီစာမေးပွဲကို ကြီးမှူးကျင်ပပေးပါသော ဆရာတော်ဘုရားကြီးနှင့် တာဝန်ရှိ ဆရာတော်များ ဥပါသကာ/ဥပဒသိကာများကို ကျေးဇူးတင် ပါတယ်ဘုရား။🙏🙏🙏 ဆရာတော်ဘုရားကြီးလည်း သက်ရှည် ကျန်းမာပါစေ ဘုရား သာသနာတော်ကြီးကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ပါစေဘုရား🙏🙏🙏

နှင်းနှင်းမြင့်ဆွေ (Level-3)

အရာအရာအကောင်းမြင်မှုရှိလာပါတယ်ဘုရား အရင်စိတ်ဖိစီးရင်မွန်းကြပ်လာ စိတ်ထွက်ပေါက် ဘယ်လိုရှာရမယ်ဆိုတဲ့အသိတရားရလာပါတယ် ရတနာသုတ် သင်ခွင့်ရတော့ ပရိတ်မရွတ်ခင် ဆင်ခြင်ပုံကိုလဲ ဘုရားကန်တော့ခါနီးတိုင်းဆင်ခြင်ပြီးမှ ဘုရားကန်တော့လာတော့ အဓိပ္ပာယ်သိပြီး မြတ်စွာဘုရားကိုပိုပြီးကြည်ညိုသက်ဝင်ယုံကြည်လာမိပါတယ် နေ့တိုင်း အာရုံဖိပါး ဒွာရ ဖိပါး တွေ့ရင်လောဘဒေါသ မမြဲတာတွေ အနိစ္စ ဒုက္ခ အနတ္တ ဆင်ခြင်မိလာပါတယ်။ အချိန်တိုင်းအဲ့လိုစိတ်လေး ဖြစ်နိုင်အောင် တပည့်တော် ကြိုးစားပါမယ်ဘုရား အခုနောက်ပိုင်း အလှူသွားလို့တရားနာရင် သေချာနားစိုက်ထောင်ရင်း ဒီအရာက သင်ဖူးထားတော့ နားလည်လွယ်လာပါတယ် စိတ်မလွင့်ပဲ တရားအာရုံစိုက်နာနိုင်နေပါပြီဘုရား စာတွေကို ဥပမာ-ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာ့ဂုဏ်တော် မြန်မာပြန် အဓိပ္ပာယ် သိအောင် ရေးကျက်ထားတော့ စာမေးပွဲဖြေမှာမို့ စာကျက်ရတာနဲ့မတူပဲ ရင်ထဲနှလုံးထဲထိရောက်စွဲပြီး ပူဇော်နေသလိုခံစားရပါတယ်ဘုရား ဟင်းချက်ရင်းလဲ စာတွေအကြောင်းစဉ်းစား မက္ခလိဂေါသာလ စသည့်နာမည်တွေဆိုကြည့် တခါတလေ L1 L2 စာတွေပြန်စဉ်းစားနေတယ်ဘုရား စိတ်ထဲအမြဲ ဘုန်းဘုန်းကိုကျေးဇူးအမြဲတင်မိတယ်ဘုရား ဘုန်းဘုန်းအခုလို သုတမမ္မသင်ခွင့်ရအောင် လုပ်ပေးထားတော့ တပည့်တော်ဘဝမှာဘယ်လိုနေထိုင်ရမယ် ဘယ်လိုတရားနှလုံး သွင်းရမယ်ဆိုတာသိလာပါတယ်ဘုရား အဖေဆုံးသွားတော့ အမေနဲ့ယောက်ထဲနေတာ အမေမရှိတော့ရင် တပည့်တော်ဘယ်လိုနေထိုင်တရားအားထုတ်ရမယ်ဆိုတာသိလာပါပြီဘုရား။

ဒေါ်ဖြူဖြူဝင်း (Level-3)

"တပည့်တော်မအနေဖြင့် စိတ်၏ထွက်ပေါက်မှအဖိုးတန်တရားများ၊ ရှင်အာနန္ဒာ၏ ဝိပဿနာမှာ အဖိုးတန်တရားကျင့်စဉ်တွေ တကြိမ်မျှမနာကြားရခဲ့ဘူးပါ အလွန်အဖိုးတန်ပါ

ဘုရား လူ့လောကထဲဘယ်လိုနေထိုင်ရမည် သာမကသံသရာအတွက်ပါ ကျေးဇူးများရပါကြောင်းဘုရား။"

ဒေါ်ခင်သန်တာဝင်း (Level-3)

လိုက်နာကျင့်သုံးရမည့် အကျင့်များစွာသိခွင့်ရခြင်း မရေမရာသိခဲ့ရသည့်အချက်များမှန်ကန်စွာ သိရခြင်း ဗဟုသုတများစွာရရှိခြင်း စိတ်နေစိတ်ထားများ ပြောင်းဆင်ခြင်နေထိုင်မိခြင်း ဘာသာတရား လိုက်နာကျင့်သုံးရမည့်မှန်ကန်သည့်အသိသိရခြင်း အရှင်အာနန္ဒ၏ လေးစားကြည်ညိုဖွယ်ကြည်နူးဖွယ်ရာများကို လေ့လာရင်း အလွန်လေးစားတန်ဖိုးထားရခြင်း တရားအသိ တရားသတိတွေဟောပြောပြသပေးပါသောဆရာတော် ဘုရားကြီးအားရိုသေဦးခိုက်အကြိမ်ကြိမ်ကန်တော့မိပါသည်ဘုရား ကျေးဇူးအထူးပင် တင်ရပါသည်ဘုရား ရှေ့ဆက်ပြီး ပြီးဆုံးသည် အထိပြီးဆုံးသည်အထိ လေ့လာကျက်မှတ်ပါမည်ဘုရား။ အရှင်ဘုရားသက်ရှည်ကျန်းမာပါစေရန်သတိရတိုင်းမေတ္တာပို့ ဆုတောင်းမိပါသည်ဘုရား။👏👏👏

THURA HTUN (Level-3)

Level 3 အထိဖြေလာခဲ့တဲ့အတွက်အသိဥာဏ်တွေ တစ်ဆင့်ထက်တစ်ဆင့်တိုး ပွါးလာရပါတယ်။ပါချုပ်ဆရာတော်ကြီးရဲ့ရည်ရွယ်ချက်အစစ်အမှန်ဖြစ်တဲ့မြတ်ဗုဒ္ဓရဲ့ဓမ္မကိုနှလုံးသားထဲအထိရောက်အောင် မှတ်သားပြီး ဖြတ်သန်းနေရတဲ့ နေ့စဉ်ဘဝကို အကျိုးရှိစွာ ဖြစ်ထွန်းအောင် ကျင့်ကြံလျက်ရှိပါတယ်။ ဆရာတော်ဘုရား ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာကာ မြတ်နိဗ္ဗာန်ကိုလျင်မြန်စွာမျက်မှောက်ပြုနိုင်ပါစေ။

ဒေါ်ထိုက်ထိုက်အောင်(Level-3)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း သူတော်ကောင်းစိတ်ထားများထားရန်, ဘာသာတရား လိုက်နာခြင်း၏ မှန်ကန်တဲ့ရည်ရွယ်ချက်များကို သိရှိပြီးလိုက်နာကျင့်သုံးရန်, မှန်ကန်တဲ့ စိတ်၏ထွက်ပေါက်များကိုလည်းကျင့်သုံးရန်, မှန်ကန်တဲ့သစ္စာစကားကိုဆိုပြီး အန္တရယ်ကင်းအောင် ဆောင်ရွက်ရန်, ခန္တာငါးပါးအပေါ်မှာ မှန်ကန်တဲ့ ဝိပဿနာအမြင်ဖြင့် ရှုမြင်ရန် စသည်ဖြင့်မှတ်သား လိုက်နာကျင့်သုံးရန် အသိညာဏ်များ တိုးတက်လာပါသည်။ ဆရာတော်ဘုရားကြီး၏တရားတစ်ပုဒ်နာပြီးတိုင်းနာပြီးတိုင်း လမ်းညွှန်ဆုံးမမှုအတိုင်း လက်တွေ့လိုက်နာကျင့်သုံးပါသည်။

မဓုန်ပွင့်ဖြူ (Level-3)

ဒေါသကိုထိန်းသိမ်းတတ်၍ မေတ္တာထနိုင်လာပါသည် အရမ်းကြီးမဟုတ်သော်လည်း ယခင်ကထက် အကောင်းမြင်စိတ်နှင့် ဒေါသကို ထိန်းသိမ်းနိုင်လာပါသည် အထူးသဖြင့် စိတ်အေးချမ်းလာရပါသည်။

Wai Wai Naing (Level-3)

စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း အသိညာဏ်များစွာတိုးတက်ပါသည်။ ရဟန်း၊ သံဃာများသာ သိရှိနိုင်သည်ဟု ထင်ထားသော ဗုဒ္ဓမြတ်စွာ ဟောကြားသည့် တရားတော်များအား စနစ်တကျ၊ အစီအစဉ်တကျ သိရှိနာကြားခွင့်ရခြင်း၊ ဓမ္မအသိများ ဆထပ် ထမ်းပိုးအသိတိုးလာခြင်း၊ လူမှုဆက်ဆံရေးတွင် ယခင်ထက်ပို၍ သည်းခံနိုင်လာခြင်း၊ လူ့သဘာဝများ အား ပိုမိုသိလာခြင်း၊ မိမိစိတ်တွင် နေတတ်လာခြင်း၊ လောဘ၊ဒေါသများ ဖြစ်လာသည်ကို သိရှိလာခြင်း၊ စသည်ဖြင့် များပြားသော အသိညာဏ်များ တိုးတက်လာ

သဖြင့် ကျေးဇူးဥပကာယ အမြောက်အမြားတင်ရှိပါကြောင်း ဦးခိုက်လျှောက်ထား အပ်ပါသည်ဘုရား။

မတင်နိုလာဝင်း (Level-3)

🙏🙏🙏ပထမဦးစွာဆရာတော်ဘုရားကြီးနှင့် ပညာဘူမိတက္ကသိုလ်ကြီး ဖြစ်မြောက် အောင်မြင်ရေးအတွက်ဝိုင်းဝန်းကူညီစောင်ရှောက်ပေးကြသူများအားလုံးကို ဝမ်းမြောက် ဝမ်းသာလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။ ခင်ပွန်းကြီးဆယ်ပါး အပါအဝင် ဆရာတော် ဘုရားကြီးနဲ့နာယကဆရာတော်များ၊မြင်ဆရာ၊ ကြားဆရာများ အားလုံးကို လည်း တပည့်တော်ဌါနေရာကနေ ကန်တော့ဝန်ချပါ၏။ တပည့်တော်မသည် သုတဓမ္မ စာပေများမဖြေဆိုခင်ကပင်ဆရာတော်၏တရားများကိုညစဉ်ညတိုင်းဒနာရီတိတိနာကြား ပူဇော်ပါ၏။levelအသီးသီးတွင်ပါဝင်သောမေတ္တာသုတ်၊ခန္ဓသုတ်၊ရတနာသုတ်တော်တို့ကို ငယ်စဉ်ကပင် ကြက်တူရွေးနှုတ်တိုက် ကျက်မှတ်ပူဇော်ပါ၏။ သို့ရာတွင် သုတဓမ္မ စာမေးပွဲဖြေရန်အတွက် ဆရာတော်၏အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုချက်တွေကို နားကြားလိုက် ရမှသာအနက်အဓိပ္ပါယ်သိ၍ သွားမှသာပို၍ ဘုရားတရားကိုကြည်ညိုရသည်မှာ လေးလေး နက်နက်ရှိလှပါသည်။ ဥပမာlevel-3တွင်မြတ်စွာဘုရားရှင်၏ ဂုဏ်တော် ဝရော၊ ဝရညူ၊ဝရဒေါ၊ ဝရဟရောရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဖတ်၍မဝပူဇော်၍ မဝဖတ်ရှုနေရင်း လက်အုပ်ချီ၍မြတ်စွာဘုရားရှင်အားကြက်သီးများထ၍အခါခါပင်ဦးခိုက်မိပါ၏။နိဗ္ဗာန်၏ဂုဏ်ရည် ခယံ ဝိရာဂံ အမတံ ပဏီဓံ ကိုသိရ၍လည်း အလွန်တရာ အကျိုးများပါ၏။ကောတုဟလမင်္ဂလာကိုသိရ၍လည်းမြတ်စွာဘုရားရှင်ထံ ပန်း ရေချမ်း ဆီမီး ဆွမ်းမပြတ်သက်ရှိဘုရားကဲ့သို့ ဆက်ကပ်လှူဒါန်းသော်လည်း ယတြာခြေချင်းကိစ္စများ လုံးဝမလုပ်ဖြစ်တော့ပေ။သုတဓမ္မ တရားစာပေများနာကြား ကျက်မှတ်ပူဇော်ချိန်ကစ၍ ထူးထူးခြားခြားငါးပါးသီလကိုတတ်နိုင်သမျှလုံအောင်စောင့်ထိန်းပါသည်။အမြဲသတိကပ်၍ ပြောဆိုလုပ်ကိုင်တတ်သည့်အေလ့အကျင့်ကောင်းများရလာပါသည်။လုပ်တိုင်းမဖြစ်စိတ် မညစ်တတ်တော့ပဲ လောဘနည်း၍ ဒေါသထွက်ချင်းနည်းလာကာ စိတ် အေးချမ်းလျက်

တပည့်တော်မစိတ်ကိုစောင့်ကြည့်ထိန်းသိမ်းနိုင်လာပါသည်။ မိသားစုနှင့်အတူ တွေ့ကြုံသမျှလူတိုင်းအား အပြစ်မမြင် လွယ်လွယ်နဲ့အပြစ်မတင်တတ်တော့ပါ။ တပည့်တော်သည် တရားတော်များကို အခါခါနာကြား၍ သုတမမ္မစာအုပ်များကိုသာ အကြိမ်ကြိမ် အပြန်အလှန် ဖတ်ရှုဖြေကြားခဲ့ပါသည်။ ဤသည်တို့မှာသုတမမ္မစာမေးပွဲ လေ့လာ ဖြေဆိုခြင်း၏ ကောင်းကျိုးများဖြစ်ပါသည်။ ဆရာတော်ကြီးနှင့်တကွ ပညာဘူမိတက္ကသိုလ်ကြီးနဲ့ ပတ်သက်ဆက်စပ်လျက်ရှိသော မြင်အပ်မမြင်အပ် ပုဂ္ဂိုလ် အပေါင်းနှင့်သုခိတ၊ ဒုက္ခိတ ဝေနေယျ သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ဘေးဘယာ ကွာကြပါစေ။ 🙏🙏🙏🙏🙏

မေသဇင် (Level-3)

"ဦးစွာပထမ ဆရာတော်ဘုရားကြီးအား ရှိခိုးကန်တော့ပါ၏ဘုရား🙏🙏🙏 ဆရာတော်ဘုရားကြီးကျေးဇူးကြောင့် တပည့်တော် ချမ်းသာအစစ်အမှန်ကို လက်တွေ့ခံစားခွင့်ရခဲ့ပါသည်ဘုရား။

တပည့်တော် ဒေါသကို(90%)လောက် လျော့ချလိုက်နိုင်တဲ့အတွက် စိတ်၏အေးချမ်းခြင်းအရသာကို ရရှိခံစားရပါသည်ဘုရား။ တပည့်တော်မိဘများသည် တပည့်တော်၏ ၃၈နှစ်တာ သက်တမ်းတလျှောက်လုံး အိမ်တွင်းစစ်ကို ဆင်နွှဲလာခဲ့ကြပါတယ် ဘုရား။ ငယ်ရွယ်စဉ် အခါကမိဘများရန်ဖြစ်ကြလျှင်အရမ်းစိတ်ညစ်ပြီး အိမ်ကထွက်သွားဖူးသလို ကိုယ့်ဘာသာလည်း သေကြောင်းကြံဖူးပါသည်ဘုရား။ အသက်၃၀လောက်အထိ အမှေကို ပြန်ပြေပြန်အော်တာတွေကိုပြုလုပ်ခဲ့မိပါတယ်ဘုရား။ ဒီနောက်ပိုင်းမှာတော့ မိဘတို့က တစ်ကဏ္ဍ သူတို့ပြဿနာတစ်ပိုင်း မိမိတို့စိတ်ထားရမှာကတစ်ခုအစရှိသဖြင့် အပိုင်းလိုက်ခွဲခြားမြင်လာတတ်ပြီး ပြဿနာများတဲ့ မိဘတို့အပေါ် မေတ္တာမပြတ် ထားနိုင်သလို မိဘများရဲ့ဖြစ်နေတဲ့ ပြဿနာအပေါ် အတွေးလေးဝချက်သာပြောင်းကြည့်ရင် ရလဒ်ဟာ

တစ်မျိုး ဖြစ်သွားမည့်အကြောင်း လမ်းညွှန်ပြနိုင်ခဲ့လို့ အိမ်ထောင်ရဲ့ ဒုက္ခဝေဒနာ အကုန်လုံးကိုစည်ပင်အမှိုက်လို စိတ်ထားနဲ့ လက်ခံစုဆောင်းထားတတ်တဲ့ မိခင်ဖြစ်သူရဲ့ စိတ်ဖိစီးမှုတွေကို နားလည်ပေးနိုင်ခဲ့သလိုလမ်းလည်း ပြပေးနိုင်ခဲ့ခြင်းက ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးကြောင့် အတွေးဒဿက်ပြောင်းပြီး အမြင်ဒမျိုး ကြည်လင် ရတဲ့အကျိုးကိုရရှိခဲ့ပါတယ်ဘုရား။ မေတ္တာသည် တကယ့်ကိုကမ္ဘာ့ငြိမ်းချမ်းရေးတရား ဖြစ်ကြောင်း လက်တွေ့သိမြင်ခဲ့ရပါသည်ဘုရား။"

ဒေါ်သိမ့်သိမ့်သူ (Level-3)

မသိခဲ့ရသော မလေ့လာခဲ့ရတဲ့ တရားတော်များကို လေ့လာသင်ယူ မှတ်သားခွင့်ရတဲ့ အတွက် ဆရာတော်ဘုရားကြီးအား ရိုသေစွာ ရှိခိုးကန်တော့ပါ၏၊ ဘုရား။

လဝန်းပြည့်ပြည့် (Level-3)

သုတမမ္မစာမေးပွဲဖြေပြီးမသိသေးတဲ့အရာတွေ သိလာရသလို သိတယ်လို့ထင်ရပေမယ့် ကိုယ်သိထားတဲ့အရာတွေကလိုအပ်ချက်လေးတွေရှိနေသေးတယ်ဆိုတာကိုလည်းသိလာခဲ့ပါတယ်နိဗ္ဗာန်ဆိုတာ ဆုတောင်းရုံနဲ့မပြီး နိဗ္ဗာန်ရဖို့အကြောင်းတရားဖြစ်တဲ့ မဂ်ဉာဏ်ရဖို့ မဂ္ဂင်ရှစ်ပါး ထူထောင်ရမယ်ဆိုတာ၊ မဂ္ဂင်ရှစ်ပါးမှာအခြေခံဖြစ်တဲ့ သီလကိုအရင်ဆုံး ခိုင်မာအောင် ဆောက်တည်မှ ရမယ်ဆိုတဲ့ နည်းစနစ်မှန်တွေကို သိရှိလာပါတယ် ဒါကြောင့်မို့ အဆင့်မကျော်ဘဲသီလကို မြတ်နိုးတန်ဖိုးထား အဓိဋ္ဌာန်နဲ့ ကြိုးစား စောင့်ထိန်းဖြစ်လာတယ်အရင်က သီလစောင့်တယ်ဆိုတာ လွန်ကျူးစရာမရှိလို့ လုံနေတာကို ငါးပါးသီလလုံတယ်ဆိုပြီး ကိုယ့်ဘာသာထင်နေခဲ့ပေမယ့် သုတမမ္မစာမေးပွဲကို ဖြေဆိုလေ့လာရာကနေ သီလဆိုတာလွန်ကျူးစရာရှိတဲ့ အနေအထားမှာတောင် မလွန်ကျူးမိအောင် စိတ်ကိုသတိနဲ့စောင့်ထိန်းတာကသာ တကယ့်မှန်ကန်တဲ့ သီလစောင့်ထိန်းခြင်း ဆိုတာနားလည်သဘောပေါက်လာခဲ့ပါတယ် သောတာပန်က ကျားနဲ့

တွေ့ရင်တောင် ကိုယ်သာအသေခံမယ်သူများ အသတ်ကိုမသတ်ဆိုတဲ့ တရားလေးကို နာလိုက်ရတဲ့အခါခြင်လာကိုက်ရင်တောင် ကျားကိုက်တာမှ မဟုတ်တာသူတော်ကောင်း ဆိုတာကျားကိုက်ရင်တောင် အသက်ဘဲစွန့်တာ ကိုယ့်ကိုယ်ခြင်ကိုက်ရုံလေး နဲ့တော့ စောင့်ထိန်းထားတဲ့ ငါးပါးသီလမစွန့်ဘူးဆိုပြီး စိတ်ထားတတ်လာတဲ့အခါ ကံငါးပါး လွန်ကျူးစရာအနေအထားမှာတောင် မကျူးလွန်မိတော့တာမို့ အလွန်ပီတိဖြစ်ရပါတယ် တရားတော်တွေကို နာယူဖြေဆိုသလိုကြိုးစားပြီးလိုက်နာကျင့်သုံးကာ ဆရာတော် ဘုရားကြီးရဲ့ ကျေးဇူးကိုဆပ်နေပါတယ် မှန်ကန်တဲ့နည်းလမ်းတွေ သင်ကြားပေးတဲ့ ဆရာတော် ဘုရားကြီးကို အလွန်ကျေးဇူးတင်မိပါတယ် ဆရာတော်ဘုရားရဲ့ ကျေးဇူး တရားတွေကို လက်အုပ်ချီမိုးရှိခိုးဦးခိုက်ပါတယ် ဆရာတော်ဘုရား သက်ရှည် ကျန်းမာစွာ သာသနာပြုနိုင်ပါစေ။

ဒေါ်နန်းဌေး (Level-3)

ဤစာမေးပွဲကို ဖြေဆိုရသောကြောင့် အသိဉာဏ်ပညာများစွာ ရရှိပါသည်။ ဘဝ၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ကိုလည်းကောင်းစွာ နားလည်သဘောပေါက် ရပါသည်။ မိမိအတွက်အလွန်အကျိုးများလှပါသည်။ဆရာတော်ကြီးကျန်းမာသက်ရှည်ပါစေ 🙏🙏🙏

ဒေါ်စိန်စိန်ကြူ (Level-3)

"ရတနာသုတ်၏အနက်အဓိပ္ပါယ်များကိုလေ့လာမှတ်သားပူဇော်ရသည့်အတွက်အထူးဝမ်း မြောက်မိပါသည်ဘုရား။အရှင်အာနန္ဒ၏ ဝိပဿနာ တရားတော်ကို ပူဇော် ရသည့်အတွက် တရားအားထုတ်လိုစိတ်များ ပို၍ ဖြစ်ပေါ်လာမိပါသည်။ သူတော်ကောင်းတို့၏ စိတ်နေ သဘောထားကိုလည်းလူတိုင်းကိုထားမိစေချင်ခဲ့ပါသည်။ဘာသာတရားလိုက်နာကျင့်ရာ တွင်လည်းရာ၌ လည်းမှန်ကန်သော ရည်ရွယ်ချက်ထားရန် အရေးကြီးကြောင်းကိုလည်း နားလည်သဘောပေါက်ခဲ့ရပါသည်ဘုရား။ဇာတ်ဝါဒခွဲခြားမှုများကိုလည်းပပျောက်စေချင် မိပါသည်ဘုရား။ စိတ်၏ထွက်ပေါက် နှင့်ပတ်သက်၍ လည်းမှန်ကန်သော ထွက်ပေါက်

ဖြစ်ရန် အရေးကြီးကြောင်းနှင့် ထွက်ပေါက်များကိုလည်း မှတ်သားကို သိရှိရသဖြင့် ဓမ္မအသိဉာဏ်များတိုးကာ ထွက်ပေါက်မှန်ကို လူတိုင်းနားလည် သဘောပေါက်မိ စေချင်ပါသည် ဘုရား။

အေးအေးမော် (Level-3)

မိမိစိတ်ကိုမိမိ တော်တော်ထိန်းနိုင်လာပြီး အဖြစ်အပျက်ရှုကာ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ တရားနှင့် သည်းခံစိတ်များ မွေးမြူလာနိုင်ပါသည်ဘုရား 🙏🙏🙏

ခင်မြဝင်း (Level-3)

ဘာသာတရားနှင့် သက်ဆိုင်သည့် သိမှတ်ဖွယ်ရာများ ပိုမိုသိရှိလာပါသည်။ ဖတ်မှတ်ထားသော တရားများအား နှလုံးသွင်း ဆင်ခြင်လျက်အကုသိုလ်ကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားဖြစ်ပါသည်။

ဒေါ်တင်တင်ဝင်း (Level-3)

"မိမိစိတ်နှလုံးကို အကုသိုလ်မဖြစ်ရန်ထိန်းနိုင်လာသည် ဓမ္မစာပေတရားတော်များကိုပို၍ လေ့လာခြင်းသည် ပါဠိစာများကို မှတ်ဉာဏ်အားနည်းပါသည် မည်ကဲ့သို့ လေ့လာမှတ်သားရမည်ကို လျောက်ထားပါသည်ဘုရား"

မသိမ့်သိမ့်ဝင်း (Level-3)

"အရင်ဦးဆုံးဆရာတော်ဘုရားရဲ့ ဉာဏ်တော်ကို ပူဇော်ပါတယ်ဘုရား🙏🙏🙏 Level1 မှာတုန်းက မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာထဲမှာ ဥပေက္ခာက အမြင့်မြတ်ဆုံး ဆိုတာ

သိခွင့် ရခဲ့ပါတယ်ဘုရား။ လောဘဒေါသမောဟထဲမှာ မောဟသည် အပြစ်ကြီးဆုံးဆိုတာသိခွင့်ရခဲ့ပါတယ်ဘုရား Level2မှာ ဥပုလ်စောင့်ခြင်း အဓိပ္ပာယ်ကို သိခွင့်ရခဲ့တယ် ခန္ဓသုတ်အစွမ်းထက်ကြောင်းလည်းသိခွင့်ရခဲ့ပါတယ်။ Level-3မှာကျတော့ ကိုယ်ကျင့်သီလကိုထိန်းသိမ်းတတ်ဖို့သူတော်ကောင်းတွေက အသက်ပင် သေပါစေ ကိုယ်ကျင့်တရားကိုတော့ ဘယ်တော့မှမစွန့်လွှတ်ကြဘူးဆိုတာ သိခွင့်ရလို့ သူတော်ကောင်း ဖြစ်အောင်လိုက်နာကျင့်သုံး ပါ့မယ်ဘုရား ရတနာသုတ်မှာ မြတ်စွာဘုရားရဲ့ စွန့်ခြင်းကြီးငါးပါးစွန့်ခဲ့ပုံ ပါရမီဆယ်ပါးအပြား သုံးဆယ်ကျင့်ခဲ့ပုံဒုက္ခရစရိယာ ကျင့်ခဲ့ပုံ သဗ္ဗညုတာဉာဏ်တော်ရရှိပုံ ဓမ္မစကြာတရားဟောခဲ့ပုံ ရတနာသုတ်မှာသောတာပန်တွေရဲ့ ဂုဏ်အရိယာသူတော်စင်တွေရဲ့ ဂုဏ်ရဟန္တာ အရှင်မြတ်တွေရဲ့ ဂုဏ်မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေနဲ့ သစ္စာဆိုခဲ့ကြောင်း သစ္စာဆိုလို့ရကြောင်း သိခွင့်ရခဲ့ပါတယ်။ ဘုရား စာကျက်ရတာ စာဖြေရတာ အလွန်ကိုစိတ်ချမ်းသာရပါတယ်ဘုရား။🙏🙏🙏"

ဒေါ်စောဝေး Level (3)

"စာဖြေသူများသည်လူမှုရေးသေးကများထဲကမှဆရာတော်ဘုရားများရဲ့ကျေးဇူးနှင့်တရားတော်ကိုကြိုစားပီဖြေခဲ့ပါတယ်ဘုရားသို့ပေမဲ့မေးခွန်သဘေားတရားတေကိုနာမလည်ပါသောကြောင့်သိနေပေမယ့်မဖြေခဲ့ရပါဘုရားတပည့်တော်တို့ကိုတရာအသိပိုပြီးရှိစေရန် ညွှာတာပီအဖြေလွှာများစစ်ပေးတော်မူကြပါဘုရား။"

မထက်ထက်အေး(Level-3)

"တရားတွေကို စာမေးပွဲဆိုတဲ့ခေါင်းစဉ်အောက်မှာ နာယူရလိမ့်မယ်လို မတွေးဘူးပါဘူး တကယ့်တမ်း လက်တွေ့ကျကျ နာယူမိတော့ ကြည်နူး ပီတိဖြစ်ရပါတယ် စိတ်ထားလည်း အရင်ကထက်ထား တက်လာပါပြီဘုရား ကလေးငယ်တွေရဲ့ ဘာသာရေးဆိုင်ရာ

မေးခွန်းတွေလည်း ကြိုးစားဖြေနိုင်ပါပြီ ဘုရား။ ပါချုပ်ဆရာတော်ဘုရားကြီးကို အနီးကပ် ဖူးမျှော်ရပါလို၏"

Khin Thandar Win (Level-3)

"Level တစ်ခုစီတိုင်း မှတ်သားစရာ လိုက်နာကျင့်သုံးစရာ နှလုံးသွင်း ဆင် ခြင်ရန် လည်း အလွန်များပြားလှသောကြောင့် ဆရာတော်ကြီး ကျေးဇူးတရား အလွန်များပြား ပါတယ် အကျဉ်းချုပ် အနေ နှင့်ဆိုပါက Level 1တွင် ဥပေက္ခာ တရား အကြောင်း ကို မှတ်သိ ရသည် မှာ အလွန်ပင် ကျေနပ်ပီတိ ဖြစ်ရပါတယ် level2တွင် ဥပုလ်စောင့်ရာတွင် မည့်ကဲ့သို ကျင့်ကြံမှ များစွာသောအကျိုး များရ မည်ကိုလည်းသိရှိရပါသ ဖြင့် အကျိုး အလွန်များလှ ပါသည်။ Level 3တွင်လည်း ရတနာ့သုတ်ကို နာကြား မှတ်သားရသည်မှာလည်း အတော်ကို ဝမ်းသာပီတိ ဖြစ်စာရာ ပင် ဆိုရပါမည်။ အထူးသ ဖြင့် လူငယ်တိုင်း လူငယ် တိုင်း ကိုလေ့လာ စေချင်ပါတယ်။ သို့မှသာ နေ့စဉ်ဘဝတွေတွေ့ကြုံသည်များ ကို အကျိုးအကြောင်းအဆိုး ကို လည်းခွဲခြား သိနိုင်ပါမည် ဆရာတော်ကြီး ကို လက်အုပ်ချီ မိုး ကန်တော့ပါတယ်ဘုရား🙏🙏🙏"

ဖြူစင်ဥ (Level-3)

စိတ်ကလေး ပိုအေးချမ်းလာပါတယ် အရှင်ဘုရား။ တရားထဲက အရာတွေကို လက်တွေ ဘဝမှာ ထည့်သုံးဖြစ်ပါတယ် ဘုရား။

လွင်လွင်ခိုင် (Level-3)

"တပည့်တော်မ သည် ပထမဆုံး level 1 စာမေးပွဲကို တရား 3 ပုဒ်သာ ဖတ်ရှု မှတ်သားပြီး ဖြေဆိုခဲ့သည်။ရိုးရိုးအောင်ပါသည်။ Level 2 မှာတော့ 5 ပုဒ်စလုံး သေချာလေ့လာ ကျက်မှတ် ပြီး ပုဒ်စေ့ ဖြေဆိုနိုင်ခဲ့သည်။ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သည်။ Level 3 အခု ဖြေဆို ရာတွင် 5 ပုဒ်စလုံး လေ့လာကျက်မှတ်ပြီး ပုဒ်စေ့ ပူဇော်ဖြေဆိုနိုင်ခဲ့သည်။ Level

တစ်ဆင့်တက်တိုင်း ပိုပြီးအသိပညာများ တိုးပွားလာရသည်။ အသိပညာတိုးပွားလာသလို လက်တွေ့နေ့စဉ်ဘဝမှာလည်း အသိ သတိနဲ့ နေရင်း အသုံးချနိုင်လာသည်။ level 1 ဖြေပြီးရာတွင် သေချာ အသုံးမချနိုင်သေးပါ။ level3 ကျက်မှတ်ရင်း နေ့စဉ်ဘဝ တွင် အေးချမ်းအောင် နေတတ်လာသည်။ တစ်ဆင့်ပြီး တစ်ဆင့် ပို၍ အကျိုးရှိလာပါသည်။ BA part 1 ဆက်လက် လေ့လာ ပူဇော်ရန် အတွက်လည်း တရားမမ့မများကို နေ့စဉ် အချိန်ရရင် ရသလို နာယူမှတ်သားပါမည်ဘုရား။ တရားနဲ့ မကင်းကွာအောင် နေထိုင်ပါမည် ဘုရား။ "

ဦးကျော်သူမိုးချစ် (Level-3)

"ကျေးဇူးတင် စကား လျှောက်ထားခြင်း ပညာဘူမိတက္ကသိုလ် သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါစာရာဘိဝံသ၊ ဒုတိယ ပါမောက္ခ ချုပ်ဆရာတော် ဘဒ္ဒန္တ သုဇနိန္ဒာဘိဝံသ တို့နှင့် တကွ - ဤ စာမေးပွဲများ စီစဉ်ကျင်းပပေးရာ၌ ပါဝင်ကြ ပါသော ဆရာတော်များ အားလုံးအား အထူးကျေးဇူးတင် ရှိကြောင်း လျှောက်ထား အပ်ပါ သည် - ဘုရား🙏 စီးပွားရေး လူမှုရေး အဖက်ဖက်မှ နိမ့်ကျ လျက် ဆင်းရဲဒုက္ခ ရောက်နေ ကြ ကုန်သော မြန်မာနိုင်ငံသူ နိုင်ငံသား အပေါင်း တို့သည်- စိတ်၏ အတွေးများ ယောက်ယက်ခတ်ပြီး စိတ်၏ ထွက်ပေါက်များရှာမတွေ့ဘဲ ပိတ်လှောင်နေချိန်တွင် ဆရာတော်ကြီးများ စီစဉ်ပေးသည့် ပညာဘူမိတက္ကသိုလ်၏ စာမေးပွဲ အရပ်ရပ် တို့၌ ဝင်ရောက်ဖြေဆိုရန် မြုပ်နှံအားထုတ် လေ့လာသည့်အချိန်က စလို့- မှန်ကန်သည့် အတွေးများ တွေးတောကြံဆ နိုင်ကြပြီဖြစ်ပါသည်။ မှန်ကန် ကောင်းမြတ်လှသော ထွက်ပေါက် များကိုလည်း ရှာဖွေတွေ့ရှိ ကုန်ကြပြီဖြစ်ပါသည်- ဘုရား🙏 သံသရာ ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်ကင်းနိုင်ခြင်း အလျဉ်း မရှိ သေးသော်ငြား - သပ္ပုရိသ သူတော်ကောင်း အပေါင်းတို့သည် အင်မတန်အဖိုးထိုက်တန်သော စိတ်အေးချမ်းသာ နားခိုရာ အရိပ်အာဝါ သကြီးတစ်ခုအောက်သို့ တဒင်္ဂ ရောက်ရှိသွားသည့်အလား မသိသေးသည့်၊ နားမလည် သေးသည့်၊ ထဲထဲဝင်ဝင် မလေ့လာဖူးသေးသည့် ဗုဒ္ဓဘာသာ ၏ သဘော သကန်တို့ကို အခြေခံအားဖြင့် သိရှိနားလည် နိုင်ပြီဖြစ်ပါသဖြင့် ကျေးဇူး

အထူးတင်ရှိ ပါကြောင်း ကနဦးတင်ပြလျှောက်ထား အပ်ပါသည် - အရှင်မြတ် ဘုရား🙏 level-1 စတင်ဖြေဆိုပြီးစဥ်က ဆရာတော်အရှင်မြတ်တို့အား ကျေးဇူး တင်ရှိကြောင်း ရေးသား တင်ပြရန် အားထုတ်ခဲ့ပါသည်။ သို့ဖြစ်သော်လည်း level-3 ဖြေဆိုပြီးသည့်အချိန် မှ တင်ပြသည့်အခါ အချက်အလက်များ ပိုမို ရေးသားတင်ပြ နိုင်မည်ဟူသော အတွေး စိတ်ဖြင့် ယခုအချိန် မှ ပြည့်စုံခမ်းနားစွာ ရေးသား တင်ပြရခြင်း ဖြစ်ပါသည် - ဘုရား 🙏 ကျေးဇူးတင်ရှိသင့်သည့် အချက်များကိုအသေးစိတ် ဖော်ပြရပါလျှင်-

(က) ပါဝင်ဆရာတော်ကြီး ကြီးမှူးစီစဥ်သည့် စာမေးပွဲများသို့ ဝင်ရောက်ဖြေဆိုရန် အားထုတ်ကြကုန်သော လူတန်းစား အယုတ်အလတ် အမြတ်မရွေး ၊ အတန်းပညာ အနိမ့် အမြင့်မရွေး ၊ တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ဝေးလံခေါင်သီသော အရပ်ဒေသများ ရှိ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင် မြန်မာပြည်သား တိုင်းရင်းသားအပေါင်း လူမျိုးမရွေး တို့ - ပူဇော်ဖြေဆိုနိုင်ရန် အလို့ငှာ အနီးစပ် ဆုံး စာဖြေဌာန များ၌ ဖြေဆိုနိုင်စေရန် စေတနာထား စီစဥ်ပေးသည့် အတွက်လည်းကောင်း ၊(ခ) ဖြေဆိုလို သူ များ အတွက် ဝင်ခွင့်လျှောက်လွှာ တင်သည် မှ စ၍ စာဖြေခန်း သို့ ဝင်ရောက် ကာ အဖြေလွှာ ပေါ် လက်တင် ရေးချ ဖြေဆို ရသော အချိန်အထိ စနစ်တ ကျ စီမံဆောင်ရွက်ထားရှိမှုများ အတွက် လည်းကောင်း၊ [အချို့ စီမံဆောင်ရွက်များ အနက် အားနည်းချက်ရှိနေသည့် အချက်များကို အကြံပြုချက် များ ၌ ရေးသားတင်ပြထားပါသည် - ဘုရား] (ဂ) ဆရာတော်ကြီး၏ နှုတ်ထွက်ဟောကြား မှုများကို မှတ်တမ်းတင်လျက် ပြဌာန်းစာအုပ် များအဖြစ် စီစဥ်ထုတ်ဝေခဲ့ သဖြင့် မည်သူ မဆို -တရားပွဲတွင်တရားနာယူနေသကဲ့သို့ လေ့လာဖတ်ရှု နိုင်သည့်အပြင် ထိုသို့ အဆင် ပြေ စွာ လွယ်လင့်တကူ ပူဇော်ရသဖြင့်လည်း ထိုမှ တစ်ဆင့်တက်ကာ စာမေးပွဲများ သို့ ဝင်ရောက်ဖြေဆို ရန် အားထုတ်လာ ကြသဖြင့် လည်းကောင်း၊ (ဃ) တတိယ အကြိမ် level 3 အထိ ဖြေဆို ခဲ့ပြီးနောက် သိရှိလာရသော ချီးမွမ်းထိုက် သည့် အချက်ဖြစ်သည့်- မလွယ် မခက်ပြဌာန်းစာအုပ်ပါ အချက်အလက် ဘောင်အတွင်းမှ နားလည်လွယ်သည့် စာသား ဖြင့် အဆင့်မြင့်မြင့် ထုတ်ခဲ့သည့် မေးခွန်းပုံစံ များကြောင့် လည်းကောင်း၊ [ဤ] မေးခွန်းပုံစံများကြောင့် စာဖြေသူအများစုသည် ပြဌာန်းစာအုပ်ပါ ဆရာတော်ကြီး၏

ဟောကြားမှုများကို ကြေညက် အောင် ဖတ်ရှုမှသာ အခက်အခဲမရှိ ဖြေဆိုနိုင်မည် ဖြစ်ကြောင်း သတိအလင်း ထိုးထွင်းသိမြင် လာသဖြင့် ဆရာတော်ကြီး၏ တရားများကို အဖန်ဖန် အထပ်ထပ် မပြတ် ဖတ်ရှု ပူဇော် ခြင်း ၊ ထို့ကြောင့် ဓမ္မ အသိ ပိုမိုရလာခြင်း]

(c) ဒီပလိုမာအောင်လက်မှတ် များ ၊ B.A ဘွဲ့ များ ကို ပညာဘူမိ တက္ကသိုလ် မှ စဉ်ဆက် မပြတ် အခမ်းအနားဖြင့် စီစဉ်ကျင်းပ ပေးသဖြင့်"ဘုရားလည်းဖူး လိပ်ဥလည်းတူး"ဆို သကဲ့သို့ " ပါချုပ်ဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီးများကိုလည်း ဖူးမျှော်ခွင့်ရမည် "ဆိုသည့် အသိဖြင့် ဇွဲမလျော့ဘဲ ပန်းတိုင်များ ဖြစ်သည့် လမ်းဆုံးရောက်သည်အထိ မဆုတ် မနစ် ကြိုးစားလာကြသည့်အတွက်လည်းကောင်း၊ အထူး ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးတင်ထိုက်သည့် အချက်များစွာ ရှိနေဦးမည်ဖြစ်ပါသည် အထက်ပါ တင်ပြချက် များသည် ယနေ့ အချိန်အထိ တပည့်တော်အမှန်ထိုးထွင်း အလင်းထင် သိမြင်ခဲ့သမျှ ဖြစ်ပါသည်။ နောင် စာမေးပွဲများ အဆင့်ဆင့် ဖြေဆိုပြီး ချိန်တွင် ဆရာတော် အရှင်မြတ်တို့ အား ရှိခိုးပူဇော် လျက် ထပ်မံ ရေးသား ချီးမွမ်း ကာ ကျေးဇူးတရားများ ရေးသားထုတ်ဖော် တင်ပြဦးမည်ဖြစ်ပါကြောင်းတင်ပြလျှောက်ထားအပ်ပါသည် -ဘုရား🙏🙏 ပရိယတ္တိယာ ဠိသာယ သာသနံ ဠိတံ 🙏"

ဒေါ်ငင်မာလင်း(Level-3)

"ဆင်ခြေတုံတရားရှိလာတယ်၊ လူတွေအပေါ် အရာရာနားလည် ပေးတတ်လာတယ်၊ အကောင်းမြင်စိတ်ပိုဖြစ်လာတယ်၊ ဒေါသကြီးသူဖြစ်လို့ဒေါသကို ထိန်းတတ်လာတယ် ..ခွင့်လွှတ်တတ်လာတယ်၊ ကံဆိုးမှုအဆင်မပြေမှုဖြစ်လာရင် အတိတ်ကဝဋ်ကြွေးတွေ ကျေတယ်လို့ ခံယူတတ်လာတယ်၊ငါးပါးသီလလည်းအတတ်နိုင်ဆုံးမပျက်အောင်သတိနဲ့ စောင့်ထိန်းနိုင်အောင်ကြိုးစားလာပါတယ် 🙏.🙏🙏..

(ဘဝမှာသိတတ်စအရွယ်ကတည်းက မိဘတွေအဆင်မပြေမှုကြောင့် အခြေအနေ ကောင်း တွေ သိပ်မရဘဲ အမြဲတမ်းနာကျင်ဝမ်းနည်းနေရတာ ၊အိမ်ထောင်ပြုတော့လည်း မိဘတွေ

(အတူတူနေ) အခြေအနေကြောင့် အိမ်ထောင်ဖက်ရဲ့ငြိုငြင်ခြင်းအထင်သေးခြင်း ပြဿနာရှာခြင်း ခံရလွန်းလို့ကိုယ့်ကိုယ်ကိုယ် သတ်သေချင် စိတ်အမြဲဖြစ်ခဲ့တာ..... အိပ်မပျော်ညတွေ များပြီးပူလောင်နေတဲ့အချိန်မှာ နောက်ဆုံးဆရာတော်ဘုရားရဲ့ တရားတော်တွေနာပြီးမှအိပ်စက်ရင်း...စိတ်သက်သာလာရတယ် ဖြေသာလာတယ်။) နောက်ဌာနရဲ့ အကြီးအကဲတစ်ဦးမှ သုတမမွေဖြေဖို့လမ်းညွှန်ကူညီစောင့်ရှောက်မှုကြောင့် ဝင်ဖြေခဲ့တာပါ အရှင်ဘုရား🙏 လေ့လာ့မှတ်သားရင်း လူ့ဘဝရဲ့တန်ဖိုး၊ လူဖြစ်ရကျိုးနပ်တယ်လို ခံစားလာရပါတယ် နေ့ရက်တိုင်းအမှတ်သညာနဲ့ နေတတ်လာတယ် သံယောဇဉ်တွေ ဖြတ်ချင်လာတယ်။ လျှောက်ထားချင်တာကတော့ဘဝကိုငြီးငွေ့သလို လိုချင်စိတ် သိပ်မရှိတော့ဘဲ စိတ်ပျက် လာတယ်..အဲလိုစိတ် ခဏခဏဖြစ်နေလို့ပါ အရှင်ဘုရား🙏 တပည့်တော်စာရှည်သွားလို့ခွင့်လွှတ်တော်မူပါဘုရား🙏 အမှားပါခဲ့ရင်လည်းနားလည်ပေးတော်မူပါအရှင်ဘုရား🙏🙏🙏"

ဒေါက်တာခင်မာဇော (Level-3)

"အေးချမ်းမှု ငြိမ်းအေးမှု တနေ့ထက်တနေ့ ပိုပိုရလာသည်ကိုသတိပြုမိပါသည်ဘုရား သူတော်ကောင်းတို၏စိတ်နေသဘောထားမှ စိတ္တဝိသုဒ္ဓိ ဘာသာတရား လိုက်နာ ကျင့်သုံးခြင်း မှ ဘယ်တုန်းကမှ မသိခဲ့ဘူး မမြင်ခဲ့ဘူး မခံစားခဲ့ဘူး မျက်မှောက် မပြုခဲ့ဘူး ထိုးထွင်းမသိခဲ့ဘူးတာတွေ သိဖို့ မြင်ဖို့ ထိုးထွင်းသိမြင်ဉာဏ်ပွင့်ဖို့ စိတ်၏ထွက်ပေါက် သင်ခန်းစာမှ အကုသိုလ်စိတ်တွေနဲ့ လုံးခြာလိုက်နေတဲ့အခါမှာ ဘယ်လိုရှောင်ထွက်ရမယ်ဆိုတဲ့ အသိတရား ကြောက်စရာကောင်းတဲ့ မစ္ဆရိယ လို မာန လို အကုသိုလ်တွေ မဖြစ်ဖို့ သတိအကြီးကြီး ထားရမယ်ဆိုတဲ့ mindset ရတနသုတ် မှ ဗုဒ္ဓဂုဏ်တော် ကို အသေအချာသဘောပေါက် နိဗ္ဗာန် နှင့် မဂ်သမာဓိ အကြောင်းကိုလည်း တအံတသြသိရ အရှင်အာနန္ဒာ၏ ဝိပဿနာ မှ အရှင်အာနန္ဒာ၏စွမ်းရည်ဂုဏ်ရည် ဝိပဿနာရှုမှတ်ပုံရှုမှတ်နည်းအသေးစိတ်ကို စာမေးပွဲအတွက်ကျက်ရင်းမှတ်ရင်း တရားထိုင်တရားရှုမှတ်ရင်း ဆရာတော်ကြီး တရားတော်များကို အကြိမ်ကြိမ်နာယူမှတ်သားရင်း နဲနဲချင်း ထိုးထွင်း

ထိုးထွင်း သဘောပေါက်လာပါသည်ဘုရား သောတာပန်တွေ့ မပြုတော့သည့် ၆ မျိုး ၄လီ ကိုလည်း နှစ်နှစ်ကာကာ သိရှိခံစားလာမိပါသည်ဘုရား။ အချုပ်အနေဖြင့် သာသနာ အခွန့်ရှည်တည်တံ့ရေး အတွက် တပည့်တော်တို့ လူပုဂ္ဂိုလ်များမှလည်း ဗုဒ္ဓအဆုံးအမများ ကို လေ့လာသင်ယူမှတ်သား လိုက်နာကျင့်သုံးရမည်ဟု ခံယူထားပါသည်။ ဝိပဿနာ ကျင့်စဉ်ကို အားထုတ်ရန်နည်းလမ်းများကိုလည်း ဆရာတော်ဘုရားကြီး နှင့် ထပ်မံ၍ သင်ကြားပို့ချပေးသောဆရာတော်များ၏ ကျေးဇူးကြောင့် စနစ်တကျ လေးလေးနက်နက်

သဘောပေါက်နားလည်လာပြီးဖြစ်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အစွမ်းကုန် ဆက်လက်ကြိုးစားအားထုတ်သွားမည်ဖြစ်ပါကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါ သည် ဘုရား။ ဆရာတော်ဘုရားကြီးနှင့်တကွ ပညာဘူမိတက္ကသိုလ်မှဆရာတော်ဘုရားများ အလှူရှင်ဒကာ ဒကာမများနှင့် သင်ကြားပေးသောဆရာတော်များ ဆရာမကြီး ဒေါ်ခင်လှတင် ကမ္မဋ္ဌာန်းပြ ဆရာတော်များ အားလုံး ကျေးဇူးတင် ရှိခိုးဦးချ ကန်တော့ လိုက်ပါသည် ဘုရား"

May Zin Win (Level-3)

Level1,2,3 အားလုံး လေ့လာသင်ယူပြီးသွားတဲ့အဆင့်တိုင်းမှာ တစ်ဆင့်ပြီးတစ်ဆင့် အသိတိုးလာရပါတယ်ဘုရား၊ဘယ်လိုကျင့်ကြံနေထိုင်ရမယ်၊ဘယ်လိုစိတ်ထွက်ပေါက်ရှာရ မယ်၊ဖြစ်နေတဲ့စိတ်ကလေးက၊ကုသိုလ်လား၊ အကုသိုလ်လား၊ဘယ်လိုစိတ်နဲ့ ဥပုသ်စောင့် ရမယ်၊ သွားလာရင်းနဲ့လည်း ဝိပဿနာအာရုံရှုလို့ရနိုင်တယ်စတဲ့ စတဲ့ အသိတရားတွေ များစွာတိုးလို့ သုတမမ္မစာပေကိုလေ့လာခွင့်ရတာ အင်မတန် ကျေးဇူးကြီးလှပါတယ် ဘုရား🙏🙏🙏

ဒေါ်လဲ့လဲ့အုန်း (Level-3)

L1,L2 ,L3 ၃ဆင့်အတွက် တရားတော်၁၅ပုဒ်ကို အသေးစိတ်လေ့လာပူဇော် လိုက်သည့် အခါ တပည့် တော်မစိတ်ထားတွေ အများကြီးပြောင်းလဲလာသည်ကို သတိထား မိပါတယ် ဘုရား။ ယခင်က နေ့စဉ် တနေ့ကြိမ် ဘုရားရှိခိုးခြင်း , မြတ်စွာဘုရားအား ရေချမ်း ပန်း ဆွမ်းကပ်လှူခြင်း,သံဃာတော်များအားဆွမ်းလောင်းခြင်း, လှူဖွယ်ပစ္စည်းများ လှူဒါန်း ခြင်း တို့ပြုနေစဉ် အနိစ္စတရားများဆင်ခြင်ပါသော်လည်း ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် များကို အသေးစိတ်မဆင်ခြင်ခဲ့မိပါ။ ၎င်းပြင် ဖြစ်ပြီးသားအကုသိုလ်ကို ခဏခဏတွေးမိတတ်ပါသည်။ သုတမမွ ဒီပလိုမာတန်းအတွက် စာများကို လေ့လာပြီး သောအခါတွင်မူ ဘုရား တရားသံဃာ့ဂုဏ်များကို အဓိပ္ပါယ်တိတိကျကျသိရသဖြင့် ဆင်ခြင် နှလုံးသွင်းတတ်လာပါသည်။ ပြခဲ့မိေသာအကုသိုလ်ကိုလည်း ပယ်ပျောက် အောင်. ကြိုးစားတတ်လာပါသည်။

မခင်ရတနာဝင်း (Level-3)

အချိန်တိုင်းမှာ သတိတရားထားပြီး အသိညဏ်နဲ့နေနိုင်အောင် လေ့ကျင့်ယူပါ မယ်ဘုရား... ဘွဲ့နှင်း သဘင်ခန်းမထဲ မိဘ ၂ဦးခေါ်ခွင့်ရလားသိချင်ပါတယ်ဘုရာ ခေါ်လည်း ခေါ်ယူချင် ပါတယ်ဘုရား

ဇင်မိမိဦး (Level-3)

Level တစ်ဆင့်ပြီးတစ်ဆင့် အသိဉာဏ်များ တိုးလာပါတယ်။ Level3ရဲ့ တရားခေါင်းစဉ် အားလုံး အလွန်ကောင်းမွန်ပါတယ်။ အရင်က ရတနသုတ် မရပါဖူး။ ဆရာတော်ကြီး ရဲ့ကျေးဇူးကြောင့် ရခဲ့ပါတယ်။အဓိပ္ပါယ်ကို သိပြီး ရွတ်ဖတ်ရတဲ့အတွက် အလွန် ကြည်နူး မိပါတယ်။ သူတော်ကောင်းတို့ စိတ်နေသဘောထားများ၊ စိတ်ရဲ့ထွက်ပေါက်တွေကို

သေသေချာချာ သိခဲ့ရပါတယ်။ ဆရာတော်ကြီး ဟောကြားသလို လိုက်နာ ကျင့်သုံးနိုင် အောင်လည်း ကြိုးစားသွားပါ့မယ်။ ဆရာတော်ဘုရား သက်ရှည်ကျန်းမာပါစေ။

ဒေါ်မင်းမင်းထွေး (Level-3)

"သုတမမ္မ စာပေများကို လေ့လာခွင့်၊မှတ်သားခွင့်၊ဆင်ခြင်နှလုံးသွင်းခွင့် ရသည့်အတွက် ကြောင့် ဆရာတော် ဘုရားနှင့်တကွ ဆရာတော်၊သံဃာတော်များ အားလုံး ကို ဂါရဝပြု ပါသည် ဘုရား🙏🙏🙏

၁။သူတော်ကောင်းတို့ ပြုမူနေထိုင်လိုက်နာကျင့်သုံးနေထိုင်ရမည့်အတိုင်း လိုက်နာ ကျင့်သုံး နေထိုင်ပါမည် ဆိုသော အသိကို ရခဲ့ပါသည်ဘုရား🙏

၂။ဘာသာတရားကို လိုက်နာကျင့်သုံးတာ ဘာအတွက်ကြောင့် ကျင့်သုံးနေထိုင်တာလဲ ကွဲကွဲပြားပြား လေ့လာမှတ်သားခဲ့ရပါသည် ဘုရား🙏

၃။စိတ်၏ထွက်ပေါက်အမှန်ကို သိခဲ့ရပြီး၍ (စာမေးပွဲ မဖြေခင် ရက်ပိုင်းအလိုတွင် ကိုယ်တိုင်ကြုံခဲ့ရသော တပည့်တော်၏ သားငယ်သည် သူ့အတန်းစာမေးပွဲ ရလဒ်ကြောင့် စိတ်ထွက်ပေါက် အမှားတစ်ခု ဖြစ်သော ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှုဖြစ်၍ ဆေးရုံတက်ခဲ့ရပါသည် ကျမ စိတ်ဓာတ် အလွန်ကျသွားပြီး မခံစားနိုင်ခဲ့ပါ။)ထို့ကြောင့် စာမေးပွဲ ဖြေဖို့ကို လက်လျော့ ဖို့အထိ စဉ်းစားခဲ့ပါသည် မဖြေတော့ဘူး လို့ကို တွေးလိုက်မိတာပါ။စိတ်ခံစားမှု ပြင်းထန်နေသောကြောင့် စိတ်က ဘယ်အရာမှ စဉ်းစားဆုံးဖြတ်နိုင်စွမ်း မရှိ လျော့နည်းသွားပါသည်။ နောက်တော့ လေ့လာသိရှိထားသော စိတ်ထွက်ပေါက်အမှန်က စိတ်ထဲမှာပဲ ပြန်ရှာရမည် ဆိုတာရယ် ထွက်ပေါက်အမှန်က ဘာဆိုတာရယ် သိရှိပြီး စိတ်တည်ငြိမ်မှု ရပြီး ၊ကိုယ်သိထားတာက တရားအသိ ကိုယ်ကိုယ်တိုင်က မတည် မငြိမ်ဖြစ်နေရင် တရားအသိတွေ သိထားပြီး စိတ်မငြိမ်းချမ်းရင် သားကို ဘယ်လို ငြိမ်းချမ်းအောင် လုပ်ပေးနိုင်မလဲ တွေးမိပါသည်။

တပည့်တော် ဘယ်လောက်ပဲ အကောင်းဆုံးတွေ လုပ်ပေးချင်ပေမယ် သတ္တဝါဆိုတာ သူ့ကံနှင့်သူလာတာကို သဘောပေါက်မိပါသည်။

ဒီတရားကြောင့်သာ တပည့်တော် စိတ်ထွက်ပေါက်အမှန်ကို လုပ်နိုင်ခဲ့ပါသည် ဘုရား🙏

၄။ပရိတ်တော်များကို အရင်က အန္တရယ် ကင်းအောင် ရွတ်ကြတယ် နာကြတယ် ဆိုပြီး သိတဲ့ အသိကနေ ယခု ရတနာသုတ် တရားတော် ၏ အဓိပ္ပါယ် ကို သိရှိပြီး ရတနာသုတ် ဖြစ်ပေါ်လာ ပုံ၊ဘုရား၏ ဂုဏ်တော်များ၊ တရား၏ ဂုဏ်တော်များ ၊အရိယာ သံဃာ ဂုဏ်တော်နှင့်လည်း သစ္စာဆို မေတ္တာပို့ရင် အစွမ်းထက်ကြောင်းနှင့်အခြားမှန်တဲ့ အကြောင်းအရာ တစ်ခုခုကို သစ္စာဆိုပြီး မေတ္တာပို့နိုင်ပုံကိုလည်း သိရှိခဲ့ရပါသည် ဘုရား🙏

၅။အရှင်အာနန္ဒ၏ ဝိပဿနာ တရားကိုလေ့လာခွင့်ရသဖြင့် အင်မတန်မှ အကျိုးကျေးဇူး ကြီးခဲ့ပါသည် ဘုရား🙏 တပည့်တော် ငယ်စဉ်က ရိပ်သာတွေသွားပြီး တရားအားထုတ် ဘူးပါသည် ဘုရား 🙏 ဝိပဿနာနှင့်ပက်သက်ပြီး ခုလောက်ထိ မသိခဲ့ပါဘုရား🙏 ရုပ်တရား၊နာမ်တရား ခန္ဓာ(၅)ပါး ဒွါရ(၆)ပါး မဂ္ဂင်(၈)ပါး သစ္စာ(၄)ပါးများကို ကွဲကွဲ ပြားပြား သိရှိပြီး သေသေချာချာ ကမ္မဋ္ဌာန်း တရားများကို သတိကပ်ပြီး ကြိုးစားပွါးများ အားထုတ်ပါမည်၊ရိပ်သာသွားပြီး အားထုတ်မှ မဟုတ်ပဲ အချိန်တိုင်း သတိကပ်ပြီး ရှု့မှတ် နေရင်လည်း ပွါးများအားထုတ်လို့ နေကြောင်း မှတ်သားခွင့်ရခဲ့ပါသည် ဘုရား🙏 ဆရာတော် ဘုရား ၏ ကျေးဇူးတရားကြီးမားလှသောကြောင့် တရားအသိများ ရခဲ့ပါသည် ဘုရား🙏 ဆရာတော်ဘုရားနှင့်တကွ သုတမမ္မ တရားကို လေ့လာခွင့်၊နာယူခွင့်၊ ကိုယ်သိထားသမျှကို ဖြေဆိုခွင့်၊ကိုယ်သိထားသမျှကို အသုံးချနိုင်အထိ အသိဉာဏ်များ တိုးပွါးအောင် ဆောင်ရွက်ပေးကြသော အားလုံးသော ဆရာတော်များ၊ သံဃာတော်များ၊ ဝေယျာဝစ္စ ကုသိုလ်ရှင်များ ကိုယ်ကျန်းမာ ၊ စိတ်ချမ်းသာစွာဖြင့် သာသနာ့တာဝန်များ ဆက်လက်ထမ်းဆောင်နိုင်ကြပါစေ၊သာသနာတော်လည်း ဒီထက်မက ပျံ့ပွါးတိုးတက် ပါစေ ဘုရား🙏🙏🙏ဘုရားတပည်တော်မ နားလည်းသလို့ ရေးတာဖြစ်ပါသောကြောင့် အမှားပါ ပါက မေတ္တာ ထားပြီး ခွင့်လွှတ်ပေးတော်မူပါဘုရား🙏🙏🙏"

ဦးသန်းမြင့် (Level-3)

ကောင်းစွာပူဇော်နိုင်ရန် ကြိုးစား နာယူကျက်မှတ်ခဲ့ပါသည်။

ဒေါ်အေးသက်ဦး Level (3)

တရားတော်များအား ပို၍စိတ်ဝင်စားလာပြီး မိမိ သူတပါး အကျိုးရှိ အောင် နေနည်းများ သိရှိလိုက်နာပါသည်။ အများအားလည်း မျှဝေပါသည်။

မို့မို့ထွန်း(Level-3)

အကုသိုလ်အပြစ် ထပ်တိုးမဖြစ်အောင် သတိထားပါသည်, မနက်အိပ်ရာ နိုးသည်နှင့် တပြိုက်နက် မိမိကိုယ်ကိုအရင်ဆုံးမေတ္တာပို့ပြီးရင် ကမ္ဘာကြီးပေါ်မှာ ရှိကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး မေတ္တာပို့ပါတယ်, လုပ်ငန်းခွင်မှာလူအများနှင့် ဆက်ဆံရသည့်အခါ တက်နိုင်သမျှ အကောင်းမြင်စိတ်ထားပြီး ဒေါသကိုထိန်းသိမ်းပြီး နှလုံးသာဟတ်ထိအောင် ချိုသာယဉ်ကျေးပြီး တဖက်သားကျေနပ်သည့်စကားမျိုးပြောနိုင်အောင်ကျိုးစားပါသည် စိတ်ဖိစီးမှု ရှိလာတဲ့အခါ လုပ်ငန်းခွင်မှာဆိုရင် အရင်ဆုံး မျက်လုံးမှိတ်လိုက်ပြီး အသက်ကို ဝဝရှူလိုက်ပါတယ် ပြီးရင် ဘုရားဂုဏ်တော်ပွားလိုက်ပါတယ် , အိမ်မှာ စိတ်ဖိစီးမှု ဖြစ်လာလျှင် ဘုရားစင်ရှေ့မှာ ထိုင်လိုက်ပြီး မြတ်စွာဘုရားကိုအာရုံပြုပြီး ဘုရားဂုဏ်တော်ပွားများပါတယ် , သုတမမွ မလေ့လာခင်က ဥပုတ် သီလယူရင် ညဘက် TV ဇတ်လမ်းတွဲကြည့်ဖြစ်ပါသည် (အောင် ငါ ဒါလေးလုပ်တာ ကျန်တဲ့သီလတွေလည်း လုံအောင် ထိန်းထားတာ ဘာမှ မဖြစ်လောက်ပါဘူးလို့ တွေးခဲ့မိပါတယ်) အခုနောက်ပိုင်း အဲလိုအတွေးမျိုးကိုလက်မခံတော့ပဲ ကိုယ်ကျင့်သီလကို TV ဇတ်လမ်းတွဲ ၁ နာရီစာဖြင့် အပျက်မခံ ဖြစ်တော့ပါဘူး, ယခုဘဝအတွက်ရော နောင်သံသရာအတွက်ရော ကောင်းဘို့ တပည့်တော် တဖြည်းဖြည်းဖြင့် ကျိုးစားနေပါတယ် ဘုရား။

ဦးပြည့်စုံကြွယ် (Level-3)

တပည့်တော်လျှောက်ထားလိုသည်မှာ-နေ့စဉ်နေရင်းထိုင်ရင်း စိတ်ကိုဘယ်လို ပြုပြင်ရမယ်၊ ဝိပဿနာတရားဘယ်လိုလုပ်ရမယ်၊ ဘယ်အရာက ကုသိုလ်ဘယ်ဟာ ကတော့ အကုသိုလ်ဆိုတာသိလာရပါတယ်။ ရတနာ့သုတ်နဲ့ပတ်ပြီးဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့နဲ့ ပတ်သက်ပြီး ဘဝမှာအခက်အခဲတစ်စုံတစ်ရာရှိရင်သစ္စာဆိုပုံ ဆိုနည်းသိရပါတယ်။ စိတ်ရဲ့ထွက်ပေါက်များနဲ့ ပတ်သက်လို့လေ့လာဖြေဆိုရတဲ့ အတွက် တော်တော် အကျိုးရှိပါတယ်။ နေ့တိုင်းတပည့်တော်က စိတ်အလုပ်လုပ်ရသူ ဆိုတော့စိတ်ကိုနည်းမှန် လမ်းမှန်မထားတတ်ခဲ့ပါဘူး။ ယခုစာမေးပွဲဖြေဆိုပြီး နောက်ပိုင်း စိတ်ကို ဘယ်လို ထွက်ပေါက်ပေးရမလဲဆိုတာသိရတော့အင်မတန် အကျိုးများပါတယ်။ ရှင်အာနန္ဒရဲ့ဝိပဿနာကတော့လေ့လာမှတ်သားရတာအင်မတန်အကျိုးရှိပါတယ်။တကယ်သာလုပ်နိုင်မယ်ဆိုရင်လောကုတ္တရာကုသိုလ်အထိပေါက်ရောက်နိုင်တဲ့တရားဖြစ်လို့ပါ။နိဂုံးချုပ်အနေနဲ့ကတော့သုတမမ္မlevel1 မှ level3အထိသင်ကြားထားသမျှသည်သူ့level နဲ့သူလိုက်နာ ကျင့်သုံးမယ်ဆိုရင် လောကီထဲမှာပဲ လောကီအလုပ်တွေနဲ့ ကုန်ဆုံးစေအုန်းတော့ စိတ်ကို ထားတတ်ပြီး ဝိပဿနာအလုပ် အားထုပ်ပြီး သံသရာဝဋ်ဆင်းရဲမှလွတ်ကင်းသည်အထိလိုက်နာကျင့်သုံးနိုင်ရင်ကျင့်သုံးနိုင်သလောက်အကျိုးရှိပါတယ်ဆိုတာတင်ပြပါရစေ။ကျေးဇူးတင်ပါသည်။ပါမောက္ခချုပ်ဆရာတော်သက်တော်ရာကျော်ရှည်ပါစေ။ဘေးရန်အပေါင်းမှလည်းကင်းဝေးပါစေဘုရား။

ဒေါ်ငွေးငွေးညွန့် (Level-3)

အသိပညာအများကြီးတိုးတက်ပါတယ်ဘုရား မိသားစုအားလုံးလဲ တရားအတူတူနာပြီး အေးချမ်းမှုပို၍တိုးလာပါတယ်ဘုရား။

မိုးသက် (Level-3)

ဘာသာရေးနှင့်ပတ်သက်၍အသိပညာများတိုးပွါးရပါသည်။ အရင်ကထက်ပိုမိုသိလာ၍ အကျိုးရှိလှပါသည်။

သိန်းသန်း (Level-3)

ကောင်းမှု မကောင်းမှုကို ခွဲခြားသည့်အသိဥာဏ်တိုးလာပါတယ်ဘုရား။ အရင်က သိရုံသိပြီး မရှင်းလင်း မရှင်းပြနိုင်တာများကို လေ့လာကျက်မှတ် သိနားလည်ခွင့်ရခဲ့ပါတယ်ဘုရား။

ဒေါ်အေးအေးခိုင် (Level-3)

ဆရာတော်ဘုရားကြီးအားရိုသေစွာကန်တော့ပါ၏🙏 တပည့်တော်သည်သုတမမ္မL3သည် နဲနဲခက်သည်လို့ထင်ပါဒါပေမယ့်အောင်မယ်လို့ ထင်ပါတယ်ကြိုးစားပြီး ပူဇော်ခဲ့ပါတယ် ဘုရား

စိုးသူရမြင့် (Level-3)

"မိရိုးဖလာမဟုတ်တော့ဘဲ တကယ့်ကို သုတမယဉာဏ်ဖြင့် သစ္စာလေးပါးကို စတင် သဘောပေါက်လာခြင်း၊ သမထနဲ့ ဝိပဿနာကို နားလည်လာခြင်း၊ လက်တွေ့လိုက်နာ ကျင့်သုံးဖို့အတွက် စိတ်အားတွေ ထက်သန်လာခြင်း၊ မနသာ ဒဋ္ဌေန အတိုင်း ကျင့်ကြံ ကြိုးကုတ် ချင်တဲ့ စိတ်တွေ ပြင်းထန်လာခြင်း စတဲ့ ဓမ္မအသိများ တိုးပွားလာပါသည်။"

နွယ်နီအောင် (Level-3)

"တပည့်တော်အမေက မရှိတော့ပါဘူးအရှင်ဘုရား တရားစခန်းသွားယင် ရဟန္တာတောင် ကိုယ့်ကိုကိုယ်သတ်သေတယ်လို့ပြောတာကြားဖူးပါတယ်။ တပည့်တော်ယုံကြည်မှု တော့

မရှိပါဘူး ဒါပေမဲ့ ဘယ်လိုရှင်းပြရမလဲ မသိခဲ့ပါဘူး level 3ကို လေ့လာသင်ကြား မိတဲ့အချိန်မှာ ဆရာတော်ဘုရားရှင်းပြချက်ကို နားထောင်မိပြီး ပိတီဖြစ်ရပါတယ်။ အမေကိုတော့ ရှင်းပြခွင့် အခွင့်အရေးမရတာတော့ စိတ်မကောင်း ဖြစ်မိပါတယ် ကျေးဇူး တင်ပါတယ်။"

ဒေါ်ရွှေမိုးယဉ်ညွန့် (Level-3)

အရှင်ဘုရား တပည့်တော်သည် ပြဋ္ဌာန်းစာအုပ်ပါစာအုပ်များနှင့် အွန်လိုင်းမှ ဆရာမကြီး ဒေါ်ခင်လှတင်၏သင်ကြားပို့ချချက်များကို လေ့လာမှတ်သား ဖြေဆိုခြင်း ဖြစ်ပါသည် ဘုရား။ လက်တွေ့တွင် ဗုဒ္ဓလမ်းညွှန်ချက်နှင့်အညီ ယခင်က မိမိစိတ်သန္တာန်များနှင့် ကွာခြားလာကြောင်း သတိထားမိပါသည်။ တရားတော်များနှင့်အညီလည်း နေထိုင်ပြုမူ ဆောင်ရွက်တတ်လာပါသည်။ သို့သော် စာမေးပွဲဖြေသည့်အခါတွင် တချို့သော မေးခွန်းများနဲ့ အဖြေကို ထပ်တူကြအောင် ဖြေဆိုနိုင်ခြင်းမရှိသည့်အတွက် စိတ်မကောင်း ဖြစ်မိသည်ဘုရား။ မည်သို့ နှလုံးသွင်း ကျက်မှတ်ရမည်ကိုလည်း နားမလည်နိုင်အောင် ဖြစ်မိပါတယ်ဘုရား။ အရှင်ဘုရားလမ်းညွှန်ပေးတော်မူပါဘုရား။

ခင်ကောင်းစံ (Level-3)

ရတနာ့သုတ် ကို အရင်က ရွတ်ရုံသာ ရွတ်နေဖြစ်တာ အခုတော့ အဓိပ္ပာယ်သိပြီး ရွတ်ရ တော့ ရွတ်နေရင်း ပီတိတွေ ဖြစ်ရပါတယ်။ ကျေနပ်ရပါတယ်။ ဉာဏ်စဥ် အကြောင်းတွေ သိရတော့ သောတာပန်ရဲ့ ဂုဏ်ရည်၊ သောတာပန် ဖြစ်ဖို့ လိုအပ်ချက် ကိုယ့်သန္တာန်မှာ ရှိရမှာ ဖြစ်ရမည် ဆိုတာတွေကို သိရှိခဲ့ရပါတယ်။ အရင်တုန်းကတော့ ဝိသာခါမလေး တရားလေး နာလိုက်တာနဲ့ သောတာပန် ဖြစ်သွားတယ်ဆိုတာကို ပေါ့ပေါ့လေးလို့ ထင်သွားတယ်။ အခုတော့ ဝိပဿနာ ဉာဏ်တွေ အဆင့်ဆင့်မြင်/ပွား/ဖြစ်ပြီးမှ သခ်ါရတရားတွေကို ကြောက်,ငြိုငြင် စသည်ဖြင့် ဖြစ်ကို ဖြစ်ခဲ့မှာ သောတာပန် ဖြစ်သွား

ရတာပါလား ဆိုတာ ဆင်ခြင်မိလာခဲ့ပါတယ်။ သောတာပန် နယ်ပယ်ထဲကို ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေကို ကြည်ညိုသဒ္ဓါ ဖြစ်ရပါသည်။ နောက်နယ်ပယ်သို့ ရောက်ရှိ/ရရှိထားသော ပုဂ္ဂိုလ်အား ဆိုဖွယ်မရှိတော့ပါလို့ လျှောက်ထားရင် အရှင်ဘုရားရဲ့ ခြေတော်အစုံကို ဦးခိုက်လိုက်ပါသည် အရှင်မြတ်ဘုရား။

ဒေါ်ခင်အေးနု (Level-3)

"သုတမမ္မဒီပလိုမာစဖြေကတည်းကတရားနာယင်း ပြဋ္ဌာန်းဖတ်ယင်းစိတ်ကြည်နူးမှု စိတ်ကျေနပ်မှုတို့ရရှိခဲ့ပါသည် လောဘ ဒေါသများကိုလည်း သိရှိပြီး ထိုက်သင့်သလောက် လျော့ချနိုင်လာပါသည် ၊ Level 3 တရားများ နာယင်းစကားပြော ဆိုရာတွင် သတိထားရမည့် အရာများကိုအလေးနက်ထားတတ်လာပါသည် ရတနာသုတ်ပရိတ်တော်ကို အနက်အဓိပ္ပါယ် သေသေချာချာနားလည်ပြီးပူဇော်နိုင်လာ၍ အထူးဝမ်းမြောက်မိပါသည် အရှင်အာနန္ဒာ၏ဝိပဿနာတရားကြောင့်တရားထိုင်ရာနှင့်နေစဉ်သတိထားရမည့်အရာများကိုပိုမိုသတိရှိလာပါသည် စိတ်တရားများကိုတော့ အယင်ကတည်းက အမြဲတန်းနာယူလာခဲ့၍ အထူးပြောစရာမရှိပါ Level တိုင်းကတရားအပုဒ်တိုင်းသည် တန်ဖိုးရှိသည်ဖြစ်၍ မိမိမိတ်ဆွေများအားလည်း စာမေးပွဲမဖြေလျင်တောင် နာဖြစ်အောင်နာကြဖို့ အမြဲတိုက်တွန်းပါသည် ပါမောက္ခချုပ်ဆရာတော်ကြီးအား အစဉ်အမြဲရှိခိုးကန်တော့ပြီး ကျန်းကျန်းမာမာနှင့်ခန္ဓာဝန် သာသနာ့တာဝန်တို့ကိုထမ်းဆောင်နိုင်ဖို့ဆုတောင်းပါသည် စာမေးပွဲစီစဉ်ကြသူဆရာတော်ကြီးများနှင့်တာဝန်ရှိသူအားလုံးကျန်းမာချမ်းသာပါစေ ကြောင်းဆုတောင်းမေတ္တာပို့သအပ်ပါသည်"

ဒေါ်သိဂီဝင်း (Level-3)

နေ့တိုင်းတရားနာရပါ၍တရားတွေမှတ်မိသွားပါသည် BAတန်း ဆက်ဖြေပါမည် စိတ်လေးထားတတ် လာပါတယ်။

ဒေါ်သီတာဝင်း (Level-3)

မသိသေးသော တရားအသိတွေ ပိုတိုးလာပါတယ် ဘုရား။

ဒေါ်မာလာသန်း (Level-3)

"ဦးစွာကျေးဇူးရှင်ပါမောက္ခဆရာတော်ဘုရားကြီးကို ရှိခိုးကန်တော့ပါ၏။ သုတမမ္မ ဒီပလိုမာ တဆင့်ပြီးတဆင့် လေ့လာသင်ယူ ဖြေဆို ပြီး ရရှိသော အကျိုးကျေးဇူး မှာတန်ဖိုး မဖြတ်နိုင်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများ ဖြစ်သည့် ဘာသာတရား လိုက်နာ ကျင့်သုံးခြင်း၏ ရည်ရွယ်ချက်ကို အမှန်အတိုင်း နှလုံးသွင်းလာနိုင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်လာပါသည်။ သစ္စာ၄-ပါးကို ကောင်းစွာသဘောပေါက်ပြီးမဂ္ဂင် ၈-ပါး အကျင့်ကျင့်ရန် ဝိပဿနာအလုပ်ကိုစနစ်ကျကျအားထုတ် ရန်ကျိုးစားပါမည်။ သိစရာများ လည်းအများကြီးကျန်သေးသဖြင့် ဆက်လက်၍ BA အဆင့် များ လေ့လာရန် ဆုံးဖြတ် ထားပါသည်။ "

Daw Khaing Khaing Maw (Level-3)

စိတ်ထားများပြုပြင်ပြောင်းလဲလာခြင်း ဝိပဿနာရှုမှတ်ခြင်းဖြင့်ရရှိမည့် အကျိုးတရား များကို သိရှိမှတ်သားခဲ့ရပါသည်။

မခိုင်မိုမို့ဇင် (Level-3)

"(၁) Level 1တွင် စိတ်၏အခြေခံသဘောတရားများကိုသိရှိခဲ့ရပြီး မိမိစိတ်နှင့် တိုက်ဆိုင် စစ်ဆေးကာ အမှားများကို ဆင်ခြင်နိုင်လာပါတယ်။ စိတ်ကိုတတ်နိုင် သ၍ ပြုပြင်ခဲ့ ပါတယ်ဘုရား။

(၂) Level 2တွင် ယောနိသောမနသိကာရ ထားနိုင်အောင် စိတ်ကို လေ့ကျင့်ခဲ့ပါတယ် ဘုရား။

(၃)Level3 တွင်သူတော်ကောင်းတို့၏ စိတ်နေသဘောထားကို အားကျအတုယူရန်၊ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ ဘာသာတရား လိုက်နာရန်၊ဒုက္ခကြုံလျှင် သစ္စာ ဆိုတတ်ရန် နှင့် ဝိပဿနာ ဆင်ခြင်ပွားများပုံတို့ကို ထဲထဲဝင်ဝင် သိရှိခဲ့ရပါတယ်ဘုရား။ ဒီလို ဗုဒ္ဓဘာသာ နဲ့ပတ်သက်တဲ့ အသိအမြင်ဗဟုသုတတွေကို သုတမမ္မစာပေတွေ က တစ်ဆင့် သိခွင့်ရခဲ့လို့ အကုသိုလ် တွေနည်းပြီး ကုသိုလ်တွေပိုတိုးပွားအောင် ကြိုးစား နေထိုင်ဖြစ်ပါတယ် ဘုရား။"

Daw Aye Sandar Bo(Level-3)

Level3ဖြေဆိုခဲ့ပါတယ်။ ဖြတ်သန်းလာခဲ့တဲ့ Level3ခုစလုံးမှ ကောင်းမွန်သော အသိဉာဏ်များ များစွာတိုးတက်ခဲ့ရပါတယ်။ Level 1 - စိတ်ရဲ့ အညစ်အကြေးများဖယ်ရှားခြင်း၊ Level 2 စိတ်၏အတွေးများ၊ Level 3 - စိတ်၏ထွက်ပေါက်များ တရားတော်များကို နာကြား ကျက်မှတ်ရသော အခါ လူ့လောကမှာ ကြုံတွေ့ရသော အခက်အခဲအကြပ်အတည်းများကို တော်တော်များများဆင်ခြင် သုံးသပ်လိုက်နာမိပါတယ်။ လူ့လောကမှာ အများဆုံး ကြုံရတဲ့ အခက်အခဲအကြပ်အတည်းများ ကို စိတ်၏မှန်ကန်သော ထွက်ပေါက်များအတိုင်း အမှန်တစ်ကယ် လိုက်နာကျင့်သုံးနေမိပါတယ်။ Level 2 စိတ်၏အတွေးများကို နာကြား ကျက်မှတ်ရသော အခါ စိတ်နှင့် အတွေးဟာ ဆောင်ရွက်ပုံချင်း မတူတာ ကိုသေချာစွာ သိရှိခဲ့ရပါတယ်။ မိရိုးဖလာ ဗုဒ္ဓဘာသာကိုးကွယ်ပြီး ငယ်စဉ်ကတည်းက အတတ်နိုင်ဆုံး ဗုဒ္ဓအဆုံးအမများနှင့် ရင်းနှီးခဲ့သော်လည်း တစ်ကယ့် ဗုဒ္ဓဘာသာတရားကို လိုက်နာ ကျင့်သုံးရချင်း၏ ရည်ရွယ်ချက်များကို ရှင်းရှင်းလင်းလင်း ကြည်ညိုစွာ ကိုယ်တိုင် လည်းသိရှိခဲ့ရသလို ကိုယ့်ပတ်ဝန်းကျင်ကလူများ ကိုမှန်ကန်စွာ ရှင်းပြနိုင်ခဲ့ပါတယ်။ Level 1 (မေတ္တာသုတ်))၊ Level 2 (ခန္ဓသုတ်)၊ Level 3 (ရတနာသုတ်) များကို ငယ်စဉ်ကတည်းက ရွတ်ဆိုလာခဲ့တာ ဖြစ်သော်လည်း အဓိပ္ပာယ် ကိုသေချာနားမလည်ခဲ့ပါ။ ယခု Level 3 ပြီးချိန်တွင် ထိုပရိတ်တော်များကို သေချာ မှန်ကန်စွာပွာများနိုင်ခဲ့ပြီဖြစ်ပါတယ်။ သမထနဲ့

ဝိပဿနာ၊ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်တရားတော်၊ ရှင်အာနန္ဒဝိပဿနာ များကို နာကြား မှတ်သားရသော အခါ တရားထိုင်ပြီးအားထုတ်နေမှ ကိုယ့်ကိုကိုယ် တရားကျင့်နေ တယ်လို့ ထင်ခဲ့တာမှ ဣရိယာပုတ် ၄ ပါးနဲ့ နေထိုင်ရင်း စိတ်ထဲမှာဖြစ်နေသော အညစ် အကြေး များကို သန့်ရှင်းအောင် ပွားများအားထုတ်နေခြင်းပင်လျှင် တရားအားထုတ် နေခြင်း ဖြစ်တယ်ဆိုကို သိရှိလာခဲ့ရပါတယ်။

Hnin inzali (Level-3)

ကြိုးစားပြီး ဉာဏ်မှီသလောက်တော့ ဖြေခဲ့ပါတယ်ဘုရား။ မေးခွန်းသိပ်နားမလည်လို့ အဖြေလွဲ နေရင်လည်း နားလည်ပေးပါဘုရား။ အောင်မှတ်ကို 40လောက်ထား စေချင် ပါတယ် ဘုရား။တပည့်တော်အောင်ချင်ပါတယ်ဘုရား။မအောင်ခဲ့ရင်လည်း Dec မှာ ထပ်ကြိုးစား ပါ့မယ်ဘုရား။

သိန်းထွန်း (Level-3)

"တိုးတက်လာသောဓမ္မအသိဉာဏ်များ

၁။ သူတော်ကောင်း၏ စံများသိရ၍ မိမိကိုယ်ကို ဆန်းစစ်ဝေဖန်နိုိင်ပြီး လိုအပ်သော အရည်အချင်းများ ဖြည့်စည်း ပြုပြင်ရန် အသိဉာဏ်ရခဲ့ ရခဲ့ပါသည်။

၂။ဘာသာတရားကိုးကွယ် လိုက်နာကျင့်သုံးခြင်း ရည်ရွယ်ချက် အမှန်သိရှိရ၍ မိရိုးဖလာ အဆင့် မှ ဗုဒ္ဓဘာသာဝင် တစ်ဦး၏ မြတ်သောအကျင့် ကျင့်ရခြင်း၏ပန်းတိုင်ကို ဉာဏ်ဖြင့်ရှင်းရှင်း ကြီးသိရှိလိုက်ရပါသည်။

၃။ တရားထိုင်ခြင်း ဆိုတဲ့ အဓိပ္ပါယ်ကို သေချာ သဘောပေါက်ခဲ့ပြီး လက်တွေ့ နေ့စဉ် တရား မှတ်ရာ၌ များစွာအထောက်အကူ ရရှိပါသည်။

၄။ အသက် ၇၀ ကျော်မှ ဆရာတော်ကြီး၏ သုတဓမ္မ အသိဉာဏ်များ အသက်မသေခင် အချိန်မီသိရှိ လိုက်နာ ကျင့်သုံးခွင့်ရ၍ သေဖို့ပြင်ဆင်ခွင့်ရလို့ ဆရာတော်ကြီး၏ကျေးဇူး ကြီးမားလှပါသည်။

ဒေါ်ယမင်းထက်ထက် (Level-3)

အာဒီနဝဉာဏ် ပိုလာတာကိုသိချင်ပါတယ်ဘုရား။

မစမ်းစမ်းအေး (Level-3)

ရိုသေစွာလျောက်ထားအပ်ပါသည် အရှင်ဘုရားတပည့်တော်မသည် level1ဖြေဆိုတုန်း ကောင်းစွာ သေချာမဖြေနိုင်ခဲ့ပါလက်ရေးအလေ့အကျင့် လိုအပ်ပြီးမှတ်နိုင်စွမ်းလျော့နည်း level2ကြတော.လဲတပည့်ေတာ်မအားလပ်ပေမဲ့တရားကိုနေ့နေ့ညည,ဖယ်ရီပေါ်,အလုပ် ထဲတောက်လျောက်နာတရားအဖြစ်ပြောင်းလဲလေ့ကျင့်မှတ်သားပါတယ်ထူးခြားချက်ထပ် ခါထပ်ခါနာလေတကြိမ်ထက်တကြိမ်ပို၍စိတ်ကိုပြုပြင်လာနိုင်ပါတယ်ဘုရားတပည့်တော် သားနဲ့သမီးလည်း ပိုမို တရားပူးတွဲနာဖြစ်လာကြပါတယ် အခုlevel3မှာလည်း ကြိုးစားနာကြားပြီး မှတ်မိသိရှိသလောက် ရေးသားပူဇော်ဖြေဆိုခဲ့ပါတယ် ဆရာတော် ဘုရား ကျေးဇူးကြောင် ဥပုလ်အဓိပ္ပါယ်ကို ပိုမိုသိရှိ၍ၿပါးသီလကို ပိုမိုစောင့်ထိန်း ဖြစ်ပါတယ် ဈာန်တွေရဲ့အနစ်သာရနဲ့ အာနာပါနမှဝိပသနာကူးပြောင်းပုံ ကိုလည်း သေသေချာချာ နာကြားသိရှိရပါတယ် ရှင်အာနန္ဒမထေရ်မြတ်ရဲ ထူးခြားစွာရဟန္တာဖြစ်ပုံ ဥာဏ်စဥ်ဝိပသနာ အလေ့အကျင့်ဝီရိယနဲ့ သဒ္ဒါဟန်ချက်ညီမှု အရေးကြီးဆိုတာလည်း မှတ်သားလိုက်ရပါတယ် ရှင်ကောဋိယမထေရ်အားရှင်သာရိပုတ္တာမှ ဖြေကြားပုံဘာသာရေး လိုက်နာကျင့်သုံးရတဲ့ အကျိုးကျေးဇူးရည်ရွယ်ချက်တွေကလည်း တောင်မျိုးဆက်သစ်တို့ အတွက် ဘာသာသာသနာအေပါ် ယုံမှားသံသယကင်းစွာ ယုံကြည်နိုင်ရန် အထောက်အပံ့ ဖြစ်ပါသည်ခေတွစံနစ်နဲ့အညီ တိုးတက်နေသော ကမ္ဘာ့အလယ်မှာ မြန်မာလူမျိုး အများစုနဲ့အခြားလူမျိုးတို့ဟာ စိတ်ဖိစီးမှု့ဒါဏ်ကိုဗုဒ္ဓရဲ့ တရားတော်နဲ့ မှန်ကန်သော

စိတ်ထားမှန်ကန်သောစိတ်နေသဘောထားနဲ့ ဝိပသနာတရားအလေ့အကျင့် လေးစား လိုက်နာရင်းနဲ့ စိတ်ဖိစီးမှုကို လျော့ချနိုင်ကြောက်လည်း လူငယ်မျိုးဆက်သစ်အများ အတွက်အားထားစရာဘာသာကြီးအဖြစ်ညွှန်ပြနိုင်သောစသည့်အကျိုးကျေးဇူးများလှပါ ကြောင်းသိရှိလာရအကျိုးများလှပါသည်ဘုရား

ဒေါ်ကေခိုင်စိုး (Level-3)

"ရှိခိုးဦးတင်၍လျှောက်ထားပါသည်ဘုရား။ တပည့်တော်သည် စာမေးပွဲအတွက် လေ့လာ ကျက်မှတ်ရင်း အသိဥာဏ်များစွာတိုးတက်ပါသည်ဘုရား။ သူတော်ကောင်းတို့၏ စိတ်နေ သဘောထား ကိုယ်ကျင့်တရားကို ဘဝခရီးတစ်ခုလုံးကြိုးစား စောင့်ရှောက်မည်ဟု စိတ်ပိုင်းဖြတ် မိပါသည်ဘုရား။ အကောင်းမြင်ဝါဒ၊ဒေါသထိန်းနိုင်သူတို့အကြောင်း။ မှတ်သား ရင်း မိမိကိုယ်တိုင် ဒေါသထိန်းနိုင်အောင် ကြိုးစားမယ်၊ အကောင်းမြင်အောင် ကြိုးစားမယ်လို့စိတ်ဖြစ်ရပါသည်ဘုရား။ ဘာအတွက်တို့တစ်တွေဟာဘာသာတရားကို လိုက်နာကျင့်သုံးကြတာလဲဆိုတဲ့အဖြေကိုရှင်းလင်းစွာသိရပြီး၊ကံတရားကိုအပြောင်းအလဲ လုပ်မရကြောင်းမှတ်သားရပါသည်မှာနှစ်သက်လှပါသည်ဘုရား။ ရတနာသုတ်ကို ရွတ်ဖတ် ပူဇော်ပါသည်ဘုရား။ ယခင်ကအဓိပ္ပါယ်လဲအသေအချာမသိ မရွတ်ဆိုမီဘုရားကို အာရုံပြု ရမည် ဆိုတာလဲမသိပါဘုရား။သစ္စာဆိုတာကိုအကြမ်းအားဖြင့်သိသော်လည်း ယခုစာ လေ့လာမှ သိရသလိုအနုစိတ်မသိခဲ့ပါဘုရား။ အမှားအယွင်းမရှိသည့် ဘုရား ဂုဏ်တော် များ၊ တရားဂုဏ်တော်များ၊ သံဃာဂုဏ်တော်များကို သင်ယူမှတ်သားရသည်မှာ ဝမ်းမြောက် ဝီတိဖြစ်ရလွန်း၍စာဖတ်နေရင်းအကြိမ်ကြိမ်ရှိခိုးဦးတင်မိပါသည်ဘုရား။

တပည့်တော်သည် ဒေါသစရိုက်ရှိသူဖြစ်ပါတယ်ဘုရား။ နိဿရဏာဓာတုသုတ်ကို သင်ယူရ သည့် အခါ ထွက်ပေါက်ကို သေချာစွာမြင်တွေ့ရပါပြီ ဘုရား။ ဒေါသဖြစ်သည့် အကြိမ်ရေ ကို တဖြည်းဖြည်းလျော့ချနိုင်ပါပြီဘုရား။ မေတ္တာ၊ကရုဏာ၊ မုဒိတာ၊ဥပေက္ခာ တို့ကို ကြိုးစား လေ့ကျင့်ပါမည်ဘုရား။

ဒွါရ(ဖ)ပါး၊အာရုံ(ဖ)ပါး၊စိတ် (ဖ)မျိုး၊ ဖဿ (ဖ)မျိုး၊ ဝေဒနာ(ဖ)မျိုးတို့ကို ရှုမှတ်ရမယ် ဆိုတာသိရှိရပါပြီဘုရား။စာတတ်မှစဉ်းစားတတ်မယ်။တပည့်တို့ကလည်းတတ်နိုင်သ၍သ င်ယူကြရမယ်ဆိုတာကို သေချာစွာသဘောပေါက်နားလည်၍ ဆက်လက်ကြိုးစားသင်ယူ သွားပါမည်ဟု ဦးတင်၍ရိုသေစွာလျှောက်ထားပါသည်ဘုရား။

ဦးအောင်သန်းထွန်း (Level-3)

"ပရိတ်ကြီးဥသုတ်တော်များ၏ ပါဠိကို ကျက်မှတ်မိပြီး အဓိပ္ပာယ်များကို ယခင်ထက် ပို၍သိလာပါတယ်။ အတိတ်က ဗုဒ္ဓဘာသာသမိုင်းဖြစ်ရပ်များနှင့် နည်းလမ်းများကို လေ့လာ ရပါတယ်။ ဆရာတော်ကို တရားပွဲများနှင့်အိမ်မက်များမှာ မကြာခဏဖူးဖူး ပါတယ်။ ထိုအိမ်မက်အကြောင်းနှင့် အမေးပုစ္ဆာများကို ဆရာတော်ထံ အနီးကပ် သွားရောက်၍ မေးခွန်းမရနိုင်သော်လည်း စာမေးပွဲဖြေပြီး အနီးကပ်မေးခွန်းကို မျှော်လင့် နေပါတယ်ဘုရား။ BAစာများကို မကျက်မှတ်နိုင်မှာကိုလည်း စိုးရိမ်ပါတယ်။ ဆရာတော်ကြီး ထံ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ စာဖြင့် viberဖြင့် နည်းလမ်း တစ်ခုခုဖြင့် ဆက်သွယ်လို့ရနိုင်သော နည်းလမ်းကို သိလိုပါတယ်ဘုရား။

ဒေါ်နှင်းနန္ဒီထွဋ်(Level-3)

"ဆရာတော်ကြီးများအား ရိုသေလေးစားစွာဖြင့် ရှိခိုးကန်တော့ပါတယ် ဘုရားတပည့်တော် သည် အိမ်ထောင်ရှင် ကလေးမိခင်တစ်ယောက်ဖြစ်သည့်အတွက် ထမင်းဟင်းချက်ရင်း မီးပူတိုက် အိမ်မှုကိစ္စတွေလုပ်ရင်း ဆရာတော်ကြီးရဲ့ တရားတော်တွေကို နေ့စဉ်နာယူ ခဲ့တာ ခုဆို Level 3 ဖြေဆိုပြီးသွားပါပီ ဘုရား အရင်ကဆို အိမ်မှုကိစ္စတွေလုပ်ရင်း တွေးချင်ရာတွေးပြီး လောဘဖြစ်လိုက် ဒေါသဖြစ်လိုက် နဲ့ ကိလေသာအပူမီးတွေ ဟပ်တာ ရော ထမင်းချက် မီးပူတိုက်လို့ အပူဟပ်တာရော အပူတွေများခဲ့ပါတယ်ဘုရား သုတမမှစာ မေးပွဲဖြေဆိုမယ်လို့ ဆုံးဖြတ်လိုက်တဲ့နေ့ကစပြီး တပည့်တော်က အလုပ်များလို့ စာကြည့်

ချိန်မရလို့ တရားတော်ကို ပို အားစိုက်နာမယ် ဆိုပြီး အလုပ်လုပ်ရင်း တရားနာ ခဲ့တာ ခုဆို တစ်နေ့ကို တရားတစ်ပုဒ်မှ မနာရရင် မနေနိုင်အောင်ကိုအကျင့် ဖြစ်နေပါတယ် ဘုရား ဟိုးအရင်က တပည့်တော် ရိပ်သာတွေလည်းဝင်ခဲ့ပါသော်လည်း ရိပ်သာဝင်နေချိန် ဘုရားရှိခိုးနေချိန်ပဲ ဘုရားတရားဘက် စိတ်ရောက်ပြီး ကျန်တဲ့အချိန်တွေ သတိလက်လွတ် နေခဲ့မိပါတယ် ဘုရား ခု သုတမမှ စာမေးပွဲဖြေဖို့ စတင်လေ့လာတဲ့အချိန်ကစပြီး ဆရာ တော်ကြီးရဲ့မေးခွန်းပုံစံတွေသည် တရားတစ်ပုဒ်ကို ထပ်ခါတလဲလဲ ထဲထဲဝင်ဝင် နံ့ှ့နှံ့စပ်စပ် လေ့လာဆင်ခြင်ထားမှ ဖြေနိုင်မယ့် မေးခွန်းပုံစံတွေဖြစ်တာကြောင့် ဆရာ တော်ကြီးရဲ့ တရားတစ်ပုဒ်ကို တပည့်တော် အနည်းဆုံး အခေါက် ၂၀, ၂၅ထက်မနည်း နာယူခဲ့ရပါတယ် ဘုရား ပြဋ္ဌာန်းစာအုပ်ကိုလည်း တစ်ကြောင်းချင်း သေချာဖတ်, အပြင်ကကိုယ်ရဲ့လက်တွေ့ဘဝနဲ့နိ့ှုင်းယှဉ်ပြီးသေချာပြန်သုံသပ်ခဲ့ရပါတယ်ဘုရား
အဲ့လိုလုပ်ခဲ့လို့ အကျိုးကျေးဇူးတွေအများကြီး ရခဲ့ပါတယ်ဘုရား စာမေးပွဲမှာလည်း Level 1,2 နှစ်ခုလုံးကို ဂုဏ်ထူးနဲ့အောင်မြင်ခဲ့သလို လက်တွေ့ဘဝမှာလည်း အများကြီးအကျိုး ကျေးဇူးရခဲ့ပါတယ်ဘုရား တပည့်တော်ရဲ့မိဘ နှစ်ပါးဟာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားပါတယ် ဘုရား တပည့်တော်က မိဘနှစ်ပါးကို အရမ်းချစ်တဲ့သူမို့ အရမ်းစိတ်ထိခိုက်ရပါတယ် ဘုရား ဒါပေမယ့် ဆရာတော်ကြီးရဲ့ တရားတော်တွေကို ပြန်လည်နှလုံးသွင်းရင်း အမေဆုံးခါနီး နဲ့ အသုဘ မှာ မေမွေရုပ်အလောင်းကို ကြည့်ရှုရင်း ဗုဒ္ဓမြတ်စွာဟောတော်မူခဲ့တဲ့အတိုင်း အသုဘကမ္မဋ္ဌာန်းပွားခဲ့ပါတယ် ဘုရား အိမ်ဧည့်ခန်း မှာချိတ်ထားတဲ့မေမွေရဲ့ ၂၀ကျော်နုပျိုလှပနေတဲ့ ဓါတ်ပုံထဲကမျက်နှာလေး နဲ့ ခေါင်းတလားထဲက မေမွေရဲ့မျက်နှာလေးကို ယှဉ်ကြည့်ရင်း အို, နာ, သေ ရင်ဆိုင် ကြုံတွေ့ ရမယ်ဆိုတာနဲ့ ဘယ်အရာမှ မမြဲဘူး, အနိစ္စ, မမြဲလို့ ဒုက္ခ, ကိုယ်ဘာမှ အစိုးမရနိုင်တာ အနတ္တ ဆိုတဲ့ သဘောတရားတွေကို ဆင်ခြင်မိပါတယ် အဲ့လို အမြဲမပြတ် ဆင်ခြင်နေမိလို့ မိဘ နှစ်ပါး ကွယ်လွန်ခြင်းကို အေးချမ်းစွာ လက်ခံနိုင်ခဲ့ပါတယ် မိဘတွေဟာလည်း တပည့်တော်အပေါ် မွေးခဲ့ကျွေးခဲ့တဲ့ကျေးဇူးအပြင် သေဆုံးသွားတဲ့အထိ ခန္ဓာနဲ့ပါ တပည့်တော်ကို တရားပြပြီး ကျေးဇူးပြုပေးခဲ့တာပါ တပည့်တော်သည် လူတွေရဲ့ ရက်စက်မှုတွေ

မတရားပြောဆိုမှုတွေ ဆဲဆိုမှုတွေ စသည့် အနိုင်ကျင့်ခံရမှုများလည်း ခံခဲ့ရပါတယ် အဲ့အခါမှာ ဆရာတော်ဘုရားဟောကြားထားတဲ့ တရားတော်ထဲကအတိုင်း မြတ်စွာဘုရားက သူ့ကိုလာဆဲတဲ့ပုဏ္ဏားကို အိမ်ရှင်က ဧည့်သည်ကို မုန့်နဲ့ ဧည့်ခံတဲ့ ဥပမာအတိုင်း ""အော် သူတို့ပြောတဲ့အတိုင်း ဟုတ်တာမှ မဟုတ်တာ ငါ ဘာနာနေစရာလိုမှာလဲ ငါက လက်ခံပြီး ပြန်စိတ်ဆိုးနေစရာ ဘာအကြောင်းမှ မရှိဘူး"လို့ ခနခနပြန် ဆင်ခြင်မိတဲ့ အတွက် တပည့်တော်မှာ အရင်ကထက် ဒေါသ လျော့နည်းလာပါတယ် ဘုရား ပတ်ဝန်းကျင် အသိမိတ်ဆွေတွေ အကောင်းစားbrandedတွေသုံးစွဲတယ် ရွှေငွေ တွေဝဝ်တယ် ကိုယ့်ကို လာကြွားတယ် ဆိုရင်လည်း ဆရာတော်ကြီးဟောခဲ့တဲ့ အတိုင်း"" မမြဲဘူး တခနလေးပဲသုံးရတာ ကိုယ့်အသက်တောင် ဘယ်အချိန်သေမယ် ဆိုပြီး မပိုင်တဲ့ ဘဝကို ဒီပစ္စည်းတွေ ပိုင်ဆိုင်ရဖို့ ဆိုတာလည်း ဘာအရေးကြီးတော့မှာလဲ "" လို့ ဆင်ခြင်လိုက်တဲ့အခါမှာ သူများနဲ့ အပြိုင်အဆိုင်လုပ်ချင်တဲ့ စိတ်တွေလျော့ပါးတာမို့ စိတ်ဖိစီးမှု stressတွေ လောဘတွေလည်း တပည့်တော်မှာလျော့ပါးခဲ့ပါတယ် သတိလက်လွတ်နေမိတဲ့အချိန်တွေ သတိဝင်လာတာနဲ့ မေတ္တာလေးပွားလိုက် ဂုဏ်တော် လေးပွားလိုက် နေလာပါတယ် အရင်ကဆို ဘုရားစင်ရှေ့ ငုတ်တုတ်ကြီးထိုင်နေမှ မေတ္တာပွားတယ် ဂုဏ်တော်ပွားတာပါ ခုဆို သတိဝင်လာရင် ဝင်လာသလို မေတ္တာပွား ဂုဏ်တော်ပွားရင်း စိတ်ထဲကအညစ်အကြေးကိလေသာတွေကို. ကြိုးစား မောင်းထုတ်နေပါတယ် အရင်က ပုတီးစိတ်ရင်လည်း အလုံးရေ နဲ့ အပတ်ရေ ကို အာရုံပိုစိုက်မိခဲ့ပါတယ် ခုနောက်ပိုင်း ဆရာတော်ကြီးဟောကြားတဲ့အတိုင်း ကိုယ်နားလည်သဘောပေါက်ထားတဲ့ ဘုရားဂုဏ်တော်တွေ မြတ်စွာဘုရား‌ရဲ့ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တွေကို ဆင်ခြင်ရင်း မြန်မာလိုကိုယ်နားလည်သဘောပေါက်သလို ကြည်ညိုပွားများရင်း ကိုယ့်ကိုယ်ကိုပါ တဖြေးဖြေး လောဘဒေါသနည်းဖို့ မကောင်းမှုတွေရှောင်ဖို့ စသဖြင့်ပြုပြင်ပြောင်းလဲဖို့ ကြိုးစားလာပါတယ် ဆရာတော်ကြီးရဲ့ သုတဓမ္မစာမေးပွဲဟာ ဘုရားစာချည်း သတ်သတ် စာမေးပွဲမဟုတ်ပါဘူး လူ့လောက လူ့ဘုံအလယ်မှာ နေထိုင်ရင်း stressတွေနည်း သထက် နည်းလာတယ် စိတ်တွေ ပိုမိုငြိမ်းချမ်းလာတယ် လူသားတွေအပေါ် မေတ္တာ, ကရုဏာ

,မုဒိတာ, ဥပေက္ခာတရားတွေ ပိုမိုထားတတ်လာတဲ့အတွက် မိသားစုအတွင်း ပိုမိုအေးချမ်းမှု တွေရရှိလာပါတယ်ဘုရား တပည့်တော်ဟာ ဆရာတော်ကြီးဟောကြားထားသလို မိသားစုတွေ အပေါ် မေတ္တာတရားရှေ့ထားကာ ဆက်ဆံလာတဲ့အတွက် တပည့်တော်တို့အိမ်မှာ ရန်ဖြစ်တယ် ဆိုတာ မရှိတော့ပါဘူးဘုရား ဆရာတော်ကြီးဟောကြားခဲ့သလို ရွှေငွေစည်းစိမ်တွေဟာ ဘာမှမမြဲဘူး ဆိုတာ နှလုံးသွင်းထားလို့ ခင်ပွန်းသည်ကို ဘာမှ ပူဆာတာတွေ မလုပ်တဲ့အတွက် ခင်ပွန်းသည်လည်း အေးချမ်းစွာသမာအာဇီဝ အသက်မွေးဝမ်းကြောင်းပြုနိုင်ပါတယ် အိမ်ထောင်ရေးလည်း နားလည်မှုအပြည့်နဲ့ အဆင်ပြေလာပါတယ် ဘုရား မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဆက်ဆံရေးလည်း ပိုမိုကောင်းမွန်လာပါတယ် တရားစာအုပ်များကိုလည်း ပိုမိုဖတ်ရှုလာဖြစ်ပါတယ် ဘုရား မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဇာတ်တော်တွေကို ပြန်လည်ဆင်ခြင်ရင်း တပည့်တော်လည်း ငရဲ တိစ္ဆာန် ပြိတ္တာ စတဲ့ အပါယ်လေးဘုံမှာ ကျင်လည်ခဲ့တဲ့အပြင် သူဆင်းရဲ သူတောင်းစား သူဌေးကြီးစသည့် အလွှာစုံ အတန်းစုံကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရခဲ့ဖူးပီ လို့ ဆင်ခြင်မိပြီး ကိုယ့်ထက်နိမ့်ကျတဲ့သူတွေအပေါ် မာန ထောင်လွှားမှုတွေလည်း လျော့ကျလာပြီး ကိုယ့်ထက် အောင်မြင်ကြီးပွားသူတွေအပေါ်လည်း မနာလိုစိတ်တွေ လျော့ကျလာပြီး သတ္တဝါတွေအားလုံးဟာ အို, နာ , သေ ကနေမလွတ်တာ တူတူ ပဲ ဆိုပြီး မေတ္တာ, ကရုဏာ တွေ ပိုမို ဖြစ်လာပါတယ် ဘုရား တပည့်တော် ရဲ့ စည်းစိမ်ဥစ္စာတွေအပေါ်မှာ တွယ်တာမှုသံယောဇဉ်ကိုတဖြေးဖြေးလျော့ချတဲ့အနေနဲ့ ဒါနတွေပိုမိုပြုလုပ်လာပါတယ် ဘုရား ဗုဒ္ဓသာသနာတော်အကျိုး တတ်နိုင်သလောက် သယ်ပိုးတဲ့အနေနဲ့ သံဃာတော်မြတ်တွေကို ဆွမ်း, ပစ္စည်းလေးပါး စသည် တို့ကို ပိုမို ဆပ်ကပ်လှူဒါန်းဖြစ်ပါတယ်ဘုရား ကိုယ်ချင်းစာမှု, ကရုဏာ တရားတွေပိုမိုတိုးပွားလာအောင်လို့ ဆေးရုံတွေ မိဘမဲ့ဂေဟာတွေ ဘိုးဘွားရိပ်သာ စတဲ့ နေရာတွေကို ပိုမိုလှူဒါန်းဖြစ်ပါတယ် ဘုရား တပည့်တော်ရဲ့ ခန္ဓာကိုယ်ကြီးအပေါ် တွယ်တာမှု လျော့ချတဲ့အနေနဲ့ သွေးလှူဒါန်းမှုကို လေးလတစ်ကြိမ် ပြုလုပ်နေပါတယ်ဘုရား မျက်ကြည်လှာ နဲ့ dead body ကိုလည်း လှူဒါန်းထားပါတယ် ဘုရား သုတဓမ္မစာမေးပွဲဖြေဆိုဖို့ ဆရာတော်ကြီးရဲတရားတော်

တွေကို နာယူရင်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များကိုလည်း ဒီထက်မက ပိုမိုလေ့လာသင်ယူလိုစိတ်တွေ တိုးပွားလာပါတယ် ဘုရား ဆရာတော်ကြီး ဟောကြားတော် မူခဲ့တဲ့အတိုင်း စိတ်ရဲ့ထွက်ပေါက်ဟာ စိတ်ထဲမှာပဲ ပြန်ရှာရမယ် ဆိုတာ ကို နားလည်သဘောပေါက်လာပါတယ် ဘုရား ကိုယ့်စိတ်ရဲ့အေးချမ်းမှုကို ကိုယ့်ရဲ့ စိတ်ထဲမှာပဲ ပြန်ရှာတွေ့ခဲ့ပါတယ် ဘုရားတပည့်တော် လူဖြစ်ခွင့်ကြုံကြိုက်နေတဲ့အခိုက် မှာ ဗုဒ္ဓမြတ်စွာဘုရားသာသနာတော်နဲ့ ကြုံကြိုက်ရတာ ဆရာတော်ဘုရားကြီးတို့လိုဆရာ ကောင်းဆရာမြတ်တွေနဲ့ ကြုံတွေ့ရတာဟာ တကယ့်ကို ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မဟာကံထူးရှင်တစ်ယောက် ဖြစ်ပါတယ် လို့ ခံယူမိပါတယ် ဘုရား ဆရာတော် ဘုရားကြီး များအားလုံးကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုး ကန်တော့ပါတယ် ဘုရား။"

ဒေါ်စန်းစန်းထွေး(Level-3)

"တပည့်တော် သုတမမ္မဒီပလိုမာ စာမေးပွဲအတွက်လေ့လာရင်းကျက်မှတ်ရင်း ဓမ္မအသိ တွေ အများကြီးရရှိခဲ့ပါတယ်ဘုရား။ ယခင်ကသိနားလည်ခဲ့ရတာထက်ကို အခု Level 1,2,3 ၃ခုလုံးသင်ယူဖြေဆိုပူဇော်ပြီးနောက်မှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်မှာ သိရမည့် လိုက်နာ ရမည့် ကျင့်သုံးရမည့် အရာများကို တိတိကျကျ သိမှတ်ရလို့ ကျေးဇူး အထူးတင်ပါတယ် ဘုရား ဗုဒ္ဓဘာသာဖြစ်ခွင့်ရတာ မြတ်စွာဘုရားရဲ့ တရားတော်တွေ နာယူ သင်ကြားခွင့်ရတာ ရဟန်းသံဃာတွေရဲ့ဂုဏ်ကျေးဇူးတွေကို သိရှိရလို့ လူဖြစ် ကြိုးနပ်မိပါတယ်ဘုရား။ ယခု Level 3ဖြေထားပူဇော်ထားပါတယ်ဘုရား တရားနာ ဖတ်စာအုပ်ဖတ် အနီးကပ်စာကျက်ဝိုင်းတွေပါတက်ထားပြီး စာရသလိုလိုဖြစ်ခဲ့ပေမဲ့ စာမေးပွဲခန်းရောက်လို့ မေးခန်းလေတွေ့ရော တော်တော်စဉ်းစားပြီးမှ အဖြေတွေကို ခက်ခက်ခဲခဲ ဖြေဆိုခဲ့ရပါတယ်ဘုး နံပါတ်၇မှစပြီး အခက်အခဲစတွေ့မိပေမဲ့ နားလည် သလောက် ရသလောက်ဖြေဆိုခဲ့ပါတယ်ဘုရား ဆရာတော်ကြီးရဲ့ မေးခွန်းဟောင်း နဲ့အဖြေစာအုပ်ကိုသေခြာနားလည်အောင်ကြည့်ခဲ့လို့သာဖြေဆိုနိုင်ခဲ့တာပါဘုရား ဒါပေမဲ့ အကုန် မမှန်လောက်ပါဘူးဘုရား 🙏🙏🙏"

ဒေါ်နှင်းဝတ်ရည်ဝင်း (Level-3)

Level 1 ကို မဖြေဆိုခင်အထိ မိမိရဲ့ ဘာသာတရားနှင့်ပတ်သက်ပြီး လေးလေးနက်နက် ရှင်းရှင်းလင်းလင်း မသိရှိခဲ့ပါ။ ယခု Level 3 ဖြေဆိုပြီးချိန်တွင် တပည့်တော်သည်။ မိမိရဲ့ဘာသာတရားကို ပိုမိုလေးနက်စွာ နားလည်လာပြီး တန်ဖိုးထား ကြည်နူးရပါသည်။ ယခုဘဝရဲ့ အခိုက်အတန့်မှာ တွေ့ကြုံလာရသည်ကို တန်ဖိုးထားမိလာပြီး သံသရာမှာ ကံအကြွေးတွေနည်းအောင် ကြိုးစားရမည်၊ ဘဝခန္ဓာကြီးရဲ့ အပြစ်တွေကိုလည်း ပိုမိုမြင်မိလာသောကြောင့် သံသရာအတိုဆုံးဖြစ်အောင် ကြိုးစားရမည်။ ထိုသို့ကြိုးစားဖို့အတွက် ယခုဘဝတွင် သာသနာနှင့် တွေ့ဆုံခိုက် ပါရမီတွေ ပိုမိုကြိုးစား ဖြည့်ဆည်းရမည်ကို သတိမူ နှလုံးသွင်းမိလာပါသည် အရှင်ဘုရား 🙏🙏

ဦးသန်းလွင် (Level-3)

လူနေမှုဘဝ တွင် အချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် ထားရှိရမည့် စိတ်ထားများ၊ မိမိစိတ်ကို မိမိ အချိန်ပြည့် စောင့်ကြည့်ရင်း အဖြူရောင်စိတ်ထားဖြစ်စေရန် လေ့ကျင့်တတ်လာခြင်း၊ ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာ့ဂုဏ်တော်များအား ရွတ်ဖတ်ရုံသက်သက်မဟုတ်ဘဲ သက်ဝင်ယုံကြည်လေးစားလျှက် ရိုသေစွာ နှလုံးသွင်းတတ်လာခြင်း၊ တရားတော်များမှ သတိပဋ္ဌာန် တရားများကို နာယူတတ်လာခြင်း။

မရွေရည်သက်ထား (Level-3)

"အစစအရာရာ ပြည့်စုံ သော ဓမ္မဗဟုသုတများကို တပည့်တော်မ တို့အား ဝေငှ ပေးသည့် အတွက် အလွန်တန်ဖိုးရှိတဲ့ အသိအမြင်များ တိုးပွားရပါ၏ အရှင်ဘုရား"

မနီနီထွန်း (Level-3)

"ကျေးဇူးရှင် ပါချုပ်ဆရာတော်ဘုရားကြီး တရားများကြောင့် လူအများနှင့် နေနည်း ထိုင်နည်း အပြင် ကံကံ၏အကျိုးကိုလည်း ပိုမို ယုံကြည်မိပါသည်။ ဆရာတော်ကြီး တရား ကြောင့် မိရိုးဖလာဗုဒ္ဓဘာသာအဖြစ်မှ ကိုယ်ကိုယ်တိုင်သက်ဝင်ယုံကြည်သော ထေရဝါရ ဗုဒ္ဓဘာအဖြစ် ကိုးကွယ်ယုံကြည်လာပါသည်။ ပါချုပ်ဆရာတော် ဘုရားကြီးသည် တပည့်တော် အတွက်အလွန်ကျေးဇူးကြီးမားသော ပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်ပါသည်။"

ဦးသိန်းထူး (Level-3)

"အရင်ကထက် စိတ်ကိုပိုထားတတ်လာပါသည်။ အရင်က မသိခဲ့၊ မလေ့လာခဲ့ မိသည်များ ကိုသိရှိလေ့လာရ၍ ရတနာ၃ပါး အပေါ် ဝိစိကိစ္ဆာ ရှင်းလာပါသည်။ လူမှုရေး စီးပွားရေး လောကီလောကုတ်နှစ်ဖြာအတွက်အကျိုးရှိပါသည်။ ဆရာတော်ဘုရားကြီး ကျန်းမာ ချမ်းသာ လိုရာဆန္ဒတိုင်းပြည့်ပါစေဘုရား။ တောင်ကြီးမြို့သို့ တစ်ခါလောက်တော့ ကြွရောက်စေချင်ပါသည်ဘုရား။"

အောင်စိုးဝင်း (Level-3)

"မင်္ဂလာပါဘုရား တပည့်တော်ငယ်စဉ်ကလေးဘဝကစလို့ယခုအချိန်အထိ ငါးပါးသီလကို လုံခြုံအောင် စောင်ထိန်းခဲ့ပါသည်။သို့သော်အခြားသူတွေ ဥပုလ်သီလစောင့်ရင် ကိုယ် လည်း စောင့်တာဘဲ သားသတ်လွတ်လည်းစားတာဘဲ ဒုလ္လဘရဟန်းေဘာင်လည်း တတ်ခဲ့တာဘဲ သို့သော် တိတိပပဘာမှတော့မသိပါဘူး။ယခုတော့ ဆရာတော်ဘုရားကြီးရဲ့ အနှစ်သာရ ရှိတဲ့တရားတော်များကို နာယူရင်း ကျက်မှတ်ရင်း နားလည် သဘောပေါက်စွာ ဖြင့် မိရိုးဖလာဗုဒ္ဓဘာသာအဆင့်ကိုကျော်လွန်ခဲ့ပါပြီဘုရား။လောဘ ဒေါသ မောဟ ကင်္သာမစ္ဆရိ ထိနမိဒ္ဓ မစ္ဆရိယတရားငါးပါး စသည့်တို့ရဲ့အပြစ်ကိုလည်း သိခဲ့ရပါပြီ

ဘုရား။အရာရာကိုလည်းအရင်ကထက်သည်းခံခွင့်လွတ်လာနိုင်သလို ဥပေက္ခာတရားကို လည်းသိမြင်ပါပြီ။ ပုဂ္ဂိုလ်သတ္တဝါတိုင်းအေပါ်လည်း ကံကံရဲ့အကျိုးတိုင်းဘဲဟူ၍ မှတ်ယူ နိုင်ပါပြီ။ သုတမမ္မ ဖြေဆိုရာ၌ ဘွဲ့ရတာမရတာနောက်ထား ဆရာတော် ဘုရားကြီးရဲ့ တရားတော် တစ်ဆယ့်ငါးပုဒ် ကို နာယူမှတ်သားအမြတ်များရခဲ့ပါပြီဘုရား။

သို့ပါသောကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့်တကွ စာမေးပွဲဖြစ်မြောက်ရေး အတွက် ကြိုးပမ်းကြသောဆရာတော် သီလရှင် ဆရာကြီးဆရာလေး လူပုဂ္ဂိုလ် အားလုံးတို့ အားကျေးဇူးအထူးတင်ရှိပါသည်။"

မသက်စုခင် (Level-3)

တရားများကို လေ့လာခဲ့သောကြောင့် ယခုလစာမေးပွဲကို တပည့်တော် ကျန်းမာရေး အခြေအနေကြောင့် မဖြေနိုင်ချိန်မှာ အကောင်းဘက်က လှည့်တွေးနိုင်မိခဲ့ပါသည်။ ထို့အပြင် ဒီဘဝမှာ ကောင်းတာတွေပဲ လုပ်နေသော်လည်း သံသရာမှာ အကုသိုလ်တွေ လုပ်ခဲ့မိလို့ ဆိုးကျိုးခံစားရနိုင်တာကိုလည်း လက်တွေ့ နားလည်မိပါသည် ဘုရား။

War War Tin (Level-3)

"ရတနာသုတ်မြန်မာပြန် အရင်ကမသိခဲ့ပါဘုရား ခုစာမေးပွဲဖြေရမယ်ဆို့တော့ လေ့လာ ကျက် မှတ်ရင်းသိခဲ့ပါတယ်ဘုရား ဘာသာရေး လိုက်နာကျင့်သုံး ရခြင်းကိုလည်း သေချာနားလည်သိရှိခဲ့ပါဗီဘုရား။"

နှင်းဝါဝါလွင် (Level-3)

"လေ့လာကျက်မှတ်ရင်းတပည့်တော်အတွက်တိုးတက်လာတဲ့အချက်တွေကတော့level-1ဖြေအပြီးမှာငါးပါးသီလကိုနေ့စဉ်လုံအောင်ထိန်နိုင်သွားပါတယ်အရင်ကခြင်ပုရွက်ဆိတ်

တို့သတ်ဖြစ်ပါတယ်ကျန်တဲ့လေးပါးကလုံပါတယ်level1ဖြေအပြီးမှာလုံးဝမသတ်ဖြစ်တော့ ပါငါးပါးသီလစောင့်ထိန်းဖြစ်တဲ့အကျိုးရသွားပါတယ်။ Level-2ဖြေအပြီးမှာတော့ ဝါတွင်းဥလမှာ ရှစ်ပါးသီလစောင့်ဖြစ်ပါတယ် သီလယူတဲ့အခါမှာလဲ အတက်နိုင်ဆုံး အရိယာဥပုဒ်ဖြစ်အောင်သီလစောင့်ပါတယ်ဘုရား။ Level3ဖြေအပြီးမှာတော့ ဝိပဿနာ အားထုတ်ဖို့ အခြေခံ အကြောင်းတွေ သိရပြီးအားထုတ်ဖို့ အတွက်စတင်ကြိုးစား နေပါပြီ ဘုရား🙏🙏🙏"

ဒေါ်ခင်ဝင်းမြင့် (Level-3)

တရားတော်များ နာယူရင်း ပင်ကိုယ် စရိုက်ဆိုး ဒေါသများ လျော့ပါးလာအောင် အနည်းငယ် ကြိုးစားလာနိုင်ပါသည်။ မိမိနှင့်တကွ မိသားစုများ စိတ်အနှောက်အယှက် ဖြစ်ရသော အခြေအနေများ လျော့ပါးလာပါသည် ဘုရား။

ဆရာလေး ဖွားပါရမီ (Level-3)

စာမေးပွဲဝင်ရန် ပြဋ္ဌာန်းတရားတော်များကို နာယူမှတ်သားရင်း Level အလိုက်ပါတဲ့ ပရိတ် တရားတော်များရဲ့ အနက်အဓိပ္ပာယ်ကို ထဲထဲဝင်ဝင်ပိုမိုနားလည်လာပြီး ပရိတ် တရားတော် ပူဇော်ရတာ အရင်ကထက်ပိုလေးနက်လာပါတယ်။ ရိပ်သာမှာ သီတင်းသုံးတဲ့ အတွက် ပရိယ္ဟတိစာ ကျမ်းကြီးပေါက်တွေကိုလေ့လာပူဇော်ဖို့ အခွင့်အရေးနည်းတဲ့ ဆီကနေ ပါချုပ်ဆရာတော်ဘုရားကြီး၏ ပညာဘူမိတက္ကသိုလ်များ self study အနေနဲ့ အချိန်ရရင်ရသလို၊ မိမိရဲ့ကိုယ်ပိုင်အချိန်ဇယားနဲ့ ပူဇော်ခွင့်ရတဲ့အတွက် အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဝိပဿနာတရားအားထုတ်ရင်း အားရင်အားသလို အချိန်ရအောင် ကြိုးစားပြီး သုတမမ္မပြဋ္ဌာန်းတရားတော်များကိုပူဇော်ခွင့်ရခဲ့ပါတယ်။ Level အလိုက် သမထနဲ့ ဝိပဿနာ ဆိုင်ရာ တရားတော်များကိုလေ့လာပူဇော်ခွင့်ရပြန်တဲ့အတွက် ပို၍ ကျေးဇူးတင် မိပါတယ်ဘုရား။ ရဟန်း ရှင် လူ ပြည်သူမရွေး၊ အသက်အရွယ်ကြီးငယ်မဟူ၊

ဝန်ထမ်း အရပ်သားမခွဲခြားပဲ အချိန်လေးတစ်ခု သတ်မှတ်ပြီးတရားတော်များကို ရင်ထဲရောက်အောင်၊ ဗုဒ္ဓမြတ်စွာ အဆုံးအမတော်များ ရင်ထဲခိုင်မြဲအောင်၊ သာသနာအခွန့်ရှည်တည်တံ့အောင် အမြော်အမြင်ကြီးမားစွာ စီမံပေးတော်မူကြသော ပါချုပ်ဆရာတော်ဘုရားကြီးနှင့်တကွသက်ဆိုင်ရာ ဆရာတော်များနှင့် ဒကာ ဒကာမများအားလုံးကို ကျေးဇူးအလွန်တင်မိပါတယ်။ ကျန်းမာချမ်းသာစေကြောင်းလည်း မေတ္တာပို့သအပ်ပါတယ်။

ဒေါ်သိုက်(ခေါ်)ဒေါ်ခိုင်သက်ဦး (Level-3)

"ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား ဆရာတော်ကြီးရဲ့ စာမေးပွဲကို ဖြေဆိုနေချိန်မှာ ကိုယ့်ကိုယ်သိလာတဲ့ အသိလေးတစ်ခုက ဦးစွာ ဉာဏ်ကိုအရင်သိရတယ်၊ နောက်တစ်ခုက မိမိစာဖတ်အားကောင်းမကောင်းကို သိရတယ်၊နောက်ပြီး ဆရာတော်ကြီးရဲ့တရားကို နှလုံးသွင်းတာ မှန်ကန်မမှန်ကန်ကိုသိရတယ် ၊ဒါက စာဖြေချိန် သိရတာပါ၊ နောက်တစ်ချက်သိရတာကတော့ အတွေ့အကြုံ ဗဟုသုတများစွာသိလိုက်ရပါတယ်၊ဒါသည် ဆရာတော်ကြီးရဲ့ကျေးဇူးကြောင့်သာဖြစ်ပါတယ်။ ပီတိဖြစ်စရာကတော့ စာဖြေသူတွေအဆပေါင်းများစွာ နိုင်ငံအရပ်ရပ်က ဖြေဆိုပူဇော်နေတာတွေ့ရတော့ တကယ့်ကို နက်ရှိုင်းပြီး ပို၍ကြည်ညိုလေးစားမိပါတယ်ဘုရား။🙏 "

ဒေါ်သင်းမြတ်လှိုင်(Level-3)

"ပထမဦးစွာ ဆရာတော်ဘုရားကြီးရဲ့ဂုဏ်ကျေးဇူးများကိုပူဇော်ကန်တော့ပါသည်ဘုရား ဆရာတော့ဘုရားကြီး၏ကျေးဇူးကြောင့် စာမေးပွဲခန်းထဲတွင်မကပဲ ဘဝတစ် သက်တာလုံးအတွက်ကောင်သောလမ်းကို ရွေးချယ်တက်ခဲ့ပါတယ်ဘုရား တပည့်တော်မ တစ်ယောက်

ထဲ စာဖြေပေမဲ့ မိဘနှစ်ပါးကိုပါ တရားအတူနာခိုင်းပြီး စာအုပ်ဖတ်ပြ ရှင်းပြရင်းဖြင့် အတူတကွ အသိဉာဏ်များပွင့်လင်းလာရပါတယ်ဘုရား 🙏🙏🙏 "

ကျော်လင်းထက်(Level-3)

"ဘုရား၏ တရားတော်များကို ထဲထဲဝင်ဝင် သိရ၍ ပိုမို ကြည်ညိုစိတ်ဖြစ်ပါသည်။

သိလေ ကြည်ညိုလေ ဖြစ်ရပါ၏။"

ဒေါ်စန်းစန်းအေး (Level-3)

"စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း

1.အတွေးများကိုထိန်းချုပ်လာနိုင်ခြင်း

2.ဒေါသကိုထိန်းချုပ်လာနိုင်ခြင်း

3.ကုသိုလ်အကုသိုလ်ကောင်းကျိုးဆိုးကျိုးကိုသိရှိလာခြင်း "

ဒေါ်သီတာအောင် (Level-3)

အသိဥာဏ်ပညာတိုးပွါးလာသည်မှာ (လောကီရောလောကုတ္တရာ) ၂မျိုးလုံးဖြစ်ပါသည် ဘုရား။ ဆရာတော်ကြီးနှင့်တကွကျန်ဆရာတော်များ အပါအဝင်ဝိုင်းဝန်းပံ့ပိုးကူညီသူ အားလုံးကိုကျေးဇူးတင်ရှိပါကြောင်းဘုရား။လျှောက်လွှာတင်တဲ့အချိန်ကတော့ခက်ခဲလိုင်း ကြပ်တာနှင့်kpay money ပြည့်တာတွေနှင့်အခက်အခဲတခုသာရှိပါကြောင်းဘုရား

မလေးနွယ်နွယ် (Level-3)

တိုးတက်လာသည့် အကျိုးကျေးဇူးများက အများကြီးပါဘုရား။ ပရိတ်တွေရဲ့ အနက် အဓိပ္ပါယ်ကိုသိရတဲ့အခါမှာလည်း ပီတိဖြစ်ရပါတယ် ။ကြက်သီးထရပါတယ်။ ဘုရားရဲ့ တရားတော်တွေ ဟာ အနှစ်တွေချည်းပဲမို့ သိခွင့်ရတဲ့အတွက် အခုလို စီစဉ်ပေးတဲ့ ဆရာတော်ဘုရားရဲ့ကျေးဇူးကားအင်မတန်မှကျေးဇူးကြီးမားလှပါတယ်ဘုရား။ အခုမှာ လည်း နောက်တစ်ကြိမ် ဖြေရမယ့် မိလိန္ဒ မင်းကြီးရဲ့တရားတော်ကို နာတော်မူနေပါပြီ။ ဆက်ဆက်ပြီး နာယူချင်မိပါတယ် တစ်ပိုင်းပြီးတစ်ပိုင်း ။စိတ်ထားတွေလည်း ပြောင်းလဲလာတာ သတိထားမိလာပါတယ်ဘုရား။

ဒေါ်ဝင်းဝင်းမာ (Level-3)

"Level - 1 ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း တရားတော်မှ စတင်၍ ဘဝ ခရီး ဘယ်လို သွားရမည် ကို သိရှိ နားလည် ခဲ့ရပါသည်။ တရားတော် ငါးပုဒ်လုံး၏ မှတ်သား လိုက်နာ စရာ များကို အတတ်နိုင်ဆုံး လိုက်နာ ကျင့်သုံးခဲ့ပါသည်။ Level - 2 စိတ်၏ အတွေးများ တရားတော် နာယူမှတ်သားပြီး အတွေးဆိုးများ မဝင်အောင် သတိဖြင့် ပိတ်ဆို့ ဖယ်ရှားနိုင်ခဲ့ပါသည်။ တရားတော် ငါးပုဒ်လုံး၏ မှတ်သားလိုက်နာ စရာများကို အတတ်နိုင်ဆုံး လိုက်နာ ကျင့်သုံးခဲ့ပါသည်။

Level - 3 ""တရားထိုင်နေမှ တရားအားထုတ်ခြင်း မဟုတ်ဘဲ ကျရိယာပုဒ်လေးပါးဖြင့် နေထိုင်ရင်း မိမိသဏ္ဌာန်မှာ စိတ်ရဲ့အညစ်အကြေးများ မဝင်ရောက်လာစေရန် သတိဖြင့် ပိတ်ဆို့ဖယ်ရှားခြင်း "" အသိကို ရရှိခဲ့သည့်အတွက် အတတ်နိုင်ဆုံး လိုက်နာ ကျင့်သုံးနိုင်ခဲ့ပါသည်။တရားတော် ငါးပုဒ်လုံး၏ မှတ်သားလိုက်နာစရာများကို အတတ်နိုင်ဆုံး လိုက်နာ ကျင့်သုံးခဲ့ပါသည်။

ဟို အရင်ကလည်း ဆရာတော် ၏ တရားတော်များကို နာယူခဲ့သော်လည်း ရင်ထဲ နှလုံးသားထဲ အမှန်တကယ် မရောက်ဖြစ်ခဲ့သည်ကို ဝန်ခံပါသည်ဘုရား ယခု စာမေးပွဲ အတွက်

လေ့လာကျက်မှတ်ရသည့်အခါမှသာ နာယူပြီး မှတ်သား ကျက်မှတ်ရသည့်အတွက် စိတ်ထဲအထိ အမှန်တကယ် ရောက်ရှိ ပြီး လိုက်နာကျင့်သုံးရပါသည် ဘုရား

ကျေးဇူးတော် အနန္တ ပါ ဘုရား 🙏🙏🙏"

နုနုဆွေ (Level-3)

ကံ၊ကမ္မ နိယာမတရားတွေကို လက်ခံယုံကြည်ပြီး ကောတုဟလမင်္ဂလာတွေကို မယုံကြည်တော့ပါဘုရား၊ Lèvel. 1.2.3 မဖြေဆိုခင်က ကောတုဟလမင်္ဂလာတွေ ကို လက်ခံခဲ့ မိပါတယ်ဘုရားဆရာတော်ကြီးတရားတွေလေ့လာကျက်မှတ်ရင်း ဝိတက်၊ဝိစာရ၊ ပီတိ၊သုခ ခံစားရပါတယ်ဘုရားဇောဂ္ဂတာထိဆက်လက်ကြိုးစားအားထုတ်ပါမည်ဘုရား၊ BA 1 ဆရာတော်ကြီးအသံဖိုင် ပူဇော်နေပါပြီဘုရား၊ သင်ယူမှုရှိနေသမျှ သာသနာရှိနေမည် ဆိုသည့်ဆရာတော်ဘုရားအသံကြားပြီး ကြိုးစားသင်ယူလေ့လာနေပါမည်ဘုရား။

Soe Soe Han (Level-3)

"တပ္ပည့်တော် Level 1ကို နှစ်ကြိမ်ဖြေခဲ့ရပါတယ်ဘုရား၊ပထမတစ်နှစ်မှာ တရားသေချာ မနာဖြစ်ခဲ့ပါဖူးဘုရား၊ပြဋ္ဌာန်းစာအုပ်ကိုလည်းစာမေးပွဲနီးမှ ဖတ်ပြီးအပြင်က ဆရာများ ထုတ်တဲ့ မှတ်စုမေးခွန်းတွေကိုလေ့လာဖတ်ရှုပြီးဖြေခဲ့ပါတယ်၊ပုဒ်ရေ ၁၀ ပုဒ်ကိုလည်း ပြည့်အောင်မဖြေနိုင်ခဲ့သလို ဖြေခဲ့တဲ့အပုဒ်တွေကလဲ တစ်ပုဒ်လုံးမှာ တစ်ပိုင်းရရင် နောက်တစ်ပိုင်း ဘာကိုမေးလဲနားမလည် (ကိုယ်အရင်ကတက်ခဲ့ သိခဲ့သည့်တရားတွေထဲမှ မှန်မယ် ထင်ရာတွေ) ရေးသားဖြေဆိုခဲ့မိပါတယ်ဘုရား၊ တပည့်တော် စာမေးပွဲကျခဲ့ ပါတယ်ဘုရား၊ စာမေးပွဲကျတော့အတူ ဖြေသူငယ်ချင်းက အတန်းတက်သွားခွင့်ရတော့ ပထမတော့ ရှက်သလိုဖြစ်ပြီးပြန်မဖြေချင်တော့လို့ မဖြေဖြစ်ပဲ(ဖြေ) နှစ်ဖြတ်လောက် လွတ်ခဲ့ပါတယ်၊ပြီးမှဘာသာတရားလုပ်တာအောင်မြင်မှုထက်အသိတိုးဖို့လိုတာကိုနားလ ည်လက်ခံမိပြီး Level-1 ကိုပြန်လည်ဖြေဆိုခဲ့ပြီးအောင်မြင်ခဲ့ရတာပါဘုရား၊ Level-2 မှာတော့ ငလျင်ဒဏ်ေကြာင့်လေ့လာချိန်လည်းတစ်နှစ်အချိန်ရခဲ့တော့ အားရကျေနပ်စွာ

ပူဇော်ခွင့်ရခဲ့ပြီး ဂုဏ်ထူးမှတ်ရအောင် အောင်မြင်ခဲ့ပါတယ်အခုLevel3 ကိုလည်းဖြေဆို ပူဇော်ခဲ့ပြီးပါပြီဘုရား၊ ဖြေဆိုပြီးခဲ့တဲ့ လမ်းကြောင်းမှာ ဝိရိယ ရဲ့အားထုတ်မှု့က အရေးကြီး ကြောင်း သတိပြုမိခဲ့ရသလို၊ စာဖြေပူဇော်ချိန်မှာ မေးခွန်းကိုသေချာ ဖတ်ပြီးမေးခွန်းရဲ့ ဆိုလိုရင်းကို သတိမပျက်တမ်း ဂရုစိုက်ဖြေဆိုရမှာလို့လည်း နားလည်သဘောပေါက်ခဲ့ ပါတယ်ဘုရား၊ အောင်မြင်ခြင်း၊ ကျရှုံးခြင်းတို့ထက် တရားအသိကို Level တစ်ဆင့်ပြီး တစ်ဆင့်သိခွင့်၊နာကြားခွင့်၊ ပူဇော်ခွင့်ရခဲ့သည့် အခွင့်အရေးကိုရရှိခဲ့တာကိုက အဖိုးတန် လက်ဆောင်တစ်ခုရသလိုတန်ဖိုးရှိကြောင်းကိုနားလည်ခံယူမိပါကြောင်းပါဘုရား 🙏"

ဒေါ်ဥမ္မာနွယ် (Level-3)

"တရား၏ပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်နှင့် စာမေးပွဲတွေကျင်းပပေးတဲ့ ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ကြီးအား ရိုသေလေးမြတ်စွာ အကြိမ်ကြိမ် ရှိခိုးဦးခိုက်ကန်တော့ပါတယ်ဘုရား 🙏 ကျန်ရှိနေတဲ့သက်တမ်းမှာ အနေတတ်အသေ တတ်အောင်၊ ဓမ္မအသိနဲ့ အကျိုးရှိရှိနေတတ်အောင်၊ အချိန်တိုင်း အပမာဒတရားနဲ့ ညဏ်ဖြစ်အောင်၊ ကွတ်ထိယာပုထ်လေးပါးနဲ့နေရင်း ကြုံလာတဲ့အာရုံတိုင်းကို ဝိပဿနာအာရုံ အဖြစ်နှလုံးသွင်းနိုင်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားပါ့မယ်ဘုရား 🙏 တပည့်တော်မ နိဗ္ဗာန်မရောက်ခင် ဘဝတိုင်း ဘဝတိုင်း ကျေးဇူးတော်ရှင် ပါချုပ်ဆရာတော်ဘုရားကြီးရဲ့ တရားတွေနာယူလိုက်နာကျင့်သုံးရတဲ့ သူ၊ အရှင်ဘုရားရဲ့ သာဝက ဖြစ်ရပါစေလို့ ဆုတောင်းပါတယ်ဘုရား 🙏🙏🙏"

ခင်ပြည့်စုံ (Level-3)

ဆရာတော်၏ ဓမ္မ ကျေးဇူးတော်ဖြင့် ဓမ္မအသိများ ပိုမိုရရှိသဖြင့် လက်ဆုံမိုး၍ ရှင်ခိုးပါ၏။
🙏🙏🙏

ကောင်းမြတ် (Level-3)

"Level ၃ ခုလုံးကို ပြဋ္ဌာန်းနှင့် တရားတော်သာ နာယူရင်ဖြေဆိုပူဇော်ခဲ့ပါ၏။ အသိအမြင် ပိုမိုတိုးတက်လာပြီး ရတနာပါးအပေါ် ပို၍ ဝိစိကိစ္ဆ ကင်းလာပါသည်။ တိုးတက်ရာ လမ်းမှန်ကိုပိုသိလာရပါသည်။ ဆရာတော်ကြီး အမြဲကျန်းမာချမ်းသာတော်မူပါစေဘုရား။

ဒေါ်မာမာကြည် (Level-3)

တပည့်တော်မှာ သိဖို့လိုတာတွေများပါတယ်ဘုရား။ ဆရာတော်ကြီးကိုလည်း ဖူးချင်ပါတယ် 🙏🙏🙏အကောင်းဆုံးကြိုးစားပူဇော်ပါမယ်ဘုရား။ မသိတာတွေသိရလို့ သိသင့်တာတွေ သိရပါတယ်။ အဖြေလွှာမျဉ်းတွေလည်း အဆင်ပြေပါတယ်ဘုရား။ ဆရာတော်ဘုရားသက်ရှည်ကျန်းမာလို့သာသနာတွေပြုနိုင်ဖို့ဆုတောင်းပါတယ်ဘုရား🙏🙏🙏

ဒေါ်သက်နွယ်ဦ (Level-3)

"တပည့်တော် သုတမဓမ္မဒီပလိုမာ Level(3)စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း သိလာရသော သူတော်ကောင်းတို့ ထားရှိရမည့် စိတ်နေသဘောထားများကို လက်တွေ့တွင်လည်း လိုက်နာကျင့်သုံနိုင်အောင် ကြိုးစားပါမည်ဘုရား။ ဘာသာတရား လိုက်နာကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်မှာ ဘယ်တုန်းမှမသိခဲ့ဖူးတဲ့ ဘယ်တုန်းကမှ မမြင်ခဲ့ ဖူးတဲ့ ရင်ထဲနှလုံးထဲ မရောက်ဖူးတဲ့ တရားတွေကို လိုက်နာကျင့်သုံးရတာဆိုတဲ့ အဖြေလေးကို တပည့်တော် အရမ်းကြိုက်နှစ်သက်တာပါဘုရား။ တပည့်တော် အရင်က ရတနသုတ် ပရိတ်တော်အား ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် အဓိပ္ပါယ်သေချာမသိပဲရွတ်ခဲ့တာပါဘုရား။ ယခု စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း အဓိပ္ပါယ်တွေ နားလည်လာပြီမို့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်မှာ ပိုမိုကြည်ညိုလာပါသည်ဘုရား အရှင်အာနန္ဒ၏ မြတ်စွာဘုရားအား ဂရုစိုက်တော်မူပုံကိုလည်း အလွန်ကြည်ညိုမိရပါသည်ဘုရား 🙏🙏🙏🙏🙏"

ဒေါ်ဆွေဆွေနိုင် (Level-3)

"ယခင်က တရားနာသော်လည်း မှတ်သားနိုင်စွမ်းနည်းခဲ့ပါသည် ယခုအခါ တရားနာရင်း မှတ်သားစိတ်တိုးတက်လာသလို နေ့စဉ် ဘဝတွင် ပြောဆိုလုပ်ကိုင်နေခိုက် ကြုံရသည် များကို ဆင်ခြင် သတိပြုမိစေပါသည်၊ အသိတရားဖြင့်လည်း ထိန်းသင့်သလောက် ထိန်း မိပါသည်ဘုရား။"

မမေဦးဆွေ (Level-3)

"စာမေးပွဲအတွက် စာတွေကို လေ့လာကျက်မှတ်ရင်း ဒီတရားတွေဟာ ငါတို့ ဆုတောင်း နေရုံနဲ့ ရမှာ မဟုတ်ဘူး။ တကယ့်လက်တွေ့ ကျင့်ကြံမှ ရမယ်ဆိုတာ သိလာပါတယ် ဘုရား။ လက်တွေ့ဘယ်လိုကျင့်ကြံနေထိုင်ရမလဲဆိုတာပါ သိမြင်လာရပါတယ်ဘုရား။ အရင်တုန်းကဆို စိတ်ကမခိုင်မာပါဘူး။တစ်ခုခုဆို စိတ်ယိုင်ပြီး ချိုးဖောက်မိတာတွေ ရှိပါတယ်ဘုရား။ တရားစာတွေကို တစ်ဖြည်းဖြည်း နာယူမှတ်သားလေ့လာသိရှိပြီးနောက် အရင်လိုစိတ်က လွယ်လွယ်နဲ့ မယိုင်တော့ပါဘူး။ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အများကြီး တိုးတက်လာပါတယ်ဘုရား။

ဒေါ်သက်ဝေထွေး (Level-3)

ဆရာတော်ကြီးအား ရိုသေလေးမြတ်စွာရှိခိုးပါတယ်ဘုရား။ အမှန်တိုင်းပြောရလျှင် တပည့်တော်မ Level 1တုန်းက ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်းများ တရားလေ့လာခွင့် ရပြီးစာမေးပွဲဖြေချင်စိတ် တအားကို ထက်သန်ခဲ့ပါတယ်။ Level 2ရောက်တော့ စာကခက် တာလား။ တပည့်တော်မပဲ့ ပျင်းတာလား။မသိ စိတ်ထဲကို တရားနှလုံးသွင်း သိတာသိပ် မရောက်သလိုဖြစ်ရပါတယ်ဘုရား၊ Level 3ရောက်တော့ တပည့်တော်မ အတော်ကို ပျင်းပါတယ်။ ဆရာတော်ကြီးရဲ့ မင်္ဂလာအာသီသ ဂါထာရွတ်သံ ကြားပြီဆိုတာနဲ့ အိပ်ရောပါပဲ့ ဘုရား။

မဖြူဖြူကြည် (Level-3)

ဆရာတော်ဘုရားကြီး ဟောကြားထားသော တရားတော်များအား စာဖြင့် ပူဇော်ခွင့် ရရှိသည့်အတွက် ဆရာတော်ဘုရားကြီးအား ရိုသေမြတ်နိုးရှိခိုးပါ၏ဘုရား။ သူတော် ကောင်း တို့၏ စိတ်နေသဘောထားအတိုင်း အရာရာဘက်မှ အကောင်းမြင် နိုင်အောင်၊ အမှန်သစ္စာတရားများလည်းသိအောင်၊တရားဓမ္မများလေ့လာဆည်းပူးရာတွင်လည်းဓမ္မမစ္ဆ ရိယမဖြစ်အောင်၊ခန္ဓာငါးပါးအပေါ်တွင်လည်းတွယ်တာမှုတဏှာလောဘမဖြစ်အောင်၊ကိ လေသာအားလုံးမှချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်များအား ကြိုးစား အားထုတ် နိုင်ရန် ဆရာတော်ဘုရားကြီး ဟောကြားထားသော တရားဓမ္မစာပေများအား ဆက်လက်၍ လေ့လာပူဇော်ပါဦးမည် ဆရာတော်ဘုရားကြီးအား တပည့်တော်ရိုသေစွာ လျှောက်ထားတင်ပြအပ်ပါသည်ဘုရား။

Hlwan Moe Aung (Level-3)

မေတ္တာသုတ်၊ခန္ဓသုတ်၊ ရတနသုတ် အဓိပ္ပါယ်များ သိရ၍ များစွာ အကျိုး ရှိခဲ့ပါတယ်။ ဘဝနေနည်းများ သိရှိရပြီး လက်တွေ့ကျင့်သုံးနိုင်ခဲ့ပါတယ်။

ဒေါက်တာအဲမွန်ထွန် (Level-3)

တရားအသိဖြင့်နေတတ်လာပါသည်။ ကုသိုလ်ဖြစ်ပြီး အကုသိုလ်မဖြစ်အောင် ကြိုးစား နေတတ် လာပါသည်။

ဖြူဖြူခိုင် (Level-3)

"စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တရားအသိများ များစွာတိုးတက်လာခဲ့ပါသည်။ ဘုရား၏ ဂုဏ်ကျေးဇူးကို တန်ဖိုးမဖြတ်နိုင်အောင် ပိုပြီး တန်ဖိုးထားတတ်လာခြင်း၊ တရားဓမ္မစာပေများအပေါ် စိတ်ဝင်စားမှု ပိုရှိလာခြင်း နှင့် စဉ်ဆက်မပြတ် သင်ယူလိုစိတ် ဖြစ်ပေါ်ခြင်း၊ ဘုရားအဆုံးအမများကို သင်ယူခွင့်ရ၍ ဗုဒ္ဓဘာသာဖြစ်ရတာ ဂုဏ်ယူမိခြင်း၊

စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီးလည်း အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲနိုင်ခြင်း၊ ဝိပဿနာတရားအကျင့်ကို ပိုပြီး သိမြင် နားလည်လာခြင်း၊ သင်ကြားနာယူမှုများကို လက်တွေ့ဘဝမှာလည်း အသုံးချနိုင်ခြင်းတို့ကြောင့် သုတဓမ္မဒီပလိုမာ Level 1,2,3 ကို လူတိုင်း ဖြေဆိုပူဇော်နိုင်ကြပါစေရန် ဆန္ဒပြုမိပါသည်။"

တင်တင်အေး(Level-3)

ဥပုလ် စောင့်သည့် အချိန်တိုင်းတွင် ယခုအခါ ဆရာတော်ဘုရား ဟောကြားသည့် အတိုင်း လိုက်နာကျင့်သုံးပါသည်။ နေ့စဉ်ဘဝတွင်အလွန်အရေးကြီးသည့် ၅ ပါးသီလကို ကျိုးစား စောင့်ထိန်းဖြစ် ပါသည်ဘုရား။

မေသင်္ဘာငြိမ်း Level (3)

လေ့လာပြီး ဆရာတော်ဘုရားကြီးရဲ့တရားတော်တွေကို နာယူပြီးချိန်မှစပြီးတော့ ကျွန်မတို့ လူငယ်တွေအနေနဲ့ ဘာသာတရားဘာကြောင့် လေ့လာရတာလည်း ဆိုတာ သိလာရပါတယ်။ စိတ်နေစိတ်ထားတွေဘယ်လိုထားရမလဲ ကိုယ်ကျင့်တရားတွေ ဘယ်လိုထားရမလဲဆိုတာလည်းသိလာရပါတယ်။ စိတ်တွေရှုပ်လာတဲ့အခါ ထွက်ပေါက် ဘယ်လိုရှာ ရမလဲသိလာရပါတယ်ရှင့်။

Daw Theingi Win (Level-3)

သူတပါးအပေါ်ထွက်မိနေသော ဒေါသတို့ကိုဖယ်ရှားဖို့ ကျေးဇူးတင်လိုက်ပါဆိုတဲ့ ဟော ပြောချက်ကိုကိုယ်တိုင် သိမြင်ခံစားနားလည်သွားပြီး စိတ်အေးချမ်းစွာ နေထိုင်နိုင်သည့် အကျိုးတရားကိုရရှိသည့်ခနတွင် မှာစိတ်ငြိမ်းချမ်းမှုရရှိပါသည် အရှင်ဘုရား ကျေးဇူး တော်အနန္တပါဘုရား။

ချစ်စုသန္တာ (Level-3)

Level 1 သင်ယူစဉ်ကစ၍ငါးပါးသီလလုံခြုံအောင်စောင့်ထိန်းခဲ့ပါသည် ဘာသာရေးနှင့် ပတ်သတ်ပြီး သေချာသိနားလည်လာဘီဖြစ်သည့်အတွက် ဟုတ်နိုးနိုးဘဝက လွတ်ခဲ့ပြီ ဖြစ်သည် ကောတုဟလမင်္ဂလာပြုလုပ်ရန်ကို ရှက်လာသည် ဗုဒ္ဓဘာသာ စစ်စစ်ဖြစ် လိုသည်။

ဒေါ်ဇင်ဝင်းမော် (Level-3)

"သုတဓမ္မ စာပေများကို လေ့လာသင်ယူခွင့်ပေးသော ပါချုပ်ဆရာတော် ဘုန်းဘုန်းကြီး နှင့်တကွ စာမေးပွဲများ စီစဉ်ပေးသော ဆရာတော် သံဃာတော်များ၊ အကျိုးတော် ဆောင်များ၊ စာပေများ သင်ကြားပေးသော ဆရာတော်များ၊ သင်ဆရာ မြင်ဆရာ ကြားဆရာ၊ ဆရာဆရာမများကို ရှေးဦးစွာ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရိုသေစွာ ကန်တော့အပ်ပါသည် ဘုရား။ သုတဓမ္မစာပေကို လေ့လာရသောကြောင့် ဘဝမှာ မသိ သေးတာ နားမလည်ခဲ့တာ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကို သိရှိလိုက်နာ နားလည် ကျင့်သုံးခဲ့ရ၍ အင်မတန်မှ အသိဉာဏ်၊ ပညာ အကျိုးကျေးဇူးများစွာ ရရှိခဲ့သောကြောင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားအပ်ပါသည် ရှင့်။ "

မခင်ငြိမ်းချမ်း (Level-3)

"ရတနသုတ်အဓိပ္ပာယ်ကို လေ့လာကျက်မှတ်ပြီးနာက် အခြားသူများအား ပြန်လည် မျှဝေပေးနိုင်ခြင်းကို ပီတိဖြစ်မိပါတယ်ဘုရား ထိုသို့ပြန်လည်ဝေမျှနိုင်သည့် အတွက် ဓမ္မမစ္ဆရိယကင်းသူအဖြစ်ဂုဏ်ယူမိပါတယ်ဘုရား။"

ဒေါ်မြတ်စုကျော်(Level-3)

"(၁) စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း တရားအသိများပိုမိုတိုးတက်၍ တပည့်တော်၏စိတ်ကိုပို၍သတိထားမိလာပါသည်။ တပည့်တော်ပြုလုပ်လိုက်သည့်၊ ပြောလိုက်သည့်၊ ကြံတွေးလိုက်မိသမျှကို ပြန်၍ ကုသိုလ်ဖြစ်လား၊ အကုသိုလ်ဖြစ်လား ဆင်ခြင်မိလာပါသည်။ ဓမ္မ အသိများလည်း ပို၍တိုးတက်လာပါသည်။

(၂) စာမေးပွဲအတွက်ကျက်မှတ်ရင်း ကိုယ်ကျင့်သီလကို အသက်နဲ့လဲနိုင်သောသူတော်ကောင်း စိတ်ဓါတ်ကို သေသေချာချာသဘောပေါက်မိ၍ ကိုယ်ကျင့်သီလကိုပို၍ အလေးထား တန်ဖိုးထားမိပါသည်။ ဘာသာတရားကိုလိုက်နာကျင့်သုံးခြင်းသည် သစ္စာလေးပါးကိုသိ၍ သံသရာ မလည်တော့စေရန်ဖြစ်ကြောင်း သဘောပေါက်ကာ သံသရာမှလွတ်ခြင်း လာမိပါသည်။စိတ်၏မှန်ကန်သောထွက်ပေါက်များကို အမှန်တကယ်သိနားလည် လာသည်က တန်ဖိုးမဖြတ်နိုင်သောတရားအသိဖြစ်ပါသည်။ ရတနာသုတ် တရားတော်ကို ကျက်မှတ်နာယူရင်းဖြင့် ဘုရား တရားသံဃာဂုဏ် များကိုပို၍ သိနားလည်ကာ ကြည်ညိုသထက်ကြည်ညိုမိပြီး အမှန်တရားဖြင့်သစ္စာဆိုနိုင်သော တရားအတွေးကို ရရှိခဲ့သည်မှာ ဆရာတော်ကြီး၏ကြီးမားသော ကျေးဇူးကြီးမားမှုကြောင့်ဖြစ်ပါသည်။ အရှင်အာနန္ဒာ၏ဝိပသနာတရားတော်ကိုနာယူရင်းဖြင့်လည်း အရှင်အာနန္ဒာ၏မေတ္တာ၊ သစ္စာနှင့် ကျေးဇူးကြီးမားပုံကို ပို၍ဦးခိုက်ကြည်ညို မိပါသည်။ မြတ်စွာဘုရားနှင့် အရှင်ပုဏ္ဏ၏ အရှင်အာနန္ဒာကို ဟောပြောလမ်းညွှန်ခဲ့သော ဝိပသနာတရားကိုလည်း နာယူရင်းဖြင့် ပို၍ တရားအသိဖြစ်လာပြီး တရားအားထုတ်ရန် နည်းလမ်းပိုမို ရလာသည်ဟုထင်မြင်မိပါသည်။ ဆရာတော်ကြီး၏တရားတော်များသည် စာမေးပွဲဖြေရန်နားထောင်ကျက်မှတ်ရင်း ရင်ထဲတွင် ပိုပိုအသိတရားတိုးပွားလာ၍ ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်းကို ဘာနဲ့မှမလဲနိုင်အောင် ကျေနပ်ပီတိဖြစ်ရပါသည်။

(၃) ဆရာတော်ကြီး၏ကျေးဇူးကြောင့် မြတ်စွာဘုရားဟောကြားခဲ့သောတရားတော်များကို သေသေချာချာနာယူရ၍ စိတ်နေစိတ်ထားထားတတ်ရန်၊ ဒါနကို ပါရမီဖြစ်အောင်လုပ်နိုင်ရန်၊ သီလကိုအသက်ထက်တန်ဖိုးထားတတ်ရန်၊ ဘာဝနာပွားသည်ဆိုသည်မှာ ခန္ဓာကို

အမှန်မြင်အောင် သဘာဝလက္ခဏာများကို အရင်ရှုရင်း သာမညလက္ခဏာများကိုပါရှုရသည်များကို ပို၍ပို၍ နားလည်သဘောပေါက်လာသောကြောင့် ဆရာတော်ကြီးကို အကြိမ်ကြိမ်အထပ်ထပ် ရှိခိုးကန်တော့ပါ၏ဘုရား။ သုတမမ္မစာမေးပွဲများ လုပ်ပေး၍ ကျေးဇူးကြီးမားလှပါသည် အရှင်ဘုရား။ တရား အသိစာတွေ့မှ လက်တွေ့ ရောက်အောင် ကျင့်ကြံကြိုးစားပါမည်ဘုရား။🙏🙏🙏🙏🙏"

ဒေါ်မာမာမိုး (Level-3)

သုတမမ္မစာမေးပွဲများဖြေဆိုခွင့်ရပြီး တရားမမ္မများကိုနာယူသင်ကြားခွင့် ရရှိ၍ တန်ဖိုးမဖြတ် နိုင်သောမမ္မအသိများရရှိခဲ့ပါသည်။ လက်ရှိဘဝနှင့်သံသရာအတွက် ထားသင့်သည့် စိတ်ထားနည်းများအကောင်းဆုံးနေထိုင်နည်းများပိုမိုသိရှိလာပါသည်။ ပူဇော်သော ပရိတ် တရားတော်များ၏ အဓိပ္ပါယ်များကို တိတိကျကျကျယ်ကျယ်ပြန့်ပြန့် နာကြားရသည့် အတွက် ရတနာမြတ်သုံးပါး (ဘုရားတရားသံဃာ)အား ကိုးကွယ်ရခြင်း တန်ဖိုးပိုမို နားလည် လာပါသည်။ သံသရာမှလွတ်မြောက်ကြောင်း တရားများကိုနာကြား လေ့လာခွင့် ရရှိ၍မိ မိနှင့်သင့်လျော်သည့် ကမ္မဋ္ဌာန်းတရားကို စာတွေ့လက်ပေါင်းစပ်ပြီး အသိဉာဏ်များ ပိုမိုပွင့်လင်းလာပါသည်။ ဘဝလက်ကျန်အချိန်တွေကို အဓိပ္ပါယ်ရှိစွာ ကုန်လွန်ခွင့်ရ၍ ပညာဘူမိတက္ကသိုလ် တည်ထောင်သူ ဆရာတော်ကြီးအား(တာဝန်ရှိသူအားလုံးအား) အထူးကျေးဇူးတင်ရှစ်ခိုးကန်တော့ပါသည်ဘုရား။🙏🙏🙏

စန္ဒာကျော် (Level-3)

ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးအပြစ်၊ အခြေအနေတစ်ခုပေါ်တွင် ကောင်းသည့်ဘက်၊ ဆိုးသည့်ဘက်ကတွေးခြင်းနှင့် စိတ်ထားတတ်လာပါသည်။

မယဉ်ငယ်လွင် (Level-3)

"သုတမမ္မ ဒီပလိုမာ Level 1.2.3 ပြဋ္ဌာန်း သင်ခန်းစာများကို နားလည် ကျင့်သုံးမှုပါ ကျေးဇူးရှင် ဆရာတော်အရှင်မြတ်ဘုရား။ 🙏🙏🙏 အရင်နှစ်၂၀၂၅ ဒီဇင်ဘာက မပို့လိုက်ရတာကြောင့် ဒီနှစ် ၂၀၂၆ မှ ပို့လိုက်ရပါသည်ဘုရား။ သုတမမ္မဒီပလိုမာ Level.1မှာ . စိတ်အညစ်အကြေးများကို ဖယ်ရှားခြင်း၊ Level.2မှာ. စိတ်၏ အတွေးများ၊ Level.3မှာ .စိတ်၏ထွက်ပေါက်များ ဆိုပြီး နာမ်တရားဖြစ်တဲ့ စိတ်အကြောင်းကို Level တိုင်းမှာ ပြဋ္ဌာန်းထားတာကို သတိထားမိတာကြောင့် စိတ်အကြောင်းသိဖို့ သိပ်အရေးကြီးတာကို ပိုနားလည်ခဲ့မိပါသည်ဘုရား။ ကိုယ့်မှာ ဖြစ်နေတဲ့ စိတ်အကြောင်းကို သိနေမယ်ဆိုရင် ဘဝမှာနေထိုင်ချိန် ကိုယ်စိတ်ဆင်းရဲမှု သက်သာမှာဖြစ်သလို သံသရာက လွတ်မြောက်ဖို့ အတွက်ကလည်း ကြီးမားတဲ့ အထောက်အပံ့ကောင်းဖြစ်တာကို နားလည်မိပါသည်ဘုရား။ အချိန်တိုင်းမှာ စိတ်ဖြစ်နေကြပေမယ့် လူအများစုက စိတ်ဖြစ်နေမှန်းတောင် မသိကြပါဘူး။ ဒါကြောင့် စိတ်ဖြစ်နေမှန်း သိစေရုံတင်မကဘဲ စိတ်အကြောင်းကို ကိုယ်တွေ့ နားလည်ပြီး လက်တွေ့ကျင့်ကြံတတ်စေဖို့နဲ့ နိဗ္ဗာန်တိုင်ရောက်စေဖို့ မဂ္ဂင်လမ်းပေါ် ရောက်အောင် ဂရုဏာတော်ကြီးများစွာ ပို့ဆောင်ပေးတာကို နားလည် ခံစားမိပါသည် ဘုရား။ ဗုဒ္ဓဘာသာဝင်တချို့က ဝိပဿနာအားထုတ်ကြမယ်ဆိုရင် အားထုတ်မှုအစမှာ သမာဓိဖြစ်အောင် အားထုတ်မယ်ဆိုပြီး ကြိုးစားကြတာ မြင်သိရပါသည်ဘုရား။ စိတ်အညစ်အကြေးများကို ဖယ်ရှားခြင်း၊ သမထနှင့် ဝိပဿနာ သင်ခန်းစာ သင်ယူလိုက်ရချိန်မှာ အဲ့ဒီလို အားထုတ်ရင် အဆင့်ကျော်နေတာကြောင့် အခြေခံ အုတ်မြစ် ဖြစ်တဲ့ သီလက လိုအပ်နေပြီး ထင်သလောက် ခရီးမရောက်ကြတာကို မြင်သိခွင့်ရခဲ့ပါသည်ဘုရား။ အစဉ်မှန်အောင် ဖြည့်ဆည်းပြီး အားထုတ်မှသာ ဝိပဿနာလမ်းကြောင်းဖြောင့်တန်း မယ်ဆိုတာ ပိုနားလည်ခွင့်ရခဲ့ပါသည်ဘုရား။ စိတ်ကြည်လင်စေဖို့ အချက် (၈)ချက်ရှိရာမှာ ကံသုံးပါးမှာ ဒုစရိုက်မဖြစ်စေအောင် သီလဖြူစင်ဖို့အတွက် သီလရဲ့ အနီးကပ် အကြောင်းတရားအဖြစ် ဟိရီနဲ့ ဩတ္တပ္ပတည်ဆောက်ဖို့ လိုအပ်ကြောင်းကို အရင်ဦးဆုံး ပြထားတာက သိပ်အဖိုးတန်တဲ့အသိ ဖြစ်ပါသည်ဘုရား။ သာသနာတော်မှာ

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးရှိနေတာကြောင့် ဝိပဿနာမကျင့်ခင် အရင်ဦးဆုံး သီလဖြူစင်စေဖို့ သိပ်ကိုအရေးကြီးတာ သိခဲ့ရပါသည်ဘုရား။ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်သူတိုင်းက စိတ်အညစ်အကြေးကို မဖယ်ရှားနိုင်ရင် သမာဓိမတည်နိုင်သလို ဝိပဿနာပညာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါကြောင့် သီလပြည့်စုံအောင် အရင်ဆုံး ဖြည့်ဆည်းရမှာဖြစ်လို့ စိတ်ကြည်လင်စေဖို့ အချက် ၈ ချက်ကို ဖြည့်ဆည်းရမယ်ဆိုတာ သိခဲ့ရတဲ့အသိတွေကို လက်တွေ့လိုက်နာဖြစ်ခဲ့ပါသည်ဘုရား။သီလပြည့်စုံသွားပြီးတဲ့နောက်မှာ သမာဓိဖြစ်စေဖို့ ကြိုးစားရာမှာ ကုသိုလ်ဖြစ်ခွင့်မပေး တားမြစ်တတ်တဲ့၊ ပညာဉာဏ်ကို ဖုံးလွှမ်းတတ်တဲ့ နီဝရဏတရားငါးပါး ပေါ်နေရင် မဖြစ်မနေကို ဖယ်ရှားရမှာပါ။ ဖယ်ရှားတတ်စေဖို့အတွက် နီဝရဏတရား တစ်ပါးချင်းစီရဲ့ သဘောသဘာဝနဲ့ ဖယ်ရှားနည်း အသေးစိတ်ကို ဟောပေးထားတာက တရားကျင့်သူတိုင်းအတွက် နိဗ္ဗာန် မရောက်မချင်း အမြဲအသုံးချနေရမယ့် တရားတွေဖြစ်တာကြောင့် တန်ဖိုးရှိတဲ့ အသုံးချပညာရပ်လို့ သဘောပေါက်ရင်းကျင့်ကြံဖြစ်ခဲ့ပါသည်ဘုရား။ သိစရာတွေကို သင်ယူပြီးတဲ့နောက် အဲ့ဒီလို သီလ သမာဓိ ပြည့်စုံပြီးရင် ဝိပဿနာပညာဘက်ကို သွားလိုက်တဲ့အခါ အားထုတ်ရ လွယ်ကူသွားတာကို သိရပါသည်ဘုရား။ ရုပ်နာမ် သဘာဝတွေရဲ့ ကိုယ်ပိုင် သဘာဝလက္ခဏာကို မြင်တတ်အောင်၊ အဲ့ဒီသဘာဝတွေရဲ့ သာမညလက္ခဏာတွေကို ရှုမြင်တတ်အောင် Levelတိုင်းမှာ သင်ပြပေးတော်မူထားတာ ကျေးဇူးကြီးလှပါသည်ဘုရား။ Level 2 စိတ်၏အတွေးများသင်ခန်းစာမှာ.... အတွေးမှားကြောင့် သံသရာဆင်းရဲ၊ အပါယ်ဆင်းရဲ ဖြစ်စေတတ်တဲ့အတွက် အတွေးမှား မဖြစ်စေဖို့နဲ့ မတော်လို့ ဖြစ်လာခဲ့ရင် ရုန်းထွက်နိုင်စေဖို့ မှန်ကန်တဲ့နည်းစနစ်တွေကို အသေးစိတ် ပေးထားတာကို သင်ယူခွင့် ရခဲ့ပါသည်ဘုရား။ အတွေးမှားတွေကို နည်းလမ်းအမှန်နဲ့ ဖယ်ရှားပစ်နိုင်ပြီး မှန်ကန်တဲ့အတွေး တွေးတတ်စေဖို့ လမ်းညွှန်ထားတာကြောင့် အတွေးမှားတွေကို ထိန်းချုပ်ပြီး နိဗ္ဗာန်ရောက်ကြောင်း မှန်ကန်တဲ့အတွေး သမ္မာသင်္ကပ္ပဖြစ်အောင် တွေးတတ်သွားစေပါသည်ဘုရား။ အတွေးတွေကို ထိန်းချုပ် သွားနိုင်ရင် ဒုက္ခက လွတ်ကင်းရုံမက ဒုက္ခအားလုံး အဆုံးသတ်သွားနိုင်မှာဖြစ်လို့ စိတ်အတွေးတွေကို သိပြီး ထိန်းချုပ်ရမယ့်နည်းတွေနဲ့ လိုက်နာကျင့်သုံးသွားပါမည်ဘုရား။

Level 3- စိတ်၏ထွက်ပေါက်များ သင်ခန်းစာမှာ... စိတ်ဖိစီးမှု၊ စိတ်အကျဉ်း အကြပ်တွေ ဖြစ်တဲ့ မကောင်းတဲ့ စိတ် (၆) မျိုးက လွတ်မြောက်စေဖို့ စိတ်ရဲ့ မှန်ကန်တဲ့ ထွက်ပေါက် (၆) မျိုး ရှိတာ သိခွင့်ရခဲ့ပါသည်ဘုရား။ စိတ်မှာဖြစ်တဲ့ အကျဉ်းအကြပ်တွေကနေ အပြီး သတ်တိုင် လွတ်မြောက်စေတဲ့ နည်းလမ်းအမှန်တွေကိုပါ ညွှန်ကြားပေးထားတာကြောင့် အကျိုးများတဲ့ သင်ခန်းစာဖြစ်သလို ဗုဒ္ဓဘာသာဝင်တွေရဲ့ အခွင့်အရေးကောင်းတွေ ရရှိမှုကို လူအားလုံးသိစေချင်စိတ်၊ ဂုဏ်ယူစိတ်တွေဖြစ်ပြီး အားလုံးက လိုက်နာကြလို့ စိတ်အကျဉ်းအကြပ်ကလွတ်ပြီး အေးချမ်းစေလိုစိတ်တွေ တဖွားဖွား ဖြစ်နေမိပါသည် ဘုရား။ နားလည်ရခက်တဲ့ ဥပက္ခာရဲ့ သဘာဝကို Level 1&3 မှာ အလွယ်တကူ သဘောပေါက်ခွင့် ရခဲ့ပါသည်ဘုရား။ Level တိုင်းမှာ ဗြဟ္မစိုရ်တရား ပွားတတ်အောင် အဆင့်ဆင့် သင်ပေးထားတာကို သတိထားမိသလို ဒေါသမီးတွေကြောင့် ပူလောင်နေတဲ့ လောကကြီးကို မေတ္တာရေအေး ကိုယ်စီဖြန်းပေးကြရင်း ကိုယ်တိုင်လည်းအေးချမ်းအောင်၊ ကမ္ဘာ့လူသားတွေလည်း အေးချမ်းအောင် အထူးကို လမ်းညွှန်ထားတယ်လို့ ခံစားမိပါသည် ဘုရား။ Level 1 မေတ္တာသုတ်မှာ မေတ္တာအကြောင်း အကျယ်ဖြန့် သင်ပေးထားသလို မေတ္တာဘာဝနာကနေ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတိုင် ဖြစ်စေနိုင်တဲ့ နည်းလမ်းတွေ ညွှန်ပြထားတာကြောင့် မေတ္တာရဲ့အစွမ်းကို ပိုသိခွင့်ရခဲ့ပါသည်ဘုရား။ ကမ္ဘာကြီးရဲ့ လက်ရှိအချိန်မှာ အချင်းချင်း အမုန်းပွားနေကြတာ ကြောင့် အမုန်းကင်းစင်သွားစေအောင် မေတ္တာပွားတတ်စေဖို့နဲ့ Level တိုင်းမှာ မေတ္တာအကြောင်းနဲ့ မေတ္တာပို့ပုံတွေ၊ မေတ္တာကနေ စျာန်ရတဲ့အထိ ကျင့်ရမယ့် နည်းလမ်း တွေကို သင်ပေးထားပြန်တာကြောင့် မဖြစ်မနေ မေတ္တာဘာဝနာ အားထုတ်ရမယ်ဆိုတာ ပိုသိခဲ့ရပါသည် ဘုရား။ ရတနာမြတ်သုံးပါး ဂုဏ်တော်ပွားတတ်စေဖို့လည်း Level တိုင်းမှာ သင်ကြားပေးထားတာကြောင့် အရင်ကထက်ပိုပြီး ဂုဏ်တော်ပွားဖြစ်ခဲ့ပါသည်ဘုရား။ Level 1နဲ့ 3မှာ ဖန်ဆင်းရှင်နဲ့ အပြစ်ဝန်ခံမှုတွေရဲ့ လွဲမှားနေမှုကို သဘာဝကျကျ သိစေခွင့်ရအောင် မီးမောင်းထိုးပြထားသလို အမှန်တကယ်ရှိတဲ့ သဘာဝတရားတွေကို ညွှန်ပြတော်မူခဲ့တဲ့ မြတ်စွာဘုရားရှင်ရဲ့ လက်တွေ့ကျတဲ့တရားတော်တွေနဲ့ ဖန်ဆင်းရှင်တရား ကွာခြားပုံ

တွေကို နှိုင်းယှဉ်ဟောပြမှုက အခုခေတ်မှာ ဘာသာပြောင်းကြသူတွေ များနေတာကို သွယ်ဝိုက်တဲ့နည်းနဲ့ ကာကွယ်တားဆီးပေးနေတယ်လို့ နားလည်ခံစားမိပါသည်ဘုရား။ ပြန်လက်ဆင့်ကမ်းပြီး လုပ်ဆောင်ရမယ့် အလုပ်တွေကိုလည်း မြင်စေမိပါသည်ဘုရား။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း သင်ခန်းစာကို သင်ယူပြီးတဲ့နောက်မှာ သဘောအကျ မိဆုံးကတော့ အမှန်တရားဆိုတာ ကိုယ်တိုင် လက်တွေ့သိတဲ့ အသိဉာဏ်နဲ့ ဆုံးဖြတ်ရတာပါ။ "ကိုယ်ပိုင်ဉာဏ်နဲ့ အဖြေမှန် မရှာနိုင်ရင်တော့...နှစ်ဖက်ကောင်းပြီး သေချာတဲ့လမ်းကို ရွေးရမယ်"" - ဆိုတဲ့ လမ်းညွှန်ချက်ပါဘုရား။ ကာလာမသုတ်ဆိုတာ ငယ်ဘဝက ရင်းနှီးခဲ့ပေမယ့် မာဆယ်ချက်လောက်တင် လမ်းဆုံးခဲ့ပြီး အဓိကအချက်တွေကို တရားတော် သင်ယူမှသာ အသေးစိတ်သိခွင့်ရခဲ့ပြီး အားရဝမ်းသာ ဖြစ်ခဲ့မိပါသည်ဘုရား။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ သင်ခန်းစာမှာ အခုခေတ် အခြေအနေတွေကို သတိထားမိ စေနိုင်အောင် ဘာသာမဲ့တွေ များလာပုံနဲ့ ဗုဒ္ဓဘာသာ တရားတော်တွေအပေါ် အဆိုးဘက်ကမြင်ကြပုံတွေ ပြထားပြီး ဖြေရှင်းရမယ့် နည်းလမ်းတွေပါ ညွှန်ပြ ပေးထားတာဖြစ်လို့ ဗုဒ္ဓဘာသာဝင်တိုင်းက သတိထားပြီး လုပ်စရာရှိတာတွေကို လုပ်ကြရတော့မယ် ဆိုတာကို ခံစားနားလည်မိပါသည်ဘုရား။ ထိုင်နေမှ တရားအားထုတ်နေတာ မဟုတ်ဘဲ ကျရိယာပုထ်လေးပါးနဲ့ အချိန်မရွေး၊ နေရာမရွေး စိတ်ထဲပေါ်လာတဲ့ ကိလေသာ အညစ်အကြေးတွေကို နည်းလမ်းမှန်မှန်နဲ့ သတိထားပြီး အသိဉာဏ်နဲ့ ဖယ်ရှားပစ်နေတာက တရားအားထုတ်နေတယ်ဆိုတာကို တအားနှစ်သက်မိသလို ကြိုးစားနေပါသည်ဘုရား။ ဒါပေမယ့် သတိအားနည်းနေပြီး ဝိပဿနာအာရုံတွေပေါ်နေတာ ကို မသိနေသေးတာက များနေပါသေးသည်ဘုရား။ အာရုံမုန်တိုင်းတိုက်ချိန်တွေမှာ ပြိုလဲမသွားအောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူခဲ့တဲ့ နည်းလမ်းတွေနဲ့ ကြိုးစားလိုက်နာနေပေမယ့် သတိအားနည်းနေသေးတာကြောင့် ပြိုလဲတဲ့အကြိမ်တွေက မရေမတွက်နိုင်အောင် များနေပါသေးသည်ဘုရား။ ယောနိသော မနသိကာရ ထားစေဖို့ သင်ပြတာကို သိပ်နှစ်သက်ပြီး လက်တွေ့ ကျင့်ကြံနေလျက်ပါဘုရား။ နှလုံးသွင်းမှန်မှန်နဲ့ တွေးခေါ်ပြောဆို လုပ်ကိုင်တတ်ဖို့ကိုလည်း ဆက်လက်ကြိုးစားသွားပါမည် အရှင်ဘုရား။ ကုသိုလ်

ဖြစ်အောင် စိတ်ကို လေ့ကျင့်တဲ့နည်း (၄)နည်းကို သိခွင့်ရတဲ့အတွက် လေ့ကျင့်နေဖြစ်ပါသည် ဘုရား။ ဓမ္မအသိနဲ့ အကျိုးရှိအောင် ဆက်လက်နေသွားပါမည်ဘုရား။ Level တိုင်းမှာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကြောင်းပေါ် လျှောက်နိုင်စေဖို့နဲ့ သတိပဋ္ဌာန်အကျင့်၊ ဝိပဿနာ အကျင့်အားထုတ်နိုင်စေဖို့ သင်ပြထားတာကြောင့် အားထုတ်ဖြစ်ပါသည် ဘုရား။ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာမှာ ဆင်းရဲနည်းပါးပြီး အကျိုးရှိရှိနေနိုင်အောင်၊ အများကောင်းကျိုး ဆောင်ရွက်နိုင်အောင်၊ ဆင်းရဲအားလုံးလွတ်တဲ့ မြတ်နိဗ္ဗာန်ကို အမြန်ဆုံးမျက်မှောက်ပြုနိုင်အောင် အကျိုးပြုတဲ့ ပြဋ္ဌာန်းသင်ခန်းစာတွေကို အခုလို အသေးစိတ် နှိုက်နှိုက်ချွတ်ချွတ်သိအောင်၊ လေ့လာခွင့်ရအောင်၊ လက်တွေ့ကျင့်ဖြစ် အောင် စာမေးပွဲကျင်းပပေးတာလို့ ခံစားမိသလို ကျေးဇူးများစွာ တင်နေမိပါသည် ဘုရား။ တိုးပွားလာတဲ့ တရားအသိတွေကို လက်တွေ့လိုက်နာဖြစ်ရုံတင် မကဘဲ စွမ်းသမျှ ဖြန့်ဝေနေလျက်ပါ အရှင်ဘုရား။ ဘုရားတပည့်တော် ကြိုးစားထားခဲ့သမျှ ကုသိုလ် ပညာ၊ အကျင့်တွေနဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို အစပြုပြီး သံဃာတော်၊ မိဘ၊ ဆရာ၊ ဆရာမ အားလုံးတို့ကို ပူဇော်ပါသည်ဘုရား။ Level တိုင်းမှာ ဗြဟ္မစိုရ်တရား ပွားတတ်အောင် အဆင့်ဆင့် သင်ပေးထားတာကို သတိထားမိသလို ဒေါသမီးတွေကြောင့် ပူလောင်နေတဲ့ လောကကြီးကို မေတ္တာရေအေး ကိုယ်စီဖြန်းပေးကြရင်း ကိုယ်တိုင်လည်းအေးချမ်းအောင်၊ ကမ္ဘာ့လူသားတွေလည်း အေးချမ်းအောင် အထူးကို လမ်းညွှန်ထားတယ်လို့ ခံစားမိပါသည် ဘုရား။ Level 1 မေတ္တာသုတ်မှာ မေတ္တာအကြောင်း အကျယ်ဖြန့် သင်ပေးထားသလို မေတ္တာဘာဝနာကနေ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတိုင် ဖြစ်စေနိုင်တဲ့ နည်းလမ်းတွေ ညွှန်ပြထားတာကြောင့် မေတ္တာရဲ့အစွမ်းကို ပိုသိခွင့်ရခဲ့ပါသည်ဘုရား။

ကမ္ဘာကြီးရဲ့ လက်ရှိအချိန်မှာအချင်းချင်း အမုန်းပွားနေကြတာကြောင့် အမုန်းကင်းစင်သွားစေအောင် မေတ္တာပွားတတ်စေဖို့နဲ့ Level တိုင်းမှာ မေတ္တာအကြောင်းနဲ့ မေတ္တာပို့ပုံတွေ၊ မေတ္တာကနေ ဈာန်ရတဲ့အထိ ကျင့်ရမယ့် နည်းလမ်းတွေ ကို သင်ပေးထား ပြန်တာကြောင့် မဖြစ်မနေ မေတ္တာဘာဝနာ အားထုတ်ရမယ်ဆိုတာ ပိုသိခဲ့ရပါသည်ဘုရား။ ရတနာမြတ်သုံးပါး ဂုဏ်တော်ပွားတတ်စေဖို့လည်း Level တိုင်းမှာ သင်ကြားပေးထား

တာကြောင့် အရင်ကထက်ပိုပြီး ဂုဏ်တော်ပွားဖြစ်ခဲ့ပါသည်ဘုရား။ Level 1နဲ့ 3 မှာ ဖန်ဆင်းရှင်နဲ့ အပြစ်ဝန်ခံမှုတွေရဲ့ လွဲမှားနေမှုကို သဘာဝကျကျ သိစေခွင့်ရအောင် မီးမောင်းထိုးပြထားသလို အမှန်တကယ်ရှိတဲ့ သဘာဝတရားတွေကို ညွှန်ပြတော်မူခဲ့တဲ့ မြတ်စွာ ဘုရားရှင်ရဲ့ လက်တွေ့ကျတဲ့တရားတော်တွေနဲ့ ဖန်ဆင်းရှင်တရား ကွာခြားပုံတွေကို နှိုင်းယှဉ်ဟောပြမှုက အခုခေတ်မှာ ဘာသာပြောင်းကြသူတွေ များနေတာကို သွယ်ဝိုက်တဲ့နည်းနဲ့ ကာကွယ်တားဆီးပေးနေတယ်လို့ နားလည်ခံစားမိပါသည်ဘုရား။ ပြန်လက်ဆင့်ကမ်းပြီး လုပ်ဆောင်ရမယ့် အလုပ်တွေကိုလည်း မြင်စေမိပါသည်ဘုရား။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း သင်ခန်းစာကို သင်ယူပြီးတဲ့နောက်မှာ သဘောအကျ မိဆုံးကတော့ အမှန်တရားဆိုတာ ကိုယ်တိုင် လက်တွေ့သိတဲ့ အသိဉာဏ်နဲ့ ဆုံးဖြတ်ရတာပါ။ "ကိုယ်ပိုင်ဉာဏ်နဲ့ အဖြေမှန် မရှာနိုင်ရင်တော့...နှစ်ဖက်ကောင်းပြီး သေချာတဲ့လမ်းကို ရွေးရမယ်" - ဆိုတဲ့ လမ်းညွှန်ချက်ပါဘုရား။ ကာလာမသုတ်ဆိုတာ ငယ်ဘဝကရင်းနှီးခဲ့ပေမယ့် မာ ဆယ်ချက်လောက်တင် လမ်းဆုံးခဲ့ပြီး အဓိကအချက်တွေကို တရားတော်သင်ယူမှသာ အသေးစိတ်သိခွင့်ရခဲ့ပြီး အားရဝမ်းသာ ဖြစ်ခဲ့မိပါသည်ဘုရား။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ သင်ခန်းစာမှာ အခုခေတ် အခြေအနေတွေကို သတိထားမိစေနိုင်အောင် ဘာသာမဲ့တွေ များလာပုံနဲ့ ဗုဒ္ဓဘာသာ တရားတော်တွေအပေါ် အဆိုးဘက်ကမြင်ကြပုံတွေ ပြထားပြီး ဖြေရှင်းရမယ့် နည်းလမ်းတွေပါ ညွှန်ပြပေးထားတာဖြစ်လို့ ဗုဒ္ဓဘာသာဝင်တိုင်းက သတိထားပြီး လုပ်စရာရှိတာတွေကို လုပ်ကြရတော့ မယ်ဆိုတာကို ခံစားနားလည်မိပါသည်ဘုရား။ ထိုင်နေမှ တရားအားထုတ်နေတာ မဟုတ်ဘဲ ကွရိယာပုထ်လေးပါးနဲ့ အချိန်မရွေး၊ နေရာမရွေး စိတ်ထဲပေါ်လာတဲ့ ကိလေသာအညစ်အကြေးတွေကို နည်းလမ်းမှန်မှန်နဲ့ သတိထားပြီး အသိဉာဏ်နဲ့ ဖယ်ရှားပစ်နေတာက တရားအားထုတ်နေတယ်ဆိုတာကို တအားနှစ်သက်မိသလို ကြိုးစားနေပါသည် ဘုရား။ ဒါပေမယ့် သတိအားနည်းနေပြီး ဝိပဿနာအာရုံတွေပေါ် ကို မသိနေသေးတာက များနေပါသေးသည်ဘုရား။ အာရုံမုန်တိုင်းတိုက်ချိန်တွေမှာ ပြိုလဲမသွားအောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူခဲ့တဲ့ နည်းလမ်းတွေနဲ့ ကြိုးစားလိုက်နာ

နေပေမယ့် သတိအားနည်းနေသေးတာကြောင့် ပြုလဲတဲ့အကြိမ်တွေက မရေမတွက်နိုင်အောင် များနေပါသေးသည်ဘုရား။ ယောနိသော မနသိကာရ ထားစေဖို့ သင်ပြတာကို သိပ်နှစ်သက်ပြီး လက်တွေ့ ကျင့်ကြံနေလျက်ပါဘုရား။ နှလုံးသွင်းမှန်မှန်နဲ့ တွေးခေါ်ပြောဆို လုပ်ကိုင်တတ်ဖို့ကိုလည်း ဆက်လက်ကြိုးစားသွားပါမည် အရှင်ဘုရား။ ကုသိုလ်ဖြစ်အောင် စိတ်ကို လေ့ကျင့်တဲ့နည်း (၄)နည်းကို သိခွင့်ရတဲ့အတွက် လေ့ကျင့်နေဖြစ်ပါသည်ဘုရား။ ဓမ္မအသိနဲ့ အကျိုးရှိအောင် ဆက်လက်နေသွားပါမည်ဘုရား။ Level တိုင်းမှာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကြောင်းပေါ် လျှောက်နိုင်စေဖို့နဲ့ သတိပဋ္ဌာန်အကျင့်၊ ဝိပဿနာ အကျင့် အားထုတ်နိုင်စေဖို့ သင်ပြထားတာကြောင့် အားထုတ်ဖြစ်ပါသည် ဘုရား။ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာမှာ ဆင်းရဲနည်းပါးပြီး အကျိုးရှိရှိ နေနိုင်အောင်၊ အများကောင်းကျိုး ဆောင်ရွက်နိုင်အောင်၊ ဆင်းရဲအားလုံးလွတ်တဲ့ မြတ်နိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်အောင် အကျိုးပြုတဲ့ ပြဋ္ဌာန်းသင်ခန်းစာတွေကို အခုလို အသေးစိတ် နှိုက်နှိုက်ချွတ်ချွတ်သိအောင်၊ လေ့လာခွင့်ရအောင်၊ လက်တွေ့ကျင့်ဖြစ်အောင် စာမေးပွဲကျင်းပပေးတာလို့ ခံစားမိသလို ကျေးဇူးများစွာ တင်နေမိပါသည် ဘုရား။ တိုးပွားလာတဲ့ တရားအသိတွေကို လက်တွေ့လိုက်နာဖြစ်ရုံတင် မကဘဲ စွမ်းသမျှ ဖြန့်ဝေနေလျက်ပါ အရှင်ဘုရား။ ဘုရားတပည့်တော် ကြိုးစားထားခဲ့သမျှ ကုသိုလ် ပညာ၊ အကျင့်တွေနဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို အစပြုပြီး သံဃာတော်၊ မိဘ၊ ဆရာ၊ ဆရာမ အားလုံးတို့ကို ပူဇော်ပါသည်ဘုရား။ ကျေးဇူးကြီးမားလှတဲ့ ဆရာတော်ဘုရားကြီးနဲ့အတူ ဆရာတော် သံဃာတော်တွေ၊ ပညာဘူမိတက္ကသိုလ်နဲ့ ဆက်စပ်သမျှ ကျေးဇူးရှင်တွေ၊ ကျေးဇူးရှင် ဆရာမကြီး ဒေါ်ခင်လှတင်နဲ့ ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးများစွာ တင်ရှိပါသည်ဘုရားလို့ လျှောက်ထားပြောကြားရင်း သက်တော် ရှည်ကြာကျန်းမာချမ်းသာစွာ သာသနာပြုတော်မူနိုင်ကြပါစေ။ အထူးသဖြင့် ကျေးဇူးရှင် ဆရာတော် အရှင်မြတ်ဘုရား ကျန်းမာရေး အထူးကောင်းမွန်တော်မူပါစေလို့ မေတ္တာပို့နေရင်း ကြည်ညိုလေးစား ရှိသေစွာ ရှိခိုးဦးတင်နေလျက်ပါ ကျေးဇူးရှင် ဆရာတော် အရှင်မြတ်ဘုရား။ ကျေးဇူးတော် အနန္တတို့ကို အောက်မေ့ ကျေးဇူးတင် ဦးတင်ရင်း

ယဉ်ငယ်လွင် (Level 3)

10.12.2025 အရင်နှစ်က ဖောင်ပိတ်သွားတာကြောင့် မတင်လိုက်ရဘဲ ဒီနှစ်မှသာ အရင်နှစ်အတွက် ပို့လိုက်ရတာပါဘုရား။ Part.1 အတွက်လည်း တစ်ခု ပို့ထားပြီး ပါပြီ ဘုရား။🙏🙏🙏

ဒေါ်တီရဏာဉာနီ (Level-3)

"အခြေအနေ အသိဉာဏ် ပညာများ များစွာတိုးတက်ခဲ့ပါသည်။ ထိုတွင်မက လောကဓမ်ရိုက်ခတ်ချက်ကြောင့် ယိုင်လဲပြိုကျမတတ်ဖြစ်ခဲ့ရသည့် အခြေအနေကို ဆရာတော်ဘုရားကြီး၏ တရားဓမ္မအသံများဖြင့် နေ့နေ့ ညညပူဇော်ရင်း ကောင်းစွာ ရပ်တည်နိုင်ခဲ့ပါသည် ဘုရား။ အချက်အလက်များ ရှင်အာနန္ဒာ၏ ဝိပဿနာ တရားတော်တွင် ညီတော်အာနန္ဒာသည် အသက်အရွယ်(၅၀)ကျော် ရောက်မှ ဗုဒ္ဓအပေါ်၌လည်းကောင်း သာသနာတော်အတွက်လည်းကောင်း စွမ်းစွမ်းသမံများစွာသော အားထုတ်မှုတို့ကား လေးစားအားကျအတုယူစရာအချက်အလက်များဖြစ်ရပါသည်ဘုရား။ဆရာတော်ကြီးထံ လျောက်ထား ပူဇော်🙏🙏🙏လောကလူသားတို့အတွက် အသိဉာဏ်များက်စိဖွင့်နိုင်သော ဆရာတော်ဘုရားကြီးအား အကြိမ်ကြိမ် ကန်တော့မိပါသည်ဘုရား။ ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်စေလိုပါ၏။ ဆရာတော်ဘုရားကြီး ရှေ့မှောက် ကာယကံဖြင့် နေ့စဉ်ရှိခိုးမှုမပြုနိုင်ပေမဲ့လည်း ဝစီကံ မနောကံတို့ဖြင့် နေ့စဉ်ရှိခိုးပါ၏ဘုရား🙏🙏🙏 မှန်စွာဝန်ခံရသော် ဘုရားတပည့်တော် သာသနာ့ဘောင်မှ လူဝတ်ကြောင် ဘဝ မပြောင်းမိခြင်း သည် စာမေးပွဲအတွက်ဆိုပြီး စာဖတ် တရားတော်များ နာယူခဲ့ခြင်းကြောင့် သာဖြစ်ပါသည်။ မိမိစိတ်တည်ငြိမ်မှု ခံစားရသလို များစွာသောလူတို့ကိုလည်း ငြိမ်းအေး စေချင်ခဲ့ပါသည်။ ထို့ကြောင့် ကိုရင် ဆရာလေး အပါး(၂၀)ကို လက်တွဲခေါ်ယူပြီး သူတို့လေးတွေရဲ့ နှလုံးသားထဲကို တရားတော်တို့နှင့် ထိစပ်ပေးနိုင်ခဲ့ပါသည် ဘုရား🙏🙏🙏

ဒေါ်အဂ္ဂညာဏီ (Level-3)

"ကျေးဇူးရှင်ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး၏မေတ္တာရိပ်တွင်ခိုလှုံ၍ဗဟုသုတဓမ္မစာပေများ လေ့လာသင်ယူခွင့်ရသည့်အတွက် အတိုင်းမသိ ကျေးဇူးတင်လျက်ပါဘုရား တပည့်တော်မိဘ၂ပါးမှာ အဖေကဗုဒ္ဓဘာသာ၊ အမေကခရစ်ယာန်မှ ဗုဒ္ဓဘာသာဖြစ်လာတာပါ၊ ကလေးဘဝက ဘာသာတရားအားနည်းခဲ့ကြပါတယ်၊အသက်၄၀မှ ဗုဒ္ဓအကြောင်း စိတ်ဝင်စားပြီး (စာမေးပွဲဖြေဆိုခြင်းမရှိပဲ) အလွတ် လေ့လာနေခဲ့ပါသည်။ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းများတက်ပြီး ကလေးများနှလုံးသားထဲ ဘုရားတည်သည့် အလုပ်အဖြစ်ခံယူလျက် ကြိုးစားလုပ်ခဲ့ပါသည်။ The more you know, the more you want to know. လို့ပြောရမလို၊ လေ့လာ လေသိချင်လေ ကိုယ်တွေ့ကျင့်လေ ပိုသိချင်လေဖြစ်လာပါသည်။ ၁၀စုနှစ်တစ်ကျော်လာချိန်မှာ လက်ရှိ မိမိဘဝ အသက်ထက်ဆုံးလေ့လာလျှင်တောင်မှလောက်မှာမဟုတ်ဘူးလို့ နားလည်လာပါပြီ။ သုတဓမ္မစာမေးများ မလေ့လာခင်ကပင် ဆရာတော်တရားများ နာယူရတိုင်း သံသယများ ပျောက်ခါသိချင်သည့်အဖြေများရှင်းလင်းစွာသိခွင့်ရခဲ့ပါသည်ဘုရား 🙏🏻

လူတိုင်းရဲ့ရင်ထဲမှအပူသောကမျိုးစုံကိုငြိမ်းအေးစေသောတရားဓမ္မများဖြင့်နှလုံးသားထဲဘုရားတည်ပေးနေသောသုတဓမ္မစာပေများပူဇော်ခြင်းဖြင့်ငြမ်းချမ်းသောဘဝအရသာများခံစားနိုင်ကြပါစေ ဘုရားတရားသံဃာရတနာမြတ်သုံးပါး ကျေးဇူးကိုတရားဓမ္မများ လိုက်နာကျင့်သုံး ခြင်းဖြင့်ကျေးဇူးဆပ်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့ အပ်ပါသည် ဘုရား"

ဦးဝင်းသိန်း (Level-3)

"စာမေးပွဲဖြေဆိုခြင်း သည် ပဋိယတ် သာမက ပဋိပတ် အတွက်ပါ လွန်စွာ အကျိုးရှိပါသည် ဘုရား"

Thet Hlaing Nyo (Level-3)

မသိသေးသော တရားတော်များကို နာယူခွင့်ရသလို နေ့စဉ် လူ့ဘဝ လုပ်ငန်းဆောင်တာ (အိမ်၊ ရုံး ၊ ပတ်ဝန်းကျင်)၊ ပေါင်းသင်းဆက်ဆံရေးတို့ အတွက် လက်တွေ့ အသုံးချ နိုင်သောကြောင့် အကျိုးရှိလှပါသည်။

အောင်မြင့်သူ (Level-3)

သာမန် မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုမှ၊ ရတနာ ၃ ပါးကို ယုံကြည်မှု များစွာ တိုးတက် လာခဲ့ပါတယ် ဘုရား။ ဆရာတော်ကြီး၏ ဉာဏ်ကြီးမှုနှင့် တရားတော်ကို စီမံတက်မှု တို့ကြောင့် ဗုဒ္ဓဘာသာဝင် အစစ်အမှန် တစ်ယောက်ဖြစ်လာခဲ့ပြီဟု ဝမ်းသာခဲ့မိပါတယ်၊ ဒါကြောင့် သံဃံသရဏံ ဂစ်စာမိ သည်၊ အမှန်တကယ် တပည့်တော်ပေါ် သက်ရောက် ခဲ့ပါသည်။ မြတ်စွာဘုရား၏တရားတော်တို့ကို နာယူမှန်းမသိနာယူ မိစေရန် ပေးပြပေးမှု တို့ကြောင့် ဓမ်မံသရဏံ ဂစ်စာမိကိုလည်း အပြည့်အဝယုံကြည်သူ ဖြစ်ခဲ့ပြီး၊ တရားတော် ကိုသေချာစွာ နာယူသော အလေ့အကျင့်ကောင်း စွဲမြဲလာခဲ့ပါတယ်၊ဘုရား။ ဘုရား သားတော် သံဃာတော်တို့တောင် ထိုထိုသော တရားတော်တို့ကို ဤကဲ့သို့ ဟောနိုင်လျှင်၊ သီလ၊ သမာဓိ၊ ပညာတို့ဖြင့်ပြည့်စုံေသာမြတ်စွာဘုရားသည် ဘယ်မှာ ဆိုဖွယ်မရှိ၊ ဗုဒ်ံသရဏံ ဂစ်စာမိဟု ၃ ပါးသရဏဂုံကို အနက်အဓိပ်ပါယ်ဖွင့်ဆိုမိပါသည် ဘုရား။

ခွန်းသက်သက်ခိုင် (Level-3)

"သူတော်ကောင်းတို့၏ စိတ်နေသဘောထားတရားကို နာယူရ၍ ဘဝမှာ တော်ရုံ တော်နေ ရုံနဲ့မရ ကောင်းအောင်လည်း ကျင့်သုံးရမယ်ဆိုသောအတွေးကို ရရှိခဲ့ပါသည်။ လက်တွေ့ လောကမှာ ကြုံတွေ့နေရသည် ပညာတတ်တွေဖြစ်နေပေမဲ့ ပိုက်ဆံရာထူးအာဏာကြောင့် မိမိတို့၏ ကိုယ်ကျင့်တရားကို နောက်ဆုံးမှထားနေကြသည်ကို တရားတော်နဲ့ဆင်ခြင်ရေး

ကောင်းစွာသိရှိရပါသည်။ နတ်တို့သတ်မှတ်ထားသည် သူတော်ကောင်းတို့၏ အရည်အသွေး ၇ ချက်ကို မိမိ၏ဘဝမှာ တတ်နိုင်ဆုံးကျင့်သုံးနေထိုင်လျက်ရှိပြီး ဆက်လက်၍ ကြိုးစားသွားပါမည်။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်တရားကို နာယူရ၍ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် မိမိသည်ဘာကြောင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည် လိုက်နာကျင့်သုံးနေရသည်ဆိုသည့် အနှစ်သာရကို သိရှိရပါသည်။ ကံတရားတွေကို ပြောင်းလဲဖို့မဟုတ်ဘယ်တုန်းကမှမသိခဲ့ဘူးတဲ့၊ မမြင်ခဲ့ဘူးတဲ့၊ စိတ်နှစ်လုံးထဲ ရောက်မလာခဲ့ဘူးတဲ့၊ မျက်မှောက်မပြုခဲ့ဘူးတဲ့၊ အသိစိတ်ထဲ ပေါ်မလာခဲ့ဘူးတဲ့ အကြောင်းအရာတစ်ခုကို သိဖို့မြင်ဖို့ရောက်ရှိဖို့ ထိုးထွင်းသိဖို့အတွက် ဘာသာတရားကို လိုက်နာကျင့်သုံးခြင်း ဖြစ်သည်ဆိုသည့်အချက်မှာ ကျွန်ုပ်အတွက် အလွန်တန်ဖိုးရှိစွာ မှတ်သားရပါသည်။ ကျွန်ုပ်သည်ငယ်စဉ်ကရေထဲမှာ မြင်နေရသည့် တီကောင်လေးတွေကို ရေထဲကနေကယ်မယ်ဆိုပြီး ဒုတ်နဲ့ဆယ်လိုက်ရာတီကောင်မှာ နှစ်ပိုင်းပြတ်သွားသည်။ ငါတော့ငရဲကြီးပြီဆိုပြီး တော်ကြာထိ စိတ်ဆင်းရဲခဲ့ဖူးသည်။ တရားတော်မှာပါသည့်(အာရမ္ဘဇအကုသိုလ်) လုပ်လို့ဖြစ်တဲ့ အကုသိုလ်နဲ့ ငါအမှားလုပ်မိပြီဟူ၍ စိတ်မကောင်း ဖြစ်ခြင်းကြောင့် တိုးလာသည့်အကုသိုလ် (ဝိပ္ပဋိသာရဇအကုသိုလ်) ၂မျိုးဖြင့် ကျွန်ုပ်၏ ဖြစ်စဉ်ကိုပြန်လည်အောက်မေ့၍ ဆင်ခြင်မိပါသည်။ ဝန်ချ တောင်းပန်လို့ ကျေသည်ဆိုသည်မှာတိုးလာတဲ့ အကုသိုလ်ကိုသာရပ်ဆိုင်းခြင်း ဖြစ်သည်ဆိုသည့် အချက် သည်ကျွန်ုပ်အတွက်မမေ့နိုင်သော အချက်ဖြစ်ပါသည်။ အရင်းပါကျေစေသည့် အရဟတ္တမဂ်ကုသိုလ်စွမ်းအားဖြင့်ကိလေသာတွေကိုအလုံးစုံမပယ်နိုင်သေးပေမယ့်ယခုလက်ရှိဘဝမှာတတ်နိုင်ဆုံးတရားနဲ့အနီးဆုံးမှာနေ၍လက်တွေ့ကျင့်ကြံနေထိုင်ပါမည်။ဤတရား၏အဓိကကျသည့် ဘာသာတရားလိုက်နာကျင့်သုံးခြင်း ရည်ရွယ်ချက်နဲ့ပတ်သက်၍ ရှင်မဟာကောဋ္ဌိက၏ အမေး ရှင်သာရိပုတ္တရာတို့၏အဖြေ ကိုစိတ်ဝင်စားဖွယ် မှတ်သားရပါသည်။ ကျွန်ုပ်၏ပတ်ဝန်းကျင်၌ မကောင်းတာလုပ် နေပေမယ့်(ဥပမာအရက်သေစာရောင်းဝယ်ခြင်းဖြင့်အသက်မွေးသူများ)ကောင်းကျိုးစံနေရသည်(ဥပမာစီးပွားရေးဖြစ်ထွန်းခြင်း)တို့ကိုတွေ့မြင်ရဖူးပါသည်။အလားတူဘယ်လောက်ပဲရိုးသားကြိုးစားအားထုတ်၍အ

လုပ်ကိုကောင်းအောင်လုပ်နေပေမယ့် အောင်မြင်မှုမရဘဲ ဆိုးကျိုးခံရစားရတဲ့ ပုဂ္ဂိုလ်တွေလည်း တွေ့ဖူးပါသည်။ မြတ်စွာဘုရားဟောကြားသော အကုသိုလ်ကံရဲ့ အပြစ်ဒဏ်ဆိုတာ လူကပေးတဲ့ အပြစ်ဒဏ်မဟုတ် သဘာဝကပေးတဲ့ အပြစ်ဒဏ်သာဖြစ်သည်။ သဘာဝကခွင့်မလွှတ်သည့်အတွက် ဒီအပြစ်တွေကိုခံစားရခြင်း ဖြစ်သည်။ ဘယ်သူကမှ အပြစ်ဒဏ်ပေးတာ မဟုတ်။မိမိသန္တာန်မှာဖြစ်နေတဲ့အကုသိုလ်ကံကမိမိကိုထိခိုက်စေခြင်းဖြစ်သည် ဆိုသည့်တရားကိုနာယူရ၍ အထက်ပါ ဥပမာဖြစ်ရပ်နှစ်ခုကိုကောင်းစွာ နားလည်သွားခဲ့ပါသည်။ စိတ်၏ထွက်ပေါက်များ တရားတော်နာယူရ၍ ကျွန်ုပ်၏နေ့စဉ်ဘဝတွင် စိတ်အလိုမကျမှုများနှင့် ကြုံတွေ့ရပြီဆိုလျှင် နိဿရဏာမာတုသုတ်လာ စိတ်ဖိမျိုး၏ ထွက်ပေါက်ခြောက်မျိုးနှင့် ဆင်ခြင်မိပါသည်။ စိတ်ဖိမျိုးထဲမှ အမုန်းစိတ်ဒေါသ၏ထွက်ပေါက်ဖြစ်သည့် မေတ္တာကိုယခုလက်ရှိကျင့်သုံးနေပါသည်။ယခင်ကဒေါသထွက်လျှင် ဝုန်းဒိုင်းကြဲပေါက်ကွဲတက်၏။ ယခုအခါ ဒေါသထွက်လျှင် ခဏတာ မျက်ရည်ကျမိပေမယ့် ဝင်လေထွက်လေမှတ်ကာ စိတ်တည်ငြိမ်အောင်အရင်လုပ်သည်။ထို့နောက် မိမိ၏စိတ်လေးငြိမ်းချမ်း ပါစေဟုမေတ္တာပို့ပြီး မိမိဒေါသထွက်တဲ့လူကိုလည်း စိတ်လေးငြိမ်းချမ်း ပါစေဟုမေတ္တာပို့မိပါသည်။ မေတ္တာ၏အစွမ်းထက်မြတ်ပုံကို သိရှိ၍လွန်စွာကျေနပ်ပီတိ ဖြစ်စွာဖြင့်လက်တွေ့ ကျင့်သုံးမိနေပါသည်။ မေတ္တာလေးကျင့်ခန်းဝင်ဖို့ရန် ကြိုးစားအားထုတ်သွားပါမည်။အရင်ကမိမိသည် မိမိထက် အရည်အချင်းအားဖြင့် သာလွန်သူကိုတွေ့လျှင် မနာလိုအားကျဖြစ်မိသည်။ ယခုအခါထိုပုဂ္ဂိုလ်မျိုးတွေ့လျှင် ယခုရရှိထားတဲ့ အောင်မြင်မှုတွေ ထာဝရမြဲနိုင်ပါစေ၊ ထာဝရပျော်ရွှင်နိုင်ပါစေဟူ၍ စိတ်နှလုံးသွင်း မိပါသည်။ ချစ်စိတ်မုန်းစိတ်ရာဂ ဒေါသရဲ့ထွက်ပေါက် ဥပက္ခာဟူ၍သိရှိရသည်မှာ လွန်စွာကျေနပ်မိ၏။ ကိုယ်ချစ်ခင်တဲ့သူကို စိတ်တိုင်းမကျဒေါသဖြစ်လာလျှင် သတ္တဝါတွေဆိုတာ သူ့ကံနဲ့ သူလာတာဆိုတဲ့ ဥပက္ခာတရားကိုဆင်ခြင်မိ နေပါသည်။ ယခုလက်ရှိမှာဤကဲ့သို့ ကျင့်သုံးမိ နေ၍စိတ်၏ထွက်ပေါက်များ တရားတော်ကို နာယူခဲ့ရသည်မှာ လွန်စွာကျေနပ်ပီတိဖြစ်မိ၏။ ရတနာသုံး အနှစ်ချုပ် တရားတော်သည် အပိုင်း၃ပိုင်း၌၍ စတင်ပူဇော်ကျက်မှတ်ရာတွင် ရနိုင်ပါ့မလားဟု စိုးရိမ်စိတ်ဖြစ်ခဲ့၏။ ပါဠိစာသာလည်း

မရခဲ့၍ တော်တော်လေး ကြိုးစားကျက်မှတ်ခဲ့ ရပါသည်။ တရားအဆုံးထိ ကျက်မှတ်ပြီး သွားချိန်တွင် တစ်ချိန်က ပါဠိလိုရွတ်ဖတ်ပူဇော်ခဲ့ရသည်များကို မြန်မာလိုအဓိပ္ပာယ်သိရ၍ လွန်စွာပီတိဖြစ်ရပါ၏။ သစ္စာသည် စွမ်းအားထက်သည် မှန်သော်လည်း တကယ့် အမှန်တရားဖြစ်သည့် ဘုရား၊ တရား၊ သံဃာဂုဏ်များဖြင့် သစ္စာဆိုမှသာ စွမ်းအားထက်မည်ကို သိရှိခဲ့ရပါသည်။ ဆရာတော်ဟောကြားသည့် ယနေ့ခေတ်မှာ စီးပွားရေးကောင်းတဲ့ မန္တန်လိုမျိုး စသည်တို့ကို ရွတ်ဖတ်မယ့်အစား အင်မတန်အဖိုးထိုက်သော ဘုရား၊ တရား၊ သံဃာဂုဏ်များဖြင့် သစ္စာဆို၍ သတ္တဝါတွေ ကျန်းမာပါစေ၊ချမ်းသာပါစေဟူ၍ ဟောထားသည့် ရတနာသုံးကိုရွတ်ဖတ်မည်ဆိုလျှင် အင်မတန်အကျိုးများမည်ဆိုသည်ကို ကျွန်ုပ်၏ စိတ်၌ မှတ်မှတ်သားသားရှိလှပါသည်။ရတနာသုံးအနှစ်ချုပ်တရားတော်ကို နာယူပြီး ရွတ်ဖတ် ရာ၌ အရင်ကလိုအဓိပ္ပာယ်မသိဘဲ ရွတ်ဖတ်တုန်းက ခံစားချက်နဲ့မတူဘဲ စိတ်၌ လွန်စွာကြည်နပ်ဝမ်းမြောက်မိပါသည်။ အရှင်အာနန္ဒာဝိပဿနာ တရားတော်ကိုနာယူရ၍ အရှင်အာနန္ဒာ၏ သာသနာ့ တာဝန်များစွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပုံကို မှတ်သားသိရှိရပါသည်။မြတ်စွာဘုရား၏ ဖွားဘက်တော်လည်းဖြစ်၊ နှစ်ပေါင်း၂၅နှစ်လောက် အလုပ်ကျွေးပြုခဲ့ပြီး မြတ်စွာဘုရား ဟောကြားခဲ့သော ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ကို နှုတ်တက်ဆောင်ခဲ့သည့် အရှင်အာနန္ဒာမထေရ်မြတ်အား လွန်စွာကြည်ညိုစိတ် ဖြစ်ခဲ့ရပါသည်။ အရှင်အာနန္ဒာသောတပန်ဖြစ်သွားသောတရားနှစ်ချုပ်ဖြစ်သည့်”ငါဆိုတဲ့အတွေးစွဲမှီရာ ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါရ၊ဝိညာဏ် ဆိုသောခန္ဓာငါးပါးကို အနိစ္စ၊ဒုက္ခ၊ အနတ္တမြင်အောင် ရှုမှတ်ခြင်း” တရားကိုနာယူရ၍ တန်ဖိုးမဖြတ်နိုင်အောင်ဖြစ်ခဲ့ရပါ၏။ အရှင်အာနန္ဒာ အထက်မင်္ဂဖိုလ်ရဟန္တာဖြစ်သွားသော ဝိပဿနာနှစ်ချုပ်တရားကိုလည်းနာယူမှတ်သား၍ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ် ဒွါရဖြပါးနှင့်ဆိုင်သော တရားများကို စာတွေ့ သိရှိကြည်ညိုပူဇော်ခဲ့ရပါသည်။ ကျွန်ုပ် ၏ဘဝတွင်လည်း လက်တွေ့ကျင့်ကြံ ကြိုးစားအားထုတ်ဖို့ ကြိုးစား သွားပါမည်။"

မသော်သော်အောင် (Level-3)

စာမေးပွဲအတွက်လေ့လာရင်း ရရှိလာတဲ့ကောင်းကျိုးကတော့ အဓိက ကစိတ်ထား တတ်လာခြင်းဖြစ်ပါတယ် စိတ်အရမ်းအေးချမ်းလာပါတယ်ဘုရား 🙏

နိုင်နိုင်ထွန်း (Level-3)

အဆင့်တိုင်းတွင် ဘဝထဲတွင် အသုံးချ လေ့ကျင့်းမည့် သင်ကြားချက်များ ပါဝင်ပါသည် ဘုရား။ သူတော်ကောင်းတို့၏စိတ်နေသဘောထားမှ အကောင်းမြင် စိတ် ထား ပုံမှ ရှင်ပုဏ္ဏ၏ စိတ်ထားမျိုးထိ မထားနိုင်တောင်မှ မတ္တရာဆရာတော်ဦးကြီး၏ စိတ်ထားမျိုးကို အားကြလေ့ကျင့်နေပါသည်ဘုရား။ စိတ်၏ထွက်ပေါက်များ သင်ခန်းစာမှ မေတ္တာပွါး ခြင်းဖြင့် ဒေါသကိလေသာထွက်ပေါက်ကို ကြိုးစားလေ့ကျင့်ပါသည်ဘုရား။ စိတ်အညစ် အကြေး များကို ဆရာတော်ဘုရားကြီးသင်ပြပေးထားသော နည်းလမ်းများ မှတ်မိ သလောက်ဖြင့် ဖယ်ရှားရန်ကြိုးစားရင် တရားအားထုတ်ပါသည်ဘုရား။ ရှင်အာနန္ဒ၏ ဝိပဿနာမှ ဝိပဿနာကျင့်ပုံများကိုလည်း မိမိခန္ဓာညာဏ်ရောက် သိမြင်နိုင်ရန် အားထုတ် ဖို့ ကိုစိတ်ဝင်စားပါသည်ဘုရား။ နေ့စဉ်ဘဝထဲမှာ ဆရာတော်ဘုရားကြီးက ဒီလိုဟော ထားတာ ဒါကဒီလိုနေရမှာ စသည်ဖြင့် တိုက်ဆိုင်တိုင်း သတိယ လေ့ကျင့်မိပါသည်ဘုရား။ ရာနှုန်းပြည့်တော့ မရပါဘုရား။

မခင်ရတနာဝင်း (Level-3)

"စိတ်ရဲ့အညစ်အကြေးတွေကို သတိထားလာနိုင်ပါတယ် ဘုရား။ ဘုရား တပည့်တော် သည် ပညာဘူမိတက္ကသိုလ်၏ သဘာပတိဆရာတော်ဘုရားကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသအပါအဝင် သံသရာအစမှစ၍ ယနေ့တိုင် ခင်ပွန်း ကြီးဆယ်ပါး တို့အပေါ်တွင် ကာယကံ ဝစီကံ မနောကံကြီးများ ကျူးလွန်ခဲ့မှုများကို ဤစာလွှာဖြင့် ဝန်ချတောင်းပန်ပါသည်ဘုရား။ ဘုရားတပည့်တော်အား ခွင့်လွှတ်ပေးပါရန် တောင်းပန်

အပ်ပါသည် ဘုရား။ ဆရာတော်ဘုန်းဘုန်းဘုရားစာလွှာအားဖတ်ရှုမည်ဟု မျှော်လင့်ပါသည် ဘုရား။🙏"

ဧကရီညီညီဝင်း (Level-3)

လောဘ၊ဒေါသ၊မောဟ များ သိသိသာသာထိန်းနိုင်လာပါသည်

ရတနာကျော်ဦး (Level-3)

"ဆရာတော်ဘုရားရှင့်... တပည့်တော်မသည် ဗုဒ္ဓဘာသာကို မိရိုးဖလာကိုးကွယ်ပေမယ့် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားမမှ၏ အနှစ်သာရများကို ထဲထဲဝင်ဝင် သိရှိခြင်း မရှိခဲ့ပါ။ ဒီပလိုမာ Level အလိုက် နာယူမှတ်သားပြီးမှသာ အသိဉာဏ် အလင်းပွင့်ပြီး တကယ်ကို ဗုဒ္ဓရဲ့လက်တွေ့ကျတဲ့လမ်းစဉ်များကို အရင်ကထက်ပိုပြီး လေးစားကြည်ညိုရပါတယ်။B.A တန်းကိုလည်း ဆက်လက်လေ့လာသင်ယူပြီး ဓမ္မအသိ ဖြင့် ကိုယ်တိုင်လည်းကျင့်သုံးသလို မိမိပတ်ဝန်းကျင်ကိုလည်း သာသနာတော် ပြန်ပွားဖို့ အတွက် တတ်အားသရွေ့ဆောင်ရွက်သွားပါမည်။ လေးစားကြည်ညိုစွာဖြင့် ဦးတင်ပါ တယ် ဘုရား... တပည့်တော်မ။

(၂.၄) (BA Part-1) စာဖြေသူများ၏ လျှောက်ထားချက်များ

မမြတ်ရတနာဇော် (BA Part-1)

ဓမ္မစာပေတွေလေ့လာရင်း အသိပညာတွေ တိုးခဲ့ရပါသည်ဘုရား မိလိန္ဒာမင်းကြီးနဲ့ ရှင်နဂသေနတို့ရဲ့ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုဆွေးနွေးချက်တွေကနေတဆင့် အသိပညာများစွာရရှိခဲ့ပါတယ်။ မေးခွန်းမေးမြန်းခြင်း အဖြေရှာခြင်း ဆွေးနွေးခြင်မှ ဉာဏ၁နဒ္ဓဟုဆိုတော့ အသိပညာဗဟုသုတများ တိုးပွားခဲ့ပါသည်ဘုရား။

အေးမိချို (BA Part-1)

ဆရာတော်ကြီးကို အလွန်ကျေးဇူးတင်ပါတယ်။ ဘုရားတရားတော်များကို တိတိကျကျ သေသေချာချာ သိမှတ်နားလည်ခဲ့ပါတယ်။ ဥပမာ နိဗ္ဗာန်ရောက်ဖို့ ကျင့်ကြံအားထုတ်ရန် လိုအပ်ချက်များကို ပိုမိုသဘောပေါက် နားလည်ခဲ့ပါတယ်။

ဦးသန်းမြတ်ထူး (BA Part-1)

သူတော်ကောင်းဆိုတာ ငြိမ်သက်အေးချမ်းသောသူဆိုတဲ့ တရားလေးကို နှလုံးသွင်း လိုက်တိုင်း ထစ်ကနဲဆို ဒေါသကြီးတဲ့ အလေ့အထကြီးကို စွန့်လွှတ်နိုင်စပြုလာပါပြီဘုရား အရမ်းအကျိုးရှိတဲ့စာမေးပွဲကို ကျင်းပတဲ့ ဆရာတော်ကြီးကိုလဲ ကျေးဇူးတင် ပါတယ် ဘုရား။

ဒေါ်နန္ဒာလင်း (BA Part-1)

ဘာသာတရားလေ့လာမှု ဆင်ခြင်သုံးသပ်နိုင်မှု လက်တွေ့ကျင့်သုံး နေထိုင်တတ်လာ မှုအတွက် ဆရာတော်ဘုရားအားဂါရဝရှေ့ထား ကျေးဇူးတင် ဦးခိုက်ပါသည် အရှင်ဘုရား

ကောင်းထိုက်မင်း (BA Part-1)

"ပုံမှန်ဆို ဗုဒ္ဓတရားတွေကို မကြည့်မဖတ်ဖြစ်ပင်မဲ့ အခုလိုကျင်းပပေးတဲ့အတွက် တရားစာတွေကို အရင်ကထက် ပိုပြီး ဖတ်ရှုဖြစ်လေ့လာဖြစ်ခဲ့ပါတယ် အရင်ကထက် အသိပညာတွေပိုမိုရရှိခဲ့ပါတယ် ကိုယ်တတ်နိုင်စွမ်းသလောက် လေ့လာမှတ်သားပြီး ဖြေဆိုခဲ့ပါတယ် ဖြေဆိုတဲ့အခါမှ မေးခွန်းတွေကို ဖတ်မိတော့ ဒီလိုလည်း မေးလို့ရပါဆိုပြီး အသိပညာသစ်တိုးပွားရပါတယ် ကျနော်ထင်မြင်ချက်အရ အခုချိန်မှာ လူငယ်တွေက ဗုဒ္ဓဘာသာအမည်သာခံပြီးလေ့လာမှုအားနည်းနေတာကြောင့် အခုလို လုပ်ဆောင် ကျင်းပပေးတာကို ယခုထက်ပိုမိုတိုးတက်စေလိုပြီး လူငယ်တွေကြား တွင်တွင်ကျယ်ကျယ် သိရှိလိုစေပါတယ်။ လိုရင်းတိုရှင်းတရားတော်များက လူငယ်တွေရင်ထဲ ထိရောက်တာကို လည်း မြင်ခဲ့ရတာကြောင့် လူငယ်တွေရင်ထဲ ဓမ္မစေတီတည်ဖို့အထိ ဆောင်ရွက်ဖို့ လိုကြောင်းမြင်မိပါတယ်ဗျ"

ဒေါ်ဝေဝေကျော် (BA Part-1)

နေ့စဉ်ဘဝတွင် ကုသိုလ်၊အကုသိုလ်တို့ကို ခွဲခြားပြီးနေထိုင်တတ်သွားပါသည်။

ဒေါ်အေမိစိုး (BA Part-1)

"တရားများများနာဖြစ်လာပါတယ်။ စာမေးပွဲပြီးနဲ့ ချက်ချင်းပဲ ယောင်လည်လည် ဘဝမှာ မနေနိုင်လို့ တရားတော်တွေထပ်နာယူခဲ့ပါတယ်။ ဘဝမှာ ဒေါသစရိုက်တွေနဲ့ ရှင်သန်ခဲ့ရပေမဲ့အလုံးစုံ မပြောင်းလဲသွားသေးတောင် အများကြီးစိတ်ထားတတ်လာပါတယ်။ သမီးလေး တစ်ယောက်ရှိပါတယ်။တပည့်တော်နာလေ့ရှိတဲ့တရားတော်တွေကိုသူကပါ အမူမဲ့ အမှတ်မဲ့ ကြားနေရင်းက အသိတရားတွေ တိုးပွားလာလို့ အရမ်းကို ပိတိ ဖြစ်ရပါ တယ်။ ကောင်းတဲ့အသိ ကနေကောင်းတဲ့ အကျင့်တွေဖြစ်လာရတဲ့ အတွက် လူဖြစ်ရ ကျိုးနပ်တယ်၊ဘဝက အဓိပ္ပါယ်ပိုရှိလာပါတယ်။အဓိက အားဖြင့်စိတ်တွေ အကြောင်း နိဝရဏတွေ အကြောင်းအသေးစိတ်ပိုသိပိုပြင်ချင်ပါတယ်ဘုရား။ ကျေးဇူးလဲ အများကြီး

တင်သလို အားကိုးယုံကြည်ရပါတယ်ဘုရား။ရှေ့ဆက်ပြီးလဲ ကြိုးစားဖြေဆိုသွားပါ့မယ်။ တခါတရံ မအားလပ်လွန်းလို့ ကတိုက်ကရိုက် ဖြေဆိုရချိန်တွေမှာလဲ အားနာမှုဖြစ်ခဲ့ ရပါတယ် ဘုရား။"

ဒေါ်ဝင်းမင်းသန်း (BA Part-1)

တရားဓမ္မများကို လေ့လာပူဇော်ခွင့် ရခဲ့သောကြောင့် ဆရာတော်ကြီးအား ကျေးဇူး အထူးတင်စွာဖြင့်ရှိသေစွာ ဦးခိုက်လိုက်ရပါသည်ဘုရား။ ချော့တခါဆူတလှည့်ဖြင့် အပင်ပန်းခံ သင်ကြားပေးသော ဆရာတော်ဓမ္မပါလ အရှင်ဣန္ဒာစာရ(ကိုင်းကုန်း) ၏ ကျေးဇူးကြောင့် levelတစ်ခုပြီးတစ်ခု သင်ကြားမှတ်သားခွင့်များရရှိပြီး ဘဝခရီးလမ်းမှာ ကြုံတွေ့ရသည့်ဒုက္ခများကိုအရင်လို ဒေါသကြီးစွာဖြင့် ပူဆွေးဝမ်းနည်းသည့် စိတ်များ မဖြစ် နိုင်တော့အောင် သင်ယူရရှိခဲ့သော အသိဉာဏ်များဖြင့် ရင်ဆိုင်ဖြတ်သန်း နိုင်ခဲ့ပါသည်ဘုရား။ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင်လည်းကြိုးစားနေထိုင် နေပါသည်ဘုရား 🙏🙏🙏

ချိုချိုစိန် (BA Part-1)

ဆရာတော်ကျေးဇူးကြောင့်ဓမ္မအသိများစွာတိုးတက်ရရှိပါတယ်ဘုရား။

ဒေါ်မိမိလှိုင် (BA Part-1)

"ဗုဒ္ဓ၏ ဓမ္မ စာပေအမွေအနှစ်များ တန်ဘိုးကိုပိုမိုသိရှိနားလည်လာပါသည်ဘုရား ငြိမ်းချမ်းမှု အစစ်ကိုရရှိရန် သဒ္ဓါအားပိုမိုကောင်းလာပါသည်ဘုရား"

Lwin Mar Oo (BA Part-1)

"တပည့်တော်မ မေးခွန်းတစ်ခု မေးလျှောက်ခွင့်ပြုပါဘုရား။ တပည့်တော်မ တချို့ရက်များတွင် မှတ်မှတ်ရရ ကုသိုလ်ကောင်းမှု တခုတလေမှ မလုပ်ဖြစ်ပါ။ ထိုသို့သော ရက်များတွင် ညအိပ်ခါနီး ဘုရားရှိခိုးပြီးအမျှဝေရန် တွန့်ဆုတ်မိပါသည်။ စိတ်ထဲမှလဲ အမျှဝေချင်စိတ်မရှိပါ။ ထိုသို့သောနေ့များတွင် အမျှဝေသင့်/မသင့် အကျိုး သက်ရောက်မှု ရှိမရှိအားသိချင်ပါသည် အရှင်ဘုရား"

ဒေါ်စန္ဒာအောင် (BA Part-1)

ဘဝကို ရှေ့ဆက်ဖို့အလင်းရောင်ရပါသည်ဘုရား သေဖို့လည်းသက်လုံကောင်းနေပြီလို့ ခံစားရပါတယ်ဘုရား။

မောင်တင်အောင်ကို (BA Part-1)

ဆရာကြီးများစေတနာသည် ပြီးပြည့်စုံသည့်အတွက် လျောက်တင်စရာမရှိပါ.. 🙏🙏🙏

ဦးကျော်သူစိုး (BA Part-1)

လေ့လာ ထားသော တရား အသိများသည် ဓမ္မာဝိပသနာ ရှုပွား အားထုတ်ရာတွင် များစွာ အထောက်အကူ ဖြစ်ပါသည် ဘုရား။

ဒေါ်စန်းစန်းမော် (BA Part-1)

"တပည့်တော်ရှိသေမှုဖြင့်လျှောက်ထားအပ်ပါသည်ဘုရား တပည့်တော် စာမေးပွဲအတွက် လေ့လာရင်း နေ့စဉ်တိုင်းမှာ စိတ်ကိုပြုပြင်နိုင်လာပါပြီ ကိုယ်ချင်းစာ တရားများလည်း ထားနိုင်လာပါတယ် မိမိ၏ပြုလုပ်မှုများကို ကုသိုလ်လား အကုသိုလ်လားဆိုတာကို ကောင်းစွာနားလည်ခွဲခြား ဆင်ခြင်နိုင်လာပါပြီ။ လောဘ ဒေါသ နည်းအောင်သိအောင်

ကုသိုလ်သိပြီး အကုသိုလ် ကင်းအောင်နေရမည်ကိုလည်းသိလာပြီး။ ငါ မဟုတ် ငါ့ဟာလည်းမဟုတ် နာမ်နဲ့ရုပ်သာဖြစ်တယ် တဏှာကင်းပြတ်အောင် လုပ်နိုင်မှ ဒုက္ခ ငြိမ်းမည်ကိုသိလာပြီး ဆက်လက်ကြိုးစားရဦးမည်ဟုအသိတရားများ ရရှိလာပါသည်။ ဓမ္မအသိများတိုးတက်နိုင်သမျှ တိုးတက်အောင် ဆက်လက်ကြိုးစားပြီး မိမိ ပတ်ဝန်းကျင် ကိုပါ အသိတရားများဖြင့်ကောင်းအောင်ကြိုးစားပါမည် ဘုရား။ "

အိချို့လှိုင် (BA Part-1)

"တစ်တန်းနှင့်တစ်တန်း တရားအသိများသည် ခက်ခဲနက်နဲကြောင်းသိလာရပြီး ပို၍လည်း ပူဇော်လိုစိတ် သဒ္ဓါတရားများဖြစ်လာရပါသည်။ အကျိုးရှိသော အတန်းများဖြစ်ပါသည် ဆရာတော်ဘုရား၏ ရည်ရွယ်ချက်ကို အလွန်ပင်လေးစားရပါသည်။ ရသလောက်နှင့် မတင်းတိမ်နိုင်ပဲ ပို၍သိလိုလေ့လာလို ဖြေဆိုလိုစိတ်များ တိုး၍လာမိပါသည် စာဖြေခဲ့သည့် အချိန်တိုင်း စိတ်အေးချမ်းသာစွာ ဖြေဆိုခွင့်ရခဲ့သည့်အတွက် ဘုန်းဘုန်း ဦးဇင်းများ၊ ကိုရင်များ၊ဆရာလေး ဆရာကြီးများ လူပုဂ္ဂိုလ်များအား ကျေးဇူးတင်ပါသည်။

နောင်အချိန်တွင် ဖြေဆိုသည့်သူများ အဆင်ပြေစေရန် အချိန်လိုပါက အချိန်လျှူ လိုပါသည် တပည့်တော်မ ရိုကျိုးစွာရှိခိုးဦးတင်ပါသည် ဆရာတော်ဘုရား 🙏🙏🙏 "

Ma Saw Nwe Oo (BA Part-1)

ဓမ္မအသိပညာများ တိုးပွားလာပြီး နေ့စဉ်လူမှုဘဝ တွင် လောဘ ဒေါသ မောဟ နည်းပါး လျော့ပါးစွာဖြင့် အေးချမ်းစွာဖြတ်သန်းရပါသည်။ တရားအားထုတ်ရန် အထောက်အပံ့ ကောင်းအသိဥာဏ်များရလာပါသည် ဘုရား။

မစိမ်းစန္ဒာ (BA Part-1)

"မြတ်စွားဘုရား ဟောကြားခဲ့သောတရားတော်များကိုပူဇော်ခွင့်ရပြီး အသိဥာဏ်များ တိုးတက်လာပါတယ်ဘုရား။ သက်တော် ရာကျော်ရှည်စွာ သာသနာပြုနိုင်ပါစေ ဆရာတော်ဘုရား"

Hein Htet Naing (BA Part-1)

မိလိန္ဒပဉ္ဟာသည် ကဏ္ဍစုံကိုဖြန့်ကျက်အသိပေးသွားသော အမေးအဖြေကျမ်းဖြစ်၍ ဓမ္မ အသိ သိသိသာသာတိုးတက်လာပါသည်။ ပြဋ္ဌာန်းပေးထားခြင်း အပေါ်လွန်စွာ ဂုဏ်ယူ မိပါသည်။

ကျော်ဇင်သန့်(BA Part-1)

"ဘုရားတပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည် - တပည့်တော် သုတဓမ္မဒီပလိုမာ အဆင့် ၃ ဆင့် အောင်မြင့်ခဲ့ပြီး ယခုနှစ်မှာ B.A Part (1) စတင် ဖြေဆိုခဲ့ပါတယ်။ ယခင် မေးခွန်းဟောင်းတွေ (အထူးသဖြင့် BA Part (1) Batch 1, 2) မှာ အချက် အလက်ဖြေဆိုနိုင်မှုကို ဦးစားပေးခဲ့တာတွေ့ရပေမယ့် ခုနောက်ပိုင်း Batch 3, 4 ကနေ စပြီး အချက်အလက်ထက် သဘောတရားကို ဦးစားပေးမေးမြန်းလာတဲ့ မေးခွန်းပုံစံ ပြောင်းလဲ လာတာကို တပည့်တော် သတိထားမိပါတယ်။ အဲ့လိုပြောင်းလဲသွားတဲ့ မေးခွန်းပုံစံ အတွက်လည်း တပည့်တော် ကျေနပ်မိပါတယ်။ တပည့်တော်တို့က မြန်မာနိုင်ငံမှာ ငယ်စဉ်ကတည်းက အချက်အလက်ကို အလွတ်ကျက်ပြီး အချက်အလက် ဤ၊ သည်၊ ၍ မလွဲဖြေဆိုနိုင်မှုကို ဦးစားပေးတဲ့ စာမေးပွဲတွေမှာ သက်တမ်းရဲ့ သုံးပုံတစ်ပုံလောက် ကျင်လည်ခဲ့ရတာမို့လို့ အခု သုတဓမ္မစာမေးပွဲမှာ သဘောတရားရေးရာကို ဦးစားပေး မေးတာ တွေ့ရတော့ မေးခွန်းကို မဖြေနိုင်ခဲ့ရင်တောင် မေးခွန်းရဲ့ အနှစ်သာရကို ဖတ်ပြီး

အင်မတန် ဝမ်းသာကြည်နူးရပါတယ်။ တပည့်တော်တို့ မစဉ်းစားမိတဲ့ ရှုထောင့်ကနေ ဒီလိုမေးခွန်းတွေထွက်နိုင်ပါလား၊ ဒီလိုမေးခွန်းမျိုးကို ကိုယ့်ဘာသာမေးပြီး အဖြေထုတ်ရမှာပါလား၊ ဒီလိုအကြောင်းအရာမှာ ဒီလိုရှုထောင့်ရှိပါလားဆိုပြီး ခံစားမိတာမျိုးပါ။ "စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့် အချက်အလက်များ၊ အသိဉာဏ်များ၊ ဆရာတော်ကြီးထံလျှောက်ထားလိုသည်များ ရှိလျှင်ဖေါ်ပြပေးပါ"" လို့ Feed Back Form မှာ Guide Line ပေးထားပေမယ့် တပည့်တော် ဒီစာမေးပွဲတွေကနေ ရရှိခဲ့တဲ့ ဗဟုသုတ၊ အသိဉာဏ်၊ ဘာသာတရားပေါ် ယုံကြည်သက်ဝင်မှု၊ ဆိုတာတွေကို ရေးပြရရင် စာရွက်ရေ မနည်းရမှာပါ။ ဘဝဖြောင့်ကြောင်း နည်းလမ်းကောင်းတွေကို သိရှိပြီး လက်တွေ့လည်း ကျင့်သုံးနေထိုင်နိုင်ခဲ့ပါပြီ။ တပည့်တော် နောင်တစ်ချိန်မှာ အခြေအနေပေးလို့ ကြိုးစားခွင့်ရမယ်ဆိုရင် ဘွဲ့အတွက် မဟုတ်ဘဲ မြန်မာနိုင်ငံမှာ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ တိမ်မြုပ်ပျောက်ကွယ်လု နီးပါးဖြစ်နေတဲ့ ပါဠို ကျမ်းစာ ဟောင်းတွေကို သန့်စင်တည်းဖြတ်နိုင်တဲ့အထိ အလုပ်အကျွေးပြုခွင့် ရချင်ပါတယ်။ (လက်ရှိမှာတော့ စာအုပ်ထဲက ပါဠိစာ အနည်းငယ်ကိုတောင် အသံထွက်မှန်အောင် မနည်းဖတ်နေရတဲ့အဆင့်ပါ)"

မှုံအိကျော် (BA Part-1)

အမေးကို ပြန်မေးခြင်းဖြင့်ဖြေဆိုပုံ ဓမ္မဆိုင်ရာ လွယ်ကူနားလည် စေသော ဥပမာများ ကိုသိရှိခြင်း။

ဘေဘီချမ်းသာ (BA Part-1)

အရှင်ဘုရား တရားနာတတ်လာပြီး ဘယ်တရားနာနာ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို အထိုက်သင့်နားလည်လာလို့ တရားနာတတ်လာပါပြီဘုရား နာယူ မှတ်သားရင်းမှ ကျင့်ဆောင်လာတတ်ခဲ့ပါပြီဘုရား ဘဝရဲ့အဖြေတွေ နေနည်းတွေကို အစကတည်းက တရားတွေဆီမှာ မြတ်စွာဘုရားဟာအဖြေတွေထားခဲ့တာပဲ ဆိုတာကိုသိ နားလည်လာ

ပါပြီဘုရား၊ အရင်က ဒုက္ခတွေကြုံတိုင်းပူလောင်ဆင်းရဲရပါတယ်ဘုရားငါမို့လို့ ငါ့ကျ ဒီအတိုင်းပဲနဲ့ မြွားပေါင်းများစွာနဲ့ နာရပါတယ်ဘုရား ခုတော့ဒါတွေဟာ ဥစ္စာဒလည်း မဟုတ်၊ အဟောတုကလည်းမဟုတ်ဘူး၊ သဿတလည်းမဟုတ်ဘူး ငါလုပ်ခဲ့တာတွေကြီးပဲ အကြောင်းကြောင့်ဖြစ်လာတဲ့အကျိုးဆက်တွေပဲဟုအခြေခံမရှိပဲဖြစ်လာတာဘာမှမရှိဟု တွေးကာ စိတ်ကလေးအတော်လေး အေးချမ်းအောင် ထားတတ်ခဲ့ပါပြီဘုရား၊ ဒီစာတွေသင်ရတာဟာ တပည့်တော်အတွက်တော့ တကယ့်ကို လမ်းမှန်ကိုရောက်စေတဲ့အတွက် အကျိုး အများကြီး ရလိုက်ပါတယ်ဘုရား တကယ့်ကို ရခဲလှတဲ့ လူ့ဘဝမှာ တပည့်တော်ဟာ အကျိုးတခု အသိတခုတော့ ရအောင်ထုတ်နိုင်ခဲ့ပြီမို့ အမြဲမေတ္တာပို့ ရှစ်ခိုးကန်တော့ လိုက်ရပါတယ် အရှင်ဘုရား 🙏🟥🙏🟥🙏🟥

ရွှေစင်ဘုန်းနိုင် (BA Part-1)

တပည့်တော်သည်စာမေးပွဲများဝင်ရောက်ဖြေဆိုကတည်းကမြတ်ဗုဒ္ဓသက်တော်ထင်ရှား သိစေအပ်သကဲ့သို့နှလုံးသွင်းပါသည်ဘုရား။ ဖြေဆိုသည့်အခါ တရားများ ပူဇော်သည့် စိတ်နှလုံး ပီတိဖြင့်ဖြေဆိုမိပါသည်ဘုရား။ ထိုကြောင့် ဃခုအတန်းကို ပြီးခဲ့သည့် အပတ်က ဖြေရမည်ဖြစ်သော်လည်း စာမကျေသေးဟုယူဆပြီး ပူဇော်၍ အားမရသေးသဖြင့် ယခုမှဖြေပါသည်ဘုရား။ မေးခွန်းတွေ့သည့်အခါလည်း ပီတိကိုခံစားရပါသည်ဘုရား။ ဆရာတော်ကြီး ရှေ့မှောက်တရားများနာနေရသည့် အသိမျိုးဖြင့်ဖြေဆိုအားရခဲ့ ရပါသည်ဘုရား။ ဆရာတော်သက်ရာကျော်တိုင် တပည့်တော်တို့ဆရာတော်ထံမှ တရားအသိထူးများ ရရှိရန်ဆုတောင်းလျှောက်ထားအပ်ပါသည်ဘုရား။

ကိုရဲပြည့်ဖြိုး (BA Part-1)

ဓမ္မအသိညဏ်များ၊ ညဏ်ရည်ညဏ်သွေးများ တိုးတက်လာပါသည်။ စကားပြောစွမ်းရည်လည်းတိုးတက်လာပါသည်။

ဒေါ်ရီရီသွယ် (BA Part-1)

"တိုးတက်လာသည့် အသိဥာဏ်များအတွက် ဆရာတော်ဘုရားကြီးအား အထူးအထူး ကျေးဇူးတင်ရှိပါကြောင်းလျောက်ထားလိုပါသည်ဘုရား မိလိန္ဒပဉ္ဍာ တရားတော်ကို အရင်အချိန်(စာမေးပွဲ အကြောင်းမသိခင်) အခါက ဗဟုသုတအနေဖြင့်သာသိရှိခဲ့သော အကြောင်းတရားများကို စာမေးပွဲအတွက်ပြင်ဆင်ရင်းဖတ်လေအသိဥာဏ်များတိုးလေဖြစ်ပါတယ်သည်ဘုရား။ နိဗ္ဗာန်ပိုင်းဖတ်မှတ်ရသည်အခါ ကျင့်ဆဲ တရားဓမ္မများအကြောင်းကို ထိထိမိမိသိရှိရပါသည်ဘုရား။"

စုစန္ဒီမောင် (BA Part-1)

ဗုဒ္ဓဘာသာယုံကြည်သက်ဝင်သူဖြစ်ပေမယ့် တခါတခါကုသိုလ်ပြုဖို့၊ ကုသိုလ်လုပ်ဖို့ မေ့လျော့နေတတ်ပါတယ်။ သုတဓမ္မစာမေးပွဲတွေ ဖြေဆိုလာရင်း၊စာပေတွေ လေ့လာဖြစ်ရင်း ကုသိုလ်နဲ့ပိုနီးစပ်လာပြီးမိမိကိုယ်တိုင်မှာလဲသဒ္ဓါစိတ်ကစလို့ ပီတိတွေ ဖြစ်မိပါတယ်။ လောကီစာမေးပွဲတွေမှာတော့ စာမေးပွဲဖြေပြီးရင် ခေါင်းထဲဘာမှ မကျန်ခဲ့ ဘဲပေါ့သွားတတ်ပါသည်။ ဤစာမေးပွဲကတော့ စာမေးပွဲဖြေပြီး ပေမယ့်ရင်ထဲမှာ ကြည်နူးစိတ်၊ ဝမ်းမြောက်စိတ်များကျန်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူး ကို အထူးပင်ဦးထိပ်ထားပါသည်။

ဦးသိန်းနိုင် (BA Part-1)

"ဆရာတော်ကြီး နှင့်တကွ စီစဉ်ဆောင်ရွက်သူများအား ရိုသေစွာ လျှောက်ထားအပ်ပါသည် ယခုလိုစာမေးပွဲကို ဝင်ရောက်ဖြေဆိုခြင်းအတွက် ဓမ္မအသိများ တိုးပွား လာခြင်း၊ ဘဝကူးခြင်းနှင့်ပတ်ပက်၍ ရုပ်နှင့်နာမ်ပြန်လည်ဆက်စပ်ခြင်း၊ ဇီဝဆိုတာ မရှိခြင်း၊

လောဘ၊ဒေါသ၊အတ္တမာနများ၏ပူလောင်ခြင်းများ၊စိတ်အရည်အချင်းငါးချက်အားကောင်း စွာသိရှိခြင်းသမ္မပ္ပဓာန်တရားကိုလိုက်နာကျင့်သုံးခြင်း၊ဒုက္ခဖြစ်ကြောင်းတရားများကိုသိရှိ ပြီးဒုက္ခမဖြစ်အောင်ဆောင်ရန်ရှောင်ရန်တရားများကိုအလင်ပြသကဲ့သို့ရှင်းလင်းစွာသိမြင် လာရသည့်အတွက်ကောင်းမွန်သောဘာသာရေးစာမေးပွဲလို့ထင်မြင်မိပါတယ်အရှင်ဘုရား

ယဉ်ဦးချမ်းမြေ (BA Part-1)

"တပည့်တော်ဟာ ငယ်စဉ်ကလေးဘဝထဲက ခန္ဓာနဲ့ စိတ်အကြောင်းကို စိတ်ပါဝင်စားပြီး၊ ဝိပဿနာကိုလည်း သိချင်လိုသူ ဖြစ်ပါတယ်။ သုတမမ္မစာမေးပွဲအတွက် စာပေ လေ့လာ ရခြင်းဟာ လက်တွေ့သိမြင်မှုအတွက် အကောင်းဆုံး လမ်းပြမြေပုံ ဖြစ်ခဲ့ပါတယ်။ “စိတ် ဘယ်လို ဖြစ်တယ် ၊ ရုပ် ဘယ်လို ပြောင်းလဲတယ်” ဆိုတဲ့ သဘောတရားတွေကို စာတွေ့အရ သိလာတဲ့အခါမှာ တပည့်တော်ရဲ့ ခန္ဓာမှာ စာဖတ်ရင်းနဲ့ လိုက်ပြီး တွေးတော ဆင်ခြင်မိပါတယ်။ တကယ်လက်တွေ့ မြင်လာမိတဲ့အခါမှာ စာလေ့လာရခြင်းရဲ့ အကျိုး ကျေးဇူးကြောင့် တပည့်တော်အနေနဲ့ ယခုဆိုရင် တစ်ရက်မှာ (၁၃) မိနစ်ခန့် (လုံးဝ စိတ်မပျံ့လွင့်ဘဲ) တရားထိုင်လာနိုင်ပြီ ဖြစ်ပါတယ်။ တပည့်တော်ဟာ Level 1 ဖြေဆိုချိန်ကနေ ယခု BA (part 1) ဖြေဆိုချိန်အထိ နေ့စဉ်နေ့တိုင်း မပျက်မကွက် တစ်ရက်မှာ (၃) ကြိမ် အချိန်ယူပြီး ပြဋ္ဌာန်းစာအုပ်ကို အသံထွက်ပြီး ဖြည်းဖြည်းမှန်မှန် ဖတ်ခဲ့ပါတယ်။ ဖတ်နေရင်းလဲ တပည့်တော်ရဲ့ အတွေးထဲမှာ ကြုံတွေ့ခဲ့တာတွေ ၊ မိမိရဲ့ ခန္ဓာနဲ့ တိုက်ဆိုင်ပြီး လက်တွေ့စဉ်းစားဆင်ခြင်ခဲ့တာမို့ သင်ခန်းစာတွေကို အထူးတလည် ကျက်စရာမလိုဘဲ မှတ်မိခဲ့ပါတယ်ဘုရား။ စာမေးပွဲတွေ ဖြေဆိုလာရတဲ့ တစ်လျှောက် လုံးမှာ တပည့်တော်ရဲ့ အသိဉာဏ်တွေဟာ ပိုပိုပြီး သိမြင်ရင့်ကျက်လာရတယ်လို့ ခံစားမိပါတယ်ဘုရား။ လောဘ ဖြစ်နိုင်စရာ၊ ဒေါသဖြစ်နိုင်စရာနဲ့ ကြုံလာတိုင်း တပည့်တော် ဖတ်မှတ်လေ့လာထားတဲ့ ဓမ္မက အတွေးအာရုံမှာ အလိုလို ပေါ်လာပြီး ဆင်ခြင်ထိန်းသိမ်းနိုင်ခဲ့ပါတယ်ဘုရား။ အရင်က မသိခဲ့တဲ့ အမှန်တရားတွေ၊ အမြင်မှား နေတဲ့ အယူအဆတွေကို ဓမ္မအလင်းနဲ့ ဖယ်ရှားနိုင်ခဲ့တာဟာ ဒီစာမေးပွဲတွေက ပေးတဲ့

အကြီးမားဆုံး ဆုလာဘ်ဖြစ်ပါတယ်ဘုရား။ "နာယူမှတ်သားအသိဉာဏ်ပညာရစေပါသည်
BA (Part-1) ဗုဒ္ဓဘာသာဝင် တစ်ယောက်၏ ဘာသာရေးတရားဓမ္မများကို ပိုသိခွင့်
လေ့လာခွင့် အသိတရားများကိုရရှိလာပါသည်။

ဦးခင်မောင်မြင့် (BA Part-1)

မြတ်စွာဘုရား ဟောကြားတော်မူတရားများကို နာကြားခွင့်၊ ဖြေဆိုခွင့်ရှိသည့်အတွက် ဓမ္မ
သုတမယဥာဏ်များယခင်ကထက်ပိုမိုသိရှိလာပါသည်။

ဦးမင်းမင်းစိုး (BA Part-1)

"ဆရာတော်ဘုရားကြီး သာသနာ့ဝန် ခန္ဓာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား။
စာမေးပွဲကျင်းပပေးသောကြောင့် တရားနာထပ်ခါထပ်ခါ ၊စာတွေကျက်ထပ်ခါထပ်ခါ
ဆိုတော့ မြတ်ဗုဒ္ဓ၏တရားတော်များကိုဆရာတော်ဘုရားကြီး၏ ရှင်းလင်းနားလည်
လွယ်သော ဟောကြားမှုများကြောင့် မှတ်မိလွယ်နားလည်လွယ်ခဲ့ပါသည်။ ယခင်ကဆိုရင်
တရားနာ နာတဲ့အချိန်ပဲ နောက်ရက်တွေကျ စိတ်ထဲကအများစုကို မမှတ်မိတော့ပါ။
ယခုတော့အများစုကိုမှတ်မိကြပါသည်။ ယခင်ပညာဘူမိတက္ကသိုလ်ရဲ့ဓမ္မစာပေများ
မသင်ကြား မကျက်မှတ်ခင် နှစ်တွေထက် လောဘ ဒေါသ မောဟ တွေကို တော်တော်
နည်းလာခဲ့ပါပြီဘုရား ထိန်းချုပ်နိုင်လာခဲ့ပါပြီဘုရား။"

Khihe Thinzar Oo (BA Part-1)

မဖြေမချင်းတရား မနာမိတဲ့ ရက်ဆိုတာမရှိသည့်အတွက် ဆရာတော်ဘုရားကြီးကို
ရင်ထဲကနေ အပြည့်အဝဦးခိုက်မိပါတယ်ရှင့်

မစောလှရတနာ (BA Part-1)

"မှန်လှပါဘုရား၊မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနတို့ အချေအတင်ဆွေးနွေးကြတဲ့ အမေး အဖြေများကို ဖတ်ရှုမှတ်သားခဲ့ရပါသည်ဘုရား။

တပည့်တော်မေးလိုသည့်(သိချင်ခဲ့သည့်)အကြောင်းအရာများ၏ ၄ပုံ၁ပုံခန့်ကို အကြောင်း အကျိုး သင့်လျော်သည့် အဖြေများ တပည့်တော်ရရှိခဲ့ပါသည်ဘုရား။ တပည့်တော် ငယ်ဘဝ တရားဓမ္မနဲ့စတင်ကြုံကြိုက်သည့်အချိန်မှစ၍ အခြေအနေပေးသည့်အခါတိုင်း မေးမြန်းပါသည်။ လူကြီးများကိုရော ဘုန်းဘုန်းတို့ကိုရော Wikipedia မှာရော မေးမြန်းခဲ့ပါသည်။ ထိုအချိန်က လူကြီးသူမတွေပြောတာ အကုန် ထိုအတိုင်း လက်ခံခဲ့ ပါသည်။ ရံဖန်ရံခါ ဖြေကြားခဲ့သူနှစ်ဦးထံမှ အဖြေနှစ်မျိုးရခဲ့လျှင် အမှန်တကယ်ကိုပင် စိတ်ကျဉ်းကျပ်ခဲ့ရဖူးပါသည်။ယခု မိလန္ဒပဉ္ဉ ဖတ်ကြားပြီးသည့်အခါ မြတ်စွာဘုရား ဟောကြားခဲ့သည့်အတိုင်း မိမိကိုယ်တိုင် ဆင်ခြင်သုံးသပ်ကာ သူတစ်ပါးပြောသည်ကို ယုံကြည်ရမည့်အကြောင်း တိကျသေချာစွာ နားလည်လာခဲ့ပါသည်။

တပည့်တော်သည် ပါမောက္ခချုပ်ဆရာတော်ဘုရားအား အလွန်ကျေးဇူးတင်ပါသည်ဘုရား (ဘယ်လိုသုံးနှုန်းရမည်မသိလို့ပါ)။

အဘယ်ကြောင့် တရားဓမ္မများရင်ထဲထားရမည်၊ တရားကျင့်ကြံရမည်၊ အစဉ်မြဲ သတိရှိ ရမည်၊ သီလလုံရမည် စသည်တို့ကို ယခုအခါ ပို၍ပို၍ နားလည်သိရှိလာပါသည်။

မိလိန္ဒပဉ္ဉာတန်း လေ့လာဆည်းပူးရင်း တပည့်တော် ရရှိခဲ့သည့် အကျိုးကျေးဇူးများသည် များပြားလွန်းလှပါသည်၊ တပည့်တော် ဂဝေသီတန်း ဆက်လက်လေ့လာမိသည်ကို နောင်တ အလျင်းမရှိပါ ကျေနပ်ကြည်နူးမိပါသည်ဘုရား။

ပါမောက္ခချုပ် ဆရာတော်ဘုရားနှင့်တကွ စာမေးပွဲကြီးဖြစ်မြောက်အောင် စွမ်းဆော င်ပေးခဲ့ကြပါသော မေးခွန်းထုတ်ဆရာတော်ဘုရားများ၊ အမှတ်ပေးကြပါသော ဆရာတော် ဘုရားများအား ရှိခိုးဦးချအပ်ပါသည်ဘုရား။ ဝိုင်းဝန်း ကူညီကြပါသော ပုဂ္ဂိုလ်များ အားလည်း ကျေးဇူးတင်အပ်ပါသည်။

မိရိုးဖလာမဟုတ်သောဗုဒ္ဓသာသနာတော် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွါးလာပြီး လူတစ်ဦး ချင်းစီမှာ တရားဓမ္မများရင်ထဲကိန်းအောင်းနိုင်ကြပါစေ ဆုမွန်ကောင်း တောင်းအပ် ပါသည်။"

မြကြေးမုံ (BA Part-1)

မိလိန္ဒကိုပြဋ္ဌာန်းအဖြစ် သတ်မှတ်ထားလို့ ကျေးဇူးတင်ပါတယ် အရင်ကဖတ်ဖူးပေမယ့် မတွေးဖူးပါ ဖြေရမယ်ဆိုမှ အထပ်ထပ်ဖတ်ရင်း ပိုပိုနားလည်ခဲ့ရပါတယ်ဘုရား

ဒေါ်ခိုင်ဖြူဖြူထွေး (BA Part-1)

"ဦးစွာ ပထမ ပညာဘူမိတက္ကသိုလ် ၏အဓိပတိ ဆရာတော်ဘုရားကြီး ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသ ကို ရိုသေစွာဦးခိုက်ပူဇော်ပါ၏ ဘုရား 🙏🙏🙏 ဆရာတော်ဘုရားကြီး သာသနာ့ဝန်၊ခန္ဓာ့ဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ 🙏🙏🙏 Level 1 က စပြီး တရားတော်တွေကို လေ့လာ ကျက်မှတ်ပြီး ဖြေဆိုပူဇော်ခဲ့တာ တန်ဖိုးမဖြတ်နိုင်တဲ့ တရားအသိတွေ မိမိ၏ နှလုံးသားမှာ ကိန်းဝပ်လာခဲ့ပါတယ် အရင်က ကိစ္စတစ်ခုဖြစ်ပြီ ဆိုရင် စိတ်ထဲမှာ စိုးရိမ်ပူပန်စိတ် များမိပါတယ်။ တရားတော် တွေဖတ်ရှုလေ့လာရတဲ့ အခါမှာ ခုဆိုရင် သိသာစွာ ကိုယ့်စိတ်ကို သတိလေးထား တတ်လာပါတယ်။ အရာရာ ဟာ ခဏတာ၊ သူ့အချိန်ကျရင် ဖြစ်စရာရှိဖြစ်မယ် ၊ ပျက်စရာ ရှိပျက်မယ်၊ စိုးရိမ်ပူပန်နေရင် ကိုယ့်စိတ်ပဲ ပူလောင်ပြီး နေရမှာဖြစ်ပါတယ်။ ပရိတ် တရားတော်တွေကိုလည်း အရင်ကဆိုနှုတ်တိုက်သာရွတ်ဆိုနေရာက ခုဆိုရင် အဓိပ္ပါယ်နှင့် တကွ သဘောပေါက်နားလည်းလာရပါတယ် 🙏 စီးပွားရှာရမှာလည်း ဆောင်သင့်တာ ဆောင် ၊ ရှောင်သင့်တာ ရှောင်ရမည့် တရားတော်တွေကို လေ့လာ့မှတ်သားခွင့်ရခဲ့ပါတယ် နောင်ဘဝ အတွက် ကောင်းကျိုးချမ်းသာရရှိဖို့ အတွက် ယခုပစ္စုပ္ပန်ဘဝမှာ ကြိုတင် ပြင်ဆင်ရမည့် အကြောင်းအရာတွေကိုလည်း မှတ်သား နာယူခဲ့ရပါတယ် 🙏 "

ဒေါက်တာစိုးစိုးလွင် (BA Part-1)

ဆရာတော်ဘုရား တရားဓမ္မများကိုလေ့လာ ပူဇော်ခွင့်ရလို့ကျေးဇူးကြီးမားလှပါတယ် ဘုရား လက်တွေ့မှာလည်းတရားဓမ္မ အတိုင်းကျင့်ကြံနေထိုင် နိုင်အောင်ကြိုးစား ပါ့မယ် ဘုရား။

ဒေါ်မြမော်အေး (BA Part-1)

ဆရာတော်ကြီးရဲ့မေတ္တာဓါတ်ကိုခံယူလျက်တရားအသိနဲ့စိတ်ကိုအကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါပြီဘုရား။

ဒေါ်ပုံပပ (BA Part-1)

တပည့်တော် သိသိသာသာပြောင်းလဲလာတာကတော့ ဘယ်စိတ်ပဲဖြစ်ဖြစ် ဖြစ်ချိန် မကြာတော့ပါဘုရား။ ဝမ်းသာတာပဲဖြစ်ဖြစ် ဝမ်းနည်းတာ ဒေါသဖြစ်တာပဲဖြစ်ဖြစ် ကြာရှည်ကြီး ဖြစ်မနေတော့ပါဘုရား စာတွေကိုဆက်လက်လေ့လာပြီး လက်တွေ့လည်း ကျင့်သုံးသွားပါ့မယ်ဘုရား အရှင်ဘုရားကို ရိုသေစွာရှိခိုးကန်တော့ပါတယ် ဘုရား

အရှင်ပညာသီရီ (BA Part-1)

ကုသိုလ်စိတ်များသာ စဉ်ဆက်မပြတ်တိုးပွားခြင်းနှင့်အတူ သီလတည်းဟူသော ထောက် တည်ရာကိုအမှီပြု၍ ယှဉ်ဒဂ်ကုသိုလ်တရားများ၏ လုပ်ဆောင်မှု လက္ခဏာများ ၏ နက်နဲမှုများကိုသင်ယူလေ့လာခြင်းကြောင့် ဖြစ်သောအသိတည်းဟူသော ဉာဏ်ဖြင့် သိမြင်၍ ပညာတည်းဟူသောဆုံးဖြတ်နိုင်စွမ်းနှင့်တကွ အလင်းရောင်ဖြန့်ကျင်းတည်း ဟူသောပညာအလင်းဖြင့် ကိလေသာတည်းဟူသော ပူပန်စေတတ်နိပ်စက်အပ်ကုန်သော ဒုက္ခများကိုလျော့နည်းစေခြင်းမှသည် ခန္ဓာဝန်၏နောက်ဆုံးချိန်အထိ ကုန်ခမ်းချုပ်ငြိမ်း

သွားစေရန်အကျင့်မြတ်များကို တစိုက်မတ်မတ်အားထုတ် ကျင့်ကြံသွားနိုင်ပြီဖြစ်သည့် အတွက် ဆရာတော်ဘုရားကြီးနှင့်တကွ ရတနာသုံးပါးဦးထိပ် ပန်ဆင်၍ရှိခိုးဦးခိုက် ပါဇ၏အရှင်ဘုရား။

ယုယုစံ (BA Part-1)

တဆင့်ထက်တဆင့် ဖြေးဖြေးချင်းကိုယ့်အခြေအနေကို နားလည်သဘောပေါက် လာပါ တယ်။ အခုစာမေးပွဲအတွေ့အကြုံ အရ ကိုယ်စာတစ်အုပ်လုံး မေးနိုင်သမျှ ကြိုးစားကျက် ထားပေမယ့် ကိုယ်မထင်ထားတဲ့ ဘက်ကနေ မေးလာတော့ ဖြေတဲ့အခါ ၂ ပုဒ်လောက် အခက်အခဲဖြစ်ပါတယ်ဘုရား စာတစ်ပုဒ်ကိုသေချာကြေညက်မှ နောက်တစ်ပုဒ်တိုး ကျက်မှတ် ရမယ်လို့ နားလည်သဘောပေါက်လာပါဘုရား။

တင်ဝါဝါလင်း (BA Part-1)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရာမှာလည်း စနစ်ကျပါတယ် ဆရာတော်ကြီး၏ တရားတော်များကို ကိုယ်တိုင် အချိန်ပေးပြီး နာယူရတဲ့အတွက် ဘာသာရေး လုပ်ချိန်တွေ ပိုရလာပြီး တရားအသိ ဓမ္မအသိပိုတိုးလာပါတယ် ဆရာတော်ကြီးရဲ့ တရားတော်တွေ အတိုင်း ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပဲ ရိုးသားစွာ ဖြေဆိုခဲ့ပါတယ် ဆရာတော်ကြီး တရားတော်တွေပူဇော်ရတဲ့အတွက် ဘာသာရေးနဲ့ပတ်သက်တဲ့ ကိုယ်မသိ သေးတဲ့ အမှန်တရားတွေ ဗဟုသုတတွေ အများကြီးရတဲ့အတွက် ဆရာတော်ကြီးနှင့်တကွ မေးခွန်းထုတ်တဲ့ဆရာတော်များ အမှတ်ချစ်တဲ့ဆရာတော်များ ဝေယျာဝစ္စ သုတဓမ္မ ပါရမီဖြည့်ဖက် အဖွဲ့သားများအားလုံးကို ရိုသေစွာကန်တော့ပါတယ် 🙏🙏🙏🙏🙏

မောင်အောင်သန်းဇော် (BA Part-1)

ဤစာမေးပွဲကိုဖြေဆိုရခြင်းကြောင့် မသိသေးသည့်အကြောင်းအရာများကို သိလာရပါသည်။ ဘုရား၊တရားအပေါ် ပိုမို ယုံကြည် (သဒ္ဓါတရား) ပိုရှိလာပါသည်။

Soe Soe New (BA Part-1)

"ပညာပါရမီ ဆိုတာ မိမိကိုယ်တိုင် လေ့လာ သင်ယူမှတ်သား လိုက်နာ ကျင့်ကြံ ကြိုးစားရမယ် ဆိုတာ သိပြီး ဝီရိယစိုက်ဖြေဆိုခဲ့ပါတယ်။ အထူးအားဖြင့် တပည့်တော် သည် ဆရာတော်ဘုရားကြီး ပခုက္ကူခရိုင် ကမ္မဗြိုသို့ ညတရားပွဲ ၂ည တိတိ လာရောက် ဟောကြားခဲ့စဉ် က အကြောင်းအရာလေးကို လျောက်ထားလိုပါသည်။ ဆရာတော် ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ကို အာရုံပြုပြီး တပည့်တော် ရဟန်းစီးဘိနပ် လှူခဲ့ပါသည်။ ထိုအလှူဒါနကောင်းမှု အကြောင်းပြု၍ ခရီးသွားရာ လွယ်ကူစွာ သွားနိုင်သောအကျိုးကို သိသိသာသာ ခံစားရပါသည်။ ထို အကျိုး ကို တောင့်တပြီး လှူခဲ့တာ မဟုတ်။ တပည့်တော်တို့နယ်က ထွက်သော အမှတ်တရအဖြစ် ဘုန်းဘုန်း ကို ရဟန်းစီး ဘိနပ် လှူခဲ့ခြင်းသာ ဖြစ်ပါသည်။ ယခု စာမေးပွဲ ဖြေဆိုဖြစ်ခြင်း အဓိက. အကြောင်းရင်းမှာ ဘုန်းဘုန်း ၏ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည် စကားရပ်ကို အလေးထားပြီး ဖြေဆိုခြင်းဖြစ်ပါသည်။ ကိုယ့်အရပ်ဒေသ ကိုယ့်အိမ်ယာကို စွန့်ခွာပြီး နေရသော ယခုလိုကာလတွင် ဘုန်းဘုန်း၏ သုတဓမ္မ စာမေးပွဲများ ကျင်းပပေးခြင်းသည် တပည့်တော်အတွက် အကုသိုလ် စိတ် ဖယ်ရှားနိုင်ခြင်း ကုသိုလ် စိတ် တိုးပွားစေခြင်း စိတ်ကြည်လင်စေခြင်းတို့ဖြစ်စေပြီး တန်ဘိုးဖြတ်မရပါ။ အကုသိုလ် ဖြစ်စေမည့် စိတ်အတွေးများ အပြောများ မလာရောက်နိုင်တော့ပါ။ အကုသိုလ် ဖြစ်စေမည့် အတွေးအကြံ အပြုအမူ အပြောအဆိုများ လာခဲ့ရင်လည်း ကြာကြာလက်ခံချိန်မရှိ ကုသိုလ် တိုးစေမည့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များကို လေ့လာ သင်ယူ ကျက်မှတ် နာယူ မှတ်သား လိုက်နာကျင့်သုံး လိုစိတ်များသာ တိုးပွားလာခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ ကျေးဇူး တရားများမှာ ရေးမကုန်နိုင်ပါ။ Level 1 မှစ၍ အသိတရား နောက်မှ အကျင့်တရား ပါလာစေရန် နာယူမှတ်သားပြီး ကြိုးစား အားထုတ် နေပါသည်။ ကံ ကံ၏အကျိုး ကံဆိုတာ အလုပ် အတွာဟိ အတ္တနော နာထော ဆိုသည်ကို အကြွင်းမဲ့ လက်ခံ ယုံ ကြည်ပါသည်။ ဘုန်းဘုန်း ဟောကြားသောတရားတော်များကို စာမေးပွဲဖြေဆိုခြင်း စာမေးပွဲ အောင်မြင်ဖို့အတွက် သာမက ဘဝ သံသရာမှ လွတ်မြောက် နိုင်သည်ထိ ကြိုးစားရမည်ကို နားလည်ပြီး ကြိုးစားပါမည်။ ကြိုးစားနေပါ သည် ဟု ဤစာရေးသားပြီး ကန်တော့ပါသည် ဘုန်းဘုန်း ဘုရား။"

သိန်းအေးထွေး (BA Part-1)

"ဆရာတော်ဘုရားကြီးဘုရား တပည့်တော်မရှိသေလေးမြတ်စွာ လျှောက်ထားပါ ရစေ ဘုရား။ တပည့်တော်မသည် သုတဓမ္မLevel 1မှ ယခု သုတဓမ္မဂဝေသီ BA part 1 ထိ တပည့်တော်မှ ရရှိခဲ့ပါသော ဓမ္မ အသိများကို လျှောက်ထားမှု မပြုမီ ဆရာတော် ဘုရားကြီး ၏ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်တို့ကို အာရုံပြုလျက် ခြေတော်အစုံ ဦးခိုက် ကန်တော့ပါ၏ဘုရား။ တပည့်တော်မ၏ သူငယ်ချင်း တက္ကသိုလ်အတူတူ တက်ခဲ့သူ ကုန်ထုတ်ဓာတုဗေဒမှ သုငယ်ချင်း၏ စာမေးပွဲဖြေဆိုရန် ညွှန်ပြပေးမှု ဖြင့် စတင်လေ့လာခဲ့ ပါသည်ဘုရား။ ညွှန်ပြသူကတော့ ဆရာတော်ဟောကြားသော ပြဋ္ဌာန်းပါတရားကို အိမ်တွင်နာ နေပါသည်။ ပူဇော်နေပါသည်ဘုရား။ ကျန်းမာရေးကြောင့် မဖြေနိုင် မပူဇော် နိုင်ခဲ့ သေးပါဘုရား။ ယခုနှစ်မှ စ၍ဖြေဆိုနေပါပြီဘုရား။ တပည့်တော်သည် အားသည့် အချိန်တိုင်း ရိပ်သာ၌ တရားအားထုတ်လေ့ရှိပါသည်ဘုရား။ ၁၀ရက် စခန်းသဝင် ဖြစ်ပါသည်ဘုရား။ သဒ္ဓမ္မရံသီရိပ်သာ၌ တရား အားထုတ်စဉ် ၌ တွေ့ကြုံရသည်များကို တရားစစ်ဆရာတော် အားလျှောက်ရမှန်း မသိခဲ့ပါ။ ပြန်ခါနီး 3ရက်မှသာ တရားလျှောက် ခဲ့ရာ ဆရာတော်မှ အဘိဓမ္မာ တရားကို လေ့လာခိုင်းခဲ့ရာမှ တရားစာပေကို စိတ်ဝင်စား လာရပါသည်။ လူ ဘာကြောင့်ဖြစ်လဲ သိလာရပါသည်။ တစ်ခုခုဖြစ်လာလျှင် အကြောင်း အကျိုးကို သဘောပေါက် လာရပါသည်။ ပဋ္ဌာန်းစာပေကိုလည်း လေ့လာခဲ့ပါသည်ဘုရား။

ပါဠိစာပေ ကို လေ့လာရာ အလွန်သဘောကျပါသည်ဘုရား။ သံယုတ္တနိကာယ်ကိုလည်း တက်ခဲ့ပါသည်ဘုရား။ သို့သော် သိလိုစိတ်ဖြင့်တက်ခဲ့ပြီးစာမေးပွဲ မဖြေဖြစ်ခဲ့ပါဘုရား။ ထို့နောက်ပိုင်း အသက် ၅၀မှစ၍ ရိပ်သာကို ရက်ရှည်ပိတ်တိုင်း တရားအားထုတ်ခဲ့ပါသည်ဘုရား။ ပညာဘူမိတက္ကသိုလ်မှ စစ်သော သုတဓမ္မစာမေးပွဲ ဖြေဆိုရသောအခါ ပြဋ္ဌာန်း စာအုပ်ပါတရားတော်များကို လေ့လာနာယူ၊ မှတ်သား၊ကျက်မှတ်ရင်းမှ အသိဉာဏ်များတိုးတက်လာပါသည်ဘုရား။ ရှင်အာနန္ဒ ကို ပို၍ ကြည်ညိုလာရပါသည်။ မြတ်စွာဘုရားအားအနီးကပ် ဘုရား၏ဝေယျာဝစ္စများ၊ဓမ္မတာဝန်များကို ဆောင်ရွက်နေရပါသဖြင့် သောတာပန်ဘဝနှင့် နှစ်ပေါင်း၄၀ကျော်နေခဲ့ရပြီးနောက် ပထမသင်္ဂါယနာတင် ဖို့ရန် ညလုံးပေါက်ကြိုးစားအားထုတ်မှု ကိုအလွန်အားကျမိပါသည်ဘုရား။ မဟာစည်ဆရာတော်ဘုရားကြီးမှ ယောဂီပုဂ္ဂိုလ်သည် သတိပဋ္ဌာန်တရားကို ရှုမှတ်ရာတွင် သတိကပ်၍ အမြဲရှုမှတ်နေရမည်။ ယောဂီပုဂ္ဂိုလ်၏နားချိန်မှာ အိပ်ပျော် သွားသော အချိန်သာဖြစ်၏။ ရှင်အာနန္ဒသည် ထိုကဲ့သို့ ရှုမှတ်ရင်း ရဟန္တာဖြစ်သွား၏ ။မည်သည့် အချိန်မဆိုဖြစ်နိုင်၏။ ဟုဟောကြားမှုထားမှုမှာ နားရည်ဝနေပါ၏ဘုရား။ ဣရိယာပုတ် လေးပါးမှ လွတ်သောအချိန်တွင် ရှုမှတ်ရင်း ရဟန္တာ ဖြစ်သွားသည်ကို မိမိကိုယ်တိုင် ယခုကဲ့သို့ စာမေးပွဲဖြေရာမှ ပို၍ သိနားလည်ခဲ့ရပါသည်ဘုရား။ သုတဓမ္မLevel 1တွင် မေတ္တာပွားနည်း ကိုလည်းလက်တွေ့ အသုံးချတတ်လာပါသည်ဘုရား။ သုတဓမ္မ Level 2 ခန္ဓသုတ်ပါ အဆိပ်ပြင်းသော အကောင်ငယ် ကိုယ်တွင် ကိုက်သည်ကိုလက်တွေ့ ခန္ဓသုတ်ပါအတိုင်းမေတ္တာပွားခဲ့ပါ၏ဘုရား။ သုတဓမ္မ Level 3၌ ရတနသုတ်ပါ ဘုရားဂုဏ်။ တရားဂုဏ်။သံဃာဂုဏ်တို့ဖြင့် သစ္စာဆိုတတ်လာပါသည် ဘုရား။ မိလိန္ဒပဉ္ဟာသည် တပည့်တော် တို့အားပို၍ မေးခွန်းများမေးတတ်စေရန်၊စဉ်းစားတတ်စေရန်၊ စာဖတ်ရာတွင်လည်း စေ့စေ့စပ်စပ်ဖတ်တတ်စေရန်၊ မည်သို့မေးလျှင်မည်သို့ ဖြေရမည်ကိုပါ သင်ပေးသွားပါသည်။ မြတ်စွာဘုရား၏ နက်နဲခက်ခဲသောတရားတော်များကို ပူဇော်ခွင့် ရခဲ့ပါသည်ဘုရား။ အတ္ထာနံ ဓာရေန္တေ စတူသု အပါယေသု အပတမာနေ ဓာရေတီတိ ဓမ္မော။ ပါဘုရား။

တရားစာပေများကို လေ့လာနေရင်း မိမိ၏စိတ်မှာ အေးငြိမ်းနေပါသည်ဘုရား။ မိလိန္ဒပဉ္ဟာ၌ မှတ်စရာမှာ များလွန်း၍ မှတ်ရင်းမှတ်ရင်း စိတ်ကို အေးချမ်းသွားပါသဖြင့် တရားဆိုသည်မှာ အချိန်မရွေး ရနိုင်ပါသည်။သမာဓိရှိလာလျှင်ယထာဘူတအမှန်ကို သိမြင်လာနိုင်ပါသည်ဟုပို၍ သိမြင်လာပါသည်ဘုရား။ တပည့်တော် အနှစ်သက်ဆုံးမှာ ရောက်မလာသေးသောဒုက္ခ ကို ဖယ်ရှားဖို့ရန်ကြိုတင်လုံ့လပြုထားရမည်။ ယခုရရှိထားသောဒုက္ခကိုငြိမ်းပြီး နောက်ဒုက္ခ မဖြစ်ဖို့ မီးမောင်းထိုးပြနေပါသည်ဟုနားလည်ပါသည်ဘုရား။ ဆရာတော်ဘုရား ကြီး၏ ရည်ရွယ်ချက်မှာ ထို ဓမ္မစာပေကို လေ့လာသင်ယူရင်း ဘဝနေနည်းများကိုလည်းရစေ။ မသိနားမလည်သေးသောသူများကိုလည်း မျှဝေစေ။ မိမိကိုယ်တိုင်လည်း ရရှိထားသောဒုက္ခမှအဆုံးသတ်ဖို့ ရန်။ ကုသိုလ်ဆိုသော လှေကြီးကို သဒ္ဓါ၊ဝီရိယ၊သတိ၊သမာဓိ၊ပညာဖြင့် လုပ်ဆောင်သွားရပါမည်။ ထိုစွမ်းအားများလုပ်ဖို့ရန် သီလသည် အခြေခံ အကျဆုံးဖြစ်ကြောင်း သိနားလည်ရပါသည်။ အဘိဓမ္မာ ဆိုင်ရာ စေတသိက်တရားများက တရားရှုမှတ်ရာတွင်များစွာ အထောက်အကူပြုပါသည်ဘုရား။ ကိုယ်တိုင် သင်ယူ လေ့လာထားခြင်း၊ မသိနားမလည်သည်များကို မေးမြန်းထားခြင်း ဖြင့် ဥဏ္ဍာပညာကြီးမားအောင် တစ်ဖက်တစ်လမ်းမှ စာမေးပွဲစစ်ပေးခြင်း၊ ဘွဲ့လက်မှတ်ပေးခြင်းတို့ဖြင့် တပည့်တော်တို့အား ဆွဲခေါ်သွားသော ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိဂုဏ်၊ပညာဂုဏ်တို့အားအထူးအလေးအမြတ်ထားဦးထိပ်ပန်ဆင်လျက်ရှိသေစွာ ရှိခိုးကန်တော့လိုက်ရပါ၏ဘုရား။ "

ဝင်းဝင်းမာ (BA Part-1)

စကားပြောစွမ်းရည်ဆိုင်ရာဗဟုသုတများရရှိပါသည်။

မမိမိစိုး (BA Part-1)

စာမေးပွဲ သိပ်မဖြေနိုင်ပါ မေးခွန်းနှင့်ဆိုင်မည်ထင်၍ တချို့ တိုက်ရိုက်မဖြေနိုင်ပါ သို့သော် သက်ဆိုင်မည့် စာသားများထင်၍ မြတ်စွာဘုရားရဲ့ ဆုံးမစကားများ ကိုယ်သိလာသည့်

အသိများအားဆိုင်မည်ထင်၍ ဖြေမိပါသည် ကိုယ့်ဘဝ အတွက်အများကြီးအကျိုးရှိပါသည် မိခင်ကြီးမှာ အသက်၈၆ နှစ်ရှိသော်လည်း တပည့်တော်ကို စာကျက်ခိုင်း စာမေးပါသည်။မိခင်ကြီးအားလည်း တပည့်တော်၏ တရားအသိအားေပြာပြနိုင်ပါသည် ဘုန်းဘုန်းကြီးနှင့် ဆရာတော်ဘုရားများအားဦးတင်လျက်ပါဘုရား ဆက်လက်ကြိုးစားချင်ပါသည်ဘုရား 🙏🙏🙏

Win Pa Pa Myo (BA Part-1)

စာမေးပွဲအတွက်လေ့လာကိုက်မှတ်ရခြင်းနှင့် ဆရာတော်ဘုရားကြီး၏ တရားတော်များ နေ့စဉ်နာကြားရခြင်းအတွက် အသိဉာဏ်များတိုးတက်ပြီးနေ့စဉ်ဘဝမှာကြုံတွေ့ရသော စိတ်အလိုမကျမှုဒေါသများကို သတိဖြင့်ထိန်းလာနိုင်သလို စိတ်သောကများကိုလည်းစာပေကျက်မှတ်ခြင်းတရားနာယူခြင်းဖြင့် သောက လျော့ပါးအောင်နေထိုင်တတ်လာခဲ့ပါသည်ဘုရား။

ဒေါ်သက်သက်ဦး (BA Part-1)

နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမယ့် ဗုဒ္ဓ၏အဆုံးအမများကို ပိုမိုသိလာပြီး အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးပါသည်။ သံသရာကောင်းကျိုးအတွက်လည်း ကုသိုလ် အလုပ်ပို လုပ်ဖြစ်ပါသည်။ဆရာတော်ကြီး၏ကျေးဇူးကြီးမားလှပါသည် 🙏🙏🙏

ကိုထက်ဝေဦး (BA Part-1)

"တန်ဖိုးဖြတ်မရတဲ့အသိမျိုးတွေကို ရရှိတဲ့အတွက် ဆရာတော်ကြီး ကျေးဇူးတော်ကို အကြိမ်ကြိမ် ဦးခိုက်ပါ၏ ဘုရား ဆရာတော်ဘုရားကြီး ကျန်းမာပါစေဘုရား အနာရောဂါ

ကင်းပါစေ ဆရာတော်ကြီး ဘုရားဖြစ်သောအခါဝယ် သာဝကအနေဖြင့် ဗောဓိရိပ်မာသွန်းလောင်းနိုင်ပါရစေဟုဆုတောင်းပါ၏ဘုရား။🙏🙏🙏"

ဒေါ်မြတ်ဝတ်ရည်ဝင်း (BA Part-1)

အဘိဓမ္မာရဲ့သဘောတရားတွေကို ပိုပိုပြီး နားလည်သဘောပေါက်လာရပါတယ်ဘုရား အရာရာကိုတရားသဘောနဲ့ယှဉ်ပြီးစဉ်းစားတတ်လာလို့ စိတ်လေးတွေလည်း အေးချမ်းလာတယ် ဒေါ်သလေးတွေလည်းလျော့လာပါတယ်ဘုရား။

မမိမိစိုး (BA Part-1)

အသိညာဏ် ဗဟုသုတ များစွာတိုးတက်ခဲ့ရပါသည် ဆက်လက်ကြိုးစားချင်ပါသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည့်အတွက် မြတ်စွာဘုရား၏ အဆုံးအမ စကားများအား ကြားနာရသည်မှာ မိမိဘဝ အတွက်များစွာအကျိုးရှိပါသည် ဆက်လက်ကြိုးစား ပူဇော်ချင်ပါသည် အနှစ်သာရ ရှိသည့်တရားများအား မအားလပ် သည့်ကြားက ပူဇော်ခွင့်ရသဖြင့် ကံကောင်းလှသည်ဟုယူဆပါသည်။

Phyu Phyu Thinn (BA Part-1)

Level 1 မှ စ၍ BA part 1 အထိ အဆင့်ဆင့် လေ့လာ မှတ်သားခဲ့ရသော ဆရာတော် ဘုရားကြီးဟောကြားသည့် တရားဓမ္မဖြင့် ဘဝတွင် ပိုမိုအဆင်ပြေပြေနေတတ်စေရန် ၊ နှလုံးသွင်းတတ်စေရန် အထောက်အပံ့အလွန်ဖြစ်ပါသည်။ မှတ်သားနာယူခဲ့ရသော ဓမ္မ အသိသည် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကျေးဇူးများအတွက် အထောက်အပံ့ ကောင်းများဖြစ်စေပါသည်။ အဆင့်တစ်ဆင့်ပြီးတစ်ဆင့်တက်သွားတိုင်း အသိညာဏ်ပိုမို ရရှိပြီး လက်တွေ့ဘဝတွင် လေ့လာကျင့်သုံးရန် တွန်းအားဖြစ်ပေါ်

စေပါသည်။ နေ့ရက်တိုင်တားရားဓမ္မကိုနှလုံးသွင်းပြီး တရားသဘောနားလည် သဘောပေါက်စွာ ကုန်ဆုံးရခြင်းသည် ကျေနပ်စရာကောင်းလှပါသည်။

ဒေါ်ဖြူသက်ဝိုင် (BA Part-1)

"ကျွန်မသည် အသက် ၂၅နှစ်အရွယ်မှစ၍ တရားစခန်း စဝင်ဖြစ်ခဲ့သည်။ မဝင်ဖြစ်ခဲ့တဲ့ နှစ်တွေလည်းရှိသည်။ ဝင်လေ ထွက်လေ စတင်မှတ်ရှုခဲ့ပြီး ဝိပဿနာတရားနှင့် စိမ်းသက်မှုတော့ ရှိမနေခဲ့ပါ။ သို့သော် ဆရာတော်ဘုရားကြီး၏ BA part -1အတန်းမှ စ၍ အဘိဓမ္မာနှင့် ထိတွေ့မှု ရခဲ့ပါသည်။ အရင်က တရားစခန်း အကြိမ်ကြိမ်ဝင်ဘူး ရှုမှတ်ခဲ့ဘူး သော်လည်း အဘိဓမ္မာ တရားတော်ကို ပူဇော်ခွင့်မရခဲ့ပါဘူး။ ယခုလို မိလိန္ဒမင်းကြီး နှင့် ရှင်နာဂသေနတို့ကို ပူဇော်ခွင့်ရမှ မိမိခန္ဓာ၏ သဘောတရားကို သေချာကျနစွာ နားလည်လားရပြီး အဘိဓမ္မာ နားလည်ပြီးမှ တရားရှုမှတ်ရင် ပိုအကျိုးကျေးဇူးများ ကြောင်း သိလာရပါသည်။ ဆရာတော်ဘုရားကြီးက တရားနောက်ဆုံးမှာ ယခုလို မိလိန္ဒ မင်းကြီးနှင့် အရှင် နာဂသေနာတို့ အပြန်အလှန် မေးခွန်းထုတ် ဖြေဆိုတာကို လေ့လာရင်း ညဏ်ရည်ညဏ်သွေး တိုးတက်ပါစေဟု အမြဲ ပြောခဲ့တာကို အကြိမ်ကြိမ် ကျေးဇူးတင် ဦးခိုက်ပါသည်ဘုရား။ "

ဆုမြတ်ပြည့် (BA Part-1)

စာမေးပွဲ ဖြေမည်ဟု ဖောင်တင်ပြီးပါက တရားတော်များကို အမြဲနာယူ ဖြစ်ပါသည်။ အိမ်အလုပ်လုပ်ရင်း၊ကျောင်းအလုပ်လုပ်ရင်း အချိန်အားရင်အားသလို ပြဌာန်းစာအုပ်ကို ဖတ်ရှုပါသည်။ ဂုဏ်တော်ပွားပါသည်။ မေတ္တာပို့ပါသည်။ နေ့စဉ်ဘဝတွင် ဒေါသထွက်စရာ ကိစ္စများ ကြုံလာခဲ့လျှင်လည်း ဒေါသကို အချိန်မီထိန်းနိုင်လာပါသည်။ မိသားစုအပေါ် တွယ်တာမှုကို လျော့ချနိုင်လာပါသည်။ အရင်က အသက်၉၀ ကျော်အဘွား၊ အသက်၆၀ ကျော် အမေ၊သမီးဖြစ်သူ၊ ထိုသူတို့နှင့်ပက်သက်လာပါက မြားဥချက်မက အမှန်ခံ

ရပါသည်။ ယခုတော့ မမြဲခြင်း၊ဆင်းရဲခြင်း၊အစိုးမရခြင်း တို့ကို အတန်အသင့် နှလုံးသွင်း လာနိုင်၍ ထိုသူတို့နှင့်ပက်သက်ပြီး အမှန်လုပ်ပေးရန် လိုအပ်သည်ကို စဉ်းစားဆင်ခြင် နိုင်လာပါသည်။ ကိုယ်မရှိတော့သည်ဖြစ်စေ၊ သူတို့မရှိတော့သည်ဖြစ်စေ အဆင်ပြေ စေကြရန် စဉ်းစားဆုံးဖြတ်၍ လုပ်စရာရှိသည်ကိုလုပ်ဆောင်နိုင်လာပါသည်။ ကိုယ့်အပေါ် မကောင်းခဲ့သူများကိုလည်း စိတ်ရှင်းရှင်းနဲ့ခေါ်ပြောနိုင်လာပါသည်။ ခွင့်လွှတ်ပေးနိုင် လာပါသည်။ မိမိပိုင်ပစ္စည်းများကို မျှဝေပေးကမ်းဖြစ်ပါသည်။ မသေခင် လုပ်စရာများ များစွာရှိနေသည်ကို သိမြင်လာ၍ မိမိ၊ သူတစ်ပါး အကျိုးမရှိသည့် အလုပ်များကို ရှောင်ကြဉ်လာနိုင်ပါသည်။

ဒေါ်ဖြူသက်ဝိုင် (BA Part-1)

ကျွန်မသည် အသက်၂၅ နှစ်အရွယ်မှစတင်၍ ယခုအချိန်အထိ တရားစခန်း ဝင်ဖြစ်ခဲ့ပါ သည်။ မဝင်ဖြစ်တဲ့ အခါတွေလည်းရှိခဲ့ပါသည်။ သို့သော် အဘိဓမ္မာကို တစ်ခါဘူးမှ မလေ့လာခဲ့မိပါ။ ယခု BA-Part1အတန်းမှ အဘိဓမ္မာကို စတင်လေ့လာခွင့်ရခဲ့ပါသည်။ ယခင်က တစ်ခါမှ အဘိဓမ္မာကို မလေ့လာခဲ့မိပါဘူး။ ယခင်က မသိနားမလည်ခဲ့ သည်များကို ယခုမှ ပိုပိနားလည်လာရပါသည်။ သုတဓမ္မ Level1မှစပြီး BA Part1အထိ တစ်ဆင့်ချင်းတစ်ဆင့် တရားတော်များကို လေ့လာပူဇော်ရသည်မှာ မိမိကိုယ်ကို ယုံကြည်မှု ပိုမိုရှိလာပြီး တရားအသိညဏ်ပိုမို ရရှိလာပါသည်။

ဒေါ်ဖြူသက်ဝိုင် (BA Part-1)

"ကျွန်မသည် အသက်၂၅ နှစ်အရွယ်မှစတင်၍ ယခုအချိန်အထိ တရားစခန်း ဝင်ဖြစ်ခဲ့ ပါသည်။ မဝင်ဖြစ်တဲ့ အခါတွေလည်းရှိခဲ့ပါသည်။ သို့သော် အဘိဓမ္မာကို တစ်ခါဘူးမှ မလေ့လာခဲ့မိပါ။ ယခု BA-Part1အတန်းမှ အဘိဓမ္မာကို စတင်လေ့လာခွင့်ရခဲ့ပါသည်။ ယခင်က တစ်ခါမှ အဘိဓမ္မာကို မလေ့လာခဲ့မိပါဘူး။ ယခင်က မသိနားမလည် ခဲ့သည်များ

ကို ယခုမှ ပိုပိနားလည်လာရပါသည်။ သုတဓမ္မ Level1မှစပြီး BA Part1အထိ တစ်ဆင့်ချင်း တစ်ဆင့် တရားတော်များကို လေ့လာပူဇော်ရသည်မှာ မိမိကိုယ်ကို ယုံကြည်မှု ပိုမိုရှိလာပြီး တရားအသိညဏ်ပိုမို ရရှိလာပါသည်။ဆရာတော်ဘုရားကြီးကို ကျေးဇူးတင် ဦးခိုက်ပါသည်ဘုရား 🙏🙏🙏"

ဦးဝင်းမြင့် (BA Part-1)

"လောကီကုသိုလ်အပြင် ကျင့်ကြံအားထုတ်မှုအပိုင်းအတွက် အတွင်းကျကျ အမှန်တကယ် သိသင့်သော အချက်များ (ယောဂီများတရားစခန်းဝင်ပြီး သတိထားရမည့်၊ သိထားရမည့် အချက်များကို ပိုမိုသတိထားမိလာပြီး အသိတိုးပွားရပါသည်။အဘိဓမ္မာကို သင်တန်း မတက်ဘဲ မြန်မာလို အခြေခံမျှသိရှိလာရပါသည်ဘုရား။ သင်္ကန်းဝတ်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာသိရှိလာရသဖြင့်အလွယ် ထင်မှတ်၍ ဒုလ္လဘဝတ် (ယ္ခုခေတ်အသုံးကိုရည်ရွယ်ပါသည်) ကြခြင်းကိုလည်း ကိုယ်တိုင်သတိထား ဆင်ခြင်နိုင်သလို မသိသေးသူတို့အားလည်းလမ်းညွှန်ပြောကြားလာနိုင်ပါသည်ဘုရား။"

မထက်ထက်ဦး (BA Part-1)

စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း တရားဓမ္မနဲ့ အနှစ်သာရတွေကို ပိုမိုသိမြင်လာပါတယ်။ တရားများကို အဖန်ဖန်အထပ်ထပ် နာယူချိန်တွင်လည်း ဆရာတော်ကြီး အပေါ်မှာ ကြည်ညိုသဒ္ဓါပွါးစိတ်တွေဖြစ်ပေါ်မိပါတယ်။

ဦးတင်ထွေးလွင် (BA Part-1)

"သုတဓမ္မလို့ဆိုတဲ့အတိုင်း ဓမ္မနဲ့ပါတ်သက်တဲ့ ဗဟုသုတတွေကိုအများကြီးရရှိခဲ့ပါတယ် လိုက်နာကျင့်သုံး နေထိုင်ဖို့ကိုလည်းစိတ်ထဲမှာ တွန်းအားဖြစ်လာပြီး သဒ္ဓါဆိုတဲ့ ယုံကြည်မှု ပိုခဲ့ပါသည်။"

ယုဇနန်းမျိုး (BA Part-1)

ဓမ္မအသိများတိုးလာပါသည် မသိသေးသောအရာများအသိရှိပြီး အသိပညာဗဟုသုတများ တိုးပွားလာပါသည်။

ဒေါ်လွင်မာ (BA Part-1)

"ရှေးဦးစွာ ဆရာတော်ဘုရားအား ရှစ်ခိုးဦးတင်ပါ၏ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြောင့် BA1ထိဖြေဆိုခဲ့ပါပြီ တရားတော်များကိုလေ့လာကျက်မှတ်ရင်း တပည့်တော်တို့ မသိခဲ့သော အကြောင်းအရာများ သိခွင့်ရခြင်း သိထားသော်လည်း မပြည့်အဝ နားမလည်သေးသောအရာများ သိထားပြီးသားများ ကိုလည်းပို၍ နားလည်လာပါသည် ဘုရား။ အထူးသဖြင့် နေ့စဉ်ကြုံတွေ့နေရသော အရာများအပေါ် နေတက်ထိုင်တက် လာပါသည် ဘုရား စိတ်ထားများလည်းထားတက်လာပါသည် ဖြစ်ပေါ်လာသော လောကဒဏ် တရားများအပေါ် အကုသိုလ်စိတ်မဖြစ်တော့ပဲ ကုသိုလ်စိတ်သာထားတက်လာပါသည် ဘုရား။ ရှေ့ဆက်ပြီးလည်း ဆရာတော်ဘုရားကြီး၏ကျေးဇူးကြောင့် ပို၍ကောင်းသော ဘဝဖြင့် နေထိုင်ပါမည်ဘုရား။ တပည့်တော်တို့ မိသားစုဝင်များဖြစ်သော ဖေဖေ မေမေ အစ်ကို ညီမ အမျိုးသား တပည့်တော်အပါ မိသားစုအားလုံး L3 BA1 BA2အားလုံး ဖြေဆိုပါသည်ဘုရား။ ယခုလို သုတဓမ္မစာမေးပွဲကို ပြုလုပ်ပေးပါသော ဆရာတော် ဘုရားကြီးနှင့်တစ်ကွ ဆရာတော်အားလုံး တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါသည် ဘုရား။🙏🙏🙏🙏 ဆရာတော်ဘုရားကျန်းမာသက်ရှည်ပါစေ🙏🙏🙏"

ထွေးထွေးငြိမ်း (BA Part-1)

"BA Part-1 စာမေးပွဲအတွက် လေ့လာခဲ့ရသည့်အတွက်သေသေချာချာမသိသေးသောဓမ္မ အသိဥာဏ်မြောက်များစွာ ရရှိခဲ့ပါ၍ဆရာတော်ဘုရားကြီးအား ရှိခိုးဦးတင်ပါသည်။

ဗုဒ္ဓဘာသာ၏ အခြေခံကံနှင့်ကံ၏အကျိုးကိုကောင်းစွာနားလည်လာပါသည်။ အဘိဓမ္မာ မသင်ဘူးသောကြောင့် မသိရှိရသေးသောစိတ်၊ စေတသိက်တရား ကိုသိရှိလာ၍ ယခုချိန်မှာ အဘိဓမ္မာတရားကို စတင်လေ့လာနေပြီဖြစ်ပါသည်။ ကုသိုလ်တရားတို့၏ အဓိပ္ပါယ်၊ လက္ခဏာ၊ ဇီဝ၊ သဘာဝတရားတို့၏ သခ်ၤါရ၊ ဒုက္ခ၊ နိဗ္ဗာန် နှင့်အခြား ဗဟုသုတများစွာ ရရှိခဲ့ပါသည်။ တရား၂၇ပုဒ်အား နာယူခြင်း၊ ဖတ်ရှုခြင်းများကြောင့် ကုသိုလ်နှင့် ပညာတိုးပွားလာရပါသည်။ တပည့်တော်ကအလိုမကျမှု အဖြစ်များသည် ကိုလည်း သတိထားမိပြီးဖယ်ရှားနေပါပြီ🙏🙏🙏"

မသီသီဝင်း (BA Part-1)

ဦးစွာပထမ ဆရာတော် ဘုရားကြီးအား ရှိခိုးဦးတင်အပ်ပါသည် အရှင်ဘုရား။ အရှင်ဘုရား၏ သင်ကြားပို့ချမှုနှင့် ပညာဘူမိတက္ကသိုလ်တွင် (၆)လတာ ဓမ္မစာပေများကို လေ့လာသင်ယူခွင့် ရရှိခဲ့သည့်အတွက် တပည့် တော်ရရှိခဲ့သော ဗဟုသုတများ၊ အသိအမြင်များနှင့် ဘဝအတွက် အကျိုးဖြစ်ထွန်းခဲ့သည်များကို အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။ မိလိန္ဒပဉှာ ကျမ်းတွင် ဗုဒ္ဓဝါဒရေးရာ အခြေအတင်များကို လေ့လာသင်ယူခြင်းဖြင့် ယခင်က မသိခဲ့သည့် တရားဓမ္မများကို သိခွင့်ရခဲ့သဖြင့် ဗဟုသုတများစွာ ကြွယ်ဝလာခဲ့ပါသည်။ အသိဉာဏ်များလည်း တိုးပွားလာခဲ့ပါသည်။ ထို့ပြင် လူတစ်ဦးတစ်ယောက်ကို ကရုဏာဒေါသဖြင့် ပြောမိလျှင် ကရုဏာစိတ်ဖြင့် ပြောဆိုခြင်းသည် ကုသိုလ်ဖြစ်ပြီး၊ ဒေါသစိတ်ဖြင့် ပြောဆိုခြင်းသည် အကုသိုလ်ဖြစ်ကြောင်းကို သိရှိနားလည်ခဲ့ရပါသည်။ ထို့ကြောင့် နေ့စဉ် မိမိပြုမူပြောဆို လုပ်ဆောင်နေသည့် အရာများအနက် မည်သည့်အရာက ကုသိုလ်ဖြစ်ပြီး၊ မည်သည့်အရာကို အကုသိုလ်ဖြစ်သောကြောင့် ရှောင်ကြဉ်သင့်သည်ကို မိမိကိုယ်ကို သတိထားဆင်ခြင်တတ်လာပါသည်။ ဒေါသဖြစ်စရာများနှင့် ကြုံတွေ့ရသည့်အခါ၌လည်း တပည့်တော်သည်ဒေါသကို သတိဖြင့် ထိန်းသိမ်းနိုင်လာပြီး သည်းခံနိုင်လာခဲ့ပါသည်၊ အရှင်ဘုရား။ ထို့အပြင် သဘာဝတရားဖြစ်သည့် အို၊ နာ၊ သေ ဟူသော မလွဲမသွေ ကြုံတွေ့ရမည့် အနာဂတ်အတွက်လည်း တရားဓမ္မကို လက်တွေ့ကျင့်ကြံအားထုတ်ရန် ""ရေမဆာ

မိ ရေတွင်းတူး"" ဟူသော ဆိုရိုးအတိုင်း ကြိုတင်ပြင်ဆင်ထားရမည်၊ ကြိုးစား အားထုတ်ရမည်ကို သိခွင့်ရရှိခဲ့ပါသည်။ ထို့ကြောင့်လည်း တပည့် တော်တတ်နိုင်သမျှ ကြိုတင်၍ တရားဓမ္မကို ဆက်လက်လေ့လာသင်ယူပြီး လက်တွေ့ကျင့်ကြံ အားထုတ် သွားမည်ဟု သန္နိဋ္ဌာန်ချထားပါသည်၊ အရှင်ဘုရား။ တပည့်တော်သည် အသက်အရွယ် အားဖြင့် လူလတ်ပိုင်းအရွယ် ဖြစ်သည့်အလျောက် နေ့စဉ် ထမ်းဆောင်ရသည့် တာဝန် ဝတ္တရားများစွာ ရှိသော်လည်း (၆)လတာကာလအတွင်း ရရှိသည့် အချိန်လေးများကို အကျိုးရှိစွာ အသုံးချ၍ ဓမ္မစာပေများကို လေ့လာသင်ယူရင်း၊ တရားဓမ္မကို ပူဇော်ရင်း အချိန်များကို အကျိုးရှိရှိ ကုန်ဆုံးနိုင်ခဲ့ပါသည်။ ယင်းသည် တပည့်တော်ဘဝအတွက် အလွန်တန်ဖိုးရှိသော အချိန်များဖြစ်ခဲ့ပါသည်။ နိဂုံးချုပ်အားဖြင့် အရှင်ဘုရား၏ သင်ကြား ပို့ချမှုကြောင့် မိမိ၏ ဓမ္မအသိအမြင်များ တိုးပွားလာခဲ့ပြီး နေ့စဉ်ဘဝတွင်လည်း တရားဓမ္မနှင့်အညီ နေထိုင်ကျင့်ကြံရန် သတိပိုမိုရှိလာပါသည်။ ဤသို့ အဖိုးတန်သော ပညာနှင့် ဓမ္မအမွေများကို သင်ကြားပေးတော်မူသည့် အရှင်ဘုရားနှင့် ပညာဘူမိ တက္ကသိုလ်မှ ဆရာတော်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း လျှောက်ထား အပ်ပါသည်။ ဆရာတော်ဘုရားလည်း သက်ရှည်ကျန်းမာ၍ သာသနာပြုလုပ်ငန်းများကို နှစ်ပေါင်း များစွာ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။ ထို့ပြင် ဆရာတော်ဘုရားအား အပြင်၌လည်း ဖူးတွေ့ခွင့် ရပါစေကြောင်း ရိုသေစွာ ဆုတောင်း လျှောက်ထားအပ်ပါသည်။**ရိုသေစွာဖြင့် လျှောက်ထား အပ်ပါ သည် 🙏 "

ဒေါ်မျိုးစန္ဒာဝင်း (BA Part-1)

မိလိန္ဒမင်းကြီးနှင့်ရှင်နာဂသေနတို့၏ အမေးအဖြေများကို လေ့လာသင်ကြားရသည်များ ကိုအလွန်ကျေနပ်အားရမိပါသည်။ တပည့်တော်မ တို့၏ အယူမှားအသိမှားများကိုလည်း အသေမဦးခင်ဉာဏ်ဦးပြီး သိခွင့်ရသည်အတွက်အချိန်မီ ပြင်ဆင်နိုင်ခွင့်ရှိပါသည်ဘုရား။ အမေးအဖြေများကို လေ့လာရခြင်းမှ တပည့်တော်မတို့၏ အသိဉာဏ်ထဲမှာ

မရှင်းလင်းသေးသော အသိများ၊ ဉာဏ်မမှီသေးသည်များသိရသည့်အတွက် ဉာဏ်အလင်း ပွင့်ရသည်အတွက်ဟောကြားပေးသောဆရာတော်ဘုရားကြီး၏ဂုဏ်ကျေးဇူးကိုအခါခါဦး တင်မိပါသည်ဘုရား။ စာမေးပွဲဆိုပေမဲ့ တပည့်တော်မတို့ စိတ်ထဲ မိမိတို့ရဲ့ နာကြား သင်ယူရသော တရားတော်များကို မိမိတို့ကိုယ်တိုင်ပြန်လည် ပူဇော်ရသည့်ကို လွန်စွာ ကျေနပ် အားရမိပါသည်။

ဒေါ်ခိုင်ခိုင်ဦး (BA Part-1)

"လူတိုင်းလောကီရေးရာမှာ တရားဓမ္မနဲ့အညီ ကျင့်ကြံနေထိုင်နိုင်ရင်း နိဗ္ဗာန်မရောက်မီ စပ်ကြား မိမိကိုယ်ကို ကြဘ့်ရှုလေ့လာသုံးသပ်ပြီး ဆင်ခြင်နေထိုင်နိုင်ခြင်းဖြင့် အကျိုးထူး များ ရရှိနိုင်ပါသည်။"

ဒေါ်သီတာဝင်း (BA Part-1)

ယခင်က မသိတာတွေ အများကြီးသိရှိလာပြီး တရားနာရင်း တွယ်တာ စွဲလန်းမှုတွေ လျော့နည်းအောင်လုပ်ပြီး ဝိပဿနာတရားအားထုတ်မှသာ ငြိမ်းချမ်းတဲ့ဘဝ ရနိုင်မယ် ဆိုတာ သိလို့ တရားအားထုတ်ဖြစ်ပါသည် ဘုရား။

မျိုးမျိုးစန်း (BA Part-1)

"ဆရာတော် ဘုရား 🙏 တပည့်တော်ရိုသေလေးစားစွာ ရှိခိုး ဦးခိုက်ပါ၏၊ ဘုရား။ တပည့်တော် အလုပ်သွား၊ အလုပ်ပြန် ဆရာတော် ဘုရား၏ တရားတော် များ ကို နားယူ မှတ်သားရင်း ဖြေဆို ခဲ့တာ ယခုဆို BA Part (1) ကို ရောက်ရှိခဲ့ပါပြီ ဘုရား။ တရားတော်များ နာယူရင်းက ယခင်ထက် ယခု စိတ်တွေ က ပို ဆင်ခြင်တက်လာပါတယ် ဘုရား။ မကောင်းတာ မလုပ်မိ မပြောမိအောင် မိမိ ၏ စိတ် တက်နိုင်သမျှ စင်ကြယ်အောင် ပိုပြီးစောင့်ထိန်းတက်လာပါပြီ ဘုရား။ အရာအားလုံးကို ဖြစ်ပြီး ပျက် သဘော ဖြင့် ရှုပြီး လောဘ၊ ဒေါသ၊ မောဟ များ နည်း နိုင် သမျှ နည်းအောင် လေ့ကျင့်နေထိုင် နေပါပြီ ဘုရား။

သက်ရှိထင်ရှားရှိစဉ် ဆရာတော်ဟောကြားသော မြတ်စွာဘုရား၏ တရားတော်များ မှတ်သား နာယူခွင့် (study and learning) လုပ်ပြီး မိမိကိုယ်ကို apply လုပ်ခြင်းဟာ ဗုဒ္ဓဘာသာဝင်တွေ အတွက် လူဖြစ်ကျိုးနပ်ခြင်း တမျိုးဟု ပီတိ ဖြစ်မိပါသည်ဘုရား။ ဆရာတော်ဘုရား သက်ရှည်ကျန်းမာပါစေ ဘုရား။ 🙏🙏🙏"

ဒေါ်သပြေအောင် (BA Part-1)

လောဘ ဒေါသ မောဟ များ လျှော့ချနိုင်ပြီး စိတ်နှလုံး အတန်အသင့် အေးချမ်းမှု ရရှိလာပါသည်။

ဦးရဲကျော်သူ (BA Part-1)

အလင်းထဲမှာခရီးသွားရသလို ကုသိုလ် အကုသိုလ် တွေကိုသေချာရှင်းလင်းမြင်ရပါတယ် ဘုရား။ လုပ်သင့်တာနဲ့မလုပ်သင့်တာကိုသိရှိရလို့ ကျေးဇူးကြီးမား လှပါတယ် ဘုရား🙏🙏🙏

ဒေါ်ကြည်ကြည်ဝေ (BA Part-1)

"ကျေးဇူးကြီးမားလှသောဆရာတော်ဘုရားကြီးအားရိုသေမြတ်နိုးလက်အုပ်မိုး၍ရှိခိုးပါ၏ ဘုရား။ L-1,2,3နှင့်မိလိန္ဒပဉ္ဟာကျမ်းတို့မှတရားတော်များကို စာမေးပွဲအတွက် လေ့လာရင်းတိုးတက်လာသည့် အသိဉာဏ်များကို ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။ တရားတော်များနာကြား၊ ဖတ်ရှုရခြင်းဖြင့် မေတ္တာသုတ်၊ ခန္ဓသုတ်၊ ရတနသုတ်ရွတ်ဖတ် ပူဇော်ရာတွင်ပို၍ အကျိုးများပါသည်။ စိတ်နှင့်ပတ်သက်ပြီး အကုသိုလ်မဖြစ်အောင်၊ ကုသိုလ်တိုးပွားအကျိုးများအောင်၊ မိမိစိတ်ကို တစ်ခုခုဖြစ်သည်နှင့် သတိကပ်မိအောင်၊ အပြစ်ကင်းသည့်ကုသိုလ်တရားများ ပြု၍သုခ အကျိုးခံစား

ရပုံများ၊ စိတ်၏အညစ်အကြေးများကို ဖယ်ရှားရမည့်နည်းလမ်းများ ကိုသိရုံမျှမဟုတ်ပဲ ကျင့်နိုင်သည့်ထိအကျိုးများရပါသည်ဘုရား။ မိလိန္ဒပဉ္ဟာ တရားတော်များနာကြားရ၊ ဖတ်ရှုရခြင်းဖြင့် အမေးအဖြေနှင့် ပတ်သက်ပြီးအသိဉာဏ်များစွာ တိုးပါသည်ဘုရား။ မေးစရာရှိကမေးမြန်းရမည်ဆိုသည်ကိုအစက သိပေမယ့် မိလိန္ဒပဉ္ဟာ တရားတော်နာရ၊ ဖတ်ရမှပို၍ သဘောပေါက်နားလည်လာပါသည်ဘုရား။ မိလိန္ဒပဉ္ဟာကျမ်းကို ဖတ်ခြင်းထက် နာကြားရခြင်းသည်ပို၍ ကုသိုလ်တိုးပွားပါသည်ဘုရား။ ဆရာတော်ဘုရား၏ အသံတော်ကိုကြည်ညိုရသည့်အပြင် စာအုပ်ထဲမပါသော ဗဟုသုတများပါ ရရှိပါသည်ဘုရား။ မြတ်စွာဘုရား၏ သိမ်မွေ့နက်နဲသော ကာယဓမ္မ၊တရားတော်များကို ကိုယ်တိုင်သိရသကဲ့သို့ပင် အကျိုးများလှပါသည်ဘုရား။ တရားတော်များနာကြား၊ ဖတ်ရှုရသည့်အတွက် ဝိပဿနာပွားများ အားထုတ်ရာတွင်လည်းပို၍ အကျိုးများ ပါသည်ဘုရား။🙏🙏🙏 အဘိဓမ္မာ၊ပဋ္ဌိစ္စသမုပ္ပါဒ်၊အခြားဗဟုသုတများစွာ ရရှိပါသည်ဘုရား။ မိသားစု၊လူမှုပတ်ဝန်းကျင်ရှိ လူအများနှင့်ဆက်ဆံရာတွင်လည်း များစွာ အကျိုးများပါသည်ဘုရား။🙏🙏🙏 အထူးအားဖြင့်ဆရာတော်ဘုရားအား လျှောက်ထား လိုပါသည်ဘုရား။🙏🙏🙏 ဆရာတော်ဘုရား ကျင်းပသည့် စာမေးပွဲဖြေဖြစ်သည့်အတွက် တပည့်တော် တို့ပခုက္ကူ၊ကမ္မမြို့မှ စစ်ရှောင်လာခဲ့ရသည့် လေးနှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရ၊ ခံစားခဲ့ရ၊ ယခုထိခံနေရဆဲဒုက္ခများကိုပါ ယောနိသောမနသိကာရဖြင့် နေတတ်သည့် အကျိုးရပါသည်ဘုရား။🙏🙏🙏 မသေခင်က ကြိုတင်ပြင်ဆင်မှ၊ ထမင်းမဆာခင်ထဲကချက်ထားရမည်။အေးလျှင်ခြုံရန်စောင်၊ဝတ်ရန်အနွေးထည်ဝယ်၊ရေမဆာခင်ရေတွင်းတူးခြင်းများကြိုတင်ပြုလုပ်ရန်။ သေခါနီး အချိန်မှ လမ်းကြမ်းကသွားသောလှည်းသမားလှည်းဝင်ရိုးကျိုး၍ ကူညီသူမရှိကြုံရသလို မဖြစ်ရအောင်၊ ပညာရှိအတွေး၊ပညာရှိအသိဖြင့် ကြိုတင်ပြင်ဆင်ခြင်း ပြုလုပ်ထားရမည့် အသိကိုသိသော်လည်း ထပ်မံ သိလိုက်ရပါသည်ဘုရား။ ဝိပဿနာတရားများကို ဆထက်တိုး၍ ကြိုးစားအားထုတ်ပါမည်ဘုရား။ ဗုဒ္ဓါနုဿတိရွတ်ဖတ်ပူဇော်ခြင်းများ နေ့စဉ်ကုသိုလ်ပြုပါသည်ဘုရား။နိဂုံးချုပ်အနေဖြင့်ဆရာတော်ဘုရားကြီးကိုကြည်ညိုလေးစားဦးထိပ်ထားပြီးနေ့စဉ်

ဆုတောင်းမေတ္တာပို့ပါသည်ဘုရား။ ပညာဘူမိတက္ကသိုလ်မှ ဆရာတော် ဘုရားကြီး နှင့်ဆရာတော်များ၊ သံဃာတော်များ၊ ဝေယျာဝစ္စဆောင်ရွက်နေကြသူများ အားလုံး ကျန်းမာပြီး အသက်ရှည်ကြပါစေ။ အခြားစာမေးပွဲများ ဆက်လက် ကျင်းပပေးနိုင် ပါစေ ဘုရား။ပေးမည်ဟုမျှော်လင့်မိပါသည်ဘုရား။ 🙏🙏🙏 ဆရာတော်ဘုရားကမ္ဘမြို့ကို နောက်တစ်ကြိမ်တရားပွဲပေးနိုင်ပါစေကြောင်းဆုတောင်းမေတ္တာပို့ပါသည်ဘုရား။
🙏🙏🙏

ဦးသန့်ဇော် (BA Part-1)

ဒီပလိုမာသုံးခုလုံးပြီးတော့ နမောသတ္တာနံသမ္မာသံဗုဒ္ဓါနံကို အဓိပ္ပါယ်သိပြီး အိပ်ခါနီးနဲ့ အိပ်ရာထ တရေးနိုးတာတောင်ရှိခိုးမိပါတယ် ထို့ပြင်အရေးကိစ္စကြုံ လာတိုင်းအပ္ပမာဏော ဗုဒ္ဓေါ/ဓမ္မော/ သံဃောများကိုအဓိပ္ပါယ်သိမြင်ပြီး သစ္စာပြုဆောင်ရွက်ပါတယ်ဘုရား ခုရောနောင်ပါ သံသယာအတွက် အကျိုးကျေးဇူးကြီးမားပြီး ကုသိုလ်ထူးရအောင် ဆရာတော်ကြီး၏ ပြဋ္ဌာန်းပေးသောကျမ်းစာများကြောင့်ပါ ဆရာတော်ကြီးနှင့်တကွ ဆရာတော်သံဃာတော်များ၏ဂုဏ်ကျေးဇူးကိုအစဉ်လေးစားဦးထိပ်ထားလျှက်ပါဘုရား##

သင်းသင်းခိုင် (BA Part-1)

"စာမေးပွဲ ဆိုေတာ့ တရားနာရာတွင် အ ရင်လို နာပြီးတာနှင့် မမေ့အောင် သေချာနာ တော့ ပိုပြီးသိလာပါတယ်။ဆရာတော်ကြီးအား အလွန်ကိုးဇူးတင်ပါသည်။🙏 "

မသူသူဝင်း (BA Part-1)

ဆရာတော်ကြီးထံလျှောက်ထားလိုသည်မှာ အရှင်ဘုရား စာဖြေဌာနများတွင် စာဖြေ သူများသည် အများအားဖြင့် အသက်အရွယ်ကြီးရင့်သူများ ကျန်းမာရေးမကောင်း

သူများပါပြီးစာဖြေချိန်လည်းကြာမြင့်သောကြောင့် စာဖြေစားပွဲများကို စားပွဲအမြင့်ဖြင့် စီစဉ်ပေးပါရန် ရိုသေလေးစားစွာလျှောက်ထားအပ်ပါသည် ဘုရား။

ဒေါ်စန္ဒာတင် (BA Part-1)

ဆရာတော်ကြီးတရားများနာယူသင်ယူခြင်းဖြင့် လူဘောင်ထဲမှာ စိတ်ထားတတ်နေတတ် အသိဥာဏ်ဗဟုသုတများတိုးပွားပါသည်။

ဒေါ်တင်တင်ဇော်ထွန်း (BA Part-1)

Level တခုစီလိုက် ရလာခဲ့သော အသိများသည် မည်သူမျှဆုံးမစရာမလိုဘဲ ကိုယ့်ကိုယ်ကို စိတ်ထားတတ်လာပါသည်ဘုရား။ငြိမ်းချမ်းစွာနေတတ်လာခြင်း၊ စိတ်တည်ငြိမ်လာခြင်း၊ ခွင့်လွှတ်တာလာခြင်း စသည်အကျိုးကျေးဇူးများရရှိလာပါသည်ဘုရား။ ယခု BA part-1 အတွက် မိလိန္ဒပညာအမေးဖြေ တွေကို ကျက်မှတ်လိုက်ရသည့်အခါ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သည်များကို ဥပမာများနှင့်တကွသိရှိလိုက်ရသည့်အတွက် ဖော်မပြနိုင်သော ပီတိကိုရရှိပါသည်ဘုရား။ စိတ်ထဲတွင်လည်း ကျေနပ်မှု၊ ကိုယ့်ကိုကိုယ် အားရမှုများဖြင့် ငါလူဖြစ်ကျိုးနပ်ပြီဟု ခံစားမိပါသည်ဘုရား။ နောက်ပြီး ဒီလို တရားအသိတွေလူတိုင်းရကြရင်ကောင်းမှာပဲ။ ဒါဆို ငြိမ်းချမ်းနေတဲ့ လောကကြီးဖြစ်ဖို့သေချာပြီ ဟုလည်းတွေးမိပါသည်ဘုရား။

DAW THANDAR KHINE (BA Part-1)

"အခုလို လေ့လာဖြေဆိုခွင့်ရအောင် စီစဉ်ပေးတဲ့အတွက် ဆရာတော်အား ကျေးဇူးတင်ကြည်ညိုမိပါသည်။ ဒီအတိုင်းနေလျှင် နေ့စဉ်လူမှုကိစ္စများနှင့် ကုန်ဆုံးသွား မည်ဖြစ်သော်လည်း နေ့စဉ်လူမှုကိစ္စများဆောင်ရွက်ရင်း တန်ဖိုးရှိတဲ့ တရားဓမ္မများကို တကူးတက

အချိန်ပေးစရာမလိုပဲ လေ့လာခွင့်ရတဲ့အတွက် ဆရာတော်နဲ့တကွ စာမေးပွဲဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့သူ အားလုံးကို ကျေးဇူးတင်စွာ ကန်တော့လိုက်ပါသည် ရှင်။"

ဒေါ်ခင်နွယ်မာဆွေ (BA Part-1)

တပည့်တော်က BA part 1 ဖြေဆိုထားပါတယ်ဘုရား. မအားလပ်လို့ စာလေ့လာချိန်နည်းခဲ့ပေမယ့်စာမေးပွဲကိုအကောင်းဆုံးကြိုးစားပူဇော်ခဲ့ပါတယ်ဘုရား. ကိုယ့်အရည်အချင်းအစစ်အမှန်နဲ့ဝင်ရောက်ဖြေဆိုခဲ့ရတဲ့အတွက်ဝမ်းသာဂုဏ်ယူမိပါတယ်ဘုရား.

ဒေါ်သင်းသင်းမြင့် (BA Part-1)

"အသိဉာဏ်များတိုးတက်ခဲ့ပါသည်မိမိကိုယ်ကိုယ်မိရိုးဖလာဗုဒ္ဓဘာသာဖြစနေမှန်းသိခဲ့ပါတယ်တပည့်တော်ဟာပင်စင်စားတစ်ဦးပါဥပဒ်စောင့်ပေမဲ့ရည်ရွယ်ချက်တွေအကျိုးကျေးဇူးတွေမသိခဲ့ပါဘူး၊ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းကိုတစာစာ အော်နေပေမဲ့အနှစ်သာရကိုခုမှသိရပါတယ်တပည့်တော်ကပါဠိကိုအရမ်းကြောက်ပါတယ်၊အဘိဓမ္မာကိုစိတ်မဝင်စားပါဘူးခုတော့ဆရာတော်ကြီးကျေးဇူးဆရာတော်ကြီးရဲ့စာမေးပွဲတွေအားလုံးလေ့ဖြေဆိုမှာဖြစ်ပြီးအဘိဓမ္မာကိုစတင်လေ့လာနေပါပြီဘုရား။ ဆရာတော်ကြီးရဲ့ ကျေးဇူးဂုဏ်များကိုအကြိမ်ကြိမ်ဦးခိုက်ပါတယ်ဘုရား။"

ဒေါ်သက်ထက်ထက်ထွန်း (BA Part-1)

"B.A (Part-1) က B.A အတန်းမှာ စာအုပ်အထူဆုံးနဲ့စာအများဆုံးမှတ်ရတာပါပဲ။ သုတဓမ္မတုန်းကတော့ ၅ခန်းဆိုတော့ အေးဆေးလေးနဲ့ နာယူလေ့လာနှလုံးသွင်းပြီး ကျက်မှတ်ခဲ့ပါတယ်။ အခုတော့ ၂၇ ပိုင်းကို သုတ်သုတ်သုတ်နဲ့ မအားတဲ့ကြားက အချိန်ပေးပြီးအပြေးအလွှား ကျက်ရတာအမှတ်တရပါပဲ။ ဒါတောင်စာမေးပွဲဖြေခါနီးမှာ စာတွေမရတော့ဘူး။ မမှတ်မိတော့ဘူး။ ရောကုန်ပြီဆိုပြီး မဖြေရင်ကောင်း မလားဆိုပြီး စိတ်ဖြစ်ခဲ့ပါသေးတယ်။ စာဖြေကတ်လည်းထုတ်ပြီးပြီဆိုတော့ ရသလောက်ကြိုးစားဖြေဆိုပူဇော်

ကြည့်မယ်ဆိုပြီး စာမေးပွဲဖြေဆိုဖြစ်ခဲ့ပါတယ်။ နေ့စဉ်နေ့တိုင်း အလုပ်အားတဲ့ အချိန်တွေမှာ ဆရာတော်ဘုရား ဟောတဲ့တရားတွေနာယူ မှတ်သားပြီး ကိုယ့်ကိုယ်ကိုပြန်ဆင်ခြင်ပြီး လိုက်နာကျင့်ကြံနေထိုင်နိုင်အောင်လည်း ကြိုးစားပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေလည်း အတက်နိုင်ဆုံး စိတ်မှာမဖြစ်အောင် ထိန်းသိမ်းနေထိုင်နိုင်ခဲ့ပါတယ်။ ယခင်ကဆိုရင် တရားပွဲတွေသွားရင် ဝိပဿနာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်၊ ခန္ဓာ၅ပါး၊ အာယတန၁၂ပါး အကြောင်းတွေ ဟောရင် နားမလည်ခဲ့ပါဘူး။ အခုသုတမမ္မစာတွေ လေ့လာရတာဘာ အကျိုးကျေးဇူးရသလဲဆိုရင် အခုတလော အလှူတွေဖိတ်ရင် တရားသွားနာရင် ဆရာတော်တွေဟောတဲ့ တရားကို နားလည်လာတယ်။ ပဋ္ဌိစ္စသမုပ္ပါဒ် ဘဝစက္က(ဘဝစက်ဝိုင်း)အကြောင်း ၊ရုပ်တရား/နာမ်တရား ၊ သမထ၊ ဝိပဿနာ ၊ အာယတန(၁၂)ပါး ""မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊စိတ်"" အဲ့ဒီလိုတရားတွေဟောရင် အနောက်ကနေ မေးသမျှပြန်ဖြေလာနိုင်ပါပြီ။ ကျောင်းသားစာလိုက်နိုင်လာပြီလိုမျိုးဖြစ်လာပါ။ ဒါတွေက သုတမမ္မဒီပလိုမာလေ့လာခဲ့တဲ့ မိမိပြုခဲ့တဲ့အလုပ်(ကံ) ရဲ့ ကံ၏အကျိုးတွေကို ပြန်ခံစားရခြင်းတစ်မျိုးပါပဲ။ ကံ၊ ကံ၏အကျိုးကိုလည်း ပိုမိုပြီး ယုံကြည်လာခဲ့ပါတယ်။"

ဒေါ်တင်တင်ခိုင် (BA Part-1)

"ပါချုပ်ဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်၊ သံဃာတော်ကြီးများအား ရိုသေစွာရှိခိုး ဦးတင်ပါသည် ဘုရား 🙏🙏🙏တပည့်တော်သည် သုတမမ္မဂဝေသီ Part (1) ရှိ “မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေန တို့၏ ဗုဒ္ဓရေးရာ အချေအတင် ပြောဆိုချက်များ တရားတော်” အား ဖတ်ကြားနာယူလေ့လာ ပူဇော်ခဲ့ပါသည်။ တပည့်တော်သည် တရားတော်များ ဖတ်ကြားနာယူ သည့်အခါ တပည့်တော်၏ စိတ်တွင် “သတိ” ဆိုတာ အရေးကြီးတယ်၊ စိတ်ကို သတိနဲ့ ထိန်းရမည်။ အလိုမကျသည့်စိတ် ဖြစ်နေရင်တောင် သတိမလွတ်ဖို့ ဆိုတဲ့ အသိကို အမြဲတမ်း နှလုံးသွင်းတတ်လာပါသည်။ ဘုရား နံနက်တိုင်း ဘုရားရှိခိုး ပူဇော်သည့်အချိန် စိတ်ပျံ့လွင့်မှု ဖြစ်လာချိန်မျိုးတွင် “အသိ၊ သတိ” လေးနဲ့ “ငါဟာ အတွေးတွေနဲ့ မောဟတွေ များနေပါလား” အဲ့ဒါ ငါ့အတွက် ကောင်းလား ၊

မကောင်းဘူးလား။ မကောင်းတာကို သိရက်သားနဲ့ ဘာလို့ တွေးနေမှာလဲ ဆိုပြီး သတိနှင့်စိတ်ထိန်းပြီး သက်ရှိထင်ရှား မြတ်စွာဘုရားအား ပူဇော်ပြီး စိတ်ငြိမ်းချမ်းမှုကို ခံစားရလာပါသည် ဘုရား။ ယခင် ကိုယ်သိတဲ့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် ကိုယ်ပဲခံရမယ်ဆိုတဲ့ ကံကို သိထားပါသည်။ ယခုအခါ အသိဉာဏ်တွေဟာ တရားမမှန်ပတ်သက်ပြီး ရှင်းလင်းပြတ်သားစွာ သိလာခဲ့ရပါသည်။ လက်တွေ့ လိုက်နာကျင့်သုံးဖို့အတွက်လည်း တပည့်တော် ကြိုးစားမှုပြုနေပါသည်။ ဘုရား။ ယခု လူ့ဘဝရလာတဲ့အချိန်မှာ အမှတ်တမဲ့ မနေတော့ပဲ လေ့လာသင့်တယ်၊ မေးခွန်းထုတ်ပြီး အဖြေရှာရမယ်၊ အဖြေရှာခြင်းဖြင့် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားအောင် လုပ်ရမည်ဟုလည်း သိလာရပါသည် ဘုရား။ တရားတော်များအား ဖတ်ကြားနာယူသည့် အချိန်တွင် တပည့်တော်၏ စိတ်၌ ဖြစ်ပေါ်လာမှုလေးအား ရိုသေစွာ လျှောက်ထားပါရစေ။ တပည့်တော် သုတမမှ Level (1) မှ တရားတော် (၅)ပုဒ်အား ထပ်ခါ ထပ်ခါ မှတ်သား နာယူခဲ့ပါသည်။ ပထမ အကြိမ် ဖတ်ပြီး အသိ၊ ဒုတိယအကြိမ် ဖတ်ပြီး အသိ၊ တတိယအကြိမ် ဖတ်ပြီးအသိ၊ စတုတ္ထအကြိမ် ဖတ်ပြီး အသိ နှင့် ပဉ္စမအကြိမ် ဖတ်ပြီး အသိ များသည် တကြိမ်နှင့် တကြိမ် တရားအသိလေးများ ပိုမိုပြီး တိုးတက်လာပါသည်။ တရားတော်များ၏ အဓိပ္ပါယ်များအား လက်တွေ့နှင့် ယှဉ်ပြီး “ဩော်...မြတ်စွာဘုရား တရားတော်တွေဟာ လက်တွေ့ အရမ်းဆန်တာပဲလို့” သိနားလည်လာပါသည်။ ဘုရား Level (2)တရားတော် (၅)ပုဒ်အားလည်း အကြိမ်ကြိမ် ဖတ်ကြား နာယူခဲ့သည့်အချိန်က ဖြစ်ပေါ်ခဲ့သည့် စိတ်လေး တစ်ခုအား လျှောက်ထားအပ်ပါသည်။ ဘုရား တပည့်တော်၏ စိတ်ထဲမှာ မကောင်းတာလို့ လျှောက်ရမလား၊ အတွေးမှားလို့ လျှောက်ရမလား။ တပည့်တော်သည် ဆရာတော်ကြီးတွေ၏ ကျောင်း၊ အဆောက်အဦးများအား ခမ်းနား ထည်ဝါစွာ နေတာတွေနဲ့ တရားကျင့်သုံးနေတဲ့ သူတော်ကောင်း ရဟန္တာပုဂ္ဂိုလ်များသည် အားလုံးကို စွန့်လွှတ်ပြီး တရားမမှကိုသာ ကျင့်ကြံအားထုတ်တာနှင့် ပတ်သက်ပြီး အတွေးများ ဖြစ်နေခဲ့ပါသည် ဘုရား။ ထိုအချိန်တွင် တပည့်တော် သည် တပည့်တော် ကိုးကွယ်သည့် ဆရာတော်ကြီးကျောင်းတွင် ရိပ်သာကျောင်း ဆောက်လုပ်ခြင်းအတွက်

ငွေကျပ် သိန်း(၅၀) လျှုနေသည့် အချိန်ပါ။ တပည့်တော် ခွဲ, ခွဲပြီး လျှုတဲ့အချိန်ပါ။ ထိုအချိန်တွင် တပည့်တော်၏ စိတ်တွင် ကျပ်သိန်း (၃၅)ထိ လျှုပြီးတဲ့အချိန်တွင် ရပ်သွားပါသည်။ ရည်မှန်းထားတဲ့ ကျပ်သိန်း (၅၀) လျှုမှာတော့ ဖြစ်တယ်။ တပည့်တော်၏ ဖြစ်လာတဲ့ စိတ်ကို လျှောက်တင်တာပါ ဘုရား။ Level (3) တရားတော် (၅)ပုဒ် ဖတ်ကြား နာယူပြီး (၃)ကြိမ်မြောက်တွင် တပည့်တော်စိတ်သည် ကျောင်းဆောက်လျှုဒါန်း သည့် အချိန်တွင် တွေးခဲ့သည့် အတွေးမှားအား စိတ်က အမှန် ပြန်တွေးတတ် လာပါသည် ဘုရား။ ဆရာတော်ကြီးတွေ ဒီလိုဖြစ်လာခြင်းသည် ဆရာတော်ဘုရားများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့၏ ဂုဏ်ကျေးဇူးများကြောင့်ဆိုတာ သိနားလည်ပြီး တပည့်တော် လျှုဖို့ကျန်နေတဲ့ အလျှုငွေ (၁၅)သိန်းအား လျှုဒါန်း ပူဇော်ခဲ့ပါသည်။ လူတစ်ယောက်သည် လက်ရှိဘဝတွင် ကောင်းတာလည်း လုပ်သည်။ မကောင်းတာလည်း လုပ်သည်။ ထို ကောင်း၊ မကောင်းကို လုပ်သော အလုပ်သည် ကိုယ်နှင့်သာ ဆိုင်သည်။ ကိုယ်ဆိုင်သည့် အရာဖြစ်သည်။ ကိုယ်လုပ်သည့်အရာကို နောက်ဘဝသို့ ယူသွားရသည်။ ကိုယ်လုပ်သည့်ကံသည် ဘဝခရီးတွင် အရိပ်ပမာလိုက်နေသည်ဖြစ်သည့်အတွက် ကိုယ်ချင်းစာ စိတ်ဖြင့် သတိလေးကပ်ပြီး ကျန်ရှိတဲ့ ဘဝခရီးကို ဆက်လက် လျှောက်လှမ်း ပါမည်ဟု တင်ပြလျှောက်ထားအပ်ပါသည်။ ဘုရား 🙏🙏🙏"

ဦးညွန့်လှိုင် (BA Part-1)

"သုတဓမ္မဒီပလိုမာ နှင့် BA 123 အတန်းစာမေးပွဲများနှင့်ပတ်သက်၍ အကြံပြုတင်ပြခြင်း။ ပထမဦးစွာ စာမေးပွဲဖြေခွင့်ကတ်ပြားများနှင့် စပ်လျဉ်း၍ တင်ပြလိုပါသည်။ ဖြေဆိုခွင့် ကတ်များကို စာမေးပွဲ ကြီးကြပ်သူများက ပြန်လည်သိမ်း ယူသွားကြပါသည်။ ဖြေဆိုသော အကြိမ်အရေအတွက်များ လာသည်နှင့်အမျှ ဖြေဆိုခွင့် ကပ်ပြားများကို ထိန်းသိမ်း ထားရန်အတွက် နေရာနှင့် ထိန်းသိမ်းရသော လုပ်ငန်းတာဝန်များလည်း များသည်ထက် များလာနေမည်ဖြစ်ပါသည်။ သို့ပါ၍ ပညာဘူမိတက္ကသိုလ် မှာ အချက်အလက်များကို Digital format ဖြင့်သာ ထိန်းသိမ်းထားမည် ဆိုပါလျှင် ဖြေဆိုခွင့်ကပ်များ အတွက်

နေရာနှင့်အတူ တာဝန်များပါ ပေါ့ပါးသွားနိုင်ပါမည်ဖြစ်ပါသည်။ ကျောင်းစာမေးပွဲများကဲ့သို့ စိစစ်ပြီးပါက ကတ်များကို ဖြေဆိုသူများကိုသာ ပြန်လည် ပေးအပ်ပါက ပညာဘူမိတက္ကသိုလ်အနေနှင့် လုပ်ငန်းတာဝန်များ ပေါ့ပါးသွားမည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ စာမေးပွဲအမေးပုစ္ဆာများသည် Level လိုက်သိထားသင့်သည့် အသိဥာဏ်များကိုသိစေရန် ခြုံငုံ ရွေးထုတ် မေးမြန်းထားသည်ကို တွေ့မြင်နေရပါသော ကြောင့် ပုစ္ဆကဆရာတော်များ၏ ပညာဥာဏ်ကြီးမြင့်မှုကို လည်း သာမုခေါ် ပါသည်။"

ဇင်မာအေး (BA Part-1)

"📖ဘူမိခရီး 📕

သုတခရီးစခဲ့တာ ဂဝေသီရောက်ပြီဗျာ သင်ယူခဲ့သော ခေါင်းစဉ်လေး အမှတ်တရရေး ပညာဘူမိ ခရီးအစမှာ ဘဝခရီးလမ်းကို ရွေးချယ်ပါ၊ ဟိတ-သုခ ကို အကြောင်းပြုကာ ဗုဒ္ဓဒေသနာနဲ့ ယနေ့ကမ္ဘာ၊ စိတ်အညစ်အကြေးများကို ဖယ်လို့ရှား စိတ်ထဲကြည်လို့သွား။ မေတ္တာအကျိုး သိရကာ မေတ္တာသုတ်ကို ပူဇော်ပါ။ ဝိပဿနာ သမထ တရား အားထုတ်နည်း ညွှန်ပြ။ ဒုတိယ ခြေလှမ်းမှာ ဓမ္မအသိဖြင့် အကျိုးရှိတာ စိတ်ရဲ့အတွေး များကို အဖြေရှာ၊ ဥပုလ်စောင့်ခြင်းကြောင်းသိကြရတာ ကုသိုလ်အပြည့်ရဖို့ပါ၊ ခန္ဓာသုတ် အနှစ်ချုပ် မြွေမင်းများနဲ့ မိတ်ဆွေလုပ်၊ လူတိုင်းကျင့်ဖို့ ဟောခဲ့တာ သတိပဋ္ဌာန် တရားပါ။ တတိယခြေလှမ်း အစမှာ သူတော်ကောင်း စိတ်ထားသိရတာ ကြည်ညိုစရာပါ၊ ရည်ရွယ်ချက်မှန်ဖို့ဆုံးမပေး ဘာသာတရားလိုက်နာဖို့လေး ညစ်နွမ်းနေသော စိတ်ထဲမယ် ထွက်ပေါက်မှန်ဖို့ အရေးကြီးတယ်၊ ရတနာသုတ်ကိုပူဇော်ပေး ကပ်ဆိုးများနှင့် ကင်းဖို့ အရေး၊ ဝီရိယကြီးသော ရှင်အာနန္ဒာ ဝိပဿနာ ရှုပုံ သိရတာ အကျိုးများလှတာ။ ဂဝေသီရဲ့ အစမှာ မိလိန္ဒပဉ္ဟာပါ၊ မင်းကြီးမေးသမျှ ဖြေပေးတာ ရှင်နာဂသေနမထေရ်ပါ၊ ဘဝအမေး အဖြေပေး လေ့လာဆည်းပူးကြမယ်လေး။ 🙏တရားကိုသင်တော့ 🙏ဘုရားကိုမြင် 🙏

ဆရာတော်ဘုရားကိုကျေးဇူးတင် ဘူမိတက္ကသိုလ်တက်နိုင်ရေး ကြိုးစားအားထုတ် ကြမယ်လေး။ မဇင်မာအေးမှရေးသားသီကုံးပူဇော်ပါသည်။

Win Win Maw (BA Part-1)

"I was worried that something unexpected might happen right before the exams I started studying a month in advance. As it turn out, during the week before the exam. And then on Friday and Saturday before the exam, I had to stay at the hospital to help take care of patient who was schedule for surgery for renal stone. On Sunday I only manage to study from 8:30 am to 11 am. But I can answer all question. Benefit of Preparation in advance"

ဒေါ်နန်းပေါင်းခမ်း (BA Part-1)

"တပည့်တော်သည် သုတမမ္မ ဂဝေသီ BA part-1 ဖြေဆိုထားသူတစ်ဦးဖြစ်ပါသည်။ မူလပထမတွင် ကျန်းမာရေးကြောင့် သုတမမ္မ ဒီပလိုမာ Level 1,2,3 အဆင့် ၃ ဆင့်အထိသာ ဖြေဆိုအောင်မြင်သည်အထိ ရည်ရွယ်ခဲ့ပြီး သုတမမ္မဂဝေသီအတန်းအထိ တက်ရောက်ရန် မရည်ရွယ်ခဲ့ပါ။ သို့သော် သုတမမ္မဒီပလိုမာ Level -1 ပြဋ္ဌာန်းတရားတော်များအား စတင် လေ့လာဆည်းပူးနာကြားလိုက်ရသည့်အချိန်မှစ၍ သုတမမ္မတရားတော်များအား ထပ်မံ၍ ထဲထဲဝင်ဝင် သိရှိလိုစိတ်၊ တစ်ဆင့်ပြီးပါက နောက်တစ်ဆင့် ဆက်လက်သင်ယူ တရားနာ ယူလိုစိတ်တို့ ဖြစ်ပေါ်လာပြီး သုတမမ္မဒီပလိုမာ ၃ ဆင့်လုံးတွင် ဝီရိယထား ကြိုးစားနာယူပူဇော်ခဲ့သဖြင့် ထူးချွန်ဖြင့် အောင်မြင်ခဲ့ပါသည်။ ထိုမှတဆင့် သုတမမ္မဂဝေသီ BA Part -1 အတန်းရောက်သည့်အခါ အဆင့်မြင့် တရားတော်များ လေ့လာနာယူမှတ်သားရသော အကျိုးအားကြောင့် မိမိ၏အတွေးအမြင်၊ မိမိစိတ်တွင်ဖြစ်ပေါ်နေသော နီဝရဏတရားများအား ယခင်ကထက်ပို၍ဆင်ခြင်လာမိ၊ သတိ

ထားမိလာပါသည်။ လက်တွေ့ဘဝတွင် မိမိတို့၏စိတ်သည် နိဝရဏတရား ၅ ပါး လွှမ်းမိုးလျက်ရှိပြီး ငါ၊ ငါ့ဟာဆိုသည့် ဒိဋ္ဌ၊ တဏှာတို့ စွဲလန်းငြိတွယ်ကာ ဆင်းရဲဒုက္ခ လွန်စွာများလှပါသည်။ လူမှုဘဝတွင် Mindfulness မရှိ၍ Stress, Emotion တို့ များပြား တိုးတက်လျက်ရှိပြီး ပူလောင် သောကများဖြင့် မငြိမ်းချမ်းနိုင်ဖြစ်နေကြရပါသည်။ မိလိန္ဒ ပဉှာ ပြဋ္ဌာန်းစာ တရားတော်တွင် ဂေါ်တမမြတ်စွာဘုရား အမှန်တကယ်ရှိမရှိ၊ ဗုဒ္ဓ အဆုံးအမ တရားတော်များ၊ ရဟန်းပြုခြင်း၏ရည်ရွယ်ချက်၊ မျှော်မှန်းချက်၊ ကမ္မဋ္ဌာန်း တရား၊ ဝိပဿနာတရားအားထုတ်ရာတွင် လိုက်နာကျင့်သုံးရမည့်အချက်များ၊ ပဋိစ္စ သမုပ္ပါဒ်၊ စိတ်, စေတသိတ်တို့၏ လက္ခဏာနှင့် စိတ်၏ဖြစ်စဉ်များ၊ ဘဝတစ်ခုမှ နောက် ဘဝ တစ်ခုသို့ ကူးပြောင်းခြင်းဖြစ်စဉ်၊ ဆင်းရဲဒုက္ခများမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးတရား၊ ယခုဘဝတွင်ပင် ချမ်းသာရာရရှိစေရေး လမ်းညွှန်ချက်များကို မှတ်သား နာယူ သင်ယူခဲ့ရသည်မှာ အလွန်တရာပင် အဖိုးထိုက်တန်လှပါသည်။ မြတ်စွာဘုရား၏ အဆုံးအမ တရားတော်များကြောင့် ကမ္မဋ္ဌာန်းတရားအားထုတ်ရန်၊ သီလဆောက်တည်ရန် သတိရစေပါသည်။ သဒ္ဓါ၊ သီလ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စသည့် စိတ်စွမ်းအားများကို နည်းလမ်းမှန်မှန်ဖြင့်အသုံးချရန် အသိတရားရစေပါသည်။ မိမိသည် ကိုယ်တိုင် ကိုယ်စွမ်းဥာဏ်စွမ်းရှိသမျှ ကြိုးစားပူဇော်နေသကဲ့သို့ အခြားသူများ ကိုလည်း အတူတကွ ပါဝင်လာစေရန် စေ့ဆော်တိုက်တွန်းခြင်း ဆိုသည့်စေတနာဖြင့် အထောက်အကူပြုပေးသွားပါမည်ဟု ယုံကြည်သဒ္ဓါစိတ်ဖြင့် လျှောက်ထား တင်ပြအပ်ပါသည်။ မြတ်ဗုဒ္ဓနှင့်တကွ ဗုဒ္ဓ၏တပည့်သာဝက ရဟန်းသံဃာအရှင်သူမြတ်များ၊ တရား ဓမ္မဖြင့် အလင်းပြလမ်းညွှန်ပေးသော ပါချုပ်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားများကို ရည်မှန်းဦးချ ကန်တော့အပ်ပါသည်ဘုရား ။

ဒေါ်မာမာဝေ (BA Part-1)

စာမေးပွဲမဖြေဆိုမီကပင် ဆရာတော်ဘုရားကြီး၏တရားများအား နေ့စဉ် နာယူခဲ့ပါသည်။ နာယူရာတွင်စာအုပ်နှင့်ဘောပင်ကိုင်၍စိတ်စိုက်နာယူရင်းမသိခဲ့ဖူးသည့်အချက်အလက်

များအားမှတ်သားခဲ့ပါသည်။ သို့သော်တူညီသောအကြောင်း အရာနှင့်တိုက်ဆိုင်မှု ရှိမှ(သို့) သိလိုသော အကြောင်းအရာရှိမှစာအုပ်ကိုပြန်လည်ကြည့်ဖြစ်ပါသည်ဘုရား။ (တရားကို စိတ်စိုက်နာတာဟာတရားအားထုတ်နေတယ်ဆိုတာမသိသေးပါဘုရား)(ဗန္ဓုလစစ်သူကြီး ကတော်,ဟင်းရွက်ကြော်ရင်းအနာဂါမ်ဖြစ်သွားတယ်။ငါလည်းစိမ်းရာကညိုသွားကိုသတိ ထားကြည့်မယ်ဆိုတာမျိုးတော့လုပ်ကြည့်ဖူးပါသည်ဘုရား။ပါရမီချင်းမတူလေတော့ဖြည့် ကျင့်ရမယ်ဆိုတာသိကြောင်းပါဘုရား) *စာမေးပွဲဖြေဆိုဖြစ်သည့် အခါတွင်မူ အောင် ရမယ်။ ဂုဏ်ထူးထွက်ရမယ်။ သူများရရင်ငါလည်းရရမယ်ဆိုတဲ့ ဆန္ဒများလည်း ပါဝင်တာကြောင့် နေ့စဉ်နှင့်အမျှလေ့လာကျက်မှတ် ခဲ့ပါသည်။၄ကြိမ်မျှဖြေဆိုပြီးသည့် အခါတွင်- ၁။ငါ့စိတ်လေးဟာကုသိုလ်စိတ်ဖြစ် နေသလား, အကုသိုလ်စိတ်ဖြစ်နေသလား ဆိုတာကိုသတိထားတတ်လာပါသည်။ယခင်ကကဲ့သတိလက်လွတ်,တွေးနေတာလဲမသိ၊ ငေးနေတာလဲမသိဆိုတာမျိုးမဖြစ်တော့ပါ။

၂။နေ့စဉ်ပူဇော်နေရသည့်အတွက် ကုသိုလ်စိတ်ဖြစ်နေသည့်အချိန်များ ယခင်ကထက်များ နေသည့်အတွက်ခန္ဓာဆိုတဲ့ ဒုက္ခကြီးရထားတာတောင်မှအရတော်လေစွဆိုပြီး မျက်ရည်ဝဲ သည် အထိကြည်နူး ရပါသည်။(ပင်စင်စားဖြစ်သည့်အတွက်အလုပ်မရှိခြင်း၊ သားသမီးမြေး မရှိခြင်း၊တောင့်တကြောင့်ကြမ္မများနှင့်အကုသိုလ်စိတ်များကြာကြာလက်ခံထားလေ့မရှိခြ င်းတို့သည်လည်းပူဇော်ချိန်များများရနေခြင်း၏ အကြောင်းအထောက်အပံ့ဖြစ်နိုင်ပါသည် ဘုရား)

၃။ဘုရားစင်ရှေ့ တရားထိုင်ချိန်ထက် ပြင်ပအာရုံတွေနဲ့နေရချိန်ကပိုများတာဖြစ်လို့ အာရုံတွေကြားမှာ အကုသိုလ်မဖြစ်အောင် နေနိုင်ပြီလားဆိုတဲ့စာမေးပွဲက နေ့စဉ်ရှိနေ တာကို သတိနဲ့ ဆင်ခြင်နိုင်ခဲ့ပါသည်ဘုရား။

၄။မြတ်စွာဘုရားရှင်၊တရားတော်နှင့်သံဃာတော်မြတ်အပေါင်းတို့အပေါ်၌လည်းသာ၍သာ ၍ပင်လေးမြတ်ကြည်ညိုရှိခိုးမိပါသည်ဘုရား။"

မစုသဇင်အောင် (BA Part-1)

"ဒီပလိုမာတန်းကနေ လက်ရှိဖြေဆို ပူဇော်ခဲ့သော B.A Part 1တန်း ထိ level တိုင်းရှိ တရားတစ်ပုဒ်တိုင်းစီမှာ ဓမ္မအသိ အသီးသီး ရရှိခဲ့ပါတယ်။ နာယူဖတ်ရှုနေရင်း ဆရာတော်ကြီးရဲ့ အေးချမ်းတဲ့ တရားဟောတဲ့ပုံစံ ရိုးရှင်းတဲ့ ဥပမာပြ ရှင်းလင်း စကားပြော ဆိုဟန်များမှတဆင့်ဘုရားဟောတရားရဲ့စစ်မှန်မှု တရားရဲ့အေးချမ်းမှုကို ကြည်နူးပီတိဖြစ်ရတဲ့အထိ တရားတော်၏ ဒိဋ္ဌဓမ္မ ဂုဏ်ကျေးဇူးကို ခံစားရပါတယ်။

မိမိရဲ့နေ့စဉ်ဘဝ လုပ်ကိုင်ဆောင်ရွက်နေရစဉ်မှာလဲ ၅ပါးသီလကိုကြိုးစားထိန်းသိမ်းနေပြီး ကိုယ့်သီလကိုလဲ ပိုစင်ကြယ်ချင်လာပါတယ်၊ အရင်ကမိမိထက် ပိုစိတ်အေးချမ်းတဲ့ လူတယောက်ဖြစ်လာရပါတယ်။ အသိသာဆုံးကတော့ တပည့်တော်မှာ အရင်ကဆို နောင်တရပူပန်တတ်တဲ့ ကုက္ကုစ္စ တွေလဲများပါတယ်၊ ငါ့ဒီလိုမလုပ်ခဲ့မိလို့ ဆိုပြီး ဖြစ်ပြီးသား ကိစ္စတွေမှာ ကိုယ့်ကိုယ်ကို အမြဲအပြစ်တင်တတ်ပါတယ်၊ ကိုယ်ထိန်းချုပ်လို့ မရတဲ့အရာ တွေအပေါ်မှာလဲ သည်းမခံနိုင်ပဲဒေါသထွက်လွယ်ပါတယ်၊ တရားတော်မှတဆင့် မှန်ကန်တဲ့ ထွက်ပေါက်ကို သိလာရပြီး ဘာကြောင့်ဒီစိတ်ဖြစ်လာရလဲ ထွက်ပေါက် အစစ်ကဘာလဲ ဘယ်လိုရှုမြင်ရမလဲ ဆိုတာတွေကို ကိုယ့်ကိုယ်ကို ပြန်မြင်လာ ရပါတယ်၊ အဆိုးတွေထဲမှာ အကောင်းကအမြဲရှိတယ် ရှုမြင်တတ်ဖို့ ပဲလိုတာကိုလဲ ရှာဖွေ့တွေ့ရှိခဲ့ပါတယ်၊ နေ့စဉ်ဘဝမှာ ဖြစ်ပေါ်နေတဲ့ စိတ်ရဲ့ အလိုမကျမှု၊ ပူပန်မှုတွေ ပေါ်လာရင်တောင် အချိန်အကြာကြီး မဖြစ်တော့ပဲ ပါးလာရပါတယ်။ ဖြစ်စ ပြုနေချိန်မှာလဲ ဖြစ်နေမှန်းကိုယ့်ကိုယ်ကို သိလာပါတယ်။ အရင်က သည်းခံတယ်ဆိုရင် ကိုယ်မှန်နေတာပဲ ဘာလို့သူ့ကို သည်းခံရမှာလဲ မှန်တာကိုမှန်ကြောင်းပြန်ပြောပြီး မှားယွင်းစွာဒေါသထွက်တတ်သူပါ။ သည်းခံမှုအစစ်ကိုလဲ နားလည်လာရပါတယ်၊ လူကို သည်းခံ ရတာမဟုတ်ပဲ အာရုံကနေတဆင့် ဖြစ်ပေါ်လာတဲ့ အလိုမကျမှုကိုသာ သည်းခံပြီး လုပ်သင့်တာသာဆက်လုပ်ရတာဖြစ်လို့ ဘဝမှာ ပိုနေတတ်၊ နေပျော်လာ ပါတယ်။

စာမေးပွဲဖြေဆိုခါနီးအချိန်မှာလဲ မြတ်စွာဘုရားရဲ့အနတ္တအနှိုင်းမဲ့ဂုဏ်ကို အာရုံပြုရှိခိုးပြီး ဆရာတော်ကြီးရဲ့ သီလ၊သမာဓိ၊ပညာ၊ကျေးဇူးဂုဏ်ကိုလဲ အာရုံပြု ကန်တော့ပြီး ဖြေဆိုခဲ့ပါ

တယ်။ အခုလို ဗုဒ္ဓစာပေကို လူပုဂ္ဂိုလ်များအတွက် ငယ်သူကြီးသူ အကုန်လက်လှမ်း မှီနိုင်တဲ့ ခေတ်နဲ့ပါလျော်ညီတဲ့ အဆင့်မြင့် ဓမ္မပညာရေး စနစ်တခုဖော်ဆောင်ပေးကြတဲ့ သဘာပတိဆရာတော်ကြီးနှင့် ဆရာတော်ကြီးများအပါအဝင်၊ အနုဂ္ဂဟအသင်းသူ၊ အသင်းသား အားလုံးရဲ့ ကျေးဇူးဂုဏ်ကို ထုတ်ဖော်ချီးမွမ်းပါရစေဘုရား။ ဦးတင်ပါတယ်ဘုရား။"

မစုသဇင်အောင် (BA Part-1)

"ဒီပလိုမာတန်းကနေ လက်ရှိဖြေဆို ပူဇော်ခဲ့သော B.A Part 1တန်း ထိ level တိုင်းရှိ တရားတစ်ပုဒ်တိုင်းစီမှာ ဓမ္မအသိ အသီးသီး ရရှိခဲ့ပါတယ်။ နာယူဖတ်ရှုနေရင်း ဆရာတော်ကြီးရဲ့ အေးချမ်းတဲ့ တရားဟောတဲ့ပုံစံ ရိုးရှင်းတဲ့ ဥပမာပြ ရှင်းလင်း စကားပြောဆိုဟန်များမှတဆင့်ဘုရားဟောတရားရဲ့စစ်မှန်မှု တရားရဲ့အေးချမ်းမှုကို ကြည်နူးပီတိဖြစ်ရတဲ့အထိ တရားတော်၏ ဒိဋ္ဌဓမ္မ ဂုဏ်ကျေးဇူးကို ခံစားရပါတယ်။ မိမိရဲ့နေ့စဉ်ဘဝ လုပ်ကိုင်ဆောင်ရွက်နေရစဉ်မှာလဲ ၅ပါးသီလကိုကြိုးစားထိန်းသိမ်းနေပြီး ကိုယ့်သီလကိုလဲ ပိုစင်ကြယ်ချင်လာပါတယ်၊ အရင်ကမိမိထက် ပိုစိတ်အေးချမ်းတဲ့ လူတယောက်ဖြစ်လာရပါတယ်။ အသိသာဆုံးကတော့ တပည့်တော်မှာ အရင်ကဆို နောင်တ ရပူပန်တတ်တဲ့ ကုက္ကုစ္စ တွေလဲများပါတယ်၊ ငါ့ဒီလိုမလုပ်ခဲ့မိလို့ ဆိုပြီး ဖြစ်ပြီးသားကိစ္စတွေမှာ ကိုယ့်ကိုယ်ကို အမြဲအပြစ်တင်တတ်ပါတယ်၊ ကိုယ်ထိန်းချုပ်လို့မရတဲ့ အရာတွေအပေါ်မှာလဲ သည်းမခံနိုင်ပဲဒေါသထွက်လွယ်ပါတယ်၊ တရားတော်မှတဆင့် မှန်ကန်တဲ့ ထွက်ပေါက်ကို သိလာရပြီး ဘာကြောင့်ဒီစိတ်ဖြစ်လာရလဲ ထွက်ပေါက်အစစ်က ဘာလဲ ဘယ်လိုရှုမြင်ရမလဲ ဆိုတာတွေကို ကိုယ့်ကိုယ်ကို ပြန်မြင်လာရပါတယ်၊ အဆိုးတွေ ထဲမှာ အကောင်းကအမြဲရှိတယ် ရှုမြင်တတ်ဖို့ပဲလိုတာကို ရှာဖွေ့တွေ့ရှိခဲ့ပါတယ်၊ နေ့စဉ်ဘဝမှာ ဖြစ်ပေါ်နေတဲ့ စိတ်ရဲ့ အလိုမကျမှု၊ပူပန်မှုတွေ ပေါ်လာရင်တောင် အချိန်အကြာကြီး မဖြစ်တော့ပဲ ပါးလာရပါတယ်။ ဖြစ်စပြုနေချိန်မှာလဲ ဖြစ်နေမှန်း သိလာပါတယ်။ အရင်က သည်းခံတယ်ဆိုရင် ကိုယ်မှန်နေတာပဲ ဘာလို့သူ့ကို သည်းခံရမှာလဲ မှန်တာကိုမှန်ကြောင်းပြန်ပြောပြီး မှားယွင်းစွာဒေါသထွက်တတ်သူပါ။ သည်းခံမှု

အစစ်ကိုလဲ နားလည်လာရပါတယ်၊ လူကိုသည်းခံရတာမဟုတ်ပဲ အာရုံကနေတဆင့် ဖြစ်ပေါ်လာတဲ့ အလိုမကျမှုကို သည်းခံပြီး လုပ်သင့်တာသာဆက်လုပ်ရတာဖြစ်လို့ ဘဝမှာ ပိုနေတတ်၊နေပျော်လာပါတယ်။ စာမေးပွဲဖြေဆိုခါနီးအချိန်မှာလဲ မြတ်စွာဘုရားရဲ့ အနတ္တအနှိုင်းမဲ့ဂုဏ်ကို အာရုံပြုရှိခိုးပြီး ဆရာတော်ကြီးရဲ့ သီလ၊သမာဓိ၊ပညာ၊ ကျေးဇူးဂုဏ်ကိုလဲ အာရုံပြု ကန်တော့ပြီး ဖြေဆိုခဲ့ပါတယ်။ အခုလို ဗုဒ္ဓစာပေကို လူပုဂ္ဂိုလ်များ အတွက် ငယ်သူကြီးသူ အကုန်လက်လှမ်းမှီနိုင်တဲ့ ခေတ်နဲ့ပါလျော်ညီတဲ့ အဆင့်မြင့် ဓမ္မပညာရေး စနစ်တခုဖော်ဆောင်ကြပါသော သဘာပတိဆရာတော်ကြီးနှင့် ဆရာတော်ကြီးများအပါအဝင်၊ အနုဂ္ဂဟအသင်းသူ၊အသင်းသား အားလုံးရဲ့ ကျေးဇူးဂုဏ်ကို ထုတ်ဖော်ချီးမွမ်းပါရစေဘုရား။ ဦးတင်ပါတယ်ဘုရား။"

မစုသဇင်အောင် (BA Part-1)

"ဒီပလိုမာတန်းကနေ လက်ရှိဖြေဆို ပူဇော်ခဲ့သော B.A Part 1တန်း ထိ level တိုင်းရှိ တရားတစ်ပုဒ်တိုင်းစီမှာ ဓမ္မအသိ အသီးသီး ရရှိခဲ့ပါတယ်။ နာယူဖတ်ရှုနေရင်း ဆရာတော်ကြီးရဲ့ အေးချမ်းတဲ့ တရားဟောတဲ့ပုံစံ ရိုးရှင်းတဲ့ ဥပမာပြ ရှင်းလင်း စကားပြောဆိုဟန်များမှတဆင့်ဘုရားဟောတရားရဲ့စစ်မှန်မှု တရားရဲ့အေးချမ်းမှုကို ကြည်နူးပီတိဖြစ်ရတဲ့အထိ တရားတော်၏ ဒိဋ္ဌဓမ္မ ဂုဏ်ကျေးဇူးကို ခံစားရပါတယ်။ မိမိရဲ့နေ့စဉ် ဘဝ လုပ်ကိုင်ဆောင်ရွက်နေရစဉ်မှာလဲ ၅ပါးသီလကိုကြိုးစားထိန်းသိမ်းနေပြီး ကိုယ့်သီလကိုလဲ ပိုစင်ကြယ်ချင်လာပါတယ်၊ အရင်ကမိမိထက် ပိုစိတ်အေးချမ်းတဲ့ လူတယောက်ဖြစ်လာရပါတယ်။ တပည့်တော်မှာ အရင်ကဆို နောင်တရပူပန်တတ်တဲ့ ကုက္ကုစ္စ တွေလဲများပါတယ်၊ ငါ့ဒီလိုမလုပ်ခဲ့မိလို့ ဆိုပြီး ဖြစ်ပြီးသားကိစ္စတွေမှာ ကိုယ့်ကိုယ် ကို အမြဲအပြစ်တင်တတ်ပါတယ်၊ ကိုယ်ထိန်းချုပ်လို့မရတဲ့အရာ တွေအပေါ်မှာလဲ သည်းမခံနိုင်ပဲဒေါသထွက်လွယ်ပါတယ်၊ တရားတော်မှတဆင့် မှန်ကန်တဲ့ ထွက်ပေါက်ကို သိလာရပြီး ဘာကြောင့်ဒီစိတ်ဖြစ်လာရလဲ ထွက်ပေါက်အစစ်ကဘာလဲ ဘယ်လိုရှုမြင်ရမလဲ ဆိုတာတွေကို ကိုယ့်ကိုယ်ကို ပြန်မြင်လာရပါတယ်၊ အဆိုးတွေထဲမှာ အကောင်းက

အမြဲရှိတယ် ရှုမြင်တတ်ဖို့ပဲလိုတာကို ရှာဖွေ့တွေ့ရှိခဲ့ပါတယ်၊ နေ့စဉ်ဘဝမှာ ဖြစ်ပေါ်နေတဲ့ စိတ်ရဲ့ အလိုမကျမှု၊ပူပန်မှုတွေ ပေါ်လာရင်တောင် အချိန်အကြာကြီး မဖြစ်တော့ပဲ ပါးလာရပါတယ်။ အရင်က သည်းခံတယ်ဆိုရင် ကိုယ်မှန်နေတာပဲ ဘာလို့သူ့ကို သည်းခံရမှာလဲ မှန်တာကိုမှန်ကြောင်းပြန်ပြောပြီး မှားယွင်းစွာဒေါသထွက်တတ်သူပါ။ သည်းခံမှုအစစ်ကိုလဲ နားလည်လာရပါတယ်၊ လူကိုသည်းခံရတာမဟုတ်ပဲ အာရုံကနေတဆင့် ဖြစ်ပေါ်လာတဲ့ အလိုမကျမှုကို သည်းခံပြီး လုပ်သင့်တာသာဆက်လုပ်ရတာဖြစ်လို့ ဘဝမှာ ပိုနေတတ်၊နေပျော်လာပါတယ်။ စာမေးပွဲဖြေဆိုခါနီးအချိန်မှာလဲ မြတ်စွာဘုရားရဲ့အနတ္တအနှိုင်းမဲ့ဂုဏ်ကို အာရုံပြုရှိခိုးပြီး ဆရာတော်ကြီးရဲ့ သီလ၊သမာဓိ၊ ပညာ၊ကျေးဇူးဂုဏ်ကိုလဲ အာရုံပြု ကန်တော့ပြီး ဖြေဆိုခဲ့ပါတယ်။ အခုလို ဗုဒ္ဓစာပေကို လူပုဂ္ဂိုလ်များအတွက် ငယ်သူကြီးသူ အကုန်လက်လှမ်းမှီနိုင်တဲ့ ခေတ်နဲ့ပါလျော်ညီတဲ့ အဆင့်မြင့်မမ္မပညာရေးစနစ်တခု ဖော်ဆောင်ကြပါသော သဘာပတိဆရာတော်ကြီးနှင့် ဆရာတော်ကြီး များအပါအဝင်၊ အနုဂ္ဂဟအသင်းသူ၊အသင်းသား အားလုံးရဲ့ ကျေးဇူးဂုဏ်ကို ထုတ်ဖော်ချီးမွမ်းပါရစေဘုရား။ ဦးတင်ပါတယ်ဘုရား။"

ဦးစိုးဝိုင် (BA Part-1)

"စာမေးပွဲဖြေနိုင်ရန်ကြိုးစားရသောကြောင့် တရားနာသူ တရားစာအုပ်ဖတ်သူချင်း တူလျှင်တောင်မှ တပည့်တော်တို့က တရားတော်ကိုမှတ်မိအောင် ပို၍ကြိုးစားရပါသည်။ အနည်းနှင့်အများဆိုသလို တရားတော်ကိုမှတ်မိသောကြောင့်လည်း လိုက်နာ ကျင့်သုံးနိုင်အောင် ပို၍ကြိုးစားဖြစ်ပါသည်။ ယခုအထိလေ့လာမိသမျှ သုတမမ္မ တရားတော်များတွင် မမ္မအသိဖြင့်အကျိုးရှိအောင်နေမည် တရားတော်ကိုအနှစ်သက်ဆုံး၊ဖြစ်ပြီး ကြိုးစား၍လိုက်နာကျင့်သုံးနေပါကြောင်း ဆရာတော်ဘုရားကြီးအား ရိုသေစွာဦးတင် လျှောက်ထားပါသည်ဘုရား "

ဒေါ်ခိုင်ဆုမွန်စိုး(BA Part-1)

"မင်္ဂလာပါ ဘုရား။ တပည့်တော်မ စာမေးပွဲတွေတဆင့်ပြီးတဆင့်ဖြေဆိုခြင်းမှ မသိခဲ့တာတွေ အများကြီးသိခွင့်ရသည့် အတွက်ဝမ်းသာ ပီတိဖြစ်မိပါတယ် ဘုရား။ အခုBA ဖြေဆိုရာမှာ မိလိန္ဒမင်းကြီး၏အရည်အချင်း၊ အရှင်နာဂသေနအရည်အချင်းတွေ သိခွင့်ရခဲ့ပါ သည်ဘုရား။ မိလိန္ဒမင်းကြီး၏ လူကဲခတ်စွမ်းရည်ကို သဘောကျမိပါသည် ဘုရား။ ရဟန်းဝတ်ရခြင်းအကြောင်းလည်းသိခွင့်ရပါပြီဘုရား။မေးတဲ့သူကလည်းမေးတက်အရှင် နာဂသေနကလည်းအဖြေကောင်းတယ်ဘုရား။မေးခွန်းတွေအများကြီးမေးခဲ့တဲ့မင်းကြီးနဲ့ ထိထိမိမိပြန်လည်ရှင်းပြဖြေကြားခဲ့တဲ့အရှင်နာဂသေနတို့ကိုကျေးဇူးတင်မိပါသည်ဘုရား။ တပည့်တော်မတို့မသိသေးတာတွေသိခွင့်ရခဲ့လို့ပါဘုရား။ဗုဒ္ဓ၏တရားတော်များကိုအခုလို သိခွင့်ရအောင်ပြန်လည်ပြီးလက်ဆင့်ကမ်းသယ်ဆောင်ပေးခဲ့တဲ့ဆရာတော်ဘုရားကြီးများ အားလုံးနှင့်သံဃာတော်အပေါင်းအားကျေးဇူးအထူးတင်ရှိပါသည်ဘုရား။သိလာတာနဲ့အမျှ ကြိုးစားပြီးစိတ်ကိုပြင်နေပါတယ်ဘုရား။အရင်ကထက်စာရင်ပြောင်းလဲလာသလိုခံစားမိပါ တယ်ဘုရား။ ဆရာတော်ဘုရားကြီး၏ ပို့ချမှုနှင့်မေတ္တာတရားကြောင့် ကြိုးစားပြီး ပြုပြင်ပါ့မယ်ဘုရား။"

အေးအေးမြင့် (BA Part-1)

"သုတမမ္မ အဆင့်များမှလေ့လာမှတ်သားခဲ့ရသည့် ဗဟုသုတများ၊အသိပညာများသည့် ယခု BA Part 1 မိလိန္ဒပဉ္ဍာ ကိုလေ့လာသင်ယူရသည့်အခါများစွာအထောက်အကူပြုခဲ့ပါသည်။မိလိန္ဒပဉ္ဍာ ပြဋ္ဌာန်းနှင့်တရားတော်အနည်းဆုံး၃ကြိမ်ထက်မနည်း ကျက်မှတ်နားကြား မှတ်သားပူဇော်ခဲ့ပါသည်။ တစ်ခေါက်ထက်တစ်ခေါက် မှတ်သားနိုင်သည့် ဥာဏ်အား ပိုမိုရှိခဲ့.ပါသည်။ လက်တွေ့နယ်ပယ်မှာလည်း မိမိစိတ်ကို အကြိမ်များများ ထိန်းနိုင်ပါသည်။ ကုသိုလ်စိတ်များဖြစ်ချိန်ပိုများလာပါသည်။ ဝိပဿနာအားထုတ်ချိန် တွင်လည်းလက်တွေ့နှင့်အသိကို ဆင်ခြင်မှတ်သား အားထုတ်နိုင်သည့် အချိန်ပိုများ လာပါသည်။"

ဒေါ်မေဝင်းဟန်(BA Part-1)

မိလိဒပဥ္ဟာကို လေ့လာမှတ်သားကျက်မှတ်ရခြင်းသည် တပည့်တော်ဘဝမှာ လူ့ဘဝရဲ့ တန်ဖိုးရှိသောအရာများသိခဲ့ရပါတယ်။ ပြဋ္ဌာန်းစာအုပ်အနေနှင့် လေ့လာရသော်လည်း ဆရာတော် ဘုရားအသံဖိုင်ကိုအကြိမ်ကြိမ်နာယူပြီး ပြုစုသူများ၏ ကျေးဇူးတရားများကိုအကြိမ်ကြိမ်ကန်တော့မိပါသည်ဘုရား။

ဒေါ်သက်သက်ဦး (BA Part-1)

"စာမေးပွဲဖြေရမယ်ဆိုပြီး တရားနာတာ၊တရားစာဖတ်တာတွေက တခြားအချိန်က တရားနာခဲ့တာတွေ၊တရားစာဖတ်ခဲ့တာတွေနဲ့မတူတော့ပါဘုရား။ လေးလေးနက်နက် နားစိုက်ထောင်တယ်၊ နားမလည်ရင် ပြန်ရစ်နားထောင်တယ်၊ ပြန်ပြီးအထပ်ထပ် ဖတ်တယ်၊ သိတဲ့ဆရာတော်၊လူပုဂ္ဂိုလ်တွေ ရှင်းလင်းပြထားတာကို ရှာဖွေလေ့လာတယ်။ တရားကို လေးလေးနက်နက် နားလည်အောင် စူးစိုက်နာယူတတ်တဲ့အကျင့်ကတော့ ဒီသုတမမ္မစာမေးပွဲဖြေရခြင်းရဲ့ အကျိုးတစ်ခုသေချာရလိုက်ပါတယ်ဘုရား။ 🙏🙏🙏 "

ဦးဇော်မင်းထွန်း (BA Part-1)

ဓမ္မအသိဉာဏ်, စိတ်စွမ်းအား, စိတ်စေတသိက်တရား, ဒုက္ခချုပ်ငြိမ်းဖို့, အသိ ဉာဏ် ပညာ ,ငြိမ်းချမ်းမှု နိဗ္ဗာန် တရားတွေ အတွက် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း အကျိုးတရားများ ရရှိပါသည် ဘုရား

ဒေါ်တင်တင်အေး BA(Part-1)

ဗဟုသုတများစွာရရှိပါသည်။လောကတွင်နေထိုင်နည်းပေါင်းသင်းဆက်ဆံရေးနှင့်လောကီ လောကုတ်နှစ်ဖြာကျင့်ကြံနိုင်ရန် နည်းလမ်းများသိရှိရပါသည်။

ဒေါ်မိမိတင် (BA Part-1)

"ခမ္ဘဆိုင်ရာဗဟုသုတများထံမှ တရားတော်များမှ နေ၍ မိမိအတွက်ဒိဋ္ဌမင်္ဂိက ဟိတ သုခ များအပြင် တရားနှင့်အလှမ်းဝေးနေဆဲ သားငယ် ရဲ့ ဗုဒ္ဓ ခမ္မ ဆိုင်ရာ မေးခွန်းများကို တချို့ ပြန်လည်ရှင်းပြသွားတက်သွားပါသည်။ ယခုခေတ်လူငယ် များသည် ဘာသာရေးနှင့် ပတ်သတ်၍ အလွယ်တကူ လက်မခံပဲ တခြားဘာသာများရဲ့ ကောင်းဆိုးများနှင့် နှိုင်းယှဉ်သုံးသပ်မေးခွန်းထုတ်လာတက်၍ တရားတော်များမှတဆင့်ဖြေနိုင်တာတွေတော့ ဖြေပေးခဲ့ပါတယ် သီလ စင်ကြယ်စွာနဲ့နေထိုင်ရန် သစ္စာ ၄ ပါး ကုသိုလ် အကုသိုလ် တရားများ ဒုက္ခအစစ်အမှန် သံခေတ္တနပဉ္ဉာပါဒါနက္ခန္ဓာ အကြောင်းများ နှင့် level အလိုက် နားလည်ခဲ့သည့်တရားများကို သားငယ်နှင့် တူမ များကို နားလယ်အောင် ဖြေပေးတက် သွားပါတယ်။ အခွင့်အရေးကြုံက ဆရာတော်ဘုရားကြီးထံသို့ မသိသေး မရှင်းသေးသည် တရားများမေးမြန်းချင်ပါသည်ရှင့်။ 🙏🙏🙏"

ဦးမိုးဇော် [B.A(1)] (BA Part-1)

"တပည့်တော်သည် LEVEL (1) မှ လက်ရှိ B.A(1) ဖြေဆိုခဲ့ပြီးသည်အထိ ပညာဘူမိ တက္ကသိုလ် မှ တရားဝင်ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းစာအုပ်များကိုသာ ဗုဒ္ဓဘုရားရှင်အား ပဓာနနေရာထား၍ ပညာဘူမိတက္ကသိုလ်၏ အဓိပတိဆရာတော်ကြီး အရှင်နန္ဒမာလာ ဘိဝံသ၊ ပါမောက္ခချုပ် ဆရာတော်ကြီးနှင့် ပညာဘူမိတက္ကသိုလ်၏ အခန်းကဏ္ဍ အသီးသီးကနေ မိမိတို့ကျရာ တာဝန်များ တာဝန်ယူဆောင်ရွက်ပေးနေကြသော ဆရာတော်များ၊ လက်ရှိစာစစ်ဆရာတော်များ အားလုံးတို့ကို စိတ်မှာအမှူးထား၍ အတတ်နိုင်ဆုံး သဒ္ဓါတရားစင်ကြယ်စွာ စိတ်မှာထားကာ ကိုယ်ကောစိတ်ပါ အပင်ပမ်းခံပြီး သတ်မှတ်ကာလတာအတွင်း ပြဋ္ဌာန်းတစ်အုပ်လုံးကို အစမှအဆုံးထိတိုင် အကြိမ်အရေ အတွက် ရလျှင် ရနိုင်သလောက် ရိုသေစွာ ပူဇော်ခဲ့ပါသည်ဘုရား။ အကျိုးအားဖြင့်

စာမေးပွဲဖြေဆိုစဉ်ကာလများအတွင်း[Level-1 to B.A (1)] တပည့်တော် ပြဋ္ဌာန်းပါစာများကို ဘယ်နေရာမှ မေးသည် အထိပါ သိရှိကာ တစ်ပုဒ်မကျန် ဖြေဆိုနိုင်ခဲ့ပါသည် ဘုရား။ အဓိကအချက်အနေဖြင့် ပြဋ္ဌာန်းပါ စာများအတိုင်း တစ်သွေမတိမ်း မရေးသားနိုင်ခဲ့ပါသော်လည်း ထို့သို့ လေ့လာပူဇော်ခဲ့ရသည့် တရားအသိများကြောင့် အဓိပ္ပါယ်မလွဲမှားစွာ မေးထားသည့် မေးခွန်းများအတိုင်း ဖြေဆိုနိုင်ခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ တပည့်တော်သည် ပြဋ္ဌာန်းကို စာအုပ်ကိုသာ အာသေဝနသတ္တိဖြင့် အကြိမ်ကြိမ် အခါခါ ဖတ်ရှုလေ့လာခဲ့ခြင်းသည် တရားဓမ္မနှင့်ပတ်သတ်၍ ကျယ်ပြန့်စွာ တွေးခေါ်လာနိုင်ပြီး၊ တရားအသိကြောင့် မတူထူးခြားသော ပီတိမျိုးကိုလည်း ခံစားခဲ့ရပါသည်ဘုရား။ "

နေလင်းအောင် (BA Part-1)

မသိသေးသော တရား အသိတွေ ရလာ၍ကိုယ့်ကျင်လည်ရာမှာ အသိ၊သတိနှင့် နေထိုင်တက်လာပါတယ်..ဒါကြောင့်ဆရာတော်ကြီးရဲ့ကျေးဇူးတရားတွေကြောင့်ပါလို့...လျှောက်ထားချင်ပါတယ်ဘုရား။

ဒေါ်လှငွေး(BA Part-1)

တရားစာပေများ လေ့လာခွင့်ရလို့ အထူးကျေးဇူးပါတယ် ဘုရား 🙏🙏🙏

ဒေါ်နီလာ(BA Part-1)

"ရိုသေစွာဖြင့်လျောက်ထားပါသည်ဘုရား ရှေးကုသိုလ်ပါရမီကြောင့် သူတော်ကောင်းများရပ်ဝန်းတွင် သူတော်ကောင်း မိဘနှစ်ပါးအဆုံးအမဖြင့် ကြီးပြင်းခဲ့ပြီး သူတော် ကောင်းများနှင့် သာဘဝတလျောက်ဆုံတွေ့ခဲ့ရသည်မှာ ကုသိုလ်ထူးသောကြောင့် ဟုယူဆမိသကဲ့သို့ ထိုမိတ်ဆွေကောင်းတို့၏တိုက်တွန်းမှု ကူညီအားပေးမှုဖြင့် ဘုန်းဘုန်းကြီး ၏ သာသနာပြုစာမေးပွဲများဖြေဆိုခဲ့သည်မှာ BA 1 အထိဖြေခဲ့ပြီးပါပြီဘုရား။ ဖြေဆိုခဲ့သည့်

အလျောက်ကျနပ်မှုများစွာလည်းရရှိခဲ့ပြီး တရားအသိများလည်း တိုးသက့်သို့ ယခင်က ထက်စိတ်ထားများလည်းပြောင်းလဲခဲ့ပါပြီဘုရား။ အသိများတိုးလာသည် နှင့်အမျှ ယောနိသောမနသိကာရ ဖြစ်အောင်ဆင်ခြင်သောအကျင့်လည်း လုပ်တတ်လာပါသည် ဘုရား။ သည်းခံ ခွင့်လွှတ်တတ်လာပါသည်ဘုရား။ ပမာဏမများသေးသော်လည်း လမ်းမှန်ပေါ်ကို သေချာပေါက်တက်လှမ်းနေမိပါပြီဘုရား။ ရှေ့ဆက်ပြီးကုသိုလ်တရားများ ပညာပါရမီများ ကြိုးစားဖြည့်ပါဦးမည်ဘုရား။ ဘုန်းဘုန်းနှင်တကွ ပညာဘူမိမှသံဃာတော် အရှင်သူမြတ်များ ဆက်လက် ကျန်းမာစွာ သာသနာပြုနိုင်ကြပါစေကြောင်း ဆုတောင်း ပါသည်ဘုရား။"

ဒေါ်နှင်းသီတာချော (BA Part-1)

"ပါမောက္ခချုပ်ဆရာတော့ဘုရားကြီးကို ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ တပည့်တော် မှ ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေန တို့၏ ဗုဒ္ဓဝါဒရေးရာအချေအတင်ပြောဆိုချက်များကို နာယူ၊မှတ်သားရသဖြင့် ယခု ပစ္စုပ္ပန်တွင်ပင် အကျိုးကျေးဇူးများ ရရှိပါသည်ဘုရား။ တပည့်တော်မ သုတဓမ္မ ဒီပလိုမာ - Level 3 ဖြေဆိုပြီးချိန်တွင် BA-1 တရားတော်များ စတင် နာယူခဲ့စဉ်က အပိုင်း(၄) တွင် ပဋိသန္ဓိပဥ္စာ နှင့်ပတ်သက်၍ ဆရာတော်ဘုရားမှ ထပ်ဆင့်ရှင်းလင်းသောအချက် "" တကယ်တော့ အားလုံးဟာသူ့ movement နဲ့သူ၊သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးချုပ်ပျက်သွားတယ်၊ချုပ်ပျက်ပေမဲ့လို့ line တစ်ခုထဲမှာ ဖြစ်နေတာ၊ one line လို့ပြောရမယ်"" ဆိုတဲ့ အချက်ကို နာယူပြီးတဲ့အချိန်မှာ တပည့်တော်မ အာရုံထဲမှာ ဗလာစာအုပ် တစ်အုပ်ပေါ်မှာ ဘောပင်နဲ့ မျဉ်းကြောင်းဆွဲတဲ့ပုံကို မြင်ယောင်ပြီး စဉ်းစားကြည့် မိပါတယ် ဘုရား။ဗလာစာအုပ်ကြီးကတော့ တပည့်တော်မတို့ ဆက်လက်လျှောက် လှမ်းရမယ့် အနာဂတ် ကာလ လို့မြင်မိပါတယ်။ မျဉ်းကြောင်းကတော့ one line လို့ပြောတဲ့ တပည့်တော်မတို့ ရဲ့ ဘဝအဆက်ဆက်လို့မြင်ပါတယ်ဘုရား။ ဘောပင်ကိုင်ထားပြီး တပည့်တော်မတို့ရေးဆွဲတဲ့အတိုင်း ပုံထွက်လာပါမယ်၊အဲ့ဒီပုံဟာ တပည့်တော်မတို့ ဖြစ်လာမယ့် ဘဝတွေလို့မြင်မိပါတယ်။ တပည့်တော်မတို့ဟာ သတိနဲ့ ဘောပင်ကို

သေချာဆွဲရင် ထွက်လာမယ့် မျဉ်းကြောင်းဟာလှလှပပ ဖြစ်မယ်။ သတိမရှိ၊ စိတ်မပါပဲ ဆွဲရင် မျဉ်းကြောင်းဟာ မလှမပ ဖြစ်မယ်။ အဲ့ဒီအခါကျတော့ မျဉ်းကြောင်းဟာလှဖို့ဆိုရင် သတိရှိရမယ်၊စိတ်ပါလက်ပါဆွဲရမယ်၊ ကိုယ့်စိတ်ကို ရှင်းအောင်ထားပြီးဆွဲရမယ်။ ဒါမှ ဖြစ်လာမဲ့ ဘဝ၊ဘဝတွေမှာ ကောင်းကျိုးကို ခံစားရမယ်။ အဲ့လိုစဉ်းစားပြီး တပည့်တော်မှ အာရုံမှာ တစ်ခုခုကို လုပ်တော့မယ်ဆိုရင် အဲ့မျဉ်းကြောင်းလေး ကောင်းရမယ်ဆိုတဲ့ အတွေးပေါ်လာပြီး၊ မိသားစုနဲ့ ဖြစ်စေ၊ လုပ်ငန်းခွင်မှာ ဖြစ်စေ ၊ အားလုံးကို သတိထားပြီး ဒေါသစိတ် မရှိအောင်၊ ကိုယ်လုပ်ပေးနိုင်တာရှိရင် လုပ်ပေးပြီး၊ စိတ်ရှည်ရှည်နဲ့ အာရုံစိုက်နားထောင်၊ ပြန်ရှင်းပြ အဲ့လိုတွေလုပ်မိတော့ တပည့်တော်ကိုယ်တိုင်လဲ အကျိုးရှိသလို၊ တပည့်တော်မနဲ့ ဆက်စပ်ပြီး အလုပ်လုပ်နေရသူတွေလဲ စိတ်ချမ်းသာလာတာကိုတွေ့ရပါတယ်ဘုရား။ နောက်တစ်ခုကတော့ တပည့်တော်မဟာ ဝန်ထမ်းဖြစ်တဲ့အတွက် အလုပ်ခွင်မှာတွေ့ရတဲ့ အခက်အခဲစိတ်ညစ်စရာတွေကတော့ တွေ့စမြဲပါဘုရား။ သူတဓမ္မဒီပလိုမာမှာ သင်ကြားခဲ့ရတဲ့ စိတ်၏အညစ်အကြေးများ တရားတော်ကို နာယူခဲ့ရတုန်းကတော့ စိတ်အညစ်အကြေးဖယ်ရှားရန် နည်းလမ်းကိုသိရှိခဲ့ရပြီး လက်တွေ့တော့ မှန်ကန်စွာ မဖယ်ရှားနိုင်သေးပါဘုရား။ ယခု BA Part -1 မှာ ပါတဲ့ တရားတော်များထဲက ဝီရိယ ရဲ့ စွမ်းဆောင်ရည် (၄) ချက်ကို ပြန်လည်စဉ်းစားပြီးပယ်ဖြစ်ပါတယ်ဘုရား။ ယခုပိုပြီး ဘုရား၊တရား၊သံဃာတော်အပေါ်မှာ ပိုပြီးယုံကြည်၊ကြည်ညိုမိလာပါတယ်ဘုရား။ ဆရာတော်ဘုရား ကျန်းမာ၊ချမ်းသာစွာနဲ့ သာသနာဆက်လက်ပြုနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့အပ်ပါတယ်ဘုရား။"

စုမြတ်သန္တာဖွေး(BA Part-1)

ဘာသာရေးဆိုင်ရာ သိသင့်သိမှတ်ဖွယ်ရာများကို အတိအကျ သိရှိလာခြင်း မိမိစိတ်ကို control လုပ်လာနိုင်ခြင်း စာလုပ်နေစဉ် စိတ်အစဉ်သည် တရားတော်များတွင်သာ မွေ့လျော်၍ တခြား မကောင်းစိတ်များဝင်မလာဘဲ အေးချမ်းနေပါသည်။

ဒေါ်သီတာ(BA Part-1)

"သုတမမ္မဂဝေသီBach(3) စာမေးပွဲ၌ မအောင်မြင်ခဲ့သော်လည်း ဒုတိယအကြိမ် ထပ်မံပြီး ကြိုးစား၍ဖြေဆိုခဲ့ပါသည်ဘုရား။ တပည့်တော်မအနေဖြင့် လောကီစာမေးပွဲတိုင်း အောင်မြင်မှု ရရှိခဲ့ပါ သည်ဘုရား။ ဂဝေသီမိလိန္ဒပဉ္ဟာစာမေးပွဲမှာ အောင်စာရင်းထဲ ပါမလာတော့ကိုယ်ကိုယ်ဥာဏ်မမှီသေးဘူးဟုနှစ်လုံးသွင်းမိပါတယ်ဘုရား။ တပည့်တော်မ အနေနဲ့ဒီနှစ်စာမေးပွဲလည်းကြိုးစားပြီးဖြေဆိုခဲ့ပါသည်ဘုရား။"

သင်းသင်းရီ(BA Part-1)

"* အံ့သြစရာကောင်းလောက်အောင်ကိုပဲ စိတ်ရဲ့တည်ငြိမ်မှုက auto ဖြစ်နေတာမျိုးက ထူးခြားမှုကြီးပါပဲ။ problem solving skills ပိုကောင်းလာတယ်။ Resilience ပိုကောင်းလာတယ်။ ဒေါသဖြစ်ကြိမ် ပါးပါးလာတယ်။ မိလိန္ဒပဉ္ဟာ ဖတ်နေစဉ် အတွင်းမှာပဲ သန္တရသထက်ပိုသော ခံစားမှုမျိုး။ ဓမ္မရဲ့ အနှစ်သာရကို ပိုမို ခံစားသိရှိလာရတယ်။ အခုလို သုတမမ္မ ဖြေဆိုခွင့်ရရှိတဲ့အတွက် စာမေးပွဲအောင်ခြင်းထက်ပိုသော ဓမ္မအသိတွေ ကြွယ်လာ သလို နေ့စဉ်လူမှုဘဝတွေ မှာ အများကြီး supporting ဖြစ်နေတာကို ခံစားရတယ်။ ပါချုပ်ဆရာတော် ဘုရားကြီး ခန္ဓာတာဝန်၊ သာသနာ့တာဝန်တွေ လွယ်ကူစွာဆောင်ရွက်နိုင်ပါစေ။ ကျေးဇူးအနန္တပါ ဘုရား။ စာမေးပွဲ ဖြစ်မြောက်ရေး အတွက် ဝိုင်ဝန်းအားဖြည့်ပေးကြပါသော ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ အဖက်ဖက်က ဟာကွက်မရှိအောင် ကူညီပေးကြပါသော volunteers များ အားလုံးကို ရင်ထဲကနေ လှိုက်လှိုက်လဲလဲ ကျေးဇူးတင်ပါသည်။

ဒေါက်တာစုစုဝင်း(BA Part-1)

"တပည့်တော် သက်တမ်းတစ်လျှောက် အမှတ်မှားခဲ့သည့် (၂)ချက်ကို အမှန်သိခွင့် ရခဲ့ခြင်းအတွက် တန်ဘိုးမဖြတ်နိုင်သော ဗုဒ္ဓစာပေလေ့လာခြင်းကို သုတမမ္မတန်းမှ

သိရှိခွင့်ရခဲ့ သည့်အတွက် ဆရာတော်ဘုရားကြီးနှင့် ပညာဘူမိတက္ကသိုလ် ဆရာတော်များ ၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်များကို ရိုသေစွာ ဦးခိုက်လျှောက်ထားအပ် ပါသည်ဘုရား။

(၁) B.A. part 1 ပြဋ္ဌာန်းဖြစ်သော မိလိန္ဒပဉှာ စာမျက်နှာ ၂၉၃ ပါ အချက်အရ တပည့်တော်လည်းသူတစ်ပါးတွေ ပညာအခွင့်အလမ်းရအောင်အားပေးတာကို ပညာပါရမီ ဖြည့်တယ်ဟု ထင်မိခဲ့ပါတယ်ဘုရား။ ယခု အမှန်သိရသည်မှာ ''စာပေကျမ်းဂန်ထဲမှာ မိမိကိုယ်တိုင်က သိလို၍ မေးမြန်းစူးစမ်းလေ့လာမှ ပညာပါရမီကို ရနိုင်တယ်လို့ ဆိုတာပါ ''ဟုသောအချက်ကိုသိရှိရပြီး တပည့်တော်တို့ ယခု သုတမမ္မတွေ လေ့လာ ဖြေဆိုနေကြ တာလည်း မသိသေးသော ဓမ္မများကို လေ့လာနေကြသောကြောင့် ပညာပါရမီဖြည့်ဆည်း နေသည်ဟု ကုသိုလ်စိတ်ဖြစ်မိပါတယ်ဘုရား။

(၂) B.A. part 1ပြဋ္ဌာန်းဖြစ်သော မိလိန္ဒပဉှာ စာမျက်နှာ ၄၈၁ ပါအချက်အရ မိလိန္ဒမင်းကြီး အမေးကို ရှင်နာဂသေန ဖြေကြားခဲ့သည့် ''မသိလို့ လုပ်တဲ့သူရဲ့ အကုသိုလ် က ပိုများပါတယ်'' ဆိုတဲ့ အချက်ပါဘုရား ။ တပည့်တော်တို့ ယခုအချိန်ထိ အမှတ်မှားခဲ့တာက သိလျက်သားနဲ့ အပြစ်လုပ်တာ ပိုဆိုးတယ် လို့ ထင်ခဲ့မိကြပါတယ်။ ပေးထားခဲ့သော ဥပမာ ဖြစ်သည့် ပူကျက်နေသော သံတုံးကြီးကို ပူမှန်းသိလို့ကိုင်တဲ့သူနဲ့ ပူမှန်းမသိဘဲ ကိုင်တဲ့သူမှာ ''မသိတဲ့ပုဂ္ဂိုလ် ပိုလောင်မယ်။ သိတဲ့ပုဂ္ဂိုလ်က သက်သာမယ်'' ဆိုသည့် ဥပမာသည်လည်း အရှင်းလင်းဆုံး သိသာထင်ရှားစေခဲ့ ကြောင်းပါဘုရား။

သုတမမ္မအစီအစဉ်များကြောင့် အမှန်အသိများတိုးခဲ့ရပါသည်ဘုရား။ သုတမမ္မ အစီ အစဉ်တွင် ကူညီပါဝင်သူများအားလုံးကို ရိုသေလေးစားကျေးဇူးတင်ရှိကြောင်းပါ ဘုရား။ "

ဒေါ်နန်းအိလှိုင်(BA Part-1)

တပည့်တော် စိတ်ကလေး ပိုထားတတ်လာပါတယ် ဘုရား။

ဒေါ်ဝင်းမင်းအေး(BA Part-1)

"သုတမမ္မ BA.part.1အတန်း မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန တို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ ပြဋ္ဌာန်း ကိုလေ့လာကျက်မှတ်ရ၍ သိရှိချင်ခဲ့သော အကြောင်းအရာများ၊အမေးအဖြေများကို သိရှိရပြီဖြစ်၍ အထူးဝမ်းမြောက်ရပါသည် မြတ်စွာဘုရားရှင်သာ ပိုင်းခြားသိမြင် ဟောကြားနိုင်သည့်သဘာဝတရားများကို သိရှိနားလည်ရပါသည်၊ ပညာရှိမိလိန္ဒမင်းကြီးနှင့် မြတ်စွာဘုရားရှင်၏ တပည့်သာဝက ဖြစ်သော အရှင်နာဂသေန ၏ ပညာဉာဏ်ကြီးမားထက်မြက်မှု၊ အမေးအဖြေပုစ္ဆာများမှ ဗုဒ္ဓဝါဒကို အခြေခံ သဘောကိုသိမြင်သင်ယူရခြင်း၊ ရရှိထားသောမိမိတို့၏ ခန္ဓာသဘာဝကို ရှင်းလင်းသိမြင်ရခြင်း အကျိုးကျေးဇူးများ လက်ငင်းရရှိစေပါသည်။ စာမေးပွဲအတွက် လေ့လာကျက်မှတ်ရခြင်းသည် ပို၍သိမြင်စွဲမြဲနားလည်စေပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအားလည်းကျေးဇူးတင်၊ကြည်ညိုရပါသည်ဘုရား။

ဒေါ်မေမိုးဦး (BA Part-1)

"မိလိန္ဒမင်းကြီး၏ကျွမ်းကျင်လိမ္မာထက်မြက်မှု သူမတူသည့် အရည်အချင်းများနှင့် ရှင်နာဂသေန၏ ရဲရင့်ထက်မြက်ပညာဉာဏ်ကြီးမားမှုကို ကြည်ညိုလေးစား မိပါသည်။ အချေအတင်ပြောဆိုခြင်း၊ ဥပမာပေးရှင်းပြခြင်းတို့ဖြင့် မသိရှိရ သေးသည့် အကြောင်း အရာများ၊ မရှင်းလင်းသေးသည့်အချက်များ ပိုမိုနားလည်သိရှိလာရပါသည် ။ စာပေသင်ယူ ရာတွင် ဥဂ္ဂဟ အကြောင်းရာတွေကို သင်ယူမှတ်သားပြီး ၊ပရိပုစ္ဆာ မရှင်းလင်းသော အချက်များကိုမေးမြန်းခြင်း နှင့်ပညာပါရမီ၏ အကြောင်းဖြစ်သည့်တတ် သိနားလည်သော ပုဂ္ဂိုလ်များထံချဉ်းကပ်ပြီး လောကသဘာဝတရားများကို စိစစ်မေးမြန်း လေ့လာသင့် ကြောင်း နားလည်မိပါသည်။မိမိတို့သန္တာန်တွင်ရှိသင့်သည့်သဒ္ဓါ၊ဝီရိယ၊သတိ၊သမာဓိ၊ပညာ တို့၏ကွဲပြား သောလက္ခဏာ အသီးသီးနှင့် ကိလေသာဖယ်ရှားခြင်း အကျိုးတစ်ခုကို ဖြစ်စေတတ်ကြောင်း၊ ထိုမဂ္ဂင်တရား၅ပါးလုံး၏ အခြေခံသည်သီလဖြစ်ကာ ဝိပဿနာ ကျင့်စဉ်ဖြင့် သံသရာဝဋ်မှလွတ်မြောက်စေနိုင်ပါသည်။ ဘယ်သူမပြုမိမိမှု၊ ကိုယ်လုပ်တဲ့ အတိုင်းကိုယ်ရ ဆိုသည့်အတိုင်း လက်ရှိဘဝတွင် အကုသိုလ်ကို ရှောင်ရှားပြီး

ကုသိုလ်တရားဖြစ်အောင် သမ္မပဋ္ဌာန်၄ပါး သတိပဋ္ဌာန် တရားကို အားထုတ်ရမည်ဟု ဆုံးဖြတ်မိပါသည်။ ဖဿ၊ဝေဒနာ၊သညာ၊စေတနာ၊ဧကဂ္ဂတာ၊ မနသိကာရ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ ဟူသောစေတသိက်၇ခု နှင့်စိတ်တစ်ခုသည်အာရုံကိုရယူပြီး ဝိတက်၊ ဝိစာရတို့ဖြင့်ထိုစိတ် ကိုအာရုံပေါ်ရစ်ဝဲကြံစည်နေသည့် တစ်ခုစီ ခွဲခြားဖို့ခက်သော စေတသိက် နာမ်တရားတို့၏လက္ခဏာများ၊ ဝေဒနာ ၁၀၈ပါးခွဲခြားပုံ၊သညာသိ ၊ဝိညာဏ်သိ၊ ပညာသိတို့၏ကွဲပြားမှုကိုဒဂ်ိုးဥပမာဖြင့် ရှင်းပြပုံ၊ အာယာယတန ၁၂ပါး ၊ဓာတ် ၁၈ပါးတို့အကြောင်းနှင့် စိတ်ဖြစ်စဉ်ကို ကြိုအသိမပေးဘဲ အလည်လာသော ဧည့်သည်အား တံခါးဖွင့်ပြီးပြန်ပိတ်သည့် ဥပမာဖြင့်ပဋ္ဌာဒါရာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏ၊ ဝုဋ္ဌော ဇောစိတ် ဘဝင်စိတ် တို့ရှင်းလင်းပုံ၊ စက္ခုဝိညာဏ်စိတ် နှင့် မနောဝိညာဏ်စိတ်တို့ ညွှတ်ကိုင်းခြင်း၊တံခါးပေါက်ဖြစ်ခြင်း၊ကျင့်သားရ နေခြင်း၊ သင်ယူလေ့ကျင့်ထားခြင်းအကြောင်း ၄မျိုးတို့ကြောင့်ဒွါရအလိုက် စိတ်ဖြစ်စဉ် သဘောကို ရှင်းပြပုံကိုမှတ်သားရပါသည်။ သွားချင်တာကနာမ်သွားတာကရုပ်၊ သိသာထင်ရှားသော ရုပ်နှင့် မသိမသာသိမ်မွေ့သောနာမ်တရား တို့၏လေးနက်မှုကို ဝိပဿနာဉာဏ်နှင့် စဉ်းစားဆင်ခြင်ကြည့်ပါက ငါ၊ငါ့ဟာဆိုသော အယူစွဲအတွေးများ ပျောက်သွားပြီး တွယ်တာမှု ကင်းကာနောက်ဆုံးတွက်သောကဆိုသောစိုးရိမ်ကြောင့်ကြမှုကိုဖယ်ရှား၍ အိုနာသေဒုက္ခဆင်းရဲအပေါင်းမှချုပ်ငြိမ်းသောနိဗ္ဗာန်သို့ဆိုက်ရောက်နိုင်ပါသည်။ အတ္တာဟိ အတ္တနောနာထောဟု ဟောကြားတော်မူသည့်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားတော်များအတိုင်း လိုက်နာပြီးဝိပဿနာကျင့်စဉ်ကို ကိုယ်တိုင်ကျင့်ပါက ဒုက္ခ၊သမုဒယ၊နိရောဓ၊မဂ္ဂ ဟူသောသစ္စာလေးပါးကိုအမှန်သိမြင်ပြီး နိဗ္ဗာန်သို့ ရောက်ရှိနိုင်ပါသည်။"

ဒေါ်ဝေဝေနွင်း (BA Part-1)

မသိရှိရသေးသည့်တရားများ၊ အသိတရားတိုးတက်ကောင်းမွန်လာလို့ ကျေးဇူးတင်ဂါဝရပြု ဦးတင်လျက်ပါ အရှင်ဘုရား 🙏🙏🙏

ဒေါ်ဆွေဆွေသင်း

BA (Part-1) တရားဓမ္မဆိုင်ရာဗဟုသုတများ လေ့လာမှတ်သားရသည့်အပြင် မိလိန္ဒမင်းကြီး၏ ထိုးနက်မေးခွန်းများ, အရှင်နာဂသေန၏ လိမ္မာပါးနပ်စွာ, ရှင်းလင်း ဖြေဆိုချက်များ, ရာဇဝင်သမိုင်းများ စသည်ဗဟုသုတများစွာ တိုးပွားခဲ့ရပါသည်ဘုရား။

ဒေါ်ခင်မေခိုင်(BA Part-1)

"လေးမြတ်စွာ ဦးတင်လျှောက်ထားအပ်ပါသည် ဘုရား။ မိမိမှာ မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်ခဲ့သဖြင့် ငယ်စဉ်ကတည်းက မိဘမှ လေ့ကျင့်သင်ကြားခဲ့သည့်အတိုင်း ဩကာသကန်တော့ချိုး၊ ငါးပါးသီလ၊ ရှစ်ပါးသီလစသည် နှုတ်တိုက်ရွတ်ဆိုခဲ့ရာမှ ယခုအခါ ပါဠိစာလုံးပေါင်းများကိုပါ အမှုမဲ့အမှတ်မဲ့မထားတော့ပဲ ဂရုတစိုက်မှတ်သား တတ်လာပါသည်။ Level 1, 2, 3 တဆင့်ပြီး တဆင့် တရားအသိဉာဏ်များ အဆက်အစပ်ဖြင့် ဖြေးဖြေးချင်း မြှင့်တင်ပြီး ဆွေခေါ်လာခဲ့သည်ကို သိရှိခံစားရပြီး မိမိစိတ်ကို သတိကပ်ကာ သံဝရ၊ ပဟာန၊ ဘာဝနာ၊ အနုရက္ခဏာ ဟုဆိုအပ်သော သမ္မပ္ပဓာန်လေးပါးနှင့်အညီ လိုက်နာကျင့်သုံးရမည်ဟု အသိတရားများတိုးပွါးလာခဲ့ပါသည် ဘုရား။"

Nawe Nawe Soe (BA Part-1)

"BA part1ဖြေဆိုပြီးပါပီ အောင်စာရင်းစောင့်နေပါတယ်ဘုရား သုတဓမ္မဂဝေသီ ကျက်မှတ် လေ့လာတုန်းကစိတ်ထဲစွဲနေတာကတော့ အသာသပသာသရယ် မသိရင် တပတ်ပတ်သိရင် အဖြစ်ရပ်ဆိုတာလေးတွေက အမြဲနားထဲစွဲ နေပါတယ် ဘုရားစာတွေကိုကြိုးစားလေ့လာခဲ့ပါတယ်ဘုရား"

Khaing Cho Aung (BA Part-1)

"ရိုသေစွာ လျှောက်ထားတင်ပြအပ်ပါသည်ဘုရား။ ဘုရားတပည့်တော် ယခု B.A(1) တန်း အထိ လေးကြိမ်တိုင်အောင် ဖြေဆိုခဲ့ပြီး ဖြစ်ပါသည်။ တပည့်တော်၏ ဘဝ သက်တမ်း တလျှောက် အလွန်အကျိုးများပြီး၊ အဖိုးမဖြတ်နိုင်သော နိဗ္ဗာန် လမ်းပြ တရားများအဖြစ် ယုံကြည် မှတ်ယူပါသည်။ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ တိုးပွားလာသော သဒ္ဓါတရား အားလျော်စွာ ပိုမိုတိုးတက်လာသော ဓမ္မအသိပညာများ၊သတိနှင့် ဝီရိယ တရား များကြောင့် အခြားသော နိကာယ်ဒေသနာတော်များ လေ့လာခြင်းနှင့် စာတမ်းပြုစုခြင်း များ၊ဝိပဿနာတရား အားထုတ်ခြင်းများတွင် ကြီးစွာသော အထောက်အပံ့ ကောင်းများ ကိုလည်း ရရှိပါသည်။ အထူးသဖြင့် မိလိန္ဒပဉှာ ဒေသနာတော်တွင် အဘိဓမ္မာဆိုင်ရာ၊ ပဋိသန္ဓေဆိုင်ရာ၊ ပဋိစ္စသမုပ္ပါဒ် ဆိုင်ရာ၊ ရဟန်းဆိုင်ရာ၊နိဗ္ဗာန်ဆိုင် ရာ၊အခြားအထွေထွေ ဗဟုသုတဆိုင်ရာများစသော မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်မျိုးစုံကို တစ်နေရာတည်းတွင် စုစုစည်းစည်း ဆက်စပ်လေ့လာရပါသဖြင့် မိမိသန္တာန်တွင် အသိဉာဏ်များစွာ တိုးတက်လာပါသည်။ ငါ၊ ငါ့ဟာ၊ ငါ့အတ္တ ဟူသော တဏှာ၊ မာန၊ ဒိဋ္ဌ တရားများကို ကင်းကွာလျော့ပါးစေသည့်အတွက် တရားအားထုတ်မှုတွင် များစွာ အထောက်အကူဖြစ်စေပါသည်။ အလိုနည်းစွာ ရောင့်ရဲနိုင်သော စိတ်နေ စိတ်ထားများ ရရှိလာခြင်းကြောင့် လက်ရှိ အငြိမ်းစားဝန်ထမ်းဘဝနှင့် လစာကို သင့်တင့်မျှတစွာ စီမံ၊ ခန့်ခွဲ နေထိုင်နိုင်ခြင်းသည်ပင် ဒိဋ္ဌဓမ္မ အကျိုးခံစားရခြင်း ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးနှင့်တကွ ဤတက္ကသိုလ်၏ ပါမောက္ခချုပ် ဆရာတော်၊သင်ကြားစီမံ ဆရာတော်၊ သံဃာတော်အပေါင်း၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးကန်တော့ကာ ဤ ဓမ္မအသိပညာ တိုးတက်ခြင်း စာလွှာကို ရိုသေစွာ တင်ပြအပ်ပါသည်ဘုရား။"

ဒေါ်စိုးမိုး (BA Part-1)

"အရမ်းကျေနပ်ရပါတယ် ဆယ်တန်းအောင်တုန်းက ခံစားမှုမျိုးနဲ့မတူတော့ပါ ဆယ်တန်းအောင်ခြင်းကလောကီဘဝအတွက်တစ်ဆစ်ချိုးဟုဆိုရပါလျှင် သုတဓမ္မစာပေများ သင်ယူရခြင်းများသည်တစ်သံသရာလုံးအတွက်တစ်ဆစ်ချိုးပြောင်းလဲခြင်းဝုဆိုချင်ပါသည်ဘုရား

ဒေါ်ယဉ်ငယ်လွင် (BA Part-1)

မိလိန္ဒပဉ္ဟာကို ငယ်စဉ်ဘဝကရင်း ဖတ်ခဲ့ဖူးပေမယ့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရှင်းပြပေးတော်မူလိုက်တဲ့ သင်ခန်းစာတွေထဲကမှ သီလနဲ့ စိတ်စွမ်းအားငါးပါးအကြောင်း သိလိုက်ရချိန်မှာ သိပ်ကိုကျေနပ်နှစ်သက် ကြည်နူး မိပြီး အရင်နဲ့မတူ အသိဉာဏ်တွေ တိုးတက်လာရပါသည်ဘုရား။🙏 လူအများကိုလည်း တပည့်တော်လို အဆီအနှစ်တွေကို သိစေချင်တဲ့စိတ်လည်း ဖြစ်လာတာကြောင့် ကောက်နုတ်ချက်တွေကို fbပေါ် တင်ပေးဖြစ်ခဲ့ပါသည်ဘုရား။ ကုသိုလ်အားလုံး တည်မှီရာဖြစ်တဲ့ သီလပေါ် အခြေခံပြီးမှ သမာဓိနဲ့ပညာကို တိုးတက်အောင် လုပ်ရမယ်။ ကုသိုလ်အလုပ်တွေကို နိဗ္ဗာန်ရောက်တဲ့အထိ အဆင့်ဆင့် လုပ်သွားရမယ် ဆိုတာတွေကို ဒီပလိုမာတုန်းက သင်ခန်းစာတွေနဲ့ ချိတ်ဆက်မိပြီး ပိုသဘောပေါက်သွားပါသည်ဘုရား။🙏 သင်ခန်းစာအားလုံးနီးပါးကလည်း ချိတ်ဆက်နေတာကို ပိုနားလည်ခဲ့ပါသည်ဘုရား။🙏 အဘိဓမ္မာတန်း အောင်ခဲ့ပြီးသူ၊ တရားနာ၊ တရားအလုပ် လုပ်ရတာ ပျော်သူဖြစ်လို့ သဒ္ဒါ.ဝိရိယ၊ သတိ. သမာဓိ. ပညာတရားတွေအကြောင်း သိထားပြီးဖြစ်ပေမယ့် အခု သိနားလည်လိုက်မှုက အရင်နဲ့မတူတော့ဘဲ ပြောင်းလွဲတိုးတက်လာခဲ့ပါသည်ဘုရား။🙏 သင်ခန်းစာဖတ်ရင်း သီလအခန်းကစလို့ စိတ်စွမ်းအား ငါးပါး အခန်း ရောက်သွားချိန် ဖတ်လိုက်ရပြီဆိုတာနဲ့ကို ကျေနပ်အားရသွားပြီး အရသာတွေကို ရှိသွားတော့တာပါပဲဘုရား။ တစိမ့်စိမ့်တွေးရင်း ကြည်နူးဝိတိတွေဖြစ်ရသလို အများကိုလည်း တအားကို သိစေချင်မိတာပါပဲဘုရား။🙏

အချိန်ရတိုင်း ခဏခဏပြန်ဖတ်လိုက် ပြန်တွေးလိုက်၊ ဆင်ခြင်လိုက်၊ လုပ်ကြည့်လိုက်နဲ့ ကြည်နူးနေမိတာပါပဲဘုရား။🙏 သမာဓိခန်းက ပမုခလက္ခဏာကို အသေအချာ ဖတ်လိုက်ရချိန်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး၊ သာသနာတော် သုံးရပ်ထဲမှာ သမာဓိက ဘာကြောင့်ပါနေရသလဲဆိုတာ နားလည်သွားမိပါသည်ဘုရား။ သမာဓိရဲ့ ကြီးကျယ်ခမ်းနားပုံတွေပါ တွေးမြင်မိခဲ့ပါသည်ဘုရား။🙏 မနသိကာရနဲ့ စိတ်ကို ဖမ်းဆုပ်ထားပြီး ပညာနဲ့ ကိလေသာတွေကို ရိတ်ဖြတ်ချရတယ်ဆိုတာကိုလည်း သိပ်သဘောကျ နှစ်သက်ရင်း ကြိုးစားလုပ်ဆောင်နေပါသည်ဘုရား။🙏 လျှောက်ထား ချင်တာတွေက အများကြီးရှိပေမယ့် စာရှည်သွားမှာစိုးလို့ ချုံ့ပြီး အကြောင်းအရာ နည်းနည်းလေးပဲ ရေးလိုက်ရတာ အားမရပေမယ့် ဒီလောက်ပဲ လျှောက်ထား လိုက်ပါသည် ဘုရား။🙏🙏 ကျေးဇူးကြီးမားလှတဲ့ ဆရာတော်ဘုရားကြီးနဲ့အတူ ဆရာတော် သံဃာတော်တွေ၊ ပညာဘူမိတက္ကသိုလ်နဲ့ ဆက်စပ်သမျှ ကျေးဇူးရှင်တွေ၊ ကျေးဇူးရှင် ဆရာမကြီး ဒေါ်ခင်လှတင်နဲ့ ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးများစွာ တင်ရှိပါသည် ဘုရားလို့ လျှောက်ထားပြောကြားရင်း သက်တော်ရှည်ကြာ ကျန်းမာချမ်းသာစွာ သာသနာပြုတော်မူနိုင်ကြပါစေ။ အထူးသဖြင့် ကျေးဇူးရှင် ဆရာတော်အရှင်မြတ်ဘုရား ကျန်းမာရေး အထူးကောင်းမွန်တော်မူပါစေလို့ မေတ္တာပို့နေရင်း ကြည်ညိုလေးစား ရှိသေစွာရှိခိုးဦးတင်နေလျက်ပါ ကျေးဇူးရှင် ဆရာတော်အရှင်မြတ်ဘုရား။🙏

""ကျေးဇူးတော် အနန္တတို့ကို အောက်မေ့ ကျေးဇူးတင် ဦးတင်ရင်း ...""

ဒေါ်ခင်မော် (BA Part-1)

"သုတမယ္ဓဒီပလိုမာ စာမေးပွဲကို ဝင်ဖြေပါလားလို့ တိုက်တွန်းခဲ့တဲ့ စစ်ကိုင်း ကေတုမတီ ချောင်မှ ဆရာလေး မသုကေသီ၊ ဒါပေမယ့် တရားတော်ပြဋ္ဌာန်းစာအုပ် လည်းမမြင်ဖူးသေးတော့ အဲ့နှစ်က မဖြေဖြစ်ခဲ့ဘူး ၂၀၂၄ မှ တပည့်ရဲ့ အဖိုးဖြေနေတာ level 2 ရောက်နေပြီ အဲ့မှာ ပြဋ္ဌာန်းစာအုပ်မြင်ဖူးတော့ စိတ်ဝင်စားသွားတယ် ဒါနဲ့ facebook မှာ ပြဋ္ဌာန်းစာအုပ်

ကို အလှူခံလိုက်တာ ရလို့ ၂၀၂၄ ဇွန်လမှာ level-1 ဖြေဖြစ်တယ် စာမေးပွဲ ဆိုပေမယ့် ဆရာတော်ပြဋ္ဌာန်းထားတဲ့ တရားတော်များဟာ လောကီရော လောကုတ္တရာ အတွက်ပါ အကျိုးများစေပါတယ် Level-1 တရားတော် စပြီးနာယူကတည်းက ဥပုလ် စောင့်ခြင်းရဲ့ အကျိုးကျေးဇူးကို ငယ်ငယ်ကထက် ပိုနားလည်လာပါတယ်၊မေတ္တာ သုတ်ဆိုတာ ရွတ်ဖတ်နေဖို့ မဟုတ်ဘဲ ပွားများနေရမယ့် တရားဆိုတာလည်း မှတ်သား လိုက်နာခဲ့ပါတယ်။ ပရိတ်ကြီး ၁၁ သုတ်ဆိုရင် စာအုပ်ကြည်ပြီးသာဖတ်တတ်တာ အလွတ်မရခဲ့ဘူး Level-2 မှ ခန္ဓသုတ် အလွတ်ရပြီး အမြဲလိုလို ရွတ်ဆိုပါတယ် ဆိုင်ကယ်စီးနေရင်းလည်း ရွတ်တယ်၊ Level-3 ရောက်တော့ ရတနာ့သုတ် ကို ပါဠိရော အဓိပ္ပါယ်ပါ အလွတ် ရတော့တယ်၊ ဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊သံဃာ့ဂုဏ်တော်၊သောတာပန်၊ရဟန္တာ တို့၏ဂုဏ်ရည် များကို အဓိပ္ပါယ် သိပြီးမှ ပူဇော်ရတာ ဝိတိ ဖြစ်မိတယ်၊ Level -3 ဖြေပြီးရပ်တော့မလို့ B.A part(1)ရဲ့ပြဋ္ဌာန်းတရားတော် ဖတ်ရတော့ ပြန်ဖြေချင်လာလို့ ဆက်ဖြေဖြစ်သွားပါတယ်။လူမှုကိစ္စအဝဝနဲ့ မအားတဲ့ကြားက တရားတော်များပူဇော်ရတာ ကြည်နူးဝိတိဖြစ်မိတယ် ဆက်ပြီး part(2)ကိုလည်း ပူဇော်ပါအုံးမည် ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့် တပည့်တော် အသိတရားလည်းရပြီး သတိထား ဆင်ခြင်မိပါတယ် ဘုရား🙏🙏🙏"

ဒေါ်ရွှေဝါထွန်း(BA Part-1)

မသိမနာကြားရသေးသော တရားတော်များနာကြားခွင့် သင်ယူလေ့လာရသည့်အတွက် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ပါသည်ဘုရား။စိတ်အနေအထားလေးတလည်းပြောင်း လည်းလာခဲ့ပါတယ်။ ယခုလိုသင်ယူနေရတာကိုက စိတ်အေးချမ်းမှုရရှိပါတယ် လောဘ ဒေါသ မောဟများလည်းလျော့ချနိုင်ခဲ့ပါတယ်။ယခုမိလိန္ဒပဥ္ဟာ သည်အမေးအဖြေ ဆွေးနွေးခန်းများ နာယူမှတ်သားလေ့လာသင်ကြားခွင့်ရလို့ အသိဉာဏ်များ လင်းလက် လာသလိုတပည့်တော်တို့၏ လိုအပ်ချက်အားနည်းချက်လေးတလည်းရှိနေလို နေသေး တာကို ပို၍မြင်သာလာပါတယ်။ ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာ အလွန်

ကြီးမားလွန်းလှပါတယ်။ တပည့်တော်တို့လို နလပိန်းတုံးပင်ကိုယ် မှတ်ဥာဏ် အားနည်းပေမဲ့ လွယ်ကူရိုးရှင်းစွာနာယူ ပူဇော်သင်ယူလေ့လာခွင့်ရလို့ အထူးပင် ကျေးဇူးတင်ပါတယ်ဘုရား။ မသိသေးတာတေသိခွင့်ရသလို သင်ယူပြီးသားတွေလည်း ပြန်လည်သင်ယူနာကြားခွင့်ရလို့ပိုပြီးမှတ်မိစေပါတယ်။

ဒေါက်တာလဲ့လဲ့ညို (BA Part-1)

မိလိန္ဒ မင်းနှင့် ရှင်နာဂသေန အမေးအဖြေကို လေ့လာဆည်းပူးရသဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ် ကို အသေးစိတ် သိရှိနားလည်ရပါသည်။ အကြောင်းတရား၊ အကျိုးတရား ဆက်စပ်မှုများကို ရှင်းလင်းစွာ သဘောပေါက်ရပါသည်။ စိတ် စေတသိက်တရားတို့၏ အနုစိတ် သဘောသဘာဝများ၊ သဗ္ဗစိတ္တ သာဓာရဏ တရား 7 ပါး၊ ပကိဏ်း စေတသိတ် 6 ပါး၊ အကုသိုလ်စေတသိက် 14 ပါး၊ သောဘန စေတသိက် တွင်ပါရှိသော သဒ္ဓါ နှင့် သတိ အကြောင်း၊ ပညိန္ဒြေ စေတသိက်တို့အကြောင်းတို့ကို နားလည်ခဲ့ပါသည်။ အဟိတ်စိတ်များ၏ အဓိပ္ပါယ်ကို ဥပမာများနှင့် တကွ နားလည်ခဲ့ရပါသည်။ ထို့အပြင် ရှင်နာသေန ၏ အဖြေကိုသာမက ရှင်မဟာဗုဒ္ဓဃောသ၏ ဖွင့်ဆိုချက်များ၊ မြတ်စွာဘုရား ရှင်းပြချက်များကို နာယူ ဖတ်ရှုရသောကြောင့် ရှင်းလင်းပြသချက်များ ပိုမို ထင်ရှား လာရပါသည် ဘုရား။

မခင်ခင်ဝင်း (BA Part-1)

"တဆင့်ထက်တဆင့်ဓမ္မအသိပညာများ တိုးပွားလာပါသည် ပရမတ်နှင့်ပညတ်ကို ကွဲကွဲပြားပြားသိရှိခြင်း စိတ်နှင့်စေတသိက်တို့ အလုပ်လုပ်ပုံကိုပိုမိုသိနားလည် ခွင့်ရလာခြင်း သတိသည်ဆားပမာလိုအပ်သကဲ့သို့ ပညာသည်သံသရာခရီးသည်အတွက် အလင်းရောင်သဖွယ်အရေးကြီးကြောင်း ပိုမိုသိလာရပါသည် ရှည်လျားလှသော ဘဝသံသရာခရီး၏သိနိုင်သောအစ, မသိနိုင်သော အစစသဖြင့်အလွန်လေးနက်သော မြတ်စွာ

ဘုရားဟောကြားခဲ့သော တရားဓမ္မများကိုသင်ယူ လေ့လာခွင့်ရရှိပါသဖြင့် အကျိုး ကျေးဇူးကြီးမားလှပါသည်ဘုရား။

မနီနီခင် (BA Part-1)

"ပါချုပ်ဆရာတော်ကြီးနှင့် သုတဓမ္မ စီစဉ်သူ ဆရာတော်/သံဃာ/သီလရှင် လူပုဂ္ဂိုလ်များ အားလုံးအား ဦးခိုက် ရှိခိုးပါ၏။ တပည့်တော် ဒီပလိုမာမှ မိလိန္ဒပညာ ထိ လေ့လာမှုများတွင် အခက်ခဲဆုံးဖြစ်သော စိတ်ကိုထိန်းချုပ် မှုအား အတော်အသင့် အသုံးဝင်ခဲ့ပါသည်။ တရားအားထုတ်မှု သီးသန့် အနေနှင့် မဟုတ်သော်လည်း အကုသိုလ်စိတ်ကို မဖြစ်စေရန် စိတ်တွင် ဘုရားတရား သံဃာတို့၏ ဂုဏ်တော်များကို နှလုံးသွင်းခြင်းဖြင့် စိတ်ရိုင်းပယ်၍ အေးချမ်းခဲ့ပါသည် ဘုရား။"

Daw Aye Aye Maw (BA Part-1)

"မေးခွန်းဖတ်ပြီး ဖြစ်ပေါ်လာတဲ့ စိတ်ကို မှတ်၍ ဖြေဆိုခဲ့သော စာမေးပွဲဖြစ်ခဲ့ပါတယ် ဘုရား "

ဦးဇော်မိုးဟန်(BA Part-1)

မကောင်းတဲ့ အတွေးကို သိလျှက်နဲ့ မပယ်ရင်လူပျင်း ဆိုတဲ့ ဆရာတော်စကား ခဏခဏ သတိရ တက်နေပါပြီ ဘုရား။

ဒေါ်ခင်ဌေးလွင် (BA Part-1)

သုတမမ္မLevel1+2+3 ဖြေဖို့အတွက် လေ့လာကျက်မှတ်ခဲ့ရတဲ့အသိ က မိလိန္ဒပဥ္စာ လေ့လာ လိုက်တော့မှ တရားတော်များအတွက် မသိမဖြစ်မရှိမဖြစ် မလေ့လာမဖြစ်တဲ့ အခြေခံ အကြောင်းတရားများကို ဆရာတော်ကြီးမှ တစ်ဆင့်ချင်း သင်ပြပေးသွားတာကို အထူးသတိပြုမိသွားပါတယ် ဘုရား။ ဆရာတော်ကြီးမှ အဘိမမ္မာတရားတော်သင်ကြဖို့ တရားတော်များမှာ အမြဲတမ်းထည့်ဟောပြပေးပေမဲ့ အဘိမမ္မာတရားတော်သည် ဒို့နဲ့မတန် မလိုက်နိုင် မသင်နိုင် ဆရာတော်ကြီး မိန့်သလို ဘုန်းကြီးစာတွေဘဲလို့ လူတွေက အနီးမကပ်ခဲ့ကြပါ အဘိမမ္မာကို ကိုယ်တိုင်စလေ့လာခဲ့တဲ့ 2002 ခုနှစ်ကစလို့ ယနေ့ထိ မိမိတို့မြို့မှာ အဘိမမ္မာစာဖြေဌာနရအောင်ကြိုးစားပြီး ကိုယ်လည်းဖြေ သူတို့လည်း သင်ပေးပြီး ဖြေဆိုစေခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်အကြာ အဘိမမ္မာလေ့လာသူဟာ တစ်ဖြေးဖြေးလျော့ပါးလာနေတာမို့ ရင်ထဲမကောင်းလှပါ ဘုရား။ ဆရာတော်ကြီး ပညာဘူမိ တက္ကသိုလ်မှ သုတမမ္မစာမေးပွဲများ စတင်ကျင်းပနေချိန်မှာ မပြီးပြတ်သေးတဲ့ အဘိမမ္မတက္ကသိုလ်တက်ရင်း Batch 4 ကျမှ တပည့်တော် သုတမမ္မစတင် ဖြေဖြစ်ခဲ့ ပါတယ်ဘုရား။ တပည့်တော်ဖြေမည်ဆိုတော့လည်း အဘိမမ္မာတပည့်များက သူတို့လည်း သင်ပေးပါ ဖြေဆိုချင်ပါတယ်ဆိုတာနဲ့ ကိုယ်လည်းဖြေ သူတို့လည်းသင်နှင့် ယခုအချိန်ထိခရီးပေါက်ခဲ့ပါတယ် ဘုရား။ သင်ရင်းနှီးလည်း သုတမမ္မနဲ့ အဘိမမ္မာ ဆက်နွယ်ချက်တွေ အမြဲတမ်းပို့ချပေးမိပါတယ်ဘုရား ထူးချွန်စွာအောင်မြင်သူများက အဘိမမ္မာအခြေခံကြောင့် ပို အဆင်ပြေကြပါတယ်ဘုရား။ Level1+2+3 ကတော့ တရားတော် ငါးပုဒ်ကိုနာယူပြီး ဖြေဆိုရာက BApart1 မှာ မိလိန္ဒမင်းကြီးနဲ့တွေ့တော့မှ သုတမမ္မအသိတွေနဲ့တရားတော်ကို သုတမမ္မအခြေခံများဖြင့် သမ္မာဒိဋ္ဌိအယူကို ပိုမို ခိုင်မာစွာ သိလာပါတယ်ဘုရား တပည့်တော်တို့ ဗုဒ္ဓဘာသာ မိရိုးဖလာယုံကြည်မှုတွေက အလွန်ခိုင်မာစွာ သိထားကြတာမို့ ပြန်လည်ဆက်စပ်ခြင်း ပဋိသန္ဓိ အခန်းမှာ အမှတ်မှား အယူမှားများ သေချာနားလည် ပြုတ်ခဲ့ရပါတယ်ဘုရား။ အဘိမမ္မာသင်နေသူမို့ စေတသိက်တို့ရဲ့ စိတ်ကို ခြယ်လှယ်နေသည့် သဘာဝတရားများကိုလည်း ပိုမို တိကျစွာသိလာရပြီး မိမိ

သူတစ်ပါး သန္တာန်မှာ ထို စေတသိက်တွေရဲ့ခြယ်လှယ်မှုအခန်းကဏ္ဍကို သတိထား ဂရုစိုက်ကြည့်ပြီး ထိုစေသိက်များ ဖြစ်မှန်းသိလျှင် ရပ်နိုင်အောင် အားနဲအောင် အားပျော့သွား အောင် အချိန်ကာလ တိုကောင်းအောင် ဆောင်ရွက်နေထိုင်ဖို့ သတိပညာက အလုပ်လုပ်ပေးလာပါတယ် ဘုရား။ ပဋ္ဌိစ္စသမုပ္ပါဒ် တရားနှင့်လည်း ပိုနားလည်ခဲ့ရသလို ဗဟုသုတ အနေဖြင့် လဆန်းရက်ရေတက်ခြင်းက လဆွဲအားကြောင့် ဟူသော သိပ္ပံ အယူအဆ နှင့်အတူ ဘုရားဟော ပဋ္ဌကတ်စာပေလာ စန္ဒကန္တိကျောက်က ရေအန်လို့ ဟူသော အယူဆ နေပူထိလျှင် ပိုပူစေသော သူရိယကန္တိကျောက် သမုဒ္ဒရာရေ ငံရခြင်း အကြောင်းစသည့် ပြင်ပ ဗဟုသုတများလည်းရခဲ့ပါသည် ဘုရား။ မိလိန္ဒမင်းကြီး၏ ကပ်သီးကပ်သပ်မေးခွန်းများကို ရှင်နာဂသေနက လိမ္မာပါးနပ်ကျွမ်းကျင်စွာ ဖြေဆိုပြပြီး မိလိန္ဒမင်းကြီးသဘောကျအောင်ဖြေဆိုချက်များကိုလည်း အတုယူပြီး ဓမ္မစကားဝိုင်း များမှာလည်း ဥပမာပြကာ ပြောဆိုနိုင်ပါတယ်ဘုရား။ မိလိန္ဒပဉ္ဉာက တရားတော် ၂၇ ပုဒ်နာယူရပြီး အမေးအဖြေ ၈၆ ပုဒ်ဆိုတော့ ဆက်မဖြေချင်ကြတော့ပါဘူး ဒါကို တူသည့်အကြောင်းရာလေးများစုပေးပြီး လွယ်ကူတဲ့အကြောင်းရာကတစ်ဆင့် နဲနဲခက်တဲ့ အကြောင်းရာများထိ စဉ်ဆက်မပြတ် တွဲခေါ်ခဲ့ရပါသည် ဘုရား စာမေးပွဲဖြေဆိုပြီးတဲ့အခါ တရားတော်ကို လိပ်ပတ်လည်သွားတော့ တရားအသိများနှင့် လေ့လာရတာကို ပျော်ခဲ့ကြပါတယ်ဘုရား တပည့်တော်တို့အယောက် ၂၀ မှာ ၅ ယောက်ဘဲ ဂုဏ်ထူး အောင်လို့ ဂုဏ်ထူးမရသူတွေကလည်း ပါရာယနဒေသနာမှာ ဂုဏ်ထူးရအောင်ကြိုးစားဖို့ တရားတော်ကို စတင်နာယူနေကြပါပြီဘုရား။ ဆရာတော်ဘုရားကြီး ကျန်းကျန်း မာမာရှိနေစဉ် ဆရာတော်ဘုရားချီးမြှင့်ပေးသည့် အောင်လက်မှတ်များကို လက်ဝယ် ပိုင်ပိုင်ရဖို့ ဆက်လက်ကြိုးစားသွားပါမည်ဘုရား။ သုတဓမ္မ နှင့် အဘိဓမ္မာ တရားတော်များ ကို အတတ်နိုင်ဆုံးသင်ကြားပေးရင်းဖြင့် ဘုရား တရား သံဃာ ရတနာတော်မြတ် သုံးပါးနှင့်တကွ ဆရာတော်ဘုရားကြီးတို့အား ဓမ္မနှင့်ပူဇော်တုံဆပ် ကျေးဇူးဆပ်ခွင့် အများကြီးရပါစေဘုရား ဆရာတော်ဘုရားကြီးလည်း သက်ရှည် ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်ဝပါစေဘုရား"

(၂.၅) (BA Part-2) စာဖြေသူများ၏ လျှောက်ထားချက်များ

အရှင်ဩဘာသ(BA Part-2)

"(၁)မြတ်ဗုဒ္ဓ၏တရားတော်များကို လူအများနားလည်နိုင်စွမ်းရှိအောင် ဟောပြောတော်မူနိုင်သောကြောင့် စာမေးပွဲအတွက်လေ့လာရင်း ဘဝအတွက်ပါ ဝမ်းစာဖြည့်ပြီးသား ဖြစ်သွားရပါတယ်ဘုရား။ဒီပလိုမာမှသည် BA အထိ အဆင့်ဆင့် တရားအသိတွေကို မြှင့်တင်ပေးသည့်အတွက် ကြည်ညိုမဆုံးဖြစ်ရပါတယ် ဘုရား။ ကိုယ့်အတွက် စာကျက်ရင်းနဲ့ အများသူငါကိုလည်း တဆင့်ပြန်လည်မျှဝေ ပေးနိုင်လာပါတယ် ဘုရား။ ဤသည်မှာ ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါတယ်ဘုရား။

(၂)ဘုရားတပည့်တော် ထပ်မံလျှောက်ထားလိုသည်မှာ MA တန်းအတွက်ကို ဘယ်လို စီစဉ်ထားပါသလဲ ဆိုတာကို ဖြေကြားပေးစေလိုပါတယ်ဘုရား။BA ပြီးသောသူများက MA တန်းအတွက် မခေါ်လို့ဆိုပြီး ပြောဆိုနေကြလို့ပါဘုရား။ လူအမျိုးမျိုး စိတ်အဖုံဖုံမို့ ဆရာတော် ဘုရားကြီးကိုယ်တိုင် မိန့်ကြားပေးပါမှ အဆင်ပြေမယ် ထင်မိလို့ပါဘုရား။"

ဒေါ်စန္ဒာ(BA Part-2)

"မိမိစိတ်ကိုအနည်းငယ်သိလာရပါသည်။ တစ်ခုခုကိုမြင်ရင်ဖြစ်ပေါ်လာတဲ့ စိတ်ကလေးကို သတိထားတတ်လာပြီး ဆင်ခြင်တတ်စပြုပါပြီဘုရား။ အခါတိုင်း မဟုတ်တောင် အနည်းငယ်မျှစိတ်ကိုဆင်ခင်တတ်လာပါပြီဘုရား။

မထက်အာကာဆွေ (BA Part-2)

တပည့်တော်မက သုတဓမ္မဂဝေသီ BA part2ကိုအခုစာမေးပွဲမှာ ဖြေဆိုပူဇော်ထားပါတယ်ဘုရား စာမေးပွဲတွေဟာ အဆင့်တဆင့်တိုင်းဆီမှာ ပညာအလင်းတွေရပြီး အဝိဇ္ဇာအမှောင်တွေကို ဖယ်ရှားနိုင်ခဲ့ပါတယ်ဘုရား စိတ်ထဲမှာ ညစ်ညူးစေတဲ့ နီဝရဏာ

တရားတွေဟာလည်း ကိုယ့်စိတ်ထဲဖြစ်မှန်းသိရင် သတိထားပြီး ဒါဒေါသပဲ ဒါလောဘပဲ သိလာပြီး နောက်ထပ်မဖြစ်အောင်ဖယ်ရှားလာနိုင်ခဲ့ပါပြီဘုရား အရင်ကဆို ဒေါသဖြစ်ရင် အချိန်ကြာတဲ့တပည့်တော်မက အခုဆို ဒေါသကရှိသေးပေမယ့် အတော်ပယ်ရှား လာနိုင်ခဲ့ပါပြီဘုရား ၊ဘုရား တရား သံဃာအပေါ်လည်း အရင်နဲ့မတူတဲ့ သဒ္ဓါတရားတွေနဲ့ စိတ်နှလုံးမှာပီတိအဟုန်တွေနဲ့ကြည်ညိုလာမိပါတယ်ဘုရား အခုလို စာမေးပွဲတွေ ကျင်းပပြီး တပည့်တော်မတို့ကို ဝိဇ္ဇာအလင်းတွေ ပေးစွမ်းတဲ့အတွက် အရှင်ဘုရားကို လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးကန်တော့လိုက်ရပါတယ်ဘုရား။

ဒေါ်စမ်းစမ်းဝင်း(BA Part-2)

ကိုယ်တိုင်က ကြိုတင်စာကြည့် တရားနာလုပ်ထားပြီးသော်လည်း စာမေးပွဲ ဖြေခါနီး ၂ လအလိုတွင်အတူနေအစ်ကိုအကြီး မထင်မှတ်ဘဲ အရေးပေါ်ဆေးရုံတက် ခွဲစိပ်မှု ပြုလုပ်ခဲ့ ရပါသည်။ ရပြီးသားစာတွေအားလုံး လုံးဝသတိမရတော့ဘဲ မဖြေဖြစ်တော့ဟု ဆုံးဖြတ်ခဲ့ရာ စာဖြေကတ်ပင်ကိုယ်တိုင်မထုတ်ဖြစ်တော့ပါ။ ခင်မင်ရင်းနှီးသော ဓမ္မမိတ်ဆွေမှ စာဖြေကတ်ထုတ်ပေးခဲ့ပါသည်။ကိုယ်တိုင်ကတော့ လုံးဝ စာကြည့်ဖို့ အချိန်မရရှိခဲ့ပါ။ စာဖြေသည့်ရက် ၁ ရက်အလိုအထိ မိမိကိုယ်ကိုဖြေဖို မဖြေဖို့ဝေခွဲမရခဲ့ပါ။ သို့ပါသော်လည်း စာမေးပွဲ ဖြေရမည့်ရက်တွင် ရသည်ဖြစ်စေ မရသည်ဖြစ်စေ ရသလောက် ပူဇော်မည်ဆိုသော စိတ်ဖြင့် သွားရောက်ရသလောက် ပူဇော်ဖြေဆိုခဲ့ပါသည်ဘုရား 🙏🙏🙏"

ဒေါ်ခင်သန်းဌေး(BA Part-2)

"ရိုသေစွာ ဦးခိုက်ပါ၏ဘုရား🙏🙏🙏သုတမမ္မ ပြဋ္ဌာန်းစာအုပ် များကို တစ်တန်းပြီး တစ်တန်းလေ့လာ နာကြား နေ့စဉ်ကြိုးစားပြီးနောက် အပြစ်ကင်းသော နေခြင်းထိုင်ခြင်း အစစရာရာကို ပြုပြင် ဆင်ခြင်နေထိုင်တတ်လာပါတယ်ဘုရား အကောင်းမြင် တတ်လာပါ

တယ်ဘုရား။ စိတ်အနှောင့်အယှက် မရှိသလောက်နည်းလာပါတယ် စိတ်ကလေး အမြဲကြည်လင် ငြိမ်းချမ်းနေပါတယ်ဘုရား။ လိုချင်မှုနည်းပါးလာပြီး၊ မျှဝေ သုံးစွဲစိတ် များလာပါတယ်ဘုရား။ ကျန်ရှိချိန်လေးကို အကျိုးရှိရှိနဲ့ ကုန်လွန်ရန် ကြိုးစား နေပါသည်ဘုရား။ အရင်ထဲက ဦးဂိုအင်ဂါ တရားနည်းဖြင့် တရားထိုင်ကျင့် ရှိပါတယ် ဘုရား🙏🙏🙏"

Daw San San Myint(BA Part-2)

ကျမ အသက် ၇၆နှစ် မှာ ဆရာတော်ကြီး၏ ပို့ချသော လမ်းညွှန်မှုများကို နာယူပြီး လိုက်နာ ဆောင်ရွင်ခြင်း ဓမ္မအသိဉာဏ်ပညာများ တိုးတက်မှု များ ရရှိခဲ့ပါကြောင်း ဦးထိပ်ထား လျှောက်တင်ပါ၏။

ဦးထွန်းထွန်းလင်း(BA Part-2)

သုတဓမ္မဒီပလိုမှသည် ယခု သုတဓမ္မဂဝေသီတန်းအထိ လေ့လာကျက်မှတ် ခဲ့သော်လည်း စာမေးပွဲ သာ ပြီးသွားသည် သူ့အတန်းနှင့်သူ ထပ်ပြီး လေ့လာစရာများ ကျန်နေသေး ကြောင်းကို နောက်နောက် စာမေးပွဲ မေးခွန်းလွှာများကို ပြန်လည်၍ လေ့လာခြင်းဖြင့် မိမိဘာသာ သုံးသပ်မိပါသည်။

ဒေါ်အေးအေးသင်း(BA Part-2)

"နေ့စဉ်တရားနာရင်း မသိသောစာလုံးများရေးမှတ်ခြင်း ပါဠိတိုလေးများကိုကျက်ရခြင်းဖြင့် ကုသိုလ်စိတ်များစွာရရှိပြီးမသိသေးသောတရားများ လိုက်နာသင့်သောတရားများ ရှောင် သင့်သောတရားများကိုကြိုးစားလေ့ကျင့်ရင်းတနှစ်ထက်တနှစ်ဓမ္မအသိဖြင့် အကျိုးရှိ အောင် နေတတ်နေပါပြီဘုရား ပါဠိဘာသာကိုလေ့ကျင့် ရတာတော့ အတော်ခက်

ပါတယ်ဘုရားမှတ်သင့်လျှုသင့်သော ပါဠိတိုလေးများကို အခေါက်ခေါက်အခါခါ ရေးကျက် ပါတယ်ဘုရားတရားကိုလည်း အခေါက်ခေါက်နာဖတ်စာအုပ်ကိုလည်း အခေါက်ခေါက် အခါခါဖတ်ပါတယ်ဘုရား ပြဋ္ဌာန်းစာအုပ်ကို အခါခါဖတ်မှ စာမေးပွဲမေးခွန်း ကိုဖြေနိုင် ပါမည် ဖြစ်ပါသည်ဘုရား။ တရားများကို လေ့လာမှတ်သားလိုက်နာကျင့်သုံးပါမည် ဘုရား ကျေးဇူးကြီးလှပါတယ်ဘုရား

ဦးထက်နိုင်ဝင်း(BA Part-2)

တပည့်တော် Level-1 ဘဝခရီးဝယ်ရွေးချယ်ရမည့်လမ်းတရားတော်ကနေ BA Part 2 ပါရာယနဒေသနာ နိဗ္ဗာန်လမ်းပြတရားတော်ဆီသို့ လေ့လာပူဇော်ရခဲ့ပါပြီဘုရား။ တပည့်တော်အတွက် တရားတော်တိုင်းသည် လောကီလောကုတ္တရာနှစ်ဖြာ နေထိုင်ရေး အစရှိသည့် ကိစ္စရပ်တိုင်းတွင် လေ့လာကျင့်ကြံအားထုတ်ရေးအတွက် အလွန်ပင် ဘဝသံသရာခရီးအတွက် အလွန်ပင်အဖိုးတန်လှပါသည် ဘုရား။ လက်တွေ့အထိ ကျင့်သုံး နိုင်ခဲ့သည့် အတွက်အလွန်ပင်ရှိခိုးဦးတင်အပ်ပါသည်ဘုရား။ဆက်လက်ပြီးBA Part 3 မှသည် MA တန်းထိလေ့လာကြိုးစား အားထုတ်ပူဇော်သွားပါမည် ဘုရား။ဆရာတော် ဘုရားကြီး နှင့်အတူ သာသနာအတွက်တစ်ထောင့် တစ်နေရာကနေပါဝင်၍ သာသနာ ပြန့်ပွားရေး၊ ဥဒ္ဓံစွမ်းကိုယ်စွမ်းတတ် နိုင်ရာတာဝန်များကို လုပ်ဆောင်သွားပါမည် ဘုရား။ ဆရာတော်ဘုရားကြီး သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် သာသနာ့ဝန်၊ ခန္ဓာဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပါစေ။

စုစုဌေး(BA Part-2)

"ထူးခြားချက်က တပည့်တော် စိတ်ကို နှိပ်ကွပ်တတ်လာပါတယ်ဘုရား။ စာမေးပွဲဆိုတာ ကြောက်စိတ်လို့ပြောရမလား ဖိအားတခုကတော့ ရှိပါတယ်ဘုရား။ စာမေးပွဲခန်းထဲရောက်တော့ ငါ ဘွဲ့ထူးဂုဏ်ထူးရဖို့ပူဇော်တာလား တရားကိုပူဇော်တာလားလို့ မေးခွန်းမဝေခင်

ကိုယ့်စိတ်ကိုမေးခွန်းထုတ်လိုက်တော့ စိတ်မှာဖိစီးမှုတွေ ပြေလျော့သွားတယ်ဘုရား။ တရားဓမ္မကို ပူဇော်တာဖြစ်တဲ့အတွက် သီလကိုအခြေခံမှဖြစ်မယ်လို့ ရိုးသားစွာ ရသလောက်ပဲ ပူဇော်ပါတယ်ဘုရား။ ဓမ္မစာမေးပွဲတိုင်းကို ဒီလိုစိတ်ထားနဲ့ပဲ ဖြေဆိုပူဇော်တာက တပည့်တော်ကိုယ်တိုင်ကျနပ်မိတဲ့ လိပ်ပြာလုံတဲ့ခံစားချက်လေးမို့ ပြန်တွေးတိုင်း စိတ်သန့်တယ်လို့ ခံစားရပါတယ်ဘုရား။ စာဖြေခါနီး ၂ပတ်အလိုကတည်းက တပည့်တော် နေမကောင်းနေတာပါဘုရား ချောင်းဆိုးခွဲကြပ်တော့ ညအိပ်ရင် ခွဲကြပ်ပြီး အဆုတ်က တရှိုရှိုမြည်လို့ အိပ်ရေးပျက်သွေးပေါင်ကျ ငါရအောင်ပူဇော်မယ် ရသလောက်ပူဇော်မယ်လို့ စိတ်ကိုတင်းပြီး ပူဇော်ခဲ့တာပါဘုရား။ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ ပိုပြီး သဘောပေါက်မိပါတယ်ဘုရား။"

ဒေါ်ခင်မျိုးသိမ့် (BA Part-2)

ဆရာတော်ဘုရားကိုလက်စုံမိုးရှစ်ခိုးပြီးလျှောက်ထားအပ်ပါတယ်ဘုရား ဆရာတော်ဘုရား ကျေးဇူးကြောင့် သုတဓမ္မစာမေးပွဲမှာအဆင့်မြင့် လာသလိုတပည့်တော်ရဲ့ ဓမ္မအသိ ကလည်း တဖြေးဖြေးမြင့်လာတယ်လို့ခံစားရပြီးဝိတိအလွန်ဖြစ်မိပါတယ်ဘုရား BA 2မှာ ဝိပသနာရှုတဲ့အခါ လမ်းလွဲပြီးကျင့်မိလို့ ဗြဟ္မာဘုံရောက်နိုင်တာတွေ အာကိဉ္စ ညာယတန ဘုံ ကို ရောက်တာတွေ အဲဒီစျာန်ရပြီးဖြစ်ပေမယ် သောတာပန်ဖြစ်ခြင်း မဖြစ်ခြင်းက သံသရာထဲ ပြန်ရောက် နိုင်တာကိုလည်း မှတ်သားရပါတယ်ဘုရား တပည့်တော် အတွက် အလွန်အဖိုးမဖြတ်နိုင်တဲ့အသိပါဘုရား နိဗ္ဗာန်အတွက် အထောက်အပံ့ ဖြစ်အောင် လမ်းညွှန်ပေးတဲ့ ဆရာတော်ဘုရားလဲ သက်ရှည်ကျန်းမာပြီး သာသနာ့ အကျိုး ဒီထက်မက ဆောင်ရွက်နိုင်ပါစေဘုရား။

ဒေါ်ခင်သန့်ဇင် (BA Part-2)

"သုတဓမ္မဒီပလိုမာမှတဆ ယခု သုတဓမ္မဂဝေသီ BA Part -2 သို့တိုင်ခဲ့ပြီဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်များကိုနာကြား၊ လေ့လာကျက်မှတ်ရာမှရရှိလာသော ဓမ္မအသိ များ ကိုလက်ရှိနေ့စဉ်ဘဝခရီးကိုဖြတ်သန်းအချိန်တွင်အသုံးချပြီး သတိ၊ ပညာတို့ဖြင့် ထိန်းညှိ နေထိုင်ရင်း မှန်ကန်သောအမြင်မှ တဆင့်ထက်သန်သော သဒ္ဓါတရားများ ကိုရရှိလာခဲ့ပါသည်။ မဂ္ဂင်ရှစ်ပါးအကျင့်တရားကိုဆက်လက် ကြိုးစားအားထုတ် လျက်ရှိ ပါသည် ဘုရား မိမိ၏ဘဝနှင့်ပတ်သက်၍ နေထိုင်မှု၊ စိတ်နေစိတ်ထားကို ပါအမှန်တကယ် ပြောင်းလဲ ပေးနိုင်သည်မှာအမှန်ဖြစ်ကြောင်းကို အထပ်ထပ်အခါခါ ကျေးဇူးတင်ရင်း တင်ပြလိုက်ပါသည် အရှင်ဘုရား။

မဆွေဆွေမွန် (BA Part-2)

"စာတွေ လေ့လာသင်ကြားရသင့်အတွက် အသိပညာများတိုးပွားပါသည်။ ဆရာတော်ရဲ့ သင်ကြားပေးသောတရားတော်များကို နားကြားသင်ယူပြီး မြတ်စွာဘုရား တရားတော် များကိုသင်ယူခွင့်ရသည့်အတွက် များစွာကျေးဇူးကြီးမားပါသည် ရှစ်ခိုးကန်တော့ပါသည် ဘုရား။

ကိုအောင်မျိုးထက် (BA Part-2)

"ကျေးဇူးတော်ရှင်ဆရာတော်အရှင်သူမြတ်ကြီးဘုရား- တပည့်တော် ရှိသေလေးမြတ်စွာ ရှိခိုး ဦးခိုက်ပါသည်ဘုရား။တပည့်တော် ၂၀၂၃ခုနှစ်မှစ၍ သုတဓမ္မစာမေးပွဲကို ဝင်ရောက် လေ့လာ ဖြေဆိုခဲ့တာ အခုဆိုရင် B.A Part-2 ထိဖြေဆိုပြီးခဲ့ပါပြီဘုရား။ အရင်က သေချာမသိခဲ့တဲ့ ဗုဒ္ဓရဲ့တရားတွေကိုလည်း ပိုမိုသိရှိလာပါတယ်ဘုရား။ အရင်ကတရားနာ ဖြစ်သော်လည်း နေ့တိုင်းမနာဖြစ်ပါဘူးဘုရား၊ သုတဓမ္မစာမေးပွဲဖြေဖို့အတွက် တရားတော် များ ကိုနာယူမှတ်သားလာတာ နေ့တိုင်းတရားနာတဲ့ အကျင့်လည်း ရသွားပါပြီ ဘုရား။ သုတဓမ္မ တရားတော်များကို နာယူမှတ်သားရုံမျှမက ဘဝထဲသို့ထည့်သွင်း အသုံးချတတ် လာပါတယ်ဘုရား။ Level-2 ဖြေဆိုစဉ်က ဒေါသထွက်စရာတစ်ခုကြုံလို့ ပြန်တုန့်ပြန်ဖို့

စိတ်ဖြစ်နေတဲ့အချိန် တပည့်တော်ရဲ့ခေါင်းထဲ အသိကချက်ချင်းဝင်လာပြီး ""ဒေါသဆိုတာ ပူလောင်စေတတ်တဲ့ တရားပါလား၊သုတမမ္မတရားထဲမှာလည်း ဒေါသရဲ့ အပြစ်ဆိုးကျိုး ဆိုတာ လူတစ်ယောက်ကိုအသက်ဆုံးရှုံးသည်ထိအောင်ဖြစ်နိုင်ပါလား၊ဒါ ငါသင်ခဲ့ ရတာပဲ"" ဆိုပြီး ဖြစ်လာတဲ့ဒေါသကို သတိနဲ့ထိန်းနိုင်ခဲ့ပါတယ်ဘုရား။အရာရာကို တရားနဲ့ ချင့်ချိန်ပြီး စဉ်းစားလာတတ်ပါတယ်ဘုရား။ ဒါဟာဆရာတော်ဘုရားရဲ့ ကျေးဇူးတော်တွေ ပါပဲဘုရား။ နေ့စဉ်နေ့တိုင်း တရားစာပေတွေပဲ လေ့လာနေတော့ ပိုပိုပြီးလည်း သိရှိချင်လာပါတယ်ဘုရား။ခုဆိုရင် B.A Part-2 ပြီးသွားပြီဖြစ်သလို Leve-1 ကနေ ခုထိ ရရှိလာတဲ့ ဓမ္မသုတတွေကလည်း များစွာရရှိနေပါပြီ ဘုရား။ တပည့်တော် ကိုယ်တိုင်လည်း လေ့လာဖြေဆိုနေသလို ဂျုနီယာဓမ္မမိတ်ဆွေအသစ်များကိုလည်း တဆင့် ပြန်လည် ဓမ္မဒါနသင်ကြားပေးနေပါတယ်ဘုရား။ တပည့်တော်သိရှိသလို သူတို့လည်း သိရှိပါစေ၊ တရားဓမ္မတွေသိတာ အသိဉာဏ်ကိုထက်မြက်စေတယ်၊လိုက်နာကျင့်သုံးရင် စိတ်နှလုံး အေးချမ်းစေလိုတဲ့အတွက် နားလည်သည်အထိ ပြန်လည် သင်ကြားပေးရင်း သာသနာပြု လျှက်ရှိပါတယ်ဘုရား။ ဒီလိုကုသိုလ်တွေပြုလုပ်ခွင့်ရတာဟာ ဆရာတော် ဘုရားရဲ့ ကျေးဇူးတွေကြောင့်ပါဘုရား။ တပည့်တော်သန္တာန်မှာ အသိဉာဏ်(ပညာ)ဆိုတဲ့ ဘုရားကို ပွင့်စေခဲ့တဲ့၊ ကုသိုလ်စိတ်တွေဖြစ်စေခဲ့တဲ့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားအား ရိုသေ လေးမြတ်စွာအကြိမ်ကြိမ်ဦးခိုက်ပါသည်ဘုရား 🙏🙏🙏။"

ဒေါ်သန္တာလင်း(BA Part-2)

"ပါရာယန ရသေ့ကြီး ၁၆ ဦး မှာ တစ်ဦးစီရဲ့ မအို မနာ မသေ သြဃကြီးမှ လွတ်မြောက်ရန် ကြိုးစားအားထုတ်တာတွေကို ဥာတပရိညာ အားဖြင့် ပိုင်ပိုင်နိုင်နိုင် သိသွားခဲ့ပါတယ်။ တီရဏပရိညာ အားဖြင့် ခုချိန်မှစ၍လေ့ကျင့် ကြိုးစားအားထုတ်ရတော့မယ်ဆိုတာကို ဆုံးဖြတ်ပြီးသိနေပါပီ။ ပဟာနပရိညာ အားဖြင့် ကိလေသာ မာရ်စစ်သည်တွေကို တွန်းလှန် ဖယ်ရှားဖို့ လိုပါမည်။ နေ့စဉ်ဘဝမှာ ဆရာတော်ကြီးဟောကြားထားသော တရားများ နာယူမှတ်သား ပြီး မအားလပ်သော အိမ်မှုကိစ္စ အဝဝကြားမှာ ကိုယ့်တွက် အဓိပ္ပါယ်

ရှိသောအရာများဖြင့် ဖြတ်သန်းရင်း ဘဝ အမောများ ပြေပျောက်စေခဲ့သော နည်းလမ်းများရပြီး နှလုံးသွင်းခွင့်ရလို့ ဆရာတော်ကြီး၏ မေတ္တာ စေတနာ ကရုဏာတရားများကို အကြိမ်ကြိမ် ဦးထိပ်ပန်ဆင်ရင်း BA 2 ဖြေထားသော သုတမမ္မ ဂဝေသီလေးမှ ရှိခိုးကန်တော့ လိုက်ပါတယ် ဘုရား🙏🙏🙏 ဆရာတော်ကြီး ကျန်းမာ သက်ရှည်စွာဖြင့် ခန္ဓာဝန် သာသနာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ ဘုရား🙏🙏🙏"

ဦးသီဟဇော် (BA Part-2)

အစွဲရှိရာ ခန္ဓာလာသည်ဆိုတဲ့ စကားက ဒီနှစ်အတွက် စိတ်နှလုံးထဲ စွဲနေပါသည်။ တကယ်လဲ မှန်လှပါသည်ဘုရား။

မြတ်လေးစိန် (BA Part-2)

ဆရာတော်ဘုရားကြီးအား ရိုသေစွာဦးခိုက်ရှိခိုးပါ၏ဘုရား။ level 1မှ စ၍ ယခု B.A တန်းအထိ မကြားဘူးသော/ကြားဘူးသော်လည်း နားမလည်သော တရားဓမ္မများကို သိရှိရပါသည် ဘုရား။ မိမိသန္တာန်တွင် ဖြစ်ပေါ်လာသည့် စိတ်၏ အညစ်အကြေးများကို သတိဖြင့် သိမြင်တတ်ပြီး အလုံးစုံမဟုတ်သေးပါသော်လည်း တတ်နိုင်သမျှ ဖယ်ရှား၍ စိတ်အေးချမ်းအောင် နေတတ်နေပါပြီဖြစ်ပါသည်ဘုရား။ သို့ပါသောကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘုရားကြီးအား ခြေတော်အစုံအား ရိုသေစွာ ဦးခိုက်ရှိခိုးပါ၏ ဘုရား🙏🙏🙏

ဒေါ်စန္ဒာအောင်(BA Part-2)

"စာမေးပွဲ အတွက် လေ့လာခြင်းတွင်-ဆရာတော်ကြီး၏ ပါရာယန ဒေသနာကို နာကြားပြီးနောက် ခန္ဓာရခြင်း၏ဒုက္ခများ ကိုမြင်လာပါသည်။စိတ်အစဉ်မှာ အမျိုးမျိုး ဝင်ရောက်

နေသော အကုသိုလ်အတွေးများ၊တွယ်တာမှု ကြောင့် ခံစားရသော သောက၊ သုခကို မျှော်လင့်ရင်း ဘဝ ကို ခုံမင်နေသော တဏှာနဲ့ ပူလောင်နေသော မိမိ ဘဝ ကို မြင်လာပါသည်။တရားနာရင်း အသိဉာဏ်များ ပိုမို ပွင့်လင်းလာပါသည်။ 🙏ဆရာတော်ကြီးထံ လျှောက်ထားလိုသည်မှာ- တပည့်တော် သည်းသိဖြင့်သာ တရားကို သိပြီး၊ပညာ အသိနဲ့ မသိသေးပါ ဘုရား။ အဘိဓမ္မာ မသင်ဘဲ ဝိပဿနာကျင့်လို့ မဖြစ်နိုင်ဘူးလား ဘုရား။ ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား 🙏🙏🙏"

မမျိုးသိဂီဝင်း (BA Part-2)

"လူဖြစ်လာဖို့အရမ်းခက်ခဲသည်ကိုသိရှိပြီးခက်ခဲတဲ့ချိန် ယခုလိုဆရာတော် ဘုရားကြီးရဲ့ ပြောဆိုလမ်းညွှန်ချက်များကိုသိရှိရတဲ့အတွက်အတိုင်းမသိဝမ်းသာပါတယ်ရှင့် မြတ်စွာဘုရားကိုပိုပြီးယုံကြည်လာသလိုအရင်လိုအရမ်းယုံဦးနှောက်ကြီးမဖြစ်အောင်ကြိုးစားနေပါတယ်ရှင့် လူဘဝကိုရောက်လာတာ ခနဆိုပေမယ့် ဒီလိုတရားတွေကို သိရှိနားလည်လာတဲ့ တပည့်တော်အဖို့အရမ်းဝမ်းသာပါတယ်ရှင့် တပည့်တော်က တရုတ်ဆိုတော့ ငယ်ငယ်ကမိရိုးဘာသာ ဗုဒ္ဓဖြစ်ခဲ့ရပါတယ် ခုလိုတရားဓမ္မကိုသိရှိ နားလည်အောင် ပြောပြမယ့် သူမရှိခဲ့ပါနောက်ပိုင်း10တန်းအောင်ပြီး သီလရှင်ဝတ်မှသီလရှင်ဆရာ၏ ကျေးဇူးကြောင့်မြတ်စွာဘုရားကိုဘာေကြာင့်ကိုးကွယ်သင့်တယ်ဆိုတာသိရှိနားလည်ရပါတယ်ဘုရား ဒီကျေးဇူးကြောင့် တပည့်တော်ဘာလုပ်သင့်လဲ ဆိုတာသိရှိနားလည်ခဲ့ပါပီဘုရား ယခုလိုအရှင်ဘုရား စာမေးပွဲလုပ်ပေးတဲ့အတွက် တရားတော်အပေါ်ပိုပြီး ယုံကြည်လာပါတယ် မသိသေးတာတွေပိုပြီး ပြီးတတ်မြောက်အောင် ကူညီပေးတဲ့ အရှင်ဘုရားကို တပည့်တော်ကျေးဇူးတင်ပါတယ်ဘုရား။ အရှင်ဘုရားကိုလည်း ဒီနေရာ ကနေရှိခိုးလိုက်ပါတယ်ဘုရား"

U Aung Soe (BA Part-2)

"လွန်ခဲ့သော ၁၅ နှစ်ခန့်ကထဲက ဆရာတော်ကြီး၏တရားများကို နာယူခြင်းသာမက ဗလာစာအုပ်များဖြင့် လိုက်လံမှတ်တမ်းယူခြင်းအလေ့အကျင့်ရှိခဲ့ပါသည်ဘုရား။ ဝန်ထမ်းတာဝန် အလုပ် ကတစ်ဖက်မို့ ထိရောက်လှသည်ဟု မထင်မှတ်ခဲ့ပါဘုရား။ ယခုအငြိမ်းစားယူပြီးကာမှ ဆရာတော်ကြီး သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သော သုတဓမ္မ စာမေးပွဲကို တရားနာစာအုပ်ဖတ်ရှုလေ့လာရင်း ဖြင့်ဖြေဆိုခဲ့ပါသည်ဘုရား၊အပတ်စဉ်အောင်မြင်ခဲ့သည်မှာ BA Part2 အထိ ဖြေဆိုခဲ့ပြီးဖြစ်ပါသည်ဘုရား။ တပည့်တော်အနေဖြင့် ဆရာတော် ဟောကြားသောတရားနာခြင်းနှင့် ပြဋ္ဌာန်းစာအုပ်လေ့လာဖတ်ရှုသည်မှအပ အခြားသော ဆိုင်ရာများ(ဥပမာ-တစ်ဆင့်ခံပို့ချမှု ၊အနီးကပ်ပို့ချမှု၊တစ်ကြိုစသည်)ကိုလေ့လာခဲ့ခြင်းမရှိပါဘုရား။ ယခုအချိန်ခါ Line ပေါ်မှာ အဆိုပါကိစ္စများ အလွန်များပြားလှပါသည်ဘုရား။ သို့သော် တပည့်တော်စိတ်ဝင်စား၍မရခဲ့ပါဘုရား။ အကျယ်ကိုသိလိုပါက သိလိုသည့် အကြောင်းအရာနှင့်ဆိုင်သော ဆရာတော်ဘုရား၏တရားအကျယ်ကိုသာလေ့လာခဲ့ပါသည်(ဥပမာ သတိပဋ္ဌာန်နှင့်ပတ်သက်ပါက မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်ကဲ့သို့။)

သို့ဖြစ်သည့်အတွက် တစ်ပည့်တော်ဖြေဆိုခဲ့သည့် ကာလတစ်လျှောက် ပင်ပန်းလှသည်ဟုမထင်ခဲ့ပါဘုရား။ ပေါ့ပေါ့ပါးပါးဖြင့်သာကြိုးစားခဲ့ရပါသည်ဘုရား။ ယခုနောက်ပိုင်းတွင် ပို၍ပင်သိသာလှပါသည်။ အထူးသတိထားမိသည်မှာ ယခင်ကနာယူ မှတ်သားခဲ့သည်များမှာ ယခုမှထွက်ပေါ်လာပြီးအထောက်အကူဖြစ်လာသည်ဟုတွေ့ရှိရပါသည်ဘုရား။ တစ်ပည့်တော် တို့ငယ်ငယ်က ဘာသာရပ်တွေကိုအလွတ်ကျက်ခဲ့တဲ့အလေ့၊စာမေးပွဲနီးမှ sport ရိုက်တဲ့အလေ့အကျင့်တွေဟာ မှားပါလားဆိုတာ ယခုမှသိလာရပါသည်ဘုရား။ယခုတော့ အလွတ်ကျက်ခြင်းမျိုးမဟုတ်ပဲ သဘောတရားနားလည်သည် အထိလေ့လာမှတ်သားမှု၏ ထိရောက်မှုကို အသက်ကြီးမှ သိလာရပါသည်။ တပည့်တော်၏ဖြေဆိုမှုများသည်၏ ၍သည်မလွဲဖြေဆိုခြင်းမျိုးမဟုတ်ဘဲ မိမိနားလည်သည့်အတိုင်းသဘောတရားမိမိ ဖြေဆိုခဲ့သည့်အပေါ်စာစစ်ဆရာတော်များ၏ ကျမ်းကျင်ပိုင်နိုင်သော အတွေးအခေါ်အယူအဆများဖြင့်စစ်ေဆးမှုသည်။ သုတဓမ္မစာမေးပွဲများ၏ အဓိကသော့

ချက်ကိုတွေ့မြင်မိပါသည်ဘုရား။ သို့ဖြစ်ပါ၍ သုတဓမ္မစာမေးပွဲဖြေဆိုခြင်းဖြင့် တရားဓမ္မများ အပေါ်မှန်မှန်ကန်ကန် သိမြင်လာရသည်သာမက ဘဝတစ်လျှောက်လုံး ပင်ပမ်းစွာရင်ဆိုင်ခဲ့ရသော စာမေးပွဲနတ်ကြီးတယ်ဆိုတဲ့ တစ်လွှဲဖြစ်ပေါ်ခဲ့ရမှု ရှင်းလင်း သွား ရသလို သုတဓမ္မ၏အဆင့်လိုက် ဖြေဆိုခဲ့ရမှုများသည် စာမေးပွဲဆိုတာထက် ဓမ္မအသိဉာဏ် ဆန်းစစ်ချက် တစ်ရပ်သာ ဖြစ်သည်ဟု ခံယူမိပါသည် ဘုရား။ရေရှည်လည်း အကျိုးရှိမည်ဟုယုံကြည်ပါသည်ဘုရား။ 🙏 🙏 🙏 "

ဦးဇော်ထွန်းအောင်(BA Part-2)

"လေ့လာသိရှိလာသော ဓမ္မဗဟုသုတများသည်စာမေးပွဲ အဆင့်ဆင့်ကို တက်လှမ်းခဲ့သည် နှင့်အညီ သညာ မှတ်ဉာဏ် တိုးတိုးလာပြီးနောက် သဒ္ဓါခိုင်မာလာကာ ဗုဒ္ဓဘာသာဝင် စစ်စစ် အမှန်ဖြစ်လာပါပြီ..ဘုရား။ "

မေသူလင်း(BA Part-2)

ကံ ကိလေသာ ခန္ဓာ များငြိမ်းရာ မြတ်နိဗ္ဗာန်ကို ရရှိဖို့ မဂ္ဂင်၈ပါးအကျင့်တရားနဲ့ တဏှာ ပယ်သတ်နည်းကို ပါရာယနဒေသနာတော်လေ့လာခြင်းဖြင့် သိရှိခဲ့ပါသည်။

ကြည်ကြည်လွင်(BA Part-2)

ဥပုလ်စောင့်ခြင်း အကျိုးကို လေ့လာပြီးကတည်းက ဝါတွင်း ဝါပ ဓုပါးသီလဆောက်တည်ခဲ့ပါသည်...အလိုနည်း..လောဘ နည်း ၍ ဒေါသဖြစ်စရာလည်း ထိမ်းနိုင်ခဲ့ပါသည်..
.ပိုင်ဆိုင်မှုလည်းနည်းခြင်သလို...ရှိရင်ပူရ..မရှိအေးကြောင်းသိရှိနားလည်ရပါသည်..ရေးရရင် တော့ မုန်တိုင် ကျေးဇူးများပါသည်..

ဒေါ်လှမိုးသာ (BA Part-2)

"ရှိခိုးဦးခိုက်ပါ၏ အရှင်ဘုရားတပည့်တော်သည် ယခင်စာမေးပွဲထက် ပိုမိုကောင်းမွန်သော အလေ့အကျင့် ပိုမိုတိုးတက်လာသောဓမ္မအသိတို့ကို ရရှိလာသည်မှာ သံသယမရှိတော့ပါ ဆရာတော်ကြီး၏ကျေးဇူးတရားကြောင့်ဖြစ်ပါသည် ဆရာ့အလိုကျ ဆက်လက် ကြိုးစား သွားပါမည်။🙏🙏🙏"

ဒေါ်ခင်ငြိမ်းစုသွယ် (BA Part-2)

"စာမေးပွဲဖြေရန် တရားနာရခြင်းဖြစ်သည့်အတွက် ဓမ္မသာဝနကုသိုလ် အမြဲဖြစ် နေသောကြောင့် ပီတိဖြစ်ရပါသည်။ ပြဋ္ဌာန်းစာအုပ်ကို ကျေညက်အောင်ဖတ်၍ တရားနှင့်တူအောင် သေချာလေ့လာဖြေဆိုခဲ့ပါသည်။အထူးလှပသော မေးခွန်းများအတွက် တက္ကသိုလ်၏ မေးခွန်းထုတ်အဖွဲ့အား လေးစားဦးတင်ပါသည်။ဘဝတွင်စာမေးပွဲပေါင်း ၁၀၀ ကျော်ဖြေခဲ့ဖူးသော်လည်း ဓမ္မစာမေးပွဲလောက် စိတ်ကျနပ်မှု ပေးနိုင်သည့် စာမေးပွဲမရှိပါ။"

မအေးသီတာခိုင် (BA Part-2)

"လေ့လာ ကျက်မှတ်ရင်းတယောက်ထဲနေတတ်လာတယ် စကားနဲ့ လာတယ် ဘယ်တုန်း ကမှ မသိတဲ့ ဘယ်တုန်းကမှနားမလည်ခဲ့တဲ့ဗုဒ္ဓဘာသာတွေရဲ့ ဗေဒင်ယုံကြည်မှုတွေ လက်မခံတော့ဘူး ဥက္ကံ တိုက်ကြီးဘက်ကလာဖြေရလို့ အသက်ကြီးသူတွေပါလို့ စာဖြေ ဌာန ကိုအနီးစပ်ဆုံးလေးချပေးစေချင်ပါတယ်ဘုရား🙏"

ဦးစိန္တသာရ (BA Part-2)

အရင်က ကြားဖူးရုံသာကြားဖူးပြီး မကြားနာဖူး မဖတ်ရှုဖူးသော ကျမ်းစာများကို သိရှိ နားလည် သွားရုံမျှမကဘဲ တရားချီးမြှင့်ရာ၌ ထပ်ဆင့်ပြန်လည် ဟောပြောခြင်းဖြင့်လည်း

ကုသိုလ်ထူးများ ရရှိရပါသည်ဘုရား....ဆက်နွယ်ရာ ဆက်စပ်သော သုတ္တန်များလည်း လေ့လာခွင့်ရသည့်အတွက်လည်း ဆရာတော်ဘုရားကို ကျေးဇူး အများကြီးတင်ပါတယ် ဘုရား။

ဒေါ်ခင်ဝိုဝို (BA Part-2)

"စာမေးပွဲအတွက် လေ့လာကျက်မှတ်ရင်း တိုးတက်လာသည့် အသိဉာဏ်များ၊ အချက်အလက်များ၊ ဆရာတော်ကြီးထံ လျှောက်ထားလိုသည်များ ရှိလျှင်ဖော်ပြပါ။ စာမေးပွဲဖြေရခြင်းကြောင့် သုတဒီပလိုမာ စဖြေချိန်မှစပြီး တရားထိုင်ခြင်းအတွက် အများကြီး အထောက်အကူရပြီးပို၍ရှင်းလင်းလာပါသည် ဗုဒ္ဓတရားတော်များ သမိုင်းကြောင်းများလည်း ဗဟုသုတရပါသည် ကိုးကားထားသောစာအုပ်များလည်း ရှာ၍ ဖတ်ပါဦးမည် နောက်တဆင့်BA part3 ကိုလည်းကြိုတင်ဖတ်ရှုပြင်ဆင်ထားပါဦးမည် နောက်ပိုင်း ခန္ဓာပေါ်ဥဒ္ဓာဏ်ရောက်ဖို့လက်တွေ့ကြိုးစားရပါဦးမည်ဘုရား အရှင်ဘုရား ကျေးဇူးကြီးမား ပါတယ်ဘုရား သာဓုသာဓုသာဓုပါဘုရား။"

ဒေါ်အေးအေးမာ (BA Part-2)

သင်ခန်းစာများကိုဖတ်ရှုနေချိန်တွင်စိတ်ကြည်လင်မှုဖြစ်ရပါသည်။တရားတော်၏ဂုဏ်ဖြစ်သောအချိန်မဆိုင်းအကျိုးပေးသည်ကိုလက်တွေ့ခံစားရပါသည်ဘုရား။

ဒေါ်တင်မာနွယ် (BA Part-2)

မိရိုးဖလာဗုဒ္ဓဘာသာဖြစ်နေတဲ့တပည့်တော်တို့အားတန်ဖိုးမဖြတ်နိုင်သည့်စာမေးပွဲများကို ဖြေဆိုရသည့်အတွက်ပရယတ္တိနှင့်ကင်းကွာနေသောလူများအားပရိယတ္တိနှင့်နီးစပ်အောင် အမြော်အမြင်ကြီးလှသည့်ဆရာတော်ကြီး၏ခြေတော်အစုံဦးခိုက်ရှိခိုးပါသည်ဘုရား။

ဒေါ်တိုးတိုးလွင် (BA Part-2)

ဆရာတော်ကြီးနဲ့တကွ ပညာဘူမိနဲ့ဆက်စပ်သောပုဂ္ဂိုလ်များ ကျန်းမာ ချမ်းသာ ကြပါစေ။🙏🙏🙏🙏🙏

Daw Theingi Lwin (BA Part-2)

ပါရာယနဒေသနာတော်သည် ဘုရားမပွင့်မီက သီလ၊သမာဓိကို အခြေခံကာ တရားကျင့်နေသော ရသေ့များ၏ ကြုံတွေ့ရသော ဓမ္မအခက်အခဲများနှင့် သံသယများကို မြတ်စွာဘုရားထံ မေးလျောက်ခွင့်ရ၍ သံသရာဝဲသြဃမှ လွတ်မြောက်နိုင်သော အခွင့်ထူးများ ရရှိခဲ့သောကြောင့် ဓမ္မပီတိဖြစ်ရပါသည် ဘုရား။ ပါမောက္ခချုပ်ဆရာတော် ဘုရားကြီးထံမှ မြတ်သော တရားနာပြီး ပါရာယနဒေသနာတော်မှ ရသေ့များ၏အမေးအဖြေများကို လိုက်နာမှတ်သားရ၍ မိမိကိုယ်တိုင် ဘုရားထံရောက်သွားသလို ခံစားရကြောင်း လျောက်ထား အပ်ပါသည် ဘုရား။

ဒေါ်သီတာဦး (BA Part-2)

ဆရာတော်ကြီးရဲ့တရားဓမ္မများကိုသင်ယူရချက်ဖြင့်စိတ်အေးချမ်းမှုဖြစ်သလိုတရားဓမ္မနှင့်လက်ကျန်ဘဝကိုဖြတ်သန်းရန်အတွက်အသိပညာများတိုးခဲ့ပါသည်သို့သော်စာအဖြစ်ဖြေဆိုသော်မေ့တာ၊ရောတာတွေဖြစ်တဲ့အတွက်စိတ်မကောင်းဖြစ်မိပါတယ်ထပ်ပြန်တလဲလဲလေ့ကျင်ထားသော်လည်း စာဖြေခန်းထဲရောက်ရင်မေ့တာဖြစ်ပါတယ်။ ပါဠိလည်း အားနည်းခဲ့ပါတယ်။စိတ်အတွက်ကတော့အများကြီးအထောက်ကူဖြစ်ပြီးပါတ်ဝန်းကျင်မှာနေထိုင်တတ်ပါပြီရှင်။

နန်းပပလင်း (BA Part-2)

စာမေးပွဲ အတွက် လေ့လာကျက်မှတ်ရင်း တိုးတက်သွားသည့် အသိဉာဏ်များကတော့ လောကမှာနေရင် အာရုံဖြ-ပါးမှာ အမြဲစီးဝင်နေတဲ့တဏှာတွေအပေါ် မတွယ်တာပဲ သတိထားဖယ်ရှားရမှာ အဓိကဆိုတာသိလားပါတယ်ဘုရား။ ဒါကြောင့်မို့ သတိထားပြီး နေသွားပါမယ်ဘုရား။ တပည့်တော်လိုချင်တဲ့နိဗ္ဗာန်ရဖို့က မဂ္ဂင်၈ပါးအကျင့်တရား တစ်ခုတည်းသာ ဆိုတာ၊ ဒီလိုကျင့်ကြံအားထုတ်တဲ့အခါမှာလည်း သာမန်ဝိရိယမျိုးနဲ့ မရနိုင်ဘူး ဆိုတာပါသိလာပါတယ်ဘုရား။ အပြင်းအထန်ကြိုးစားဖို့လိုမှန်းသိရပါတယ် ဘုရား။ တပည့်တော် အစက ပုံမှန်လုပ်ရင် ရမယ်ထင်ခဲ့တာပါဘုရား။ အသိဉာဏ်ပွင့် သွားတဲ့အတွက် ကျေးဇူးလည်းတင်မိပါတယ်ဘုရား။"

ဦးကျော်ကျော်သက် (BA Part-2)

သုတမမ္မစာမေးပွဲ အဆင့်ဆင့်အတွက် ပြဋ္ဌာန်းထားသော တရားစာအသီးသီးကို လေ့လာယင်း မိမိ၏အသိဉာဏ် နှင့် လောကမြင်ပုံအမြင်များတဖြည်းဖြည်း ကြည်လင် ရှင်းလင်းလာ ရပါသည်။ ယခင်သို့လောသို့လော ဒွိဟဖြစ်နေသည်များ ရှင်းလင်းစွာ ဆုံးဖြတ်နိုင်လာပါသည်။ မိမိ၏အသိဉာဏ် ရင့်ကျက်လာအောင် level1 မှသည် ဂဝေသီ အထိ စနစ်တကျသိပ်သည်းစွာစီစဉ်ထုတ်နှုတ်ပြဋ္ဌာန်းထားသော မြတ်စွာဘုရား ၏ တရားတော်များအတွက် ဆရာတော်ကြီး၏ ဥာဏ်တော်ကို ကျေးဇူးတင်ရှိခိုးဦးခိုက် ပါသည်ဘုရား။

ဒေါ်မျိုးဝတ်ရည် (BA Part-2)

"အလုပ်တစ်ဖက် မအားသည့်ကြားမှ စာမေးပွဲဖြေဆိုနိုင်ရန် ကြိုးစားပြီး ကျက်မှတ် ခဲ့ရပါသည်။ ဘဝကြီးရထားတဲ့ ဒုက္ခအင်မတန်ကြီးသည်ကို ဆင်ခြင်မိလာပါသည် ဆရာတော် ဘုရား ကျန်းမာပါစေ အသက်ရာကျော်ရှည်ပါစေ 🙏🏻 🙏🏻 🙏🏻 "

ဒေါ်ကေခိုင်လင်း (BA Part-2)

တစ်ဆင့်ပြီးတစ်ဆင့်တရားအသိညဏ်များတိုးတက်ပါသည်။

ဒေါ်ခင်ဝင့်ဝင့်ထွန်း (BA Part-2)

ဦးခိုက်ကန်တော့ပါသည် ဆရာတော်ကြီးနှင့်ဆရာတော်သံဃာတော်များ ဘုရား🙏🙏🙏 ပထမဆုံးအနေနှင့် မိမိစိတ်မှာရှိနေသော မှားယွင်းတဲ့ အတွေးများ ဆုံးဖြတ်ချက်အမှားများ သိမြင်လာပါသည်။ သိမြင်လာသည်နှင့် အရင်ကထိုအမှားတို့က ဒေါသကြောင့် လောဘကြောင့်၊ မောဟကြောင့် စသည်ဖြင့် အဖြေသိလာပါသည် အရင့်အရင်ကတော့ အဖြေအမှန် မသိပါ; အခု Lavel-1မှBA Part2ထိ ဘုရားအဆုံးအမ စာပေတွေသင်ကြားကျက်မှတ်ခဲ့ရသော ကြီးမားလှစွာသောအသိဉာဏ် ဗဟုသုတများစွာနှင့် အရင့်ကအဘိဓမ္မသင်ကြားဖူးခဲ့သော အသိပညာတွေပေါင်းစပ်ပြီး-ကုသိုလ်-အကုသိုလ် ခွဲခြားတတ်လာပါသည်-ပုံမှန် နေထိုင်စဉ်အချိန်တွေကို အကုသိုလ်နည်း နိုင်သမျှနည်းအောင် ကြိုးစားနေပါတယ် ကုသိုလ်နှင့်သာနေပါသည် စိတ်ထဲကအတွေးတွေမှန်အောင် ယောနိသောမနသိကာယ နှလုံးသွင်းနေထိုင်ပါသည် ။စာပေတွေမသင်ကြားခင်ကတော့ မနည်းကုသိုလ်ဖြစ်အောင်ကြိုးစားပေမယ်စိတ်ထဲမကျေနပ်ပါဘူး အတင်းဟန်ဆောင်ကြိုးစားနေရသလိုခံစားရပါတယ် ခုတော့အတွေးတွေမှန်ကန်ပြီးစိတ်ပေါ့ပါးကာနေတတ်ထိုင်တတ်နေပါပြီ ဒီအချက်ကတော့ တပည့်တော်အတွက် ဂုဏ်အယူစရာအကောင်းဆုံးအဖြေ-မှန်မှန်ကန်ကန်ဆင်ခြင်နိုင်ခြင်းပါ; ထိုအသိမှတဆင့် ကိုယ် နုတ် စိတ်(၃)ပါးကို သတိ ပညာနှင့်ဆုံးဖြတ်ကာ အကောင်းဆုံးကုသိုလ်ဖြစ်အောင် ကြိုးစားနေထိုင်နေပါပြီ🙏 ဝိပဿနာဉာဏ် နှင့်နေစဉ်အချိန်မှလည်း နီဝရဏ(၅)ပါးပယ်ရှားနိုင်အောင်ကြိုးစားရှုမှတ်ကာ ရုပ်သဘာဝ နာမ်သဘာဝအမှန်ရှုမြင်ချိန်လက္ခဏာသုံးပါကိုဆင်ခြင်နိုင်ကာ ဝိတိ ပဿဒ္ဓိ ပါမောကဇ္ဈ သုခ သမာဓိ ပညာ ဉာဏ်ရရှိခံစားမိပါသည် -ဆက်လက်ကြိုးစားပါမည်🙏 ပုံမှန်အချိန်တွေမှာလည်းကိုယ် နုတ် စိတ် သုံးပါးတွင် ကုသိုလ်ဖြစ်အောင် မိမိပတ်ဝန်း

ကျင်အတွက်လည်း ကုသိုလ်နဲ့နေနိုင်အောင်ကြိုးစားပါမည် 🙏 သံသရာမရှည်ရေး အတွက် သင်ကြားပေးပါသော ကျေးဇူးအလွန်ကြီးတော်မူသော ဆရာတော်ဘုရားကြီးနှင့် ဆရာတော် သံဃာတော်များကို တပည့်တော်ရိုသေစွာ မာရ်ချိုးကန်တော့ ပါသည်ဘုရား 🙏🙏🙏 မြင့်မြတ်သောရားထူးရရှိပါစေဘုရား 🙏🙏🙏

နော်မြတ်မြစု (BA Part-2)

ဆရာတော်ဘုရားကြီးအားဦးစွာ လက်အုပ်ချီမိုးရှိခိုးပါ၏ဘုရား။ တပည့်တော်မ သည် ၂၀၂၅ခုနှစ်မှစတင်၍ ခန္ဓာရခြင်းကြောင့်နာခြင်းဒုက္ခကို ရင်ဆိုင်ကြုံတွေ့ရပါသည်။ ခင်ပွန်း ဖြစ်သူက အူမကြီးကင်ဆာ အဆင့်၄ နှင့်တပည်ါတော်မကရင်သားကင်ဆာအဆင့် ၁ ပြိုင်တူဖြစ်ကြ၍အတော်ရုန်းကန်ရပါသည်။ ဆရာတော်ဘုရားကြီး စီမံဆောင်ရွက် ပေးသော ဓမ္မပညာများကိုအရင်းတည်၍ မြားဥချက်မစူးစေရဟူသောစိတ်ထား၊ ရုပ်တရား တွေရဲ့အကြောင်း အားလျော်စွာဖေါက်ပြန်ပျက်စီးနေတဲ့သဘော၊ ဘယ်အရာမှ မတည်မြဲ နာတာလဲ မမြဲကောင်းလာတာလဲမမြဲဆိုတဲ့ တရားနှလုံးသွင်းပြီး ကြိုးစား ရပ်တည်ပြီး တရားဓမ္မများကို စာတွေ့လက်တွေ့လုပ်ဆောင်နေလျှက်ရှိပါတယ်ဘုရား။ Level 1,2,3 မှာတော့ ပရိတ်ရွတ်ဖတ်ရတာတွေ ကအဓိပ္ပါယ်ပိုတွေနားလည်ပြီးလာလို့ စိတ်ထဲမှာ ပီတိကျေနပ်မှုတွေအရင်ကထက်ပိုဖြစ်လာပါတယ်ဘုရား။ မိလိန္ဒပဥှာ ကိုဖြေဆိုပြီး ချိန်မှာ တော့ ဘာသာရေးယုံကြည်ချက်နဲ့ပါတ်သက်လာရင် ဘာသာခြားတွေနဲ့ ဆွေးနွေး ရတဲ့အခါ ရဲရင့်တဲစိတ်တွေယုံကြည်မှုတွေ ပိုရှိလာပါတယ်ဘုရား။ ပါရာယန ဒေသနာတော် လေ့လာအပြီးမှာတော့ ဒီဘဝကိုဘယ်လို အဆုံးသတ်ရမလဲဆိုတဲ့ ကြည်လင်တဲ့အမြင်နဲ့ ပြင်ဆင်မှုတွေလုပ်လာနိုင်ပါပြီဘုရား။ ဗောဓိပက္ခိယတရား ၃၇ ပါးကိုတော့ဖြင့် အချိန်တိုင်း ကုသိုလ်စိတ်ဖြစ်နေအောင် ဆက်လက်လေ့လာကျင့်သုံးပါမယ်လို့ ခိုင်မာတဲ့ ဆုံးဖြတ်ချက် ချပြီးဆက်လက်ပူဇော်ပါမည်ဘုရား။

မမေဖြူကို(BA Part-2)

"ဆရာတော်ဘုရား တပည့်တော် မေဖြူကို BA part2ကို ဖြေဆိုခဲ့ပါသည်။ စာမေးပွဲ ဖြေဆိုရတဲ့အတွက် တပည့်တော် အကျိုးအများကြီး ရပါတယ်၊တပည့်တော်တို့ တနေ့နေ့ စားဝတ်နေရေးနဲ့အချိန်ကုန်၊အိမ်တောင်ရှင်မဆို ချက်ပြုတ်၊ တနေ့ပြီးသွားပြန် ရော ဒီလိုနဲ့ အသက်တွေကြီးနောက်ပိုင်းအသက်၈၀ ကျော်ရင်သတိမေ့၊ မမှတ်၊ ဒီလိုပဲဘဝ တခု အဆုံးသတ်သွားပြန်ရော၊ ထိုအရာကိုဘယ်လိုကျော်ဖြတ်ရမလဲ၊ ပါရာယန ဒေသနာတော် ကိုနာလိုက်၊ သင်ကြားရတော့မှ မဂ္ဂင်၈ပါးအကျင့်တွေကိုကျင့်ရမယ်၊ ဗာဝရီပုဏ္ဏား ရသေ့ကြီးနှင့်သူ၏တပည့်တွေကိုမြတ်စွာဘုရားမှဟောကြားချက်တွေဟာမှတ်သားလိုက် နာ၊ လက်တွေ့ကျင့်ရမည့်အချက်များ ဖြစ်နေသည်တွေ့လိုက်ရပါတယ်၊ ကုသိုလ် ကောင်းမှု လုပ်ရင်လည်း အနှောက်အယှက်တွေ အရမ်းတွေ့ရပါတယ်ဘုရား၊ ဆရာတော် ဘုရားကြီးဟောထားတဲ့ကိလေသာမာရ်စစ်သည်ရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်မှာစစ်လို့သုံးရတာ တွေ့ကြုံရတဲ့အခက်အခဲတိုက်ထုတ်နေရတဲ့အတွက်စစ်လို့သုံးထားကိုသဘောကျမိပါတ ယ်ဘုရား၊တပည့်တော်လည်းမဂ္ဂင်၈ပါးအကျင့်တွေစပြီးကျင့်သုံးနေပါပြီဘုရားတရားလည်း ထိုင်နိုင်အောင်ကြိုးစားနေပြီ၊ကိလေသာအခြေခံသောကံများလည်းမလုပ်မိအောင်ကြိုးစာ ရင်းကိလေသာတွေ မိမိဆီမှာမဖြစ်အောင်ကြိုးစားပါမည်၊ ဆရာတော်ဘုရားကြီး ၏ တရားများကိုပြန်ပြီးသင်ပြပေးသော ဆရာမကြီးဒေါ်ခင်လှတင်ကိုလည်း ကျေးဇူးတင်ပါ တယ်ရှင့်။ ဆရာတော် ဘုရားကြီး သက်ရှည်၊ကျန်းမာ ပါစေ၊ ပညာဘူမိ တက္ကသိုလ်ကြီး ရဲ့အရိပ်အောက်ကို ရောက်လာတဲ့ ဓမ္မမိတ်ဆွေအာလုံး သက်ရှည်၊ကျန်းမာပါစေ၊ လိုရာ ဆန္ဒပြည့်ပါစေ၊ ပညာဘူမိတက္ကသိုလ်ကြီး လည်းရေရှည်တည်တံ့ပြီး အောင်မြင်မှု ရပါစေလို့ ဆုတောင်းပေးပါတယ်၊ကျေးဇူးတင်ပါတယ်ရှင့်။"

ဒေါ်ခိုင်ဇာဝေ (BA Part-2)

ပါယာရနဒေသနာတော်ကြီးကို နာယူကျက်မှတ်ရင်း မိမိဟာ နှစ်သက်စရာ လိုချင်စရာ အာရုံတွေကို လိုချင်နေတဲ့ ကာမောဃဆိုတဲ့ လှိုင်းလုံးကြီးထဲမှာ နစ်မြောနေတယ်ဆိုတာ သိလာခဲ့ရပါတယ်။ ဘယ်လိုကျော်ဖြတ်ရမယ်ဆိုတာကိုလည်း သိခွင့်ရလို့ အရမ်းကို ကျေနပ်ပီတိဖြစ်ရပါတယ်။ စာမေးပွဲအတွက်ပြင်ဆင်ရင်း ဝီရိယလွန်ကဲရင် သမာဓိမရနိုင်တာကိုလည်း သိလာရသလို သတိနဲ့ပညာဟာအလွန်အရေးကြီးတာကို လက်တွေ့သိမြင်လာရလို့ မြတ်စွာဘုရားရဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်တွေကို မြတ်စွာဘုရားရှင်ရဲ့ အာဘော်အတိုင်းကြားနာသင်ယူခွင့်ရလို့ ဆရာတော် ဘုရားကြီးအားများစွာကျေးဇူးတင်လျက်ရှိသေစွာရှိခိုးကန်တော့အပ်ပါသည်ဘုရား။

မြိုင်မြိုင် (BA Part-2)

စာပေသင်ကြားပြီးနောက် တရားအားထုတ်ချိန်မှာအသိတွေမြန်လာခြင်း၊ အလင်းရောင်မီးမောင်းထိုးပြပေးသကဲ့သို့ ပို၍သတိမြဲခြင်း၊ရှုမှတ်မှုမှာ ကိလေသာတရားများကိုဖြစ်လျှင်သတိထား၍ဆင်ခြင်နိုင်ခြင်း အကျိုးကျေးဇူးများကို ကျေးဇူးဆပ်၍မကုန်နိုင်အောင် အသိထူးခြားမှုများ ရရှိပါသည်ဘုရား။

ဒေါ်ဝင့်ဝါသိန်း(BA Part-2)

"ဦးစွာပထမ ပညာဘူမိတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့တဲ့ အဓိပတိ ဆရာတော်ဘုရားကြီးအား ရိုသေ ကြည်ညိုု လေးစားစွာဖြင့် ခြေတော်အစုံကို ဦးခိုက်၍ ရှိခိုးပါတယ် ဘုရား 🙏 ဆရာတော်ဘုရားကြီးကိုလည်း ကျေးဇူးတော် အနန္တတင်ပါတယ်ဘုရား🙏 ဆရာတော်ဘုရားကြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သက်တော်ရာကျော်ရှည်ပါစေ ခန္ဓာဝန် သာသနာဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပါစေ ဘုရား🙏 တပည့်တော်

သုတဓမ္မဒီပလိုတန်း level ၃ခုလုံးအောင်မြင်ပြီး ဒီပလိုမာဘွဲ့လည်းရခဲ့ပြီးပါပြီ ယခု သုတဓမ္မဂဝေသီ BA part 2 ကို ဖြေဆိုပူဇော်ထားပါတယ်ဘုရား🙏 ဒီစာမေးပွဲ အောင်မြင်မှုရလာဒ်က အခြား အတန်းတက်ပညာ၊ နိုင်ငံခြားအလုပ်ရဖို့ပညာ၊ ရာထူးတိုး ပညာစာမေးပွဲများလို အသုံးချလို့မရပေမယ့် လောကကြီးထဲ လူတစ်ယောက် ရယ်လို့ဖြစ် လာတဲ့အခါ မိမိဝမ်းတစ်ထွာစာ စားဝတ်နေရေးအတွက် လူတိုင်းလူတိုင်းရုန်းကန်လှုပ်ရှား ရှာဖွေကြရတယ် ထိုမျှမက မိမိတို့ကိုယ်တိုင် လိုလိုချင်ချင် ထပ်တိုးရယူထားတဲ့ အိမ်ထောင်စုမိသားစုဘဝတွေရဲ့ စားဝတ်နေရေးရပ်တည်နိုင်ဖို့ပါ ကြိုးစားရုန်းကန် ကြရတယ်။ အဲဒီလိုအခါမျိုးတွေမှာ စီးပွားရေး အလုပ်ကြောင့်ဖြစ်စေ၊ မိသားစု သားသမီး ကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင် ဆွေမျိုး မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းတွေကြောင့် ဖြစ်စေ၊ ရန်သူမျိုးငါးပါး သဘာဝဘေးအန္တရာယ်စတဲ့ အခြားသော အကြောင်းအရာမျိုးစုံ ကြောင့်ဖြစ်စေ မိမိစိတ်မှာ ပူလောင်မှု၊ ဝမ်းနည်းမှု၊ စိုးရိမ်မှု၊ ပူဆွေးမှု၊ ဒေါသထွက်မှု၊ အလိုမကျဖြစ်မှု၊ ဘာလုပ်လုပ်အဆင်မပြေမှုစတဲ့ ခံစားမှုဝေဒနာမျိုးစုံကို ဘာသာမရွေး လူမျိုးမရွေးမလွဲမသွေ ကျိမ်းသေခံစားကြရမှာပါ။ အဲဒီအခါ ဒီသုတဓမ္မဒီပလိုစာမေးပွဲ အောင်မြင်မှုရဲ့ အသိဉာဏ်တွေက မိမိ စိတ်ထဲမှာဖြစ်နေတဲ့ ဒေါသထွက်မှု၊ အလိုမကျမှု၊ စိုးရိမ် ပူလောင် သောက ပရိဒေဝတောက်လောင်မှုတွေကို မိမိအသိဉာဏ်တိုးရင် တိုးသလောက် အသိဉာဏ်ထက်ရင်ထက်သလောက် ငြိမ်းအေးမှု ထာဝရအေးချမ်းမှုမျိုး ဖြစ်အောင် လုပ်ပေးနိုင်တယ်။ မိမိရထားတဲ့ ခန္ဓာကြီးက မည်သူကမှ ကိုယ်စားခံ ပေးလို့ မရတဲ့ ဒုက္ခမျိုးနဲ့နှိပ်စက်လာတဲ့အခါမှာလည်း အဖော်မလိုဘဲ တစ်ယောက်တည်း ရပ်တည်နိုင်သော စွမ်းအားအသိဉာဏ်ကို ရစေတယ်ဆိုတာ သိခဲ့ရပါတယ်။ မယုံရင် level တစ်ခုကို ၆လနဲ့ ၁၈လ လက်တွေ့လေ့လာကြည့် သိနိုင်တယ်လို့ အကြောင်းပြချက် အမျိုးမျိုးဖြင့် ပညာဘူမိတက္ကသိုလ်နဲ့နဲ့အလှမ်းဝေးနေသူတွေကို သတင်းစကားပါး ချင်ပါ တယ် ဘုရား🙏 "

မမြတ်ခိုင် (BA Part-2)

"ဆရာတော်ဘုရားကြီးအား ဦးတင်ရှိခိုးပါ၏၊ တပည့်တော် စာမေးပွဲအတွက်ဆိုပြီး စာမကျက်ပါဘုရား။ စာမေးပွဲဖြေဆိုသည့်အခါ သီလကိုလုံခြုံ စွာ ဉာဏ်မှီသိရှိ မှတ်သားမိသမျှသာ ပူဇော်ရေးသားခဲ့ပါသည်ဘုရား မြတ်စွာဘုရား၏ တရားတို့ကို ဆရာတော်ကြီးမှတဆင့် နာကြားသိရှိရသောကြောင့် ဘုရားတပည့်တော် သုတဖြင့် ဒိဋ္ဌကင်းစင်လာပါတယ်ဘုရား ကာယကံမှု ဝစီကံမှုနှင့် မနောကိုပါ ထိန်းသိမ်းစောင့်စည်း တတ်လာပါတယ်ဘုရား။ ဆက်လက်ပြီးလဲ ကြိုးစားပါ့မည်ဘုရား။"

စိုင်းကိုကို(ဇော်) (BA Part-2)

လောကဓမ္မ အပေါ်တွင် အမြင်များ တိုးတက်ကြည်လင်လာပါသည်။ သင်ယူ လေ့လာထားခဲ့သည့် အတွက် လက်တွေ့ ဝိပဿနာ လေ့ကျင့်သည့်အခါတွင်လည်း ရှောင်ရန် ဆောင်ရန်များ၊ နည်းစနစ်များ စနစ်တကျ သိရှိခဲ့ရသည့်အတွက် ပိုမို အဆင်ပြေလွယ်ကူစေပါသည် ဘုရား။ သိရှိထားသည့်အတိုင်း တိုးတက် အသိဉာဏ်အလင်း ရသည်အထိ ကြိုးစားသွားပါမည် ဘုရား။ ဆရာတော် ဘုရားကြီး နှင့်တကွ ပညာရေးအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအားလုံး သက်ရှည်ကျန်းမာပြီး သာသနာအကျိုးဆထက်ပိုးလို့ စိတ်ချမ်းသာစွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒေါ်တင်တင်ညို (BA Part-2)

"တရားအသိများတိုးတက်လာပါသည်။ဘုရား ကိစ္စတစ်ခုဖြစ်၍ ဒေါသထွက် စိတ်ဆိုးပြီးတိုင်း ဘာကြောင့် ဖြစ်တယ် အကြောင်းအကျိုးပြန်စဉ်းဖြစ်တယ်။အရင်က ဒေါသထွက်

ဖြစ်ကြောရှည်တတ်သိစိတ်တွေက ငြိမ်းချမ်းချင်လာတယ် အရာရာ ကခဏာဘဲလို စဉ်းစားဖြစ်လာ တယ်။ကျေးဇူးတင်ပါတယ်ဘုရား🙏🙏🙏

နိုင်နိုင်အေးဝင်း (BA Part-2)

"တပည့်တော်မသည် ဆရာတော်ဘုရားကြီးရဲ့ ပညာဘူမိတက္ကသိုလ်က စာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုခွင့်ရသည့်အတွက် ဘဝတသက်တာတွင် တန်ဖိုးဖြတ်၍ မရအောင် ကျေနပ်ဝမ်းသာမိပါတယ်ဘုရား🙏🙏🙏 ပထမဦးဆုံး စဖြေချိန်မှစပြီး ယခုအချိန်ထိ (၅)ကြိမ်မြောက် ဖြေဆိုပြီးပါပြီဘုရား ပြောမပြတက်အောင်ပဲ အသိထူးဉာဏ်ထူးတွေလည်း များစွာရရှိပါတယ်ဘုရား🙏🙏🙏 ပါရာယတနဒေသနာတော်မှာလည်း ရဟန္တာဖြစ်သွားကြသော ဗာဝရီ ပုဏ္ဏားကြီး နှင့် တပည့်ကြီး ၁၆ ဦးတဦးစီရဲ့ တပည့်ပေါင်း ၁၀၀၀ အားလုံးစုစုပေါင်း ၁၆၀၀၀ တို့ရဲ့ သီလ၊သမာဓိ၊ပညာ တို့ကိုလည်း အလွန်ပဲ ကြည်ညိုမိပါတယ်ဘုရား🙏🙏🙏 မြတ်စွာဘုရားရှင်နှင့် ရသေ့ကြီး ၁၆ ဦး၏ အမေးအဖြေများကို ဖြေဆိုရန်ကျက်မှတ်ရသဖြင့်လည်း များစွာပဲ အသိဉာဏ်တွေ ရရှိပါ သည် ဘုရား။ အထူးအားဖြင့် တပည့်တော်တို့စာဖြေသူတွေအားလုံးစီကို အဝေးကနေပြီး အသိပညာတွေဖြန့်ဝေပေးနေသော ကျေးဇူးရှင် ပါမောက္ခချုပ် ဆရာတော် ဘုရားကြီးကို အလွန်ပဲ ကျေးဇူးတင်ပါသည်ဘုရား။ ဆရာတော်ဘုရားကြီးရဲ့ သီလ၊သမာဓိ၊ ပညာ တို့ကိုလည်း ပြောမပြတက်အောင် ကြည်ညိုလေးစားပါတယ်ဘုရား🙏🙏🙏

ဒေါ်တင်ဇော်ကျော်(BA Part-2)

တရားထိုင်မှ မဟုတ်ဘူး နိဝရဏတရားတွေကို အမြဲဖယ်ရှားနေရမယ် ဆိုတာ သိရပါတယ်ဘုရား။

ဦးတင်မောင်ဝင်း (BA Part-2)

"ဆရာတော်ကြီး၏ စေတနာ၊ မေတ္တာတို့ဖြင့် သာသနာတော်စည်ပင်တိုးတက်ရေးအတွက် အလေးအနက်ထားစဉ်းစားပြီး ယခုကဲ့သို့ စီစဉ်ပေးထားသော သုတမမ္မစာမေးပွဲ များတွင် ဝင်ရောက်ဖြေဆိုခွင့်ရမှုအပေါ် အဓိပတိဆရာတော်ကြီးနှင့်တကွပညာဘူမိတက္ကသိုလ်ရှိ ဆရာတော် သံဃာတော်များကို ဦးစွာ ရှိခိုးပါသည်ဘုရား။ တပည့်တော်သည် ငယ်စဉ်ကပင် ဘာသာတရားအပေါ်မှာ သက်ဝင်ယုံကြည်မှုရှိသော်လည်း ဘာသာရေးစာပေများမှာ လူပုဂိုလ်များအနေဖြင့် မသက်ဆိုင်ဟု ခံယူထားရှိခဲ့ပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာ အဖြစ်သာနေထိုင်ကျင့်သုံးခဲ့သည့်အတွက် ဘာသာစာပေမှသင်ယူရသည့် ဓမ္မအသိ တရားများ လည်း မသိရှိခဲ့ပါဘုရား။ ယခုကဲ့သို့ ဓမ္မစာပေများကို သင်ကြားလေ့လာရခြင်း၊ ဝင်ရောက်ဖြေဆိုရခြင်းများကြောင့် ယခင်က မသိရှိ ၊မလေ့လာခဲ့ဘူးသော ဓမ္မအသိများကို ယခင်ကထက်အနည်းငယ်ပို၍ သိခွင့်၊ကြည်ညိုခွင့်များရရှိခဲ့ပါသည်။ ဘာသာရေး အသိများ တိုးတက်လာသည်နှင့်အညီ တပည့်တော်၏လူနေထိုင်မှု စနစ်များ၊ ပင်ကိုယ် ဒေါသကြီးတတ်သောအမူအကျင့်များပါ သတိထားပြီး ထိန်းသိမ်း တတ်လာခြင်း၊ လူမှုဆက်ဆံရေး နယ်ပယ်များတွင် စိတ် ထားတတ်လာခြင်းများစသည်ဖြင့် စိတ်နေ စိတ်ထားပြောင်းလဲလာမှုကို သတိထားမိလာပါသည်။ သို့ဖြစ်ပါ၍ အဓိပတိဆရာတော် ဘုရားကြီး၏ ကျေးဇူးကိုအစဉ်ဦးထိပ်ထားပြီး ရှေ့ဆက်လျှောက်လှမ်းရမည့်ဘဝခရီးမှာ ဓမ္မ၏ အဆုံးအမနှင့်အညီနေထိုင်သွားပါမည်ဟု သိန္နဋ္ဌာန်ချထားပါကြောင်းပါ ဘုရား။"

ဒေါ်ဆွေဆွေအောင် (BA Part-2)

"သုတမမ္မဒီကလိုမာ စ မတက်ခင်ကတပည့်တော်မှာ နှစ်ရှည်လများစွာ အရေပြားလေး ဘက်နာ ခံစားနေရတဲ့ နာတာရှည်ဝေဒနာရှင်ပါဘုရား။ တပည့်တော်မအလုပ်တာဝန်က ချင်းပြည်နယ်ဟားခါးမြို့နည်းပညာတက္ကသိုလ်မှာ လက်ထောက်ကထိ နဲ့တာဝန် ထမ်း ဆောင်ခဲ့ပြီး ရောဂါပြင်းထန်လာတဲ့အတွက် ပြည်သူ့ဆေးရုံမှာဆေးကုသမှုခံယူပြီး လွန်ခဲ့

သော သုံးနှစ်ခန့် ဆရာတော်ဘုရားအနီး အောင်ချမ်းသာ အေးချမ်းသာ ဗီလာထဲ စရောက်ပြီးမှသာ ဆရာတော်ဘုရားရဲ့သုတစာမေးပွဲဖြေဆိုဖို့ ဆုံးဖြတ်ခဲ့ပါတယ် ဘုရား။

ရောဂါဝေဒနာအတွက် နှစ်ပေါင်းများစွာဆေးပြင်းတွေသောက်ခဲ့ရတဲ့အတွက် အာရုံကြောအားနည်းတာ ဘောပင်မကိုင်နိုင်တာတွေဖြစ်ခဲ့ရပါတယ်။ ဆရာဘုရားကြီးကို လာရောက်ဖူးပြီးချိန်မှာ သက်တော်ရနေတဲ့ ဆရာတော်ဘုရားကြီးကိုကြည်ညိုမိရင်း တရားတော်ကို ဓမ္မသဟာယစင်တာမှာ အကြိမ်ပေါင်းစွာနာယူခွင့်ရတဲ့အခါ သက်တော် ရနေတဲ့ ဆရာတော် ဘုရားကြီးတောင် အသံတော်လေးမထွက်တဲ့ကြားက တရားတော်တွေ ဟောပြောနိုင် သေးတာ ကိုယ်ဘာလို့ မလုပ်နိုင်မှာလည်းဆိုပြီး ဆရာတော်ဘုရားကြီးအားအားကျရင်း စိတ်ဓာတ်တွေမြှင့်တင်ခဲ့ရပါတယ်ဘုရား။ သုတစာမေးပွဲ level-1 စဖြေမယ်လို့ဆုံးဖြတ်ပြီး ဆရာတော်ဘုရားဟောပြပေးတဲ့ တရားငါးပုဒ်ကိုဦးစွာနားလည်အောင် ထပ်ခါ ထပ်အခါ နာယူပြီးချိန်မှာတပည့်တော် ခံစားနေရတဲ့ဝေဒနါအပေါ် သတိမထားမိတော့ပဲ ဖြေဆိုဖို့စာစရေးချိန်မှာတော့စာမရေးနိုင်တဲ့အတွက် ပထမဆုံးအကြိမ် စိတ်တွေကျ မလုပ်နိုင်တော့ဘူးဆိုပြီး မျက်ရည်တွေတွေကျခဲ့ရပါတယ် တရားပြန်နာ အားယူရင်း ဗလာစာအုပ်တွေထဲ ဝလုံးကစ ကလေးတွေလိုစာရေးလေ့ကျင့်ပြီး ပြဋ္ဌာန်းစာအုပ်ကစာတွေ ကိုတစ်နေ့နည်းနည်းနဲ့ရေးမှတ် လေ့ကျင့်ရင်း သုတဓမ္မဒီပလိုမာ Level(1/2/3) သုံးကြိမ်လုံးတပည့်တော်ဂုဏ်ထူးတွေနဲ့အောင်မြင်ခဲ့ပါတယ်ဘုရား။ အခုချိန် B.A (Part-2) ဖြေပြီးချိန်မှာ တပည့်တော်ရဲ့စိတ်အင်အားတွေက တပည့်တော်မ ခံစားနေရတဲ့ရောဂါကို တရားရေအေးအမြိုက်ဆေးနဲ့မှသာသက်သာပျောက်ကင်းနိုင်တယ် တရားမှတစ်ပါး ဘဝမှာ ကိုးကွယ်ယုံကြည်စရာမရှိဘူးဆိုတာ လက်တွေ့ဘဝ နဲ့ယှဉ်ပြီး နားလည်လာခဲ့ရပါတယ်ဘုရား။ ဘာသာတရားရဲ့ယုံကြည်ကိုးကွယ်မှုနောက်မှာ ဘာလို့ဒီဘာသာကိုယုံကြည်ကိုးကွယ် ရတာလည်း ဘာကြောင့်ကိုးကွယ်ရတာလည်း ဘာတွေကောင်းကျိုးရမှာလည်း ဗုဒ္ဓဘာသာကိုးကွယ်နေရတဲ့ဘာသာဝင်တစ်ယောက်အတွက် ပညာဘူမိတက္ကသိုလ် မှာ ဖြေဆိုခွင့်ရတဲ့ ဒီစာမေးပွဲမှာ အဖြေရှိသားမို့ တပည့်တော်မလို ဘဝကို ရှေ့မဆက်ချင်လောက်အောင် စိတ်ဓာတ်ကျနေသူတွေအတွက် ခွန်အားပေး ချင်မိပါတယ်

ဘုရား။ ဓမ္မအသိပညာသည်သာ ဘဝခရီးဆက်ဖို့ အလင်းပေးနိုင်တဲ့ မီးအိမ်တစ်လုံး ဖြစ်ပါတယ် မသိသေးတဲ့ တရားဓမ္မတွေကို ကိုယ့်အနီး လက်လှမ်းမှီနေပါလျက် တပည့်တော်လို ရောဂါခံစားရပြီး ငါ့မှာရောဂါနဲ့ဘာမှ မလုပ်နိုင်တော့ဘူးဆိုရင် တပည့်တော် ဖြေဆိုခဲ့ရတဲ့ ပိဂိုယ ရသေ့ကြီးလို တွေတွေဝေဝေနဲ့ ဘာအသိမှ မရပဲ သံသရာကြီးထဲ မျှောပြီး မနေမိရအောင် လက်လှမ်းမှီရုံလေး သုတဓမ္မအသိတွေရခဲ့လို့ ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို အခါခါဦးခိုက်ရှိခိုးရင်း B.A(Part-3)မှာလည်း သိသင့်သိထိုက်တဲ့ တရားဓမ္မများ သိအောင် ဆက်လက်ပူဇော်ပါမည်ဘုရား။"

ဦးကျော်ငြိမ်း (BA Part-2)

"BA 1တွင်မိလိန္ဒပညာကိုလေ့လာရသဖြင့် ယခင်သိခဲ့သောစေတသိက် တရားများကို ဥပမာ-ဥမမေယျတို့ဖြင့်ရှင်းလင်းစွာသိရှိခဲ့ရပါသည်၊ ဘဝနှင့်ပတ်သက်၍ နစသေနစ အညောကို လေ့လာမိသဖြင့် သဿတ,ဥစ္ဆေဒ,သက္ကာယဒိဋ္ဌများ ကိုပိုမိုရှင်းလည် ခဲ့ပါသည်။ BA 2 တွင် ခန္ဓာ အယတန ဓါတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားများ၊ မဂ္ဂင်ရှစ်ပါး အကျင့် တရားများကို သတ္တဝါဝေနေယျတို့၏ စရိုက်ဝါသနာအလိုက် မြတ်စွာဘုရားက ကိုက်ညီအောင်အမျိုးမျိုးအပြားပြားဟောပြထားသည်ကိုနားကြားရပါသည်။ အလွန်ပင်ကြည်ငြို့ဖွယ်ဖြစ်ပါသည်။တရားအားထုတ်ရာ၌ပိုမိုရှင်းလင်းသောဉာဏ်အမြင်ကိုရစေပါသည်ဘုရား🙏🙏🙏"

ဒေါ်မိမိအောင် (BA Part-2)

"ဦးတင်ပါတယ်ဘုရား BA2အထိဖြေဆိုပြီးချိန်မှာ မိရိုးဖလာဗုဒ္ဓဘာသာဝင် အဖြစ်သာမန် သိခဲ့သည် များထက်ပိုမိုကျယ်ပြန့်စွာ သိရှိလာရခြင်းကထင်ရှားသော အကျိုးပါ၊ စာမေးပွဲဖြေဆိုဖူးသမျှအောင်မြင် ထူးချွန်လိုစိတ်ပြင်းပြခဲ့ပါသည်။ ယခုဖြေဆိုရာတွင် ပုထုဇဉ်ပီပီ

အောင်မြင်လိုသော်လည်းမအောင်၍ နစ်နာဆုံးရှုံးခြင်းမရှိ၊ ရုက်ရွံစရာမရှိသည့်ပြင် အမြတ်ပင်ရမည်ဟုတွေးမိသဖြင့်စိတ်အေးချမ်းရပါသည်။

အမြတ်ဟုဆိုရခြင်းမှာတရားကိုနောက်ထပ်ပြန်နာ၊ပြန်ဖတ်ရသဖြင့် ပိုနားလည် ၊ပိုမှတ်မိ၊ ပိုအသိတိုးမည်ဟု ခံယူမိသောကြောင့်ဖြစ်ပါသည်။ လျှောက်ထား တောင်းပန်စရာလည်း ရှိပါသေး သည်ဘုရား။တပည့်တော်မမှာ လူမှုကိစ္စများကြောင့် ဖတ်မှတ်ချိန်နည်းခြင်း၊ အင်တာနက်မရခြင်း၊ မီးမရခြင်းနှင့်ကိုယ်တိုင်လည်း ဝီရိယပြင်းစွာ မစိုက်ထုတ်မိခြင်း တို့ကြောင့် အသေးစိတ်၊အကြိမ်ကြိမ် မလေ့လာဖြစ်ခဲ့ပါ။ပညာနုံနဲ့မှုကြောင့် လွယ်ကူသော မေးခွန်းများကိုမှားယွင်းစွာဖြေဆိုမိသည်ကို သည်းခံခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်ဘုရား။ ပုစ္ဆကဆရာတော်များ၏ ပညာဉာဏ်ကြီးမားမှုကိုလည်း လေးစားစွာကြည်ညို ဦးခိုက်လိုက်ရပါသည်ဘုရား။

ဟန်နွယ်ထွန်း (BA Part-2)

BA(Part2)ကို လေ့လာကျက်မှတ်ဖြေဆိုရသဖြင့် နိဗ္ဗာန်ရဲ့သဘော၊ရောက်ရှိဖို့ ပယ်ရမဲ့အရာ၊ ကျင့်ရမဲ့ အကျင့်တွေ ရှင်းရှင်းလင်းလင်း သိရှိရပါတယ်။ လောကလူတွေဟာ ကိလေသာတွေ အမြဲစီးဝင်နေတယ်ဆိုတာအသိခဲ့ရပါဘူး၊ သဘာဝလို့ပဲထင်ခဲ့ပါတယ်။ သိရှိရန်ခဲယဉ်းလှသည် သဘာဝတရားများကို သုတမမွှာမေးပွဲများမှသိရှိခဲ့ရပါတယ်။ ဆရာတော်ဘုရားကြီးကျေးဇူးကြီးမားလှပါတယ်ဘုရား 🙏🙏🙏

ယဉ်ယဉ်တင့် (BA Part-2)

"Level 1,2,3 မှ ရခဲ့သော ဓမ္မအသိ များထက် BA-1 မှရရှိခဲ့သော ဓမ္မအသိ ကပို၍အကျိုးများပြီး ယခု BA-2 မှရရှိခဲ့သော ဓမ္မ အသိ ကပို၍ အကျိုးများစေပါသည် ဆရာတော်ဘုရား။ Level-2 မှစတင် ၍ မှန်ကန်သော ဥပုလ် သီလ ကို ဝါတွင်း ကာလ တွင် ဥပုလ် ရက် များနှင့်

ဝါပ ကာလတွင် လပြည့် ရက် များသာ ဆောက်တည်ကျင့်သုံးခဲ့ပါသည် ဘုရား။ BA-2 ၏ဓမ္မ သင်ခန်းစာ များစတင် နာကြား သင်ယူ ချိန် မှစ၍ ဝိပဿနာ တရားအားထုတ် မှု့ ကို ပိုမို၍ သိရှိခဲ့ ရပါသည်။ အင်မတန် အကျိုးများ ပါသည်ဘုရား။ တပည့်တော် အား ဤကဲ့သို့ အသိ ဉာဏ်ကို တိုးပွားစေ၍ ဆရာတော်ဘုရား အားခြေအစုံ ကိုဦးတင် ကန်တော့ပါ၏၊ ဘုရား။ ဆရာတော် ဘုရား ကျန်းမာပါစေ ။ကိုယ်စိတ် နှစ်ဖြာ ချမ်းသာပါစေ ဘုရား။"

အိသိဂိုဝင်း (BA Part-2)

နိဗ္ဗာန်ရောက်ကြောင်း တရားများကိုသာ အဓိကထားမေးကြသောကြောင့် ဘယ်လို ကျင့်ကြံ အားထုတ်ရင်၊ ဘယ်လိုဩဃတွေ၊ ကိလေသာကိုအမြစ်ပျက် ဖယ်ရှားနိုင်ရင် ကံတွေ မလုပ်တော့ဘူး၊ကံမလုပ်သည်အတွက် ခန္ဓာတွေငြိမ်းအေးပြီး ခန္ဓာဒုက္ခမှာ လွတ် မြောက် နိုင်ကြောင်းစသည့် အသိပညာများ ထပ်တိုး၍သိရှိ မှတ်သားခဲ့ရပါသည်။ အခု ဖြေလာ သောစားမေးပွဲကိုလဲ ဉာဏ်မိသလောက်တော့ မှန်ကန်သောအသိဖြင့် မိမိစိတ် ကို အဖြူစင်ဆုံးထား၍ ပူဇော်ဖြေဆိုခဲ့ပါသည်။

ဒေါ်နှင်းသက်ဦး (BA Part-2)

"ဆရာတော်ကြီးနှင့်တကွ ဆရာတော်ဘုရားများအား ဦးတင်ပါ၏၊ အရှင်ဘုရား။ မေးခွန်း လေး တခုလောက်မေးလျှောက်ခွင့်ပြုပါအရှင်ဘုရား။ အရိယာဖြစ်ပြီးမှ အသည်းသတ်ဘုံ ရောက်လို့ စုတိစိတ်ကျရင် လွတ်မြောက်နိုင်တယ်လို့ဆိုတာတွေ့တော့ နဲနဲ မျက်စိလည် သွားလို့ပါဘုရား။ အရိယာဖြစ်ပြီးတဲ့သူဟာ အသည်းသတ်ဘုံရောက်နိုင်ပါသလားဘုရား။ လိုချင်လို့ ရောက်ရတယ် ဆိုတော့ ဘဝတဏှာ မပယ်နိုင်သေးတဲ့အတွက်ကြောင့် ရူပ ခန္ဓာကြီး နဲ့ ရူပစိတ်တွေ မလိုချင်တာမျိုးများ ရှိသေးလို့ပါလားဘုရား။"

မခင်သန္တာလင်း(BA Part-2)

တကယ့် ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်အဖြစ် ရောက်ရှိ/ရရှိဖို့ သိသင့်သည်များကို အခြေခံမှစ, ပြီး တဆင့်ခြင်း လေ့လာခွင့်ရအောင် စီစဉ်ပေးထားသောကြောင့် အရမ်းကို ကျေးဇူးတင်ရပါသည်။ ဒီစာပေများကို ပုံမှန်ဆိုလျှင် ဘယ်ကစ, ပြီး ဘယ်လိုလေ့လာရမလဲ ဆိုတာ လူသာမန်များအနေနဲ့ မဆုံးဖြတ်/မဝေခွဲတက်၍ လိုရင်းကို လေ့လာနိုင်မည် မဟုတ်ပါ။ ယခု အဆင်သင့် တဆင့်ခြင်း လေ့လာ၍ ဗုဒ္ဓ ဘာသာဝင်စစ်စစ်အဖြစ် ကိုယ့်သန္တာန်/ကိုယ့်ကိုယ်ကို ကျေနပ်အားရမိစေပါသည်။

ဒေါ်သီတာမြင့် (BA Part-2)

"သုတဓမ္မဒီပလိုမာတန်းတွင် လေ့လာခဲ့ရပါသော သမထ နှင့် ဝိပဿနာ ခေါင်းစဉ်သည် တရားအား ထုတ်ရာတွင် များစွာ အထောက်အကူ ဖြစ်ပါသည်။ BA 1 ပြဋ္ဌါန်းစာအုပ်၏ အမေးအဖြေများသည် မေးခွန်းမေးသည့် အတတ်ပညာ၊ ပြန်လည်ဖြေကြားသည့် အတတ်ပညာများကို လေ့လာခွင့်ရခဲ့ပါသည်။ BA 2 ပြဋ္ဌာန်း စာအုပ် ကို လေ့လာခြင်း အားဖြင့် မဂ္ဂင် ၈ ပါး အကျင့်တရားကို မကျင့်ဘဲ နိဗ္ဗာန်သို့ မရောက်နိုင်ကြောင်း အသိတရား သည် များစွာ တန်ဖိုးရှိပါသည်။"

ဒေါ်ရင်(BA Part-2)

"သုတဓမ္မ level(1)(2)(3) သုတဓမ္မဂဝေသီBApart(1)အထိ စိတ်ထဲမှာ စာမေးပွဲကို အဓိကထား နေမိတယ်ဆိုတာ မိမိကိုယ်မိမိသတိထားမိလာပါတယ်ဘုရား။ သို့အတွက် ကြောင့် ဖြေဆိုတဲ့အချိန်များမှာလဲ စိတ်လှုပ်ရှားမှုများစွာရှိခဲ့ပါတယ်ဘုရား။ BApart(2) တရားနေချိန် စာတွေလေ့လာနေချိန်မှာ စာမေးပွဲကိုအဓိကထားတာမဟုတ်တော့ဘဲ တရားတော်တွေကိုသေသေချာချာသိချင် နားလည်ချင်စိတ်များ သာဝင်လာပါ တယ်

ဘုရား။ (6)လနဲ့မလုံလောက်ရင် နောက်ထပ်(6)လထပ် လေ့လာမယ် ဆိုတဲ့စိတ်များ ဝင်လာပါတယ်ဘုရား။ စာမေးပွဲဖြေဆိုပြီးဖို့ ဆိုတဲ့စိတ်မရှိတော့သည့် အတွက်ကြောင့် စာမေးပွဲဖြေဆိုချိန်မှာ စိတ်လှုပ်ရှားမှုကင်းစွာ ဖြေဆိုနိုင်ခဲ့ပါတယ်ဘုရား။"

အောင်နိုင်စိုး (BA Part-2)

"သုတဓမ္မဒီပလိုမာတန်းတွင်ဘာသာတရားနှင့်ပတ်သက်၍အခြေခံဓမ္မအသိများကိုတိကျ စွာလက်တွေ့ သိမြင်ခံစားခွင့်ရရှိခဲ့ပါသည်။ ယခုလက်ရှိမျက်မှောက်ဘဝနေနည်း၊ ထိုင်နည်းများ လက်ရှိ သဘာဝ တရားများကို အမှန်အသိတရားများဖြင့် ပေါင်းစပ်၍ ဉာဏ်ပညာအသိများတိုးပွားစေမှုအသိဖြင့်နေ့ရက်တိုင်း ကုန်ဆုံးစေပါသည်။ သုတဓမ္မ ဂဝေသီ တန်းတွင် တရားအသိများ မိမိရင်ထဲနှလုံးသားထဲတွင်အမြဲနှလုံးသွင်း၍ "ယောနိသောမန သိကာရ""ဖြစ်အောင်ကြိုးစားရင်း သတိပဋ္ဌာန်အာရုံ အပေါ်တွင် (ဓမ္မ၊စိတ်၊ကာ၊ဝေ) သတိပဋ္ဌာန် အာရုံတစ်ခုနှလုံးသွင်းအာရုံပြုနေခြင်းအားဖြင့် တဏှာ၊ ကိလေသာ၊ ဝိညာဏတရားများ မစီးဝင်လာအောင်""သတိ""ဖြင့် တားဆီး၍" "ပညာ" ဖြင့် ပိတ်ဆို့၍ဖယ်ရှားရမည်။ ဝိပဿနာပွားများသည့် အခါ""ဝိတက်""လို့ ခေါ်သည့် ပြန့်လွင့်ပြန့်ကြဲနေသောစိတ်အတွေးများပေါ်လိုက်သည်နှင့်တစ်ပြိုင်နက်သတိမြဲပြီးဖြတ်ခ နဲ့""ဝိတက်""လို့ခေါ်တဲ့အတွေးကိုသတ်ပြီးသားဖြစ်နေသည်။""သတိ""ကတွေးမယ်ကြံလို က်တာနဲ့အလုပ်လုပ်ပြီးသာဖြစ်နေသည်။အတွေးမလာနိုင်အောင်ဖျတ်ခနဲ၊ဖျတ်ခနဲအလုပ် လုပ်နေသည်။ စိတ်ကလေးတည်ငြိမ်နေသည့်အတွက် သမာဓိအားကောင်း နေ သည်။ ရုပ်၊နာမ်တရားများပေါ်တွင်ပူခြင်း၊ အေးခြင်းစသည့်သဘာဝလက္ခာတရားများကို သိရှိပြီး ဖြစ်ပြီး ပျက်သွားသောအနိစ္စ--မမြဲခြင်း၊ဒုက္ခ-ဆင်းရဲခြင်း၊အနတ္တ- -အစိုးမရခြင်းများ ကိုသိမြင်လာပါသည်။ မဂ္ဂင်ရှစ်ပါးဖြစ်သောသီလမဂ္ဂင်(၃)ပါး၊ အလုပ်မဂ္ဂင်(၅)ပါးတစ်ပြိုင် တည်းအလုပ်လုပ်နေသည့်အတွက်မိမိရှုပွားနေသောသတိပဋ္ဌာန်အာရုံတစ်ခုတည်း၌တည် နေ၍စိတ်ကလေးငြိမ်းချမ်းနေပါသည်။"

Daw Thu Zar (BA Part-2)

ပါရာယန ဒေသနာတော်ကြီးကို စတင်လေ့လာခွင့်ရသည့်အချိန်မှ စပြီး ဆရာတော်ကြီး အသံဖိုင်ကို နေ့စဉ် နံနက်အိပ်ယာထစမှစတင် ဖွင့်ပြီး အိမ်အလုပ် လုပ်ရင်းနာယူပါတယ် ဘုရား🙏။ DKC မှ သင်တန်းမှူးဆရာတော်ဘုရား ၏ တရားကိုရှင်းပြပေးမှုသင်တန်းကို online မှ တစ်ပတ်တစ်ရက် ညဘက်8:00-9:00 အထိ သင်ယူနာယူခဲ့ပါတယ်ဘုရား🙏။ ပါယာရန ဒေသနာတော်ကို နာယူရင်း ပုဏ္ဏားကြီး ၁၆ယောက်တွင် တပည့်တော်မ နှင့်တူနေသည့် ပုဏ္ဏားကြီးတစ်ယောက်မှာ ပိင်္ဂီယ ပုဏ္ဏားကြီး ဖြစ်သည်ဟုထင်မြင်ပါသည်။ တပည့်တော်မ မေးချင်သည့် အချက်နှင့် ထပ်တူကြနေသဖြင့် သဘောကျ ကျေနပ်မိပါသည်🙏။ မြတ်စွာဘုရားကို ပိင်္ဂီယ ပုဏ္ဏားကြီး က တပည့်တော် အဘိုးကြီးဖြစ်နေပါပြီ။ အားဗလတွေလည်းမရှိတော့ဘူး။အသားအရည်လည်း စိုပြေမှုမရှိ တော့ဘူး။ မျက်စိက လည်းမကောင်းဘူး။ နားလည်းသိပ်မကြားရတော့ပါဘူး။ တပည့်တော် ဒီလိုအခြေအနေ တွေထဲမှာ တွေတွေဝေဝေ ဘာမသိ ညာမသိနဲ့ မသေချင် ဘူး ဘုရားလို့ လျှောက်ထား တာကို ဖတ်ကြားနာယူ မှတ်သားမိပါတယ်ဘုရား🙏 တပည့်တော်မလည်း ငါ့ဘဝနဲ့ တူလိုက်တာလို့ သတိထားမိပါတယ်ဘုရား။ ပိင်္ဂီယ ပုဏ္ဏားကြီးကို မြတ်စွာဘုရား မှ ပြန်ဖြေကြားချက်ကြောင့် တဏှာရာကိုဖယ် ရှားခိုင်းခြင်း ကြောင့် တရားရသွားခဲ့တာကို နမူနာယူပြီး တပည့်တော်မလည်းစာမေးပွဲဖြေခါနီး ၃ရက်အလိုမှာ ပင်မရောဂါကြောင့် ဝေဒနာပြင်းစွာခံစားခဲ့ရပါတယ်။ အထက်ပါအတိုင်း တရားမှတ်ရင်း ဝေဒနာ သက်သာ စေခဲ့ပါတယ်ဘုရား🙏🙏🙏"

ဒေါက်တာနီနီအေး (BA Part-2)

စာမေးပွဲ အတွက်လေ့လာကျက်မှတ်ရင်း လက်တွေ့ဘဝမှာနေထိုင်ရာတွင် တရားအသိဖြင့် နေထိုင်ရမည့်ကိုပိုမိုသိရှိလာရပါသည်။

အေးသန္တာဝင်း(BA Part-2)

"တပည့်တော် ဒီတပတ်ဖြေရတဲ့ ပါရာယန နိဗ္ဗာန်လမ်းပြ တရားတော်ကို လေ့လာသင်ယူ ဖြေဆိုခွင့်ရခဲ့တာ အလွန်ကို အကျိုး များရပါတယ် ဘုရား Level တွေ တခု တခု တက်လာ တိုင်း မှတ်၍မကုန် သင်ယူ၍ မကုန် ပါ ဘုရား တပည့်တော် အရင်ကဆိုလျှင် မဂ္ဂင်ရှစ်ပါး ဆိုတာသည် စာထဲမှာပဲရှိတာ တပည့်တော်တို့နှင့် အဝေးကြီး ထင်ခဲ့ဖူးပါသည်။ ယခုတော့ မိမိတို့ကိုယ်တိုင် ကြုံးစားအားထုတ် ပြုလုပ်ရမည့်အရာဆိုတာ အမှန်အတိုင်း တကယ်ကို သိရှိခဲ့ပါပြီ။ ဒီတပတ် ရသေ့ကြီးတွေရဲ့ အမေးထဲမှာ မြတ်စွာဗုဒ္ဓ ဟောတော်မူခဲ့တဲ့ အဖြေတွေထဲမှာ တပည့်တော် ရင်ထဲ အနှစ်သက်ဆုံး အရောက်ဆုံးတရားက မောဃရာဇ ရသေ့ကြီးကို ဟောတဲ့ "" သုညတ "" ဆိုက်အောင်ရှု့ တရားတော်ပါ ဘုရား။ ရူပက္ခန္ဓာ သည်လည်း မိမိစိတ်တိုင်းကျမဖြစ် (မအိုချင် မနာချင်သော်လည်း အိုရ နာရ) ဝေဒနာ သည်လည်း အမြဲတမ်း အပျော်ချည်းပဲမလာ သညာသည်လည်း အမှတ်အသား လွဲသည်သာ သခါရသည်လည်း ကောင်းသောလှုံဆော်မှုမျိုးပဲမလာ ဝိညာဏ်ကလည်း အမြဲတမ်းကိုယ်ဖြစ်ချင်သည့်စိတ်မျိုးမဖြစ် တဲ့ အရမ်းသဘောကျရပါသော ""အဝသ ဝတ္တန လက္ခဏာ" "ပါဘုရား ဆရာတော်ကြီးများအား ရိုသေစွာ ရှိခိုးကန်တော့ လိုက်ပါသည် ဘုရား 🙏🙏🙏"

ဦးအေးချမ်း (BA Part-2)

စိတ်ငြိမ်းချမ်းမှု ပိုမိုရရှိပါသည်။ လောဘဒေါသမာနဒိဋ္ဌတို့ကို ပိုမိုနားလည်လာပြီး၊ ယခင်က ထက် အကုသိုလ် တရားများလျော့လာသည် စိတ်ဆိုးစိတ်ပျက်မှုတွေ လျော့နည်းသွားတာ ကိုယ်တိုင်သတိပြုမိပါသည်သိရှိပါသည်ဘုရား

ဒေါ်လွင်လွင်မိုး(BA Part-2)

BAတန်းရောက်သည်အထိ သင်ယူလေ့လာခဲ့သောဓမ္မစာပေများကို လက်တွေ့ကျင့်သုံး ကျင့်ကြံနေထိုင်တတ်ခဲ့ပါသည် ပိုပြီးသတိထားနိုင်အောင်ကျင့်နိုင်ခဲ့ပါသည် မသင်ယူခင်

ကဒေါသကြီးသူတစ်ေယာက်ဖြစ်ပါသည်။ ယခုအခါတွင်ဒေါသဖြစ်လာလျှင် စိတ်က သတိထားမိခဲ့သည် ဒေါသ မပြင်းထန်အောင် ထိန်းသိမ်းတတ်လာပါသည် ဓမ္မစာပေ သင်ယူခြင်းကြောင့်အကျိုးကျေးဇူးများစွာရပါသည် အသိပညာဉာဏ် ပွင့်ခဲ့ရပါသည်။ ဆရာတော်ကြီး၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို ရည်မျော်ကာ ကန့်တော့ပါသည်အရှင်ဘုရား။🙏🙏🙏

ဒေါ်စုစုဝင်း (BA Part-2)

လူတိုင်း ဒီတရားအသိတွေသိကြပြီး လက်တွေ့လိုက်နာကျင့်သုံးပါက ငြိမ်းချမ်းသော နိုင်ငံ၊ ကမ္ဘာကြီးဖြစ်မည်ဟု ယုံကြည်ပါသည်ဘုရား။🙏🙏🙏.တရားနာ၊တရားစာဖတ်နေရရင် အေးချမ်းမှုကို ခံစားရ၍ အမြဲတရားနာ၊ တရားစာများသင်ယူချင် စိတ်ဖြစ်ရပါသည် ဘုရား။တရားဟောပြီးတိုင်း ဆရာတော်ကြီး ဆုပေးသလို နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါရစေဘုရား🙏🙏🙏

အရှင်စန္ဒောဘာသ (BA Part-2)

သဘာပတိဆရာတော်ဘုရားကြီး ပါချုပ်ဆရာတော်ဘုရားကြီးနှင့် သင်ကြားစီမံ ဆရာတော်ဘုရားများအား ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား တပည့်တော် သည်သုတဓမ္မစာမေးပွဲများကို ကိုယ်တိုင်ဝင်ရောက်ဖြေဆိုပြီး မြေပြင်ဓမ္မဒါန သင်တန်းများ၌ ပြန်လည်ဓမ္မဒါနပို့ချခြင်း စာကျက်ဝိုင်များဖွဲ့၍ ဓမ္မဒါန Guide ပေးခြင်းများကို ပြုလုပ်နေသူဖြစ်ပါသည်ဘုရား လက်ရှိသာသနာလောကထဲမှာရှိတဲ့ သူငယ်ချင်း ညီတော် နောင်တော်များကတော့ အများအားဖြင့် ဘွဲ့တွေလိုချင်လို့လုပ်နေတာလား အဆင့် မရှိပါဘူး စသည်ဖြင့်ပြောဆိုခြင်းကို တပည့်တော်ခံရပါသည်ဘုရား အမှန်မှာလည်း တပည့်တော် ဘွဲ့လိုချင်လို့လုပ်ခဲ့ပါတယ်ဘုရား သို့သော် level 1ပြီးလို့ 2.3ဆက် ဖြေဆိုချိန်မှာတော့ အဲ့ဒီအတွေးတွေပျောက်သွားခဲ့ပါတယ်ဘုရား မိလိန္ဒပဉှာ လေ့လာပြီး

ပါရာယနကို ဆက်လေ့လာရာတွင် တပည့်တော်၏စိတ်တွေဟာ လုံးဝပြောင်းလဲ ခဲ့ပါတယ် ဘုရား တရားတော်၏အနှစ်သာရကို ဆရာတော်ဘုရားကြီးက ခတ်စနစ်နဲ့အညီ မီးမောင်းထိုးပြလိုက်တာကို နှလုံးသားထဲအထိရောက်ခဲ့ပါတယ်ဘုရား လက်ရှိ လောကမှာ ရှာမှီးနေတဲ့အရာတွေဟာ ဘာမှမဟုတ်ဘူးဆိုတာသိလာရပါတယ်ဘုရား ဒီထက်ပိုပြီး တော့လဲ တရားတော်တွေကိုနက်နက်နဲနဲလေ့လာချင်စိတ် ကျင့်ကြံချင်စိတ် တွေများစွာ ဖြစ်လာရပါတယ်ဘုရား ထို့ကြောင့် ပညာဘူမိတက္ကသိုလ်ကြီးနှင့် ဆရာတော်ဘုရား များအစဉ် တည်တံ့ပြီး ခုရောနောင်ပါသာသနာပြုတည်တံ့ပါစေလို့ ဆုတောင်း မေတ္တာပို့လိုက်ပါ သည်ဘုရား။

ဒေါ်နီလာ (BA Part-2)

အဆင့်ဆင့်သင်ယူလေ့လာခြင်းဖြင့်နိဗ္ဗာန်ဆိုသည့်တရားကိုအနည်းငယ်သဘောပေါက် လာပါသည်။

ဒေါ်ဌေးဌေးအောင်(BA Part-2)

စိတ်၏အညစ်အကြေးများကို သိရှိနားလည်ပြီး ဖယ်ရှားနည်းများ ပါသိရှိရသော ကြောင့်ယခင် ထက်သည်းခံနိုင်စွမ်းရှိလာပါသည်။

ဥမ္မာဆူး (BA Part-2)

"Level တစ်ခုချင်းစီရဲ့ တရားအပုဒ်တိုင်းမှာ မှတ်သားစရာ များစွာပါရှိပြီး ဗုဒ္ဓဘာသာ တိုင်း လိုက်နာ ကျင့်သုံးသင့်သည့်အချက်တွေ့ရှိရပါတယ်ဘုရား။ ဥပမာ ဘဝခရီးဝယ် ရွေးချယ် ရမည့်လမ်း တရားတွင် ဗြဟ္မာစိုတရားလေးပါးတွင် ဥပေက္ခာအကြောင်းကောင်းစွာ နားလည်ခဲ့ပါသည်ဘုရား။ဒွိစက္ခု ရှိရမည့်အကြောင်း(စီးပွားရှာတတ်တဲ့ မျက်စိနဲ့ ကိုယ် ကျင့်သီလ မျက်စိ) သူတော်ကောင်းဆိုတာ သူတော်မှ ကိုယ်ကောင်းရမှာမဟုတ်ပဲ သူမတော် လည်း ကိုယ်ကောင်းရမည့်အကြောင်း သူတော်တော် မတော်တော် ကိုယ်က

ကောင်းရမည်ဆိုတာ နားလည်ခဲ့ရပြီး BA part 1 တွင် သမုတိသစ္စာ နှင့် ပရမတ္ထသစ္စာ အကြောင်း ကုသိုလ်နှင့်အကုသိုလ်အကြောင်း လက္ခဏာအကြောင်း နားလည်ခဲ့ရပါတယ် ဘုရား။🙏🙏🙏

ဒေါ်သီသီလွင်(BA Part-2)

"ရှိခိုးဦးတင်အပ်ပါသည်အရှင်ဘုရား မိမိအပါအဝင်လောက လူသားတို့သည် နေ့စဉ်ဘဝ ခရီးကို လောဘဒေါသမောဟမာနဒိဋ္ဌိကိလေ သာများဖြင့်ဖြတ်သန်းနေကြမှန်း အမှန် တရား ကိုမသိမမြင်နိုင်ကြပါ ဗုဒ္ဓဟောကြားခဲ့သော တရားတော်များစွာကို လောကလူတို့ ချမ်းသာဘို့ ဆရာတော်ဘုရားများမှ ထပ်ဆင့်ရှင်းပြဟော လာကြသည်များများစွာသော တရားများရှိနေကြပါသည် ယနေ့ခေတ်၌fb youtubeတို့တွင်နာယူရန် လွယ်ကူကြ သော်လည်း ရင်တွင်းတရားကိန်းသည်ထိ ထဲထဲဝင်ဝင်အမှန်မမြင်နိုင်ကြ သူများ နေခဲ့ပါသည် နေ့စဉ်ရွတ်ပွားအကျိုးများစေသည့်ပရိတ်တော်များကိုပင် အဓိပ္ပါယ်သိရှိ ရွတ်ပွားသူ နည်းပါးလှပါသည် DR အရှင်နန္ဒမာလာဘိဝံသ ဆရာတော်ကြီး မှလူသားတို့ အကျိုးငှာ ဓမ္မလမ်းကြောင်းကြီး ယခုချမှတ်ပေးနိုင်ခဲ့ပြီဖြစ်၍ အကျိုးအများဆုံး ဖြစ် ရပါသည်ဗုဒ္ဓတရားတော်များ ရင်ထဲအရောက်ပို့ဆောင်ပေးနိုင်၍ စာဖြေသူများ အထူးကျေးဇူးတင်ဝမ်းမြောက်နေကြပါသည် မိမိအနေဖြင့် ယခုဖြေဆိုခဲ့ပြီးသော သုတဓမ္မဂဝေသီlev2အထိကိုကြိုးစားပမ်းစားတက်လှမ်းနိုင်ခဲ့ပါပြီရင်တွင်းတရားကိန်းငြိမ်း အေးသောလူမှုဘဝကိုဆရာတော်ဘုရားပြဋ္ဌာန်းတရားတော်များနာယူမှတ်သားခြင်းဖြင့်ဖြ တ်သန်းလျှက်ရှိပါသည် ရှင့်ဗုဒ္ဓဘုရားရှင်နှင့်တကွ ဘုရားသားတော်မြတ် အပေါင်းကို ရိုသေလေးမြတ်စွာရှိခိုးဦးတင်ကျေးဇူးအထူးတင်လျက်ပါရှင့်"

Khin Myat Myat Mon (BA Part-2)

သုတဓမ္မဂဝေသီ (B.A) အဆင့်သည် သာမန်အသိထက် ပိုမိုနက်နဲသော သုတေသ နဉာဏ်ကို ပွင့်လင်းစေခဲ့ပါသည်။ မိလိန္ဒပဉှာ (B.A Part 1) လာ မိလိန္ဒမင်းကြီးနှင့်

ရှင်နာဂသေနမထေရ်တို့၏ အချေအတင် ဆွေးနွေးချက်များ၊ ပညတ္တိပဥ္ဇာ၊ သီလ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ လက္ခဏာရပ်များကို ဥပမာများဖြင့် ရှင်းလင်းပုံများသည် ဝေဖန်ဆန်းစစ်နိုင်စွမ်း (Critical Thinking) ကို သိသိသာသာ တိုးတက်စေခဲ့ပါသည်။ ပါရာယနဒေသနာ (B.A Part 2) လာ ဗာဝရီပုဏ္ဏားကြီးနှင့် တပည့်(၁၆)ဦး တို့၏ စိတ်မေးခွန်း ၇ ပုဒ်နှင့် ဘုရားရှင်၏ အဖြေများကို လေ့လာရခြင်းဖြင့် သံသရာဝဲသြဃထဲမှ လွတ်မြောက်ကြောင်း စစ်မှန်သောလမ်းစဉ်ကို ထိထိမိမိ နားလည်လာရပြီး၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အပေါ် သဒ္ဓါတရား ပိုမိုခိုင်မြဲလာခဲ့ပါကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

Daw Khin Khin Thet (BA Part-2)

"အဓိပ္ပါယ်မသိ ဖတ်တတ်ရုံအဆင့်ကနေ နိဝရဏတရားများဖယ်ရှားပြီး သတိပဋ္ဌာန်၊ ဝိပဿနာကျင့်စဉ်၊ မဂ္ဂင်၈ပါးကျင့်စဉ်၊ဟောစဉ် စသည်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းအထိ အဆင့်ဆင့် သိနားလည်ခဲ့ရပါပြီဘုရား။ တရားပွဲတွေမှာ ဆရာတော်ကြီးတွေ ဟောကြားသော တရားများကိုနားလည်ရုံမက ရှေ့ဆက်ဟောမည့် အကြောင်းအရာများပါ ကြိုမြင်နေပါတယ်ဘုရား။

ဒေါ်တင်နီနီကို(BA Part-2)

တပည့်တော် စိတ်ပူပန်မှု တော်တော်လေးကို လျော့ကျခဲ့ပါတယ်ဘုရား။ ခွင့်လွှတ် သည်းခံစိတ် တိုးတက်လာပါတယ်ဘုရား ။ဘယ်အရာကိုမှ စွဲလန်းမှု မထားသင့်ဘူးဆိုတာ နားလည် လာပါတယ်ဘုရား ။တပည့်တော်မြတ်စွာဘုရား တရားတော်များနှင့်အညီ ဆက်လက် ကျင့်ကြံ ကြိုးစားပါမည်ဘုရား။

Daw Khin Soe Moe (BA Part-2)

"မင်္ဂလာပါဘုရား 🙏🙏🙏 တပည့်တော်မ BA2 Batch3 ကျောင်သူပါဘုရား၊ သုတ ဒီပလိုမာမဖြေခင် Autoimmune ရောဂါနှင့် ဂုတ်ကျီးပေါင်း၊ခါးကြောညှပ်ကာ အာရုံကြောဖိမိ သဖြင့်ဆရာဝန်မှ အာရုံစိုက်သည့် အလုပ်မလုပ်ရဟု တားမြစ်ထား ပါသည် ဘုရား၊ ထိုအချိန်တွင်တရားအားထုတ်မရလျှင် တရားစာပေများနာယူဖတ်ရှုချင်၍ အရမ်းစိတ်မဖိစီးသည့်သုတမမှဖြေဆိုရန်စိတ်ကူးပြီး level 1ဖြေဆိုချိန်တွင် ခါးကနာ ခေါင်းကငုံမရ လက်ဆစ်တွေကရောင် အတော်ဝေဒနာခံစားရပါတယ်ဘုရား၊ သို့သော် lvl 1မှ ယ္ခု ပါရာယနအထိ တရားတော်များနာယူစဉ် စိတ်ထဲမှာကြောင်းကျိုးစပ်ဆက်တွေးရင်း ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် စာအရမ်းကျက်ဖို့မလိုပဲ အပုဒ်စေ့ဖြေနိုင်ခဲ့ပါတယ် ဘုရား၊ မိလိန္ဒကိုဖြေဆိုရန် တရားနာရင်းမိမိကဲ့သို့ အမေးအမြန်းထူလို့ သဘောကျ မိပါတယ်၊မဖြေခင်ည စာန္တေးရင်းပဋ္ဌိသန္ဓေအခန်းမှာ စဉ်းစားရင်းကြက်သီးထပြီး သံသရာ ကို ကြောက်မိသလို၊ စာဆက်ဖတ်ရင်းထိုတရားတော်များဆင်ခြင်၍ ဖတ်မရ တော့ပဲ ပီတိဖြစ်ကာ ရင်ထဲအေးပြီးအခိုက်အတန့်ငြိမ်သွားပါတယ်၊ ယ္ခုပါရာယနတွင် အခန်းစနှင့် ၉ကိုနာယူရင် ထိုကဲ့သိုပီတိဖြင့်ရင်ထဲအေးချမ်း၍အထပ်ထပ်နာယူမိပါတယ်၊ ကျန်းမာရေး အခြေနေဆိုဝါး၍ ဆေးရုံတက်ရသဖြင့်ပါရာယနမဖြေလိုက်ရပေမဲ့ သောက မဖြစ်ပဲ သင်ယူခဲ့ သည့်တရာအတိုင်းလက်တွေ့ကျင့်သုံးပြီး ယောနိသောဖြင့်သာ နှလုံးသွင်း နေနိုင်ကြောင်းကို သိလိုက်ရတဲ့အတွက် ဆရာတော်ဘုရားကို ကျေးဇူး အထူးတင်မိပါတယ် ဘုရား၊ ဆရာတော်ကြီးကဲ့သို့ အသက်ရှင်သ၍တရားဓမ္မများကို လေ့လာပြီး လိုက်နာ ကျင့်သုံး သွားပါမယ်ဘုရား။ ရိုသေစွာ ခြေတော်စုံဦးခိုက်လျှက် 🙏🙏🙏"

ဒေါ်မိမဉ္ဇူ (BA Part-2)

"စာမေးပွဲများအတွက်လေ့လာကျက်မှတ်မှုများပြီးဆုံးသွားမှာကိုပင်စိုးရိမ်ကြောင့်ကြဖြစ်မိ ပါသည်။ယခင်ကထက် အပမာဒတရားများ၏ကောင်းကျိုးကိုဆင်ခြင်သုံးသပ်မိပါသည်။

ဆရာတော်ကြီး၏ ဆန္ဒအတိုင်းဓမ္မအသိများမိမိ၏သန္တာန်တွင် အစဉ်ကိန်းအောင်း ဖြစ်ထွန်းစေရန် သတိကြီးစွာကြိုးစားအားထုတ်ပါမည်ဘုရား 🙏🙏🙏"

Ashin Viriya (BA Part-2)

တရားတော်များ အလွန်ကောင်း၍ အထူးမပြောလိုပါ။ ပြဋ္ဌာန်းစာအုပ်မှာ စာလုံးပေါင်းသက်ပုံ အမှား, ပါဠိအမှားများကို တာဝန်ခွဲဝေပေး အသန့်ရှင်းဆုံးဖြစ်အောင် ပြင်ဆင်ပေးစေချင်ပါသည်ဘုရား။

ဒေါ်အေးအေးညွန့် (BA Part-2)

"အတန်းတိုင်းအတွက်ဆရာတော်ဘုရား၏တရားတော်များကိုဖတ်ရှုမှတ်သားပြီးတန်ဖိုးဖြတ်၍မရသောအသိတရားများကြောင့်မိမိကိုယ်တိုင်နှင့်မိမိပတ်ဝန်းကျင်တွင်အကျိုးရှိစွာနေတတ်ထိုင်လာပါသည်။ဆရာတော်ဘုရား၏တရားများသည်လက်ရှိကျင်လည်နေသည့်လူမှုဘဝအတွက်သာမကသံသရာကျင်လည်ရမည့်တလျှောက်လိုက်နာကျင့်သုံးရမည့်တန်ဖိုးရှိသောတရားများဖြစ်သောကြောင့်လေ့လာမှတ်သားရင်းအရှင်ဘုရား၏ခြေအစုံအားဦးခိုက်ပူဇော်ပါ၏အရှင်ဘုရား"

Daw Thazin Pwint Phyu (BA Part-2)

တရားအသိတွေကို အများကြီး လေ့လာမှတ်သားရပါသည် ဘုရား 🙏🙏🙏

နီလာတင် (BA Part-2) "

သုတဓမ္မ၊ဒီပလိုမာ စာမေးပွဲများ ဝင်ရောက်ဖြေဆိုကြရအောင်ဟု ညီမဖြစ်သူပါရမီရှင်သက်နိုးတိုက် ဒေါ်သီတာတင်မှ စတင် တိုက်တွန်းရာမှ ဗုဒ္ဓတရားတော်များကို ပိုမို

သိရှိ နားလည်လို၍ဌင်း၊လိုက်နာကျင့်သုံးရန် ကြိုးစားအားထုတ် ကြည့်လို၍ဌင်း၊ ကျေးဇူးတော်ရှင် ပညာဘူမိတက္ကသိုလ် အဓိပတိ ဆရာတော် ဘုရားကြီး ဒေါက်တာ နန္ဒမာလာ ၏ သာသနာပြု လုပ်ငန်းတွင် ပါဝင်လို၍ဌင်း၊ သုတဓမ္မဒီပလိုမာစာမေးပွဲများကို ဝင်ရောက်ဖြေဆိုဖြစ်ခဲ့ပါတယ်၊ ဒီပလိုမာ level 1,2,3 ဖြေဆိုအောင်မြင်ပြီး ယခုတွင် သုတဓမ္မဂဝေသီ BA part 2 တန်းဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပါပြီ၊ ကျေးဇူးတော်ရှင် ပညာဘူမိတက္ကသိုလ် အဓိပတိ ဆရာတော်ဘုရားကြီး၏ အဆုံးအမ သြဝါဒတရားတော်များအတိုင်း၊ မြတ်ဗုဒ္ဓရဲ့အဆုံးအမတရားတွေကို များများသိနိုင်အောင် ကြိုးစား၊ သိသလောက်လည်းကျင့်နိုင်အောင်ကြိုးစားလျက်ရှိပါသည်၊ သတိလက်လွတ် မနော ဒုစရိုက်များ ကျူးလွန်လျက်ရှိသော်လည်း၊ ဝဇီဒုစရိုက်၊ ကာယဒုစရိုက်များ ဆက်လက်မကျူးလွန်ရန် ကြိုးစားအားထုတ်ပါသည်၊ သတိမကပ် ကျူးလွန်မိခြင်းများ ရှိခဲ့ပါကလည်း ၊ ပြန်လည်ဆင်ခြင်၍ ရှက်ကြောက်မိပြီး၊ နောင်မဖြစ်ရန် မိမိကိုယ်ကို သုံးသပ် ဆင်ခြင်မှုများ ပြုလုပ်လျက်ရှိပါသည်၊ ယခင် သုတဓမ္မ စာမေးပွဲများမဖြေခင်က၊မိမိကိုယ်တိုင် မသုံးသပ်နိုင်ခဲ့ပါ၊ သုံးသပ်ရကောင်းမှန်းလည်း သတိမရခဲ့သော်လည်း၊ သုတဓမ္မ စာမေးပွဲများဖြေဆိုပြီး နောက်ပိုင်း ဗုဒ္ဓဓမ္မများ၏ နက်နဲ တန်ဘိုးရှိမှုကို ပိုမိုကြည်ညိုု၊ သဒ္ဒါစိတ်များဖြစ်ပေါ်လာမှုကြောင့် လက်တွေ့ကျင့်သုံးရန်ကြိုးစားရင်း၊ ဘဝတန်ဘိုးကိုသိရှိလာပြီး ဒီလိုတန်ဘိုးရှိတဲ့ ဘဝတွေရလာတဲ့အကြောင်းတရားတွေကို ဆင်ခြင်လျက်၊ ဗုဒ္ဓြတ်စွာဘုရားနှင့်တကွ၊ မိဘ ၊ဆရာ၊ပညာဘူမိတက္ကသိုလ်၊ အဓိပတိဆရာတော်ဘုရားကြီးနှင့်တကွ၊ သံဃာတော် အရှင်မြတ်များ၏ ကျေးဇူးတော်ကို အစဉ်အောင်းမေ့ သတိရ ရှစ်ခိုးဦးတင်လျက်ရှိပါသည်ဘုရား

(၂.၆) (BA Part-3) စာဖြေသူများ၏ လျှောက်ထားချက်များ

မအိမွန်ဦး(BA Part-3)

ပညာဘူမိကျောင်းသူဖြစ်မှဗုဒ္ဓဘာသာဝင်ဖြစ်ရတာအကျိုးရှိလာရပါတယ်|အလွန်ကျေးဇူး ကြီးမားလှပါတယ်ဘုရား 🙏🙏🙏

ဒေါ်အေးတင်ထူး(BA Part-3)

ဗောဓိပက္ခိယ သုတဓမ္မဂဝေသီတန်းတွင် တရား ကျင့်စဉ်ပိုင်းချိတ်အဆက်မိပုံ တွေ့ရှိရပြီး သင်ကြားခွင့်ရရှိပါသဖြင့်ကျေးဇူးအထူးတင်ရှိပါသည်။🙏🙏🙏

ဦးအေးမြင့်(BA Part-3)

B.A (Part-3) အထိ လေ့လာကျက်မှတ်ပြီးသည့်အခါ ဗုဒ္ဓဘာသာဝင်တစ်ယောက် သိသင့် သိထိုက်သော အခြေခံကောင်းများကို သိရှိနားလည်သဘောပေါက်ခဲ့ရပါသည်။ ထို့ပြင် ကမ္မဋ္ဌာန်းအားထုတ်ရန်အတွက် လိုအပ်သော အသိအမြင်ဗဟုသုတများကို ရှင်းလင်းစွာ နားလည်သဘောပေါက်ခဲ့ပါသဖြင့် များစွာ အကျိုးရှိခဲ့ရပါသည်။

မန္တယ်နွယ်ဝင်း(BA Part-3)

မသိသေးသောတရားတွေကို ရှုထောင့်အမျိုးမျိုးမှသိရခြင်းအတွက် ကျေနပ်ပီတိ ဖြစ်ရ ပါတယ် ဘုရား။🙏

ဒေါ်လဲ့လဲ့ဝင်း(BA Part-3)

သုတမမွ Level-1 ဖြေစဉ်မှစ၍ မနက်အစောနှင့်ညပိုင်းတွင် တရားတော်များ နေ့တိုင်းနီးပါး နာကြားဖြစ်ပါတယ် ဘုရား.ပါဏာတိပါတာ သူ့အသက် သတ်ခြင်း ကိုရှောင်ရမည် ဖြစ်သော်လည်း ပိုးဟပ်နဲ့ ခြင်များကို သူများအသက် မသတ်ချင်ဘူးနော် ဆိုပြီး သတိကပ် ပေမယ့် ဆေးဖြန်းမိဆဲပါ..ယခင်က ငါးပါးသီလ မှာပါတဲ့ မုသာဝါဒ လုံသည် ထင်ခဲ့မိပါ တယ်..အကျိုးမရှိ ပိန်ဖျင်းတဲ့ စကား အလာပသလာပ စကားများ ပြောခြင်းကို အကုသိုလ် ဟု မထင်ခဲ့ပါ..ယခုအခါ လိမ်ပြော/ကြမ်းတမ်း/ ဂုံးတိုက်စကားများ မပြောဖြစ်ပေမယ့် အကျိုးမရှိစကားများ ပြောဖြစ်ပါကလည်း ငါအကျိုးမရှိစကားတွေ မပြောရဘူးဆိုပြီး သတိကပ် မိပါသည် ဘုရား.သင်ကြားမိသမျှ လိုက်နာ ကျင့်သုံးရမည်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်ကောင်း ဖြစ်အောင် လမ်းညွှန်ဆုံးမ ဟောပြပေးသောဆရာတော်ဘုရားကြီးနဲ့ ပညာဘူမိတက္ကသိုလ် မှ ဦးဆောင်သူ ဆရာတော်များ.ထပ်ဆင့်သင်ကြားပေးသူများအားကျေးဇူးတင်စွာဖြင့် ရှိခိုးကန်တော့ပါတယ် ဘုရား။

ဒေါ်ဇွန်ခိုင်ပွင့်ထွန်း (BA Part-3)

ဆရာတော်ဘုရား၏ တရားတော်များကိုနာယူမှတ်သားရ၍ လောကီလောကုတ် နှစ်ဖြာသောအသိဉာဏ်များ ပွင့်လင်းတိုးတက်လာရပါသည်ဘုရား။

ဒေါ်ချိုမာမြင့် (BA Part-3)

"မိမိသန္တာန်တွင် သာသနာတည်နိုင်ရန် ဗောဓိပက္ခိယတရား တစ်ပါးပါးတည်အောင် ကျင့်ကြံအားထုတ်ရမည်ဟု ပါရှိသဖြင့် BA3 စာမေးပွဲ ဖြေဆိုရန်သာမက ရင်ထဲ စွဲအောင် ကြိုးစား ဖတ်ရှုခဲ့ပါသည်။ တပည့်တော်အနေဖြင့် တရားအစု(သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်.....) နားလည်အောင် ဖတ်ရှုခြင်းကို ဦးစွာဆောင်ရွက်ခဲ့ပါသည်။ တရားအစု တစ်စုခြင်း

နားလည် သဘောပေါက်ပြီးမှ တရားတစ်ခုချင်း (သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ....) ကို မည်သည့်တရားအစုတွင် မည်သို့ပါရှိသည်ဟု ယှဉ်တွဲလေ့လာမှု ပြုခဲ့ပါသည်။ ဥပမာ- သတိကို သတိပဋ္ဌာန်ပိုင်းတွင် မည်သည့်အချက်ကို ဖော်ပြသည်၊ ဗောဇ္ဈင် အပိုင်းတွင် မည်သည့်အချက်ကို ဖော်ပြသည်၊ မဂ္ဂင်အပိုင်းတွင် မည်သည့်အချက်ကို ဖော်ပြသည် စသည်ဖြင့် ယှဉ်တွဲလေ့လာမှုများ ပြုခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် တရားတစ်ခုချင်း၏ သဘာဝကို ပိုမို နားလည်လာပါသည်။ ထို့နောက် တရားအစုများ တစ်စုနှင့် တစ်စု ဆက်စပ်မှု ထောက်ပံ့မှုများကိုလည်း လေ့လာခဲ့ပါသည်။ တရား အားလုံးကို ခြုံမိရန် ကြိုးစားအားထုတ်ခဲ့သဖြင့် ကိလေသာမှကင်းလွတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အတွက် သိရှိရမည့်တရားများကို သိရှိခဲ့ရပါသည်။ အဆိုပါ သိရှိချက် များကို မြဲမြံစွာသိရှိရန် ဆက်လက်ကြိုးစားမှုလည်း ပြုသွားမည် ဖြစ်ပြီး ဘာဝနာ အသိရရန်လည်း ကြိုးစားမည် ဖြစ်ပါသည်။ တပည့်တော်အနေဖြင့် BA2 ဖြေပြီး နောက်ရက်ကစ၍ အောင်စာရင်းထွက်သည့်နေ့ထိ ဗောဓိပက္ခိယတရားကို အစအဆုံး တစ်ကြိမ် ဖတ်ခြင်း၊ မှတ်စုထုတ်ခြင်းများ ပြုခဲ့ပါသည်။ စာတွေ့မှသည် လက်တွေ့ ဖြစ်ရန်အတွက် ၂၀၂၆ ခုနှစ် ဧန်နဝါရီ လဆန်းရက်မှစပြီး နေ့စဉ်နီးပါး ရက်တိုင်းလိုလို မနက်စောစောထ၍ ကမ္မဋ္ဌာန်းထိုင်ခြင်းကိုလည်း ပြုခဲ့ပါသည်။ အနီးကပ်သင်ကြားမှု သင်တန်းများလည်း တက်ရောက်နိုင်ခြင်း မရှိ၍ ဆရာတော်ကြီး၏ ဟောတရားကို အကြိမ်ကြိမ် နာယူခြင်း၊ ပြဋ္ဌာန်းစာကို အခေါက်ခေါက်အခါခါ ဖတ်ရှုခြင်း၊ online တွင် တင်ထားသောဆရာ ၊ သံဃာတော်များ၏ စာများဖတ်ရှုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ တစ်ခါတစ်ရံ စာလုံး ဝေါဟာရတို့နှင့် ပတ်သက်၍ ရှင်းလင်းရန် ပိုမို ရှင်းလင်းရန်အတွက် AI ကို မေးမြန်းခြင်းများလည်း ပြုခဲ့ပါသည်။ AI ၏ဖြေကြားချက်ကို လိုင်းပေါ်မှ သံဃာတော် ဆရာတော်များ၏စာနှင့် တိုက်ဆိုင်ခြင်းများ ပြုခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်မှုများကို များစွာပြုလုပ်လေ့လာခဲ့သဖြင့် ယခင်စာမေးပွဲအတွက် စာလေ့လာပုံနှင့် လုံးဝ မတူခဲ့ပါ။ အချိန်ပြည့်နီးပါး အသုံးပြုခဲ့၍ ရရှိသောအသိမှာလည်း များစွာ ကွဲပြားသွားပါသည်။ သို့သော် တပည့်တော်သည် ယခင်က အဘိဓမ္မာကို လေ့လာခဲ့ဘူးသူမဟုတ်ပါ။ သုတဓမ္မ

စာများကြောင့်သာ စာပါအချက်များ သိကျွမ်းမှုရှိရသူဖြစ်ပါသည်။ ပြဋ္ဌာန်းစာကိုသာ စွဲကိုင်ရသူဖြစ်၍ အဘိဓမ္မာအသုံးအနှုန်း မသိသူဖြစ်ပါသည်။ ဥပမာ- အရ' အရကောက် ဆိုသောစကား၏ အဓိပ္ပါယ် ဆိုလိုရင်းမျှပင် မသိပါ။ သို့သော် မေးခွန်း အချို့တွင် အရ အရကောက်ကိုဖြေပါဟု မေးသော မေးခွန်း တွေ့ရသည့်အပြင် သတိပဋ္ဌာန် တရားအစုဥ် သတိ၏အရ၊ ပဋ္ဌာန၏ အရကို ဖော်ပြသည်ကို တွေ့ရှိလာပါသည်။ တပည့်တော်သည် ဒီပလိုမာတန်း ပြီးမြောက်ပြီး BA တန်းစာ လေ့လာသူဖြစ်၍ ပြဋ္ဌာန်းစာသာမက တရားဓမ္မစာပေကို ကိုယ်တိုင် လေ့လာရမည်ဟု ခံယူ၍ အရ အရကောက်ကို နားလည်ရန် ရှာဖွေ ဖတ်ရှုမှု၊AI အကူအညီ ရယူမှုကိုပါ ပြုခဲ့ပါသည်။ သို့ဖြစ်၍ ယခုစာမေးပွဲတွင် ဗောဓိပက္ခိယ အရ မေးခွန်းကို ဖြေဆိုနိုင်ခဲ့ပါသည်။ ယင်းအတွေ့အကြုံအရ သုတဂဝေသီ တစ်ဦးဖြစ်ရန် ကိုယ်တိုင် ရှာဖွေလေ့လာမှုလည်း ပြုရမည်ဟု နားလည်လာပါသည်။ ယခုစာမေးပွဲ ဖြေဆိုပြီးဖြစ်သော်လည်း ဆက်လက် လေ့လာမှုများ ပြုရမည်၊ သိသည့်အချက်မှာ လွန်စွာနည်းပါးသေး၍ လေ့လာဆည်းပူးမှုများ လုပ်ရအုံးမည်ကို သိရှိရပါသည်။ ဆက်လက်လုပ်ဆောင်သွားပါမည်။ စာကို တစ်ကြိမ်ဖတ်ခြင်းနှင့် အကြိမ်ကြိမ် ဖတ်ခြင်းတွင် သိရှိ နားလည်မှု လွန်စွာ ကွာခြားကြောင်း၊ တစ်ကြိမ်တိုးဖတ်တိုင်း ယခင်ဖတ်စဉ်က သတိမပြုမိသောအချက်များ ပိုမြင် ပိုသဘောပေါက်လာသည်ကို ကိုယ်တွေ့ သိရှိလာပါသည်။ တပည့်တော်အတွက် သုတမမ္မ လေ့လာမှုကြောင့် ဗုဒ္ဓ ဘာသာဝင် စစ်စစ်ဖြစ်လာသည့်အပြင် ဓမ္မကို နှလုံးသွင်းနိုင်မှု များစွာတိုးလာကြောင်းကို လျှောက်ထားတင်ပြအပ်ပါသည်။ "

ဒေါ်သန္တာသွင် (BA Part-3)

မိမိ၏အတွေးများ၊ကာယကံအမှုများ၊ဝိစီကံအမှုများအပေါ် သတိထားမိလာပါတယ်ဘုရား၊ အလွန်ပင်အဖိုးတန်လှပါတယ်ဘုရား။

AyeAyeMaw (BA Part-3)

အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်အသိဥဏ်များတိုးပွားလာသဖြင့်ဆရာတော်ကြီးကိုအလွန်ကြည်ညိုလေးစာမိပါသည်။

ဒေါ်မိုးမိုးလေး (BA Part-3)

BA-3ဗောဓိပက္ခိယတရားကို လေ့လာရင်း၊မြတ်စွာဘုရား၏ ဉာဏ်တော်ကို၊ပို မိုကြည်ညိုမိလာပါတယ် ဘုရား။ ဒီအပိုင်းကို လေ့လာခွင့်ရအောင်၊ ရွေးချယ်ပေးပါသော၊ ဆရာတော်ကြီး ကိုလဲ၊ ရှိသေစွာဦးခိုက်ကန်တော့ပါတယ်ဘုရား🙏🙏🙏🙏🙏

အရှင်အာစာရ(BA Part-3)

ဓမ္မအသိဉာဏ်များ တဆင့်ထက်တဆင့် ပိုမို သိရှိလာပါသည်။

ဒေါ်ခင်မြဦး(BA Part-3)

စိတ်ခံစားချက်ကို လက်တုံ့ပြန်မှုမပြုဘဲ သီးခံနိုင်ခြင်း အရာရာရောင့်ရဲနိုင်ခြင်း သူ့ဘက်ကိုယ့်ဘက်မျှတစွာတွေးပေးနိုင်ခဲ့ပါပြီဘုရား🙏🙏🙏

မင်းမင်းထွန်း (BA Part-3)

ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။ သဒ္ဒဟတိ တထာဂတဿ ဗောဓိ ။ အများကြီး ကျန်ပါသေးသည်။ ဆက်လက်၍ အခြေအနေပေးလျှင် MA တန်းကို လေ့လာလိုပါသည်။ ဆရာတော်ကြီး သက်ရှည်ကျန်းမာပါစေ။

ဒေါ်ခင်ထွေး (BA Part-3)

စာမေးပွဲဖြစ်သည့်အတွက်လေ့လာကျက်မှတ်ခဲ့ရသည့်အတွက်အလွန်ကျေးဇူးများသောတ
ရားဓမ္မများအားသင်ယူခွင့်ရှိသည့်အတွက်လောဘတွေ ဒေါသတွေ မောဟတွေ ဖြစ်လျှင်
ဖြစ်မှန်း သိလာရသည်သိပြီး လက်တွေ့ကျင့်သုံးမှုများပြုလုပ်ခြင်းသည် တန်ဖိုးဖြစ်
မရသော အနှစ်သာရများဖြစ်သည်၊ BAတန်းရောက်သည့်အခါ နိဗ္ဗာန်သွားရာလမ်းကြောင်း
အနေနှင့်သင်ယူရသည်မှာလည်းတန်ဖိုးဖြစ်၍မရနိုင်သောကျင့်စဉ်တရားများဖြစ်သည်ဟု
လက်ခံမိပါသည်၊ကျင့်သုံးဖို့ရန်လမ်းညွှန်ထားသည်။

ဒေါက်တာမြတ်မြတ်နွယ် (BA Part-3)

"အခြေခံမှစ၍ တဖြည်းဖြည်း နှင့် စာမေးပွဲအဆင့်ဆင့်ဖြေခဲ့သည့်အခါ ဗုဒ္ဓဘာသာ ၏ တကဲ့
လိုရင်း ကို နောက်ဆုံးတွင် ပြတ်ပြတ်သားသား နားလည် သဘောပေါက်ခဲ့ပါသည်။
ဆရာတော်ကြီး၏ စီစဉ်ပုံ ပညာဉာဏ် ကို ကန်တော့ပါသည်။ လက်တွေ့ကျင့်သုံးရန်
အတွက်ယောင်ဝါးဝါးမဖြစ်တော့ပါ။

ဒေါ်စမ်းစမ်းအေး (BA Part-3)

တပည့်တော် ဤနေရာမှ နာယကဆရာတော်ကြီးနှင့် တာဝန်ရှိဆရာတော်ကြီးများကို
လက်အုပ်မိုး၍ ကန်တော့ပါသည်ဘုရား။ တပည့်တော် ၃နှစ်အချိန်အတွင်းမှာ သုတဓမ္မ
ဒီပလိုမာ Level 1 မှသည် သုတဓမ္မ ဂဝေသီ BA 3 တိုင်အောင် ဖြေဆိုခဲ့ပါပြီဘုရား။
ရှေ့ရှေ့စာမေးပွဲတွေမှာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသော်လည်း တပည့်တော် လက်တွေ့
လိုက်နာ ကျင့်သုံးရန် ကြိုးစားနေရဆဲ ဖြစ်ပါတယ်ဘုရား။ ဒေါသဖြစ်စရာနှင့်တွေ့လျှင်
ဒေါသ၊ လောဘဖြစ်စရာနှင့် တွေ့လျှင် လောဘစသည် နေ့စဉ်နေ့တိုင်း မီးတောက်လေး
လောင်စာနှင့်တွေ့သကဲ့သို့ ခဏတိုင်း တောက်နေတာကို မလွန်မြောက် နိုင်သေးပါဘူး

ဘုရား။ တပည့်တော် သင်ကြားလေ့လာခဲ့သမျှကို စာတွေ့မှသည် လက်တွေ့ဘဝအထိ အကျိုးရှိရှိ အသုံးချနိုင်ရန် ကြိုးစားပါမည်ဟု အဓိဋ္ဌာန်ပြုပါသည်ဘုရား။ အရာအားလုံး အတွက်ကျေးဇူးတင် ဝမ်းမြောက်မိပါသည်ဘုရား ။ 🙏🙏🙏

ဒေါ်အေးအေးမို (BA Part-3)

"တပည့်တော် ယခုနောက်ဆုံးဖြေဆိုခဲ့သည့် BA.Part.3 ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်း ရောက်သည့်အခါ ဗုဒ္ဓမြတ်စွာ၏ တရားတော်အနှစ်များကို ပိုမိုနားလည် သဘောပေါက်လာပါသည်။ ရှေ့ဆက်၍လည်းတရားတော်များကို ထပ်မံ၍ သိလိုစိတ်များထက်သန်လာပါသည်။ ယခုအခါတပည့်တော်၏ အသက်သည် (၇၁) နှစ်ပြည့်ပါတော့မည်၊ ရှေ့ဆက်နေရမည့် အချိန်တွင် တရားဓမ္မများ ပိုမိုသိလာရသောကြောင့် သမ္မပ္ပဓါန်တရား (၄) ပါးနှင့်ပြည့်စုံအောင်ကြိုးစားနေပါမည်။ နေ့စဉ် စား ဝတ် နေရေး လုပ်ငန်းတိုင်းတွင် သတိကပ်ပြီးကြိုးစားနေပါမည်။ စာမေးပွဲမတိုင်မီ မိသားစု ဆွေမျိုးရေး ကျန်းမာရေးကိစ္စများကြုံသည့်အခါတိုင်း တပည့်တော် စိတ်ကိုပြဋ္ဌာန်း စာအုပ်ကိုဖတ်မှတ်ရန် ဂရုစိုက်ထိန်းနိုင်ခဲ့ပါသည်။ အကြိမ်ကြိမ်ရေးမှတ်ကျက်ခဲ့ပြီး စာမေးပွဲဖြေဆိုရာတွင် ဖြေးဖြေးစဉ်းစားဖြေဆိုရပါသည်။ တရားစာများကို ပူဇော်နေသည့်အတွက် စိတ်အာရုံမှာ အေးချမ်းရပါသည်။ ဆရာတော်ကြီး၏ သင်တန်းပို့ချချက် တရားတော်များကို နာယူရာတွင် ယခင်ကထက် ပို၍နားလည် သဘောပေါက်လာပါသည်။ မသေမီအချိန်အတွင်း ဤသို့တရားတော်များဖြေဆို ပူဇော်ခွင့်ရသည့်အတွက် ဆရာတော် ဘုရားကြီးနှင့်တကွ ပညာဘူမိတက္ကသိုလ်မှ ဆရာတော်များ ဝေယျာဝစ္စ အဖွဲ့ဝင်များ အားလုံးကို ဦးခိုက်ကန်တော့၍ ကျေးဇူးများစွာတင်ပါသည်။"

May Thu Nyein (BA Part-3)

BA3 ထိ လေ့လာသင်ယူပြီးနောက် မိမိ၏အသိဉာဏ်၊ အလေ့အကျင့်၊အပြုမူတို့ကို BA ဘွဲ့နှင့် ထိုက်တန်အောင် ကြိုးစားအားထုတ်လျက်ရှိပါသည် ဘုရား။ ဆက်လက်၍လဲ ကြိုးစားသွားပါမည် ဘုရား။

ဒေါ်အိသွယ်ဝင်း(BA Part-3)

ဦးတင်ပါတယ် အရှင်ဘုရား ။ တပည့်တော် အသက် ၅၀ ရှိပါပြီ။ ဘာသာရေးနဲ့ ပက်သက်လို့ လေ့လာသင်ယူမိတာ သုတမမ္မ တစ်ခုပဲ ရှိပါတယ်ဘုရား။ BA.3 ဖြေဆိုခဲ့တာ အောင်မယ်လို့ ယုံကြည်ပါတယ် ဘုရား။ သို့သော်လည်း MAတန်းအတွက်တော့ ဥဒ္ဓာဏ်မမီလောက်ဘူး ထင်မိပါတယ် ဘုရား။ အဲဒီတော့ တပည့်တော် သာမန်ဥဒ္ဓာဏ်ရည် လူပြိန်း တစ်ယောက် အတွက် ဘာကို ဆက်လက် လေ့လာသင်ယူသင့်လဲ သိချင်ပါတယ်ဘုရား။ ရှေ့ဆက် သင်ယူချင်စိတ်ရှိပါတယ်။ သို့သော် online က သင်ယူရတာ ပိုအဆင်ပြေပါတယ် ဘုရား။ ၇၀ ကျော် မိဘတွေကိုစောင့်ရှောက်ရသေးတာမို့ အပြင် သင်တန်းလိုမျိုး တက်ဖို့ အဆင်မပြေတာပါဘုရား။ တပည့်တော် ကို လမ်းညွှန်ပေးပါဘုရား။ 🙏🙏🙏

ဒေါ်သင်းမာဝင်း(BA Part-3)

တပည့်တော်သည် BA (Part-3) ဖြေဆိုရန်နာယူမှတ်သားချိန်မှစ၍ ဗောဓိပက္ခိယ တရားကို သင်ယူရခြင်းကို အလွန်ပင် ကျေနပ်အားရသွားခဲ့ပါသည်ဘုရား တရားအားထုတ်ရာတွင် လွဲမှားနေသည့်အသိများကို ဗောဓိပက္ခိယတရားတော်များဖြင့်အမှန်မြင်နိုင်ခဲ့ပါပြီဘုရား။ တရားအားထုတ်ရာတွင်လည်း ဝီရိယနှင့်သမာဓိကို ထိန်းညှိပုံကို အရှင်အာနန္ဒနှင့် ဝိပဿနာ ဖြေဆိုလာခဲ့သော်လည်း မည်သို့အားထုတ်ရမည်ကိုလည်းမသိ နားမလည်ပါဘဲ စာကျက်ပြီးဘဲ ဖြေဆိုခဲ့ပါသည်ဘုရား။

ယခုအခါ ဗောဓိပက္ခိယတရားကို ထပ်ခါထပ်ခါနာယူမှတ်သားရင်းဖြင့်သမာဓိနှင့် ဝိရိယ ထမန်းညှိပုံကို စာကျက်မှတ်ရင်းခန္ဓာမှာ အမှတ်သတိနှင့်တိုက်ရင်းဖြင့် တော်တော်လေး နားလည်သဘောပေါက်လာပါသည်ဘုရား ရိပ်သာဝင်ဖူးစဉ်တွင်လည်း တရားဟော ဓမ္မကထိကမှ သမာဓိကိုအရင်တည် ပြီးတာနဲ့ဝိပဿနာပြောင်းဆိုသဖြင့်လည်း ထိုအတိုင်း ကျင့်ရမည်ဘဲ သိခဲ့ရပါသည်ဘုရား ယခုအခါမှ သမထကျင့်ပြီးမှ ဝိပဿနာ ကျင့်သူသည် သံသရာကိုလွှဖြင့်ကူးတာ ဆိုသောအချက်ကိုအသိရလိုက်သည်မှာ တပည့်တော်အတွက် အဖိုးမဖြတ်နိုင်သော ဓမ္မအသိဖြစ်ခဲ့ရပါသည်ဘုရား။ ယခင်အခါက တရား အားထုတ်ရာ တွင်လည်း တပည့်တော်သည် ထိုင်နေတာကိုမသိတော့ဘဲ လူကပျော်ပြီး အပေါ်ကနေ စီးကြည့်သလိုဘာအသံ ဘာမှမကြားမသိဘဲ ကောင်းလိုက်တာ ဘာဖြစ်သွားတာလဲ မသိဘူးဟု ပြန်ပြုတ်ကျသွားရာ အောက်မှာ ထိုင်နေသော နေရာမှ အလွန်ပင် နာကျင်ခြင်း ကို မခံမရပ်နိုင်ခံစားရပါသည်။ ထိုအကြောင်း ကို ထိုစဉ် ကတည်း ကဝေခွဲ မရသော် လည်းယခုချိန်တွင် အနည်းငယ်ပိုင်းခြား ဝေဖန်တတ် လာခဲ့ပါသည် ဘုရား။ တရားတော် များမှ သဒ္ဓါနှင့်ပညာထိန်းညှိရပုံကိုမှတ်ယူရ၍လည်း တပည့်တော်သည် မိမိကိုယ်ကို ပညာလွန်ပြီး ပညာမဲ့သဒ္ဓါမဲ့ဖြစ်နေ ပါပေါ့လားဟုပိုင်းခြား သိလာချိန်မှစ၍ သဒ္ဓါနှင့် ပညာကို မျှမျှတတ လုပ်ဆောင်တတ်လာ၍လည်း အာစိဏ္ဏကံ ဆွမ်းလောင်းခြင်းကို မပျက်မကွက်လုပ်ဆောင်နိုင်လာခြင်း ရဟန်း ကိုရင်စာသင်သားတွေ အပေါ်၌ အပြစ်မြင် တာမျိုးမရှိတော့ဘဲ စာနာကရုဏာစိတ်တွေထား ဖြစ်လာစေပါတယ် ရဟန်းတွေ သာနာတော်ကြီးမပျောက်ကွယ်အောင် စာပေကိုသင်ယူရတာ မလွယ်ပါဘူးဆို တာသိလာ ရပါတယ်။ ကျန်နေတွေထိန်းညှိပုံ သမာဓိနဲ့ဝိရိယကို ထိန်းညှိပုံ နည်းစနစ် ကိုသိလာရ၍ တပည့်တော်သည်ယခုတရားရှုမှတ်ရာတွင် နည်းစနစ်မှန်ဖြင့် အားထုတ် တတ်လာပြီ ဟုထင်ပါသည်ဘုရား။ တပည့်တော်တို့ အလင်းစတခု ရရှိခဲ့ပါပြီ တပည့်တော် တို့ရဲ့ ကလျာဏမိတ္တဆရာတော်ဘုရားကို အကြိမ်ကြိမ်ကျေးဇူးတင်စွာဖြင့် ဦးခိုက် ကန်တော့ ပါသည်ဘုရား။ အမှားပါခဲ့လျင်ခွင့်လွှတ်တော်မူပါဘုရား"

Dr.သန်းသန်းဆွေ (BA Part-3)

ပါဠိ နှင့်အနက်များတိုး၍သိခြင်၊ အသံထွက်မှားပူဇော်ရာမှ အမှန်ပြင်ဆိုပူဇော်ခွင့်ရခြင်း၊ သက်ရှိထင်ရှားရှိစဉ်အမှန်ပြင်ပူဇော်ခွင့်ရ၍ ဆရာတော်ဘုရားကြီးအား အထူးကျေးဇူးတင်ရှိခိုး ဦးတင်ပါသည်ဘုရား။

ဒေါ်ခင်ပြုံးနွယ် (BA Part-3)

ဗောဓိပက္ခိယ တရားတော်များကို လေ့လာခွင့်ရခဲ့သည့်အတွက် မသိရသေးသော တရားတော်များ သိလာရပါသည်၊ Level အဆင့်ဆင့် တရားများ ပြန်လည် နာယူပြီး စာရွက်ပေါ်မှ တဆင့် ရင်ထဲသို့ ပို့ဆောင်ကာ လိုက်နာကျင့်သုံးပါမည် ဘုရား။

ဒေါ်မြပန်းမွေး (BA Part-3)

"တပည့်တော်တို့စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း အသိညာဏ်များ တိုးတက်လာပါသည်ဘုရား။ ဘာသာတရားလိုက်နာကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်ကို သိရှိ နားလည်လာပြီး မိမိတို့သည်တွေ့ကြုံဖို့ရန်အလွန်ခက်ခဲသည့် မြတ်ဗုဒ္ဓသာသနာတော်နှင့် ကြုံတုန်းအခိုက်မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊သမာဓိတရားများနှင့် အသိညာဏ် ဖြစ်လာအောင် ကြိုးစားမှသာ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊ ဘဝမှာအဆင်ပြေမှု၊ ဘဝသံ သရာမှ လွတ်မြောက်မှု၊ဆင်းရဲဒုက္ခများကျော် လွှားနိုင်မှု စသည့်အကျိုးတရား များရရှိ လာနိုင်မည် ကို သိရှိခဲ့ရပါသည်ဘုရား"

ဒေါ် ထွေးထွေးအုန်း (BA Part-3)

သုတဒီပလိုမာတန်း(level-1)မှသည် BA-Part3 ဖြေဆို ပြီး ဆုံး သည်အထိ ဓမ္မ အသိများ တစ်ဆင့်ချင်း တစ်ထစ်ချင်း တိုး၍ တိုး၍ သိလာရ လေ့လာမှတ်သား ရပါသည်။ အခြေခံအုတ်မြစ် ခိုင်မာစွာ တည်ဆောက် ပေးထားသော အဆောက်အဦး တစ်လုံးထဲမှာ နေထိုင်

ရသကဲ့သို့ စိတ်ခွန်းအားများရရှိ၍ လောကဓံ တရားများကို နည်းလမ်း တကျ ရင်ဆိုင်ဖြေရှင်းတတ်လာပါသည်။ဆက်လက်၍ ဓမ္မစာပေများကို လေ့လာ ဆည်းပူး သင်ယူ မှတ်သား လိုက်နာလိုစိတ်များ ရပ်တန့်မရတော့သဖြင့် ပါဠို စာပေများကို အခြေခံ ပါဠို ဖတ်နည်း များ online မှတဆင့် ဆက်လက်လေ့လာပူဇော်နေပါသည် ဘုရား 🙏🙏🙏

သန်းထွဋ်ဝင်း(BA Part-3)

သုတဓမ္မ၏ ရည်ရွယ်ချက်မှာ အင်မတန်ကောင်းမွန်ပါသည်။ တရား ဓမ္မ အသိဉာဏ်များ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်သိရှိခဲ့ရသလို ဘာသာတရားအပေါ်လည်း ပိုပြီးသက်ဝင် ယုံကြည်ခဲ့ရပါသည်။

ဒေါ်ခင်ဆန်းယု(BA Part-3)

တပည့်တော်မ ဖြေဆိုခဲ့သည့်သုတဓမ္မ စာမေးပွဲများသည် စာမေးပွဲအောင်မြင်ခြင်း မအောင်မြင်ခြင်းသည် အဓိကမဟုတ်ပဲ၊ မဖြစ်သော အကုသိုလ် မဖြစ်အောင် ကြိုးစား အားထုတ်ခြင်း၊ ဖြစ်ပြီးသား အကုသိုလ်ကို ကြိုးစားဖယ်ရှားခြင်း၊ မဖြစ်သေးသော ကုသိုလ်ကို ကြိုးစားအားထုတ်ခြင်း၊ ဖြစ်ပြီးသားကုသိုလ် တို့ကို တည်တံ့တိုးပွားအောင် ကြိုးစားအားထုတ်ခြင်းတို့ပြုတတ်လာပါသည်၊ ထို့ပြင် မှန်ကန်သော ဘဝ လမ်းညွှန် တစ်ခုအဖြစ် သီလ မဂ္ဂင်ကို အခြေခံကာ သမာဓိ နှင့် ပညာ မဂ္ဂင် လမ်းကြောင်းတို့မှ တစ်ဆင့် သံသရာဝဋ်ဆင်းရဲ ဒုက္ခများမှလွတ်ကင်းကြောင်း မဂ် ဖိုလ် နိဗ္ဗာန်သို့ မျက်မှောက်ပြု နိုင်မည့် နည်းလမ်းကောင်းများအဖြစ် ဘဝတွင် လက်တွေ့လိုက်နာကျင့်သုံးရမည့် ဓမ္မအသိဖြင့်အကျိုးရှိရှိနေရမည့်၊ တပည့်တော်မအတွက် မှိန်နေ မှိတ်နေခဲ့သော ဉာဏ် မျက်စိအလင်းများ ပွင့်လင်းလာခဲ့သည့် သုတဓမ္မအလင်းရောင်မှ ရရှိခဲ့သည့် ဓမ္မအမွေများ ပင်ဖြစ်ပါသည် အရှင်ဘုရား🙏🙏🙏

ဒေါ်လဲ့လဲ့ထွေး(BA Part-3)

တပည့်တော်မသည် BA-03ကိုလေ့လာပြီး သတိဦးစီးဖို့ ဝိရိယလွန်တာ လျော့တာတွေ ကိုထိန်းညှိတက်ဖို့ မဂ္ဂင် လမ်းကိုလျောက်ဖို့ ဘယ်အရာက အရင်လုပ်ရမယ်ဆိုတာတွေ နားလည်လာပြီး ပဒပရမ ပုဂ္ဂိုလ်မှစ၍နိဗ္ဗာန်မရောက်မီ ဗုဒ္ဓသာသနာနဲ့ တွေ့ချင် စိတ်ဖြစ်ပေါ်လာပါတယ်ဘုရား။

ဦးဇော်မင်းထွန်း(BA Part-3)

မဂ်ဉာဏ် ရရှိရန်အတွက် အသိဉာဏ်နှင့်ပတ်သက်သည့် ပွားများရမည့် တရားများ အကြောင်း သိနားလည်ခဲ့ရပြီး၊မိမိ အနေနဲ့ သာသနာတည်ဖို့အတွက် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ ထို သာသနာတည်ရမည့် တရားများသည် အယူအဆမကွဲဖို့ အလွန် အရေးကြီး ကြောင်းနှင့် ဓမ္မ ကို သိနားလည်ဖို့ ကလျာဏမိတ္တ အရေးကြီးကြောင်းတို့ကိုပါ သေချာသိနားလည်ခဲ့ရပါသည်။

မောင်မျိုးသိန်းထွန်း (BA Part-3)

"Level 1မှ BA3 ထိဖြေဆိုပြီးခဲ့ပြီဖြစ်သောကြောင့် ဆရာတော်ဘုရားကြီး၏ တရားတွေ စာတွေ မလုပ်ရမနေနိုင်ဖြစ်နေပါပြီဗျာ🙏 ဘဝသံရာခရီးမှာ မှန်ကန်သောလမ်းကို ရွေးချယ် နိုင်ခဲ့ပြီး ကမ္မဿကတာသမ္မာဒိဋ္ဌိ ခိုင်မာနေပါပြီ ဘုရား🙏 ယခုဘဝအတွက် သာမက နောင်သံသရာဘဝအတွက်ပါ ကျေးဇူးကြီးမားလှသော ပါမောက္ခချုပ်ဆရာတော် ဘုရားကြီး အား ရိုသေစွာ ခြေတော်စုံဦးခိုက်ရှိခိုးကန်တော့ပါ၏ဘုရား။ MAကြမ်းကိုလည်း လူပုဂ္ဂိုလ်တိုင်းအတွက် အဆင်ပြေစေရန် အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါသည် ဆရာတော် ဘုရား 🙏🙏🙏"

ဒေါ်ခင်မေသွယ်(BA Part-3)

ဘဝတလျောက်ဖတ်ခဲ့မှတ်ခဲသောမြတ်စွာဘုရား၏အဆုံးအမများကို daily life တွင် Practically အသုံးချနိုင်ခြင်းကို နှစ်ခြိုက်လှပါသည်ဘုရား။မြတ်စွာဘုရားထားခဲ့သော ဓမ္မအေ ွမများကိုပါချပ်ဆရာတော်ကြီးက ဉာဏ်မမီသော မိမိတိုကိုဉာဏ်ချင်းဆက်၍ လက်ဆင့်ကမ်းခြင်းကို ဝမ်းမြောက်ပေ ကျေးဇူးတင်လှပါသည်ဘုရား။ လူဘဝရရှိ ကျိုးနပ် အောင် ဆက်လက်ကြိုးစားပါမည်ဘုရား။ဦးတင်ပါ၏ဘုရား။

ဒေါ်စန်းစန်းကြည် (BA Part-3)

"ဦးတင်ပါတယ်ဘုရား တပည့်တော် BA part 3 ထိ ကြိုးစားပူဇော်ခဲ့ပြီးပါပြီဘုရား တပည့်တော် သီလ သမာဓိ ပညာ အကြောင်းတွေကို ယခင်ကထက် ပိုမိုသိရှိခဲ့ရပြီး မိမိကိုယ်ကို သာဝနပဋိဝေဓ မှသည် ဘာဝနာပဋိဝေဓ အဆင့်တိုးမြှင့်နိုင်ခဲ့ပါပြီဘုရား ‘ဤဘဝ ဤခန္ဓာ ဤသာသနာ အတွင်းမှာပင် မဂ္ဂဖိုလ် နိဗ္ဗာန်ကို သိရှိ ခံစား စံစားနိုင် သူဖြစ်ရပါလို၏ ‘ ဟု ဆုတောင်းခဲ့သော ဆန္ဒသည် ပိုမိုခိုင်မြဲ၍ ယုံကြည်မှု ရှိလာပါပြီဘုရား ဆက်လက်၍ အဓိဋ္ဌာန်အောင်မြင်အောင်ကြိုးစားပါမည်ဘုရား"

ဒေါ်ခင်ထွေး (BA Part-3)

BA3ဖြေဆိုပြီးသည့်အခါ နေ့စဉ် တရားနာနေကြဖြစ်တဲ့အတွက် တရားပဲနာချင်နေတဲ့ စိတ်ဆန္ဒဖြစ်ပါတယ် ဘုရား၊တရား၏ အနှစ်သာရတွေကို ကိုယ်တိုင်ခံစားရပြီး လက်တွေ့ ဘဝမှာ လည်းမည်သို့နေထိုင် ရမည်လဲ၊ဘယ်စိတ်တွေကိုယ့်သန္တန်မှာ ဖြစ်နေလဲ၊ ကို ယ့်စိတ်ကို အမြဲအကဲခတ်ဆင်ခြင်မိပါတယ် ဘုရား၊မကောင်းတဲ့စိတ်ဖြစ်လာလျှင်လည်း ဒီစိတ်ကတော့ကြာရှည်လက်မခံသင့်တဲ့စိတ်ပါလားလို့သိလာရပါသည်ဘုရားပညာဘူမိတ ကသိုလ်ကြီးမှရရှိလာသောစိတ်နေစိတ်ထားအချို့ပါဘုရား BA3ပြီးသည့် အခါMAတန်း

အတွက်လည်းစိတ်ထဲခံစားချက်တစ်ခုကတရားတော်တွေကိုထပ်၍နာယူချင်နေသည့်စိတ်ဖြစ်မိပါသည် ဘုရားရင်တွင်းခံစားချက်ကိုတင်ပြခြင်းဖြစ်ပါသည်ဘုရား။

ဒေါ်တင်လှ(BA Part-3)

"ဦးတင်ပါသည်ဘုရား၊ ဆရာတော်ဘုရား သက်ရှည် ကျန်းမာပါစေဘုရား။ တပည့်တော်သည် B.A part 3 သို့ရောက်ရှိလာပြီ ဖြစ်သဖြင့် ဆရာတော်ဘုရားကျေးဇူးတော်ကြောင့် ဓမ္မအသိများ များစွာ ရရှိခဲ့ပြီး၊နာကြား လေ့လာ သင်ယူမှု သည် လက်တွေ့ဘဝကို စွမ်းနိုင်သမျှ ကျင့်သုံးနေပါပြီဘုရား။ မြတ်စွာဘုရားဟောကြားခဲ့သည့် တရားတော်များသည် နိဗ္ဗာန်ရောက်ကြောင်း တရားချည်း မဟုတ်၊ လူ့လောက ထဲတွင်နေနည်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများပါ အထောက် အကူ ပြု၊ လိုက်နာကျင့်သုံးရန် အချက်များ များစွာ ပါဝင်နေကြောင်းကို လူတိုင်းနားလည်စေရန် ပါချုပ် ဆရာတော် ဘုရားကြီးမှ ဟောကြားပေး ခဲ့ပါသည်။ အသုံးချတတ်မည်ဆိုပါက ယခုဘဝတွင် သာမက သံသရာကျင်လည် နေသမျှ တစ်လျောက်လုံး ဘဝဝမ်းစာဖူလုံပြီး သံသရာ ဆုံးသည့် နိဗ္ဗာန်ထိ ရောက်နိုင် ပါသည်။ ဆရာတော်ဘုရား၏ တရားတော်များသည် ဗုဒ္ဓ ဘာသာ အခြေခံသဘောတရား များမှစ၍ အဆင့်မြင့် လက်တွေ့ကျင့်စဉ်များ အထိ စနစ်တကျ လမ်းညွှန်ဟောကြား ထားခြင်းဖြစ်ပါသည်။ဆရာတော်ကြီး ဟောကြားခဲ့သည့် တရားတော်များကို အခြေခံပြီး တပည့်တော် စိတ်အားထက်သန်နေသည့် ကမ္မဋ္ဌာန်း ကိုအခြေခံပြီးproject paper ကိုရေးသားပူဇော် သွားခဲ့ပါသည်ဘုရား။ တပည့်တော်သည် မိုးကုတ်၊ မဟာစည်နည်းနှင့် မောင်းထောင် မြေဇင်း နည်းများဖြင့် တရား အားထုတ်ခဲ့ဖူးရာ မြေဇင်းနည်းဖြင့် အားထုတ်ခဲ့သည့် တရားအတွေ့အကြုံများကို ရေးသားပူဇော်သွားခဲ့ပါသည်ဘုရား။ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်မှာ ဓမ္မရိပ်သွင် ဓမ္မရိပ်သာ လှည်းကူးမှ ဆရာတော် Dr.Visarada ဖြစ်ပါသည်ဘုရား။ တပည့်တော်သည် အလင်းနိမိတ် ကို အခြေခံ၍ ပူဇော်သွားခဲ့ပါသည်။ အလင်းနိမိတ်တွင် သာယာမနေပဲ ဝိပဿနာသို့ ကူးပြောင်းခဲ့ပါသည်ဘုရား။ ထို့ကြောင့်ပါချုပ် ဆရာတော်တရားများကို

နာကြားသင်ယူမှုမှသည်လက်တွေ့ဘဝသို့ ကူးပြောင်း သွားနိုင်ရေးနှင့် သိရှိ နားလည် မှုမှသည်မိမိစိတ်သန္တာန်တွင် ကိန်းအောင်းသွားသည်အထိ သာသနာအမွေကို လက်တွေ့ ဘဝဖြင့် ဆက်လက်ပူဇော်သွားပါမည်ဘုရား။နာကြားသင်ယူမှုမှ မိမိဘဝကိုအလှဆင်ကာ လက်တွေ့ဘဝကျင့်စဉ်သို့ ဦးတည်သွားပါမည်။ သုတမယပညာမှသည် ပဋိပတ္တိ အလင်းတိုင် သို့ရောက်အောင် အနှစ်သာရ ရှိရှိ ဗုဒ္ဓလမ်းစဉ်အတိုင်း ဆန်းစစ် လေ့လာ သွားပါမည် ဘုရား။ဘုရားရှင်ချမှတ်ခဲ့သော သာသနာသုံးရပ်ဖြစ်သည့် ပရိယတ္တိ မှပဋိပတ္တိ သို့ ကျင့်ကြံအားထုတ်ခြင်းဖြင့် ထိုးထွင်း၍ သိမြင်သောပညာ ပဋိဝေဓ သို့ဆိုက် ရောက်အောင် ကြိုးစားသွားကြရမည် ဖြစ်ပါသည်။ထို သာသနာအမွေကို လက်တွေ့ ဘဝဖြင့် ဆက်လက်ပူဇော်သွားပါမည်ဘုရား။ တပည့်တော်ပူဇော်ဆက်ကပ်ခဲ့သည့် တရား ခေါင်းစဉ်က“ပရိယတ္တိအခြေခံမှ ပဋိပတ္တိအနှစ်သာရဆီသို့ လျှောက်လှမ်းခြင်း” ဖြစ်ပါသည်ဘုရား။ ဦးတင်ပါသည်ဘုရား။

ဒေါ်ဝင်းဝင်းအေး(BA Part-3)

တပည့်တော်ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်းတရားတော်ကို နာယူသင်ကြား လေ့လာရခြင်းကြောင့် အကျိုးကျေးဇူးများစွာရရှိပါသည်ဘုရား၊ ဗောဇ္ဈင်၇ပါးကို ယခင်က ထက်ပိုနားလည်လာပါတယ်မိမိသန္တာန်မှာပွားများရမည့်တရားမှန်းခုမှသိရပါတယ်ဘုရား၊ မဂ္ဂင် ၈ပါးကို ပွားများကျင့်ကြံရမည်မှန်းလည်းသိပါပြီဘုရား၊ သတိပဋ္ဌာန်တရားကို လက်တွေ့ကျင့်သုံးပါမည်ဘုရား၊သမ္မပ္ပဓာန်ဝီရိယထားပြီးလည်းအကုသိုလ်တရားများမဖြစ်အောင်ဖြစ်ပြီးရင်လည်းဖယ်ရှားပစ်ရမည်၊ကုသိုလ်တရားများဖြစ်စေရန်ဖြစ်ပြီးကုသိုလ်များတိုးပွားအောင်လည်းအားထုတ်ပါမည်ဘုရား၊level 1မှစပြီးBA Part 3 တိုင်သင်ယူပြီးတဲ့နောက်တရားတော်များကိုမိမိနေထိုင်စဉ်ဘဝထဲမှာလက်တွေ့လိုက်နာကျင့်သုံးသွားပါမည် ဘုရား။

ဒေါ်ချိုချိုအေး(BA Part-3)

နေ့စဉ်ဘဝတွင် လူပ်ရှားနေထိုင်ပြောဆိုရာ၌ သတိရှိရမည် အကုသိုလ်နည်းပြီး ကုသိုလ်တရား ပြည့်စုံခိုင်မာအောင် ဝီရိယထားကြိုးစားရမည် သူတော်ကောင်း နှင့်ပေါင်းပြီး သူတော်ကောင်းတရားနာကြားရမည် အရိယာတို့မြတ်နိုးသော သီလ သမာဓိဖြစ် သည် အထိတရားဓမ္မကိုပြည့်စုံအောင် ကျင့်သုံးရမည် ပညာဖြစ်ကြောင်း တရားများကို လိုက်နာ ကျင့်သုံးရမည် စသောအသိဉာဏ်များတိုးတက်လာပါသည်။

ဒေါ်ခင်ကြည်ညွှန်း(BA Part-3)

"ဆရာတော်ကြီးအား လက်ဆယ်ဖြာဖြင့် ရှိခိုးကန်တော့ပါသည်ဘုရား။ 🌷🙏🙏🙏🌷
တပည့်တော်သည် Diploma အတန်း၊ B.A အတန်းများအားလုံး ဖြေဆိုပြီးသည့်အခါ ပစ္စုပ္ပန်စီးပွားသာမက သံသရာမှ လွတ်ရာလမ်းအထိ ဓမ္မအသိများသင်ယူခဲ့ရပြီး တဖြည်းဖြည်း လက်တွေ့အသုံးချနိုင်ခဲ့ပါသည်။ B.A (Part-3) ပြဋ္ဌာန်းစာအုပ်အား လေ့လာပြီးသည့်အခါ ဝိပဿနာကျင့်စဉ်နှင့် ပတ်သက်၍ အသေးစိတ် ပိုမိုနားလည် ခဲ့ရပါသည်။ ဗောဇ္ဈင်၌ သတိ, ပညာ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ တရားများ၏ ဖြစ်ပေါ်ကြောင်းများကို လေ့လာရ၍ ၎င်းတို့သည် အမှန်တကယ် လက်တွေ့လေ့ကျင့်လျှင် အကျိုးထူးရမည်ဟု နားလည်ခဲ့ပါသည်။ သမ္မာဒိဋ္ဌိ အခန်း၌ ""ဒုက္ခေဉာဏ်၊ သမုဒယေ ဉာဏ်၊ဒုက္ခနိရောဓေ ဉာဏ်၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယဉာဏ်"" အကြောင်းကို ယခင်က ယခုကဲ့သို့ အသေးစိတ်မလေ့လာဖူးပါ, ယခု လေ့လာရသည့်အခါ နက်နဲမှုကို သိရပြီးအလွန်ပီတိဖြစ်ရပါသည်။ စာတမ်း၌လည်း ရရှိခဲ့သောအရာများကို ရေးသား လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီး၏ ရှင်းပြသင်ကြားပေးမှုသည် အသေးစိတ်ပြီး အဆင့်ဆင့်နားလည်သဘောပေါက်စေပါသည်။ အဆုံးမရှိ နက်နဲသော ဓမ္မအသိများကို ပိုမိုလေ့လာလိုစိတ်များ ပေါ်ပေါက်လာစေပါသည်။ တပည့်တော် အထူးလျှောက်ထား လိုသည်မှာ ဗုဒ္ဓကျမ်းဂန်များကို ပိုမိုဖတ်ရှုလေ့လာနိုင်ရန် ပါဠိဘာသာအား online မှ

သင်ကြားပေးစေလိုပါသည်ဘုရား။ Interactive class ဖြစ်စေ သို့မဟုတ် ရှင်းပြထားသည့် video များဖြင့်ဖြစ်စေ လက်တွေ့အသုံးချနိုင်သည့်အဆင့်လောက်ထိရောက်ရန် Modern Linguistics ပုံစံ သို့မဟုတ် ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်းဖြင့်ဖြစ်စေ သင်ကြားပေးစေလိုပါသည် ဘုရား။ အနယ်နယ်အရပ်ရပ်၌ ရောက်နေကြသော ဗုဒ္ဓ ဘာသာများလည်း သင်ယူနိုင်ရန်ဖြစ်ပါသည်။ သင်ယူလိုသူများလည်း ပိုမိုများပြား လာပါ သည်။ အထူးစဉ်းစားပေးပါရန် ရိုသေလေးမြတ်စွာဖြင့် ဦးနှိမ်ရိုကျိုးမာန်ကိုချိုး၍ ဂါရဝပြု ကန်တော့ လျှောက်ထားအပ်ပါသည် ဆရာတော်ကြီးဘုရား 🌷🙏🙏🙏🌷"

ဦးကျော်စိုး(BA Part-3)

Diploma 1,2,3 မှစ၍ level တစ်ခုချင်းစီအလိုက် ပြထန်းထာသော တရားတော်များသည် မိမိတို့လိုမိရိုးဖလာဗုဒ္ဓဘာသာဝင်များအတွက် မသိသေးမတတ်သော တရားတော်များ ဖြစ်၍ သေချာလေ့လာမှတ်သားဖြေဆိုခွင့်ရရှိသည့်အတွက် တရားအသိများ ရရှိခံစား ရပါသည်။ တရားတော်များ၏နက်နဲခက်ခဲသော အနှစ်သာရများကို ဆရာတော်ကြီး၏ ဥာဏ်တော်ဖြင့်ရှင်းလင်းဟောကြားထားသည်များကို ပူဇော်ခွင့်ရရှိသည့်အတွက်လည်း မိမိနှင့်တကွ ဖြေဆိုသူများ ဓမ္မအသိများရရှိခဲ့ရ၍ တရားတော်များနှင့်အညီ နေထိုင်ကျင့်ကြံ သွားမည်ဖြစ်ပါကြောင်းလျှောက်ထားအပ်ပါသည်။

Daw Moe Moe Myat(BA Part-3)

နေ့စဉ်လုပ်ဆောင်မှုတိုင်းသည် တရားဓမ္မနှင့်ပိုနီးစပ်လာပြီး နေ့ရက်တိုင်းသည် အဓိပ္ပါယ် ရှိလာသည်ဟု ခံယူမိပါသည်။ ဆရာတော်၏ တရားတော်များကို ပြဋ္ဌာန်းထား သည် သာမက အခြားတရားတော်များကိုလည်းနာယူဖြစ်ပါသည်။ အကျင့်ပိုင်းကိုပို၍ အားထုတ်ရန် ကြိုးစားနေပါသည်။ M.A အတွက်လည်းprepare လုပ်ထားနိုင်ရန် အတွက် မိန့်တော်မူပါဘုရား...

ဒေါ်ဥမ္မာသိန်း(BA Part-3)

"ဘုရားတပည့်တော်မသည်BA.part-3 လေ့လာကျက်မှတ်ပြီး ပူဇော်ခဲ့ရာတွင် ကုသိုလ် အရာဘက်၌ မပျင်းမရိနဲ့တိုက်တိုက်တွန်းတွန်းလုပ်ဆောင်ဖို့ရာ စိတ်အားများ တိုးတက် လာပါသည်ဘုရား🙏🙏🙏လိုက်နာပြုကျင့်ရမည့် မဂ္ဂင်၈ပါးနှင့်အညီ လျော်အောင် သတိထားနေထိုင်ကျင့်သုံး တတ်လာပါသည်ဘုရား🙏🙏🙏လူဖြစ်ရကျိုးနပ်အောင် အဖက်ဖက်မှ နားလည်အောင်သရုပ်ခွဲဟောကြားပေးပါသော ဆရာတော်ဘုရားကြီးအား အထူးပင်ကျေးဇူးတင်ရှိပါသည်ဘုရား🙏🙏🙏"

ဒေါ်ခင်မြို့လွင်(BA Part-3)

ယခင်က မိမိစိတ်ထဲမှာ မကျေနပ်တာရှိလျှင် ပြန်ပြောလိုက်ရမှ။ အခုတော့ မကျေနပ် စိတ်လည်း သိပ်မဖြစ်တော့ပါ။ ဖြစ်ခဲ့လျှင်လည်း ပြန်မပြောဖြစ်ဘဲ တိတ်တိတ် နေတတ် လာပါတယ်။

ဣန္ဒေါဘာသ (ခ) အောင် ကျော် ကျော် (BA Part-3)

ကျန်ရှိနေသောလူ့ဘဝ ဗုဒ္ဓ သာသနာတော်အတွင်း အခွင့်အရေးကောင်းများအား သတိ ဝိရိယ ကြီးကြီးထားပြီး အချိန်စနစ်တကျ ပြုလုပ် ကြိုးစားအားထုတ် ကျင့်ကြံ လိုက်နာ ဆွေးနွေး သုံးသပ်ရန် အရေးတကြီး လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ဦးကြည်လွင် (BA Part-3)

B.A တန်းပြီးဆုံးသူများအတွက် M.A ဆက်တက်ရန်မှာ M.A သည်ပညာရှင် အဆင့် ဖြစ်သည့်အတွက် ဆက်လက်တက်ရောက်ရန် (Thesis တိုက်ရိုက်လုပ်ရန်) အတော်ကွာ

လှမ်းပါသည်အရှင်ဘုရား၊ သို့ဖြစ်သည်အတွက် ဘွဲ့လွန်ဆက်တက်နိုင်ရေး သင်ရိုးသတ်မှတ်ပြီး စီစဉ် စဉ်းစားပေးစေလိုပါသည်ဘုရား၊ သို့မဟုတ်ပါက အများစုသည် BA မှာ တင်အဆုံးသတ်မည့်အနေအထား ရောက်နိုင်ပါသည် အရှင်ဘုရား၊ တရားတော်များအား ဆက်လက်လေ့လာနိုင်ရန်ရည်ရွယ်ပါသည်အရှင်ဘုရား။

U Khin Maung Myint.(BA Part-3)

ဘီအေတန်းစာများလေ့လာကျက်မှတ်ရသည်ကိုအလွန်ကျေနပ်ပါသည်။ကျွန်တော်သည် အဘိဓမ္မာသုံးဆင့်လုံးအောင်မြင်ပြီးပါပြီ။အဘိဓမ္မာတွင်ပါဝင်သောဗောဓိပက္ခိယတရားများကိုပြည့်ပြည့်စုံစုံသိခြင်နေခဲ့မိသည်ယခုအတန်းမှထိုက်သင့်သလောက်သိခွင့်ရသည့်အတွက်ကျေးဇူးကြီးမားလှပါသည်။စာစစ်ဌာနမှာအဆောက်အဦးနှင့်ဖြေဆိုသူမမျှသည့်အတွက်၊ ကျဉ်းကြပ်သည်ကလွဲ၍အားလုံးအဆင်ပြေပါသည်။

ဒေါ်ဌေးဌေးလှိုင်(BA Part-3)

စာမေးပွဲဖြေဆိုရမည်ဆိုသည့် အသိကြောင့် တရားတော်များကို နာကြားသည့်အခါ ပြဋ္ဌာန်းစာအုပ်အားလေ့လာသည့်အခါ အကြိမ်ကြိမ် အထပ်အထပ် နားလည်အောင် သဘောပေါက်အောင် စိတ်နလုံးတွင်စွဲအောင် အပြန်ပြန်အလှန်လှန် ကြိုးစား လေ့လာခြင်းဖြင့် တရားတော်များ၏အနှစ်သာရ ကိုပို၍သိရှိခံစားရပါသည်။ စာမေးပွဲဖြေရမည်ကို ကြောက်စိတ် စိုးရိမ်စိတ်မရှိဘဲ စာဖတ်ရသည် စာမေးပွဲဖြေရသည်ကိုပျော်ရွှင် ကြေနပ်ပီတိဖြစ်မိပါသည် တရားတော်များထဲမှ ခုဘဝအကျိုး နောင်ဘဝအကျိုး အကျိုးနှစ်မျိုးနှင့်ပြည့်စုံအောင် နေတတ်ထိုင်တတ် သတိထားတတ်လာ သက့ဲသို့ သံသရာမှ ထွက်မြောက်ရာ လမ်းအတိုင်း လိုက်နာကျင့်ကြံ မိပါသည် ဆရာတော်ကြီးနှင့် အဖွဲ့သားအားလုံးအားအထူးပင်ကျေးဇူးတင်လှပါသည်။ကျေးဇူးဆပ်သည့်အနေနှင့်အသိတရား အကျင့်တရားတို့အား တိုးပွားအောင်အမြဲကြိုးစားပါမည်ဘုရား။

သီတာခိုင်(BA Part-3)

တရားတွေနာလာတဲ့အသိကြောင့်စိတ်အေးချမ်းစွာနေချင်လာပါတယ်၊စိတ်ကိုပူလောင်စေတဲ့ လောဘ၊ဒေါသတွေကို အတတ်နိုင်ဆုံးလျှော့ချနိုင်လာပါတယ်၊နေ့တိုင်း တရားနာဖြစ်နေပါတယ်၊ ယခု B.A Part 3 စာမေးပွဲအပြီးမှာ ဆရာတော်ကြီးဟောထားတဲ့ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ် တရားတွေနာနေပါတယ်၊နာရင်းနဲ့ သတိကပ်ပြီး ထွက်လေ၊ဝင်လေ ရှုမှတ်နေပါတယ် 🙏🙏🙏

Hnin Yi Win (BA Part-3)

"ဝိပဿနာတရားနေ့စဉ်အားထုတ်ရန် ဆုံးဖြတ်ထားပါသည်။ ကိုယ်နှုတ်နှလုံးကို ပိုမို စောင့်ထိန်းရန်နှင့် သတိတရား ပိုမိုကောင်းမွန်လာပါသည်။ တည်မြဲနေသောအရာ မြူမှုန်မျှ မရှိဟူသော အသိ တရားလက်ကိုင်ထားနိုင်လာခြင်းကြောင့် စိတ်ပိုမို အေးချမ်းလာပါသည်။"

ဒေါ်မိမိလှိုင် (BA Part-3)

"တပည့်တော်သည် ဓာတုဗေဒပါမောက္ခ(ငြိမ်း) တစ်ယောက်ဖြစ်ပါသည် ဘုရား။ အငြိမ်းစား မယူမီအထိ ဒါန သီလ အလုပ်သာလုပ်ဖြစ်ခဲ့ပါသည်ဘုရား။ ဘာဝနာအလုပ်ကို တစ်ခါတစ်ရံမှ သာလုပ်ဖြစ်ခဲ့ပါ သည်ဘုရား။ မိမိ၏ အလုပ်မှ အလုပ်၊ အလုပ်တာဝန်ကိုသာ အမြဲအလေး ထား ပြီးတာဝန်လစ်လပ်မှုမရှိအောင် ကြိုးစားလုပ်ကိုင်ခဲ့ပါသည်ဘုရား။ ကိုဗစ်ကာလ တပည့်တော်၏ အဖေ အမေနှင့် အစ်မတို့ကို ဆုံးရှုံးလိုက်ရချိန်တွင် ဘာကိုမှ ဆက်လက်လုပ် ကိုင်ချင်စိတ်မရှိတော့ပဲ လုပ်သက် ပင်စင်ဖြင့် အငြိမ်းစား ယူခဲ့ပါသည် ဘုရား။ ထိုအပူမီးများငြိမ်းသတ်နိုင်ရာ ထွက်ပေါက်အနေဖြင့် သူငယ်ချင်းတစ်ယောက် တိုက်တွန်းမှုဖြင့် သုတဓမ္မဒီပလိုမာကို ဝင်ရောက်ပူဇော်ခဲ့ပါသည်ဘုရား။ ထိုသို့ပူဇော်

ရင်းဖြင့် ဗုဒ္ဓဘာသာကို တစ်စထက်တစ်စ ပိုမိုစိတ်ဝင်စား ပိုမိုယံကြည်လာပြီး သုတဂဝေသီထိ ဆက်လက်ပူဇော်ဖြစ်ခဲ့ပါသည်ဘုရား။ အမှန်အတိုင်းပြောရလျှင် တပည့်တော်သည် အဘိဓမ္မာ ဆိုသည်ကို ဘာမှန်းမသိခဲ့ပါဘုရား။ လေလှ သင်ယူခဲ့ခြင်းလည်းမရှိပါဘုရား။ သုတဓမ္မ ကို လေ့လာချိန်မှ ဆရာတော်ကြီးတရားကိုနာ၊ ဆရာမကြီးဒေါ်ခင်လှတင်၏ online သင်ခန်းစာမှ ရှင်းလင်းပြောကြားသလောက်သာ သိခဲ့ပါသည်ဘုရား။ ယခုအခါ တပည့်တော်တို့ အသိအမြင်များ ပိုမှန်ကန်လာပါတယ်ဘုရား။ ယခင်သိခဲ့သော အသိမှားများကို ပြင်ဆင်လာနိုင်ခဲ့ရပါသည်ဘုရား။ ဝိပဿနာတရား အားထုတ် ကြိုးစားရာတွင်လည်း အသိမှားများကိုပြုပြင်ပြီး ကြိုးစားအားထုတ်နေပါတယ်ဘုရား။ ဒါန သီလ ဘာဝနာအလုပ်များကို လုပ်ကိုင်ရာတွင် ယခင်က ပညာအသိမပါခဲ့ပါဘုရား။ ယခုအချိန်တွင် အသိပညာ ဉာဏ်နှင့်ယှဉ်ပြီး လှူတတ် လှူနိုင် စောင့်ထိန်းနိုင်သမျှ အတတ်နိုင်ဆုံး စောင့်ထိန်းနိုင်ခဲ့ပါပြီဘုရား။"

ဒေါက်တာစိန်စိန်မေ (BA Part-3)

သူတော်ကောင်းတရား ဆင့်မြင့်တရားတော် ဗောဓိပက္ခိယတရားကို သင်ယူလေ့လာရသဖြင့် သူတော်ကောင်းတို့ ကျင့်သုံးသည့်နည်းလမ်းအတိုင်း ကြိုးစားနေထိုင်နိုင်ခွင့်ရပါသည်ဘုရား။

ဒေါ်ဖြူဖြူစိမ်း (BA Part-3)

သုတဓမ္မ Level 1 မှသည် BA (3)တိုင်လေ့လာသင်ယူနာ ကြားခဲ့ရသည့်အတွက် တရားဓမ္မများမိမိ၏ နှလုံးသားအတွင်းသို့ပင်စွဲမြဲစွာတည်ရှိ လိုက်နာနိုင်ခဲ့ပါသည်ဘုရား။ ယခင်ကအဘိဓမ္မာနှက့်ပတ်သက်၍ထဲထဲဝင်ဝင်မသင်ကြားဖြစ်သော်လည်းBA 1 BA2 BA3 တို့အားနာလည်သိရှိ၍ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့ပါသည်ဘုရား။

Ma Thandar Win (BA Part-3)

"ဗောဓိပက္ခိယတရားတွင် နိဗ္ဗာန်သို့ သွားနိုင်သော လမ်းကြောင်း၊ ဝိပဿနာအား ထုတ်ရာတွင် ရှိရန်လိုအပ်သော အချက်အလက်များ၊လောကလူသားတို့၏ လက်ရှိ ဘဝနေထိုင်မှုတွင် တွေးဆဆင်ခြင်သုံးသပ်၍ နေထိုင်လေ့လာပြောဆိုမှုများကိုပါ လေ့လာ မှတ်သားရပါသည်။ ဘဝနေထိုင်မှုတွင် အရာရာကို ညီညီညွတ်ညွတ် လုပ်ကိုင် ဆောင်ရွက်ရန်လိုကြောင်း၊မညီညွတ်လျှင်လည်း ထိန်းညှိပေးရန်လိုကြောင်းကိုပါ လေ့လာ မှတ်သားရပါသည်။ ဘဝတွင် မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော ဗောဓိပက္ခိယ၃၇ပါးကို တက်စွမ်း သလောက် လိုက်နာကျင့်သုံးနေထိုင်နိုင်ရန်ကြိုးစားပါမည်။"

ဒေါ်ဝါဝါခိုင် (BA Part-3)

"ပြဋ္ဌာန်းတရားတော်များကို နာယူမှတ်သားပြီးနောက် ဆရာတော်ကြီး ဟောကြားတော်မူ သော အခြားတရားတော်များကိုနာယူပါက လွယ်ကူလျှင်မြန်စွာ နားလည်သဘော ပေါက်လာပါသည်။ ဆရာတော်ဘုရား ကျန်းမာသက်ရှည်ပါစေ။"

ဒေါက်တာပြုံးပြုံးဟန် (BA Part-3)

တရားနာရ တာ ထက် စာမေးပွဲဖြေရသောအခါ တရားများ သည်နှလုံးသားထိတိုင် ရောက်ပြီး ပိုမိုမှတ်မိ၍ ပိုမိုကျင့်သုံးဖြစ်ပါသည်။ လွန်စွာအကျိုး ရှိပါတယ် ဘုရား။

Ma Sann Sann Tint (BA Part-3)

အဘိဓမ္မာနဲ့ ဝိသုဒ္ဓိမဂ် ပထမဆင့်ဖြေဆိုပြီး၍ ဗောဓိပက္ခိယ တရား ၃၇ ပါးကို ပိုမို နားလည် သဘောပေါက်ခဲ့ပါသည်။

ဦးညွန့်လွင် (BA Part-3)

"BA-3 ဖြေရန် စာတွေလေ့လာကျက်မှတ်နေရင်း 1.4.2026 တွင် မျက်နာတစ်ခြမ်း လေဖျန်းသွားပြီး အသက်ရှင်လျှက် သေသွားသလို ခံစားခဲ့ရပါသည်။ သို့သော် ဗောဓိပက္ခိယ တရားကို သေသေချာချာနာထားပြီး လက်တွေ့လည်း Apply လုပ်နေသည့်အတွက် တုန်လှုပ် ခြောက်ခြားခြင်းမရှိပါဘဲ တရားများကို ဆက်လက်ပွားများ အားထုတ် နေခဲ့မိပါသည်။ အထူးအားဖြင့် ဣန္ဒိပါဒ ၄ပါး တစ်ပါးစီကို သမာဓိ၊ ပဓါနသခ်ါရတို့ဖြင့် ဝီရိယထား ပေါင်းစပ်ကျင့်ကြံအားထုတ်ခဲ့ပါသည်။ တစ်ဘက်မှလည်း ဆရာဝန်များ ညွှန်ကြားချက်များ လိုက်နာခြင်း၊ ဆေးဝါးမှန်မှန် သုံးစွဲခြင်း၊ လေ့ကျင့်ခန်းများ မှန်မှန် လုပ်ခြင်း စသည်တို့လုပ်ခဲ့ပါသည်။ ထိုထိုသောအကြောင်း ဣန္ဒိပါဒ တန်ခိုးတို့ကြောင့် တစ်လ အကြာတွင် ပြန်ကောင်းလာခဲ့ပါသည်။ ယခုအခါ 27.6.2026 တွင် BA3 Exam: ဖြေဆိုပြီးခဲ့ပါပြီ။ ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်များသည် သံသရာ အတွက် တင်မဟုတ်ဘဲ ယခုဘဝမှာတင် များစွာချမ်းသာသုခရရှိနေပါ၍ ဆရာတော်ကြီး အား အကြိမ်ကြိမ်ရှိခိုးကန်တော့နေမိပါသည်။ 🙏 "

ဒေါ်ဥမ္မာဖြိုး (BA Part-3)

လေ့လာသမျှကို မှတ်သားဖြေဆိုရုံတင်မဟုတ်ဘဲ ကျင့်ကြံဖို့ ကြိုးစားဖြစ်ပါတယ်၊ ဓမ္မအသိနဲ့ အကျိုးရှိရှိနေထိုင်နိုင်မှသာလျှင် သုတဓမ္မ ကို လေ့လာခြင်းအစစ်အမှန်လို့ ထင်ပါတယ် ဘုရား။

ဒေါ်ယုယုခိုင် (BA Part-3)

"ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား ဦးစွာ ပထမဦးခိုက်ပါ၏၊ ဘုရား🙏🙏🙏 ဆရာတော်ဘုရား၏ သုတဓမ္မစာမေးပွဲများသည် လူဘောင်လောကတွင်ကျင်လည် နေရ သော တပည့်တော်တို့အတွက် အင်မတန်မှကောင်းမွန်သော အစီအစဉ် ဖြစ်ပါတယ်

ဘုရား🙏 ယခင်က တရားစာဖတ်စဉ်တရားနာစဉ် အခိုက်လေးဘဲခေါင်းထဲ ဝင်ပြီး မေ့ကုန်ပါတယ် ဘုရား🙏ဟော တရားနာတရားအခိုက်ဘဲ အသိရှိပါတယ်ဘုရား🙏 သုတဓမ္မစာမေးပွဲများဖြေဆိုပြီးနောက်ဦးနှောက်ထဲရောနှလုံးသားထဲပါရောက်ကုန်ပါတယ် ဘုရား🙏တပည့်တော်ဝဝတန်း ဖကြိမ်ဖြေဆိုရတဲ့အတိုင်းပါဘဲ ဘုရားဆရာတော်၏ စေတနာမေတ္တာကို အလေးအနက်ထားပါသဖြင့် ကြိုးစားပူဇော်ပါတယ်ဘုရား🙏 BA1 ဖြေစဉ် ကဖခင်ကြီး ဆေးရုံတက်နေရ၍ BA2ဖြေစဉ်ဦီကာကျော်ဝဆင့်နှင့် တစ်လတည်း ဖြေရ၍ ဂုဏ်ထူးမပါခဲ့ပါဘုရား🙏 သုတဓမ္မစာမေးပွဲမှ အဘိုးမဖြတ်နိုင်သော သုတများစွာ ရရှိပြီး လောကတွင်နေထိုင်နည်း၊ ယောနိသောမနသိကာရဖြင့် နှလုံးသွင်းနိုင်ခြင်းတို့ တပည့်တော်ရရှိခဲ့ပါတယ်ဘုရား🙏ယခင်ကဒေါသနှင့်ဖြေရှင်းေသာကိစ္စများကိုယ္ခုဉာဏ်နှင့်ဖြေရှင်းလာနိုင်ပါတယ်ဘုရား🙏 မေတ္တာထားနည်းကို ကောင်းကောင်းနားလည်သွားပါတယ်ဘုရား ကျေးဇူးကြီးမားလှသော ဆရာတော်ဘုရားအား ပရဟိတ လုပ်အားများဖြင့် ကျေးဇူးဆပ်ခွင့်ရချင်ပါတယ်ဘုရား🙏 တပည့်တော်စာအရေးအသားမှားတာ ပါရင် ခွင့်လွှတ်တော်မူပါဘုရား🙏🙏🙏"

ဒေါ်စောသန္တာ (BA Part-3)

"အချိန်ကို အကျိုးရှိရှိ အသုံးချတတ်လာပါသည် နေ့စဉ် သတိဖြင့် ဆောင်ရွက် တတ်လာပါသည်။ ကိလေသာများကို တစ်စတစ်စ ပါးအောင် လျော့အောင် ထားမည် နေထိုင်မည်ဟု သတိဖွင့် အလုပ်လုပ်တတ်လာပါသည် အရာရာ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းလာနိုင်ပါသည်။

မအေးအေးငယ် (BA Part-3)

"ရှေးဦးစွာ 🙏 သဘာပတိဆရာတော်ဘုရားကြီးနှင့်တကွ ပညာဘူမိတက္ကသိုလ် ဌာနအသီးသီးမှ ဆရာတော်၊ ရဟန်းရှင်လူပုဂ္ဂိုလ်များအားလုံး ကျေးဇူးအထူးတင် ရှိပါ တယ်🙏

ဒီသုတမမ္မဆိုင်ရာ စာမေးပွဲ အဆင့်ဆင့်မရှိခဲ့ဘူးဆိုရင် တပည့်တော်မလည်း တရားတွေကို အဆင်ပြေမှနာမယ်။ နောက်နေ့နာယူမယ်နဲ့ ရှေ့ရွှေ့နောက်ရွှေ့နဲ့ တရားနာဖြစ်ချင်မှ နာဖြစ်မယ်။ မှတ်မိဖို့ဆို ဝေးနေမှာပါဘုရား🙏 အခုလို တရားနာမယ် နှလုံးသားထဲ မှတ်သားမိဖို့ရန်အတွက် လူတွေ့interview လိုစစ်မေးလိုက်တဲ့အခါ ကဲ ကိုယ် ဘယ်လောက် နားလည်လဲ ၊ ဘယ်အတိုင်းတာထိ မှတ်မိလာလဲ ဆိုတာ မိမိကိုယ်တိုင် လက်တွေ့ သိရပါတယ်🙏 ဆရာတော်ဘုရား၏ကျေးဇူး ဘယ်လောက်ကြီးလဲ မျက်ဝါး ထင်ထင်မြင်ရပါတယ်ဘုရား🙏 စာဖြေပူဇော်ဖို့ရန်တွက် ကိုယ့်ရဲ့ မှတ်ဉာဏ်ကို အသုံးချ ရတယ်၊ မှတ်မှတ်သားသားဖြစ်အောင် မှတ်စုချရေးရတယ် ၊ ပါဠိတော်တွေ ကိုယ်နှုတ်နဲ့ ပူဇော်ရတယ် 🙏 ဒါတွေဟာ စာဖြေခြင်းရဲ့ မဟာအကျိုးပါပဲ ဘုရား🙏 စာဖြေခန်းထဲ ရောက်ရင် ဘုရားရှိခိုး၊ မေတ္တာပို့၊အမျှဝေ၊ ဆုလဲတောင်းရတာပဲ ဘုရား 😁 အမေးပုစ္ဆာတွေ နားလည်ရပါလိုဏ်လို့၊ စာဖြေကြသူတွေ အားလုံးအားလုံး လွယ်ကူစွာ ပူဇော်နိုင်ကြပါစေ လို့။ ကဲ ကောင်းလိုက်တဲ့ စာမေးပွဲဖြေမှုပါလဲဘုရား 🙏 မဖြေရချိန်လဲ ဘုရားအဆုံးအမ အထပ်ထပ်ပူဇော်မှတ်သားရတယ်၊ ပူဇော်စဉ် ၊ပူဇော်ပြီး နောက်ဆုံးစာဖြေစဉ် /ပြီးအထိ ကုသိုလ်ဇောတွေပါပဲဘုရား🙏 MA တန်းအတွက် ကိုယ် မမီပေမယ့် အားမလျှော့ပါဘုရား 🙏 အဘိဓမ္မာ၊ဝိသုဒ္ဓိ စသော အတန်းအတန်းတွေ ဆက်ပြီး ပူဇော်ပါအုံးမယ် ဘုရား🙏 သုတမမ္မဒီပလိုမာ မှ သုတမမ္မဂဝေသီ အတန်များပူဇော် ရာမှစပြီး ဓမ္မမျိုးစေ့ ဘုရား တပည့်တော်မ ရင်ထဲ ချပြီးပါပြီဘုရား 🙏 အပင်ပေါက်လာဖို့အတွက် နေ့စဉ် ကျင့်ကြံမှု ရေလောင်းပေါင်းသင်ခြင်းကိုလည်း ပြုပါမယ် ဘုရား🙏 "

ဒေါ်ခင်အုံးမြင့် (BA Part-3)

ပညာဘူမိတက္ကသိုလ်က ကျင်းပပေးသောစာမေးပွဲများဖြေဆိုခွင့်ရလို့ ဆရာတော်ကြီးနှင့် တပည့်သံဃာတော်များကိုကျေးဇူးအထူးတင်ရှိပါသည်ဘုရား🙏🙏🙏

ဒေါ်တင်တင်အိ(BA Part-3)

"ဆရာတော်ကြီးထံလျှောက်ထားအပ်ပါသည် B.A part 3 ဖြေဆိုထားပြီးဖြစ်သည့်အတွက် MA တန်းဆက်လက်တက်ရန်အတွက် ပါဠိသဒ္ဒါရေနည်းများ လိုအပ်သည်ဟုသိရပါသည်။ သို့ပါ၍ MA တန်းအတွက် လိုအပ်သော စာများအားလုံးကို ပညာဘူမိတက္ကသိုလ်က ပြဌာန်းစာအုပ်များထုတ်ပေးရန်နှင့် ဖြစ်နိုင်လျှင် လေ့လာရမည့် video file များ link ချပေးရန် လျှောက်ထားပါသည်ဘုရား။"

ဦးမြတ်သူ (BA Part-3)

ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဦးစီးကျင်းပသော ပညာဘူမိ တက္ကသိုလ်မှ သုတမမ္မ တရားတော်များကို ဖြေဆိုပူဇော်ရခြင်း၏ ကောင်းကျိုးရလဒ်များကို တင်ပြရမည်ဆိုလျှင် ကုန်နိုင်ဖွယ်မရှိ ဖြစ်ပါသည်။ သုတမမ္မ တရားတော်များသည် အမှောင်ထုကို ဖောက်ထွင်း၍ မိမိ၏ ဘဝခရီးကို လမ်းညွှန်ပေးသည့် မြေပုံသဖွယ်၊ ဓမ္မဆီမီးအလင်းရောင်ဖြင့် ဘဝလမ်းမှန်ကို လျှောက်လမ်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် ယခုဘဝတွင် အနေမြတ်ပြီး ၊ အသေတတ်အောင် သေခြင်းတရားကို ရင်ဆိုင်ရဲသည့် ကုသိုလ်တရားများဖြင့် ကျင့်ကြံနေထိုင် တတ်လာပါသည်။ လက်ရှိဘဝနှင့်၊ နောင်သံသရာဘဝ အတွက်ပါ ကောင်းကျိုးချမ်းသာများ ရရှိခံစားရပါသည်။ စာမေးပွဲဝင်ရောက်ဖြေဆိုသောအခါ တရားတော်များကို နာဖူးထပ်မံ ဆိုသကဲ့သို့ အကြိမ်ရေ များစွာ ထပ်ခါထပ်ခါ လေ့လာ၊ သင်ယူ၊ ကျက်မှတ်ခြင်းဖြင့် ""သုတံ ပရိယောဒါပေတိ"" ဆိုသည့် အတိုင်း 'သုတံ' ကြားနာအပ်ဖူးပြီးသော တရားတော်တို့ကို၊ 'ပရိယောဒါပေတိ' ယခင်က သဲသဲကွဲကွဲ မသိခြင်း၊ ဝေဝါးခြင်းများကို ရှင်းလင်းပြတ်သားစွာ သိရှိလာရသဖြင့် စိတ်ကို ကြည်လင်သွားစေပါသည်။ "ကထံ ဘူတသ မေ ရတ္တိဒိဝါ ဝီတိဝတ္တန္တိ "" ဘယ်လိုနည်းနဲ့ နေ့ ၊ည ရက်တွေ ကုန်ဆုံးနေလဲလို့ တွေးတော ဆင်ခြင်တက်လာပါသည်၊ 'ကု' အဆိုးတရားများကို 'သလ'ဖယ်ရှားပေးပြီး အမြဲတမ်း ကုသိုလ်စိတ်၊ ကုသိုလ်တရားများ

ဖြစ်ထွန်းနေစေရန် 'နိယမိတ၊ သမုဒါစာရ၊ ပရိဏာမိတ၊ အာဘုဇိတ' ဟူသော အခြေခံနေနည်းလမ်း (၄)ချက်ဖြင့်လည်း လေ့ကျင့်နေထိုင်တတ်လာပါသည်။ ဘဝခရီးဝယ် ရွေးခြယ်ရမည်လမ်း တရားတော်ပါ ""ရင်ထဲမှသံသယ၊ တွေဝေစရာများ ဖြစ်လာလျှင် မည်သည့်အယူ မှန်တယ်၊ မည်သည့်အယူအဆက မမှန်ဘူး"" စသည်ဖြင့် ဝေခွဲမရ ဖြစ်နေမှုများကို ကေသမုတ္တိသုတ်(ကာလာမသုတ်)လာ ""မာ အနုဿဝေန” စသော 'မာ' (၁၀)ချက်၊ အမှား အမှန် စိစစ်ရွေးချယ်၍ အမှန်တရားကိုမှတ်ယူရန် ' စံ' (၅)ချက် ဖြင့် ဘဝကို ပိုင်ပိုင်နိုင်နိုင် ရွေးခြယ်တက်လှမ်း လာနိုင်ခဲ့ပါသည်။ အန္ဓသုတ်မှ စီပွားရေးမျက်စိ၊ ဓမ္မမျက်စိ လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာအတွက် များစွာအကျိုးတရားများကို ရရှိခဲ့ပါသည်။ ' ယုံကြည်မှု့' ကိုအခြေခံသော မိရိုးဖလာ သဒ္ဓါ ဗုဒ္ဓဘာသာ မှ 'နားလည်မှု' ကို အခြေခံသော သမ္မာဒိဋ္ဌိ ပညာဗုဒ္ဓဘာသာ အဆင့်သို့ ပို့ဆောင်ပေးသော ရထားကြီးသဖွယ် ဖြစ်ပါသည်။ အကယ်၍ စာမေးပွဲဝင်ရောက်ဖြေဆိုခြင်း မရှိဘဲ သာမန် တရား နာရုံမျှသာ ဆိုပါက တစ်ကြိမ်တစ်ခါမျှသာ နာယူဖြစ်မည် ဖြစ်သဖြင့် ဆရာတော် ဘုရားကြီး၏ နက်နဲလှစွာသော တရားတော်များကို တော်ရုံဖြင့် နားလည် သဘောပေါက်မည် မဟုတ်ပါ။ ယခုကဲ့သို့ တရားတော်များကို ကိုယ်တိုင်ကိုယ်ကျ သင်ယူ၊ ကျက်မှတ်၊ လေ့လာ ဖြေဆို ပူဇော်ခဲ့ခြင်းကြောင့်သာ ဓမ္မအသိဉာဏ်ဆီမီးကို ထွန်းညှိနိုင်ခဲ့ပြီး ဘဝကို အကျိုးရှိရှိ နေထိုင်တတ်လာခဲ့ပါသည် အရှင်မြတ်ဘုရား။ 🙏🙏🙏

ဒေါ်မြမြဝင်း (BA Part-3)

မည်သည့်အရာဘဲလုပ်လုပ် ဝီရိယနှင့် တွဲဖက်ပြီး သတိ နှင့်ပညာသည် အသိဉာဏ်ကို များစွာဖြစ်စေသည်မှာ မိမိ၏လက်တွေ့ဘဝနှင့်လည်းကိုက်ညီပြီး သံသရာမှ လွတ်မြောက်ရန် အတွက် လည်းမမေ့မလျော့သောလုံ့လဝီရိယဖြင့် ဗောဓိပက္ခိယတရားကို ကြိုးစားအားထုတ် ရမည်ကိုလည်းသိရှိပူဇော်ရပါသည်။

Thaw Zin(BA Part-3)

"ဓမ္မနဲ့ပတ်သက်ပြီး စာမေးပွဲဖြေခါဖြေပြီး တရားကျင့်ကြံအားထုတ်ဖို့ပဲ စိတ်ရှိနေပါ တယ်ဘုရား"

မသန္တာဝင်း (BA Part-3)

"မြတ်စွာဘုရား၏ တရားအဆုံးအမ ဗောဓိပက္ခိယတရားများကို လေ့လာမှတ်သားရပြီး ဘဝအတွက် နေထိုင်မှုနှင့် လောကီလောကုတ် နှစ်ဖြာကြိုးစားအားထုတ်နိုင်ရန် များစွာ မှတ်သားသိရှိရပါသည်။ ထို့ပြင် level တစ်ခုချင်းအလိုက် မှတ်သားဖွယ်များနှင့် လိုက်နာ ကျင့်သုံးဆောင်ရွက်ဖွယ်များကို လိုက်နာကျင့်သုံးနိုင်ရန် ကြိုးစားပါမည်ဘုရား။"

ဒေါ်သင်းသင်းလှိုင် (BA Part-3)

"သုတဓမ္မဒီပလိုမာ၊ BA123 စာဖတ်ရင်း သုတမယအသိပညာများနှင့်အတူ လူ့ ပတ်ဝန်း ကျင် မှာရော သံဝေဂရာစရာများအပေါ် ဆင်ခြင်မိလာပြီးဘဝ ၏ဆင်းရဲခြင်းသဘော၊ ဘယ်အရာမျှ ဆုပ်ကိုင်ထားမရ ခြင်း ၊ သဘာဝတရားတွေက အမြဲပြောင်းလဲနေခြင်း အပေါ် လက်တွေ့ လေးနက်စွာသိမြင်လာခဲ့ရပါသည်။ ခန္ဓာအပေါ် သတိထားရှုမှတ်ရာတွင်လည်း လက်တွေ့သိမြင်လာတဲ့ ဆင်းရဲမှုသဘောများမှလည်း အသိပညာဥာဏ် တိုးတက်လာပါ သည်။ ယခုလို ဆရာတော်ဘုရားကြီး၏မေတ္တာဂရုဏာကြောင့် ဓမ္မစာပေများ သင်ယူခွင့် ရခြင်း၊ လက်တွေ့ကျင့်ကြံခွင့်ရခြင်းသည် ဘဝမှာ ကုသိုလ်တရားနှင့်သာ အကျိုးရှိစွာ နေတတ် သွားခြင်း၊ ဘဝလွတ်မြောက်အောင် ကြိုးစားဖို့ အခွင့်အလမ်းများရှိပါလား သိမြင် လာပါသည်။ မိမိရရှိသော လူဘဝ တန်ဖိုးရှိလှပါ၍ အခွင့်အရေးရှိခိုက် ကြိုးစားကြ ရမည်သာ ဖြစ်ကြောင်းနားလည်လာပါသည်အရှင်ဘုရား။"

မစန်းစန်းမြင့် (BA Part-3)

"သုတမမ္မ ဒီပလိုမာမှ သုတမမ္မ ဂဝေသီထိ လေ့လာကျက်မှတ်ရင်းကုသိုလ်၊အကုသိုလ် ခွဲခြားသိလာပါပီဘုရား၊မိမိသန္တာန်၌ ဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယ၊ မာနတရားများသည်လည်းအကုသိုလ်တရားများဖြစ်သည်ကို သိရှိလာပြီး ဖြစ်ဆဲ ဖြစ်ခိုက်မှာလဲ သတိထားမိလာပါတယ်၊သတိထားဆင်ခြင်လိုက်တဲ့အခါ အကျိုးအပြစ်ကို မြင်လာပါတယ်ဘုရား တဖြည်းဖြည်းနဲ့ စိတ်ကို ထိန်းချုပ်တက် လာပါတယ်ဘုရား ပြင်ပ အာရုံတွေနဲ့ တွေ့တဲ့အခါ ယောနိသော မနသိကာရထားနိုင်ဖို့ သတိထားကြိုးစားဖြစ်ပါ တယ်ဘုရားမိမိရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတခုစီဟာ မိမိပြုလုပ်ခဲတဲ့ကံ အသီးသီးကြောင့် ဖြစ်တယ်ဆိုတာ တွေ့တော့ ထိတ်လန့်မိပါတယ်ဘုရားအကုသိုလ်ကို အမှုမဲ့အမှတ်မဲ့ မလုပ်မိအောင် ကို သတိထားနေဖြစ်ပါတယ်ဘုရား အသိမှ အကျင့်ဖြစ်အောင် နေ့စဉ်နလုံးသွင်း ဆင်ခြင်မိပါတယ်ဘုရား။ အပူအပင်များတဲ့လောကကြီးထဲမှာ ဓမ္မမှတ်ကျောက်လေးနဲ့ မိမိကိုယ်မိမိ ဆင်ခြင်ပြုပြင် နေထိုင်နေပါတယ်ဘုရား 🙏🙏🙏"

သက်ဆွေဦး (BA Part-3)

ဘုရားတပည့်တော် ဒီစာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ခြင်းသည် ဓမ္မကိုပူဇော်လို၍ဖြစ်ပါသည်။ စီးပွားရေးနဲ့ အခြားကိစ္စများအတွက် အလုပ်လုပ်ချိန်များနေပေမယ့် ဓမ္မကိုလေ့လာဖို့ အချိန်မပေးနိုင်ဖြစ်ခဲ့ရပါတယ်။ ဒီစာမေးပွဲကို ဝင်ရောက်ဖြေဆိုမှသာ ဓမ္မကို အချိန်နဲ့ လေ့လာလို့ရမည်ဟု သဘောထားမိ၍ ဝင်ရောက်ဖြေဆိုခဲ့ပါသည်။ ဓမ္မကိုလေ့လာချိန် သီးသန့်ရှိသွား၍လည်း ဘုရားတပည့်တော်အတွက် တန်ဖိုးရှိစွာအချိန်ကို အသုံးချ မိပါသည်။ ဓမ္မများကို လေ့လာရင်း မှတ်သားရင်းနဲ့ လေးနက်သောအတွေးအကြံများ ပေါ်ပေါက်လာခဲ့ပါသည်။ စိတ်နှလုံးများ နူးညံ့လာသလို အသိပညာများဖွံ့ဖြိုးလာသည်ကို သတိထားမိလာပါသည်။ အထူးသဖြင့် ပါရာယန၊ မိလိန္ဒပဉှာ၊ ဗောဓိပက္ခိယတရားများကို လေ့လာမှုအပိုင်းမှာ တစိမ့်စိမ့်တွေးတောဆင်ခြင်မှုများစွာ ပြုရသောကြောင့် ဓမ္မနှင့်

ဆက်စပ်သောပီတိ(ဓမ္မပီတိ) ဖြစ်ခဲ့ရပါသည်။ ယခုလို ဓမ္မစာမေးပွဲကို ဖြစ်မြောက်အောင် စတင်ပျိုးထောင်ပေးခဲ့တဲ့ ဆရာတော်ဘုရားကို ဘုရားတပည့်တော် အလွန် ကျေးဇူးတင် မိပါတယ်ဘုရား။ ဘုရားတပည့်တော် အသိပညာများစွာရှိနေတာဟာ ဆရာတော်ဘုရား၏ ကျေးဇူးတွေကြောင့်ဖြစ်တာ များစွာရှိပါတယ်ဘုရား။ မိသားစုနှင့် ချစ်ခင်ရသော မိတ်ဆွေများ ကိုပါ ဝင်ရောက်ဖြေဆိုပူဇော်ဖို့ တိုက်တွန်းထားပါတယ်ဘုရား။

ဒေါ်မော်မော်ခိုင် (BA Part-3)

"Level -1 မှBA-3 ထိ အလုပ်လုပ်ရင်းတရားနာ ပါသည်မှတ်စုထုတ်၍ ရင်ထဲစွဲနေအောင် နားလည်အောင် စာဖတ်ရင်း စာသားတွေကို တွေးရင်း ကုသိုလ်စိတ်တွေနှင့် နေ့စဉ် ဖြတ်သန်း ခဲ့ရပါတယ် တပည့်တော်မရဲ့စိတ်နေ့စဉ်အေးချမ်းနေလို့ မိသားစုတွေ လည်း အေးချမ်းခဲ့ပါတယ် တပည့်တော်ရဲ့အတွေးအမြင် စိတ်ထား အရင်နှင့်လုံးဝမတူ ပြောင်းလဲခဲ့ ပါတယ် တပည့်တော်ယခု အဘိဓမ္မာ တရားတွေကို ဆက်လက်ဖြေဆိုမယ်ဘုရား ဆရာတော် ဘုရား ကျေးဇူးတော်ကို လက်ဆယ်ဖြာမိုးရှိခိုး ကန်တော့ပါတယ် ဘုရား 🙏🙏🙏"

ဒေါ်အေးအေးမြင့် (BA Part-3)

"ဗောဓိပက္ခိယတရား၃၇ပါးအကြောင်း လေ့လာသိရှိရသည့်အတွက် များစွာ အကျိုးရှိခဲ့ ရပါသည် ဘုရား မိမိ၌လိုအပ်နေ သော အချက်များသိမြင်ခဲ့ရပြီး သမထနဲ့ဝိပဿနာပွားများ အားထုတ်နိုင်ရန် များစွာ အထောက်အကူဖြစ်ခဲ့ရပါသည်ဘုရား။"

ဒေါ်မြမြဝင်း (BA Part-3)

သုတဓမ္မ ဒီပလိုမာ၊ သုတဓမ္မဂဝေသီအဆင့်ပြဋ္ဌာန်းစာအုပ်များ ထုတ်ဝေပြီးစာမေးပွဲများ ကျင်းပ ပေးသောကြောင့်အောင်ချင်တဲ့ ဆန္ဒနဲ့အထပ်ထပ်ကြားနာ ဖတ်ရှုရသဖြင့်မိရိုး

ဖလာဗုဒ္ဓဘာသာအဆင့်သာရှိရာမှ ဘုရားဟောတရားတွေရဲ့ အနှစ်သာရနဲ့ အကျိုးတရားတွေကို သိနားလည်ခွင့်ရသည့်အတွက် ဆရာတော်ကြီးရဲ့ ကျေးဇူးတရား အလွန်ကြီးမားကြောင်းလျောက်ထားလိုပါတယ်ဘုရား။

ဒေါ်ဥမ္မာကျော်ဦး (BA Part-3)

ယခုအချိန်တွင် တပည့်တော်ရရှိထားသော အသိဉာဏ် ဗဟုသုတများကို တိုးသည်ထက် တိုးချင်မိသလို လက်တွေ့ကျင့်ကြံ အားထုတ်ခြင်းဖြင့် ရသေ့ကြီးပဂံယ ပြောသကဲ့သို့ တွေတွေဝေဝေ မသေနိုင်အောင် ကြိုးစားပါ့မည် ဘုရား။

မအေးစန္ဒာမြင့် (BA Part-3)

တရားဓမ္မအသိများအရင်ထက် အများကြီးပိုသိလာရပါတယ် စိတ်နေစိတ်ထားတွေ တိုးတက်ပြောင်းလဲလာပြီး တရားအားထုတ်ရာတွင်လဲစိတ်တွေ တည်ငြိမ်လာပါတယ် ဆရာတော်ဘုရားပေးတဲ့ဓမ္မအသိတွေနဲ့လူဖြစ်ရကျိုးနပ်ပြီးသာသနာအကျိုးကိုဒီထက်မကသယ်ပိုးချင်ပါတယ်။

ဒေါ်သင်းမာဝင်း(BA Part-3)

"ဆရာတော်ဘုရားကြီးအား တပည်တော်ရိုသေစွာရှိခိုးပါသည် ဘုရား။ တပည့် ဗောဓိပက္ခိယ တရား ကိုသင်ယူပြီးမှ တရားထိုင်ခြင်းအတွက် အထောက်အကူ သဘာဝတရားကို ရှုမှတ်ရာ၌ ယှဉ်ဖော်ယှဉ်ဘက်တရားတွေအတူအလုပ်လုပ်ပုံကို ခွဲခြားပြီး သိလာရပါသည် အရှင်ဘုရား။ယခင်ကတရားစခန်းဝင်ခဲ့သော်လည်း စိတ်ကိုစိတ်နှင့်မှတ်သည် ဆိုတာထက် မှတ်နေတဲ့ စိတ်ကလေးအပေါ်မှာ သိတိကအာရုံကိုယူပေးပြီးစောင့်ကြည့်နေရပုံ ဝီရိယဖြင့် စိတ်အားတွေကို လျော့မသွားအောင်မြှင့်တင်ရပုံ ဣန္ဒြေငါးပါး စွမ်းဆောင်နိုင်ဖို့အရေးကြီးပုံ

အိပ်ငိုက်တာ ထိနမိဒ္ဓ ခနခနဖြစ်နေတာတွေအတွက် ယခင်က ဘယ်လိုဖြေရှင်း ရမှန်း မသိခဲ့ပါ။ ယခု သမာဓိနှင့်ဝီရိယကို အတိုးအလျော့လုပ်၍ ထိန်းရပုံကို ခန္ဓာနှင့် တိုက်ပြီး တရားမှတ်ကြည်ရာ သဘောတရားလေးကိုအနည်းငယ်မြင်လာသလိုရှိလာပြီး တရားထိုင်ရဖို့ နည်းစနစ်ကောင်းရရှိခဲ့သည့်အတွက် တပည့်တော်တို့အဖို့ အဖိုးမဖြတ်နိုင်သော စာမေးပွဲကြီးဖြစ်ပါသည်ဘုရား။"

ဒေါ်ဟေမာလွင် (BA Part-3)

စာမေးပွဲစတင်ဖြေဆိုသည့်အချိန်က တရားတော်များကိုစတင်နာယူသည့် ကာလများတွင်စာမေးပွဲအောင်ရန်သာရည်ရွယ်ချက်ရှိခဲ့သည်။တရားနာရသည်မှာကောင်းသည်။ကျေနပ်သည်။ စာမေးပွဲအောင်သွားသည့်အခါတရားစာများမကျန်တော့သကဲ့သို့ဖြစ်သွားသည်။ BAစာမေးပွဲများစတင်ဖြေဆိုသည့်အချိန်မှစ၍ မိမိ၏နေ့စဉ်လုပ်ငန်းများတွင် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်သည့်အကျင့်ရစပြုလာခဲ့ပါသည်။ပထမဦးစွာငါးပါးသီလမည်မျှလုံခြုံခဲ့ပါသလဲ။သီလထဲတွင်မုသာဝါဒမှာစောင့်ထိန်းရန်ခက်လှချည်လားဟုသတိပြုလာခဲ့ပါသည်။ ပရိတ်ကြီး၁၁ သုတ်ကိုယခင်ကထက်စာလျှင်ပိုမိုလေးနက်စွာရွတ်ပွါးတတ်လာခဲ့ပါသည်။ အခက်အခဲများနှင့်ကြုံခဲ့ပါကသစ္စာကိုအားကိုးပြီးဖြေရှင်းတတ်လာခဲ့ပါသည်။အာနာပါနနှင့် ဝိပဿနာကမ္မဋ္ဌာန်းကိုယခင်ကရိပ်သာသွားမှသာကျင့်ကြံခဲ့တာမျိုးဖြစ်ပြီးအိမ်ပြန်ရောက်သောအခါပေါ့ပေါ့ဆဆ ပြန်ဖြစ်သွားပါသည်။ ယခုနောက်ပိုင်းတွင်ဟင်းချက်ရင်း၊ အဝတ်လျှော်ရင်း၊ ဒေါသဖြစ်ခိုက်၊ သောကဖြစ်ခိုက်စသည့် အချိန်ပိုင်းလေးများတွင် မိမိစိတ်အခြေအနေကိုစောင့်ကြည့်တတ်လာပြီး သတိကပ်လာခဲ့ပါသည်။ မိမိတို့ နေ့စဉ်ဘဝတွင် အသုံးချနိုင်သောတရားများဖြစ်ကြောင်း၊ ရေရှည်စွဲမြဲအောင် လုပ်သွား နိုင်လျှင် အလွန်အကျိုးရှိမည်ဟုသဘောပေါက်လာခဲ့ပါသည်။

ဒေါ်မူမူခင်(BA Part-3)

ဗောဓိပက္ခိယတရားမိမိသန္တာန်မှာတည်မှုသည်သံသရာလွတ်ကြောင်းဖြစ်၍အရေးကြီးကျင့်ဆောင်ရမည်ကိုသိရှိရပါသည်

ဒေါ်ခင်လေးဆင့်(BA Part-3)

"စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း ဓမ္မအသိဉာဏ်များစွာ တိုးတက်လာပြီး စိတ်ကို ကုသိုလ်တရားများဆီသို့ဦး တည်ထားရှိတတ်လာပါသည်။ လောဘဒေါသများ အနည်းငယ်ဖြစ်ပေါ်လာတတ်သော်လည်း သတိဖြင့်ပြန်လည်ထိန်းချုပ် နိုင်လာပါသည်။ အကုသိုလ်စိတ် မကင်းသေးသော်လည်း ဖြစ်ကြောမရှည်တော့ပါ။ စိတ်ကို သတိထားတတ် လာပါသည်။"

ဒေါ်နီလာဝင်း(BA Part-3)

"ကျေးဇူးကြီးလှပါသော ဆရာတော်ကြီးအား ရိုသေစွာရှိခိုးကန်တော့ လျှောက်ထား အပ်ပါသသည် ဘုရား။ ဆရာတော်ဘုရား၏မေတ္တာ၊ကရုဏာကြောင့် သုတဓမ္မစာမေးပွဲများဖြေဆိုပူဇော်ခွင့်ရခြင်းသည် ဘဝအတွက် အကျိုးကျေးဇူးအလွန်များလှပါသည်။ လမ်းမှန်ကို ညွှန်ပြ၍ ဉာဏ်မျက်စိကိုဖွင့်ပေးခဲ့သော ဆရာတော်ဘုရား၏ကျေးဇူးကြောင့် သုတဓမ္မဒီပလိုမာနှင့်ဂဝေသီ ကျမ်းစာများကို လေ့လာခွင့်ရခဲ့ခြင်းအားဖြင့် တပည့်တော်တို့ဉာဏ်ဖြင့် သိရန်မလွယ်သော မြတ်စွာဘုရား၏သိမ်မွေ့နက်နဲသော တရားဓမ္မများကို လွယ်ကူစွာ သိလာသောကြောင့် ယခင်ကမသိခဲ့သည်များကို သိမြင်နားလည်ခဲ့၍ အသိဉာဏ်များ ပွင့်လင်းပြီး ကုသိုလ်တရားများတိုးပွားခဲ့ပါသည်ဘုရား၊ လောကတွင် နေထိုင်ရာ၌ မေတ္တာစိတ်ဖြင့် ကာယကံ၊ဝစီကံ၊မနောကံ၃ပါးလုံး စင်ကြယ်အောင် သတိထား၍ အကျိုးရှိရှိနေထိုင်ကျင့်သုံးနည်းများကိုသိခဲ့ရပြီး လောကမှထွက်မြောက်ရာနိဗ္ဗာန်သွားရာ မဂ္ဂင်၈ပါးလမ်းကိုလည်း သိခဲ့ရပါသည်ဘုရား။ ယခင်ကမသိခဲ့သော"" လောကကြီးကထွက်မြောက်သွားတဲ့ပုဂ္ဂိုလ်တိုင်း နီဝရဏတရား၅ပါးကို ဖယ်ရှားပြီး

သတိပဋ္ဌာန် တရားငါးပါးအပေါ်မှာ စိတ်ကိုအခြေစိုက်ကာ ဗောဇ္ဈင်ဂုပါးပွားပြီးမှ လွတ်မြောက် နိုင်တယ်''ဟု သိခဲ့ရ၍ မဂ်ဖိုလ်နိဗ္ဗာန်ရရန် သတိပဋ္ဌာန်မှာ တကြောင်းတည်း သောလမ်းဖြစ်ကြောင်းသိခဲ့ရပါသည်။ အကျင့်တခုတည်းက အကျိုးဂုမျိုးကို ပေးနိုင်ကြောင်း၊ မဂ္ဂင်၈ပါးအကျင့်တရားကိုရဖို့ဆိုလျှင်လည်း သတိပဋ္ဌာန် လမ်းကြောင်း ကပင် လျှောက်ရမည်ဟုသိခဲ့ရ၍ ဘဝထဲတွင်သတိပဋ္ဌာန်တရားကျင့်သုံးရန် စတင်ခဲ့ပါသည် ဘုရား။ မိလိန္ဒပဉ္ဟာကို လေ့လာသင်ယူရခြင်းကြောင့် တပည့်တော်တို့ သိချင်သော အကြောင်း အရာများစွာကို ဥပမာ၊ဥပမေယျများဖြင့် ရှင်းလင်းစွာသိခွင့်ရသောကြောင့် အလွန်နှစ်သက်သဘောကျခဲ့ပါသည်ဘုရား။ ဗောဓိပက္ခိယတရား ၃၇ပါးကို လေ့လာသင်ယူခွင့်ရခဲ့ခြင်းကြောင့် ဗောဓိဟူသော မဂ်ဉာဏ်ရရန်အသင်းအပင်းတရားများကို ယခင်က မသိခဲ့ဘဲ အသိတိုးခဲ့ပါသည်။ ဗောဇ္ဈင်တရားဖြစ်ပွားစေနည်းများကို စိတ်ဝင်စားဖွယ် သိခဲ့ရပြီး သတိသမ္ဗောဇ္ဈင်ဖြစ်ရန် ဂုဌာနလေ့ကျင့်ခန်းကိုစိတ်ဝင်စား၍ နေ့စဉ်ဘဝတွင် သတိရသလောက်စတင်ကျင့်သုံးခဲ့ပါသည်ဘုရား။ သတိပဋ္ဌာန်ကျင့်ပုံကို ယခင်ကတရားစခန်းများဝင်ခဲ့ဘူး၍ အနည်းငယ်သိခဲ့သော်လည်း ယခုအခါတွင် ဝိပဿနာရှုနည်းများကို အသေးစိတ်သိခဲ့ရသောကြောင့် ပို၍ပြည့်ပြည့်စုံစုံ သိလာရပါသည်။သမထနှင့်ဝိပဿနာကို ကွဲကွဲပြားပြားသိလာ၍ သဘာဝလက္ခဏာရှုပြီးမှ သာမညလက္ခဏာရှုရသည်ကိုလည်း သိခဲ့ရပါသည်။ သတိပဋ္ဌာန်၄ပါးကို နေ့စဉ်ဘဝထဲတွင် သတိရသည့်အခါတိုင်း အလျင်းသင့်သလို စတင်ကျင့်သုံးနေပြီဖြစ်၍ များသောအားဖြင့် စိတ်ကိုရှုရင်း စိတ်သည် အာရုံနှင့် ဒွါရဆုံသခိုက်သာဖြစ်၍ ရှုမှတ်သောအချိန်တွင် ရှေ့စိတ်၏မရှိခြင်းကိုသာသိ၍ တစ်စိတ်ပြီး တစ်စိတ်ဖြစ်ပျက်နေ၍ ငါဟူ၍စွဲစရာမရှိ၊ မိမိသန္တာန်၊ သူတပါးသန္တာန်ရှိ အဖြစ်အပျက်များ(တည်ရှိမှု)သည် လက်ရှိအချိန်ခဏလေးမှာဘဲရှိ၍ အချိန်ခဏလေးများသည် တရိပ်ရိပ်ကုန်ဆုံးနေ၍ ငါဟူ၍ပြစရာဘာမျှမရှိအနတ္တသာဖြစ်၍၊ဘဝ၏အနှစ်သာရသည် ပစ္စုပ္ပန်ခဏမှာဘဲရှိသည်ကို သဘောပေါက်နားလည်ခဲ့ပါသည်။ သံသရာဝဋ္ဋ ဆင်းရဲကို လည်းကြောက်လန့်မိပါသည်။ အာရုံကိုနှလုံးသွင်းမှန်လျှင် ကုသိုလ်ဖြစ်၍ နှလုံးသွင်းမကောင်းလျှင် အကုသိုလ်စိတ်ဖြစ်သောကြောင့် လူ့လောကတွင်နေထိုင်ရာ၌ မေတ္တာ

စိတ်ဖြင့် အစဉ်သတိထား၍ နေထိုင်ရန်သတိပြုမိ ခဲ့ပါသည်။ သမ္မပ္ပဓာန်တရား ၄ပါးကိုလည်း ယခင်ကမသိခဲ့ဘဲ ဗောဓိပက္ခိယတရား၃၇ပါးကို နာယူဖတ်ရှုလေ့လာ ရသောအခါမှ သိရသောကြောင့် တပည့်တော်အတွက် များစွာအကျိုးရှိခဲ့ပါသည်။ မှန်မှန်ကန်ကန်နှလုံးသွင်းတတ်စေရန်၊စဉ်းစားဉာဏ်တိုးတက်စေရန်၊ သုတမယပညာကို ထပ်မံဆည်းပူး၍ အမှန်တရားကို ထိုးထွင်းသိသောဉာဏ်ရရန် သတိပဋ္ဌာန်ကျင့်စဉ်ဖြင့် ဝိပဿနာတရား နေ့စဉ်ရှုမှတ်ရန်ဆုံးဖြတ်၍ အာစိဏ္ဏကံဖြစ်စေရန် စတင်နေပြီ ဖြစ်ပါသည်ဘုရား။

အချုပ်အားဖြင့်ဆိုလျှင် သုတမမ္မတရားတော်များသည် တပည့်တော်၏ အသိဉာဏ်နှင့်အတွေးအမြင်ကိုပြောင်းလဲစေခဲ့ပါသည်။ တရားနာရသည်မှာပင် တခါနှင့် တခါ မတူ အသိဉာဏ်များပွင့်လင်းလာ၍ လွန်စွာစိတ်ကြည်နူးဖွယ်ဖြစ်ပါသည်။ ဘဝ တခုလုံး အတွက်သာမက သံသရာအတွက်ပါ အဖိုးမဖြတ်နိုင်သော အသိပညာနှင့် ကျင့်စဉ် များ ရရှိခဲ့၍ ဆရာတော်ဘုရား၏ကျေးဇူးကို အစဉ်အောင်းမေ့၍ မိမိအတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ တန်ဖိုးရှိသောလူ တယောက်ဖြစ်စေရန် ကြိုးစားပါမည်ဘုရား။ လူတိုင်းကိုလည်းသုတမမ္မဖြေစေချင်မိပါသည်။ တရားမမ္မသည် အသိပညာသာမက စိတ် အေးချမ်း မှုနှင့် ခွန်အားကို ပေးသောကြောင့် လောကဓံတရားများကို ပို၍တည်ငြိမ်စွာ ရင်ဆိုင်လာနိုင်ပြီး တရားနာခြင်း၌လည်း မရောင့်ရဲနိုင်၍ နေ့စဉ်လည်း တရားနာရင်းရှု မှတ်ဆင်ခြင်ခဲ့ပါသည်။ဘုရားတရားသံဃာ ရတနာမြတ်၃ပါး၏ကျေးဇူးကိုအောင်းမေ့၍ မမ္မနှင့်ပတ်သက်၍ မသိသေးသည့်အရာများသိရန် ဆက်လက်ဖြည့်ဆည်းပြီး မြတ်စွာဘုရား၏ အဆုံးအမတရားများကို အသက်ထက်ဆုံးလိုက်နာကျင့်သုံးပါမည်ဟု ဝန်ခံကတိပြုရင်း လျှောက်ထားလိုက်ပါသည်ဘုရား။ feedback ရေးချင်သော်လည်း ယခင်နှစ်များကရေးရန်မမီလိုက်၍ level1မှစပြီး တခါမျှ မရေးဘူး၍အမှားပါလျှင် ခွင့်လွှတ်ပါ ဘုရား။သုတမမ္မစာမေးပွဲ၏ ကျေးဇူးကို ဒီထက်ပိုရေးချင်သော်လည်း ယခုပင်လျှင် စာရှည်သွားပြီဖြစ်၍ ခွင့်လွှတ်ပါရန်နှင့် ဆရာတော်ကြီးကို ဦးထိပ်ထား၍ စာမေးပွဲများကျင်းပပေးသော ပညာဘူမိတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဘုရားနှင့်

တာဝန်ရှိဆရာတော်များ၊စာစစ်ဆရာတော်များ ကျေးဇူးတရားကို အောင်းမေ့ မေတ္တာပို့ရင်း လျှောက်ထားအပ်ပါသည်ဘုရား။"

မဖြူသန္တာထွန်း (BA Part-3)

"မင်္ဂလာပါ ဘုန်းဘုန်းဘုရား တပည့်တော် ဒီတစ်ခါမှာ Part-3 ဗောဓိပက္ခိယတရားများကို လေ့လာခဲ့ရာမှ ဝီရိယမည်သို့အရေးကြီးကြောင်း၊ သတိ၏အရေးပါပုံများ၊ ဗောဇ္ဈင်တရားများ၊ မဂ္ဂင်တရားများကို ပို၍အသေးစိတ်သိရှိခဲ့ရပါသည်။ ဗောဓိပက္ခိယတရားများကို လုံးဝမသိခဲ့ရာမှ Part-3 ၆ လ ဝန်းကျင်အတွင်း ဆရာတော်ဘုရား၏ကျေးဇူးတော်ကြောင့် တက္ကသိုလ်ပြဌာန်းလေ့လာပြီး သိရှိခွင့်ရသည့်အတွက် လွန်စွာကျေနပ် ဝမ်းသာရပါတယ် ဘုရား သိရှိလေ့လာခဲ့ရသည့်အတိုင်း နေ့စဉ်ဘဝ၌လည်း လက်တွေ့ကျင့်သုံး သွားနိုင်ရန် ကြိုးစားသွားပါမည်ဘုရား မိစ္ဆာအာဇီဝ နှင့် ဒုစရိုက်များကို ခွဲခွဲခြားခြားသိခဲ့ရသည့် အတွက်လည်း လွန်စွာနှစ်ခြိုက်ရပါသည်ဘုရား မုသာဝါဒ ၊ ဖရုသဝါစာ မှ စ၍ ရှောင်ကြဉ်ကာ သမ္မာအာဇီဝ ဖြစ်သည်ထိ အမြဲကြိုးစားနေထိုင်ပါမည်ဘုရား သစ္စာဏ် ကိစ္စာဏ် ကတညာဏ်များ သိရှိပြီး ဒုက္ခသရုပ်များ သိရှိလာရ၍ ကမ္မဋ္ဌာန်းအားထုတ်သည့်အခါတွင်လည်း တရားတော်များယခင်မသိခဲ့ရသော အချိန်များထက် ယခုအခါတွင် ပို၍ရှုမြင်တတ်လာရပါသည်။ မည်သည်ကို မည်သို့ ရှုသင့်သည် ပယ်သင့်သည် ပွားများရမည်ကို သိလာခဲ့ရပါသည်ဘုရား သင်ယူသိရှိ လေ့လာခဲ့ရသော စာတွေ့များအရ မိမိဉာဏ်မှီသလောက်နှင့် အသိဉာဏ်အမြဲရအောင် သတိရှိရှိ ဝီရိယထား၍ ဗောဇ္ဈင် (၇) ပါးပွားရန် ကြိုးစားပြီး မဂ္ဂင်(၈)ပါး လမ်းစဉ်အတိုင်း ကျင့်သုံးကာ နိဝရဏ တရားများ ဖယ်ရှားကာ လောကီ လောကုတ္တရာ နှစ်ဖြာတွင် နေ့စဉ်အကျိုးရှိရှိ နေထိုင်သွားပါမည်ဘုရား။ ပိုမိုသိရှိရန်လည်း ဆက်လက်၍ လေ့လာသွားပါမည်ဘုရား 🙏🙏🙏"

ဆရာတော်ကြီးအားဦးစွာ ပထမရှိခိုးဦးတင်ပါသည်ဘုရား။ ပထမဆုံးရတဲ့ အသိက တပည့်တော်တို့ယခင်က တရားတော်စာအုပ်တွေ ဖတ်ရင် ဖတ်ဖြစ်ရုံဖတ်သလိုပုံစံမျိုးပါ ဘုရား။မှတ်မိတာကသိပ်မရှိပါဖူးဘုရား။ ဆရာတော်ကြီးမှ ယခုလိုစာမေးပွဲပုံစံမျိုး ပြုလုပ်ပေးတဲ့အခါကျတော့ တရားတော်ကိုဖတ်ဖြစ်ရုံဖတ်တာမျိုးမဟုတ်ပဲ တကယ် နားလည်အောင် မှတ်မိအောင် ဖတ်မှတ်ခဲ့ရတဲ့အတွက် အကျိုးကျေးဇူး အများကြီး ရရှိခဲ့ပါတယ်ဘုရား။နောက်ပြီးတော့မိမိရဲ့နေ့စဉ်လုပ်ငန်းတွေကိုလုပ်ကိုင်ရင်းနဲ့ စိတ်လေးထားတတ်ဖို့ကုသိုလ် ပညာ ရအောင်နေတတ်ဖို့ စီးပွားရှာရာတွင်လည်း အကုသိုလ်ကင်းပြီး ရှာတတ်ဖို့ စသည့်အချက်တွေကို သိရှိလာရပါတယ်ဘုရား။ ဒေါသဖြစ်ချိန်စိတ်တိုချိန်တွေမှာဆိုလဲ ငါဒေါသဖြစ်နေပါလား ဆိုပြီးသတိလေးကပ်မိသွားပြီး စိတ်ဖြေတတ်လာပါတယ်ဘုရား။ တရားတော်တွေကို လေ့လာမှတ်သားရာမှာလည်း ဆရာတော်ကြီးမှ အဓိပ္ပါယ်ကို ဦးကာကျော်မှာ ဘယ်လို အဋ္ဌကထာမှာဘယ်လို ဘယ်သုတ်မှာတော့ဒီလိုအဓိပ္ပါယ်ဆိုပြီး ရှုထောင့်ပေါင်းစုံကနေ ဟောပြောထားတဲ့အတွက် အသိပညာဗဟုသုတများစွာရရှိခဲ့ရပါတယ်ဘုရား။ ပရိတ်တော်တွေရွတ်ဆိုပူဇော်ရာမှာလည်း ယခင်ကအန္တရာယ်ကင်းရုံရွတ်ဆိုပူဇော်မှုဟု သိခဲ့ရသော်လဲ ယခုပရိတ်တော်ဆိုတာအန္တရာယ်ကင်းရုံမဟုတ်ပဲ သစ္စာမေတ္တာနှစ်မျိုးပေါင်းစပ်ထားကြောင်းနှင့် သံသရာမှလွတ်ရာလွတ်ကြောင်း မဂ္ဂင်၈ပါး အကျင့်မြတ်ကို ကျင့်သုံးဖို့လိုအပ်ကြောင်း သိရှိခဲ့ရပါတယ်ဘုရား။ ဗောဓိပက္ခိယတရားတော် ကိုလေ့လာရာတွင် သာသနာရဲ့အဓိပ္ပါယ် သာသနာတည်ပုံ မတည်ပုံကစပြီး အသိထူးများစွာရခဲ့ရပါတယ်ဘုရား။မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်တရားဦးမှစ၍နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီးအချိန်ထိဟောကြားခဲ့သော တရားတော်များသည် မဂ္ဂင်၈ပါး ကိုပင် ဟောကြားခဲ့ကြောင်း သိရပြီးသုတ်ပေါင်း၅၀၀၀ထက် မနည်းဟောခဲ့ကြောင်း မှတ်သားရပြီးမဂ္ဂင်၈ပါးသည် သံသရာမှ လွတ်မြောက်လိုသူတိုင်းအတွက် အရေးကြီးကြောင်းမှတ်သားခဲ့ရပါတယ်ဘုရား။အခုတရားတော်တွေကိုနာယူတာပဲဖြစ်ဖြစ်

ဖတ်တာပဲဖြစ်ဖြစ် အရင်လိုပြီးရုံမဟုတ်ပဲနားလည် သဘောပေါက်အောင် နာယူမှတ်သား မိပါတယ်ဘုရား။ တဆင့်ထက်တဆင့်လိုက်နာကျင့်သုံးနိုင်အောင်လဲကြိုးစားပါ့မယ်ဘုရား။

ဦးသိန်းဝင်း (BA Part-3)

တပည့်တော်ကြုံတွေ့ရတဲ့ အခြေအနေအရ တရားအားထုတ်လိုသည့်အခါတွင် ကြိုးစားအားထုတ်ချင်သော်လည်း ကျန်းမာရေးမကောင်းခြင်း၊ စားရေးသောက်ရေး မပြည့်စုံခြင်း ဟာတရားအားထုတ်ခြင်း အခွင့်အရေးကိုအနှောက်အယှက်ဖြစ်စေတာတွေ့ ရပါတယ်ဘုရား။ တပည့်တော်သည်ပင် ဒီအချက်(၂)ခုကြောင့် တရားစခန်းဝင် ရောက်ခြင်းကို လစဉ်မပြုလုပ်နိုင်ခဲ့ပါဘူးဘုရား။ စားသောက်ရေးအတွက် ဝင်ငွေရတဲ့ အလုပ်ကလေးလုပ်နေရခြင်း၊နှလုံး၊ဆီးကြိတ်၊ အရိုးကျည်းပေါင်းဝေဒနာများ ရှိနေခြင်း ကြောင့် တရားရှုမှတ်ပွားများခြင်းအတွက် ခက်ခဲရပါတယ်ဘုရား။ တပည့်တော်ရဲ့ဆွေမျိုး၊ မိတ်ဆွေ၊သူငယ်ချင်း အတော်များများသည်လည်း ဒီအချက် (၂)ခုကြောင့် တရားရှု မှတ်ပွားများ ခြင်း အတွက်ခက်ခဲနေကြတာတွေ့ရပါတယ်ဘုရား။ ဒီလိုဖြစ်ကြရတာဟာ သဘာဝတရား ကဖြစ်စေတာလား၊ပြုခဲ့ တဲ့ ကံအကျိုးဆက်တွေကြောင့် ဖြစ်ရတာလား၊" "နိဝရဏတရား(၅)ပါး""ရဲ့ဆို့ပိတ်မှုနဲ့ရောဆိုင်ပါသလား သိရှိလိုပါတယ်ဘုရား၊ အဓိပတိ ဆရာတော်ဘုရားကြီးမှ ရှင်းပြဖြေကြားပေးတော်မူပါဘုရား ၊ရိုသေစွာ ရှိခိုးလျှောက်ထား အပ်ပါသည်ဘုရား။"

ဒေါ်လင်းလင်းအောင် (BA Part-3)

"သုတမမ္မ ဒီပလိုမာတန်းမှသည် BA တန်းထိ တရားတော်များကို နာယူလေ့လာခွင့်ရခဲ့ပြီး နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ဓမ္မ ဗဟုသုများစွာရရှိရုံသာမက သံသရာ အတွက် ကောင်းကျိုးချမ်းသာရရှိစေရန် မည်သို့ ကျင့်ကြံနေထိုင်ရမည်ကို သိရှိနားလည် ခဲ့ရပါသည် ဘုရား🙏 ဆရာတော်ကြီးအား လွန်စွာကျေးဇူးတင်မိပါသည် ဘုရား

🙏ဆရာတော်ကြီးသက်ရှည်ကျန်းမာစွာ သာသနာ့ဝန် ခန္ဓာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား🙏"

မောင်ဇေမြတ်ဦး (BA Part-3)

BA အတန်းမှ လေ့လာသင်ကြားရသော သင်ခန်းစာများသည် တရားအားထုတ်ဖို့အတွက် များစွာ အထောက်အပြုဖြစ်ပါသည်ဘုရား။ လက်တွေ့တရား အားထုတ်ရာတွင် လိုအပ်သည့် အချက်များကို ပြည့်ပြည့်ဝဝသင်ကြားခွင့်ရခဲ့ပါသည်။ ယခုလိုသင်ခန်းစာများကိုလည်း သင်ကြားရသဖြင့် များစွာ နှစ်ခြိုက်ရအားမိပါသည် ဘုရား။

ဒေါ်အေးမာ (BA Part-3)

"ဆရာတော်ဘုရားထံ လျှောက်ထားလိုသည်မှာ- ပါရမီရှိ၍ တစ်ဖက်က အလွန်သည်းခံလေလေ အမှန်မမြင်သူများ ဘက်က ပိုဆိုးဖို့ အခွင့်အရေးရလေလေ ဖြစ်လာပါသည် ဘုန်းဘုန်းဘုရား။ တရားတော်များနာယူလျှင် သီးခံခြင်းရဲ့ ကောင်းကျိုးများသာ တွေ့ရပြီး တစ်ဖက်က အလွန် ဆိုးရွားသော အခြေနေများ မသိရှိခဲ့ရပါ။ မေတာမပျက် အလွန်အမင်း သီးခံခြင်းက ကောင်းကျိုးဆိုးကျိုးကို ဖြစ်ပေါ် စေပါသလား ဘုန်းဘုန်းဘုရား🙏🙏🙏 မွေးဖွားခြင်းအစ ပထမတွင် တစ်ခစ်ခစ်ရယ်မောခြင်း၊ မငိုခြင်း တို့သည် ဘာကြောင့်ပါလဲ ဘုန်းဘုန်းဘုရား။ မာမီက မွေးမွေးခြင်း တစ်ခစ်ခစ်နဲ့ ရယ်ပါသည်။ ရယ်မောခြင်းဖြင့်ဘဝ တစ်ခုအစပြုပြီးမွေးဖွားလာသော်လည်း အိမ်ထောင်ကျချိန်တွင် အမှန်မမြင်သူများ နှိပ်စက်ရိုက်နှက်ခြင်းခံရသော်လည်း အမုန်းမပွား မေတ္တာမပျက် သီးခံတတ်သူလည်းဖြစ်ပါသည်။ သဒ္ဒါ အလွန်ကောင်းသူလည်းဖြစ်ပါသည်။ အဘိုးနဲ့ သားတချို့ အမှန်မြင် သူများဖြစ်ပြီး အဖွားနှင့် သမီးများက အမှန်မြင်မှုအားနည်းသူများ ဖြစ်၍မကြာခဏ ပြဿနာလုပ်လေ့ရှိပါသည်။သူ့ဌေးသမီးတစ်ယောက်အနေဖြင့် ဤသို့ မတရားခံရသည်ကိုမှားသည်ဟုထင်

မြင်မိပါသည်။မာမီ အလွန် သီးခံလွန်း၍ တစ်ဖက်က အလွန်ဆိုးတာလည်း များလာပါသည်။ သီးခံ လို့ မှားသွားသည်ဟု ဆိုနိုင်ပါသလား ဘုန်းဘုန်းဘုရား🙏🙏🙏"

ဒေါ်ခိုင်သူလွင် (BA Part-3)

စာလေ့လာကျက်မှတ်ရ၍ social media ကိုအသုံးပြုချိန်လျော့နည်းလာခြင်းကြောင့် စိတ်ပိုမိုကြည်လင်လာပြီး အချိန်ကို အလကားမဖြုန်းမိစေရန် အသိနှင့် သတိကပ်လာပါသည် ဘုရား။

သိဏ်ဝင်း (BA Part-3)

ဗောဓိပက္ခိယတရားကို လေ့လာကျက်မှတ်ချိန်မှာတရားတော်ရဲ့ နက်နဲမှုကို ခံစားရပါတယ် စာဖတ်ပြီး နားလည်အောင်စဉ်းစားတိုင်း ခေါင်းအရမ်းကိုက်ပါတယ် အရင်အချိန်တွေ မှာဖြေဆိုခဲ့တဲ့ မိလိန္ဒပဉ္ဉာ၊ ဗာဝရီပုဏ္ဏားကြီးတို့ကို လေ့လာကျက်မှတ်စဉ်က ပိုပြီးလွယ်ကူတယ်လို့ ခံစားရပါတယ်၊ အစကဗောဓိပက္ခိယတရားကို အဘိဓမ္မာသင်တန်းမှာ အနည်းငယ် သင်ယူခဲ့ဖူးလို့စာကျက်ချိန်ရလွယ်မယ် ထင်ခဲ့တာ၊ အခုအရမ်းခက်ပါတယ် စာတွေကအရမ်းနက်နဲတယ် အတော်လေးကြိုးစားခဲ့ရပါတယ်၊ နိဗ္ဗာန်လမ်းကြောင်းပေါ်တင်ပေးပြီးနိဗ္ဗာန်ကိုမြင်အောင် ကျင့်စဉ်ကိုသေချာညွှန်ပြပေးထားတာတစ်ကယ်ကို နိဗ္ဗာန်လိုချင်ပြီးကြိုးစားအားထုတ်မယ်ဆိုရင် အဆင့်တစ်ခုကို သေချာရောက်နိုင်မယ် ယုံကြည်ပါတယ်၊ ဒါပေမဲ့တပည့်တော်စိတ်ထဲမှာ အတားအဆီး တစ်ခုရှိနေတယ် မဂ်ဖိုလ်နိဗ္ဗာန်ဝင်စံရမယ်ဆိုရင် တရားဟောခမ္မကထိကဘဝနဲ့ သွားချင်မိတာ၊ ပါချုပ်ဆရာတော်ဘုရားနဲ့တကွ ပညာဘူမိမှ ဆရာတော်များအား ရိုသေစွာဦးခိုက်ကန်တော့ ပါတယ် ဘုရား။

ဒေါ်ခင်သက်မော် (BA Part-3)

စာမေးပွဲအောင်စာရင်းများအား အနုဂ္ဂဟာရုံး၊ရိပ်သာတွင်ဖြစ်စေ Hard ထုတ် ကပ်ပေးပါရန် လျှောက်ထားအပ်ပါတယ်ဘုရား။

မောင်မျိုးလှိုင် (BA Part-3)

"စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်း ဗောဓိပက္ခိယ တရား၃၇ပါးတို့မှာ သညာသိမှ တစ်ဆင့် မိမိခန္ဓာကိုယ်ပေါ်တွင် တိုက်ဆိုင်စစ်ဆေးရင်း ပညာသိ ဖြစ်လာပါသည် စာသိ ပေသိကြားနာသိသဝနပဋိဝေဒမှ တစ်ဆင့် ကြားရဖန် နာရဖန် မှတ်ရဖန် ကျက်ရဖန်များလာသောအခါ ""တို့ စာထဲပါတဲ့ဟာက ဒါလေးဖြစ်မှာဘဲ ဒီလို လေးဖြစ်မှာဘဲ ကြည့်ပါဦး တို့စာထဲသင်ရတဲ့အတိုင်းကို နီဝရဏတွေဖြစ်လာတဲ့အခါ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာတွေနဲ့ ကိုယ်ခံအားကောင်းအောင်နည်းနည်းစီကျင့်ရင်း ကျင့်ရင်းမှ ဘာဝနာပဋိဝေဒဖြစ်လာပြီး ထိုမှ နိသာရဏာပဋိဝေဒဖြစ်အောင်ကြိုးစား ရပါဦးမည်"" ယနေ့မနက်တွင် ထွက်ရှိခဲ့သော အောင်စာရင်းတွင် အောင်မြင်ခဲ့သော ပျော်ရွှင်မှုထက် ရရှိခဲ့သောဓမ္မအသိ ဓမ္မပီတိ ပျော်ရွှင်မှုက အတိုင်းအတာအားဖြင့် နိုင်းဆ၍ မရနိုင်တော့ပါပေ။"

“သုတဓမ္မ နှင့်ပတ်သက်၍
အတွေ့အကြုံ/မှတ်ချက်/
အကြံပြုချက်များ”

၃။ သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်း နှင့် B.A တန်းနှင့်ပတ်သက်၍ အတွေ့အကြုံ/ မှတ်ချက်/ အကြံပြုချက်များ

(၃.၁) (Level-1)စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ

ကိုသက်နိုင် (Level-1)

စာမေးပွဲကို ဖြေတကြိမ်အစား ၄လတစ်ကြိမ် ကျင်းပပေးနိုင်လျင်ပိုကောင်းမယ်လို့ အကြံပြုလိုပါတယ်ခင်ဗျာ။ ဖြေဆိုတော့ စာမေးပွဲက ဝေးသေးတယ်ဆိုပြီး သိပ်မလေ့လာဖြစ်လို့ပါ။

မထက်ထက်အောင် (Level-1)

ဒီပလိုမာဘွဲ့လေးကို ဝတ်စုံလေးအပြည့့် BA တို့လိုမျိုး ဝတ်ရုံအပြည့့်လေးဝ တ်ချင်တာပါဘုရား ဒီပလိုမာပဲဆိုပေမယ့် ဖြတ်ကျော်ရတာတွေကမနည်းပါဘူးဘုရား တပည့့်တော်ဆန္ဒပါ။

Hnin Wit Yee (Level-1)

"အခုလိုမျိုးဗုဒ္ဓဘာသာတရားနဲ့ပတ်သတ်ပြီး ပြင်ပလူတွေအတွက်လေ့လာလိုရအောင် ဓမ္မသင်တန်းကျောင်းဖွင့်တာဟာအရမ်းကောင်းပါတယ်၊အရမ်းလည်းသဘောကျပါ တယ်။ နောက်ထပ်ဖြစ်စေချင်တာလေးရှိတယ်။ ဘာလဲဆိုတာ ဆရာတော်ကြီးရဲ့ တရား အပုဒ်တွေပဲသင်ပေးတာအပြင်၊ ကိုယ်ပိုင်ဉာဏ်၊ အတွေးခေါ်၊ လက်တွေ့အတွက် ဆွဲယူပြီး အသုံးချတက်ဖို့အတွက်ပါ သင်ပေးဖို့၊ လေ့ကျင့်ဖိုအတွက် သင်ခန်းခေါင်းစဉ် အသစ်အနေနဲ့ ထပ်တိုးစေချင်ပါတယ်။ အတွေ့ အကြုံအရ ဆိုရင် Level - 1 သာပြီးသွားတာ ဗုဒ္ဓရဲ့

သဘောတရား ကို နှလုံးသား ထဲမှာ နားမလည်ကျဖူး။ ဘယ်လိုနားမလည်ကျလဲဆိုရင် - ကုသိုလ်ကောင်းမှုလုပ်ထားလို့၊ ဒီကုသိုလ်တွေက အကျိုးပေးပြီး စာမေးပွဲ ကျမှာ မဟုတ်ဖူးဆိုပြီး လုံးဝ ယုံကြည်ထားတာပါ။ ဒီဟာကိုကြည့်ချင်အားဖြင့် သူက ဗုဒ္ဓကို ကိုးကွယ်တဲ့ အကြောင်း အရင်းက လွဲနေတယ်လို့ယူဆရပါတယ်။ ဒီလိုဖြစ်တာကလည်း လက်တွေ့ထဲကို ဆွဲယူပြီး အသုံးမချတက်လို့လို့ မှတ်ယူမိပါတယ်။ နောက်တစ်ခုအနေနဲ့ ဒီလိုသင်ကြားပေးတဲ့ ဆရာ(သို့) ဦးဇင်းတွေကိုလည်း ဆရာဖြစ်ကြောင်း အသိအမှတ်ပြု လတ်မှတ်ရထား ပြီးသားသူလည်းဖြစ်စေချင်ပါတယ်။ "

ဒေါ်ဝင်းဝင်းမြင့် (Level-1)

အဆင်ပြေပါသည်ဘုရားအလုပ်မအားသောကြောင့်ပြည့်ပြည့်စုံစုံမဖြေရ၍လွန်စွာအစစအ ရာရာတောင်းပန်ပါသည်ဘုရား။

ဒေါ်ဝါဝါထွန်း (Level-1)

"သုတမမှ ဒီပလိုမာ Level (1) အတွက် လေ့လာရသည့် တရားများမှာ များစွာ ကောင်းမွန်ပြီး တန်ဖိုးမဖြတ်နိုင်ပါ။ တပည့်တော်အနေဖြင့် အလုပ်တစ်ဖက်နှင့် ဖြေဆိုရသူမို့ ဖြေဆိုရန်အတွက် ၂၀၂၆ ဧပြီလ သင်္ကြန်တွင်းမှသာ တတရားများကို စတင် ဖတ်ရှုခြင်း၊ နာယူခြင်းများ လုပ်နိုင်ခဲ့ပြီး တစ်ပတ်တွင် ၂-၃ ရက်ခန့်သာ စာမေးပွဲအတွက် ပြင်ဆင်ကျက်မှတ် ဖတ်နိုင်ခဲ့ပါသည် ဘုရား။ သို့ဖြစ်ရာ စာမေးပွဲတွင် အချို့မေးခွန်များ၏ ပရိယာယ်ကို ကောင်းစွာ သဘောမပေါက်ခဲ့ပါ၊ သို့သော် တတ်စွမ်းသမျှ မှတ်မိသမျှ ရေးသားဖြေဆို ပူဇော်ခဲ့ပါသည်ဘုရား။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

ဒေါ်စံပယ်ဦး (Level-1)

တပည့်တော် တို့ဖြေခဲ့တာ စာလုံးပေါင်း မှားရင် တစ်ပုဒ်လုံးအတွက်အ မှတ်မရဖြစ်သွား တာလားသိချင်ပါတယ်ဘုရား။

မအိန်ဦး (Level-1)

စာမေးပွဲမေးခွန်းလေးတွေကို အရမ်းမလှည့်ပဲရိုးရိုးရှင်းရှင်းလေးတွေမေးစေချင်ပါတယ် ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်း ဆရာတော်ဘုရားကြီးချီးမြင့်တဲ့ ဂုဏ်ပြုလက်မှတ်ကိုရ စေချင်ပါတယ်။လူတိုင်းဖြေကလည်းစာမေးပွဲကိုဖြေပြီးမမှအသိကိုနည်နည်းစီပဲဖြစ်ဖြစ်ရ စေချင်ပါတယ်ဘုရား မေးခွန်းကခက်တယ်ဆိုတဲ့အသိတွေနဲ့ဝင်ဖြေတဲ့သူနည်းရင် ဓမ္မအသိ ကို လည်းရတဲ့သူနည်းကုန်းမှာစိုးလို့ပါဘုရား။

တင်တင်ကြွယ် (Level-1)

"စာမေးပွဲ ဖြေရတာအဆင်ပြေပါတယ်ဘုရား။ ပါဠိလို မကျွမ်းတော့ အဓိပ္ပါယ်နားမလည် တာပါ ဘုရား L 1ကိုပါဠိလိုမေးတာလျော့ပေးပါဘုရား။ . . ."

လွင်မိမိတင် (Level-1)

"အားလုံးအပင်ပန်းခံစီစဉ်ပေးကြပါသော ပါချုပ်ဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီး

များအားလုံးကို ရှိခိုးဦးခိုက်ပါတယ်ရှင် ကူညီပေးကြပါသော စီနီယာ လူပုဂ္ဂိုလ်များ အားလုံးလည်း ကျေးဇူးတင်ပါတယ်ရှင် "

သူဇာဌေး (Level-1)

ဖြေဆိုရသည့်အချိန် စိတ်ချမ်းသာပြီး ပိုပြီးကြိုးစားဖို့ တွန်းအားတစ်ခု ဖြစ်ပါတယ်။

ထွန်းထွန်းဦး (Level-1)

ယခုနှစ် Level (1) မေးခွန်းထဲတွင် ဆရာတော်ကြီး ဟောကြားထားသော ပြဋ္ဌာန်းစာအုပ်ထဲတွင် မပါသော အကြောင်းအရာကို ထဲ့မေးထားပါသဖြင့် စာဖြေသူအများစု ဖြေဆိုနိုင်ခြင်း မရှိယုံမျှ မကပဲ ဆိုရှယ်မီဒီယာများအပေါ်တွင် ထိုကဲ့သို့ မေးသင့် မမေးသင့် အငြင်းအခုံ ဖြစ်ပွါးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဆရာတော်ကြီး ဟောကြားထားသော တရားတော် ပြဋ္ဌာန်းစာအုပ်တွင် မပါဝင်သော ထပ်တိုးပြီးသိရမည့် အကြောင်းအရာများကို နောက်နောင် စာမေးပွဲများတွင် ရှောင်ကြဉ်ပေးပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

မွန်မွန်ခိုင် (Level-1)

"ဘဝမှာ ပထမဆုံး စနစ်ကျကျနဲ့ အေးအေးချမ်းချမ်း ဖြေဆိုရတဲ့ စာမေးပွဲပါပဲ အခန်းစောင့် ဆရာ ဆရာမတွေနဲ့ စေတနာနဲ့ မေတ္တာကိုလည်း မြင်ရသလို ဆရာတော်ဘုရားကြီးရဲ့ စေတနာ မေတ္တာနဲ့ နည်းပညာ ကျွမ်းကျင်မှုတွေကို မယုံနိုင်လောက်အောင် မြင်ခဲ့ပါတယ် နောက်level တွေကိုလည်း အစွမ်းကုန် အားထုတ် ပူဇော်သွားပါမယ်ရှင့် "

မြတ်မူယာ (Level-1)

ဒီပလိုမာL1 တန်းဖြေ ရာတွင် အသက် အရွယ်ကြောင့် စာများမမှတ်နိုင်ပေမဲ့ ၆ လလုံး အားကြိုးမာန်တက် အထပ်ထပ်ပူဇော်လေ့လာခဲ့ပသည်။လက်ရေးမှာလဲ စာမရေးတာကြာသောကြောင့် မဖတ်နိုင်မှာ စိုးရိမ်ပါသည်။ သူများတွေအတွက်မေးတော့ မပြောတက်ပါ တပည့်တော်အနေနဲ့တော့ အရမ်းကြိုးစားပူဇော်းပါသည်။ မှတ်ဥာဏ်အားနဲ့ လာသောကြောင့်လဲ ဖြစ်နိုင်ပါသည် ဘုရား။ ဘဝခရီးဝယ် တရားတော်ကို အရင်ကထဲက နာယူဘူးပါသည် အခုမှ စာအုပ်နဲ့တွဲပူဇော်သောအခါမှသာ အနှစ်သာရာ ပိုများကြောင်း သိရပါသည်။ ဆရာတော်ကြီး သက်တော်ရာကျော်ရှည်ပြီး ကျန်းမာရေးကောင်းပါစေ ဘုရား။

ချယ်ရီပိုင်(Level-1)

Online က ဖြေဆိုနိုင်အောင် စီစဉ်ပေးစေချင်ပါသည်။ မြတ်စွာဘုရားရှင်၏ အမြတ်ဆုံး သော တရားတော်များကို နာယူမှတ်သားရသည့်အတွက် ကျေးဇူးများစွာတင်ရှိပါသည်။ ဆရာတော်ဘုရား သက်ရှည် ကျန်းမာပါစေ ဘုရား

မေမျိုးအေး(Level-1)

"တရားအရသာမြည်းစမ်းပြီးသဘောကျနှစ်ခြိုက် ပီတိဖြစ်မိပါသည် ဆက်လက်ပူဇော် ချင်ပါသည်ဘုရား"

ဦးအေးမင်းဦး(Level-1)

မေးခွန်တွေသေချာမဖတ် မစဉ်းစားမိလို့ မဖြေခဲ့ရတဲ့ တရားလေးတွေရှိလို့ သတိထား ပြုပြင်ရမယ့် အတွေ့အကြုံရပါတယ်။

ဦးဇော်မင်းထွေး(Level-1)

သုတဓမ္မဒီပလိုမာ စာမေးပွဲအား စတင်ပြုလုပ်ချိန်ကတည်းက စိတ်ဝင်စားမှုရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုချိန်မှစတင်ပြီးဖြေဆိုခဲ့ရသည်။ စာမေးပွဲမဖြေဆိုခင်ချိန်မှ ယခုဖြေဆိုပြီးအချိန်ရရှိသည့် စိတ်ထဲ၌ ခံစားမှုများမှာ ပြောမပြတတ်အောင် စိတ်ထဲမှ ကြည်နူးသည့်ပီတများခံစားလာရပြီး နောက်ထပ် ထပ်ပြီး တရားစာပေများအား လေ့လာချင်စိတ်များ ကိန်းအောင်းလာခဲ့ပါသည်။

ဒေါ်ကြည်ကြည်စမ်း (Level-1)

ဒီပလိုမာ အတန်း ကြိုးစားပူဇော်ခဲ့ရတဲ့ အတွေ့အကြုံအရ တရားဓမ္မများကို ရင်ထဲနှလုံးသားထဲထိ ရောက်အောင် ကိုယ်တိုင်နားလည်ကျင့်ကြံတွေးတော ပွားများအားထုတ်နားလည်နေမှ စာမေးပွဲကို ကောင်းမွန်စွာ ပူဇော်နိုင်ပါမည်။ နောက်နှစ် Level 2တွင် လက်ရေး လှပသေသပ်စွာဖြင့် ကြိုးစားအားထုတ်ပူဇော်ပါ့မယ်ဘုန်းဘုန်းဘုရား။

ကေသွယ်ဝင်း (Level-1)

ပါဠိတွေမေးတာ ကြောက်ပါတယ်ဘုရား ... နောက်ထပ် နောက်ထပ်သော တရားအသိဓမ္မ အသိတွေကို ဆက်ပြီးလေ့လာသင်ယူပါမယ်ဘုရား။

ဒေါ်ခိုင်ဇင် (Level-1)

ဖြစ်နိုင်မယ်ဆိုရင် စာဖြေဌာနတွေမှာကပ်ထားတဲ့ Room Allocation နဲ့ Seating Plan ("စာမေးပွဲဖြေဆိုသူများအတွက် နေရာချထားမှု အစီအစဉ်") ကို တရားဝင် facebook page ကနေ စာဖြေဌာန တခုချင်းအလိုက် ၁ ရက်လောက် ကြိုတင် တင်ပေးနိုင်ရင် စာဖြေသူတွေအတွက် ပိုပြီးစိတ်အေးရမယ်လို့ ထင်မြင်ယူဆမိပါသည်။ အဲဒီ့စီစဉ်မှုကိုသိဖို့ အများစုက စိတ်စောစွာ မနက်အစောကတည်းကသွားရောက်ကြရသည်ကိုတွေ့ခဲ့ရပါသည်။

မောင်အောင်ခန့်ဝိုင် (Level-1)

သုတဓမ္မဒီပလိုမာ Level (1)ကို ဖြေဆိုခဲ့သူတစ်ဦးဖြစ်ပါသည်။ စာမေးပွဲ ကျင်းပရေးနှင့်ပတ်သက်၍ စာစစ်ဌာနများ ဒေသအနှံ့အပြား ဖွင့်လှစ်ပေးထားသဖြင့် သွား

လာရေး အဆင်ပြေခဲ့ပါသည်။ စာမေးပွဲ စည်းစနစ်ကျမှုနှင့် စာဖြေဌာနသပ်ရပ်၍ စည်းကမ်းတကျရှိမှုကြောင့် ဖြေဆိုရာတွင် အနှောင့်အယှက် ဖြစ်စရာများနှင့်မကြုံတွေ့ခဲ့ရပါ။ စာမေးပွဲမေးခွန်းပုံစံကိုလည်းပိုမိုနားလည် သဘောပေါက်ခဲ့ရပြီး level2 အတွက် ကြိုတင်ပြင်ဆင်ရန် အခွင့်အလမ်းများ ရရှိခဲ့ပါသည်။ စာမေးပွဲဝင်ခွင့်ကတ် ထုတ်ယူခြင်း အစီအစဉ် နှင့်ပတ်သက်၍လည်း အဆင်ပြေချောမွေ့စွာထုတ်ယူနိုင်ခဲ့ပါသည်။ တက္ကသိုလ် နမူနာ အမေးအဖြေစာအုပ်များ ထုတ်ဝေပေးထားခြင်းကြောင့် စာလေ့လာရာတွင် များစွာ အထောက်အကူဖြစ်ခဲ့ပြီး ဖြေဆိုရာတွင်လည်းအဆင်ပြေခဲ့ပါသည်။ ဗုဒ္ဓ တရားတော်များကို လူအများလက်လှမ်းမှီသိရှိနားလည်နိုင်မည့်ပုံစံဖြင့် စာမေးပွဲများ စိစစ် ကျင်းပပေးပါသော ဆရာတော်ကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးပင် ကျေးဇူးတင်ဂါရဝပြုအပ်ပါသည်။

ဒေါ်တင်ဇော်ဝင်း(Level-1)

သုတဓမ္မဒီပလိုတန်းစာမေးပွဲနဲ့ပတ်သက်ပြီးပထမဆုံး အတွေ့အကြုံမို့ နည်းနည်းတော့ အခက်အခဲရှိပါတယ်ဘုရား ပါဠိ စာကိုခုမှစမှတ်တော့ မေ့ပါတယ်ဘုရား ဒါပေမယ့် ယခု **(Level-1)** ကနေ BA တန်းထိရောက်အောင် ကြိုးစား အားထုတ်သွားပါမယ် ဘုရား။

တင်မူဌေး(Level-1)

မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသေန တို့၏ အမေး အဖြေများကိုသာမက ကျန်တဲ့ တရားတော်များ ကို လည်း သေချာစွာလေ့လာမှတ်သားရမည်ကို ပို၍ သတိပြုမိစေပါသည်ဘုရား

မေမြတ်မွန်(Level-1)

အတွေအကြုံအနေနဲ့ကတော့ တပည့်တော်စာဖြေကပ်လာထုတ်တော့ အိမ်မှ ခွင့်မပြု သော်လည်း အဆူခံပြီး တစ်ယောက်ထည်း ခုံနံပါတ်လာထုတ်တဲ့အချိန် ပြီးတော့လည်း လူကြီးတွေက စာဖြေတော့လည်း ခွင့်ပြုသွားပေးရော အရမ်းပျော်ခဲ့ရပါတယ်ဘုရား /အရမ်းကောင်းတဲ့စာမေးပွဲပါဘုရား အသိဉာဏ် ဗဟုသုတတွေလည်းအများကြီး ရပါတယ် ဘုရား/အကြုံပြုစရာ မလိုအောင်ကိုပြီးပြည့်စုံပါတယ် ဘုရား။

ဥူး သုမန (ခေါ်) ဦးဟိန်းသူမြင့်အောင် (Level-1)

သုတဓမ္မ စာမေးပွဲကိုဖြေဆိုရခြင်း၏ အကျိုးရလဒ်မှာ ဓမ္မအသိညဏ် မျက်စိများ ပွင့်လင်း တိုးတက်လာပြီး လောကီ /လောကုတ္တရာနှစ်ဖြာသော် အသိညဏ်ကိုရရှိပြီး လုပ်သင့်/ မလုပ်သင့် အကြောင်းအကျိုး အဆိုးအကောင်း တွေကိုတရားအသိညဏ်များရရှိလာရပါ၏ ဆရာတော် အရှင်သူမြတ် ဘုရား။

သန္တာ (Level-1)

သုတဓမ္မ စာမေးပွဲအတွက်လည်းပိုပြီးကျေးဇူးတင်မိပါတယ်ဘုရား ပုစ္ဆာကဆရာတော် ဘုရားကြီးတို့ရဲ့ဉာဏ်ပညာတွေကိုလေးစားကြည်ညိုမိပါတယ်ဘုရား။

ဟေမာန်သော် (Level-1)

လအစတိုင်း chemoဆေးသွင်းရသည့်အတွက် အခါအခွင့်အဆင်ပြေမည်ဆိုပါလျှင် စာမေးပွဲဖြေဆိုပူဇော်ရမည့်ရက်ကို ယခုအတိုင်းပင်ဆက်လက်ကျင်းပပေးဖို့ တောင်းဆို ပါတယ်ဘုရား

Aye Aye Phyu (Level-1)

အကုန်အဆင် ပြေပါတယ်ဘုရား အခန်းစောင့်ဆရာ ဆရာမလေးတွေရော ကျောင်းကသူ တွေရော စိတ်ထားကောင်း စိတ်ရှ ည် ကြပါတယ်ဘုရား။ မေတ္တာလေးနဲ့ဆကိဆံသူတွေ ဦးစားပေးသူတွေလဲအများကြီးတွေ့ခဲ့ရသလို သမီးကငယ်သေးတယ် အန်တီတို့ကို ဦးစား ပေးဆိုတဲ့သူတွေနဲ့လဲ တွေ့ခဲ့ရပါတယ်ဘုရား ဘယ်လိုဘဲနေနေ တပည့်တော်တို့ ဖြေရတဲ့ရည်ရွယ်ချက်ကလဲ ဓမ္မ အဓမ္မ, မေတ္တာ အစတို့ကို ကွဲကွဲပြားပြား သိမြင်ပြီး လက် တွေ့ကျင့်သုံးဖို့ဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့သဏ္ဌာန်ကို သူတို့ရဲ့သဏ္ဌာန်လေး အတိုင်းဘဲ ထားပြီး အသိသတိကပ်စွာ အမြဲနေဖို့ ကြိုးစားနေပါတယ်ဘုရား"

သိုက်စိုးထွန်း (Level-1)

စာမေးပွဲဖြေဆိုကြသူများတွင် အသက်အရွယ်မျိုးစုံ ပါဝင်သည့်အတွက် ပုစ္ဆာက ဆရာတော်များ အနေဖြင့် ခဲရာခဲဆစ်မေးခွန်းများထုတ်ပြန်ခြင်းထက် တရားတော်များကို အမှန်တကယ်နားလည်သဘောပေါက်မှုရှိ မရှိ သိရှိနိုင်ရေးအတွက်သာ ရည်ရွယ် မေးမြန်း သင့်သည်ဟု ယူဆပါသည်ဘုရား။

ဦးထွန်းအောင်သာ (Level-1)

စာမေးပွဲမေးခွန်းများကို သဘောကျကြိုက်နှစ်သက်ပါသည်။ သဘောတရားတခုကို မေးခွန်းပုံမတူအောင် မေးထားတာကို ပိုနှစ်သက်ပါသည်။ စာမေးပွဲကျင်းပုံလည်း နှစ်ခြိုက်ပါသည်။ Level 2 ကို ဆက်လက်ပူဇော်ချင်ပါသောကြောင့်၊ အသက်အရွယ် ရလာသဖြင့် ကျန်းမာရေးကို ပိုဂရုစိုက်ရပါအုန်းမည်။ 👏👏👏👏👏

ဦးနာရဒဇယ (Level-1)

စာချုတန်းစာဝါလိုက်နေတဲ့ရဟန်းတစ်ပါးပါ။ သုတဓမ္မကိုဖြေမယ်ဆိုပြီး ဆရာတော်ကြီး တရားတွေနာဖြစ်မှ မေတ္တာသုတ်အကြောင်းကို ကောင်းကောင်းသိသွားတာပါ။Levelတစ်ကို ပရိတ်ကြီးနှစ်သုတ်လောက်ထည့်စေချင်ပါတယ် ကျေးဇူးတင်ပါသည်။

ဒေါက်တာခိုင်ကြည်ဟန် (Level-1)

သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်း (level-1) မေးခွန်းများကို စဉ်းစားဖြေဆိုရင်း ကျက်မှတ် ပူဇော်ထားသော တရားတော်များကို ပို၍သဘောပေါက်နားလည်စေပါသည်။

ကျော်ဇင်ဝင်း (Level-1)

အောင်သည်/ ကျသည် သညောမထားပဲ ဆရာတော်ကြီး တရားတော်အား YouTube မှ နာယူ၍ ဝင်ရောက်ဖြေဆိုပါသဖြင့် အားနည်းချက်များစွာရှိပါသည်။ကုမွဏီ ဝန်ထမ်း ဖြစ်သောကြောင့် လည်း စာဖတ်ဝိုင်းများသို့လည်း မတက်ဖြစ်ပါ။ သို့ပါကြောင့် စာဖြေရာ တွင် အားနည်းချက်များရှိနေပါတယ်။အကယ်၍ မအောင်မြင်ပါကလည်း နောက်တစ်ကြိမ် ဖြေဆိုရန်လည်း အားခဲထားပါတယ်။ဆရာတော်ကြီးလည်း သက်ရှည်ကျန်းမာ ပါစေ။ သာသနာ အကျိုးဆထက်တိုး ဆောင်ရွက်နိုင်ပါစေ။

ဒေါ်အောင်အောင်အေး (Level-1)

တပည့်တော်က Level (1) ဖြေပါသည် အရှင်ဘုရား အထက ၁ အင်းစိန်ဧရာဆောင်မှာ ဖြေရပါသည်အရှင်ဘုရား ဆရာမများလည်းအဆင်ပြေပါသည်စာမေးပွဲဖြေကျောင်းသား များ ငြိမ်သက်စွာဖြေပါသည်ဘုရား တပည်တော်ကလက်ရေးနှေးသည်းအတွက် အချိန်မ လောက်ပါဘုရား မေးခွန်းကို နည်းနည်းစဉ်စားရတဲ့အချိန်လည်း ၁၅မိနစ်လောက်လို ချင်ပါသည် ဘုရား။ စာမေးပွဲဖြေဆိုပြီးသားကျောင်းသားများ ဆူညံပွတ်လောရိုက်သံ

တွေ့ကြားရပါသည်။ ဆရာမများကမထိန်းပါဘူးရှား။ အပြစ်ပြောတာမဟုတ်ပါဘုရား တိတ်ဆိတ် စေချင်တာပါဘုရား။

ဒေါ်နှင်းဦးခိုင် (Level-1)

အခုဖြေတဲ့ Level(1)မှာစာကို self-study ဘယ်လိုကျက်ရမယ် မေးခွန်းဘယ်လို မေးတတ်လဲနားလည်ပြီမို့ နောက် level တွေဒီထက်ပိုကြိုးစားပါမယ်။

ဒေါ်သန္တာဖြူ (Level-1)

စနစ်ကျန ပြည့်စုံပါသည်။ ပြဋ္ဌာန်းစာအုပ်ကိုနှံ့စပ်အောင်လေ့လာမှ ဘယ်လိုမေးခွန်း လာလာဖြေဆိုနိုင်ပါမည်။

ဒေါ်နုနုမေ (Level-1)

ဖြေဆိုရာတွင် စာမေးပွဲ ခုံနံပါတ် ကြည့်ရှုသည်မှစ၍ ဖြေဆိုပြီးသည်အထိ အလွန်တရာ ကောင်းမွန် လွယ်ကူ စံနစ်ကျသော နည်းလမ်းဖြင့် လုပ်ဆောင်ဖြေဆိုရသည့်အတွက် အတွေအကြုံကောင်းများရရှိပါသည်ဘုရား။

ဦးချမ်းငြိမ်းအောင် (Level-1)

ကြည်နူးစရာကောင်းတယ် အောင်တာမအောင်တာထက် ဗုဒ္ဓတရားတော်တွေကို ဖြေခွင့်ရလို့ ခုက (Level-1) ဖြေထားတာ ကျရင်လဲဆက်ပြီး ဖြေသွားမှာ ဖြေနေရင်း စိတ်က ဝမ်းမြောက်ဝမ်းသာအရမ်းပိတိဖြစ်ရတယ်ဘုရား။

နိုင်လင်းကျော် (Level-1)

ပထမဆုံးဖြေချင်ဆိုတော့အတွေ့အကြုံများကြီးရပါတယ်ဘုရားအောင်ခွဲရင်လည်းတွဲထိတက်မှာပါဘုရား။

မကူသလ (Level-1)

"သုတဓမ္မ ဒီပလိုမာတန်းကို ဖြေဆိုနိုင်ရေး အစစ အရာရာ ပြည့်စုံစွာ စီစဉ်ပေးကြပါသော အလှူရှင်များနှင့် ဝေယျာဝိစ္စဟာဝ်ဆောင်ရွက်ပေးကြပါသော ပုဂ္ဂိုလ်များကို သာဓု သာဓု သာဓု ခေါ်ဆိုအပ်ပါတယ် ဘုရား။ တပည့်တော်ကတော့ ဆရာတော်တရားတွေက အနှစ်သာရများစွာကို အခြေခံကျကျ ဖွဲ့စည်းထားလို့ ကမ္ဘာတစ်ဝှမ်း ပျံ့နှံ့ပြီး နိုင်ငံတကာက လေ့လာလို့ရအောင် english version နဲ့လည်း ကျင်းပပေးစေလိုပါတယ် ဘုရား ။"

Daw Kyu Kyu Htwe (Level-1)

"သုတဓမ္မစာမေးပွဲ ကျင်းပပေးခြင်းဖြင့် ဗုဒ္ဓဘာသာအကြောင်း ပိုမိုသိရှိနားလည်သူတွေတိုးလာမှာ အမှန်ပဲမလို့ ဝမ်းမြောက်မိပါသည်အရှင်ဘုရား။"

မပုန်းညက်ခိုင်မင်း (Level-1)

"အခုမှ Diploma Level (1) ဖြေပြီးတာပါ အင်းစိန် အ.ထ.က (၁) ကျောင်းမှာ ဖြေရပါတယ်

အကြံလေးများပြုချင်တာကတော့ အခန်းစောင့်ဆရာတွေကို စည်းမျဉ်းစည်းကမ်းတွေပြောပြထားပေးစေပါတယ် ရှင့် (ဥပမာ.. အမှတ်ပေးမယ့် နေရာ ညာဘက် မျဉ်းကို ကျော်ပြီး လုံးဝမဖြေရတို့၊ တစ်ပုဒ်ပြီး တစ်ပုဒ် မျဉ်းတားပါတို့၊)အဲလိုလေးတွေ ပြောပြပေးစေချင်တာပါရှင့် ၊ တချို့ဆို အဲလိုလေးတွေမသိခဲ့တော့ ဖြေနိုင်ရက်သားနဲ့ အမှတ်မရတာ

တွေ၊ စာမေးပွဲကျတာတွေတောင် ရှိနေကြလို့ စိုးရိမ်မိပါတယ် ရှင့် အဲဒါလေးပဲ အကြံပြု ချင်ပါတယ် ကျန်တာ အားလုံး အဆင်ပြေပါတယ်ရှင့် "

Daw Aye Myat Mon (Level-1)

"ကျေးဇူးရှင်တွေကို မြင်ယောင်ပြီးကျေးဇူးဆပ်ချင်စိတ်များပြီးစိတ်လှုပ်ရှားခဲ့ရပါတယ်။ ဆရာတော်ကြီးရဲ့မေးခွန်းကိုဖတ်တဲ့အချိန်မှာ ဆရာတော်ကြီးနှင့် တွေ့ဆုံခွင့်ရပြီဟု ခံစားခဲ့ရပါသည်။"

အေးမိုးအောင် (Level-1)

"တပည့်တော်တို့သည် လောကီ ဝန်ထမ်းဘဝမှ စာဖြေခွင့်ရသည်မှာ အဖိုးတန်လှပါသည် ဘုရားစာမေးပွဲ ရက် စနေ တနင်္ဂနွေ မို့သာ ဖြေ ၍ အဆင်ပြေတာပါ ဘုရား ပညာဒါန သင်တန်းပို့ချပေးနေသော်လည်း တပည့်တော်တို့လက်လှမ်းမမီ၍ ပြဌာန်းစာအုပ်ကို Page မှ download ဆွဲခြင်းတရား အသံဖိုင် download ဆွဲခြင်းပြုပြီး ကြိုးစားအားထုတ်ပါသည် ဘုရား တပည့်တော်သည် ပါဠိအတန်း တစ်ခု တွဲဖက်တက်နေသဖြင့် ပါဠိအရေးအသားပိုင်း အခက်အခဲ နည်းပါသည်ဘုရားအဘိဓမ္မာ အသိ နည်းပါဖြင့်ကြိုးစားလေ့လာပါသည်ဘုရား Level (1) အောင်မှတ်ရပြီဟု ယုံကြည်မိ၍ Level (2) စာရွာ ထားပါသည်ဘုရား တပည့်တော် တို့ ဧရာ ၂ စာစစ်ဌာန မှာ ဆရာတော်များ အခန်းစောင့်၍ တပည့်တော်တို့ စာဖြေရတာ စိတ်ချမ်းသာပါသည်ဘုရား"

ဒေါ်တင်ဇာနွယ် (Level-1)

အတွေ့အကြုံကတော့ Level (1) မှာ နည်းနည်းပေါ့ဆခဲ့လို့ level 2ရောက်ရင် ပိုကြိုးစား ရမယ်ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်ဘုရား။

ဦးမြင့်သန်း (Level-1)

ဓမ္မအသိ၊ဗဟုသုတရပါသည်။ပါဠိလိုဖြေဆိုရမည့်မေးခွန်းအတွက်ခက်ခဲမှုရှိပါသည်။

ဦးမြင့်ဦး (Level-1)

စီးပွါးရေး၊ လူမှုရေးကိစ္စများနှင့် မအားလပ်သူများအတွက် မြတ်စွာဘုရား တရားတော်များကို လွယ်ကူပေါ့ပါးစွာ သိရှိနိုင်ရန်နှင့် ဖြေဆိုနိုင်ရန် စီစဉ်ထားသည့်အတွက် တရားတော်များကို သိရှိလိုသူများအတွက် အလွန်ကောင်းသည့် သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်း ဖြစ်ပါသည်ဘုရား။ 🍀 🍀 🍀 🍀 🍀 "

ဒေါ်အေးအေးမြတ်ဝင်း (Level-1)

တန်ဖိုးမဖြတ်နိုင်တဲ့စာမေးပွဲတွေကိုနှစ်စဉ်အောင်အောင်မြင်မြင်ကျင်းပနိုင်ပြီး ဓမ္မအသိအမြင ်တွေတိုးပွားနိုင်ကြပါစေလို့ဆုတောင်းလိုက်ပါတယ်ဘုရား။

ဒေါ်သန္တာစော (Level-1)

ဘားအံ စာစစ်ဌာန(၁) မှ ဖြေဆိုခဲ့ပါသည်။ အဆင်ပြေချောမွေ့စွာ ဖြေဆိုခဲ့ရပါသည်။ နောက်တဆင့် အတွက် စာအုပ် ဓမ္မဒါနအလှူရှင်များအား သာဓုခေါ်ဆို မေတ္တာပို့ရပါသည်။

အိအိခိုင် (Level-1)

စာမေးပွဲဖြေ ကတ်ထုတ်တဲ့အချိန်မှာ ပထမဆုံးရက်သွားမိလို့လားမသိဖူး လူများပြီး စိတ်ရှုပ်ခဲ့ရပါတယ်ရှင်။

ဒေါက်တာမူမူမြင့်(Level-1)

"ဆရာတော်ဘုရားကြီးနှင့်တကွ စာမေးပွဲပြီးမြောက်သည်အထိ အစစအရာရာဝိုင်းဝန်းကူညီပံ့ပိုးခဲ့သော ဓမ္မမိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုး လိုအင်ဆန္ဒများပြည့်စုံကြပါစေ။"

ဒေါ်ခင်နှင်းသူ(Level-1)

"မေးခွန်း သဘောတရားကို သေချာ နားမလည်သေးလို့ထင်ပါ၍ သေချာ မဖြေနိုင်ခဲ့ပြီး အပြင်ရောက်မှဒါတွေက သိပြီးသားတွေဖြစ်နေပါတယ်ဘုရား။ ဒီစာမေးပွဲကိုဖြေခွင့်ရတဲ့ အတွက် ဆရာတော်ဘုရားကြီးနှင့်တကွ သုတဓမ္မ ကဆရာတော်များ အားလုံးနှင့်ဝေရာဝစ္ဆ အဖွဲ့အားလုံး ကျေးဇူးတင်ရပြီးရှိခိုးကန်တော့ပါ၏ဘုရား"

ဒေါ်အေးမမ (Level-1)

အတွေ့အကြုံ ဗဟုသုတ မြောက်များစွာရရှိပါသည်။သို့သော် အတန်းစဉ် မြင့်လေ ဉာဏ်ပို၍ သုံးရလေဖြစ်ပြီး ဆရာ မပြ နည်းမကျဆိုသကဲ့သို့ အတန်းစဉ် level မြင့်လာပါက ကိုယ်တိုင် self study လုပ်ရုံမျှဖြင့် လုံလောက်ပါ့မလားဟု စိုးရိမ်ပူပန်မှုရှိရပါသည်ဘုရား။ ယခုမူ ဆရာတော်ဘုရားကြီး၏ အသံတော်နှင့် ပြဋ္ဌာန်းစာအုပ်ကိုသာအသုံးပြုပြီး ဝင်ရောက်ဖြေဆိုခဲ့ခြင်းဖြစ်သည့်အတွက်အနည်းငယ်လိုအပ်ချက်လေးများကြုံခဲ့ရပါသည် ဘုရား။ ရောက်ရှိနေရာ အရပ်မှာလည်း လိုင်းသုံးစွဲမရသည့်အချိန်မျိုး၊ တရားဓမ္မ ပူဇော်လျှဒါန်းရာ သင်တန်းကျောင်းများနှင့်အလွန်ဝေးခြင်းကြောင့် အခက်အခဲ ရှိလှပါသည် ဘုရား။ သို့သော်ငြား အကောင်းဆုံး ပူဇော်ပါမည်ဘုရား။

ဒေါ်ခင်မျိုးမြတ်ဦး Level(1)

အကြံပြုလိုသည်မှာအသက်အရွယ် အလွန်ငယ်လွန်းသူများပါနေခြင်း။ အသက်ကြီးသူ စာဖြေသူများကို ကိုရင်များပြောပြခြင်း ကျူရှင်တက်သူများဖြေဆိုနိုင်ခြင်း အမေး ဘုရားလောင်းဖြစ်နေခြင်း။

U Sai Thi Ha Oo (Level-1)

Level (1) ဖြေဆိုပြီးသော ကျွန်တော့်အတွက် စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ဖြေဆိုရချိန် များအားလုံး အဆင်ပြေလှတယ်ဘုရား၊ သို့သော်လည်း တပည့်တော်၏ ကိုယ်ပိုင် အမြင်အရ ပလွင်ခွေ၍ ဖြေဆိုရသော စာဖြေခုံများထက် သက်တောင့်သက်သာ ထိုင်၍ ဖြေရသော ယနေ့ခေတ် ကျောင်းသုံး ထိုင်ခုံများဆိုလျှင် ပို၍ ကြာရှည်ထိုင်ဖို့နှင့် ကျန်းမာရေးအတွက် ပို၍ကောင်းမည်ဟု ထင်မြင်မိပါသည်။ မိမိနှင့်အတူ ဖြေဆိုသူများ၏ ပြောကြားချက်အရ ကြာကြာထိုင်ဖြေရန် ခက်ခဲသလို ခါးနာသည်ဟု ကြားသိရပါသည်။

မောင်နောင်ထက်အောင် Leve(1)

ကျွန်တော်သည်ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် မေးခွန်းများဖြေဆိုရာတွင် ပါဠို များပါလာမည်ဟုမထင်သည့်အတွက် သေချာမကျက်ခဲ့ပါ ထို့ကြောင့် ဖြေဆိုရာတွင် ပါဠိလို ရေးရာ၌စာလုံးပေါင်းသတ်ပုံမှားခဲ့ရပါသည်။ထို့ကြောင့်နောက် Level များဆက်လက် ဖြေဆိုရာတွင် ပါဠိများကိုပါသေချာကျက်မှတ်ရန်လိုပါသေးသည်ဟု အတွေ့အကြုံများ ရရှိခဲ့ပါသည်။

ဒေါ်စောလီမော် (Level-1)

"စာမေးပွဲ စနစ်တကျ ဖြေဆို နိုင်အောင် အဖက်ဖက် မှ လိုလေသေးမရှိ စီစဉ်ပေးပါ၍ ကျေးဇူးတင်ပါသည် ရှင့်။"

ရတနာ (Level-1)

Level1သမားတွေကအခုမှစဖြေတာမို့ အဖြေလွှာတွေကို အပြစ်လျှော့ပေါ့ ပေးစေချင်ပါတယ် ဒါမှလည်း စိတ်ဓာက်မာပြီး ဆက်ဖြေကျမှာပါ။

ဒေါ်သီတာသန်း(Level-1)

"စာမေးပွဲ ဖြေပြီး နေ့ချင်း အဖြေ များကို လူမှု ကွန်ရက်မှာ ဖော်ပြကြသည်မှာ မဖြေနိုင် သူများကို မငဲ့ညှာ မသနားရာ ကျပါသည်ဘုရား။ တစ်လ၊နှစ်လ တန်သည် စောင့်ဆိုင်းသင့်ပါသည်ဘုရား။ ခန့်မှန်းအဖြေ သိစေလိုသောစေတနာကို နားလည်ပါသည် ဘုရား။ သုတခမ္မ ဒီပလိုမာ သင်ရိုး course တရားတော်ခေါင်းစဉ်များကို ၂-၃ နှစ် တစ်ကြိမ် ပြောင်းလဲခြင်း၊ ခေါင်းစဉ် အသစ် ၂-၃ ခု လဲလှယ်ထည့်ခြင်းများ ပြုလုပ်စေချင် ပါသည် ဘုရား။ သို့မှသာ ရပြီးသား ပုဂ္ဂိုလ်များ မေးခွန်းအသစ်အဆန်း ထွင်ကြသည်များလည်း နည်းသွားမည် ထင်ပါသည်။ အသစ် စတင်လေ့လာနေသူများ ကို စိတ်ဖိစီးမှု နည်းပါး စေပါသည်ဘုရား။ ဦးတင်ပါသည်ဘုရား။"

ဒေါ်ခင်မာဇင် (Level-1)

"မေးခွန်းများနှင့်ပတ်သက်၍ ဆရာတော်ဘုရားများသည် စကားအသုံးအသုံးအနှုန်း ဝေါဟာရ ကြွယ်ဝနေမှုတို့မှာ တပည့်တော် တို့အတွက် နောက်ထပ် လေ့လာစရာ တိုးပါ တယ်ဘုရား။ လောကီရေးရာတွင် ပညာရေးဖြင့် အသက်မွေးရသူဖြစ်သည့် အားလျော်စွာ မေးခွန်းထုတ်ခြင်းသည်လည်း ရင်းနှီးနေသော မိတ်ဆွေသဖွယ်ပါ

တပည့်တော်တို့ ကလေးများအတွက်ဆိုရင် အောင်ရမည် အတိအကျဖြစ်နိုင်သော အောင်မှတ်မေးခွန်းပါကို ပါအောင် မေးထားပေးရပါသည်။ အလယ်အလတ်နှင့် ဂုဏ်ထူးများ အတွက် ယခုကဲ့သို့ တိုက်ရိုက်မဟုတ်သော ကွေ့ဝိုက်သော စကားလုံးများဖြင့် မေးပေးရသည့် သဘော သဘာဝတူနေပါသည် ဘုရားးး။ မတူသည်မှာ အောင်မှတ် ၄၀/၅၀ နှင့် ဂုဏ်ထူးအတွက် အပုဒ်တိုင်းတွင် ၃/၄ မှတ်ဖိုး လှည့်ထားသော မေးခွန်းများ ပါနေသည့်အတွက် ပြဌာန်းစာအုပ် ကျကျညက်ညက်လေ့လာ ဆရာတော်ဘုရားကြီး တရား ၅ ပုဒ် အမြဲမပြတ်လေ့လာသူအတွက်မှသာ ဂ၀/၈၀ ပတ်ချာလည် ရဖို့ရာ အားထုတ်ကြိုးပမ်းရတာမျိုး ဖြစ်နေပါတယ်ဘုရား သို့ဖြစ်ပါ၍ ဂုဏ်ထူးနှင့်ထိုက်တန်သော ကြိုးပမ်းအားထုတ်မှုမျိုး တပည့်တော်တို့ ထပ်မံအားထုတ်ရမည်ဟူသော အသိလေးတိုးလာပါသည်။ ဆရာတော်ကြီးများအားလုံး ကျေးဇူးကြီးလှပါသည် ဘုရား။ သက်တော်ရာကျော်ရှည်ကြပါစေ ဘာသာ သာသနာ့အကျိုး ဒီထက်မက သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ဘုရား။

ဒေါ်နဒီလှိုင်း (Level-1)

"အတွေ့အကြုံ"တရားတွေနာရင်း တပည့်တော်မ မေတ္တာ၊ ကရုဏာ၊ မုဒိတာ နဲ့ ဥပေက္ခာ တရားတို့ကို လက်တွေ့လိုက်နာကျင့်သုံးနိုင်လာပါတယ်ဘုရား။ အမှားအမှန် ကိုလည်း ကိုယ်တိုင်သေချာသိတဲ့အချက်ပေါ်မှာပဲ ဆုံးဖြတ်တော့ပါတယ် ဘုရား။ "မှတ်ချက်"" အခြေအနေဆိုးတွေအောက်မှာ အကောင်းဆုံး စိတ်ခွန်အားနဲ့ စိတ်တည်ငြိမ်မှုကို ပြန်လည်ရရှိနိုင်စေတဲ့ ဓမ္မတွေကို ရရှိစေပါတယ် ဘုရား။ ကျေးဇူးကြီးမားလှပါတယ် အရှင်ဘုရား။"

မဆွေဆွေနိုင် (Level-1)

ထို့ကြောင့် ပင်စင်ပြီးမှ တရားဘက် လိုက်စားခြင်းထက် အလုပ်လုပ်နေရင်း ဆရာတော်ဘုရားကြီး၏ တရားများကို နေ့စဉ်ရသည့် အချိန်လေးကို နာတရားဖြင့်သာပူဇော်ရင်း

စာအုပ်ကို သေသေချာချာဖတ်ဖြစ်ခဲ့သည်မှာ နှစ်ပတ်ဖြင့် ပူဇော်ခဲ့ရပါသည်။ ဖြေမည့် နေ့တွင်လည်း ရုံးအလုပ်ကိစ္စများ မဖြစ်မနေလုပ်ခဲ့ရပါသည်။ စိတ်ကို မကျေနပ် စိတ်မဖြစ်အောင်ထားပြီးလုပ်ပေးခဲ့ပြီး ဖြေခဲ့ရပါသည်။ ဖြေမှဖြေနိုင်ပါ့မလားဟု တွေးမိ သောအခါ ဘုရား၏ဂုဏ်တော်များကို ပူဇော်ပြီးဖြေခဲ့ပါသည်။ ဖြေခါနီး စာများကို တစ်ခေါက် ပြန်ကြည့်ဦးမည် မှန်းထားသော်လည်း ပြန်မဖတ်ခဲ့ရဘဲနဲ့ ဖြေဆို ပူဇော်ခဲ့ ပါသည်။ နေ့စဉ် တရားနာသည့် အတွက် ဖြေဆိုနိုင်ခဲ့ပါသည်။

ဒေါ်မေသက်ဇွန် (Level-1)

ဆရာတော်ဘုရား သက်တော်ရာကျော် ရှည်ပါစေ ဆုတောင်မေတ္တာ ပို့အပ်ပါသည်။

ပပထွန်း (Level-1)

အတွေ့အကြုံ ကတော့ စာတွေကိုရေးမကျတ်ခဲ့တော့ အဖြေကိုသိသော်လည်း အစဖော်မရ ဖြစ်ခဲ့ပါတယ်။စာလုံးပေါင်းတွေမှာတယ်။

မခိုင်ထက်ဝေ(Level-1)

သုတဓမ္မပြဋ္ဌာန်းချက်များကိုလေ့လာဖြေဆိုခြင်းမှာတရားတော်များကို လက်တွေ့ဘဝ တွင်နားလည်အသုံးချပြီး ပစ္စုပ္ပန် သံသရာကောင်းကျိုးရရှိရန်ရည်ရွယ်ပါသည်. ပါဠိဘာသာ ကို သင်ယူလေ့လာခြင်းမဟုတ်ပါ. ထို့ကြောင့် ပါဠိစာပိုဒ်များ အလွတ်ကျက် ရေးသား ဖြေဆိုနိုင်ခြင်းထက် ပါဠိလိုရေးသားထားသောတရားတော်များကို နားလည် လိုက်နာ နိုင်အောင် ကြိုးစားခြင်းကသာပို အရေးကြီးသည်ဟုထင်မြင်မိပါသည်

မမို့မို့ဇင်(Level-1)

တပည့်တော် ပြဌာန်းစာအုပ်ကိုဖတ်ပြီး တရားတော်ကို အဖန်ဖန် နာယူမှတ်သားပြီး ဖြေဆိုခဲ့ပါတယ်ဘုရား သင်တန်းတက်စရာမလိုခဲ့သလို အရမ်းမခက်ခဲတဲ့အတွက် တကယ်ကို အဆင်ပြေခဲ့ပါတယ်ဘုရား။ သုတမမ္မကိုဖြေဆိုပူဇော်ခွင့်ရတာ ဘဝရဲ့ အကောင်းဆုံးပါဘုရား။" စာအုပ်ကိုအကြိမ်များစွာဖတ်ပါသည်။ မေးခွန်းဟောင်းကိုလည်း တစ်ကြိမ် နှစ်ကြိမ် လေ့လာခဲ့ပါသည်။ အဲဒီတုန်းကလည်းနားလည်ဖို့ခက်လှပါသည်။ ဒါကြောင့် AI နဲ့ပါ မေးခွန်းလုပ်ပြီး အဖြေတွေလေ့လာပါသည်။ ကွန်ပြူတာနဲ့ပါပြုစုပါသည်။ AI အကူအညီနဲ့ပါ။ ဒါကလည်း ပိုမိုနားလည်စေချင်လို့ပါ။ ဝါယမထုတ်ရင်း ကုသိုလ်စိတ်၊ မေတ္တာစိတ်ဖြစ်လုပ်ဆောင်ပါခဲ့ပါသည်။ လိုင်းပေါ်မှာရှိသော တရားတော်များ ကိုလည်း နာကြားပေးပါသည်။ နားလည်သဘောပေါက်ပါသည်။ မေးခွန်းတွေကတော့ အရမ်းလေးနက် ပါသည်။ လွယ်သယောင်နဲ့ခက်ပါသည်။ စဉ်းစားစရာများစွာလည်းရှိပါသည်။ သူအပိုင်းနဲ့သူအစဉ်အလိုက်လုပ်ထားလို့တော့ခေါင်းစဉ်ငါးမျိုး ၂ပုဒ်စီ၊ အစဉ်အလိုက်လာလို့တော်သေးသည်။ ဒါပေမယ့် တကယ် လက်တွေ့ကျတော့ အလွတ်ရေးသား ရသည်က မိမိစိတ်သန္ဌာန်မှာ ပေါ်လာတဲ့အရာကို မှန်ကန်စွာရေးချဖြေဆိုဖို့ကတော့ အခက်အခဲများစွာရှိခဲ့ပါသည်။ အကြောင်းအရာစီလျော်ဖို့၊ စာလုံးပေါင်းသတ်ပုံ၊ ပါဠိအက္ခရာ တွေက ထင်ယောင်ထင်များဖြစ်သည်။ ရှေ့မေးခွန်းအပုဒ်မှာ အကြောင်းအရာ ကိုဆီလျော်အောင် ဖြေဆိုဖို့ စဉ်းစားနေရတော့အချိန်တွေက ကုန်သွားပြီး၊ နောက်မှာက အချိန်မရတော့ အမြန်ရေး- ပူဇော်ခဲ့ရပါတယ်။ မေးခွန်းတွေကို သေချာမဖတ် နိုင်တော့ဘဲ တွေ့တာနဲ့ အမြန်ဖြေလို့ မှားကုန်တာတွေဖြစ်ခဲ့ပါတယ်။ တစ်ချို့မေးခွန်းတွေ လည်းနားမလည်တော့ဘဲ မိမိထင်မြင်ချက်များကိုလည်း ဖြေဆိုခဲ့ပါတယ်။ ဖြေဆိုသူ၏ အယူအဆ၊ အမှတ်သား၊ ဥဏ္ဍာပညာစမ်းသပ်မှု၊ သဘာဝသဘောတရားတွေကိုဖော်ပြဖို့ကို အခွင့်အလမ်း များစွာပေးထားခဲ့ပါသည်။ ဘဝအတွက်တန်ဖိုးမဖြတ်နိုင်တဲ့အခွင့်အရေး များစွာရရှိခဲ့ ပါသည်။

မှတ်ချက်

၁။ သေချာမှတ်သား၊ လေ့လာရမယ်၊ လေ့ကျင့်ရမယ်။ ပွားများအားထုတ်မယ်။ လက်တွေ့ခံစားမှု၊ သိရှိနေမှတာ လွယ်ကူစွာဖြေဆိုနိုင်မှာဖြစ်တယ်လို့ မှတ်ချက်ပြုပါတယ်။

၂။ နက်ရှိုင်းသည့်မေးခွန်းများဖြစ်ကြောင်းမှတ်ချက်ပြုပါသည်။

အကြံပြုချက်

၁။ တပည့်တော်အနေနဲ့ကတော့ အကြံပြုချင်တာကတော့တစ်မှတ်တန်လေးတွေ၊ ရွေးချယ်စရာလေးတွေ၊ နဲ့ စုံစုံလင်လင်တော့မေးစေချင်ပါတယ်။ ဘာကြောင့် ဆိုတော့ တစ်ချို့ကတော့ မိမိပိုင်နိုင်တာလေးတွေက အချက်အလက် အတိုကောက်လေးတွေလည်းဖြစ်နေလောက်ပါတယ်။

၂။ ပုဒ်စာကြီးလာတယ်။ မိမိကမသိတော့ရင် (သို့) နားမလည်တော့ရင် ဘယ်လိုမှ အမှတ်မယူနိုင်တော့ပါဘူး။ မှားတာများပါရင်လဲ ခွင့်လွတ်တော်မူပါအရှင်ဘုရား။ လေးစားဂုဏ်ယူ မိပါသည်အရှင်ဘုရား။ သဘာဝတရား သုတဓမ္မပညာဆိုတာ အရမ်းကျယ်ပြန့်၊ နက်ရှိုင်းလှပါသည်အရှင်ဘုရား။

မခင်ဆွေသက် (Level-1)

ဓမ္မနဲ့ပတ်သတ်ပြီး ပထမဆုံးအတွေ့အကြုံ ဖြစ်လို့ အများကြီးစိတ်လှုပ်ရှားခဲ့ပါတယ် မေးခွန်းဖတ်ပြီး စာတွေလည်းမေ့သွားခဲ့ပါတယ် စိတ်ငြိမ်အောင်အရင်လုပ်ပြီး သိသမျှ ဖြေဆိုခဲ့ပါတယ် အားရမှုတော့မရှိခဲ့ပါ ဓမ္မကိုပူဇော်နေတာပဲ အသိပညာရပ်တခုကို သိခွင့်ရခဲ့တာပဲဆိုတဲ့ စိတ်နဲ့ ဝမ်းမြောက်စွာဖြေဆိုခဲ့ပါတယ်။

မခိုင်လွင်ဦး Level(1)

စာမေးပွဲကျင်းပပေးတာအလွန်ကောင်းမွန်ပါသည်ဘုရား။တရားတော်များကိုအာရုံစိုက်နာကြားခြင်းကြောင့် တရားအသိတွေပိုမိုတိုးပွါးရပါသည်ဘုရား။

ယဉ်ယဉ်ဦး (Level-1)

ဗုဒ္ဓဘာသာဝင်တိုင်း လေ့လာသင့်သောအရာ ဖြစ်သည်ဟု မြင်မိပါတယ်ဘုရား။ မိမိရ သလောက် ပူဇော်ခွင့်ရလို့ ကြည်နူးမိပါတယ် ဘုရား။ ဒီထက်မက ကြိုးစားသွားပါ့မယ် ဘုရား။

မသူသူအောင် (Level-1)

တပည့်တော်က စာအုပ်ဖတ်တယ် တရား နာပါတယ် ဘုရား စာအုပ်ဖတ်ရင်းနဲ့ တစ်ချို့နေရာလေးတွေကျ ဘာကို ဆိုလိုချင်မှန်းမသိဘဲ မျက်စိလည်သွားတာမျိုးတော့ ရှိပါတယ် ဘုရား။

မအိမွန်ဖြိုး Level(1)

"အတွေ့အကြုံအားဖြင့်ကတော့ တခြားစာမေးပွဲတွေနဲ့ မတူတာကတော့ အမှန်ပါ ကျောင်းစာမှာဆို မေးခွန်းကိုတစ်ခေါက်ဖတ်ရုံနဲ့နားလည်ပေမယ့် ဒီမေးခွန်းကိုတော့မှား မှာလည်း ကြောက်တာကြောင့် အထပ်အထပ်အခါခါ ဖတ်ခဲ့ရပါတယ် ဒါတောင် လွဲနေခဲ့တာလေး တွေရှိခဲ့ပါတယ် ကျောင်းစာမေးပွဲကစိတ်ပူပန်ရပေမယ့် ဒီစာမေးပွဲက စိတ်တည်ငြိမ်ရပါတယ် အချိန်တွေလည်းအများကြီးရတာမို့ စိတ်အေးချမ်းစွာ ဖြေဆိုခဲ့ ရပါတယ်ဘရား 🍀 "

ဒေါ်အေးမြကျော့ (Level-1)

"ယခုမှ စတင်သင်ယူမိ၍ မှတ်ညဏ် ယခင်လိုမကောင်းတော့သည်ကတမျိုး၊ ကျန်းမာရေး ချို့တဲ့မှုက တမျိုးကြောင့် မိမိကိုယ်ကို အားမလိုအားမရတော့ဖြစ်ရပါသည် ပါဠိ စာပေများ

ရေးမှတ်ကျက်သော်လည်း စာမေးပွဲခန်းမဝင်ဖြစ်သည်မှာ နှစ်အတော်ကြာပြီဖြစ်၍ စိတ်လှုပ်ရှားပြီး ပို၍မေ့ကုန်သည်ကိုတော့ ခံစားရပါသည်။

မဆုမြတ်နိုးဦး (Level-1)

စာမေးပွဲဖောင်တင်ချိန်မှ အနီးကပ်သိပြီး ဖောင်တင်ပြီးနောက်ပိုင်းမှ လေ့လာခဲ့သောကြောင့် စာမေးပွဲမဖြေနိုင်မှာစိုးရိမ်မိပြီးစာတွေအရမ်းလေ့လာခဲ့ပါတယ်။ မအောင်မှာလည်း စိုးရိမ်စိတ်ဝင်ခဲ့ပါတယ်။ စာလေ့လာရင်းမှ ဖြေနိုင်သည် မဖြေနိုင်သည်ထက် စာထဲမှ မှတ်သားရမည့်အရာများကိုသာ စိတ်ထဲသွင်းပြီး ပြုမူနေထိုင်ရမည့် လက်တွေ့လုပ်ရမည့် အရာတွေ စိတ်ထဲပြန်ဆင်ခြင်မိပြီးမှ စိတ်အေးအေးနဲ့ ရသလောက်ပဲဖြေပြီး ကျခဲ့သည်ဆိုသော်လည်း ထပ်ခါတလဲလဲ ပူဇော်မို့ ပြုပြင် ပြောင်းလဲရမည်များကိုပြောင်းလဲ နေထိုင်မို့ စိတ်ဆုံးဖြတ်ပြီး ယခုလက်ရှိ ဆရာတော်ကြီးရဲ့ တရားတွေနားထောင်ပြီး ဆက်လက်လေ့လာနေပါတယ်။

ဒေါ်ကေဇင်မြတ်မွန် (Level-1)

စာမေးပွဲခန်းထဲ ရောက်ရှိချိန်မှာ ၁၀ တန်းစာမေးပွဲ ဖြေခဲ့ရသည့် အချိန်တုန်းကကဲ့သို့ ခြေဖျားလက်ဖျားများ အေးစက်နေပြီး မေးခွန်းများကို တွေ့မြင်ချိန်မှာ စိတ်အေးလက်အေးနဲ့ ကိုယ်ရလောက် ဖြေဆိုခဲ့ပါသည်။ ဒီထက်မက ဆရာတော်ကြီး တရားတော်ဆိုလိုရင်းနှင့် လမ်းညွှန်မှုများကို ကြိုစားမှတ်သား လိုက်နာလေ့ကျင့်ရန် လိုအပ်နေသေးကြောင်း ကိုယ့်ကို ကိုယ် သုံးသပ်မိပါသည်။

မအိအိခိုင်ဇံ (Level-1)

အလွန်ပင် စိတ်ကြည်နူး ဝမ်းမြောက်စွာနဲ့ ဖြေဆိုရသောစာမေးပွဲဖြစ်ပါတယ်။ တပည့်တော် ဖြေဆိုရသော အထက ကျောင်းမှ ဆရာ ဆရာမများ ကျောင်းသားကျောင်းသူလေးများက

ဖော်ရွေစွာ ကြိုဆို၍ ဖြေဆိုရမည့် အဆောင်များကို ပြပေးကြပါတယ်။အစီအစဉ်ကျနစွာနဲ့ အေးချမ်းစွာ ဖြေဆိုခဲ့ကြရပါတယ်။ လူအများကုသိုလ်ပွားရတဲ့ စာမေးပွဲတစ်ခုဖြစ်တာကို မြင်တွေ့ရတဲ့အတွက် ပီတိဖြစ်ရသော စာမေးပွဲပါဘုရား။

ဒေါ်စန်းစန်းနွယ် (Level-1)

အလုပ်တဖက်နှင့် တရားတော်များ သုတဓမ္မပညာများ နာယူပူဇော်ခွင့် ရသည့် အတွက် ဆရာတော်ဘုရားကြီးနှင့်တကွ onlineမှ သင်ကြားပို့ချပေးပါသော ဆရာတော်များ ဆရာ၊ ဆရာမ များကိုအထူးကျေးဇူးတင်ပါသည်။ သာသနာတော်ကြီးတည်တံ့ခိုင်မြဲပါစေ။

Zaw Myo Win (Level-1)

စာမေးပွဲမှာ တရားတော်တွေထဲကပဲ မေးစေချင်ပါတယ်။ လူပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် တချို့အကြောင်းရာတွေက တရားနဲ့ဆိုင်ပေမယ့် လူပုဂ္ဂိုလ်တွေ အနေနဲ့ လက်လှမ်းမီဖို့ ခက်ခဲလှပါတယ်။ ဒါကြောင့် မေးခွန်းတွေကို ပြဋ္ဌာန်းစာအုပ်ထဲကပဲ မေးစေချင်ပါတယ် ဘုရား။

ဒေါ်ကေရီစိုး (Level-1)

"စာမေးပွဲက စနစ်ကျလှပါတယ်ဘုရား တပည့်တော်တို့စာဖြေခန်းထဲမှာတော့ တိတ်ဆိတ် ငြိမ်သက်စွာနဲ့စာဖြေကြပါတယ်ဘုရား။ အဖြေလွှာစာရွက်လေးတွေ ကလည်း မျဉ်းသား ထားပြီးသားဖြစ်တဲ့အတွက် ပေတံပါမလာသည့်မိတ်ဆွေများ ပစ္စည်းဌာနရခြင်းမှ ကင်းဝေးပါတယ် ဘုရား။ တပည့်တော်မ မနေနဲ့ကတော့ ခဲတံ.. ခဲဖျက်..ပေတံ..ချွန်စက်.. correction pen အပိုများကို ယူဆောင်သွားခဲ့ပြီး လိုအပ်သူများသုံးရန် စာဖြေဌာန၏ အခန်းတာဝန်ကျဆရာမထံလှူထားခဲ့ပါတယ်ဘုရား.. စာဖြေဌာနရဲ့ အများသုံးအိမ်သာထဲ မှာလည်း ရေဖြည့်ပေးခဲ့ပါတယ်ဘုရား.. စာဖြေတဲ့သူများ အိမ်သာတက်နေရင်း မတော်

တဆ ရေပြတ်လတ်ခြင်းကြောင့် စိုးရိမ်ပူပန်မှုမရှိရအောင် ကာယကံမှု ကုသိုလ်ပြုခဲ့ပါတယ် ဘုရား စာမေးပွဲမှာ မေးခွန်းအားလုံးမဖြေနိုင်ခဲ့ပေမည့်လည်း စိတ်အေးအေး ထားပြီး ဖြေခဲ့ပါ တယ်ဘုရား..တွေးပြီးပူပန်ခြင်း၊ နောင်တရခြင်း မဖြစ်ချင်လို့ အဖြေလည်း မတိုက်ခဲ့ပါဘူးဘုရား.. သုတမမှ Level (1) စာမေးပွဲ မအောင်ခဲ့ရင်လည်း ပြန်လည် ကြိုးစားမှာ ဖြစ်ပါတယ် ဘုရား... အောင်မြင်ခဲ့ရင်လည်း နောက်အဆင့်တွေမှာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသ၍ စီးပွားရှာ.မိသားစုအရေးလုပ်ရင်းနဲ့ပဲ တရားမမှကို ဆက်လက် လေ့လာသွားပါမယ် ဘုရား။

Daw San San Yin Level(1)

မြတ်ဗုဒ္ဓ၏လောကလူသားတွေအပေါ် ထားရှိသည့် မေတ္တာတရားကြီးမားပုံ ပါချုပ် ဆရာတော် ဘုရားကြီး၏ လူသားများအပေါ်ထားရှိသည့်မေတ္တာစေတနာများ ဗုဒ္ဓဘာသာ တရားများတည်တန့်ပြန့်ပွားစေရန် ရည်ရွယ်ချက်များအား ကြည်ညိုသဒ္ဓါပွားများပါ ကြောင်း နှင့် ယခုသုတမမှ ဒီပလိုမာသင်တန်းတက်ရောက်ခြင်းဖြင့် ပါဠို အရေးအသား ဖတ်ခြင်းများတွင် ကြိုးစားအားထုတ် လာပါသည်။ ဓမ္မအသိများဖြင့် အတတ်နိုင်ဆုံး နေထိုင်ရန် ကြိုးစားပါမည် အသက်ကြီးပြီး မှတ်ဉာဏ်အားနည်းသူ၊ ပါဠိအရေးအသား အားနည်းသူ မြန်မာစာ အရေးအသား အားနည်းသူများအတွက်ရေးဖြေဖြင့် ဆန်းစစ်ချက် အစား သက်တန်းသားများ၏ စိတ်ဝယ်တရားတော်များကို ဘယ်လောက်ထိ စိမ်ဝင် သဘောပေါက်သလဲ မည်သို့အသုံးချမလဲ ပိုမိုပြီးဆန်းစစ်နိုင်ရန် လူ့တွေ့နှုတ်ဖြေဖြင့် ဆန်းစစ်ရင် ပိုမိုအောင်ချက်များမည်ဟု ယူဆမိပါကြောင်း လေးစားရိုသေစွာတင်ပြအပ် ပါသည်ဘုရား။ယခုလည်းတပည့်တော်ဖုန်းအဆင်မပြေ၍ယခုလို့တင်ပြရာခြင်းအပေါ်နား လည် ခွင့်ပြုပေးပါဘုရား။"

ဒေါ်နန္ဒာအောင် (Level-1)

အတွေ့အကြုံကတော့ စာမေးပွဲဖြေဆိုခွင့်ကို စစ်ရှောင်ရင်း အခက်အခဲကြားက အများကြီးကျော်ဖြတ်ခဲ့ရပါတယ်ဘုရား တတိယအကြိမ်မြောက်မှLevel(1) ဖြေဆို ခွင့် ရပါတယ်ဘုရား စာဖြေဌာနကို မန္တလေးမှ ပြင်ဦးလွင်သို့ပြောင်းရွှေ့ခွင့် ကဒ်ထုတ်ဖို့ နဲ့ စာဖြေဌာနသို့ သွားလာရေးအတွက်ပါ ကုသိုလ်ယူပေးသော BA 3မှ မိတ်ဆွေကောင်းတို့ကြောင့် ဖြေဆိုခွင့်ရလိုက်ပါတယ်ဘုရား လက်တွေ့ သင်ယူနာကြား ဖြေဆိုရတာကိုယ်တိုင် ခံစားနေရတဲ့ လောကဓံနဲ့ လက်တွေ့ခံစားနေရလို့ ထပ်တူကျပါတယ်ဘုရား အခက်အခဲကြားဖြေဆိုလိုက်ရတာကို အခုချိန်ထိ ဝမ်းသာပီတိ ဂုဏ်ယူမိပါပါတယ် ဘုရားဘုရားတပည့်တော်မရဲ့ အားနာချက်ကတော့ ပါဠိတော်များကို ကျက်ယူဖို့ စာအချိန်မလောက်ငှလို့ ဓမ္မပူဇော်တာ တာဝန်မကျေခဲ့ပါဘူးဘုရား နောက်အတန်းပညာများကိုလဲ အတတ်နိုင်ဆုံး ဥာဏ်စွမ်းရှိသလောက် ဆက်လက် ပူဇော်ပါ့မယ်ဘုရား။ ပါချုပ်ဆရာတော်ကြီး၏ ပညာဘူမိတက္ကသိုလ်ကြီးလဲ အဓွန့်ရှည် တည်တံ့နိုင်ပါစေဘုရား စာမေးပွဲ ကျင်းပရန်အတွက် အစအဆုံးတာဝန်ယူ လုပ်ဆောင်ပေးသော ပါချုပ်ဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များကိုလေးစား ချီးကျူးပါတယ်ဘုရား ပါချုပ်ဆရာတော်ကြီးနှင့်တကွ ပညာဘူမိတက္ကသိုလ်ကြီးနှင့် ပတ်သက်သော ဆရာတော်သံဃာတော်များ သက်ရှည်ကျန်းမာစိတ်ချမ်းသာ လိုရာဆန္ဒပြည့်ပါစေဘုရား ။

ဒေါ်တင့်တင့်ထွန်း (Level-1)

တပည့်တော်မအတွက် တန်ဖိုးဖြတ်၍မရနိုင်သော အကျိုးတရား အနှစ်သာရများစွာ ရရှိပါသည် ဘုရား။

ဒေါက်တာအိအိကျော် (Level-1)

သုတမမွ ဒီပလိုမာ Level 2 နှင့် 3 ပေါင်းဖြေလိုပါတယ်။ ဒီနှစ် ဒီဇင်ဘာ ဘွဲ့ယူချင်ပါတယ်။ နောင်နှစ် မိလိန္ဒပဉ္ဆာအတွက် ၆ လ, ပါရာယန + ဗောဓိပက္ခိယ ၆ လ ပြီးတော့ ပေါင်းဖြေလိုပါတယ်။ ဒီပလိုမာအတွက် တစ်နှစ်၊ ဂဝေသီအတွက် တစ်နှစ်ပါ။

ဦးစိုးသီဟထွန်း (Level-1)

စာမေးပွဲဖြေသည့်အခါ သုံးသည့် စာဖြေလွှာအား အနည်းငယ် ထူထူလေးဖြစ်စေချင်ပါသည် အကြောင်းရင်းမှာ စာရေးသည့်အခါ ပိုမိုအဆင်ပြေစေရန် အောက်ခံတစ်ခုလို ရေးသည့် အခါ ချောမွေ့စေရန်ဖြစ်ပါသည် ကျေးဇူးတင်ပါသည်။

မဆုသီရိကျော် (Level-1)

အင်မတန်အကျိုးများပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး သိသင့်သိထိုက်သည်များ ယခုဘဝ မက နောက်ဘဝအတွက်ပါ သိရှိရသဖြင့် လွန်စွာဝမ်းမြောက်မိပါသည်။ စာမေးပွဲကျင်းပရာ တွင်လည်း ပြည့်စုံပါသည်။

ဒေါ်အေးမာကျော် (Level-1)

နိုင်ငံရပ်ခြားမှ မိတ်ဆွေများသည်လည်း ဖြေဆိုလိုသော ဆန္ဒများ ရှိနေကြပါသောကြောင့် နိုင်ငံခြား စာစစ်ဌာနများ ရှိလာစေချင်ပါတယ်ရှင်။

ဒေါ်လွင်မာအောင် (Level-1)

တပည့်တော်မသည် သုတမမွ ဒီပလိုမာ Level (1)စာမေးပွဲကို ဆရာတော်ကြီး ၏ အသံဖိုင် တရားတော်များကို နာကြားရင်း ပြဋ္ဌာန်းစာအုပ်ကိုလည်း သေချာဖတ်ရှုမှတ်သားခဲ့ပါသည်

ဘုရား.....ထို့အပြင် စာမေးပွဲကို အဆင်ပြေချောမွေ့စွာ ဖြေဆိုအောင်မြင်နိုင်အောင် Online ဖြင့် ဆရာတော်များထံတွင် ထပ်မံသင်ယူလေ့လာခဲ့ပါသည် ဘုရား..... မေတ္တာ စိတ်အပြည့်ဖြင့် လမ်းညွှန်သင်ကြားပေးခဲ့သော ဆရာတော်များ၏ ကျေးဇူးတော်ကိုလည်း ရှိခိုးဦးခိုက်မိပါသည် ဘုရား။

ဦးချစ်မင်းထိုက် (Level-1)

တရားနာခြင်း ၊ဗုဒ္ဓစာပေများဖတ်ရှုခြင်း အစရှိသည်တို့ကို ငယ်စဉ်ကာလမှစ၍ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် မြတ်ဗုဒ္ဓ၏တရားတော်များကိုလည်း တိတိပပ သိချင်စိတ်ဖြစ်သဖြင့် လေ့လာခြင်း ရှာဖွေဖတ်မှတ်ခြင်း များလုပ်ခဲ့ပါသည်။ တရားအသိ ရှိခဲ့ပါသည်။ သို့သော် ယခုပြဌာန်းစာအုပ်ကိုစတင် ဖတ်ရှုရချိန်တွင် စနစ်ကျနသော စာစဉ်စီထားမှုကို Level (1) တွင်သိရှိခဲ့ရပါသည်။ ဘာသာမဲ့များ ဘာသာဝင်မဟုတ်သေးသူများ ဘုရားရွေးနေသူများအတွက် ယုံကြည်လို့မရတဲ့အချက် ၁၀ချက်က ငြင်းမရတဲ့တိကျသော လိုက်နာ သင့်တာတွေဖြစ်နေပါတယ်။လူတိုင်းရဲ့စိတ်မှာဖြစ်တတ်တဲ့သဘာဝနဲ့အကျိုးအပြစ်ကိုဖော်ပြပြီး လက်ရှိဘဝနဲ့နောင်ဘဝ အကောင်းအဆိုးအကြောင်းအကျိုးကို ညွှန်ပြသွားခဲ့ပါ တယ်။ဒါက ဘာသာမဲ့တွေဘာသာရွေးနေသူတွေအတွက်ပါ။ နောက် မင်္ဂလာတရားတော်နဲ့ပါတ်သတ်တာ။ လောကစီးပွားအဆင်ပြေစေဖို့ပါ။ဒီတရားမှာတော့ ဗုဒ္ဓဘာသာဝင်တွေအတွက်အဓိကဟောပါပြီ နောက်ထပ်တရားတွေကလည်း မှန်ကန်တဲ့ဘာသာရေး အမြင် ရှိပြီး သူများ တနည်း ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်ပါတယ်။ တရားစီထားတာ အလွန်ကောင်းမွန်မှန်ကန် နေတာတွေ့ရတောင်ဆရာတော်ဘုရားကြီးရဲ့ဥဿော်တော်ကို ဦးခိုက်ကန်တော့မိပါတယ်။ နံပါတ်(1)မှန်ကန်တဲ့ ဘုရားရွေးချယ်ရန်၊ နံပါတ်(2) လက်ရှိ ချမ်းသာ အောင်မြင်ရမယ်၊နောင်ဘဝ ချမ်းသာရေးအထောက်အပံ့ရစေမယ်။ နံပါတ်(3)လောကီလောကုတ် နှစ်ပါးစလုံးအတွက်အရေးအကြီးဆုံးက စိတ်ဖြူစင်ဖို့ စိတ်ခွန်အားရှိဖို့။ စိတ်နဲ့ပါတ်သတ်တဲ့ လမ်းညွှန်မှုများ။ နံပါတ်(4)မေ တ္တာမပေးပဲ မေတ္တာမရ။မေ တ္တာရှင်တို့ လိုက်နာရမယ့်အချက်တွေ။မေ တ္တာစိတ်ကနေ ဝိပဿနာဖြစ်မင်္ဂဖိုလ် နိဗ္ဗာန်။ နံပါတ်(5)အဓိကကျင့်ရန်လမ်း၂ခု သမထနဲ့ ဝိပဿနာ။ စိတ်တည်ငြိမ်ရုံ

လောက်ပဲဆိုရင် သမထ ဘဝတွေ ငြိမ်းအေးချင်ရင် ဝိပဿနာ နှစ်မျိုးလုံး ဘာကျင့်ကျင့် ခွင့်ပြုထားပါတယ်။ စာစဉ် စီထား တာကို သဘောကျသလို စာဖြေရတာဆိုတော့ နားလည် အောင်အကြိမ်ကြိမ် ဖတ်မှတ်ရေးရပါတယ်။ ညအိပ်ယာထဲရောက်ရင်တောင် အချက် အလက်တွေကို အလွတ်ရမရ ပြန်ရွတ်ကြည့်နေမိတယ်။ တရေးနိုးတောင်စာပြန် သတိရချိန်တွေ ရှိပါတယ်။ စိတ်ဖိစီးမှုကိုလည်းခံခဲ့ရပါတယ်။ စာဖြေဆိုပြီးချိန်ကျမှသာ ကိုယ်ကျက်မှတ်ခဲ့တဲ့စာတွေကို ပြန်သုံးသပ်ပြီးတရားတော်တွေရဲ့ အဆုံးအမတွေကို ကြည်ညိုရပါတယ်။ ကိုယ်ဖြေခဲ့ရတဲ့ လေ့လာကျက်မှတ်ခဲ့ရတဲ့ အတန်းအဆင့်လောက်က တော့ တရားအသိရှိသွားပြီလို့ ထင်မြင်မိပါတယ်။ ရှေ့အတန်းတွေမြင့်လာဖို့လည်း မျှော်လင့်ကြိုးစားနေပါတယ်။ ဖြေဆိုသူများအားလုံး အတန်းမြင့်သလို ပညာများမြင့် လာမယ်လို့မျှော်လင့်ပါသည်။

ဒေါ်နန္ဒာအောင် (Level-1)

ပညာဘူမိတက္ကသိုလ်ရဲ့ စာမေးပွဲများဖြေဆိုချင်လွန်းလို့ ဖောင်တင်ပြီး ကြိုးစားခဲ့ရတာ တတိယအကြိမ်မြောက်မှ ဖြေဆိုခွင့်ခဲ့ပါတယ်ဘုရား ယခုအကြိမ်တောင် အခက်အခဲ မျိုးစုံမှ စာဖြေဌာနပြောင်းရ စာဖြေခါနီး ကဒ်ထုတ်ဖို့နဲ့ စာဖြေဌာနသို့ သွားလာရေး အခက်အခဲများကို လိုင်းပေါ်မှအကူအညီတောင်းယူရ ၁၂ရက်ထဲနဲ့ ပြဋ္ဌာန်းစာအုပ်နှင့် ဟောတရားကို တပြိုင်နက် နာယူမှတ်သားရပြီး ပူဇော်ခွင့်ရတာကို ဝမ်းသာပီတိ ဖြစ်နေ ရပါတယ် ဘုရား ။ပညာဘူမိတက္ကသိုလ်ကြီးရဲ့ အတန်းပညာများကိုလဲ ဆက်ပြီးပူဇော်ဖို့လဲ အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ပါမည်ဘုရား ပညာဘူမိတက္ကသိုလ်ကြီးလဲ အခွန်းရှည် တည်တံ့ခိုင်မြဲပါစေဘုရား။ ပါချုပ်ဆရာတော်ကြီးနှင့်တကွ စာမေးပွဲနှင့်ပါတ်သက် စပ်လျဉ်းသော ဆရာတော် သံဃာတော်များလဲ သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာ ဆန္ဒပြည့်ဝပြီ သာသနာ့ဝန် ခန္ဓာဝန်ကိုလွယ်ကူစွာဆောင်ရွက်နိုင်ပါစေဘုရား။"

ကိုကျော်ဇင်ထွန်း (Level-1)

စာမေးပွဲမေးခွန်နဲ့ပတ်သက်ရင် ယခုနှစ်မေးခွန်များသည် အလွန် ကောင်းမွန်ပါသည် ဘုရား။မေးခွန်များ လွယ်ကူနေရင်၊ကျက်စာအတိုင်းကျက်ဖြေရင် စဉ်စား တွေးခေါ်မှု၊ အကြောင်းအကျိုး ဆက်စပ်မှု အားနည်းသွားနိုင်ပါသည် ဘုရား။ ဆရာတော်ကြီး၏ တရားသဘောကို ပိုမိုနားလည်ပြီး လက်တွေ့ကျင့်သုံးနိုင်တဲ့အထိ အကျိုးရှိနိုင်အောင် စဉ်စားနိုင်တဲ့ သဘောတရား များများမေးစေချင်ပါတယ်ဘုရား။ ပါဠိစာသားများသည် လူပုဂ္ဂိုလ်များအတွက် အခက်အခဲရှိပါသည်ဘုရား။

မဆုဆုဝိုင် (Level-1)

စာမေးပွဲနဲ့ ဝေးကွာနေပြီ ဖြစ်လို့ စာမေးပွဲဖြေတော့ စိတ်လှုပ်ရှားမိပါတယ်။ ဝမ်းသာပီတိ လည်း ဖြစ်မိပါတယ်။စာမေးပွဲ ခန်းမှာလည်း အားလုံးတိတ်ဆိတ်စွာဖြင့် ပူဇော်ဖြေဆိုခဲ့ ကြပါတယ်။ ဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်အပေါင်းတို့အား ဦးတင်ပါ၏။ ကျေးဇူးလည်းတင်ပါ၏ဘုရား။

မမြတ်မြတ်စု (Level-1)

"လေ့လာဖို့ ဖြေဆိုဖို့အစစအရာရာ စီစဉ်တာ အဆင်ပြေတာမို့ ကျေးဇူးတင်ပါတယ်။ အောင်ချင်ဇောတွေနဲ့ ဖောင်းပွသလိုဖြစ်လာတယ်လို့မြင်မိတဲ့ အနှစ်ချုပ်တွေ သင်တန်း အချို့တွေကိုသာ ဆရာတော်ကြီးရဲ့အနှစ်သာရရည်ရွယ်ချက်မပျောက်အောင် ထိန်းသိမ်း နိုင်စေလိုပါတယ်။ အမှားပါရင်ခွင့်လွှတ်ပါ. ဖြေပြီးပြီးချင်း သူတို့သဘောနဲ့ သူတို့စံပြ အဖြေ ဆိုပြီး ထွက်လာတာတွေက တပြည့်တော်အတွက်စိတ်ကသိကအောင့် ဖြစ်ခဲ့မိ လို့ပါ။"

ဒေါ်ခင်ဌေးရီ Level(1)

သုတဓမ္မစာမေးပွဲဒီပလိုမာတန်းတွင်လည်းအတွေ့အကြုံသစ်များရသလိုတပည့်တော်၏

လိုအပ်ချက်များကိုလည်းတွေ့ရပါသည်ဘုရား။

ဝေဝေခိုင် (Level-1)

အရာရာ အဆင်ပြေပါတယ်။ ဖြစ်နိုင်ရင် နိုင်ငံခြားက မြန်မာနိုင်ငံသားများတွက် စာမေးပွဲ ဖြေဆိုနိုင်ရန်တွက် တိုးတက်စေရန် အကြံပြုပါတယ်ဘုရား။

Cho Cho Naing (Level-1)

အောင် အောင် ကျကျ ဆက်ပြီးပူဇော်နာယူသွားမှာပါဘုရား။

ချိုချိုနိုင် (Level-1)

သင်ယူမိလို့ဝမ်းသာပီတိဖြစ်မိတယ်ဘုရား..ကျ ကျ အောင်အောင် ရှေ့ဆက်မှာပါဘုရား။

ဒေါ်မေသဇင်မြင့်နိုင် (Level-1)

"ရန်ကုန်တိုင်း စာဖြေကတ်ကို သက်ဆိုင်ရာ မြို့နယ်အလိုက် နီးစပ်ရာ ခွဲထုတ်ပေးရင် အဆင်ပိုပြေမယ်ဟု တွေးမိကြောင်းပါ။ အဝေးမှ လာသူတွေ အခက်အခဲရှိနေကြလို့ပါ။ "

ဒေါ်ခင်သူဇော်ဝင်း (Level-1)

အောင်စာရင်း ကြည့်ချိန် ဆာဗာ အခက်အခဲ ကြောင့် အချိန် တစ်ခု ကြန့်ကြာ မှု ဖြစ်သွား သည် မှ လွဲ၍ အစစ အရာရာ အဆင်ပြေ ပါသည် ဘုရား။

ဦမျိုးမင်းနိုင် (Level-1)

"ပြည်ပ တွေပါ ဖြေလို့ရအောင် စီစဉ်ပေးပါ🙏🙏🙏ကိုရီးယား ကလည်း ဖြေလို့ရအောင် စီစဉ်ပေးပါ🙏🙏🙏"

(၃.၂)(Level-2) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ

U Kyaw Myint Ko(Level-2)

စာဖြေဌာနေတွေကို မြို့တိုင်းမှာရှိရင် ဖြေဆိုသူပိုမို များပြားလာမည် ထင်ပါသည် ဘုရား တပည့်တော်က စာမေးပွဲစလုပ်ကတည်း ကသိခဲ့ပေမဲ့လမ်းခရီး သွားလာရတာ တွေကြောင့် batch 6 ကြမှစပြီး ဖြေဆိုခဲ့ပါတယ်ဘုရား ။

ဒေါ်ဝါဝါနှင်းလွင်(Level-2)

မေးခွန်းရောအဖြေလွှာရော ပြည့်စုံပါသည်. စာမေးပွဲစနစ်လည်းကောင်းမွန်ပါသည်ရှင့်. ဂုဏ်ယူစွာဖြင့်ဖြေဆိုခဲ့ပါသည်ရှင့်ဗုဒ္ဓဘာသာဝင်တိုင်းအတွက်စာမေးပွဲကြီးဆက်လက်ရှိစေချင်ပါသည်ရှင့် "

မိုးဇာခြည်အောင်(Level-2)

စာမေးပွဲဖြေဆိုရန် ဆရာတော်ဘုရားကြီးရဲ့စာအုပ်နှင့်တရားတော်များကိုသာ နားလည်သဘောပေါက်အောင် ဖတ်ရှု၊ကျက်မှတ်၍ ဖြေဆိုခဲ့ပါသည်။ ထို့ကြောင့် စာမေးပွဲအောင်ခြင်း၊ ကျခြင်းအဓိကမဟုတ်ဘဲ တရားတော်များကို နားလည်မှတ်မိသွားသည်ဆိုရုံဖြင့် ကျေနပ်ပီတိဖြစ်ရပါသည်။ ဆရာတော်ကြီးရဲ့ တရားတွေအတိုင်းလိုက်နာကျင့်သုံးလေ့ကျင့်ရန် ဆက်လက်ကြိုးစားနေပါသည်။စာမေးပွဲဖြေရန် ဖောင်တင်ခြင်း စာမေးပွဲ

ကတ်ထုတ်ခြင်းနှင့် ဖြေဆိုခြင်းအထိ အဆင်ပြေချောမွေ့အောင် ဆောင်ရွက် သည့် အတွက် အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့ပါသည်။

ဒေါ်ရွှေဇင်ထွန်း (Level-2)

ဒီနှစ်level2ဖြေရသည်မှာ မနှစ်ကထက် ပိုဖြေနိုင်တရားကိုပို မှတ်မိလာပါသည်၊ထပ်မံ၍ အများကြီး ကြိုးစားပါမည်။ ဆရာတော်ဘုရားကြီး၏တရားများမှ ယခုခေတ် ပိုကျူးလွန်မှု များကြသော ကာမေသုမိစ္ဆာစာရ ကံ အကြောင်း ၊ဘယ်လိုဟာ ဘယ်လိုနေထိုင်မှုသည် ကျူးလွန်သည်မည်ကြောင်း၊ထိုသို့နေထိုင်ပြောဆိုပါ။။ကံမြောက် နိုင်ကြောင်း နှင့်အပြစ် ဘယ်လိုကြီးကြောင့် ၊မသေခင် လူမှုဆက်ဆံရေးနှင့် သေပြီးရောက်မည့် ငရဲအကြောင်း အသေးစိတ်ပြဌာန်း ပေးစေလိုပါသည် အရှင်ဘုရား။။

ဦးအောင်ဖြိုးမြင့်(Level-2)

သုတမမွ ဒီပလိုမာတန်း နှစ်ခုလေ့လာ၊ ဆည်းပူး ပူဇော်ခဲ့ရသည့် အသိအရ မြတ်ဗုဒ္ဓ အဆုံး အမ များ ပိုမို သိရှိလာကာ သတ္တဝါများအားကယ်တင်လိုသောအနှိုင်းမရှိဉာဏ်တော်အား ပိုမိုလေးစားကြည်ညိုု သဒ္ဓါပွားမိပါသည် ဘုရား ။ တရားအသိဉာဏ်အား စိတ်ထဲ, နှလုံးထဲ မှာ မှတ်သားထားပြီး ဒီတရားတွေကို ကိုယ့်သန္တာန်မှာ စွဲမြဲနေအောင် ဆက်လက် ကျင့်သုံး မှတ်သားသွားဖို့လည်း အသိဉာဏ်ဖြစ်ပေါ်ပါမိတယ် ဘုရား။

ဒေါ်သီသီမာ (Level-2)

Level(2)မေးခွန်း၏ နိဂဏ္ဌအဓိဌာန်ပါဠိမကျက်မိ၍မဖြေခဲ့ရပေမဲ့ ငါသိစရာတခုတိုးလာ

ပါလား ဆိုတဲ့စိတ်ဖြစ်ခဲ့ပါတယ်။ သာမာန်ကာလျှံကာဆို အဓိဋ္ဌာန်လေးချက် လို့တောင် သိမာ မဟုတ်ပါဘူးဘုရား။မဖြေမိ၍ စာပြန်ကြည့်မှ သိခဲ့ရတဲ့အသိတခုအတွက်အကျိုးကြီး လှပါသည်ဘုရား ငါသိစရာတေကျန်နေသေးပါလားဆိုတဲ့စိတ်မျိုးဖြစ်မိကြောင်းပါဘုရား။ ပုစ္ဆကဆရာတော်များဘေးရန်ကင်းကွာကျန်းမာချမ်းသာ၍အသက်ရာကျော်ရှည်ပါစေဘုရား"

မစောမြတ်မွန်(Level-2)

အရှင်ဘုရား တပည့်တော် အခု သုတမမွ level 2 ဖြေထားတဲ့ သင်တန်းသူပါ ဘုရား level 1 တုန်းက ထက် ပိုဖြေနိုင်ခဲ့ပါတယ်။ဘာကြောင့်လဲ ဆိုတော့ မေးခွန်း သဘောတရားနဲ့ ပြဋ္ဌာန်းစာအုပ် ကြေညက်မှ ဖြေနိုင်မယ်ဆိုတာကို နားလည်မိလို့ပါ။ မေးခွန်းဟောင်း တွေ သိပ်မလေ့လာပဲ။ ပြဋ္ဌာန်း စာအုပ်ကိုပဲ အပြန်အလှန် သေချာ ဖတ်ခဲ့ပါတယ်။မေးခွန်းက တပည့်တော်တို့ ဉာဏ်ရည်နဲ့ နားလည်ဖို့ နည်းနည်း လိုအပ် မယ့် အတတ်နိုင်ဆုံးကြိုး စားပြီး ဖြေခဲ့ပါတယ်။ဒီlevel တော့ ဂုဏ်ထူး မှန်းထားတယ် ဆိုပေမဲ့ မေးခွန်း နားမလည် လိုက်လို့ အဖြေမှားနိုင်တါလေးတွေလည်း ရှိတော့ အောင်တယ် ဆိုရင်ပဲ ဝမ်းသာရမှာပါ ဘုရား။

မယဉ်မင်းမြင့်ဆွေ(Level-2)

ဆက်လက်ပြီး ပညာစည်းပူးပါ့မယ် ဘုရား တရားတော်များကိုလည်း မှန်မှန် ကန်ကန် နာယူတတ်လာပါတယ်ဘုရား အသိရော သတိလေးပါ ယခင်ကထက် ပိုပိုပြီး ထားတတ် မြင်တတ်လာပါတယ်။

မနှင်းသဇင်အောင် (Level-2)

ပါဠိစာလုံးများ ကျက်မှတ်ရာတွင်လွယ်ကူစွာကျက်မှတ် လိုပါသဖြင့်မည်သို့ကျက်မှတ်သင့်ကြောင်းကိုအတန်းlevelအလိုက်အချက်အလက်လမ်းညွှန်များသင်ကြားပို့ချပါရန်အကြံပြုလျှောက်ထားအပ်ပါသည်ဘုရား။ ဆက်လက်၍ကြိုးစားအားထုတ်ဖြေဆိုပါ့မယ်ဘုရား။

မအေးမြတ်မွန်(Level-2)

စာမေးပွဲမေးခွန်းကို လွယ်လွယ် မမေးပါနဲ့။သုတဓမ္မက လွယ်ပါတယ်။ အပြောမခံနိုင်လို့ပါဘုရား။ခက်တဲ့မေးခွန်းနဲ့ အောင်မြင်အောင် ကြိုးစားပါမယ်ဘုရား။ ခက်တာက ပို၍ တန်ဖိုးရှိပါတယ်ဘုရား။

မောင်နိုင်စွမ်းထက် (Level-2)

သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်းကို ဖြေဆိုရသည့် အတွေ့အကြုံအရ မေးခွန်းများသည် သင်ရိုးအပေါ် အခြေခံထားပြီး စဉ်းစားတွေးခေါ်နိုင်စွမ်းကိုလည်း တိုင်းတာနိုင်ပါသည်။ အထူးသဖြင့် ပရိပုစ္ဆာကတာ ဆရာတော်များသည် မေးခွန်းများကို ရှင်းလင်းပြတ်သားစွာ၊ သင်ယူထားသည့် အကြောင်းအရာများကို အမှန်တကယ် နားလည်မှုရှိ၊ မရှိ စစ်ဆေးနိုင်သည့် ပုံစံဖြင့် မေးမြန်းတော်မူသဖြင့် အလွန်အကျိုးရှိသည်ဟု ခံစားရပါသည်။ အနာဂတ်တွင် လည်း ဤကဲ့သို့ သင်ရိုးအပေါ် အခြေခံ၍ နားလည်မှုကို ဦးစားပေးသည့် မေးခွန်းများကို ဆက်လက်မေးမြန်း ပေးစေလိုပါသည်။ သုတဓမ္မစာမေးပွဲကို စီစဉ်ကျင်းပပေးသည့် ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများအားလုံးကိုလည်း အထူးကျေးဇူးတင် ရှိ ပါကြောင်း လေးစားစွာ လျှောက်ထားအပ်ပါသည်။

မနိုင်မြတ်သွယ်(Level-2)

စာမေးပွဲဆိုတဲ့ကြောက်စိတ်တော့ရှိပေမဲ့ တရားဓမ္မကို ပူဇော်တာဆိုတဲ့စိတ်နဲ့တော့ အမြဲဖြေဆိုပါတယ်ဘုရား မေးခွန်းကို အဖြေသိနေပေမဲ့မှားသွားမှာစိုးလို့ မဖြေရဲ ဖြစ်နေတာမျိုးရှိသလို တစ်ခါလေ မေးခွန်း သဘောတရားလေးကို နည်းနည်းနားမလည်တာလေး ဖြစ်တာကလွဲရင် အကောင်းဆုံး ကြိုးစား ပူဇော်ခဲ့ပါသည်ဘုရား။ သုတဓမ္မစတက်ဖြစ်တဲ့အချိန်ကစပြီး ယနေ့ထိ တရားဓမ္မဆိုတာ စိတ်ထဲနှလုံးသွင်းလိုက်ရင်တကယ် အေးချမ်း မှုကိုရစေနိုင်ပါလားဆိုပြီး ကြည်နူးပီတိဖြစ်ရပါတယ်ဘုရား အများသူငါကိုလည်း တက် နိုင်အောင် တက်ဖြစ်အောင် တိုက်တွန်းမိပါတယ် ဘုရား။

ဒေါ်ဇာလီမိုး (Level-2)

Level 1/ 2 စာမေးပွဲကို ပြဋ္ဌာန်းစာအုပ်ဖတ်ခြင်း/တရားတော်များနာယူခြင်း /ကိုယ်တိုင်မှတ်စု ထုတ်ခြင်း/ပါဠို လို အရေးကျင့်ခြင်း ဖြင့် ကိုယ်တိုင် လေ့လာ သင်ယူပါသည်။ ထို့အပြင် ဆရာမကြီး ဒေါခင်လှတင်၏ ရှင်းလင်းချက်များ နာယူမှတ်သားပါသည်။ online ပေါ်မှ မေခွန်းများ /တဦးနှင့်တဦးဥာဏ်စမ်းများကို လေ့လာပါသည်။ ဆရာတော် ဘုရားကြီး၏ သြဝါဒ အတိုင်း စာမေးပွဲ အောင်ခြင်း/ မအောင်ခြင်း ထက် ဓမ္မအသိအတိုင်းလက်တွေ့လိုက်နာ ကျင့်သုံး နိုင်ကြပါစေရန် အကြံပြုအပ်ပါသည်ရှင် ၊

မအိသန္တာဦး (Level-2)

စာမေးပွဲ အတွေ့အကြုံကတော့ စာတွေ ရရဲ့သားနဲ့ စဉ်းစားတာလေး လွဲတာနဲ့ အဖြေလဲလွဲသွားပါတယ်ဘုရား၊နောက်levelမှာ ပါဠိတွေလဲမှတ်မိအောင် ကြိုးစားသွား ပါမယ် ဘုရား။

စောဆာဂေးဒို (Level-2)

တပည့်တော်သည် အရင်တုန်းက အဆိုးမြင်သမား ဟုတ်သလို အကောင်းမြင်စိတ် လည်း ရှိသူပါ။ ယခုအချိန်မှာတော့ မည်သည့်ကိစ္စမဆို သတိထားတက်ပြီး ကောင်းချည်းပဲမြင်တဲ့ အကောင်းမြင်သမားတစ်ဦးအဖြစ် သိသိသာသာ ပြောင်းလဲသွားခဲ့ပါသည်။

မောင်လင်းသစ်(Level-2)

သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်းနှင့် B.Aတန်းစာမေးပွဲများနှင့်ပတ်သတ်၍ အကြံပြုချက် မရှိအောင် စီစဉ်ထားမှုသည် လိုအပ်ချက်မရှိပြည့်စုံလှပါသည်ဘုရား။ ထိုကဲ့သို့သော စာမေးပွဲများ ကျင်းပခြင်းသည် လူတို့နှလုံးသားဝယ် ဘာသာတရား၏ အဆုံးအမများ ကိန်းအောင်းနိုင်မည်မှာအမှန်ပင်ဖြစ်ပါသည် ဘုရား။

မအိဇင်ဖြိုး (Level-2)

စာမေးပွဲတွင် မေးသမျှ မေးခွန်းတိုင်းဖြေဆိုခဲ့ပါသည်။ ပါဠိမြန်မာ ယှဉ်တွဲကာ ဖြေခိုင်းပါ လျှင် မရသော်လည်း မြန်မာလို နားလည်သလိုဖြေဆိုခဲ့ပါသည်။level၃ကိုလည်း ကြိုးစား ပြီး ဆက်လက်ပူဇော်ပါအုံးမည်။

ဒေါ်မေပြည့်စုံ(Level-2)

တစ်ဦးထဲမှ စာဖြေကဒ်အများအပြားလာထုတ်သူများအား စာဖြေကဒ်ထုတ်သည့် နေ့တွင် လူများနေလျှင်ဆယ်ယောက်တစ်ကြိမ် ထုတ်ပြီး ပြန်တန်းစီ စနစ်ဖြင့် ပေးသင့်ပါကြောင့် အကြံပြုလိုပါသည် ဘုရား။

ဒေါ်မေပြည့်စုံ(Level-2)

တစ်ဦးထဲမှ စာဖြေကဒ် အများအပြားလာထုတ် သူများအား စာဖြေကဒ်ထုတ်သည့်နေ့တွင် လူများနေလျှင်ဆယ်ယောက်တစ်ကြိမ် ထုတ်ပြီး ပြန်တန်းစီ စနစ်ဖြင့် ပေးသင့်ပါကြောင့် အကြံပြုလိုပါသည်ဘုရား။

မလွဲလွဲ စန်း (Level-2)

ကျွန် မအသက် ၄၈ နှစ်ရှိပါပြီ ။ ယခင်သုတမမွ မဖြေခင်တုန်းက သကြန်အလုပ်နားရက် ၇ ရက် ၁၀ ရက် စသည် ဖြင့် တရား စခန်း များ ဝင်ခဲ့ပါသည်။ ဒါပေမယ့် ဥပုသ်တရက် မှ မရ ခဲ့ ပါဘူး။ ကျွန်မ က ဗိုက်ဆာတဲ့ ဆာတဲ့ဝေဒနာ ကို ခံစားနိုင်လို့စားပစ်မိပါတယ်။ Level 2 ဖြေတော့မှ ဥပုသ်စောင့်ခြင်း ၁ရက်ရဲ့အကျိုး ကျေးဇူးကို သိရပါတယ်ရှင့်။ရှေ့လျှောက် ကြိုးစားပြီး ဥပုသ်ရအောင်စောင့်မယ်လို့သံမိဋ္ဌာန်ချထားပါတယ်ရှင့်။ ရုံးမှ မောင်ငယ် ညီမငယ်သူငယ်ချင်း များကိုလည်းသုတမမွဖြေဆိုဖို့ တိုက်တွန်းထားပါတယ် ရှင့်။ ဆရာတော် ဘုရားကြီး တရားတော်များနာယူရင်းအကြိမ်ကြိမ်ဦးချမိပါ တယ်။ဆရာတော် ဘုရားကြီး အသက် ရာကျော် ရှည်ပါ စေ။

သန္တာအောင် (Level-2)

ဓမ္မအသိ၊ဘဝအတွက်ပညာရပ်များတိုးပွားစေသည့်အပြင် တရားနဲ့ပျော်မွေ့၊ စိတ်နှလုံး ချမ်းမြေ့မှု၊ နိဗ္ဗာန်ရောက်ကြောင်း တရားထူး တရားမြတ်များရအောင် ပို့သပေးနေသော တန်ဖိုးမဖြတ်နိုင်သော တက္ကသိုလ် ကျောင်းတော်ကြီးအဖြစ် မြင်မိပါတယ်ရှင့်။

ဒေါ်ဝါဝါ (Level-2)

ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်များ စိတ်၏ အေးချမ်းရာတွေကို သဘာဝတရားတွေကို ဖြေဆိုခွင့်ရတဲ့အတွက် ကျေးဇူးကြီးလှပါသည်။ ကံကောင်းတဲ့ လူသားဖြစ်ရပါပြီ။ အသိသတိကပ်သော လူသားဖြစ်ရပါသည် အေးချမ်းတဲ့ လူသားဖြစ်ရပါပြီ။

AYE MYAT SU KYI (Level-2)

သုတမမွ စာဖြေဌာန အား စစ်ကိုင်းစာဖြေဌာန ၃ ကလေးဝမြို့ သီရိမင်္ဂလာ ကိုးနဝင်း ကျောင်း တွင် ချထားပေးခြင်းအား ပါချုပ်ဆရာတော် ဘုရားကြီး နှင့် ဒု ပါချုပ် ဆရာတော် ဘုရားကြီး ,ပညာဘူမိမှ ကြွရောက်ချီးမြှင့်ပေးသော ဆရာတော် ဦးစီး ဦးဆောင်ရွက်ပေးပါသော ကလေးဝ ကိုးနဝင်းဆရာတော် တို့အား အထူး ကျေးဇူးတင်ရပြီး ရှိသေလေးစားစွာဖြင့် အကြိမ်ကြိမ် ရှိခိုး ကန်တော့ပါတယ်ဘုရား ကလေးဝ မြို့လေးမှာ မမွအသိတွေနဲ့ မမွရပ်ဝန်းလေး ဖြစ်နေတဲ့ အတွက်ကြောင့် ဆရာတော်များ အားလုံးလည်း ကာယိကဒုက္ခ စေတသိက ဒုက္ခ ချုပ်ငြိမ်းသော ရဟန္တာ ပုဂ္ဂိုလ် မြတ်များ အသီးသီး ဖြစ်ကြပါစေ ဟု တပည့်တော်မှ စိတ်ရင်းနဲ့ မေတ္တာပို့သပါတယ်ဘုရား။

မအေးမြသန္တာ(Level-2)

တပည့်တော်မက ပုဂံကပါ ဘုရား ခေတ်ကာလကြောင့် သွားလာရခက်ခဲတာကလွဲလို့ အကုန် အဆင်ပြေပါတယ်ဘုရား ဖြေမယ့်နေ့မနက်မှ ဖြေဆိုခွင့်ကဒ်ထုတ်ပြီးဖြေခဲ့ပါတယ် ပခုက္ကူ ဗွောဓိမဏ္ဍိုင်ကျောင်းမှာ ဖြေဆိုရပါတယ်ဘုရား အရမ်းအဆင်ပြေပါတယ် ကျောင်းဝေယာဝစ္စ လုပ်တဲ့သူတွေ ရပ်မိရပ်ဖတွေက တာဝန်ကျသလို ဘုန်းဘုန်း

တို့ကလည်း စာဖြေသူအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးမှုတွေအတွက် ဝမ်းသာပီတိဖြစ်ရပါတယ် ကျေးဇူးတင်ပြီး သာခု ခေါ်မိပါတယ် ဘုရား ။ တပည့်တော်မ ဥာဏ်စွမ်းရှိသလောက်ဓမ္မစာပေကြိုးစားလေ့လာသင်ယူရင်းကြိုစားအားထုတ်သွားပါမည် ဘုရား။

နိုးနိုးမြတ်ကျော်(Level-2)

level 2 သင်ယူပြီးနောက် ခေါင်းထဲမှာမေ့မရဘဲ စွဲကျန်ရစ်နေခဲ့သော အကြောင်းအရာတစ်ခုရှိပါတယ်ဘုရား။အဲ့ဒါကတော့ လူ ၄ မျိုး ကြောင်း ဆရာတော်ကြီး ရှင်းပြထားတာ ကိုစိတ်ထဲမယ် စွဲနေပါတယ်ဘုရား။ ကိုယ့်ဟာအလင်းထဲကလူလား အမှောင်ထဲက လူလား ဆိုတာကိုလည်း ခွဲခြားသိမြင်သွားသလို တပါးသူတွေကို တွေ့မြင်တဲ့ အခါမှာလည်း ခွဲခြားမြင်တတ်လာပါတယ်ဘုရား။

ဒေါ်ဝေဇင်နှောင်း (Level-2)

စာဖြေဖို့အတွေ့အကြုံကတရားတော်တွေကိုသင်ယူရင်းနဲ့သဒ္ဓါတရားတွေတိုးပွားလာတယ် သီလတွေဆောက်တည်ချင်လာတယ်.ကမ္မဋ္ဌာန်းတရားတွေ ပိုပိုပြီးအားထုတ်ချင်စိတ်တွေဖြစ်လာပါတယ်ဘုရား။ဖြေတဲ့အခါတစ်ခါတလေမေးခွန်းကိုနားမလည်သလိုဖြစ်ပေမယ့်အတတ်နိုင်ဆုံးကြိုးစားပြီးဖြေဆိုခဲ့ပါတယ်ဘုရား။တရားတော်တွေကိုသင်ယူရင်းနဲ့စိတ်ထဲမှာဘယ်လိုဆုံးဖြတ်ချက်ချမိသလဲဆိုရင်၊ဒီတရားတော်တွေအတိုင်းကြိုးစားလိုက်နာကျင့်ကြံနိုင်မယ်ဆိုရင်ဒီဘဝလူဖြစ်ကျိုးနပ်ပြီလို့ တွေးမိပါတယ် ဘုရား။

စိုင်းညီညီထွန်း(Level-2)

Level-1 ထပ်စာရင်စည်းကမ်းပိုင်း ပိုတင်းကြပ်လာသည့်အတွက် စာဖြေရတာ စိတ်ချမ်းသာပါတယ်ဘုရား ""သမာဓိ"သည် အသံကို အကြောက်ဆုံးဖြစ်သည့် အတွက် စာဖြေချိန် တွင် တိတ်ဆိတ် ငြိမ်သက်သော ပတ်ဝန်းကျင်ကို ပိုအလိုရှိပါတယ် ဘုရား။ အခက်ခဲတွေကြားမှ ဝိုင်းဝန်း ဆောင်ရွက်ပေးကြသည့် အတွက်ကြောင့် မိမိမှာ ဓမ္မအသိနဲ့ မနေနိုင်ပါက မိမိအပြစ်သာဖြစ်ပါကြောင်း တပည့်တော်ဝန်ခံပါရစေ။ အရှင်ဘုရား။ "

ဒေါ်မွေးမွေး (Level-2)

လွန်စွာ အကျိုးရှိပြီး စာမေးပွဲဖြေရန်အတွက်မဟုတ်ဘဲ လက်တွေ့ဘဝ တွင်ပင် တရားနာရုံမျှနှင့် သောက အပူများငြိမ်းအေးနိုင်ပါသည်။ စာမေးပွဲ အတွက်စီစဉ် ဆောင်ရွက်ထားမှုကလည်း ပြည့်စုံကောင်းမွန်ပါသည်။

မဝင်းဝင်းခိုင် (Level-2)

စာမေးပွဲဖြေဆိုသည့်အခါတွင် ဖြေဆိုေနသည့်အချိန်အတွင်း တစ်ဦးနှင့်တစ်ဦးအဖြေများကို မမေးစေလိုပါဘုရား။ မိမိနားလည်သဘောပေါက်သည့် ဓမ္မအသိဖြင့်သာ ဖြေဆိုစေချင် ပါသည် ဘုရား။ ဓမ္မအသိရရှိဖို့ကသာအဓိက ဖြစ်ပြီး ဓမ္မအသိကသာ ကောင်းမွန်သောဘဝကို တည်ဆောက်ပေးမှာဖြစ်သည့် အတွက်တစ်ဦးနဲ့တစ်ဦး မေးခြင်းသည် မသင့်တော်ဖူးဟု မိမိထင်မြင်မိပါသည်ဘုရား။ တချို့သော ဓမ္မမိတ်ဆွေ ဖြေဆိုသူများသည် တစ်ဖတ်သား အနှောင့်အယှက် ဖြစ်ရလောက်အောင် မြန်းတတ်ပါသည်ဘုရား။ ဖြေဆိုသည့် အခါအဲဒီကိစ္စလေးကို တင်းကျပ်စေခြင်ပါသည်ပါဘုရား။

ဦးထွန်းတေဇာအောင်(Level-2)

မိမိ၏အေတွ့ကြုံမှာခုံနံပါတ်ေနရာရွာဖွေရာတွင် ကြည့်ရန်နေရာ1ခုထဲရှိ သောကြောင့် လူအရမ်းများပြီးတိုးဝှေ့ကြည့်ခဲ့ရပါသည်။ဘုတ်ပြားပြုတ်ကျသည်အထိတွေ့ခဲ့ရပါသည်မိမိ မှာလူငယ်ဆိုတော့ဘာမှမဖြစ်ပေမယ့် အသက်ကြီးပိုင်းတွေအတွက်တော့ အခက်အခဲဖြစ် မည်ဟုယူဆမိပါသည်။ဟာသတစ်ခုနဲ့ကတော့ level1တုန်းကမုန့်စားရပြီး level2ကျတော့ မစားရပါကြောင်း။

အိအိသွင်(Level-2)

တပည့်တော်တို့နယ်သမားတွေအနေနဲ့ဖြေမယ့်ရက်မှကဒ်ကိုထုတ်လို့ရရင်ပိုအဆင်ပြေပါမ ယ်။ကြိမ်းသေဖြေဆိုမည့်အကြောင်း ဖုန်းနဲ့အဆက်အသွယ်ပြုလုပ်ခွင့်ပေးစေချင်ပါတယ်။

ဒေါ်ပန်းနုသွယ်(Level-2)

လောကီစာမေးပွဲများ လေ့လာရာတွင်စိုးရိမ်ပူပန်မှုနှင့်စိတ်ဖိစီးမှုများရှိရပေမဲ့ သုတမမ္မ ဒီပလိုမာ စာမေးပွဲ အတွက် လေ့လာရာတွင် ဗုဒ္ဓမြတ်စွာဘုရား ဒေသနာတော်များ ကို အထပ်ထပ်ပြန်လှန် ကျက်မှတ်ရသည် အတွက် စာကျက်နေသည့်အချိန်တိုင်း စိတ်အေးချမ်းမှု ကုသိုလ်ကို ရရှိပါသည် ဆရာတော်ကြီးဘုရား ။

ဒေါ်ဟေမာန်ငြိမ်းချမ်း (Level-2)

စာဖြေရန်အတွက် တရားတစ်ပုဒ်ကို လေ့လာကျက်မှတ်ပြီးသည့်အခါတိုင်း ဘုရားတပည့်တော် အတွက်လွန်စွာအသိအမြင်တိုးအကျိုးများလွန်းလှပါသဖြင့် အားရ ကျေနပ်ကြည်နူးခြင်းများ ဖြစ်ရကာ ဆရာတော် ဘုရားကြီးအား ကိုယ်နှုတ်စိတ် သုံးပါးစလုံးဖြင့် ရှိခိုးဦးခိုက်ကန်တော့ပြီးလျှင်၊ တပည့်တော်နည်းတူ ပူဇော်သူများ အကျိုးများကြပါစေ ကြောင်းအတွက် သုတမမ္မစာမေးပွဲကြီးအဓွန့်ရှည် တည်တံ့ပါစေကြောင်း တောင်းဆုပြု မိပါသည်ဘုရား။

မစုစင် (Level-2)

အကြံပြုချက်ကတော့ တပည့်တော်လို နားလည်မှု လွဲနေမယ့်လူတွေ အတွက် အတွေးမှန်စေရန် ဟောပြော ဆုံးမပြီး ချွတ်ပေးပါအုန်းဘုရား။တပည့်တော်က စဖြေမယ့်အချိန်မှာပါဠိမပေါင်းတတ်ဘူးလို့ဖြေလို့မရဘူးလို့ ပြောတဲ့အချိန် တပည့်တော်

အမျိုးတွေကပါဠိလိုကျက်စရာမလိုဘူးတရားကို သဘောပေါက်ဖို့ပဲလိုတယ်လို့။ ဖြေဖြစ်စေရန် တိုက်တွန်းခဲ့ကြပါတယ်ဘုရား။တကယ်ဖြေတော့လည်း ဂုဏ်ထူးနဲ့ အောင်တယ် ဆိုတော့ အားတွေရ ဂုဏ်တွေယူနေတာပေါ့ဘုရား Level 2 ဖြေတဲ့အချိန်ကျ ပါဠိလို ပါရေးခိုင်းတော့ ဂုဏ်ထူးမရနိုင်တော့ဘူး ဆိုပြီး လောဘကြောင့် သောကတွေ များကုန်ပါတယ်ဘုရားဘာလို့နိဂဏ္ဌာတွေရဲ့ဥပုသ်ကို ပါဠိလိုရေးခိုင်းရတာလဲ မိစ္ဆာဝါဒ တွေကို တို့ ဆိုပြီး နားလည်မှုလွဲပါတယ်ဘုရား။နောက်တစ်ခု က ကျွန်မသမီး လေးက England မှာကျောင်းပြီးပြီးတော့ အလုပ်ဝင်နေပါတယ်ဘုရား သူကလည်း ပါဠိ မပေါင်းတတ်တဲ့ အဆင့်မဟုတ် မြန်မာလိုကို မနည်းမှတ်ရပါတယ်။ ဒါပေမယ့်သူဟာ ဘာသာရေး အသိဥာဏ်ကတော့ တပည့်တော်ထက် ပိုမြင့်မားပါတယ်ဘုရား။ သူက ဆရာတော် ဘုရားကြီးရဲ့ သုတဒီပလိုမာစာမေးပွဲချိန်နဲ့ တိုက်ပြီး အိမ်ပြန်လာပါတယ် သူကတော့

အေးဆေးပါဘုရား။ ပါဠိ နဲ့မေးသလား မမေးသလားကို စိတ်ထဲမရှိပါဘူးဘုရား မပေါင်း တတ်တာ ဘယ်လိုဖြေမလဲအခုထိ ရင်ထဲအေးချမ်းနေတာတော်ရောပေါ့လို့ဖြေပါတယ်။ Level 2 တော့မဖြေသေးဘူး သမထ နဲ့ဝိပဿနာ မှာ သူဝိပဿနာကို နားမလည်တဲ့ အတွက် တရားစခန်းဝင်ကြည့်ပြီးမှ ဆက်ဖြေမယ်လို့ပြောပါတယ်ဘုရား သူရော နားလည်မှု လွဲနေသလားလို့တပည့်တော်တွေးမိပါတယ်ဘုရား။တရားဆိုတာတော့ ကိုယ့် အဆင့်နဲ့ ကိုယ် အသီးသီးသဘောပေါက်ကြတာကို နားလည်ပါတယ် တရားကို လေ့လာ ရင်း အချိန် အတိုင်းအတာတစ်ခု ရောက်ရင်တော့ အဆင်ပြေလာမှာ ပေမယ့် တစ်ချို့ အကြောင်း လေးတွေဆရာတော်ကြီးဆုံမလိုက်တဲ့အခါနားဝင်သွားလို့ပါ ဘုရား။

ဒေါ်အေးငြိမ်းသူ(Level-2)

တပည့်တော်(Level-2)ကို ကြိုးစားပြီး ပူဇော်ဖြေဆိုခဲ့ပါတယ်ဘုရား ။တပည့်တော် တစ်ခု အကြံပေးခွင့်ပြပါဘုရား။ Levelအလိုက်ဂုဏ်ထူးထွက်တဲ့သူတွေကို နောက်တက်မယ် Levelပြဋ္ဌာန်းစာအုပ်ကို အမှတ်တရ ဆရာတော်ကြီးလက်မှတ်လေးနဲ့ ဂုဏ်ပြုစေချင် မိပါတယ် ဘုရား။ ဒါမှလည်းမြတ်ဗုဒ္ဓရဲ့တရားတော်တွေကိုပိုကြိုးစားသင်ယူချင်စိတ်တွေ ဖြစ်လာမယ်လို့ မြင်မိပါတယ်ဘုရား ။တပည့်တော် လောကီဘွဲ့ယူမယ်ဆို M.A(English) အပါအဝင် အနဲဆုံး၅-ဘွဲ့ယူခွင့်ရှိပေမယ့် ဘွဲ့တစ်ခုမှ ကိုယ်တိုင် တက်မယူခဲ့ပါဘုရား။ မန္တလေး မှာ နေပေမယ့်အဝေးရောက်တွေပဲယူခဲ့ပါတယ်ဘုရား။ တပည့်တော်မြတ်နိုးတဲ့ သုတမမ္မ (Diploma) နဲ့ ပညာဘူမိတက္ကသိုလ်က ပေးမယ့် ဘွဲ့တွေကို တပည့်တော် ကြိုးစားဖြေဆိုပြီး ကိုယ်တိုင် တက်ရောက်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်ဘုရား။ ဆရာတော်ဘုရား သက်ရှည် ကျန်းမာစွာ မိမိအကျိုး၊သာသနာ့အကျိုးတွေ ထမ်းဆောင် ရင်း တရားထူး တရားမြတ်တွေနဲ့ ပျော်မွေ့နိုင်ပါစေဘုရား ။

မဇွန်မိုးထက် (Level-2)

တပည့်တော်က စာဖြေဌာန (၁၀) အ.ထ.က သဃ်နိုးကျွန်း မှာဖြေဆိုခဲ့ပါတယ်ဘုရား။ စာမေးပွဲဖြေဆိုရမယ့်လူအားလုံးစာရင်းကို တနေရာတည်းမှာ ကပ်ထားတဲ့အတွက် ကျန်တဲ့အသက်ကြီးတဲ့အဖွားတွေ၊အန်တီတွေ တိုးပြီးကြည့်ရတာ အခက်အခဲ အနည်းငယ်ရှိတာကို တွေ့ရှိခဲ့ရပါတယ်ဘုရား။ ဒါကြောင့် နောက်များမှာ Level အလိုက် နေရာများများလေးမှာ ကပ်တာပဲ ဖြစ်ဖြစ်၊ List တွေ ထွက်ထားပြီးရင် Facebook မှာ ကြည့်လို့ရအောင် တင်ပေးတာဖြစ်ဖြစ်လုပ်နိုင်ရင်တော့အဆင်ပြေမယ်လို့မြင်မိပါတယ်ဘုရား။ ဆရာတော်ဘုရားနှင့်တကွ ဦးဆောင်ဆရာတော်များ အဖွဲ့ဝင်ဆရာတော်များအားလုံးကို ဦးခိုက်ပါတယ်ဘုရား။"

မဆုသဇင် (Level-2)

စာမေးပွဲဖြေဆိုရသည်မှာ အားလုံး အဆင်ပြေမှုရှိပါတယ်ဘုရား။ Level 1ဖြေဆိုတုန်းက မေးခွန်းကဒနာရီဆိုတာနဲ့ တန်းဝေပါတယ်ဘုရား၊ အခု Level 2ဖြေတော့ တပည့်တော်တို့အခန်းကို ၁၀မိနစ်လောက်နောက်ကျပြီးမှ မေးခွန်းထုပ်ရောက်လာပါတယ်ဘုရား။ တပည့်တော် ပြင်ဦးလွင်စာဖြေဌာနမှာပဲဖြေရတာပါဘုရား။ တပည့်တော်တို့ဖြေရတဲ့ အခန်းက ဝေးတာရော၊ လူများတာရောကြောင့်ဟု နားလည်မိပါတယ်ဘုရား။ ၁၀မိနစ်နောက်ကျပေမယ့် ၄နာရီမထိုးခင်မှာပဲ ၁၀ပုဒ်လုံးဖြေဆိုပူဇော်ဖို့ အချိန်လုံလောက်ခဲ့ပါတယ်ဘုရား။

ခင်လတ်လတ်ထွန်း (Level-2)

ဒီအရွယ်မှ တရားတော်များနာယူမှတ်သားရတာ နောက်ကျတယ်လို့ ခံစားရပါတယ်။ ဘာကြောင့်ဆိုရင် တရားတော်တွေက လောကီအရေးတွက် အရေးကြီးတဲ့အချက်တွေ

ပညာ၊ ဥစ္စာတိုးတက်ဖို့လိုက်နာရမည့်အချက်တွေမှတ်သားရတဲ့အတွက် ဆယ်ကျော်သက်အရွယ်ကနေ ဒါတွေ နားလည်သဘောပေါက်ခဲ့ပြီးလိုက်နာ ကျင့်သုံးကြရင် ဘဝအဆင့်မြင့်မြင့်နဲ့နေနိုင်ကြမှာဖြစ်လို့ဗုဒ္ဓဘာသာဝင်တိုင်းမဖြစ်မနေတက်သင့်ပါတယ်။သမီးလေးတွေအမေဖြစ်လို့ သမီးတွေကိုတက်စေချင်တာ ကျောင်းစာတစ်ဖက်နဲ့မို့ နွေရာသီမှာစာမေးပွဲဖြေလို့ရအောင် လုပ်ပေးစေချင်ပါတယ်။

ဒေါ်သေးသေး(Level-2)

တပည့်တော်မသည် ဖြေဆိုခဲ့စဉ်က ဘဝခရီးလျှောက်လှမ်းရာတွင် ဆောင်ရန်ရှောင်ရန်၊ သိသင့်သိထိုက်သည်များကို လေ့လာသင်ယူခဲ့သည်ကို များစွာ ဝမ်းမြောက်ပိတိ ဖြစ်ရပါသည်။ ယခင်နှစ် စာမေးပွဲဖြေဆိုရာတွင် စာဖြေသူအချို့၏ မဆင်ခြင်မှုကြောင့် စိတ်အနှောက်အယှက် ဖြစ်မိပါကြောင်းနှင့် နေပြည်တော် စာဖြေဌာနတစ်ခု ထက်ပို၍ ရှိစေလိုပါကြောင်း feedbackတွင် လျှောက်တင်ခဲ့ဘူးပါသည် ဘုရား။ ယခုနှစ်တွင် တိတ်ဆိတ် ငြိမ်သက်စွာဖြေဆိုခွင့်ရရှိ၍စိတ်အေးချမ်းလှပါသည်ဘုရား။ တရားတော်များကို ကျန်းမာရေးမကောင်းသော်လည်း ကောင်းမွန်စွာဖြေဆိုနိုင်ခဲ့ပါသည်။
ဓမ္မအသိဖြင့်မိမိဘဝ၏တတိယအရွယ်ကိုအကျိုးရှိရှိဖြတ်သန်းနိုင်ရန်ဦးဆောင်လမ်းပြပေးပါသောဆရာတော်ဘုရားများနှင့်ကြားဆရာ၊သင်ဆရာမြင်ဆရာများအားလုံးသို့ရှိသေစွာလက်စုံမိုးကန်တော့ပါ၏ဘုရား ။

Ma Phu Pwint Zon(Level-2)

တရားတော်များလေ့လာသင်ယူရလို့ တကယ်ကောင်းမွန်တဲ့ သင်တန်းဖြစ်ပါတယ်။ ဆရာတော် ဘုရားနှင့် သင်တန်းအတွက် ဖြစ်မြောက်အောင်ကူညီဆောင်ရွက်ပေးတဲ့ ဆရာတော်များ၊ လူပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါတယ်။ ကျန်းမာရွှင်လန်းကြပါစေ

(၃.၃) (Level-3) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ

ဒေါ်သက်ထက်အေးငြိမ်း (Level-3)

ယခုနှစ်သုတစာမေးပွဲဖြေဆိုခဲ့ရာမှာ သီလလုံခြုံစွာ ဖြေဆိုခြင်းမရှိတဲ့ စာဖြေသူတွေကြောင့် ကျန်ဖြေဆိုသူများပါ အနှောင့်အယှက်ဖြစ်ရပါတယ် ဘုရား။ စည်းကမ်းတင်းကြပ်ပေးပြီး စာမေးပွဲဖြေဆိုတဲ့အခါ အတန်းတူ တစ်ယောက်နဲ့တစ်ယောက် နီးကပ်မနေအောင် ခုံတွေကို Zigzag ပုံစံမျိုးနဲ့ စီတာမျိုး ဖြေဆိုတဲ့ဌာနတွေ ကပ်ပေးနိုင်ရင်ကောင်းမှာပါဘုရား။ ကိုယ့်ရဲ့အပြုအမူကြောင့် သူတစ်ပါးကို ထိခိုက်စေတာ ဖြစ်သင့်ဘူးလို့ ယူဆပါတယ် ဘုရား။

Ma Yu Nandar Aung(Level-3)

ဘွဲ့နှင်းသဘင်ကို ရန်ကုန်တစ်ခုတည်းမလုပ်စေချင်ပါဘုရား မန္တလေးတွင်လည်း ကျင်းပစေချင်ပါသည်ဘုရား

ဒေါ်နှင်းအိကျော် Level(3)

မိမိပတ်ဝန်းကျင်တွင်ရှိသော ဘာသာတရား စိတ်ပါဝင်စားသောသူများ စာမေးပွဲတွင် ပါဝင်ဖြေဆိုရန်တိုက်တွန်းနှိုးဆော်၍မိမိကိုယ်တိုင်လည်းတခါဖြေပြီးလျှင် နောက်တတန်း အတွက်တရားတော်များထပ်နာလိုခြင်း၊ထပ်လေ့လာဖြေဆိုချင်စိတ်များ ဖြစ်ပေါ်နေပါသည်ဗုဒ္ဓ၏ ဓမ္မစာပေများကို ထပ်တိုး လေ့လာရှုမှတ်လိုစိတ်များ ပြင်းထန်လာသောကြောင့် မယ်သီလရှင် အချိန်ရသလောက်ဝတ်ခဲ့ပြီး ဝိပဿနာများလည်း ရှုမှတ်ပွါး များခဲ့

ပါသည် အချိန်ပေးပြီး တရားဓမ္မများကို ပိုမိုကြိုးစား လေ့လာရှုမှတ်ချင်စိတ် များဖြစ်ပေါ်လာ၍ အသိအမြင် အတွေးအခေါ်များလည်း အရင်ကနဲ့မတူ ပြောင်းလဲ လာသောကြောင့် သုတဓမ္မစာမေးပွဲကို စတင်ဝင်ရောက်ဖြေဆိုခဲ့ရခြင်းကို ပျော်ရွှင်ဝမ်းသာဂုဏ်ယူမိပါသည်ထပ်မံ၍ ကြိုးစားနာယူလေ့လာရွတ်ဖတ်ပူဇော်နှလုံးသွင်းပါဦးမည်ဘုရား။

ဒေါ်စောစန္ဒာစိမ့်(Level-3)

ခန္ဓာငါးပါးအကြောင်းကို စောင်းနှင့်စောင်းသံဥပမာလေးနဲ့ရယ်လျှပ်စစ် မီးဥပမာလေးနဲ့ ချိန်ထိုးကြည့်လိုက်တော့ပိုနားလည်သွားပါတယ်ဘုရားပြန်သင်စရာမလိုအောင်လေ့လာမှုပိုအဆင်ပြေသွားပါတယ်ဘုရား။

မသီရိမြတ်(Level-3)

စာမေးပွဲအတွက် လေ့လာကျက်မှတ်ရခြင်းနှင့်စာမေးပွဲဖြေဆိုရခြင်းမှာ အဆင်ပြေချောမွေ့ပါသည်။အကြံပြုချင်တာတစ်ခုမှာ ပြဋ္ဌာန်းစာအုပ်များကို ပို၍ ခိုင်ခိုင်ခံ့ခံ့ချုပ်၍ ထုတ်ပေးစေချင်ပါသည်။ စာအုပ်များမှာ စာရွက်များ ပြုတ်လွယ်ပါသည်။ Level 3 ခုလုံးအတွက် ဝယ်ယူထားသော ပြဋ္ဌာန်းစာအုပ်များကိုရိုသေစွာကိုင်တွယ်သော်လည်း စာရွက်များပြုတ်ထွက်ကုန်သဖြင့် နောက်လူများအတွက် လှူဖို့ရာ အခက်အခဲရှိပါသည်။ စာအုပ်များကို သေချာချုပ်လုပ်ပေးစေချင်ပါသည်ရှင့်။

ကလျာချို (Level-3)

ပြီးပြည့်စုံအောင် လုပ်ပေးထားသည့်အတွက် ကျေးဇူးတင် ကန်တော့ပါတယ်ဘုရား။တစ်ခုအကြံပြုချင်တာက အချပ်ပို တွင် ခုံနံပါတ် တပ်ရန် နေရာမှာ ကွင်းခတ်ထားသည်မှာ

ကျဉ်နေသည့်အတွက် ခုံနပါတ် ကျော်တပ်ရတာ ရှိပါတယ်ဘုရား ။ ကွင်းဖြုတ်တာ ဖြစ်ဖြစ် နေရာကျယ်ကျယ် ထားပေးတာဖြစ်ဖြစ် ထားပေးလျှင် ပိုအဆင်ပြေမည် ထင်မိပါတယ် ဘုရား။

ဒေါ်အေးမျိုးစု(Level-3)

ဒီပလိုမာတန်းအတွေအကြုံများက စာတွေထပ်ခါထပ်ခါဖတ် တရားတော် ထပ်ထပ်နာယူ ဖြစ်ပါတယ်။ အစပိုင်းမှာမမှတ်မိဖြစ်ပါတယ်။ မေးခွန်းဖတ်တဲ့အချိန်မှာသိပြီး ဖြေမိတာ အတွေးလွဲသွားတာမျိုး ရှိပါတယ် ဉာဏ်မီသလောက်အစွမ်းကုန်ပူဇော်ခဲ့ပါတယ်ဘုရား"

Yee mon thaw(Level-3)

သုတမမ္မ သင်တန်း အဆင့်အလိုက် မမ္မအသိတွေ ပိုတိုးပြီးသိရှိလာရပါတယ် သုတမမ္မ ပြဋ္ဌာန်းတွေ လေ့လာကျက်မှတ်ချိတ် တစ်လျှောက်လုံး ဆရာတော်ကြီးရဲ့ ကျေးဇူးကို အကြိမ်ကြိမ်ဦးခိုက်မိပါတယ်။

ဒေါ်နွယ်နွယ်လှိုင်(Level-3)

အလုံးစုံ ပြီးပြည့်စုံသော ဆရာတော်ဘုရားကြီးဟောကြားသော ဗုဒ္ဓတရားတော်များကို သင်ကြားမှတ်သားဖြေဆိုခွင့်ပေးသော ဆရာတော်ဘုရားကြီးကို ကျေးဇူးကိုလက်အုပ်ချီမိုး ရှိခိုးကန်တော့ပူဇော်မိပါတယ်ဘုရား။တပည့်တော်အရမ်းကို တက်ကြွပြီး ဖောင်တင်လို့ ရပြီလို့ ကြေငြာတာနဲ့ တန်းတင်တာ မန္တလေးမှာ ခုံနံပါတ်၁ ဖြစ်သည်အထိ အဲ့လောက် ထိ တရားတော်များကို လေ့လာရတာ ကျေနပ်မိပါသည်ဘုရား ။

အရှင်သုမန (Level-3)

စာမေးပွဲ အတွေ့အကြုံများကို လျှောက်ထားရရင် အားလုံးအဆင်ပြေပါတယ်ဘုရား။ တစ်ခုလေးပါပဲဘုရား စာဖြေနေတဲ့အချိန် မိုက်ကြီးနဲ့ မေးခွန်းကို အစအဆုံး ဖက်ပြတာ တွေကတော့ အဆင်မပြေပါဘူးဘုရား။နားမလည်းတဲ့ စာဖြေသူရယ်လို့ မရှိပါဘူးဘုရား အလိုဖက်ပြတော့ စာဖြေရတာ အနှောက်အယှက်ဖြစ်တယ်လို့ မြင်မိပါတယ်ဘုရား။ ကျန်တာတွေ အားလုံးအဆင်ပြေပါတယ်ဘုရား။ရန်ကုန်စာဖြေ ဌာန (၇) မှာဖြေတာပါ ဘုရား"

နှင်းနှင်းမြင့်ဆွေ(Level-3)

စာမေးပွဲဖြေရတာအရမ်း အဆင်ပြေလာပါတယ်ဘုရား အထကသုဝဏ္ဏာကျောင်းဖြေရတော့ L2ကစပြီး ကျောင်းသားကျောင်းသူလေးတွေက စာဖြေခန်းကိုလမ်းညွှန် ပြသပေးလို့ အဆောင် တွေရှာရတာ ပိုပြီးအဆင်ပြေလာပါတယ်ဘုရား

မအေးအေးခိုင်(Level-3

အတွေ့အကြုံများအနေဖြင့် မသိသေးတဲ့တရားတွေ သိလာရခြင်း၊ ဗုဒ္ဓဘာသာဝင် တစ်ယောက် အနေနဲ့အခုအချိန် အသက်အရွယ်မှာ အသိတွေ နောက်ကျသွားလို့ ကိုယ်ကိုယ့် ကို တော်တော်လေးစိတ်မကောင်းဖြစ်ရပါတယ်၊ ဘုန်းဘုန်းရဲ့ တရား တော် ၁၅ပုဒ်ကို အကြိမ်ကြိမ်နာယူမှတ်ထားပြီးတော့ Level1တုန်းက မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ရင်းကနေဝိပဿနာပြောင်းပုံ၊Level2မှာဥ ပုလ်စောင့်ခြင်းကြောင့်သိလာရ သောအကျိုးကျေးဇူးများ၊ Level3မှာ ဘာသာတရားကို ပိုပြီးတန်ဖိုးထားတက်လာခြင်း၊

စိတ်၏ထွက်ပေါက် အနေနဲ့လည်း စိတ်ထားလေးများကို ပြုပြင်ထားလာနိုင်အောင် ကြိုးစားပြီးနေထိုင်လာတတ်ခြင်း၊ရတနာသုတ်အနေနဲ့လည်းအကျိုးကျေးဇူးများကြောင်း ကိုသိလာရခြင်း၊ဗုဒ္ဓရဲ့တပည့်သားတော်အရှင်အာနန္ဒကြိုးပမ်းချက်တွေကိုနားကြားရလို့ဝ မ်းသာပီတိဖြစ်ရပါတယ်ဘုရား၊တပည့်တော်တို့ကိုနေတတ်၊သေတတ်အောင်သင်ကြားပေး တဲ့ဘုန်းဘုန်းဘုရားကို အခုအတွေ့အကြုံလေးနဲ့ကန်တော့ပါ၏ဘုရား

ဖြူစင်ဥ (Level-3)

ဒီပလိုမာတန်းအတွက် မေးခွန်းတွေကို စာအုပ်ထဲမှာ ပြန်ကြည့်ရင် ရရှိနိုင်တဲ့ အချက် အလက်တွေ၊ ပါဠိတွေကို မေးတာထက် ဒီတရားတော်ကနေ ရရှိသွားတဲ့အသိတွေ၊ ခံယူချက်ဆိုင်ရာတွေ ၊ concept တွေကိုသာ အဓိကထား မေးစေချင်ပါတယ်ရှင်။ ကျက်ပြီး ဖြေလို့ရတဲ့မေးခွန်းတွေကို ကြုံရတဲ့အခါ ဒီလို တန်ဖိုးရှိလှတဲ့အစီအစဉ်ကြီးကို နှမျောမိပါ တယ်ရှင်။ တရားဆိုတာ ကျင့်သုံး ကျင့်ကြံရမဲ့အရာလို့ ခံယူမိတာမို့ ကျက်မှတ် ရွတ်ဆိုနေတာတွေ၊ အလွတ်ကျက်စာမေးပွဲကြီးလို မဖြစ်စေချင်မိပါဘူးရှင်။ စာဝတ် နေရေး အတွက် ဖြေဆိုရတဲ့ စာမေးပွဲတွေကို အလွတ်ရအောင် ဖြေဆိုခဲ့ရ၊ ဖြေဆိုနေရဆဲမို့ တရားမမွန်နဲ့ပတ်သက်တဲ့စာမေးပွဲမှာတော့ စာကျက်စရာမလိုဘဲ ကိုယ့်ရဲ့ တွေးခေါ်နိုင်စွမ်း တွေကို မေးတာမျိုးတွေကိုပဲ ဖြေဆိုချင်မိပါတယ်ရှင်။ BA ဆက်တက်ဖို့လဲ ရည်ရွယ်ထား ပါတယ်ရှင်။ တရားမမွန်တွေဟာ အင်မတန် ကောင်းလွန်းလှပါတယ်။ အခုလို အစီအစဉ် ကောင်းကြီးတစ်ရပ်ကို ဖော်ဆောင်ပေးတဲ့ University of Wisdom Land ကို ကျေးဇူးတင်မိပါတယ်ရှင့်။

မရီရီဝင်း(Level-3)

စာမေးပွဲဖြေရာတွင် အဆင်ပြေစိတ်ချမ်းသာစွာဖြေဆိုရပါသ်။သို့သော်.မန္တလေး CAE စာဖြေဌာနတွင် စာမေးပွဲမဖြေမီနေစရာအခက်အခဲ ဖြစ်ရသည်။ လူတိုင်းကလမ်းအခြေနေ အကြောင်းအမျိုးမျိုးကြောင့်စောလာရသည်။ ကျောင်းရောက်တော့ ထိုင်စရာမရှိ မတ်တပ်ဖြစ်နေရသည်။ အသက်ကြီးသည့်သူများအတွက် အဆင်မပြေနိုင်ပါ။ အပြင်တွင် နေပူပြီးလေများ တအားတိုက်နေပါသည်။သို့ အတွက်မဖြေမီ နားနေရန် နေရာများရှိက ပို၍အဆင်ပြေပါမည်။စာမေးပွဲဖြေဖို့လုပ်အားအလှူပြုကြသူများအားလုံးကိုအထူးကျေးဇူး တင်ကြောင်းလျောက်ထားပါရစေဘုရား။

ဒေါ်ဇင်မာလင်း(Level-3

ပုထုဇဉ်လူသားများအတွက် အင်မတန်တန်ဖိုးမဖြတ်နိုင်သော အတန်းပညာဖြစ်ပြီး စာမေးပွဲဖြေဆိုနိုင်ဖို့အတွက်စီစဉ်ပေးထားတာပြည့်စုံပြီးစနစ်ကျလွန်းလို့အင်မတန်မှဂုဏ် ယူဝမ်းမြောက်မိပါတယ်အရှင်ဘုရား။

ဇင်မိမိဦး(Level-3)

အလွန်တန်ဖိုးရှိတဲ့စာမေးပွဲတစ်ခုဖြစ်ပါတယ်။အခုလိုကျင်းပပေးတဲ့ ဆရာတော်ဘုရားကြီး ကို ကျေးဇူးတင်ပါတယ်။ အဘက်ဘက်က ဝိုင်းဝန်း လုပ်ဆောင်ပေးတဲ့ ဆရာတော်များ ရဟန်းများ ပုဂ္ဂိုလ်များကို လွန်စွာ ကျေးဇူးမိပါတယ်ရှင့်။

ဒေါ်မင်းမင်းထွေး(Level-3)

"သုတဓမ္မ စာပေတွေ အများကြီး လေ့လာ ၊ကျက်မှတ်ပြီး ကိုယ်သိထားသမျှ စာတစ်ပုဒ် ချင်းစီ၏ မေးခွန်းများ မေးခြင်းက မေးခွန်း နည်းသိဟု ထင်မိပါသည် ဘုရား။

ဒေါ်ရွှေမိုးညွန့်(Level-3)

သုတဓမ္မစာမေးပွဲသည် မည်သည့်စာမေးပွဲများနှင့်မတူပါ။ ကိုယ်ကျင့်သီလပြည့်စုံစွာဖြင့် ဖြေဆိုရခြင်းဖြစ်သဖြင့် စိတ်နှလုံးအေးချမ်းရပါသည်။

Daw Aye Sandar Bo (Level-3)

အကြံပြုချက်လေးပေးချင်ပါတယ်။ စာဖြေကဒ်ထုတ်တဲ့အခါ ရန်ကုန်တိုင်းအနေဖြင့် သက်ဆို င်ရာ စာဖြေနေရာတွေမဟုတ်တောင် ဥပမာ ရွှေပြည်သာ၊ အင်းစိန်၊လှိုင်သာယာ အစရှိသည်ဖြင့် ပေါင်းပြီးထုတ်ပေးနိုင်လျှင် ပိုပြီးအဆင်ပြေမည်ထင်ပါတယ်။ တိုက်ကြီး ဘက် ကဖြေဆိုသူတွေ ကိုယ်တိုင်မလာနိုင်သောအခါ ကိုယ်စားထုတ်တာတွေမှာ အခက်အခဲ တွေရှိနေပါတယ်။ ယခုလို တစ်နေရာတည်းမဟုတ်ပဲခွဲပြီး ထုတ်ပေး စေချင် ပါတယ်။ ပြဋ္ဌာန်းစာအုပ်တွေ နောက်ဆုံးစာရွက် ၂၀လောက်မှာဆို ပြုတ်ပြုတ်ထွက် ပါတယ်။ စာအုပ်ထုတ်လုပ်သူများအဲဒီအပိုင်းလေးတွေ ပိုပြီးကောင်းလာ စေချင်ပါတယ် ရှင်။ ကျေးဇူးတင်ပါတယ်ရှင်

ဦးအောင်သန်းထွန်း (Level-3)

စုတိနှင့်မရဏာကြောင့် အယူမှားအယူမှန်၊ ကံနှင့်ကံ၏ စွမ်းအား၊ ဓပါးသီလ၏ ပါဠိအဓိပ္ပါယ်၊ ၃၁ဘုံအကြောင်း စသည်တို့ကို လိုအပ်သလို ထည့်သွင်းသင့်ပါသည်။

ဒေါ်နှင်းနန္ဒီထွဋ် (Level-3)

ဆရာတော်ဘုရားကြီး၏ သုတမမ္မစာမေးပွဲ များသည် တရားသဘောကို သေသေချာချာဆင်ခြင်သုံးသပ်နိုင်မှု အပေါ် အခြေခံထားသည့် အတွက် အလွန်ပင် အဖိုးထိုက်တန်လှပါသည် ဆက်လက်၍ တရားတော်များကို နာယူ ပူဇော်လိုစိတ်များ ဖြစ်မိပါတယ်။

ဒေါ်စန်းစန်းထွေး (Level-3)

စာမေးပွဲရှိလို့သာ ဓမ္မစာပေသင်ခွင့်ရတယ် လေ့လာကျက်မှတ်ပူဇော်ခွင့်ရတယ်။ တရားစခန်းမှာ မှန်ကန်တဲ့နည်းလမ်းတွေနဲ့ တရားအားထုတ်ခွင့်ရတော့တာမလို့ စာမေးပွဲ ကျင်းပပေးတဲ့အတွက် အထူးကျေးဇူးတင် ကျေနပ်ဝမ်းသာရပါတယ်ဘုရား။

ဦးသိန်းထူး (Level-3)

အိမ်မှာအလုပ်လုပ်ရင်း လေ့လာပူဇော်ဖြေဆိုရသောကြောင့် အဆင်ပြေပါသည်။ ရန်ကုန်တွင် တက်ရောက်ယူရန် အဆင်မပြေသော သင်တန်းသားများအတွက် ဒီပလိုမာ ဘွဲ့စသည့် ဘွဲ့နှင်းသဘင်ပွဲကို ပြည်နယ်/တိုင်းဒေသကြီးများတွင်လည်း ကျင်းပပေးစေလိုပါသည်။

မသက်စုခင် (Level-3)

စာမေးပွဲဖြေဆိုနိုင်ရန် တပည့်တော် အစွမ်းကုန် ပြင်ဆင်ခဲ့သော်လည်း ဝမ်းပျက်ဝမ်းလျောကြောင့် သောကြာနေ့တွင် ဆေးရုံတက်ရပြီး အင်္ဂါနေ့မှ ဆေးရုံဆင်း ခွင့်ရခဲ့ပါသည် ဘုရား။တနင်္ဂနွေနေ့တွင်တပည့်တော်စာမေးပွဲကို အလွန် လာဖြေချင်သော်လည်း

ဆေးတောက်လျှောက်သွင်းနေရသည့်အတွက် လာခွင့်မရခဲ့ပါဘူး ဘုရား တပည့်တော် ဆေးရုံပေါ်ကနေ online နဲ့ ဖြစ်ဖြစ် ဖြေခွင့်ရရင် အလွန်ကောင်းမှာပဲလို့ တွေးမိပေမယ့် ဒီလို စာမေးပွဲကို စီစဉ်ရတဲ့ ဆရာတော်ဘုရားများရဲ့ ဝန်ထုပ်ကိုလည်း နားလည်ပါသဖြင့် တပည့်တော် လောဘကြီးမိတာကို တောင်းပန်ဝန်ချပါတယ်ဘုရား။

ဒေါ်ခင်ဝင်းမြင့်(Level-3)

မေးခွန်းများတွင် ဗုဒ္ဓဘာသာဝင်တို့အတွက် ကောင်းမွန်သော လေ့လာသင်ယူစရာများကိုသာ မေးခွန်း ထုတ်စေလိုပါသည်ဘုရား၊ အခြား ဘာသာများ၏ မကောင်းသော အလေ့အကျင့် အယူအဆတို့ကို မေးခွန်းများတွင် ထည့်သွင်းမမေးသင့်ဟု တပည့်တော် ထင်မြင်မိပါသည် ဘုရား။မကောင်းသောအလေ့အကျင့်ဆိုသည်မှာအလွန် ကူးစက်လွယ်ပါသည်ဘုရား။တပည့်တော် စကားထစ်သူနှင့် မကြာခဏ စကားပြောရာမှ မိမိကိုယ်တိုင် စကားထစ်ခြင်း ကြုံတွေ့ခဲ့ရပါသည်ဘုရား။ အပျော်သဘော စနောက်ခြင်း မဟုတ်ပဲ ကြုံပါများ ယဉ်ပါးသည့်သဘော ဖြစ်သည့်အတွက် အပြုသဘောမဆောင်သော အခြားဘာသာများ၏ အယူအဆများကို စာဖြေသူများ ဗဟုသုတ အခြေအနေတွင်သာ ရှိနေစေရန် မေးခွန်းများတွင်မပါဝင်စေဖို့ ရိုသေစွာ ဦးခိုက်လျှောက်ထားပါရစေ ဘုရား၊ အမှားပါလျှင် သည်းခံခွင့်လွှတ်တော်မူပါဘုရား။

ဆရာလေး ဖွားပါရမီ (Level-3)

ဖလ မှ တစ်ကြိမ်ဖြေဆိုပူဇော်ရန် စီမံပေးတဲ့အတွက်သုတမမှ ဒီပလိုမာတန်းအတွက် ဖြတ်သန်းခဲ့ရတာ အစစအရာရာအဆင်ပြေပါတယ်။B.A တန်းသို့ ဆက်လက်လေ့လာပူဇော်မှာဖြစ်ပါတယ်။

ဒေါ်စန်းစန်းအေး (Level-3)

LeveL1ဖြေတုန်းက မေးခွန်းကို နားမလည်ခဲ့ပါဘူး။ ပြန်ရောက်တော့ မေးခွန်းနဲ့ အဖြေ တိုက်ကြည့်တော့ ဒီအဖြေကို သိရဲ့သားနဲ့ မဖြေနိုင်ခဲ့ပါလား။ နောက် တစ်ခါဖြေရင် မေးခွန်းကို နားလည်သဘောပေါက်အောင် ထပ်ခါထပ်ခါ ဖတ်သင့်ပါပါလား ဆိုတဲ့ အတွေ့အကြုံရရှိခဲ့ပါသည်။

ဒေါ်သီတာအောင်(Level-3)

မန္တလေးနဲ့နီးတဲ့ဆရာတော်ကြီးကျောင်းမှာလဲလူပုဂ္ဂိုလ်များအတွက်သင်တန်းများဖွင့်ပေး စေချင်ကြောင်းနှင့်အောင်လက်မှတ်များချီးမြှင့်ရာတွင်လည်းဆရာတော်ကြီးမှဆက်လက် ချီးမြှင့်ပေးပါရန်လည်းလျှောက်တင်ပါသည်ဘုရား။

မလေးနွယ်နွယ်(Level-3)

ဆရာတော်ဘုရား ဒီနှစ် ဒီပလိုမာ အဆင့်၃ က မေးခွန်းနံပါတ် ၂ က အမေးကို ပြဋ္ဌာန်းစာအုပ်က စာမျက်နှာ ၁၇ ရဲ့ အကောင်းမြင်ဝါဒဆိုတဲ့ ခေါင်းစဉ် အောက်က ဒေါသ ဆိုတာကိုဖြေထားပါတယ် ဘုရား။လိုင်းပေါ်မှာပြန့်နေသော အဖြေနှင့်လွဲနေ၍ မှားသွားပြီ လား သိချင်ပါတယ်ဘုရား။ စာမေးပွဲချိန်ကို စာနည်းနည်းတိုးပြီး ၄ နာရီမေးခွန်းဆို တပည့်တော် ပိုနှစ်သက်မိပါတယ်ဘုရား။

အောင်ဌေးမင်း(Level-3)

သူတော်ကောင်းတို့ စိတ်နေသဘောထားတိုင်းဘာသာတရားကို လိုက်နာကျင့်သုံးခြင်းဖြင့် သုတမမ္မာဒီပလိုမာ ၃ ဆင့်ကို ကောင်းစွာ ဖြေဆိုပူဇော်ခဲ့ပါသည်။"

Soe Soe Han(Level-3)

စာမေးပွဲကို ကျရှုံးခြင်းအောင်မြင်ခြင်း၊ ဂုဏ်ထူးရရှိခြင်းဆိုတာထက် အခြေခံသိရ၊ ကျင့်ရသည့် ကျင့်ဝတ်များကို မိမိတို့စိတ်သန္တန်တွင် ထူထောင်နိုင်အောင်ထိ အသိဉာဏ်ကို ပေးသည့်သင်တန်းရည်ရွယ်ချက်ကိုဖြေဆိုသူများအားလုံးကနားလည်လက်ခံကျင့်သုံးခြင်း ဖြင့်ဝိုင်းဝန်းအားဖြည့်ပေးကြကာဆရာတော်၊သံဃာေတာ်များ၏အဆုံးအမများကိုလည်း နာယူလက်ခံနိုင်ကြပါစေလို့ဆန္ဒပြုဆုတောင်းပါတယ်ဘုရား ။

သီတာကြူး (Level-3)

စာဖြေစဉ် အချင်းချင်းမေးကြ ပြောကြသည်များကြောင့် သီလနှင့်ဖြေသူများ အနှောင့်အယှက်ဖြစ်ပါသည်။စာမေးပွဲခန်းမှာ အသံများ မထွက်သင့်ပါ။ ဖတ်လာမှတ်လာ သည်များ စဉ်းစားဖြေရပါသည် ။ဓမ္မ စာမေးပွဲ၏ဂုဏ်သိက္ခာ ကိုလည်းထိခိုက်သဖြင့် အရေးယူခြင်းလုပ်ပေးသင့်ပါသည်။မလုပ်လျှင် အစဉ်အလာ ဖြစ်သွားပါမည် ။အမှတ်အရ လည်းကွာသွားသဖြင့်မျှတမှုမရှိပါ ။မေးခွန်းမှာ ကြိုက်ရာမေးခွင့်ရှိသောလည်း ပြဒါန်း စာအုပ်ထဲ မှသာမေးစေလိုပါသည် ။"

ကောင်းမြတ် (Level-3)

အဓိကကတော့ကျနော်တို့ လိုသင်တန်းမတက်နိုင်ပဲ ကြိုးစားဖြေဆိုရသူအဖို့ စာမေးပွဲ ခန်းထဲ၌ သင်သန်းဆရာသင်တန်းသားများ တို့သည်မလို အပ်ပဲ အသံ ကျယ်လောင်စွာ ပြောကြဆိုကြ။ မေးကြအဖြေကိုအရိပ်အမွက်ပြောကြနှင့် အနှောက်အယှက် ဖြစ်ရပါ သည်။ စာမေးပွဲကို ဒွိဟစိတ်နှင့် ဖြေဆိုနေရပါသည်။ မိမိလေ့လာ ထားသမျှမှ တတ်နိုင် သလောက်သာစိတ်အေးလက်အေးချမ်းသာစွာဖြေဆိုလိုပါသည်။

တိုင်းရင်းသာ ဖြစ်နေ၍လားမသိ ပါဠိစာကို ဘယ်လိုရေးကျင့်ကျင့် တကယ်ဖြေလဲ စာလုံးပေါင်း ကမှားနေပါသည်။ နောက်ဆုံး မိမိအသံထွက်သလိုပဲချရေးဖြေမိပါသည်။ အမှတ်မရလဲ မိမိကံပဲမလို့ တရားတော်ကိုရွတ်ဖတ်ပူဇော်သည့်အခါ အသံထွက်မမှန်ရင် ကုသိုလ်ရပါ့မလားတွေးပူမိပါသည်။ကျနော်တို့ဖြေသည့်မြို့၌ ဘွဲ့အပ်နှင်းပွဲဘေး ကျင်းပပေးနိုင်ပါက ပို၍ဝမ်းသာမိပါမည်။ရန်ကုန်အထိတက်ရောက်မယူနိုင်သောကြောင့်ပါ။

ဒေါ်သက်နွယ်ဦ(Level-3)

တပည့်တော်ဘဝတွင် ဖြေဆိုခဲ့ဖူးသောစာမေးပွဲများတွင် အဖြေချင်ဆုံးသော စာမေးပွဲဖြစ်ပါသည်ဘုရားတပည့်တော်၏ အဖေနှင့်အမေ မွေးပေးခဲ့သောဦးနှောက်ဖြင့် တရားတော်များကို လေ့လာမှတ်သားပြီး ရေးဖြေ ဖြေဆိုရသဖြင့် တပည့်တော်အား လက်ရေးလှသင်ပေးခဲ့သော အမေကြီးနှင့် ဘကြီးတို့၏ကျေးဇူးနှင့် အဖေနှင့် အမေတို့၏ မွေးကျေးဇူးကို ဓမ္မနှင့် တတ်နိုင်သမျှ ဆပ်ခွင့်ရခဲ့တယ်လို့ ခံစားရပါသည်ဘုရား။

ဒေါ်သက်ဝေထွေး (Level-3)

level 3ဖြေပြီးပါပြီဘုရား၊ သူတော်ကောင်းတို့၏ စိတ်နေစိတ်ထားကိုသိခွင့်ရပါတယ်။ စိတ်၏ထွက်ပေါက်များ တရားကိုနားထောင်ပြီး စိတ်မွန်းကြပ်မှုများ ဖြေလျှော့လာနိုင်တယ်။ဆရာတော်ဘုရားဟောကြားသလို မေတ္တာတရားကို တပည့်တော်မသန္တာန်မှာရှာဖွေကြည့်ပါတယ်။မေတ္တာကိုရှာဖွေလို့ကိုမတွေ့ပါဘူးဘုရား၊တပည့်တော်မမှာ မစ္ဆရိယ၊ jealousy၊ တဏှာ ရာဂ၊ မာနတွေသာတွေ့ပါတယ်ဘုရား၊ တပည့်တော်မ မေတ္တာတွေ့အောင် အတော်ကြိုးစားနေပါတယ်ဘုရား။ ရတနာ့သုတ်မှာဆိုလည့် စာမေးပွဲဖြေပြီး အချိန်မှာ နောင်တရလိုက်ပါတယ်ဘုရား၊ ပြဋ္ဌာန်းစာအုပ်ရော၊ ဆရာတော်

ဟောတရားများပါ ပိုမိုနားထောင်ထားရမယ်ဆိုတာ သိရှိလိုက်ပါတယ်ဘုရား။ ရှင်အာနန္ဒ၏ ဝိပဿနာတရားတော်မှာလည်း ဝိပဿနာကျင့်စဉ်များ ကို ယခင်ဟောတရားများသာ နားထောင်ပြီး နားမလည်သလို ရှိသော်လည်း သေချာ ကျက်မှတ် နှလုံးသွင်းခွင့် ရပါတယ်ဘုရား။ သုတမမွှ ဒီပလိုမာတန်းက တရားများသည် ပြီးပြည့်စုံပြီး ကောင်းမွန်ပါတယ်ဘုရား။

မဖြူဖြူကြည်(Level-3)

ဆက်လက်၍ ကြိုးစားပူဇော်ပါဦးမည်ဘုရား။ သုတဒီပလိုမာ စာမေးပွဲများအတွက် စာပေများ လေ့လာသင်ယူရသည့်အတွက် စိတ်ကောင်းလေးများ ထားတတ်လာပြီး ခွင့်လွှတ်သည်းခံ နားလည်တတ်လာပါသည်ဘုရား။

မေသင်္ဘာငြိမ်း(Level-3)

ကောင်းပါတယ် ဒီထက်ပိုပြီး ပညာဘူမိမှ ဆရာတော်ကြီးရဲ့တရားကိုလေ့လာ ပူဇော် သူတိုးလာနိုင်ပါစေ လူငယ်လူရွယ်တွေ များများလေ့လာနိုင်ဖို့ ပူဇော်နိုင်ဖို့ ဆောင်ရွက်ပေးစေလိုပါတယ်

ချစ်စုသန္တာ (Level-3)

ဖြေဆိုသူများသည် အသက်အရွယ်ကြီးရင့်သူများ များပါသည် ဆရာတော်ဘုရားကို ကြည်ညိုစိတ်ဖြင့် အထူးကြိုးစားဖြေဆိုကြသည်သာဖြစ်သည် ပါဠိများမေးခြင်းသည် အတန်ခက်ခဲသောကိစ္စဖြစ်သည် အထူးသဖြင့်သင်ရိုးညွှန်းတမ်းတွင်မပါသောစာများမမေးစေလိုပါ

ဒေါ်ဇင်ဝင်းမော် (Level-3)

ဘုန်းဘုန်းကြီး ဘုရား တပည့်တော်တို့မှာ သုတမမ္မစာပေကို လေ့လာသင်ယူရသောအခါ ထိထိမိမိ သင်ယူခွင့် မရပါ ဆရာတော်ဘုရားကြီး၏ တရားအသံဖိုင်များ နာယူခြင်း၊ ပြဋ္ဌာန်းစာအုပ်အား လေ့လာဖတ်ရှုခြင်း၊ Online မှ ဆရာတော်များ၊ဆရာဆရာမများ၏ ပို့ချချက်များကိုနားလည်အောင် ဖတ်ရှု လေ့လာခြင်းဖြင့် သင်ယူခဲ့ရပါသည်။ တက္ကသိုလ်မေးခွန်းများကို ဆိုသောအခါတွင် တပည့်တော်တို့မှာ မိမိတို့ နားလည်သလို ဖြေဆို ပူဇော်ကြသောကြောင့် အဖြေများမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ တချို့သော အဖြေများမှာ ဒွိဟ ဖြစ်စရာ အဖြေများဖြစ်နေ၍ ဘယ်အဖြေ မှန်သည် ဘယ်အချက်ကို မေးသည်ကို သိရှိနိုင်ရန် ခက်ခဲနေသောကြောင့် တက္ကသိုလ် Website မှ Level အလိုက် အဖြေမှန်များကို ပြန်လည် ထုတ်ပြန်ပေးလျှင် တပည့်တော်တို့ကြားမှာ ဒွိဟ ဖြစ်နေသော အဖြေများကို ရှင်းလင်းစွာ သိနိုင်မည် ဖြစ်ပါသည် ။သို့ဖြစ်ပါ၍ တက္ကသိုလ်မှ ထုတ်သော မေးခွန်းများ၏ အဖြေမှန်များကို Level အလိုက် ပြန်လည် ထုတ်ပြန်ပေးနိုင်ပါရန် ရိုသေစွာဖြင့် တင်ပြအပ်ပါသည် ဘုရား။တပည့်တော်၏ လျှောက်ထားချက် မှားယွင်းခဲ့ပါက ခွင့်လွှတ်ပေးပါရန်တောင်းပန်အပ်ပါသည် ဘုရား။

မခင်ငြိမ်းချမ်း(Level-3)

Level 3မှတရားများကိုလေ့လာရခြင်းဖြင့်တရားအသိများတိုးလာခြင်း၊ စာဖြေရာတွင် ဓမ္မ အသိမိတ်ဆွေများတိုးလာခြင်းကြောင့် သုတမမ္မစာမေးပွဲကို သာသနာတည်တံ့သရွေ့ ပြုလုပ်ပေးစေချင်ပါတယ်ဘုရား ။

ဒေါ်မြတ်စုကျော်(Level-3)

မြတ်စွာဘုရား၏ တရားတော်များကို ပူဇော်ခြင်းဟူသော ကုသိုလ် အလုပ်ဖြစ်သော ကြောင့် လေ့လာ မှတ်သားမိသမျှတရားတော်များကိုစာမေးပွဲဖြေရခြင်းကို အလွန်ပင် ကျေနပ်နှစ်သက်မိပါသည်။ ဆရာတော်ကြီးနှင့်တကွ စာမေးပွဲဖြစ်မြောက်အောင်ကြိုစား ပေးကြသော ဆရာတော်သံဃာတော်များ၊ အမှတ်စစ်ပေးကြသော ဆရာတော်များကို ကျေးဇူးတင်စွာဖြင့် ရိုသေစွာ ကန်တော့ပါသည်ဘုရား။

ဒေါ်မာမာမိုး Level(3)

တရားဓမ္မအသိများမှန်ကန်စွာကျယ်ပြန့်စွာသိနိုင်သည့်မေးခွန်းများအတွက်ကျေးဇူးတင်ပါ သည်ဘုရား။

မယဉ်ငယ်လွင်(Level-3)

အားလုံးရဲ့ ပေါင်းစုကောင်းမှုတွေကြောင့် ကုသိုလ်စိတ်တွေ နဲ့အတူ စိတ်အေးအေး ချမ်းချမ်း စာဖြေခွင့် ရခဲ့တာကြောင့် ကျေးဇူးအများကြီး တင်ရပါသည်ဘုရား။

ဒေါ်တီရဏာဉာနီ(Level-3)

အတွေ့အကြုံ ဓမ္မတရားများ နှလုံးသားထဲကိန်း၍ ငြိမ်းအေးမှုများ နှင့် နေနိုင်ခဲ့ပါသည်။ မှတ်ချက် ဓမ္မာစရိယဘွဲ့ရခဲ့သော်လည်း အမှန်တကယ် ရင်ဆိုင်ရသည့် လောကဓမ္မ ကို တွန်းလှန်နိုင်စွမ်းမရှိခဲ့ပါ။ သုတဓမ္မစာမေးပွဲဖြေမည်ဆိုသည့်စိတ်ကလေးနဲ့ ဆရာတော်

ဘုရားကြီး၏ ဓမ္မအရိပ်ကိုခိုရသည့်ကျေးဇူးကား ဘဝမှာ ဘယ်လိုလူ တစ်ယောက်မျှ တန်ဖိုးဖြတ်နိုင်မဟုတ်ပေ။

အကြံပြုလွှာပါဘုရား ။ဘရားတပည့်တော် အေးချမ်းခဲ့သကဲ့သို့ လူသားအားလုံး တို့အား အေးချမ်းစေချင်ပါသည် ဘုရား လူအများကို ဖြေဆိုနိုင်အောင် ကွင်းဆင်းလျှင် ပိုပြီးများအဆင်ပြေမလားဘုရား။ဘုရားတပည့်တော်မတို့ရွာဘက်က လူတွေကဘယ်လို ဖောင်ဖြည့် ဘယ်မှာစာအုပ်ဝယ် ဘယ်ဌာနသွင်းရ/ဖြေရ စသည်စသည်အခက်အခဲတွေ ရှိကြသည်ဟု ရွာဘက်ရောက်စဉ်က ပြောကြသည်ကိုကြားမှတ်ခဲ့ရပါသည်ဘုရား ။

ဒေါ်အဂ္ဂဥာဏီ (Level-3)

တရားဓမ္မများကိုစာတွေ့မှကိုယ်တိုင်လက်တွေ့ကျင့်ကြံပြီးမြောက်သည်ထိဆွဲခေါ်ယူလာ သည့်စာမေးပွဲများဟုခံစားမိပါသည်ဘုရား၊တပည့်တော်တို့လိုကြီးမှလေ့လါသူများအတွက် ပါဠိစာပေသင်တန်းများပို့ချပေးနေသည့်အတွက်ကျေးဇူးများလှပါသည်။နိုင်ငံတကာတက္ကသိုလ်များကဲ့သို့Open book မေးခွန်းများပါဝင်သည့်အတွက်ဝမ်းမြောက်ရပါသည်ဘုရား။

Thet Hlaing Nyo (Level-3)

သုတဓမ္မ Level 1 ဖြေဆိုခဲ့စဉ်က ဘေးမှ စာဖြေသူအချို့ အပြန်အလှန် စကားပြော အဖြေတိုက်ခဲ့ကြသည်ကို စိတ်မကောင်းစွာ ကြုံတွေ့ခဲ့ဖူးပါသည်။Level 2 ဖြေဆိုခဲ့စဉ်က စာဖြေခန်း မီး အလင်းရောင် မလုံလောက်သောကြောင့် အနည်းငယ် အဆင်မပြေ ဖြစ်ခဲ့သည်မှ လွဲ၍ အထွေအထူး မရှိခဲ့ပါ။ Level 3 တွင်မူ စာဖြေ ခန်းမ အနံ့အသက် မကောင်း ခြင်း၊ မီး အလင်းရောင် နှင့် သန့်ရှင်းမှု အားနည်းပြီး ခြင်ကိုက်နေသောကြောင့် ဖြေဆိုချိန် အာရုံစိုက်၍ အားမကောင်းခဲ့သည်ဟု ယူဆပါသည်။စာမေးပွဲများ အားလုံး

အတွက် အထူး အကြံပြုလိုသည်မှာ အခန်းစောင့် ဆရာ၊ ဆရာမကြီးများမှ သက်ဆိုင်ရာ မေးခွန်းများ အစ၊ အဆုံး ဖတ်ပြနေခြင်းကို တားမြစ်ပေးစေလိုပါသည်။ ဤ သို့ အကြံပြုရခြင်း မှာ အခြား စာဖြေသူများလည်း ထပ်တူ ခံစားရလိမ့်မည်ဟု ယူဆပါသည်။

စုစုပေါင်း စာဖြေခြင်း ၁၀ ပုဒ်တွင် တစ်ပုဒ်ကို ၁၈ မိနစ်ခန့်သာ အချိန်လုပြီး ဖြေနေရချိန်တွင် မိမိတို့ မေးခွန်းများကို နားလည် မှုရအောင် သက်ဆိုင်ရာ အဖြေများကို အသေအသန် စဉ်းစားနေချိန်တွင် ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် မေးခွန်းများ ဖတ်ပြနေကြခြင်းမှာ များစွာ အနှောက်အယှက်ဖြစ် သလို ခေါင်းထဲမှ ပေါ် နေ သောအဖြေများကို ပိုမို ရှုပ်ထွေးသွားသလို ခံစားခဲ့ရပါသည်။ အမှန်တကယ် မေးခွန်းနားမလည်ပါက သက်ဆိုင်ရာ စာဖြေသူမှ တစ်ဦးချင်း ထမေးပြီး ရှင်းပြပေးခြင်းက ပို၍ သင့်တော်ပါသည်။ အပြု သဘောဖြင့် စာဖြေသူများ အားလုံး ကိုယ်စား လျှောက်ထားခြင်း ဖြစ်ပါသည် ဘုရား။ ခွင့်လွှတ် နားလည်ပေးတော်မူပါ ဘုရား။ တက္ကသိုလ်ကြီး ပိုမို တိုးတက်အောင်မြင်နိုင်ပါစေ ဘရား။"

အောင်မြင့်သူ (Level-3)

ဤကဘာမြေသည် သစ်စာ၊မေတ်တာ တရားအသိတို့သာ တိုးပွါးလာမှုကြောင့် သာယာ သော လူ့ဘောင်တစ်ခုဖြစ်လာမည်မှာ မလွဲအမှန်ပါ၊ ဒါကြောင့် တရားကို သိသူ၊ ကျင့်ကြံ သူများ ပိုများလာစေရန် ဆရာတော်ကြီး၏စာမေးပွဲများတွင် လူပိုဖြေဆိုစေနိုင်ဖို့ ပိုမိုအားစိုက်ထုတ်ပေးသင့်သည်ဟု မှတ်ချက်ပြုလိုပါတယ်၊ ဘုရား။

ခွန်းသက်သက်ခိုင် (Level-3)

ဒီပလိုမာတန်းLevelတခုတိုင်းကို နေရာတနေရာစီမှာ ဖြေရသည့် အတွေ့အကြုံရခဲ့ပါ၏။ ပါချုပ်ဆရာတော်ဘုရားကို အပြင်မှာ ကိုယ်တွေ့ဖူးတွေ့ချင်လို့ရယ် မိမိ ကိုးကွယ်တဲ့ ဘာသာ တရားကို သေချာလေး သိချင်လို့ရယ် အသိမိတ်ဆွေမရှိ ဘဲ လိုင်းပေါ်က ရှာဖွေမေးမြန်းရင်း ဖြေဆိုပူဇော်ခဲ့ပါသည်။online formမှာ ပုဂံညောင်ဦး လိပ်စာဖြည့် မိတော့ မိတ္ထီလာမှာ သွားရောက်ဖြေဆိုခဲ့ရ၏။မိတ္ထီလာမှာ အသိမရှိ၍ နည်းနည်းတော့ ခက်ခဲခဲ့၏။L2မှာ မန္တလေးလိပ်စာဖြည့်ခဲ့၍ အဆင်ပြေခဲ့ပါ၏။ ယခုဖြေဆိုခဲ့သည့် L3 ကိုတော့ အလုပ်ကိစ္စနဲ့ လက်ရှိရောက်နေသည့် ဘားအံမှာ ဖြေဆိုပူဇော်ခဲ့ပါ၏။ အကြုံပြုချင်သည့်အချက်မှာ မိမိဖြည့်သည့်လိပ်စာအရ ဘယ်မြို့မှာ ဖြေရနိုင်သည့် ခန့်မှန်း နေရာလေးသိရလျှင် ပို၍အဆင်ပြေနိုင်ပါသည်။

ဒေါ်အေးခိုင်ခိုင်စိုး (Level-3)

‘စာမေးပွဲ အောင်စာရင်းကို website ကနေ ဝင် ကြည့် တဲ့အပြင် တိုင်းနဲ့ပြည်နယ်အလိုက် စာဖြေဌာန အလိုက် ဓာတ်ပုံနဲ့ ထုတ်ပြန်နိုင်ရင် ပိုကောင်းပါမယ် တချို့က ခုထိ website link ထဲ ဝင်ပြီး အောင်စာရင်း မကြည့်တတ်သေးပါဘူး သူများကို လိုက်ကြည့်ခိုင်း ရတာထက် photo ကနေဆို လွယ်လင့်တကူ ရှာကြည့်နိုင်မယ် ထင်ပါတယ် အစစအရာရာ ပြည့်စုံအောင် ကူညီပေးကြသူအားလုံးကို ကျေးဇူးတင်ပါတယ်

(၃.၄) (BA Part-1) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ

ဦးသန်းမြတ်ထူး (BA Part-1)

အချို့သောစာဖြေသူတွေက အချင်းချင်း စာမေးခြင်းကို ကျူးလွန်လျက်ရှိပါတယ်ဘုရား စာမေးပွဲကြီးကြပ်သူတွေကလဲမပြောကြပါဘုရား။ စိတ်နှလုံး မသာမယာ ဖြစ်ရပါတယ်ဘုရား အထူးကြပ်မတ်ပေးစေလိုပါတယ်ဘုရား။

ဒေါ်နန္ဒာလင်း(BA Part-1)

အသေးစိတ်လေ့လာမှတ်သားဖို့ လိုအပ်နေသေးကြောင်း အတွေ့အကြုံ ရပါတယ်ဘုရား။

ကောင်းထိုက်မင်း (BA Part-1)

ဖြေဆိုတာနဲ့ပတ်သတ်ပြီး ယခုဆိုဖြေဆိုတာခြောက်ကြိမ်မြောက်ရှိပြီထင်ပါတယ် မေးခဲ့တဲ့ မေးခွန်းဟောင်းတွေအကုန်လုံးကို အဖြေနဲ့အတူ ထုတ်ပြန်တာမျိုး အလိုရှိပါတယ်ဗျ တရားပူဇော်တာ မြတ်တယ်ဆိုပင်မဲ့ စာမေးဖြေရင် အောင်ချင်စိတ်တော့ဖြစ်လို့ပါဗျ စာအုပ်ထဲကအတိုင်း လေ့လာတယ် တရားနားထောင်တယ် ပြီးတော့ မေးခွန်း ဟောင်းတွေကို အဖြေနဲ့တကွ လေ့လာမှတ်သားနိုင်ရင် စာမေးပွဲမဖြေခင် ဘယ်လိုမေးတယ် ဆိုတာ အနည်းဆုံး သိရှိနိုင်လို့ပါဗျ။

နိုင်နိုင်ထွန်း (BA Part-1)

စာမေးပွဲစချိန်မှာ မေးခွန်းများဖတ်ပြခြင်းသည် ဘုရားတပည့်တော်အတွက်တော့ တော်တော် စိတ်ဒုက္ခရောက်စေပါသည်။ တခြားအဆင့်များနှင့်တွဲဖြေရသောအခါ မေးခွန်းအစအဆုံး ဖတ်ပြနေခြင်းက ၁၅မိနစ်ခန့်ကြာသွား၍ ထို အချိန်အတွင်း ဖြေဆိုရမည့် စာများ စဉ်းစားရခက်စေပါသည်ဘုရား။ အမှားပါခဲ့လျှင်သာ ဖက်ပြလျှင် ပိုသင့်တော်မည် ထင်ပါသည်ဘုရား။

ဒေါ်အေမိစိုး (BA Part-1)

တပည့်တော်က သင်တန်းတွေ မတတ်ခဲ့ပါဘူး။ ပြဋ္ဌာန်းနဲ့ တရားပဲ နာခဲ့ရပါတယ်။ မီးပူတိုက်ရင်း ဟင်းချက်ရင်းကေလးကျူရှင်ကြိုရင်းစသည်ဖြင့် အချိန်ရရင်ရသလိုတရား နာခဲ့ရပါတားယ်။ မကြီးပေမဲ့မငယ်တော့တဲ့အရွယ်မှာ ငယ်ငယ်တုန်းကလိုအားရပါးရ ကျတ်မှတ်ဖြေဆိုချင်ပေမဲ့အခွင့်အရေးမသာတော့ပါဘူးဘုရား။မှတ်ဥာဏ်တွေယိုယွင်းလာ လို့ပါ။ပါဠိဘာသာကိုတော့အလွန်ကျတ်မှတ်ရခက်ခဲ့ပါတယ်ဘုရား။ အဘိဓမ္မာသင်တန်း တတ်ချင်ပေမဲ့တရားနာတာကိုပဲစိတ်ပိုပါနေပါတယ်။အဲ့ဒီအတွက် အားမရပါဘူးဘုရား။ အကြံပြုရန်မရှိပါဘူးဘုရား။အလွန်ပြည့်စုံပါတယ်။ဆရာတော်ဘုရားနှင့်တကွ ပညာဘူမိ အဖွဲ့သားအားလုံးကျန်းမာချမ်းသာစွာနဲ့သာသနာ့အကျိုးသယ်ပိုးနိုင်ပါစေ။

ဒေါ်ဝင်းမင်းသန်း BA(Part-1)

ဦးဆောင်စီစဉ်သူများ၏ကျေးဇူးများကြောင့်အရာရာအဆင်ပြေပါသည်။

Ma Saw Nwe Oo (BA Part-1)

အစစအရာရာ ပြည့်စုံအောင် စီမံခန့်ခွဲထားသော အချက်များလေ့လာခဲ့ရ၍ management ပညာရသည့်အပြင်မိမိအလုပ်ဌာနတွင် အသုံးချနိုင်သည့်သင်ခန်းစာ အတွေ့အကြုံများ ရလာပါ သည်။

ရွှေစင်ဘုန်းနိုင်(BA Part-1)

စာမေးပွဲဖြစ်မြောက်ရန် ဆောင်ရွက်ပေးကြသည့် စာစစ်ဆရာတော်များ။ လူပုဂ္ဂိုလ်များ အားလုံးကို မေတ္တာပို့ပါသည်။

ကိုရဲပြည့်ဖြိုး (BA Part-1)

ဓမ္မအသိညဏ်များထက်ကျက်မှတ် မှတ်သားမှု၊အလွတ်ကျက်မှုကို ဦးစားပေးထားသော မေးခွန်းပုံစံနဲ့ပို၍ဆင်တူနေပါသည်။ဓမ္မအသိညဏ်၊အဘိဓမ္မာဆိုင်ရာများကို ဦးစား ပေးပါက ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်ကိုပို၍ ဦးတည်နိုင်မည်ဟုထင်ပါသည်။

စုစန္ဒီမောင်(BA Part-1)

သီလတရားနှင့်ပြည့်စုံသော၊ဂုဏ်သိက္ခာရှိသော၊အဖိုးဖြတ်၍မရသောစာမေးပွဲတွေပါ။ဤ စာမေးပွဲတွေဖြစ်မြောက်အောင်ဦးဆောင်လမ်းညွှန်ပေးသောပါမောက္ခချုပ်ဆရာတော်ဘုရားကြီးနှင့်တပည့်ဆရာတော်၊သံဃာတော်များနှင့်အလှူရှင်၊အလှူအမများအားလုံးကျန်းမာချမ်းသာကြပါစေ။

ယဉ်ဦးချမ်းမြေ (BA Part-1)

ပညာဘူမိတက္ကသိုလ်ဆိုတဲ့ အမည်နဲ့ အညီ “ပညာတို့ ဖြစ်ထွန်းရာမြေ” မှာ တပည့်တော်ဟာ အသိဉာဏ်မျိုးစေ့တွေကို စိုက်ပျိုးခွင့် ရခဲ့ပါပြီဘုရား။ ဒါဟာ တပည့်တော်အတွက် ပညာပါရမီဖြစ်စေနိုင်တဲ့ အထောက်အပံ့ကောင်း တစ်ခုလဲ ဖြစ်ပါတယ်။

ဒေါ်မျိုးစန္ဒာဝင်း (BA Part-1)

BAတန်းရောက်လာသည်အတွက် ဒီပလိုမာမှသည် BAတန်းထိ တရားတော်များ အားလုံးသည် သင်ကြားရသည် အတွက်မြတ်စွာဘုရား၏ တရားတော်များသည် ဘဝတွက်ရော သံသရာအတွက်ပါ လွန်စွာအကျိုးရှိသည်ကို သိရပါသည်ဘုရား။ ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်အောင် ကြိုးစားနေထိုင်ပြီး လက်တွေ့ဘဝတွင်လည်း အသုံးချပြီး ကြိုးစားနေထိုင်ပါမည့်ဘုရား။ ဆရာတော်ဘုရားကြီးအားလည်း တရားတော်များ ပြဋ္ဌာန်းသင်ကြားပေးပါသောကြောင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို ဦးတင်ပါတယ်ဘုရား။ အကြံပြုချက်များမှာ စာဖြေရသည်မှာ အဆင်ပြေပြီး အခန်းစောင့်ဆရာတော်များမှလည်း စနစ်ကျသောကြောင့် စိတ်အေးချမ်းသာစွာ ပူဇော်ဖြေဆိုခဲ့ရပါသည်ဘုရား။ ဦးတင်ပါသည်ဘုရား။

ဒေါ်ခိုင်ခိုင်ဦး (BA Part-1)

ဒီပလိုမာ နှင့်ဂဝေသီ လေ့လာရပုံ အနည်းငယ်ကွာခြားလှပါသည်။ဓမ္မအသိပိုတိုး အကျိုးရှိပါသည်။ပူဇော်ဖြေဆိုသူများပြားလာသည်မှာကောင်းသော်လည်းတကယ်သိ တတ်ချင် သူထက် ပေါ်ပင်လောဘနှင့်ပူလောင်လှသူများပြားလာသည်ကိုတွေ့ရပါသည်။"

ဒေါ်သီတာဝင်း(BA Part-1)

နေ့တိုင်းအချိန်တခုပေးပြီးတရားတပုဒ်နာဖြစ်အောင်နာမယ်၊ပြဋ္ဌာန်းစာအုပ်ဖတ်နေမယ်၊ပြန်တွေးပြန်ပြောနေမယ်ဆိုရင် ကိုယ်အတွက်ရောအများအတွက်ပါကောင်းပြီး စာမေးပွဲကို လွယ်ကူစွာ ဖြေဆိုနိုင်ပါမယ်။

မအိမွန်ဦး (BA Part-1)

မိမိကိုယ်တိုင်လေ့လာသင်ယူခဲ့ရသောတရားတော်များကို ကိုယ်တိုင် စာတမ်း ရေးသား ပူဇော်ရချင်းအတွေ့အကြုံ ကို ရရှိခဲ့ရပါတယ် ကုသိုလ်အမျိုးမျိုး ပြုခွင့်ရလို့ အလွန် ကျေးဇူးကြီးမား လှပါတယ်ဘုရား ။

(၃.၅) (BA Part-2) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ

အရှင်ဩဘာသ(BA Part-2)

စာမေးပွဲအတွက် လေ့လာရာမှ အဓိကထားစေလိုတာက မူရင်းပြဋ္ဌာန်းတရားစာအုပ်ကို အစကနေ အဆုံးထိ အခေါက်ပေါင်းများစွာ ဖတ်စေချင်ပါတယ်။တချို့သောသူတွေက ပြဋ္ဌာန်းတရားစာအုပ်ထက်သင်တန်းတွေမှတ်စုတွေကိုပဲအားသာနေတာရပါတယ်။ဒီအချက်ကတရားနှလုံးသားပြည့်ဝမှုကိုလျော့နည်းစေနိုင်ပါတယ်။သင်တန်းတွေလည်းတက်ပါ မှတ်စုတွေကိုလည်း ဆောင်ပါ ပြဋ္ဌာန်းတရားစာအုပ်ကိုတော့ အဓိကသေချာက်အနေနဲ့ ထားစေချင်ပါကြောင်း အကြံပြုပေးအပ်ပါတယ်။

မထက်အာကာဆွေ (BA Part-2)

အနုဂ္ဂအသင်းက အသင်းသူအသင်းသား လုပ်အားပေးတဲ့အဖွဲ့များကို ကျေးဇူးတင်ပါတယ် ပညာဘူမိတက္ကသိုလ်ရဲ့ စီစဉ်ထားမှုက အလွန်ကောင်းပါတယ်။

ဒေါ်ခင်သန်းဌေး (BA Part-2)

နေပြည်တော်စာဖြဋ္ဌာနမှာဖြေရတာပါဘုရား အဆင်ပြေပါတယ်ဘုရား။ သုတဓမ္မကို လေ့လာနိုင် ဖြေကြားနိုင်အောင် အဆင့်ဆင့် ဖန်တီးပေးထားသော ဆရာတော် မြတ်ဘုရားကြီး တို့ ဂုဏ်ကျေးဇူးများကို အစဉ်အမြဲ ဦးခိုက်လျက်ပါဘုရား။"

Daw San San Myint(BA Part-2)

Level အလိုက် သိသင့်သိထိုက်သော အကြောင်းအရာများ ပို၍ ပို၍ တိုး၍ သိလာ ခြင်း ပညာဉာဏ်သာမက စိတ်နေ စိတ်ထားပါ ပြောင်းလဲပြီး သာသနာ ကို အထောက်အပံ့ ဖြစ်ရပါလို၏။

ဦးထွန်းထွန်းလင်း(BA Part-2)

တပည့်တော်သည် မေးခွန်းစာရွက်တို့ကို သိမ်းဆည်းလေ့ရှိပြီး ပြန်လည်မျှဝေလေ့ရှိရာ သုတမမ္မစာမေးပွဲ မေးခွန်းလွှာများကို သာသနာရေးအဘိမမ္မာစာမေးပွဲမေးခွန်းလွှာကဲ့သို့ ရက်စွဲ အပြင် (...)အကြိမ်မြောက် ဟုပါ ထည့်ရေးပေးပါလျှင် တပည့်တော်တို့ သိမ်းဆည်းရ ပို၍ လွယ်ကူမည်ဟု ယူဆပါကြောင်း ရှိသေစွာ လျှောက်ထား အကြံပြုပါသည် ဘုရား။

စုစုဌေး(BA Part-2)

ပြဋ္ဌာန်းစာအုပ်ကိုပဲ လေ့လာပူဇော်ဖြစ်ပါတယ်ဘုရား။ ပါဠိတွေ အသံထွက်တွေသိဖို့ ဆရာတော်ဘုရားရဲ့တရားကိုလဲနာယူပါတယ်ဘုရား။ပါဠိတွေတော့ မကျက်နိုင်ပါဘူး ဘုရား။ တပည့်တော် က ကိုယ့်ကိုယ်ကိုယ် ဥာဏ်ကောင်းတယ်ဆိုပြီး နီးခါမှ စာကြည့်တော့ ပါဠိတွေထည့်မမှတ်နိုင်ပါဘူးဘုရား။ နေမကောင်းကဖြစ်လိုက်တော့ မျက်ကလူးဆံပြာ တွေတောင်ဖြစ်ကုန်ပါတယ်ဘုရား။ တပည့်တော်မှာ မာန်တက်တဲ့ အကျင့်ဆိုးတစ်ခုတော့ ဖျောက်ရပါဦးမယ်ဘုရား။ လေ့လာနေတဲ့တရားတွေနဲ့ မအပ်မစပ် အကျင့်ဆိုးတွေပြင်ဖို့ရှိပါ သေးတယ်ဘုရား။ သူများကိုတော့ မထိခိုက် မနှိမ်ပေမဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ထင်တလုံးနဲ့ နေမိတုန်းပါဘုရား။ ပါရာယနထဲက တိရစ္ဆာန်တွေနဲ့တွေ့ရင် ဒုက္ခရောက် နေတာမြင်ရင် ဆင်ခြင်ပုံက တပည့်တော် ကျင့်သုံးဖူးတာမို့ သဘောကျမိပါတယ်ဘုရား။

ဒဒဘုံမှာ အထက်အောက် စုံဆန်ကျင်လည်နေရမယ့် ကိုယ့်အဖြစ်ကိုယ်နားလည်နေပါတယ်ဘုရား။ ဒါက လောလောဆယ် တပည့်တော်စိတ်ထဲ ခံစားရတဲ့ အတွေ့အကြုံပါဘုရား။

ကိုအောင်မျိုးထက် (BA Part-2)

အကြံပြုလိုတာက သုတမမ္မစာမေးပွဲသည် ဗုဒ္ဓရဲ့တရားတော်များကို ဖြေဆိုရတဲ့ ဘာသာရေးစာမေးပွဲ ဖြစ်တဲ့အတွက် ရိုးရိုးသားသားဖြေဆိုကြဖို့၊မသမာမှုမလုပ်ဖို့ ကိုကြီးကြပ်ရန်ကြွရမယ့်ဆရာတော်တို့အား ကြပ်မတ်ပေးဖို့လျှောက်ထားပေးရန် အကြံပြုလိုပါတယ်။ နောက်တစ်ခုအနေနဲ့ စာဖြေခုံစီတဲ့နေရာမှာ Level တစ်ခုဆိုရင် တပြေးတည်း ပြီးတဲ့ထိစီဖို့၊ဟိုတကွက် ဒီတကွက်မစီဖို့ကိုလည်း စာဖြေဌာနတို့၏ တာဝန်ခံဆရာတော်သို့မဟုတ် ပုဂ္ဂိုလ်တို့ထံ သတိပေးထားဖို့အကြံပြုလိုပါတယ်။ ကြီးကြပ်ရန်ကြွလာကြမယ့်ဆရာတော်တို့ကလည်း စစ်ဆေးပေးရင် ပိုကောင်းမယ်လို့အကြံပြုလိုပါတယ်။ ခုံစီတာဟိုတကွက်၊ဒီတကွက်စီတဲ့အခါ စာဖြေသူတွေအနေနဲ့ ရှာဖွေရတာအချိန်ကို ကြန့်ကြာစေပါတယ်။ အဲ့လိုလုပ်တဲ့ စာဖြေဌာနရှိလို့ အကြံပြုရခြင်း ဖြစ်ပါတယ်ခင်ဗျာ။

ဦးသီဟဇော် (BA Part-2)

လိုင်းပေါ်မှာ စာဖြေဌာနအချို့ ဖုန်းထုတ်ကြည့်တယ်လို့ တွေ့လိုက်ပါသည်ဘုရား။ အဲဒါမျိုးလေးတွေ သေချာစီစစ် ကြပ်မတ်ပေးနိုင်လျှင် ပိုကောင်းပါတယ်။ တပည့်တော်တို့ရန်ကုန်စာဖြေဌာန(၈)ကတော့ အားလုံးစည်ကမ်းရှိကြပါသည်။

မေသူလင်း (BA Part-2)

B.A တန်းများအတွက် စာဖြေဌာနများ တိုးချဲ့ပေးသည့်အတွက် ဖြေဆိုရသူများ ပိုမိုအဆင်ပြေလာပါသည်။ လမ်းညွှန်စီစဉ်ပေးကြသော ဆရာတော်သံဃာတော်များကို ကျေးဇူးတင်စွာဦးခိုက်ပါသည်။

ကြည်ကြည်လွင် (BA Part-2)

ယခု နှစ် မန္တလေးမှ စာစစ်ဌာန (၃) CAE ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဖြေဆိုပါသည်..နေ့လည် ၁း၀၀ နာရီ မှ ၄း၀၀ နာရီထိ ဖြေဆိုပါသည်။ ဖြေဆိုချိန် ၁း၃၀ တွင် ထွက်ခွင့်ပြုသော်လည်း မေးခွန်းပါသိမ်းဆည်းပါသည်..ဖြေဆိုချိန် ၂ နာရီကြာ မှထွက်ရင်မေးခွန်းပြန်ပေးပါသည်။စာမေးပွဲ ဖြေဆိုဆဲ onlineတွင် မေးခွန်းများ တင်သဖြင့်ဟုပြောပါ သည် ။ အစောဖြေပြီးထွက်ခွင့်ရချိန်ထွက်ခြင်သော်လည်း....မေးခွန်းလေးလိုခြင်လို့ စာစစ်ရင်း စောင့်ခဲ့ရပါသည်။

ဒေါ်လှမိုးသာ (BA Part-2)

အပတ်စဉ်(၁)မေးခွန်းတွေကအလွန်လွယ်ကူသည်ဟုထင်မိပါသည်။ဒုတိယအကြိမ်မေးခွန်းမှာ ရသေ့နှင့်သူ့မေးခွန်းကို တွဲပြီးမေးသောကြောင့် တွဲကျက်မှရမည်ဟုထင်ပြီး လွဲမှာစိုးရိမ်ပြီး တော်တော်မှတ်ခဲ့ရပါသည်။ အခုတတိယအကြိမ်မေးခွန်းကို ကိုယ်တိုင်ဖြေဆိုခဲ့ ရတဲ့အခါမှာေတာ့မေးပြီးသားမေးခွန်းကို ပြန်မေးတာကို တွေ့ရပါသည် မေးပြီးသား မေးခွန်းကို ပယ်ထားတဲ့သူတစ်ချို့မှာ အခက်တွေ့ရပါသည်။ ထိုကြောင့် ရရှိလိုက်သည့်အတွေ့အကြုံကတော့ အားလုံးကို ကြေညက်အောင် ကျက်ရမည်ဆိုတာပါပဲ စာမချန်တတ်တဲ့ မိမိအဖို့တော့ အလွန်နှစ်သက်မိပါသည်။

မအေးသီတာခိုင်(BA Part-2)

Level(1)ကနေစပြီးမိမိရဲ့ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆရာတော်ကြီးရဲ့ ဟောတရားဖွင့်ပြီး ကိုယ်တိုင်Noteထုတ်တယ်။တရားနာတယ် မေးခွန်းဟောင်းရဲ့သဘောတရား လေ့လာ ဖြေဆိုခဲ့ ပါတယ်ဘုရား။ ဘယ်သူ့မှလဲ မေးခွန်းမေးခြင်း အဖြေတိုက် ဖြေဆိုခဲ့ခြင်း မလုပ်ခဲ့ပါဘူးဘုရား။စာဖြေဌာနတွေအဆင်ပြေပါတယ်ဘုရား အင်းစိန် အ ထ က. ၁မှာ ဖြေဆို ခဲ့ တာပါရုံးချုပ်မှာ Volunteer များလိုအပ်လျှင် ပါဝင်အားဖြည့်ပါမယ်ဘုရား ။

ဦးစိန္ဓသာရ (BA Part-2)

အဖြေလွှာစာရွက်သား ပါးလွန်းသည်၊ အချို့နေရာများ၌ လက်မှတ်ထိုးယူရာတွင် နားမကြားသော စာဖြေရှင်များ လက်မှတ်မထိုးရဘဲ ကျန်ခဲ့တာမျိုးရှိ၍ လူတစ်ဦးချင်း ပိုက်စိပ်တိုက် မေးမြန်း၍ လက်မှတ်ထိုးစေသင့်ပါသည်။

ဒေါ်ခင်ပိုပို(BA Part-2)

စာမေးပွဲအတွက်လေ့လာကျက်မှတ်ရင်းတိုးတက်လာသည့် အသိဉာဏ်များ၊ အချက် အလက် များ၊ ဆရာတော်ကြီးထံ လျှောက်ထားလိုသည်များ ရှိလျှင်ဖော်ပြပါ။ စာမေးပွဲ ဖြေရခြင်းကြောင့် သုတဒီပလိုမာ စဖြေချိန်မှစပြီး တရားထိုင်ခြင်းအတွက် အများကြီး အထောက်အကူရပြီးပို၍ရှင်းလင်းလာပါသည် ဗုဒ္ဓတရားတော်များ သမိုင်းကြောင်းများ လည်း ဗဟုသုတရပါသည် ကိုးကားထားသောစာအုပ်များလည်း ရှာ၍ဖတ်ပါဦးမည် နောက်တဆင့်BA part3 ကိုလည်းကြိုတင်ဖတ်ရှုပြင်ဆင်ထားပါဦးမည် နောက်ပိုင်း ခန္ဓာပေါ်ဥဿ်ရောက်ဖို့ လက်တွေ့ ကြိုးစားရပါဦးမည်ဘုရား အရှင်ဘုရား ကျေးဇူး ကြီးမားပါ တယ်ဘုရား သာဓုသာဓုသာဓုပါဘုရား။

ဒေါ်အေးအေးမာ(BA Part-2)

BAတန်းစာများသည် အဆင့်မြင့်တရားတော်များ ဖြစ်ပါသည်။ ဖတ်ရှုလေ့လာသမျှသည် လက်တွေ့အသုံးချရမည့်တရားတော်များဖြစ်ပါသည်ဘုရား။ဆရာတော်၏ကျေးဇူးအလွန် ကြီးပါသည်ဘုရား။

Daw Theingi Lwin (BA Part-2)

စစ်ကိုင်းစာဖြေဌာန(၁) မဟာသုဇောဓါရုံ ကျောင်းတိုက်၌ အေးချမ်းစွာဖြေဆို ပူဇော်ခွင့် ရသောကြောင့် ပါမောက္ခချုပ် ဆရာတော် ဘုရားကြီးအား အနီးကပ် ဖူးခွင့်ရသလို၊ ပူဇော်ခွင့် ရသလို ခံစားရပါ တယ်ဘုရား။

နန်းပပလင်း (BA Part-2)

စာမေးပွဲနဲ့ပတ်သက်ပြီး တပည့်တော်အတွေ့အကြုံကတော့ စာမေးပွဲမဖြေခင် လေ့လာ ကျက်မှတ်ရတဲ့အချိန်ပူထူပြီးနေပေမဲ့လည်း စာမေးပွဲဖြေပြီးသွားတဲ့အခါ တသိမ့်သိမ့်နဲ့ စာတွေကို တွေးမိပြီးပီတိဖြစ်နေတာကို အကျေနပ်ဆုံး ပါဘုရား။ ဖြေလိုက်တိုင်း ဒီအတိုင်း ပဲမို့ စာမေးပွဲဖြေပြီးချိန်ကိုပဲလိုချင်နေမိတာပါဘုရား။

ဦးကျော်ကျော်သက် (BA Part-2)

ပါဠိစာပေ ပိုမိုကျယ်ပြန့်စွာ ဖတ်ရှုလေ့လာနိုင်စေရန် ပါဠိမြန်မာအင်္ဂလိပ် dictionary ၊ သုတ္တန်များကို အလွယ်တကူ ကိုးကားဖတ်ရှုနိုင်ရန် Sutta Central application ကဲ့သို့ စာကြည့်တိုက် Link များ ရှိစေချင်ပါတယ်။

ဒေါ်မျိုးဝတ်ရည် (BA Part-2)

လူ၏စိတ်ဆိုသည်မှာလည်း စာမေးပွဲဆိုသည့်အထိန်းလေးရှိမှ စာသေချာဖတ်ဖြစ်သည် ဖြစ်သောကြောင့် စာမေးပွဲများစဉ်ဆက်မပြတ်ပြုလုပ်ပေးနိုင်ပါစေ။

ဒေါ်ကေခိုင်လင်း(BA Part-2)

ဆရာတော်ဘုရားကြီးနှင့်တပည့်ဒကာဒကာမများအားစာမေးပွဲဖြေဆိုသူများစာမေးပွဲဖြေဆိုရာတွင်အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးအထူးတင်၍ အကြိမ်ကြိမ် ဦးချကန်တော့ပါသည် ဘုရား။ သို့သော် စာမေးပွဲဖြေခါနီးတွင် မိမိ၏စာဖြေရမည့် အခန်းနှင့် ခုံနေရာများကို စာဖြေသူများစုပြုံတိုးဝှေ့၍ ကြည့်ရှုရသည် မှာ စာဖြေသူများအားစာဖြေခါနီးတွင်အထူးပင်ပမ်းစေ၍ စိတ်အနှောက်အယှက်ဖြစ်စေသည်ကိုတွေ့ရှိရပါသည်။အတန်းများအားလုံးကပ်ထားရာမိမိအတန်းကို အနိမ့်ဆုံးနေရာတွင်ကပ်ထားပါက လူအုပ်ကြားထဲတွင် ကြည့်ရှု၍မရတော့ပါ။သို့ကြောင့် မိမိ၏အခန်းခုံနေရာများအား ခုံနံပါတ်များထုတ်သကဲ့သို့ online မှ ကြိုတင်ကြည့်ရှုနိုင်ရန် စီစဉ်ပေး စေချင်ပါသည်ဘုရား။

ဒေါ်ခိုင်ဇာဝေ (BA Part-2)

စာမေးပွဲ စဖြေကတည်းကအိမ်ရဲ့လမ်းထိပ်မှာရှိတဲ့ သမိဒ္ဓါဒယ သီလရှင်ကျောင်း စာဖြေဌာန(၃)တွင်ဖြေနေကျမို့ပို၍အဆင်ပြေပါသည်။ ယခုအခါ အ.ထ.က (၁)ရန်ကင်း စာဖြေဌာန (၁၆)သို့ရောက်သွားသောအခါ ဘက်စ်ကားနှစ်ဆင့်စီးပြီးမှရောက်သဖြင့် နဲနဲတော့ပိုဝေးသွားတာကလွဲပြီးအဆင်ပြေပါသည်။ လူပေါင်းများစွာ ဖြေဆိုသော စာမေးပွဲကို

အောင်မြင်အောင်၊စနစ်ကျအောင်၊ စီစဉ်ပေးနိုင်ခဲ့ပါသော စာမေးပွဲစီစဉ် ကြီးကြပ်ရေး အဖွဲ့အားလုံးကိုလည်းလေးစားစွာကျေးဇူးတင်အပ်ပါသည်။

မြို့ငြိမြို့ငြိBA(Part-2)

အသက်အရွယ် မရွေး လေ့လာသင်ယူနိုင်အောင် စီမံဆောင်ရွက်ထားခြင်းမှာ တပည့်တော်တို့ အားလုံး အလွန်ကံကောင်းသူများ ဖြစ်ကြသည့် အားလျော်စွာ တရားတော်ကို ရိုသေလေးစားစွာ ပူဇော်ကြပါရန် စာဖြေသူများအားလည်း ရိုးသားစွာ ပူဇော်ကြစေချင်ပါသည်ဘုရား။

ဒေါ်ဝင့်ဝါသိန်း(BA Part-2)

ယခင်နှစ်များက မိမိမြို့နယ် မြို့နယ်ချင်းနီးစပ်တဲ့ သာသနာအဆောက်အဦတွေမှာ သွားဖြေရတာ အသက်အရွယ်မျိုးစုံအတွက် အခက်အခဲမရှိပါဘူးဘုရား။ ယခုနှစ် စာဖြေသူများ ပြားလာသည့်အတွက် စာဖြေဌာနများတိုးချဲ့လိုက်သည့်အခါ အစိုးရစာသင်ကျောင်းတွေမှာ သွားရောက်ဖြေဆိုရတဲ့အခါ မိမိရောက်ရှိ နေထိုင်ရာ အရပ်ကနေ အခြားမြို့နယ်တွေမှာ သွားရောက်ဖြေဆိုရသူတွေ အတွက် လမ်းမကျွမ်းကျင်သည့်အတွက် သွားလာ ရတဲ့ အခက်အခဲဖြစ်ကြရသလို သွားရောက် စာဖြေရတဲ့ကျောင်းမှာ အထပ်မြင့် လေးထပ်ဆောင် ဖြစ်နေသည့်အတွက် အသက်အရွယ် ကြီးရင့်သူ ဒူးမကောင်းသူများအတွက် စာဖြေဖို့ အထပ်မြင့်အထိ တက်ရတာ မောပမ်း နာကျင် အလွန်အခက်အခဲဖြစ်စေပါတယ် အကယ်၍များ စာဖြေသူများတဲ့အတွက် စာဖြေဌာနတိုးချဲ့တဲ့အခါ အထပ်အမြင့်ကြီးတက်ရတာမျိုး မဟုတ်သောကျောင်းမျိုးဖြစ်လျင် အသက်အရွယ်မျိုးစုံအတွက် ပိုပြီး အဆင်ပြေပါ လိမ့်မယ်ဘုရား။

ယဉ်ယဉ်တင့် (BA Part-2)

အဖက်ဖက် မှ ကူညီဆောင်ရွက်ပေးကြသော ဆရာတော်များ နှင့် ဓမ္မအဆွေတော်များ အားလုံး ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။ကျေးဇူးလည်း အထူးတင်ပါသည်ရှင်။

အိသိဂီဝင်း (BA Part-2)

စာမေးပွဲမှာ လူကြီးတွေက အရမ်းဘဲ စာဖြေနေစဉ်အတွင်း စာမေးလေ့ရှိ ပါတယ်။ မပြောရင်လည်း အဆင်မပြေ၊ ပြောပြန်တော့လည်း အဆင်မပြေသောကြောင့် စာမေးပွဲ အခန်းက စောစောထွက်ခဲ့ရပါသည်။ သေသေချာချာတောင် စာကိုပြန်ဖတ်ပြီး အမှားကို တောင် မရှာနိုင်ခဲ့ပါ။ စာမေးပွဲဖြေသူအားလုံးလဲ ကိုယ်သီလလေးတွေနဲ့ ဖြေဆိုနိုင် ကြရင် တော့ အကောင်းဆုံး ဖြစ်ပါလိမ့်မည်။ တပည့်တော်ကတော အတက်နိုင် ဆုံး သီလကို စင်ကြယ်အောင်ထား သိသလောက်(ဉာဏ်မိသလောက်)တော့ ပူဇော်ခဲ့ပါသည်။ ကျေးဇူး တရား ကြီးမားလှပါဘိ။

ဒေါ်သီတာမြင့်(BA Part-2)

စာမေးပွဲဖြေဆိုရန် လျောက်လွှာခေါ်ယူသည် မှ ဒီပလိုပေးအပ်ပွဲ အခန်းအနား ထိ လုပ်ငန်း စဉ်များအားလုံး ဒေါင့်စေ့အောင် ဆောင်ရွက်နိုင်ပြီး ခေတ်မီIT နည်းပညာများဖြင့် ဆောင်ရွက် ပေးခဲ့ပါသောကြောင့် အစစ အရာရာ အဆင်ပြေချောမွေ့ခဲ့ပါသည် ဘုရား။

ဒေါက်တာနီနီအေး (BA Part-2)

စာမေးပွဲဖြေဆိုရာတွင်စာမေးပွဲအောင်ဖို့ဖြေဆိုသော်လည်း တရားဓမ္မကို ပိုမို သိရှိ လာခြင်းအတွက် ဘဝအတွက် အလွန်အကျိုးရှိစေကြောင်း ပိုမိုး၍ နားလည် လာရပါသည်။

ဒေါ်လွင်လွင်မိုး(BA Part-2)

တပည့်တော်သည်BA2ကို ရန်ကင်း အထက ၁ အခန်း၂၀တွင် ဖြေဆိုခဲ့ပါသည်။ထို အခန်းသည် အလင်းရောင်အလွန်အားနည်းသောကြောင့် ဖြေဆိုရသောအခါ မျက်စိအားနည်းသောလူကြီးများအတွက် အဆင်မပြေ ဖြစ်ခဲ့ရပါသည်စာမေးပွဲဇောနှင့် ပူဇော်ခွင့်ရသည် အတွက်အားတင်းကာဖြေဆိုခဲ့ပါသည်။ဖြေဆိုပြီးမူးဝေခြင်း မျက်ရိုး ကိုက်ခြင်း ဖြစ်ခဲ့ပါသည်။ ထိုအတွက်ကြောင့် စာဖြေဆိုသူ လူကြီးများအတွက် အဆင်ပြေစေရန် လျောက်ထားခြင်းဖြစ်ပါသည် အရှင်ဘုရား။

ဒေါ် ခိုင်ခိုင်အောင် (BA Part-2)

ဒီပလိုမာတန်း မှာပါသော စိတ် အတွေး ၊ စိတ် ထွက်ပေါက် တရားများသည် ကျွန်ုပ် တွက် များစွာအသိတရား ရစေပါသည်။BA တန်း မှ ပါရာယန ဒေသနာ တော် တရား ကြောင့် တရား အားထုတ် လို စိတ် များ ပြင်းပြခဲ့ ရပါသည် ထပ်ခါ ထပ်ခါ တရားနာနေ မိပါ သည်။

မမေသဇင်သူ (BA Part-2)

စာမေးပွဲဖြေရတာ သန်လျင် အထကာကျောင်းမှာ အရမ်းပူတာ အိုက်တယ်လေ စာဖြေရတာ စဉ်းစားရတာနဲ့ ပူတာနဲ့ဆိုတော့ မလွယ်ဘူး

ဒေါ်စုစုဝင်း (BA Part-2)

စာမေးပွဲပြီးတိုင်း စာဖြေသူအချို့ မရိုးမသားဖြေကြ၊ အခန်းစောင့်ဆရာများ သေချာ မကြပ်မတ် မှုကြောင့် အသံမျိုးစုံထွက်ကြသည့်အတွက် အခန်းစောင့်ကို BA3ပြီး ပြီးသား

သူများကို စောင့်စေချင်ပါတယ်ဘုရား။ စည်းကမ်း တင်းကြပ်တယ်၊ သီလယူပြီး သီလ လုံအောင် စောင့်စေပြီးမှ ဖြေရတယ်ဆိုသော သုတမမ္မစာမေးပွဲ၏ စံနှုန်းတွေကို မထိခိုက်စေချင်ပါဘုရား။နေရာတိုင်းမှာ သီလတွေပျက်ကြပေမယ့် ဒီနေရာလေးက သီလကို အထူးဂရုစိုက်တယ်ဆိုတဲ့ နေရာလေးတစ်ခု မပျက်သွားစေချင်ပါဘုရား။

အရှင်စန္ဒောဘာသ(BA Part-2)

အကြံပြုပါရစေဘုရား တပည့်တော်သည် သုတ္တမ္မသင်တန်းများကို မြေပြင် ဓမ္မ ဒါနပြု နေသူဖြစ်ပါတယ်။ ဘုရားတချို့သင်တန်းသားများက ဉာဏ်အလွန် ကောင်းပါ တယ်ဘုရား တစ်ချို့သင်တန်းသားများကတော့ ဉာဏ်အားနည်းပါတယ်ဘုရား သင်တန်း သားများပြောဆိုချက်အရ ဖိလတစ်ခါ level တစ်ခု ကျင်းပပေးနေတဲ့စာမေးပွဲကို ထိုဖိလ အတွင်း သို့မဟုတ် ၁နှစ်အတွင်း level ၃ခုစလုံးကို၃ရက်ကျင်းပပေးပြီး ဓမ္မာစရိယ စာမေးပွဲလို ၃ခုလုံးအောင်ချင်အောင် မအောင်ရင်အောင်တဲ့ level ကိုမှတ်ထားပြီး ကျန်levelကိုဆက်ဖြေခိုင်းမယ်ဆိုလျှင် အချိန်ကုန်သက်သာမည် ဟုယူဆရပါတယ်ဘုရား။ မိမိဆန္ဒအလျောက် level ၁ခုချင်းဖြေမည်ဆိုပါကလည်း ဖြေနိုင်အောင်ပါဘုရား။ အဘိဓမ္မာ ရိုးရိုးသင်တန်းမှာလဲ အဆင့်၃ဆင့်ခွဲပြီး ထိုသို့ စီမံထားတာကို တွေ့ရလို့ပါဘုရား တပည့်တော် ရဲ့ အသိဉာဏ်ကဆရာတော်ဘုရား ထို့နဲ့စာရင် မိုးနဲ့မြေလိုကွာတဲ့အတွက် အမှားပါရင်ခွင့်လွှတ်ပါဘုရား။

ဒေါ်ဌေးဌေးအောင် BA(Part-2)

ပါရာယနဒေသနာကိုသင်ကြားရသောအခါလည်းနိဗာန်လမ်းပြမဂ္ဂင်၈ပါးအကျင့်တရားကို ကျင့်ကြံအားထုတ်ခြင်းဖြင်သစ္စာလေးပါးမြတ်တရားကိုသိရှိပြီးဘဝကိုလွတ်မြောက်အောင် ကျိုးစားရမည်ဖြစ်ကြောင်းသိရှိရပါသည်"

ဒေါ်ဝေဝေအောင် (BA Part-2)

စာမေးပွဲမေးခွန်းထိပ်စည်း တွင် သာသနာတော်နှစ် ထည့်သွင်းပေးစေ လိုပါသည်။ မြန်မာသက္ကရာဇ်တွင် ၁၁၈၂နှစ်ထည့်ပေါင်းလျှင် သာသနာတော်နှစ် ရပါသည်။ ဗုဒ္ဓ၏ စာမေးပွဲဖြစ်သောကြောင့် ဗုဒ္ဓသာသနာနှစ် ထည့်သွင်းပေးရန် အကြံပြုအပ်ပါသည် ဘုရား။

ဥမ္မာဆူး(BA Part-2)

သုတမမ္မ စာမေးပွဲ ဖြေရတာ လောကီစာမေးပွဲနှင့်မတူပဲ အေးချမ်းစွာ ဖြေနိုင်သလို အရှုံးမရှိသောစာမေးပွဲဖြစ်ပါတယ်ဘုရား။စာမေးပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်က ဟာကွက် မရှိအောင် စီစဉ်ပေးပါသော ဆရာတော်ဘုရားကြီး များနှင့်တကွ ဝေယျာဝစ္စကုသိုလ်ရှင်အပေါင်းတို့အား များစွာ ကျေးဇူးတင်ရှိပါတယ်ဘုရား....self study ဖြစ်ပြီး ပါဠိစာသားတွေမသင်ဖူးသော တပည့်တော်အတွက် အခက်အခဲ အနည်းငယ်တော့ ရှိပါသည်ဘုရား။

ဒေါ်သီသီလွင်(BA Part-2)

အကြံပြုရန်ပင်မလိုအောင် ပြည့်စုံကောင်းမွန်လှသော ဓမ္မလမ်းကြောင်းကြီးပါရှင့် ပါဝင် လျှောက်လှမ်းနိုင်ခွင့်ရခဲ့သောကြောင့် မိမိအနေဖြင့်ဂမ်းမြောက် ပီတိအခါခါဖြစ်ရပါသည် ရှင့်။

Khin Myat Myat Mon (BA Part-2)

ဤပြဋ္ဌာန်းစာအုပ်များအား B.A Part 2 အထိ လေ့လာသင်ယူခွင့်ရခြင်းသည် ဘဝ လမ်းပြမြေပုံ အစစ်အမှန်ကို ရရှိလိုက်ခြင်း ဖြစ်ပါသည်။ ယနေ့ခေတ် လူမှုအဖွဲ့အစည်း အတွင်း စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျဆင်းမှုများ များပြားနေခြင်းသည် ဓမ္မအသိ နည်းပါး ခြင်းကြောင့် ဖြစ်သည့်အတွက်၊ ဤသင်ရိုးညွှန်းတမ်းပါ အနှစ်ချုပ်များကို အခြေခံပညာ ကဏ္ဍနှင့် လုပ်ငန်းခွင်များအထိ Stress Management (စိတ်ဖိစီးမှုစီမံခန့်ခွဲမှု) အသွင်ဖြင့် ကျယ်ကျယ် ပြန့်ပြန့် မျှဝေဆွေးနွေးပေးနိုင်ပါက ပိုမိုအေးချမ်းသာယာသော လူ့အဖွဲ့ အစည်းကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း လေးနက်စွာ သုံးသပ်တင်ပြအပ်ပါသည်။

Daw Khin Khin Thet (BA Part-2)

Level(1) တုန်းက စာမေးပွဲဖြေတယ်ဆိုတာ မြတ်စွာဘုရားကို ဓမ္မနဲ့ပူဇော်နေတာလို့ နားမလည်ခဲ့ပါ။ ကုသိုလ်၊အကုသိုလ် မသိလို့ စာမေးပွဲစောင့်သော သီလရှင်ကို အဖြေမှန်မမှန် ဇကဂ္ဂတာ စာလုံးပေါင်းမေးမိပါတယ်။Level 2 ကစပြီး သီလလုံခြုံစွာဖြေဆို ပူဇော်ခဲ့တာ ခု BA PART 2 ဖြေဆိုပြီးပါပြီ။ ဒီနှစ်Level 3 အခန်းမှာ နာရီနဲ့ချိတ်ပြီးဖုန်းလို screen ဆွဲချပြီးကူးချပါတယ်၊ battery အားကုန်တော့ အားထသွင်းပြီး ခိုးချတာတွေ ရှိပါတယ်။ အခန်းစောင့်ဆရာမတယောက်က အပြင်ထွက် အဖြေကြည့်ပေးတာတွေ မသမာမှုနည်း မျိုးစုံ မြင်ရ၊ကြားရတော့ စိတ်မကောင်းများစွာ ဖြစ်မိပါတယ်ဘုရား။ ဘေးမှ စာဖြေသူများအားလည်းအနှောင့်အယှက်ဖြစ်ပါတယ်ဘုရား။ တပည့်တော်တို့ အခန်း ကတော့ ငြိမ်ပါတယ်ဘုရား။"

Daw Khin Soe Moe (BA Part-2)

"၁။ စာမေးပွဲဖြေဆိုချိန်တွင်တိတ်ဆိတ်စွာ ဖြေနိုင်ရန်မေးခွန်းမဝေခင် စည်းကမ်းချက်တွေ ဖတ်ထားသင့်ပါတယ်၊

၂။ အလုံပိတ်ဟောခန်းတွင်အပူအအေးမျှတရန် မီးပြတ်သော်လည်း Aircon လုံလောက်စွာ ဖွင့်ထားနိုင်ရန်စီစဉ်သင့်။

၃။ စာဖြေသူများတိတ်ဆိတ်စွာဖြေနိုင်ရန် အရင်ဖြေပြီးသူများအား ဆူညံစွာစကားမပြော ဆိုရန် ဝင်းအပြင်ဖက်တွင်ထွက်ပြောရန်စည်းကမ်းထုတ်သင့်"

ဒေါ်မိမဥ္ဇူ(BA Part-2)

"မိမိဖြေဆိုခဲ့ပြီးသမျှရရှိခံစားရသော အတွေ့အကြုံများမှာ ဘဝတွင် တစ်ကြိမ် တစ်ခါမျှ မသိဘူးမကြားဘူးသောဗုဒ္ဓမြတ်စွာ၏တရားအနှစ်သာရများကိုသိရှိခဲ့ရပါသည်။ တရား စခန်းများ ဝင်ခဲ့သော်လည်း ရုပ်နာမ်မကွဲ အသိနည်းစွာ အချိန်ဖြုန်းခဲ့ မိပါသည်။ ယခုအခါ တရားဓမ္မများမှရရှိသောအသိဖြင့်ဘုရားရှိခိုး ခြင်တားရားထိုင်ခြင်းတို့မှာအဓိပ္ပာယ်ပိုမိုရှိ လာပါသည်ဘုရား။ MA ဘွဲ့အတွက်မဟုတ်ဘဲ ယခုကဲ့သို့ပင် တရားတော်များကို နာယူ မှတ်သားပြီး စာမေးပွဲများသာ အထပ်ထပ်ဖြေဆိုချင်မိပါသည်ဘုရား။"

ဒေါ်သန်းသန်းအေး BA (Part-2)

အောင်စာရင်းတွေကို ဓာတ်ပုံရိုက်ပြီးတင်ပေးရင် ကောင်းမယ်နော်။ ။ 🌹 🍀 🫰

ဦးလင်းအောင် (BA Part-2)

"BA 2 ကို ဖြေပြီးနောက်ပြန်စစ်ရာ အောင်တော့ အောင်မည် ထင်သော်လည်း ကျသဖြင့် အရမ်းစိတ်မကောင်းပါ"

ဒေါ်အေးအေးညွန့် (BA Part-2)

"အတန်းတိုင်း၏စာမေးပွဲများသည် အဆင့်အတန်းရှိသော စာမေးပွဲများဖြစ်အောင် ပြုလုပ်ကျင်းပ ပေးသည်ကိုတွေ့ရှိရပါသည်။ လူ့သဘာဝအရအောင်မြင်ချင်စိတ်နှင့် မေးမြန်းအဖြေတိုက်နေခြင်းမျိုးတွေ့ရပေမဲ့မိမိကိုယ်တိုင်ကတော့BA part 2ဖြေပြီးသည် အထိမိမိလေ့လာကျက်မှတ်မိသလောက်သီလလုံစွာဖြေဆိုခဲ့ပါသည်။ မေးခွန်း ထုတ်သော ဆရာတော်ဘုရားများအားအကြိမ်ကြိမ်ဦးခိုက်ပါသည်။ မေးခွန်းပေါင်းများစွာ မြင်တွေ့ လေ့လာသော်ငြားမတူအောင် ကွဲထွက်ပြီးမေးတတ်လွန်းတာကို သဘောကျမိပါသည်။ ဆရာတော် ဘုရားကြီးတည်ထောင်ခဲ့သော ပညာဘူမိတက္ကသိုလ်ကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲစေရန် ဓမ္မအသိများဖြင့်အကျိုးရှိရှိနေထိုင်သွားပါ့မည်။

Daw Thazin Pwint Phyu (BA Part-2)

"ရိုသေစွာလျှောက်ထားအပ်ပါသည် ဘုရား ။ ။ ။BA part 2 က မည်သည့်အတွက်ကြောင့် ဂုဏ်ထူးရ နည်းပါသနည်း ဘုရား။ ဘုရားတပည့်တော် အတော်လေး ကျက်မှတ်ဖြေဆို ပူဇော်နိုင်ခဲ့ပါသည်။ သို့ပေမယ့်လည်း ဂုဏ်ထူး မရခဲ့ပါ ဘုရား။ ရှေ့ diploma အတန်းတွေ BA part 1 အထိ ဂုဏ်ထူး 4ခုနဲ့ အားရကျေနပ်စွာ ပူဇော်နိုင်ခဲ့ပါသည် ဘုရား။ ယခု တစ်ခေါက်တော့ တရားအသိတွေ ရရှိခဲ့ပေမယ့်လည်း ဂုဏ်ထူး မပါခဲ့တဲ့အတွက် စိတ် မဖြေသာ ဖြစ်ခဲ့ရပါသည်။ ဆက်လက်၍ လည်း ပူဇော်ဖြေဆိုအုံးမှာပါ ဘုရား။ စိတ်နှလုံးသွင်းမှားနေပေမယ့် ပုထုဇဉ်ပီပီ စိတ်ဓာတ်ကျမိပါတယ်ဘုရား။

ဘုရားတပည့်တော် စိတ်မကောင်းခြင်းများဖြင့် ရိုသေစွာ လျောက်ထားအပ်ပါသည် ဘုရား။ အလုပ်တဖက်နဲ့ ကြိုးစားရုန်းကန်ရင်း ပူဇော်ရတာမို့ အလွန်ပင်ပန်း လှပါသည်။ ကြိုးစားမှုက အားဖြစ်စေချင်မိတာ အမှန်ပါဘုရား။ ဆရာတော်ဘုရားကြီးနှင့်တကွ သံဃာတော်များကို အထူးဂါရဝထား လျှောက်ထားအပ်ပါသည် ဘုရား။"

နီလာတင်(BA Part-2)

"သုတဓမ္မ စာမေးပွဲများ တက္ကသိုလ်အဆင့်၊ တိုင်းတာ စစ်ဆေးမှုစာမေးပွဲများဖြစ်သည်ဟု ယူဆမိ ပါသည်၊နိုင်ငံတကာ အဆင့်မီ ၍ ခေတ်စံနစ်နှင့်ကိုက်ညီလှပါသည်၊ ဒါဖတ် ၊ဒါမေး၊ ဒါဖြေ၊ မေးခွန်းများမဟုတ်ဘဲ တရားဓမ္မများကို လက်တွေ့ဘဝတွင် Apply လုပ်နိုင်ရန် အထောက်အကူဖြစ်စေမည့် Point of View မှ ရှုမြင်တတ်ရန် သုံးသပ်လေ့လာတတ်ရန် Guide လုပ်သွားသည့် မေးခွန်းပုံစံများကို ထည့်သွင်းထားသည်မှာလည်း၊ မြတ်စွာဘုရားရဲ့ဆုံး မသွန်သင်နည်း၊ဖြစ်သည့် မေးခွန်းထုတ်ပြီးဖြေဆို လေ့ကျင့်သင်ကြားပေးခြင်းနည်းလမ်းအတိုင်းပင်ဖြစ်သည်ဟု ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပေါ်မိပါသည်၊"

(၃.၆) (BA Part-3) စာဖြေသူများ၏ အတွေ့အကြုံ၊ မှတ်ချက်၊ အကြံပြုချက်များ

ဒေါ်အေးတင်ထူး (BA Part-3)

တရားစာအုပ် တစ်ချို့ နေရာတွေ လက်ကွက်အမှားတွေ ရှိပါသည်။ ။အသံဖိုင်စာသားများ ဖြင့် ၂ခုတိုက် နာယူလေ့လာခဲ့ပါသည်။

ဦးအေးမြင့် (BA Part-3)

မေးခွန်းနှင့် စံပြအဖြေများကို အောင်စာရင်းထွက်ပြီးသည့်အခါ ထုတ်ပြန်ပေးနိုင်ပါက လေ့လာကျက်မှတ်နေသူများအတွက် အကျိုးများစွာရှိစေပါမည်။ စာအုပ်ထုတ်ဝေသည့် အခါ နေ့စွဲအလိုက် မဟုတ်ဘဲ အတန်းအလိုက် စုစည်းပေးပါက လေ့လာ ဖတ်ရှုသူ များအတွက် ပိုမိုလွယ်ကူစေမည်ဟု အကြံပြုအပ်ပါသည်။"

ဒေါ်မြင့်မြင့်သန်း (BA Part-3)

အထက ၁ အင်းစိန် မေခဆောင် စတုတ္ထထပ်တွင် စာမေးပွဲ ဖြေဆို ခဲ့ ရပါသည် အသက် အရွယ်ကြီးသော လူကြီးများဖြစ် ပြီး ခြေထောက်မကောင်း ကြသဖြင့် အတက် အဆင်း များ တွင် လွန်စွာ ဒုက္ခ ရောက် ရပါသည် နောင်နှစ်များတွင် အဆင်ပြေစွာ ဆောင်ရွက် ပေးနိုင်ပါရန် တင်ပြပါသည်။ အသက် ၇၈ နှစ် ဖြစ်ပါသည်။

ဒေါ်လဲ့လဲ့ဝင်း(BA Part-3)

ယခုနှစ် စာမေးပွဲ အဆင်ပြေပါတယ်ဘုရား..ခုံနေရာများလည်း အကွာအဝေး ခွာပြီး စီထားပါတယ်.စာမေးပွဲ မဖြေခင် စည်းကမ်းချက်တွေလည်း ကြီးကြပ်ဆရာတော်က ဖတ်ပြပါတယ်..တယောက်နဲ့ တယောက် မေးနေကြသော သူများကိုလည်း အခန်းစောင့် ဦးဇင်း /ကိုရင်ကြီး များက အနားလာ သတိပေးကြပါတယ်..ကျေးဇူးတင်ပါတယ် ဘုရား ။

ဒေါ်သန္တာသွင်BA(Part-3)

ယခုလို ပညာဘူမိတက္ကသိုလ်ပေါ်ပေါက်လာရသည့်အတွက် သာသနာတွင် ကျွတ် တန်းဝင်ရန် ကျန်နေသေးသူများ ကျွတ်ခွင့်ရှိသူများမကျန်အောင် အသိအလင်း ဖွင့်ပေး သည် ဟုမှတ်ယူပြီး မီးတောက်ရရှိခြင်း၊ ဆီခန်းစေခြင်း၊ အလင်းရရှိခြင်း၊ အမှောင် ပျောက်ခြင်း တို့တခါတည်း ဖြစ်ပေါ်စေသည်ဟုမှတ်ယူပါသည်ဘုရား။

AyeAyeMaw BA(Part-3)

အလွန်နက်နဲသောစာပေများကိုသိရှိမှတ်သားခွင့်ရခြင်းအပြင်တရားအားထုတ်ရာတွင်များ စွာအထောက်အကူဖြစ်ပါသည်အလွန်တရာကျေးဇူးများပါသည်တပည်တော်မလက်တွေ့ ကျင့်ကြံအားထုတ်ပါတော့မည်။

အရှင်အာစာရ(BA Part-3)

အခုတဖြတ်က B.A part-3 ဖြေဆိုခဲ့ပါသည်။ ဖြေဆိုကြိမ်ရေပြောဆိုရလျှင် ၆ လပတ် ခြောက်ကြိမ် ရှိခဲ့ပါသည်။ ထိုသို့ ဖြေဆိုရာတွင် မိမိသည် ရဟန်းတစ်ပါးဖြစ်၍ အမျိုးသမီး

များ၊ သီလရှင်များနှင့် တစ်တန်းတည်းဖြေဆိုရသည်မှာ မိမိတို့ အနေကြပ်သလို ထိုသူတို့လည်း အနေခက်မည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ရဟန်း/သာမဏေများကို တစ်တန်းတည်းထားပေးပါရန် အဆိုပြုလိုက်ပါ၏။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာလိုရာဆန္ဒပြည့်ပါစေ။

ဒေါ်ခင်မြဦး BA(Part-3)

သုတဓမ္မစာပေများကို လေ့လာအားနည်းလှတဲ့ တပည့်တော်တို့မြို့က လူများစု အမြင်သည် လူနည်းစု တပည့်တော် တို့အား လူကြွဟု ထင်နေကြပါသည် ဘုရား။ လူအများစု လေ့လာလိုက်စားလျှင် ကောင်းပါသည်ဟုထင်ပါသည်ဘုရား ။

ဒေါက်တာမြတ်မြတ်နွယ် (BA Part-3)

ဒီပလိုမာတန်း ၃ တန်း BA ၃ တန်း စလုံးကို ရန်ကုန်စာဖြေဌာန (၃) စမ်းချောင်း သမိဒ္ဓါဒယ သုခိတာရာမ ကျောင်းတခုတည်းတွင်သာ ဖြေဆိုခဲ့ရာ စာမေးပွဲစီစဉ် ကြီးကြပ်မှုနှင့် တာဝန်ကျဆရာလေးများ၏ ဆောင်ရွက်မှုများသည် တကြိမ်ထက်တကြိမ် ပို၍ပို၍ ကောင်းမွန် တိုးတက်လာသည်ကို သတိပြုမိပါသည် စာမေးပွဲကို စိတ်ချမ်းသာစွာ ဖြေဆိုခွင့်ရသည့်အတွက် သက်ဆိုင်ရာ အားလုံးကိုကျေးဇူးတင် မေတ္တာပို့ပါသည်

Dr.သန်းသန်းဆွေ (BA Part-3)

မိလိန္ဒမင်း၏အမေး ရှင်နာဂသိန်၏ အဖြေများ မှတ်သားခွင့်ရ၍ အဘိဓမ္မာသင်ယူထားမိ၍ ပိုမိုမှတ်မိလွယ်ကူခွင့်ရခြင်း၊ဗာဝရီပုဏ္ဏားကြီးနှင့် တပည့်၁၆ယောက်

တို့ မြတ်စွာဘုရားနှင့်တွေ့ခွင့်ရပြီးအနာဂါမ်နှင့်ရဟန္တာဖြစ်သက့ဲသို့ တပည့်တော် လည်း ဆရာတော် ဘုရားကြီး၏ တရားဓမ္မများ ပူဇော်ဖြေဆိုရင် အသိဥာဏ်တိုးပြီး ဓမ္မ အလင်းရောင် ပွင့်လင်းခွင့်ရရှိပါသည်၊ ဗောဓိပက္ခိယတရားမှ သာသနာအဓိပ္ပါယ်၊ ၃၇ပါး သော တရားများ အရေးကြီးပုံများသိရ၍ ကျေးဇူးများလှပါသည် ဘုရား။ဆရာတော် ဘုရားကြီးအား ဦးတင်ရှိခိုးကန်တော့ပါသည် ဘုရား။

ဒေါ်ခင်ပြုံးနွယ် (BA Part-3)

ပြည်မြို့ စာစစ်ဌာနမှာ စာမေးပွဲဖြေချိန် မစခင်ကတဲက စာတမ်းများကို ယူသိမ်း သွားပါတယ်ဘုရား၊ ယူသိမ်းသွားပါသော်လည်း တပည့်တော် အဖြေလွှာအပ်သည့် အချိန် မှာ စာတမ်း ပျောက်နေပါသည် ဘုရား..အချိန်ယူ ရှာဖွေပြီးမှ စာတမ်းများ ထပ်ထားရာ နေရာက မဟုတ်ပဲ တခြားနေရာက ပြန်တွေ့ပါသည်ဘုရား၊ တပည့်တော် စာတမ်း တွေ့ပါ သော်လည်း ပြည်မြို့မှ စာဖြေသူတစ်ဦး၏ စာတမ်း လုံးဝပျောက်နေခဲ့ပါသည်ဘုရား၊ နောက်တစ်ကြိမ် ဖြေဆိုမည့်သူများ အဆင်ပြေစေရန်တခုခု စီစဉ်ပေးစေလိုပါသည် ဘုရား။

ဒေါ်ထွေးထွေး အုန်း (BA Part-3)

BA-Part (1,2,3)သုံး တန်း စလုံး စာများ ခက်ပါသည်၊သို့သော် ပြဌာန်း စာအုပ် အကြိမ်ကြိမ် ဖတ်ရှုလေ့လာ. .ပါချုပ်ဆရာတော်ဘုရားကြီး ဟောတရားများ အကြိမ်ကြိမ်ထပ်ခါ တစ်လဲလဲ နာယူမှတ်သား..မှတ်စုများထုတ်နှုတ်ရေးသားလေ့ကျင့်မေးခွန်းများ ဖြေဆို ကြည့် စသဖြင့် ကိုယ်ပိုင်အချိန်ရသမျှလေးတွင် သေသေချာချာ ကြိုးစာ၍ စာမေးပွဲ သုံးခုစလုံး ကောင်းမွန်စွာဖြေဆိုပူဇော်နိုင်ခဲ့ပါပြဘုရား။ စာတမ်းကိုလည်းBA-Part2 ဖြေဆိုပြီး ကတည်း က တစ်နေ့ တစ်ကြောင်းစာလောက် ရသမျှအချိန်တိုင်း နည်း နည်း

ရေးသားခဲ့ရာ စာမေးပွဲ ဖြေဆိုချိန်တွင် သတ်မှတ်စာမျက်နှာထက် ပိုနေသော စာများ ဖြုတ်ချ ပယ်ဖျက်ရ၍ ရေးလိုသော အချက်အချို့အကြောင်းရာ များမပါဝင်ပဲ ဖြစ်သွားခဲ့ ရပါသည်။ ကြိုတင်တောင်းပန်လျှောက်ထားအပ်ပါသည်။

သန်းထွဋ်ဝင်း(BA Part-3)

Level 1-2-3 ဖြေဆိုရစဉ်က မိုးကောင်းဘုရားဝင်းအတွင်းမှ ဓမ္မရုံကြီးတွင် ဖြေဆိုခဲ့ရပြီး အိမ်ပြောင်းခဲ့သောကြောင့် BA 1-2-3 ဖြေဆိုသည့်အခါ ရန်ကုန်စာဖြေဌာန ၁၀ အ.ထ.က (သုဝဏ္ဏ) ကျောင်း၌ ဖြေဆိုခဲ့ရပါသည်။ နေရာထိုင်ခင်းမှအစ အခန်းစောင့်ဆရာအဆုံး အစစ ကွာခြားချက်ရှိပါသည်။ ဓမ္မရုံ၌ စိတ်အေးချမ်းသာစွာ စည်းကမ်းတကျ ဖြေဆို ခဲ့ရပါသည်။ သက်ဆိုင်ရာ ဘုန်းကြီးတစ်ပါးလည်း လာရောက်ကာ ကြပ်မတ်ပေးပါသည်။ ယခု သုဝဏ္ဏကျောင်း၌မူ အစစ ကွဲပြားရပါသည်။ အိမ်သာ၌ရေအရှိ အလွန်ညစ်ပတ် မှုမှအစ အခန်းစောင့်အဆုံး အတော်ကွာခြားလှပါသည်။ တခြားအချက်တို့မှာ လစ်လျူရှု လို့ရသော်လည်း စာမေးပွဲခန်းစောင့် ဆရာမမှာ အတော် အဆင်မပြေခဲ့ရပါ။ မည်သည့် စည်းကမ်းချက်မှလည်း မပြော ဖတ်မပြ စာဖြေသူတို့မှာလည်း အချင်းချင်း တိုင်ပင်၍ ဖြေဆိုနေကြသည်မှာ တခြားစာဖြေသူတို့မှာ အလွန် စိတ်အနှောက်အယှက် ဖြစ်ရပါသည်။ အာရုံစူစည်းရ အလွန်ခက်ခဲလှပါသည်။ အခန်းစောင့် ဆရာမသည် မည်သို့မှ ကောင်းမွန်စွာ ဟန့်တာမှုမရှိ၍ စာမေးပွဲအခန်းမှာ စာသင်ခန်းကဲ့သို့ ဖြစ်နေရပါသည်။ ထို့အပြင် စာဖြေပြီး၍ အဖြေလွှာအပ်ပြီး ပြန်မည်ဟုဆိုသော် ၄နာရီမထိုးခင်ထွက်လျှင် မေးခွန်းကို မပေးပါ။ ထိုအခါ ဖြေပြီးသူတို့မှာ မေးခွန်းယူသွားလိုသဖြင့် စာဖြေပြီးသော်လည်း ၄နာရီမထိုးမချင်း မပြန်ရသဖြင့် အချင်းချင်း စကားပြောခြင်း ဖြေလို့မပြီးသေးသူများ မေးသည်တို့အားလည်း ပြန်လည်ဖြေကြားပေးခြင်းတို့ကြောင့် စာမေးပွဲဖြေရသည်မှာ များစွာ အနှောက်အယှက် ဖြစ်ခဲ့ရပါသည်။ နောက်နောင် စာမေးပွဲများ၍

အခန်းစောင့်ဆရာများ သေချာစောင့်ကြပ်ပေးနိုင်ပါရန် အကြံပြု ရေးသားရပါသည် ဘုရား။ စည်းကမ်းများကိုလည်း စာဖြဌာနအားလုံး တပြေးညီ ဖြစ်စေချင်ပါသည်ဘုရား။

ဒေါ်ခင်ဆန်းယု (BA Part-3)

သုတဓမ္မစာမေးပွဲဖြေဆိုသည့် တပည့်တော်မတို့အတွက် ဆရာတော်ဘုရားကြီး၏စီမံမှုများလိုအပ်ချက်မရှိအောင် အလွန်ကို အဆင့်မြင့်စွာ ပြည့်စုံလှပါသည်၊ Online မှ စာမေးပွဲဖောင် တင်သည်မှ အစ ခုံနံပါတ်ထုတ်ပေးခြင်း၊ စာဖြေကဒ်ထုတ်ပေးခြင်း၊ စာဖြေလွှာကအစအဆင့်မြင့်စွာ စနစ်တကျဖြင့် ဖြေဆိုပူဇော်ရသည်မှာ ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာကြီးမားမှုများကို တိုး၍တိုး၍ပင် ကြည်ညိုလေးစားမိပါသည်။ထို့ပြင် ဤစာမေးပွဲကို လူမျိုးမရွေး ဆင်းရဲချမ်းသာမရွေး အသက်အရွယ်မရွေး ရာထူးဂုဏ်မရွေး ပညာအရည်အချင်းမရွေး မြန်မာစာတတ်သည့် မည်သူမဆိုဝင်ရောက်ဖြေဆိုပူဇော်နိုင်ဖို့ ရည်ရွယ်ချက်ကြီးမားစွာ သုတဓမ္မစာမေးပွဲများ ကျင်းပပေးသည့် အဓိပတိ ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာကြီးမားမှုကို အလွန်အလွန်ကိုပင် ကျေးဇူးများစွာတင်ရှိရပါသည်။ ထို့ကြောင့် တပည့်တော်မသည် ဆရာတော်ဘုရားကြီး၏ မေတ္တာစေတနာတရားများကို အလေးအမြတ်ပြုသောအားဖြင့် Level 1 မှ BA Part 3 အထိဖြေဆိုပူဇော်ခဲ့သမျှ သီလလုံစွာ ရိုးသားစွာ သန့်ရှင်းစွာ သီလလုံစွာ ဖြေဆိုပူဇော်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားသော တရားတော်များကို အကြိမ်ကြိမ်နာယူကာ အိမ်မှာပင် Self study လုပ်ကာ ပြဌာန်းစာအုပ်ကြည့် ကိုယ်တိုင်မှတ်စုထုတ်ကာ လုံ့လဝီရိယများဖြင့် ဓမ္မစာပေများကို ကြိုးစားကာ ကျက်မှတ်ဖြေဆိုပူဇော်ခဲ့ပါသည်၊ တပည့်တော်မကဲ့သို့ ဖြေဆိုပူဇော်သူများလည်းရှိပါသည်၊ ဖြေဆိုသူအားလုံး ယခုလို သီလလုံစွာ ဖြေဆိုပူဇော်နိုင်ကြစေရန် ပညာဘူမိတက္ကသိုလ်၏ပုံရိပ်မထိခိုက်စေရန်

စာဖြေဌာနအသီးသီးတွင် ပညာဘူမိတက္ကသိုလ်မှ ဆရာတော်များ အလှည့်ကျ ကြီးကြပ်ကွပ်ကဲပေးစေဖို့ အလေးအမြတ်ထားကာ အကြံပြုလိုပါသည် အရှင်ဘုရား။

ဒေါ်လဲ့လဲ့ထွေး(BA Part-3)

YGN11မှာ ဖြေဆိုခဲ့ခြင်းက အလွန်အဆင်ပြေပါတယ်ဘုရား။ အရင်နှစ်တွေကထက် ပိုမိုပြည့်စုံ နေပါတယ်ဘုရား။

ဦးဇော်မင်းထွန်း(BA Part-3)

စာမေးပွဲအခန်းအတွင်းစာဖြေသူ အချင်းချင်း စကားပြောခြင်း၊ စာမေးပွဲအခန်းအတွင်း ဖုန်းများလုံးဝမထားရှိစေခြင်း၊အခန်းအပြင်ထားရှိသောဖုန်းများအား အသံတိတ်ခလုတ်နှင့် ဖုန်းပိတ်ခြင်းများ စိစစ်လုပ်ဆောင်စေလိုပါသည်။ ပါဠိနှင့်တကွ ဖြေဆိုမှု မေးခွန်းများပါထည့်သွင်းပါရှိရေး အစဉ်ဆောင်ရွက် သင့်ပါသည် အရှင်ဘုရား"

မောင်မျိုးသိန်းထွန်း (BA Part-3)

စာမေးပွဲအတွက် အစစအရာရာ အဆင်ပြေပါတယ်ခင်ဗျာ။BAဘွဲ့လက်မှတ်လေးကို တခြားတက္ကသိုလ်လိုမျိုး လယ်သာအိတ်လေးနှင့်ထည့်ပေးစေလိုပါသည်။BAဖြေပြီး စောင့်နေ့ရ သူတွေအတွက် MAလမ်းကြောင်းကို မြန်ဆန်လွယ်ကူစေရန် ဆောင်ရွက်ပေးစေလိုပါသည်။

ဒေါ်ကုလဝတီ(ဒေါ်ခိုင်မြဝင်း)(BA Part-3)

Part-3ဖြေခဲ့ပြီးပြီပါဘုရား။ ၃နှစ်ခွဲဆိုတဲ့ အတိုင်းအတာတစ်ခုမှာ တဖက်က ဓမ္မ အသိအမြင်များ တိုးတက်လာသလို တဖက်က ခန္ဓာကိုယ် ရုပ်ပိုင်ဆိုင်ရာက ဆုတ်ယုတ်လာပြီး

ဘုရား ဒါပေမဲ့ တရားဓမ္မ အတွေးအခေါ်တွေ ဘာဝနာပွားများ အားထုတ်မှု နည်းလမ်းတွေ လက်တွေ့ကျင့်သုံးမှုတွေက တပည့်တော်အတွက် လက်ကျန်ဖြတ်သန်းရမည့် ဘဝအချိန် အတွက် အဖော်မွန်းကောင်း ဖြစ်လာပါတယ်ဘုရား ရင့်ကျက်မှုနှင့် တိတ်ဆိတ်မှု၊ ရောင့်ရဲမှုနှင့် စိတ်အေးချမ်းမှုတွေ ရှာတွေ့လာပါတယ် ဘုရား လူသားတိုင်း ဓမ္မအသိ သတိရှိဖို့ တရားတော်များကို ဟော်ကြားသင်ကြားပေခဲ့သည့် မြတ်ဗုဒ္ဓဘုရားသခင်နှင့် ဆရာတော်အရှင်သူမြတ်တို့အား လက်ဆယ်ဖြာမိုးချကန်တော့ပါ၏ဘုရား ။

ဒေါ်ခင်မေသွယ် (BA Part-3)

ပို့ချခြင်း အပိုင်း၊ စစ်ဆေးခြင်းအပိုင်း၊ သတင်းအချက်အလက် ပေးပို့ခြင်း၊ ရုံးနှင့် ဆက်သွယ်ရခြင်း အပိုင်း စသည်တို့သည် အားလုံး အဆင်ပြေပါသည် ဘုရား။စာမေးပွဲများတွင် ဖြေဆိုရာတွင်(အများစုမဟုတ်သော) အနည်းစု သင်တန်းသူ/ သားများ၏ စာမေးပွဲခန်း စည်းကမ်းဖောက်ဖျက်မှုကို ဝမ်းနည်းစွာ တွေ့ခဲ့ရပါသည် ဘုရား။ အကြံပြုချက်- စာမေးပွဲခန်းတွင်စာမေးပွဲမဖြေခင် ဘုရားရှိခိုးပြီး ငါးပါးသီလ စောင့်ထိမ်းခိုင်းလျှင် သင့်တော်နိုင်ပါမည်လားဘုရား။

နန်းစံဟွမ်ဇင်း(BA Part-3)

မေးခွန်းနောက်ကSHN- 2အရိပ်စာလုံးသည် မျက်စိဝေဝါးကာ စိတ်ရှုပ်ထွေးစေပါသည် ။အသက်ကြီးသူများအတွက် အဆင်မပြေပါ။ ကျေးဇူးပြု၍ ဖြူဖွေးသော စာရွက်ပေါ်တွင်သာ မေးခွန်းနှိပ်ပါရန် အကြံပြုအပ်ပါသည်။

ဒေါ်စန်းစန်းကြည် (BA Part-3)

စာမေးပွဲဖြေဆိုခဲ့ရသည့် ကာလအတွင်း တပည်တော်ဖြေဆိုခဲ့ရသည့် စာစစ်ဌာနများတွင် အခက်အခဲမရှိ ပူဇော်ခဲ့ရပါသည်ဘုရား။ စာမေးပွဲဖောင်တင်ခြင်း ကတ်ပြားထုတ်ပေးခြင်း များမှာလည်းစနစ်ကျ အဆင်ပြေပါသည်ဘုရား။ ဖြေဆိုသူများပြားလာသည့်အတွက် ပရဟိတ ကူညီများလည်း ကုသိုလ်ပြုနေကြတာတွေ့ရပါသည်ဘုရား။တပည့်တော်လဲ ကုသိုလ်ယူကူညီလိုပါသည်ဘုရား။ဆန္ဒပြုပါသည်ဘုရား လိုအပ်သည့်အချိန် page မှ ကြေငြာပေးပါဘုရား။ဆရာတော်ဘုရားကြီးနဲ့ သင်ဆရာ မြင်ဆရာ ကြားဆရာ အားလုံးကို ရိုသေစွာ ရှိခိုးဦးတင်ကန်တော့ပါတယ်ဘုရား။

ဒေါ်ခင်ထွေး (BA Part-3)

နောက်ထပ်အကြံပြုချင်တာMAတန်းမှာလည်းတရားတော်များထပ်မံ၍နာချင်သည့်စိတ်ဆန္ဒဖြစ်ပါသည်ဘုရား။

ဒေါ်တင်လှ (BA Part-3)

ရှမ်းပြည်နယ်တွင် B.Aစာဖြေဌာန ချပေးခဲ့တာလည်း ကျေးဇူးတင်ပါသည်ဘုရား၊ တပည့်တော်ကဲ့သို့ အသက်ကြီးသူများ အဆင်ပြေသွားသည့်အပြင် စရိတ်ကုန်ကျမှုလည်း မရှိတော့ပါဘုရား။ တပည့်တော်သည် ယခင်၅ဆင့် စလုံး ဂုဏ်ထူးနဲ့ပါဘုရား၊ ယခုလည်း ကြိုးစားပြီးပူဇော်သွားသည်ဘုရား။ ရှမ်းစာဖြေဌာန-၁ မင်းကျောင်းက အစစအရာရာ အဆင်ပြေချောမွေ့ပြီး စည်းကမ်းတကျ ဖြေဆိုနေကြတာပါဘုရား။

ဒေါ်မြင့်မြင့်ကြည် (BA Part-3)

အလွန်မှမှတ်သားလိုက်နာဖွယ်ကောင်းပါသည်။ဘဝအတွက်အကျိုးများသောစာမေးပွဲတွင်မက နှောင်သံသာယာအတွက်ပါ အဖိုးမဖြတ်နိုင်ပါဘုရား။

ဒေါ်ဝင်းဝင်းအေး (BA Part-3)

BAတန်းတွေတက်တော့မည်ဆိုလျှင် အဘိဓမ္မာသင်ယူထားသူများအတွက် လွန်စွာအထောက်အကူပြုပါသည်၊တပည့်တော်သည်အဘိဓမ္မာရိုးရိုး၊ဂုဏ်ထူးဆောင်၊ဝိသုဒ္ဓိမဂ်၃ဆင့်လုံးစီအောင်ထားပြီးဖြစ်တဲ့အတွက်အတန်းတိုင်းကိုလယ်ကူစွာလေ့လာသင်ယူနိုင်ခဲ့ပါတယ်ဘုရား။

ဒေါ်နန်းယုံးကျောက် (BA Part-3)

မေးခွန်းတချို့နားမလည်လို့တချို့ပုစ္ဆာစာရရက်နဲ့မဖြေလိုက်ရပါဘာပဲဖြစ်ဖြစ်ကျေနပ်ပါတယ်စာမှတ်မိသွားပါတယ်စေ့စေ့စပ်စပ်စဉ်းစားဖို့လိုကြောင်းအတွေ့အကြုံရပါသည်။

ဒေါ်ချိုချိုအေး(BA Part-3)

part1 ကို ရန်ကုန်မြို့ တွင်သွားရောက်ဖြေဆိုခဲ့ရသည် အိမ်သားများပါလိုက်ပို့ပေးရသဖြင့် ပင်ပန်းကြသည် BA part 2 &3 ကို မိမိနေသောမြို့တွင်ပဲဖြေရသည့်အတွက် အလုပ်မှ ခွင့်ယူစရာမလိုတော့ပါ။ အဆင်ပြေသွား၍ ဆရာတော်ဘုရားအား များစွာ ကျေးဇူး တင်ပါသည်ဘုရား။

ဒေါ်ခင်ကြည်ညွန်း (BA Part-3)

ပညာဘူမိတက္ကသိုလ်တွင် တာဝန်ယူဆောင်ရွက်နေကြသော ဆရာတော်ကြီးများ၊ ဦးပဉ္စင်းများ စသည့် သံဃာတော်အရှင်သူမြတ်တို့အား ကြီးမားလှသော ဂုဏ်ကျေးဇူးကြောင့် ရိုသေလေးမြတ်စွာဖြင့် ရှိခိုးကန်တော့ပါသည်ဘုရား။ ဆရာကြီးများ၊ ဆရာမကြီးများ၊ တာဝန်ရှိသူများ၊ စေ့တနှဝန်ထမ်းများ စသောသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ အားလုံးအား အထူးပင် ကျေးဇူးတင်ဂါရဝပြုအပ်ပါသည်။ စာသင်သား တပည့်တော် တို့အား နက်နဲလှစွာသော ဓမ္မအသိများရရှိစေရန်၊ အစစအရာရာ အဆင်ပြေချောမွေ့စွာ လေ့လာ ဖြေဆိုနိုင်ကြစေရန် အထောက်အပံ့ကောင်းများ ဖြစ်ကြသည့်အတွက် ကျေးဇူး အထူးကြီးမားကြပါသည်။ ဆောင်ရွက်သမျှ ကုသိုလ်များလည်း ထပ်တူရရှိကြပြီး သံသရာဆင်းရဲမှ လွတ်မြောက်နိုင်ကြပါစေ။

ဦးကျော်စိုး (BA Part-3)

သုတဓမ္မစာမေးပွဲ Diploma တန်းမှ BA တန်းအထိ ဖြတ်မြဖြေဆိုခဲ့ရာ စာဖြေဌာနများတွင် အခက်အခဲများမရှိခဲ့ပါ၊ စာမေးပွဲဆိုသည်မှာ မည်သည့် အသက်အရွယ်မဆိုရင်မော ရသည့် အခက်အခဲဟု မြင်မိပါသည်၊ စာမေးပွဲနားနီးလေ worry များသော အိပ်မပျော် ဖြစ်လေပါ၊ စိတ်ထဲမှာရှိနေသည်က ကြိုးစားရကြိုးနပ်ချင်သည်၊ ဖြေလျှင်အောင်ချင်သည်၊ နောက်တစ်ခု အသိရှိသည်က ဤကဲ့သို့ စာမေးပွဲများ ကျင်းပမှ သာလျှင် တရားစာပေများကို လေ့လာကျက်မှတ်ဖြစ်မည်၊ သို့မဟုတ်ပါ က အကြိမ်ကြိမ် အခါခါ ဖတ်မှတ်ဖြစ်မည်မဟုတ်ကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

ဒေါ်မျိုးသွယ်ခိုင် (BA Part-3)

CAE မှာ သံဃာတော်တွေ စာမေးပွဲခန်း စောင့်ရင် ကောင်းမယ်ဘုရား..သံဃာတော်တွေ မဖူးရတော့ စာဖြေရာမှာ လူပုဂ္ဂိုလ်က စာမေးပွဲခန်းစောင့်တော့ တပည့်တော်တို့ကို ကျောင်းသား အမှတ်နဲ့ ကြည့်တာ သံဃာက ကြည့်တာကို ပိုပြီး ခံယူချင်စိတ်ဖြစ်မိတယ်ဘုရား။ သံဃာတော် နည်းနည်းပါးပါး မြင်ခွင့်ဖူးခွင့်ရရင်ကို စာဖြေရတာ အဓိပ္ပါယ်ပိုရှိတယ် ဘုရား။

Daw Moe Moe Myat(BA Part-3)

စာမေးပွဲတိုင်းမှာ ပြင်ဆင်မှုများသည် အလွန်ဒေါင့်စေ့ပြီး ကျေနပ်ရပါသည်။ ပြဋ္ဌာန်းစာအုပ်ပိုင်းမှာတော့ စာအုပ်ကမခိုင်ခန့်ပဲ အတန်းတိုင်း ပြုတ်ထွက်နေပါသည်။ quality ပိုင်းကိုမြှင့်ပေးရန်တောင်းဆိုချင်ပါသည်။

ဒေါ်ဥမ္မာသိန်း (BA Part-3)

စာမေးပွဲမဖြေခင်၁၅မိနစ်လောက်အလိုမှာဖြစ်ဖြစ် သီလပေးစေချင်ပြီး တက္ကသိုလ်ရဲ့ အဓိကရည်ရွယ်ချက်ကိုဖတ်ပြစေချင်မိပါတယ်ဘုရား ။

ဒေါ်ခင်မြို့လွင်(BA Part-3)

စာမေးပွဲခန်းထဲမှာ မလိုအပ်သည့်စကားများ မပြောစေချင်ပါ။ စာဖြေသူကို အနှောင့်အယှက် ဖြစ်စေပါတယ်။

ဣန္ဒေါဘာသ (ခ) အောင်ကျော်ကျော်(BA Part-3)

စနစ်ကျပြီး အခက်အခဲ မရှိ စာဖြေသူများ စီစဉ်ပေးထားမှုသည် စာဖြေသူ ဘုရား တပည့်တော်ရင်ထဲ လွန်ပင်ကြည်နူး ဝမ်းသာ ပီတိ ဖြစ်ရသည့်အပြင် ဤလူ့ဘဝ တွင် ဓမ္မနှင့်ပျော်မွေ့ သူများ များစွာရှိသည်ကို သိရှိရသဖြင့်နောက် မျိုးဆက်သစ် အဆက်ဆက် ဓမ္မမိတ်ဆွေများစွာ ကမ္ဘာအနံ ပျံလွှင့်ပေါ်လာမည်ဟု ယုံကြည်ပါသည်။ ဆရာတော် ဘုရားကြီးနှင့် ပညာဘူမိတက္ကသိုလ် ရှင် လူရဟန်းတို့၏ ဓမ္မအောင်လံများစွာ အတွက် အကြိမ်ကြိမ် နှလုံးသွင်း ပီတိဖြစ် သာဓု သာဓု သာဓု ခေါ်ဆိုပါ၏ ဘုရား ။

U Khin Maung Myint. BA(Part-3)

နယ်စာစစ်ဌာန ဖြစ်သောကြောင့် အဆောက်ဦးအခက်ခဲကို နားလည်ပါသည်။ နီးလွန်း သောကြောင့်တချို့စကားပြောကြသောကြောင့် စိတ်အနှောက်အယှက် အနည်းငယ် ဖြစ်ရပါသည်။ ဆိုးဆိုးရွားရွား မဟုတ်သောကြောင့် တော်ပါသေးသည်။ နောက်နှစ်များတွင် စာမေးပွဲအတွက်၊ဘီအေပြီးသူများအားလုပ်အားပေးခေါ်ခိုင်းစေလိုပါသည်။

ဒေါ်ဌေးဌေးလှိုင် (BA Part-3)

ဆရာတော်ကြီး၏တရားကိုနာယင်း ပြဋ္ဌာန်းစာအုပ် ကိုဖတ်ကာ မှတ်ရမည်များကို မှတ်စုထုတ်၍ လေ့လာကျက်မှတ်ဖြေဆို ရာအခက်အခဲတစုံတရာမရှိပါ။ မည်သည့် သင်တန်း မည်သည့် စာအုပ်မှမလိုပါ ယခုအခါ သင်တန်းများ မှတ်စုများ များစွာကျယ်ပြန် လာပြီးတဖြည်းဖြည်း ပြုပြင်ဖြည့်စွက်ယင်း ဆရာတော်ကြီး၏ အာဘော်များလွှမ်းမည်ကို စိုးမိ ပါသည်။ စာကျက် စာဖြေဘွဲ့ရအတွက်သာ ဖြစ်လာသူများ များလာမည်ကို နှမျော လှ ပါသည်။ တရားတော်များ၏ အနှစ်သာရကို ခံစားရသည်မှာ အလွန်ကျေးဇူးများသည်

ကိုလူတိုင်းခံစားစေလိုပါသည်။ ထိုသို့နှလုံးသွင်းနိုင်ပါလျှင် စာမေးပွဲခန်းတွင်း မေးမြန်းခြင်း စကားပြောခြင်းများ ဆိတ်သုန်းသွားမည်ဟု မျှော်လင့် မိပါသည်။ ဆရာတော်ကြီး၏မေတ္တာ အဖွဲ့သားများ၏ စေတနာကို လေးစားသောအားဖြင့် တရားတော်ကို ကြည်ညိုသော အားဖြင့် မိမိ ဥာဏ်စွမ်းရှိသလောက် ကြိုးစားပူဇော် ကြပါရန် မေတ္တာရပ်ခံလိုပါသည်။ စာဖတ်ရသည်ကို ပျော်မွေ့နေ၍ BA.Part3ဖြေပြီး ဆက်ဖတ်ရမည့် ပြဋ္ဌာန်းကျမ်းကို စောင့်မျှော်နေပါသည် ။ဆရာတော်ကြီးနှင့် သုတမမ္မ အဖွဲ့သား အားလုံးအား ကျေးဇူး တင်ပါသည် ။ အားလုံးကျန်းမာချမ်းသာကြပါစေ။

သီတာခိုင် (BA Part-3)

B.A Part 3 စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုပြီးခဲ့ပါပြီ၊ ရန်ကုန်စာဖြေ ဌာန 6 မှာ စိတ်အေးချမ်းသာစွာဖြေခဲ့ရပါတယ်၊ ဆူညံမှု၊ စကားပြောမှု မရှိပါ၊ရိုးသားစွာဖြေကြပါတယ် ကျေးဇူးတင်ရပါတယ်။ Diploma တန်း B.A တန်း စာမေးပွဲများကို ဖြေဆိုနိုင်အောင် စနစ်တကျ စီစဉ်ပေးပါသော တက္ကသိုလ်မှ တာဝန်ရှိသော အရှင်ဘုရားတို့ကိုလည်း ဦးတင် ကန်တော့ပါတယ်ဘုရား ။ယခုလို ခေတ်ကာလမှာ သုတမမ္မ စာမေးပွဲများ ရှိနေလို့ တရားတွေနာ၊ စာတွေကျက်၊စာမေးပွဲတွေဖြေကြနဲ့ လူတွေ စိတ် အခြေအနေ ယိမ်းယိုင် မသွားအောင် အများကြီးထိမ်းကျောင်းပေးနိုင်ခဲ့တာကို တွေ့ရပါတယ်၊ ဆရာတော်ကြီးရဲ့ စေတနာ၊မေတ္တာ၊ တက္ကသိုလ်မှ ဆရာတော်ကြီးတွေရဲ့ စေတနာ၊မေတ္တာ ၊ကရုဏာတွေကို မြင်တွေ့ရပါတယ်၊ UWL လမ်းစဉ်၊လုပ်ရပ်များအောင်မြင်ပါတယ်။ ကိုယ်နဲ့ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်ရှိ လူများကိုလည်း တရားနာရန် စာမေးပွဲဝင်ရောက်ဖြေဆိုရန် အမြဲတိုက်တွန်း ပါတယ်၊ level 1,2,3စာအုပ်များ ဝယ်လှူပါတယ်၊ တက္ကသိုလ်ကြီး၏ ရည်မှန်းချက်ပန်းတိုင်များအောင်မြင်ပါစေ။

Hnin Yi Win (BA Part-3)

စာမေးပွဲခန်း နှင့်ပတ်သက်၍ စည်းကမ်း ချက်များကို ကြိုတင်ထုတ်ပြန်ထားရုံမျှမက စာဖြေဌာနများမှ စာမေးပွဲခန်း စောင့် ရမည့် သံဃာ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကိုလည်း လုပ်ဆောင်ရမည့် စည်းကမ်း အတိုင်း အပြည့် အဝ လုပ်ဆောင်ကြရန် ညွှန်ကြားထားစေခိုပါသည်။

ခေါ်မိမိလှိုင် (BA Part-3)

၁။ စာမေးပွဲဖြေဆိုခွင့်ကဒ်များထုတ်ရာတွင် ရန်ကုန်တွင်ထုတ်ယူရာ၌ လူများပြီး ကဒ်ထုတ်ပေးသောအခန်းမှာ ကျဉ်းနေပါသည်ဘုရား။ စာဖြေဌာနအလိုက်ဆိုသော်လည်း စာဖြေဌာနနည်းစဉ်ကလည်း ဒီအခန်း၊ ယခုနှစ်လို များလာသော် လည်း ဒီအခန်းပဲ ဖြစ်နေပါသဖြင့် တပည့့် တော်အမြင်ဖြင့်ပြောရလျှင် ကျဉ်းနေပါသည်ဘုရား။ လူများစွာ လာထုတ် နိုင်သည့်နေ့များတွင် အခန်းခွဲ၊ ကောင်တာခွဲ၍ ထုတ်ပေးသင့်သည်ဟု အကြံပြုပါသည်ဘုရား။ စာဖြေဌာန အမည်ခေါ်ပေးသည်မှာလည်း နှစ်ခုတစ်ပြိုင်းတည်း ခေါ်ပေးနေသောကြောင့် အသံမှာကွဲကွဲ ပြားပြားမကြားရ၊ နားမကောင်းသောသူများဆို မကွဲပြားတော့ပါ၍ ခေါ်ဆိုသောနေရာတွင် လူများပိတ်ဆို့နေကြခြင်း ဖြစ်ကြပါသည် ဘုရား။ကဒ်ထုတ်ရာတွင် ယခုထက် အဆင်ပြေစွာ စီစဉ်ပေးနိုင်ရန် အကြံပြုပါသည်ဘုရား။

၂။ မေးခွန်းအတွက်အကြံပြုချင်ပါတယ်ဘုရား တပည့့်တော်မတို့လို တရားနှင့်ဝေးနေသောသူများ၊ အဘိဓမ္မာဆိုသည်ကို တစ်လုံးမှမသိသောသူများအတွက် ကိုပါ စဉ်းစားပြီး ဆရာတော်ကြီး၏ အသံတရားနှင့် ပြဌာန်းစာတွင်သာပါသော တရားများထဲမှသာ မေးခွန်းကို စဉ်းစားပေးတော်မူပါဘုရား။ level 1 ဝင်ဖြေသောသူများသည် ကိုယ်တိုင် စိတ်ဝင်စား၍ ဝင်ဖြေသူများချည်းသက်သက်မဟုတ်ပဲ ဘာသာရေးကို စိတ်ပါဝင်စားလာအောင် တိုက်တွန်း၍ ဝင်ရောက်ဖြေဆိုသူများလည်းပါရှိပါသည်ဘုရား။

ဒီပလိုမာလို အချောင်ရ၍ချင်လို့ ဆိုသောအတွေးနှင်လာသူများရှိနိုင်သော်လည်း ထို အတွေးများနှင့် မဟုတ်ပဲ တိုက်တွန်း၍ လာဖြေသူအများစုပါပါသည်ဘုရား။ Level 1တွင်မဖြေနိုင်၍ စိတ်ဓာတ်ကျသွားနိုင်ပါသည်ဘုရား။ တရားပူဇော်တာ အောင်/ရှုံး ပဓာနမဟုတ်ဟုဆိုသော်လည်း ဝင်ရောက်ဖြေဆိုလျှင် အောင်ချင်ကြပါသည်ဘုရား။ အောင်သူများကလည်း ပုထုဇဉ်များဖြစ်၍ နောက်နှစ် ဂုဏ်ထူးလိုချင်ကြပါသည်ဘုရား။ အယုတ် အလတ် အမြတ်မရွေး၊ အသက်အရွယ်မရွေး၊ ပညာအရည်အချင်းမရွေး ဖြေဆိုခွင့်ပြုထားသောကြောင့် မေးခွန်းကိုတော့ စဉ်းစားပေးပါဘုရား။ တပည့်တော်တို့ အတန်းပညာတွင်လည်း Grade 12 မေ သူ့းခွန်းကို Grade 10 တွင်မေးမရသကဲ့သို့ အတန်းနှင့်သူ မေးခွန်းလေးကို စဉ်းစားပေးတော်မူပါဘုရား။ မြေပြင်သင်တန်း၊ online သင်တန်းများကိုလည်း လူတိုင်းမတက်နိုင်ကြပါဘုရား။ တရားနှင့် ဝေးကွာနေသော သူများမှာ ဘယ်လိုမေးခွန်းလာတတ်သည်မသိသဖြင့် လေ့ကျင့်ခန်းမေးခွန်း အမေး အဖြေ စာအုပ်များ ဖတ်ရှုလေ့လာရပါသည်ဘုရား။ တပည့်တော်ကိုယ်တိုင် သရုပ်၊ အရကောက် ဆိုတာကို ခုထိမကွဲပြားဘဲရှိနေသေးပါသဖြင့် ဆက်လက်လေ့လာရပါအုန်းမည်ဘုရား။ တပည့်တော်ကိုယ်တိုင် ပါမောက္ခဘဝတွင် ကျူရှင်များကိုမကြိုက်သော်လည်း ထပ်မံ လေ့ကျင့် နေသည်ဟုသာယူဆပြီး ပြဋ္ဌာန်းစာထဲမှသာ လှည့်ပတ်မေးခဲ့ရပါသည်ဘုရား။

၃။ စာမေးပွဲဖြေဆိုချိန် တပည့်တော်ဖြေဆိုခဲ့သည့် ရန်ကုန်စာဖြေ (၅) ၊ ဖြေဆိုရသည့် အခန်းသည် အမြဲအေးချမ်းစွာ ဘာအသံမှမကြားရပဲ သီလလုံစွာ ဖြေဆိုခံကြပါသည်။ စာမေးပွဲခန်းစောင်ကြပ် ဆရာ ဆရာမများကိုယ်တိုက်လည်း ကြပ်မတ်ပြီး စာဖြေသူကော စောင့်သူပါ စည်းကမ်းရှိအောင် စာမေးပွဲခန်းအဝင်ကတည်းက ကြီးကြပ်သင့်ပါသည်ဟု အကြံပြုပါသည်ဘုရား။(အမှားပါက ခွင့်လွှတ်ပေးပါရန် တောင်းပန်ပါသည်ဘုရား။)"

ဒေါက်တာစိန်စိန်မေ (BA Part-3)

APart3တန်းတွင်Project paper တင်သွင်းရသည် ပြဋ္ဌာန်းချက်သည် သင်ယူလေ့လာခဲ့သော တရားတော်များ ၊လိုက်နာကျင့်သုံးသည့် အကျိုးကျေးဇူးများနှင့် တရားတော်များကိုပြန်လည်သုံးသပ်ရခြင်း၊ တရားတော်အတိုင်း လျော့စေသောကုသိုလ်ကျိုး အများကြီးရှိစေပါသည်ဘုရား၊ ဆရာတော်ဘုရားကြီးကို ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပါသည်ဘုရား။

ဒေါ်ဖြူဖြူစိမ်း(BA Part-3)

သုတမမ္မစာမေးပွဲဝင်ခွင့်အတွက် ဖြစ်နိုင်ပါက မန္တလေး မြို့တွင် centerတစ်ခုထား ပေးစေချင်ပါသည် ဘုရားလူ ကိုယ်တိုင်တင်ချင်သောလည်း တစ်ချို့မှာ အသက်အရွယ်ကြီးပြီး အိမ်မှလည်းအခြေအနေတစ်ချို့ကြောင့်လိုက်မပို့နိုင်ကြပါonlineမှတင်၍ရသော်လည်း နည်းပညာမကျွမ်းကျင်ကြပါဘုရား။ တစ်ချို့မှာ ပညာဘူမိpage link ပေးသည့်တိုင်မဝင်တတ်ကြပါဘုရား ထို့ကြောင့် မန္တလေးတွင် လျှောက်လွှာတင်သည့် centerတစ်ခုရှိပါကပိုမိုကောင်းမွန်အဆင်ပြေကြမည်ထင်ပါသည်ဘုရား။

Ma Thandar Win (BA Part-3)

စာမေးပွဲဖြေဆိုသူများသည် တရားဓမ္မနှင့် ဆရာတော် ဘုရားကြီးအား ကြည်ညိုသောအားဖြင့် ဝင်ရောက်ဖြေဆိုကြပါသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မေတ္တာဓာတ်များထားကာ တက်စွမ်းသလောက် ကူညီပေးစေလိုပါသည်။

ဒေါ်ဝါဝါခိုင် (BA Part-3)

MAတန်း ဆက်တက်ရန် နယ်ဝေးသမားများအတွက်လမ်းညွှန်ချက်များ တရားဝင် ထုတ်ပြန်ပေးစေလိုပါသည်။"

ဒေါက်တာပြုံးပြုံးဟန် (BA Part-3)

ခု အကြံပေးချက် က စာမေးပွဲနဲ့မဆိုင်ပါဘုရား။ ဘွဲ့ပေး သော နေ့ များ တွင် ဝိုးချယ် လူမမာ ဘီးတပ်ကုလား ထိုင် ဝန်ဆောင်မှု လုပ်ပေး စေလိုပါသည် ဘုရား။ လေဖြတ်သော ခြေမသန်သော လူနာများ အတွက် စဉ်းစားပေးတာပါ။ တခါ က သူတို့ ငွားနေတာ နဲ့ကြုံ ပါတယ်။ မည်သူမှ သူ့ကို မငွားကြ ပေမဲ့ သူ က တော့ မဖြစ်မနေ တက်မှာဆိုပြီး ပြော သွားပါတယ်။ ကူညီချိန် လည်း မရလိုပ် လို့ မကူညီ နိုင် လိုက်ပါ ဘုရား။

အောင်ကိုကို (BA Part-3)

အဖွဲ့လိုက် form တင်သူများကို ခုံနံပါတ်အစဉ်လိုက်ချပေးသဖြင့် အလွယ်တကူ မေးကြ လုပ်ကြပါတယ်။ မသိသူဆို မပြုလုပ်ကြပါ။ ဒီတော့ ခုံစီတာ ဓမ္မဖြူဟာမှာလို မတူတဲ့ အတန်း2တန်းကိုရောပြီး စီစဉ်ကာထိုင်စေတာ အလုပ်ဖြစ်ပါတယ်။ ဖောင်တွေကို အစဉ်လိုက်မဟုတ်ဘဲခုံနံပါတ်တွေကို ခွဲလိုက်ရင်လဲ သင့်လျော်မည်ဟု ယူဆလို့ အကြံပြု ပါတယ်။အထကစာဖြေဌာနတွေအခြေအနေဆိုးပါတယ်။အခန်းစောင့်တွေကလဲစုပြီးနေ ကြမယ့်အစား လမ်းပတ်လျောက်နေရင်အဆင်ပြေပါမယ်"

ဦးညွန့်လွင်(BA Part-3)

အခန်းစောင့်များမှ မေးခွန်းဖတ်ပြ၊ ပြောပြခြင်းများ မလုပ်ပြတော့ဘဲ အားလုံးသည် တိတ်ဆိတ်ငြိမ်သက်ခြင်းများဖြင့် ကုသိုလ်ယူစေချင်ပါသည်။

ဦးမြတ်သူ(BA Part-3)

ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဦးစီးကျင်းပသော ပညာဘူမိ တက္ကသိုလ်မှ သုတမမ္မ တရားတော်များကို ဖြေဆိုပူဇော်ရခြင်း၏ ကောင်းကျိုးရလဒ်များကို တင်ပြရမည်ဆိုလျှင် ကုန်နိုင်ဖွယ်မရှိ ဖြစ်ပါသည်။ သုတမမ္မ တရားတော်များသည် အမှောင်ထုကို ဖောက်ထွင်း၍ မိမိ၏ ဘဝခရီးကို လမ်းညွှန်ပေးသည့် မြေပုံသဖွယ်၊ ဓမ္မဆီမီးအလင်းရောင်ဖြင့် ဘဝလမ်းမှန်ကို လျှောက်လမ်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် ယခုဘဝတွင် အနေမြတ်ပြီး၊ အသေတတ်အောင် သေခြင်းတရားကို ရင်ဆိုင်ရဲသည့် ကုသိုလ်တရားများဖြင့် ကျင့်ကြံနေထိုင် တတ်လာပါသည်။လက်ရှိဘဝနှင့်၊ နောင်သံသရာ ဘဝ အတွက်ပါ ကောင်းကျိုးချမ်းသာများ ရရှိခံစားရပါသည်။ စာမေးပွဲဝင်ရောက်ဖြေဆိုသောအခါ တရားတော်များကို နာဖူးထပ်မံ ဆိုသကဲ့သို့ အကြိမ်ရေ များစွာ ထပ်ခါထပ်ခါ လေ့လာ၊ သင်ယူ၊ ကျက်မှတ်ခြင်းဖြင့် "သုတံ ပရိယောဒါပေတိ"" ဆိုသည့်အတိုင်း 'သုတံ' ကြားနာအပ်ဖူးပြီးသော တရားတော်တို့ကို၊ 'ပရိယောဒါပေတိ' ယခင်က သဲသဲကွဲကွဲ မသိခြင်း၊ ဝေဝါးခြင်းများကို ရှင်းလင်းပြတ်သားစွာ သိရှိလာရသဖြင့် စိတ်ကို ကြည်လင်သွားစေပါသည်။"ကထံ ဘူတသ မေ ရတ္တိဒိဝါ ဝီတိဝတ္တန္တိ "" ဘယ်လို နည်းနဲ့ နေ့၊ ည ရက်တွေ ကုန်ဆုံးနေလဲလို့ တွေးတော ဆင်ခြင်တက်လာပါသည်၊ 'ကု' အဆိုး တရားများကို 'သလ'ဖယ်ရှားပေးပြီး အမြဲတမ်း ကုသိုလ်စိတ်၊ ကုသိုလ်တရားများ ဖြစ်ထွန်းနေစေရန် 'နိယမိတ၊ သမုဒါစာရ၊ ပရိဏာမိတ၊ အာဘုဇိတ' ဟူသော အခြေခံနေနည်းလမ်း (၄)ချက်ဖြင့်လည်း လေ့ကျင့်နေထိုင် တတ်လာပါသည်။ ဘဝခရီးဝယ်ရွေးခြယ်

ရမည်လမ်း တရားတော်ပါ ""ရင်ထဲမှသံသယ၊ တွေဝေစရာများ ဖြစ်လာလျှင် မည်သည့် အယူ မှန်တယ်၊ မည်သည့်အယူအဆကမမှန်ဘူး"စသည်ဖြင့် ဝေခွဲမရဖြစ် နေမှုများကို ကေသမုတ္တိသုတ် (ကာလာမသုတ်)လာ ""မာ အနုဿဝေန” စသော 'မာ' (၁၀)ချက်၊ အမှား အမှန် စိစစ်ရွေးချယ်၍ အမှန်တရားကိုမှတ်ယူရန် ' စံ' (၅)ချက် ဖြင့် ဘဝကို ပိုင်ပိုင်နိုင်နိုင် ရွေးခြယ်တက်လှမ်း လာနိုင်ခဲ့ပါသည်။ အန္ဓသုတ်မှ စီပွားရေးမျက်စိ၊ ဓမ္မမျက်စိ လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာအတွက် များစွာအကျိုးတရားများကို ရရှိခဲ့ပါသည်။ ' ယုံကြည်မှု့' ကိုအခြေခံသော မိရိုးဖလာ သဒ္ဓါ ဗုဒ္ဓဘာသာ မှ 'နားလည်မှု' ကို အခြေခံသော သမ္မာဒိဋ္ဌိ ပညာဗုဒ္ဓဘာသာ အဆင့်သို့ ပို့ဆောင်ပေးသော ရထားကြီးသဖွယ် ဖြစ်ပါသည်။ အကယ်၍ စာမေးပွဲဝင်ရောက်ဖြေဆိုခြင်း မရှိဘဲ သာမန်တရားနာရုံမျှသာ ဆိုပါက တစ်ကြိမ်တစ်ခါမျှသာ နာယူဖြစ်မည် ဖြစ်သဖြင့် ဆရာတော်ဘုရားကြီး၏ နက်နဲလှစွာသော တရားတော်များကို တော်ရုံဖြင့် နားလည်သဘောပေါက်မည် မဟုတ်ပါ။ ယခုကဲ့သို့ တရားတော်များကို ကိုယ်တိုင်ကိုယ်ကျ သင်ယူ၊ ကျက်မှတ်၊ လေ့လာ ဖြေဆို ပူဇော်ခဲ့ခြင်းကြောင့်သာ ဓမ္မအသိဉာဏ်ဆီမီးကို ထွန်းညှိနိုင်ခဲ့ပြီး ဘဝကို အကျိုးရှိရှိ နေထိုင်တတ်လာခဲ့ပါသည် အရှင်မြတ်ဘုရား။

ဒေါ်မြမြဝင်း (BA Part-3)

မေးခွန်းထုတ်သော ပုစ္ဆာက ဆရာတော်များမေးခွန်းထုတ်ရာတွင် အလွန် ကျွမ်းကျင် လှပါသည်။

မသန္တာဝင်း (BA Part-3)

စာဖြေဆိုသူများသည်ဆရာတော်ဘုရားကြီးနှင့် မြတ်ဗုဒ္ဓ၏ တရားအဆုံးအမများကို လေးစားကြည်ညိုကြသူများဖြစ်ပါသည်။ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မေတ္တာထားရန်၊

စာဖြေရာတွင် စာအောင်လိုစိတ်မဟုတ်ဘဲ တရားပူဇော်သောစိတ်ဖြင့်ဖြေဆိုနိုင်ကြရန် လိုအပ်ပါသည်။

ဒေါ်ခင်မာအေး (BA Part-3)

လက်ရှိဘဝ နေထိုင်နည်း ကျင့်ရမည့်နည်း ထားရမည့် စိတ် သိရှိရပါသည် level1,2,3/ BA1,2,3, အချုပ် နိဝရဏာကင်း သတိပဋ္ဌာန်းကျင့် မဂ္ဂင်ပွါး ဆိုသောကြောင့် အဆိုပါနည်း အတိုင်းကြိုးစားဆောင်ရွက်ပါမည် ဘုရား။

ဒေါ်သင်းသင်းလှိုင် (BA Part-3)

သုတမမ္မဒီပလိုမာနှင့်တင် ရပ်မနေပဲ BAတန်းထိဆက်တက်လေ့လာကြည့်က မမ္မအသိ ၊ သစ္စာ၄ ပါး သိမြင်မှု အသိပညာများ လက်တွေ့သိမြင်ခဲ့၍ ပိုမိုအကျိုးရှိပါသည်။Diploma /BA တန်းပြီးသွား၍ MA တန်းဆက်မတက်ကြသူများရှိနေပါ၍ BA ပြီးထိုသူများအား အမြဲတန်း မမ္မအသိ(သုတမယ / ဘာဝနာမယ) များကိုဆက်လေ့လာနေမူ ရှိ /မရှိ နှင့်လက်ရှိ မမ္မအသိများ အတွက် 6 monthly or yearly ဖြစ်စေ (Feedback form or Knowledge Sharing community or result analysis or survey) စသည့်များ ပြုလုပ်ပေးနေမည်ဆိုပါက မမ္မအသိများအား နှစ်စဉ် ဖြေကြားရလျှင် ပိတိဖြစ်ကြမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်။

မစန်းစန်းမြင့် (BA Part-3)

စာမေးပွဲဖြေလျှင် ကျောင်းတိုက်များ၌ဖြေရသည်ကို ပိုနှစ်သက်ပါသည်။ဓမ္မစာပေကို မြတ်စွာဘုရားရှေ့မှောက် ပူဇော်နေရသည်ဟု ခံစားမိပါသည်။

သက်ဆွေဦး (BA Part-3)

ဓမ္မစာမေးပွဲအတွက် စီစဉ်ကြောင့်ကြစိုက်သောကြသူ တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးအထူးတင်ရှိပါတယ်။

ဒေါ်သန်းသန်းလွင် (BA Part-3)

၂၀၀၉မှ ၂၀၁၉ထိ ၁၀နှစ် တိတိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်၊ ရုံး တာဝန်ဖြင့် ပျဉ်းမနားမြန်မာ့စီးပွားရေးဘဏ်သို့ မကြာခဏသွားရောက်ရပါသည်၊ သွားရာလမ်းမကြီးဘေးတွင် မုခ်ဦးအမြင့်ကြီးနှင့်ဘုရားစေတီလား ဘုန်ကြီကျောင်း လား မသိ၊ တစ်ခုကိုဖြတ်သွားတိုင်းတွေ့နေရပါသည်၊ရေးထားသည်က'ဗောဓိပက္ခိယ' စားလုံး ကြီးကြီးနှင့်ပါ၊ တပည့်တော်အဲဒီစာလုံးကို အလွန်စိတ်ဝင်စားခဲ့ ပါသည်၊ အဓိပ္ပါယ် လည်း သိချင်ခဲ့ပါသည်၊နောက်ပိုင်းအလုပ်တာဝန်များဖြင့်မေ့လျော့သွားခဲ့ပါသည်၊ ယခုဘီအေ ၃ ဖြေဆိုသည့်အခါ ဗောဓိပက္ခိယအကြောင်း ပြည့်ပြည့်စုံစုံနာယူမှတ်သားခွင့်ရသဖြင့် ဆရာတော်ဘုရားကြီးအား အလွန်ပင်ကျေးဇူးတင် ကြည်ညိုရပါသည်၊ ဆရာတော် ဘုရားကြီးနှင့် အတူပညာဘူမိနှင့်ပတ်သက်သူများအားလုံးကျန်းမာသက်ရှည်ကြပါစေ။

ဒေါ်အေးအေးမြင့်(BA Part-3)

MAတန်းအတွက်မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကိုသိလိုပါသည်ဘုရားလမ်းညွှန်ချက်ထုတ်ပေးတော်မူပါဘုရား။

ဒေါ်မြမြဝင်း (BA Part-3)

BA.2မှာရသေ့အမည်နှင့် သူတို့လျောက်ထားသော မေးခွန်းများကို သေချာတွဲဖက်မကြည့်မိသောကြောင့် ရသေ့အမည် ဖော်မရခြင်းက ရပြီးသား စာများပါ ပျောက်သည့်အထိဖြစ်ပြီး မဖြစ်နိုင်ဟု ကျက်ခြေခတ်ထားသည့် ရသေ့အမည်ကို ရေးမိခြင်း၊ မေ့သည့် စာရေးရန်ကွက်လပ်မကျန်ခြင်းစသည်ဖြင့်သတိလက်လွတ်ဖြစ်ခဲ့ပါသည်။

ဒေါ်ဥမ္မာကျော်ဦး (BA Part-3)

တပည့်တော်သည် ဆရားတော်ဟောတရားများကို အခေါက်ပေါင်းများစွာ နာ ၍ ပြဋ္ဌာန်းစာအုပ်ကို ကြေညက်အောင် ဖတ်ရှုမှတ်သားပါသည်။ စာမေးပွဲရလဒ်များသည် တပည့်တော်၏ ကြိုးစားမှု အစစ်အမှန်ဖြစ်၍ ကျေနပ်ပါသည်။ စာဖြေသူများ လာခြင်းသည် သာသနာအတွက် အလွန်ကောင်းမွန်သော်လည်း တချို့နေရာများတွင် မရိုးသားမှုများ ရှိနေသေး ပါသည်။ ထိုအရာသည်လည်း ဘယ်သူကမှပြင်ပေး၍မရ ဘဲ မိမိကိုယ်တိုင်သာ ပြုပြင်ရမည်ဟုမြင်မိပါသည်။ ကျေးဇူးတင်ပါသည်ဘုရား။

မအေးစန္ဒာမြင့် (BA Part-3)

အတွေ့အကြုံက စာတမ်းရေးရတာအရမ်းကို နှစ်သက်ပီတိဖြစ်ရပါတယ် ။အကြံပြုချက်က စာဖြေရင် တစ်ယောက်နဲ့တစ်ယောက်မေးပြီး စာခိုးကူးနေတာလဲ တွေ့ခဲ့ရပါတယ် ပိုပြီးတင်းကြပ်စေချင်ပါတယ် ဆရာတော်ကဆုံးမထားပါတယ် စာမေးပွဲ အောင်ခြင်း ကျခြင်းက အဓိကမဟုတ်ပဲ ဓမ္မအသိတိုးတက်ဖို့ပါပဲ။

ဒေါ်သင်းမာဂင်း(BA Part-3)

ဆရာတော်ဘုရားမှ လူပုဂ္ဂိုလ်တွေအတွက် မေတ္တာတရားကြီးမာစွာဖြင့် စာမေးပွဲစနစ် ကျင်းပပေးနေပါသော်လည်း တချို့လူများ၏ ဖြေဆိုရာတွင် စကားပြောခြင်း မေးမြန်း ပြောဆိုနေမှုများကြောင့် ဆရာတော်ကြီးကိုလွန်စာအားနာမိပါသည် ဘုရား။"

ဒေါ်ဟေမာလွင်(BA Part-3)

ဒီပလိုမာတက်စဉ်ကာလများတွင်BA တန်းသည် မိမိနှင့် အလှမ်းမမီလိုက်နိုင်မည် မဟုတ် ဟုထင်ခဲ့မိပါသည်။ BAတန်းသို့ရောက်လာခဲ့သည့်အခါ MA သည် မိမိအတွက် ရောက်ရန် ခက်ခဲမည်ဟုထင်မိပြန်ပါသည်။BAနှင့်MAအတန်း၂ခုကြားတွင် ပေါင်းကူး အတန်းတစ်ခု ထည့်ပေးနိုင်လျှင် အခြေခံနည်းလှသော မိမိကဲ့သို့လူများ အဆင်ပြေမည်ဟု ထင်မိပါသည်။ သုတဓမ္မစာမေးပွဲများသည် လူအများအတွက် အနိမ့်ဆုံးအနေနှင့် မည်သည်က ကုသိုလ် မည်သည်က အကုသိုလ်ဆိုသည်ကို ကွဲပြားစွာ သဘောပေါက် စေသည့် စာမေးပွဲများ ဖြစ်ပါသည်။ ဖြေဆိုသူများပြားလာသည် နှင့်အမျှ အနှောင့်အယှက်များလဲရှိပါသည်။ စာမေးပွဲ ဖြေဆိုသူတိုင်း ရိုးသားစွာဖြေဆိုရန်ကြပ်ကြပ်မတ်မတ် ကိုင်တွယ် စေလိုပါသည်။

ဒေါ်မူမူခင် (BA Part-3)

B.Aတန်းသင်ခန်းစာများသည် သမ္မာဒိဋ္ဌိမဂ်ဉာဏ် ကို သာဝနပဋ္ဌေဒဖြင့် သိရှိစေရန် ကျေးဇူးပြုသည်ဟု မှတ်ယူပါသည်။

ဒေါ်ကေခိုင်လွင် (BA Part-3)

နယ်မြို့တွေမှာ စာစစ်ဌာန များ မြို့တိုင်းကိုရှိစေချင်ပါတယ်ရှင်။

ဒေါ်ခင်လေးဆင့်(BA Part-3)

စာဖြေခန်းများအတွင်း စာမေးပွဲစည်းကမ်းပိုမို လိုက်နာကြစေချင်မိပါသည်။"

မအေးယုဝင်း (BA Part-3)

ဆရာတော်ကြီးရဲ့ပြဋ္ဌာန်းစာအုပ်ပုံစံလေးက တဖြည်းဖြည်းစိတ်ဝင်စားမှု တိုးလာတယ်လို့ ပထမဆုံးမြင်မိပါတယ်ဘုရား။နောက်ပြီး တပည့်တော်တို့လို သာမာန်လူတွေကို ဘာသာရေးဆိုင်ရာ အသိတိုးစေဖို့ အများကြီး ရည်ရွယ်ထားတယ်လို့ မြင်မိပါတယ်ဘုရား။ စာမေးပွဲဖြေဆိုရာတွင်လဲ မိမိနားလည်သလို လိုတိုရှင်းဖြေတတ်ဖို့လဲ မှတ်သားမိပါတယ် ဘုရား။

ဒေါ်လင်းလင်းအောင်(BA Part-3)

MA တန်း ဆက်လက်ပူဇော်လိုပါသည်ဘုရား အသေးစိတ်လမ်းညွှန်ချက်များသိရှိလိုပါသည် ဘုရား။

မောင်ဇေမြတ်ဦး (BA Part-3)

အတန်းများအတွက် လိုအပ်သည့် အခြေခံအသိပညာများကို ထပ်ဆောင်း ဆည်းပူး နိုင်စေရန်အတွက် website မှ library တွင် လိုအပ်သော တရားတော်များကို ထည့်သွင်းပေးပါက လေ့လာသူတို့ အဖို့ ပိုမိုအထောက်အကူဖြစ်နိုင်ပါသည် ဘုရား။

ဒေါ်အေးမာ (BA Part-3)

ဒီပလိုမာတန်း နှင့် BA တန်း စာများကို ဘုန်းဘုန်း တရားတော်များ အထပ်ထပ်နာခြင်း၊ ဆရာမကြီး ဒေါ်ခင်လှတင် သင်ကြားပို့ချသော သင်ခန်းစာများကို ကောင်းစွာ သင်ယူ မှတ်သားပြီး ကြိုးစား၍လိုက်နာ ကျင့်သုံးပါသည်။ BA စာမေးပွဲ နီးလာလျှင် ပြဋ္ဌာန်းစာအုပ် တစ်အုပ်လုံး သင်ယူတတ်မြောက်ပြီး၍ summary လုပ်ခြင်းဖြင့် 6 လ တစ်ကြိမ် အသိဉာဏ် တိုးလာ သဖြင့် ပီတိ ဖြစ်၍ အလွန်ပျော်ရွှင်ခဲ့ပြီး ဘူန်းဘူန်းဘုရားကို အလွန်ကျေးဇူးတင်မိပါသည်။ သူငယ်ချင်းများကိုလည်းဖြေဖို့ တိုက်တွန်းဖြစ်ပါသည်။ အိမ်မှာ တစ်ယောက်တည်း Self-study လုပ်ခဲ့သော်လည်း BA3 ရောက်သောအခါ Feedback ရေးရန် အရေးကြီးသဖြင့် ဆရာတော်များ သင်ကြားပေးသော group များတွင် ဝင်ရောက်လေ့လာခဲ့ပါသည်။ ဆရာတော်ဘုရားကြီး နှင့်တကွ သင်ကြားပေး ပါသော ဆရာတော်များ နှင့် ဆရာမကြီး ကိုလည်း ရှိခိုးကန်တော့ပါသည်။

ဒေါ်ခိုင်သူလွင်(BA Part-3)

ယခု BA part 3ဖြေဆိုပြီးချိန်အထိ တပည့်တော် ကြုံတွေ့ခဲ့သည့်အတွေ့အကြုံများအပေါ် အခြေခံ၍ အကြံပြုလိုသည်မှာ ကျန်းမာရေးမကောင်း၍ ကြာကြာမထိုင်နိုင်သူများ ကျန်းမာရေးကြောင့် ကိုယ်လက် မသန်စွမ်းဖြစ်ကာ စာရေးရန်အခက်ခဲရှိသူများ စသည့်

အသက်အရွယ်ကြောင့် ကျန်းမာရေး မပြည့်စုံသူများအတွက် Multiple choice (သို့) မှား.မှန်ရွေး (သို့) ကွက်လပ်ဖြည့် စသည့်မေးခွန်းပုံစံကို မေးခွန်းရဲ့ တစိတ်တပိုင်း အနေဖြင့် ထည့်သွင်း မေးမြန်းပါက ထိုပုဂ္ဂိုလ်များအနေဖြင့် ပိုမိုအားတက်ကာ စိတ်ဝင်တစား ဖြေဆို လာနိုင်သည်ဟု တပည့်တော် အကြံပြု လျောက်ထားအပ်ပါသည် အရှင်မြတ်တို့ ဘုရား။

ဒေါ်ခင်သက်မော် (BA Part-3)

MA များဘယ်တော့လောက်ခေါ်ပါမလဲဘုရား။ တပည့်တော်တို့ Batch1အသုတ်များ မျှော်လင့် စောင့်ဆိုင်းနေပါတယ် ဘုရား။ အောင်မြင်ပြီးသော MAစာတမ်းများ နမူနာ လေ့လာရန် ထုတ်ပြန်ပေးပါမလားဘုရား။

မခိုင်သဇင်အောင် (BA Part-3)

BA Part 3 မှာ စာမေးပွဲကို အရင် အသုတ်တွေကထက် တော်တော်လေးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့တာပါ ။ အဖြေတွေ တိုက်ကြည့်တော့လဲ လုံးလုံးလျားလျား မှားတာဆိုလို့ တစ်ပုဒ်ရဲ့ တစ်ဝက်လောက်ပဲ ရှိတယ်မှတ်ပါတယ် ။ ဒါပေမယ့် ဂုဏ်ထူးပါမလာခဲ့ပါဘူး ။ စာတမ်းရေးတဲ့ နေရာမှာများ လိုအပ်ချက် ရှိသွားလို့လား မသိပါ ။ အရင့်အရင် စာမေးပွဲ တွေတုန်းက သိပ်မဖြေနိုင်ဘူး ထင်တာကိုတောင် ဂုဏ်ထူးတွေ ထွက်ခဲ့တာပါ။ အခု ဖြေနိုင်တယ်ဆိုတဲ့ အသုတ်ကျကာမှ ၁၉ ယောက်ဖြေကြတဲ့ အထဲမှာ ၁၇ ဦးလောက် ဂုဏ်ထူးတွေ ထွက်ကြပြီး မိမိမှာ ရိုးရိုးပဲ အောင်တော့ အတော်လေးကို ဝမ်းနည်း သွားရပါတယ်။ ကံပဲလေလို့ သဘောထားသော်လည်း ဘာဖြစ်လို့ ဂုဏ်ထူးမထွက်ပါလိမ့် ဆိုတဲ့စိတ်က ခဏခဏ ဝင်ဝင်လာပါတယ်ဘုရား ။

မောင်မျိုးလှိုင် (BA Part-3)

ပညာဘူမိကျောင်းတော်သားအဖြစ်စာမေးပွဲဖြေရခြင်းကို ဘယ်တော့မှမေ့ရမည်မဟုတ်ပါ မိမိမှာBAတတိယနှစ်စာမေးပွဲအောင်မြင်သွားသောကြောင့် ပျော်ရမည့်အစား နောက်ထပ် စာမေးပွဲမရှိတော့၍ လွမ်းသလိုလိုပင် ဖြစ်နေပါ၏။ မဟာတန်းမှာကား ကျမ်းပြုရသော ကြောင့် အများနှင့်ရောနှောဖြေရသော စာမေးပွဲပုံစံ မျိုးကား မဟုတ်ဟု ယူဆ၍ ဖြစ်သည်။ ပညာဘူမိစာမေးပွဲများတွင် အမှတ်၂၀ဖိုးလောက် ၁မှတ်တန် ကွက်လပ်ဖြည့်မှန်/မှားနှင့် အဖြေမှန် ၄မျိုးထဲမှ တစ်ခုရွေးချယ်ရသော ဓမ္မဓိဌာန်များမေးပါရန် အကြံပြုလိုပါသည် အဘယ့်ကြောင့်ဆိုသော် အက်ဆေးပုံစံဖြေဆိုရသောမေးခွန်းများဖြစ်သောကြောင့် လက်ရေးနှေး သက်ကြီးရွယ်အိုများ အချိန်မလောက်ငသောကြောင့် ဖြစ်ပါ သည်။ BAတန်း၄တန်းထားသင့်ပြီး ပဋ္ဌာန်းနှင့် အဘိဓမ္မာ တစ်ခုခုပြဋ္ဌာန်းသင့်ပါသည်"

၄။ ဓာတ်ပုံကဏ္ဍ

ပညာဘူမိတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒုတိယ
ပါမောက္ခချုပ်ဆရာတော်များ ဦးဆောင်တော်မူသည့် ပညာရေးနှင့်
အုပ်ချုပ်ရေးအဖွဲ့ ဆရာတော် သံဃာတော်များ၊ စာစစ်အဖွဲ့ဝင်များ ပြုလုပ်သည့်
ဆောင်ရွက်ရမည့် တက္ကသိုလ်ဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် အစည်းအဝေး
မှတ်တမ်းဓာတ်ပုံများကိုဖော်ပြအပ်ပါသည်။

ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးတည်ထောင်ထားတော်မူသည့်
ပညာဘူမိတက္ကသိုလ် မှ ကျင်းပလျှက်ရှိသည့် သုတဓမ္မ စာမေးပွဲများ
ဆရာတော်ဘုရား သီတင်းသုံးတော်မူလျှက်ရှိသည့် အောင်ချမ်းသာရွာ ပြင်ဦးလွင်
အနီးစခန်းရှိ ဓမ္မသဟာယသာသနစင်တာနှင့် စစ်ကိုင်း မဟာသုဇောဓရုံ
ကျောင်းတိုက် အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများအား
ဖော်ပြအပ်ပါသည်။

၂၀၂၆ ခုနှစ် ဇွန်လ ၂၇/၂၈ ရက်နေ့များ၌ စာဖြေဌာန (၅၃) ဌာန စာဖြေသူ ၄၀၀၀၀ ကျော် ဖြင့် မြန်မာတပြည်လုံး အနှံ့ ကျင်းပလျက်ရှိသည့် ပညာဘူမိတက္ကသိုလ် သုတမဗ္မစာမေးပွဲ ဒီပလိုမာတန်း Level (1,2,3) နှင့် BA (Part 1, Part 2, Part 3) စာမေးပွဲများကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများကိုဖော်ပြအပ်ပါသည်။

ပညာဘုဝိလရွာသိုလ်
University of Wisdom Land
သုတဓမ္မ တဖေးပွဲ

Unicersity of Wisdion Land
သုတဓမ္မ တဖေးပွဲ

၂၀၂၆ ခုနှစ် ဇွန်လ ၂၇/၂၈ ရက်နေ့များ၌ စာဖြေဌာန (၅၃) ဌာန စာဖြေသူ ၄၀၀၀၀ ကျော် ဖြင့် မြန်မာတပြည်လုံး အနှံ့ ကျင်းပလျက်ရှိသည့် ပညာဘူမိတက္ကသိုလ် သုတဓမ္မစာမေးပွဲ ဒီပလိုမာတန်း Level (1,2,3) နှင့် BA (Part 1, Part 2, Part 3) စာမေးပွဲများကျင်းပနေသည့် မှတ်တမ်းဓာတ်ပုံများ

SBB





UNIVERSITY OF WISDOM LAND